မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းသမိုင်း

အပိုင်း (၃)

ပြန်လည်ထူထောင်ရေးခေတ်
စက်မှုလက်မှုလုပ်ငန်းသမိုင်း

စာကြည့်တိုက်)
- ၀၂၃
- ၁၉၃၁

အမှတ် (၁) စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စာအမှတ် ၆၃၀၊
ရက်စွဲ ၁-၇-၂၀၁၈
စက်မှုဝန်ကြီးဌာန

မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းသမိုင်း

အပိုင်း (၃)

ပြန်လည်ထူထောင်ရေးခေတ်
စက်မှုလက်မှုလုပ်ငန်းသမိုင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ
စာအမှတ်
နေ့စွဲ
စက်မှုဝန်ကြီးဌာန

အမှတ် (၁) စက်မှုဝန်ကြီးဌာန
၁၉၈၈ ခု ဇူလိုင်လ

မာတိကာ

အမှတ်စဉ်		စာမျက်နှာ
နိဒါန်း		၇
အခန်း		
၁	**စစ်ပြီးခေတ် မြန်မာနိုင်ငံထူထောင်ရေး**	၁၁
	၁၉၄၅-၄၇ ခုနှစ် စက်ရုံများ	၁၁
	ဗြိတိသျှအစိုးရ၏ စက်မှုလက်မှုစီမံကိန်း (ဆင်မလဟာစီမံကိန်း)	၁၆
	မြန်မာနိုင်ငံစီးပွားတိုးတက်ရေး ၂ နှစ်စီမံကိန်း	၂၃
၂	**စက်မှုလုပ်ငန်းထူထောင်ရေးကြိုးပမ်းချက်များ**	၃၇
	စီးပွားရေး ၂ နှစ်စီမံကိန်းအကောင်အထည်ဖော်မှု	၃၇
	ရင်ဆိုင်ခဲ့သည့်အခက်အခဲများ	၄၅
၃	**ပြည်တော်သာစီမံကိန်း၏ စက်မှုကဏ္ဍ**	၅၃
	စီးပွားရေး ရှစ် နှစ်စီမံကိန်း	၅၃
	ပြည်တော်သာစက်မှုစီမံကိန်းများ	၅၉
၄	**ပြည်တော်သာခေတ်ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း**	၇၉
	စက်မှုလက်မှုညွှန်ကြားရေးဌာန	၇၉
	အိမ်တွင်းနှင့် အသေးစားစက်မှုလုပ်ငန်းများ	၈၆
	စက်မှုလုပ်ငန်းနှင့် သွင်းကုန်ထုတ်ကုန်လိုင်စင်	၁၆၉
၅	**နိုင်ငံတော်ပိုင်စက်မှုလက်မှုလုပ်ငန်းများ**	၁၇၅
	စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း	၁၇၅
	စီမံကိန်းဝင်စက်ရုံများ	၁၈၄
	ပြည်သူပိုင်သိမ်းယူခြင်း	၂၂၅
	ဖက်စပ်လုပ်ငန်း	၂၄၂
	အခြားဝန်ကြီးဌာနစက်ရုံများ	၂၄၅
	စက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ	၂၆၆

စာမျက်နှာ

၆ မြည်ပငွေကြေးနှင့် ပညာရှင်အကူအညီ ၂၆၉

အနောက်နိုင်ငံများ ၂၆၉

ဂျပန်စစ်လျော်ကြေးနှင့် စက်မှုလုပ်ငန်း ၂၈၀

၇ စက်မှုပွဲပိုးကဏ္ဍများ ၃၀၃

ခေတ်သစ္စာရှာဖွေတူးဖော်ရေး ၃၀၃

လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ၃၁၈

ပြည်ထောင်စုမြန်မာနိုင်ငံလက်တွေ့သုတေသနအဖွဲ့ ၃၂၄

ရေနံတူးဖော်ချက်လုပ်ခြင်း ၃၃၁

သုံးသပ်ချက် ၃၄၅

နောက်ဆက်တွဲ ၃၅၅

၁။ ၁၉၄၅-၄၇ ခုနှစ်၊ မြန်မာနိုင်ငံစက်မှုလုပ်ငန်းများ ၃၅၅

၂။ ရန်ကုန်မြို့ရှိ ဘိစကွတ်စက်ရုံများ ၃၅၉

၃။ List of Various Mills in Rangoon ၃၆၁

၄။ Rangoon Blanket Mills Owners ၃၆၃

၅။ ရန်ကုန်မြို့ရှိ မျက်နှာသုတ်ပဝါထုတ်လုပ်သူများ ၃၆၅

၆။ ရန်ကုန်မြို့ရှိ ဆေးဆိုးပန်းရိုက်အလုပ်ရုံများ ၃၆၇

၇။ ရန်ကုန်မြို့ရှိ စွပ်ကျယ်စက်များ ၃၆၉

၈။ အလှကုန်ထုတ်လုပ်ရေးလုပ်ငန်းရှင်များစာရင်း ၃၇၃

၉။ ပြည်တွင်းဖြစ် သံဖြူပုံးထုတ်လုပ်သူများ ၃၇၇

၁၀။ ပြည်တွင်းဖြစ် သွပ်ရေပုံးထုတ်လုပ်သူများ ၃၇၉

၁၁။ စက်မှုသွင်းကုန်လိုင်စင်ရသူများ ၃၈၁

ကျမ်းကိုးစာရင်း ၃၈၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စာအမှတ် ၄၆၀
ရက်စွဲ ၂/၇/၂၀၁၉
စက်မှုဝန်ကြီးဌာန

အ မှာ စာ

မြန်မာနိုင်ငံတော်၏ စက်မှုလက်မှုလုပ်ငန်း သမိုင်းကြောင်းမှာ မှတ်တမ်း မော်ကွန်း ရေးထိုးထားမှုများမရှိခဲ့ခြင်းကြောင့် မှေးမှိန်ပိုးဝါးရှိနေခဲ့ပါသည်။ မြန်မာနိုင်ငံတော်တွင် စက်မှုလုပ်ငန်းများတိုးတက်ဖြစ်ပေါ်မှုအစဉ်ကို မော်ကွန်းတင်ရေးလုပ်ငန်းစဉ်မှာလည်း ၁၉၈၆ ခုနှစ် ဩဂုတ်လမှသာ ဗိုလ်မှူးချုပ်တင့်ဆွေ (အငြိမ်းစား)၏ လမ်းညွှန်မှုဖြင့် စတင်နိုင်ခဲ့ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် မြန်မာနိုင်ငံတော်၏ သမိုင်းသည်ပင်လျှင် တစ်ခန်းရပ်လျက် တစ်ခေတ်ပြောင်းကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ပေါ်ပေါက်လာခဲ့ရပေသည်။ ထိုအချိန်မှစတင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ အမှတ်(၁) နှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီးတာဝန်ကို ထမ်းရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူ ဗိုလ်ချုပ် စိန်အောင်က မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းသမိုင်းရေးသားပြုစုရေးကို ဆက်လက်တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ စက်မှုလက်မှု လုပ်ငန်းတိုးတက်ဖြစ်ပေါ်မှုအစဉ်သည် ရှေးမြန်မာမင်းများလက်ထက်ကပင်စတင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ ကံကြမ္မာ အကောင်းအဆိုး၊ အကြောင်းအကျိုးပေါ်တွင် မူတည်လျက် ခေတ်ကာလအမျိုးမျိုးကို ဖြတ်သန်းဖြစ်ပေါ်ခဲ့ရပါသည်။ ဤသို့ဖြစ်ခြင်းကြောင့်လည်း အောက်ပါအတိုင်း အကန့် အပိုင်း ခွဲခြား ရှုမြင်အပ်ပါသည်။

၁။ မြန်မာမင်းများလက်ထက် စက်မှုလက်မှုလုပ်ငန်းသမိုင်း

၂။ ကိုလိုနီခေတ် စက်မှုလက်မှုလုပ်ငန်းသမိုင်း

၃။ ပြန်လည်ထူထောင်ရေးခေတ် စက်မှုလက်မှုလုပ်ငန်းသမိုင်း

၄။ တော်လှန်ရေးကောင်စီကာလ စက်မှုလက်မှုလုပ်ငန်းသမိုင်း

၅။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် စက်မှုလက်မှုလုပ်ငန်းသမိုင်း

၆။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ တက်ရောက်ပြီးနောက် စက်မှုလုပ်ငန်းများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းသမိုင်း

မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းသမိုင်းကို မူလက စတုတ္ထလေးနှစ်စီမံကိန်းကာလကုန်ဆုံးသည်အထိ အပိုင်း (၅) ပိုင်းသာ ရေးသားရန်ရည်ရွယ်ခဲ့သော်လည်း နိုင်ငံတော်အတွင်း ၁၉၈၈ ခုနှစ်က ဖြစ်ပေါ်လာခဲ့သည့် နိုင်ငံရေးပြောင်းလဲမှု အခြေအနေများကြောင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏ ပဉ္စမလေးနှစ်စီမံကိန်းကာလ စက်မှုလုပ်ငန်းများနှင့်စပ်လျဉ်းသည့် အခြေအနေကိုပါ သမိုင်းကြောင်းတစ်ရပ်အနေဖြင့် မလွဲမသွေ ထပ်မံရေးသားရပေမည်။ သို့ပါ၍ ယင်းကာလ၏ စက်မှုလက်မှုအပိုင်းကဏ္ဍကို မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းသမိုင်း အပိုင်း (၆) အဖြစ်ဖြင့် ဆက်လက်ရေးသားရန် ရည်ရွယ်ပါသည်။

ထို့ပြင် အမှတ် (၁) နှင့် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် စိန်အောင်၏ ထပ်မံညွှန်ကြားချက်အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ နိုင်ငံတော်အာဏာကို လွှဲပြောင်းတာဝန်ယူခဲ့ပြီးနောက်ပိုင်းတွင် နိုင်ငံ၏ စီးပွားရေးစနစ်ပြောင်းလဲမှုများအပေါ် အခြေခံသည့် စက်မှုလက်မှုဆိုင်ရာ မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စက်မှုလက်မှုလုပ်ငန်းများ၏ အခြေအနေများကိုပါ ကဏ္ဍတစ်ရပ်အဖြစ် သီးခြားဆက်လက်ရေးသား ပြုစုသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းသမိုင်း ရေးသားပြုစုရာတွင် လိုအပ်သော အချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အကူအညီဖြင့်လည်းကောင်း၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ အမျိုးသားစာကြည့်တိုက်တို့၏ အကူအညီဖြင့်လည်းကောင်း စုဆောင်းရရှိပါသည်။

ထိုသို့ ဝိုင်းဝန်းကူညီမှုများဖြင့် ပြုစုရေးသားရာတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် သမိုင်းစဉ်အစမှအဆုံးတိုင် ကြီးကြပ်စီမံလျက် တည်းဖြတ်ပေးသော အငြိမ်းစားအကြီးတန်းသုတေသနမှူး ဒေါ်ကြန်အားလည်းကောင်း၊ စက်မှုလက်မှုသမိုင်း ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီကြသည့် ဝန်ကြီးဌာနများ၊ စာကြည့်တိုက်များ၊ တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

အမှတ် (၁) စက်မှုဝန်ကြီးဌာန

နိဒါန်း

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ခုမှ ၁၉၄၅ ခုအထိ စစ်တလင်းဖြစ်နေခဲ့ရသည်။ စစ်ဘေးစစ်ဒဏ်ကြောင့် ကျောင်းများ၊ ရုံးများ၊ ဆေးရုံများ၊ လူနေအိမ်ခြေအဆောက်အအုံများ၊ စက်ရုံအလုပ်ရုံများသာမက ရထားလမ်းများ၊ ဘူတာရုံများ၊ တံတားများ၊ ဆိပ်ကမ်းများ စသည်တို့လည်း ပျက်စီးခဲ့သည်။ ဆုံးရှုံးနစ်နာမှု အတိုင်းအတာသည် နိုင်ငံကြွယ်ဝမှု ငွေကြေးပမာဏ၏ ထက်ဝက်နီးပါးရှိသည်။ စစ်ကြီးအပြီးတွင် ကမ္ဘာ့အရှေ့ပိုင်းနိုင်ငံများအနက် အဆင်းရဲဆုံး နိုင်ငံတစ်ခု ဖြစ်သွားသည်။

ထိုသို့ ပျက်စီးဆင်းရဲသွားသော နိုင်ငံတော်ကို အဘက်ဘက်မှ ပြန်လည်ပြုပြင်ထူထောင်ရန် ၁၉၄၅ ခု စစ်အပြီးမှ စတင်ကြိုးပမ်းကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းသမိုင်းတွင် ၁၉၄၅ ခုမှ ၁၉၆၂ ခုအထိကို ပြန်လည်ထူထောင်ရေးကာလဟု သတ်မှတ်ထားပါသည်။ ပြန်လည်ထူထောင်ရေး ကာလသည် နိုင်ငံတော်၏စီးပွားရေး ပြန်လည်တိုးတက် ဖွံ့ဖြိုးစေရန် စီးပွားရေး စီမံကိန်းများ ချမှတ်လုပ်ဆောင်သောကာလလည်းဖြစ်သည်။

နိုင်ငံ၏ ငြိမ်ဝပ်ပိပြားရေး၊ စီးပွားရေး၊ လူမှုရေး ပြန်လည်ထူထောင်မှုတို့သည် တစ်ခုနှင့်တစ်ခုဆက်စပ် နီးနွယ်လျက်ရှိသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြား အေးချမ်း၍ တရားဥပဒေစိုးမိုး တည်တံ့ပါမှ စီးပွားရေး ထူထောင်မှု အောင်မြင်ပေမည်။ စီးပွားရေး တိုးတက်ဖွံ့ဖြိုးပါမှ လူနေမှု အဆင့်အတန်း မြင့်မားကာ ပြည်သူတို့၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေးစသော လူမှုရေး ထူထောင်မှု အဝဝလည်း အောင်မြင်နိုင်မည် ဖြစ်သည်။

စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု၊ ပြည်သူတို့၏ စားဝတ်နေရေး အဆင့်အတန်း မြင့်မားမှုတို့ကို သမားရိုးကျ စိုက်ပျိုးရေး နိုင်ငံတစ်ခုအဖြစ်ဖြင့် မရနိုင်ချေ။ နိုင်ငံတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများပေါ်တွင် များစွာမူတည်နေပေသည်။ ခေတ်မီ တိုးတက်သော စက်မှုလက်မှု လုပ်ငန်းကြီးငယ်များကသာ ခေတ်မီ တိုးတက်သော နိုင်ငံတော် တစ်ခုအဖြစ်သို့ ပို့ဆောင်နိုင်ပေသည်။ ထို့ကြောင့် စစ်ပြီးစ မြန်မာနိုင်ငံကို ပြန်လည်ထူထောင်ရန် စီးပွားရေးစီမံကိန်းများ ရေးဆွဲရာ၌ စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရေးကို အသားပေးရေးဆွဲခဲ့လေသည်။

စစ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံးသော စက်မှုလက်မှု ထူထောင်ရေး စီမံကိန်းသည်ဗြိတိသျှ အစိုးရတို့ စစ်အတွင်းက ဆင်မလားမြို့တွင် ရေးဆွဲခဲ့သော စက်မှုလုပ်ငန်းသစ်များ

ထူထောင်ရေး ပထမ အစီရင်ခံစာဖြစ်၏။ ထိုအစီရင်ခံစာတွင် စက်မှုလက်မှု လုပ်ငန်းသစ်များ ထူထောင်ရာ၌ ပြည်တွင်းမှ ရနိုင်သော ကုန်ကြမ်းများဖြင့် ထုတ်လုပ်သော စက်မှုလက်မှုလုပ်ငန်းများကို ဦးစားပေးရန်၊ ပြည်သူတို့၏ စားဝတ်နေရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် လုပ်ငန်းများကို လုပ်ဆောင်ရန်၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများကို အားပေးရန်၊ အစိုးရပိုင် ပုဂ္ဂလိကပိုင် စက်မှုလက်မှု လုပ်ငန်းများ ခွဲခြား သတ်မှတ် လုပ်ဆောင်ရန် စသည်တို့ကို အကြံပေးထားသည်။

ဗြိတိသျှ အစိုးရသည် မြန်မာပြည်သို့ ပြန်လည်ဝင်ရောက်လာသောအခါ ငြိမ်ဝပ်ပိပြားရေး လုပ်ငန်းများ၊ နိုင်ငံရေး တိုက်ပွဲများနှင့် ရင်ဆိုင်နေရသဖြင့် စက်မှုလက်မှု လုပ်ငန်းသစ်များ ထူထောင်ရေး အစီရင်ခံစာကို လုံးဝလျစ်လျူရှုထားသည်။ ထို့ကြောင့် ဆင်မလားတွင် ရေးဆွဲခဲ့သော ပထမ အစီရင်ခံစာသည် စီမံကိန်းအဆင့်သို့ပင် မရောက်ဘဲ တိမ်မြုပ်သွားလေသည်။

တိုင်းတစ်ပါးသားတို့၏ စိုးမိုးမှုအောက်မှ နိုင်ငံတော် လွတ်မြောက်ခြင်းသည် ပြီးပြည့်စုံသော လွတ်လပ်ရေးပန်းတိုင် မဟုတ်သေးပေ။ အချုပ်အခြာ အာဏာပိုင် နိုင်ငံအဖြစ် ရပ်တည်လျက် အချုပ်အချယ်ကင်းသော စီးပွားရေးမဏ္ဍိုင်ကို ခိုင်ခိုင်ကြီး စိုက်ထူနိုင်ရန်လည်း လိုပေသည်။ ပြည်သူတို့၏ စားဝတ်နေရေး လိုအပ်ချက်ကို ပြည်တွင်းမှပင် ဖြည့်ဆည်းနိုင်သော စက်မှုလက်မှု လုပ်ငန်းများ ထူထောင်နိုင်မှသာ နိုင်ငံခြားကို မှီခိုအားထားနေရခြင်း ဒုက္ခမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ပေးခဲ့သော လမ်းစဉ်အရ ရေးဆွဲသော စီးပွားရေး ၂ နှစ်စီမံကိန်းသည် လည်းကောင်း၊ ၁၉၅၂ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံခြားသား ပညာရှင်များ၏ အကူအညီဖြင့်ရေးဆွဲသော စီးပွားရေး ရှစ်နှစ် စီမံကိန်းသည်လည်းကောင်း ထိုသဘောတရားကို အခြေခံသည်၊ လက်ကိုင်ပြုသည်။

စစ်ဘေး စစ်ဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သော နိုင်ငံတော်ကို အဘက်ဘက်မှ ပြန်လည်ထူထောင်ကာ ခေတ်သစ် မြန်မာ ပြည်တော်သာသို့ ချီတက်ရန် ကြိုးပမ်းရာ၌ စက်မှုလက်မှု စီမံကိန်းများကို အစိုးရကလည်းကောင်း၊ ပုဂ္ဂလိက အရင်းရှင် များကလည်းကောင်း အားကြိုးမာန်တက် အကောင်အထည် ဖော်ကြသည်။ အစိုးရက ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများကို ငွေကြေးနှင့် အတတ်ပညာ နည်းပညာများ အကူအညီပေးသဖြင့် များစွာ တိုးတက်ဖွံ့ဖြိုးခဲ့သည်။ အစိုးရပိုင် စက်မှုလက်မှု လုပ်ငန်းကြီးများအတွက် နိုင်ငံခြားငွေကြေးနှင့်အတတ်ပညာရှင်များ အကူအညီကို ရယူသည်။ အကျိုး စီးပွားဖြစ်ထွန်းမှု ရှိသကဲ့သို့ နစ်နာမှုများလည်း ရှိခဲ့သည်။ နိုင်ငံခြားသားပိုင် စက်ရုံအလုပ်ရုံ အချို့ကို ပြည်သူပိုင် ပြုလုပ်သကဲ့သို့ အရေးကြီးသော လုပ်ငန်းအချို့ကိုလည်း နိုင်ငံခြား ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ဆောင်ခဲ့သည်။

စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရေးတွင် အဓိကကျသော ရေနံတူးဖော်ရေး၊ ခဲတွင်းတူးဖော်ရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စသောစက်မှု ပို့ပိုးကဏ္ဍကြီးများ၏စွမ်းဆောင်ချက်များလည်း မှတ်တမ်းတင်လောက်ပေသည်။

ပြန်လည် ထူထောင်ရေး ကာလအတွင်း နိုင်ငံတော် ဓနဓာတ်မီ တိုးတက်ရေး၊ ပြည်သူတို့ စားဝတ် နေရေး ချောင်လည်ရေးနှင့် လူနေမှု အဆင့်အတန်း မြင့်မားရေး စသည်တို့ကို ရည်မှန်း၍ စီမံကိန်းများ ရေးဆွဲကာ စက်မှုလက်မှု လုပ်ငန်းများ ထူထောင် အကောင်အထည် ဖော်ရာ၌ ဖြစ်မြောက်အောင်မြင်သည်လည်းရှိ၏။ အားနည်းချက် ပျော့ကွက် ဟာကွက် ချွတ်ယွင်းချက်များလည်း ရှိသည်။ ဤစာအုပ်တွင် စီးပွားတိုးတက်ရေး စီမံကိန်းများမှ စက်မှုလက်မှုဆိုင်ရာ စီမံကိန်းနှင့် ထိုစက်မှုလက်မှု စီမံကိန်းများကို အကောင်အထည် ဖော်ရာ၌ တွေ့ကြုံရင်ဆိုင်ရသော အခက်အခဲများ၊ အားနည်းချက် အားသာချက်များ၊ ပျော့ကွက် ဟာကွက် ချွတ်ယွင်းချက်များကို သမိုင်းသင်ခန်းစာ ရယူနိုင်ရန် လက်လှမ်း မီသမျှ မူရင်းအထောက်အထားများ အစိုးရမှတ်တမ်းမှတ်ရာများကိုကိုးကား၍ တင်ပြထားပါသည်။

အခန်း ၁

စစ်ပြီးစ မြန်မာနိုင်ငံထူထောင်ရေး

၁၉၄၅—၄၇ ခုနှစ် စက်ရုံများ

မြန်မာနိုင်ငံသည် လူ့သမိုင်းတစ်လျှောက်တွင်ရက်စက်ကြမ်းကြုတ်သော ဒုတိယကမ္ဘာစစ်၏ ဘေးဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသည့် နိုင်ငံတစ်ခုဖြစ်သည်။ စစ်၏ဒဏ်ကြောင့် ကျောင်းများ၊ ဆေးရုံများ၊ လူနေ အဆောက်အအုံများ၊ စက်ရုံ အလုပ်ရုံများသာမက ရထားလမ်းများ၊ ဘူတာရုံများလည်း ပျက်စီးခဲ့ရသည်။ ငွေကြေး ပမာဏအားဖြင့် နှိုင်းစာမည်ဆိုပါက ဆုံးရှုံးမှု၏ အတိုင်းအတာသည် တိုင်းပြည် ကြွယ်ဝမှု၏ ထက်ဝက်နီးပါးခန့် ရှိပါသည်။ ကုန်ပစ္စည်း ထုတ်လုပ်မှု အနေဖြင့်လည်း စစ်ပြီးနောက် ၁၉၄၆-၄၇ ခုနှစ် ထုတ်လုပ်မှုသည် စစ်မဖြစ်မီ အချိန်၏ ၅၇ ရာခိုင်နှုန်း မျှသာ ရှိသည်။[၁]

မြန်မာနိုင်ငံ၏ စစ်ပြီးစ အခြေအနေသည် ရုရှား၊ တရုတ်၊ အိန္ဒိယ စသည့်နိုင်ငံတို့အပြင် အပူပိုင်း ဒေသအတွင်းမှ အရှေ့ပိုင်း နိုင်ငံများနှင့်အင်ဒိုနီးရှား နိုင်ငံထက်ပင် ပိုမို ဆင်းရဲသည်ဟု ဆိုသည်။[၂] မြန်မာနိုင်ငံသည် ပင်ကိုအားဖြင့် လယ်ယာ စိုက်ပျိုးရေး နိုင်ငံတစ်ခု ဖြစ်သဖြင့် စက်ရုံအလုပ်ရုံကြီးများ မရှိခဲ့ချေ။ ရှိသမျှသောစက်ရုံ အလုပ်ရုံများ၊ လုပ်ငန်းကြီးငယ်များသည်လည်း စစ်၏ဘေးဒဏ်ကို တိုက်ရိုက်ခံရသောကြောင့် ပျက်စီးသည်များရှိသကဲ့သို့ စစ်၏ဘေးဒဏ်မှ လွတ်ကင်းရာသို့ ပြောင်းရွှေ့ လုပ်ကိုင်ရခြင်းကြောင့်လည်း အပျက်အစီးများ၍ ကုန်ပစ္စည်းများ ထုတ်လုပ်မှု လျော့ပါးသည်။ စက်အပိုပစ္စည်းများ မရရှိသဖြင့် စက်ရုံများ အချိန်ပြည့် မလည်ပတ်နိုင်သည့် အဖြစ်နှင့်လည်း ကြုံရသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ စက်မှုလက်မှု လုပ်ငန်းများ အခြေအနေသည် ၁၉၄၅ ခုနှစ်တွင် များစွာ ဆုတ်ယုတ်လျက် ရှိခဲ့သည်ဟု ခန့်မှန်းရသည်။

စစ်မဖြစ်မီက စက်မှုလုပ်ငန်း ကဏ္ဍတွင် ပုဂ္ဂလိက လုပ်ငန်းများ ပိုမိုများပြား၍ အစိုးရပိုင် စက်မှုလုပ်ငန်းမှာ အလွန်နည်းပါးသည်။ ပုဂ္ဂလိက စက်မှုလုပ်ငန်းပေါင်း ၉၉၂ ခုရှိပြီး အစိုးရပိုင်

၁။ မြန်မာနိုင်ငံ စီးပွားရေးစစ်တမ်း ၁၉၅၂ ခု၊ ၈၁-၁

၂။ J.S Furnival: *An Introduction to the Political Economy of Burma*, p. aa

စက်မှုလုပ်ငန်းပေါင်း ၂၇ ခုသာ ရှိသည်။ ပုဂ္ဂလိက စက်မှု လုပ်ငန်းပေါင်း ၉၉၂ ခုအနက် အများစုမှာဆန်စက်များဖြစ်၍ ဆန်စက်စုစုပေါင်း ၆၇၃ လုံးရှိသည်ဟု တွေ့ရှိမှတ်သားရသည်။[၁]

မြန်မာနိုင်ငံတွင် ၁၉၄၅ ခု မတ်လ ၂၇ ရက်နေ့၌ ဖက်ဆစ်ဂျပန်ကို တော်လှန်တိုက်ခိုက်၍ ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် စစ်ကြီးပြီးဆုံးသွားသည်။ စစ်ပြေးဘဝ ရောက်နေကြသည့်တိုင်းသူပြည်သားများသည် မိမိတို့ မြို့ရွာများသို့ ပြန်လည် ရောက်ရှိလာကြသည်။ မပျက်မစီးကျန်ရစ်နေသည့် လက်ငုတ်လက်ရင်း လုပ်ငန်းများကို ပြန်လည် အစပျိုး လုပ်ကိုင်သည်။

စစ်ပြီး ကာလ မြန်မာနိုင်ငံ၏ ၁၉၄၅ ခုနှစ်တွင် စက်မှုလုပ်ငန်းများ အတွက် စာရင်းဇယားများ အတိအကျ ပြုစုထားခြင်း မရှိချေ။ ၁၉၄၅ ခုနှစ်လယ်ခန့်တွင် စက်မှုလုပ်ငန်းများကို ပြန်လည်အစပျိုး ကြရသည်။ စက်မှုလက်မှုလုပ်ငန်းငယ်လေးများမှာလည်း ပြည်တွင်းလိုအပ်ချက်ဖြည့်စွမ်းနိုင်မှုနှင့် ပြည်ပသွင်းကုန်ကို အစားထိုးနိုင်လောက်သည့် အနေအထားမျိုး မရှိသေးကြောင်း တွေ့ရသည်။

စစ်ပြီးစ မြန်မာနိုင်ငံ၏ စက်မှုလက်မှု လုပ်ငန်းများကို ၁၉၃၄ ခု စက်ရုံများအက်ဥပဒေ[၂] ဖြင့်ပင် အစိုးရက ထိန်းချုပ်ထားသည်။ စက်ရုံများ အက်ဥပဒေအရ စက်ရုံ အလုပ်ရုံများသည် မှတ်ပုံတင်ကြရသည်။ ရေနွေးအိုး အသုံးပြုသော စက်ရုံကြီးများသည် ဘွိုင်လာအက်ဥပဒေ၏ သတ်မှတ်ချက် စည်းကမ်းချက်များအတိုင်း လိုက်နာကြရသည်။ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းငယ်များကို အိမ်တွင်း စက်မှုလက်မှု ဝန်ထောက်[၃]က ကြီးကြပ်သည်။

စက်ရုံ အက်ဥပဒေအရ ၁၉၄၆ ခုနှစ်တွင် အစိုးရထံ မှတ်ပုံတင်ထားသော ပုဂ္ဂလိကပိုင် စက်မှုလက်မှု လုပ်ငန်းပေါင်း ၃၄၅ ခုရှိသည်။ အစိုးရပိုင် ၁၀ ခုနှင့်ပေါင်း စုစုပေါင်း စက်ရုံ ၃၅၅ ခုရှိသည်။ ပုဂ္ဂလိကပိုင် စက်မှုလက်မှု လုပ်ငန်းပေါင်း ၃၄၅ ခုအနက် စားသောက်ကုန်လုပ်ငန်းဆိုင်ရာ ၂၇၉ ခုရှိသည်။ အများစုမှာ ဆန်စက်ဖြစ်၍ အတိအကျအားဖြင့် ဆန်စက် ၂၇၂ လုံး၊ ဂျုံစက် ၃ လုံး၊ ရေခဲနှင့် ဘိလပ်ရည် စက် ၂ လုံး၊ သကြားစက် ၁ စက်နှင့် လက်ဖက်ခြောက်လုပ်ငန်း ၁ စက်တို့ဖြစ်ကြသည်။ စစ်မဖြစ်မီက ရှိသော ဆန်စက်ပေါင်း ၆၇၃ စက်နှင့် နှိုင်းယှဉ်လျှင် ဆန်စက်ပေါင်း ၄၁၁ လုံး လျော့နည်း သွားကြောင်း သိသာသည်။

၁။ *Annual Report on the Working of the Factories Act* (xxv of 1934) in Burma for the year 1938, pp. 12-13

၂။ The Factories Act of Burma 1934 (Act xxv of 1934)

၃။ Superintendent of Cottage Industries

ဝတ်ဆင်ရေးနှင့် စပ်လျဉ်းသည့် စက်မှုလက်မှု လုပ်ငန်းတွင်လည်း စစ်မဖြစ်မီက အစိုးရပိုင် သိုးမွေးစက်ရုံ ၁ ရုံ၊ ပုဂ္ဂလိကပိုင် ချည်ငင်နှင့်အထည်ရက်စက်ရုံ ၂ ရုံ၊ ခြေအိတ်ဇာထိုး အတွင်းခံ စွပ်ကျယ်လုပ်ငန်း ၂ ရုံ၊ စုစုပေါင်း ၅ ခုရှိခဲ့သည်။ ၁၉၄၆ ခုနှစ်တွင်မူ ချည်ငင်နှင့် အထည်ရက် စက်လုပ်ငန်းဟူ၍ မရှိဘဲ ခြေအိတ်ဇာထိုး အတွင်းခံ စွပ်ကျယ်လုပ်ငန်း ၁ ခု၊ ဝါယန်နှင့်ဘောတုပ် လုပ်ငန်း ၃ ခု၊ ပေါင်း ၄ ခုသာရှိသည်။

သို့သော် ၁၉၄၅-၄၆ ခုနှစ်အတွင်းက မြန်မာတို့၏ သမားရိုးကျ အိမ်တွင်း လက်မှုလုပ်ငန်း ဖြစ်သော ရက်ကန်းလုပ်ငန်းမှာ ပြည်သူတို့၏ လိုအပ်ချက်ကို တစ်နည်းတစ်လမ်း ဖြည့်စွမ်းလျက် ရှိခဲ့သည်။ ထိုစဉ်က လွန်းပျံရက်ကန်းပေါင်း နှစ်သောင်းခန့်နှင့် လက်ထိုးလွန်းရက်ကန်းစင်ပေါင်း တစ်သိန်းခုနှစ်သောင်း ကျော်ခန့် ရှိသည်ဟုဆိုသည်။[၁]

မြန်မာနိုင်ငံသည် သစ်တောပေါများသည်နှင့်အမျှ အဖိုးတန် သစ်များ ထွက်ရာနိုင်ငံ တစ်ခုဖြစ်သည်။ သစ်ရောင်းဝယ်ရေးလုပ်ငန်း ကောင်းမွန်၍ နယ်မြေအရပ်ရပ်တွင်သမားရိုးကျ လူ့အင်အား စိုက်ထုတ်လုပ်ကိုင်ရသော လွှဆွဲ လွှတိုက် လုပ်ငန်းများရှိသည်။ အကွက်အကွင်း သင့်ရာ မြို့ကြီးများတွင် သစ်ခွဲစက်များ တည်ထောင်ကြ၍ စစ်မဖြစ်မီက သစ်စက်ပေါင်း ၁၁၆ စက်ရှိခဲ့သည်။ စစ်ပြီးကာလ ၁၉၄၆ ခုနှစ်တွင်မူ ၃၅ စက်သာရှိသည်။ ၁၉၄၇ ခုနှစ်တွင်မှ ၅၆ စက် အထိ တိုးတက်လာသည်။[၂]

သုံးကုန်ပစ္စည်း ထုတ်လုပ်သော စက်မှုလုပ်ငန်းများသည်လည်း စစ်မဖြစ်မီကာလအောက် လျော့နည်းကြောင်း တွေ့ရသည်။ စစ်မဖြစ်မီက မြန်မာပြည်တွင် မီးခြစ်စက် ၅ လုံးရှိခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် ၃ စက်သာရှိသည်။ ဆပ်ပြာစက်မှာမူ စစ်မဖြစ်မီကာလက အတိုင်း ၁ စက် ရှိသည်။ ကြိုးစက်လည်း စစ်မဖြစ်မီက ၄ စက် ရှိခဲ့သော်လည်း ၁၉၄၆ ခုနှစ်တွင် ၂ စက်သာ ရှိသည်။ ၁၉၄၇ ခုနှစ်တွင်မှ ၃ စက် ဖြစ်လာသည်။

စက်ရုံ အက်ဥပဒေအရ မှတ်ပုံတင်သော စက်ရုံသစ်ပေါင်း ၁၉၄၇ ခုနှစ်တွင် ၁၅၅ လုံး ရှိသဖြင့် စုစုပေါင်း စက်ရုံ ၄၇၃ ရုံ ဖြစ်လာသည်။ ထိုသို့ တိုးပွားလာသော စက်ရုံများတွင် ဆန်စက် ၆၉ လုံး၊ သစ်စက် ၂၁ လုံး၊ ဝါယန်စက် ၉ လုံး ပါသည်။ ထိုနှစ်အတွင်း စက်ရုံဟောင်း များကို ပြုပြင်ခြင်း၊ အသစ် တည်ဆောက်ခြင်းနှင့် လိုအပ်သော စက်ပစ္စည်းများ၊ ဆောက်လုပ် ရေးပစ္စည်းများရရှိခြင်းရေးကထက် လွယ်ကူလာသောကြောင့် တိုးတက်လာခြင်းဖြစ်သည်။

၁။ စွယ်စုံ (၁၀)၊ ၃၂၉
၂။ *Factories in Burma*, p. 3

စက်မှုအလုပ်ရုံများ ဦးရေကို ဆန်းစစ်လျှင်လည်း စစ်မဖြစ်မီက မြန်မာနိုင်ငံတွင် မီးရထား အလုပ်ရုံ ၁၂ ရုံ၊ အထွေထွေ အင်ဂျင်နီယာ အလုပ်ရုံ ၁၉ ရုံ၊ လျှပ်စစ်အင်ဂျင်နီယာ အလုပ်ရုံ ၄ ရုံ၊ သင်္ဘောပြင်ကျင်းစက်ရုံ ၄ ရုံ၊ စစ်လက်နက် အလုပ်ရုံ ၁ ရုံ စသဖြင့် ရှိခဲ့သည်။[၁] စစ်ပြီးစကာလ ၁၉၄၆ ခုနှစ်တွင်မူ စက်မှုအလုပ်ရုံ အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင် စုစုပေါင်း ၁၆ ရုံသာရှိသည်။ ၁၉၄၇ ခုနှစ်တွင်မှ ၂၁ ရုံအထိ တိုးတက်လာခဲ့သည်။[၂]

ထိုသို့ အဘက်ဘက်မှ တိုးတက်လာသည်ဟုဆိုသော်လည်း ၁၉၄၆-၄၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ စက်မှုလက်မှု လုပ်ငန်းများသည် စစ်မဖြစ်မီကာလ စံချိန်ကိုမီရန် အလှမ်းဝေးလျက် ရှိပေသေးသည်။ စက်ရုံအလုပ်ရုံ ဦးရေသည် စစ်မဖြစ်မီ ၁၉၄၀ ပြည့်နှစ်က စုစုပေါင်း ၁၀၂၇ ရှိခဲ့သည်။[၃] စစ်ပြီးစ ၁၉၄၆ ခုနှစ်တွင် ၃၅၅ ရုံသာရှိ၍ ၁၉၄၇ ခုနှစ်တွင် ၄၇၃ ရုံထိသာ ထူထောင် လည်ပတ်နိုင်သေးသည်။[၄]

စစ်မဖြစ်မီ ကာလက တစ်ကမ္ဘာလုံး၏ စားနပ်ရိက္ခာ ၄၅ ရာခိုင်နှုန်းကို ဖြည့်စွမ်းပေးနေသည့် အဓိက ပြည်ပပို့ကုန် ဆန်စပါး ထုတ်လုပ်မှုသည် စစ်ပြီးကာလတွင် ထက်ဝက်ခန့် ကျဆင်းသွားသည်။ မြန်မာနိုင်ငံသည် ၁၉၄၀ ပြည့်နှစ်အထိ နှစ်စဉ်ပျမ်းမျှဆန်တန်ချိန် ၃.၁ သန်းအထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။ ယိုးဒယားနိုင်ငံမှ နှစ်စဉ်တန် ၁.၅ သန်းနှင့် အင်ဒိုချိုင်းနားမှ နှစ်စဉ်တန် ၁.၄ သန်း တင်ပို့ရောင်းချခဲ့ခြင်းကို ထောက်ရှုခြင်းအားဖြင့် မြန်မာနိုင်ငံသည် ဆန်တင်ပို့ရောင်းချမှုတွင် ရှေ့တန်းမှ ဦးဆောင်ခဲ့ကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံမှ ဆန်တင်ပို့ ရောင်းချမှုသည် ၁၉၃၄-၃၅ ခုနှစ်တွင် တန်ပေါင်း ၃၃၆၇၀၀၀ ရှိသဖြင့် စံချိန်တင်သောနှစ်ဟု ဆိုရပေမည်။ စစ်ပြီးနောက်ပိုင်း တင်ပို့သော ဆန်တန်ချိန်မှာ ၁.၂ သန်းခန့်သာရှိသည်။[၅] ယင်းကဲ့သို့ ဖြစ်ခဲ့ရခြင်းမှာ စိုက်ဧက လျော့နည်းခြင်းနှင့် ဆန်စက်ပေါင်း ၄၁၁ လုံးခန့် ပျက်စီး ရပ်ဆိုင်းသွားရခြင်းတို့ကြောင့် ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

စက်ရုံအလုပ်ရုံတိုင်းသည် နှစ်လုံးပေါက် လည်ပတ်နိုင်ကြသည် မဟုတ်ချေ။ ဝါဖန်စက်၊ ထီးစက်စသည်တို့သည် ရာသီချိန်အတွင်းသာ စက်လည်နိုင်သော ယာယီလုပ်ငန်းများဖြစ်သည်။ ၁၉၄၆ ခုနှစ်က စက်ရုံအလုပ်ရုံပေါင်း ၃၅၅ ရုံရှိသည့်အနက် ၅ ရုံသည် ယာယီလုပ်ငန်းဖြစ်၍ ၁၉၄၇ ခုနှစ်တွင် စက်ရုံပေါင်း ၄၅၆ ရုံအနက် ၁၇ ရုံသည် ရာသီချိန်အလိုက်သာ လည်ပတ်နိုင်သော စက်ရုံများ ဖြစ်ကြသည်။ ဆန်စက် သစ်စက်များသည် နှစ်လုံးပေါက် အချိန်ပြည့်

၁။ *Working of the Factories Act for 1938*, p. 12

၂။ *Factories in Burma*, p. 3

၃။ စွယ်စုံ (၁၀)၊ ၅

၄။ *Factories in Burma*, p. 1 စက်ရုံစာရင်းကိုနောက်ဆက်တွဲ(၁)၌ရှု

၅။ မြန်မာ့ဝေသွေးခါ၊ ၈၁ ၂၄

လည်သောစက်များ ဖြစ်သည်။ ၁၉၄၇ ခုနှစ်က ဆန်စက်ပေါင်း ၃၄၁ စက်ရှိသည့်အနက် ၁၉ လုံးသည် ရန်ကုန်မြို့တွင် တည်ရှိသည်။ ထိုအတူ သစ်စက် ၅၆ စက်အနက် ၁၄ လုံးသည် ရန်ကုန်မြို့တွင် တည်ရှိသည်။ စက်မှုအလုပ်ရုံ၊ အင်ဂျင်နီယာ အလုပ်ရုံများသည်လည်း များသောအားဖြင့် ရန်ကုန်မြို့တွင် တည်ရှိကြသည်။ အစိုးရပိုင် စက်မှုအလုပ်ရုံ ၁၀ ရုံအနက် ၆ ရုံသည် ရန်ကုန်မြို့တွင်ရှိ၏။ အလားတူပင် ပုဂ္ဂလိက စက်မှုအလုပ်ရုံ ၁၅ ရုံအနက် ၁၀ ရုံသည် ရန်ကုန်မြို့တွင် တည်ရှိသည်။[၁]

ထိုစဉ်က စက်မှုလက်မှု လုပ်ငန်းကြီးများ၏ ၈ ရာခိုင်နှုန်းသည် ဥရောပသားပိုင်များ ဖြစ်ကြသည်။ အလုပ်သမားဦးရေ စုစုပေါင်း ၄၆၄၈၀ ၏ ၃၂ ရာခိုင်နှုန်းသည် ထိုစက်ရုံ အလုပ်ရုံများတွင် ဝင်ရောက်လုပ်ကိုင်သူများဖြစ်၏။ တိုင်းရင်းသားပိုင် စက်ရုံအလုပ်ရုံများမှာ ၅၀ ရာခိုင်နှုန်းနီးပါး ရှိသော်လည်း လုပ်ငန်း ပမာဏ သေးငယ်သောကြောင့် အလုပ်သမား ဦးရေနည်းသည်။ စုစုပေါင်း အလုပ်သမား ဦးရေ၏ ၁၈ ရာခိုင်နှုန်းခန့်သာရှိသည်။[၂]

အတိအကျအားဖြင့် စစ်မဖြစ်မီ ကာလတွင် အစိုးရပိုင် လုပ်ငန်းတွင် အမြဲတမ်း အလုပ်သမားအဖြစ် လုပ်ကိုင်သူ ၆၀၇ ယောက်နှင့် ပုဂ္ဂလိက လုပ်ငန်းများတွင် ရာသီချိန် လုပ်သားအများစုပါဝင်သည့် အလုပ်သမားပေါင်း ၈၀၃၆၆ ရှိသည်။[၃] စစ်ပြီးကာလ ၁၉၄၆ ခုနှစ်တွင် အစိုးရလုပ်ငန်းများ၌ အမြဲတမ်းလုပ်သား ၇၇၄၁ ဦးနှင့် ၁၉၄၇ ခုနှစ်တွင် ၅၆၇၂ ဦး ရှိသည်။ ပုဂ္ဂလိကလုပ်ငန်းများတွင် ရာသီချိန်လုပ်သားအများစုပါဝင်သော လုပ်သားပေါင်းမှာ ၁၉၄၆ ခုနှစ်က ၂၆၇၈၀ ရှိ၍ ၁၉၄၇ ခုနှစ်က ၄၀၈၀၀ ဦးရှိသည်။[၄]

စစ်ပြီးကာလတွင် စက်မှုလုပ်ငန်းများ လျော့ပါးရခြင်းကြောင့် အလုပ်သမား စုစုပေါင်း ၅၅၀၀၀ ခန့် အလုပ်လက်မဲ့ ဖြစ်ခဲ့သည်။ မီးခြစ်စက်၊ စွပ်ကျယ်စက်၊ ရော်ဘာဖိနပ်စက်နှင့် စာပုံနှိပ်စက်တို့တွင် အမျိုးသမီးများ အမြဲတမ်းအလုပ် အတန်သင့် ရကြသည်။ ဝါဖတ်စက်နှင့် ထီးစက်တို့တွင်လည်း ယာယီဝင်ရောက် လုပ်ကိုင်သူ အမျိုးသမီးများရှိသည်။ ၁၉၄၆ ခုနှစ်က အမျိုးသမီး အလုပ်သမား ၂၉၀၂ ဦးရှိ၍ ၁၉၄၇ ခုနှစ်တွင် ၅၄၇၅ ဦးထိ များလာသည်။ အမျိုးသမီးများသည် များသောအားဖြင့် ဆန်စက်များတွင် အလုပ်လုပ်ကြသည်။ ရန်ကုန်မြို့ရှိ စက်ရုံများကို သီးခြား ဖော်ပြရလျှင် ၁၉၄၇ ခုနှစ်က အလုပ်သမား ကျား ၁၅၁၇၂ ယောက်၊ မ ၉၀၆ ယောက်ရှိသည်။[၅]

၁။ *Factories in Burma*, pp. 4-5

၂။ *Factories in Burma*, p. 1

၃။ *Working of the Factories Act* 1938, pp. 14-15

၄။ *Factories in Burma*, pp. 6-7

၅။ *Factories in Burma*, p. 8

စက်ရုံအက်ဥပဒေက တစ်သီတင်းလျှင် အမြဲတမ်း စက်ရုံအလုပ်ရုံများ၌ အများဆုံး ၆၀ နာရီ၊ ရာသီပိုင်း လုပ်ငန်းများတွင် ၅၄ နာရီ သတ်မှတ်ပေးသည်။ သို့သော် ၁၉၄၆ ခု၊ ၁၉၄၇ ခုနှစ်များအတွင်း အလုပ်သမားတို့၏ ဆန္ဒပြ တောင်းဆိုချက်များကြောင့် အက်ဥပဒေက ခွင့်ပြုသတ်မှတ်သည့်အောက် အလုပ်ချိန်လျော့သည်။ အထူးသဖြင့်ရန်ကုန်မြို့၊ သာယာဝတီနှင့် ကျိုက္ကမီ စီရင်စုတို့တွင် သိသိသာသာ အလုပ်ချိန် လျော့နည်းသည်။

စက်ရုံအက်ဥပဒေ၊ ဘွိုင်လာ အက်ဥပဒေများက ပညတ်သတ်မှတ်သော်လည်း စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားတို့ ထိခိုက်ဒဏ်ရာရမှုကို ကာကွယ်ရန် ခလုတ်များ၊ ကာကွယ်ရေး ကိရိယာများ တပ်ဆင်ခြင်း မရှိကြချေ။ ထို့ကြောင့် အလုပ်သမားများ ထိခိုက်ဒဏ်ရာရမှုများ မကြာခဏ ဖြစ်ပွားသည်။ ၁၉၄၇ ခုနှစ်အတွင်းက အလုပ်သမား ၄ ဦး အသက်ဆုံးရှုံး၍ ၁၆၅ ဦး ဒဏ်ရာရရှိသည်။

စက်ရုံအက်ဥပဒေသည် မြန်မာပြည် နယ်မြေဒေသတိုင်းသို့ အာဏာသက်ရောက်မှု မရှိချေ။ ပဒေသရာဇ် ရှမ်းပြည်တွင် ၁၉၄၆ - ၄၇ ခုနှစ်အတွင်းက စက်ရုံအက်ဥပဒေ အာဏာသက်ရောက်သော စက်ရုံ ၅ ရုံရှိသည်။ ဘားမား ကော်ပိုရေးရှင်း လီမိတက်နှင့် ဆက်သွယ်သော သတ္တုတူးဖော်ရေးဆိုင်ရာ စက်ရုံများဖြစ်ကြသည်။ ထိုစက်ရုံများတွင်စုစုပေါင်း အလုပ်သမား ကျားကြီး ၃၁၀ ရှိသည်။ တစ်သီတင်းလျှင် အလုပ်ချိန် ၄၈ နာရီ သတ်မှတ်ထားသည်။[၁]

ဗြိတိသျှအစိုးရ၏ စက်မှုလက်မှု စီမံကိန်း (ဆင်မလားစီမံကိန်း)

ဒုတိယ ကမ္ဘာစစ်အတွင်း ဗြိတိသျှ အစိုးရသည် မြန်မာနိုင်ငံကို လက်လွှတ်၍ စစ်ပြေး အစိုးရအဖြစ် အိန္ဒိယနိုင်ငံ၊ ဆင်မလားမြို့တွင် ပြောင်းရွှေ့ရုံးစိုက်သည်။ ယင်းအစိုးရသည် စစ်အခြေအနေကို ခန့်မှန်းလျက် မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ပြီးပါက မြန်မာနိုင်ငံ အုပ်ချုပ်ရေးနှင့် စီးပွားရေးလုပ်ငန်းများကို မည်သို့ပြန်လည်ထူထောင်ရမည်ကို စဉ်းစားကာ စီစဉ်မှုများ ပြုလုပ်သည်။

မြန်မာနိုင်ငံသည် ဂျပန်ဝင်ရောက် တိုက်ခိုက်စဉ်က ပျက်စီးခဲ့သည့်အပြင် ဗြိတိသျှတို့ မြန်မာနိုင်ငံအတွင်း ပြန်လည် ဝင်ရောက်သိမ်းပိုက်ပါက ထပ်မံ ပျက်စီးဦးမည်ကို ဆင်ခြင်မိကြသည်။ အပျက်အစီးများမည်ဖြစ်၍ အဘက်ဘက်မှ ပြန်လည် ထူထောင်ရမည်ကို သဘောပေါက်သည်။ ထို့ကြောင့် စစ်ပြီးစ မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးနှင့် နိုင်ငံ၏ အုပ်ချုပ်ရေး၊ အနာဂတ် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် စီမံကိန်းများကို ဆင်မလားမြို့၌

၁။ *Factories in Burma*, p. 2

ရေးဆွဲရန်သက်ဆိုင်ရာများသို့ အသီးသီးတာဝန်ချမှတ်ပေးသည်။ အစိုးရ၏ တာဝန်ပေးချက်အရ အိုင်စီအက် ဦးကျော်မင်းသည် မြန်မာနိုင်ငံ စက်မှုလုပ်ငန်းသစ်များ ထူထောင်ရေး ပဏာမ အစီရင်ခံစာ[၁] ကို ရေးသားတင်သွင်းသည်။

စစ်ပြီး မြန်မာနိုင်ငံ စက်မှုလုပ်ငန်းသစ်များ ထူထောင်ရေး အကြိုအစီရင်ခံစာကို အိန္ဒိယ အတွေ့အကြုံများ၊ အထူးသဖြင့် မိုင်ဆိုးနယ်၏ နမူနာနှင့် အိန္ဒိယ စီးပွားရေး ပညာရှင်များ၏ အဆိုအမိန့်များပေါ်တွင် အခြေခံ၍ ပြုစုထားသည်။ ထို့ပြင်ကမ္ဘာပေါ်ရှိ နိုင်ငံအများသည် ထိပ်တန်းစက်မှုနိုင်ငံများ အဖြစ်ဖြင့် လွန်စွာကြွယ်ဝ ချမ်းသာလျက် ရှိကြသည်။ စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ခြင်းကို အားကြိုးမာန်တက် ဇွဲသန်သန်နှင့် လုပ်ဆောင်ပါက နိုင်ငံသား တို့၏ စားဝတ်နေရေး အဆင့်အတန်းကို အချိန်တိုတောင်းစွာအတွင်း မြှင့်တင်ပေးနိုင်မည် ဟူသော အဆိုအမိန့်ကိုလည်း ခံယူထားသည်။[၂]

မြန်မာနိုင်ငံသည် သမားရိုးကျ စိုက်ပျိုးရေး နိုင်ငံတစ်ခုဖြစ်သဖြင့် ကမ္ဘာ့ဈေးကွက်တွင် ဆန်စပါး ရောင်းဝယ်ရေး ကျဆင်းချိန်၊ ကမ္ဘာ့ စီးပွားပျက်ကပ် ဆိုက်ရောက်ချိန်တွင် ပြည်သူ အများစု ဖြစ်သော လယ်သမားများ ဆင်းရဲကျပ်တည်းမှုနှင့် ရင်ဆိုင်ကြရသည်။ ထို့သို့ ၁၉၃ဝ ဝန်းကျင်ကာလ ကမ္ဘာ့စီးပွားရေး ကျဆင်းချိန်တွင် အရှေ့တောင်အာရှနိုင်ငံအချို့သည် စက်မှုလက်မှု လုပ်ငန်းများ စတင် တည်ထောင်ခဲ့ကြသည်။ ထိုနိုင်ငံများသည်လည်း မြန်မာ နိုင်ငံကဲ့သို့ပင် စိုက်ပျိုးရေးကို အားထားနေရသော နိုင်ငံများဖြစ်၍ ကမ္ဘာ့ စီးပွားရေးကျဆင်း မှု၏ ဒဏ်ကို မရှုမလှ ခံကြရသည်။ ထိုအခက်အခဲမှ လွန်မြောက်ရန် နည်းလမ်း အမျိုးမျိုးကို အပြင်းအထန် ရှာကြံခဲ့ကြရာမှ စက်မှုလက်မှု ထူထောင်ခြင်းသည် အကောင်းဆုံးသော အဖြေ ဖြစ်ကြောင်း သိရှိကာ အခွင့်ကောင်းကို ပိုင်နိုင်စွာ ရယူခဲ့ကြခြင်းဖြစ်သည်။[၃]

ထိုအချက်များကို စံထား၍ စက်မှုလုပ်ငန်းသစ်များ အကြို အစီရင်ခံစာတွင် စစ်ပြီးခေတ် မြန်မာနိုင်ငံကို စက်မှုလုပ်ငန်းများဖြင့် ပြန်လည် ထူထောင်ရန်၊ တိုးတက်ဖွံ့ဖြိုးစေရန် အကြံပေး တင်ပြထားသည်။ မြန်မာနိုင်ငံ၏ စီးပွားရေး စနစ်သည် လယ်ယာနှင့် စက်မှု မျှတခြင်း မရှိ ကြောင်း ၁၉၃ဝ ဝန်းကျင်က ကမ္ဘာ့စီးပွားပျက်ကပ် ဆိုက်ရောက်ချိန်နှင့် ဒုတိယကမ္ဘာစစ် ကာလအတွင်း အထင်အရှား သိမြင်ရသည်။ နိုင်ငံတွင်းရှိ စက်မှု ကုန်ကြမ်းများနှင့် သယံ ဇာတ ပစ္စည်းတို့ကို ချင့်ချိန်၍ ပြည်သူတို့၏ လိုအပ်ချက် အခြေခံ စက်မှုလုပ်ငန်းများကို ထူထောင် ရမည်ဟု တင်ပြထားသည်။[၄]

၁။ *Preliminary Report on New Industries for Burma*, Supdt. Govt. Printing and Stationery Burma, Rangoon, 1947.

၂။ "Prosperity through Industry" by Sir M Visvesvaraya, *New Industries*, p. 3

၃။ "Industry in Southeast Asia" by Jack Shepherd, *New Industries*, pp. 7-8

၄။ *New Industries*, p.15

တိုင်းသူပြည်သားတို့၏ ဘဝလိုအပ်ချက်သည် စားဝတ်နေရေးဖြစ်၏။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး နိုင်ငံတစ်ခု ဖြစ်သဖြင့် ပြည်သူတို့သည် အခြေခံ စားသုံးကုန် လုံလောက်စွာ ရနိုင်သည်။ နေထိုင်ရေးအတွက်လည်း ဘစ်ဝါး အခြေခံ ဆောက်လုပ်ရေး ပစ္စည်းများပေါများ သည်။ ဝတ်ရေးတွင်မူ ကိုလိုနီခေတ် တစ်လျှောက်လုံး နိုင်ငံခြားကို မှီခိုအားထား ခဲ့ရသည်။ သမားရိုးကျ ချည်ငင်ဝါဖတ် ရက်ကန်းရက် လုပ်ငန်းများရှိသော်လည်း လိုအပ်သော ချည်နှင့် ပိုးတို့ကို နိုင်ငံခြားမှ ၉၅ ရာခိုင်နှုန်းခန့် တင်သွင်းခဲ့ရသည်။

မြန်မာနိုင်ငံတွင် စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်ရာ၌ ပြည်သူတို့၏စားဝတ် နေရေး လိုအပ်ချက်အလိုက် လုပ်ဆောင်ရမည်ဖြစ်၍ လုပ်ငန်းများကို

၁။ ပြည်တွင်းရှိ ကုန်ကြမ်းများဖြင့် လွယ်ကူစွာထုတ်လုပ်နိုင်သော စက်မှုလက်မှုလုပ်ငန်း

၂။ ပြည်တွင်းတွင် စိုက်ပျိုးထုတ်လုပ်နိုင်သော ကုန်ကြမ်းဖြင့် လွယ်ကူစွာ ထုတ်လုပ် နိုင်သော စက်မှုလက်မှုလုပ်ငန်း

၃။ လက်ရှိကုန်ကြမ်းများဖြင့် ခဲယဉ်းစွာ လုပ်ဆောင်ရမည့် စက်မှုလက်မှု လုပ်ငန်း ဟူ၍ သုံးမျိုးခွဲခြား လုပ်ဆောင်ရန် အကြံပေးထားသည်။

ထိုသို့သုံးမျိုးကို လုပ်ဆောင်ရာ၌ အစိုးရသည် အစွမ်းကုန်အကူအညီပေးရမည်။ ပြည်သူ တစ်ဦးတစ်ယောက်တည်း မလုပ်နိုင်သော လုပ်ငန်းများကို အစိုးရက ငွေကြေးထောက်ပံ့ ရမည်။ သို့မဟုတ် အစိုးရပိုင်အဖြစ် တည်ထောင်လုပ်ကိုင်ရမည်ဟု မူဝါဒ ချမှတ်ရန်လည်း အစီရင်ခံစာတွင် တင်ပြထားသည်။[1] ကိုလိုနီခေတ်အတွင်းက အစိုးရသည် မြန်မာနိုင်ငံတွင် စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရေးကို လုံးဝလစ်လျူရှုခဲ့သဖြင့် ပြည်သူတို့၏ မကျေနပ်မှု နှင့်ရင်ဆိုင်ခဲ့ရသည်။[2] ထို့ကြောင့် စစ်ပြီးမြန်မာနိုင်ငံကို ပြန်လည်ထူထောင်ရာ၌ စီမံကိန်းချ စီးပွားရေးစနစ်[3]ကို ကျင့်သုံးရန်၊ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများနှင့်အတူ အစိုးရပိုင် စက်မှု လုပ်ငန်းများလည်း ထူထောင်ရန်နှင့် စက်မှုလက်မှုဌာနကြီး[4] တစ်ခု ဖွင့်ရန်လိုကြောင်း တင်ပြ သည်။

စက်မှုလက်မှုဌာနသည် အောက်ပါလုပ်ငန်းများကို ပိုင်နိုင်စွာ ကိုင်တွယ်ရမည်ဟု ဆိုထား သည်။

၁။ စက်မှုလုပ်ငန်းများတွင် မြန်မာပြည်သားများ ပိုမိုစိတ်ဝင်စားလာ ပါဝင်လာရေး၊ စက်မှုလုပ်ငန်းသစ်များ ထူထောင်ရေး၊ စက်မှုလက်မှုချေးငွေ ထုတ်ပေးရေး၊ စူးစမ်း ရှာဖွေရေး စသည်တို့အတွက် အဖွဲ့အစည်းများ ဖွဲ့စည်းရေး

၁။ *New Industries*, p. 23

၂။ *New Industries*, p. 9

၃။ Planned Economy

၄။ Department of Industries

၂။ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းနှင့် စက်မှုသမဝါယမများ
၃။ သုတေသနနှင့် စက်မှုပညာ အကြံပေးဌာန
၄။ စက်မှုအတတ်ပညာ သင်ကြားရေး
၅။ အစိုးရပိုင် စက်မှုလုပ်ငန်းများ၊ အစိုးရနှင့် ပုဂ္ဂလိက ဖက်စပ် စက်မှုလုပ်ငန်းများ အုပ်ချုပ်ရေး
၆။ ဘူမိဗေဒဌာန
၇။ သတ္တုတွင်းဌာန
၈။ စက်ရုံများဆိုင်ရာဌာန
၉။ ဘွိုင်လာဌာန
၁၀။ အလုပ်သမားရေးရာဌာန

ဖော်ပြပါလုပ်ငန်းများ၊ဌာနများကို ဦးစီးလုပ်ကိုင်ရာ၌ စက်မှုလက်မှုဌာနသည် နိုင်ငံတွင်း ရှိရင်းဆန်စက်၊ သစ်စက်များကို ချက်ချင်းပြန်လည်ထူထောင် လည်ပတ်နိုင်စေရန် စီမံရမည်။ ဆန်စက်များကို အစိုးရပိုင်လုပ်ငန်းအဖြစ် တည်ထောင်၍ စက်သစ်များ တိုးတက်တည်ထောင် ရေးကို လုပ်ဆောင်ရမည်။ ဆန်စက် သစ်စက်လုပ်သော တိုင်းရင်းသားများကို အထူးကူညီ ရမည်။ တိုင်းရင်းသားများကို အိန္ဒိယနှင့် အခြားနိုင်ငံများသို့ သွားရောက်၍ စက်မှုလက်မှု လုပ်ငန်းများကို လေ့လာစေရမည်။ စက်မှုကျွမ်းကျင်သူများကို ဆက်လက်၍ ပညာသင်ကြား ရန် နိုင်ငံခြားသို့ စေလွှတ်ရမည်။ စက်မှုချေးငွေ ထုတ်ပေးရေးကို ထိရောက်စွာ လုပ်ကိုင်နိုင်ရန် အဖွဲ့တစ်ခု ဖွဲ့ရမည်ဟု အစီရင်ခံစာတွင် တင်ပြထားသည်။

အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများကို အစိုးရက အားပေးရန်နှင့် လုပ်ငန်းသစ်များ တည်ထောင်ရန်လည်း ဆင်မလား စီမံကိန်းက အကြံပေးထားသည်။ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းသည် နိုင်ငံ လူဦးရေ၏ ရာခိုင်နှုန်းအများဆုံးဖြစ်သော တောင်သူလယ်သမားတို့ အတွက် ဝင်ငွေ ပိုရစေနိုင်သောကြောင့် အင်တိုက်အားတိုက် လုပ်ဆောင်ရန်လိုသည်ဟုဆိုသည်။ အထူးသဖြင့် လယ်သမားမိသားစုသည် လယ်လုပ်ငန်း ရပ်နားချိန် အားလပ်ချိန်တွင် ရက်ကန်း ရက်ခြင်းဖြင့် ဝင်ငွေ ပိုရနိုင်မည့်အပြင် အဝတ်ပြဿနာကို တစ်နည်းတစ်ဖုံ ပြေလည်စေမည်ဖြစ် သည်။ ထိုလုပ်ငန်း အောင်မြင်ရေးအတွက် 'တစ်အိမ်လျှင် ရက်ကန်းတစ်စင်' ကြွေးကြော်သံဖြင့် အစိုးရက ငွေကြေးအကူအညီ ပေးရမည်ဟု အကြံပေးသည်။

မြန်မာနိုင်ငံ ဟံဇားနှင့် ရွှေတောင်မြို့တို့ရှိ ပိုးရက်ကန်း၊ ချည်ရက်ကန်း လုပ်ငန်းများသည် အိမ်တွင်း လုပ်ငန်းအဆင့်ထက်ပင် သာလွန်သည်ဟု ဆိုနိုင်သည်။ ထိုလုပ်ငန်းများသည် တရုတ်၊ ကုလား ငွေရှင်ကြေးရှင်တို့၏ လက်ထဲတွင် ရှိခဲ့သည်။ ထိုလုပ်ငန်းများကို ပြန်လည်ထူထောင်ရန်

အစိုးရ၏ ကူညီမှု အထူးလိုသည်။ ထို့ပြင် အစိုးရ၏ အကူအညီဖြင့် အမရပူရရှိ မန္တလေးလုံချည် ရက်လုပ်ရေး၊ စစ်တွေနှင့် ကျောက်ဖြူ၊ စီရင်စုတို့ရှိ ရခိုင်လုံချည် ရက်လုပ်ရေး လုပ်ငန်းများကိုလည်း ပြန်လည်ထူထောင်ရမည်ဟု ဖော်ပြသည်။

ရက်ကန်းလုပ်ငန်းနှင့် အလားတူ လုပ်ကိုင်နိုင်သော အခြား အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းတစ်ခုမှာ ပြည်တွင်း ပြည်ပ အသုံးပြုနိုင်မည့် စက္ကူပျော့ဖတ်လုပ်ငန်း၊ မြန်မာ့စက္ကူ လုပ်ငန်းဖြစ်၏။ ထို့ပြင် မြန်မာ့ ထီးလုပ်ငန်း၊ ကောက်ရိုးမှ ကတ်ထူပြား လုပ်ငန်း၊ ပရိဘောဂများ ပြုလုပ်ရန် သစ်သား ဖြတ်တောက်ခြင်းလုပ်ငန်း၊ လယ်ယာသုံး ပစ္စည်းများလုပ်ငန်း၊ ပရိဘောဂ လုပ်ငန်း၊ ပျားမွေးမြူရေးလုပ်ငန်း၊ ကြက်ဘဲ မွေးမြူရေးလုပ်ငန်း၊ ဆေးပြင်းလိပ် ဆေးပေါ့လိပ် လုပ်ငန်း၊ စက္ကူပန်းလုပ်ငန်း၊ သားရေ ပစ္စည်းလုပ်ငန်း၊ ကစားစရာ လုပ်ငန်း စသည့် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများတွင်လည်း အစိုးရက အားပေးကူညီရမည်ဟု ဖော်ပြထားသည်။

အစိုးရသည် စက်မှုလုပ်ငန်း ထူထောင်သူများအား စက်မှုရေးရာ အကြံဉာဏ်များ ပေးရမည်။ ထို့ပြင် စက်များ၊ စက်ပစ္စည်း ကိရိယာများကို အင်္ဂလန်၊ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ ဂျာမနီ၊ ချက်ကိုစလိုဗေးကီးယားနှင့် အီတလီနိုင်ငံ စသည်တို့မှ ရယူရန်လည်း ကူညီရမည်။

ဝန်ထမ်းများ လုံလောက်စွာဖြင့် ဖွဲ့စည်းထားသော စက်မှုသုတေသနဌာန တစ်ခု ထူထောင်ပြီး စက်မှု စီးပွားရေးကို ဦးတည်သော စက်မှုရေးရာ သုတေသနများ ပြုရမည်ဟုလည်း ဖော်ပြသည်။

စက်မှုလုပ်ငန်းများ ထူထောင်ရာ၌ ကျွမ်းကျင်မှု အတတ်ပညာပိုင်းသည်အရေးကြီး၏။ ထို့ကြောင့် တစ်နိုင်ငံလုံး လက်ကို အသုံးပြုတတ်စေရန်၊ စက်ကို အသုံးပြုတတ်စေရန်၊ စွမ်းအင်ကို အသုံးပြုတတ်စေရန် သင်ကြား ပေးရမည်။ စီရင်စုတိုင်း မြို့နယ်တိုင်း ရွာတိုင်းတွင် ကျောင်း နှစ်မျိုး ရှိစေရမည်။ ကျောင်းတစ်မျိုးသည် ပညာမင်းကြီး လက်အောက်ရှိ စာသင်ကျောင်း များဖြစ်၍ ကျန်တစ်မျိုးသည် စက်မှုညွှန်ကြားရေးဝန် လက်အောက်တွင် ရှိစေရမည်။ စက်မှုညွှန်ကြားရေးဝန် လက်အောက်ရှိ ကျောင်းများသည် စက်မှုလက်မှု လုပ်ငန်းများ၊ စက်ကိရိယာဆိုင်ရာ အတတ်ပညာများ စသည်တို့ကို သင်ကြားပေးရန် ဖြစ်သည်ဟု ဆိုသည်။

ဗြိတိသျှအစိုးရသည် မိုင်ဆိုးအစိုးရ၏နည်းကိုယူ၍ မြန်မာနိုင်ငံ စက်မှုလက်မှုထူထောင်ရေး ကို လုပ်ဆောင်သင့်သည်။ မိုင်ဆိုးအစိုးရကဲ့သို့ အချို့လုပ်ငန်းများကို အစိုးရက တစ်ဦးတည်း မှုပိုင်လုပ်သင့်သည်။ ထို့ကြောင့် မီးရထား၊ စာတိုက်နှင့်ကြေးနန်း၊ စက္ကူပျော့ဖတ်၊ ပိုးချည်

လုပ်ငန်း စသည်တို့ကို မှုပိုင်လုပ်ရမည်။ အစိုးရပိုင်စက်ရုံများ တည်ထောင်ရမည်။ လိုအပ်သော လုပ်ငန်းများကို အစိုးရပိုင်သိမ်းရမည်။ ရင်းနှီးမြှုပ်နှံငွေ သိန်းနှစ်ဆယ်ကျော်သော လုပ်ငန်းများကို အစိုးရက ပူးတွဲပိုင်ဆိုင်စေရမည်ဟုလည်း တင်ပြထားသည်။[၁]

ထို့ပြင် နိုင်ငံပိုင် စက်မှုလုပ်ငန်း၊ သို့မဟုတ် အစိုးရနှင့် ပုဂ္ဂလိက ဖက်စပ်လုပ်ကိုင်သင့်သော လုပ်ငန်းများကို လုပ်ကိုင်ရာ၌ မိုင်ဆိုးနှင့် ကသျှမိရနယ်တို့ကို အတုယူရမည်။ ကသျှမိရနယ်တွင် ပိုးလုပ်ငန်းသည် အစိုးရမှုပိုင်ဖြစ်၏။ စက္ကူပျော့ဖတ်နှင့် စက္ကူလုပ်ငန်းသည် မိုင်ဆိုးနယ်၌အစိုးရပိုင်ဖြစ်သည်။ မိုင်ဆိုးနယ်ရှိ ဝါးတောများသည် မြန်မာ့ဝါးတောများနှင့် နှိုင်းယှဉ်လျှင် သမုဒ္ဒရာတွင်းမှ ရေတစ်စက်မျှသာဖြစ်၏။ ကမ္ဘာပေါ်တွင် စက္ကူသုံးစွဲမှုသည် နှစ်စဉ်တန်ပေါင်း ၇၀၀၀၀၀ နှုန်း တိုးတက်လျက်ရှိသည်။ ထို့ကြောင့် အစိုးရသည် ပြည်တွင်းသုံးနှင့် ပြည်ပတင်ပို့ရောင်းချနိုင်ရန် ဝါးပျော့ဖတ်စက်ရုံနှင့် စက္ကူစက်ရုံကို မြန်မာပြည်သို့ ပြန်ရောက်လျှင် ချက်ချင်းတည်ဆောက်သင့်သည်။ ပုဂ္ဂလိကလုပ်ငန်းအဖြစ် လုံးဝခွင့်မပြုဘဲ အစိုးရပိုင်လုပ်ငန်းအဖြစ်လုပ်ဆောင်ရမည်။ရေလျှပ်စစ်ဓာတ်အားကို စစ်တောင်းရိုးတိုင်တာရေတံခွန်မှရမည်ဖြစ်၍ ဝါးပျော့ဖတ်စက်ရုံကို စစ်တောင်းရိုးတွင် တည်ဆောက်သင့်သည်။ တိုင်တာရေတံခွန်နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို ဆင်မလားတွင် စုဆောင်းရရှိပြီးဖြစ်သည်။ ထိုစက်မှထုတ်လုပ်သော ပျော့ဖတ်ကိုအသုံးချမည့်စက္ကူစက်ရုံကို ရခိုင်၊ သို့မဟုတ် အခြားသင့်တော်ရာဒေသတွင် ဆောက်လုပ်သင့်သည်ဟု အတိအကျဖော်ပြထားသည်။[၂]

မြန်မာပြည်သို့ ပြန်ရောက်လျှင် ရန်ကုန်မြို့နှင့် အခြား မြို့ကြီးများတွင် လုပ်ဆောင်ရမည့် ပြန်လည်ထူထောင်ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အုတ်နှင့် အုတ်ကြွပ်အများအပြားလိုမည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရန် အစိုးရပိုင် အုတ်စက်၊ အုတ်ကြွပ်စက်များ တည်ဆောက်ရမည်။ ရေလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်းအတွက် လိုအပ်သော လျှပ်စစ်သုံးကြေးသီးများ ပစ္စည်းများထုတ်လုပ်ရမည်ဖြစ်၍ ကြွေထည်စက်ရုံတစ်ရုံလည်း လိုအပ်မည်ဖြစ်သည်။ ဤလုပ်ငန်းများကို စက်မှုလက်မှု ညွှန်ကြားရေးဝန်လက်အောက်တွင် ထားရှိရမည်ဟုလည်း အကြံပေးသည်။ ထို့ပြင် အစိုးရပိုင် သစ်စက်တစ်ခု ထူထောင်ရန် အထူးလိုအပ်ကြောင်းလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။[၃]

စက်မှုလုပ်ငန်းများထူထောင်ရာ၌ နိုင်ငံတွင်အလွယ်တကူရရှိနိုင်သော ကုန်ကြမ်းကိုအခြေခံ၍ စီစဉ်မှုပြုရမည်။ မူဝါဒ ချမှတ်ရမည်ဟု အစီရင်ခံစာက ဆိုသည်။ ရှိရင်းလုပ်ငန်းများဖြစ်သော ရေနံနှင့် ကျွန်းသစ်ဆိုင်ရာ လုပ်ငန်းများအတွက် မူဝါဒကို လန်ဒန်တွင် ချမှတ်မည်ဖြစ်

၁။ *New Industries*, p. 30

၂။ *New Industries*, pp. 46, 64-65

၃။ *New Industries*, pp. 47-48

သဖြင့် ဆန်စက်၊ သစ်စက်များကိုသာ အစိုးရက ပိုင်နိုင်စွာချုပ်ကိုင်စီစဉ်ရန်လိုသည်။ မြန်မာပြည်အနှံ့ ဆန်စက်ငယ်များ မှိုပေါက်သကဲ့သို့ ဖွင့်လှစ်ခြင်းကို ခွင့်မပြုသင့်။ ထိုသို့ခွင့်ပြုလျှင်မည်သည့်နည်းနှင့်မျှ အစိုးရက ပိုင်နိုင်စွာ ထိန်းချုပ်နိုင်မည်မဟုတ်ကြောင်း၊ သစ်ခွဲလုပ်ငန်းကိုလည်း အစိုးရကတတ်နိုင်သမျှ လုပ်ဆောင်ရန်လိုအပ်ကြောင်း တင်ပြသည်။[၁]

စက်မှုလက်မှုလုပ်ငန်းသစ်များ ထူထောင်ရာ၌ ပြည်သူတို့၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေးကို ဦးတည်ရမည်ဖြစ်၍ ဝတ်ရေးလိုအပ်ချက်ကို ဖြည့်ဆည်းရန် ချည်ထည်ရက်လုပ်ငန်း၊ ပိုးလုပ်ငန်း၊ ဝါဖန်ဝါကြိတ်လုပ်ငန်း၊ ခြေအိတ် ခွပ်ကျယ်ရက်လုပ်ငန်းများကို ဦးစားပေးရန်တင်ပြသည်။ စားရေးတွင်လည်း ဝါစေ့ဆီ၊ ဓာတ်မြေဩဇာ၊ သကြား၊ ဆား ထုတ်လုပ်ရေးတို့ကို ဦးစားပေးထားသည်။ ဆောက်လုပ်ရေးဆိုင်ရာတွင် အုတ်၊ အုတ်ကြွပ်၊ ဘိလပ်မြေ၊ သံ၊ မှန်၊ ကြွေထည်သုတ်ဆေးနှင့် အရောင်တင်ဆီ စသည့်လုပ်ငန်းများကို ဦးစားပေးရန် ဖော်ပြသည်။ ထိုမှအပဖြစ်သော စက်မှုလုပ်ငန်းသုံး ဆာလ်ဖျူရစ်အက်ဆစ်၊ ကော့စတစ်ဆိုဒါ၊ ကယ်လစီယမ်ကလိုရိုက်၊ အမိုးနီးယား၊ ကာဗွန်ဒိုင်အောက်ဆိုက် စသော ဓာတုဗေဒ ပစ္စည်းများ ထုတ်လုပ်ရေးအတွက် အစိုးရဓာတုဗေဒ စက်မှုလုပ်ငန်းတစ်ခုကို တည်ထောင်ရန် အထူးလိုအပ်ကြောင်းအစီရင်ခံထားသည်။[၂] မြန်မာနိုင်ငံတွင် လွယ်ကူစွာလုပ်ဆောင်နိုင်မည်ဖြစ်သော စက်မှုလက်မှုလုပ်ငန်းသစ်ပေါင်း ၁၃၉ ခုအကြောင်းကိုလည်း နောက်ဆက်တွဲ[၃] အဖြစ် ထည့်သွင်းဖော်ပြထားသည်။

စစ်ကြီးပြီးဆုံးသွားသော ၁၉၄၅ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် ဆင်မလား၌ ရေးဆွဲခဲ့သော အုပ်ချုပ်ရေးစီမံကိန်း၊ စီးပွားရေးစီမံကိန်းများကိုပိုက်၍ မြန်မာပြည်သို့ပြန်လည်ဝင်ရောက်လာသည်။ ဆင်မလား၌ ရေးဆွဲခဲ့သော အုပ်ချုပ်ရေးစီမံကိန်းအရ အုပ်ချုပ်ရန်ကြိုးပမ်းသည်။ အချုပ်အခြာအာဏာပိုင်သောလွတ်လပ်သော နိုင်ငံအဖြစ်ကို ရည်မှန်းအားသန်နေကြသည့် ပြည်သူလူထုသည် ၉၁ ဌာနအုပ်ချုပ်ရေး အဆင့်မျှသာရှိသော ထိုဆင်မလားစီမံကိန်းကို လုံးဝလက်သင့်မခံကြပေ။ မြန်မာ့အမျိုးသားခေါင်းဆောင်များနှင့်ပြည်သူလူထုက ဆင်မလားစီမံကိန်းကို စက္ကူဖြူစီမံကိန်းအဖြစ် ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြသည်။ ၁၉၄၅-၄၆ ခုနှစ်များအတွင်း ပြန်လည်ထူထောင် လည်ပတ်ကြသော စက်ရုံအလုပ်ရုံများမှ လုပ်သားများကလည်း ဆန္ဒပြကန့်ကွက်ပွဲများတွင် အင်တိုက်အားတိုက် ပါဝင်ကြသည်။

ဗြိတိသျှအစိုးရသည် ထိုနိုင်ငံရေးတိုက်ပွဲများနှင့် ရင်ဆိုင်နေရသဖြင့် စီးပွားရေးစီမံကိန်းကို လျစ်လျူရှုထားသည်။ ထို့ကြောင့် ဆင်မလားတွင် ရေးဆွဲတင်သွင်းသော စက်မှုလုပ်ငန်း

၁။ *New Industries*, pp. 55-56

၂။ *New Industries*, pp. 63-64

၃။ *New Industries*, pp. 69-104

သစ်များထူထောင်ရေးပဏာမအစီရင်ခံစာသည် စီမံကိန်းအဆင့်သို့ပင်မရောက်ဘဲ တိမ်မြုပ်သွားသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်တော့မည့် မြန်မာနိုင်ငံကို အဘက်ဘက်မှ ပြန်လည်ထူထောင်ရန် စီမံကိန်းများ ရေးဆွဲရေးကို ၁၉၄၇ ခုနှစ် ဇွန်လတွင်ချမှတ်ပေးသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုကို ခံယူ၍ ၁၉၄၇ ခုနှစ်ကုန်ပိုင်းတွင်ရေးဆွဲသော မြန်မာနိုင်ငံစီးပွားတိုးတက်ရေး ၂ နှစ် စီမံကိန်းတွင် ဆင်မလားစီမံကိန်းဟု ခေါ်ဆိုနိုင်သော စက်မှုလုပ်ငန်းသစ်များထူထောင်ရေး ပဏာမ အစီရင်ခံစာတွင် ပါသော အခြေခံအချက်အလက်အချို့ကို တွေ့ရသည်။

မြန်မာနိုင်ငံ စီးပွားတိုးတက်ရေး ၂ နှစ် စီမံကိန်း

မြန်မာနိုင်ငံသည် တစ်နှစ်အတွင်း လွတ်လပ်ရေးရမည် ဖြစ်သဖြင့် ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အစိုးရအဖွဲ့သည် မြန်မာနိုင်ငံပြန်လည်ထူထောင်ရေးကို ကြိုးပမ်းသည်။

မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ၁၉၄၇ ခုနှစ်တွင်ရေးဆွဲရာ၌ ဥပဒေပုဒ်မ ၄၁ တွင်

> နိုင်ငံ၏ ခွန်အားဗလ တိုးတက်စေရန်လည်းကောင်း၊ ပြည်သူ့ပစ္စည်းဥစ္စာ အင်အားကို ကောင်းသည်ထက်ကောင်းစေရန်လည်းကောင်း၊ ပြည်သူ့ယဉ်ကျေးမှု အဆင့်အတန်း မြင့်တက်လာစေရန်လည်းကောင်း၊ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို တည်မြဲခိုင်ခံ့စေရန်လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေး စွမ်းအားကို ကြီးမားလာစေရန်လည်းကောင်း ရည်ရွယ်၍ ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေးဆိုင်ရာစီမံကိန်းများကို ပြုစုရမည်။[၁]

ဟုဖော်ပြထားသည်။

ထိုပြဋ္ဌာန်းချက်နှင့်အညီ ပြန်လည်ထူထောင်ရေး စီမံကိန်းများ ရေးဆွဲရန် ၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ပြည်လမ်းရှိ ဆိုရန်ဘိုလာ အဆောက်အအုံ (ယခုစာပေဗိမာန်ပုံနှိပ်တိုက်) တွင် ညီလာခံတစ်ခု ကျင်းပသည်။

ထိုစဉ်က အစိုးရအဖွဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ထိုညီလာခံ၌ နိုင်ငံပြန်လည်ထူထောင်ရေးအတွက် အလွန်အရေးပါသော မိန့်ခွန်းကိုပြောကြား၍ စီမံကိန်း ရေးဆွဲရာတွင် လိုအပ်သောအဓိကကျသည့် အချက်များကို ညွှန်ပြသည်။

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော် စီးပွားတိုးတက်ရေး ၂ နှစ်စီမံကိန်း၊ စာ ၁

စီမံကိန်း ရေးဆွဲရာတွင် ကိုင်းပြည်၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းကို ချက်ချင်း ပြုလုပ်ရန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းသည် အမျိုးသားစီးပွားရေးကို စစ်မဖြစ်မီက အခြေအနေသို့ရောက်ရှိအောင် ပို့ဆောင်ရန်၊ စီမံကိန်း အစီအစဉ်များသည် ကာလအားလျော်စွာ ပြုပြင်ပြောင်းလဲ၍ ရနိုင်သောအနေအထားတွင်ရှိရန်၊ စာရင်းအင်း တိကျမှုရှိစေရန်၊ လုပ်သင့်သည့် လုပ်ငန်းများကို ဦးစားပေး လုပ်ကိုင်ရန်၊ ခေတ်နောက်ကျနေသော နည်းစနစ်များကို ပယ်ဖျက်၍ မလိုအပ်သောဌာနများကို ဖျက်သိမ်းရန်၊ လက်တွေ့အလုပ်လုပ်၍ ဖြစ်နိုင်သော စီမံကိန်းမျိုးများကိုသာရေးဆွဲရန် စသည့်အချက်များကို နိုင်ငံခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းက အကြံပေးသည်။

ထို့ပြင် ချက်ချင်းဖြေရှင်းပေးရမည့် အချက်ကြီး ၈ ချက်ကိုလည်း ဗိုလ်ချုပ်က ထုတ်ဖော်ပြောဆိုသည်။ ယင်းအချက် ၈ ချက်မှာ နေထိုင်ရေးစရိတ်ကို စစ်မဖြစ်မီက အခြေအနေသို့ ရောက်စေရန်၊ အလုပ်လက်မဲ့များ လုံးဝမရှိသည်အထိ ကြိုးစားရန်၊ လမ်းပန်း ဆက်သွယ်ရေးကို ပြန်လည်ထူထောင်ရန်၊ အိုးခြေအိမ်ခြေများ ပြန်လည်ထူထောင်ရန်၊ ပညာရေး ပြန်လည်ထူထောင်ရန်၊ ပြည်သူလူထု အားကျန်းမာရေး စီစဉ်ပေးရန်၊ နိုင်ငံအုပ်ချုပ်ရေးကို စေတနာကောင်းဖြင့် သန့်ရှင်းကျေပွန်စွာ ထမ်းဆောင်ပေးရန်နှင့် နိုင်ငံအေးချမ်းသာယာအောင် ဆောင်ရွက်ပေးရန်တို့ ဖြစ်သည်။

စက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အရေးတကြီး ဆောင်ရွက်ပေးရမည့် လုပ်ငန်းများ အဖြစ် မလိုသည့် ကုန်ပစ္စည်းများကိုလျှော့၍ လိုအပ်သည့် ကုန်ပစ္စည်းများကို တိုးလုပ်ရန်၊ အများအပြား ထုတ်လုပ်ခနေသော ပစ္စည်းများကို အရည်အသွေးကောင်းမွန်အောင် ပြုလုပ်ရန်၊ စက်မှုလုပ်ငန်းများကို စစ်မဖြစ်မီ အခြေအနေသို့ အမြန်ရောက်အောင် စက်မှုလက်မှုလုပ်ငန်း များကို အားပေးရေးအတွက် နည်းလမ်းများ စဉ်းစားရန်တို့ကိုလည်း မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားသည်။[၁]

ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စီမံကိန်း ရေးဆွဲရာ၌ အဖွဲ့ ၅ ဖွဲ့ခွဲ၍ စတင် ဆောင်ရွက်ရန် ဗိုလ်ချုပ်က ညွှန်ကြားသည်။ ယင်းအဖွဲ့များမှာ စာရင်းအင်း အကြောင်းအရာ ရှာဖွေရေးအဖွဲ့၊ စီမံကိန်းများ ရေးဆွဲရေးအဖွဲ့၊ ငွေကြေးကိစ္စ စိစစ်ရေးအဖွဲ့၊ နည်းလမ်း ရှာဖွေသောအဖွဲ့နှင့် စုပေါင်းစစ်ဆေး၍ စီမံကိန်းများကို ဆုံးဖြတ်အတည်ပြုသော အဖွဲ့တို့ ဖြစ်သည်။

၁။ ဆိုရှယ်လိုင်းလာ၌ ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားသည့်မိန့်ခွန်း

ဖော်ပြပါအဖွဲ့ ၅ ဖွဲ့အနက် စုပေါင်းစစ်ဆေး၍ စီမံကိန်းများကို ဆုံးဖြတ်အတည်ပြုသော အဖွဲ့သည် အရေးပါဆုံးသောအဖွဲ့ဖြစ်၏။ ထိုအဖွဲ့ဥက္ကဋ္ဌ ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် လုပ်ငန်းများ မစရမီ မသမာသူတို့၏ လုပ်ကြံမှုကြောင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျဆုံးသွားသည်။ ထို့ကြောင့် အထက်ဖော်ပြပါအဖွဲ့ ၅ ဖွဲ့က ရေးဆွဲတင်ပြသော စီမံကိန်းများမှ ထွက်လာသော အကြံဉာဏ်များဖြင့် အသစ်ထပ်မံဖွဲ့စည်းသော စီးပွားရေး စီမံကိန်း ရေးဆွဲရေးအဖွဲ့က ၁၉၄၇ ခုနှစ် နိုဝင်ဘာလတွင်မှ စီးပွားတိုးတက်ရေး ၂ နှစ်စီမံကိန်းကို စတင်ရေးဆွဲနိုင်သည်။ အချောရေးဆွဲပြီးသော စီမံကိန်းကို အစိုးရအဖွဲ့က ဒီဇင်ဘာလတွင် သဘောတူညီပြီး သက်ဆိုင်ရာ အစိုးရဌာနများက အကောင်အထည်ဖော်ရန်ရှိသည်တို့ကိုစတင်ဆောင်ရွက်ကြသည်။[၁] ၁၉၄၈ ခု ဧပြီလ ၁ ရက်နေ့တွင်မှ တိုင်းပြည်သို့ ကြေညာသည်။

ထိုစီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးသော ပြန်လည်ထူထောင်ရေးနှင့် စီးပွားတိုးတက်ရေးစီမံကိန်းတစ်ခုဖြစ်သည်။ နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုကိုစီမံကိန်းချစီးပွားရေးစနစ်ဖြင့်ထိန်းကျောင်းရန် ကြိုးစားခြင်းဖြစ်သည်။ စီမံကိန်း၏သက်တမ်းကို မူလက ၁၉၄၇-၄၈ ခုနှစ်မှ ၁၉၄၈-၄၉ ဟု သတ်မှတ်ထားသော်လည်း အထက်တွင်ဖော်ပြထားသည့် အခြေအနေများကြောင့် ၁၉၄၈-၄၉ မှ ၁၉၄၉-၅၀ သို့ပြောင်းလဲ သတ်မှတ်သည်။

စီမံကိန်းဝင် ၂ နှစ်အတွင်း ပြင်းပြင်းထန်ထန် ဆောင်ရွက်ရမည့် လုပ်ငန်းများကို တိုင်းပြည်၏နေအခြေအနေနှင့် လူအင်အားများအပေါ် ထောက်ချင့်၍ ရေးဆွဲထားသည်။ ထိုသို့ရေးဆွဲရာ၌ စစ်ဒဏ်ကြောင့် ပျက်စီးယိုယွင်းနေသောနိုင်ငံကို မြန်နိုင်သမျှမြန်အောင် ပြန်လည်ထူထောင်ရန်သာမက ရေရှည်တွင် တောင်သူလယ်သမားတို့၏ နေရေးထိုင်ရေး အဆင့်အတန်းကိုမြှင့်တင်ရန် ရည်ရွယ်သော စီးပွားရေးစနစ်ကြီးကိုအုတ်မြစ်ချရန်လည်း ရည်ရွယ်လေသည်။[၂]

ပြန်လည်ထူထောင်ရေး ၂ နှစ်စီမံကိန်းတွင် ဖော်ပြထားသော စက်မှုလက်မှု တိုးတက်ဖွံ့ဖြိုးရေး စီမံကိန်းတွင် မြန်မာနိုင်ငံ စက်မှုလက်မှု ထွန်းကားတိုးတက်လာရေးကို မျှော်မှန်း၍ အဆင့် ၂ ဆင့်သတ်မှတ်သည်။ ပထမအဆင့်သည် နိုင်ငံတော် ပြန်လည်ထူထောင်ရေးအတွက်ဖြစ်သည်။ ဒုတိယအဆင့်သည် ပြည်တွင်းရှိ သဘာဝသယံဇာတ ပစ္စည်းများကို ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သော စက်မှုလုပ်ငန်းသစ်များ ထူထောင်ရန်ဖြစ်သည်။

စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် ပေါ်လစီပိုင်းတွင် အပိုင်း ၃ ပိုင်းချမှတ်သည်။ ပထမပိုင်းသည် စားသောက်ကုန်လုပ်ငန်းနှင့် စီးပွားရေးအခြေခံ လုပ်ငန်းများ၊ ဒုတိယပိုင်းသည် အိမ်တွင်း လက်မှုပညာ လုပ်ငန်းများဖြစ်၍ တတိယပိုင်းသည် လုပ်ငန်းသစ်များဖြစ်သည်။

၁။ ၂ နှစ်စီမံကိန်း၊ စကားချီး

၂။ ၂ နှစ်စီမံကိန်း၊ စာ ၁

စားသောက်ကုန်လုပ်ငန်းနှင့် မီးပွားရေးအခြေခံ လုပ်ငန်းများ တည်ဆောက်ရာ၌ လုပ်ငန်းများကို တိုင်းသူပြည်သားများ စိတ်ကြိုက်ရွေးချယ် ငယ်ယူစားသုံးနိုင်ရန် ရည်ရွယ်သည်။ ကိုယ်ကျိုးရှာ အမြတ်စားရန်ကိုသာကြည့်တတ်သော နေရှင်ဝါဒကို မစွက်ဖက်စေဘဲ တိုင်းပြည်ပေါ် ထကာယ်ကြီးပွားရာ ကြီးပွားကြောင်းဖြစ်စေမည့် စနစ်ကိုသာ သုံးမည်ဟုချမှတ်သည်။ ယင်းရည်ရွယ်ချက် အောင်မြင်စေရန်အတွက် အခြေခံစားကုန် စက်မှုလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်နိုင်ကြသည်။ သို့ရာတွင် အစိုးရစီမံကိန်းများနှင့်ကိုက်ညီစေရမည်ဖြစ်သည်။ အစိုးရ၏ စနစ်ဖြင့် မလုပ်နိုင်သည့် လုပ်ငန်းများကိုသာ ကိုယ်ပိုင်စနစ်ဖြင့် လုပ်ကိုင်ခွင့် ပြုမည်ဟုဆိုသည်။

ထိုသို့ခွင့်ပြုရာ၌ ကိုယ်ပိုင်စနစ်နှင့် အစိုးရ၏စီမံကိန်းများ တလွဲတချော်မဖြစ်စေရန် ဆန့်ကျင်ခြင်း မရှိစေရန် ထိန်းသိမ်းသည့် ဥပဒေကို ၁၉၄၇ ခု ဇွန်လတွင် ထုတ်ပြန်ရန် စီမံသည်။ ထိုဥပဒေက စက်မှုလက်မှုပညာ လုပ်ငန်းတိုင်းတွင် မြန်မာပြည်ထောင်စုသားများ၏ အရင်းငွေ၊ မြန်မာပြည် နိုင်ငံသား မန်နေဂျာများနှင့် မြန်မာပြည်နိုင်ငံသား အလုပ်သမားများ များနိုင်သမျှ များအောင်ပါရှိစေရန်နှင့် လုပ်ငန်းများကို မြို့ကြီးများ အနီးအနားတွင်သာ ပြွတ်သိပ်နေပြီး အခြားအရပ်ဒေသများတွင် လုပ်ငန်း မရှိမဖြစ်စေဘဲ မြန်မာပြည် နယ်တိုင်း နယ်ဘိုင်းတွင် လုပ်ငန်းများ တည်ထောင်ရန်ချမှတ်သည်။

အစိုးရ၏ စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်ရာတွင် အိမ်တွင်းလက်မှုပညာလုပ်ငန်းသည် အလွန်အရေးကြီးသည်။ တောင်သူလယ်သမား ဆင်းရဲသားများသည် စပါးရိတ်သိမ်းပြီးမည့်အချိန်မှစ၍ မိုးဦးကျအချိန်အထိ အားလပ်နေကြသည်။ ထိုအချိန်တွင် ရက်ကန်းအတတ် အစရှိသော အိမ်တွင်းလက်မှုပညာလုပ်ငန်းကို အပိုဝင်ငွေရသော လုပ်ငန်းတစ်ခုအဖြစ် လုပ်နိုင်သည်။ ထို့ကြောင့် အစိုးရသည် အိမ်တွင်းလက်မှုပညာလုပ်ငန်း တိုးတက်နိုင်သလောက် မြန်မြန် တိုးတက်စေရန် ၉ ဦးကော်မတီအဖွဲ့ကို ချက်ချင်းဖွဲ့၍ ဆောင်ရွက်ရန် ချမှတ်သည်။ ထို ၉ ဦးကော်မတီတွင် စက်မှုလက်မှု ပညာဘက်ဆိုင်ရာ အစိုးရဌာနများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များအသင်း၊ မြန်မာပြည် စက်မှုလက်မှုပညာ လုပ်ငန်းအဖွဲ့၊ မနေဇေဒ ပါရဂူ စသော ကိုယ်စားလှယ်များပါဝင်ရန် လျာထားသည်။

ထိုသို့ဖွဲ့စည်းမည့် ၉ ဦးကော်မတီ၏ တာဝန်ဝတ္တရားများမှာ ရက်ကန်းချည်ငင်၊ ထီး၊ ကစားစရာ၊ အလှကုန်များ၊ သကြား၊ သားရေ၊ ဆပ်ပြာ၊ အိုးခွက်စသည့် လက်ရှိ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများနှင့် အခြားလုပ်ငန်း အငယ်စားလေးများကို စီမံဖွဲ့စည်းရန်၊ ထို လုပ်ငန်းများအတွက် စက်မှုလက်မှုနှင့်ပတ်သက်သည့် ကိစ္စရပ်များတွင် အကြံပေးခြင်း၊ အမတော်ငွေများ ထုတ်ပေးခြင်းစသည်တို့ကို စဉ်းစားရန်၊ ထွက်ရှိလာသော ကုန်ပစ္စည်းများကို ပြည်တွင်းပြည်ပ ရောင်းချနိုင်ရေးအတွက် ကုန်ပစ္စည်း အရည်အသွေးစိစစ်ပေးရန်၊ မြန်မာ

၁။ ၂ နှစ် စီမံကိန်း၊ စာ ၂၀

နိုင်ငံ၏ သဘာဝပစ္စည်း ကုန်ရိုင်းများကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်၊ စက်မှုလက်မှုပညာ သုတေသနအဖွဲ့နှင့်ပေါင်း၍ အကြံပေးပြီး ဓာတုဗေဒပစ္စည်း၊ နို့ဆီနှင့် အခြားစည်သွတ်လုပ်ငန်းများ၊ ပုံနှိပ်စက်၊ လောကဓာတ်ပညာ ကိရိယာစသော လုပ်ငန်းသစ်များ တီထွင်ရန် စက်မှုလက်မှုဘက်တွင် တတ်ကျွမ်းသောသူများကို စာရင်းကောက်ပြီးလျှင် သင့်လျော်သောနေရာများတွင် နေရာချထားပေးရန်နှင့် ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ပေးရန်နှင့် စက်မှုလက်မှုဘက်၌ တီထွင်သောသူများကို အားပေးရန် စီမံခြင်း စသည်တို့ဖြစ်သည်။

[1] စက်မှုလက်မှု လုပ်ငန်းသစ်များ ထူထောင်မည့် စီမံကိန်းတွင်လည်း လုပ်ငန်းများကို ၂ မျိုးခွဲခြား သတ်မှတ်ထားသည်။ ပထမအမျိုးမှာ မြန်မာနိုင်ငံ၌ အောင်မြင်စွာ လုပ်ကိုင်နိုင်မည်ဟုသိထားသော လုပ်ငန်းများကို ၂ နှစ်အတွင်း ပြီးနိုင်သလောက်ပြီးအောင်လုပ်၍ မပြီးနိုင်သော လုပ်ငန်းများကို ခပ်မြန်မြန်ပြီးစေရန် အခြေတည်ထားရမည့် လုပ်ငန်းများဖြစ်သည်။ ဒုတိယအမျိုးမှာ မြန်မာနိုင်ငံ၌ပြုလုပ်လျှင် အောင်မြင်မည်ဟု ထင်ရသော်လည်း အတိအကျ မသိသေးသဖြင့် မည်ကဲ့သို့ပြုလုပ်လျှင် အောင်မြင်နိုင်သည်ကို ချင့်ချိန်၍ စူးစမ်းလေ့လာရမည့် လုပ်ငန်းများဖြစ်သည်။

ထိုသတ်မှတ်ချက်အတိုင်း ၂ နှစ်အတွင်းပြီးအောင် ဆောင်ရွက်နိုင်မည်ဟု လျာထားသော လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ အုတ်ကြွပ်စက်
၂။ စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်းများ
၃။ ချည်ငင်နှင့် အထည်စက်ရုံ
၄။ သကြားစက်
၅။ အစိုးရပိုင် သစ်စက်
၆။ ကလေးဝ ကျောက်မီးသွေးတွင်းများ
၇။ သံမဏိချက်စက်
၈။ ဆပ်ပြာစက်
၉။ ကျွဲနို့၊ နွားနို့နှင့် နို့ဆီလုပ်ငန်း
၁၀။ ဆန်စက်များ
၁၁။ ကြက်ပေါင်စေးစက်
၁၂။ ပန်းကန်စက်

၁။ ၂ နှစ်စီမံကိန်း၊ စာ ၂၁

ဖော်ပြပါ စက်ရုံများအနက် အုတ်ကြွပ်စက်မှာ ၁၉၄၉ ခုနှစ်တွင် စတင်လည်ပတ်နိုင်ရန် စက်ပစ္စည်း ကိရိယာများကို အမြန်ဆုံးရရှိစေရန် စီစဉ်ရမည်ဟု စီမံကိန်း[၁]က ချမှတ်သည်။ စက်၏စွမ်းအားကို နိုင်ငံခြားမှ နှစ်စဉ်တင်သွင်းရသော အုတ်ကြွပ်တန်ဖိုး၏ သုံးပုံတစ်ပုံနှင့် ညီမျှသော အုတ်ကြွပ်အရေအတွက် သိန်း ၆၀ ထုတ်လုပ်နိုင်ရန် ရည်မှန်းသည်။

စီမံကိန်းဝင် စက်မှုလုပ်ငန်းများတွင် စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းကို အရေးတကြီး ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်သည်။ ဝါးတောများပေါများ၍ စိုင်တင် ရေတံခွန်မှ ရေလျှပ်စစ်ဓာတ်အားရရှိနိုင်မည့် ဇစ်တော့ခရိုင်တွင် စက္ကူနှင့်ဝါးပျော့ဖတ်ထွက်သော စက်တစ်ခုတည်ရန် ရည်မှန်းသည်။ ဝါးထွက်ရှိခြင်း၊ ဒေသသာမူနှင့် စက်ရုံမြေနေရာရွေးချယ်ရေး လုပ်ငန်းများကို ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ကို နောက်ဆုံးထား၍ ပြီးအောင် ဆောင်ရွက်ရန် စိုင်တင်ရေတံခွန်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကို ၁၉၄၈ ခု မေလတွင် စတင်၍ ၁၉၄၉ ခုနှစ် မိုးမကျမီ ပြီးစီးရန် သတ်မှတ်သည်။ ယင်းကာလအတွင်းတွင် စက်ပစ္စည်း များရရှိမှုကိုလေ့လာ၍ ကြိုတင်မှာကြားဝယ်ယူပြီး ၁၉၅၁ ခုနှစ်တွင် ကုန်ပစ္စည်း စတင်ထုတ်လုပ် နိုင်ရန် စီမံကိန်းက ချမှတ်ထားသည်။

စက္ကူစက်နှင့်ပူးတွဲ၍ တစ်နေ့လျှင် ဆာဖြူရစ်အက်စစ်တန် ၃၀ မှ တန် ၅၀ အထိထုတ် လုပ်ခြင်း၊ လောကဓာတ်ပညာနှင့် စနစ်တကျ ဆားချက်ခြင်း၊ ဝါးဖတ်ကြိတ်ရန် ဝါးဖတ် ချွတ်ရန်တို့အတွက် ကောစတစ်ဆိုဒါနှင့် ကလိုရင်း ထုတ်လုပ်ခြင်းတို့ကိုပါ ပူးတွဲဆောင်ရွက် ရန်လည်း စီမံကိန်းက သတ်မှတ်ထားသည်။

ချည်ငင်စက်ရုံတစ်ရုံတည်ဆောက်ရာ၌ ရစ်တိုင် ၂၀၀၀၀ နှင့် ရက်ကန်းစင် ၂၀၀ တပ်ဆင်ရန် ရည်မှန်းသည်။ မြန်မာနိုင်ငံမှ ထွက်သည့် မလိုင်နံပါတ် ၃ ဝါကို အသုံးပြု၍ ပျမ်းမျှခြင်း ၂၄ နံပါတ်ချည်ငင်ပြီး ပိတ်သိုများ ရက်လုပ်မည်ဖြစ်သည်။ ထိုချည်စက်ကို လျင်မြန်နိုင်သမျှ အမြန်တည်ဆောက်ရန် ရည်သန်သဖြင့် စက်ပစ္စည်းများကို ၁၉၄၈ ခုနှစ်အလယ်တွင် ဝယ်ယူ ပြီးဖြစ်ရမည်ဟု ချမှတ်သည်။

စီမံကိန်း ၂ နှစ်ကာလအတွင်း အပြီးတည်ဆောက်ရမည့် စက်ရုံများတွင် သကြားစက် ၂ ခုပါသည်။ ထိုစက်များသည် တစ်နှစ်လျှင် တန်ချိန်စုစုပေါင်း ၂၄၀၀၀ ထွက်နိုင်ရန်လည်း အတိအကျလျာထားသတ်မှတ်ထားသည်။

သစ်တောများ ပေါများ၍ သစ်ရောင်းဝယ်ရေး အလွန်ကောင်းမွန်သော မြန်မာနိုင်ငံ၌ သစ်စက် တည်ဆောက်ရေးသည်လည်း အလွန်အဓိကကျလှသည်။ ထို့ကြောင့် တစ်နှစ်လျှင်

၁။ ၂ နှစ်စီမံကိန်း၊ စာ ၂၂

တန်ချိန် ၃၀၀၀ ထွက်ရှိမည့် အစိုးရပိုင် သစ်စက်တစ်လုံးကို ၁၉၄၇ ခုနှစ်အတွင်း အပြီး တည်ဆောက်ရန် စီးပွားရေးစီမံသိန်းက အတိအကျ ချမှတ်ပေးသည်။

စက်မှုလုပ်ငန်းကြီးငယ်များ တည်ထောင်ရေးသည် သံကျောက်မီးသွေးစသော သယံဇာတပစ္စည်းများပေါ်တွင် များစွာမူတည်သည်။ ကလေးဝကျောက်မီးသွေးတွင်းသည် တစ်နှစ်လျှင် တန်ချိန် ၁၀၀၀ နှုန်းနှင့် နှစ်ပေါင်း ၇၀ ခန့်အထိ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းသည်။ လက်ရှိ တူးဖော်ထားသော နမူနာ ကျောက်မီးသွေးသည် များစွာ မကောင်းသောသော်လည်း နက်နက်တူးပါက ပိုမိုကောင်းမွန်လာမည်ဟု မှန်းဆကြသည်။ ထို့ကြောင့် ကျောက်မီးသွေးတွင်း၏ အောက်လွှာမှ တန်ချိန် ၁၀၀ ကို တူးယူပြီး စမ်းသပ်ရန်စီမံထားသည်။ စမ်းသပ်ချက်အဖြေကို ၁၉၄၇ ခုနှစ် မေလထက် နောက်မကျဘဲ သိရှိရန်နှင့် အောင်မြင်မည်ဆိုပါက ၁၉၄၇ ခုနှစ်အကုန်ခန့်မှစ၍ အစိုးရပိုင် ကလေးဝကျောက်မီးသွေးတွင်းကို ခေတ်မီနည်းစနစ်များဖြင့် တူးယူရန် လျာထားသည်။ ထို့ပြင် ရှမ်းပြည်၊ ရွှေဘို၊ ဟင်္သာတ၊ မြိတ်တို့တွင်ရှိသော ကျောက်မီးသွေးတွင်းများကိုလည်း ၂ နှစ် စီမံကိန်းကာလအတွင်း ရှာဖွေ တူးယူစမ်းသပ်ရန်လည်း လျာထားသည်။

စီးပွားရေး ၂ နှစ်စီမံကိန်းသည် သံမဏိချက်စက်တစ်ခုကို စီမံကိန်းကာလ ၂ နှစ်အတွင်း တည်ထောင်ရန်ချမှတ်သည်။ ထို့ကြောင့် မြန်မာပြည်အနှံ့ အပြားရှိနေသော သံတိုသံစများကို အသုံးပြု၍ သံမဏိထုတ်လုပ်သော စက်ရုံကို ၁၉၄၇ ခုနှစ် ပထမနှစ်ဝက်တွင် တည်ထောင်ရန် သတ်မှတ်သည်။

ဆပ်ပြာသည် မရှိမဖြစ်သော လူသုံးကုန်ပစ္စည်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ဆပ်ပြာစက် တည်ဆောက်ရေးသည် စီးပွားရေးစီမံကိန်းတွင် ချက်ချင်းလုပ်ရမည့် လုပ်ငန်းအဖြစ် ပါလာသည်။ ဆပ်ပြာကို ခေတ်မီနည်းစနစ်ဖြင့် ထုတ်လုပ်နိုင်ရန် ငွေတစ်သိန်းခွဲတန် ရွှေပြေးစက်ရုံ တစ်ရုံတည်ဆောက်မည်ဟု စီမံကိန်းက ချမှတ်သည်။

ကျွဲနို့၊ နွားနို့နှင့် နို့ဆီလုပ်ငန်းကို ခေတ်မီနည်းစနစ်ဖြင့် လုပ်ဆောင်နိုင်ရန် ရွှေပြေး စက်ရုံတစ်ရုံကို ၁၉၄၇ ခုနှစ်အတွင်း ရှမ်းပြည်၌ တည်ထောင်မည်ဟု စီမံကိန်းက လျာထား ထားသည်။ ကျွဲနို့၊ နွားနို့ ဖြင့်ပြုလုပ်သော ပစ္စည်းများကို မြန်မာပြည်အနှံ့အပြား စားသုံးနိုင်ရေးကို အားပေးရန်နှင့် နို့ထွက်ရန် နို့စားကျွဲနွားများကို ခေတ်မီနည်းစနစ်ဖြင့် မွေးမြူရေးကို အားပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။

၁။ ၂ နှစ်စီမံကိန်း၊ စာ ၂၃

မြန်မာနိုင်ငံသည် ဆန်စပါး စိုက်ပျိုးသော နိုင်ငံဖြစ်၏။ မြန်မာ့စီးပွားရေး၏ ပင်မသည် ဆန်စပါးလုပ်ငန်းဖြစ်သည်။ ထို့ကြောင့် စပါးထွက်သလောက် ဆန်များ ပိုမိုကြိတ်ခွဲနိုင်ရန်နှင့် အမျိုးအစားကောင်းသော ဆန်များရရှိစေရန်အတွက် ဆန်စက်များအင်အားကိုကောင်းမွန် တိုးတက်အောင်ပြုလုပ်ရမည်ဟုလည်း စီမံကိန်းက သတ်မှတ်သည်။ စက်ဘီးတာယာများနှင့် ရော်ဘာဖိနပ်များ ထုတ်လုပ်သော ကြက်ပေါင်စေး စက်တစ်လုံးကို စီမံကိန်းကာလအတွင်း တည်ဆောက်ရန်သည်း သတ်နှတ်သည်။

စီမံကိန်း ရေးဆွဲချိန် ၁၉၄၇ ခုနှစ် ဝန်းကျင်က ခေတ်မီစက်ပစ္စည်းများ မစုံလင်သဖြင့် သမိုင်းပန်းကန်စက်သည် အခက်အခဲများ ကြုံနေရသည်။ ထို့ကြောင့် ခေတ်မီစက်ပစ္စည်းများ တပ်ဆင်ပြီး၍ အကျိုးအမြတ်ဖြစ်ထွန်းမည့် အလားအလာများရှိပါက အစိုးရပိုင်အဖြစ် လည်ပတ်ရန် သင့်မသင့် စဉ်းစားရမည်ဟု စီမံကိန်းက သတ်မှတ်သည်။

စီမံကိန်းဝင် ၂ နှစ်ကာလအတွင်း ချက်ချင်းလုပ်ရမည့် စက်မှုလုပ်ငန်း ၁၂ ခုအပြင် ရေရှည်အတွက်လေ့လာ၍ အခြေချရမည့် လုပ်ငန်းများကိုလည်း စီမံကိန်းက ဤသို့ချမှတ်ထားသည်။ မြန်မာနိုင်ငံတွင် တည်ဆောက်ပါက အောင်မြင်မည်ဟု ထင်ရသော်လည်း အတိအကျမလေ့လာရသေးသော လုပ်ငန်းများအနက် အရေးကြီးဆုံးသော လုပ်ငန်းများမှာ ဓာတုဗေဒထုတ်လုပ်သော စက်ရုံများဖြစ်သည်။ ဓာတုဗေဒစက်ရုံများမရှိပါက လိုအပ်သော ဓာတုဗေဒကုန်ကြမ်းများအတွက် ပြည်ပကိုမှီခိုရမည်မှာမလွဲပေ။ ထို့ကြောင့် ၁၉၄၈ ခုနှစ်အတွင်း ဆင်သက်တစ် အမိုးနီးယား[၁]၊ အမိုးနီးယားဆာလ်ဖိတ်[၂]၊ ဆိုဒါအက်ရှ်[၃]၊ နိုက်ထရစ်အက်စစ်[၄] နှင့် အခြားစက်မှုလက်မှုများတွင် အသုံးပြုသော ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံများကို ထူထောင်ရန် စုံစမ်းစစ်ဆေးမှုများ ပြုရမည်။ ထိုသို့ စစ်ဆေးပြီးနောက် ဓာတုဗေဒလုပ်ငန်းများတွင် နောင်အရှည်သဖြင့် ကြီးပွားရန် တိုင်းပြည်၏ ငွေအင်အားနှင့် ကိုက်ညီသော လုပ်ငန်းစီမံကိန်းများချမှတ်ရမည်ဟုလည်း သတ်မှတ်သည်။

ထို့နည်းတူ သုတ်ဆေးနှင့် အရောင်တင်ဆီလုပ်ငန်း၊ အသီးအနှံများမှ ဆီထုတ်လုပ်ရေး လုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းသုံး အရက်ပြန်ထုတ်ယူရေး လုပ်ငန်း၊ တောင်ပေါ်ဒေသများ တွင် သားရေနယ်လုပ်ငန်း၊ ပိုးမွှား ခြင်ယင်သတ်ဆေးနှင့်အခြား ပရဆေးများ၊ ကျော်ပိုးတု

၁။ Synthetic Ammonia

၂။ Ammonia Sulphate

၃။ Soda Ash

၄။ Nitric Acid

လုပ်ငန်း၊ ဖန်မှန်ချက်လုပ်ငန်းများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ရန် စူးစမ်းရမည်ဟုလည်း ၂ နှစ်စီမံကိန်းက အတိအကျ [၁] ချမှတ်ခဲ့သည်။

ထို့ပြင် ကညင်ဆီထုတ်ယူရေးလုပ်ငန်းကို ၃ လအတွင်း အပြီးစုံစမ်းရန် အိမ်သုတ်ဆေး၊ အရောင်တင်ဆီလုပ်ငန်းဖြစ်မြောက်ရန်အတွက် ကညင်ဆီ၊ စိုက်ကောနှင့်အတွက်နှန်းတို့ကို ၃ လအတွင်း အပြီးစုံစမ်း၍ သုတ်ဆေး အရောင်တင်ဆီစက် မည်သို့တည်ထောင်မည်ကို ၆ လအတွင်း အပြီးအပြတ် ဆုံးဖြတ်ရမည်။ ထိုလုပ်ငန်းကို စက်မှုလုပ်ငန်းကြီး၊ သို့မဟုတ် အိမ်တွင်းစက်မှုလုပ်ငန်းအဖြစ် တည်ထောင်ရမည်ကိုလည်း ဆုံးဖြတ်ရမည်ဟု ချမှတ်သည်။

အလားတူပင် နောင်အရှည် လုပ်ငန်းများအဖြစ် ဖန်ထည်၊ မှန်ထည်၊ ကြွေထည်လုပ်ငန်းများအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းနှင့် လောင်စာဆီရရှိရေးကို စုံစမ်းစစ်ဆေးပြီးအစိုးရရေအားလျှပ်စစ် စီမံကိန်း တိုးတက်မှုနှင့် တစ်ပြေးညီဖြစ်စေရန် လျှပ်စစ်မီးသီးနှင့် လျှပ်စစ်ကြွေသီးများထုတ်လုပ်နိုင်ရေးကို စီမံရမည်ဟုလည်း စီမံကိန်းက ချမှတ်သည်။

ဒုတိယကမ္ဘာစစ်အတွင်းက အိန္ဒိယနိုင်ငံမှ ပညာရှင်များကို အင်္ဂလန်သို့ သွားရောက်၍ ခေတ်မီစက်မှုလက်မှုလုပ်ငန်းအမျိုးမျိုး၏ နည်းစနစ်များကို သင်ကြားစေခဲ့သည်။ ထိုနည်းတူ မြန်မာနိုင်ငံမှလည်း ပညာရှင်များကို စေလွှတ်ရေး ဖြစ်နိုင်မဖြစ်နိုင်မည်ကို စုံစမ်းရမည်ဟု စီမံကိန်းက သတ်မှတ်ထားသည်။

နိုင်ငံအတွင်းရှိ သတ္တုရိုင်းများကို နိုင်ငံတွင်းရှိ ပညာ၊ လူ၊ အရင်းအနှီးတို့နှင့် ချင့်ချိန်၍ ၂ နှစ်စီမံကိန်းအတွက် စူးစမ်းရှာဖွေလုပ်ကိုင်ရာမှ နောင်အနာဂတ် စက်မှုလက်မှုလုပ်ငန်းများအတွက် ရှေ့ပြေးစီမံကိန်းကြီးများ မည်သို့ရေးဆွဲရမည်ကို တဖြည်းဖြည်း သိလာမည်။ စက်မှုလက်မှုဆိုင်ရာ သုတေသန အဖွဲ့ကြီး၏ အကြံပေးချက်များကိုလည်း အားကိုးရပေမည်။ ထိုကဲ့သို့ အဘက်ဘက်မှ ပညာများ ပူးပေါင်း၍ အားကြိုးမာန်တက်လုပ်နိုင်ပါက ၂ နှစ်စီမံကိန်းကြီးမပြီးမီပင် နောင်စီမံကိန်းများ မည်ကဲ့သို့ ဆက်လက်လုပ်ရမည်ကိုပါ သိမြင်လာကြမည်ဟုလည်း မျှော်မှန်းထားသည်။

စက်မှုလက်မှုလုပ်ငန်းများ အောင်မြင်စွာ တည်ထောင်နိုင်ရေးအတွက် သုတေသနအဖွဲ့တစ်ခုရှိရန် အထူးလိုအပ်သည်။ ထို့ကြောင့် စက်မှုလက်မှုသုတေသနအဖွဲ့ကြီးကို စီမံကိန်းရေးဆွဲပြီးစီးသည့် ၁၉၄၇ ခုနှစ် ဒီဇင်ဘာလတွင် ဖွဲ့စည်းလျက် ရန်ကုန်တက္ကသိုလ်၊ သို့မဟုတ် ဟာကုတ်ဘတ္တလာအဆောက်အအုံ [၂] တွင် ယာယီလုပ်ကိုင်စေရန် လျာထားသည်။ အဖွဲ့၏လုပ်ငန်းများကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလမှစ၍ ဘတ်ဂျက်တွင် သုံးရန် ရည်မှန်းသည်။ ထို့ပြင်

၁။ ၂ နှစ်စီမံကိန်း၊ စာ ၂၄ - ၂၅

၂။ Harcourt Butler Institute

၁။ Inorganic and Analytical
၂။ Organic (Including Pharmaceuticals)
၃။ Cellulose Department

ဟူ၍ သုံးဌာနခွဲခြားလျက် ခွဲထွင်လုပ်ကိုင်ရန်လည်း ရည်မှန်းသည်။

သုတေသနအဖွဲ့ကြီးသည် လျှော်ပိုးတု[1]၊ ဆင်သက်တစ်မီသနောလ်[2] နှင့် ပိုးမွှားသတ်ဆေးများ မည်သို့ထုတ်လုပ်ရမည်ကို စုံစမ်းစစ်ဆေးရမည်ဖြစ်သည်။ ထို့ပြင် စီမံကိန်းများနှင့် စပ်လျဉ်း၍လည်း အကြံဉာဏ်များပေးရန် တာဝန်ရှိသည်။ ထို့ကြောင့် သုတေသနဌာနကြီးအတွက် လိုအပ်သော ပစ္စည်းကိရိယာများကို ရနိုင်ပါက ဝယ်ယူပြီး အဖွဲ့ကြီး၏လုပ်ငန်းကို မြန်မြန်စတင်နိုင်ရန် သင့်လျော်သော အဆောက်အအုံတွင် နေရာချထားရမည်ဟုလည်း အတိအကျ ချမှတ်ထားသည်။

စီးပွားတိုးတက်ရေး ၂ နှစ်စီမံကိန်းက ချမှတ်သော စက်မှုလက်မှုလုပ်ငန်းများ လျာထားသည့်အတိုင်း အောင်မြင်စေရန် လုပ်ငန်းဆိုင်ရာ အတတ်ပညာရှင်၊ အသိပညာရှင်များ အထူးလိုအပ်သည်။ မြန်မာနိုင်ငံသားများ စက်မှုလက်မှုဘက်တွင် စိတ်ဝင်စားလာစေရန် အရေးကြီးသည်။ နိုင်ငံခြားမှ တတ်ကျွမ်းသူများကို ခေါ်ယူအသုံးပြုသည့်အပြင် တိုင်းရင်းသားများကိုလည်း သက်ဆိုင်ရာပညာများ သင်ကြားပေးရမည်ဖြစ်သည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရန် ပညာတတ် ပညာရှင်အဆင့်ဆင့်နှင့် ကျွမ်းကျင်အလုပ်သမားလုံလောက်စွာ ထုတ်လုပ်ပေးနိုင်မည့် စက်မှုလက်မှု ပညာသင်ကျောင်းများ၊ စက်မှုလက်မှု အတတ်ပေါင်းစုံသင်ကျောင်းများ၊ လက်မှု အတတ်သင်ကျောင်းများ၊ နယ်လှည့် စာသင်ကျောင်းများ၊ ညကျောင်းများကို ရန်ကုန်၊ မန္တလေး၊ စစ်တွေ၊ တောင်ကြီးမြို့များတွင် ၁၉၄၇ ခုနှစ်နှင့် ၁၉၄၈ ခုနှစ်များတွင် ဖွင့်လှစ်မည်ဟု စီမံကိန်းက လျာထား သတ်မှတ်သည်။

စက်မှုလုပ်ငန်းများ ထူထောင်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အား အလုံအလောက် ရရှိရေးအတွက်လည်း စီမံကိန်းတွင် ထည့်သွင်းရေးဆွဲခဲ့သည်။ လျှပ်စစ်ဓာတ်အားပေး လုပ်ငန်းကြီးငယ်များကို မြန်မာပိုင်အဖြစ် လုပ်ဆောင်ရန် ရည်ရွယ်သည်။ ထို့ကြောင့် စီမံကိန်း ရေးဆွဲစဉ်တွင်ပင် လျှပ်စစ်ဓာတ် ထုတ်လုပ်ဝေငှရေး ဥပဒေတစ်ရပ် ရေးဆွဲ၍ ၁၉၄၈ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းရန် ရည်မှန်းသည်။ ဥပဒေအတည်ပြု ပြဋ္ဌာန်းပြီးနောက် လျှပ်စစ် ဘုတ်အဖွဲ့တစ်ခု တည်ထောင်၍ စီမံအုပ်ချုပ်သွားရန် စီမံကိန်းတွင် ချမှတ်ထားသည်။ စီမံကိန်း ရေးဆွဲစဉ်အတွင်း အမျိုးသားပိုင် စီမံကိန်း အထမြောက်စေရန် အစိုးရသည် ယခင်ပုဂ္ဂလိကပိုင် အာအီးတီကုမ္ပဏီကို အမျိုးသားပိုင်ပြုလုပ်ရန် စေ့စပ်ဆွေးနွေးသည်။

၁။ Rayons and Plastics
၂။ Synthetic Methanol

လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ် ဖြန့်ဖြူးနိုင်ရန်၊ ဈေးနှုန်းသက်သာစေရန် နည်းလမ်းရှာကြံရန်လည်း လိုအပ်သည်။ တိုးချဲ့လုပ်ကိုင်နိုင်စေရန် မြန်မာပြည်ရှိ များစွာသော ရေတံခွန်များမှ လျှပ်စစ်ဓာတ်အားကို ရနိုင်သလောက် တိုးချဲ့ထုတ်လုပ်ရမည်ဟု စီမံကိန်းက ချမှတ်သည်။ သို့ဖြစ်၍ ယန်းစလင်းအနီး ဘောဂတချောင်းတွင်စ၍ လျှပ်စစ်စက်ရုံ တည်ဆောက်ရန် ၁၉၄၇ ခုနှစ် ဒီဇင်ဘာလကုန်လောက်တွင် ပထမအဆင့် စုံစမ်းစစ်ဆေးပြီး မိုးတွင်း မိုးရေအားကို ချိန်၍ ဒုတိယအကြိမ် တိုင်းထွာမှုများ ပြုခဲ့သည်။ ထို့နောက် ၁၉၄၈ ခုနှစ် နိုဝင်ဘာလမှ ၁၉၄၉ ခုနှစ် မေလအတွင်း တတိယအကြိမ် စစ်ဆေးခြင်းနှင့် အကြံဉာဏ်များ ရယူခြင်းကို လုပ်ဆောင်ရမည်ဟု စီမံကိန်းက သတ်မှတ်သည်။ အရပ်ရပ် လုပ်ဆောင်ဖွယ်တို့ကို စီစဉ်လုပ်ဆောင်ပြီးစီးပါက ၁၉၄၉ ခုနှစ်မကုန်မီ လုပ်ငန်းစတင်နိုင်မည်ဟုလည်း ရည်မှန်းသည်။

အထက်ပါလုပ်ငန်းများ ဆောင်ရွက်နေစဉ်တွင် စက်မှုထုတ်လုပ်ရေး လုပ်ငန်းအတွက် စစ်တွေခရိုင်ရှိ ဝိုင်တင်ရေတံခွန်မှ ရေအားလျှပ်စစ် ထုတ်ယူရေးကို စုံစမ်းရန်နှင့် ပထမစုံစမ်းရေးကို ၁၉၄၇-၄၈ ခုနှစ်အတွင်း စတင်ဆောင်ရွက်၍ ၁၉၄၈ ခုနှစ်ဦးပိုင်းတွင် စုံစမ်းရေးအပြီးသတ် ဆောင်ရွက်ရမည်ဟုလည်း သတ်မှတ်သည်။ စီမံကိန်း ၂ နှစ်အတွင်း မြန်မာပြည်နယ်ခြားဒေသအသီးသီးရှိ ရေတံခွန်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှု ရှိ မရှိကို စုံစမ်းရန်၊ ဘောမြို့နယ်များ၊ မီးရထားများနှင့် စက်မှုလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အားကို ဈေးပေါပေါနှင့် သုံးနိုင်စေရန် ဆောင်ရွက်ရမည်ဟုလည်း သတ်မှတ်သည်။

ထိုစီစဉ်ချက်များအရ ၁၉၄၈ ခုနှစ်အတွင်း မန္တလေး၊ မော်လမြိုင်၊ မမြို့၊ ပြည်၊ ပဲခူး၊ မြင်းခြံ၊ မိတ္ထီလာ၊ ရွှေဘိုနှင့် တောင်ငူမြို့များ လျှပ်စစ်ဓာတ်အား သုံးစွဲစေနိုင်မည်ဟု ရည်မှန်းသည်။ ထို့အတူ ပုသိမ်၊ ဟင်္သာတ၊ သာယာဝတီ၊ ဒီပေါ၊ လားရှိုး၊ ကျောက်ဆည်၊ မကွေး၊ မအူပင်၊ ရမည်းသင်း၊ ပျဉ်းမနား၊ သရက်၊ ဖျာပုံမြို့များသည် ၁၉၄၉ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားရစေရန် ရည်မှန်းသည်။

လျှပ်စစ်ဓာတ်အားစီမံကိန်း လျာထားချက်များ အောင်မြင်မှသာလျှင် စီမံကိန်းဝင် စက်မှုလက်မှု လုပ်ငန်းများ အချိန်မီ တည်ထောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် စက်မှုလက်မှုထူထောင်ရေး၏ ပုံပိုးကဏ္ဍကြီးတစ်ရပ်ဖြစ်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးကို လျှင်လျှင်ထက်ထက် အကောင်အထည်ဖော်နိုင်စေရန် စက်ကိရိယာများရရှိရေး၊ လျှပ်စစ်အင်ဂျင်နီယာ အတတ်ပညာသင်ကြားပေးရေးတို့ကိုပါ ကြိုးပမ်းလုပ်ဆောင်သွားရန် စီမံကိန်းက စီစဉ်ချမှတ်ထားသည်။[၁]

၁။ ၂ နှစ်စီမံကိန်း။ စာ ၃၂ — ၃၄

စီးပွားရေး ၂ နှစ် စီမံကိန်း၏ စက်မှုကဏ္ဍကို ပံ့ပိုးပေးရမည့်လုပ်ငန်းကြီးများမှာသတ္တုနှင့် သယံဇာတပစ္စည်း ရှာဖွေရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး၊ အလုပ်သမား ရရှိရေးတို့ ဖြစ်ကြသည်။ ၂ နှစ် စီမံကိန်းသည် စစ်ပြီးစ မြန်မာနိုင်ငံကို အဘက်ဘက်မှ ချက်ချင်း ပြန်လည်ထူထောင်ရန် ရည်မှန်းသည်သာမက ရေရှည်လုပ်ဆောင်သွားရမည့် နိုင်ငံထူထောင်ရေး၊ တိုးတက်ကြီးပွားရေး လုပ်ငန်းများကိုပါ မျှော်မှန်းချမှတ်ထားသည်။ မြန်မာပြည်တွင် ဆိုရှယ်လစ်စနစ်အရ စီးပွားရေး အဆောက်အအုံကို တည်ဆောက်မည်ဖြစ်၍ အလုပ်ရှင်နှင့် အလုပ်သမား မသင့်မတင့် ကမောက်ကမ ဖြစ်ရခြင်း အကြောင်းရင်းများကို စီမံကိန်းကာလအတွင်းကပင် စီစဉ်လုပ်ဆောင် ရှင်းလင်းသွားရန်ရည်မှန်း၍ အလုပ်သမားရေးရာကို စီမံကိန်းတွင် ထည့်သွင်းရေးဆွဲထားသည်။[၁]

စက်မှုလုပ်ငန်းများ ကြီးထွားအောင်မြင်ရေးအတွက် သတ္တုနှင့် သယံဇာတပစ္စည်းများ ရှာဖွေရေးကိုလည်း ဘူမိဗေဒဌာန၊ သတ္တုတွင်းဌာနများဖွင့်လှစ်၍ လိုအပ်သည်တို့ကို လုပ်ဆောင်ရန် စီမံကိန်းက တိတိကျကျ ချမှတ်ပေးသည်။[၂] အလားတူပင် လမ်းပန်းဆက်သွယ်ရေးတွင် စစ်အတွင်းက ပျက်စီးသွားသောတံတား ၁၉၉ ခုနှင့် မီးရထားလမ်းများ၊ မီးရထားတွဲများကို အလျင်အမြန် ကြိုးပမ်းပြင်ဆင်ရန်နှင့် ရခိုင်ပြည်နယ်၊ကချင်ပြည်နယ်၊ ချင်းတောင်တို့တွင် လမ်းများဖောက်လုပ်ရန်ညွှန်ပြထားသည်။ ထို့ပြင် စီမံကိန်း ၂ နှစ်အတွင်း ပြည်နှင့်တောင်ကုတ် တောင်ကြားကိုဖြတ်၍ သံတွဲသို့လမ်း၊ ဝေါ-စစ်တောင်းလမ်း၊ မင်းဘူးမှ အမ်းတောင်ကြားကိုဖြတ်၍ ရခိုင်သို့ လမ်းများကို မြန်နိုင်သမျှမြန်အောင် ဖောက်ရမည်ဟုလည်း ချမှတ်ထားသည်။ သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများတွင် တိုင်းရင်းသားများကို အစားသွင်း ဆောင်ရွက်လုပ်ကိုင်သွားရန်လည်း ညွှန်ကြားထားသည်။[၃]

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း၏ လမ်းညွှန်ချက်ကိုခံယူ၍ ရေးဆွဲသော မြန်မာနိုင်ငံ စီးပွားတိုးတက်ရေး ၂ နှစ် စီမံကိန်းသည် စစ်အတွင်း ပျက်စီးသွားသော မြန်မာနိုင်ငံကို အဘက်ဘက်မှ ပြန်လည်ထူထောင်ရန်၊ စက်မှုလယ်ယာကို အစပျိုးရန်နှင့် စက်မှုလက်မှု လုပ်ငန်းများကို လျင်လျင်ထက်ထက် တည်ဆောက်ရန် ရည်မှန်းခဲ့သည်။ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံ၏ ပထမဆုံး ချမှတ်သော စီးပွားရေးစီမံကိန်းတစ်ခုလည်း ဖြစ်သည်။ စီမံကိန်းဝင် လုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ တိုင်းပြည်အတွက် တကယ်အကျိုးဖြစ်ထွန်းစေမည့် စနစ်ကိုသုံးရန်၊ ကိုယ်ကျိုးကိုသာ ကြည့်တတ်၍ အမြတ်ကြီးစားမှု

၁။ ၂ နှစ်စီမံကိန်း၊ စာ ၃၅—၃၈

၂။ ၂ နှစ်စီမံကိန်း၊ စာ ၄၃—၄၇

၃။ ၂ နှစ်စီမံကိန်း၊ စာ ၃၉—၄၀

ကိုသာ သွားသန့်သော ဓနရှင်ဝါဒကို လုံးဝစွက်ဖက်ပါဝင်ခြင်း မရှိစေရန်နှင့် ဖြစ်နိုင်သမျှ အမျိုးသားပိုင်လုပ်ငန်း၊ အစိုးရပိုင်လုပ်ငန်းများအဖြစ် ထူထောင်ရန်ဟူသော မူဝါဒကို ပေါ်လွင်စွာချမှတ်သည်။

ချက်ချင်းလိုအပ်သော စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရေးကို ဦးစားပေး ချမှတ်သည်နှင့် လိုက်လျောညီထွေရှိစေရန် စက်မှုလုပ်ငန်းကို ပံ့ပိုးပေးမည့် သတ္တုနှင့် သယံဇာတပစ္စည်း ရှာဖွေရေး၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အလုပ်သမားရရှိရေး၊ စက်မှုလုပ်ငန်းဆိုင်ရာ အတတ်ပညာ သင်ကြားပေးရေးတို့ကိုပါ ထည့်သွင်း၍ စီမံကိန်း ရေးဆွဲထားသည်။ စီမံကိန်းကာလကို ၁၉၄၇-၄၉ ခုမှ ၁၉၄၉-၅၀ ဟု သတ်မှတ်သဖြင့် စီမံကိန်းကာလအတွင်း လုပ်ငန်းများ အချိန်မီ ပြီးမြောက်စေရန် သက်ဆိုင်ရာဌာနအသီးသီး၊ အဖွဲ့အသီးသီးတို့သည် ၁၉၄၇ ခုနှစ် လွတ်လပ်ရေးရသည်မှစ၍ အားကြိုးမာန်တက် စတင်ဆောင်ရွက်ကြလေသည်။

အခန်း ၂

စက်မှုလုပ်ငန်း ထူထောင်ရေး ကြိုးပမ်းချက်များ

စီးပွားရေး ၂ နှစ် စီမံကိန်းအကောင်အထည်ဖော်မှု

မြန်မာနိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေး ၂ နှစ် စီမံကိန်းကို သတ်မှတ်ထားသော စီမံကိန်း ကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ၁၉၄၇ ခု မေလတွင် အမျိုးသား စီမံကိန်းဘုတ်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းသည်။ ဝန်ကြီးချုပ်ကိုယ်တိုင် အမျိုးသား စီမံကိန်း ဌာနနှင့် ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌရာထူးကို ပူးတွဲတာဝန်ယူသည်။ စီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ကဏ္ဍအားလုံးတစ်ပြိုင်တည်းလုပ်ဆောင်နိုင်ရန်နှင့် ပြည်သူလူထု၏ လိုအပ်ချက် များကို ပြေလည်စွာဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်သည်။ ထို့ကြောင့် အဖွဲ့ဝင်များတွင် အစိုးရ အဖွဲ့ဝင်မဟုတ်သူများကိုလည်း ထည့်သွင်းထားသည်။

ပြန်လည်ဖွဲ့စည်းသော အမျိုးသားစီမံကိန်းအဖွဲ့တွင် ဝန်ကြီးချုပ်သည် ဥက္ကဋ္ဌဖြစ်၏။ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီး၊ စီးပွားရေးထောက် ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး၊ သတ္တုတွင်းနှင့် စက်မှုလက်မှုဝန်ကြီး၊ စီမံကိန်းနှင့် စီးပွားရေးအကြံပေးပုဂ္ဂိုလ်များ၊ အမျိုးသားစီမံကိန်းဌာနအတွင်းဝန်၊ ကချင်၊ ကရင်၊ ကရင်နီ၊ ချင်း၊ ရှမ်းပြည်နယ်များမှ ကိုယ်စားလှယ်များနှင့် အစိုးရ အရာရှိမဟုတ်သူ လေးဦးတို့မှာ အဖွဲ့ဝင်များဖြစ်ကြသည်။

အမျိုးသား စီမံကိန်းဘုတ်အဖွဲ့ကို ထိုသို့ပြန်လည်ဖွဲ့စည်းခဲ့သော်လည်း အဖွဲ့၏ အနေ အထား ကျယ်ပြန့်လွန်းခြင်းနှင့် မငြိမ်သက်သော တိုင်းပြည်အခြေအနေတို့ကြောင့် လုပ်ငန်း တွင်ကျယ်ခြင်းမရှိဘဲဖြစ်နေခဲ့သည်။ ထို့ကြောင့် သက်ဝင်လှုပ်ရှားမှု နည်းနေသော အမျိုးသား စီမံကိန်း ဘုတ်အဖွဲ့၏ တာဝန်များကို လွှဲပြောင်းယူရန် စီးပွားရေးအဖွဲ့[၁]ကို ဖွဲ့ပြန်သည်။ စီးပွားရေးအဖွဲ့၏ ဥက္ကဋ္ဌမှာ စက်မှုလက်မှုနှင့် စီးပွားရေးဝန်ကြီး ဦးကျော်မြင့် ဖြစ်သည်။ အဖွဲ့ဝင်များမှာ ဝန်ကြီး ဦးကျော်ငြိမ်း၊ ဝန်ကြီး ဆမားဒူးဝါးဆင်ဝါးနော်၊ ဟသ်ာတ ဦးမြ၊ ဒေါက်တာ ဦးဆက်၊ မစ္စတာ ဂျေအက်ဖ်ဒါနီဗယ်၊ ဦးကြာဘူး၊ လူထု ဦးလှနှင့် ဗိုလ်လှအေးတို့ ဖြစ်ကြသည်။[၂]

၁။ Economic Council

၂။ U Thet Tun: *Burma Experience in Economic Planning*, p. 11

ထိုခေါ်က နိုင်ငံတော်၏ စီးပွားရေးသည် အစိုးရိမ်ရဆုံးဟု ဆိုရလောက်သော အခြေအနေသို့ရောက်ရှိနေသည်။ နိုင်ငံတွင်းထွက်ကုန်မှာ စစ်မဖြစ်မီကအောက်တစ်ဝက်မက လျော့နည်းနေသည်။ နိုင်ငံခြား ပို့ကုန်မှာလည်း ရှေးက ပမာဏ၏ ငါးပုံတစ်ပုံမျှလောက်သာရှိသည်။ တိုးတက်များပြားလာသော လူဦးရေကလည်း ရှေးကထက် အဘက်တန်းကျကျ နေထိုင်စားသောက်ရန်ကြိုးပမ်းလျက်ရှိကြသည်။

နိုင်ငံတော်ကုန်ထုတ်လုပ်ငန်းအဘွက် နည်းနေခြင်း၊ လုပ်ငန်းကြီးများ ပြန်လည်ထူထောင်ရာ၌ နှေးကွေးခြင်းတို့ကြောင့် အလုပ်လက်မဲ့ပြဿနာပေါ် ပေါက်လာသည်။ နိုင်ငံခြားငွေအဝင်နည်းကာ အထွက်များနေခြင်း၊ လုပ်ငန်းများတွင် အုပ်ချုပ်စီမံရန် ကျွမ်းကျင်သူများနည်းနေခြင်း၊ ငွေပင်ငွေရင်းနည်းနေခြင်းတို့ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းသစ်များ တည်ထောင်ရေးများ နှေးကွေးလျက်ရှိနေသည်။ ထို့ကြောင့် စီမံကိန်းက ချမှတ်ထားသော စက်မှုလုပ်ငန်းများ လျင်လျင်ထက်ထက် အကောင်အထည်ဖော်နိုင်ရန် စက်မှုလက်မှုလုပ်ငန်း တိုးတက်ရေးကော်မတီ[၁] ကို ၁၉၄၇ ခုနှစ်တွင် ဖွဲ့စည်းသည်။ ထိုကော်မတီက စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရာတွင် တိကျသော စက်မှု မူဝါဒတစ်ရပ်ချမှတ်ရန် လိုအပ်ကြောင်းသိမြင်သဖြင့် အကြိမ်ကြိမ် ဆွေးနွေးကြပြီးနောက် စက်မှုလက်မှုလုပ်ငန်းအတွက် ထားအပ်သောမူဝါဒအစီရင်ခံစာကို ၁၉၄၇ ခု ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် စီးပွားရေး အဖွဲ့သို့ တင်သွင်းသည်။ ထိုအစီရင်ခံစာကို စီးပွားရေးအဖွဲ့က ၁၉၄၈ ခု ဖေဖော်ဝါရီလနှင့် မတ်လအတွင်း စဉ်းစားကာ အစီရင်ခံစာနှင့်တကွ အဖွဲ့၏ဆုံးဖြတ်ချက်ကို ၁၉၄၈ ခု စက်တင်ဘာလ ၂၈ ရက်နေ့တွင် ပါလီမန်သို့ တင်သွင်းခဲ့သည်။[၂]

စီးပွားရေးအဖွဲ့က တင်သွင်းသော စက်မှုလက်မှုလုပ်ငန်းဝါဒတွင် နိုင်ငံပိုင် သို့မဟုတ် အစိုးရတစ်ဦးတည်းပိုင်လုပ်ရမည့် လုပ်ငန်းများ၊ ပုဂ္ဂလိကပိုင်စက်မှုလုပ်ငန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလက်ခံရေးဘို့ကို ဖော်ပြထားသည်။

(က) အနုမြူအင်အားထုတ်လုပ်ရေး၊ လက်နက်ခဲယမ်းမီးကျောက်ပြုလုပ်ခြင်းနှင့် စစ်ရေးစစ်ရာကာကွယ်ရေးနှင့် သက်ဆိုင်သော လုပ်ငန်းများအားလုံးကို နိုင်ငံတော်အစိုးရလုပ်ငန်း သို့မဟုတ် အစိုးရသာလုပ်ပိုင်ခွင့်ရှိသော လုပ်ငန်းအဖြစ်သတ်မှတ်ထားသည်။ အစိုးရကသာ လုပ်ပိုင်ခွင့်ရှိသောလုပ်ငန်းများအဖြစ်ဖြင့် သာမန်အားဖြင့် သတ်မှတ်၍ တာဝန်ယူလုပ်ဆောင်မည့်လုပ်ငန်းများမှာ မီးရထားပို့ဆောင်ရေးနှင့် ရထားစက်ခေါင်းလုပ်ငန်း၊ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်း၊

၁။ Industrial Development Committee

၂။ စက်မှုလက်မှုလုပ်ငန်းဝါဒနှင့် ပတ်သက်၍ နိုင်ငံတော် စီးပွားရေး အဖွဲ့၏ ဆုံးဖြတ်ချက်နှင့် စက်မှုလက်မှုလုပ်ငန်းတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာ၊ စာ ၁—၆

ရေအားဖြင့်လည်းကောင်း၊ အပူဓာတ်အားဖြင့်လည်းကောင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်း၊ စီးပွားဖြစ် ရေဒီယိုအသံလွှင့်လုပ်ငန်း၊ ဆာလ်ဖျူရစ်အက်ဆစ်လုပ်ငန်း၊ သံနှင့် သံမဏိလုပ်ငန်း၊ ကျောက်မီးသွေးတွင်းတူးခြင်းလုပ်ငန်း၊ ပျော့ဖတ်နှင့် စက္ကူလုပ်ငန်း တစ်နှစ်လျှင် တန်ချိန်သုံးသောင်းကျော်ထွက်သော သကြားစက်လုပ်ငန်း၊ ကျွန်းသစ်ထုတ်ခြင်း၊ စက်ဖြင့်ခွဲခြင်းလုပ်ငန်းတို့ဖြစ်သည်။ ထိုလုပ်ငန်းများကို နိုင်ငံတော်အစိုးရက ပိုင်ပိုင်နိုင်နိုင် မလုပ်ဆောင်နိုင်သေးမီအချိန်အတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များ အားကိုယ်တိုင်ဖြစ်စေ၊ အစိုးရနှင့် ပူးပေါင်း၍ဖြစ်စေ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်သည်။[၁]

ဖော်ပြပါ လုပ်ငန်းများမှအပ ကျန်လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပြုမည်ဟု သတ်မှတ်ထားသည်။

စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရန်လိုအပ်သော နိုင်ငံခြားငွေပင်ငွေရင်းကို လုပ်ငန်းရှင်ကပင်ရှာရန်၊ စက်များ၊ စက်ကိရိယာပစ္စည်းများဝယ်ရန် လိုအပ်သောငွေကိုမူ နိုင်ငံတွင်းမှ ထုတ်ယူခွင့်ပြုရန်၊ အလုပ်ကြမ်းသမားများကို ပြည်ပမှ ခေါ်ယူခြင်းမပြုစေရန် စသည်တို့ကို အကြံပေးထားသည်။ ထို့ပြင် အချို့သင့်လျော်သောလုပ်ငန်းများတွင် နိုင်ငံခြားမှ ယှဉ်ပြိုင်လာခြင်းကို ကာကွယ်ပေးရန်၊ နိုင်ငံပိုင်ပြုလုပ်မည်မဟုတ်ကြောင်း အချိန်ကာလသတ်မှတ်၍ အာမခံချက် ပေးရန်လိုအပ်ကြောင်းများလည်း တင်ပြထားသည်။[၂]

စက်မှုလက်မှုလုပ်ငန်းတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာတွင် ပြည်တွင်း၌ ထုတ်နိုင်သော ကုန်ပစ္စည်းမျိုးကို ပြည်ပမှတင်သွင်းခြင်း တတ်နိုင်သမျှ ရှောင်ရှားရန်သင့်ကြောင်း တင်ပြထားသည်။[၃] အတိအကျအားဖြင့် ရက်လုပ်သော အထည်အဝတ် တင်သွင်းခြင်းကို လုံးဝကန့်သတ်ရန်၊ ဆေးရွက်၊ ကော်ဖီ၊ လက်ဖက်ခြောက်၊ ဆပ်ပြာ၊ စက္ကူ၊ မြေထည်၊ သကြား၊ ရေခဲမုန့်၊ အဖျော်ယမကာ၊ ဖိနပ်စသော ကုန်ပစ္စည်းများကိုမူ လျော့ရန်နှင့် စစ်သုံး၊ စက်သုံး၊ ဆေးသုံးမှလွဲ၍ တင်သွင်းမှု ကန့်သတ်ရန် အကြံပေးသည်။ ရက်ကန်းလုပ်ငန်း၊ ဆပ်ပြာလုပ်ငန်း၊ သားရေနယ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်း၊ ထီးလုပ်ငန်း စသည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် ချည်ခင်၊ ကော့စတစ်ဆိုဒါ၊ ဓာတ်ဆေး၊ အရောင်တင်ဆီ၊ ထီးကိုင်း စသော ကုန်ကြမ်းများကို ပြည်ပမှဝယ်ယူရာ၌လည်း မြန်မာ့ဆန်ကိုဝယ်သော နိုင်ငံများမှ ရနိုင်အောင် စီစဉ်သင့်ကြောင်းလည်း အကြံပေးထားသည်။[၄]

၁။ စက်မှုလက်မှုလုပ်ငန်းမူဝါဒ၊ စာ ၁-၂

၂။ စက်မှုလက်မှုလုပ်ငန်းမူဝါဒ၊ စာ၊ ၂-၃

၃။ စက်မှုလက်မှုလုပ်ငန်းမူဝါဒ၊ စာ ၆

၄။ စက်မှုလက်မှုလုပ်ငန်းမူဝါဒ၊ စာ ၁၁

စီးပွားရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် စက်မှုလက်မှုတိုးတက်ရေးကော်မတီ အစီရင်ခံစာ[1] ပေါ်တွင်မူတည်၍ စဉ်းစားဆုံးဖြတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ထိုဆုံးဖြတ်ချက်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွားရေး ၂ နှစ် စီမံကိန်းကာလ စက်မှုလက်မှု လုပ်ငန်းမူဝါဒ[2] ဖြစ်လေသည်။ စီးပွားရေးအဖွဲ့သည် ထိုမူဝါဒကိုလက်ကိုင်ပြု၍ ၂ နှစ် စီမံကိန်းကချမှတ်ထားသောစက်မှုလက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့ပေသည်။

စီးပွားတိုးတက်ရေး ၂ နှစ် စီမံကိန်းကာလအတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးတွင် ထုတ်လုပ်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်း၊ ပြည်တွင်းကုန်သွယ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း ဟူ၍ ကဏ္ဍကြီး ငါးရပ်ရှိနေသည်။ ထုတ်လုပ်မှုလုပ်ငန်းတွင် အဓိက ထုတ်ကုန်ဖြစ်သော ဆန်၊ သစ်၊ ရေနံနှင့် ခေတ်သတ္တုတို့ပါဝင်သည်။ ဆန်စပါး ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းကျော်မှာ ချစ်တီး၊ တရုတ်နှင့် အိန္ဒိယသား အရင်းရှင်တို့လက်ထဲတွင်ရှိသည်။ ဆန်စက်အများစုကို ထိုအရင်းရှင်များကပိုင်ဆိုင်သည်။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးမှ ရရှိသောအကျိုးအမြတ်များသည် စတီးဘရားသားနှင့် ဘိတ်ဘိတ်စီအယ်လ် တို့လက်သို့ရောက်၍ သစ်ထုတ်လုပ်ရေး၊ ရေနံထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေးတို့မှရရှိသော အကျိုးအမြတ်များလည်း ဘိတ်ဘိတ်စီအယ်သ်၊ ဖူးကား၊ မက္ကရေးဂါး၊ ဘိအိုစီစသော နိုင်ငံခြားသား အရင်းရှင်ကြီးများ လက်သို့သာရောက်ရှိသည်။ ပြည်တွင်းရေကြောင်းသွားလာရေး လုပ်ငန်းမှရရှိသော အကျိုးအမြတ်များမှာလည်း ဧရာဝတီ ဖလိုတီလာကုမ္ပဏီနှင့် အာရကန်ဖလိုတီလာကုမ္ပဏီတို့လက်တွင်းသို့သာရောက်သည်။ ပြည်တွင်းကုန်သွယ်မှုသည် တရုတ်နှင့်ကုလားအရင်းရှင်များလက်တွင်းတွင် ရှိသည်။ ထို့နည်းတူ ဘဏ်လုပ်ငန်းသည် နိုင်ငံခြား အရင်းရှင်ကြီးများလက်ထဲတွင်ရှိနေသည်။[3]

ထို့ကြောင့် နိုင်ငံတော် ပြန်လည်ထူထောင်ရေးကို ရှေးရှု၍ အစိုးရသည် ဧရာဝတီဖလိုတီလာကုမ္ပဏီကိုလည်းကောင်း၊ ယခင်နှစ်ရှည်အငှားစာချုပ်ဖြင့် အငှားချ ထားသော မြန်မာ့သစ်တောဧရိယာ၏သုံးပုံတစ်ပုံကိုလည်းကောင်း ၁၉၄၈ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ပြည်သူပိုင်ပြုလုပ်လိုက်သည်။ ဤတွင် မက္ကရေးဂါးနှင့် ဖူးကားသစ်စက်များသည် အမျိုးသားပိုင် ဖြစ်လာသည်။ လုပ်ငန်းများကို နိုင်ငံတော် သစ်ထုတ်လုပ်ငန်း လက်အောက်သို့ သွတ်သွင်း၍ ဆက်လက် လုပ်ဆောင်သည်။

စီးပွားတိုးတက်ရေး ၂ နှစ် စီမံကိန်းတွင် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များကို အားပေး၍ အသေးစား စက်မှုလက်မှုလုပ်ငန်းများပေါ်ထွန်းလာရေးကို ဆောင်ရွက်ရန် ချမှတ်

၁။ "The Industrial Policy of the Union of Burma," *Burma's Freedom The Second Anniversary*, 1950, p. 113--118

၂။ *Burma, Fourth Anniversary* 1952. p-6

၃။ ပြည်ထောင်စု မြန်မာနိုင်ငံတော် ပထမနှစ်ပတ်လည်စာစောင်၊ စာ ၁၃-၁၄

ထားသည်။ ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို မြေတောင်မြှောက်ပေးခြင်းဖြင့် အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းနိုင်မည်၊ စက်မှုလက်မှုလုပ်ငန်းကြီးများအတွက် ကျွမ်းကျင်လုပ်သားများ ရရှိလာမည်၊ စက်မှုလက်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေ တိုးပွား၍ တစ်ဦးကျ ကုန်ထုတ်လုပ်မှုနှုန်း တိုးမြင့်လာမည်ဟု အစိုးရကမျှော်မှန်းသည်။

ထို့ကြောင့် ၁၉၄၈ ခုမှ ၁၉၅၀ ခု စီမံကိန်းကာလအတွင်း စက်မှုလက်မှုညွှန်ကြားရေးဝန်ဌာနကိုပြန်လည်ဖွဲ့စည်းသည်။ စက်မှုလက်မှုဝန်ဌာနနှင့် အိမ်တွင်းလက်မှုဝန်ဌာနတို့ကို ညွှန်ကြားရေးဝန်ဌာနအောက်တွင်ထားကာ ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများကို ညွှန်ကြားကြီးကြပ်စေသည်။[၁] လုပ်ငန်းများအလိုက် စက်မှုလက်မှုချေးငွေများ၊ အမတော်ကြေးများ ထုတ်ပေးခြင်းဖြင့် စီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။ ၁၉၄၈ ခုမှ ၁၉၅၀ ခုနှစ်အတွင်း စက်မှုချေးငွေရရှိခဲ့သော ပုဂ္ဂလိကစက်မှုလက်မှု လုပ်ငန်းများမှာ ထီးလုပ်ငန်း ၃၃၊ အိုးလုပ်ငန်း ၂၅၊ ဒန်သတ္တုပစ္စည်းလုပ်ငန်း ၁၊ စက်ရက်ကန်းလုပ်ငန်း ၆၊ ဖောင်းကြွတံဆိပ်လုပ်ငန်း ၁၊ ဖလက်(ရှ်)လိုက်ပေါင်ဒါလုပ်ငန်း ၂၊ ကလေးစက်ဘီးလုပ်ငန်း ၂။ မင်းတုပ်ပတ္တာလုပ်ငန်း ၃ တို့ဖြစ်သည်။ စုစုပေါင်း စက်မှုလက်မှုလုပ်ငန်း ၇၃ ခုရှိသည်။ ထိုလုပ်ငန်းများကို အစိုးရက ချေးငွေ ကျပ် ၉၉၀၀၀ ထုတ်ချေးသည်။ ထိုနှစ်များအတွင်းက လက်ရက်ကန်းစင်ပေါင်း နှစ်ထောင်ခန့်ကိုလည်း ရက်ကန်း အမတော်ကြေး ကျပ် ၂၉၃၉၇၆ ထုတ်ပေးခဲ့သည်။ ၁၉၅၀-၅၁ ခုနှစ်တွင် ဆပ်ပြာလုပ်ငန်းတစ်ခုအပါအဝင် စက်မှုလက်မှုလုပ်ငန်းသစ်ပေါင်း ၃၉ ခုတိုးလာသည်။ ထိုလုပ်ငန်းသစ်များသို့ စက်မှုချေးငွေကျပ် ၆၃၄၆၂ ထုတ်ပေးသည်။ ထိုနှစ်က ရက်ကန်း အမတော်ကြေး ထုတ်ပေးငွေ ကျပ် ၅၀၀၀၀၀ ရှိသည်။[၂] စက်မှုချေးငွေနှင့် ရက်ကန်းအမတော်ကြေးများကို နှစ်စဉ်ဆက်လက်ထုတ်ပေးခြင်းဖြင့် နိုင်ငံအတွင်း ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ ပေါ်ထွန်းလာရေးကို အားပေးကာ ၂ နှစ်စီမံကိန်းမှချမှတ်ချက်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းသည်။

စက်မှုလက်မှုညွှန်ကြားရေးဝန်ဌာနသည် နိုင်ငံတွင်း စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို ရွေးရှု၍အစိုးရစက်မှုလုပ်ငန်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဟု မခွဲခြားဘဲ လုပ်ငန်းသစ်များတည်ထောင်ခြင်းကိုလည်းကောင်း၊ လက်ရှိလုပ်ငန်းများအတွက် ကုန်ကြမ်းများ၊ စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများဝယ်ယူရန် သွင်းကုန်လိုင်စင်ရရှိရေးကိုလည်းကောင်း ကူညီသည်။ ထို့အပြင် ကုန်ချော ရောင်းချရေးနှင့် စက်မှုရေးရာတို့တွင် အကြံပေးညွှန်ပြခြင်း၊ ကုန်ထုတ်စရိတ်တွက်ချက်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးသည်။[၃]

၁။ စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်၊ အတွဲ ၇၊ စာ ၇

၂။ စက်မှုလက်မှု ညွှန်ကြားရေးဌာန အစီရင်ခံစာ (၁၉၅၉-၆၀)၊ စာ ၃၇

၃။ စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်၊ အတွဲ ၇၊ စာ ၇

ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို စက်မှုချေးငွေထုတ်ပေးရာ၌ အသေးစား စက်မှုလုပ်ငန်းနှင့် အိမ်တွင်းလက်မှုလုပ်ငန်းဟူ၍ခွဲခြားထားသည်။ အသေးစားစက်မှုလုပ်ငန်းသည် စက်စွမ်းအား ကို အသုံးပြုပြီး အခကြေးငွေဖြင့် ငှားရမ်းထားသည့် အလုပ်သမား အနည်းဆုံး ၂၀ ခန့်ထား၍ လုပ်ကိုင်သောလုပ်ငန်းဖြစ်သည်။ စက်စွမ်းအားကို အသုံးမပြုပါက အလုပ်သမား အနည်းဆုံး ၅၀ ရှိရမည်။ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းမှာ မိသားစုဖြင့် လုပ်ကိုင်သော လုပ်ငန်းဖြစ်သည်။ ဤသတ်မှတ်ချက်သည် ကိုလိုနီခေတ် ၁၉၃၄ ခုနှစ်က ပြဋ္ဌာန်းသော စက်ရုံအက်ဥပဒေ[1] အရ သတ်မှတ်ခြင်းဖြစ်သည်။ စက်မှုချေးငွေထုတ်ပေးရာ၌လည်း ကိုလိုနီခေတ် ၁၉၃၉ ခုနှစ်က ပြဋ္ဌာန်းသော စက်မှုလက်မှုချေးငွေအက်ဥပဒေ[2] ကို လက်ကိုင်ပြုလေသည်။

စီးပွားရေး ၂ နှစ်စီမံကိန်း စက်မှုကဏ္ဍတွင် ချမှတ်ထားသော စက်မှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားကို ဈေးနှုန်းချိုသာစွာနှင့် ပေါပေါများများရရှိရေးကိုလည်းထည့်သွင်းရေးဆွဲခဲ့သည်။ ထို့ကြောင့် လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားပေးရေး အက်ဥပဒေကိုပြဋ္ဌာန်း၍ အစိုးရ လျှပ်စစ်ဓာတ်အားပေးရေးဌာနကို တည်ထောင်သည်။ သို့သော် စီမံကိန်းက လျာထား သတ်မှတ်သော လျှပ်စစ်ဓာတ်အားပေးရေး ဘုတ်အဖွဲ့ကိုမူ စီမံကိန်းကာလလွန်ပြီး နောက် ၁၉၅၁ ခုနှစ်တင်မှ ဖွဲ့စည်းနိုင်ခဲ့သည်။

စီမံကိန်းကာလအတွင်းက လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းကို ပုဂ္ဂလိကပိုင် ကုမ္ပဏီ များက လုပ်ဆောင်လျက်ရှိသည်။ ထို့ကြောင့် ၁၉၄၈ ခုမှ ၁၉၅၁ ခုနှစ်အတွင်း ပုဂ္ဂလိကပိုင် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းပေါင်း ၅၁ ခုကို ပြည်သူပိုင်ပြုလုပ်ခဲ့သည်။ အကြီးဆုံး ဖြစ်သော အာရ်အီးတီကုမ္ပဏီ[3] ကိုမူ ၁၉၅၃ ခု အောက်တိုဘာလ ၁ ရက်နေ့တွင်မှ ပြည်သူပိုင် သိမ်းယူနိုင်ခဲ့သည်။[4]

ရေအားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံမှုအဖွဲ့သည်လည်း စီမံကိန်းက ချမှတ်ထားသော လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ခြင်း မရှိချေ။ နိုင်ငံအတွင်း နေရာအနှံ့အပြားတွင် ရှိသော ရေတံခွန်များကို ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် စုံစမ်းမှုများ ပြုလုပ်နိုင်ခြင်းမရှိချေ။ စစ်တွေခရိုင်စိုင်တင် ရေတံခွန်စီမံကိန်း၏ ပဏာမလေ့လာမှုများသည်

၁။ Factories Act (Act XXV of 1934) in Burma.

၂။ Rule Framed under Section 42 of the State Aid to Industries Act, Burma Act XXIII of 1939.

၃။ R.E.T. & S. Co. Rangoon Electric Tramway & Supply Company.

၄။ စက်မှုဝန်ကြီးဌာနသမိုင်း အကျဉ်းချုပ်၊ အတွဲ ၇၊ စာ ၁၀

၁၉၄၈ ခုနှစ် နောက်ပိုင်းတွင် ရပ်ဆိုင်းသွားသည်။ ထို့ကြောင့် စိုင်တင်ရေတံခွန် ရေအား လျှပ်စစ်ဓာတ်ကို အသုံးပြု၍ လည်ပတ်မည့် စက္ကူစက်၊ ပျော့ဖတ်စက်၊ ဆာလဖျူရစ်အက်ဆစ်စသည့် လုပ်ငန်းများလည်း လုံးဝအကောင်အထည်မပေါ်ခဲ့ချေ။

စီမံကိန်းတွင် ဖော်ပြထားသော ယွန်းစလင်းအနိမ့်ဘောဂတချောင်းတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်စက်ရုံတည်ဆောက်ရေး လုပ်ငန်းသည်လည်း ၁၉၄၈–၄၉ ခုနှစ်များအတွင်း ပဏာမ လေ့လာစုံစမ်းမှုများနှင့်ပင် ရပ်ဆိုင်းသွားခဲ့သည်။ ထိုရေအားလျှပ်စစ်ဓာတ်အား ပေါပေါများများရရှိရန် စီမံကိန်းများ အကောင်အထည် မပေါ်နိုင်ခဲ့သဖြင့် မျှော်မှန်းသော စက်မှုလုပ်ငန်းများ၊ စက်ရုံများလည်း အကောင်အထည် မပေါ်ခဲ့တော့ချေ။ ရေနွေးငွေ့အား၊ ဒီဇယ်အားတို့ဖြင့် မြို့ကြီးများကို မီးလင်းစေမည်ဟူသော ရည်မှန်းချက်သည်လည်း ၂ နှစ်စီမံကိန်းကာလအတွင်း လုပ်ဆောင်နိုင်ခြင်းမရှိချေ။

အလားတူပင် နိုင်ငံအတွင်း တောင်ပေါ်မြေပြန့်အနှံ့အပြား ဆက်သွယ်သွားလာရေး လွယ်ကူစေရန် လမ်းပြင်ခြင်း၊ လမ်းဖောက်ခြင်းလုပ်ငန်းများကို စီမံကိန်းကရေးဆွဲ ချမှတ်ထားသော်လည်း လက်တွေ့တွင်လုပ်ဆောင်နိုင်ခြင်းမရှိချေ။ တည်ဆောက်မည့် စက်မှုလက်မှုလုပ်ငန်းများအတွက် လိုအပ်သော ကျောက်မီးသွေး၊ သံ စသည့် ဓာတ်သတ္တုများ၊ နိုင်ငံခြားငွေများ ရနိုင်မည့် သယံဇာတပစ္စည်းများ ရှာဖွေတူးဖော် လုပ်ကိုင်ရေးများလည်း မျှော်မှန်းထားသကဲ့သို့ လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ချေ။ စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရန် လိုအပ်သော အတတ်ပညာရှင်များကို ပြည်ပမှ ခေါ်ယူရေး၊ ပြည်ပနိုင်ငံများသို့ ပညာသင်များ စေလွှတ်ရေးတို့နှင့်တကွ အသိပညာရှင်များ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည့် စက်မှုလက်မှု အတတ်ပညာသင်ကျောင်း ကြီးငယ်အမျိုးမျိုး တည်ထောင်ဖွင့်လှစ်ရေးတို့လည်း စီမံကိန်းက လျာထားချမှတ်သည့်အတိုင်း ဖြစ်မြောက်ခြင်းမရှိခဲ့ချေ။ စီးပွားရေး ၂ နှစ်စီမံကိန်းကို အကောင်အထည်ဖော်နိုင်မှု အလွန်အားနည်းလေသည်။

စီးပွားဖွံ့ဖြိုး တိုးတက်ရေး ၂ နှစ်စီမံကိန်းက စီမံကိန်းကာလ ၂ နှစ်အတွင်း တည်ဆောက်ရန် ချမှတ်ထားသော စက်ရုံ ၁၂ ရုံအနက် ချည်မျှင်နှင့် အထည်စက်ရုံသာလျှင် စတင်အကောင်အထည်ပေါ်ခဲ့သည်။

စက်ရုံတည်ဆောက်ရန် ရန်ကုန်အင်းစိန် လမ်းမကြီး၏ အရှေ့ဘက်ရှိ သမိုင်း[၁] တွင် ဧက ၄၀၀ ခန့်ရှိသော မြေကွက်ကို ရွေးချယ်ခဲ့သည်။ ထို့နောက် စက်မှုလက်မှုဝန်ကြီးက

၁။ ယခုလှိုင်မြို့နယ် အမှတ် ၁၂ ရပ်ကွက်

ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်း) တည်ဆောက်ရေးဘုတ်အဖွဲ့ကို စက်မှုလက်မှုနှင့် အလုပ်သမားဝန်ကြီးဌာန၏ ၁၉၄၇ ခု စက်တင်ဘာလ ၂၂ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၉ အရ ဖွဲ့စည်းကာ ၁၉၄၈ ခုမှ ၁၉၄၉ ခုနှစ် အတွင်း တည်ဆောက်သည်။

စက်ရုံ တည်ဆောက်ရေးနှင့် စက်ပစ္စည်းများ ဝယ်ယူရေးအတွက် အမေရိကန်ပြည်မှ ကုမ္ပဏီတစ်ခု[၁] ကို အတိုင်ပင်ခံ အင်ဂျင်နီယာများအဖြစ် ခန့်ထားသည်။ ထိုအတိုင်ပင်ခံ အင်ဂျင်နီယာများမှတစ်ဆင့် အမျိုးသားစီမံကိန်းဌာန အတွင်းဝန်နှင့် အမေရိကန်ပြည် မြန်မာသံရုံးတို့က ညှိနှိုင်းဆက်သွယ်၍ အမေရိကန်ကုမ္ပဏီများမှ ချည်မျှင်၊ စက်ပစ္စည်းကိရိယာများ၊ အဆောက်အအုံ ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ စသည်တို့ကို ဝယ်ယူသည်။

ထိုသို့ဝယ်ယူရာ၌ ချည်မျှင်စက်အတွက် ပင်မ စက်ပစ္စည်းများကို အမေရိကန်ပြည် ဟောင်းဝတ်အင်ဘုလောက် ကုမ္ပဏီ[၂] မှလည်းကောင်း၊ အခြားစက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အဆောက်အအုံပစ္စည်းများ၊ သံထည်များ၊ အမိုးပစ္စည်းများ စသည်တို့ကို အမေရိကန်ကုမ္ပဏီ ၂၈ ခုမှလည်းကောင်း ဝယ်ယူသည်။ ရက်ကန်းစက် ၂၀၀ မှာ ဂျပန်ပြည် အင်ရှူ ရက်ကန်းကုမ္ပဏီ[၃] မှထုတ်လုပ်သော ဆာကာမိုတို ရက်ကန်းစက်များ ဖြစ်ကြသည်။ အဆောက်အအုံများကို ၁၉၄၈-၄၉ ခုနှစ်အတွင်း ဆောက်လုပ်ပြီးစီး၍ စက်ပစ္စည်းများကို ၁၉၅၀ ပြည့်နှစ်အတွင်း တပ်ဆင်ပြီးစီးသည်။

ရစ်တိုင် ၂၀၀၀၀ နှင့် ရက်ကန်းစင် ၁၉၆ စင် ပါသော ချည်မျှင်နှင့် အထည်စက်ရုံ (သမိုင်း)သည် မြန်မာနိုင်ငံတွင် အစိုးရ၏ အရင်းအနှီးဖြင့် ဝါဂွမ်းမှ ချည်မျှင်၊ ချည်မျှင်မှ အထည်ပိတ်စအထိ ထုတ်လုပ်နိုင်သော နည်းစဉ်အတိုင်း တစ်ဆက်တည်း ထုတ်လုပ်နိုင်သော ပထမဦးဆုံး နိုင်ငံပိုင် စက်ရုံတစ်ရုံဖြစ်သည်။ စက်များတပ်ဆင်ပြီးစီးပြီးနောက် ၁၉၅၁ ခု မေလ ၁၇ ရက်နေ့မှ စတင်လည်ပတ်၍ တစ်နှစ်လျှင် ချည်ပေါင် ၃.၀ သန်းနှင့် ပိတ်ကိုက်ပေါင်း ၂ သန်းခန့် စတင်ထုတ်လုပ်နိုင်ခဲ့သည်။

စက်ရုံလုပ်ငန်းကို စီမံခန့်ခွဲရန်အတွက် သမိုင်း ချည်မျှင်နှင့် အထည်စက်ရုံ အုပ်ချုပ်မှုဘုတ်အဖွဲ့ကို ၁၉၅၀ ခုနှစ် ချည်မျှင်နှင့် အထည်စက်ရုံ အက်ဥပဒေအရ ဖွဲ့စည်းသည်။ အဖွဲ့တွင် စက်မှုလက်မှု ဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန၊ အမျိုးသား စီမံကိန်းဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်သည်။

၁။ Lock Wood Green Inc. Engineers, New York.

၂။ Howard and Bullough Machine Co. New York.

၃။ Enshu Weaving Machine Company.

စက်ရုံတည်ဆောက်သည့်မှစ၍ ပြီးစီးပြီးနောက် ထုတ်လုပ်မှု လုပ်ငန်းများ စတင်ဆောင်ရွက်ရာတွင် ကြီးကြပ်ရန် ဘုမေရိကန် အတွေ့အကြုံရှိနေပျာနှင့် လက်ထောက်မန်နေဂျာများကို ၁၉၅၃ ခုနှစ် ဇွန်လအထိ ငှားရမ်းထားရှိခဲ့သည်။ ထိုနောက်တွင်မူ မြန်မာ အင်ဂျင်နီယာများဖြင့်ပင် ကြီးကြပ်လုပ်ဆောင်ခဲ့သည်။[၁]

ဆပ်ပြာသည် မရှိမဖြစ် လိုအပ်သော လူသုံးကုန်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေး ၂ နှစ်စီမံကိန်းတွင် ဦးစားပေးတည်ဆောက်ရမည့် စက်ရုံ ၁၂ ရုံတွင် ဆပ်ပြာစက် တည်ဆောက်ရန် ထည့်သွင်းထားသည်။ စစ်မဖြစ်မီက မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ဘဝင်လျှော်ဆပ်ပြာ တန်ချိန်တစ်သောင်းသုံးထောင်ခန့် သုံးစွဲခဲ့သည်။ ထိုလိုအပ်ချက်အချို့ကို နိုင်ငံခြားမှတင်သွင်း၍ ကျန်လိုအပ်ချက်ကို နိုင်ငံတွင်းရှိ စတီးဘရားသားကုမ္ပဏီ၊ မဒါးကုမ္ပဏီ၊ တရုတ်ကုမ္ပဏီများနှင့် အိမ်သွင်းလုပ်ငန်းကလေးများက ဖြည့်ဆည်းပေးသည်။

စီမံကိန်းတွင် ခေတ်မီနည်းစနစ်နှင့် ဆပ်ပြာချက်လုပ်ရန် ငွေကျပ် တစ်သိန်းခွဲခန့်ရှိ ရွှေပြည်ဆပ်ပြာစက်ရုံအစ်ဂျီတည်မည်ဟု လျာထားသည်။ ထိုစက်မှ တစ်နေ့လျှင် အနည်းဆုံးဆပ်ပြာ ၂ တန်ထွက်မည်ဟုခန့်မှန်းသည်။ စင်စစ်အားဖြင့် ထိုစက်သည်အသေးစား ရွှေပြေးစက်ကလေးများသာဖြစ်သည်။ လိုအပ်သော စက်ကိရိယာများ၏ တန်ဖိုးသည် ကျပ်ငွေ တစ်သိန်းခွဲခန့်မျှသာရှိသည်။ မြေ၊ အဆောက်အအုံနှင့် အလုပ်သမားလစာ၊ ကုန်ကြမ်း ဝယ်ယူရေးတို့ပါ စုစုပေါင်း ငွေကျပ် ဆယ်သိန်းခန့်လိုမည်ဟုခန့်မှန်းသည်။ နိုင်ငံတော် အစိုးရသည် ရွှေပြေးဆပ်ပြာစက် တည်ထောင်ရေးကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ဆောင်ခွင့် ပြုမည်ဟု ဆုံးဖြတ်သော်လည်း တိုင်းရင်းသားများထဲမှ ငွေပင်ငွေရင်း စိုက်ထုတ်လုပ်ကိုင်မည့်သူမပေါ်ထွက်ခဲ့ချေ။ ထို့ကြောင့် စီမံကိန်းဝင် ဆပ်ပြာစက် တည်ဆောက်ရေးသည်လည်း အကောင်အထည်မပေါ်ဘဲရှိခဲ့လေသည်။[၂]

ရင်ဆိုင်ရသည့် အခက်အခဲများ

စီးပွားရေး ၂ နှစ် စီမံကိန်းကို အောင်မြင်စွာ အကောင်အထည် မဖော်နိုင်သည်မှာ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ကြရသောကြောင့်ဖြစ်သည်။ အဓိကကျသော အဟန့်အတားကြီးမှာ ပြည်တွင်း၌မငြိမ်မသက်ဘဲ ဆူပူသောင်းကျန်းမှုများ ဖြစ်ပွားနေခြင်းပင်ဖြစ်သည်။

၁။ အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း၊ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၃၁-၃၂။ ၅၅-၅၆

၂။ စက်မှုလက်မှုဂျာနယ်၊ အတွဲ ၁၊ အမှတ် ၃၊ စာ ၁၀၉-၁၁၁

ပြည်တွင်း ဆူပူသောင်းကျန်းမှုများကား လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်ကပင် စတင်ခဲ့သည်။ ကရင်အမျိုးသားအချို့သည် ကရင်ပြည်နယ် သတ်မှတ်ရေးဥပဒေကို မကျေနပ်သဖြင့် ၁၉၄၇ ခုနှစ်တွင် ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့ (ကေအင်ဒီအို)[1] အမည်ဖြင့် ပုန်ကန်သောင်းကျန်းမှုများပြုလုပ်ကြသည်။ ၁၉၄၈ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် သထုံမြို့ကို ဝင်ရောက်စီးနင်းသိမ်းပိုက်သည်အထိ ရန်မီး ကြီးမားခဲ့သည်။ လွတ်လပ်ရေးရပြီးစ မတ်လ ၂၇ ရက်နေ့တွင် မြန်မာပြည် ကွန်မြူနစ်ပါတီ တောခို၍ ထိုနှစ်ဇူလိုင် ၂၉ ရက်နေ့တွင် ရဲဘော်ဖြူအဖွဲ့တောခိုသည်။ ထို့နောက် အစိုးရတပ် အချို့လည်း တောခိုသွားသဖြင့် နိုင်ငံတွင်း သောင်းကျန်းသူများ အင်အားကောင်းကာ နယ်မြေအနှံ့ ဆူပူလှုပ်ရှား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

ပုသိမ်၊ ပန်းတနော်၊ မအူပင် ဟင်္သာတမြို့နယ် ကျေးရွာများသည်လည်းကောင်း၊ ပြည်၊ ရန်ကုန်ရထားလမ်းတစ်လျှောက်မှ နတ္တလင်း ဇီးကုန်းနှင့် ရွာအများသည်လည်းကောင်း ကေအင်ဒီအိုတို့၏ တိုက်ခိုက်ဖျက်ဆီး မီးရှို့ခြင်းခံရကြသည်။ ထို့အတူ ဖြူး၊ တောင်ငူ၊ ပဲခူးဝန်းကျင် ကျေးရွာများလည်း အစိုးရတပ်များနှင့် သောင်းကျန်းသူတို့၏ အင်အားပြိုင်ရာ စစ်တလင်းဖြစ်ကြရသည်။ တောင်ငူ၊ ပျဉ်းမနား၊ ရမည်းသင်း နယ်မြေများတွင် ကေအင်ဒီအိုများနှင့် ကွန်မြူနစ်တို့ပူးပေါင်း၍ အစိုးရတပ်များကိုခုခံသည်။ မိတ္ထီလာ၊ မေမြို့တို့လည်း သောင်းကျန်းသူများလက်သို့ကျရောက်၍ မိတ္ထီလာ-သာစည်လမ်းတစ်လျှောက်တွင် တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားသည်။ မန္တလေးဝန်းကျင်ဒေသလည်း လုံးဝလုံခြုံအေးချမ်းမှုမရှိခဲ့ချေ။ မန္တလေးမြို့လည်း သောင်းကျန်းသူတို့သိမ်းပိုက်ထားခြင်းခံရသည်။ မြင်းခြံ၊ ရေနံချောင်းနှင့် ရေနံမြေဒေသများလည်း သောင်းကျန်းသူတို့လက်သို့ အတန်ကြာကျရောက်ခဲ့သည်။ ရခိုင် တနင်္သာရီနယ်မြေ မြို့ရွာဒေသများလည်း အဖျက်အဆီး အတိုက်အခိုက် ခံကြရမှုမကင်းချေ။ ရန်ကုန်မြို့အနီး အင်းစိန်၊ ထန်းတပင်၊ တိုက်ကြီးတို့တွင် တိုက်ပွဲများဖြစ်ပွား၍ ထိုစဉ်က မြန်မာပြည်နယ်မြေဒေသအသီးသီးတွင် သောင်းကျန်းသူတို့၏ အဖျက်လုပ်ငန်းများ ပြင်းထန်သဖြင့် နိုင်ငံတော်အစိုးရသည် ရန်ကုန်အစိုးရဟု ခေါ်ဆိုမှတ် ပြုရလောက်သော အခြေအနေရှိခဲ့လေသည်။[2]

သောင်းကျန်းသူတို့၏ အဖျက်လုပ်ငန်းများ တိုက်ခိုက်မှုများကို အစိုးရတပ်များက ပြင်းပြင်းထန်ထန်လိုက်လံနှိမ်နင်းသည်။ ထိုစဉ်က ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဖြစ်သော ဗိုလ်ချုပ်နေဝင်းက သောင်းကျန်းမှုများနှင့် စပ်လျဉ်း၍

လက်ရှိ ဆူပူမှုတွေကို အကြမ်းနည်းနှင့်ဖြစ်ဖြစ်၊ အနုနည်းနှင့် ဖြစ်ဖြစ်၊ ငြိမ်းချမ်းမှု

၁။ KNDO-Karen National Defence Organization.

၂။ Disturbances in Burma, *Burma's Freedom Second Anniversary*, 1950, pp. 17-31

ရဖို့လုပ်ရမှာပဲ၊ လက်နက်စွဲကိုင်ပြီး အဓမ္မနည်းနှင့် အာဏာသိမ်းမယ်ဆိုလျှင်၊
ကျွန်တော်တို့ ရှိသမျှအားကိုစုပေါင်းပြီး တွန်းလှန်ချေမှုန်းပစ်ရတော့မှာပဲ

ဟု မိန့်ကြားခဲ့သည်။[၁] ပြည်တွင်းသောင်းကျန်းမှုများကား စီးပွားရေး ၂ နှစ်စီမံကိန်း ကာလသက်တမ်းကိုကျော်လွန်၍ ၁၉၅၁-၅၂ တွင်မှ တဖြည်းဖြည်း ငြိမ်းငြိမ်းသွားလေသည်။

ဖော်ပြပါ သောင်းကျန်းဖျက်ဆီးမှုများသည် ၂ နှစ်စီမံကိန်း အကောင်အထည်ဖော်မှုအတွက် ကြီးစွာသော အဟန့်အတားဖြစ်နေခဲ့သည်။ စီမံကိန်း စက်မှုကဏ္ဍတွင် လျာထားသော စက်ရုံများ၊ စက်မှုလုပ်ငန်းများ တည်ထောင်ရေးကို လုံးဝအချိန်မပေးနိုင်၊ အာရုံမစိုက်နိုင်အောင်ဖြစ်ခဲ့ရသည်။ ရခိုင်သောင်းကျန်းသူများ၏ နှောင့်ယှက်မှုရန်ကြောင့် စိုင်တင်ရေအားလျှပ်စစ် စီမံကိန်းပျက်ပြားသွားရသကဲ့သို့ ကေအင်ဒီအိုတို့၏ရန်ကြောင့် တောင်ငူခရိုင် ယွန်းဇလင်းအနီး ဘောဂတာရေအားလျှပ်စစ်စီမံကိန်းလည်း ပဏာမလေ့လာမှုနှင့်ပင် ရပ်ဆိုင်းသွားလေသည်။ ကျောက်မီးသွေး၊ သံနှင့် အခြားတွင်းထွက် ဓာတ်သတ္တုများ ရှာဖွေလေ့လာ ရေးများလည်း အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ရသည်။ သောင်းကျန်းသူများ၏ရန်ကြောင့် နိုင်ငံတွင်းရှိ နိုင်ငံခြားသားပိုင်တစ်ခုတည်းသော သရက်ဘိလပ်မြေစက်ရုံတွင် ထုတ်လုပ်မှု ရပ်ဆိုင်းသွားကာ ရေနံတူးဖော်ရေးလုပ်ငန်းလည်း ရပ်ဆိုင်းနေခဲ့သည်။ နိုင်ငံ၏ အဓိက ထုတ်ကုန်ဖြစ်သော ဆန်စပါးနှင့် သစ်လုပ်ငန်းများလည်း အလားတူပင်ဖြစ်သည်။ နိုင်ငံခြားဝင်ငွေ ရရှိစေမည့် ဆန်စပါးနှင့် သစ်ထုတ်လုပ်ရေးကျဆင်းသဖြင့် နိုင်ငံအတွင်း တည်ထောင်ရန်ရည်မှန်းသည့် စက်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုငွေ အခက်အခဲနှင့် ရင်ဆိုင်ကြရသည်။

စီမံကိန်းကချမှတ်ထားသော စက်ရုံများ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံငွေအများ အပြားလိုလေသည်။ စက်ပစ္စည်းကိရိယာများဝယ်ယူရန်၊ ပညာရှင်များခေါ်ယူရန် စသည်တို့ အတွက် နိုင်ငံခြားငွေလိုသည်နှင့် အမျှ အလုပ်သမား အခကြေးငွေနှင့် အရပ်ရပ်ကုန်ကျစရိတ် များအတွက် ပြည်တွင်းသုံးငွေလည်းလိုလေသည်။ ထိုအရင်းအနှီးကို ပြည်တွင်းမှလည်းကောင်း၊ ပြည်ပမှလည်းကောင်း ရယူရပေမည်။

ပြည်တွင်းမှ ငွေပင်ငွေရင်း လုံလုံလောက်လောက် ရရှိရန် မလွယ်ကူပေ။ တိုင်းရင်းသား ငွေရှင်ကြေးရှင် နေရှင်များဟူ၍ ပြောပလောက်အောင်မရှိချေ။ စစ်အတွင်းပျက်စီးဆုံးပါးမှု များကြောင့်လည်း စနအင်အားလျော့နည်းနေကြသည်။ ငွေပိုငွေလျှံရှိသူ တိုင်းရင်းသားများ သည် များသောအားဖြင့် စက်ရုံကြီးများ၊ စက်မှုလုပ်ငန်းကြီးများ တည်ထောင်ရေးကို စိတ် မဝင်စားကြချေ။ ကျွမ်းကျင်မှု နားလည်မှုမရှိကြသောကြောင့်ဖြစ်သည်။ များသောအားဖြင့် အပေါင်အနှံနှင့် ငွေတိုးချေးခြင်းကိုလည်းကောင်း၊ ဆန်စက်၊ ဆီစက်၊ သစ်စက်၊ စာပုံနှိပ်စက်၊

၁။ *Burma's Freedom Second Anniversary*, 1950, p. 10

စသောလုပ်ငန်းငယ်များကိုသာလည်းကောင်း လုပ်ဆောင်ကြသည်။ အစဉ်အလာ အတွေ့အကြုံမရှိသဖြင့် အရင်းအနှီးစုပေါင်းကာ လုပ်ငန်းကြီးများ တည်ထောင်လိုစိတ် မရှိကြချေ။ ထို့ကြောင့် ပြည်တွင်းအရင်းအနှီးမြှုပ်နှံငွေသည် နိုင်ငံတော်အစိုးရထံမှသာ မျှော်လင့်အားထားရန်ရှိသည်။ စိမ့်ကိန်းကာလအတွင်းက နိုင်ငံတွင်းဆူပူသောင်းကျန်းသူများကြောင့် အစိုးရအခွန်ဘဏ္ဍာများ ကျဆင်းလျက်ရှိခြင်း၊ လုံခြုံမှုအတွက် စရိတ်အကုန်အကျများနေခြင်းတို့ကြောင့် အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံငွေများ စိုက်ထုတ် လုပ်ကိုင်ရန် အခက်အခဲများစွာရှိနေလေသည်။[၁]

မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများကို နိုင်ငံခြားသားအရင်းရှင်များ ကုမ္ပဏီကြီးများက ကိုလိုနီသက်တမ်းတစ်လျှောက်တွင် လက်ဝါးကြီးအုပ် လုပ်ကိုင်လာခဲ့ကြသည်။ လွတ်လပ်ရေးရပြီးခ မြန်လည်ထူထောင်ရေးကာလတွင်လည်း ထူးခြားပြောင်းလဲမှု မရှိသေးဘဲ ဖြစ်နေပေသည်။ စီးပွားရေးကို လက်ဝါးကြီးအုပ် လုပ်ကိုင်လာကြသည်ဟုဆိုသော်လည်း နိုင်ငံခြားသားအရင်းရှင်ကြီးများသည် မြန်မာနိုင်ငံတွင် ငွေပင်ငွေရင်းမြှုပ်နှံ၍ စက်ရုံအလုပ်ရုံကြီးများ တည်ထောင်ခြင်းနည်းပါးသည်။ စက်မှုလက်မှု လုပ်ငန်းထက် ကုန်သွယ်ရေးလုပ်ငန်းကို အဓိကထား လုပ်ဆောင်ကြသည်။

အထိအကျအားဖြင့်သော် လွတ်လပ်ရေးရပြီးစ ၁၉၄၈-၅၀ ခု ဝန်းကျင်ကာလတွင် ထင်ရှား ကြီးပွားနေသော စတီးဘရားသား၊ ဝီလီယမ်ဂျက်[၂]၊ ချပ်(စ) ကောင်ဝီ[၃]၊ ဂျင်ဟောင်းထရေးဒင်း[၄]၊ အိဘ်အေရှာတစ်[၅]၊ အက်(စ်)အိုပင်ဟိုက်မား[၆]၊ အေစကော့[၇]၊ ဖဲရားဝဲသားရစ်ချပ်[၈]၊ အင်တာနေရှင်နယ် အမာလ်ဂေမေးရှင်း[၉] စသောကုမ္ပဏီကြီးများသည် လေဖိစက်၊ ဘွိုင်လာများ ကြိတ်စက်အမျိုးမျိုး၊ သံသတ္တုကျို မီးဖိုကြီးများနှင့် အရန်ပစ္စည်းကိရိယာများ၊ ဆန်စက်၊ ဂျုံစက်နှင့် အရန်စက်ပစ္စည်းများ၊ လမ်းဖောက်လုပ်ရေးစက်များ စသော စက်များ၊ စက်ကိရိယာများကို နိုင်ငံခြားမှတင်သွင်းရောင်းချနေသော ကုမ္ပဏီကြီးများဖြစ်သည်။ ငွေပင်

၁။ Foreign Capital in Burma: *Burma's Freedom Second Anniversary*, 1950, pp. 70-71

၂။ William Jacks & Co. Ltd.

၃။ Chas. R. Cowie & Co.

၄။ Jing Hong Trading Corporation

၅။ East Asiatic Co. Ltd.

၆။ S. Oppenheimer & Co. Ltd.

၇။ A. Scott & Co.

၈။ Fairweather Richards & Co. Ltd.

၉။ International Amalgamation Ltd.

ငွေရင်းမြှုပ်နှံ၍ စက်ရုံအလုပ်ရုံတည်ထောက်ခြင်းမဟုတ်ဘဲ နိုင်ငံခြားကုမ္ပဏီကြီးများ၏ ကုန်တိုက်ခွဲများ၊ ကိုယ်စားလှယ်များအဖြစ်ဖြင့် ရောင်းဝယ်ရေးကို ချုပ်ကိုင်လုပ်ဆောင် နေကြခြင်းသာဖြစ်သည်။ အလားတူပင် မာတင်နှင့်သားများသည် အင်္ဂလန်မှ လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်အမျိုးမျိုး၊ ဆေးနှင့် ဆေးပစ္စည်းအမျိုးမျိုးကိုလည်းကောင်း၊ ဘယ်လ်ဂျီယမ်မှ မှန်နှင့် ဖန်ထည်အမျိုးမျိုး၊ ဘိယာစသည်တို့ကိုလည်းကောင်း၊ ဆွစ်ဇာလန်မှ ချိတ်တောင့်၊ လက်ဖက်ခြောက်၊ သကြား၊ ဂျုံကြမ်း၊ အရက်ပြန်စသည်တို့ကိုလည်းကောင်း၊ ဩစတြေးလျတိုက်မှ နို့ဆီ၊ ထောပတ်၊ မာဂျရင်း၊ ဒိန်ခဲစသည်တို့ကိုလည်းကောင်း ပင်တိုင် တင်သွင်းရောင်းချသော ကုန်တိုက်ကြီးဖြစ်သည်။ မော်တော်ကားများနှင့် ကားပစ္စည်း အမျိုးမျိုးကိုလည်း ဘားမားမော်တော်[၁]၊ စီးတီးအော်တိုမိုဘိုင်း[၂]၊ အော်တိုကား[၃]၊ အင်ဆိုင်းမော်တော်[၄]၊ ဂျင်ဟောင်း၊ အက်(စ်)အိုပင်ဟိုးမား၊ စတီးဘရားသားစသော ကုမ္ပဏီကြီးများက ပင်တိုင်ခံလက်ဝါးကြီးအုပ်ကာ တင်သွင်းရောင်းချကြသည်။ ဆေးနှင့် ဆေးပစ္စည်း ဆေးရုံသုံးပစ္စည်းအမျိုးမျိုးတို့ကို ပီဘို့(စ်)ကုမ္ပဏီ[၅]ကလည်းကောင်း၊ ရေမွှေး၊ အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို ယူနိုက်တက်ခ်ဲမိကယ်လ်ဝေ[၆]ကလည်းကောင်း အကြီးအကျယ်တင်သွင်း သို့လှောင်ရောင်းချသည်[၇]။

ဖော်ပြပါ ကုမ္ပဏီကြီးများ ကုန်တိုက်ကြီးများသည်စက်အမျိုးမျိုး၊ စက်ပစ္စည်းအမျိုးမျိုး၊ အထည်အလိပ်၊ စားသောက်ကုန်၊ လူသုံးကုန်အမျိုးမျိုးတို့ကို တင်သွင်းဖြန့်ဖြူးရောင်းချသူများသာဖြစ်သည်။ နိုင်ငံအတွင်း ငွေပင်ငွေရင်းမြှုပ်နှံ၍ စက်ရုံ အလုပ်ရုံ တည်ထောင်ခြင်းမဟုတ်သဖြင့် ရရှိသမျှသော အကျိုးအမြတ်တို့ကို ပြည်ပသို့သယ်ဆောင်ယူငင်သွားကြသည်။ နိုင်ငံတွင်း၌ လိုအပ်သော အရင်းအနှီးအတွက် အထောက်အကူ လုံးဝမရရှိဘဲဖြစ်ခဲ့သည်။

လွတ်လပ်စ မြန်မာနိုင်ငံသည် ပြန်လည်ထူထောင်ရေးအတွက်လည်းကောင်း၊ ၎င်းလိုအပ်သောစက်ရုံကြီးငယ်များထူထောင်ရန်လည်းကောင်း နိုင်ငံခြားအကူအညီ၊ နိုင်ငံခြားမှ ငွေပင်ငွေရင်းမြှုပ်နှံမှု အထူးလိုအပ်လျက်ရှိသည်။ သို့သော် ကိုလိုနီသက်တမ်းတစ်လျှောက် ခံစား

၁။ Burma Motor Co.

၂။ The City Automobile Co.

၃။ Autocars (Burma) Ltd.

၄။ Ensign Motors, Ltd.

၅။ P. Bose & Co. Importers of Foreign Medicines and Hospital Requirements of all Descriptions.

၆။ The United Chemical Works.

၇။ *Business Guide of Burma* (1948-49) pp. 240-244, 261-2, 280-363

ခဲ့ရသောအတွေ့အကြုံများကြောင့် နိုင်ငံခြားမှ အကူအညီကိုယူရန်၊ ငွေပင်ငွေရင်းမြှုပ်နှံမှုကို လက်ခံနှိုဝန်လေးသည်။ လက်ရှိနေပေသည်။ အထူးသဖြင့် စစ်ဒဏ်ကြောင့် ပျက်စီးဆုံးပါးမှုများကို ပြန်လည်ထူထောင်ရန်၊ နိုင်ငံ ကာကွယ်ရေးနှင့် စီးပွားရေး စီမံကိန်းများ အကောင်အထည်ဖော်ရန် နိုင်ငံခြား အကူအညီလိုပေသည်။ နိုင်ငံခြား အကူအညီသည်လည်းကောင်း၊ နိုင်ငံခြားသားများ အရင်းရှင်ကြီးများ၏ ရင်းနှီးမြှုပ်နှံမှုများသည်လည်းကောင်း ကောင်းကျိုးသက် ဆိုးပြစ်ကို ဖြစ်စေသော သာဓကများ ရှိဖူးသည်။ နိုင်ငံတော် အချုပ်အခြာအာဏာပိုင်တနှင့် လွတ်လပ်ရေးကို ထိပါးလာနိုင်သည်။ ထို့ကြောင့် နိုင်ငံခြားအကူအညီနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ကို သံသယနှင့် ရှုမြင်ကာ သတိကြီးစွာထားနေရသဖြင့် စက်ရုံအလုပ်ရုံကြီးများတည်ထောင်ရန် အခက်အခဲနှင့် ရင်ဆိုင်နေရသည်။ ထို့ပြင် ကမ္ဘာ့အုပ်စုနိုင်ငံရေးကြောင့် လက်ဝဲအုပ်စု အကူအညီကိုယူရမည်လော၊ သို့မဟုတ် လယ်ယာအုပ်စု၏ ရင်းနှီးမြှုပ်နှံမှုကို လက်ခံရမည်လောဟူသော ပြဿနာလည်းရှိနေလေသည်။[၁]

နိုင်ငံခြားသား ငွေရှင်ကြေးရှင်များကလည်း အလွယ်တကူနှင့် ငွေပင်ငွေရင်းလာရောက်ရင်းနှီးမြှုပ်နှံလုပ်ဆောင်ကြမည်မဟုတ်ပေ။ နိုင်ငံအတွင်းအေးချမ်းမှု၊ လုံခြုံမှုနှင့် အကျိုးအမြတ်တို့ကို စဉ်းစားတွက်ချက်ကြပေသည်။ ထို့ကြောင့်နိုင်ငံခြားအရင်းရှင်များစိတ်ပါဝင်စားအောင် ထိုက်သင့်သောအခွင့် အရေးများပေးရမည်ဖြစ်သည်။ ဤအချက်သည်လည်း အရေးတကြီးထား၍ စဉ်းစားရမည့် ပြဿနာတစ်ရပ်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတော်သည် စီမံကိန်းဝင် စက်ရုံကြီးငယ်များကို တည်ထောင်ရမည်၊ စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားတိုးတက်ရေးကို ရှေးရှုရမည်ဖြစ်၍ နိုင်ငံခြား ငွေပင်ငွေရင်းကို လက်ခံရမည်ဖြစ်သည်။ အထူးသဖြင့် တွင်းထွက်ဓာတ်သတ္တုများတူးဖော်ရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် အခမရှိကန့်ပေါ်လာ သန်းခြောက်ရာခန့်လိုမည်ဟု ခန့်မှန်းကြောင်း၊ ဤကိစ္စအရပ်ရပ်ကို အသေးစိတ်ဆွေးနွေးကြရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဦးနုက ထုတ်ဖော်ပြောကြားခဲ့သည်။[၂]

ဤသို့ စဉ်းစားဆွေးနွေးရမည့် ပြဿနာအရပ်ရပ်များ အခက်အခဲများရှိနေသဖြင့်လည်း စီမံကိန်းဝင် စက်ရုံကြီးငယ်များ တည်ထောင်ရေးတွင် နှောင့်နှေးခဲ့သည်။ ထိုပြဿနာများကို စီမံကိန်းဝင် ကာလအတွင်း နိုင်ငံတော်အခြေအနေအရပ်ရပ်ကြောင့် စဉ်းစားဖြေရှင်းနိုင်ခြင်း မရှိခဲ့ချေ။ ထို့ကြောင့် စီမံကိန်းက သတ်မှတ်သော ၂နှစ် ကာလသာ ကုန်ဆုံးသွားခဲ့သည်။ စီမံကိန်းကချမှတ်သော စက်ရုံများ၊ လုပ်ငန်းများကို အကောင်အထည် မဖော်နိုင်ခဲ့ချေ။

၁။ " Foreign Capital in Burma ". *Burma's Freedom Second Anniversary*, 1950, pp. 70-71
၂။ " Foreign Capital in Burma ". *Burma's Freedom Second Anniversary*, 1950, pp. 70-73

မြန်မာနိုင်ငံသည် အစဉ်အလာအားဖြင့် သမားရိုးကျ လယ်ယာစိုက်ပျိုးသော နိုင်ငံ ဖြစ်ပေသည်။ တိုင်းတစ်ပါး၏ စိုးမိုးအုပ်ချုပ်မှုအောက်တွင် အနှစ်တစ်ရာကျော်နစ်မွန်းနေခဲ့ရ ပြန်သဖြင့် စက်မှုလက်မှုလုပ်ငန်းကြီးငယ်များတည်ထောင်ခြင်းနှင့်လည်းကောင်း၊ စက်မှုသိပ္ပံ နည်းပညာများနှင့်လည်းကောင်း အလှမ်းဝေးနေခဲ့ရသည်။ ကိုလိုနီခေတ် တက္ကသိုလ်ကြီးနှင့် သိပ္ပံကျောင်းတော်ကြီးတို့က စက်မှုလက်မှုအထက်တန်းပညာရှင်များ လက်တွေ့အသုံးချပညာရပ် များမပေးခဲ့ချေ။ ထို့ကြောင့် လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ စက်မှုလက်မှုလုပ်ငန်းများကို တည်ထောင် လုပ်ကိုင်ရန် အတတ်ပညာရှင် အသိ ပညာရှင်များမရှိသည့် အခက်အခဲနှင့်ရင်ဆိုင်ရပေသည်။ စက်ရုံအလုပ်ရုံများအတွက် ကျွမ်းကျင် လုပ်သားလည်းအလုံအလောက်မရှိပေ။ အုပ်ချုပ်ရေး စီမံကိန်းပိုင်းဆိုင်ရာ ပညာရှင်များ မွေးထုတ်ရန်လည်း လိုနေသေးပေသည်။ စီမံကိန်းက လျာထားသော စက်ရုံကြီးငယ်များ တည်ဆောက်ရန် ပဏာမလေ့လာချင်း၊ ပုံစံထုတ်ခြင်း စသည့်အခြေခံအလုပ်များအတွက်ပင် နိုင်ငံခြားပညာရှင်များကို အားကိုးလုပ်ဆောင်ရမည်ဖြစ်သည်။ အင်ဂျင်နီယာကျောင်းသား များ စက်မှုလက်မှုသိပ္ပံကျောင်းများ၊ အဆင့်ဆင့်အမျိုးမျိုးသော ပညာရှင်များ ကျွမ်းကျင် လုပ်သားများ မွေးထုတ်ရန်စီမံကိန်းက မျှော်မှန်းခဲ့သော်လည်း လက်တွေ့တွင် စီမံကိန်းသက် တမ်း ၂ နှစ်အတွင်း ကျောင်းများ၊ သင်တန်းများ၊ မျှော်မှန်းသကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းမရှိချေ။ ထို့ကြောင့် စီမံကိန်းက ချမှတ်သော စက်ရုံကြီးငယ်များ စက်မှုလက်မှု လုပ်ငန်းများ တည်ဆောက်ရန် အကောင်အထည်ဖော်ရန်လိုအပ်သောအသိပညာရှင် အတတ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ မရှိသည့် အခက်အခဲနှင့် ရင်ဆိုင်ရလေသည်။

စီးပွားရေး ၂ နှစ်စီမံကိန်းသည် ၂ လတာအတွင်း အဆောတလျင်ရေးဆွဲသော စီမံကိန်း ဖြစ်သည်။ ဆိုရှယ်လစ်စီးပွားရေးသို့ ရှေးရှုသော သဘောတရားများ ပါဝင်သော်လည်း လက်တွေ့တွင် အကောင်အထည်ဖော်ရန် ခက်ခဲသော စီမံကိန်းတစ်ရပ်ဖြစ်နေပေသည်။ စီမံကိန်း ရေးဆွဲစဉ်က နိုင်ငံ၏ သယံဇာတအနေအထား၊ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား၊ တစ်ဦးချင်း ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် တစ်ဦးကျဝင်ငွေနှင့် စားသုံးမှုစသောစာရင်းဇယားများကောက်ယူ ထားခြင်းမရှိသေးချေ။ ထိုစာရင်းဇယားကိန်းဂဏန်းများပေါ်တွင် အခြေမခံဘဲ ရေးဆွဲထား သောစီမံကိန်းသည် ရည်မှန်းချက်ပန်းတိုင်မပါသော စီမံကိန်း၊ လက်တွေ့မဆန်သော စီမံကိန်း ဖြစ်နေသည်။ ရင်းနှီးကုန်ကျမှုသတ်မှတ်ချက်မရှိသဖြင့် အကျိုးအမြတ်မျှော်မှန်း သတ်မှတ်ချက် လည်းမရှိချေ။ စီမံကိန်းကာလကို ၂ နှစ်ဟု သတ်မှတ်ထား၍လည်း အချိန်ပေးမှု အလွန်နည်း ပေသည်။ စက်ရုံများ တည်ဆောက်မည်ဟု ချမှတ်ထားသော်လည်း ထိုတည်ဆောက်မှုများ အတွက် အရင်းအနှီးသတ်မှတ်ချက် အစီအစဉ်များ မပါသဖြင့် အစိုးရဘတ်ဂျက်တွင် လည်း စက်ရုံများအတွက် ရင်းနှီးမြှုပ်နှံရန်လိုငွေ ထည့်သွင်းထားခြင်းမရှိချေ။

စီမံကိန်း စက်မှုကဏ္ဍကို အကောင်အထည်ဖော်မည့် စက်မှုလက်မှုလုပ်ငန်း တိုးတက်ရေး ကော်မတီသည် စက်မှုလက်မှုလုပ်ငန်းမူဝါဒတစ်ရပ်ကို ရေးဆွဲနိုင်ခဲ့သော်လည်း အခြေအနေ အရပ်ရပ်ကြောင့် လက်တွေ့လုပ်ဆောင်နိုင်ခြင်းမရှိဘဲ စမ်းတဝါးဝါးနှင့်ပင် ၂ နှစ်ကာလကုန်ဆုံး သွားသည်။ အမျိုးသားစီမံကိန်းဘုတ်အဖွဲ့၏ တာဝန်များကို လွှဲပြောင်းယူသော စီးပွားရေး ဘုတ်အဖွဲ့သည်လည်း အစည်းအဝေးများနှင့်ပင် အချိန်ကုန်ခဲ့သည်။ စက်ရုံများတည်ထောင်ရန် မြေနေရာရွေးချယ်ခြင်း၊ ပဏာမလေ့လာရေးနှင့် ပုံစံထုတ်ခြင်း စသော အခြေခံလုပ်ငန်းများ ကိုပင် မလုပ်နိုင်ခဲ့ချေ။ စီမံကိန်း၏ ပျော့ကွက်ဟာကွက် အားနည်းချက်များနှင့် နိုင်ငံ မငြိမ် မသက်ဆူပူလှုပ်ရှားနေသော အခြေအနေများ၊ အရင်းအနှီးအင်အားမပြည့်စုံမှုများ၊ အသိ ပညာရှင် အတတ်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သား ရှားပါးမှုများနှင့် အတွေ့အကြုံ နည်းမှုများသည် စီမံကိန်း အကောင်အထည်ဖော်ရာ၌ ကြီးစွာသောအခက်အခဲများ ဖြစ်လေ သည်။ စီးပွားရေး ၂ နှစ်စီမံကိန်းကို ဖော်ပြပါ အခက်အခဲများကြောင့် ၂ နှစ်ကာလအတွင်း အကောင်အထည်မဖော်နိုင်ခဲ့သော်လည်း နောင်ဆက်လက် လုပ်ဆောင်သော ပြန်လည်ထူ ထောင်ရေးလုပ်ငန်းများနှင့် စီမံကိန်းများအတွက်သင်ခန်းစာ ရစေခဲ့သည်။ အတွေ့အကြုံ ရစေခဲ့သည်။ စင်စစ် ဤ ၂ နှစ်စီမံကိန်းသည် နောင် ဆက်လက်ရေးဆွဲလုပ်ဆောင်သော စီမံကိန်းများအတွက် အခြေခံကောင်းသော အုတ်မြစ်တစ်ခု ဖြစ်ခဲ့လေသည်။

အခန်း ၃

ပြည်တော်သာစီမံကိန်း၏ စက်မှုကဏ္ဍ

စီးပွားရေးရှစ်နှစ်စီမံကိန်း

မြန်မာနိုင်ငံသည်လွတ်လပ်သော နိုင်ငံတစ်ခုအဖြစ်သို့ရောက်ရှိပြီးနောက်စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးဆုံးပါးသမျှအဝဝကို အားသွန်ခွန်စိုက် ကုစားဆေးကြောပြုပြင်ထူထောင်ရန်လုပ်ငန်းစတင်မည်ဆဲဆဲတွင် လက်နက်ကိုင် ပုန်ကန်သောင်းကျန်းမှုနှင့် ရင်ဆိုင်ရပေသည်။ နိုင်ငံသစ်ဘဝသစ်တစ်ခု ဖန်တီးရန်ရှိလာသော အဖိုးတန်အခွင့်အရေးကို ထိပါးခြိမ်းခြောက်လာသော သောင်းကျန်းသူများကို တိုက်ခိုက်နှိမ်နင်းရန်တိုင်းရင်းသားအပေါင်းသည်တွန်တုံးကိုချ၍ သေနတ်ကို ဆွဲကိုင်ခဲ့ရသည်။ လယ်ကွင်းကိုပစ်၍ တိုက်ကွင်းသို့ဝင်ခဲ့ကြရသည်။ ထိုသို့သောင်းကျန်းသူများ ပတ်လည်ဝိုင်းနေသည့်အကြားမှ ပင် နိုင်ငံတော်အစိုးရသည် ပြည်သူအပေါင်းတို့အတွက် ဘောဂဗလမဏ္ဍိုင်၊ ဉာဏဗလမဏ္ဍိုင်၊ ကာယဗလမဏ္ဍိုင်၊ မိတ္တဗလမဏ္ဍိုင်၊ စာရိတ္တဗလမဏ္ဍိုင် တည်းဟူသော မဏ္ဍိုင်ကြီးငါးခုလုံး ကြံ့ခိုင်သည်ထက်ကြံ့ခိုင်ရေး၊ နိုင်ငံတစ်ခုလုံး စိုပြေတင့်တယ်နေချင့်စဖွယ် ဖြစ်လာရေးတို့အတွက် စီမံကိန်းများရေးဆွဲသည်။ စီမံကိန်း အသီးသီးကို ရေးဆွဲသော အလုပ်မှာ မသေးလှပေ။ ကုန်ဆုံးသောအချိန်၊ စိုက်ထုတ်ရသော စွမ်းအား၊ သုံးစွဲရသော ငွေအရေအတွက်မှာ များပြားလှသည်။ ထိုသို့ငွေအား လူအား ကြီးစွာစိုက်ထုတ်ရေးဆွဲသော စီမံကိန်းများ၏ ရည်မှန်းချက်သည် "ခေတ်သစ်မြန်မာပြည်တော်သာ" ပန်းတိုင်ကြီးဖြစ်သည်။[1]

စင်ပြိုင်းစ မြန်မာနိုင်ငံ စီးပွားရေး အခြေအနေသည် စစ်မဖြစ်မီ ၁၉၃၇-၃၈ အခြေအနေအောက် များစွာနိမ့်ကျလျက်ရှိသည်။ စစ်အတွင်းက နိုင်ငံ၏ ငွေပင်ငွေရင်း အင်အားထက်ဝက်နီးပါးပျက်စီးဆုံးရှုံးခဲ့သည့်အပြင် သောင်းကျန်းသူအဖျက်သမားတို့၏ ရန်ကြောင့် ထပ်မံပျက်စီးရပြန်သည်။ ထိုအတွင်း နိုင်ငံတော်၏ လူဦးရေသည် ၁၀ မှ ၁၂ ရာခိုင်နှုန်းခန့် တိုးပွားလာသည်။ ၁၉၅၀-၅၁ ခုနှစ်၊ နိုင်ငံတော်၏ ဝင်ငွေပမာဏသည် စစ်မဖြစ်မီကာလ၏ သုံးပုံနှစ်ပုံမျှသာ ရှိလေသည်။[2]

၁။ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ သဝဏ်လွှာ၊ နေ့စွဲ ၁၃၁၆ တော်သလင်းလဆန်း ၁၂ ရက်၊ **ခေတ်သစ်မြန်မာ ပြည်တော်သာ၊ စာ ၅-၆**

၂။ Resolution No. 4 *The Pyidawtha Conference*, 1952, p. 35

ထို့ကြောင့် နိုင်ငံတော်၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုသည် ပဓာနကျသော အချက်တစ်ရပ် ဖြစ်လာသည်။ မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သယံဇာတပစ္စည်းများပေါကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်၏။ လူဦးရေနှင့်စားလျှင်စားနိုင်လောက်အောင် ရှိကြသည်ဟုလည်း ဆိုကြ၏။ စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် တင်းမီးအားကို ပေးနိုင်သော ရေတံခွန်များ၊ လုပ်စစ်ဓာတ်အားအကြီးအကျယ်ထုတ်လုပ်ရေးအတွက် အလားအလာကောင်းများ၊ စက်မှုကုန်ကြမ်းဖြစ်သော ဓာတ်သတ္တုများလည်း ရှိပေသည်။ သို့သော် ထိုပစ္စည်းအရပ်ရပ်သည် အသုံးမပြုရသေးသော ရင်းမြစ်အများအပြားအဖြစ်သာ ရှိနေသည်။[၁] ၎င်းတို့သည် နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် အခြေခံဓာတ်မြစ်များဖြစ်သဖြင့် သေချာကျနစွာ စာရင်းဇယားချ၍ လေ့လာရန်၊ ဖော်ထုတ်ရန်၊ အသုံးပြုရန်လိုအပ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အာသာဆန္ဒရှိရုံမျှနှင့် အနိုင်ကျင့်ရန် အကြောင်းမရှိချေ။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ လက်ရှိသမားရိုးကျနည်းများထက် ပို၍ တိုးတက်ကောင်းမွန်သော နည်းသစ်များကိုရှာကြံမည်။ ခေတ်မီစက်ရုံများတည်ဆောက်မည်ဟုနိုင်ငံတော်အစိုးရက ရည်ရွယ်သည်။ သို့သော် တိုးတက်မှုသည် ဤမျှဖြင့် လမ်းဆုံးပြီဟုမယူဆ။ ဘဝသစ်ကို ရှေးရှုခြင်း၌ အသုံးကျသောနည်းလမ်းများအဖြစ်သာ ရှုမြင်ခြင်းဟုလည်း ခံယူထားသည်။ ဤယုံကြည်ချက်ခံယူချက်တို့ဖြင့် ပြည်သူတို့၏ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် စိတ်အားလက်အားရှိရေးတို့၌ ကြောင့်ကြမှုလုံးဝကင်းသော နိုင်ငံတော်သစ်ကြီးတစ်ခု ဖန်တီးတည်ဆောက်ရန် ရည်ရွယ်ခဲ့သည်။[၂]

ရည်ရွယ်ချက် ဖြစ်မြောက်အောင်မြင်စေရေးအတွက် နိုင်ငံတော် အစိုးရသည် ပြည်တွင်းပြည်ပ နှစ်ဌာနမှ ညာချင်များကို တာဝန်ပေးအပ်သည်။ လိုအပ်သော လေ့လာရေးများ ပြုလုပ်ရန်၊ စာရင်းဇယားများပြုစုရန်နှင့် စီမံကိန်းများရေးဆွဲရန် နိုင်ငံခြားပါရဂူများ ခေါ်ယူရေးကို အမေရိကန်နှင့် မြန်မာနိုင်ငံတို့ ၁၉၅၀ ပြည့်နှစ်တွင်တာလတွင် ချုပ်ဆိုသောသဘောတူညီချက်ဖြင့် စတင် အကောင်အထည်ဖော်သည်။ ထိုသဘောတူညီချက်ကို အမေရိကန်တို့က STEM[၃] ဟုခေါ်၍ မြန်မာနိုင်ငံတွင် အီး စီ အေ[၄] သဘောတူညီချက်ဟု လူသိများသည်။

မြန်မာနိုင်ငံသည် ထိုအီးစီအေ အကူအညီဖြင့် စီးပွားရေးနှင့် အင်ဂျင်နီယာ ဆိုင်ရာ စူးစမ်းလေ့လာရေးများ ပြုလုပ်၍ စစ်တမ်းများ အစီရင်ခံစာများ တင်သွင်းရန် အမေရိကန် အင်ဂျင်နီယာများနှင့် စီးပွားရေးပါရဂူများကို ၂ နှစ် ကန်ထရိုက်ဖြင့် ငှားရမ်းသည်။

၁။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၉ - ၁၀

၂။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၁၂

၃။ STEM — Special Technical and Economic Mission to Burma

၄။ ECA — Economic Cooperation Agreement

ထိုသို့ငှားရမ်းခဲ့သော ကျွမ်းကျင်သူ ပညာရှင် အဖွဲ့များမှာ နက်ပင်တစ်ပက်အက်ဘက် အင်ဂျင်နီယာကုမ္ပဏီ[၁]၊ ပီးယားစ် အုပ်ချုပ်ရေး ကုမ္ပဏီ[၂] မှ အင်ဂျင်နီယာများနှင့် ရောဘတ် ဂနေသန်အက်ဆိုစီရိတ် ကုမ္ပဏီ[၃] မှ စီးပွားရေး အတိုင်ပင်ခံများဖြစ်သည်။ ထိုကျွမ်းကျင်သူ ပညာရှင်များအဖွဲ့ကို အတိုကောက်အားဖြင့် ကေတီအေဟု ခေါ်ကြသည်။

စာချုပ်ပါ စည်းကမ်းချက်များအရ မြန်မာနိုင်ငံအစိုးရ၏ လိုအပ်ချက်များကို ဆောင်ရွက်ရန် ကေတီအေမှ ဝန်ထမ်းများသည် ၁၉၅၁ ခုနှစ်၊ ဇက်တင်ဘာလဆန်းတွင် ရောက်ရှိလာသည်။ ကျွမ်းကျင်သူ ပညာရှင်များမှာ ထိုနှစ် အောက်တိုဘာလလယ်ခန့်တွင် ရောက်ရှိကြသည်။ ထိုပညာရှင်များသည် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးချဲ့လုပ်ကိုင်မှု အစီအစဉ်အတွက် လိုအပ်မည့် စူးစမ်းလေ့လာရေးများပြုလုပ်၍ စီမံကိန်းများ ရေးဆွဲတင်ပြကြရမည်ဖြစ်သည်။ အထူးအားဖြင့် နိုင်ငံတော်၏ သယံဇာတပစ္စည်းများကို တူးဖော်ရေးနှင့် စက်မှုလက်မှု လုပ်ငန်းတိုးချဲ့လုပ်ကိုင်ရေးအတွက် စုံစမ်းရှာဖွေလေ့လာရန်၊ လျှပ်စစ်ဓာတ်အား၊ ဆည်မြောင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ရင်းနှီး မတည်ငွေမြှုပ်နှံခြင်းကိုလေ့လာ၍ အကြံပေးရန်၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးပါ အစီအစဉ်များ စီမံကိန်းများကို ထိရောက်ဆုံး အကောင်အထည်ဖော်ရန်၊ လိုအပ်သော အုပ်ချုပ်ရေး ယန္တရားနှင့်စပ်လျဉ်း၍ အကြံပေးရန်၊ အစိုးရက စခိုင်းပါက စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အင်ဂျင်နီယာပုံစံများမရေးဆွဲမီ လိုအပ်သောအင်ဂျင်နီယာဘက်ဆိုင်ရာ ပဏာမစုံစမ်းလေ့လာမှုတို့တွင် ညွှန်ကြားရန် အကြံပေးရန် တာဝန်ရှိလေသည်။[၄]

ကေတီအေအဖွဲ့ကိုငှားရမ်းခ အမေရိကန်ဒေါ်လာ နှစ်သန်းကို အီးစီအေမှကျခံ၍ ပြည်တွင်းသုံးငွေကို နိုင်ငံတော်အစိုးရက အကုန်အကျခံသည်။ အရပ်ရပ်စူးစမ်းလေ့လာရေးများ ပြုလုပ်ပြီးနောက် ကေတီအေသည် ၁၉၅၂ ခု ဇန်နဝါရီလတွင် ပဏာမအစီရင်ခံစာကို နိုင်ငံတော်အစိုးရထံတင်သွင်းသည်။

ကေတီအေ၏ ပဏာမ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ တစ်နေ့တခြားတိုးပွားလာသော လူဦးရေနှင့် အလုပ်သမားအင်အားအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ထုတ်ဖော်ပေးနိုင်စေရန် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်တည်ထောင်ရန် အရေးကြီးသည်ဟု ဖော်ပြသည်။ ထို့ပြင် ဆန်စပါးနှင့် အခြား အနည်းငယ်မျှသော နိုင်ငံခြားထုတ်ကုန်များကို တင်ပို့ရောင်းချခြင်းအပေါ်တွင် အမှီကမှုရှိအားထားနေရခြင်း လျော့နည်းသက်သာစေရန်လည်းကောင်း၊ နိုင်ငံခြားမှ ကုန်ပစ္စည်းများတင်သွင်း ဝယ်ယူရသဖြင့် နိုင်ငံခြား သုံးငွေကုန်ကျမှု

၁။ Knappen Tippetts Abbett Engineering Company (KTA)

၂။ Pierce Management Company

၃။ Robert R. Nathan Associate Inc.

၄။ စီးပွားရေးစစ်တမ်း ၁၉၅၂၊ စာ ၂၃

လျော့နည်းစေရန်လည်းကောင်း၊ ပြည်သူလူထု စားသုံးရန်အတွက် လိုအပ်သော ကုန်ပစ္စည်းများကို အမျိုးအမည်အရေအတွက်အားဖြင့် တိုးတက်ထုတ်လုပ်ပေး နိုင်စေရန်လည်းကောင်း စက်မှုလက်မှုလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန် လိုအပ်ကြောင်းတင်ပြသည်။[1]

စီးပွားရေးတိုးချဲ့ လုပ်ကိုင်မှု အစီအစဉ်တွင် လိုအပ်သောစီမံကိန်းများရေးဆွဲနိုင်ရန် နိုင်ငံတော်၏ ကုန်ထုတ်ရပ်တန်ဖိုးကို စစ်မဖြစ်မီကာလ ၁၉၃၈-၃၉ ခုနှစ်ကို စံထား၍ တွက်ချက်တင်ပြသည်။ နိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ စားဝတ်နေရေး အဆင့်အတန်းကို စစ်မဖြစ်မီ စံချိန်သို့ရောက်ရှိစေရုံသာမက ထိုထက်သာ၍ သွန်မြင့်မားသော အခြေအနေသို့ ပို့ဆောင်ရန် နိုင်ငံတော်အစိုးရက ရည်မှန်းသဖြင့် လိုအပ်သော မတည်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်အကြံပေးသည်။ ကေတီအေ ပညာမအစီရင်ခံစာက ပျက်စီးဆုံးပါးခဲ့သော အရပ်ရပ် မတည်ငွေရင်းများ၊ ပစ္စည်းကိရိယာများ ပြန်လည်ပျိုးထောင်ရန်လည်းကောင်း၊ လူဦးရေတိုးပွားလာသည်ကို ကာမိရန်နှင့် စစ်မဖြစ်မီကထက် နေထိုင်စားသောက်မှုအဆင့်အတန်း မြင့်မားလာစေရန်လည်းကောင်း၊ ၁၉၅၂ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်းလုပ်ငန်းအမျိုးမျိုး၌ ငွေပေါင်း ကျပ် ၇၅၀ ကုဋေ ရင်းနှီးမြှုပ်နှံရန် လိုအပ်မည်ဟုဆိုသည်။ ထိုတိုးချဲ့လုပ်ကိုင်မှု အစီအစဉ်ဖြင့် နိုင်ငံ၏ ကုန်ထုတ်ရပ် တန်ဖိုးသည် ၁၉၅၉-၆၀ ပြည့်နှစ်တွင် ကျပ် သန်းပေါင်း ၇၀၀၀ အထိ တိုးမြင့်လာမည်ဟု ခန့်မှန်းတင်ပြသည်။ ကုန်ကျမည့်ငွေသုံးပုံနှစ်ပုံခန့်မှာ ပြည်တွင်းမှပစ္စည်းနှင့်လုပ်အားအတွက်ဖြစ်ပြီးလျှင် ကျန်သုံးပုံတစ်ပုံမှာ နိုင်ငံခြားမှ စက်ပစ္စည်းများအတွက်ဖြစ်မည်ဟု ခန့်မှန်းထားသည်။[2]

ကေတီအေ ပညာမ အစီရင်ခံစာက လုပ်ငန်း အမျိုးမျိုးနှင့် ပတ်သက်သော စီမံကိန်း အချို့ကို မြန်မာနိုင်ငံ၏ ငွေအင်အားနှင့်ပင် ချက်ချင်းလုပ်ကိုင် ဆောင်ရွက်ရန်လည်း ထောက်ခံထားသည်။ ထိုလုပ်ငန်းများအတွက် ကျပ် ၇၅ ကုဋေခန့် ကုန်ကျမည်ဟု ခန့်မှန်းရာ၌ ၄၆ ကုဋေမှာ နိုင်ငံတွင်း၌ပင် သုံးစွဲ၍ ၂၉ ကုဋေမှာ နိုင်ငံခြားမှ ပစ္စည်းဝယ်ယူရာ၌ သုံးရန်ဟု တင်ပြသည်။ အစီရင်ခံစာကို လက်ခံရရှိပြီးနောက် နိုင်ငံတော်အစိုးရသည် ထောက်ခံချက် အသီးသီးကို စဉ်းစားရန် ဌာနအသီးသီးမှ အစိုးရအရာရှိများပါဝင်သော အဖွဲ့ငယ် ၇ ဖွဲ့ကို ဖွဲ့စည်းသည်။ အဖွဲ့ငယ်များက အစီရင်ခံစာကို ခြုံငုံစဉ်းစားပြီးနောက် အစီရင်ခံစာ ထပ်မံတင်သွင်းသည်ကို အထွေထွေအဖွဲ့က ညှိနှိုင်းစဉ်းစားသည်။ အထွေထွေအဖွဲ့နှင့်တကွ အဖွဲ့ငယ်များသည် ကေတီအေ အစီရင်ခံစာကို အသေးစိတ် စဉ်းစား၍ ပြောင်းလဲပြုပြင် ဖြည့်စွက်ချက်များဖြင့် စီးပွားရေးကောင်စီသို့တင်သွင်းကာ နိုင်ငံတော်အစိုးရ၏ အတည်ပြုချက် ရယူခဲ့သည်။[3]

၁။ KTA : *Preliminary Report*, p. x
၂။ စီးပွားရေးစစ်တမ်း ၁၉၅၂၊ စာ ၂၄
၃။ စီးပွားရေးစစ်တမ်း ၁၉၅၂၊ စာ ၂၄

ထိုသို့ အတည်ပြုချက်ရယူနိုင်ရန် ၁၉၅၂ ခု မတ်လ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ ရန်ကုန်မြို့၊ စိန့်ပေါကျောင်း အစည်းအဝေးခန်းမကြီး၌ ဖဆပလ ပါလီမန် အမတ်များ အစည်းအဝေးကျင်းပကြသည်။ ထိုအစည်းအဝေးတွင် ခေတ်သစ်မြန်မာပြည်တော်သာသို့ ဈေးရှု၍ အစိုးရဌာနအသီးသီးမှ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် စီမံကိန်းများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ကေတီအေ၏ ပဏာမ အစီရင်ခံစာကို ထိုသို့အကြိမ်ကြိမ် အဆင့်ဆင့် ဆွေးနွေး စဉ်းစားပြုပြင်ကြပြီးနောက် ပြည်ထောင်စု အစိုးရသည် "ခေတ်သစ် မြန်မာပြည်တော်သာ" နိုင်ငံကြီးကို တည်ထောင် အကောင်အထည်ဖော်ပေးမည့် စီမံကိန်းကြီးများကို ဆွေးနွေး ချမှတ်ရန် သမိုင်းဝင် ပြည်တော်သာ ညီလာခံကို ၁၉၅၂ ခု ဩဂုတ်လ ၄ ရက်နေ့မှ ၁၇ ရက် နေ့အထိ ၁၄ ရက်တိုင် ခေါ်ယူကျင်းပသည်။ ထိုညီလာခံတွင် နိုင်ငံအတွက် အရေး ကြီးလှသည့် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု လုပ်ငန်းများကို နိုးနှော၊ဖလှယ်၍ အဓိကကျသော စီးပွားရေး စီမံကိန်းများ ချမှတ် လုပ်ဆောင်နိုင်ရန် ထောက်ခံချက်များ ပါရှိသော အစီရင် ခံစာတစ်စောင်ကို တင်သွင်းသည်။ ထိုညီလာခံသို့ အစိုးရ အဖွဲ့ဝင်များ၊ ပါလီမန်အမတ်များ၊ အတွင်းဝန်များ၊ တိုင်းမင်းကြီးများ၊ အထက်တန်း အရာရှိကြီးများ၊ လူထုအဖွဲ့အစည်းများ ဖြစ်ကြသော ဖဆပလ[၁]၊ ဗတလစ[၂] နိုင်ငံရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါ အဝင် ကိုယ်စားလှယ်ပေါင်း တစ်ထောင်ခန့် တက်ရောက်ကြသည်။

ပြည်တော်သာညီလာခံသို့ အစီအစဉ် ဆယ်ရပ်တင်သွင်း အဆိုပြု၍ အတည်ပြုချက် ရယူသည်။ ထိုအစီအစဉ် ဆယ်ရပ်မှာ အာဏာခွဲဝေရေး၊ ဒေသန္တရ အုပ်ချုပ်ရေး၊ လယ်ယာ စိုက်ပျိုးရေး၊ စီးပွားရေး တိုးချဲ့လုပ်ကိုင်ရေး၊ လယ်ယာပြည်သူပိုင်လုပ်ရေး၊ မဖွံ့ဖြိုးသေး သော နယ်မြေဒေသများအရေး၊ အိုးအိမ်ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ပညာရေး နှင့် ပြည်သူ့ကျန်းမာရေးတို့ ဖြစ်ကြသည်။[၃] ဤဆယ်မျိုးအနက် အဓိက စီမံကိန်းများမှာ ကေတီအေ၏ ပဏာမ အစီရင်ခံစာတွင်ပါသော ငွေပင်ငွေရင်း မြှုပ်နှံမှုနှင့် အမျိုးသား ကုန်ထုတ်ရပ်မြင့်မားတိုးတက်ရေး ရည်မှန်းချက်များ၊ ကေတီအေက ထောက်ခံတင်ပြထား သော လောလောဆယ် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များပင် ဖြစ်သည်။ စီမံကိန်းကာလကို ၁၉၅၂ ခုမှ ၁၉၆၀ ပြည့်နှစ်အထိ ရှစ်နှစ် သတ်မှတ် အကောင်အထည်ဖော်မည်ဖြစ်သော ကြောင့် ဤစီမံကိန်းကို စီးပွားရေးတိုးတက်မှု ရှစ်နှစ်စီမံကိန်းဟု အမည်တပ်သည်။ သို့သော် ပြည်တော်သာရမည် ဟူသော ကြွေးကြော်သံဖြင့် ပြည်တော်သာ ညီလာခံတွင်

၁။ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့

၂။ ဗမာပြည် တောင်သူလယ်သမား အစည်းအရုံး

၃။ *Pyidawtha Conference*, Introduction

ချမှတ် အတည်ပြုသဖြင့် ပြည်တော်သာ စီမံကိန်းဟု လူသိများသည်။ ကေတီအေ၏ ပဏာမ အစီရင်ခံစာပါ ထောက်ခံ တင်ပြချက်များအပေါ် မူတည်သော စီမံကိန်း ဖြစ်သဖြင့် ကေတီအေ စီမံကိန်းဟုလည်း အချို့က ခေါ်ကြသည်။

စီးပွားရေးနှင့် လူမှုရေးတိုးတက်ဖွံ့ဖြိုးမှု ရှစ်နှစ်စီမံကိန်းအရ လယ်ယာစိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ထင်းမီးဓာတ်အား၊ ဓာတ်သတ္တုများ၊ စက်မှုလုပ်ငန်း၊ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ ပညာရေး၊ အိမ်ရာဆောက်လုပ်ရေးနှင့် လူမှုရေးလုပ်ငန်းကြီးများကို စီမံကိန်း ကာလအတွင်း တစ်ပြိုင်တည်း တိုးချဲ့လုပ်ကိုင်သွားရန် ရည်မှန်းသည်။ ဤစီးပွားရေးစီမံကိန်းသည် ပြည်တော်သာ ခေတ်သစ်မြန်မာနိုင်ငံအတွက် စီးပွားရေး အုတ်မြစ်ကြီးတစ်ခုအဖြစ် လျာထားသတ်မှတ်သဖြင့် လယ်ယာထွက်ကုန်နှင့် စက်ရုံထွက် ပစ္စည်းများ ပြည်သူလူထုအတွက် အမျိုးစုံအများအစား ထွက်ပေါ်လာမည်ဟုလည်းကောင်း၊ ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်း မြင့်မား လာမည်ဟုလည်းကောင်း မျှော်မှန်းသည်။[၁] အချုပ်အားဖြင့်စီးပွားရေးရှစ်နှစ်စီမံကိန်းသည်ပြည်သူလူထု၏နေထိုင်မှုအဆင့်အတန်းကို ၁၉၆၀ ပြည့်နှစ်တွင် သိသိသာသာတိုးမြင့်စေရန်ရည်ရွယ်သည်။ ပြည်ထောင်စုသားတို့၏ စီးပွားရေးနှင့် လူမှုရေး အခြေအနေများ အဆက်မပြတ် တိုးတက်ကောင်းမွန်လာရေး အတွက် အခြေခံအုတ်မြစ် တည်ဆောက်ပေးရန်လည်း ရည်ရွယ်သည်။[၂]

ထိုရည်မှန်းချက် အောင်မြင်စေရန် ၁၉၆၀ ပြည့်နှစ် ကို ပြည်တော်သာပန်းတိုင် အဖြစ် သတ်မှတ်၍ ၁၉၅၂ ခုမှ ၁၉၆၀ ပြည့်နှစ်အထိ ရှစ်နှစ်အတွင်းစီမံကိန်းဝင်လုပ်ငန်းအရပ်ရပ် အတွက် အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့မှ ကျပ် ၇၅၀ ကုဋေ ရင်းနှီးမြှုပ်နှံရန် သတ်မှတ်သည်။ ဤသို့ရင်းနှီးမြှုပ်နှံ လုပ်ဆောင်ပါက နိုင်ငံ၏ ကုန်ထုတ်ရပ်သည် ၁၉၆၀ ပြည့်နှစ်တွင် ကုဋေ ၇၀၀ ခန့် (၁၉၅၀-၅၁ ဈေးနှုန်းဖြင့်) ဖြစ်လာမည်။ တစ်ဦးနှုန်းကျဝင်ငွေသည် ၃၄၀ ကျပ်ရှိ၍ တစ်ဦးကျ စားသုံးမှုသည် ကျပ် ၂၂၅ ရှိလာမည်ဖြစ်၏။ ၁၉၅၂ ခုနှစ်ထက် ၆၃ ရာခိုင်နှုန်း၊ စစ်မဖြစ်မီကာလ ၁၉၃၈-၃၉ ခုနှစ်ထက် ၃၈ ရာခိုင်နှုန်း တိုးမြင့်မည် ဖြစ်သည်။ ဤပြည်တော်သာ ပန်းတိုင်သို့ ရောက်စေရန် စီမံကိန်းကာလ ပထမနှစ်များတွင် နိုင်ငံတော်အစိုးရက ဓာတ်သတ္တု တူးဖော်ရေးတွင် ၄ ကုဋေ၊ စက်မှုလုပ်ငန်းများတွင် ၁၅ ကုဋေ၊ လျှပ်စစ်ဓာတ်အားတွင် ၁၅ ကုဋေ၊ ဆည်မြောင်းတွင် ၂၅ ကုဋေ၊ ဆက်သွယ်ရေးတွင် ၃ ကုဋေ၊ မီးရထားတွင် ကုဋေ ၂၀ နှင့် လမ်းပန်း၊ ဆိပ်ကမ်း စသည်တွင် ၁၉ ကုဋေ၊ စုစုပေါင်း ကုဋေ ၁၀၀ ရင်းနှီးမြှုပ်နှံရမည်ဟုလည်း သတ်မှတ်ခဲ့သည်။[၃]

၁။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၁၆

၂။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၃၆

၃။ Resolution No. 4 *The Pyidawtha Conference*, 1952, p. 35

တိုးချဲ့လုပ်ကိုင်ရေး အစီအစဉ်သည် စီမံကိန်းကာလ ရှစ်နှစ်အတွင်း အထူးကျွမ်းကျင်မှုဖြင့်လုပ်ကိုင်ရန်လိုအပ်သော လုပ်ငန်းခွင်အသစ် သုံးသောင်းနှစ်ထောင်ခန့်ကို ဖန်တီးပေးမည်ဟုလည်း မျှော်မှန်းသဖြင့် တိုးပွားလာသော လူဦးရေအတွက် အလုပ်အမျိုးမျိုးရနိုင်မည်ဟုဆိုသည်။ စီမံကိန်းလုပ်ငန်း အရပ်ရပ်အတွက် လိုအပ်သော ကျွမ်းကျင်ပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဗိသုကာများ၊ စီမံအုပ်ချုပ်သူများ စသည်တို့ကို မွေးထုတ်ရန်လည်း စီစဉ်ချက်ရှိသည်။ ထို့အပြင် စီမံကိန်းကြီး တစ်ခုလုံးကိုခြုံ၍ ကြီးကြပ် အုပ်ချုပ်သွားရန်လည်းကောင်း၊ လုပ်ငန်းတစ်ခုနှင့်တစ်ခု ဆက်စပ်မိစေရန်လည်းကောင်း အစိုးရက ဌာနကြီး နှစ် ခုဖွဲ့စည်းသည်။ ထိုဌာနကြီး နှစ်ခုအနက် အမျိုးသားစီမံကိန်းဝန်ကြီးဌာနသည် တိုးချဲ့လုပ်ကိုင်မှုအစီအစဉ်ကြီးမှ တစ်နှစ်တစ်နှစ်အတွက် ဆောင်ရွက်လုပ်ကိုင်သွားမည့် အစီအစဉ်ကို ရေးဆွဲပေးခြင်း၊ လုပ်ငန်းစဉ်ကို အခြေအနေ ပြောင်းလဲမှုနှင့် လိုက်လျောညီစွာ အပ်စပ်စေခြင်း၊ အသေးသဖြင့် အစိုးရဌာန အားလုံး၏ စီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင်တာ အရပ်ရပ်ကို တစ်ခုနှင့်တစ်ခု ပေါင်းစည်း ဆက်စပ်ပေးခြင်းတို့ကို လုပ်ဆောင်သည်။ နိုင်ငံတော် ဝန်ကြီးချုပ် အမှူးပြုသော စီးပွားရေးနှင့် လူမှုရေးအဖွဲ့က တိုးချဲ့လုပ်ကိုင်မှု အစီအစဉ်၏ တိုးတက်မှုကို အစဉ်မပြတ် ဂရုစိုက်စောင့်ကြည့်သည်။ ပေါ်ပေါက်လာသော ပြဿနာရပ်များ ဝါဒရေးရာများနှင့် စပ်လျဉ်း၍ အစိုးရအား အကြံပေးသည်။ ဤနည်းဖြင့် ပြည်တော်သာ ညီလာခံမှ ချမှတ်အတည်ပြုသော စီးပွားရေး ရှစ်နှစ်စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ကြသည်။

ပြည်တော်သာညီလာခံမှ ချမှတ်အတည်ပြုသော စီးပွားရေး ရှစ်နှစ်စီမံကိန်းများအပေါ် အခြေခံ၍ ကေတီအေအဖွဲ့သည် ပိုမိုကျယ်ပြန့် ပြည့်စုံသော အစီရင်ခံစာ[၁]ကို ၎င်းတို့၏ ကန်ထရိုက်သက်တမ်း ၂ နှစ်ကုန်ဆုံးချိန် ၁၉၅၃ ခု ဩဂုတ်လ ၂၅ ရက်နေ့တွင် အစိုးရထံ တင်သွင်းသည်။ ကျယ်ပြန့်သော အစီရင်ခံစာတွင်ပါဝင်သော စီမံကိန်းများသည် ပြည်တော်သာညီလာခံမှ ချမှတ်သော စီးပွားရေး တိုးချဲ့လုပ်ကိုင်မှု ရှစ်နှစ်စီမံကိန်းတွင် ပါသော လုပ်ငန်းများ စီမံကိန်းများ အစီအစဉ်များနှင့် ထပ်တူထပ်မျှနီးပါး ဖြစ်လေသည်။

ပြည်တော်သာ စက်မှု စီမံကိန်းများ

ခေတ်သစ်မြန်မာ ပြည်တော်သာ နိုင်ငံကြီးအဖြစ်ကို မျှော်မှန်း ချမှတ်သော စီးပွားရေး တိုးချဲ့လုပ်ကိုင်မှု ရှစ်နှစ် စီမံကိန်းတွင် စက်မှုလုပ်ငန်းများ ထူထောင်ရေး စီမံကိန်းလည်း တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါဝင်သည်။

၁။ *Comprehensive Report on Economic and Engineering Survey of Burma.*

မြန်မာနိုင်ငံ၏ ၁၉၅၉ ခုနှစ် ဝန်းကျင်က စက်မှုလုပ်ငန်းများသည် အိမ်တွင်းလုပ်ငန်း အဆင့်မျှသာ ရှိသေးသည်။ ခေတ်မီ စက်ကိရိယာများဖြင့် ထုတ်လုပ်မှု အလွန်နည်းသေးသည်။ အလုပ်သမား ဌာနခွဲက ပြုစုထားသည့် စာရင်းအရသော် ၁၉၅၁ ခုနှစ်အတွင်းက ဆန်စက် ၈၁၂ လုံး၊ သစ်စက် ၁၉၄ လုံး၊ ဆီစက် ၁၁၀၊ ဂျုံစက် ၈၀၊ ဝါဖန်စက်နှင့် ချည်မျှင်စက် ၆၇၊ အရက်ချက်ရုံ ၁၆၊ သကြားစက် ၃၊ မီးခြစ်စက် ၃၊ ဖန်ထည်ပစ္စည်း ထုတ်လုပ်သော အသေးစားစက် ၂ လုံး၊ ဘိလပ်မြေစက် ၁၊ ကော်စက် ၁ နှင့် ကြိုးစက်၊ ရော်ဘာပစ္စည်း လုပ်စက် စသည့် အထွေထွေ လုပ်ငန်းကလေးများသာ ရှိသည်။ နိုင်ငံအတွင်း အလုပ်သမား ရှစ်သောင်းကျော် ရှိသည့်အနက် အမြဲတမ်း အလုပ်သမား ၄၃၀၀၀ သာရှိသည်။ ထိုအလုပ်သမားထု တစ်ရပ်လုံး၏ ၁၀ ရာခိုင်နှုန်း ကျော်ကျော်သည်သာ စက်မှုလက်မှု လုပ်ငန်းကြီးငယ်များတွင် လုပ်ကိုင်ကြသည်။ ထို့စဉ်က လူသုံးကုန်အခြေခံ ပစ္စည်းများဖြစ်သည့် အိမ်မိုးပစ္စည်း၊ ကြမ်းခင်း၊ အုတ်ကြွပ် စသည့် အဆောက်အအုံဆိုင်ရာ ပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ သတ္တဝါဆေး၊ စက္ကူ၊ ပိုးသတ်ဆေး၊ ဖန်ထည်နှင့် စားသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် ခေတ်မီ အစီအမံများ မရှိသေးချေ။[၁]

ထို့ကြောင့် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး အစီအစဉ်တစ်ရပ် အရေးတကြီး လိုအပ်သည်ဟု ပြည်တော်သာ ညီလာခံက ချမှတ်သည်။ စက်မှုလက်မှု ထူထောင်ရေးကို ဖြည်းဖြည်းနှင့် မှန်မှန် လုပ်ကိုင်သွားခြင်းဖြင့် မျှော်မှန်းသော ခေတ်သစ် မြန်မာနိုင်ငံတော်ကြီးကို အကောင်အထည်ဖော် နိုင်မည်။ တိုးတက်နေသော လူဦးရေအတွက် စက်မှုလက်မှု လုပ်ငန်းသစ်များက အလုပ်အကိုင် ဖန်တီးပေးနိုင်မည်။ နိုင်ငံတွင်း လိုအပ်သော ကုန်ပစ္စည်းများကို စရိတ်သက်သာစွာဖြင့် ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံခြားကို မှီခို အားထားနေရခြင်း နည်းပါးသွားမည်။ ကုန်ပစ္စည်းအမျိုးမျိုးကို ပြည်သူ လူထုလက်သို့ ဈေးနှုန်းသက်သာစွာဖြင့် ပေါပေါများများ ထုတ်ပေးနိုင်မည်။ နိုင်ငံတော် ကာကွယ်ရေးလည်း တောင့်တင်းကြံ့ခိုင်လာစေမည်။ ထို့ပြင် များပြားလှသော သယံဇာတ ပစ္စည်းများကို ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ထက် ပိုလျှံသည်တို့ကို ပြည်ပသို့ ရောင်းချခြင်းဖြင့် နိုင်ငံခြား သုံးငွေ ရရှိရန် အလားအလာ ကောင်းသည်ဟုလည်း နိုင်ငံတော် အစိုးရက ယုံကြည်သည်။[၂]

သို့သော် စက်မှုလက်မှု လုပ်ငန်းများ တိုးချဲ့တည်ဆောက်ရာ၌ လေ့လာမှု ပြင်ဆင်မှု အလုံအလောက် မရှိသေးမီ စက်မှုလက်မှု လုပ်ငန်းကြီးများ အကြီးအကျယ် တည်ထောင်မှုကို အလောသုံးဆယ် မလုပ်မိစေရန် သတိထားရမည်ဟု နိုင်ငံတော် အစိုးရက ချမှတ်သည်။ စက်မှုလက်မှု လုပ်ငန်းဟူသည် တစ်မျိုးနှင့်တစ်မျိုး အညမည သဘောဖြင့် တစ်ခု၏ ဖွံ့ဖြိုး

၁။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၁၀၅ = ၁၀၆

၂။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၁၀၇

မှုသည် အခြားတစ်ခု၏ဖွံ့ဖြိုးမှုနှင့် ဆက်စပ်လျက် ရှိသည်။ ထို့ပြင် စက်မှုကုန်ကြမ်း၊ လုပ်အား၊ လျှပ်စစ်ဓာတ်အား၊ စီမံအုပ်ချုပ်မှု၊ သယ်ယူပို့ဆောင်ရေး၊ အရင်းအနှီးတို့လည်း အကြောင်းချင်းဆက်စပ်လျက် ရှိသည်။ ထို့ကြောင့် စက်မှုလက်မှု လုပ်ငန်းများသည် တဖြည်းဖြည်းနှင့်သာ တိုးတက်ရသော လုပ်ငန်းမျိုး ဖြစ်ရမည်။ စက်မှုလက်မှု ထွန်းကားလာသည်နှင့်အမျှ အလုပ်သမားများ၏ နေရေးထိုင်ရေး ပညာရေးနှင့် အခြား လိုအပ်သမျှတို့ကို လိုလေသေး မရှိရအောင် စီမံခြင်းများ ဆက်ကြပ်ပါရမည်ဟူသော စက်မှု မူဝါဒကို လက်ကိုင်ပြုလေသည်။[၁]

ကေတီအေ၏ ပဏာမ အစီရင်ခံစာကလည်း ကြီးမားသော စက်မှုလုပ်ငန်းများ သို့မဟုတ် ခက်ခဲသော ကုန်ထုတ်နည်းစနစ်များပါသော စက်မှုလုပ်ငန်းများကို ခြင်းချက်ဖြင့် လုပ်ဆောင်သင့်ကြောင်း၊ စက်မှုလက်မှု ထူထောင်ရေးကို ဖြည်းဖြည်း လုပ်ကိုင်သွားရမည်ဖြစ်၍ နိုင်ငံတွင် ရရှိနိုင်မည့် ကုန်ကြမ်းများနှင့် ပြည်တွင်း ဈေးကွက်အပေါ် အခြေခံကာ စက်မှုလက်မှု လုပ်ငန်းသစ်များကို ရွေးချယ် သင့်ကြောင်း တင်ပြသည်။ ကေတီအေ၏ ပဏာမ အစီရင်ခံစာတွင် စက်မှုလက်မှု ထူထောင်ရေးနှင့် စပ်လျဉ်း၍ အောက်ပါစီမံကိန်းများကို အလျင်အမြန် အကောင်အထည်ဖော်ရန် ထောက်ခံတင်ပြထားသည်။[၂]

၁။ ငွေရင်းစွဲ စက်မှုလက်မှု လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရန်နှင့် ထိုလုပ်ငန်းများ ခေတ်မီလာစေရေးအတွက် ကူညီအားပေးရန်၊ စက်မှုလက်မှု လုပ်ငန်းသစ်များ တိုးတက်ဖြစ်ပေါ်လာစေရေးအတွက် စီမံကိန်းများ ရေးဆွဲရန်၊ သို့မဟုတ် စက်မှုလက်မှု လုပ်ငန်းသစ်များ ထူထောင်လိုသူများကို အားပေးကူညီရန်အတွက် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းအဖွဲ့ တည်ထောင်ရန်။

၂။ လက်ရှိ ဆန်စက်များ ခေတ်မီလာစေရေးအတွက် ဆောင်ရွက်ရန်၊ ဆန်စက်အသစ်များအတွက် ခေတ်မီ စက်ပုံစံ ဒီဇိုင်းများ ရေးဆွဲရန်၊ ခေတ်မီဆန်စက် အသစ်တစ်ခု တည်ထောင်ရန်၊ ထို့ပြင်လုပ်ငန်းကျွမ်းကျင်သူများအား ခေတ်မီဆန်ကြိတ်ခွဲပုံ နည်းစနစ်များကို လေ့လာရန်၊ နိုင်ငံခြားသို့ စေလွှတ်သင်ကြား လေ့ကျင့်ရေး အစီအစဉ်တစ်ရပ် ရေးဆွဲရန်၊ ထို့အတူ စပါးကြိတ်ခွဲရာ၌ ဆန်ကွဲအထွက်နှုန်း လျော့နည်းစေရန် ရည်သန်လျက် ဆုချီးမြှင့်သည့်အနေဖြင့် ဈေးနှုန်း တိုးမြှင့် သတ်မှတ်ပေးရန်။

၁။ ခေတ်သစ်မြန်မာပြည်တော်သာ၊ ၁ ၁၀၇

၂။ *Preliminary Report on Economic and Engineering Survey of Burma*, Surmmary of Recommendations, I, p. 129

၃။ ပထမအစတွင် တစ်နှစ်လျှင် ငါးတန်ချိန် နှစ်သောင်း ရရှိနိုင်မည့် ပင်လယ်ငါးဖမ်းလုပ်ငန်းတစ်ခု တည်ထောင်ရန်၊ ငါးတာရှည် ခံအောင် ပြုသည့်နည်းလမ်းများနှင့် ထုတ်လုပ်နည်းများကို စူးစမ်း လေ့လာ၍ ဈေးကွက် သုတေသန ပြုလုပ်ရန်။

၄။ ဆားရေတွင်းများနှင့်စမ်းရေများကိုရှာဖွေလေ့လာ၍ကုန်းပိုင်းတွင်ဆားထွက်သည့်နေရာများကို ရှာဖွေရန်၊ ကုန်းပိုင်းနှင့် ပင်လယ်ရေ နှစ်မျိုးလုံးမှ ဆားထုတ်လုပ်ရန်အတွက် ခေတ်မီ စက်ကိရိယာများ၏ ပဏာမ ဒီဇိုင်း ပုံစံများ ရေးဆွဲရယူရန်။

၅။ ဝါးမှ စက္ကူနှင့် ပျော့ဖတ် ထုတ်လုပ်သည့် စက်ရုံ တစ်ခုအတွက် ပဏာမ ဒီဇိုင်း ပုံစံများ ရေးဆွဲရန်၊ သို့မှသာ ကုန်ကျမည့် ရင်းနှီးငွေနှင့် ကုန်ထုတ်လုပ်ခ စရိတ်များကို အနီးစပ်ဆုံး တွက်ချက်နိုင်မည်ဖြစ်ပြီးလျှင် စီမံကိန်း အောင်မြင်မှု အလားအလာကို မှန်းဆနိုင်မည်ဖြစ်သည်။

၆။ ခေတ်မီ ဓါးကရက်စက်ရုံတစ်ခု တည်ထောင်ရန်အတွက် လေ့လာရန်၊ နိုင်ငံခြားငွေ သက်သာစေရန်နှင့် အစိုးရ၏ ဝင်ငွေ တိုးလာစေရန် ပြည်တွင်း၌ စိုက်ပျိုးရရှိသော ဗာဂျီးနီးယား ဆေးရွက်ကို ၎င်းစက်ရုံအတွက် လုံလောက်စွာ ရမည်မရမည်ကို ခန့်မှန်းရန်။

၇။ ပြည်တွင်း အုတ်ကြွပ်သုံးစွဲမှု အခြေအနေကို လေ့လာပြီးလျှင် အစိုးရ အုတ်ကြွပ်စက်တည်ဆောက်ရန် အဆိုပြုချက်ကို ပြန်လည် စိစစ်ရန်။

၈။ ကျွန်းမဟုတ်သည့် အခြားသစ်များကို ကြိတ်ခွဲရန်အတွက် သစ်စက်သုံးခုတည်ဆောက်ရန် လျာထားသော အစိုးရ၏ အဆိုပြုချက်ကို ပြန်လည် ဆန်းစစ်ရန်နှင့် ထိုစက်များတွင် ပါဝင်မည့် ကုန်ထုတ်လုပ်ငန်းများ ပူးပေါင်းရေးကို စဉ်းစားရန်။

၉။ ရော်ဘာ၊ တာယာနှင့် ကျွတ်များ၊ စက်မှုလုပ်ငန်းသုံး ရော်ဘာပစ္စည်းများ ထုတ်လုပ်ရန်အတွက် ရော်ဘာစက်ရုံတစ်ခု၏ ပဏာမ စက်ပုံစံဒီဇိုင်းများကို အခြေခံပြီးလျှင် အင်ဂျင်နီယာနှင့် စီးပွားရေးရာ လေ့လာမှု တစ်ရပ်ပြုလုပ်ရန်။

၁၀။ နိုင်ငံတွင်းရှိ သံတိုသံစများ မည်မျှ ရှိသည်ကို သိသာရန် ကျွမ်းကျင်သူတစ်ယောက်အား ခေါ်ယူခန့်မှန်းစေပြီးလျှင် ယင်းသံတိုသံစများကို ပြည်တွင်း၌ သံရည်ကျိုစက်တည်ဆောက်၍ အသုံးပြုရန် သို့မဟုတ် နိုင်ငံခြား ဈေးကွက်သို့ ရောင်းချရေးကို စုံစမ်းလေ့လာရန်။

၁။ *Preliminary Report*, Summary of Recommendations, I, p. 129

လောလောဆယ် လုပ်ဆောင်သင့်သည့် ဖော်ပြပါ လုပ်ငန်းများအပြင် အချိန်ယူ၍ လေ့လာလုပ်ဆောင်ရမည့် ရေရှည် စီမံကိန်းများကိုလည်း ကေတီအေ၏ ပဏာမ အစီရင်ခံစာတွင် ထောက်ခံ တင်ပြထားသည်။ ရေရှည် စီမံကိန်းမှာ အကြမ်းဖျင်းအားဖြင့် ၁၃ ခု ရှိသည်။

၎င်းတို့မှာ—

၁။ ဘိလပ်မြေ သုံးစွဲမှု တိုးတက်မြင့်မားလာသဖြင့် တိုးတက် လိုအပ်ချက်ကို တွက်ပြီးလျှင် လက်ရှိ ဘိလပ်မြေ စက်ကို တိုးချဲ့ရန်၊ သို့မဟုတ် စက်သစ်များ တည်ဆောက်ရန်အတွက် အင်ဂျင်နီယာနှင့် စီးပွားရေးဆိုင်ရာ လေ့လာမှုများ ပြုလုပ်ရန်။

၂။ ကြံစိုက်ပျိုးသည့် ဧရိယာ တိုးချဲ့ရေးနှင့် ကြံစိုက်ပျိုးသူများအတွက် ကြံဈေးနှုန်းတစ်ခုတီထွင် ပြုလုပ်ရေးကို လေ့လာရန်၊ ထို့ပြင် ရှိရင်းစွဲ သကြားစက်များ ပြန်လည် ထူထောင်ရေးအတွက် ကုန်ကျမည့် စရိတ်ငွေများကို ခန့်မှန်းတွက်ချက်ရန်။

၃။ ဆပ်ပြာထုတ်လုပ်ခ စရိတ်ကို ဆန်းစစ် လေ့လာ၍ ပြည်သူတို့အတွက် အမျိုးအစား ကောင်းမွန်သော ဆပ်ပြာများကို ဈေးနှုန်းချိုသာစွာ ရရှိနိုင်စေရေးကို လေ့လာရန်၊ ထို့ပြင် ဆပ်ပြာ စံချိန် စံညွှန်းများ ထားရှိရေးကို စဉ်းစားရန်။

၄။ ဈေးကွက် အခြေအနေ ကောင်းလျှင် ခေတ်မီ ဖန်ချက်စက်ရုံတစ်ခု တည်ဆောက်ရန်၊ ထိုရည်ရွယ်ချက်ဖြင့် ဖန်ပုလင်း၊ မှန်ချပ်နှင့် အခြား ဖန်ထည်ပစ္စည်းများ သုံးစွဲမှုနှင့် ဈေးကွက် အခြေအနေကို လေ့လာရန်။

၅။ ရှိရင်းစွဲ ကြွေထည် မြေထည် လုပ်ငန်းများ ခေတ်မီလာစေရန် လိုအပ်သော ရင်းနှီးငွေနှင့် စက်မှု အကူအညီ ပေးရေးကို စဉ်းစားရန်။

၆။ အဆိုပြုထားသော ဆားချက် လုပ်ငန်းနှင့် တွဲဖက်လျက် ကော့စတစ်ဆိုဒါနှင့် ကလိုရင်း[၁] စက်ရုံတစ်ခု တည်ဆောက်ရန် ပဏာမ ဒီဇိုင်း ပုံစံများ ရေးဆွဲရန်။

၇။ နောင်ဖြစ်ပေါ်လာမည့် သွပ်သတ္တုရိုင်းမှ သွပ်သတ္တုစင် ထုတ်လုပ်သည့် လုပ်ငန်းနှင့် တွဲဖက်လျက် ကန့်ငရဲမီး[၂] စက်ရုံတစ်ခုတည်ဆောက်ရေးကို လျာထားရန်။

၁။ Caustic Soda and Chlorine

၂။ Sulphuric Acid

၈။ ဂုန်လျှော် တိုးချဲ့စိုက်ပျိုးရေးကို စူးစမ်း လေ့လာ၍ ပြည်တွင်းသုံး လုံလောက်ခေမည့် ဂုန်နီစက်ရုံတစ်ခု တည်ဆောက်ရေးကို စဉ်းစားရန်။

၉။ မြေပဲ စိုက်ပျိုးရေးကို စစ်မဖြစ်မီ အခြေအနေသို့ ပြန်လည်ရောက်ရှိ လာစေရေးအတွက် အားပေး ကူညီရန်နှင့် စက်မှု သုံးဆီ၊ ဟင်းသီး ဟင်းရွက်ဆီများ တိုးချဲ့ထုတ်လုပ် နိုင်ရေးကို စူးစမ်း လေ့လာရန်။

၁၀။ ဓာတ်မြေသြဇာ အမျိုးအစားအလိုက် နှစ်စဉ် လိုအပ်ချက်ကို ခန့်မှန်းခြင်း၊ ဓာတ်မြေသြဇာ ထုတ်လုပ်ရေးတွင် လိုအပ်သော ကုန်ကြမ်း ပစ္စည်းများ ရရှိရေးနှင့် ယင်းကုန်ကြမ်း ပစ္စည်းများ၏ ဈေးနှုန်း တန်ဖိုးများကို လေ့လာခြင်း၊ ဓာတ်မြေသြဇာစက် ပဏာမ ဒီဇိုင်း ပုံစံနှင့် ခန့်မှန်းခြေ ရင်းနှီး မြှုပ်နှံငွေ လိုအပ်ချက်၊ လူအင်အား၊ ပစ္စည်းအင်အား စသည့် လိုအပ်ချက်များကို စူးစမ်း လေ့လာခြင်းများ ပြုလုပ်ရန်၊ စွမ်းအင် ရရှိရေးအတွက် ကုန်ကျမည့် စရိတ်စကများ၊ လမ်းပန်း ဆက်သွယ်ရေး စရိတ်စကများ စသည်တို့ အပေါ် မှီငြမ်းပြုပြီးလျှင် ဓာတ်မြေသြဇာစက် တည်ဆောက်သည့် နေရာကို ယာယီ ရွေးချယ်ရန်။

၁၁။ ဘိလပ်ရည် သောက်သုံးမှုနှင့် ဈေးကွက်အခြေအနေ စူးစမ်း လေ့လာရန်နှင့် ပုဂ္ဂလိကပိုင်မှ ဘိလပ်ရည်လုပ်ငန်းတစ်ခု တည်ထောင်နိုင်ရန်အတွက် အားပေး ကူညီရေးကို စဉ်းစားရန်။

၁၂။ စက်မှုလက်မှုလုပ်ငန်းများအမျိုးအမျိုးဆိုး တိုးတက်ဖြစ်ထွန်းလာရေးကိုအထောက်အကူဖြစ်စေရန် အစိုးရ၏ အကောက်ခွန်ကောက်ယူခြင်း၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်းနှင့် နိုင်ငံခြားငွေ ရယူသုံးစွဲမှု စသည်တို့နှင့် စပ်လျဉ်းသည့် မူဝါဒများကို တစ်ခုစီ သေချာစွာ လေ့လာရန်။

၁၃။ စီးပွားရေးတိုးတက်မှု အစီအစဉ်နှင့် ကိုက်ညီမည့် နွားနို့ နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်မှု၊ သိုးနှံကြိတ်ခွဲမှုနှင့် အခြားစက်မှုလက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဈေးကွက်နှင့်စက်မှုပိုင်းဆိုင်ရာ အချက်အလက်များကို လေ့လာရန်တို့ဖြစ်သည်။[၁]

ကေတီအေ၏ ပဏာမအစီရင်ခံစာပါ စက်မှုဆိုင်ရာ ရေတိုရေရှည် စီမံကိန်းများကို ပြည်တော်သာ ညီလာခံက ပြင်ဆင်ဖြည့်စွက် ပြောင်းလဲချက်များဖြင့် လက်ခံအတည်ပြုသည်။ ညီလာခံတွင် စက်မှုနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်မြင့်က ကေတီအေအဖွဲ့က တင်ပြသော ရေတိုရေရှည် စီမံကိန်းများကို အစိုးရက လက်ခံပြီးဖြစ်ကြောင်း၊ လောလောဆယ် လုပ်ဆောင်

၁။ *Preliminary Report*, Summary of Recommendations, pp. 129-30

ရမည့် စီမံကိန်းများအနက် ဗိုင်တင် ရေအားလျှပ်စစ် စီမံကိန်း၊ စက္ကူစက်စီမံကိန်း၊ ကလေးဝ ကျောက်မီးသွေးတွင်းစီမံကိန်းနှင့် အင်တီမိုနီ[1] စီမံကိန်းများကို အသေးစိတ်လေ့လာမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။[2]

စီးပွားရေး တိုးချဲ့လုပ်ကိုင်မှုဖြစ်သော ပြည်တော်သာစီမံကိန်း စက်မှုကဏ္ဍတွင် စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားတိုးတက်လာစေရေးကို ရှေးရှု၍ ရန်ကုန်၊ မြင်းခြံနှင့် စစ်တွေဟူသော စက်မှုဗဟိုဌာနကြီးသုံးခု တည်ဆောက်၍ စက်မှုစီမံကိန်းပေါင်း ၄၅ ခုကို လုပ်ဆောင်ရန်လျာထားသတ်မှတ်သည်။ ထိုစီမံကိန်း ၄၅ ခုမှာ လေ့လာပြီးဖြစ်၍ ကောင်စီအား ထောက်ခံတင်ပြထားသော စီမံကိန်းများဖြစ်သည်။ စက်မှုဗဟိုဌာနကြီး သုံးခုတွင် လုပ်ဆောင်သွားမည့် စီမံကိန်းများကို သုံးဆင့်ခွဲခြားထားသည်။[3]

ပထမအဆင့်တွင် လောလောဆယ် တည်ထောင်ရန် အရေးတကြီးလိုအပ်နေသော စက်မှုလက်မှုလုပ်ငန်းများ၊ သို့မဟုတ် အခြားစက်မှု လုပ်ငန်းများကို စတင်နိုင်ရန် လိုအပ်သော ဝတ္ထုပစ္စည်းတို့ကို ထုတ်လုပ်ပေးနိုင်သော လုပ်ငန်းများပါဝင်သည်။ ပထမဆင့်တွင် လုပ်ငန်းပြီးမြောက်အောင်မြင်စေရန် ၄ နှစ်၊ ၅ နှစ်ခန့် ပြင်းပြင်းထန်ထန် လုပ်ဆောင်ရန် လိုသည်ဟု ချမှတ်သည်။

ဒုတိယအဆင့်တွင်ပါသော လုပ်ငန်းများကို ပထမဆင့်လုပ်ငန်းများ အပြီးတွင် လုပ်ဆောင်ရမည်ဖြစ်သည်။ သို့သော် အချို့လုပ်ငန်းများကို ပထမဆင့်မပြီးမီ စတင်တည်ဆောက်မည်။ ဒုတိယ ၅ နှစ်ကာလအတွင်း ပြီးပြတ်စေရမည်ဟု သတ်မှတ်သည်။

ပထမဆင့်နှင့် ဒုတိယဆင့်တို့တွင် မပြီးပြတ်သော လုပ်ငန်းများကို အဆင့်ဆင့် တိုးချဲ့လုပ်ကိုင်ခြင်း၊ လုပ်ငန်းသစ်များ ထူထောင်ခြင်းတို့ကို တတိယအဆင့်အဖြစ် လုပ်ဆောင်ရန် သတ်မှတ်သည်။ တတိယဆင့်တွင် စီမံကိန်းများရေးဆွဲရေးကို တိုးသာဆုတ်သာအောင် အချိန်ကာလသတ်မှတ်ခြင်းမရှိဘဲ လွတ်လပ်စွာ ဖွင့်ထားသည်။[4]

ထိုသို့အဆင့်သုံးဆင့်ခွဲ၍ လုပ်ဆောင်သွားမည့် စက်မှုလက်မှု စီမံကိန်းများကို သတ်မှတ်ထားသော စက်မှုလက်မှု ဗဟိုဌာနကြီးသုံးခုတွင် တည်ဆောက် အကောင်အထည်ဖော်ရန် ချမှတ်သည်။

၁။ Antimony

၂။ *Pyidawtha Conference,* 1952, pp. 39-40

၃။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၁၀၉

၄။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၁၀၉

နိုင်ငံတော်၏ အနောက်ဘက်ကမ်းရိုးတန်းဒေသ၏ ဆိပ်ကမ်း မြို့ကြီးတစ်မြို့ဖြစ်သော စစ်တွေမြို့နှင့် လိုဒေသ ဝန်းကျင်ကို စက်မှုလက်မှု ဗဟိုဌာနကြီးတစ်ခုအဖြစ် သတ်မှတ်ရာ၌ စိုင်ကင်ရေတံခွန်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးကို အဓိကထားခဲ့သည်။ ရေအား လျှပ်စစ်ဓာတ် ဈေးပေါပေါနှင့် ရနိုင်မည့်အပြင် ရေနက်သော ကုလားတန်မြစ်သည် သယ်ယူပို့ဆောင်ရေးကို လွယ်ကူစေမည်ဖြစ်သည်။ ထို့အပြင် ရေဖောဖောသီသီရနိုင်ခြင်း၊ စက်ရုံများအတွက် အလုပ်သမားအလုံအလောက် ရနိုင်ခြင်းတို့ကလည်း စက်မှုလက်မှု လုပ်ငန်းများ အောင်မြင်ရေးကို အထောက်အကူပြုမည်ဟု မျှော်မှန်းခဲ့သည်။ ထို့ကြောင့် စစ်တွေ စက်မှု ဗဟိုဌာနကြီးတွင် ဝါးပျော့ဖတ်စက်နှင့် စက္ကူစက်၊ ထုံးစက်ရုံ၊ ကျောက်စက်ရုံ၊ ခေတ်မီ ဆားဖို၊ ကယ်လ်ဆီယမ်ကာဘိုက်စက်ရုံ၊ ကော့စတစ်ဆိုဒါနှင့် ကလိုရင်းစက်ရုံတို့ တည်ထောင်ရန် လျာထားသတ်မှတ်သည်။[၁]

လျာထားသည့် စီမံကိန်း ၆ ခုအနက် ဝါးပျော့ဖတ်စက်ရုံနှင့် စက္ကူစက် စီမံကိန်းသည် အရေးပါလှ၏။ ထိုစဉ်က မြန်မာနိုင်ငံ၏ စက္ကူ သုံးစွဲမှုသည် တစ်နှစ်လျှင် တန်ချိန် ၇၆၀၀ ရှိသည်။ ပြည်တော်သာ စီမံကိန်း ပန်းတိုင်ဖြစ်သော ၁၉၆၀ ပြည့်နှစ်ဝန်းကျင်တွင် တန်ချိန် ၉၀၀၀ ထက်မက သုံးစွဲမည်ဟု ခန့်မှန်းသည်။

ထိုလိုအပ်ချက်များကို နိုင်ငံခြားမှ ဈေးကြီးကြီးပေး၍ ဝယ်ယူသုံးစွဲ နေရပေသည်။ စစ်တွေဒေသဝန်းကျင်ရှိ ဝါးတော၊ သစ်တောကြီးများသည် လိုအပ်နေသော ကုန်ကြမ်းတို့ကို ဖြည့်ဆည်းပေးမည်ဖြစ်သည်။ ထို့ကြောင့် စစ်တွေမြို့အထက် ၁၃ မိုင်အကွာ ကုလားတန်မြစ်ကမ်းတွင်ရှိသော ပုဏ္ဏားကျွန်းမြို့၌ တစ်နှစ်လျှင် တန်ချိန် ၃၀၀၀၀ ထွက်မည့် ခေတ်မီပျော့ဖတ်နှင့် စက္ကူစက်ရုံတစ်ရုံ တည်ထောင်ရန် စီမံကိန်းချမှတ်သည်။ ထွက်မည့် ပျော့ဖတ်တန်ချိန် ၃၀၀၀၀ အနက် တန်ချိန် ၁၀၀၀၀ ကို စက္ကူပြုလုပ်၍ ပြည်တွင်း၌ သုံးပြီးတန်ချိန် ၂၀၀၀၀ ကို ပြည်ပသို့ တင်ပို့ရောင်းချမည်ဟု မျှော်မှန်းသည်။ စက်ရုံကို တည်ထောင်ခြင်းဖြင့် ဒေသခံနယ်မြေမှ စက်ရုံအလုပ်သမား ၁၅၀၀ ခန့်အပြင် သစ်တောနှင့် သစ်ဖောင်သုပ်သား ၂၅၀၀ ခန့် အလုပ်ရရှိမည်ဟုလည်း မျှော်မှန်းခဲ့သည်။

စက္ကူစက်ရုံတွင် လိုအပ်သော ထုံးနှင့်အခြား လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တစ်နှစ်လျှင် တန် ၁၅၀၀ ထုတ်နိုင်မည့် ခေတ်မီထုံးစက်ရုံတစ်ခုကို စက္ကူစက်အနီး၌ပင် တည်ဆောက်ရန် လျာထားသည်။ ထုံးစက်ရုံကို ၁၈ လအတွင်း အပြီးတည်ဆောက် ရမည်ဖြစ်သည်။ ထုံးစက်ရုံတွင် လိုအပ်မည့် ထုံးကျောက်များကို ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်းနှင့် ရဲကျွန်းများမှလည်းကောင်း၊ သံတွဲမြို့အနီး ကုန်းမကြီးပေါ်မှလည်းကောင်း ရရှိ

၁။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၁၀၉–၁၁၃

နိုင်သည်။ ထုံးစက်ရုံသို့ ထုံးကျောက် အလုံအလောက် ပေးသွင်းနိုင်ရန် ခွဲကြိတ်ခြင်း၊ ဆန်ကာချခြင်း ပြုလုပ်မည့် ထုံးကျောက်စက်ရုံ တစ်ခုကို တည်ဆောက်ရန် အကောင်းဆုံး နေရာရှာဖွေရွေးချယ်သည်။

မြန်မာနိုင်ငံသည် စားပွဲတင် အမျိုးကောင်းဆားကို နိုင်ငံခြားမှ ဈေးကြီးပေး၍ ဝယ်ယူနေရသည်။ ထို့ကြောင့် စက်မှုလုပ်ငန်းသုံး ဆားအမျိုးမျိုးနှင့် စားပွဲတင် ဆား အမြောက်အမြားချက်လုပ်ပေးနိုင်မည့် ခေတ်မီ ဆားချက်စက်ရုံတစ်လုံးကို စစ်တွေမြို့အနီး တည်ဆောက်ရန် စီမံကိန်းကချမှတ်သည်။ စီမံကိန်းအရ ဂန့်ဂေါဒေသရှိ လက်ရှိဆားဖိုများအားတိုးချဲ့လုပ်ကိုင်ရေးနှင့် ခေတ်မီ ဆားချက်နည်းများကို သင်ကြားပေးရေးတို့ကိုလည်း စီစဉ်သည်။

စစ်တွေ စက်မှု ဗဟိုဌာနကြီးအောက်ရှိ စက်မှု စီမံကိန်း ခြောက်ခုတွင် အပါအဝင် ဖြစ်သော ကယ်လ်ဆီယမ်ကာဘိုက်[1] စက်ရုံကို စစ်တွေအနီး သင့်တော်သော နေရာတစ်ခုတွင် တည်ဆောက်ရန် လျာထားသည်။ တစ်နှစ်လျှင် ကယ်လ်ဆီယမ်ကာဘိုက် တန်ချိန် ၃၀၀၀ ထုတ်နိုင်မည့် စက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းဖြစ်သည့် ထုံးကျောက်နှင့်ထင်းမီးသွေးကို အလွယ်တကူရနိုင်မည်ဖြစ်သည်။ ဤစက်ရုံအောင်မြင်ပါက မော်တော်ကားရုံတိုင်း၊ သင်္ဘော တိုင်းနှင့် စက်ချုံအလုပ်ရုံတိုင်း၌ သံသတ္တုများ ဖြတ်တောက်ခြင်း၊ ဂဟေဆော်ခြင်းတို့တွင် အသုံးပြုရသော အဆက်တီလင်းဓာတ်ငွေ့ကို ထုတ်ပေးနိုင်မည်။ ထို့ပြင် ဗီနိုင်း ပလတ်စတစ်[2] များထုတ်လုပ်နိုင်မည်ဟုမျှော်မှန်းခဲ့သည်။

ကော့စတစ်ဆိုဒါနှင့် ကလိုရင်း စက်ရုံကို စက္ကူစက်ရုံနှင့် ကပ်လျက် တည်ဆောက်ရန် ရည်ရွယ်သည်။ စက်ရုံထွက် ကလိုရင်းဓာတ်ငွေ့များကို ပျော့ဖတ် စက်တွင်သုံး၍ ကော့စတစ်ဆိုဒါကို ဆပ်ပြာလုပ်ငန်းတွင်သုံးရမည်ဖြစ်သည်။ ထို့ပြင် ကလိုရင်းဓာတ်ငွေ့ကို ကုန်ကြမ်း အဖြစ် အသုံးပြုလျက် ပြည်သူလူထု ကျန်းမာရေးနှင့် ကောက်ပဲသီးနှံများ ကာကွယ်ရေး အတွက် လိုအပ်သော ပိုးသတ်ဆေးများ[3] ထုတ်လုပ် နိုင်မည်ဖြစ်သည်။

မြင်းခြံဒေသသည် ဧရာဝတီနှင့် ချင်းတွင်းမြစ်ဆုံရာဖြစ်သည့်အပြင် ရှမ်းပြည်နယ်၊ ကချင် ပြည်နယ်နှင့် ကယားပြည်နယ်တို့မှလည်း ကားလမ်းအားဖြင့်လည်းကောင်း၊ မီးရထားလမ်းဖြင့် လည်းကောင်း ကူးလူးဆက်ဆံနိုင်သော ဒေသဖြစ်သည်။ မန္တလေး လားရှိုး ဒေသများနှင့်လည်း အဆက်အသွယ်လွယ်ကူသည်။ ထို့ကြောင့် ဤနေရာတွင် စက်မှုလက်မှုထွန်းကားလာပါက

၁။ Calcium Carbide

၂။ Vinyl Plastics

၃။ Germicides and Insecticides

နိုင်ငံတော်အလယ်ပိုင်းနှင့်တကွ တစ်နိုင်ငံလုံး အကျိုးဖြစ်ထွန်းမည်ဟု မျှော်မှန်းသည်။ မြင်းခြံဒေသ၌ စက်မှုလက်မှုထွန်းကားလာရေးအတွက် ဘောဂချက်မှာ ကလေးဝ ကျောက်မီးသွေးပင် ဖြစ်သည်။ ၎င်းကျောက်မီးသွေးတွင်းမှ ကျောက်မီးသွေးနှင့် ဘိလူးချောင်းမှ ရရှိသော လျှပ်စစ်ဓာတ်အားသည် လောခင်မှ သတ္တုတွင်းများ တူးဖော်လုပ်ကိုင်ရေး၊ သတ္တုကျိုစက်နှင့် ချေးညှိဘဲစက်များလည်ပတ်ရေးကိုကူမ်းဆောင်နိုင်မည်။ မြင်းခြံဗဟိုဌာန၌တည်ဆောက်ရန် ရည်ရွယ်သော စက်ရုံများမှာ ဆာလ်ဖျူရစ်အက်စစ် ထုတ်လုပ်ရေးစက်ရုံ၊ ဓာတ်မြေဩဇာ ထုတ်လုပ်ရေးစက်ရုံ၊ ထုံးထုတ်လုပ်ရေးစက်ရုံ၊ ထုံးကျောက်စက်ရုံ၊ ဘိလပ်မြေထုတ်လုပ်ရေး စက်ရုံ၊ သဘာဝဓာတ်ငွေ့ထွက် ပစ္စည်းများစက်ရုံ၊ ဂျစ်ပဆမ်နှင့် ဂျစ်ပဆမ်ထွက်ပစ္စည်း စက်ရုံများဖြစ်ကြသည်။[၁]

မြင်းခြံစက်မှုလက်မှု ဗဟိုဌာနတွင် တည်ဆောက်မည့် စီမံကိန်းများကား အရေးပါလှသည်။ ဆာလ်ဖျူရစ်အက်ဆစ်[၂] သည် ဓာတ်မြေဩဇာများ၊ ဆေးဝါးများ၊ ပိုးသတ်ဆေးများ၊ အရောင်တင်ဆေးများ၊ ဆိုးဆေးများစသည်တို့ ထုတ်လုပ်ရာတွင် အသုံးပြုရသည်။ ကိုလိုနီခေတ်က ဘီအိုစီ ကုမ္ပဏီတွင် ဆာလ်ဖျူရစ်အက်ဆစ်စက်ရုံနှစ်ရုံရှိခဲ့သည်။ စက်ရုံမှထွက်သမျှကို ရေနံချက်လုပ်ရာတွင် အသုံးပြုသည်။ စီမံကိန်း ရေးဆွဲချိန်က ရန်ကုန်တွင် ပုဂ္ဂလိကပိုင် စက်ရုံ အသေးစားတစ်ခုသာရှိလေသည်။ လိုအပ်သော ဆာလ်ဖျူရစ်အက်ဆစ်ကို နိုင်ငံခြားမှဝယ်ယူနေရသဖြင့် ဓာတ်မြေဩဇာများပြုလုပ်ရေးနှင့်အခြားခေတ်မီစက်မှုလုပ်ငန်းများအတွက်အခြေခံ အုတ်မြစ်ချနိုင်ရန် မြင်းခြံစီမံကိန်းတွင် ဆာလ်ဖျူရစ်အက်စစ်စက်ရုံတစ်ခု တည်ဆောက်ရန် ရည်သန်ခဲ့ခြင်းဖြစ်သည်။

စိုက်ပျိုးရေးနိုင်ငံတစ်ခုဖြစ်သောမြန်မာနိုင်ငံအတွက်ဓာတ်မြေဩဇာ ထုတ်လုပ်ရေးသည် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဖြစ်ပေသည်။ ထို့ကြောင့် ဦးစားပေး စီမံကိန်းအဖြစ်ဖြင့် အမိုးနီးယား၊ ယူရီးယား၊ အမိုနီယမ်ဆာလ်ဖိတ်၊ ဆူပါဖော့စဖိတ် စသည့် ဓာတ်မြေဩဇာများ ထုတ်လုပ်ရန်စက်ရုံတစ်ခုတည်ဆောက်ရန် သတ်မှတ်သည်။ စက်ရုံလည်ပတ်ရေးသည်ကလေးဝမှ ကျောက်မီးသွေးနှင့် ဘိလူးချောင်း၌ ဆောက်လုပ်ရန် ကြံရွယ်ထားသော ရေအားလျှပ်စစ် ဓာတ်အားရရှိမှုပေါ်တွင် တည်နေသည်။ စီမံကိန်း အောင်မြင်ပါက နိုင်ငံအတွင်း လိုအပ်သော ဓာတ်မြေဩဇာ၏ ၁၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်မှန်းသည်။

မြင်းခြံစီမံကိန်းဝင် စက်ရုံများအတွက်လည်းကောင်း၊ ပြန်လည်ထူထောင်ရေးအဆောက်အအုံ၊ တိုက်တာအိမ်ခြေများ ဆောက်လုပ်ရေးတွင်လည်းကောင်း ထုံးလိုအပ်သဖြင့် မြင်းခြံ

၁။ ခေတ်သစ်မြန်မာပြည်တော်သာ၊ ၁၁ ၁၁၃–၁၁၇

၂။ Sulphuric Acid

စက်မှုဗဟိုဌာနကြွင်လည်း ထုံးစက်၊ ထုံးကျောက်စက်များ တည်ဆောက်ရန် လိုအပ်ပေသည်။ ဝင်တော စီမံကိန်းတွင် ဆောက်လုပ်မည့်ထုံးစက်၊ ထုံးကျောက်စက်များသည် ထိုဒေသသုံးမျှသာ ရမည်ဖြစ်၏။ ထို့ကြောင့် မြင်းခြံစက်မှုလက်မှုဒေသသစ်အတွက် ထုံးစက်၊ ထုံးကျောက်စက်များ တည်ရန် စီမံကိန်းရေးဆွဲခြင်းဖြစ်သည်။

စစ်အပြီးတွင် အသက်တာကမ္ဘာ ပြန်လည်ထူထောင်တည်ဆောက်ရေးများ၊ တိုးချဲ့ရေးများ အတွက် ဘိလပ်မြေအလွန်လိုအပ်သည်။ သရက်မြို့ရှိ ဘိလပ်မြေစက်သည် တစ်နှစ်လျှင်တန်ချိန် ၆၀၀၀၀ နီးပါးထွက်သည်။ စီမံကိန်းကာလပြီးဆုံးချိန် ၁၉၆၀ ပြည့်ခန့်တွင် ဘိလပ်မြေ လိုအပ်ချက်သည် တန်ချိန် ၁၂၀၀၀၀ ရှိမည်ဟု ခန့်မှန်းသည်။ ပြည်တော်သာ စီမံကိန်းကဆောက်လုပ်ရန် လျာထားသတ်မှတ်ထားသော ရေကာတာကြီး သုံးခုအတွက်ပင် အနည်းဆုံး ဘိလပ်မြေ တန်ချိန် ၈၀၀၀၀ လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် သရက်မြို့ရှိ ဘိလပ်မြေစက်ရုံကို အထွက် နှစ်ဆတိုးအောင် ချဲ့ရပေမည်။ သို့မဟုတ် ဘိလပ်မြေ အသုံးများသောရန်ကုန်အနီး၌ဘိလပ်မြေ စက်အသစ်တစ်ခု တည်ဆောက်ရပေမည်။ သရက်ဘိလပ်မြေစက်သည် မြန်မာနိုင်ငံတော် အလယ်ပိုင်း မြင်းခြံစက်မှုလုပ်ငန်းဌာနကြီး၏ အစိတ်အပိုင်းတစ်ခုဟု စီမံကိန်းက သတ်မှတ်ထားပေသည်။

သဘာဝဓာတ်ငွေ့မှ ရော်ဘာတာယာနှင့် သစ်ဆော်ဆေး ထုတ်လုပ်မှုတွင် အရေးပါသော ကာဗွန်အနက်[၁] တစ်မျိုးထုတ်လုပ် ပေးနိုင်သည်။ ထို့ကြောင့် မြင်းခြံဒေသတွင် ထိုစက်ရုံတည်ရန် သင့်လျော်သည်ဟုချမှတ်သည်။

အလားတူပင် မြင်းခြံဒေသ တစ်ဝိုက်တွင် ရနိုင်သော ဂေါဒန်ကျောက် (ဂျစ်ပဆမ်) သည် ဓာတ်မြေဩဇာ ထုတ်လုပ်ရန် ဆာလ်ဖျူရစ် အက်ဆစ် ထုတ်ယူရာ၌ အရေးကြီးသည်။ ထို့ပြင် ဂေါဒန်ကျောက်ကို ကတ်ထူပြား ခန်းဆီးချပ်၊ ပျဉ်အတုကြွပ်၊ ဂျစ်ပဆမ်ပလတ်စတာ ကော်တစ်မျိုးနှင့် ပဲရစ် ပလတ်စတာ ကော်တစ်မျိုးလည်း ထုတ်လုပ်နိုင်သည်။ သရက်မြို့ ဘိလပ်မြေ စက်ရုံတွင် သုံးသော ဂျစ်ပဆမ် အရိုင်းမှာ ရေနံချောင်းမြို့အနီးမှ ထွက်သည်။ သို့သော် မြင်းခြံ ဗဟိုဌာနအောက်ရှိ စက်မှုလုပ်ငန်း များအတွက် ဂေါဒန်ကျောက်လုံလုံ လောက်လောက် ရရှိအောင် ရှာဖွေရေးများ လုပ်ရမည်ဟု စီမံကိန်းက ချမှတ်ထားသည်။

ရန်ကုန်မြို့သည် ပင်လယ်ရေကြောင်း ခရီးများ၊ မြစ်ကြောင်းခရီးများ၊ မီးရထား လမ်းများ၊ ကုန်းလမ်းမကြီးများနှင့် လေကြောင်းခရီးလမ်းများ ဆုံတွေ့ရာ မြို့ကြီးဖြစ်သည်။ ထို့ကြောင့် ရန်ကုန်သည် နိုင်ငံတော် အစိုးရရုံးစိုက်ရာ မြို့တော်သာမက ကုန်သန်းရောင်းဝယ် ရေး၊ ကုန်စည် ဖြန့်ဖြူးရေးနှင့်တကွ ဘဏ်လုပ်ငန်းများ စုံလင်သော အချက်အချာ ဗဟို ဌာနကြီးလည်းဖြစ်သည်။

၁။ Carbon Black

ရန်ကုန် စက်မှုလက်မှု ဗဟိုဌာနကြီးတွင် လျာထားသော စက်မှုလက်မှု စီမံကိန်းများမှာ—

သံမဏိပစ္စည်းစက်ရုံ၊ သစ်သားထည် အလုပ်ရုံ၊ သုံးထပ်သားနှင့် သစ်ပါးကပ်စက်ရုံ၊ ပရိဘောဂစက်ရုံ၊ သစ်ပေါင်းတိုက်စက်ရုံ၊ သစ်ကတ်ပြားစက်ရုံ၊ တန်နင်နှင့်ရှားစေးထုတ်လုပ်ရေး စက်ရုံ၊ မြေစေးနှင့် မြေကျောက် ပစ္စည်းများထုတ်လုပ်ရေးစက်ရုံ၊ ဖန်ထည်ပစ္စည်းထုတ်လုပ်ရေး စက်ရုံ၊ ပုံသွင်းပြီးသား အင်္ဂတေတုံးနှင့် အဘက်(စ်)တို ဘိလပ်မြေ ပစ္စည်းများ လုပ်ငန်းစသော ဆောက်လုပ်ရေးအတွက် ကုန်မာပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းများအပြင် အစားအစာနှင့် အာဟာရ စားကုန်လုပ်ငန်းများ ဖြစ်သော ဟင်းသီးဟင်းရွက်ဆီ လုပ်ငန်း၊ ပဲပိစပ် စားကုန်လုပ်ငန်း၊ သကြားလုပ်ငန်း၊ ဆန်စက်များနှင့် ဆန်ကြိတ်လုပ်ငန်း၊ အသား ထုတ်ခြင်းလုပ်ငန်း၊ နို့ထွက်ပစ္စည်းလုပ်ငန်း၊ သစ်သီးစည်သွတ်လုပ်ငန်း၊ ပင်လယ်ငါး လုပ်ငန်းများ ပါဝင်သည်။ ထို့ပြင် ဝတ်ဆင်ရေးနှင့် ဆိုင်သော အထည်အလိပ်နှင့် အပ်ချည်လုပ်ငန်း၊ ပိုးနှင့် ပိုးထည်ပစ္စည်းလုပ်ငန်း၊ ရေယွန်(ပိုးတု)နှင့် ပိုးတုထည်လုပ်ငန်း၊ သိုးမွေးထည်လုပ်ငန်း၊ ဝါဂွမ်းနှင့် ချည်ထည်ပစ္စည်းများ လုပ်ငန်း၊ ချည်မျှင်စက်များ၊ ရက်ကန်းစက်ရုံများ၊ အထည်အချောကိုင်နှင့် ဆေးဆိုးစက်ရုံများ၊ သဘောဆေးနှင့် အရောင်တင်ဆီ စက်ရုံလုပ်ငန်း၊ ကြက်ပေါင်စေးနှင့် ကြက်ပေါင်စေးပစ္စည်းများလုပ်ငန်း၊ ဂုန်လျှော်နှင့်ဂုန်လျှော်ပစ္စည်းများ လုပ်ငန်းများလည်းပါသည်။ အထက်ပါ လုပ်ငန်းများအပြင် ပရဆေးကို အခြေခံသော ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့် အနောက်နိုင်ငံဆေးဝါးများ ထုတ်လုပ်ရေး လုပ်ငန်းများ၊ သစ်နှင့် သစ်ထွက် ပစ္စည်းလုပ်ငန်းနှင့် သစ်စက်များကိုပါ တည်ထောင်သွားရန် စီမံကိန်းများ ချမှတ်ခဲ့သည်။[၁]

မြန်မာနိုင်ငံသည် နှစ်စဉ် သံမဏိတန်ချိန် ၄၀၀၀၀ ခန့် တင်သွင်းနေရသဖြင့် စစ်အတွင်း ကြွင်းကျန်သော သံတိုသံစများကို အသုံးပြုပြီး သံတိုင်၊ သံပြား၊ ဝါယာကြိုး၊ သံမှို၊ အိမ်ရိုက်သံ စသည်ဖြင့် ထုတ်လုပ်ရန်အတွက် သံမဏိ ပစ္စည်းစက်ရုံကို ၃ နှစ်အတွင်း အပြီးတည်ဆောက်ရန် စီမံကိန်းချမှတ်ခြင်းဖြစ်သည်။ သံမဏိစက်ရုံတွင် လူ ၅၀၀ ခန့် အလုပ်ရရှိမည်ဖြစ်ပြီး နှစ်စဉ် ဝင်ငွေမှာ ကျပ် ၁၁ သန်းဖြစ်မည်ဟု ခန့်မှန်းသည်။

ပြည်သူ့ ကျန်းမာရေးအတွက် ဆေးဝါး ထုတ်လုပ်ရေးသည် မရှိမဖြစ် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ဗီတာမင်ဆေးပြား၊ ကဆေး၊ ပင်နီဆီလင်၊ နီကိုတင်နစ်အက်ဆစ်၊ နို့အစားထိုး ကလေးသုံးပစ္စည်းများ ထုတ်လုပ်နိုင်ရန် ဆေးဝါးထုတ်လုပ်ရေးစက်ရုံတစ်ခု တည်ဆောက်မည်ဟု လျာထားသည်။ ပထမအဆင့် အဖြစ် ကျောက်ရောဂါ

၁။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၁၁၇–၁၃၀

ကာကွယ်ဆေး၊ ပိုးသတ်ဆေး၊ ကန့်ဆေးများ ထုတ်လုပ်ရန် ရည်ရွယ်သည်။ မြန်မာနိုင်ငံသည် နှစ်စဉ် ငွေအားနှစ်ကုဋေဖိုး ပြည်ပမှ တင်သွင်းဝယ်ယူနေရသည်။ ထို့ကြောင့် ၃ နှစ်အတွင်း ဆေးဝါးထုတ်လုပ်နိုင်ရန် အဆောက်အအုံကို ပြီးစီးအောင် ဆောက်လုပ်မည်။ လုပ်ငန်း စတင်ရန် ဗြိတိသျှကုမ္ပဏီ တစ်ခုနှင့် စာချုပ်ချုပ်ဆိုသည်။ ကုန်ကြမ်း အချို့ကို ပြည်ပမှ ဝယ်ယူ၍ အချို့ ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းမှပင် ပြုပြင် ထုတ်လုပ်ပေးရန် ရည်မှန်း ထားသည်။[၁]

မဟာရန်ကုန် စက်မှု ဇယ်ီဋ္ဌာနတွင် ဆောက်လုပ်ရေး ပစ္စည်းများ ထုတ်လုပ်ရန် စီမံကိန်း ၆ ခု ချမှတ်ထားသည်။ ဆောက်လုပ်ရေး ပစ္စည်းများ ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံ များသည် ခေတ်သစ် မြန်မာပြည်တော်သာ စီမံကိန်းကြီးတစ်ခုလုံးကို အထောက်အကူ ဖြစ်စေမည်ဟူသော ခံယူချက်ဖြင့် ရေးဆွဲချမှတ်ခြင်းဖြစ်သည်။ ထို့ကြောင့် သစ်နှင့်သစ်ထွက် ပစ္စည်းများဆိုင်ရာကဏ္ဍတွင် သစ်ခွဲလုပ်ငန်း၏ စွမ်းအားကို တိုးမြှင့်ရန်နှင့် သစ်ထွက်ပစ္စည်း အမျိုးမျိုး ထုတ်လုပ်မည့် ခေတ်မီ လုပ်ငန်းများကို စုံစုံလင်လင် တည်ဆောက်ရန် ချမှတ် သည်။

သစ်ခွဲလုပ်ငန်းစွမ်းအားကို တိုးမြှင့်ရန်အတွက် လက်ရှိအစိုးရ သစ်စက်များတွင် စက်ပစ္စည်း ကိရိယာများ ပြင်ဆင်ခြင်း၊ အသစ် တပ်ဆင်ခြင်း တို့ကို လုပ်ဆောင်ရန်နှင့် နိုင်ငံတော် သစ်ထုတ်လုပ်ငန်းပိုင် သစ်စက်အမှတ်(၃)ကို အပြီးသတ် တည်ဆောက်ရန်၊ သစ်တောထွက် ပစ္စည်းမျိုးစုံ ထုတ်လုပ်ရေးအတွက် ခေတ်မီစက်သစ်တစ်လုံး တည်ဆောက်ရန် သတ်မှတ်သည်။ ထို့ပြင် သစ်သားထည် အလုပ်ရုံ၊ သုံးထပ်သားနှင့် သစ်ပါးကပ်စက်ရုံ တို့ကို သစ်စက် အသစ်အနီးတွင် တည်ဆောက်ရန် ကြံရွယ်သည်။ ပရိဘောဂစက်ရုံ၊ သစ်ပေါင်းတိုက်စက်ရုံ၊ သစ်ကတ်ပြားစက်ရုံ၊ တန်နင်နှင့် ရှားစေး ထုတ်လုပ်ရေး စက်ရုံတို့ကို စီမံကိန်း အဝိုအစဉ် ဒုတိယအဆင့်တွင် လုပ်ကိုင်သွားရန် လျာထားသည်။ ထိုစက်ရုံများကို ရန်ကုန်မြစ်တစ်သောင်ယက်တွင် တစီတတန်းကြီး တည်ဆောက်မည်ဖြစ်ရာ အလုပ်သမား အမျိုးမျိုး ၂၅၀၀၀ ခန့် လိုအပ်မည်ဟု ခန့်မှန်းသည်။[၂]

နိုင်ငံတော် ပြန်လည် ထူထောင်ရေးတွင် စက်ရုံအလုပ်ရုံများ၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိက အဆောက်အအုံ မျိုးစုံများ၊ စေတီပုထိုးများနှင့် လူနေ အိုးအိမ် ၂၄၀၀၀ မျှ ပြင်ဆင်ရန်၊ တည်ဆောက်ရန် လိုပေသည်။ ထို့ကြောင့် ရန်ကုန်အနီးတွင် မြေစေးပစ္စည်းထုတ်လုပ်သော စက်ရုံတစ်ရုံ တည်ဆောက်ရန် စီမံကိန်း ရေးဆွဲသည်။ ထိုစီမံကိန်းဝင် စက်ရုံမှ တစ်နှစ်လျှင်

၁။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၁၁၈

၂။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၁၁၉ – ၁၂၀

အုတ်လေးသန်းနှင့် အုတ်ကြွပ်ခြောက်သန်း ထွက်မည်ဟု ခန့်မှန်းသည်။ ဤစက်ရုံသည် ပထမဆင့် လုပ်ငန်းမျှသာဖြစ်သည်။ နောက်ပိုင်းတွင် မြို့ကြီးတိုင်း၏ အနီးတွင် အလားတူ စက်တစ်ခုကျစီ တည်ဆောက်သွားရန် လျာထားသည်။

ဆောက်လုပ်ရေး လုပ်ငန်းများ အတွက်လည်းကောင်း၊ အသုံးအဆောင် ပစ္စည်းများ အဖြစ်လည်းကောင်း မှန်၊ ဖန်၊ ဖန်ဘူး၊ ပုလင်းစသော ဖန်ထည်များ ထုတ်လုပ်ရန် ဖန်ချက် စက်ရုံတစ်ခုကို စီမံကိန်း ဒုတိယအဆင့်တွင် ရန်ကုန်အနီး၌ တည်ဆောက်ရန် စီမံကိန်းက ချမှတ်သည်။ အလားတူပင် ပုံသွင်းပြီးသား အင်္ဂတေတုံးနှင့် အဘက်(စ်)တို ဘိလပ်မြေ ပစ္စည်းများ ထုတ်လုပ်ရန် စက်ရုံတစ်ခုကို စီမံကိန်း ပထမအဆင့်တွင် တည်ဆောက်ရန်ချမှတ်ထားသည်။ နောက်ပိုင်းတွင် အလားတူ စက်မျိုးနှစ်ဆယ်သုံးဆယ်မျှ တိုးတက် ဆောက်လုပ်သွားမည်ဟုလည်း စီမံကိန်းက လျာထားသည်။

စားသောက်ကုန် လုပ်ငန်းများ ထုတ်လုပ်ရေး[၁] အတွက် ရန်ကုန်စက်မှု ဇုတ်ဌာနတွင် တည်ဆောက်ရန် လျာထားသော စက်များတွင် ဟင်းသီးဟင်းရွက်ဆီ ထုတ်လုပ်ရန် စက်များ ပါသည်။ စီမံကိန်းအရ အစီအစဉ် ပထမဆင့်တွင် ရန်ကုန်အနီး၌ ဖွဲနုဆီစက်တစ်လုံးတည်ရန် သတ်မှတ်သည်။ မြန်မာနိုင်ငံသည် တစ်နေ့လျှင် ဆီတန်ချိန် ၁၅ တန်အထိ ထုတ်လုပ်နိုင်သော ဖွဲနုဆီစက် ၁၀ လုံးမှ ထုတ်သမျှကို စားသုံးနိုင်သော အခြေအနေရှိသည်။ ထို့ကြောင့် စီမံကိန်း အစီအစဉ် ဒုတိယဆင့်တွင် ဖွဲနုဆီစက် ၂ လုံး ထပ်တည်ရန်လည်းလျာထားသည်။ ထိုအတူ နို့ကို အစားထိုးနိုင်သည့် ဆိုရာ လက်[၂]ခေါ် နို့ကို အစားထိုးနိုင်သည့်နို့ရည် တစ်မျိုးကို ပဲပိစပ်မှ ထုတ်လုပ်ရန် စက်ရုံတစ်ခု တည်ဆောက်မည်ဟုလည်း သတ်မှတ်ထားသည်။ ထိုစက်ရုံသည် တစ်နေ့လျှင် ဆိုရာလက် ကွပ် ၂၀၀၀၀ မျှ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းသဖြင့် စက်ရုံအောင်မြင်လာပါက နို့နှင့်ပတ်သက်သော အစားအစာများ ပြည်ပမှ ဝယ်ယူတင်သွင်းရခြင်း လျော့နည်းသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် သကြားစားသုံးမှု မနည်းလှချေ။ ပြည်ပမှ တင်သွင်းစားသုံးနေရသည်။ ထို့ကြောင့် ကြံဒေသများအနီးတွင် သကြားချက်စက်များတည်၍ ရန်ကုန်အနီးတွင် သကြား ချွတ်စက်ကို စက်မှုတိုးချဲ့ရေးပထမဆင့်ကာလတွင် တည်ဆောက်မည်ဟု စီမံကိန်းက ချမှတ်ထားသည်။ ထိုစက်ရုံမှ တစ်နေ့လျှင် ချွတ်ပြီးသား သကြားဖြူပေါင်ချိန် နှစ်သိန်းထွက်မည်ဟု ခန့်မှန်းသည်။

၁။ ခေတ်သစ်မြန်မာပြည်တော်သား၊ စာ ၁၂၂–၁၂၄

၂။ Soyalac milk

ခေတ်မီဆန်စက်များ ဖြစ်ပေါ်လာရေးသည် နိုင်ငံတော်စက်မှုလုပ်ငန်းအတွက် အခြေခံတစ်ခုဟု ပြည်တော်သာစီမံကိန်းက သတ်မှတ်သည်။ ထိုလုပ်ငန်းကို နှစ်ရှည်လုပ်ငန်းစဉ်အဖြစ်ချမှတ်သျက် နိုင်ငံအတွင်းရှိ ဆန်စက်များအနက် တစ်စက်ကို ခေတ်မီစက်ကိရိယာများ တပ်ဆင်ပေးခြင်းဖြင့် ပြင်ဆင်မွမ်းမံမည်ဟု စီစဉ်သည်။ ထို့ပြင် စီမံကိန်းဝင်အစိုးရ စံပြခေတ်မီဆန်စက်တစ်လုံးကို စတင်တည်ဆောက်သည်။

ဘာစားအသောက်ဆိုင်ရာ စီမံကိန်းဝင်လုပ်ငန်းများတွင် အသားထုတ်လုပ်ငန်း၊ နို့ဆီနို့မှုန့်ထုတ်လုပ်ရန်အထိ ရည်မှန်းသော နို့ချက်စက်ရုံ၊ သစ်သီးစည်သွတ်လုပ်ငန်း၊ ငါးကွမ်းရှပ်စည်သွတ်လုပ်ငန်းတစ်ခု၊ ငါးမှုန့်နှင့် ငါးဆီထုတ် စက်ရုံတစ်ခုအပြင် ငါးသိုလှောင်ရန် ရေခဲတိုက် သုံးခုတို့ကိုလည်း ရန်ကုန်အနီးတစ်ဝိုက်တွင် ဆောက်လုပ်ရန် စီမံကိန်းက ချမှတ်ထားသည်။

မြန်မာနိုင်ငံတွင် ဝတ်ဆင်ရေးအတွက် လိုအပ်သော အထည်အလိပ် ချည်မျှင်အပ်ချည်သည်တို့ကို နိုင်ငံခြားမှ ဝယ်ယူသုံးစွဲနေကြရသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားအပေါ် မှီခိုအားထားနေရခြင်းနှင့် နိုင်ငံခြားသုံးငွေ ကုန်ကျနေခြင်းတို့လျော့နည်းစေရန် ပြည်တွင်း၌ တတ်နိုင်သမျှ ထုတ်လုပ်ရမည်ဟု ဗိုလ်ချုပ် အောင်ဆန်းက ညွှန်ကြား မိန့်မြွက် ခဲ့သည့်အတိုင်း ၁၉၄၇ ခုနှစ်က ရေးဆွဲသော စီးပွားရေး ၂ နှစ်စီမံကိန်းတွင် အထည်အလိပ်ထုတ်လုပ်ရေးဆိုင်ရာ စက်ရုံများတည်ထောင်ရန် အဓိကထား၍ ချမှတ်ခဲ့သည်။ ပြည်တော်သာစီမံကိန်းကလည်း အလားတူပင် ရန်ကုန်ဗဟိုစက်မှုဌာနကြီးတွင် အထည်စက်ရုံများ တည်ထောင်ရန်နှင့် စီမံကိန်း ဒုတိယ၊ တတိယအဆင့်များတွင် အခြားမြို့ကြီးများ၌ တိုးချဲ့တည်ဆောက်သွားရန် ရေတိုရေရှည်စီမံကိန်းများ ချမှတ်သည်။

ပိုးနှင့် ပိုးထည်ပစ္စည်းများ ထုတ်လုပ်ရေးအတွက် ပိုးမွေးမြူရေးနှင့် ပိုးစာပင် စိုက်ပျိုးရေးတို့ကို မြစ်ကြီးနားခရိုင်၊ ချင်းတောင်၊ ပြည်ခရိုင်၊ တောင်ငူခရိုင်၊ မေမြို့၊ လားရှိုး၊ ကွတ်ခိုင်၊ ကလော၊ တောင်ကြီး၊ လွိုင်ကော်တို့၌ လုပ်ဆောင်၍ ဗဟိုပိုးချည်ငင်စက်တစ်လုံးကို ရန်ကုန်တစ်ဝိုက်၌ တည်ထောင်ရန်လျာထားသည်။ ထိုစက်သည် တစ်နေ့လျှင် ပိုးအချိန် ၅၇၅ ပေါင်ခန့်ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းရာ ၁၉၅၁-၅၂ ခုနှစ်က ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့ရသော ပိုးထည်ပိုးမျှင်များ နီးပါးရှိမည်ဖြစ်သည်။

ရေယွန် (ပိုးတု) နှင့် ပိုးတုအထည်များထုတ်လုပ်ရေးမှာ အခြားအခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးမှုပေါ်တွင် တည်နေသဖြင့် ရေရှည်လုပ်ငန်းအဖြစ် စီမံကိန်းတွင် ထည့်သွင်းထားသည်။ လိုအပ်သောကုန်ကြမ်းဖြစ်သည့် ဝါဂွမ်း၊ ဝါး၊ ကြံကြိတ်ဖတ်၊ ကိုင်းပင် နှင့်

၁။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၁၂၅-၁၃၀

သစ်အမျိုးမျိုးကို ပြည်ဘွင်း၌ အလွယ်တကူရရှိနိုင်သဖြင့် ခက်ခဲရန်အကြောင်းမရှိ။ အခြေခံစက်မှုလုပ်ငန်းများ တည်ဆောက်ပြီးသည့်အထိ စောင့်ဆိုင်းရန်သာ လိုလေသည်။

မြန်မာနိုင်ငံသည် စစ်မဖြစ်မီက သိုးမွေးအရိုင်းကို နိုင်ငံခြားသို့ရောင်း၍ သိုးမွေးချည်၊ သိုးမွေးထည်များကို ပြန်ဝယ်ယူခဲ့သည်။ ထို့ကြောင့်သိုးမွေးချည်ထုတ်လုပ်ရေးအတွက် သိုးမွေးအရိုင်းများပြုပြင်သော စက်နှင့် ဆိုးဆေးရုံများ တည်ထောင်ရေး၊ သိုးမွေးထည်ရက်လုပ်ရေးတို့ကို နောင်မောက်မြို့နယ်၌ ဖွင့်လှစ်ရန်စီမံကိန်းက ချမှတ်သည်။ ထိုစက်ရုံမှ နောက်ပိုင်းတွင် သိုးမွေးစောင်နှင့် ကော်ဇောများ ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းသည်။

နိုင်ငံခြားမှ အများဆုံး ဝယ်ယူနေရသော ပစ္စည်းများသည် ချည်နှင့်ချည်ထည်များဖြစ်၏၊ အရပ်ရပ်နိုင်ငံခြားသုံးငွေ၏ ၇၅ ရာခိုင်နှုန်းရှိသည်။ နိုင်ငံတော်တွင် စီးပွားရေး ၂ နှစ်စီမံကိန်းအရ အစိုးရကတည်ဆောက်ထားသော ရစ်တိုင်နှစ်သောင်းနှင့် ရက်ကန်းစင်နှစ်ရာပါသည့် ချည်မျှင်နှင့်အထည်စက်ရုံ တစ်ရုံသာရှိသည်။ ပုဂ္ဂလိကစက်ရက်ကန်းစင် ၂၀၀ နှင့် လက်ရက်ကန်းစင်ပေါင်း ၂၅၀၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းသည်။ သို့သော်ပြည်တွင်း ဖုလုံမှုမရှိသေးသည့်အပြင် ချည်ထည်များကို အချောကိုင်ခြင်း၊ အရောင်ချွတ်ခြင်း၊ ဆေးဆိုးခြင်း၊ ပုံရိုက်ခြင်းများကို မလုပ်နိုင်ကြချေ။ ထို့ကြောင့် လက်ရှိအစိုးရချည်မျှင်စက်အရွယ် ချည်မျှင်စက်ကြီး ၄ လုံးတည်ဆောက်ရန်စီမံကိန်းကချမှတ်သည်။ ထိုစက် ၄ လုံးအနက် တစ်လုံးကိုရန်ကုန်မြို့အနီး၌ တည်ဆောက်မည်ဖြစ်သည်။ သို့သော်ပထမစက်တစ်လုံးနှင့် ဒုတိယစက်တစ်လုံးကို မန္တလေးမြို့အနီးအနားတွင် တည်ဆောက်ရန်ရည်ရွယ်သည်။

ထို့ပြင်စက်ရက်ကန်းစင် ၂၀၀ စီပါသောရက်ကန်းစက်ရုံ ၃၀ ခန့်တည်ဆောက်ရန်လည်း လျာထားသည်။ စီမံကိန်းပထမအဆင့်တွင် အစိုးရရက်ကန်းစက်၏ အထည် ရက်လုပ်အားကို နှစ်ဆတိုးမြှင့်ရန်သတ်မှတ်သည်။ နောက်ပိုင်း ရက်ကန်းစက်ရုံများကို မန္တလေး၊ မော်လမြိုင်၊ စစ်တွေခရိုင်များတွင် တည်ဆောက်သွားရန်လျာထားသည်။

ချည်စက်၊ ရက်ကန်းစက်များကို တိုးချဲ့တည်ဆောက်သည်နှင့်အမျှ အချောကိုင်စက်၊ ဆေးဆိုးစက်များလည်း လိုလာမည်ဖြစ်၏။ ထိုစက်မျိုးအနည်းဆုံး ၁၂ လုံးတည်ဆောက်ရမည်ဖြစ်သည်။ ပထမအဆင့်တွင် အချောကိုင်နှင့် ဆေးဆိုးစက်တစ်ခုကို အစိုးရချည်မျှင်နှင့်အထည်စက်တွင် တိုးချဲ့သည့် သဘောဖြင့် တည်ဆောက်၍ ကျန်စက်များကို မန္တလေးမြို့၌ တည်ဆောက်ရန် ရည်ရွယ်သည်။

ဤချည်ထည်လုပ်ငန်းစီမံကိန်းပြီးမြောက်ပါက နိုင်ငံအတွက် လိုအပ်ချက်လုံလောက်သလောက်ရှိလာမည့်အပြင် လူပေါင်းတစ်သောင်းကျော် အလုပ်အကိုင် ရကြမည်ဖြစ်သည်။ ထို့ကြောင့် အစီအစဉ်ကို တဖြည်းဖြည်းတိုးချဲ့ လုပ်ကိုင်သွားရမည်ဟု စီမံကိန်းက ချမှတ်သည်။

ပြည်တွင်းဖြစ်အထည်ရက်လုပ်ငန်းကြီး အကောင်အထည်ပေါ် လာမည့် ပန်းတိုင်ကိုမူ အတိအကျသတ်မှတ်ထားခြင်းမရှိချေ။[၁]

မဟာရန်ကုန် စက်မှုဇုံဧရိယာတွင် အိမ်သုံးဆေးနှင့် အရောင်တင်ဆီစက်ရုံတစ်ခု တည်ဆောက်ရန်လျာထားသည်။ သို့သော်လိုအပ်သော ကုန်ကြမ်းပစ္စည်းများပြည်တွင်း၌ရရှိရန် ပထမဦးဆုံးအပင်အစဉ်များ ပြုလုပ်ရမည့်အပြင် အခြေခံဓာတုပစ္စည်းများနှင့် ဓာတုဗေဒပစ္စည်းများကို တိုးချဲ့လုပ်ကိုင်ပြီးမှသာ ဆောင်ရွက်နိုင်မည်ဖြစ်၍ ဤလုပ်ငန်းကို ရေရှည်စီမံကိန်းအဖြစ်ချမှတ်သည်။

ကြက်ခြေပါင်ဆေးနှင့် ကြက်ပေါင်ဆေး ပစ္စည်းလုပ်ငန်းသည်လည်း အထူးလိုအပ်သည်။ ထိုပစ္စည်းများကို တစ်နှစ်လျှင် ကုဋေ ၂၀ ဖိုးမျှ ပြည်ပမှဝယ်ယူနေရသည်။ ထိုသို့ဝယ်ယူသော ပစ္စည်းများအနက် ၉၅ ရာခိုင်နှုန်းမှာ တိုင်ယာနှင့် ကျွတ်များဖြစ်သည်။ ထို့ကြောင့် စီမံကိန်း ဒုတိယအဆင့်အဖြစ်ဖြင့် တစ်နှစ်လျှင် မော်တော်ကားတိုင်ယာနှင့်ကျွတ် ငါးသောင်းခန့်ထုတ်နိုင်မည့်စက်ရုံတစ်ခုကို ရန်ကုန်၌ တည်ဆောက်ရန်လျာထားသည်။

မြန်မာနိုင်ငံသည် စစ်မဖြစ်မီက ဂုန်နီအိတ် အစားစား ၇၂ သန်းမျှ သုံးစွဲခဲ့သည်။ စစ်ပြီးကာလတွင်လည်း နှစ်စဉ်ဂုန်နီအိတ် ၂၄ သန်းမျှ ဝယ်ယူနေရသဖြင့် ကျပ်သန်းပေါင်း ၃၀ ကျော်ကုန်ကျလျက်ရှိသည်။ ထို့ကြောင့်ဂုန်နီကြိုးနှင့် ဂုန်နီအိတ်စက်တစ်စက်ကို ရန်ကုန်၌ တည်ဆောက်ရန်လျာထားသည်။ နှစ်စဉ် ဂုန်နီကြိုးပေါင်ချိန် ၂၈၀၀၀၀ နှင့် ဂုန်နီအိတ် ၁၈ သန်းထွက်နိုင်မည့် စက်ဖြစ်ရမည်ဟု ယာယီသတ်မှတ်ထားသည်။ ပထမတွင် ပါကစ္စတန်မှ ဂုန်လျှော်ကို ဝယ်ယူရက်လုပ်မည်ဖြစ်၏။ နောက်လေးနှစ်ခန့်အတွင်း ပြည်တွင်းမှ ဂုန်လျှော် အလုံအလောက်ထွက်နိုင်ရန် မျှော်မှန်းစီစဉ်ချက်ရှိသည်။ ဂုန်နီစက်ရုံတွင် အလုပ်သမား ၁၅၀၀ ကျော်အလုပ်ရကြမည်ဖြစ်သည်။[၂]

ပြည်တော်သာစက်မှုစီမံကိန်းတွင် စက်ရုံအလုပ်ရုံကြီးများ တည်ဆောက်တိုးချဲ့လုပ်ကိုင်သွားရန်ချမှတ်ထားသော်လည်းပထမ၊ ဒုတိယ၊ တတိယဟု အဆင့်သုံးဆင့်ခွဲကာ ရေတိုရေရှည် စီစဉ်လုပ်ကိုင်သွားရမည်သာဖြစ်သည်။ချက်ချင်းအကောင်အထည်ပေါ်နိုင်မည်ကားမဟုတ်ပေ၊ ထိုကာလအတွင်းနှင့် နှစ်ပေါင်းအတန်ကြာ အိမ်တွင်းစက်မှု လုပ်ငန်း ကလေးများကိုပင် အားထားနေရဦးမည်ဖြစ်သည်။ စင်စစ်အားဖြင့် စက်မှုလုပ်ငန်းကြီးများတိုးတက်လာသည်နှင့် တစ်ပြိုင်တည်း အသေးစားစက်မှုလုပ်ငန်းကလေးများတိုးတက်လာရေးသည် လိုလားအပ်သော အမျိုးသားရည်မှန်းချက်တစ်ရပ်ဖြစ်သည်ဟု ပြည်တော်သာ ညီလာခံကခံယူသည်။

၁။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၁၂၇ — ၁၂၈
၂။ ၎င်း၊ စာ ၁၂၈ — ၁၃၀

ထို့ကြောင့် ပြည်တော်သာစီမံကိန်းတွင် အသေးစား စက်မှုလုပ်ငန်းများကို ပုဂ္ဂလိက လုပ်ငန်းအနေဖြင့် တိုးချဲ့လုပ်ကိုင်သွားရန် ရည်ရွယ်ထားသည်။ စနစ်တကျရှိစေရန် အသေးစား စက်မှုလုပ်ငန်းများကို အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဌာနမှ တာဝန်ယူကြီးကြပ်၍ ကူညီပေးရန်ချမှတ်သည်။ တိကျသောစီမံကိန်းများရေးဆွဲလျက် ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ စက်ရက်ကန်းလုပ်ငန်း၊ ပိုးမွေးမြူရေးလုပ်ငန်း၊ ပိုးချည်ငင်လုပ်ငန်း၊ ပိုးထည်ရက်ခြင်း၊ ဆေးဆိုးခြင်းလုပ်ငန်း၊ ပန်းကန်လုပ်ငန်း၊ လက်လုပ်စက္ကူလုပ်ငန်း၊ သကြားချက်လုပ်ငန်း၊ နို့ဆီလုပ်ငန်းများကို အကောင်အထည်ဖော်ရန် စီစဉ်သည်။ အစိုးရကအသေးစားစက်မှုလက်မှုလုပ်ငန်းကလေးများကို ထောက်ပံ့ကြေးများ၊အမတော်ကြေးများ ထုတ်ချေး ကူညီရန်လည်း ရည်ရွယ်သည်။ ထို့ပြင် အသေးစားလုပ်ငန်းများ မှန်မှန် တိုးတက်လာစေရန် သမဝါယမနည်းဖြင့် စုပေါင်းဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ငွေရင်းစိုက်ထုတ်ခြင်း၊ စံထားသတ်မှတ်ခြင်း၊ ခေတ်မီနည်းစနစ်များ အသုံးပြုခြင်းတို့ကို လုပ်ဆောင်သွားရန် သတ်မှတ်ထားသည်။[၁]

ပြည်တော်သာစီမံကိန်းခေါ် စီးပွားတိုးချဲ့ရေး ရှစ်နှစ်စီမံကိန်းကို ညီလာခံတွင် ချမှတ်ပြီး နောက်တစ်နှစ်အကြာ ၁၉၅၃ ခု၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ကေတီအေ၏ ကျယ်ပြန့်သော အစီရင်ခံစာ[၂] ကြီးကို အစိုးရထံတင်သွင်းသည်။

ကေတီအေ၏ ကျယ်ပြန့်သော အစီရင်ခံစာတွင် စက်မှုလက်မှု လုပ်ငန်းများ တိုးတက်လုပ်ကိုင်ရေးအတွက် အထောက်အကူပြုမည့် သတ္တုတွင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပေးတင်ပြထားသည်။ ပထမဆုံး ကလေးဝ ကျောက်မီးသွေးတွင်းစီမံကိန်းကို ဦးစားပေး ဆောင်ရွက်ရန် ကလေးဝ ကျောက်မီးသွေးကို အတုံးအခဲအဖြစ် အသုံးပြုနိုင်ရန် စမ်းသပ်သုတေသနပြုရန်၊ စမ်းသပ်၍ မအောင်မြင်ပါက အမှုန့်အနေဖြင့်ပင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ တိုက်ရိုက်အသုံးပြုရန် စဉ်းစားသင့်ကြောင်း ထောက်ခံတင်ပြထားသည်။ ထို့ပြင် ကလေးဝကျောက်မီးသွေးစီမံကိန်းအောင်မြင်ပါကမြင်းခြံစက်မှု ဗဟိုဌာနတွင် သွပ်သတ္တုရိုင်းမှ သွပ်သတ္တုစင်ထုတ်လုပ်ရန် စီမံကိန်းကို အကောင်အထည်ဖော်ရန် တင်ပြထားသည်။

မြင်းခြံစက်မှုဗဟိုဌာန၌ သွပ်သတ္တုစီမံကိန်း အကောင်အထည်ပေါ်ခဲ့လျှင် လောခင်မှ သွပ်သတ္တုရိုင်းကို တစ်နှစ်လျှင် တန်ချိန် လေးသောင်းထုတ်လုပ်နိုင်ရန် စီစဉ်ရမည်ဖြစ်ကြောင်း လောခင်တွင် ထိုမျှသော သွပ်သတ္တုကို မထုတ်နိုင်လျှင် လောခင်၌ပင် သွပ်သန့်စင်စက်တည်ဆောက်ရန်အနီးအနားရှိ နမ်းတိန်မြစ်မှရေအားလျှပ်စစ်ဓာတ်ထုတ်လုပ်ရေးကို ဆောင်ရွက်သင့်ကြောင်း ထောက်ခံတင်ပြထားသည်။

၁။ ခေတ်သစ်မြန်မာပြည်တော်သာ၊ စာ ၁၃၀-၁၃၂

၂။ *Comprehensive Report : Economic and Engineering Development of Burma*, 1953.

ဘလားတာ ဘောက်တွင်းသတ္တုတွင်းအနီး ပတ်ဝန်းကျင်တွင်ရှိသော အဆင့်အတန်းနိမ့်သော သတ္တုရိုင်းများကို စီးပွားရေးသဘောအရ အကျိုးရှိစွာ အသုံးချနိုင်ရေးကိုစဉ်းစားသင့်ကြောင်း၊ ရှမ်းပြည်ဘော်ဆိုင်းအနီးရှိ အင်တီမိုနီသတ္တုများကို ဆက်လက် စူးစမ်းရှာဖွေရန်လိုအပ်ကြောင်း၊ သွားလာရေးလွယ်ကူပါက ကျိုက်ထိုမြို့နှင့် သထုံခရိုင်များအတွင်း တွေ့ရသော အင်တီမိုနီသတ္တုတွင်းများကိုလည်း စူးစမ်းလေ့လာသင့်ကြောင်း တင်ပြထားသည်။

စက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍လည်း ကေတီအေ၏ ကျယ်ပြန့်သော အစီရင်ခံစာက ပထမနှစ်စီမံကိန်းများအောက်တွင်

၁။ သံမဏိပစ္စည်းထုတ်လုပ်သည့်စက်ရုံ
၂။ အိမ်ထောင်ပရိဘောဂစက်ရုံ
၃။ သရက်သီးလုပ်မြေစက်ကိုးခွဲစက်ရုံ
၄။ အဘတ်(စ်)တိုး မီးခံအိုးလုပ်မြေပစ္စည်းစက်ရုံ
၅။ ဖွဲနုဆီစက်
၆။ ဂုန်နီအိတ်စက်ရုံ
၇။ ဝါးပျော့ဖတ်နှင့် စက္ကူစက်ရုံတစ်ရုံနှင့် ၎င်းနှင့် တွဲဖက်ထားရှိရန် လိုအပ်သော ဓာတုဗေဒစက်ရုံများ
၈။ အမိုးနီးယား ဓာတ်မြေဩဇာစက်ရုံ

တို့ကို အမြန်ဆုံးတည်ဆောက်ရန် အဆိုပြုထားသည်။ စက်ရုံများကို လေးနှစ်ငါးနှစ်အတွင်း အကောင်အထည်ဖော် လည်ပတ်စေနိုင်အောင် လုပ်သင့်ကြောင်းလည်း တင်ပြထားသည်။

အခြား စက်မှုလုပ်ငန်းများ တိုးတက် ဖွံ့ဖြိုးရေးအတွက် အခြေခံ စီမံကိန်းများမှာ မြည်တော်သာ စီမံကိန်းမှာကဲ့သို့ပင် စစ်တော့မြင်းခြံ၊ ရန်ကုန်စက်မှုဇုန်ဒေသကြီးသုံးခု ဖွင့်၍ လုပ်ဆောင်ရန် တင်ပြထားသည်။ ထူးခြားကွဲလွဲချက် မရှိလှချေ။ မြည်တော်သာ စီမံကိန်းက ရန်ကုန်စက်မှု ဇုန်တွင် လုပ်ဆောင်ရန် ချမှတ်သော ဂုန်နီစက်ရုံကို ကေတီအေက စစ်တွေ ဇုန်တွင် တည်ဆောက်ရန် ထောက်ခံခြင်းမျှသာ ကွဲလွဲချက်ရှိသည်။ ထို့အတူ ချည်ထည် လုပ်ငန်း စီမံကိန်းတွင် ကေတီအေက မြည်တော်သာ စီမံကိန်းကဲ့သို့ ရက်ကန်းစက်ရုံ၊ အထည် အချောကိုင်နှင့် ဆေးဆိုးစက်ရုံများ အရေအတွက်ကို ဖော်ပြခြင်း မရှိချေ။

ဖော်ပြပါ ပထမနှစ် စီမံကိန်းဝင် စက်ရုံများကို တည်ဆောက်ရာ၌ ကုန်ကျမည့်စရိတ်မှာ ဓာတ်မြေဩဇာ စက်ရုံအတွက် ၇ ကုဋေ၊ စက္ကူနှင့် ပျော့ဖတ် စက်ရုံအတွက် ၅.၉ ကုဋေ၊ သံမဏိ ပစ္စည်းစက်ရုံအတွက် ၄.၂ ကုဋေ၊ သစ်တောထွက် ပစ္စည်းလုပ်ငန်းများ ဖြစ်သော သစ်စက်၊ နံရံကပ် ကတ်ထူပြားစက်၊ သစ်ပါးလွှာစက်၊ အိမ်ထောင်ပရိဘောဂ စက်တို့အတွက်

၁.၇ ကုဋေ၊ ဆာသ်ဖျူရစ် အက်ဆစ် စက်ရုံအတွက် ၁.၅ ကုဋေ၊ ဂုန်နီစက်အတွက် ဝ.၇ ကုဋေ၊ ဘိလပ်မြေ တိုးချဲ့စက်ရုံအတွက် ဝ.၆ ကုဋေ၊ ဖဲ့နူဆီစက်အတွက် ဝ.၄ ကုဋေ၊ မီးခံအိုးလုပ်မြေပြားစက်ရုံအတွက် ဝ.၂ ကုဋေ၊ အခြား စက်မှုလက်မှု လုပ်ငန်းများအတွက် ဝ.၂ ကုဋေ၊ စုစုပေါင်း ၂၂.၉ ကုဋေ ကုန်ကျမည်ဟုလည်း ကေတီအေ၏ကျယ်ပြန့်သော အစီရင်ခံစာက တင်ပြသားသည်။[၁]

ကေတီအေ ပါရဂူများက မြန်မာနိုင်ငံ၏ စက်မှုလက်မှု လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို တင်သွင်းချိန်က စက်မှုလက်မှု ဝန်ကြီးဌာန လက်အောက်တွင် စက်မှုလက်မှု လုပ်ငန်းဆိုင်ရာများကို တာဝန်ယူ ဆောင်ရွက်ရန် စက်မှုလက်မှု ညွှန်ကြားရေးဝန်[၂] နှင့် ယင်းဌာနအောက်ရှိ အိမ်တွင်းစက်မှုလက်မှုဌာန[၃] တို့သာရှိသည်။ ဆက်နွယ်နေသော အခြား အဖွဲ့အစည်းများမှာ လျှပ်စစ်ဓာတ်အားပေးရေးဘုတ်အဖွဲ့[၄] နှင့်စက်ရေနွေးအိုး စစ်ဆေးရေးဌာန[၅] တို့သာရှိသည်။ စက်မှုလက်မှု ညွှန်ကြားရေးဝန်ရုံးသည် ဦးစီးဌာန တစ်ခုသာ ဖြစ်သဖြင့် ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရသော စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကိစ္စများကိုဆောင်ရွက်ရန် ခက်ခဲကြန့်ကြာမှု ရှိလေသည်။ ထို့ကြောင့် စက်မှုလက်မှု တိုးတက်ဖွံ့ဖြိုးရေးကိုစနစ်တကျနှင့် စီးပွားရေးဆန်ဆန် လုပ်ဆောင်နိုင်မည့် ကော်ပိုရေးရှင်း တစ်ခု ဖွဲ့စည်းရန်အစိုးရက ရည်ရွယ်ခဲ့သည်။ ကေတီအေ ပဏာမ အစီရင်ခံစာတွင်လည်း ထိုကိစ္စကို ထည့်သွင်းထောက်ခံသဖြင့် အစိုးရသည် ပြည်တော်သာ စီမံကိန်းက ချမှတ်သော စက်မှုစီမံကိန်းများကို အကောင်အထည်ဖော်ရန် စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းကို တည်ထောင်သည်။

၁။ L.J. Walinsky : *Economic Development in Burma*, p. 144

၂။ Directorate of Industries

၃။ Cottage Industries Department

၄။ Electricity Supply Board

၅။ Boiler Inspectorate

အခန်း ၄

ပြည်တော်သာခေတ် ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်း

စက်မှုလက်မှုညွှန်ကြားရေးဝန်

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ စက်မှုလက်မှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန် လိုအပ်လာပြီဖြစ်သဖြင့် စက်မှုလက်မှုဝန် ဌာနတစ်ခုကို ဦးစားပေး၍ အလျင်အမြန် ပြန်လည်ထူထောင်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရခါနီးအချိန် ၁၉၄၇ ခုနှစ်တွင် မြန်မာနိုင်ငံ အစိုးရသည် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းငယ်ကလေးများသာမက စက်မှု လုပ်ငန်းကြီးများ တိုးတက်လာစေရန် ရည်ရွယ်၍ စက်မှုလက်မှု ညွှန်ကြားရေးဝန် ဌာနတစ်ခု ဖွင့်လှစ်ရန် ဆုံးဖြတ်သည်။ ယင်းဌာနအတွက် စက်မှုလက်မှု ညွှန်ကြားရေးဝန်တစ်ဦးကို ပြည်တွင်းပြည်ပမှ ကြော်ငြာ၍ခေါ် ယူသည်။ နိုင်ငံခြားတိုင်းပြည်များမှမရရှိနိုင်သဖြင့်ရာထူးဝန်အဖွဲ့သည် နိုင်ငံခြား ပညာတော်သင်ပြန်လာသူ ဦးစောထွန်းအား လက်တွေ့အုပ်ချုပ်ရေး ဗဟုသုတနှင့် အရည်အချင်း မပြည့်စုံသေးဟူသော အကြောင်းပြချက်ဖြင့် စက်မှုလက်မှု ညွှန်ကြားရေးဝန်ရာထူးတွင် တိုက်ရိုက်မခန့်ထားဘဲ စက်မှုလက်မှုဝန်အဖြစ် ခန့်ထားသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် ၁၉၄၈ ခုနှစ်တွင် စက်မှုလက်မှုဝန်ဌာနကို ဖျက်သိမ်းပြီး ဦးစောထွန်းအား ဒုတိယ စက်မှုလက်မှု ညွှန်ကြားရေးဝန်အဖြစ် ခန့်ထားလျက် စက်မှုလက်မှုဌာနကို ကြီးကြပ်အုပ်ချုပ်စေသည်။ ယင်းအချိန်က သီးခြားရှိနေသော အိမ်တွင်း စက်မှုလက်မှုဝန် ရာထူးကိုလည်း ဒုတိယစက်မှုလက်မှု ညွှန်ကြားရေးဝန်အောက်တွင် သွတ်သွင်းလိုက်သည်။ ပြည်တွင်းစက်မှု လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက် စေရန်အတွက် လက်ရှိ စက်မှုလက်မှုလုပ်ငန်းများ တိုးပွားအောင် ဆောင်ရွက်ဖော်ထုတ်ပေးခြင်း၊ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းငယ်များ တည်ဆောက်ရေးအတွက် အားပေးခြင်း၊ ကုလသမဂ္ဂ၏ တီအေအေ[၁] ကျွမ်းကျင်သူများ၏ ကြီးကြပ်မှုအောက်တွင်ရှိသော အသေးစား စက်မှုလုပ်ငန်း အစီအစဉ်များကို ကြီးကြပ်ပေးခြင်း၊ အစိုးရ၏ စက်မှုလက်မှုလုပ်ငန်း စီမံကိန်းကြီးများကို တာဝန်ယူ

၁။ Technical Assistance Administration.

လုပ်ကိုင်ပေးခြင်း၊ စက်မှုလက်မှု ချေးငွေများ ခွင့်ပြုခြင်း၊ စက်မှုလက်မှု လုပ်ငန်းများအတွက် လိုင်စင်များ ထောက်ခံပေးခြင်းဖြင့် စက်မှုလက်မှု လုပ်ငန်းများကို စည်းရုံးပေးခြင်း စသည့် လုပ်ငန်းများကို တာဝန်ယူသည်။[၁]

နိုင်ငံတော်အစိုးရသည် ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများ တိုးတက်လာစေရန် အတတ်နိုင်ဆုံးသော ငွေရေးကြေးရေး၊ ကုန်ကြမ်းများ သွင်းယူရေး၊ ပြည်တွင်း အလုပ်သမားများအား နိုင်ငံခြားပညာရှင်များ ခေါ်ယူ၍ လေ့ကျင့်ပေးရေး၊ စက်မှုလက်မှု နည်းပညာများ ရယူရေး တို့တွင် ကူညီသည်။

မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းများ တိုးတက်မှု အရှိန်မြင့်မားလာရေးတွင် ရင်ဆိုင်နေရသောပြဿနာမှာ စက်မှုလက်မှု ကျွမ်းကျင်သူများ မလုံလောက်ခြင်းဖြစ်သည်။ ထို့ကြောင့် စက်မှုလက်မှုညွှန်ကြားရေးဝန်သည် စက်မှုလက်မှုပညာကို ပြည်တွင်းတွင်သာစူးစိုက်၍ လေ့ကျင့်သင်ကြားပေးရန် မဟုတ်ဘဲ၊ စက်မှုလက်မှု တိုးတက် ဖွံ့ဖြိုးနေသော နိုင်ငံများရှိ တက္ကသိုလ်များသို့လည်း ပညာသင်စေလွှတ်ပေးရန် ရည်ရွယ်သည်။ ထို့ပြင် ပြည်တွင်းစက်မှုလက်မှု အတတ်ပညာရှင်များ ခေတ်မီစက်မှုလက်မှု အတတ်ပညာများ ရရှိစေရန်လည်း ကြိုးပမ်းသည်။

အစိုးရ၏ အထူးကူညီအားပေးမှုကို ရရှိသော အိမ်တွင်းနှင့် အသေးစား စက်မှုလက်မှု လုပ်ငန်းများမှာ ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ ပိုးချည်လုပ်ငန်း၊ စက်ရက်ကန်းလုပ်ငန်း၊ အသေးစား သကြားစက်လုပ်ငန်း၊ နို့ဆီလုပ်ငန်း၊လက်လုပ် စက္ကူလုပ်ငန်း၊ ကြွေထည်မြေထည် လုပ်ငန်း၊ အုတ်ကြွပ်လုပ်ငန်း၊ ငွေရည်စိမ်လုပ်ငန်း၊ ယွန်းထည်လုပ်ငန်းနှင့် ခေတ်ခဲ-ဘက်ထရီ လုပ်ငန်းတို့ဖြစ်သည်။[၂]

ကမ္ဘာ့အလုပ်သမား အဖွဲ့ချုပ်နှင့် ကုလသမဂ္ဂ တီအေအေမှ ပူးတွဲဖွဲ့စည်းထားသော လေ့လာရေး မစ်ရှင်တစ်ခုသည် ၁၉၅၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ အသေးစား စက်မှု လုပ်ငန်းများ အခြေအနေကို အကြိုလေ့လာမှုများပြုလုပ်ပြီး ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလတွင် အစီရင်ခံစာကို တင်သွင်းသည်။ ၎င်းတို့ လေ့လာထောက်ခံ တင်ပြခဲ့သော လုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်ရန် နည်းပညာအကူအညီနှင့် ကျွမ်းကျင်မှု အကူအညီများ ပေးရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းမှ တီအေအေ ကျွမ်းကျင်သူများသည် ၁၉၅၂ ခု အစပိုင်းတွင် မြန်မာပြည်သို့ ရောက်ရှိလာသည်။ ကျွမ်းကျင်သူများမှာ စက်ရက်ကန်း၊ ချည်ဆေးဆိုးလုပ်ငန်း၊ ကြွေထည်လုပ်ငန်းနှင့် ပိုးချည်လုပ်ငန်းများအတွက်ဖြစ်သည်။[၃]

၁။ *Burma*, Vol. III, No. 2, Jan 1953, p. 57

၂။ *Burma*, Vol. 5, No. 3, April 1955, p. 29

၃။ *Burma*, Vol. III, No.2, Jan. 1953. p.57

စက်ရက်ကန်း လုပ်ငန်းအတွက် စက်ရက်ကန်း ကျွမ်းကျင်သူတစ်ဦးသည် အမရပူရ ဆောင်းဒါး ရက်ကန်းကျောင်းတွင် အထက်တန်းနည်းပြဆရာများအား သင်တန်းပေးသည်။ နောက်ပိုင်းတွင် သင်တန်းသားများအား စက်ရက်ကန်း ကိုင်တွယ်ပုံများကို ပြသသင်တန်းပေးသည်။ ချည်ဆေးဆိုးနှင့် ပန်းရိုက်လုပ်ငန်းအတွက် သင်တန်းများပြုလုပ်ပေးရာတွင် ၁၉၅၂ ခု အောက်တိုဘာလတွင် ပထမဦးဆုံး သင်တန်းပြီးဆုံးသည်။ သင်တန်းများ ပြီးဆုံးပါက အချိန်တို အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး ဆေးဆိုးနှင့် ပန်းရိုက်နည်းပညာများ ပြန့်ပွားသွားမည်ဟု မျှော်မှန်းခဲ့သည်။[၁]

ကြွေသည် ကျွမ်းကျင်သူတစ်ဦးသည် ၁၉၅၂ ခု ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံသို့ ရောက်လာပြီး မြန်မာနိုင်ငံမှ ကုန်ကြမ်းများကို စစ်ဆေးလေ့လာသည်။ မြန်မာနိုင်ငံမှ ကုန်ကြမ်း များသည် ကြွေသည်အတွက် သင့်လျော်ကြောင်း တွေ့ရသဖြင့် မြန်မာနိုင်ငံတွင် ရွှေ့ပြောင်း ကြွေသည်မြေသည်စက်ရုံတစ်ရုံ တည်ဆောက်ကာ ကုန်ပစ္စည်းများထုတ်လုပ်လျက် နည်းပညာ သင်တန်းပေးသည့် ဌာနတစ်ခုအဖြစ်ပါ အသုံးပြုရန်စီမံသည်။[၂]

ပိုးချည်များ ထုတ်လုပ်ရေး လုပ်ငန်းအတွက်လည်း တီအေအေနှင့် ကမ္ဘာ့စားနပ် ရိက္ခာအဖွဲ့မှတစ်ဆင့် ပိုးချည်လုပ်ငန်း ကျွမ်းကျင်သူများ ရောက်ရှိလာသည်။ မေမြို့တွင် မြေကြော အနည်းငယ်ကိုဝယ်ယူပြီး ၁၉၅၂ ခုနှစ် နောက်ပိုင်းတွင် ပိုးစာပင် ၁၀၀၀၀ ခန့်ကို စိုက်ပျိုးသည်။ ပိုးကောင်များကိုလည်း မြန်မာပြည် ရာသီဥတုနှင့် သင့်လျော်သော အမျိုးအစား ဖြစ်မဖြစ် သိနိုင်စေရန် အစားအစာ ကျွေးမွေးခြင်းများကို ပြောင်းလဲ၍ စမ်းသပ်သည်။ သင်တန်းသား ၁၀ ယောက်ကို ကျွမ်းကျင်သူများနှင့်ပူးတွဲ၍ ခေတ်မီသော နည်းပညာများကို လေ့လာစေ သည်။[၃]

အိမ်တွင်း စက်မှုလက်မှုဌာနသည် ၁၉၅၂ ခုနှစ်အတွင်း လက်လုပ်စက္ကူ စီမံကိန်း ဌာနတစ်ခုကို စတင်သည်။ သင်တန်း ကျောင်းသစ်တစ်ခုကိုလည်း ဖွင့်လှစ်၍ လက်လုပ်စက္ကူ ပြုလုပ်နည်း သင်တန်းပေးသည်။ သင်တန်းသည် ၆ လကြာမြင့်သည်။ သကြားထုတ်လုပ်သည့် ခေတ်မီနည်းစနစ်များရယူရန် အိမ်တွင်းစက်မှုလက်မှု နည်းပြဆရာတချို့ကို အိန္ဒိယနိုင်ငံသို့ စေ

၁။ *Burma*, Vol. III No. 2 Jan. 1953 p. 57

၂။ *Burma*, Vol. III No. 2 Jan. 1953 p. 58

၃။ *Burma*, Vol. III No. 2 Jan. 1953, P 58

လွှတ်၍ သကြားချက်လုပ်နည်းတစ်မျိုး[1] ကို အိမ်တွင်းစက်မှုလုပ်ငန်းအဖြစ် လုပ်ဆောင်နိုင်ရန် သင်ကြားစေသည်။ ရွှေပြေး စက်ရုံတစ်ရုံကို ဗန်းမော်မြို့တွင် တည်ဆောက်ရန် နေရာရွေးချယ်သည့်အပြင် စက်ပစ္စည်းများ ရောက်ရှိလာသောအခါ စက်ရုံမှ သင်တန်းသားများအတွက် သင်တန်းပေးရန်လည်း စီစဉ်သည်။[2]

စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနသည် ၁၉၅၄ ခုနှစ်အထိ ပြည်ပ အကူအညီများဖြင့် စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးကို ကြိုးပမ်းသည်။ ၁၉၅၄ ခုနှစ်တွင် စက်မှုလက်မှု ညွှန်ကြားရေးဝန် ဌာနကို ပြန်လည်ဖွဲ့စည်းပြန်သည်။ ဤကဲ့သို့ ဖွဲ့စည်းရာတွင် စက်မှုညွှန်ကြားရေးဝန်နှင့် အိမ်တွင်းစက်မှုလက်မှုဝန် ရာထူးဌာန ၂ ခုကို ပေါင်းစည်းကာ စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနဟု ဖွဲ့စည်းသည်။

ယင်းကဲ့သို့ ဖွဲ့စည်းပြီးနောက် အသေးစား စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာစေရန် နှင့်နည်းပညာ ပြန့်ပွားလာစေရန် အမရပူရရှိ ဆောင်းဒါးရက်ကန်းကျောင်း၊ ပုဂံမြို့ရှိ အစိုးရ ယွန်းထည်လုပ်ငန်း ပညာသင်ကျောင်း၊ မြစ်ကြီးနားမြို့ရှိ ကချင်နှင့်ချင်း ခရစ်ယန်ကျောင်းနှင့် လက်သမားအတတ်နှင့် သံထည်လုပ်ငန်းကျောင်း၊ စစ်ကိုင်းမြို့ရှိ ကလေး ကစားစရာအရုပ် အလုပ်သင်ကျောင်း၊ အင်းစိန်မြို့ရှိ အင်ဂျင်နီယာကျောင်းနှင့် ကြွေထည်မြေထည် အတတ်သင် ကျောင်း စသည်တို့အပြင် မြန်မာ့လက်ရက် အသည်အားပေးရေး ဌာနများကို ရန်ကုန်၊ မော်လမြိုင်၊ ပြည်၊ ပုသိမ်နှင့် စစ်တွေမြို့များတွင် ဖွင့်လှစ်သည်။ အစိုးရ ရက်ကန်းကျောင်း ၃ ကျောင်းနှင့် ရန်ကုန်မြို့တွင် ဗဟိုရောင်းဝယ်ရေးဌာန တစ်ခုကိုလည်း ဖွင့်လှစ်သည်။

ရက်ကန်းလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရန် အမြို့မြို့အနယ်နယ်ရှိရက်ကန်းရှုံပိုင်ရှင်များနှင့် ရက်ကန်းဝါသနာရှင်များထံသို့ နိုင်ငံခြားမှ ရက်ကန်းနည်းပြဆရာ၊ ဆရာမများစေလွှတ်၍ ရက်ကန်းပညာကို လက်တွေ့ပို့ချပေးစေသည်။ ၎င်းအပြင်ရက်ကန်းပညာဖြင့် အသက်မွေး ဝမ်းကျောင်းပြုသူများ သက်သာချောင်ချိစေရန် ရက်ကန်းလုပ်ငန်းဖွံ့ဖြိုးစေရန် ရက်ကန်း အမတော်ကြေး ချေးငွေးရေးအရာရှိများခန့်ထားပြီး၊ ကုန်ကြမ်းဖြစ်သော ချည်၊ ဆိုးဆေး ရက်ကန်းပစ္စည်းကိရိယာများ ဝယ်ယူနိုင်ရန် အမတော်ငွေများ ထုတ်ချေးသည်။ ၁၉၄၇-၄၈ ခုနှစ်တွင် ရက်ကန်းအမတော်ကြေးငွေကျပ် ၁၉၆၃၄၀ ထုတ်ပေးခဲ့၍ ၁၉၅၄-၅၅ ခုနှစ်တွင် ကျပ် ၆၃၅၀၃၀ ထုတ်ပေးသဖြင့် ရှေးကထက် သုံးဆကျော်ပိုမိုထုတ်ပေးကြောင်းတွေ့ရသည်။[3]

၁။ Sulphitation Process for Open Pan boiling.

၂။ *Burma*, Vol. III No. 2 Jan. 1953, p. 58

၃။ စက်မှုလက်မှုညွှန်ကြားရေးဌာန၊ ၁၉၅၉-၆၀ ခုနှစ်၊ အစီရင်ခံစာ၊ စာ ၃၇

အမတော်ကြေးများ၊ စက်မှုချေးငွေများကို ပြန်လည်ကောက်ခံရန် မြန်မာနိုင်ငံအတွင်း ခရိုင်တိုင်းတွင် ဌာနများဖွင့်လှစ်ထားသည်။ အစိုးရ၏ ကူညီအားပေးမှုကြောင့် ခရိုင်တိုင်းတွင် သမားရိုးကျ လက်ရက်ကန်းမှလွန်းပြန်ရက်ကန်းသို့ တိုးတက်လာသည်။ ထုတ်လုပ်သမျှသော ရက်ထည်များကိုလည်း မြန်မာ့လက်ရက်အထည် အားပေးရေးဌာနများက ရောင်းချပေးသည်။

ထို့ပြင်အိမ်တွင်းစက်မှုလက်မှုပညာများပိုမိုတိုးပွားလာစေရန် ပြပွဲပြိုင်ပွဲများကိုလည်း ဦးစီးကျင်းပပေးခြင်းဖြင့် အားပေးကူညီသည်။ စက်မှု လက်မှုပညာများ လုပ်ငန်းများတွင် ပြည်သူတို့ ပိုမိုစိတ်ဝင်စားလာစေရန် ဟောပြောပွဲများ လှုံ့ဆော်ပေးခြင်းများလည်း ပြုလုပ်သည်။

စက်မှုလက်မှုညွှန်ကြားရေးဌာနသည် ရက်ကန်းလုပ်ငန်းများဖွံ့ဖြိုး တိုးတက်လာစေရေးကို အားပေးသကဲ့သို့ အခြားပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများတိုးပွားဖွံ့ဖြိုးလာစေရေးအတွက်လည်း စက်မှုလက်မှုချေးငွေများကို ထုတ်ပေးသည်။ စက်မှုလက်မှုချေးငွေများကို ၁၉၄၈-၄၉ ခုနှစ်တွင် ကျပ် ၇၆၅၀၀ ထုတ်ချေးပေးခဲ့ရာမှ ၁၉၅၄-၅၅ ခုနှစ်တွင် ကျပ် ၈၈၀၂၀၀ အထိ ၁၀ ဆကျော် တိုးမြှင့်ထုတ်ချေးသည်။[၁] စက်မှုလက်မှုထောက်ပံ့ကြေးများ ပြန်လည်ကောက်ခံရေးကိုလည်း ကြီးကြပ်သည်။ စက်မှုလက်မှုလုပ်ငန်းများတွင် လိုအပ်သောကုန်ကြမ်း ပစ္စည်းများ၊ စက်ကိရိယာအစိတ်အပိုင်းများ၊ စက်ကိရိယာများ ပြည်ပနိုင်ငံများမှ ဝယ်ယူရေးအတွက် သွင်းကုန်လိုင်စင်များကို စိစစ်ထောက်ခံပေးသည်။

စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားတိုင်းပြည်များမှ ကျွမ်းကျင်သူများကိုခေါ်ယူရာ၊ ထိုပုဂ္ဂိုလ်တို့အတွက် ပြည်ဝင်ခွင့်ဗီဇာကိစ္စ၊ နေထိုင်ခွင့်ကိစ္စများကို စက်မှုလက်မှုညွှန်ကြားရေးဌာနက စိစစ်ထောက်ခံပေးသည်။ ထိုနိုင်ငံခြားပါရဂူများသည် ကုန်ထုတ်လုပ်မှုတိုးတက်စေရန် လုပ်ငန်းများသို့ သွားရောက်ကြည့်ရှု၍ အကြံဉာဏ်များပေးခြင်းနှင့် သင်တန်းပေးခြင်းများပြုလုပ်သည်။

စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း ပေါ်ပေါက်လာသော ၁၉၅၃ ခုနှစ်နောက်ပိုင်းတွင် ကြေးရည်သုတ် အိုးခွက်များ၊ လုပ်ငန်းစီမံကိန်းနှင့် လက်မှုပညာပစ္စည်းများ နိုင်ငံခြားသို့ တင်ပို့ရောင်းချရေးစီမံကိန်း ၂ ခုကိုသာ စက်မှုလက်မှုညွှန်ကြားရေးဝန်ဌာနမှ တာဝန်ယူပြီး ကျန်လုပ်ငန်းများကို စတလက သို့လွှဲပြောင်းပေးသည်။ သို့သော် စက်မှုလက်မှုညွှန်ကြားရေးဝန်ဌာနသည် သကြားစက်ကြီးများ စီမံကိန်း၊ ဂုန်လျှော်စက်စီမံကိန်း၊ စက္ကူစက်စီမံကိန်း၊ သံရည်ကျိုစက်စီမံကိန်း၊ အုတ်နှင့် အုတ်ကြွပ်စက်စီမံကိန်းများအတွက် ပဏာမစုံစမ်းလေ့လာမှုများကို ပြုလုပ်ပေးသည်။ ယင်းကဲ့သို့ လုပ်ငန်းများ တဖြည်းဖြည်းများပြားလာသဖြင့်

၁။ စက်မှုလက်မှုညွှန်ကြားရေးဌာန၊ ၁၉၅၉-၆၀ ခုနှစ်အစီရင်ခံစာ၊ စာ ၃၇

၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရတက်လာသောအခါ ညွှန်ကြားရေးဝန်ဌာနကို ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ကြောင်းတွေ့ရသည်နှင့်အညီ ၁၉၅၉ ခု မေလတွင် ပြန်လည်ဖွဲ့စည်းသည်။ ထိုစဉ်က စက်မှုလက်မှုညွှန်ကြားရေးဝန်မှာ ဦးထွန်းသိန်းဖြစ်ပြီး စက်မှုလက်မှုအထူး ညွှန်ကြားရေးဝန်အဖြစ်ဖြင့် လေတပ်မတော်မှ ဒုတိယဗိုလ်မှူးကြီး ဘေးချို က ပူးတွဲတာဝန်ယူသည်။[1]

ပြန်လည်ဖွဲ့စည်းရာတွင် စက်မှုလက်မှု ညွှန်ကြားရေးဝန် လက်အောက်ရှိ စက်မှုလက်မှု လုပ်ငန်းများ ဌာနနှင့် စက်မှုလက်မှု ဖွဲ့စည်းအုပ်ချုပ်ရေးဌာနဟူ၍ ဌာန ၂ ခု ကိုတီထွင်သည်။ ထိုဌာနသစ် နှစ်ခုအနက် စက်မှုလက်မှု လုပ်ငန်းများ ဌာနသည် စက်မှုလက်မှုလုပ်ငန်းများက လိုအပ်သော ကုန်ကြမ်းများ ရရှိရေး၊ စက်ပစ္စည်းကိရိယာများ ရရှိရေး၊ နိုင်ငံခြားမှ အတတ်ပညာရှင်များ ခေါ်ယူရေး စသည့် ကိစ္စရပ်များအတွက် စစ်ဆေးလေ့လာမှုများ ပြုလုပ်သည်။ စက်မှုလက်မှု အုပ်ချုပ်ရေးဌာနသည် အရာထမ်း အမှုထမ်းများ အုပ်ချုပ်ရေး၊ စီမံကိန်း ရေးဆွဲရေး၊ စက်မှုလက်မှု စစ်တမ်းများ ထားရှိရေး၊ ပညာပေးရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်သည်။ ယင်းဌာနကြီး ၂ ခုသည် တစ်ခုနှင့်တစ်ခု ပူးပေါင်း၍ လုပ်ငန်းများဆောင်ရွက်သည်။ ထိုဌာနကြီးများ အောက်တွင် ဌာနခွဲများခွဲခြားထားပြီး ဝန်ထမ်းများကို အဆင့်လိုက် ထိုက်တန်သည့် တာဝန်များ ပေးအပ်ကာ တာဝန်ယူ ဆောင်ရွက်စေသည်။[2] တစ်ပတ်လျှင် တစ်ကြိမ်မျှ အထက်တန်း အရာရှိများ အစည်းအဝေး ပြုလုပ်ခြင်းနှင့် လစဉ် အရာရှိများအားလုံးကို အစည်းအဝေး ပြုလုပ်ခြင်းဖြင့် ဌာနတိုင်းရှိ လုပ်ကိုင်နေသော လုပ်ငန်းများ ပူးပေါင်းညှိနှိုင်းမှုကို ထိရောက်စေသည်။ လုပ်ငန်းများ ဆောင်ရွက်ရန် နည်းစနစ်များကို ပြန်လည် လေ့လာပြုပြင်လျက် ဝန်ထမ်းများအား ပြန်လည်လေ့လာစေခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှားအယွင်း နည်းပါးစေသည်။

ထိုသို့ပြန်လည် လေ့လာပြီးနောက် အိမ်တွင်း စက်မှုလက်မှုနှင့် အသေးစား စက်မှုလက်မှု လုပ်ငန်းများ ဘုတ်အဖွဲ့မှ ဆောင်ရွက်နေသော စက္ကူစက် စီမံကိန်း၊ ဂုန်လျှော်စက် စီမံကိန်း၊ သကြားစက် စီမံကိန်း၊ ပိုးချည်လုပ်ငန်း စီမံကိန်း၊ ကြွေထည် မြေထည်လုပ်ငန်း စီမံကိန်းတို့ကို စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနမှ တိုက်ရိုက် ဦးစီး ပြုလုပ်သည်။ ဗဟိုရောင်းဝယ်ရေးဌာနတို့ကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသို့ လွှဲပြောင်းပေးသည်။ မြန်မာပြည် အရပ်ရပ် ရှိ ရက်ကန်းကျောင်း ၃၁ ကျောင်းကို ပြန်လည်ဆန်းစစ်ရာတွင် ကျောင်းများ ပိုလျှံနေကြောင်း တွေ့ရသည်။ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ ရက်ကန်းကျောင်း

၁။ စက်မှုလက်မှု ညွှန်ကြားရေးဌာန၊ ၁၉၅၉-၆၀ခုနှစ် အစီရင်ခံစာ၊ စာ ၄
၂။ မြည်ရေးရွာမှူ၊ စာ ၃၀၇

သင်တန်းသို့ တက်ရောက်အောင်မြင်ပြီးသော သင်တန်းသားများသည် ရက်ကန်းပညာဖြင့် အသက်မွေးခြင်း မပြုဘဲ၊ အခြား လုပ်ငန်းများသို့ ဝင်ရောက်လုပ်ကိုင် နေကြသောကြောင့် ဖြစ်သည်။ အစိုးရ၏ ရင်းနှီးမြှုပ်နှံခဲ့ရသည့် ငွေအင်အား လူအင်အားနှင့် အချိန်များဆုံးရှုံးသည်။

ထိုအားနည်းချက် ချွတ်ယွင်းချက်ကို ပြုပြင်ရန် အစိုးရသည် မုဒုံမြို့၊ ရွှေတောင်မြို့၊ မိတ္ထီလာမြို့၊ ပခုက္ကူမြို့၊ မုံရွာမြို့၊ စစ်တွေမြို့၊ ဘားအံမြို့၊ သံတောင်မြို့၊ ဗန်းမော်မြို့၊ မြစ်ကြီးနားမြို့၊ ကျောက်မဲမြို့၊ နမ့်ခမ်းမြို့၊ တောင်ကြီးမြို့၊ လွိုင်လင်မြို့၊ လွိုင်ကော်မြို့၊ မင်းတပ်မြို့၊ ဖလမ်းမြို့ဟူသည့် ခရိုင်မြို့ကြီး ၁၇ မြို့ရှိ သင်တန်းကျောင်း ၁၇ ကျောင်းကို ဆက်လက်ဖွင့်လှစ်စေပြီး ကျန် ၁၄ ကျောင်းကို ပိတ်လိုက်သည်။ ဤကဲ့သို့ ပြုလုပ်ခြင်းဖြင့် နှစ်စဉ် ငွေကျပ် ၂ သိန်း သက်သာစေပြီး၊ ကျန် ၁၇ ကျောင်းကို သင်ခန်းစာများ ပိုမို ခေတ်မီ တိုးတက်စေခဲ့သည်။[၁]

စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန လက်အောက်ရှိ ဗဟိုရောင်းဝယ်ရေး ဌာနတွင် ပြည်တွင်း စက်မှုလက်မှု လုပ်ငန်းများမှ လိုအပ်သော ကုန်ကြမ်းများ ဝယ်ယူပေးခြင်းနှင့် ယင်း စက်မှုလုပ်ငန်းများမှ ထွက်ရှိသောကုန်ချောများ ရောင်းချပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်သည်။ သို့သော် အောင်မြင်သင့်သလောက် မအောင်မြင်ပေ။ ထို့ကြောင့် ယင်းရောင်းဝယ်ရေး လုပ်ငန်းများကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းမှ ဖွင့်လှစ်သော လက်လီ အရောင်းဌာနသို့ လွှဲပြောင်းပေးခဲ့သည်။

ရက်ကန်းလုပ်ငန်းအတွက် ပြည်သူ့ ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့သည် နိုင်ငံခြားမှ ချည်ခင်များ တင်သွင်းရာတွင် စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနသည် ယခင်က အကြံဥာဏ်များ ပေးရုံသာပြုလုပ်သော်လည်း နောက်ပိုင်းတွင် စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနမှ ပေးပို့သည့် အချက်အလက်များ အတိုင်း ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှု အဖွဲ့မှ ဆောင်ရွက်ပေးရသည်။[၂]

နိုင်ငံအတွင်း ဝတ်ရေးလိုအပ်ချက်သည် အလွန် အဓိကကျသော ကိစ္စကြီးတစ်ရပ် ဖြစ်သည်။ နိုင်ငံခြားသုံးငွေ ချွေတာနိုင်ရန်၊ ပြည်တွင်း ရက်ကန်း လုပ်ငန်းများမှ ခေတ်မီသောအဝတ်အထည်များ ပြည်သူတို့အကြိုက်နှင့် ကိုက်ညီအောင် ထုတ်လုပ်ပေးနိုင်ရန် လိုအပ်သည်။ ပြည်တွင်း လိုအပ်ချက်ကို တတ်နိုင်သမျှ ပြည့်မီအောင် ထုတ်လုပ်ပေးနိုင်ရန်လည်း

၁။ မြည်ရေးရွာမှူး၊ ဖ၁ ၃၁၁
၂။ မြည်ရေးရွာမှူး၊ စ၁ ၃၁၁

အထူးလိုအပ်သည်။ ရက်ကန်း လုပ်ငန်းတွင် ယခင်က ချည်ခင်များ မလုံလောက်ခြင်းကြောင့်လည်းကောင်း၊ ဖြန့်ဖြူးပုံမှာ နည်းစနစ်မကောင်း၍လည်းကောင်း ရက်ကန်းလုပ်ငန်းရှင်များက မကျေမနပ် ဖြစ်ကြသည်။ အစိုးရသည် ၁၉၅၉-၆၀ ခုနှစ်တွင် ချည်ခင်များ တင်သွင်းနိုင်ရန် နိုင်ငံခြားငွေ ကျပ် ၁၀ ကုဋေ ခွင့်ပြုသည်။[၁] ယင်းငွေသည် ယခင်က ခွင့်ပြုခဲ့သောငွေ၏ ၂ ဆခန့်ရှိသည်။ ယင်းကဲ့သို့ ဝယ်ယူပေးခြင်းကြောင့် ရက်ကန်း လုပ်ငန်းရှင်များသည် လိုအပ်သော ချည်ခင် အမျိုးအစားများကို လိုအပ်သလောက် ဝယ်ယူရနိုင်သဖြင့် အရည်အသွေးကောင်းသော ပစ္စည်းများ ရက်လုပ် နိုင်လာသည်။ ယခင်က ထိန်းချုပ်ထားသည့် ၁/၂၀၊ ၁/၃၀ နှင့် ၁/၄၀ အမျိုးအစား ချည်ခင်များကိုလည်း လွတ်လပ်စွာ ရောင်းဝယ်ခွင့် ရလေသည်။

ပြည်သူ့ ထောက်ပံ့ရေးဌာနသည် ပိုးချည်များ ဝယ်ယူတင်သွင်းခြင်းနှင့် ဖြန့်ဖြူးရောင်းချရေးကို ယခင်က မူပိုင်ပြုလုပ်ထားသည်။ ယင်းဌာနသည် ဘန်ကောက် လုံချည်များ ရက်လုပ်ရန် သင့်လျော်သော ပိုးချည် အသေးစားများကိုသာ တင်သွင်းသဖြင့် အခြား ရွှေတောင်လုံချည်၊ ထားဝယ် လုံချည် အစရှိသော လုံချည်များ ရက်လုပ်ရန်အတွက် ချည်များကို ပွဲကျစ်၍ ပြန်လည် အသုံးချရခြင်းကြောင့် အမျိုးအစား ညံ့ဖျင်းပြီး ကုန်ထုတ်စရိတ် ကြီးမားသည်။ ထို့ကြောင့် ပြည်သူ့ ထောက်ပံ့ရေး ဌာနသည် ဝါဂွမ်းချည်များနည်းတူ ပိုးချည်များ တင်သွင်းရေးနှင့် ဖြန့်ဖြူးရေးကို ပိုမိုကောင်းမွန်သော နည်းစနစ်များဖြင့် ပြုလုပ်ပေးသည်။ မူလ တင်သွင်းနေသော ဂျပန်ပြည်မှ ပိုးချည်များသာမက တရုတ်ပြည်မှ ပိုးချည်များကိုပါ ဖက်စပ် ကော်ပိုရေးရှင်း အမှတ် ၃ မှ ဖြန့်ဖြူးပေးသည်။

အထက်တွင် ဖော်ပြသည့် ကုန်ကြမ်းများနည်းတူ ပိတ်ညိုများ၊ ပိတ်ဖြူများကိုလည်း နိုင်ငံခြားမှ ဝယ်ယူတင်သွင်းပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းများသို့ ဖြန့်ဖြူးပေးသည်။ ယခင်က တစ်နှစ်လျှင် ပိတ်ဖြူနှင့် ပိတ်ညိုကို ငွေကျပ် သန်း ၄၀ ဖိုး ဝယ်ယူတင်သွင်းပြီး ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ သက်န်းချုပ်လုပ်ငန်းနှင့် ဇာဘော်လီ လုပ်ငန်းများသို့ ၅၀ ရာခိုင်နှုန်းခန့် ဖြန့်ဖြူးပေးသည်။ သို့ရာတွင် ပိတ်ဖြူ ပိတ်ညိုသည် မှောင်ခိုဈေးကွက်သို့ ရောက်ကာ အရောင်းအဝယ်ဖြစ်နေသဖြင့် ရည်ရွယ်ချက်နှင့် မကိုက်ဘဲ လွဲချော်နေပေသည်။ ထို့ကြောင့် ၁၉၅၉-၆၀ ခုနှစ်တွင် ပိတ်ဖြူ ပိတ်ညိုကို ကျပ်သန်း ၆၀ ဖိုးအထိ ဝယ်ယူတင်သွင်းပြီး သန်း ၄၀ ဖိုးကို ကုန်သွယ်မှုအတွက် ဖြန့်ဖြူး၍ ကျန် သန်း ၂၀ ဖိုးကို စက်မှုလက်မှု လုပ်ငန်းများသို့ ဖြန့်ဖြူးပေးသည်။[၂] ဖြန့်ဖြူးရေး အစီအစဉ် များကိုလည်း စက်မှုလက်မှု ညွှန်ကြားရေးဝန် ဌာနမှ တိုက်ရိုက် လုပ်ဆောင်သည်။

၁။ မြည်ရေးရှာမှု စာ ၃၀၈

၂။ မြည်ရေးရှာမှု စာ ၃၀၉

စက်မှုလက်မှု လုပ်ငန်းများအတွက် အသုံးဝင်သော ဆိုးဆေးနှင့် ဓာတုဗေဒ ပစ္စည်းများကို ၁၉၅၇-၅၈ ခုနှစ်တွင် အိုဂျီအယ်[၁] စာရင်းမှ ပယ်ဖျက်ပြီးသွင်းကုန်လိုင်စင်စာရင်းသို့ ပြောင်းလဲသဖြင့် ပစ္စည်းရှားပါးမှုများ ကြုံရသည်။ ဆိုးဆေးနှင့် ဓာတုဗေဒ ပစ္စည်းများ ရှားပါးမှုသည် အထည်အလိပ် ရက်လုပ်ရေးကို အလွန်ထိခိုက်သည်။ ထို့ကြောင့် စက်မှုလက်မှု ညွှန်ကြားရေးဝန် ဌာနသည် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ မနစ်နာစေရန် တိုက်ရိုက်တင်သွင်း ဖြန့်ဖြူးပေးသည်။ ဤသို့ဖြင့် ကုန်ကြမ်း ပစ္စည်းများ ပေါများလာသောအခါ ၁၉၅၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် အစိုးရသည် ပစ္စည်းများအပေါ် ချုပ်ကိုင်ထားခြင်းကို ပယ်ဖျက်လိုက်သည်။ ထို့နောက် အချို့ စက်မှုလက်မှု လုပ်ငန်းများအတွက် အရေးကြီး လိုအပ်သော ဆိုးဆေးနှင့် ဓာတုဗေဒ ပစ္စည်းများကို ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ သွင်းကုန် လိုင်စင်ထုတ်ပေးသည်။ ထိုသို့ ထုတ်ပေးရာ၌ ဓာတုဗေဒ ပစ္စည်းများ တစ်သောင်းဖိုးအထက် အသုံးပြုသော ပုဂ္ဂလိက လုပ်ငန်းရှင်များကို သွင်းကုန်လိုင်စင်ထုတ်ပေးသည်။[၂] ဓာတုဗေဒ ဆေးပစ္စည်း ဝယ်ယူနိုင်ရန်လည်း ယခင်က နှစ်စဉ် နိုင်ငံခြားငွေ ၁၀ သန်းဖိုး ဝယ်ယူခွင့်ပြုရာမှ ၁၂ သန်းဖိုးထိ တိုးမြှင့်၍ ဝယ်ယူတင်သွင်းခွင့် ပြုသည်။ ဆိုးဆေး ပစ္စည်း အနည်းငယ်သာ ဝယ်ယူနိုင်သော လုပ်ငန်းများအတွက်မူ ဆိုးဆေးနှင့် ဓာတုဗေဒ ပစ္စည်းတင်သွင်းနေကြသော ယုံကြည်စိတ်ချရသော ပုဂ္ဂလိက ကုမ္ပဏီများသို့ လိုင်စင်များ ထုတ်ပေးသည့်အပြင် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ဗဟိုလက်လီအရောင်းဌာနတွင် ဝယ်ယူနိုင်ရန်လည်း စီစဉ်ပေးသည်။

စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနသည် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ ကြီးကြပ်ရာတွင် အဓိကအားဖြင့် စက်မှုလက်မှု လုပ်ငန်းများ မှတ်ပုံတင်ခြင်း၊ ကုန်ထုတ်လုပ်မှုကြီးကြပ်ခြင်း၊ ကုန်ပစ္စည်း ဈေးနှုန်းများ ညှိနှိုင်းပေးခြင်းနှင့် ပြည်တွင်းဖြစ် ပစ္စည်းများအား စံသတ်မှတ်ပေးခြင်း စသည့်လုပ်ငန်းများကို လုပ်ကိုင်ပေးသည်။ သွင်းကုန်ထုတ်ကုန်လုပ်ငန်းလုပ်ကိုင်သူများလည်း မှတ်ပုံတင်ရေး အဖွဲ့၌ မှတ်ပုံတင်ရသည်။ ထိုကဲ့သို့မှတ်ပုံတင်ရခြင်းမှာ ကုန်ကြမ်းပစ္စည်းများနှင့် စက်ကိရိယာ ပစ္စည်းများ နိုင်ငံခြားမှ မှာယူတင်သွင်း နိုင်ရန်အတွက်ဖြစ်သည်။ မှတ်ပုံ မတင်သော ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရာတွင် အခက်အခဲရှိသည့်အတွက် စက်မှုလက်မှု ညွှန်ကြားရေးဌာနသည် စက်မှုလက်မှု လုပ်ငန်း မှတ်ပုံတင်သူများကိုခေါ်ယူ၍ မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးသည်။ မှတ်ပုံတင်လက်မှတ် မရှိသူများအား လိုအပ်သော အကူအညီများ မပေးချေ။ စက်မှုလက်မှု လုပ်ငန်းများ ပိုမိုအောင်မြင်လာစေရန်အတွက် လိုအပ်သော ကုန်ကြမ်း ပစ္စည်းများ

၁။ O G L (Open General Licence)

၂။ မြည်ရေးရှာမှု၊ ၈၁ ၃၀၉

စက်ကိရိယာများ စက်ကိရိယာအပိုပစ္စည်းများကိုနိုင်ငံခြားမှ မှာယူတင်သွင်းနိုင်ရန် စက်မှုလက်မှု ညွှန်ကြားရေး ဝန်ဌာနမှ နိုင်ငံခြားငွေများ လျာထားပေးရသည့်အတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များသည် ၎င်းတို့၏ လုပ်ငန်း အခြေအနေ၊ ၆ လ သို့မဟုတ် တစ်နှစ်အတွင်း ကုန်ထုတ်လုပ်မှုနှင့် အရောင်းစာရင်းများ၊ နောင်လာမည့် တစ်နှစ်အတွက် ထုတ်လုပ်မည့် ပစ္စည်းစာရင်းနှင့် အလုပ်သမား စာရင်း အပြည့်အစုံကို တင်ပြရသည်။ အဆိုပါစာရင်းများကို ညွှန်ကြားရေးဝန်ဌာနမှ စစ်ဆေးသူ အရာရှိများက သေချာစွာ စစ်ဆေး၍ မမှန်ကန်ပါက မှတ်ပုံတင်များ ပယ်ဖျက်ပြီး၊ မှန်ကန်သော လုပ်ငန်းများအတွက် သွင်းကုန်လိုင်စင်များ တိုးမြှင့်ပေးသည်။

ဈေးနှုန်းများညှိနှိုင်း သတ်မှတ်ပေးရေးအတွက် လူသုံးများ သောရေဘာခြေညှပ်ဖိနပ်များ၊ အိုးခွက်ပစ္စည်းများနှင့် ကြွေရည်သုတ်ပစ္စည်းအစရှိသည့် ပစ္စည်း ၁၃ မျိုးတို့၏ စက်ရုံကုန်ထုတ်လုပ်ခနှင့် ရောင်းဈေးတို့ကို ညွှန်ကြားရေးဝန်ဌာနမှ ပုဂ္ဂိုလ်များသည် လုပ်ငန်းရှင်များနှင့် အတူ ပြန်လည်စိစစ်သည်။ လုပ်ငန်းရှင်များက တင်ပြလာသော ဈေးနှုန်းများသည် ကြီးမြှင့်နေပါက သင့်လျော်သော ဈေးနှုန်းများကို ညှိနှိုင်း သတ်မှတ်ပေးသည်။ ရောင်းခွန်တော်ပေးဆောင်ရပါက ရောင်းခွန်တော်များ ထည့်သွင်းသတ်မှတ်ပေးသည်။ တွက်ယူရရှိသော ကုန်ပစ္စည်းထုတ်လုပ်ခစရိတ်ပေါ်တွင် ထုတ်လုပ်သူအတွက် ၁၀ ရာခိုင်နှုန်း၊ လက်ကားရောင်းသူအတွက် ၅ ရာခိုင်နှုန်းနှင့် လက်လီရောင်းသူအတွက် ၁၀ ရာခိုင်နှုန်း စသည့် အသီးသီးသော အမြတ်ငွေများကို ခွင့်ပြုသည်။ လက်လီရောင်းသူများသည် ကုန်ပစ္စည်းများ သတ်မှတ်ဈေးထက်ပိုမို၍ မရောင်းချနိုင်စေရန် ထုတ်လုပ်သူများအား စက်ရုံများရှေ့တွင် လက်လီဆိုင်လေးများဖွင့်လှစ်ခွင့်ပြုပြီး ပစ္စည်းအားလုံး၏ ၁၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိ အမြတ်တင်ရောင်းချခွင့်ပြုသည်။ ခရိုင်နယ်များရှိ စားသုံးသူများ သိရှိစေရန် ဈေးနှုန်းသစ်များ ဖော်ပြထားသည့် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေသည်။[1]

ထို့ပြင် ပြည်သူလူထုစားသုံးသူများ ကြိုက်နှစ်သက်မှုရရှိစေရန်အတွက် ပုဂ္ဂလိကထုတ်လုပ်မှုများဖြစ်သည့် အလှကုန်ပစ္စည်းများနှင့် လက်ရက်ကန်းပစ္စည်းများ စံသတ်မှတ်ပေးသည်။ စက်မှုလက်မှုညွှန်ကြားရေးဝန်ဌာနသည် စက်မှုလက်မှု သုတေသနအဖွဲ့နှင့် ပူးပေါင်း၍ စံသတ်မှတ်ရေးကော်မတီကို ဖွဲ့စည်းသည်။ စံသတ်မှတ်ချက်များကို ထုတ်လုပ်သူများလည်း လက်ခံနိုင်ပြီး နိုင်ငံခြားစံများနှင့်လည်း ကိုက်ညီအောင်ညှိနှိုင်းသည်။ အလှကုန်ထုတ်လုပ်သူများသည် ထုတ်လုပ်သောပစ္စည်းများ၏ ထုတ်လုပ်ပုံနည်းစနစ်များကို စက်မှုလက်မှုညွှန်ကြားရေးဝန်ရုံးသို့ တင်ပြရသည်။ ရောင်းချနေသော အလှကုန်ပစ္စည်းများကို ဈေးမှဝယ်ယူပြီး နိုင်ငံတော်အစိုးရ

၁။ ပြည်ရေးရွာမှု၊ စာ ၃၁၀

ဓာတ်ခွဲခန်းတွင် စမ်းသပ်၍ တင်ပြထားသော ဖော်စပ်နည်းများအတိုင်း မဟုတ်ပါက စက်မှုလက်မှုညွှန်ကြားရေးဝန်ဌာနမှ အသိအမှတ်ပြုခြင်းကို ပယ်ဖျက်သည်။

စက်မှုလက်မှုညွှန်ကြားရေးဝန်ဌာနသည် စက်မှုလက်မှုလုပ်ငန်းများ မြှင့်တင်ရေးအတွက် ကြိုးပမ်းရာ၌ ကာကွယ်ရေးတပ်ပေါင်းစုများအတွက် လိုအပ်သော ပြည်တွင်းဖြစ် ရှပ်ကျယ်၊ အခန္တသည်၊ ခြေအိတ်အစရှိသောပစ္စည်းများ ပေးသွင်းခြင်း၊ စက်မှုလက်မှုဘဏ်များ ဖွင့်လှစ်ပေးခြင်း၊ ပြည်တွင်းဖြစ်ပစ္စည်းများ ရောင်းချသည့် ဈေးဖွင့်လှစ်ပေးခြင်း၊ စက်မှုလက်မှုလုပ်ငန်းလေးများအတွက် ကုန်ကြမ်းပစ္စည်း ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ အထည်အလိပ်လုပ်ငန်းနှင့် အပ်ချုပ်လုပ်ငန်းဖွင့်လှစ်ခြင်း၊ ကုန်ထုတ်လုပ်မှုသင်တန်း ဖွင့်လှစ်ပေးခြင်း၊ စက်မှုလက်မှုသတင်းဖြန့်ချိရေးဗဟိုဌာန ဖွင့်လှစ်ပေးခြင်းနှင့် ငွေပင်ငွေရင်း မြှုပ်နှံမှု အကြံဉာဏ် ချမှတ်ပေးခြင်းစသည့် လုပ်ငန်းများဆောင်ရွက်ပေးသည်။ ထို့ပြင် စက်မှုလက်မှုလုပ်ငန်းများအတွက် လိုအပ်နေသောစက်မှုလက်မှု တိုးချဲ့ရေးဘဏ်တစ်ခုဖွင့်လှစ်ပေးရန် စီစဉ်သည်။ အနောက်ဂျာမနီမှ ဘဏ်လုပ်ငန်း ပါရဂူ ၂ ဦးလာရောက်ပြီး ပဏာမ စူးစမ်းလေ့လာမှုများပြုလုပ်သည်။

ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်သည့်ပစ္စည်းများသည် အမျိုးအစား ကောင်းမွန်ခြင်းကြောင့် ရောင်းချသူများသည် နိုင်ငံခြားပစ္စည်းများနှင့် ရောနှောရောင်းချကြသည်။ တောသူတောင်သား ပြည်သူအများစုသည် အဆင့်အတန်းမြင့်မားသော နိုင်လွန်နှင့် ရေယွန်ထည်စသည့် အထည်အဝတ်ပစ္စည်းများ ပြည်တွင်းတွင် ထုတ်လုပ်နေကြောင်း များသောအားဖြင့် မသိကြပေ။ ထို့ကြောင့် မြူနီစီပယ်၏ အကူအညီဖြင့် စက်မှုလက်မှုညွှန်ကြားရေးဌာနမှ ဦးစီးကာ ပြည်တွင်းဖြစ်ကုန်ပဒေသာဆိုင်ကို ၁၉၅၉ ခု ဒီဇင်ဘာ ၂ ရက်နေ့တွင် ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း တိုက်သစ်ကြီး၌ ဖွင့်လှစ်သည်။ ထိုကုန်ပဒေသာဆိုင်သစ်ကြီးတွင် ပြည်တွင်းဖြစ်ပစ္စည်းများကိုသာ ရောင်းချစေသည်။ ပြည်တွင်းဖြစ်ပစ္စည်းများ အားပေးရေးအတွက် ၁၉၅၉ ခုနှစ် စက်တင်ဘာလအတွင်း စက်မှုလက်မှုညွှန်ကြားရေးဝန်ဌာနသည် စက်မှုလက်မှုလုပ်ငန်းရှင်များသို့ မိမိတို့စက်ရုံမှ ထုတ်လုပ်သော ပစ္စည်းများပေါ်တွင် **မြန်မာပြည်မှ ထုတ်လုပ်သည်** ဟူသော တံဆိပ်ရိုက်နှိပ်ရမည်ဟု အမိန့်ထုတ်ပြန်သည်။

ခြည်သွပ်ဖိနပ်လုပ်ငန်း၊ ကျောက်သွေးလုပ်ငန်း၊ မှန်ဖုတ်လုပ်ငန်း အစရှိသော စက်မှုလက်မှု လုပ်ငန်းငယ်များတို့သည် ကုန်ကြမ်းပစ္စည်းများကို တစ်ကြိမ်လျှင် အနည်းငယ်စီသာ ဝယ်ယူနိုင်ကြသဖြင့် ယင်းလုပ်ငန်းငယ်လေးများအတွက်စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းက လက်လီအရောင်း ဗဟိုဌာန ဖွင့်လှစ်သည်။ ထိုဗဟို အရောင်းဌာနသည် နိုင်ငံခြားမှ မှာယူတင်သွင်းသော ကတ္တီပါ၊ မှန်ဖုတ်ဆိုဒါ၊ ဘောကင်ပေါင်ဒါနှင့် အခြားကုန်ကြမ်းပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးသည်။

အထည်အလိပ်လုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းတွင် ပြည်တွင်းဖြစ်များသည် အရှည် အခေသွး အဆင်ကောင်းမွန်သဖြင့် နိုင်ငံခြားအထည်များနှင့် ချုပ်လုပ်သကဲ့သို့ အမြတ် အစွန်းများ ရနိုင်ခြေရှိသည်။ အထည်ချုပ်လုပ်ငန်းအတွက် ပြည်တွင်းမှ မရနိုင်သော အထည် အလိပ်မျိုးကို စက်မှုညွှန်ကြားရေးဌာနက နိုင်ငံခြားမှ မှာယူတင်သွင်းပေးသည်။

စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနသည် ပုဂ္ဂလိကလုပ်ငန်းများ အဆင့်အတန်း မြင့်မားလာရေးအတွက် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအစည်းအရုံးမှ ပါရဂူ ၂ ဦး၏အကူအညီကိုရယူပြီး ထိုပုဂ္ဂိုလ် ၂ ဦးအား ဌာနတွင် တွဲဖက်ထား၍ ကုန်ထုတ်လုပ်မှု သင်တန်းများပေးစေသည်။ တစ်ကြိမ်လျှင် သင်တန်းသား ၂၀ တက်ရောက်ရသည်။

ထို့ပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးအတွက် စီမံကိန်းများ ရေးဆွဲရာတွင်လည်း ကောင်း၊ စက်ရုံများ နေရာချထားရေးတွင်လည်းကောင်း၊ စက်များ အသုံးချရေးတွင် စနစ်ကျစေရန်လည်းကောင်း၊ စာရင်းအင်းများ ထားသိုရေးတွင်လည်းကောင်း လိုအပ်သော စီးပွားရေး အကြံဉာဏ်များနှင့် အကူအညီများပေးနိုင်ရန် စက်မှုလက်မှု သတင်းဖြန့်ချိရေး ဌာနတစ်ခု စီစဉ်ဖွင့်လှစ်သည်။

စက်မှုလက်မှုလုပ်ငန်းများ ထူထောင်သူ တိုးပွားများပြားလာစေရန် ၁၉၅၈ ခုနှစ်တွင် ငွေပင်ငွေရင်း မြှုပ်နှံမှုအက်ဥပဒေကို ထုတ်ပြန်သည်။ ဤဥပဒေအရ စက်မှုလက်မှု လုပ်ငန်း သစ်များ ထူထောင်သူများသည် ပထမဆယ်နှစ်အတွင်း ပြည်သူပိုင်သိမ်းခြင်းမှ ကင်းလွတ်၍ ပထမသုံးနှစ်အတွင်း အမြတ်တော်ကြေးနှင့် အကောက်တော်ခွန် လွတ်ကင်းသည်။ ထို့ပြင် ယခင်က ပြည်သူပိုင်လုပ်ငန်းအဖြစ် သဘောထားခဲ့သော သကြားစက်များနှင့် အထည်စက်ရုံ များကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပြုသည်။ နိုင်ငံခြားမှ ငွေပင် ငွေရင်း လာရောက်မြှုပ်နှံမှုကိုလည်း အားပေးသည်။[1]

ဖော်ပြပါ လုပ်ဆောင်ချက်များသည် အိမ်စောင့်အစိုးရလက်ထက် ၁၉၅၈ ခု အောက်တို ဘာလ ၂၈ ရက်နေ့မှ ၁၉၅၉ ခု ဒီဇင်ဘာလ ၃၁ ရက်နေ့အတွင်း စက်မှုလက်မှု ညွှန်ကြားရေး ဦးစီးဌာန၏ လုပ်ဆောင်ချက်များဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြီးစီး၍ ဦးနု၏ သန့်ရှင်းဖဆပလ အစိုးရတက်လာသော အခါ ၁၉၆၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနကို ပြန်လည် ဖွဲ့စည်းပြန်သည်။[2] ထိုအချိန်မှစ၍ စက်မှုလက်မှု ညွှန်ကြားရေးဦးစီးဌာနဖြစ်လာသည်။

၁။ မြည်ရေးရွာမှုစကားချီး၊ ၈၁ (ဆ)
၂။ *Burma*, 13th Anniversary Jan. 1961, p.85

စက်မှုလက်မှု ညွှန်ကြားရေးဝန်၏ လက်အောက်တွင် ဒုတိယ ညွှန်ကြားရေးဝန် ၂ ဦးနှင့် လက်ထောက် ညွှန်ကြားရေးဝန် ၇ ဦး ခန့်ထားသည်။ ဒုတိယညွှန်ကြားရေးဝန် ၂ ဦးသည် ဌာနခွဲများဖြစ်ကြသော စက်မှုလက်မှုဌာနနှင့် စည်းရုံးရေးဌာနတို့ကို အသီးသီးတာဝန်ယူသည်။ ညွှန်ကြားရေးဌာနတွင် စီးပွားရေး ပညာရှင်တစ်ဦးနှင့် စက်မှုလက်မှု ပညာရှင်တစ်ဦးတို့ကိုလည်း ခန့်ထားသည်။ လက်ထောက် စက်မှုလက်မှု ညွှန်ကြားရေးဝန် ၃ ဦးသည် စက်မှုလက်မှုဌာနခွဲ ၃ ခုကို တာဝန်ယူ ကြီးကြပ်သည်။

ဖြန့်လည်ဖွဲ့စည်းသိုက်သော စက်မှုလက်မှု ညွှန်ကြားရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ ဈေးယခင်ကအတိုင်း စက်မှုလက်မှု ကုန်ကြမ်းရရှိရေး၊ စက်ကိရိယာများနှင့် သစိတ်အပိုင်းများရရှိရေး စသည့်လုပ်ငန်းများပင်ဖြစ်သည်။ ထိုလုပ်ငန်းများကို စက်မှုလက်မှုဌာနခွဲ ၃ ခုနှင့် စက်ကိရိယာဌာနခွဲများက ကြီးကြပ်ဆောင်ရွက်သည်။ ကျွမ်းကျင်မှု ပညာပေးရေး၊ အသက်ပညာပေးရေး စသည့် လုပ်ငန်းများကို ကျွမ်းကျင်မှု လေ့လာရေးဌာနခွဲမှ တာဝန်ယူသည်။ စက်မှုလက်မှု ထောက်ပံ့ကြေးနှင့် ရက်ကန်းအမတော်ကြေးများ ထုတ်ချေးရေး လုပ်ငန်းများကို ငွေချေးဌာနခွဲက တာဝန်ယူ ဆောင်ရွက်သည်။ စက်မှုလက်မှု ညွှန်ကြားရေး ဦးစီးဌာန၏ အရာထမ်း၊ အမှုထမ်းများအား ကွပ်ကဲစီမံ အုပ်ချုပ်ရခြင်းနှင့် ငွေရေးကြေးရေး ကိစ္စရပ်များကို ကြီးကြပ်ခြင်းကို အုပ်ချုပ်ရေးဌာနခွဲက တာဝန်ယူဆောင်ရွက်သည်။

စက်မှုလက်မှု ကုန်ကြမ်းများကို ပြည်ပမှ တင်သွင်းလိုပါက စက်မှုလက်မှု လုပ်ငန်းရှင်များသည် ရှေးကအတိုင်း စက်မှုလက်မှု ညွှန်ကြားရေး ဦးစီးဌာနသို့ လျှောက်ထားရသည်။ လျှောက်လွှာများကို ညွှန်ကြားရေး ဦးစီးဌာနမှ စိစစ်ပြီး ထောက်ခံချက်နှင့် တကွ သွင်းကုန်ထုတ်ကုန် ညွှန်ကြားရေးဝန်ထံသို့ ပို့ပေးသည်။

[၁] မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းများ မည်မျှရှိသည်ကို သိရှိနိုင်ရန်နှင့် ကုန်ထုတ်လုပ်အား၊ အကျိုးပြုသော စက်အင်အား၊ လူအင်အား၊ ငွေကြေးအင်အားနှင့် စက်မှုလက်မှု ကုန်ကြမ်း မည်မျှလိုအပ်ကြောင်း စသည်တို့ကို သိရှိနိုင်ရန် စာရင်းဇယားများ ထားရှိရန်လိုအပ်သည်။ သို့ဖြစ်၍ ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းရှင်များသည် စက်မှုလက်မှု ညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားရသည်။ မြန်မာနိုင်ငံ၏ စက်ရုံဥပဒေ၊ အလုပ်သမားဥပဒေနှင့် လူမှုဖူလုံရေး ဥပဒေများနှင့် ညီညွတ်သော လုပ်ငန်းများကို အသိအမှတ်ပြုကာ မှတ်ပုံတင်နံပါတ်များ ထုတ်ပေးသည်။ မှတ်ပုံတင်များ ထုတ်ပေးရာတွင် ယာယီနှင့် အမြဲတမ်းဟူ၍ ၂ မျိုးခွဲခြားထားသည်။ ခနိမိုး ဝါးထရံကာ ယာယီအဆောက်အအုံတွင် တည်ထောင်ထားသော စက်မှုလက်မှု လုပ်ငန်း

၁။ *Burma*, 13th Anniversary Jan. 1961, p.85

များကို ယာယီမှတ်ပုံတင် ထုတ်ပေးသည်။ အကယ်၍ စက်ရုံတည်ထောင်ထားသော နေရာသည် အထက်ဖော်ပြပါ ဥပဒေများနှင့် ညီညွတ်ပြီး ခိုင်ခံ့တည်မြဲသော အဆောက်အအုံများတွင် ဖြစ်ပါက အမြဲတမ်း မှတ်ပုံတင်အမှတ်ကို ထုတ်ပေးသည်။ မှတ်ပုံတင်အမှတ် ရရှိရန်အတွက် စက်မှုလက်မှု ညွှန်ကြားရေး ဦးစီးဌာနမှ သတ်မှတ်ထားသော ပုံစံ (က)၊ ပုံစံ (ခ) နှင့် ပုံစံ (ဂ) တို့တွင် အချက်အလက် အပြည့်အစုံထည့်သွင်း လျှောက်ထားရသည်။

စက်မှုလက်မှု ကုန်ကြမ်းပစ္စည်းများ တင်သွင်းရန် လိုင်စင်လျှောက်လွှာများကို ၆ လလျှင် တစ်ကြိမ် ခေါ်ယူသဖြင့် တစ်နှစ်လျှင် ၂ ကြိမ် လျှောက်ထားရသည်။ ကုန်ကြမ်းပစ္စည်း လိုအပ်သော လုပ်ငန်းရှင်များသည် ကုန်ကြမ်းတစ်မျိုးလျှင် သွင်းကုန်လိုင်စင်လျှောက်လွှာ ၃ စုံကို စက်မှုလက်မှု ညွှန်ကြားရေးဝန်ရုံးသို့ တင်သွင်းရသည်။ သွင်းကုန်လိုင်စင် လျှောက်လွှာနှင့် ပူးတွဲတင်သွင်းရန် လိုအပ်သည့် အခြားပုံစံတွင် အရောင်းစာရင်းနှင့် ကုန်ကြမ်း စာရင်းကို ၆ လအတွက် တစ်လစီခွဲခြားဖော်ပြရသည်။ အထက်မြန်မာနိုင်ငံမှ လျှောက်လွှာ များကို မန္တလေးမြို့ရှိ စက်မှုလက်မှုဌာနခွဲသို့ တင်သွင်းရသည်။ တနင်္သာရီတိုင်းမှ လျှောက်လွှာ များကို မော်လမြိုင်မြို့ရှိ စက်မှုလက်မှုအရာရှိရုံးသို့ တင်သွင်းရသည်။

စက်မှုလက်မှု လုပ်ငန်းများအတွက် စက်ကိရိယာ တင်သွင်းရန် လိုင်စင်များ လျှောက်ထား လိုပါက စက်မှုလက်မှု ညွှန်ကြားရေးရုံးသို့ အချိန်မရွေး လျှောက်ထားရသည်။ စက်ပစ္စည်း တစ်ခုချင်းအတွက် လျှောက်လွှာများ သီးခြားပေးရသည်။

စက်မှုလက်မှု ညွှန်ကြားရေး ဦးစီးဌာနသည် ပုဂ္ဂလိက စက်မှုလက်မှုများ တိုးတက်ဖွံ့ဖြိုး လာစေရေးအတွက် အထက်တွင်တင်ပြခဲ့သည့် လိုင်စင်များ ချထားပေးရန် ၁၉၅၉ ခုတွင် အမြဲတမ်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းသည်။ ယင်းကော်မတီသည် ၁၉၅၉ ခု အောက်တိုဘာလ မှ ၁၉၆၀ ပြည့်နှစ် စက်တင်ဘာလ ၃၀ ရက်နေ့အတွင်း အစည်းအဝေး အကြိမ်ပေါင်း ၄၈ ကြိမ် ပြုလုပ်သည်။

ဖော်ပြပါ အမြဲတမ်းကော်မတီကို ၁၉၆၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ပြန်လည် ဖွဲ့စည်းသည်။ ထိုအဖွဲ့တွင် စက်မှုလက်မှုဝန်ကြီးဌာန ပါလီမန်အတွင်းဝန်သည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ စက်မှုလက်မှုဝန်ကြီးဌာန အတွင်းဝန်သည် ဒုတိယဥက္ကဋ္ဌဖြစ်၏။ ကုန်သွယ်မှု တိုးတက်ရေး ဝန်ကြီးဌာနမှ ဒုတိယအတွင်းဝန်၊ အမျိုးသားစီမံကိန်း ဝန်ကြီးဌာနမှ ဒုတိယ အတွင်းဝန်၊ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းမှ ဒုတိယ အုပ်ချုပ်ရေးမှူးအောက် မငယ်သော ကိုယ်စားလှယ်တစ်ဦး၊ စက်မှုလက်မှုညွှန်ကြားရေးဝန်၊ သွင်းကုန်ထုတ်ကုန် ညွှန်ကြားရေးဌာန ဒုတိယ ညွှန်ကြားရေးဝန်တို့သည် အဖွဲ့ဝင်များဖြစ်ကြသည်။ စက်မှုလက်မှု

ညွှန်ကြားရေးဝန်ဌာနမှ အရာရှိ ၂ ဦးသည် အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ အဖြစ်ပါဝင်ကြသည်။[၁]

အကာအကွယ်ပေးရန် လိုအပ်သော ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများကို အကာအကွယ်ပေးနိုင်ရန်ကော်မတီ၏ ညွှန်ကြားချက်အရဖြစ်စေ၊ စက်မှုလက်မှုညွှန်ကြားရေးဦးစီးဌာနမှစတင်ဆောင်ရွက်ခြင်းကြောင့်ဖြစ်စေ ညွှန်ကြားရေးဌာနမှ စိစစ်ပြီး ကော်မတီသို့ တင်ပြရသည်။ အကာအကွယ်ပေးရန်လိုအပ်ပါက ကော်မတီကဆုံးဖြတ်ချက်နှင့်အတူ စက်မှုလက်မှုဝန်ကြီးဌာနသို့ ဆက်လက်တင်ပြသည်။ ထိုစဉ်က ပိုးနှင့်ပိုးတုအထည်များလုပ်ငန်း၊ ဖွတ်မီးကြိုးထိုးလုပ်ငန်း၊ ပိုင်းလေ့ဖောင်တိန်စက်ရုံ၊ သွားအားတိုးဆေးထုတ်လုပ်ရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ သွပ်ပြားထုတ်လုပ်ရေးလုပ်ငန်း၊ ဓာတ်မီးခဲ ထုတ်လုပ်ရေးလုပ်ငန်း၊ မြေဖြူမြေနီထုတ်လုပ်ရေးလုပ်ငန်းများမှာ အကာအကွယ်ပေးသော လုပ်ငန်းများဖြစ်သည်။[၂]

ထို့အပြင် ပုဂ္ဂလိကစက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော ပစ္စည်းအချို့သည် ပြည်တွင်းလိုအပ်ချက်ထက်ပိုလျှံနေသောအခါ ပြည်သူများ သိရှိစေရန် ကြေညာသည်။ ယင်းသို့ကြေညာရသော လုပ်ငန်းများမှာ စီးကရက်လုပ်ငန်း၊ ဘိစကွတ်လုပ်ငန်း၊ စပ်ကျယ်လုပ်ငန်း၊ ဒါန်သတ္တုဖြင့်ပြုလုပ်သော အိမ်သုံးပစ္စည်းလုပ်ငန်း၊ အလုံကန်လုပ်ငန်း၊ ပလတ်စတစ်အချပ်များ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဂျုပန်ပုံစံခြေညှပ်ဖိနပ်လုပ်ငန်းတို့ဖြစ်သည်။[၃]

စက်မှုလက်မှုညွှန်ကြားရေးဦးစီးဌာနသည် ပြည်တွင်းတွင် တည်ဆောက်ရန် တင်ပြလာသော စက်မှုလုပ်ငန်းစီမံကိန်း အဆိုပြုချက်များကို နိုင်ငံတော်အစိုးရ၏ ငွေပင်ငွေရင်း မြှုပ်နှံမှုအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် တိုက်ညီမှုရှိ မရှိကိုလည်းကောင်း၊ စီးပွားရေး ရှုထောင့်မှ တွက်ခြေကိုက်မှုရှိ မရှိကိုလည်းကောင်း စိစစ်သည်။ စိစစ်ချက်များကို အမျိုးသားစီမံကိန်းဝန်ကြီးဌာန ငွေပင်ငွေရင်းမြှုပ်နှံရေးကော်မတီသို့ ပေးပို့သည်။ ပေးပို့ခဲ့သည့် ကိစ္စရပ်များတွင် မြန်မာမောရိရှိတာကမ္ပဏီလီမိတက်၏ ဂျင်တန်ပစ္စည်းများကို မြန်မာနှင့် ဖက်စပ်တည်ထောင်၍ ပြည်တွင်း၌ ထုတ်လုပ်ခြင်းလုပ်ငန်း၊ ထုတ်ကုန်လီမိတက်၏ ချက်ကိုစလိုဗေးကီးယားနိုင်ငံအကူအညီဖြင့်ပြည်တွင်း၌ မော်တော်ကား တာယာနှင့်ကျွတ်များ ထုတ်လုပ်ရေးလုပ်ငန်းများ ပါဝင်သည်။ ထို့ပြင် ဓာတုဗေဒထုတ်လုပ်ရေးလုပ်ငန်း လီမိတက်က ဗြိတိန်နိုင်ငံဂျီအိုးစီ ကုမ္ပဏီ၏ အကူအညီဖြင့် လျှပ်စစ်မော်တာ၊ ပန်ကာ၊ ရေခဲသေတ္တာနှင့် လျှပ်စစ်အိမ်တွင်း အသုံးအဆောင်ပစ္စည်းများထုတ်လုပ်ရေးအတွက် ၁၉၅၉ ခုနှစ် ငွေရင်းနှီးရေးအက်ဥပဒေအရ အခွင့်အရေးများ ခံစားနိုင်ရန် လျှောက်ထားချက်၊ စစ်ဘက်ကုန်စည်ဖြန့်ချိရေးဌာနနှင့် ဟောင်ကောင်ကော်ပို

၁။ စက်မှုလက်မှု ညွှန်ကြားရေးဌာန၊ ၁၉၅၉-၆၀ ခုနှစ် အစီရင်ခံစာ၊ စာ ၁၅

၂။ စက်မှုလက်မှု ညွှန်ကြားရေးဌာန၊ ၁၉၅၉-၆၀ ခုနှစ် အစီရင်ခံစာ၊ စာ ၁၈

၃။ စက်မှုလက်မှု ညွှန်ကြားရေးဌာန၊ ၁၉၅၉-၆၀ ခုနှစ် အစီရင်ခံစာ၊ စာ ၁၉

ရေးရှင်း ရှူးလီမိတက်တို့ ဖက်စပ်တည်ထောင်၍ ရှူးဖိနပ်များထုတ်လုပ်ရန် အဆိုပြုချက်၊ ဇစ်ဘက် ကုန်စည်ဖြန့်ချိရေးဌာနမှ စက္ကူစက်တည်ထောင်ရန်ကိစ္စရပ်၊ မြန်မာ့မြေစေးလုပ်ငန်းနှင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၏ နိုင်ငံတော် ငွေပင်ငွေရင်း မြှုပ်နှံရေးအက်ဥပဒေအရ အခွင့်အရေးများ ခံစားနိုင်ရန် လျှောက်ထားချက် စသည်တို့လည်း ပါဝင်သည်။[၁]

စက်မှုလက်မှု ညွှန်ကြားရေးဦးစီးဌာနသည် ၁၉၅၉-၆၀ ခုနှစ်အတွင်း ပုဂ္ဂလိကစက်မှုလုပ်ငန်းပေါင်း ၃၃ ခုအတွက် စက်ပစ္စည်းများ နိုင်ငံခြားမှ မှာယူတင်သွင်းခြင်းအပေါ် စိစစ်ခြင်း၊ ထောက်ခံခြင်းများပြုလုပ်ပေးသည်။ ထို့ပြင် ပုဂ္ဂလိက စက်မှုလုပ်ငန်းများကို ထိရောက်စွာ ကြီးကြပ်နိုင်ရန်၊ အကြံဉာဏ်များ ခေတ်မီနည်းပညာများ ဖြန့်ဖြူးနိုင်ရန်၊ မိမိဝန်ထမ်းများ အရည်အသွေးမြင့်မားတိုးပွားလာရန် အစဉ်ကြိုးပမ်းသည်။ ၁၉၆၀-၆၁ ခုနှစ်အတွင်း စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းမှ တာဝန်ယူ တည်ဆောက်နေသော စက်ရုံများသို့ စက်မှုလက်မှုညွှန်ကြားရေးဦးစီးဌာနမှ ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုစေလွှတ်၍လည်း စက်ရုံများ တည်ဆောက်မှုလုပ်ငန်းများကို လေ့လာစေသည်။ ထိုစက်မှုလက်မှုကျွမ်းကျင်သူများ အဖွဲ့သည် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ တည်ထောင်ရေး လုပ်ငန်းများတွင် ထိရောက်စွာ တာဝန်ထမ်းဆောင်ကြသည်။

မြန်မာနိုင်ငံသည် ဝတ်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ရက်ကန်း အတတ်ပညာ အစဉ်အလာရှိသော နိုင်ငံတစ်ခုဖြစ်သည်။ ကိုလိုနီသက်တမ်းတစ်လျှောက်တွင် ပြည်ပမှဝင်လာသော ခေတ်မီအဆင်ဆန်း အသည်အန်းများ၏ ထိုးနှက်ချက်ကို မယှဉ်နိုင် မတွန်းလှန်နိုင်သဖြင့် မြန်မာ့ လက်ဖြစ်ရက်ထည်များ မှေးမှိန်တိမ်မြုပ်ခဲ့ရသည်။ လွတ်လပ်ရေး ရပြီးသည့်မှစ၍ ထိုပျောက်ကွက် အားနည်းချက်ကို နည်းအမျိုးမျိုးဖြင့် ပြုပြင်၍ မြန်မာ့ရက်ကန်းကို ခေတ်မီလာရန်နှင့် ပြည်တွင်းလိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းခဲ့သည်။ ရက်ကန်းလုပ်ငန်းသည်အိမ်တွင်း အသေးစားလုပ်ငန်းအဆင့်တွင်သာရှိနေသဖြင့် စက်မှုလက်မှု ညွှန်ကြားရေးဦးစီးဌာနက ချေးငွေများထောက်ပံ့ကြေးများဖြင့် မြေတောင်မြှောက်ပေးသည်။ ထို့ကြောင့်ရက်ကန်းကျောင်းများကို ယခင် အိမ်စောင့်အစိုးရလက်ထက်ကတည်းက ထားရှိပြီး ရက်ကန်းသင်တန်းနည်းပြများအား ပို့မိုအဆင့်မြင့်၍ ခေတ်မီသော နည်းစနစ်များ တတ်ကျွမ်းစေရန် ဆောင်းဒါးရက်ကန်းကျောင်းတွင် သင်တန်းများပေးသည်။ ဆောင်းဒါး ရက်ကန်းကျောင်းတွင် ရက်ကန်းပညာအဆင့်အတန်းကို မြှင့်ပေးပြီးနောက် ရက်ကန်း ဒီပလိုမာထိ ပေးရန်စီစဉ်သည်။

၁။ စက်မှုလက်မှု ညွှန်ကြားရေးဌာန ၁၉၅၉-၆၀ ခုနှစ် အစီရင်ခံစာ၊ စာ ၂၀

လက်ရက်ကန်းပညာများ တိုးပွားလာစေရန်အတွက် ရက်ကန်းနည်းပြဆရာ ၂၂ ဦးနှင့် အုပ်ချုပ်သူ ၂၄ ဦးတို့ကို လက်ရက်ကန်းသမားများအပြားလုပ်ကိုင်သည့် ဒေသများတွင် စီစစ်မှုများပြုလုပ်၍ ရက်ကန်းချေးငွေများ ထုတ်ချေးပေးရန် တာဝန်ပေးပါသည်။ ရက်ကန်းချေးငွေများပေးရာတွင် ရက်ကန်းစင်တစ်ခုအတွက် ငွေကျပ် ၁၅၀ နှုန်းဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက် နှစ်စဉ်ရက်ကန်းချေးငွေ ၇ သိန်းကျော် ထုတ်ချေးသည်။ ရက်ကန်းချေးငွေကို တိုင်းများအလိုက် ဒုတိယတိုင်းမင်းကြီးက ရက်ကန်းချေးငွေအဖွဲ့ အုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်အရ ချေးငွေထုတ်ယူခွင့်ပြုသည်။

မြန်မာနိုင်ငံ၏ ရိုးရာလုပ်ငန်းတစ်ခုဖြစ်သော ယွန်းထည်လုပ်ငန်းပညာ တိုးတက်လာစေရန် ယွန်းထည်လုပ်ငန်းကျောင်း တစ်ကျောင်းကို ပုဂံမြို့တွင် တည်ထောင်သည်။ အခြေခံပညာ တတ်မြောက်ထားသူများသည် ယွန်းပညာ ၂ နှစ် သင်တန်းသို့ တက်ရောက်ခွင့်ရသည်။ ၁၉၆၁ ခုနှစ်တွင် အခြေခံပညာအလယ်တန်း အောင်မြင်သူများကို တစ်နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြောင်း အဆင့်တိုးမြှင့်လိုက်သည်။ ယွန်းပညာပိုမိုတိုးတက်လာစေရေးအတွက် ဂျပန်ယွန်းပညာနည်းစနစ်များကိုလည်း အသုံးပြုသည်။ နည်းစနစ်အသစ်ဖြင့် ယွန်းထည်များ၏ အတွင်းခံပစ္စည်းအဖြစ် ဝါး၊ သစ်၊ မြေထည်၊ အလူမီနီယံနှင့် ပလတ်စတစ်များကို အသုံးပြုခဲ့သည်။

စက်မှုလက်မှုညွှန်ကြားရေး ဦးစီးဌာနသည် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ၏ စက်မှုရေးရာ ကိစ္စရပ်များ ခေတ်မီတိုးတက်လာစေရေးအတွက် စက်မှုရေးရာ စာကြည့်တိုက် တစ်ခု တည်ထောင်ခဲ့သည်။ စာကြည့်တိုက်တွင် စက်ရုံတစ်ခုချင်းအလိုက် အသုံးပြုသော စက်ပစ္စည်း ကိရိယာများဆိုင်ရာ အသေးစိတ် အချက်အလက်များကို စုဆောင်းထားသည်။ နိုင်ငံခြား တိုင်းပြည်များမှ လှူဒါန်းသောစာအုပ်များ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းရှင်များ စိတ်ဝင်စားသော ကတ်တလောက်စာအုပ်များအပြင် အခြားအသုံးကျသော စာအုပ်စာတမ်းများကို ဝယ်ယူစုဆောင်းထားသည်။ နိုင်ငံခြားနှင့် ပြည်တွင်းဖြစ် အထည် ဒီဇိုင်းများနှင့် စက်မှုလက်မှု ပစ္စည်းများကို အမျိုးအစားခွဲခြား၍ ပြသထားသည်။ ဤနည်းဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပိုမိုခေတ်မီ၍ ကောင်းမွန်သော ပုံစံအသစ်အဆန်းများ တီထွင်နိုင်စေရန် ရည်ရွယ်သည်။

မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေး ခေတ်အတွင်းက စက်မှုလက်မှု လုပ်ငန်းများ တည်ထောင်ရေးကို အစိုးရပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့မှ အသီးသီးတာဝန်ယူ လုပ်ဆောင်ကြသည်။ အစိုးရပိုင်းမှ တာဝန်ယူတည်ထောင်သော စက်ရုံကြီးများမှအပ ကျန်စားဝတ်နေရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းကြီးငယ် အမျိုးမျိုးသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ လက်ထဲတွင်ရှိသည်။ စီးပွားရေးအမြင်ရှိသူ ပုဂ္ဂလိကလုပ်ငန်းရှင်များသည် နိုင်ငံတွင်းလိုအပ်သော စားသောက် ကုန်အမျိုးမျိုး၊ အဝတ်အထည်ဆိုင်ရာ ကုန်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးဆိုင်ရာ၊ အိမ်သုံး

ဆိုင်ရာပစ္စည်းအမျိုးမျိုးထုတ်လုပ်ရန် စက်ရုံ အလုပ်ရုံများ တည်ထောင်ကြသည်။ နိုင်ငံတော်အစိုးရကလည်း ထိုပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများကို စက်မှုလက်မှု ညွှန်ကြားရေးဦးစီးဌာနမှတစ်ဆင့် တာဝန်ယူ၍ကြီးကြပ်သည်၊ ကူညီထောက်ပံ့သည်၊ အကြံပေးညွှန်ကြားသည်။ ဤသို့ အခွင့်အရေးကောင်းများကိုရရှိသဖြင့် မြန်လည်ထူထောင်ရေးခေတ်အတွင်း ပြည်တော်သာစီမံကိန်းက ချမှတ်သည့်အတိုင်း အိမ်တွင်းနှင့် အသေးစား ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းကြီးငယ်များသည် စက်မှုလက်မှု ညွှန်ကြားရေးဦးစီးဌာန၏ ကွပ်ကဲကြီးကြပ်မှုအောက်တွင် များစွာ ကြီးပွား တိုးပွား အောင်မြင်ခဲ့လေသည်။

အိမ်တွင်းနှင့် အသေးစား စက်မှုလုပ်ငန်းများ

မြန်မာနိုင်ငံတွင် စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်ရန် စီးပွားရေး ၂ နှစ်စီမံကိန်း ရေးဆွဲစဉ်ကပင် အိမ်တွင်းနှင့်အသေးစား စက်မှုလက်မှုလုပ်ငန်းများကို အစိုးရက အားပေးရန် ချမှတ်ခဲ့သည်။ စီးပွားရေးရှစ်နှစ်စီမံကိန်းတွင်လည်း ခေတ်သစ်မြန်မာပြည်တော်သာ နိုင်ငံအဖြစ်တည်ဆောက်ရာ၌ စက်မှုလက်မှုလုပ်ငန်းကြီးငယ်များကို အစိုးရက တည်ထောင်နေချိန်အတွင်း အိမ်တွင်းနှင့် အသေးစားစက်မှုလုပ်ငန်းများကိုပင် အားထားရမည်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းအဖြစ်ဖြင့် တိုးတက်လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ စနစ်တကျရှိစေရန်အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဌာနမှ တာဝန်ယူ ကြီးကြပ်ကူညီမည်ဖြစ်ကြောင်း အတိအကျဖော်ပြထားသည်။ ထို့ပြင် တိကျသောစီမံကိန်းများ ရေးဆွဲလျက် ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ စက်ရက်ကန်းလုပ်ငန်း၊ ပိုးမွေးမြူရေးလုပ်ငန်း၊ ပိုးချည်ငင်လုပ်ငန်း၊ ပိုးထည်ရက်ခြင်း ဆေးဆိုးခြင်းလုပ်ငန်း၊ ပန်းကန်လုပ်ငန်း၊ လက်လုပ်စက္ကူလုပ်ငန်း၊ သကြားချက်လုပ်ငန်း၊ နို့ဆီလုပ်ငန်း၊ အသေးစားအုတ်ကြွပ်စက်၊ ရွှေရည်စိမ် ငွေရည်စိမ်လုပ်ငန်း၊ ယွန်းထည်လုပ်ငန်း၊ ဘက်ထရီလုပ်ငန်းများကို အစိုးရက နည်းပညာ ငွေရင်းငွေနှီးထောက်ပံ့ကြေး အကူအညီများ ပေး၍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လည်းသတ်မှတ်သည်။[၁]

ထိုခွင့်ပြုချက်အရ ပြည်တော်သာစီမံကိန်းကာလအတွင်း အိမ်တွင်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းကြီးငယ်အမျိုးမျိုး အလျိုအလျိုတည်ထောင်ပေါ်ထွန်းလာသည်။ လုပ်ငန်းတည်ထောင်လိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်များကို အစိုးရက မတည်အရင်းအနှီး ထုတ်ချေးသည်။ စက်မှုလက်မှုထောက်ပံ့ကြေးများပေးသည်။ နိုင်ငံခြားအသိပညာရှင် အတတ်ပညာရှင်များကိုခေါ်ယူ၍ ပြည်တွင်း၌ လုပ်ငန်းခေတ်မီတိုးတက်စေရေးကို ဆောင်ရွက်ပေးသည်။ ဤသို့ဖြင့် ပြည်တော်သာ စီမံကိန်းကာလအတွင်း စားရေးဆိုင်ရာ ဝတ်ရေးဆိုင်ရာ သုံးကုန်ဆိုင်ရာ ပုဂ္ဂလိကစက်ရုံ

၁။ *Burma*, Vol. 5.No. 3, April 1955, p. 24

အလုပ်ရုံများ မြန်မာပြည်မြို့ကြီးမြို့ငယ်များတွင် ပေါ်ထွန်းလာကာ ပြည်သူတို့၏လိုအပ်ချက်ကို တစ်ဘက် တစ်လမ်းမှ ဖြည့်ဆည်းပေးကြသည်။

စက်မှုလုပ်ငန်းအမျိုးမျိုး၊ စက်ရုံအလုပ်ရုံကြီးငယ် အမျိုးမျိုးတို့အနက် စားကုန်ဆိုင်ရာ ကဏ္ဍတွင် ဆန်စက်၊ ဂျုံစက်၊ ဆီစက်၊ ဖွဲနုဆီစက်၊ သကြားစက်၊ ဘီစကွတ်စက်၊ သကြားလုံးစက်၊ ဘိလပ်ရည်စက်၊ ရေခဲစက်၊ ခေါက်ဆွဲစက်၊ ကြာဆံစက်၊ နို့ဆီချက်စက်၊ အရက်ချက်စက်၊ စီးကရက်စက် စသည်တို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များက တည်ထောင်ကာ ကုန်ပစ္စည်းထုတ်လုပ် ကြသည်။ ဆန်စက်များမှာ အများဆုံးဖြစ်သည်။

မြန်မာနိုင်ငံသည် ဆန်စပါး စိုက်ပျိုးသောနိုင်ငံဖြစ်သည်။ ဆန်သည်ပြည်သူတို့၏ အဓိက စားကုန်ဖြစ်၏။ ထို့ကြောင့် ခေတ်အဆက်ဆက်ကပင် ဆန်စပါးကြိတ်ခွဲခြင်း၊ ပြည်တွင်းပြည်ပ ရောင်းချခြင်းသည်နိုင်ငံ၏ အဓိကစီးပွားရေးတစ်ခုဖြစ်ခဲ့သည်။ စပါးမှဆန်ဖြစ်ရအောင် သမားရိုးကျ ကြိတ်ချုံဆုံများမောင်းများဖြင့် လည်းကောင်း၊ စက်ကြီးစက်ငယ်များဖြင့်လည်းကောင်း လုပ်ဆောင်ကြသည်။ မြန်မာနိုင်ငံတွင် ပထမဦးဆုံးတည်ထောင်သော စက်သည် ဆန်စက်များ ဖြစ်သည်ဟုဆိုနိုင်ပေသည်။ ဆန်စက်များတည်ထောင်ခြင်း နှင့်ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းကို တရုတ် ကုလား နိုင်ငံခြားသား အရင်းရှင်များက လုပ်ဆောင်ကြသည်။ တိုင်းရင်းသားငွေရှင် ကြေးရှင်အချို့ကလည်း နောက်ပိုင်းတွင် ဆန်စက်တည်ထောင်လာကြသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါစ ၁၉၃၉ ခုနှစ်က မြန်မာနိုင်ငံတွင် ပုဂ္ဂလိက ဆန်စက်ပေါင်း ၂၇၂ လုံး၊ ဂျုံစက် ၃ လုံးရှိသည်။ စစ်အတွင်းပျက်စီးသဖြင့် ၁၉၄၇ ခုနှစ် ဦးရေအောက်များစွာ လျော့နည်းသွားသည်။ လွတ်လပ်ရေးရပြီးနောက် တစ်စတစ်စ ပြန်လည်ထူထောင်လာကြရာ ၁၉၅၁ ခုနှစ်တွင် ဆန်စက် ၈၂ လုံး၊ ဂျုံစက် ၈၁ အထိတိုးတက်လာသည်။ ပုဂ္ဂလိကပိုင်များ ဖြစ်ကြသည်။

နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (နကရဖ)ကို ဖွဲ့စည်းပြီးသည့်နောက်ပိုင်းတွင် ပြည်ပသို့ ဆန်စပါးတင်ပို့ရောင်းချရေးကို အစိုးရကအာဏာအပ်နှင်းထားသော ယင်းအဖွဲ့က ဆောင်ရွက်ရသည်။ ထို့ကြောင့် နကရဖသည် ပြည်ပသို့ တင်ပို့ရောင်းချမည့်ဆန်များ အရည် အသွေးမြင့်မားကောင်းမွန်စေရန် ဆန်ကြိတ်ခွဲမှုလုပ်ငန်း ကောင်းမွန်တိုးတက်အောင်ကြံဆောင် သည်။ အစိုးရဆန်စက်ကြီးများ တည်ဆောက်ရန် စီစဉ်သည့်အပြင် ၁၉၅၁ ခုမှ ၁၉၅၄ ခုနှစ် အတွင်း ပုဂ္ဂလိကဆန်စက်ပိုင်ရှင်များသို့ ခေတ်မီစက်များ တပ်ဆင်ပြုပြင်ရန်ငွေကျပ် ၁၇၉.၆ သိန်း ထုတ်ချေးခဲ့သည်။ ထို့ကြောင့် ပြန်လည်ထူထောင်ရေးခေတ်တွင် ကိုလိုနီခေတ်ကထက် ဆန်စက်များ ဆန်ကြိတ်ခွဲမှု အဆင့်အတန်းမြင့်မားလာသည်၊ ခေတ်မီလာသည်။

ဆန်စက်များသည် ပြည်သူတို့ ဝမ်းစာအတွက် ကြိတ်ခွဲပေးသည့် လုပ်ငန်းကို အဓိက လုပ်ဆောင်သည်။ အချို့စက်ကြီးများသည် နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့နှင့်

ဆက်သွယ်၍ အစိုးရ စပါးကို ကြိတ်ခွဲပေးကြသည်။ အစိုးရ စပါးကို ကြိတ်ခွဲရာ၌ ဆန် အမျိုးအစားအလိုက် သတ်မှတ်နှုန်းထား ရရှိသည်။ ပြည်တွင်းစားသုံးမှုအတွက် ကြိတ်ခွဲရာ၌မူ လုပ်ခပိုမို ယူကြသည်။

ဆန်ဂပါး လုပ်ငန်းကို နကရဖမှ ထိန်းချုပ်လုပ်ကိုင်သော်လည်း ဆန်စက် လုပ်ငန်းများ ကျဆင်းမသွားပေ။ ဆန်စက်များ တိုးတက် တည်ဆောက်လာကြောင်း တွေ့ရသည်။ မြန်မာနိုင်ငံတွင် ၁၉၅၈-၅၉ ခုနှစ်က ဆန်စက်ပေါင်း ၇၆၁ စက်ရှိ၍ ၁၉၆၁-၆၂ ခုနှစ်တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ဆန်စက်ကြီးငယ်ပေါင်း ၁၈၁၃ စက်အထိ တိုးတက်လာသည်။ ၎င်းစက်များအနက် ၉၉၄ လုံးသည် နကရဖနှင့် ဆက်သွယ်၍ အစိုးရ စပါးကို နဝလီ ကြိတ်ခွဲကြသည်။

ထိုစက်များ၏ ကြိတ်ခွဲနိုင်မှု စွမ်းအားမှာ မတူကြချေ။ ထို့ကြောင့် စက်များကို စွမ်းအင်အလိုက် အဆင့်အတန်း သတ်မှတ်ထားသည်။ အေ ၁ အဆင့်ရှိ စက် ၇၈ လုံးသည် ၆၉-၇၀တန်ကျ ကြိတ်နိုင်စွမ်းရှိသည်။ ထိုစက် ၇၈ လုံး၏ ၂၄ နာရီကြိတ်အားသည် စုစုပေါင်း ၅၂၇၀ တန်ဖြစ်သည်။ ဒုတိယအဆင့် အေ ၂ သတ်မှတ်သော စက် ၂၁၀ ရှိသည်။ စက်ကြိတ်အား ၅၀ တန်ခန့် ရှိသော စက်များဖြစ်သည်။ ထိုစက် ၂၁၀ ၏ ၂၄ နာရီ ကြိတ်အားသည် စုစုပေါင်း ၁၁၀၂၉ တန်ဖြစ်သည်။ ဘီ ၁ အဆင့်တွင် စက်ပေါင်း ၃၅၀ ပါသည်။ စက်ကြိတ်အား ၄၀ တန်ခန့်ရှိသည်။ ထို ဘီ ၁ အဆင့်စက်များသည် ၂၄ နာရီတွင် စုစုပေါင်း ၁၂၆၂၉ တန် ကျအောင် ကြိတ်နိုင်သည်။ စက်စွမ်းအား ၃၅ တန်ခန့် ရှိသော ဘီ ၂ အဆင့် စက် ၂၆၈ လုံး သည် ၂၄ နာရီတွင် ၆၂၃၃ တန် ကြိတ်ခွဲနိုင်သည်။ အဆင့်အနိမ့်ဆုံး စီ အမျိုးအစားစက် ၁၃၃ လုံးကမူ ၂၄ နာရီတွင် ၃၉၂၅ တန် ကျအောင် ကြိတ်နိုင်သည်။ စက် ၉၉၄ လုံး၏ ၂၄ နာရီ စက်ကြိတ်အားသည် စုစုပေါင်း ၄၂၀၈၆ တန်ဖြစ်သည်။

အေအဆင့် စက်များက တန်းမြင့်ဆန်များကြိတ်ခွဲပေးနိုင်သည်။ ဘီအဆင့် စက်များ သည် တန်းလတ်ဆန်များကို ကြိတ်ခွဲ၍ စီအဆင့် ဆန်စက်များသည်တန်းနိမ့်ဆန်များကိုသာ ကြိတ်နိုင်ကြသည်။ ဤအဆင့်အတန်းဝင် ပုဂ္ဂလိက ဆန်စက်များနှင့် မြို့ကြီး မြို့ငယ်တိုင်း လိုလိုတွင် တည်ရှိသော ဆန်စက်ကြီးငယ်များသည် ပြည်တွင်း စားသုံးမှုနှင့် ပြည်ပတင်ပို့ ရောင်းချမှုတို့အတွက် လိုအပ်သော ဆန်အမျိုးမျိုးကို တာဝန်ယူ ကြိတ်ခွဲပေးကြသည်။ ပြန်လည်ထူထောင်ရေး ကာလအတွင်းတွင် နကရဖမှ တည်ထောင်သော အစိုးရပိုင် ဆန်စက် ၆ လုံးသာ ရှိသည်။[၁]

၁။ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးရောင်းချမှု၊ စာ ၂၅၅–၅၆

မြန်မာနိုင်ငံတွင် ဘီစကွတ်၊ ခေါက်ဆွဲ စသော လုပ်ငန်းများနှင့် ဆက်စပ်၍ ဂျုံလုပ်ငန်းများ၊ ဂျုံစက်များလည်း တိုးပွားလာသည်။ ဒုတိယကမ္ဘာစစ်ပြီးစက မြန်မာနိုင်ငံတွင် ဂျုံစက် ၃ လုံးသာရှိသည်။ ရန်ကုန်ရှိ ဂျုံစက် အချို့သည် အာသာစက်များ ဖြစ်သည်။ လွတ်လပ်ရေး ရပြီးနောက် ၁၉၄၈-၄၉ ခုနှစ်တွင် ရန်ကုန်မြို့၌ Adamjee Flour Mill, T.M.T. Burma Roller Flour and Oil Mill, Bandoola Flour Mill, Neese Flour Mill, Rangoon Roller Flour Mill တို့ ရှိသည်။[1] ပြည်တော်သာ ကာလအတွင်း ပုဂ္ဂလိက လုပ်ငန်းရှင်များက ဂျုံစက် တည်ကြသဖြင့် ၁၉၅၉-၆၀ ခုနှစ်တွင် နေ့စဉ် တစ်ဆိုင်းလျှင် ၁၀ တန်မှ ၃၂ တန်ကြား ထုတ်လုပ်နိုင်စွမ်းအား ရှိသော ဂျုံစက်ရုံပေါင်း ၆ ရုံရှိသည်။ ထိုစက်များမှာ ၁၉၆၀-၆၁ ခုနှစ်တွင် ဂျုံတန်ပေါင်း ၂၇၆၁၉ ထုတ်လုပ်နိုင်သဖြင့် ၁၉၅၉-၆၀ ခုနှစ် ထက် ၃၈ ရာခိုင်နှုန်း ပိုမိုခဲ့သည်။ သို့သော် ဂျုံစက်များ၏ ထုတ်လုပ်နိုင်စွမ်းအင်အား၏ ၂၃ ရာခိုင်နှုန်းသာ ရှိလေသည်။[2]

ပြည်တော်သာခေတ် ဂျုံစက်များအနက် အမှတ် ၆၇၀/၆၇၄ ကထော်ပွန့်တောင်တွင် ရှိသော ဩဘာဂျုံစက်သည် ထင်ရှားသော ဂျုံစက်ကြီးတစ်ခုဖြစ်သည်။ စက်ရုံမြေဧရိယာမှာ ၇-၈၃ ဧကကျယ်သည်။ ၁၉၅၇ ခုနှစ်က Burma Company Act အရ အစုရှယ်ယာဝင် ၁၂၄ ဦးတို့က ငွေကျပ် ၁၀ သိန်း မတည်ရင်းနှီးမြှုပ်နှံကာ တည်ထောင်သော ဂျုံစက် ဖြစ်သည်။ စက်ရုံကို Board of Directors အဖွဲ့ဖြင့် အုပ်ချုပ်လုပ်ကိုင်သည်။[3]

စားသုံးဆီသည် မြန်မာလူမျိုးများအတွက် မရှိမဖြစ် အရေးပါသော စားကုန်တစ်မျိုးဖြစ်သည်။ နှစ်စဉ်တိုးတက်လာသော လူဦးရေနှင့် စားသုံးနှုန်းများအရ လိုအပ်သည့် စားသုံးဆီများကို ရရှိနိုင်ရန် ဆီထုတ်လုပ်နိုင်သော လယ်ယာထွက် သီးနှံများမှ စီးပွားရေး တွက်ခြေကိုက်သည့် သီးနှံများကို ရွေးချယ်ကာ တိုးချဲ့စိုက်ပျိုးပြီး စားသုံးဆီထုတ်ရန် စီမံဆောင်ရွက်သည်။ မြန်မာပြည်၌ စီးပွားရေးတွက်ခြေကိုက်၍ စားသုံးဆီထုတ်လုပ်နိုင်သော သီးနှံများမှာ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါစေ့ နှင့် ပြောင်းတို့ဖြစ်၏။ ထို့ပြင် ဖွဲနု မှ ဖွဲနုစားဆီထုတ်လုပ်ရန် ၁၉၅၅ ခုနှစ်မှစ၍ သုတေသနပြုလုပ်စမ်းသပ်သည်။

မြန်မာနိုင်ငံသည် ဆန်ကိုအဓိကထား၍ စားသုံးသော နိုင်ငံဖြစ်သည့်ပြင် ရင်းဆန်ကိုလည်း အဓိကထား၍ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိရာ နှစ်စဉ်စပါးများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်လျက်ရှိသကဲ့သို့ စပါးကြိတ်ခွဲရန် ခေတ်မီဆန်စက်ကြီးများကိုလည်း တိုးချဲ့တည်ဆောက်လျက်ရှိသဖြင့် စားဆီထုတ်လုပ်ရန် ကုန်ကြမ်းဖြစ်သော ဖွဲနုအများအပြား ရနိုင်ပေသည်။

၁။ *Business Guide of Burma* 1948-49, p. 210.

၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၃၁

၃။ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ ဂျုံလုပ်ငန်း၏ စက်ရုံသမိုင်း၊ စာ ၈

ရှိ အရှေ့တောင် အာရှနိုင်ငံများအနက် မြန်မာနိုင်ငံသည် ဖွဲနုကို ခေတ်ပြန်ဆီနှင့် ရောနှော၍ ဖွဲနုကြိမ်းထုတ်လုပ်သည့်စနစ်ကို စတင်ဆောင်ရွက်ခဲ့သည့် နိုင်ငံဖြစ်သည်။

ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်ရည်ရွယ်၍ ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသနအဖွဲ့ (UBARI) သည် ခေတ်ပြန်ဆီဖြင့် ဖွဲနုမှ ဆီထုတ်လုပ်သည့် စနစ်ကို သုတေသနပြုလုပ်သည်။ ၁၉၅၅ ခုနှစ်တွင် ရွေပြေးစမ်းသပ်မှုကို အမေရိကန်နိုင်ငံ အာမာသုတေသန (Armour Research Institute U.S.A) အဖွဲ့အစည်းမှအတိုင်ပင်ခံ ပုဂ္ဂိုလ်များ၏ အကူအညီဖြင့် လုပ်ဆောင်သည်။ ဖွဲနုကို အချဉ်မပေါက်စေရန် အချိန်မီ အသုံးချရသဖြင့် အခြေအနေနှင့်ကိုက်ညီသော ၂၅ တန် ကြိတ်ဝါးသည့် စက်ငယ်ကို တီထွင်တည်ဆောက်သည်။ သို့သော် နိုင်ငံတော်အစိုးရက ဖွဲနုဆီစက်များ စတင်အကောင်အထည်ဖော်ခြင်း မရှိခဲ့ချေ။

ထို့နောက် ၁၉၅၇ ခုနှစ်တွင် ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဦးချစ်စုက ဖွဲနုဆီထုတ်လုပ်မှုလုပ်ငန်းကို စတင်ခဲ့ရာ ယင်းလုပ်ငန်း၏အောင်မြင်မှုကို အတုယူပြီးနောက် အခြားပုဂ္ဂိုလ်များကပါ ဖွဲနုဆီစက်လုပ်ငန်းကို စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် တည်ထောင်ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် မြန်မာပြည်တွင် ဖွဲနုမှ စားသုံးဆီ ထုတ်လုပ်မှုလုပ်ငန်းကို စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ရာ၌ ပုဂ္ဂလိက လုပ်ငန်းရှင်များက စတင်ဆောင်ရွက်ခဲ့သည်ဟု ဆိုရပေမည်။

ဖွဲနုဆီစက်တည်ထောင်ရန် စီးပွားရေးအမြင်ရှိသော ပုဂ္ဂလိက လုပ်ငန်းရှင်အချို့သည် ၁၉၅၂ ခုနှစ်ဦးပိုင်းကပင် ဂျပန်နိုင်ငံသို့သွားရောက်၍ ၎င်းနိုင်ငံတွင် စတင်စမ်းသပ် ထုတ်လုပ်နေပြီဖြစ်သော ဖွဲနုမှ စားဆီထုတ်လုပ်ခြင်းလုပ်ငန်းကို လေ့လာကြသည်။ ထိုနှစ်မှာပင် ၎င်းပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံအစိုးရသို့ ဖွဲနုဆီစက် တည်ဆောက်ခွင့်ပြုရန် လျှောက်ထားကြသည်။ သို့သော် ထိုစဉ်က ၎င်းလုပ်ငန်းကို အစိုးရကလုပ်ကိုင်ရန် ရည်ရွယ်ချက်ရှိသဖြင့် လျှောက်ထားချက်ကိုခွင့်မပြုခဲ့ချေ။ သို့သော် ၁၉၅၆ ခုနှစ်အထိ ၎င်းလုပ်ငန်းကို အစိုးရက လုပ်ကိုင်ခြင်းမရှိသေးသဖြင့် အဆိုပါပုဂ္ဂိုလ်များက ထပ်မံလျှောက်ထားရာ ထိုနှစ်၌ပင် လုပ်ပိုင်ခွင့်ရရှိခဲ့ကြသည်။

ထိုသို့အစိုးရ၏ ခွင့်ပြုချက်ကိုရသောအခါ ပုဂ္ဂလိက လုပ်ငန်းရှင်များသည် စက်မှုလက်မှုဌာနစုမှ ငွေချေး၍ ဂျပန်နိုင်ငံ Boso Oil & Fat Co. ၏ပထမဆုံး ထုတ်လုပ်သော တစ်နေ့လျှင် ဂျပန်ဖွဲနု ၄၅ တန်ကြိတ်ခွဲနိုင်သည့် ဆီကြမ်းထုတ်စက်ရုံနှင့် တစ်နေ့လျှင် ဆီကြမ်း ၁၀ တန်ကြိတ်ခွဲနိုင်သော ဆီချောစက်ရုံတို့ကို Turn Key စနစ်ဖြင့် ဝယ်ယူပြီး သက်နိုင်ကျွန်း

၁။ ဖွဲနုဆီစက်ဌာနနှင့် ဆောင်ရွက်နေသော လုပ်ငန်းများ၊ စာ ၁-၂

တွင် စတင်တည်ဆောက်သည်။ ၁၉၅၈ ခုနှစ်၌ ယင်းစက်ကို တည်ဆောက်ပြီး၍ **အထွေထွေ ဖွဲနုဆီစက်** အမည်ဖြင့် စတင်လည်ပတ်သည်။ ၎င်းစက်သည် မြန်မာနိုင်ငံတွင် ဖွဲနုမှ စားဆီ ထုတ်လုပ်သောစက်များအနက် ပထမဦးဆုံးစက်ဖြစ်သည်။

ထိုနောက် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ၁၉၅၈ ခုနှစ်တွင် ပေါင်းမြို့နယ်၌ တစ်နေ့လျှင် တန် ၄၀ ဖွဲနုကြိတ်ခွဲနိုင်ပြီး ဆီကြမ်း ၁၀ တန်သန့်စင်နိုင်သော ဖွဲနုဆီစက်တစ်လုံးကို အင်္ဂလန်နိုင်ငံမှ ဝယ်ယူပြီး စတင်တည်ဆောက်ရာ ၁၉၅၉ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ **ဗမာ့ကောက်ပဲသီးနှံဖွဲနုဆီစက်**အမည်ဖြင့် စတင်လည်ပတ်သည်။ တစ်ဖန် ၁၉၆၀ ပြည့်နှစ်တွင် ပေါင်းမြို့နယ်၌ပင် တစ်နေ့လျှင် တန် ၄၀ ဖွဲနုကြိတ်ခွဲနိုင်၍ ဆီကြမ်း ၁၀ တန်သန့်စင်နိုင်သော ဆီသန့်စက်ကို အနောက်ဂျာမနီမှ ဝယ်ယူ၍ စတင်တည်ဆောက်ရာ ၁၉၆၁ ခုနှစ်တွင် **စိန်ကျော် ဖွဲနုဆီစက်**အမည်ဖြင့် စတင်လည်ပတ်သည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များစေလာကတွင် ဖွဲနုဆီစက်တည်ဆောက်ရေး ခေတ်စားလာသည်။ ထို့ကြောင့် ၁၉၆၁ ခုနှစ်တွင် လှိုင်မြို့နယ်၌ တစ်နေ့လျှင် ဖွဲနု ၁၅ တန်ကြိတ်ခွဲနိုင်သော ဆီကြမ်း ထုတ်စက်ရုံကို မြန်မာပြည်ရှိ ပုဂ္ဂလိက အင်ဂျင်နီယာများဖြင့် စတင်တည်ဆောက်ပြန်သည်။ ၁၉၆၂ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ **စံချိန်ဖွဲနုဆီစက်**အမည်ဖြင့် စတင်လည်ပတ်ခဲ့သည်။ ထို့နှစ်မှာပင် ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးက ပုသိမ်မြို့၌ တစ်နေ့လျှင် ဖွဲနုတန် ၆၀ ကြိတ်နိုင်၍ ဆက်တိုက် လည်ပတ်နိုင်သော (Continuous Type) ဖွဲနုဆီကြမ်းထုတ်စက် တစ်လုံးကို အနောက်ဂျာမနီမှ ဝယ်ယူပြီး စတင်တည်ဆောက်သည်။ ၁၉၆၃ ခုနှစ်တွင် တည်ဆောက် ပြီးစီး၍ **ဗန္ဓုလဖွဲနုဆီစက်**အမည်ဖြင့် စတင်လည်ပတ်ခဲ့သည်။ ၎င်းစက်သည် ပုဂ္ဂလိကဖွဲနု ဆီစက်များအနက် တစ်ခုတည်းသော (Continuous Type) အမျိုးအစားစက်ဖြစ်သည်။[1]

ဖွဲနုမှ စားဆီစတင်ထုတ်လုပ်သော ၁၉၅၈ ခုနှစ်ပိုင်းက ဖွဲနုကို ပုဂ္ဂလိက လုပ်ငန်းရှင်များက ဝယ်ယူခွင့်ရှိနေသေးရာ ဖွဲနုဆီစက်အရောက် လယ်ဂတ်ဖွဲနုတစ်တန်လျှင် ၇၀ ကျပ်ခန့်နှင့် ဝယ်ယူ ရသည်။ ထိုအချိန်က ဖွဲနုစားဆီ ၁၀ ပိဿာတစ်ပုံး၏ရောင်းဈေးမှာ ၂၇ ကျပ်ခန့်ရှိသည်။ ဖွဲနုမှဆီထုတ်လုပ်ခြင်းလုပ်ငန်းစတင် လုပ်ကိုင်ကြစဉ်က ဆီထုတ်ပြီးဖွဲဖတ်များကို အသုံးချ နိုင်ခြင်းမရှိသေးချေ။ ဟောင်ကောင်နှင့် ဥရောပနိုင်ငံများသို့ တိရစ္ဆာန်အစာအဖြစ် အသုံးပြုရန် ၁၉၅၉ ခုနှစ်မှစ၍ ရောင်းချခဲ့သည်။ ထိုစဉ်က ဖွဲဖတ်တစ်တန်လျှင် (F.O.B.) ၇ ပေါင်မှ ၈ ပေါင်ခန့်ထိသာရသည်။ နောက်ပိုင်းတွင် လိုကြိုက်များလာသဖြင့် ဖွဲဖတ် တစ်တန်၏ ရောင်းဈေးသည် (F.O.B.) ၁၃ ပေါင်ထိဖြစ်လာသည်။

၁။ ဖွဲနုဆီစက်ရှာနနှင့် ဆောင်ရွက်နေသော လုပ်ငန်းများ။ စာ ၃

ဖွဲ့နုဆီထုတ်လုပ်ရာမှ ဘေးထွက်ပစ္စည်းများဖြစ်သော ဆပ်ပြာကြမ်းနှင့် စက်မှုဆီကြမ်းများကိုလည်း ဆီစတင်ထုတ်လုပ်စဉ်က အသုံးမချနိုင်သေးချေ။ နောက်ပိုင်းတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ဂျပန်ပြည်သို့သွားရောက်လေ့လာပြီး ဆပ်ပြာကြမ်းမှ ဆပ်ပြာမှုန့်ထုတ်လုပ်၍ ဘဲလေးနှင့် တယ်လီဖုန်းဆပ်ပြာမှုန့်အမည်များဖြင့် ရောင်းချကြသည်။ စက်မှုဆီကြမ်းများကိုလည်း ဆပ်ပြာတောင့်နှင့် ဆင်ချေးတုံးဆပ်ပြာများအဖြစ် ပြုလုပ်ရောင်းချသည်။ သို့သော် ထိုဆပ်ပြာများမှာပျော့၍ အဆင့်အတန်းနိမ့်သဖြင့် ပိုမိုအဆင့်အတန်းမြင့်သော ဆပ်ပြာအဖြစ်ချက်လုပ်နိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် အမေရိကန်နှင့် အနောက်ဂျာမနီနိုင်ငံများသို့ မေးမြန်းစုံစမ်းရာ ဖွဲ့နုဆီကြမ်းကို ဆီခဲပြုခြင်း (Hydrogenation) ကို ဆောင်ရွက်ပြီးမှ ဆပ်ပြာချက်လုပ်ပါက ပိုမိုကောင်းမွန်သော ဆပ်ပြာရနိုင်ကြောင်း သိရှိကြသည်။ ထို့နောက်စက်မှုဆီကြမ်း ၁၆ ဂါလန်ခန့်ကို အနောက်ဂျာမနီသို့ပေးပို့၍ ဆီခဲပြုလုပ်စေပြီး ရရှိသောဆီခဲကို မြန်မာပြည်ရှိ ယူနီလီဗားဆပ်ပြာစက်ရုံသို့ ပေးပို့စမ်းသပ်စေပြီးနောက် ဖွဲ့နုဆီကြမ်းဖြင့် အဆင့်အတန်းမြင့်သောဆပ်ပြာများကို မြန်မာပြည်တွင် စတင်ထုတ်လုပ်နိုင်လာသည်။

ထိုစဉ်က ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆီခဲပြုလုပ်သော (Hydrogenation) စက်တစ်လုံး ဝယ်ယူတည်ဆောက်ခွင့် တောင်းခဲ့သည်။ သို့ရာတွင် ၎င်းလုပ်ငန်းကို အစိုးရက ဦးစီးဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဆီခဲပြုလုပ်သော စက်ရုံ တည်ဆောက်ခွင့်မပြုခဲ့ချေ။[1]

ပြန်လည်ထူထောင်ရေးကာလတွင် ဖွဲ့နုမှစားသုံးဆီထုတ်လုပ်သောလုပ်ငန်းကို ပုဂ္ဂလိကလုပ်ငန်းရှင်များက အပြိုင်အဆိုင် တည်ဆောက်ထုတ်လုပ်ကြသည်။ ၁၉၅၆ ခုမှ ၁၉၆၂ ခုအတွင်း ဖွဲ့နုဆီစက် သင်္ကန်းကျွန်းတွင် ၁ စက်၊ လှိုင်မြို့နယ်တွင် ၁ စက်၊ ဒေါပုံတွင် ၂ စက်၊ ပုသိမ်တွင် ၁ စက်၊ စုစုပေါင်း ၅ စက်ရှိသည်။ ဖွဲ့နုဆီသာမက ဘေးထွက်ပစ္စည်းဖြစ်သော ဆပ်ပြာကြမ်းနှင့် ဆီခဲများမှ ဆပ်ပြာမှုန့်၊ ဆပ်ပြာတောင့်များလည်း ထုတ်လုပ်နိုင်ကြသဖြင့် နိုင်ငံအတွင်း ဆပ်ပြာလိုအပ်ချက်ကိုလည်း တစ်ဘက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ဖွဲ့နုဆီစက်များမှ ၁၉၅၉-၆၀ ခုနှစ်အတွင်း စုစုပေါင်းငွေ ၁၉.၄၅ သိန်းဖိုး ထုတ်လုပ်ရောင်းချခဲ့သည်။

ခေတ်သစ် မြန်မာနိုင်ငံတွင် သကြားစားသုံးမှု ပမာဏ မသေးလှချေ။ စစ်ပြီးကာလ ၁၉၄၉ ခုနှစ်က တစ်ဦးကျ စားသုံးမှုသည် ၄.၁၄ ပေါင်ခန့်ရှိသည်။ နိုင်ငံအတွင်း သကြားအထွက်နှင့် ဖြန့်ဖြူးနိုင်မှုပေါ် မူတည်၍ ၁၉၅၅ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း လူတစ်ဦးကျ သကြားစားသုံးမှုသည် ၅.၄၀ ပေါင်မှ ၆.၅၉ ပေါင်အထိ တိုးတက်လာသည်။[2]

၁။ ဖွဲ့နုဆီစက်ဌာနနှင့် ဆောင်ရွက်နေသော လုပ်ငန်းများ။ စာ ၄
၂။ ဦးကျော်မြင့်၊ မြန်မာနိုင်ငံသကြားလုပ်ငန်း။ စာ ၇

ပြည်တွင်းစားသုံးရန် သကြားကို ပြည်တွင်း၌ ပုဂ္ဂလိကနှင့် ပြည်သူပိုင် သကြားစက်များက ထုတ်လုပ်ပေးသည်။ လိုအပ်ချက် မပြည့်မီသဖြင့် ပြည်ပမှ ဝယ်ယူတင်သွင်းရသည်။ ပြန်လည်ထူထောင်ရေးကာလအစပိုင်းတွင် ပုဂ္ဂလိက **သကြားစက်** ၂ လုံးရှိသည်။ ဇေယျဝတီ သကြားစက်နှင့် ဆားမှော် သကြားစက်တို့ ဖြစ်ကြသည်။

ဇေယျဝတီ သကြားစက် သည် ၁၉၃၅ ခုနှစ်ကပင် တည်ထောင်ခဲ့သော ပုဂ္ဂလိကပိုင် သကြားစက်ဖြစ်သည်။ စစ်ပြီးကာလ ၁၉၄၅ ခုနှစ် မေလတွင် ပိုင်ရှင်များက စက်ကို ပြန်လည်ပြုပြင်ကာ စမ်းသပ်လည်ပတ်သည်။ ဂေါ့တလန်ပြည် ဒန်ကင်စတီးဝပ် ကုမ္ပဏီမှ ဝယ်ယူ တပ်ဆင်ထားသော သကြားစက်နှင့် စက်ပစ္စည်းများသည် ဟောင်းနွမ်းနေပြီဖြစ်၍ ၁၉၄၈ ခုနှစ်တွင် ချက်ကိုစလိုဗေးကီးယားပြည် စကိုဒါ ကုမ္ပဏီမှ နောက်ထပ်သကြားစက် အသစ်တစ်လုံး ဝယ်ယူတပ်ဆင်သည်။ ထိုစက်သစ်ဖြင့် ၁၉၄၆ ခု၊ ၁၉၄၇ ခုနှစ်များတွင် စက်လည်ခဲ့သည်။ ၁၉၄၈-၄၉ ခုနှစ်တွင်မူ ပြည်တွင်းမငြိမ်သက်မှု၊ သောင်းကျန်းမှုများကြောင့် ၃ လခန့်သာ စက်လည်နိုင်သည်။ ရပ်ဆိုင်းထားခဲ့ရာ ၁၉၅၀ ပြည့်နှစ်တွင်မှ လုပ်ငန်း ပြန်လည် စတင်နိုင်သည်။ ၁၉၅၀-၅၁ ခုနှစ် ဧပြီလနှင့် မေလများမှ ၁၉၅၃ ခုနှစ်ကုန်အထိ ပုဂ္ဂလိကပိုင် စက်အဖြစ်ဖြင့် ကုန်ထုတ်လုပ်ခဲ့သည်။ ၁၉၅၄ ခုနှစ် နိဝင်ဘာလ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံ ပြည်သူပိုင် အက်ဥပဒေ အမှတ် ၅၈ အရ ပြည်သူပိုင်စက်ရုံဖြစ်လာသည်။

ဇေယျဝတီ သကြားစက်တွင် စက်ကိရိယာများသည် ရေနွေးငွေ့ဖြင့် မောင်းသော စက်များဖြစ်သည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များလက်ထက်က ၁၉၄၈ ခုနှစ်တွင် တပ်ဆင်သော စကိုဒါစက်သည် တစ်နေ့ကြိတ်နှုန်းချိန် ၁၅၀၀ ကြိတ်ဝါးနိုင်သည်။ စက်ဟောင်းဖြစ်သော ဒန်ကင်စတီးဝပ် စက်သည် တစ်နေ့ကြိတ်နှုန်းချိန် ၁၀၀၀ သာကြိတ်ဝါးနိုင်သည်။ ပြည်သူပိုင် မသိမ်းမီ ၁၉၄၆ ခုနှစ်မှ ၁၉၅၃ ခုနှစ်များအတွင်းက စက်ဟောင်းမှာ ချွတ်ယွင်းနေသဖြင့် စကိုဒါစက် တစ်လုံးတည်းဖြင့် လည်ပတ်လျက် သကြား ထုတ်လုပ်ခဲ့သည်။

ဆားမှော်သကြားစက် သည်လည်း ဒုတိယကမ္ဘာစစ် မဖြစ်မီ ၁၉၂၆ ခုနှစ်ကပင် စတင် တည်ဆောက်ခဲ့သော ပုဂ္ဂလိကပိုင် စက်ရုံဖြစ်သည်။ ထိုစဉ်က ပင်လေးဖလင်မင် ကုမ္ပဏီပိုင် မြန်မာပြည် သကြားကုမ္ပဏီလီမိတက် အမည်ဖြင့် လည်ပတ်ခဲ့သော စက်ဖြစ်သည်။ စစ်အတွင်းက ပျက်စီးသွားသဖြင့် လုပ်ငန်းရပ်ဆိုင်းနေရာမှ ၁၉၅၄ ခုနှစ်တွင် စက်ပစ္စည်း ကိရိယာများ၊ စက်ရုံ အဆောက်အအုံနှင့် မြေနေရာကို ပဲခူး ဦးဘညွန့်က ဝယ်ယူ၍ စက်ရုံ ပြန်လည်ဖွင့်လှစ်ရန် ကြိုးစားသည်။ သို့သော် ၁၉၅၅ ခုနှစ်တွင် ဦးဘညွန့် ကွယ်လွန်သွားသည်။ ကျန်ရစ်သူ သားသမီးများက အခြားပုဂ္ဂိုလ်များနှင့် ပူးပေါင်းကာ အဖွဲ့ဝင် ၁၂ ဦးအမည်ဖြင့်

၁။ ဦးကျော်မြင့်၊ မြန်မာနိုင်ငံသကြားလုပ်ငန်း။ စာ ၄၆-၇

ဆားဖော် သကြားကုမ္ပဏီ တည်ထောင်ပြီး ၁၉၆၁ ခုနှစ် ဧပြီလလောက်ကစ၍ စက်လည်နိုင်ရေးကို ကြိုးပမ်းကြသည်။ ၁၉၆၁ ခုနှစ် မေလတွင် ကျပ် ၁၂.၅၀ သိန်းဖိုးခန့် စက်ပစ္စည်းများ တင်သွင်းခွင့်လိုင်စင်ရ၍ Blairs Campbel, George Cohen, Herbert Morris, Dorr, Port Engineering Works, Bells and Marcus ကုမ္ပဏီများမှ စက်ပစ္စည်းကိရိယာများကို မှာထားဝယ်ယူသည်။ နိုင်ငံခြားမှ စက်ကိရိယာများ မှာယူသော်လည်း ငွေရေး ကြေးရေး မပြေလည်သဖြင့် ပစ္စည်းများကို ဆိပ်ကမ်းမှ ရွေးယူနိုင်ခြင်း မရှိကြချေ။ ထိုအခက်အခဲများနှင့် ကြံစိုက်ပျိုးသူများ၏ ပြဿနာတို့ကို ဖြေရှင်းပေးသောအားဖြင့် တော်လှန်ရေးကောင်စီ အစိုးရလက်ထက် ၁၉၆၂ ခု ဒီဇင်ဘာလအတွင်း သကြားစက်ကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက လွှဲပြောင်းယူရန် စီစဉ်ခဲ့ရသည်။[၁] ပြည်သူပိုင်စက်ရုံအဖြစ်တွင်မှ ထုတ်လုပ်မှု စတင်နိုင်ခဲ့သည်။

မြန်လည်ထူထောင်ရေးကာလအတွင်း ပြည်သူတို့၏ သကြားစားသုံးမှုကို ပုဂ္ဂလိကစက်ရုံများက ဖြည့်ဆည်းပေးနိုင်ခြင်း မရှိခဲ့ချေ။ သကြားထုတ်လုပ်ရေးကို ပြည်သူပိုင် စက်ရုံများကသာ တစ်တပ်တစ်အား တာဝန်ယူခဲ့ကြသည်။

ဘီစကွတ်သည် မြန်မာ့ရိုးရာ စားသုံးကုန်တစ်ခုမဟုတ်သော်လည်း လွတ်လပ်ရေးရပြီး နောက် ခေတ်သစ်မြန်မာနိုင်ငံတွင် ဘီစကွတ် စားသုံးမှု တိုးတက်လာသည်။ ကိုလိုနီခေတ် အတွင်းက ဘီစကွတ်ကို နိုင်ငံခြားမှ ဝယ်ယူတင်သွင်း စားသုံးကြသည်။ စင်စစ်အားဖြင့်သော် ဘီစကွတ်စားသုံးမှုသည် မြန်မာ့ရိုးရာဓလေ့မဟုတ်သဖြင့် ယေဘုယျအားဖြင့် မြို့ကြီးပြကြီး များနေ လူကုံထံများအတွက်သာဖြစ်သည်။ လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် ဘီစကွတ် စားသုံးမှုနယ်ပယ်ကျယ်ပြန့်လာသောအခါ ပုဂ္ဂလိက လုပ်ငန်းပိုင်ရှင်များက **ဘီစကွတ်စက်ရုံ** များတည်ထောင်လာကြသည်။ ပြည်တော်သာစီမံကိန်း လမ်းစဉ်အရ အစိုးရ၏ အားပေး ကူညီမှုကိုရသဖြင့် ၁၉၅၆ ခုနှစ်ခန့်ကစ၍ ရန်ကုန်တွင် ဘီစကွတ်စက်ရုံများ ပေါ်ထွန်းလာကာ အပြိုင်အဆိုင်ထုတ်လုပ်ဖြန့်ဖြူးကြသည်။

ဘီစကွတ်စက်ရုံများသည် ဂျုံလုပ်ငန်းနှင့် ဆက်နွယ်သော လုပ်ငန်းဖြစ်သည်။ စက်ရုံ တည်ထောင်သူများသည် များသောအားဖြင့် တရုတ်အမျိုးသားများဖြစ်သည်။ တစ်ဦးတည်း ပိုင်စက်ရုံထက် အစုစပ်ပိုင်စက်ရုံကများသည်။ ပြည်တော်သာခေတ်လယ်ခန့်တွင် ဘီစကွတ် စက်ရုံကြီးပေါင်း ၁၆ ရုံရှိခဲ့သည်။[၂]

၁။ မြန်မာနိုင်ငံသကြားလုပ်ငန်း၊ စာ ၉၃-၄

၂။ ရန်ကုန်မြို့ရှိ ဘီစကွတ်စက်ရုံများစာရင်း နောက်ဆက်တွဲ ၂ ရှု

ရန်ကုန်မြို့ရှိ ဘီစကွတ်စက်ရုံကြီး ၁၆ ရုံအနက် ဘေဘီ ဘီစကွတ်စက်ရုံသည် ယခု အုတ်ကျင်းဘူတာရုံလမ်း အမှတ် ၁၃ ရပ်ကွက် လှိုင်မြို့နယ်တွင်တည်ရှိခဲ့သည်။ စက်ရုံမြေဧရိယာမှာ ၁.၆၂၂ ဧကကျယ်ဝန်းသည်။ ၁၉၅၇-၅၈ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ စတင်ကုန်ထုတ်လုပ်နိုင်ခဲ့သည်။ အစုရှယ်ယာဝင် ၈ ဦးပိုင်စက်ရုံဖြစ်သည်။ နယူးဘားမားဘီစကွတ်စက်ရုံသည်လည်း ၁၉၅၇-၅၈ ခုနှစ်တွင် စတင်ကုန်ထုတ်လုပ်နိုင်ခဲ့သည်။ ဦးမိုးသိန်းနှင့် ဦးတင်ထွန်းတို့ပိုင်ဖြစ်၍ အုတ်ကျင်းဘူတာရုံလမ်း၊ ယခုအမှတ် ၁၆ ရပ်ကွက် လှိုင်မြို့နယ်တွင် တည်ရှိခဲ့သည်။ စက်ရုံမြေဧရိယာမှာ ၁.၄၇၇ ဧကရှိသည်။ လှိုင်မြို့နယ်ဓမ္မသုခကျောင်းလမ်းတွင် တည်ရှိခဲ့သော အခြားဘီစကွတ်စက်ရုံတစ်ခုမှာ ဦးအုန်းခင် တည်ထောင်သော လီရှင်းဘီစကွတ်စက်ရုံဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် မ တည်ရင်းနှီးငွေကျပ် သုံးသိန်းသုံးသောင်းဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ပဒေသာစက်မှုကုမ္ပဏီသည် အမှတ် ၈၀၃၊ မဟာဗန္ဓုလလမ်းတွင် တည်ရှိသည်။ ပဒေသာစက်မှုကုမ္ပဏီအမည်ဖြင့်ပင် အမှတ် ၁၄၈ ရန်ကုန် အင်းစိန်လမ်းရှိ ၂.၄၁၄ ဧကကျယ်ဝန်းသော မြေပေါ်တွင် ဘီစကွတ် စက်ရုံတစ်ခု တည်ထောင်ထားသည်။ ဘီစကွတ်စက်ရုံကို အစုရှယ်ယာဝင် ၆ ဦးစပ်ဖြင့် ၁၉၅၃ ခုနှစ်တွင် မ တည်ရင်းနှီးငွေ ငါးသိန်းမြှုပ်နှံကာ တည်ထောင်သည်။

လှိုင်မြို့နယ်၊ ယောဂီကျောင်းလမ်း အမှတ် ၁၅၂ (ခ) တွင် တည်ရှိသော နေရှင်နယ်ဘီစကွတ်နှင့် ဝေဖာစက်ရုံသည် ၁၉၅၉ ခုနှစ်တွင် အမျိုးသားဘီစကွတ်နှင့် စက်မှုလက်မှုလီမိတက်အမည်ဖြင့် စတင်တည်ဆောင်ခဲ့သော စက်ရုံဖြစ်သည်။ စက်ရုံကို ဦးစိန်မောင်နှင့် အစုရှယ်ယာပေါင်း ၆၁၅ စုတို့က မတည်ရင်းနှီးငွေ ကျပ် ၆၁၅၀၀၀ ဖြင့် စတင်တည်ထောင်ကာ ကုန်ထုတ်လုပ်ခဲ့ကြသည်။

*ခြသေ့ တံဆိပ် မြန်မာဘီစကွတ်စက်ရုံသည် ၁၉၅၂ ခုနှစ်ကပင် စတင်တည်ထောင်လည်ပတ်ခဲ့သော စက်ရုံဖြစ်သည်။ အမှတ် ၁၀၅ ရန်ကုန်-အင်းစိန်လမ်းပေါ်တွင် စက်ရုံတည်ရှိသည်။ အမှတ် ၁၁၅ လမ်းမတော်နှင့် ၂၃ လမ်းတို့တွင် မြန်မာဘီစကွတ်စက်ရုံ အမည်ဖြင့်ပင် ဖြန့်ဖြူးရောင်းချသောဌာန နှင့် အလုပ်ရုံများရှိသည်။ စက်ရုံမှာ အစုရှယ်ယာဝင် ၁၅ ဦး မတည်ရင်းနှီးငွေ ကျပ် ငါးသိန်းဖြင့် စတင်ခဲ့သော စက်ရုံဖြစ်သည်။ စီမံအုပ်ချုပ်မှုအရပ်ရပ်ကို ဦးလှက တာဝန်ယူဦးဆောင်သည်။ စက်ရုံမြေဧရိယာမှာ ၁.၀၂ ဧကရှိသည်။ ထုတ်လုပ်စွမ်းအားကောင်း၍ နာမည်ကြီးကာ ထင်ရှားဖွံ့ဖြိုးသော ဘီစကွတ်စက်ရုံဖြစ်သည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ဘီစကွတ်စက်ရုံများကို ရန်ကုန်မြို့ ဆင်ခြေဖုံးများတွင် တည်ဆောက်ကြသည်။ ထို့ကြောင့် အင်းစိန်၊ လှိုင်၊ ကမာရွတ်နယ်မြေများတွင် ဘီစကွတ်စက်ရုံများရှိသကဲ့သို့ သင်္ဃန်းကျွန်းဘက်တွင်လည်း ရှိခဲ့သည်။ ရွှေမြသာ ဘီစကွတ်စက်ရုံသည်

၇၂၊ သကၠန်းကျွန်းလမ်းတွင်လည်းရှိခဲ့သည်။ အစုရှယ်ယာဝင် ၁၄ ဦး မတည်ရင်းနှီးငွေ ကျပ် ၁၃ သိန်းဖြင့် ၁၉၅၉ ခုနှစ်တွင် စတည်တည်ထောင်လည်ပတ်ခဲ့သည်။ စက်ရုံမြေအကျယ်အဝန်းမှာ ၂.၅၆ ဧကရှိ၏။အိုဝမ်းဘီစကွတ်စက်ရုံကိုလည်း အမှတ် ၅-၁၁၊ ဗျိုင်းရေအိုးစင်လမ်း တာမွေတွင် တရုတ်အမျိုးသားများက အစုစပ်ပိုင်အဖြစ် တည်ထောင်ခဲ့သည်။ ဦးစ-ဒေါ်ခင်ကြည်မိသားစုတို့ကလည်း ၁၉၅၁ ခုနှစ်တွင် မတည်ရင်းနှီးငွေ ကျပ် ၁၀ သိန်းဖြင့် အမှတ် ၆ဂ၊ ဖိုးစိန်လမ်းတွင် ဘီစကွတ်စက်ရုံ တည်ထောင်သည်။ ကြည်ကြည်ဘီစကွတ်စက်ရုံဟု အမည်တွင်သည်။ လုပ်ငန်းအောင်မြင် တိုးတက်သဖြင့် ၁၉၅၆ ခုနှစ်တွင် မူလနေရာမှအမှတ် ၄၆၊ ကမ္ဘာ့အေးဘုရားလမ်းသို့ပြောင်းရွှေ့တိုးချဲ့လုပ်ကိုင်သည်။ ၂၇၉ အနော်ရထာလမ်းတွင် အရောင်းဌာနနှင့် အလုပ်ရုံးဖွင့်ထားသည်။

သကၠန်းကျွန်း လေးထောင့်ကန်အနီးတွင်ဦးစစ်ကိုင်းနှင့် သားများ ဘီစကွတ်စက်ရုံရှိခဲ့သည်။ ထို့အတူ ၁၅၆၊ လေးထောင့်ကန်လမ်း၊သကၠန်းကျွန်းတွင် ထိပ်တန်းဘီစကွတ်စက်ရုံလည်း ရှိခဲ့သည်။ ထိပ်တန်းဘီစကွတ်စက်ရုံကို အစုရှင် ဂ ဦးပိုင်သည်။ ဦးစစ်ကိုင်းနှင့် သားများ ဘီစကွတ်စက်ရုံ အရောင်းဌာနသည် ဂ၁၀၊ မဟာဗန္ဓုလလမ်းတွင်ရှိသည်။ ထို့အတူ ကမာရွတ် ဦးပု ဘီစကွတ်စက်ရုံကလည်း ၃၄ လမ်းတွင် အရောင်းဌာနနှင့် အလုပ်ရုံးဖွင့်ထားသည်။[1]

ဘီစကွတ်စက်ရုံဦးရေ၊ မတည်ရင်းနှီးငွေများကို ထောက်ရှု၍ ထိုခေတ်က ဘီစကွတ်ထုတ်လုပ်ရေးလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းကောင်း တစ်ခုဖြစ်ခဲ့သည်ဟု ခန့်မှန်းနိုင်သည်။ ဘီစကွတ်စက်ရုံအများသည် ကုန်ပစ္စည်းထုတ်လုပ်ရာ စက်ရုံမြေနှင့် အဆောက်အအုံများ စက်များသာမက ကုန်ပစ္စည်းဖြန့်ဖြူးရေးဌာနနှင့် ရုံးခန်းကို ရန်ကုန်မြို့တွင်းဦးဖွင့်လှစ်ထားနိုင်ကြပေသည်။ လုပ်ငန်းစည်ပင်ဖွံ့ဖြိုးခြင်း၏ လက္ခဏာဟု ဆိုရပေမည်။

ဘီစကွတ်လုပ်ငန်း အောင်မြင်သဖြင့် စက်ရုံတည်ထောင်မှု တိုးတက်လာသည်။ စက်ရုံတိုးချဲ့၍ စက်ရုံခွဲများလည်း ရှိလာသည်။ ထို့ကြောင့် ၁၉၅၉-၆၀ ခုနှစ်တွင် မှတ်ပုံတင်ထားသော ဘီစကွတ်စက်ရုံ ၂၀ ရှိသည်။ ထိုစက်ရုံများမှ ဘီစကွတ် ၅၂၇၇ တန်ထုတ်လုပ်၍ ၄ဂ၆၄ တန်ရောင်းချရာ ကျပ် ၁၀၉.၁၇ သိန်းရရှိသည်။ ဘီစကွတ်စက်ရုံများသည် နေ့စဉ်တစ်ဆိုင်းလျှင် တန်ချိန် ၀.၂၂ နှင့် ၁၀ တန်အကြား ထုတ်လုပ်နိုင်စွမ်းရှိကြသည်။ ၁၉၆၀-၆၁ ခုနှစ်တွင် မှတ်ပုံတင်သော ဘီစကွတ်စက်ရုံပေါင်း ၂၃ ရုံရှိသည်။[2]

၁။ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း၊ ဂျုံလုပ်ငန်း၏ စက်မှုသမိုင်း၊ စာ ၁-၁၀။ မြန်မာပြည် ကုန်သွယ်ရေးနှင့် စက်မှုလက်မှု လမ်းညွှန် (၁၆၀-၆၁)

၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၃၉

ပုဂ္ဂလိက လုပ်ငန်းရှင်များသည် လုပ်ငန်းတွင်ကျယ်၍ အမြတ်အစွန်းကောင်းသော ဘိစကွတ်လုပ်ငန်းကိုအပြိုင်အဆိုင် လုပ်ကိုင်ရောင်းချရာ ၁၉၆၁ ခုတွင်ဘိစကွတ်ထုတ်လုပ်မှုသည် ပြည်တွင်းစားသုံးမှုထက် များစွာပိုလျှံနေလေသည်။ ထို့ကြောင့် စက်မှုလက်မှု ညွှန်ကြားရေးဝန်ကြီးဌာနသည် ဘိစကွတ်စက်ရုံသစ် တည်ထောင်ခြင်း၊ တိုးချဲ့ခြင်းများ လုံးဝမပြုရန်နှင့် အကယ်၍ တည်ထောင်တိုးချဲ့မှုများပြုလုပ်က လုပ်ငန်းနှင့်ပတ်သက်သော ကုန်ကြမ်းပစ္စည်း စသည့်အကူအညီများပေးရန် လုံးဝစဉ်းစားမည်မဟုတ်ကြောင်း လုပ်ငန်းရှင်များသို့ သတိပေးချက်တစ်ရပ် ထုတ်ပြန်ကြေညာရသည်အထိ ဖြစ်ခဲ့သည်။[၁]

ဂျုံလုပ်ငန်းနှင့် ဆက်နွယ်၍ ဘိစကွတ်လုပ်ငန်းရှိသကဲ့သို့ ပုဂ္ဂလိကပိုင်[၂] ခေါက်ဆွဲကြာဆံ လုပ်ငန်းလည်းရှိသည်။ ခေါက်ဆွဲစက်ရုံများသည်လည်း ဘိစကွတ်စက်ရုံများကဲ့သို့ပင် စီးပွားရေးကောင်းကြသည်။ ခေါက်ဆွဲစားသုံးမှုသည်လည်း မြန်မာ့ရိုးရာစလေ့ မဟုတ်ချေ။ သို့သော် လူနေမှုအဆင့်အတန်း တိုးမြင့်လာသော မြန်မာ့မြို့နေ လူ့အသိုက်အဝန်းတွင် ခေါက်ဆွဲသည် အခါက စားကုန်မဟုတ်တော့ဘဲ ထိပ်တန်းနေရာကို ရရှိလာသည်။ ခေါက်ဆွဲစက်များကို တရုတ်အမျိုးသားများက တည်ထောင်၍ ခေါက်ဆွဲအစိုနှင့် အခြောက်ထုတ်လုပ်ကြသည်။

ခေါက်ဆွဲစက်များသည်လည်း များသောအားဖြင့် လှိုင်နှင့်ကမာရွတ် နယ်မြေဒေသတွင် တည်ရှိကြသည်။ ဦးခင်ဇော်နှင့် အစုရှင် ၆ ဦးတို့ ပူးပေါင်းတည်ထောင်သော ပြည်သူ့စက်မှုလက်မှု ကော်ပိုရေးရှင်းသည် လှိုင်မြို့နယ်အတွင်း မြေဧရိယာ ၂၅၂၄ ဧကပေါ်တွင် တည်ထားသော ခေါက်ဆွဲစက်ရုံဖြစ်သည်။ စက်ရုံကို မတည်ရင်းနှီးငွေ ကျပ် ၅၅၉၃၃၀ ဖြင့် စတင်ခဲ့သည်။ စံကီး သကြားလုံးနှင့် ခေါက်ဆွဲခြောက်စက်ရုံသည် လှိုင်မြို့နယ်၊ တံတားဖြူ ကန်လမ်းတွင် တည်ရှိသည်။ ထိုစက်ကို ဒေါ်မြနှင့် ဦးမောင်မောင်ချင်းတို့က ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလတွင် မတည်ရင်းနှီးငွေကျပ် ၂၃၀၀၀၀ ဖြင့် တည်ထောင်ကာ စတင်လည်ပတ်ခဲ့သည်။ အမှတ် ၄၀၊ သမာဓိလမ်း၊ တာမွေရှိ မြန်မာတရုတ် ခေါက်ဆွဲစက်သည် ၁၉၆၁ ခုနှစ်က ဒေါ်ကျင်ဌေး တည်ထောင်သော စက်ဖြစ်သည်။ ခေါက်ဆွဲခြောက်များ ထုတ်လုပ်သည်။ မြန်မာတရုတ် ခေါက်ဆွဲကုမ္ပဏီမှ ထုတ်လုပ်သော ဝမ်းဘဲနှစ်ကောင်တံဆိပ်၊ ကြက်တံဆိပ်၊ နဂါးနီတံဆိပ် ကြက်ဥခေါက်ဆွဲများသည် နှစ်ပေါင်းများစွာကပင် နာမည်ရခဲ့ပြီးဖြစ်သည်။ အမှတ် ၁၆၉၊ အင်းစိန်လမ်း၊ ကမာရွတ်ရှိ ရန်ကုန်စက်မှုလက်မှု ခေါက်ဆွဲစက်သည်လည်း ပြည်တော်သာ စီမံကိန်းကာလအတွင်း တည်ထောင်သော ခေါက်ဆွဲစက်ရုံဖြစ်သည်။ ထိုစဉ်က နာမည်ကြီးခဲ့သော ခေတ်သစ်ပြုစုမ်စက်ရုံသည် သင်္ဃန်းကျွန်းမြို့နယ်တွင် တည်ရှိသည်။ ဦးချမ်း တစ်ဦးတည်းပိုင် ရင်းနှီးမတည်ငွေ ၁၀ သိန်းဖြင့် ၁၉၅၉ ခုနှစ်တွင် တည်ထောင်သောစက်ရုံဖြစ်သည်။[၃]

၁။ စက်မှုလက်မှုသတင်းလွှာ ၆ /၆၁ နေ့စွဲ ၁၄-၃-၆၁။ စက်မှုလက်မှုစာစောင် အတွဲ ၁၊ အမှတ် ၁၊ စာ ၂၆

၂။ ဂျုံလုပ်ငန်း၏ စက်ရုံသမိုင်း၊ စာ ၂၊ ၃၊ ၆၊ ၉

မှတ်ပုံတင်ထားသောခေါက်ဆွဲစက်များမှာ ထိုထက်များစွာပိုသည်။ ၁၉၆၀-၆၁ ခုနှစ်က ခေါက်ဆွဲစက်ရုံကြီးငယ် ၃၂ ရုံရှိသည်။ ခေါက်ဆွဲတန်ချိန် ၇၁၉၉ ထုတ်လုပ်ပေးသည်။ စက်ရုံတစ်ရုံစီ၏ ကုန်ထုတ်စွမ်းအားမှာ နေ့စဉ် တစ်ဆိုင်းလျှင် ၀.၂၇ တန်မှ ၁၄ တန်အထိ ထုတ်လုပ်နိုင်သည်။[1] ရန်ကုန်ရှိ ထင်ရှားသော ခေါက်ဆွဲခြောက် ထုတ်လုပ်သူ ပုဂ္ဂလိက လုပ်ငန်းရှင်များမှာ ပြည်သူ့ စက်မှုလက်မှု ကော်ပိုရေးရှင်း၊ မြန်မာ-တရုတ် ခေါက်ဆွဲစက် ကုမ္ပဏီ၊ ပြည်ထောင်စု ခေါက်ဆွဲစက်၊ ဗမာ့ခေတ် စက်မှုလက်မှုကုမ္ပဏီ၊ မြန်ဟွာကုမ္ပဏီ၊ မြန်မာလူထု ခေါက်ဆွဲစက်၊ ရန်ကုန်စက်မှုလက်မှု၊ ခင်မြိုင် ကုမ္ပဏီ၊ စံကီးသကြားလုံးနှင့် ခေါက်ဆွဲစက်ရုံ၊ ဗိန်ခေါက်ဆွဲစက်ရုံ၊ ရွှေပြည်အေး စက်မှုလက်မှုတို့ ဖြစ်ကြသည်။[2] အချို့ ခေါက်ဆွဲစက်ကြီးများသည် စက်မှုလက်မှု အမည်ဖြင့် တည်ထောင်သော လုပ်ငန်းကြီးများ ဖြစ်၍ ခေါက်ဆွဲလုပ်ငန်းသာမက အခြားလုပ်ငန်းများလည်း ပူးတွဲလုပ်ဆောင်ကြသည်။ လက်အောက်ခံ လက်လီဆိုင်များ ဆိုင်ခွဲများလည်း ဖွင့်လှစ်ထားကာ ဖြန့်ဖြူးရောင်းချကြသည်။

ဂျုံလုပ်ငန်း သို့မဟုတ် ဂျုံစက်များနှင့် ဆက်နွယ်သော စားသုံးကုန်ထုတ်လုပ်မှုတစ်ခုမှာ ပေါင်မုန့်ဖုတ်လုပ်ငန်းဖြစ်သည်။ ဘီစကွတ်၊ ခေါက်ဆွဲတို့ကဲ့သို့ပင် မြို့နေ လူကုံထံတို့၏ စားသုံးကုန်တစ်ခုဖြစ်သဖြင့် ရန်ကုန်မြို့တွင် ပေါင်မုန့်ဖုတ်ဖိုများ တစ်စတစ်စ တိုးပွားလာသည်။ ၁၉၅၉-၆၀ ခုနှစ်တွင် ပေါင်မုန့်ဖိုပေါင်း ၄၄ ဖိုရှိသည်။ နေ့စဉ် တစ်ဆိုင်းလျှင် ၀.၁ တန်မှ ၄.၂၆ တန်အကြား ထုတ်လုပ်နိုင်စွမ်း ရှိကြသည်။ ထိုမုန့်ဖိုများမှာ ၁၉၅၉-၆၀ ခုနှစ်တွင် ပေါင်မုန့်တန်ချိန် ၄၄၁၁ တန်ထုတ်လုပ်သည်။ ၁၉၆၀-၆၁ ခုနှစ်တွင်မူ မှတ်ပုံတင်သော ပေါင်မုန့်ဖိုပေါင်း ၅၀ အထိ တိုးတက်လာသည်။[3] ပေါင်မုန့်ဖုတ် လုပ်ငန်း၏ ပမာဏလည်း မသေးလှချေ။ ပုဂ္ဂလိက လုပ်ငန်းရှင်တို့၏ စီးပွားရေး လုပ်ငန်းကောင်း တစ်ခုဖြစ်သည်။ လုပ်ငန်းရှင်များမှာ တရုတ်နှင့် အိန္ဒိယ အမျိုးသားများ ဖြစ်ကြသည်။

မုန့်ပဲသရေစာ အမျိုးအစားဝင် တစ်ခုဖြစ်သော **သကြားလုံးလုပ်ငန်းသည်** ပြည်တော်သာ စီမံကိန်းကာလတွင် စီးပွားရေးလုပ်ငန်းကောင်း တစ်ခု ဖြစ်လာသည်။ ရှေးအခါက သကြားလုံးကို ဘီစကွတ်ကဲ့သို့ပင် ပြည်ပမှ တင်သွင်းဝယ်ယူရသည်။ သရေစာအဖြစ်စားသုံးမှု တိုးတက်လာသဖြင့် ပြည်တော်သာ ကာလတွင် သရေစာလုပ်ငန်းရှင်များ၊ မုန့်တိုက်များက သကြားလုံးစက်များ ပူးတွဲတည်ထောင် ထုတ်လုပ်ကြရာ ၁၉၅၉-၆၀ ခုနှစ်က သကြားလုံး စက်ရုံပေါင်း ၃၁ ရုံရှိသည်။ သကြားလုံးတန်ချိန် ၂၇၂၆ ထုတ်လုပ်ကြသည်။ စက်ရုံတစ်ရုံ

၁။ စီးပွားရေးစစ်တမ်း ၁၉၆၂။ စာ ၃၉

၂။ မြန်မာပြည် ကုန်သွယ်ရေးနှင့် စက်မှုလက်မှုလမ်းညွှန် ၁၉၆၀ - ၆၁

၃။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂။ စာ ၃၉

လျှင် တစ်ဆိုင်းလျှင် ၁·၀၆ တန်နှင့် ၂·၉၇ တန်အကြား ထုတ်လုပ်နိုင်စွမ်းရှိသည်။ [၁]ဘိစကွတ်၊ ပေါင်မုန့်၊ ကိတ်မုန့်၊ သကြားလုံး စသော သရေစာများ ထုတ်လုပ်သည့် ကွန်တီနင်တယ် မုန့်တိုက်နှင့် ရှားမီးမုန့်တိုက်များမှာ နာမည်ကြီးသောထိပ်တန်း မုန့်တိုက်ကြီးများဖြစ်ကြသည်။

မြန်မာ့စားကုန် နယ်ပယ်တွင် နိုင်ငံခြားသားတို့၏ ဓလေ့ဖြစ်သော ဘိစကွတ်၊ ပေါင်မုန့်၊ သကြားလုံးစသည့် သရေစာများ နေရာယူလာသကဲ့သို့ ရေခဲနှင့် ဘိလပ်ရည် သောက်သုံးမှုလည်း တစ်စတစ်စ တိုးပွားလာသည်။ ရေခဲစက်နှင့် ဘိလပ်ရည် စက်များကို လွတ်လပ်ရေး မရမီကပင် ရန်ကုန်နှင့် မြို့ကြီးအချို့တွင် တည်ထောင် ခဲ့ကြသည်။ ယေဘုယျအားဖြင့်သော် ရန်ကုန်ရှိ စက်များက ဖြန့်ဖြူးရောင်းချခဲ့ကြသည်။

စစ်ကြီးပြီးစ ၁၉၄၆-၄၇ ခုနှစ်များတွင် ရန်ကုန်မြို့၌ ရေခဲနှင့် ဘိလပ်ရည်စက် ၂ လုံးသာရှိသည်။ လွတ်လပ်ရေးရပြီးစ ၁၉၄၈-၄၉ ခုနှစ်တွင်မူ ရန်ကုန်မြို့၌ ရေခဲနှင့် ဘိလပ်ရည်စက်ကြီး ၆ ခုရှိလာသည်။ နိုင်ငံခြားသားပိုင်များ ဖြစ်ကြသည်။ ထိုစက်များအနက် Amerian Ice and Mineral Water Ltd. သည် အမှတ် ၄၂၃ အောက်ကြည့်မြင်တိုင် လမ်းပေါ်တွင်ရှိသည်။ Bamathit Aerated Water Co. သည် ပြည်လမ်းပေါ် တွင်ရှိသည်။အမှတ် ၃၆၇၊ ကော်မစ်ရှင်နာလမ်းတွင် ရှိသော Burma Ice and Mineral Water Co. မှ ယုန်တံဆိပ်ဘိလပ်ရည် ထုတ်လုပ်သည်။အမှတ် ၁၄၂၊ ဆူးလေဘုရားလမ်းရှိ Amalgamated Ice and Mineral Water Co. Ltd. မှ စိန်တံဆိပ်ဘိလပ်ရည်ထုတ်သည်။ A Scott and Co.၏ကျားတံဆိပ်ဘိလပ်ရည်ကိုလူသိများသည် လူကြိုက်များသည်။အလွန်ထင်ရှားသည်။ အမှတ် ၂၉၀၊ကျူးကြီးလမ်းရှိ United Aerated Water Factory· မှ ကြက်တံဆိပ်ဘိလပ်ရည် ထုတ်လုပ်သည်။[၂]ပြည်တော်သာစီမံကိန်းကာလတွင်မူ ပုဂ္ဂလိကလုပ်ငန်းရှင်များက တစ်ဦးတည်းသော်လည်းကောင်း၊ စုပေါင်း၍ သော်လည်းကောင်း တည်ထောင်ကြသဖြင့် ရန်ကုန်မြို့တွင်သာမက အကွက်အကွင်းသင့်ရာ မြို့ကြီး အချို့တွင်လည်း စက်များ တိုးပွားလာသည်။

ရန်ကုန်မြို့၊ဦးဝိစာရလမ်း၊အမှတ် ၃၃၅/၃၄၉ တွင်တည်ရှိသော ဒဂုန်ကျန်းမာရေးရေခဲစက်သည် ၁၉၄၉ ခုနှစ် မေလ ၁၂ ရက်နေ့တွင် တည်ထောင်သော စက်ဖြစ်သည်။ ထို့နောက် ၁၉၅၅ ခု ဇန်နဝါရီလ ၃ ရက်နေ့တွင် ဒဂုန်ကျန်းမာရေးဘိလပ်ရည်စက်ကိုထပ်မံတည်ထောင်ကာ ဒဂုန်ဘိလပ်ရည်နှင့် ရေခဲလုပ်ငန်းကို မြန်မာပြည်ကုမ္ပဏီများ အက်ဥပဒေအရ ကုမ္ပဏီလီမိတက်ဖြင့် ဖွဲ့စည်းလုပ်ဆောင်သည်။ စက်ရုံကို အစုရှယ်ယာဝင် ၇ ဦး၊ မတည်ရင်းနှီးငွေ ၁၀ သိန်းဖြင့်

၁။ စီးပွားရေးစစ်တမ်း ၁၉၆၂၊ စာ ၃၉

၂။ *Business Guide of Burma*, 1948-49, p. 209

စတင်တည်ထောင်ကြသည်။ အစုရှယ်ယာဝင်တို့တွင် မြန်မာသုံးဦးသာ ပါသည်။ ကျန်အစုရှင်များမှာ အင်္ဂလိပ်နှင့် တရုတ်-မြန်မာတိုင်းရင်းသားများဖြစ်ကြသည်။[၁]

ထိုစဉ်က စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ် ၁၀၄ ရှိ ၂·၁ ဧကကျယ်သော မြေပေါ်တွင် Burma Industry Ltd. အမည်ဖြင့် ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ရေခဲစက်တစ်ခု တည်ထောင်ဖွင့်လှစ်ခဲ့သည်။ အစုစပ်စနစ်ဖြင့် ရင်းနှီးမတည်ငွေကျပ် ၅ သိန်းကျော်ထည့်ဝင်က တည်ထောင်သောစက်ဖြစ်သည်။

ထို့အတူ အင်းစိန်လမ်း အမှတ် ၁၂၆ တွင် ၁၉၅၂ ခုနှစ်က တည်ထောင်သော ရေခဲစက်တစ်လုံးရှိသည်။ ထိုစက်ကို ပုဂ္ဂလိကပိုင်ရှင် ဦးတင်စိုးက ၁၉၅၉ ခု ဧပြီလ ၁၀ ရက်နေ့တွင် သူဇာရေခဲစက်အမည်ဖြင့် ဆက်လက်လုပ်ကိုင်သည်။ လှိုင်မြို့နယ်၊ ရွာမကျောင်းလမ်း အမှတ် ၅ တွင်လည်း ၁၉၅၇ ခုနှစ်က တည်ထောင်သော ပြည်တော်အေး ရေခဲစက်ရှိသည်။ နောက်ပိုင်း ၁၉၆၄ ခုနှစ်တွင် ဦးမောင်ကြိုင်ဆက်လက်လုပ်ကိုင်သော ကမာရွတ်ရေခဲစက်ဖြစ်သည်။

ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ရေခဲစက်များကို ရန်ကုန်ဆင်ခြေဖုံး ရပ်ကွက်များဖြစ်သောအင်းစိန်၊ ကမာရွတ်၊ အလုံ၊ တာမွေ၊ ရန်ကင်းတို့တွင် တည်ကြသည်။ များသောအားဖြင့် ဘီလပ်ရည်နှင့် ရေခဲစက်ပူးတွဲတည်ထောင်ကြသည်။ ငါးများကို တာရှည်ခံအောင် ရေခဲအသုံးပြုရသဖြင့် ငါးစုပေါင်းရောင်းဝယ်ရေးက တည်ထောင်သော ရေခဲစက်သက်သက်လည်းရှိသည်။ ငါးစုပေါင်းရောင်းဝယ်ရေးသမဝါယမအသင်းပိုင် ရေခဲစက်သည် လမ်းမတော်မြို့နယ်၊ အမှတ်၃၅/၃၇၊ ရွာသစ်ကျောင်းလမ်းတွင်ရှိသည်။ ၁၉၅၇ ခုနှစ်တွင် ဂျပန်ပြည်မှ ရှီတာဟီလာဝါကုမ္ပဏီကတည်ဆောက်၍ ၁၉၅၈ ခု အောက်တိုဘာလ ၁၆ ရက်နေ့တွင် စက်စတင်လည်ပတ်ခဲ့သည်။ အလုံမြို့နယ်တွင် ပြည်တော်သာစီမံကိန်းကာလအတွင်းက ပုဂ္ဂလိကတို့တည်ထောင်သော အောင်မင်္ဂလာရေခဲစက်၊ ၁၀၁ ရေခဲစက်၊ သန်းဝင်းရေခဲစက်များလည်းရှိသည်။

ရန်ကုန်မြို့၊ အမှတ် ၅၂၆/၅၃၂၊ ကုန်သည်လမ်းတွင် ကိုလိုနီခေတ်ဦး ၁၈၅၅ ခုနှစ်ကပင် နိုင်ငံခြားသားတို့ တည်ထောင်သော အေစကော့ကုမ္ပဏီပိုင်ရေခဲနှင့် ဘီလပ်ရည် စက်ရှိခဲ့သည်။ ထိုစက်ကို ၁၉၂၀ ပြည့်နှစ်တွင် တိုးချဲ့လုပ်ကိုင်သည်။ လွတ်လပ်ရေးရပြီးကာလတွင် ကျားတံဆိပ်ဘီလပ်ရည်များထုတ်လုပ်သည်။

မြသုခရေခဲစက်သည် တာမွေမြို့နယ်၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၂၄/၂၆ တွင် တည်ရှိသည်။ ၁၉၄၈ ခုနှစ်က စတင်တည်ထောင်သောစက်ဖြစ်သည်။ ရန်ကင်းမြို့နယ်၊ ကွတ္တလစ်လမ်းမကြီးပေါ်တွင်လည်း ၁၉၃၂ ခုနှစ်ကပင် တည်ထောင်ခဲ့သော ရွှေရေခဲစက်ရှိသည်။

၁။ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ ဒဂုန်ဘီလပ်ရည်စက်ရုံ၊ စာ ၁

ရေခဲစက်နှင့် ဘိလပ်ရည်စက်များကို ရန်ကုန်မြို့တွင်သာမက မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်တို့တွင်လည်း တည်ထောင်ခဲ့ကြသည်။ မန္တလေးတွင် ဒါးတန်းရေခဲနှင့် ဘိလပ်ရည်စက်၊ တောင်ပန်ကား ရေခဲနှင့် ဘိလပ်ရည်စက်၊ ရေခဲတောင်ဘိလပ်ရည်စက်များ ထင်ရှားသည်။ ၁၉၄၅ မှ ၁၉၄၈ ခုနှစ်များအတွင်း တည်ထောင်သောစက်များဖြစ်သည်။ မန္တလေးအနောက်မြောက်မြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက် ၈၄ လမ်းနှင့် ၂၄ လမ်းထောင့်တွင် တည်ရှိသောဒါးတန်းရေခဲနှင့် ဘိလပ်ရည်စက်သည် ၁၉၂၄ ခုနှစ်က ဂျူးလူမျိုးညီအစ်ကိုတို့ တည်ထောင်ခဲ့သော စက်ဖြစ်သည်။ စစ်အပြီး ၁၉၄၅ ခုနှစ်တွင် အိန္ဒိယအမျိုးသားတို့လက်သို့ ပြောင်းလဲရောက်ရှိပြီးနောက် ၁၉၄၈ ခုနှစ်တွင် မြန်မာအမျိုးသမီးကြီး ဒေါ်သန်းကဝယ်ယူကာ ဆက်လက်လုပ်ကိုင်သည်။ မေဃာဝီရပ်ကွက်ရှိ တောင်ပန်ကားရေခဲနှင့် ဘိလပ်ရည်စက်ကိုမူ ၁၉၄၆ ခုနှစ်တွင် အိန္ဒိယအမျိုးသား ၂ ဦးက စတင်တည်ထောင်သည်။ ၁၉၅၉ ခုနှစ်၌ ဘိလပ်ရည်နှင့်ရေခဲပါ တွဲဖက်ထုတ်လုပ်ရောင်းချသည်။ ရေခဲတောင်ဘိလပ်ရည်စက်ရုံမှာ မန္တလေးအရှေ့တောင်မြို့နယ်၊ ရတနာဘုမ္မိရပ်၊ ၈၄ လမ်းနှင့် ၃၇ လမ်းထောင့်တွင်တည်ရှိသောစက်ဖြစ်သည်။[1]

ပြည်တော်သာ စီမံကိန်းကာလတွင် မော်လမြိုင်မြို့၌ ရေခဲနှင့် ဘိလပ်ရည်စက် ၃ လုံး ရှိသည်။ မီးပြရေခဲနှင့် ဘိလပ်ရည်စက်၊ နယူးဘားမား ရေခဲနှင့် ဘိလပ်ရည်စက်နှင့် ဘသစ် ရေခဲစက်ရုံတို့ ဖြစ်ကြသည်။

ဘိလပ်ရည်နှင့် ရေခဲပူးတွဲထုတ်လုပ်သော မီးပြရေခဲနှင့် ဘိလပ်ရည်စက်သည် ဦးအနိမ်နှင့် ရှယ်ယာဝင် ၁၅ ဦးတို့ စုပေါင်း၍ ၁၉၅၁ ခုနှစ်တွင် တည်ထောင်သော စက်ဖြစ်သည်။ ရေခဲစက်မှာ အင်္ဂလန်နိုင်ငံ ရာစတန်ကုမ္ပဏီ ထွက် မြင်းကောင်ရေ ၄၇ အားရှိသော Ruston Diesel Engine ဖြစ်သည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များသည် စက်ရုံကို စတင်တည်ထောင်စဉ်က မတည် ရင်းနှီးငွေ ကျပ် ၂၂၅၀၀၀ မြှုပ်နှံ လုပ်ဆောင်ခဲ့သော စက်ဖြစ်သည်။ နယူးဘားမား ရေခဲနှင့် ဘိလပ်ရည် စက်ရုံကို ၁၉၅၄ ခုနှစ်တွင် ဦးစိုးမြင့် တစ်ဦးတည်းက မ တည်ရင်းနှီးငွေကျပ် ၉၅၀၀၀ ဖြင့် စတင်တည်ထောင်သည်။ ရေခဲစက်များမှာ ဂျပန်လုပ် စက်အဟောင်းများကို ဝယ်ယူတပ်ဆင်ခြင်း ဖြစ်သည်။ မြင်းကောင်ရေ ၁၂၀ အား National Diesel Engine တစ်လုံးနှင့် မြင်းကောင်ရေ ၄၀ အား Deutz Engine တစ်လုံး တို့ဖြင့်ရေခဲနှင့် ဘိလပ်ရည်များ ထုတ်လုပ်သည်။ ဘသစ်ရေခဲစက်သည် ရေခဲတစ်မျိုးတည်း သာထုတ်လုပ်သည်။ ဒေါ်ခင်စောနု တစ်ဦးတည်းပိုင် အဖြစ်ဖြင့် ၁၉၄၇ ခုနှစ်တွင် တည် ထောင်သော စက်ဖြစ်သည်။[2]

၁။ ဒါးတန်းရေခဲနှင့် ဘိလပ်ရည်စက်၊ မန္တလေးစက်မှုသမိုင်းမှတ်တမ်း၊ စာ ၁-၂

၂။ မော်လမြိုင် ဘိလပ်ရည်နှင့် ရေခဲစက်၊ စက်ရုံသမိုင်း။ စာ ၁-၄

ထားဝယ်မြို့တွင်ရှိသော ပုဂ္ဂလိကပိုင် ရေခဲစက် ၂ လုံးမှာ ဒေါ်ကြင်မွှာပိုင်နှင့် တယ်လူဖေ လီမိတက်ပိုင်များဖြစ်သည်။ ဒေါ်ကြင်မွှာ၏ စက်မှာ ၁၉၄၇ ခုနှစ်ကပင် ၆ တည်ရင်းနှီး ငွေကျပ် နှစ်သိန်းဖြင့် တည်ထောင်သော စက်ဖြစ်သည်။ တယ်လူဖေ လီမိတက်ပိုင် စက်မှာလည်း ၁၉၅၂ ခုနှစ်တွင် မတည်ရင်းနှီးငွေ ကျပ် သုံးသိန်းဖြင့် တည်ထောင်သော စက်ဖြစ်သည်။ ဒေါ်ကြင်မွှာ ရေခဲစက်ရုံ၏ မြေအကျယ်အဝန်းမှာ ၁·၃၉၂ ဧကရှိ၍ တယ်လူဖေ၏ စက်ရုံဧရိယာမှာ ၁·၂၃၉ ဧက ရှိပေသည်။ တပ်ဆင်ထားသော စက်များမှာ ရာစတန် ဒီဇယ် အင်ဂျင်များ ဖြစ်ကြသည်။[1]

အလားတူပင် မြိတ်မြို့တွင်လည်း ပုဂ္ဂလိကပိုင် ရေခဲစက် ၅ လုံးရှိသည်။ ၎င်းတို့မှာ ကံဖျားရပ်ရှိ အမ်အာရ်အီး ရေခဲစက်၊ နောက်လယ်ရပ်ရှိ ရွှေငါးကုမ္ပဏီပိုင် ရွှေငါးရေခဲစက်၊ ကြံတောရပ်ရှိ ဦးရှုံပိုင်သော နယူးအိုက်(စ်) ရေခဲစက်၊ မြစ်ငယ်ရပ်ရှိ ဒေါ်မြသန်းနှင့်သားများပိုင် ရေခဲစက်နှင့် ဒေါ်စိန်အေးပိုင် ဘုရားတိုင် ရေခဲစက်တို့ ဖြစ်ကြသည်။[2]

ပြည်တော်သာ ခေတ်အတွင်းက ပဲခူး၊ တောင်ငူနှင့် ညောင်လေးပင် တို့တွင်လည်း ရေခဲစက်များ ရှိခဲ့သည်။ ပဲခူးမြို့ ကျောက်တိုင်တန်းရပ်၊ ရန်ကုန် - မန္တလေး ကားလမ်းရှိ ရန်အောင်မင်း ရေခဲစက်သည် ဦးကြင်တီပိုင် ဖြစ်၏။ ၁၉၅၉ ခုနှစ်တွင် တည်ထောင်သော စက်ဖြစ်သည်။ ညောင်လေးပင်မြို့ အာဇာနည်လမ်းရှိ ရေခဲစက်မှာမူ ဒေါ်ကျင်အေး တစ်ဦးတည်းပိုင် ဖြစ်ပြီးလျှင် ၁၉၆၀ ပြည့်နှစ်က တည်သော စက်ဖြစ်သည်။ ညောင်လေးပင်မြို့ ချမ်းမြသာစည်ရပ်တွင် ဦးကြင်တီ တည်ထောင်သော အောင်မင်္ဂလာ ရေခဲစက်လည်း ရှိ၏။ တောင်ငူမြို့တွင် ရှိသော တစ်ခုတည်းသော ရေခဲစက်မှာ ဦးအေးမောင် တည်ထောင်သော စက်ဖြစ်သည်။ ဦးအေးမောင် တစ်ဦးတည်းပိုင် အဖြစ်ဖြင့် ၁၉၅၃ ခုနှစ်တွင် ကေတုမတီ ရေခဲစက်အမည်ဖြင့် တည်ထောင်ခဲ့ခြင်း ဖြစ်သည်။[3]

ပုသိမ်မြို့တွင်မူ ဒုတိယကမ္ဘာစစ် မဖြစ်မီ ခေတ်ကပင် ရေခဲစက် တစ်လုံးရှိခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် မစ္စဒ္ဒဘတ်ချ်ဆိုသူ တည်ထောင်သော စက်ဖြစ်သည်။ လွတ်လပ်ရေးရပြီးကာလ ၁၉၅၀ ပြည့်နှစ်တွင် ထိုစက်ကို မစ္စတာ ဒစ်စမင်းက ပိုင်ဆိုင်သည်။ စက်ရုံတည်ထောင်စဉ်ကပင် Crossley အင်ဂျင် မြင်းကောင်ရေ ၉၆ အား တစ်လုံးနှင့် ရေခဲကန် ၂ ကန်၊ အမိုးနီးယား ကွန်ပရက်ဆာ ၂ လုံးဖြင့် စတင်လည်ပတ်ခဲ့သည်။ မစ္စတာ ဒစ်စမင်း လက်ထက် ၁၉၅၀ ပြည့်နှစ်တွင် Crossley အင်ဂျင် မြင်းကောင်ရေ ၇၈ ကောင်အား

၁။ **ထားဝယ်ရေခဲစက်၏ စက်ရုံသမိုင်း၊ စာ ၁ - ၂**
၂။ **မြိတ်ရေခဲစက်သမိုင်း အကျဉ်းချုပ်၊ စာ ၁ - ၂**
၃။ **စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း၊ ရှိးမရေခဲစက်၊ စက်ရုံသမိုင်း စာ ၁ - ၂**

တစ်လုံး ထပ်မံတပ်ဆင်ပြီး ရေခဲကန် ၂ ကန်နှင့် ကွန်ပရက်ဆာ ၂ လုံးဖြည့်စွက်ခဲ့သည်။ ထုတ်လုပ်စွမ်းအား ကောင်းသော ရေခဲစက်ဖြစ်သည်။ ပုသိမ်မြို့ရှိ ဒုတိယ ရေခဲစက်သည် ၁၉၅၅ ခုနှစ်တွင် ဦးဖေရှင် တည်ထောင်သော စက်ဖြစ်သည်။ မြင်းကောင်ရေ ၄၀ အား Ruston အင်ဂျင်တစ်လုံး၊ ရေခဲကန် တစ်ကန်နှင့် Surely ၃ တန်ကျ အမိုးနီးယား ကွန်ပရက်ဆာ တစ်လုံးဖြင့် ၁၉၅၆ ခုနှစ်တွင် စတင် လည်ပတ် ထုတ်လုပ်ခဲ့သည်။[1]

ပြည်မြို့ရှိ မြစန္ဒာ ရေခဲစက်သည် စစ်ကဲလမ်းရှိ မြေဧရိယာ ၁.၀၉၀ ဧကပေါ်တွင် တည်ထားသော စက်ရုံဖြစ်သည်။ ဦးထွန်းအေး၊ ဦးသိန်းနွဲ့နှင့် ဦးစံရွှေတို့ သုံးဦးစပ်တူ ၁၉၅၃ ခုနှစ်တွင် တည်ထောင်၍ မြစန္ဒာ ရေခဲစက်အမည်ဖြင့် ရေခဲ ထုတ်လုပ်ခဲ့သည်။ ပြည်မြို့ရှိ ဒုတိယ ရေခဲစက်တစ်လုံးမှာ ၁၉၄၇ ခုနှစ်ကပင် တည်ထောင်သော စက်ဖြစ်၏။ ဒေါ်ရင် တစ်ဦးတည်းပိုင်ဖြစ်သည်။[2]

ပြည်တော်သာ စီမံကိန်းကာလတွင် ကရင်ပြည်နယ် ဘားအံမြို့၌လည်း ရေခဲစက်တစ်လုံး တည်ခဲ့သည်။ ကရင်ပြည်နယ် အစိုးရက ဂျပန်စစ်လျော်ကြေးငွေဖြင့် ၁၉၆၀ ပြည့်နှစ် ဧပြီလတွင် တည်ဆောက်ပြီးစီး၍ စတင် လည်ပတ်ထုတ်လုပ်သော ရေခဲစက်ဖြစ်သည်။[3]

ရေခဲစက်များကို ဘိလပ်ရေစက်နှင့် တွဲ၍ တည်ထောင်သည်ထက် ရေခဲစက် သီးသန့် တည်ထောင်သည်က များသည်။ မြိတ်၊ ထားဝယ်၊ ပုသိမ်မြို့တို့တွင် ရေခဲစက်လုပ်ငန်းသည် ငါးလုပ်ငန်းနှင့် ပိုမိုဆက်နွယ်သည်။ ငါးများ မပုပ်စေရန် အအေးဓာတ် ပေးရာ၌ အအေးခန်း သဘောမျိုး အသုံးပြုရသဖြင့် လုပ်ငန်း ပိုမိုကြီးထွားတွင်ကျယ် ခြင်းဖြစ်သည်။

ပုဂ္ဂလိက လုပ်ငန်းရှင်များက တစ်စတစ်စ တိုးတက်တည်ထောင်သော ဘိလပ်ရည် စက်များသည် ၁၉၅၉ - ၆၀ ခုနှစ်တွင် ၂၇ ရုံအထိ တိုးတက်လာသည်။ ထိုနှစ်က ဘိလပ်ရည် ပုလင်း ဒါဇင်ပေါင်း ၂၇၂၄၃၂၀ ထုတ်လုပ်ခဲ့ကြသည်။ စက်ရုံများ၏ တစ်ရုံကျ ထုတ်လုပ် စွမ်းအားသည် တစ်ဆိုင်းလျှင် ပုလင်းပေါင်း ၅ ဒါဇင်နှင့် ဒါဇင်ပေါင်း ၆၀၀၀ အကြားတွင် ရှိသည်။[4] အချို့ ဘိလပ်ရည် စက်များ အထူးသဖြင့် ရန်ကုန်မြို့ရှိ စက်များသည် ထုတ်လုပ် စွမ်းအား ကောင်းသော စက်ကြီးများဖြစ်သည်။ များသောအားဖြင့် နိုင်ငံခြားသားပိုင် များဖြစ်သည်။

၁။ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း၊ ပုသိမ်ရေခဲစက်၊ စာ ၁ - ၂

၂။ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း၊ စက်မှုသမိုင်း။ စာ ၁

၃။ ဘားအံဘိလပ်ရည်နှင့် ရေခဲစက် သမိုင်း အကျဉ်းချုပ်၊ စာ ၁

၄။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၃၉

ဘိလပ်ရည် လုပ်ငန်း ထွန်းကား စည်ပင်ခဲ့သော်လည်း ပြည်တော်သာ ခေတ်အတွင်းက မြန်မာနိုင်ငံတွင် ပုလင်းထုတ်လုပ် နိုင်ခြင်း မရှိသေးချေ။ လိုအပ်သော ပုလင်း အမျိုးမျိုးကို ပြည်ပမှပင် ဝယ်ယူ အသုံးပြုကြရပေသည်။

မြန်မာတို့တွင် အစဉ်အလာကပင် ဆေးကွမ်း လက်ဖက် စားသုံးသော ဓလေ့ရှိသည်။ ဆေးလိပ်ကို လူကြီးသူငယ် မရွေး အမျိုးသမီးများလည်း သောက်ကြသည်။ ဗြိတိသျှတို့ လက်အောက် ကိုလိုနီခေတ်တွင် ပြည်တွင်းဖြစ် သမားရိုးကျ ဆေးလိပ်ထက် ပြည်ပမှ ဝင်လာသော စီးကရက်ကို ပိုမို ခုံမင်စွာ သောက်သုံးလာကြသည်။ စီးကရက် သောက်သုံးမှုသည် လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်းတွင် တောရောမြို့ပါ ပျံ့နှံ့လျက် တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာသည်။

အမေရိကန်ပြည်ထောင်စု၊ အင်္ဂလန်၊ ဟောင်ကောင်၊ အနောက်ဂျာမနီ၊ ပြင်သစ်၊ ဒိန်းမတ်၊ ဘယ်(လ်)ဂျီယံ၊ အီတလီ၊ သြစတြေးလီးယား၊ ပိုလန်၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံများ ထွက် စီးကရက်များကို ၁၉၅၀-၅၁ ခုနှစ်က ကျပ်ငွေ ထောင်ပေါင်း ၆၁၅၀ ဖိုး၊ ၁၉၅၁-၅၂ ခုနှစ်တွင် ကျပ်ငွေထောင်ပေါင်း ၁၁၁၉၆ ဖိုး၊ ၁၉၅၂-၅၃ ခုနှစ်တွင် ကျပ်ငွေထောင်ပေါင်း ၇၇၄၆ ဖိုး ဝယ်ယူတင်သွင်းခဲ့သည်။[၁] ထိုစဉ်က ပြည်တွင်း လူဦးရေမှာ သန်းပေါင်း ၂၀ ရှိနေပေပြီ။

ထို့ကြောင့် စီးပွားရေးအမြင်ရှိသော နိုင်ငံခြားသားနှင့် တိုင်းရင်းသား အရင်းရှင်များသည် ၁၉၅၃ ခုနှစ်ခန့်တွင် **စီးကရက်စက်ရုံများ** တည်ထောင်ကာ ပြည်တွင်း စီးကရက် သောက်သုံးမှုကို တစ်ဘက်တစ်လမ်းမှ ဖြည့်ဆည်းကြသည်။ ၁၉၅၃ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စီးကရက် ထုတ်လုပ်ဖြန့်ဖြူးသော ကုမ္ပဏီကြီးများမှာ ဒဂုံ စီးကရက်ကုမ္ပဏီ၊ နေရှင်နယ် စီးကရက်ကုမ္ပဏီ၊ ဟွီးစ် စီးကရက် ကုမ္ပဏီနှင့် လူထု စီးကရက် ကုမ္ပဏီနှင့် လန်ဒန်ဂိုးဖလိပ် ကုမ္ပဏီတို့ ဖြစ်ကြသည်။

လူထုစီးကရက်ကုမ္ပဏီသည် အမှတ် ၄၉ မယ်ဇီကုန်းလမ်း၊ လှိုင်မြို့နယ်တွင် တည်ရှိသည်။ ဦးချိုနှင့် အစုရှယ်ယာဝင်များက ၁၉၅၂ ခုနှစ်တွင် တည်ထောင်သော စီးကရက်စက်ရုံဖြစ်သည်။ ဟွီးစ်စီးကရက်ကုမ္ပဏီကို ချန်ကီးအင်းနှင့် အစုရှယ်ယာဝင်များက ၁၉၅၃ ခုနှစ်တွင် တည်ထောင်သည်။ ဒဂုံစီးကရက်ကုမ္ပဏီသည် ၁၉၅၀ ပြည့်ခန့်ကပင် တည်ထောင်သဖြင့် အစောဆုံး စီးကရက်စက်ရုံဟုဆိုရပေမည်။ ဦးထွန်းအေးနှင့် အစုရှယ်ယာဝင်များက တည်သော စက်ရုံ

၁။ ပခုက္ကူ စီးကရက်စက်ရုံ တည်ဆောက်ရေး စီမံဆောင်ရွက်ချက်များ၊ နောက်ဆက်တွဲ ၁

ဖြစ်သည်။ နေရှင်နယ်စီးကရက်ကုမ္ပဏီကို ဦးချစ်တင်နှင့် အစုရှယ်ယာဝင်များက ၁၉၅၆ ခုနှစ်တွင်တည်ထောင်သည်။ လန်ဒန်ဂိုးဖလိပ်ကုမ္ပဏီကို ၁၉၅၄ ခုနှစ်က တည်ထောင်သည်။ရွှေနှင်းဆီအင်တာပရိုက်နှင့် ဘားမားတိုဘက်ကိုးကုမ္ပဏီလီမိတက်သည် ဦးဝင်းရှိန်နှင့် အစုရှယ်ယာဝင်များတည်ထောင်သော ကုမ္ပဏီဖြစ်သည်။

စီးကရက်ထုတ်လုပ်ရေးလုပ်ငန်းကို ပြည်တွင်း၌ ပုဂ္ဂလိကလုပ်ငန်းရှင်များက အပြိုင်အဆိုင် တည်ထောင်လာကြသောအခါ ခုနအင်အားတောင့်တင်းသော ကုမ္ပဏီပိုင်ရှင်များက တစ်ဦးနှင့် တစ်ဦး ပူးပေါင်းကာ လုပ်ငန်းကို လက်ဝါးကြီးအုပ်လာကြသည်။ လုပ်ငန်းငယ်များကို ယှဉ်ပြိုင်ဖိနှိပ်ခြင်းဖြင့် ပျက်စီးစေခဲ့သည်။ ဤသို့ဖြင့် ပြည်တော်သာစီမံကိန်းကာလအတွင်း အစိုးရထံမှ စက်မှုချေးငွေအများအပြားရယူကာ စီးကရက်လုပ်ငန်းကို အောက်ပါစီးကရက်ကုမ္ပဏီကြီး ၇ ခုက လက်ဝါးကြီးအုပ်ကာ လုပ်ကိုင်ဆောင်ရွက်သည်။[၂]

၁။ ဒဂုံစီးကရက်ကုမ္ပဏီလုပ်ငန်း

၂။ နေရှင်နယ်စီးကရက်ကုမ္ပဏီ၏ စီးကရက်လုပ်ငန်း

၃။ ဟွီးစ်စီးကရက်ကုမ္ပဏီ

၄။ လူထုစီးကရက်ကုမ္ပဏီ

၅။ ရွှေနှင်းဆီအင်တာပရိုက်လီမိတက်နှင့် ဘားမားတိုဘက်ကိုးကုမ္ပဏီ

၆။ လူထု၊ ဟွီးစ်၊ နေရှင်နယ်စီးကရက်ဖြန့်ချိရေးလုပ်ငန်း

၇။ စီးကရက်ဖြန့်ဖြူးရေးဌာနခွဲ၊ မန္တလေး

စီးကရက်စက်ရုံများသည် ၁၉၅၃ ခုနှစ်ခန့်က စတင် ထုတ်လုပ် ဖြန့်ဖြူးနိုင်ကြသည်။ ၁၉၅၃-၅၄ ခုနှစ်တွင် စီးကရက်အလိပ်ပေါင်း ၂၇၃ သန်းခန့်ထုတ်လုပ်သည်။ထိုစဉ်ကလူဦးရေမှာ သန်း ၂၀ ရှိနေပြီဖြစ်၍ ပြည်တွင်းစီးကရက်ဖူလုံမှုမရှိသေးချေ။ပြည်ပမှ စီးကရက်လိပ်ရေပေါင်း ၁၇၅ သန်းကျော် မှာယူတင်သွင်းခဲ့ရသည်။ သို့သော်ပြည်တွင်းထုတ်လုပ်မှု နှစ်စဉ်တိုးတက်လာသဖြင့် ၁၉၅၈-၅၉ ခုနှစ်တွင် ပြည်ပမှစီးကရက်လိပ်ရေ ၁၁ သန်းခန့်နှင့် ၁၉၆၁-၆၂ ခုနှစ်တွင် ၇ သန်းကျော်သာ တင်သွင်းရသည်။[၃]

၁။ စီးကရက်စက်ရုံ အမှတ် (၁)၏ သမိုင်းအကျဉ်းချုပ်၊ စာ ၁-၄
၂။ ပဒုက္ကာ။ စီးကရက်စက်ရုံစီမံကိန်း၊ စာ ၂
၃။ ပဒုက္ကာ။ စီးကရက်စက်ရုံစီမံကိန်း၊ စာ ၄

ပြည်တွင်းစီးကရက်ထုတ်လုပ်မှုအခြေ အနေမှာ ၁၉၅၄ ခုမှ ၁၉၆၁ ခုနှစ်အထိ အောက်ပါ အတိုင်းဖြစ်သည်။[၁]

	စီးကရက် လိပ်ရေ သန်း ပေါင်း
၁၉၅၄-၅၅	၃၆၅
၁၉၅၅-၅၆	၂၆၄
၁၉၅၆-၅၇	၇၄၅
၁၉၅၇-၅၈	၉၄၂
၁၉၅၈-၅၉	၁၂၂၆
၁၉၅၉-၆၀	၁၃၅၉
၁၉၆၀-၆၁	၁၂၀၉

စီးကရက်စက်ရုံများမှ စီးကရက်များကို နိုင်ငံခြားဖြစ်များနှင့် ယှဉ်ပြိုင်နိုင်ရန် ဘူးခွံနှင့် တံဆိပ်အမျိုးမျိုးဖြင့် ထုတ်လုပ်ဖြန့်ဖြူးကြသည်။ ဘူးခွံနှင့် တံဆိပ်အမျိုးအစားပေါင်း ၄၀ ခန့် ရှိခဲ့သည်။ ၁၀ လိပ်ဝင်ဘူး၊ ၂၀ လိပ်ဝင်ဘူးနှင့် အလိပ် ၅၀ ဘူးများဖြင့်ထုတ်လုပ်ရောင်းချသည်။ ကြောင်နီ၊ ကပ္ပိတန်၊ ဘားမားစတိတ်၊ ရွှေဒင်္ဂါး၊ ဖိုက်စတား၊ ဟိုင်းဖိုင်၊ ဗိုဂိုးစတား၊ ကရောင်း၊ လန်ဒန်ဂိုးဖလိပ်၊ ဆားဗစ်ဆက်စပယ်ရှယ်၊ ၄၄၄၊ နဂါး၊ မြင်းနက်စသည်တို့မှာ ထင်ရှားသည်။[၂]

စီးကရက် ကုမ္ပဏီများသည် မိမိတို့ထုတ်လုပ်သောပစ္စည်းများ ရောင်းရတွင်ကျယ်စေရန် နည်းအမျိုးမျိုးဖြင့် ကြော်ငြာကြသည်။ စီးကရက်ဘူးခွံအပေါ်တွင် ပါသောနံပတ်ကိုထီဖွင့် ခြင်း၊ ဘူးခွံတွင်း မက်မောဖွယ်ပစ္စည်းများ၊ ရွှေဒင်္ဂါးစသည်တို့ထည့်ပေးခြင်းစသည်တို့ကို လုပ်ဆောင်ကြသည်။ ထိုကိစ္စရပ်များကို အစိုးရက ၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှ စ၍ ပိတ်ပင်လိုက်သောကြောင့် ၁၉၆၀-၆၁ ခုနှစ်တွင် စီးကရက်ထုတ်လုပ်မှုသည် ၁၉၅၉-၆၀ ခုနှစ်အောက် ၁၁ ရာခိုင်နှုန်းလျော့ကျသွားလေသည်။ ထို့ပြင် ရောင်းခွန် လွတ်ငြိမ်းခွင့်ကို မူလက ၅ သိန်းအထိခွင့်ပြုထားရာမှ ၁၉၆၁ ခုနှစ် အောက်တိုဘာလမှစ၍ တစ်သိန်းအထိသာ ခွင့်ပြုသဖြင့်လည်း စီးကရက်ဈေးနှုန်းကြီးမြင့်သွားကာ ထုတ်လုပ်မှုကျဆင်းသည်ဟုလည်း ယူဆ ရပေသည်။[၃]

စီးကရက်ထုတ်လုပ်မှုသည် ပုဂ္ဂလိက အရင်းရှင်များက နည်းအမျိုးမျိုးဖြင့် ပြိုင်ဆိုင် ထုတ်လုပ်ဖြန့်ဖြူးကြသဖြင့် ပြည်ပမှတင်သွင်းရမှု လျော့နည်းသွားသည်မှာ ဝမ်းမြောက်ဖွယ်

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၃၈
၂။ မခုဏ္ဍု စီးကရက်စက်ရုံစီမံကိန်း၊ စာ ၃၊ နောက်ဆက်တွဲ ၂
၃။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၃၇

ဖြစ်သည်။ သို့သော် စီးပွားရေးကို နိုင်ငံအတွင်း လိုအပ်ချက်နှင့်အညီ စီမံကိန်းချ၍ လုပ်ဆောင်ခြင်းမဟုတ်သဖြင့် တစ်ဘက်စောင်းနင်း ဖြစ်နေပေသည်။ စီးကရက်များကို လိုသည်ထက်ပို၍ထုတ်လုပ်ရာ၌ ပြည်ပမှ မှာယူရသောကုန်ကြမ်းပစ္စည်းအတွက် နိုင်ငံခြားသုံးငွေလိုသည်ထက်ပိုမိုသုံးစွဲရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ၁၉၆၃ ခု မတ်လတွင် စီးကရက်ထုတ်လုပ်မှုသည် ပြည်တွင်းအတွက် ပြည့်စုံလုံလောက်နေပြီဖြစ်၍ လုပ်ငန်းသစ်များ တည်ထောင်ခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်းလုံးဝမပြုရန် ပိတ်ပင်ခဲ့သည်။[၁]

စီးကရက်လုပ်ငန်းနှင့်အလားတူ ဆေးတံသောက်ဆေး ထုတ်လုပ်သော လုပ်ငန်းနှင့် ဆေးပေါင်းစက်ရုံများလည်းရှိသည်။ အမှတ် ၅၉၇၊ ပြည်လမ်း၊ ၆ မိုင်တွင် တည်ရှိသော လင်ကွန်းဆေးတံသောက်ဆေး လုပ်ငန်းသည် ဦးမြနှင့်သားများ လီမိတက်ပိုင်ဖြစ်သည်။ ၁၉၅၉-၆၀ ခုနှစ်အတွင်းက မြန်မာပြည်အရပ်ရပ်ရှိ ဆေးပေါင်းစက်ရုံပေါင်း ၁၇ ရုံမှ ကျပ်ငွေ ၃၄.၈၇ သိန်းဖိုး ကုန်ပစ္စည်းထုတ်လုပ်သည်။[၂] ဆေးရွက်ဆေးလိပ်လုပ်ငန်းများ၊ ဆေးပေါ့လိပ်ခုံများကား မြို့ကြီးတိုင်းတွင်ရှိကြသည်။ မြန်မာနိုင်ငံတွင် စီးကရက်၊ ဆေးပြင်းလိပ်၊ ဆေးပေါ့လိပ်၊ ဆေးတံသောက်သုံးမှုမှာ အရွယ်ရောက်ပြီးသော လူဦးရေ အချိုးအစားနှင့်စာသော် ရာခိုင်နှုန်းမနည်းချေ။ စီးကရက်ထက် ဆေးပေါ့လိပ်သောက်မှုပိုသည်။ ဆေးလိပ်လုပ်ငန်း ပမာဏမှာမသေးလှ၍ စီးပွားရေးလုပ်ငန်းကောင်း တစ်ခုဖြစ်လေသည်။ မြန်မာနိုင်ငံတွင် ၁၉၅၈-၅၉ ခုနှစ်က ဆေးပြင်းလိပ်နှင့် ဆေးပေါ့လိပ်လုပ်ငန်းပေါင်း ၂၇၈ ခု မှတ်ပုံတင်ထားသည်။ ၁၉၅၉-၆၀ ခုနှစ်တွင် ၂၅၉ ခုရှိသည်။[၃]

မြန်မာတိုင်းရင်းသားများသည် မိမိတို့ရိုးရာ အစဉ်အလာအလိုက် ဆန်ဖြင့်ချက်လုပ်သော ဝိမ်ရည် ခေါင်ရည်များ၊ထန်းရည်ဓနိရည်များ သောက်သုံးကြသည်။ ဗြိတိသျှတို့စိုးမိုးမှုအောက်တွင် နိုင်ငံခြားအရက်မျိုးစုံကို သောက်တတ်လာကြသည်။ ထိုအလေ့အကျင့်မှာ ဆက်လက်ရှင်သန်နေသဖြင့် လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်းတွင်လည်း မြန်မာနိုင်ငံတွင် နိုင်ငံခြားအရက်များကို ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့သည်။

ပြည်တွင်း၌ **ခေတ်မီ အရက်ချက်စက်ရုံ** ၂ ခုရှိသည်။ မော်လမြိုင်တွင်တစ်ရုံနှင့် မန္တလေးတွင်တစ်ရုံဖြစ်၏။ မော်လမြိုင်ရှိအရက်ချက်စက်ရုံသည် တနင်္သာရီကိုဗြိတိသျှတို့သိမ်းပိုက်ပြီးစကပင်တည်ထောင်သောစက်ရုံဖြစ်သည်။ သီပေါမင်းပါတော်မမူမီ တစ်နှစ်ဖြစ်သော ၁၈၈၄ ခုနှစ်ကပင် လောင်ချိုင်အမည်ရှိ တရုတ်အမျိုးသားလက်သို့ရောက်၍ စက်ရုံကို တိုးချဲ့ပြုပြင်ကာ

၁။ စက်မှုလက်မှုသတင်းလွှာ ၆/၆၁ နေ့စွဲ ၁၄ မတ်လ ၁၉၆၃၊ စက်မှုလက်မှုစာစောင် အတွဲ ၁၊ အမှတ် ၁၊ စာ ၂၆

၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၇၉

၃။ *Statistical Year Book 1961, p. 165*

ကိုလိုနီသက်တမ်းတစ်လျှောက်လုံး အရက်များချက်လုပ် ဖြန့်ဖြူးခဲ့သည်။ စစ်အတွင်း စစ်ဘေး စစ်ဒဏ်ကြောင့် ပျက်စီးသည်တို့ကိုပြုပြင်ကာ သားဖြစ်သူ အချိုင်က ဆက်လက်လုပ်ကိုင်သည်။ မူလစတင် တည်ထောင်စဉ်က ပေးထားသော ဗီးနစ်အမည်ပျောက်ကာ လော်ချိုင် အရက်ချက်စက်ဟု လူသိများကာ ထင်ရှားသည်။

ပြန်လည်ထူထောင်ရေးကာလအတွင်း လော်ချိုင်အရက်ချက်စက်ရုံမှ နိုင်ငံခြားစံချိန်မီ အရက်များထုတ်လုပ်ဖြန့်ဖြူးသည်။ ၁၉၅၆ ခုနှစ်နောက်ပိုင်းတွင် ထုတ်လုပ်မှုကျဆင်းလာကာ အရက်ပြန်တစ်ခုတည်းသာ ထုတ်လုပ်နိုင်ခဲ့သည်။[၁]

မန္တလေးအရက်ချက်စက်ရုံသည်လည်း ကိုလိုနီခေတ်ကပင် တည်ရှိသော အရက်ချက်စက်ရုံဖြစ်သည်။ ဒိုင်ယာမီကင်ကုမ္ပဏီပိုင်ဖြစ်သည်။ လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် ဘီယာနှင့် အရက်ချက်လုပ်ဖြန့်ဖြူးသည်။ မန္တလေးဘီယာစက်ရုံဟုထင်ရှားသည်။ ၁၉၅၄ ခု အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်သူပိုင်သိမ်းလိုက်သဖြင့် ပုဂ္ဂလိကလုပ်ငန်းအဖြစ်မှ ရပ်စဲ၍ State Brewery and Distillery အဖြစ်သို့ ရောက်သွားကာ ကုန်ထုတ်လုပ်မှုကို ဆက်လက်ဆောင်ရွက်သည်။ ပြန်လည်ထူထောင်ရေးကာလ မကုန်မီ မြန်မာနိုင်ငံစီးပွားတိုးတက်ရေး ကော်ပိုရေးရှင်း (ဘီအိုင်ဒီစီ) လက်သို့ လွှဲပြောင်းလိုက်သဖြင့် ဘီအိုင်ဒီစီပိုင်စက်ရုံအဖြစ် အရက်ပြန်နှင့် အရက်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးခဲ့သည်။

ရန်ကုန်မြို့ ကမာရွတ်တွင် ကမာရွတ် (ဒီ-၁) မြန်မာ အရက်ချက်ရုံအမည်ဖြင့်လည်း အရက်ချက်လုပ်ငန်းတစ်ခုရှိသည်။ စက်ရုံအဆင့်မဟုတ်သော အိမ်တွင်းလုပ်ငန်းငယ်များမှာ မြန်မာပြည်နယ်မြေအနှံ့တွင်ရှိသည်။ ၁၉၅၁ ခုနှစ် စီးပွားရေးစစ်တမ်းအရသော် ထိုစဉ်က အိမ်တွင်းလက်မှုလုပ်ငန်းအဆင့်ဖြစ်သောအရက်ချက်လုပ်ငန်း ၇၉ ခုရှိ၍ ကျပ်ငွေ ၃၁ သိန်းဖိုး ထုတ်လုပ်ရောင်းချခဲ့သည်။[၂]

မြန်မာပြည် ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်တွင် ပုဂ္ဂလိက **ဆားချက်လုပ်ငန်းများ** ရှိသည်။ ဆားလုပ်ငန်းသည် နိုင်ငံတော်အစိုးရအတွက် အခွန် ဘဏ္ဍာဝင်ငွေ ကောင်းသော လုပ်ငန်းဖြစ်သည်။ ဆားချက်ရန်ခွင့်ပြုလိုင်စင်ရသူများသာ ဆားချက်ရသည်။ ရှေးအခါက ပြည်ပမှတင်သွင်းသော ဆားများရှိသဖြင့် မြန်မာ့ဆားချက်လုပ်ငန်းမှာ တိုးတက်မှုမရှိဘဲဖြစ်နေခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ပြည်တော်သာခေတ်တွင် အစိုးရသည် ဆားခွန်တော်

၁။ အရက်ချက်စက်ရုံ အမှတ် (၂) မော်လမြိုင်စက်ရုံသမိုင်း အကျဉ်းချုပ်၊ ၈၁ ၁-၂

၂။ *First Stage Census* 1953, Vol. 2. p.51

ရရှိမျှသာ သဘောမထားဘဲ ဆားချက်နည်းခေတ်မီတိုးတက်ရေး၊ ပြည်တွင်း ဆားထုတ်လုပ်စွမ်းအားတိုးတက်ရေးတို့အတွက် စီစဉ်ဆောင်ရွက်သည်။[၁]

ဆားလုပ်ငန်းသည် ငါးပိငါးခြောက်လုပ်ငန်းများနှင့် ဆက်နေသော လုပ်ငန်းဖြစ်သည်။ ပုသိမ်ခရိုင်၊ ကျိုက္ကမိခရိုင်နှင့် ကျောက်ဖြူခရိုင်တို့သည် ဆားချက်လုပ်ငန်း ထွန်းကားရာဒေသဖြစ်သည်။ ဆားချက်လုပ်ငန်းပမာဏကို ပေးသွင်းသောအခွန်တော်ငွေဖြင့် ခန့်မှန်း သိသာသည်။ ၁၉၄၉-၅၀ ခုနှစ်က ပုသိမ်ခရိုင်မှ ဆား အကောက်ငွေ ၁၄ သိန်း၊ ကျိုက္ကမိခရိုင်မှ ၇ သိန်းရသည်။ ၁၉၅၀-၅၁ ခုနှစ်တွင် ပုသိမ်ခရိုင်မှ ၁၄ သိန်း၊ ကျိုက္ကမိခရိုင်မှ ၁၀ သိန်းနှင့် ကျောက်ဖြူ ခရိုင်မှ ၅ သောင်းကျော်ရသည်။ ထိုစဉ်က အစိုးရသည် လိဗာပူးမှ ဆားတန်ချိန် တစ်သန်းတင်သွင်းရန်လိုင်စင်ပေးခဲ့သေးသည်။ နောက်ပိုင်းတွင်ပြည်တွင်း ဆားလုပ်ငန်းကို အကာအကွယ်ပေးသောအားဖြင့် ပြည်ပမှ ဆားတင်ပို့မှုကို ပိတ်လိုက်သောအခါ ပြည်တွင်းမှ ဆားထုတ်လုပ်မှု သိသိသာသာ တိုးတက်လာသည်။ ပြည်တော်သာခေတ်အတွင်း မြန်မာနိုင်ငံမှ ဆားထုတ်လုပ်မှုသည် အောက်ပါအတိုင်းရှိခဲ့သည်။

	ဆားတန်ပေါင်း
၁၉၅၄-၅၅	.... ၉၉၇၉၆
၁၉၅၅-၅၆	.... ၈၃၈၇၇
၁၉၅၆-၅၇	.... ၁၀၄၈၅၂
၁၉၅၇-၅၈	.... ၁၀၁၈၀၀
၁၉၅၈-၅၉	.... ၁၀၅၇၀၈
၁၉၅၉-၆၀	.... ၁၄၄၂၃၀
၁၉၆၀-၆၁	.... ၁၃၂၇၇၅

ပြည်တွင်းဆားချက်လုပ်ငန်းသည် တိုးချဲ့လုပ်ကိုင်လာမှုကြောင့် ၁၉၅၉-၆၀ ခုနှစ်တွင် ယခင်နှစ်ကထက် ၃၀ ရာခိုင်နှုန်း ပိုမိုထုတ်လုပ်နိုင်ကာ ၁၄၄၂၃၀ တန် ထွက်သဖြင့် စံချိန်သစ်တင်နိုင်ခဲ့သည်။ ၁၉၆၀-၆၁ ခုနှစ်တွင်မူ နေ့ရာသီ မိုးဖျက်သဖြင့် လုပ်ငန်းကျဆင်းသည်။[၂] ပြည်တော်သာခေတ် ကုန်သည်အထိ ပြည်တွင်း ဆားချက်လုပ်ငန်းသည် သမားရိုးကျနည်းထင်းမီးကိုပင်အသုံးပြုသဖြင့် တစ်ဘက်တွင် ပြည်တွင်းစားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းသော ပုဂ္ဂလိကလုပ်ငန်းကောင်းတစ်ခုဖြစ်သကဲ့သို့ တစ်ဘက်တွင်လည်း နိုင်ငံတွင်း သစ်တောများပြုန်းတီးမှုနှင့် ရင်ဆိုင်ရလေသည်။

၁။ ဆားနှင့် ဆားထုတ်လုပ်မှုမှတ်တမ်း၊ စာ ၆-၇

၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၁၊ စာ ၃၄-၃၅။ ၁၉၆၂၊ စာ ၃၈-၃၉

စက်မှုထွန်းကားတိုးတက်နေသော ကမ္ဘာ့နိုင်ငံကြီးများတွင် လူတို့၏ ဝတ်ရေးလိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းရန် တီထွင်ကြံဆမှုများ တစ်စထက်တစ်စ အံ့ဩဖွယ်တိုးတက်အောင်မြင်လာသည်။ ၂၀ ရာစု နှစ်လယ်ခန့်တွင် အထည်အဝတ်ထုတ်လုပ်ရန် ကုန်ကြမ်းအဖြစ် ဝါဂွမ်း၊ သိုးမွေး၊ ပိုးတို့ကိုသာ အားကိုးရန်မလိုတော့ချေ။ ဆန်းသစ်သော သိပ္ပံနည်းများဖြင့် ချည်တု၊ ပိုးတု၊ ရေယွန်နိုင်လွန် အထည်အမျိုးမျိုးကို ထုတ်လုပ်လာကြသည်။ ထိုအထည်အမျိုးမျိုးသည် သဘာဝရိုးကျ ကုန်ကြမ်းဖြစ်သော ဝါဂွမ်း၊ သိုးမွေး၊ ပိုးတို့နှင့် ရက်လုပ်သည်ထက် ပိုမိုချောညက် လှပခိုင်ခံ့၍ ပိုမိုနှစ်သက်ကြသည်။ ကုန်ကျစရိတ်နည်း၍ ထုတ်လုပ်လိုက်သောကုန်ချောများမှာ အဖိုးနှုန်းချိုသာသည်။

မြန်မာနိုင်ငံတွင်လည်း ပြည်တော်သာခေတ်အတွင်းက စက်မှုလုပ်ငန်းအမျိုးမျိုး တည်ထောင်ရာ၌ လူကြိုက်များ၍ ခေတ်စားလာသော နိုင်လွန်ရေယွန် ပိုးတုချည်တုများ ထုတ်လုပ်နိုင်သောစက်များအပြိုင်အဆိုင်ပေါ်လာသည်။ ဝတ်ရေးဆိုင်ရာအထည်ထုတ်လုပ်ရေးတွင်လည်း ပုဆိုး၊ ထဘီ၊ အင်္ကျီ စသည့်အထည်များ ထုတ်လုပ်ရေးသာမက လူနေမှု အဆင့်အတန်းမြင့်လာသော ခေတ်သစ် ပြည်သူတို့အတွက် စုပ်ကျယ်၊ မျက်နှာသုတ်ပဝါ၊ စောင်၊ ခြေအိတ်၊ လက်သုတ်ပဝါ၊ စားပွဲခင်းစသည့် ရက်ထည်အမျိုးမျိုးလည်း လိုလာသည်။ ထို့ကြောင့် လက်ရက်ကန်း၊ စက်ရက်ကန်းများသာမက နိုင်လွန်စက်၊ ရေယွန်စက်၊ မျက်နှာသုတ်ပဝါစက်၊ စောင်စက်၊ အပ်ချည်စက်၊ သိုးမွေးထိုးစက်၊ နိုင်လွန်ထိုးစက်၊ အထည်ဆေးဆိုးစက်၊ ဆေးဆိုးပန်းရိုက်စက် စသော အထည်အဝတ်နှင့်ပတ်သက်သော စက်အမျိုးမျိုးပေါ်လာသည်။ ထိုစက်များကို ပုဂ္ဂလိက အရင်းရှင်များက တစ်ဦးတည်းသော်လည်းကောင်း၊ အစုရှယ်ယာ စုပေါင်းပါဝင်၍လည်းကောင်း တည်ထောင်ကြသည်။

ခေတ်မီအထည်အဝတ်များကို ထုတ်လုပ်ရန် ရေယွန်စက်၊ နိုင်လွန်စက်များကို ၁၉၅၅-၅၆ နောက်ပိုင်းတွင် အပြိုင်အဆိုင် တည်ထောင်လာကြသည်။ များသောအားဖြင့် ရန်ကုန်တွင် တည်ထောင်ထုတ်လုပ်ကာ တစ်ပြည်လုံးသို့ ဖြန့်ဖြူးရောင်းချသည်။ အစိုးရကလိုအပ်သော ကုန်ကြမ်းနှင့် ဆိုးဆေး စသည်တို့ကို ပြည်ပမှတင်သွင်းကာ ဖြန့်ဖြူးပေးသည်။ စက်မှုချေးငွေများ ထုတ်ပေးသည်။ ဤသို့ဖြင့် နိုင်လွန်ရေယွန်ထည်များ ထုတ်လုပ်ရေးများစွာ တိုးတက်သည်။

မြန်မာနိုင်ငံတွင် ၁၉၅၉-၆၀ ခုနှစ်က ပုဂ္ဂလိက ရေယွန်နှင့် နိုင်လွန်စက်ရုံပေါင်း ၂၅ ရုံ ရှိသည်။ ထိုစက်ရုံများမှ အထည်ကိုက်ပေါင်း ၄၃.၃၆ သိန်း ထုတ်လုပ်သည်။ စက်ရုံတစ်ရုံစီ၏ ကုန်ထုတ်စွမ်းအားမှာ တစ်ဆိုင်းလျှင် အထည် ၄၇ ကိုက်နှင့် ကိုက် ၂၀၄၀ အကြား ထုတ်လုပ်နိုင်သည်။ ၁၉၆၁-၆၂ ခုနှစ်အတွင်းက ရန်ကုန်မြို့တွင် နိုင်လွန်ရက်ကန်းစင်ပေါင်း ၁၆၁၀ ရှိ၍ တစ်နေ့တစ်ဆိုင်းလျှင် အထည်စတုရန်းကိုက်ပေါင်း ၉.၃၅ သန်းထုတ်လုပ်သည်။ အချို့စက်ရုံ

များတွင် တစ်နေ့လျှင် နှစ်ဆိုင်းသုံးဆိုင်းအထိ စက်လည်သည်။ ရေယွန်နိုင်လွန် ထုတ်လုပ်သူများသည် မိမိတို့၏လုပ်ငန်းကို အကာအကွယ်ပေးရန် မြန်မာပြည် နိုင်လွန်ထုတ်လုပ်သူများ၏ အသင်းကို ဖွဲ့စည်းထားသည်။[1]

အလားတူပင် ၁၉၅၉-၆၀ ခုနှစ်က ချည်ထည်နှင့် ရေယွန်အထည် စက်ရုံ ၇၄ ရုံ ရှိသည်။ ထိုစက်ရုံတို့တွင် စက်ရက်ကန်း စင်ပေါင်း ၁၂၀၅ ရှိ၍ အထည်ကိုက်ပေါင်း ၃၀.၁၅ သိန်း ခန့်ထုတ်လုပ်နိုင်သည်။ စက်ရုံများတွင် ရက်ကန်းစင်အနည်းဆုံး ၂ စင်ရှိ၍ အများဆုံးစက်ရုံတွင် ၆ဂ စင်ရှိသည်။ ၁၉၆၀-၆၁ ခုနှစ်တွင် မှတ်ပုံတင်သော စက်ရုံပေါင်း ဂ၀ ရှိလာသည်။[2]

ချည်ထည်နှင့် ရေယွန်ပိုးတု အထည်ရက်လုပ်သော စက်အချို့သည် မှတ်ပုံတင်ထားသည့် အတိုင်းမဟုတ်ဘဲ ချည်ထည်မှ ရေယွန်ထည်သို့လည်းကောင်း၊ ရေယွန်မှ ချည်ထည်သို့လည်း ကောင်း ပြောင်းလဲရက်လုပ်မှုများရှိသည်။ ထိုသို့ပြောင်းလဲ ရက်လုပ်ခြင်းကို စက်မှုလက်မှု ညွှန်ကြားရေးဝန် ဌာနက ခွင့်ပြုသည်။ သို့သော် ချည်ထည်မှ ပိုးတုထည်နှင့် ပိုးတုထည်မှ ချည်ထည်သို့ ပြောင်းလဲရက်လုပ်ရန် ဌာန၏ကြိုတင်ခွင့်ပြုချက်ကို ရယူကြရသည်။[3]

ရေယွန်**အသည်**နိုင်လွန်ထည် စက်များသည် များသောအားဖြင့် ၁၉၅၆ ခုနှစ်ခန့်က စတင် တည်ထောင် ထုတ်လုပ်ကြသည်။ အချို့စက်များသည် အထည်တစ်မျိုးတည်းမဟုတ်ဘဲ နိုင်လွန် ဇာ၊ စီပီယာ၊ ရှီးယားနိုင်လွန်၊ နိုင်လွန်တာဖက်တာ၊ ဂျော့ဂျက်နိုင်လွန် စသည်ဖြင့် အမျိုးမျိုး ထုတ်လုပ်ကြသည်။ ထိုစက်ရုံများအနက် ရွှေနန်းတော် ချည်နှင့် ပိုးတုစက်သည် ၁၉၅ဂ ခုတွင် တည်ထောင်၍ ၁၉၅၉ ခုနှစ်က စတင်လည်ပတ် ထုတ်လုပ်သော စက်ဖြစ်သည်။ စက်ရုံသည် အမှတ် ၄ဂ၆ မဟာဗန္ဓုလလမ်းရှိ မိသားစုပိုင် United Chemical Works ၏ လုပ်ငန်းခွဲ တစ်ခုဖြစ်သည်။ ရင်းနှီးမတည်ငွေမှာ ကျပ် ၇၀၇၃၂၇ ဖြစ်၏။ သာမန်ရက်ကန်းစင် ၁၅ စင်၊ အော်တိုမစ်တစ် ရက်ကန်းစင် ၂၀၊ မျက်နှာသုတ်ပဝါရက်သော ရက်ကန်းစင် ၁၁ စင်ရှိသည်။ ရက်ကန်းရှည်စက်၊ ချည်ချစက်၊ ရက်ဖောက်စက်များနှင့် မျက်နှာသုတ်ပဝါ အမွေးဖွစက်တစ် လုံးလည်းရှိသည်။ ဤစက်မှ နိုင်လွန်တာဖက်တာ အထည်များရက်သည်။ တစ်နေ့တစ်ဆိုင်း စနစ်ဖြင့် တစ်နှစ်လျှင် အထည်ကိုက်ပေါင်း ၂.၁၀ သိန်း ထုတ်လုပ်နိုင်သည်။ တန်ဖိုးအားဖြင့် ကျပ် ၄ သိန်းဖိုးခန့်ရှိသည်။[4]

၁။ **စီးပွားရေးစစ်တမ်း၊** ၁၉၆၂၊ စာ ၃၉

၂။ **စီးပွားရေးစစ်တမ်း။** ၁၉၆၂၊ စာ ၃၉

၃။ **စက်မှုလက်မှု သတင်းလွှာ** ၂/၆၀ နေ့စွဲ ၂-၂-၆၀၊ **စက်မှုလက်မှုစာစောင်၊** အတွဲ ၁ အမှတ် ၁၊ စာ ၂၂

၄။ **ရွှေနန်းတော် ချည်နှင့် ပိုးတုစက်နှင့် ပတ်သက်သော အစီရင်ခံစာ၊** စာ ၁-၃

ရန်ကုန်အထည်စက်ရုံသည်လည်း မူလက ဦးချစ်မောင်နှင့်သားများလီမိတက် အမည်ဖြင့်စတင်ခဲ့သော အထည်စက်ဖြစ်သည်။ ၁၉၅၈ ခု စက်တင်ဘာလတွင် ရန်ကုန်အထည်စက်ကုမ္ပဏီ လီမိတက်အမည်သို့ပြောင်း၍ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလတွင် စက်လည်သည်။ စက်ရုံပိုင်ရှင်များမှာ ဦးချစ်မောင်နှင့် သားများ အပါအဝင် အစုရှယ်ယာဝင် ၁၁ ဦးရှိသည်။ မတည်ရင်းနှီးမြှုပ်နှံငွေမှာ ကျပ် ၃၀ သိန်းဖြစ်သည်။ ဇာထိုးစက် ၁၅ လုံး၊ ရက်ကန်းစင် ၁၀၀၊ အချောကိုင်စက် ၁ လုံး၊ ပန်းပုံရိုက်စက် ၁ လုံးရှိသည်။ ရက်ကန်းစင် ၁၀၀ မှ တစ်နေ့ ရှစ်နာရီ တစ်ဆိုင်းဖြင့် တစ်နှစ်လျှင် အထည်ကိုက်ပေါင်း ၄၈၅၀၀၀ ထုတ်လုပ်နိုင်သည်။ ဇာထိုးစက် ၁၅ လုံးမှ တစ်နေ့ ရှစ်နာရီတစ်ဆိုင်းဖြင့် တစ်နှစ်လျှင် ဇာကိုက်ပေါင်း ၂၇၉၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိသည်။ သို့သော် တစ်နှစ်လျှင်အထည် ၄၇၈၃၅၀ ကိုက်နှင့် ဇာ ၁၄၁၀၂၀ ကိုက်သာ ထွက်သည်။ စက်ရုံပုံမှန်လည်ပတ်ရန် နိုင်လွန်ပိုးဇာချည်ခင်နှင့် ဓာတ်ဆိုးဆေးကျပ် ၁၃·၆ သန်းဖိုးလိုသည်။ လုပ်သားဦးရေ ၂၂၅ ယောက်ဖြင့် လည်ပတ်ထုတ်လုပ်သော နိုင်လွန်စက်ရုံကြီးဖြစ်သည်။[၁]

အင်းစိန်၊ ရွာမ၊ စဉ့်ကူတွင် တည်ထားသော ဒါဝတ်ပိုးထည် (နိုင်လွန်) စက်ရုံသည် အစုရှယ်ယာဝင် ၅ ဦးတို့တည်ထောင်သော စက်ရုံဖြစ်သည်။ အစုရှယ်ယာဝင် ၇၅ ရာခိုင်နှုန်းသည် နိုင်ငံခြားသားများဖြစ်ကြသည်။ ၁၉၅၇ ခုနှစ်တွင် ဂျပန်ပြည်မှ တင်သွင်းဝယ်ယူသော စက်များဖြင့် တည်ထောင်၍ ၁၉၅၈ ခုနှစ်တွင် စတင်လည်ပတ် ထုတ်လုပ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံငွေမှာ ကျပ် ၁၃ သိန်းဖြစ်၏။ တစ်နှစ်လျှင် နိုင်လွန်ထည် စီပီယာကိုက် ၃ သိန်း ထုတ်လုပ်နိုင်သည်။ ထိုသို့ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းဖြစ်သော နိုင်လွန်ချည်၊ ရေယွန်ချည် ကျပ်သုံးသိန်းသုံးသောင်းဖိုး တင်သွင်းဝယ်ယူရသည်။ ၁၉၆၀-၆၁ ခုနှစ်က အထည်ကိုက်ပေါင်း ၃၃၉၃၅၃ ထုတ်လုပ်သည်။ စက်ရက်ကန်း ၇၂ လုံးရှိသည်။ စက်ရုံမှ အကြမ်းထည်များကိုသာ ရက်လုပ်သည်။ အချောကိုင်ခြင်းကို အခြားစက်ကြီးများ၌ အခပေး၍ အပ်နှံလုပ်ဆောင်သော စက်ဖြစ်သည်။ ပြည်တွင်းသုံး နိုင်လွန်ထည်မှာ တစ်နှစ်လျှင်ကိုက်ပေါင်း ၂၀၃ သိန်းခန့် လိုသည်။ ဤစက်ရုံမှ တစ်နှစ်လျှင်ကိုက် ၃ သိန်းမျှသာ ထုတ်လုပ်ဖြည့်ဆည်းနိုင်သည်။

ဒဂုံ မီးလ် (နိုင်လွန်) စက်ရုံသည် အမှတ် ၅၃၆ မဟာဗန္ဓုလလမ်း ရန်ကုန်တွင်တည်ရှိသည်။ ၁၉၅၈ ခုနှစ်တွင် မတည်ရင်းနှီးငွေ ၁၂ သိန်းဖြင့် စတင်တည်ထောင်၍ ထိုနှစ်တွင်ပင် စတင်စက်လည်ကာ ထုတ်လုပ်မှုလုပ်ငန်း စတင်ခဲ့သည်။ စက်ရုံပိုင်ရှင်များမှာ မြန်မာ ၆ ဦးနှင့် အိန္ဒိယနှင့် ပါကစ္စတန်သား ၁၁ ဦးပေါင်း ၁၇ ဦးတို့ဖြစ်သည်။ ရှယ်ယာဝင် ၁၇ ဦး၏ အမည်များကို ဆန်းစစ်ကြည့်သောအခါ အားလုံး ဒါဒါဘွိုင် (Dadabhoys) အဆက်အနွယ်များပင် ဖြစ်ကြောင်း တွေ့ရသည်။

၁။ ရန်ကုန်အထည်စက်နှင့် ပတ်သက်သော အစီရင်ခံစာ၊ စာ ၁-၃

ဒဂုံ မီးလ် (နိုင်လွန်) စက်ရုံမှ နိုင်လွန် ၈ မျိုး ၉ မျိုး၊ ဇာထိုးထည် ၃ မျိုး ၄ မျိုးနှင့် သရဖူတံဆိပ် ရေယှက်ထည်များ ထုတ်လုပ်သည်။ ဆေးဆိုးပန်းရိုက်လုပ်ငန်းနှင့် အဖြူထည်ချုပ်လုပ်ငန်းလည်း ပူးတွဲလုပ်ဆောင်သည်။ ထို့အပြင် အခြားစက်ရုံများမှ အပ်နှံသော အထည်များကို အချောကိုင်ပေးသည်။ စက်ရုံတွင် ဂျပန်ပြည်လုပ် Jigger ၆ လုံး၊ ပြည်တွင်း Jigger ၁၁ လုံး၊ ရက်ကန်းစင် ၁၃၀၊ ထရိုင်ကောဒ့်စက် ၃ လုံးနှင့် ရိုလာပန်းရိုက်စက် ၁ လုံးရှိသည်။ တစ်နှစ်လျှင် အထည်ကိုက်ပေါင်း ၅.၇၅ သိန်းထုတ်လုပ်သည်။ စက်မှုလစွမ်းအား၏ ၇၅ ရာခိုင်နှုန်းမျှသာဖြစ်သည်။ တစ်နှစ်လျှင် အထည်ကိုက်ပေါင်း သိန်း ၄၀ ခန့် အဖြူချုပ်ခြင်း၊ ဆေးဆိုးခြင်း၊ ပန်းရိုက်ခြင်းနှင့် အချောကိုင်ခြင်းများလည်းလုပ်သည်။ စက်ရုံမှန်လည်ပတ်ရန် နိုင်ငံခြားမှ နိုင်လွန်ချည်နှင့် ဓာတ်ဆေးများ ဝယ်ယူရသည်။ အလုပ်သမား ၃၃၉ ဦးဖြင့် လည်ပတ်ထုတ်လုပ်သော စက်ရုံကြီးဖြစ်သည်။ ဒဂုံမီးလ်စက်ရုံသည် အမှတ် ၆၉ ခုနှစ်မိုင်ခွဲ၊ ပြည်လမ်းတွင်တည်ရှိသည်။ စက်ရုံ၏ အလုပ်ရှုံနှင်းကို အမှတ် ၅၃၆ မဟာဗန္ဓုလလမ်းတွင်ဖွင့်လှစ်ထားသည်။

ညွန့်ကြည်အေးနိုင်လွန်စက်ရုံကို ဒေါ်သန်းညွန့်နှင့် ဒေါ်သိန်းရီ တိုင်းရင်းသားအမျိုးသမီးနှစ်ဦးက အစုစပ်ဖြင့် ၁၉၅၉ ခုနှစ်တွင် စတင်တည်ထောင်၍ ၁၉၆၀ ပြည့်တွင် ကုန်ထုတ်သည်။ စက်ရုံတည်နေရာမှာအမှတ် ၆၂ ဦးထွန်းငြိမ်းလမ်း၊ ကမ္ဘာအေးစုနှီရိပ်မလေးအောက်ဖြစ်သည်။ မတည်ရင်းနှီးငွေကျပ် ၄.၂ သိန်းဖြင့်စတင်တည်ထောင်သော ညွန့်ကြည်အေးစက်မှ နိုင်လွန်တာဖက်ဘာ၊ စိန်ရော်ဂျက်နှင့် စီပီယာများ ထုတ်လုပ်သည်။ တစ်နေ့တစ်လှည့်ဖြင့် တစ်နှစ်လျှင်အထည်ကိုက်ပေါင်း ၂.၃ သိန်းထုတ်လုပ်နိုင်သည်။ အမှန်တကယ်ထုတ်လုပ်မှုသည်စက်စွမ်းအား၏ ၇၅ ရာခိုင်နှုန်းသာရှိသည်။ ကုန်ကြမ်းဖြစ်သောနိုင်လွန်ချည်ကို ပြည်ပမှနှစ်စဉ်ပေါင်ခြောက်သောင်းမှ ရှစ်သောင်းအထိဝယ်ယူရသည်။ စက်အရန်ပစ္စည်းကို ပြည်ပမှတင်သွင်းရသည်။ အချို့ကို ပြည်တွင်းမှာပင်ပြုလုပ်သည်။ အလုပ်သမား ၇၉ ဦးရှိသည်။

ညွန့်နိုင်လွန်အထည်စက်ရုံကို ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်၍ ၁၉၅၉ ခုနှစ်တွင် အစုစပ်လုပ်ငန်းအဖြစ်မှတ်ပုံတင်သည်။ ထိုအစုရှယ်ယာရှင်များထဲမှ နိုင်ငံခြားသား ၄ ဦးနှင့် နိုင်ငံသား တစ်ဦးတို့ကဝယ်ယူကာ ၁၉၆၀ ပြည့်နှစ်တွင် စတင်ကုန်ထုတ်လုပ်သည်။ အစုရှင်များမှာ ဒေါ်တင်ညွန့်၊ ဖေအီဘရာဟင်၊ အဗဒူရာဇပ်မိုဟာမက်၊ အိုင်ရှာဘေအီဆာနှင့် ဟာရွမ်အီဘရာဟင်တို့ဖြစ်ကြသည်။ စက်ရုံ၏ မတည်ရင်းနှီးငွေမှာကျပ် ၂.၅ သိန်း ဖြစ်၏။ တစ်နေ့ရှစ်နာရီ ၃ ဆိုင်းဖြင့် တစ်နှစ်လျှင် နိုင်လွန်ရက်ထည် ၂၇၅၀၀၀ ကိုက် ထုတ်လုပ်နိုင်သည်။

၁။ ဒဂုံမီးလ်နိုင်လွန်စက်ရုံနှင့် ပတ်သက်သော အစီရင်ခံစာ၊ စာ ၁-၃

၂။ ညွန့်ကြည်အေး နိုင်လွန်စက်ရုံနှင့် ပတ်သက်သော အစီရင်ခံစာ၊ စာ ၁-၄

တစ်နေ့လျှင် ၃ လုညှိဖြင့် ငံနေ့စဉ်ကိုက် ၇၂၀ ပုံမှန်ထုတ်လုပ်သည်။ တစ်နှစ်လျှင်အထည်ကိုက် ၃ သိန်းထုတ်လုပ်နိုင်ရန်ကုန်ကြမ်းပစ္စည်းကျပ် ၃ သိန်းဖိုးလိုလေသည်။ စက်အရန်ပစ္စည်းများကိုလည်း ပြည်ပမှပင်တင်သွင်းဝယ်ယူရသည်။ အလုပ်သမား ၆၃ ဦးဖြင့် စက်လည်ပတ်ထုတ်လုပ်သည်။[1]

ရန်ကုန်မင်္ဂလာဒုံလမ်း၊ စဉ့်ငူတွင်တည်ရှိသော ဒါဒါပိုးစက်လီမိတက်သည် မြန်မာနိုင်ငံတော်၏ စက်မှုလက်မှုလုပ်ငန်းများကို တိုးတက်စေမည်ဟုသော ကြွေးကြော်သံဖြင့်ပိုးတု၊ စပန်ပိုးတု၊ ဒိုးဗစ်တံဆိပ်နှင့် ကြက်တူရွေးတံဆိပ်စပန့်သက္ကလပ်၊ ဂါဘာဒင်စသော အထည်များနှင့် ရေယှက်ထည်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးသည်။ မြန်မာအမျိုးသားပိုင်ဟုကြော်ငြာထားသော်လည်းအမှတ် ၁၄၄ ကုန်ဈေးတန်းရန်ကုန်မြို့တွင်ဖွင့်ထားသောအလုပ်ဌာနအမည်မှာ ဟာဂျီဒါဒါရှုရစ်သားများကမ္ပဏီဖြစ်သည်။ ခေတ်မီစက်ကြီးများကို အသုံးပြုကာ ချည်ထည်များ၊ စပန့်ထည်များရက်ခြင်း၊ ဆေးဆိုးခြင်း၊ ဆေးချွတ်ခြင်း၊ အရောင်တင်ခြင်းတို့ကို လုပ်ဆောင်သည်။ အခြားမှ အပ်နှံသောအလုပ်များကိုလည်း လက်ခံသည်။[2]

နိုင်လွန်ရေယှက်ပိုးတုချည်တုထုတ်လုပ်သောစက်ရုံများမှာ များသောအားဖြင့် ရန်ကုန်နှင့် ရန်ကုန်ဝန်းကျင်တွင်ရှိသည်။ စက်များကို ကမာရွတ်၊ အင်းစိန်၊ သမိုင်း၊ ပုဇွန်တောင်စသည့် နယ်မြေဒေသများတွင် တည်ထောင်ထားပြီး ရောင်းဝယ်ရေးအလုပ်စခန်းများကို မြို့ပေါ်တွင်ဖွင့်လှစ်ထားကြသည်။ နေရှင်နယ်ရေယှက်စက်လီမိတက်၊ ရွှေမြင်းပိုးစက်၊ သမိုင်းရေယှက်စက်လီမိတက်၊ ဂနီပိုးစက်၊ စိန်ရတနာပိုးစက်လီမိတက်၊ မြို့မချည်ထည်နှင့် ပိုးထည်စက်၊ ဟံသာဒေးလီမိတက်၊ မြနိုင်လွန်အထည်စက်၊ ဗမာ့နိုင်လွန်ဇာနှင့်အထည်စက်၊ မြန်မာပြည်နိုင်လွန်အထည်စက်၊ ရွှေဂုံပိတ်ဖောက်ဇာ၊ ဘုရင်မနိုင်လွန်ဇာနှင့် အထည်စက်ရုံစသည်တို့မှာ ထင်ရှားသော စက်ကြီးများဖြစ်ကြသည်။[3]

မြန်မာနိုင်ငံတွင် ၁၉၅၉-၆၀ ခုနှစ်ကစောင်စက်ရုံ ၁၄ ရုံရှိသည်။ စောင်စက်ရုံများကို ကုန်ကြမ်းလွယ်ကူစွာရနိုင်မှုပေါ် မူတည်၍ ရန်ကုန်၊ မန္တလေးနှင့် မုံရွာတို့တွင် တည်ထားကြသည်။ ရန်ကုန်စောင်စက်များသည် အင်းစိန်၊ သမိုင်း၊ ကမာရွတ်နှင့် သင်္ဃန်းကျွန်းတို့တွင်ရှိသည်။ မန္တလေး၊ မုံရွာစောင်စက်များအပါ အဝင်စောင်စက်များသည် ရောင်းဝယ်ရေးဌာနကို ရန်ကုန်တွင်ပင်ဖွင့်လှစ်၍ ဖြန့်ဖြူးရောင်းချကြသည်။ ခေတ္တရာစောင်စက်၊ ရွှေပျားစောင်စက်၊ ဒေါ်သိန်းစောင်စက်၊ ဗန္ဓုလစောင်စက်၊ စတားစောင်စက်စသည်တို့မှာ နာမည်ကျော်ကြား

၁။ ညွှန့်အထည်စက်ရုံ (နိုင်လွန်) နှင့် ပတ်သက်သော အစီရင်ခံစာ၊ စာ ၁-၃

၂။ မြန်မာပြည် ကုန်သွယ်ရေးနှင့် စက်မှုလက်မှုလမ်းညွှန်၊ ၁၉၆၀-၆၁

၃။ ရေယှက်နိုင်လွန်စက်များစာရင်း၊ နောက်ဆက်တွဲ ၃ ၅

သည်။[1] စောင်စက်ပိုင်ရှင်များသည် မြန်မာပြည်လုံးဆိုင်ရာ စောင်စက်ပိုင်ရှင်များအသင်းကို တည်ထောင်ကာ လုပ်ငန်းကိုထိန်းချုပ်ကာကွယ်ထားကြသည်။

မြန်မာနိုင်ငံ အရပ်ရပ်ရှိ စောင်စက်များသည် ၁၉၅၉-၆၀ ခုနှစ် အတွင်းက စောင်ပေါင်း ၄၁၀ ခန့်ရှိ ထုတ်လုပ်သည်။ စက်ရုံတစ်ရုံသည် နေ့စဉ်တစ်လှည့်နှုန်းဖြင့်စောင် ၆ ထည်မှ ၄၄၈ ထည် အကြားထုတ်လုပ် နိုင်စွမ်းရှိသည်။[2] အချို့ စက်များမှာ စက်ကြီးများဖြစ်၍ ထုတ်လုပ်စွမ်းအားကောင်းသည်။ ပြည်တွင်း လိုအပ်ချက်ကို အတော်ပင် ဖြည့်ဆည်းနိုင်ခဲ့ကြသည်။

စက်မှုလက်မှု ညွှန်ကြားရေးဝန် ဌာနတွင် မှတ်ပုံတင်ထားသော ဤစောင်စက် များသည် ဂွမ်းစောင် အချောနှင့် ဂွမ်းစောင် အကြမ်း အပွများ ထုတ်လုပ်ကြသည်။ စက်ရက်ကန်း၊ လက်ရက်ကန်း တို့ဖြင့် သမားရိုးကျ ရက်လုပ်သော ချည်စောင် ရက်လုပ်ရေး လုပ်ငန်းလည်း မသေးလှချေ။ ချည်စောင်များကို နယ်မြေ ဒေသအလိုက် အစဉ်အလာ အလိုက် အဆင်အသွေး အမျိုးမျိုး ရက်လုပ်ရောင်းချသည်။ ပခုက္ကူစောင်၊ ချင်းစောင်၊ မုဒုံစောင် စသည်ဖြင့် ထင်ရှားသည်။ ဂျပ်ခုတ်ရက်လုပ်သောစောင်များလည်း ရှိသည်။ ချည်စောင် အမျိုးမျိုးကို နိုင်ငံခြားမှ လာသော ချည်ချော သက်သက်နှင့် ရက်လုပ်သည် လည်းရှိသည်။ နိုင်ငံခြား ချည်ချောနှင့် ပြည်တွင်းဖြစ် ဝါချည်ရော၍ရက်ခြင်း၊ဝါချည် သက်သက်ဖြင့် ရက်ခြင်းများလည်း ရှိသည်။ အသုံးပြုသော ချည်ကိုလိုက်၍ စောင်အချော အကြမ်းကွာသွားသည်။ ချည်စောင်သည်တောရောမြို့ပါအသုံးပြုသော ရက်ထည်ဖြစ်သည်။ အစဉ်အလာကပင် ဖွံ့ဖြိုး ရှင်သန်ခဲ့သော အိမ်တွင်း လက်မှု လုပ်ငန်း ဖြစ်ပေသည်။

မျက်နှာသုတ် ပဝါသည် လူနေမှု အဆင့် မြင့်လာသော မြို့နေလူတို့၏ အသုံးအဆောင် တစ်ခုဖြစ်သည်။ ၂၀ ရာစု ခေတ်လယ် ပြန်လည်ထူထောင်ရေး ကာလတွင်မူ မျက်နှာသုတ် ပဝါသည် ရှေးကကဲ့သို့ တောနှင့် မြို့ ခွဲခြားမှု မရှိတော့ချေ။ ကျေးလက် တောရွာနေ တောင်သူ လယ်သမားတို့အတွက်လည်း မျက်နှာသုတ် ပဝါသည် နေ့စဉ် သုံးပစ္စည်းတစ်ခု ဖြစ်လာသည်။ မျက်နှာသုတ်ပဝါ၏ အသုံးဝင်မှုလည်း တိုးတက်လာသည်။ မျက်နှာသုတ်ရန် မျှသာ မဟုတ်ချေ။ တောင်သူ လယ်သမား ကြီးများသည် နေပူဒဏ် အအေးဒဏ်မှ ကာကွယ်ရန် မျက်နှာသုတ် ပဝါကို ခေါင်းတွင် ပေါင်းကြသည်။ အမျိုးသမီးကြီးများ၊ အဖွားအို အမယ်အို များကလည်း တဘက်အဖြစ် ခြုံကြ ဆောင်းကြသည်။ မျက်နှာသုတ်ပဝါ၏ အသုံးတွင်ကျယ်လာသည်။

၁။ **စောင်စက်များစာရင်း၊ နောက်ဆက်တွဲ ၄ ရှု**
၂။ **စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၃၉**

စီးပွားရေး အမြင်ရှိသူများက မျက်နှာသုတ်ပဝါ စက်များ အပြိုင်အဆိုင် တည်ထောင်လာကြသည်။ အချို့က ချည်ထည် ရေယက် စသည့် စက်ရုံများတွင် မျက်နှာသုတ် ပဝါ ရက်ကန်းစင်များပါ ပူးတွဲကာ ရက်လုပ်ကြသည်။ ၁၉၅၉-၆၀ ခုနှစ်က မျက်နှာသုတ်ပဝါ စက်ရုံပေါင်း ၂၇ ရုံရှိသည်။ ထိုစက်ရုံများမှ ၁၉၅၉-၆၀ ခုနှစ်တွင် မျက်နှာသုတ်ပဝါ ပေါင်း ၁၈၉၁၃၅ ဒါဇင် ထုတ်လုပ်သည်။ စက်ရုံတစ်ရုံစီသည် တစ်နေ့တစ်လုည့်နှုန်းဖြင့် တစ်နေ့လျှင် မျက်နှာသုတ်ပဝါ ၁၅ ဒါဇင်နှင့် ၇၅ ဒါဇင်အကြား ထုတ်လုပ်နိုင်သည်။[၁]

ရန်ကုန်မြို့တွင်ပင် မျက်နှာသုတ်ပဝါ စက်ရုံကြီးငယ် ၂၇ ရုံရှိသည်။ ကမာရွတ်၊ သမိုင်း၊ အင်းစိန်၊ အုတ်ကျင်း၊ သင်္ဃန်းကျွန်း၊ ပုဇွန်တောင်တို့တွင် တည်ထားသော စက်ရုံများဖြစ်သည်။ မြန်မာနိုင်ငံ မျက်နှာသုတ်ပဝါ ထုတ်လုပ်သူများ အသင်းတိုက်ကို ၅၁၇ ကမ်းနားလမ်း၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသည်။[၂]

မြန်မာနိုင်ငံတွင် အမျိုးသမီးများ လွန်စွာ ကြိုက်နှစ်သက်၍ မက်မက်မောမော ဝတ်ဆင်ကြသော ဆေးဆိုးပန်းရိုက်ထည် အမျိုးမျိုးကို ပြည်ပမှ နှစ်စဉ် အများအပြား ဝယ်ယူတင်သွင်းခဲ့ရသည်။ နိုင်ငံခြားဖြစ် ဆေးဆိုးပန်းရိုက်ထည် များသည် မြန်မာ့ရက်ကန်းလုပ်ငန်းကို မေးမှိန်တိမ်မြုပ်စေသည်။ စစ်မဖြစ်မီကာလကပင် ရန်ကုန်မြို့ ကြည့်မြင်တိုင်၊ ထီးတန်း အလုံရပ်ကွက်တို့၌ မြန်မာအမျိုးသား အချို့က ပိတ်ထည်ပေါ်တွင် သစ်သား ဘလောက်တုံးများဖြင့် ရိုက်နှိပ်ကာ ဆေးဆိုးပန်းရိုက်ထည်များ ဖြန့်ဖြူးရောင်းချခဲ့သည်။ နိုင်ငံခြားမှ တင်သွင်းသော ဆေးဆိုးပန်းရိုက်ထည်များကို ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့ချေ။

စင်စစ်အားဖြင့် အိန္ဒိယ၊ ဂျပန်၊ ဟော်လန် စသော တိုင်းပြည်များသည် မြန်မာတို့ အကြိုက် ဆေးဆိုးပန်းရိုက်ထည် များကို ထုတ်လုပ်တင်သွင်းရောင်းချနိုင်ရန် မြန်မာဒီဇိုင်းဆရာများကို အသုံးပြုကြသည်။ မြန်လည်ထူထောင်ရေး ကာလတွင် မြန်မာ့ စီးပွားရေးသမားများသည် ခေတ်မီ စက်များ တည်ထောင်ကာ ဆေးဆိုးပန်းရိုက် ထည်များထုတ်လုပ်ကြသည်။ နိုင်ငံခြား အထည်အလိပ်များနှင့် ယှဉ်ပြိုင်နိုင်အောင် ဆေးခိုင် သေသပ်ကျနသော အထည်များ ထုတ်လုပ် နိုင်ကြသည်။ ဆေးဆိုးပန်းရိုက် ပညာကို ကျွမ်းကျင်သူ ပညာရှင်များက ဦးဆောင်လုပ်ကိုင်သဖြင့် အရောင်အသွေး တစ်ရောင်မှ ခြောက်ရောင်၊ ခုနစ်ရောင်အထိ တိုးတက်လုပ်ဆောင်နိုင်သည်။ ထုတ်လုပ်သော အထည်အလိပ် အမျိုးမျိုးတွင် အမျိုးသမီး လုံချည် အများဆုံး ပါဝင်သည်။ အင်ဒိုနီးရှား ပါတိတ် အသွေးအဆင်များကို တန်းတူ လိုက်နိုင်သော ပါတိတ် လုံချည်များ ဖြစ်သည်။

၁။ **စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၃၉**
၂။ **ရန်ကုန်မြို့ မျက်နှာသုတ်ပဝါ ထုတ်လုပ်သူများစာရင်း၊ နောက်ဆက်တွဲ ၅ ရှု**

ဆေးဆိုးပန်းရိုက် လုပ်ငန်းရှင်များသည် လုပ်ငန်းကို ချုပ်ကိုင် လုပ်ဆောင်နိုင်ရန် မြန်မာပြည် ဆေးဆိုးပန်းရိုက်အသင်းကို တည်ထောင်ထားသည်။ ဆေးဆိုး ပန်းရိုက်စက်ရုံ အသီးသီးမှ ထုတ်လုပ်သော ပန်းရိုက်ထည်များသည် ပြည်တွင်းအတွက် လုံလောက်ရုံသာမက ပိုလျှံပင် နေပေသည်။ ထို့ကြောင့် ဆေးဆိုးပန်းရိုက်လုပ်ငန်းကို ကူညီအားပေးသည့်သဘော၊ မြှင့်တင် မြှောက်ပေးသည့် သဘောဖြင့် အစိုးရသည် နိုင်ငံခြား အထည်အလိပ်များ တင်သွင်းခြင်းကို ပိတ်ပင်သင့်ကြောင်း ဆေးဆိုးပန်းရိုက် အသင်းက တင်ပြခဲ့သည်။

ဆေးဆိုးပန်းရိုက် လုပ်ငန်းသည် နိုင်ငံခြား ကုန်ကြမ်းကို အသုံးပြုရသဖြင့် ကုန်ကြမ်း အခက်အခဲကြောင့် စက်ရုံများကို တစ်နှစ်လျှင် ၃ လမှ ၆ လ အထိသာ လည်ပတ်ထုတ်လုပ်နိုင်ကြသည်။ မြန်မာနိုင်ငံတွင် ၁၉၅၉-၆၀ ခုနှစ်က ဆေးဆိုးပန်းရိုက် စက်ရုံပေါင်း ၁၁၆ ရုံ ရှိသည်။ အချို့မှာ ဆေးဆိုးပန်းရိုက် အသင်းဝင်များ မဟုတ်ကြချေ။ ထိုစက်ရုံ အလုပ်ရုံများက ၁၉၅၉-၆၀ ခုနှစ်တွင် ကျပ်ငွေ ၂၅၆.၉၁ သိန်းဖိုး ထုတ်လုပ် ရောင်းချခဲ့သည်။[1] ရန်ကုန်မြို့တွင် အသင်းဝင် ဆေးဆိုးပန်းရိုက် လုပ်ငန်း ၂၃ ခုရှိသည်။ ခြသေ့တံဆိပ်၊ ရွှေငန်းတံဆိပ်၊ နေတံဆိပ်၊ စွန်တံဆိပ်၊ ရွှေလမင်းတံဆိပ်၊ ကမ္ဘာလုံးခြူးပုံတံဆိပ်၊ စိန်တံဆိပ်၊ ကျားပုံတံဆိပ်၊ ရွှေနဂါးတံဆိပ်၊ စသဖြင့် တံဆိပ် အမျိုးမျိုး တပ်၍ ထုတ်လုပ်ကြသည်။[2] ပန်းရိုက်လုပ်ငန်း မပါဘဲ အထည်ဆေးဆိုးလုပ်ငန်းကိုသာ လုပ်ကိုင်သော စက်ရုံပေါင်း ၂၇ ရုံ ရှိသည်။ ထိုစက်ရုံများသည် ၁၉၅၉-၆၀ ခုနှစ်တွင်းက ကျပ် ငွေ ၆၆.၇၇ သိန်းဖိုး ထုတ်လုပ် ရောင်းချခဲ့သည်။[3]

ဝတ်ရေးဆိုင်ရာ ကုန်ထုတ်စက်ရုံများတွင် စွပ်ကျယ်စက်များသည် လုပ်ငန်း တွင်ကျယ်၍ စီးပွားဖြစ်ကြသည်။ စွပ်ကျယ်သည် တောရောမြို့ပါ အမျိုးသားကြီးငယ်များ ဝတ်ဆင်သော နေ့စဉ် သုံးသာမန်အဝတ်တစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် လူကြီးဝတ်၊ ကလေးဝတ် စွပ်ကျယ် ဒါဇင်ပေါင်း တစ်သန်းကျော်လိုသည် ဟု ခန့်မှန်းသည်။ ထိုလိုအပ်ချက်ကို ရန်ကုန်ရှိ စွပ်ကျယ်စက်ကြီးငယ်ပေါင်း ၇၅ စက်မှ ဖြည့်ဆည်းပေးသည်။[4]

စွပ်ကျယ်စက်များကို အင်းစိန်၊ ကမာရွတ်၊ တာမွေ၊ သမိုင်း၊ ကြို့ကုန်း၊ ကြည့်မြင်တိုင် ပုဇွန်တောင်၊ ကုက္ကိုင်းနှင့် ရန်ကုန်မြို့တွင်း၌တည်ထောင်ကြသည်။ ပျမ်းမျှခြင်းအားဖြင့်သော်

၁။ စီးပွားရေးစစ်တမ်း ၁၉၆၂၊ စာ ၄၀
၂။ ရန်ကုန်မြို့ ရှိဆေးဆိုးပန်းရိုက် အလုပ်ရုံများစာရင်း၊ နောက်ဆက်တွဲ ၆ ရှု
၃။ စီးပွားရေးစစ်တမ်း ၁၉၆၂၊ စာ ၄၀
၄။ ရန်ကုန်မြို့ရှိ စွပ်ကျယ်စက်များစာရင်း၊ နောက်ဆက်တွဲ ၇ ရှု

ကမာရွတ် ဒေသတွင် အများဆုံးရှိသည်။ စက်ရုံ အသီးသီးမှ တံဆိပ် အမျိုးမျိုးဖြင့် ထုတ်လုပ်သော လုံကြီးဝတ် ကလေးဝတ် စွပ်ကျယ်များမှာ ၁၉၅၉-၆၀ ခုနှစ် အတွင်းက ကျပ်ငွေ ၁၂၅-၁၅ သိန်းဖိုးရှိသည်။ စက်ရုံငယ်တို့သည် တစ်နေ့လျှင် တစ်ဆိုင်းဖြင့် စွပ်ကျယ် ၁၀ ဒါဇင်ခန့် ထုတ်နိုင်သည်။ စက်စွမ်းအားကောင်းသော စက်ကြီးများသည် တစ်နေ့ တစ်ဆိုင်းလျှင် ၄၉၀ ဒါဇင်အထိ ထုတ်လုပ်နိုင်သည်။[၁]

အချို့ စွပ်ကျယ်စက်များသည် ချည်မျှင်ဆွဲလုပ်ငန်း၊ မျက်နှာသုတ်ပဝါရက်လုပ်ငန်း များကိုပါ ပူးတွဲလုပ်ဆောင်ကြသည်။ အချို့ကလည်း အမြတ်ခွန်သက်သာစေရန် စွပ်ကျယ် စက်ကြီးအစား အမည်အမျိုးမျိုးဖြင့် , စက်ရုံငယ်များခွဲ၍ တည်ထောင်ကြသည်။

အာမက်ဗိုင်ဘရာဟင်နှင့်ညီအကိုများ [Ahmed Violin Hoisery Works(Burma Ltd.)] စွပ်ကျယ်စက်သည် ဗြိတိသျှ ခေတ်ကပင် နာမည်ကျော်ကြားသော စက်ဖြစ်သည်။ အင်းစိန်၊ ရွာမအတွင်း တည်ရှိသည်။ စက်ရုံတွင် ဂျပန်လုပ် စွပ်ကျယ်စက်ဝိုင်း ၅၅ လုံး ရှိသည်။ တရောတံဆိပ် စွပ်ကျယ်များ ထုတ်လုပ်သည်။ ပြည်တွင်းဖြစ် တရောစွပ်ကျယ် များကို ဝယ်ယူ အသုံးပြုခြင်းဖြင့် မြန်မာ့ငွေများ ပြည်ပသို့ ရောက်မသွားဘဲပြည်တွင်း၌ပင် ရှိနေစေသည်ဟူသောကြော်ငြာများ၊ ကာတွန်းများဖြင့် ကြော်ငြာကာ ဖြန့်ဖြူးရောင်းချသည်။

စွပ်ကျယ်လုပ်ငန်းအပြင် ချည်မျှင်ဆွဲစက်ဟောင်းများကို ဝယ်ယူတပ်ဆင်ကာ ချည်မျှင် ဆွဲသည့်လုပ်ငန်းကိုလည်းလုပ်သည်။ ၁၉၅၅ ခုနှစ်တွင် ပြည်တော်သာကုမ္ပဏီအမည်ဖြင့် ပန်းထိုး ချည်လုပ်ငန်းကို ပူးတွဲလုပ်ဆောင်သည်။ တရောတံဆိပ်စွပ်ကျယ်လုပ်ငန်းကိုလည်း အမြတ်ခွန် ပေးရသက်သာလျော့နည်းစေရန် ရွှေလန်းကုမ္ပဏီ၊ ရွှေပြည်စိုးကုမ္ပဏီအမည်များဖြင့် စက်ရုံ ငယ်များ၊ လုပ်ငန်းခွဲများတည်ထောင်ထုတ်လုပ်သည်။ စိန်ရတနာကုမ္ပဏီအမည်ဖြင့်လည်း နိုင်လွန်ရက်ကန်းစက်တည်ထောင်သည်။ ၁၉၅၆ ခုနှစ်တွင် စက်ဟောင်းများကို ဂျပန်ပြည်လုပ် အီယာနိုရက်ကန်းစက်များဖြင့် အစားထိုးလဲလှယ်တပ်ဆင်ကာ ဆင်ပျံတံဆိပ်စောင်လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ပြန်သည်။ ဆင်ပျံစောင်လုပ်ငန်းတွင် အဖောက်ချည်အဖြစ်အသုံးပြုရန် ချည်မျှင် ဆွဲလုပ်ငန်း Waste Plant ကိုတည်ထောင်သည်။ ဤသို့ဖြင့် အာမတ် တရောစွပ်ကျယ် စက်သည် ၁၉၅၉ ခုနှစ်အထိ တရော၊ ဆင်ပျံ၊ စိန်ရတနာ၊ ရွှေလန်း၊ ရွှေပြည်စိုး၊ ပြည်တော်သစ် အမည်ဖြင့် တံဆိပ်အမျိုးမျိုးသုံးကာ စွပ်ကျယ်များ၊ စောင်များ၊ နိုင်လွန်ထည်များထုတ်လုပ် ဖြန့်ဖြူးရောင်းချသည်။ စွပ်ကျယ်အဖြူချတ်ရန်၊ လျှော်ရန်လုပ်ငန်းတွင်သုံးသော ဘိုင်လာအိုးကို အမှီပြု၍ ဆေးဆိုးပန်းရိုက်လုပ်ငန်းကိုပါပူးတွဲ လုပ်ဆောင်ပြန်သည်။ ၁၉၅၉ ခုနှစ်တွင်မူ

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၄၀

အာမတ်စက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို ထုပ်ပိုးရန် ကုန်ထုတ်ပစ္စည်းဖြစ်သောပလတ်စတစ်လုပ်ငန်းကို စတင်တည်ထောင်သည်။ လုပ်သားပေါင်း ၁၆၀၀ မှ ၁၇၀၀ အထိရှိသော ပုဂ္ဂလိကစက်ရုံကြီးဖြစ်သည်။[၁]

အလားတူပင် အမှတ် ၂၂ လင့်လမ်း၊ သမိုင်းတွင်တည်ရှိသော ပိုးဒါစွပ်ကျယ်စက်သည် ထင်ရှားသောစက်ကြီးဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင် မတည်ရင်းနှီးငွေကျပ် ၁၇၅၀၀၀ ဖြင့် စတင်တည်ထောင်လည်ပတ်ခဲ့သည်။ နိုင်ငံခြားသား ၅ ဦးစပ်ပိုင်သော စက်ဖြစ်သည်။ ပိုင်ရှင်များမှာ အိန္ဒိယ အမျိုးသမီးများဖြစ်သည်။ လီလာဝတီဒေဝီ၊ မိုဟီနီဒေဝီ၊ ပွတ်ရှပါးဒေဝီ၊ ဂါယာထရီဒေဝီ၊ ချန်ဒရာဒေဝီတို့ဖြစ်၏။ လူကြီးဝတ် ကလေးဝတ် စွပ်ကျယ် အရွယ်အစားအမျိုးမျိုးထုတ်လုပ်သည်။ ချည်နှင့်သိုးမွှေးဆွယ်တာ၊ စပို့ရှပ်များလည်းထုတ်လုပ်သည်။ စွပ်ကျယ်လုပ်ငန်းအတွက်အဓိကဖြစ်သော စက် ၂၄ လုံးရှိသည်။ MYK Interlock Knitting Machines, Round Knitting Machines, Tompkin Knitting Machines, များနှင့်ဆွယ်တာထိုးစက်၊ ခြေအိတ်ထိုးစက်၊ ချုပ်စက်၊ စပို့ရှပ်လက်စည်းပြုလုပ်သော Cuff Machine များဖြစ်ကြသည်။ စက်များမှာ ၁၉၅၃ ခုနှစ်က ဝယ်ယူတင်သွင်းသော စက်များဖြစ်သည်။ တစ်နေ့ ၈ နာရီ တစ်ဆိုင်းဖြင့် တစ်နှစ်လျှင် စွပ်ကျယ် ၂၁၂၃ ဒါဇင် ထုတ်လုပ်နိုင်သည်။[၂]

ပုဂ္ဂလိကလုပ်ငန်းရှင်များသည်စွပ်ကျယ်လုပ်ငန်းကို အပြိုင်အဆိုင်တိုးချဲ့လုပ်ကိုင်ကြသည်။ ကုန်ကြမ်းဖြစ်သော ၁/၂၀၊ ၁/၃၀ နှင့် ၁/၄၀ ချည်များကို ပြည်ပမှဝယ်ယူတင်သွင်းကာ ပြည်သူ့ ပစ္စည်းကော်ပိုရေးရှင်းက ဖြန့်ဖြူးရောင်းချသည်။ စွပ်ကျယ်လုပ်ငန်းတိုးတက်သည်နှင့်အမျှ ကုန်ကြမ်းဝယ်ယူတင်သွင်းရသော နိုင်ငံခြားငွေအသုံးပိုမိုလာသည်။ စက်ရုံများမှ ထုတ်လုပ်သောစွပ်ကျယ်များသည် ၁၉၆၀ ပြည့်နှစ်တွင် ပြည်တွင်းသုံးလိုအပ်သည်ထက် ပိုလျှံနေပေသည်။ ကုန်ကြမ်းအတွက် နိုင်ငံခြားသုံးငွေကုန်ကျမှုကို ခြိုးခြံနိုင်ရန်အစိုးရသည် စွပ်ကျယ်ထုတ်လုပ်ရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းသစ်များ နောက်ထပ်ထူထောင်ခြင်း တိုးချဲ့ခြင်းများမလုပ်ရဟု ကြေညာချက်ထုတ်ပြန်ကာ ပိတ်ပင်ခဲ့သည်။[၃]

အဝတ်အထည်ဆိုင်ရာလုပ်ငန်းများတွင် Knitted Wear ခေါ် စက်ထိုးအထည်အဝတ်အင်္ကျီများ ထုတ်လုပ်ရေးသည် စီးပွားရေးလုပ်ငန်းကောင်းဖြစ်သည်။ စက်ထိုးသိုးမွှေးထည်

၁။ စောင်စက်ရုံအုပ်စု အမှတ် ၂ ၏ သမိုင်းအကျဉ်းချုပ်

၂။ ပိုးဒါစွပ်ကျယ်စက်နှင့် ပတ်သက်သော အစီရင်ခံစာ-၁-၂

၃။ စက်မှုလက်မှုသတင်းလွှာ ၆/၆၁၊ နေ့စွဲ ၁၄-၃-၆၁။ စက်မှုလက်မှုစာစောင် အတွဲ ၁၊ အမှတ် ၁၊ စာ ၂၆

နိုင်လွန်ထည်များကို ခေတ်နှင့် လျော်ညီစွာ ဝတ်ဆင်သုံးစွဲမှုများလာသည်။ ထို့ကြောင့် ပြည်တော်သာခေတ်အတွင်းက ပုဂ္ဂလိကလုပ်ငန်းရှင်များသည် သိုးမွေးထိုးစက် နိုင်လွန်ထိုးစက်များ တည်ထောင်ကြသည်။ ၁၉၅၉-၆၀ ခုနှစ်က နိုင်လွန်ထိုးစက်ရုံပေါင်း ၁၇ ရုံရှိသည်။ စက်ရုံများ၏ ပျမ်းမျှကုန်ထုတ်စွမ်းအားမှာ တစ်နေ့တစ်ဆိုင်းလျှင် ၉၁၇ ကိုက်ထုတ်လုပ်နိုင်သည်။ ၁၉၆၀-၆၁ ခုနှစ်တွင်စက်ရုံပေါင်း ၁၉ ရုံဖြစ်လာသည်။ ထိုစက်ရုံများတွင် နိုင်လွန်ထိုးစက် စုစုပေါင်း ၁၁၃ စက်ရှိသည်။ အချို့စက်များသည် တစ်နေ့လျှင် နှစ်ဆိုင်းသုံးဆိုင်းထိစက်လည်ကာ ထုတ်လုပ်ကြသည်။ ၁၉၆၁-၆၂ ခုနှစ်အတွင်းက နိုင်လွန်ထိုးစက်များသည် တစ်နေ့တစ်ဆိုင်းဖြင့် စတုရန်းကိုက်ပေါင်း ၅.၇ သန်းထုတ်နိုင်စွမ်းရှိကြသည်။ အလားတူပင် သိုးမွေးထိုးစက်ရုံပေါင်း ၈၆ ရုံမှ ၁၉၅၉-၆၀ ခုနှစ်အတွင်း ရောင်းကုန်ကျပ် ၃၇.၂၆ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။[1]

[illegible] အမျိုးသားကြီးငယ်တို့အတွက် ဝတ်ဆင်ရန် စွပ်ကျယ်လိုသကဲ့သို့ အမျိုးသမီးကြီးငယ်တို့အတွက် ဇာဘော်လီ လိုပေသည်။ ဇာဘော်လီ လုပ်ငန်းသည် ဆေးလိပ်ခုံလုပ်ငန်းကဲ့သို့ အမျိုးသမီး အလုပ်သမားကို အသုံးပြုသော အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဖြစ်သည်။ စက်ရုံ အလုပ်ရုံအဆင့်ဖြင့် မှတ်ပုံတင်ထားခြင်း မရှိသော လုပ်ငန်းကလေးများ မြို့ကြီးမြို့ငယ်တိုင်းတွင် ရှိသည်။ မှတ်ပုံတင်ထားသော စက်ရုံပေါင်း ၁၉၅၉ - ၆၀ ခုနှစ်တွင် ၁၁၆ ရုံရှိ၍ ၁၉၆၀ - ၆၁ ခုနှစ်တွင် ၁၂၃ ရုံရှိသည်။ ဇာဘော်လီလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာသည်မှာ နိုင်ငံတော် အစိုးရက ဂျပန်စစ်လျော်ကြေးဖြင့် အပ်ချုပ်စက်များ ရယူတင်သွင်းပေးသောကြောင့် ဖြစ်သည်။ ဇာဘော်လီလုပ်ငန်းငယ်များသည် တစ်နေ့တစ်ဆိုင်းလျှင် ၃၅ ထည်ခန့် ထုတ်လုပ်နိုင်သည်။ စက်ရုံကြီးများတွင်မူ တစ်နေ့တစ်ဆိုင်းလျှင် ဇာဘော်လီ ၁၅၆၀ ထည် အထိ ထုတ်လုပ်နိုင်သည်။ ဇာဘော်လီစက်ရုံကြီးငယ်များမှ ၁၉၅၉ - ၆၀ ခုနှစ်အတွင်း ဇာဘော်လီ ပေါင်း ၂၇၇၁၈၃ ထုတ်လုပ်ခဲ့သည်။[2]

ချည်ထည် ရက်လုပ်သော သို့မဟုတ် ချည်ထုတ်လုပ်သောချည်စက်များသည် အပ်ချည် ထုတ်လုပ်ခြင်းကို ပူးတွဲလုပ်ဆောင်ကြသည်။ အချို့ လုပ်ငန်းရှင်များက အပ်ချည်စက် အမည်ဖြင့် မှတ်ပုံတင်ကြသည်။ မှတ်ပုံတင်ထားသော အပ်ချည်စက်ရုံ ၉ ရုံရှိသည်။ ထိုစက်ရုံ များမှ ၁၉၅၉ - ၆၀ ခုနှစ်တွင် အပ်ချည်လုံး ဂရွတ်ပေါင်း ၆၆၁၄၇ ထုတ်လုပ်သည်။ အပ်ချည် လုံးစက်ငယ်များ၏ စွမ်းအားမှာ တစ်နေ့တစ်ဆိုင်းလျှင် ဂရွတ်ပေါင်း ၁၀ ထုတ်လုပ်နိုင်သည်။ စက်ကြီးများမှာမူ တစ်နေ့တစ်ဆိုင်းလျှင် ဂရွတ်ပေါင်း ၂၅၀ ထုတ်လုပ်နိုင်သည်။[3]

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၄၀
၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၄၀
၃။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၃၉

အပ်ချည်ထုတ်လုပ်သော စက်များတွင် ၁၉၅၇ ခုနှစ်က တည်ထောင်သော မြန်မာညွန့် အပ်ချည် ထုတ်လုပ်ရေးစက်ရုံသည် အလုပ်သမား ၃၉၀ ခန့်ရှိသော စက်ရုံကြီးဖြစ်သည်။ စက်ရုံကို တိုင်းရင်းသား ၁၀ ဦးက အစုစပ်ပိုင်အဖြစ်ဖြင့် ကံဘဲ့ဘုတာရုံလမ်း ချစ်တီးဘုရား အနီးတွင် မတည်ရင်းနှီးငွေ ၅၀ သိန်း မြှုပ်နှံကာ တည်ထောင်သည်။ အစုရှယ်ယာဝင်များမှာ ဦးလှအောင်၊ ဒေါ်ကျင်ဆိုင်၊ ကိုငွေစိုး၊ ကိုမြင့်သိန်း၊ မမြင့်မြင့်မူ၊ မောင်ဝင်းအောင်၊ ကိုခင်မောင်တင်၊ ဒေါ်တင်တင်၊ ဦးသာထွန်းနှင့် မောင်အက် (၈) ကုမ္ပဏီတို့ ဖြစ်သည်။ ၁၉၅၉ ခုနှစ်တွင် စက်လည်ပတ်နိုင်၍ ကုန်စတင် ထုတ်လုပ်သည်။ စက်ရုံတွင် Ring Traveller, Leather belting, Twisting bobbing စသော စက်များ စက်အရန်ပစ္စည်းများ စုံလင်သည်။ လက်ချုပ်အပ်ချည်၊ စက်ချုပ်အပ်ချည်နှင့် ပန်းထိုးအပ်ချည် ၂၄ မျိုး ထုတ်လုပ်နိုင်သည်။ တစ်နေ့ ၈ နာရီ ၂ ဆိုင်းဖြင့် တစ်နှစ်လျှင် အပ်ချည် ဂရွတ် ကိုးသောင်း ထုတ်လုပ်နိုင်စွမ်းရှိသည်။ ထုတ်လုပ်သော အပ်ချည် အမျိုးအစားမှာ ပြည်တွင်းဖြစ် ကုန်ကြမ်းဖြစ်သော ၁/၂၀ ချည်ခင်ညိုများကို အသုံးပြု၍ ထုတ်လုပ်သော အပ်ချည်ဖြစ်သည်။ တစ်နှစ်လျှင် ကုန်ကြမ်းချည်ခင်ညိုပေါင်ပေါင်း သုံးသိန်း ခြောက်သောင်း ခန့်သုံးသည်။ သို့သော် တစ်နှစ်လျှင် ကုန်ကြမ်း ချည်ခင်ညိုပေါင် နှစ်သိန်း လေးသောင်း ခန့်ဖြင့် ပုံမှန် လည်ပတ် ထုတ်လုပ်သည်။ အပ်ချည် ဂရွတ် ကိုးသောင်းကို ပြည်ပမှ တင်သွင်းရန် နိုင်ငံခြားသုံးငွေ ကျပ် ၂၃ သိန်းခန့် ကုန်ကျသည်။ ပြည်တွင်းမြန်မာညွန့် စက်ရုံတွင် ထုတ်လုပ်ရာ၌ ငွေကျပ် ၁၉ သိန်းသာ ကုန်ကျသဖြင့် နိုင်ငံခြားသုံးငွေ ၁၃ သိန်း သက်သာပေသည်။[၁]

ပိုးထည်၊ ချည်ထည်၊ ရေယွန်၊ နိုင်လွန်နှင့် ချည်ထည်များ၊ ဆေးဆိုးပန်းရိုက်ထည်များ စသော ဝတ်ရေးဆိုင်ရာ ကုန်ပစ္စည်း အမျိုးမျိုးကို ပြည်တွင်း ပုဂ္ဂလိကစက်ရုံများမှ ထုတ်လုပ်ပေးနိုင်သဖြင့် ပြည်ပမှ မှာယူတင်သွင်းရခြင်း တစ်စိတ်တစ်ဒေသ သက်သာခဲ့သည်။ ပြည်တွင်းမှ ထုတ်လုပ်သော အဝတ်အထည်အချို့သည် နိုင်ငံခြားဖြစ်နှင့် ယှဉ်နိုင်သော အဆင့်အတန်း ရှိကြသည်။ စက်၊ စက်ပစ္စည်း ကိရိယာနှင့် ကုန်ကြမ်းအချို့အတွက်မူ နိုင်ငံခြားကိုပင် အားထားနေရသေးသည်။ ထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာသဖြင့် အဝတ်အထည်များ အတွက် နိုင်ငံခြားသုံးငွေ အတန်အသင့် ခြွေခြံနိုင်သော အခြေအနေရှိခဲ့သည်။ ပြည်တွင်း လိုအပ်ချက်ကို အထည်အဝတ် ထုတ်လုပ်ရေးဆိုင်ရာ ပုဂ္ဂလိက လုပ်ငန်းရှင်များက စွမ်းစွမ်းတမံ ဖြည့်ဆည်းပေးကြသည်။ အထူးသဖြင့် စွပ်ကျယ် ထုတ်လုပ်ရေးတွင် ပြည်တွင်း လိုအပ်သည် ထက်ပင်ပိုလျှံအောင် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

၁။ မြန်မာညွန့်အပ်ချည် ထုတ်လုပ်ရေးစက်ရုံနှင့် ပတ်သက်သော အစီရင်ခံစာ၊ စာ ၁-၆

လူကြီးလူငယ်၊ ကလေးများ အပါအဝင် ကျားမ မရွေး ဖိနပ်စီးကြသည်။ ဖိနပ်သည် လုံချည်ထဘီအင်္ကျီတို့ကဲ့သို့ပင်အဓိကနေရာတွင်ရှိသောသုံးကုန်ဖြစ်သည်။နေ့စဉ်သုံး၊အကြမ်းသုံး၊ အလှူမင်္ဂလာပွဲသုံး၊ စစ်သုံး၊အားကစားသုံး၊ ရဟန်းသုံး စသည်ဖြင့် ဖိနပ်အနုအကြမ်းအမျိုးမျိုး လိုသည်။ အချို့ ငွေကြေးတတ်နိုင်သူများတွင် တစ်ဦးလျှင် ဖိနပ်လေးရံငါးရံမက တစ်ပြိုင် တည်းထား၍ နေရာအလိုက်အသုံးပြုကြသည်။

မြန်မာနိုင်ငံတွင် ရှေးအခါကပင် ဖိနပ်ချုပ်လုပ်ငန်းရှိသည်။ မြန်မာ့ပုံစံ ခြေညှပ်သားရေ ဖိနပ်ချုပ်လုပ်ရောင်းချကြသည်။ ခေတ်မီတိုးတက်လာသည်နှင့်အမျှ မြန်မာ့ပုံစံခြေညှပ်ဖိနပ်များ သည် အမျိုးသမီးများအတွက် ခုံမြင့် ခုံရိုး ဦးချွန် ဦးဝိုင်း စသည်ဖြင့် ပုံစံပြောင်းလာသည်။ သားရေခြေညှပ်ဖိနပ်၊ ကတ္တီပါဖိနပ်ခုံထူ ခုံပါး စသည်ဖြင့်လည်း အမျိုးမျိုးပေါ်လာသည်။ အနောက်နိုင်ငံပုံစံဖြစ်သော ကင်းဘတ်ဖိနပ်၊ ရှူးဖိနပ်၊ ဘွတ်ဖိနပ် ထုတ်လုပ်ရေးလည်းရှိလာ သည်။ လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်းတွင် ရော်ဘာလုပ်ငန်းတိုးတက်ဖွံ့ဖြိုးလာရာ ဂျပန် ပုံစံရော်ဘာခြေညှပ်ဖိနပ်လုပ်ငန်းလည်း ပေါ်ထွန်းလာသည်။

ရော်ဘာလုပ်ငန်းများတွင် ဗမာပြည် ရော်ဘာနှင့် အထွေထွေစက်မှုလက်မှုလုပ်ငန်း၊ ဒဂုန်ရော်ဘာစက်မှုလက်မှု ကော်ပိုရေးရှင်း၊ နေရှင်နယ် ရော်ဘာလုပ်ငန်း၊ ဖဲရားဝဲသာရစ်ချတ် အင်ကုမ္ပဏီ၊ အိပ်ချ်အေကရင်း စသည်တို့မှာ ထင်ရှားသည်။ ၁၉၅၃ ခုနှစ်ခန့်က စတင် တည်ထောင်သော နေရှယ်နယ်ရော်ဘာလုပ်ငန်းတွင် စက်ရုံကို အမှတ် ၃၁ ကမ္ဘာအေးဘုရား လမ်းတွင်တည်ထား၍ အလုပ်ရုံးကို ရန်ကုန်မြို့၊ အမှတ် ၁၀၇ ကုန်သည်ကြီးလမ်းတွင် ဖွင့်လှစ်ထား သည်။ ထိုစက်ရုံမှ Foam Rubber မွေ့ရာ၊ ခေါင်းအုံး၊ အခင်းပြားစသည်တို့ ထုတ်လုပ်သည်။[၁]

ဗမာပြည် ရော်ဘာနှင့် အထွေထွေစက်မှုလက်မှု လီမိတက်ကို ၁၉၅၇ ခုနှစ်တွင် အစု ရှယ်ယာဝင် ၃၈ ဦးတို့က ရန်ကုန်မြို့၊ ခြောက်မိုင်ခွဲ ဒွေဟာသံလမ်းတွင် တည်ထောင်ကြသည်။ အထွေထွေကုန်သွယ်ရေး လီမိတက်ရုံးခန်းကို ၁၃၅၊ စက်ကဲမောင်ခိုင်လမ်းတွင် ဖွင့်လှစ်ထား သည်။ မြန်မာပြည်မှ ထွက်သမျှရော်ဘာ၏ ထက်ဝက်ခန့်ကို ဤကုမ္ပဏီမှချုပ်ကိုင်ကာ ပြည်ပသို့ တင်ပို့ရောင်းချသည်။ အစုရှယ်ယာဝင်များမှာ မြန်မာများဖြစ်ကြသည်။ မတည်ရင်းနှီးငွေ ၃ သိန်းဖြင့် တည်ထောင်သော ဗမာပြည်ရော်ဘာစက်သည် ၁၉၆၁ ခု ဇွန်လ ၅ ရက်နေ့တွင် စတင်လည်ပတ်၍ ကုန်ထုတ်လုပ်နိုင်ခဲ့သည်။ ဤစက်ရုံမှ ကင်းဘတ်ဖိနပ်၊ ရော်ဘာဖိနပ်၊ ရော်ဘာပြား၊ရော်ဘာသဲကြိုး၊ ဘိုင်စကယ်ကျွတ်နှင့် ဘိုင်စကယ်တာယာများ ထုတ်လုပ်သည်။ စက်ရုံတွင်တပ်ဆင်ထားသော စက်များသည် ချက်ကိုစလိုဗေးကီးယားနှင့် အီတလီလုပ်များ

၁။ U Chan Hoke, Foam Rubber Manufacture, စက်မှုလက်မှုစာစောင်၊ အတွဲ ၁၊ အမှတ် ၁၊ စာ ၂၄—၂၅ (အင်္ဂလိပ်)

ဖြစ်ကြသည်။ Hospital Sheet ထုတ်လုပ်ရန် အခြားစက်များရှိသော်လည်း Continuous Carpet Vulcanising Press မရှိ၍ မထုတ်လုပ်နိုင်ချေ။ စက်စွမ်းအားမှာ တစ်နေ့ ရှစ်နာရီဖြင့် တစ်နှစ်အတွင်း ကင်းဘတ်ဖိနပ်အရန် ၃ သိန်း၊ ဂန်းဘွတ်အရန် ၃ သောင်း၊ ဆိုင်ကယ်တာယာ ၄ သောင်း ၂ ထောင်၊ ဆိုင်ကယ်ကျွတ် ၉ သောင်း၊ ရာဘာပြားချပ်ရေ တစ်သိန်းနှင့် ရာဘာသဲကြိုး ဒါဇင် ၉ သောင်း ထုတ်လုပ်နိုင်သည်။ သို့သော် လက်တွေ့ထုတ်လုပ်ရာ၌ စက်သတ်မှတ်စွမ်းရည် ပြည့်မီအောင် မထုတ်လုပ်နိုင်ချေ။[1] စင်စစ်အားဖြင့် ခြောက်မိုင်ခွဲတွင် တည်ထားသော စက်ရုံသည် ၁၉၅၄ ခုနှစ်ကပင် စတင်၍ Scrap Rubber Milling Factory အဖြစ်ဖြင့် ရော်ဘာချေးမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခဲ့ပေသည်။[2]

ဒဂုန်ရော်ဘာစက်မှုလက်မှု ကော်ပိုရေးရှင်း လီမိတက်မှာ မြန်မာအမျိုးသားများနှင့် တိုင်းရင်းသားလက်မှတ်ရများ စုပေါင်းတည်ထောင်သော စက်ဖြစ်သည်။ အစုရှယ်ယာဝင် ၃၁ ဦးရှိ၍ မတည်ရင်းနှီးငွေမှာ ကျပ် ၁၄.၅ သိန်းဖြစ်သည်။ စက်ရုံကို ၁၄ ပြည်လမ်း၊ ခြောက်မိုင်ခွဲတွင် တည်ထားသည်။ စက်ရုံတွင် ဂျပန်ဖိနပ်သဲကြိုး ပြုလုပ်ရန် Roller ၅ လုံး Screw Press ၂၂ လုံး၊ Sole Cutter ၃ လုံးရှိသည်။ စက်ဘီးတာယာနှင့် ကျွတ်များ ပြုလုပ်ရန် Roller Mixer, Tyre Coating Machine, Vulcanizer, Extruder စသည်တို့ စုံလင်စွာရှိသည်။ ထိုစက်များသည် တစ်နေ့ရှစ်နာရီတစ်ဆိုင်းဖြင့် တစ်နှစ်လုပ်ရက် ၃၀၀ တွင် Microcellular sheet အချပ်ရေ ၁.၁ သိန်း၊ သဲကြိုးအရန် ၁၀ သိန်း၊ ကျွတ် ၁ သိန်း၊ တာယာ ၁ သိန်း၊ ကင်းဘတ်ဖိနပ်အရန် လေးသောင်းခြောက်ထောင်၊ မိန်းမစီးကတ္တီပါဖိနပ်အရန် သုံးသောင်းခြောက်ထောင် ထုတ်လုပ်နိုင်စွမ်းရှိသည်။ လက်တွေ့လုပ်ဆောင်ရာတွင်မူ စက်စွမ်းရည်စံချိန်မီ အပြည့်အဝ လည်ပတ်ထုတ်လုပ်နိုင်ခြင်းမရှိချေ။[3]

ရော်ဘာဖိနပ်များ၊ ကင်းဘတ်ဖိနပ်များ၊ စက်ဘီးကျွတ်၊ ရော်ဘာပြားများ ထုတ်လုပ်သော အရှိုးအရေးသား ကုမ္ပဏီလီမိတက်သည်လည်း ထင်ရှားသော စက်ရုံ တစ်ခုဖြစ်သည်။ Sheik Mohamed Bashir အပါအဝင် နိုင်ငံခြားသား ၇ ဦးစပ်ပိုင်သော စက်ဖြစ်၏။ ဤစက်ရုံသည် စင်စစ်အားဖြင့် ကိုလိုနီခေတ်ကပင် တည်ထောင်သော စက်ဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် စက်အသစ်များထပ်ဖြည့် တပ်ဆင်ခြင်းဖြင့် လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်သည်။ မတည်ရင်းနှီးငွေကျပ် ၁၀ သိန်းမြှုပ်နှံထားသော လုပ်ငန်းဖြစ်သည်။

၁။ ဗမာပြည် ရော်ဘာနှင့် အထွေထွေစက်မှုလက်မှု လီမိတက်နှင့်ပတ်သက်သော အစီရင်ခံစာ စာ ၁-၃

၂။ မြန်မာပြည်ကုန်သွယ်ရေးနှင့်စက်မှုလက်မှုလမ်းညွှန် (၁၉၆၀-၆၁)

၃။ ဒဂုန်ရော်ဘာ စက်မှုလက်မှု ကော်ပိုရေးရှင်း လီမိတက်နှင့် ပတ်သက်သော အစီရင်ခံစာ၊ စာ၊ ၁-၃

ဘရှိုးဘရားသားစက်ရုံမှ ကင်းဘတ်နှင့် ရော်ဘာဖိနပ်များ၊ ခြေညှပ်ဖိနပ်များ၊ ခြေညှပ်ဖိနပ်ကြိုးများ၊ စက်ဘီးကျွတ်၊ ဖိနပ်အောက်ခံ ဖနောင့်၊ရော်ဘာ ခြေသုတ်ဖုံ (Door Mats)၊ ရော်ဘာပြွန်၊ ရော်ဘာကွန်ပေါင်းများ ထုတ်လုပ်သည်။ စက်ရုံမှာ အမှတ် ၁၀၀၊ ရန်ကုန် အင်းစိန်လမ်း၊ သမိုင်းတွင်တည်ရှိ၍ အလုပ်ရုံးကို အမှတ် ၁၀၁ ဆူးလေဘုရားလမ်းတွင် ဖွင့်လှစ်ထားသည်။ Mixing Mills, Rollers, ရော်ဘာပြွန်စက်၊ ဖိနပ် သဲကြိုးပေါင်းစက်၊ ရော်ဘာဖိနပ်အောက်ခံ (Soles) ပေါင်းစက်များ စသည်ဖြင့် စက်အမျိုးမျိုးတို့လင်စွာရှိသည်။ တစ်နေ့ ရှစ်နာရီ တစ်ဆိုင်းဖြင့် တစ်နှစ်လျှင် ကင်းဘတ်နှင့် ရော်ဘာဖိနပ်အရန် ၉ သိန်း၊ ခြေညှပ်ဖိနပ်အရံ ၃ သိန်း ၆ သောင်း၊ စက်ဘီးကျွတ် တစ်သိန်း ငါးသောင်း၊ တာယာ ၉ သောင်း၊ ရော်ဘာဖိနပ်အောက်ခံ (Soles and Heels) တစ်သိန်းငါးသောင်း၊ ရော်ဘာပြွန် တစ်သိန်းငါးသောင်း၊ ရော်ဘာဖိနပ်သဲကြိုး ၃ သိန်း ၆ သောင်း၊ ရော်ဘာကွန်ပေါင်း ပေါင် ခြောက်သောင်း ထုတ်လုပ်နိုင်သည်။[၁]

ရော်ဘာလုပ်ငန်း သားရေ လုပ်ငန်းများသည် ဖိနပ် လုပ်ငန်းနှင့် ဆက်နွယ်နေသည်။ ရော်ဘာလုပ်ငန်းများတွင် ရော်ဘာပစ္စည်းများသာမက ဖိနပ်သဲကြိုး၊ ကင်းဘတ်ဖိနပ်၊ ဘွတ်ဖိနပ်များလည်း ပူးတွဲထုတ်လုပ်ကြသည်။ သားရေလုပ်ငန်းသည်လည်း ဖိနပ်လုပ်ငန်းနှင့် အပြန်အလှန် အထောက်အကူပြုသည်။ ၁၉၅၉-၆၀ ခုနှစ်က မြန်မာနိုင်ငံတွင် ရော်ဘာလုပ်ငန်း စက်ရုံပေါင်း ၂၈ ရုံရှိ၍ ငွေကျပ် ၃၈၁-၄၃ သိန်းဖိုး ထုတ်လုပ် ရောင်းချသည်။ ဘွတ်ဖိနပ်နှင့် ကင်းဘတ်ဖိနပ်လုပ်ငန်းပေါင်း ၃၃ ရုံရှိသည်။ စုစုပေါင်း ဖိနပ်အရန်ပေါင်း ၁၂၄၉၅၈ ထုတ်လုပ်သည်။ ၁၉၆၀-၆၁ ခုနှစ်တွင် ထိုအလုပ်ရုံများမှ ဘွတ်ဖိနပ်၊ ရှူးဖိနပ် ငွေကျပ် ၂၉-၂၄ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။[၂] ခြေညှပ်ဖိနပ်လုပ်ငန်းမှာ ၁၉၅၉-၆၀ ခုနှစ်က ၇၃ ရုံရှိသည်။ ခြေညှပ်ဖိနပ်အရန်ပေါင်း ၂၁၄၁၃၉၀၇ ထုတ်လုပ်ခဲ့သည်။ စက်ရုံတစ်ရုံ၏ တစ်နေ့တစ်ဆိုင်း ထုတ်လုပ်မှုသည် ဖိနပ်အရန် ၆၀ မှ ၁၀၀၀ အကြားရှိသည်။ ၁၉၆၀-၆၁ ခုနှစ်တွင်မှ ခြေညှပ်ဖိနပ်အလုပ်ရုံပေါင်း ၇၅ ရုံအထိ တိုးတက်လာ၍ ငွေကျပ် ၁၅၃-၂၈ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။ မှတ်ပုံမတင် စာရင်းမဝင်သော အလုပ်ရုံငယ်လည်း ၆၈၀ ကျော်ရှိသည်။[၃]

လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်း ပြည်တော်သာကာလတွင် အရပ်သုံး၊ စစ်သုံး၊ အားကစားသုံး၊ ရဟန်းသုံး၊ တောသုံး၊ မြို့သုံး ဖိနပ်များ ခေတ်နှင့်လျော်စွာ လှိုင်လှိုင်ကြီး ထုတ်လုပ်ခဲ့ကြသည်။ ပြည်ပမှ ဘွတ်ဖိနပ်၊ ရှူးဖိနပ်၊ ကင်းဘတ်ဖိနပ်များကိုလည်း တင်သွင်း

၁။ ဘရှိုးဘရားသား ကုမ္ပဏီလီမိတက်နှင့် ပတ်သက်သော အစီရင်ခံစာ၊ စာ ၁-၄
၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၄၀၊ ၁၉၆၃၊ စာ ၃၆
၃။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၄၀၊ ၁၉၆၃၊ စာ ၃၆

ရှိသေးသည်။ ဖိနပ်လုပ်ငန်းတွင် ရော်ဘာလုပ်ငန်း တိုးတက်မှုကို အမှီပြု၍ ဂျပန်ပုံစံ ခြေညှပ်ဖိနပ်လုပ်ငန်းအများဆုံး ပေါ်ထွက်သည်။ မတ်ပုံတင်ကာ ထုတ်လုပ်သောလုပ်ငန်းများထက် မှတ်ပုံမတင် စာရင်းမဝင်သော ရော်ဘာခြေညှပ်ဖိနပ်လုပ်ငန်းက များစွာပိုသည်။ အရည်အသွေးကောင်းသော ဖိနပ်များထွက်သကဲ့သို့ အပေါစားဂျပန်ပုံစံ ရော်ဘာခြေညှပ်ဖိနပ်များက ပိုမို များပြားသည်။ တောသူတောင်သား ဆင်းရဲသားများ ဈေးပေါပေါနှင့် အလွယ်တကူ ဝယ်ယူ အသုံးပြုနိုင်သည် မှန်သော်လည်း စီမံကိန်းချထား လုပ်ဆောင်ခြင်းမဟုတ်တဲ့ ပုဂ္ဂလိက လုပ်ငန်းရှင်များ အပြိုင်အဆိုင် လုပ်ကိုင်ရောင်းချကြခြင်းကြောင့် ၁၉၆၀ ပြည့်နှစ်ခန့်တွင် ဂျပန်ပုံစံ ရော်ဘာခြေညှပ် ဖိနပ်များ ပြည်တွင်း၌ အမှန်လိုအပ်သည့်ထက် များစွာပိုလျှံ နေလေသည်။ ဤတွင် စက်မှုလက်မှု ညွှန်ကြားရေးဝန်ရှာနသည် ဂျပန်ပုံစံ ရော်ဘာ ခြေညှပ်ဖိနပ်လုပ်ငန်းများ နောက်ထပ် အသစ်တည်ထောင်ခြင်း၊ တိုးချဲ့ခြင်း မပြုလုပ်ရဟု ပိတ်ပင်တားမြစ်သော အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့ရသည်။[၁]

ဦးထုပ်ဆောင်းခြင်းသည် အနောက်တိုင်း ယဉ်ကျေးမှုနှင့် အတူ မြန်မာ့ဝတ်စားဆင်ယင်မှုတွင်းသို့ တိုးဝင်လာသော ဓလေ့ဖြစ်သည်။ ပြည်တော်သာ စီမံကိန်းကာလတွင် သက္ကလတ်ဦးထုပ် ဖော့ဦးထုပ်များ ခေတ်စားလာသည်။ ဦးထုပ်လုပ်ငန်းများလည်း အလျှိုလျှိုပေါ်ပေါက်လာသည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များက တံဆိပ်အမျိုးမျိုးတပ်ကာ ဦးထုပ်ပုံစံအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြသည်။ မြန်မာအမျိုးသားများအတွက် အစဉ်အလာ ရိုးရာယဉ်ကျေးမှုဖြစ်သော ခေါင်းပေါင်းသည်တစ်ခါတစ်ရံပွဲကြီးလမ်းကြီးများအတွက်မျှသာဖြစ်သွားကာ ဦးထုပ်မှာနေ့စဉ်သုံး ပစ္စည်းဖြစ်လာသည်။

ထိုစဉ်က ဦးဘဦးနှင့် ကုမ္ပဏီ လီမိတက်မှ ချန်ပီယံတံဆိပ် ဦးထုပ်အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးသည်။ ချန်ပီယံဦးထုပ်များကို The Prince of Hats ဟုဘင်စားကြော်ငြာကာ ရောင်းချသည်။ China Products Co., K. V. Parekh, Eastern Hat Factory, Imperial Hat Works, Universal Hat Manufacturing Co· စသည့် လုပ်ငန်းရှင် များလည်းရှိသည်။ ပိုလိုဦးထုပ်များလည်း နာမည်ကြီးသည်။ လူကြိုက်များသည်။ ၁၉၅၉-၆၀ ခုနှစ်က သက္ကလတ်နှင့် ဖော့ဦးထုပ်လုပ်ငန်း စက်ရုံပေါင်း ၅၈ ရုံရှိ၍ ဦးထုပ်အမျိုးမျိုး ၁၂၅၄၇၅ ဒါဇင် ထုတ်လုပ်သည်။ ၁၉၆၀-၆၁ ခုနှစ်တွင်မူသက္ကလတ်ဦးထုပ်စက်ရုံ သီးသန့် ၃၆ ရုံမှ ငွေကျပ် ၆၁.၉၆ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။ ဖော့ဦးထုပ်၊ ကက်ဦးထုပ်စက်ရုံ သီးသန့် ၃၉ ရုံမှ ဦးထုပ်ပေါင်း ၃၁၅၁၀၄၄ ထုတ်လုပ်ရာ ရောင်းရတန်ဖိုးငွေကျပ် ၄၁.၈၄ သိန်းကျော်သည်။ ပိုလိုဦးထုပ် သီးသန့်ထုတ်လုပ်သောစက်ရုံ ၃၉ ရုံမှလည်း ၁၉၆၀-၆၁ ခုနှစ်တွင် ပိုလိုဦးထုပ် ၁၁၀၅၃၂၀ လုံး

၁။ စက်မှုလက်မှုသတင်းလွှာ ၄/၆၀ နေ့စွဲ ၄-၃-၆၀၊ စက်မှုလက်မှုစာစောင် အတွဲ ၁၊ အမှတ် ၁၊ စာ ၂၆

ထုတ်လုပ်သည်။ ရောင်းရတန်ဖိုးမှာ ငွေကျပ် ၂၁.၅၇ သိန်းဖြစ်သည်။ ဖော့ဦးထုပ် စက်ရုံများသည် တစ်နေ့တစ်ဆိုင်းလျှင် ဦးထုပ် ၃၀ နှင့် ၆၀ ဒါဇင်အကြား ထုတ်လုပ်နိုင်သည်။ ပိုလီဦးထုပ်မှာ ., တစ်နေ့တစ်ဆိုင်းလျှင် ၅ ဒါဇင် နှင့် ၁၀ ဒါဇင်အကြား ထွက်သည်။ သက္ကလတ်ဦးထုပ်စက်ရုံများက တစ်နေ့တစ်ဆိုင်းလျှင် ဒါဇင် ၃၀ နှင့် ၁၅၀ ဒါဇင်အကြား ထုတ်လုပ်နိုင်သည်။[၁]

ဦးထုပ်အမျိုးမျိုးတို့သည် စင်စစ်အားဖြင့် မြို့ကြီးမြို့ငယ်များနေ အမျိုးသားတို့အတွက် များသာဖြစ်သည်။ ကျေးလက်တောရွာနေ တောင်သူလယ်သမားများမှာ သမားရိုးကျ ခမောက်နှင့် ပင် လုပ်ငန်းခွင်တွင် အဆင်ပြေနေသဖြင့် ဦးထုပ်ကို မက်မက်မောမော မရှိကြချေ။ ထို့ကြောင့် ဦးထုပ်လုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာသော်လည်း ဝယ်လိုအားနှင့် ရောင်းလိုအားမှာ မမျှဘဲဖြစ်နေသည်။ ၁၉၆၁ ခုနှစ်တွင် ပြည်တွင်းမှထုတ်လုပ်သော သက္ကလတ်ဦးထုပ်များသည် ပြည်တွင်း၌ လိုအပ်သည်ထက် ပိုလျှံနေသည်။ ထို့ကြောင့် စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနသည် သက္ကလတ်ဦးထုပ်လုပ်ငန်းများ တိုးချဲ့ခြင်း အသစ်တည်ထောင်ခြင်းကို ဆက်လက်ခွင့်မပြုတော့ဘဲ ပိတ်ထားလိုက်သည်။[၂]

မြန်မာ့အစဉ်အလာ ယဉ်ကျေးမှုတွင် ထီးသည် ထီးသုံးနန်းသုံး မူးကြီးမတ်ရာ သူဌေးသူကြွယ်များနှင့် ရဟန်းတော်သုံးများသာဖြစ်သည်။ ထီးသုံးနန်းသုံး ရဟန်းတော်သုံး မြန်မာ့ပုံစံထီးများ ထုတ်လုပ်သော လက်မှုလုပ်ငန်းများ ရှေးကပင်ရှိခဲ့သည်။ ဗြိတိသျှတို့ စိုးမိုးမှုအောက်တွင် သံကိုင်း သံရိုး၊ အဝတ်နက်ထီးရွက်ဖြင့် ချုပ်လုပ်သော နိုင်ငံခြားပုံစံ ရစ်မြောင်ထီးများ ခေတ်စားလာသည်။ ထိုထီးနက်များကို ဖဲထီးဟု သတ်မှတ်ခေါ်တွင်ကြသည်။ ကိုလိုနီခေတ်အတွင်းကပင် ဖဲထီးထုတ်လုပ်ရောင်းချသော အိုးစီမဒါးစသော ထီးလုပ်ငန်း အနည်းငယ်ရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ပြည်တော်သာခေတ် မြန်မာနိုင်ငံတွင် ပုသိမ်ထီး၊ ရှမ်းထီး၊ ရဟန်းဆောင်းထီးစသော မြန်မာ့ရိုးရာထီး လက်မှုလုပ်ငန်းအပြင် ဖဲထီးထုတ်လုပ်သော အလုပ်ရုံစက်ရုံများ ထွန်းကားလာသည်။

ဘားမားထရေ့ ဖယ်ဒရေးရှင်း၊ ကိုကိုလေးဘရားသား၊ နာရေ့တမ်ဒတ်ဟရက်ချန်၊ အိုးစီမဒါးဘရားသား၊ အမ်ဒီပီဘာဂျေအင်ဆန်း၊ သိန်းနီအင်ကုမ္ပဏီ၊ ရွှေဟသာ်ထီးလုပ်ငန်း၊ ဦးမြအင်ဆန်း၊ ကြည်စိန်အင်ကုမ္ပဏီ[၃] စသည်တို့မှာ ပြည်တော်သာ စီမံကိန်းကာလအတွင်းက ထင်ရှားသော ပုဂ္ဂလိကထီးလုပ်ငန်းရှင်များ ဖြစ်ကြသည်။

၁။ **စီးပွားရေးစစ်တမ်း၊** ၁၉၅၆ ၂၊ စာ ၄၀၊ ၁၉၆၁၊ စာ ၃၆

၂။ **စက်မှုလက်မှုသတင်းလွှာ** ၂၇/ ၆၁ နေ့စွဲ ၂၉-၉-၆၁၊ **စက်မှုလက်မှုစာစောင်** အတွဲ ၁ အမှတ် ၁၊ စာ ၃၁

၃။ *Burma Year-Book and Directory* 1957-58, Section 16, p.34

အိုးစီမဒါးဘရားသားထီးလုပ်ငန်းသည် မူဆာမဒါးနှင့် အဇမ်မဒါးညီအစ်ကိုတို့ နှစ်ဦးစပ်တည်ထောင်သောလုပ်ငန်းဖြစ်သည်။ ဆပ်ပြာစက်နှင့် ပူးတွဲထားသည်။ ပျိုတိုင်းကြိုက်တဲ့ကြက်ဆင်ဖဲထီးဟုဆိုလျှင် အိုးစီမဒါးမှထွက်သော ဖဲထီးဖြစ်ကြောင်း သိကြသည်။ ကိုလိုနီခေတ်ကပင် စတင်တည်ထောင်သော လုပ်ငန်းဖြစ်သည်။ ပြည်တော်သာစီမံကိန်းကာလတွင်ယောကျ်ားဆောင်း၊ မိန်းမဆောင်း ကလေးဆောင်းဖဲထီးများကို ဇွန်းတံဆိပ်၊ ဇာမဏီတံဆိပ်၊ ဘဲတံဆိပ်၊ ရွှေဒင်္ဂါးတံဆိပ်၊ ငန်းတံဆိပ်၊ ကတ်ကြေးတံဆိပ်၊ သော့တံဆိပ်၊ ကြက်ဆင်တံဆိပ်များဖြင့် ထုတ်လုပ်သည်။ တစ်နေ့ရှစ်နာရီတစ်ဆိုင်းဖြင့် တစ်နှစ်ရက်ပေါင်း ၃၀၀ တွင် ဖဲထီးဒါဇင်ပေါင်း ရှစ်သောင်းထုတ်လုပ်နိုင်သည်။ ပြည်တွင်းသုံးဖဲထီးလိုအပ်ချက်သည် တစ်နှစ်လျှင် ၁၅၈၀၀၀ ဒါဇင်ခန့်ရှိသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရန် အိုးစီမဒါးမှ နှစ်စဉ် ဖဲထီး ၁၅၆၂၆ ဒါဇင်ခန့်ထုတ်လုပ်ပေးသည်။[၁]

ကြည်စိန်အင်ကုမ္ပဏီသည် အမှတ် ၂၁၅ ဘောင်ဒရီလမ်းတွင်ထီးစက်တည်ထားကာ အရောင်းဌာနကို အမှတ် ၁၃၈ ဗိုလ်ချုပ်ဈေးတွင် ဖွင့်ထားသည်။ ကြည်စိန်အင်ကုမ္ပဏီမှ ငွေဇင်ယော်တံဆိပ် ဖဲထီးများထုတ်လုပ်သည်။ ဖဲထီးနှင့်ပတ်သက်သော သံကိုင်း၊ သံရိုးစသော ကရိယာမျိုးစုံကိုလည်း ထုတ်လုပ်ရောင်းချသည်။ ရွှေနဂါးတံဆိပ်ဖဲထီးများ ထုတ် လုပ်ရောင်းချသော သိန်းရီအင်ကုမ္ပဏီသည် အမှတ် ၁၂၅ ဘိုကန်ဒက်လမ်းတွင်ရှိသည်။ အင်္ဂလန်၊ ဂျာမနီတို့မှ အကောင်းဆုံးပစ္စည်းများကိုမှာယူ၍ ဖဲထီးများ ထုတ်လုပ်ဖြန့်ဖြူးသည်။ နာ့ဒရော့တမ်ဒတ်စ်ဟရက်စ်ချန်ကုမ္ပဏီမှာ ကြက်တူရွေးတံဆိပ် ဖဲထီးများဖြင့် ထင်ရှားသည်။ ဆင်ပျံတံဆိပ်ဖဲထီးများ၊ ဘဲကြီးတံဆိပ်၊ ဘဲကလေးတံဆိပ်၊ ဘဲဥတံဆိပ်ဖဲထီးများလည်းရှိသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များက အပြိုင်အဆိုင် ထုတ်လုပ်ရောင်းချကြသည်။

ဖဲထီးလုပ်ငန်းသည် တစ်နှစ်ပတ်လုံး လည်ပတ်ရသော လုပ်ငန်းမဟုတ်ချေ။ ရာသီအလိုက်လုပ်ငန်းမျှသာဖြစ်သည်။ နှစ်စဉ်ဇန်နဝါရီလမှ မေလအထိ ငါးလခန့်မျှသာ ထီးချုပ်လုပ်ကြရသည်။ အလုပ်သမားများမှာ အမျိုးသမီးများသည်။ ထီးချုပ်ရန် အဝတ်နက်၊ ထီးသံကိုင်း၊ သံရိုးစသည့်ကုန်ကြမ်းများကို ပြည်ပမှတင်သွင်းရသည်။သစ်သားနှင့် ပလတ်စတစ်လက်ကိုင်များ သစ်သားထီးရိုးများကိုမူ ပြည်တွင်းမှပင်ရသည်။ ဖဲထီးလုပ်ငန်းနှင့် ဆက်စပ်၍ထီးရိုး ထီးလက်ကိုင်လုပ်သော အိမ်တွင်းလုပ်ငန်းလည်းဖွံ့ဖြိုးသည်။

ပုသိမ်ထီး၊ ရဟန်းဆောင်းထီးစသော မြန်မာ့ထီးလုပ်ငန်းများမပါဘဲ ၁၉၅၉-၆၀ ခုနှစ်က ဖဲထီးသက်သက်ထုတ်လုပ်သော စက်ရုံပေါင်း ၄၈ ရုံရှိ၍ ငွေကျပ် ၉၅.၂၆ သိန်းဖိုး ထုတ်လုပ်

၁။ အိုးစီမဒါးဘရားသား လီမိတက်၏ ဆပ်ပြာစက်၊ ထီးလုပ်ငန်းနှင့် ပတ်သက်သော အစီရင်ခံစာ၊စာ ၁-၅

ရောင်းချကြသည်။ စက်ရုံတစ်ရုံ၏ နေ့စဉ်တစ်ဆိုင်း ထုတ်လုပ်စွမ်းအားသည် ဖဲထီး ၆ ဒါဇင်နှင့် ၃၃၃ ဒါဇင်အကြားတွင်ရှိသည်။ ထီးရိုး ထီးလက်ကိုင်ထုတ်လုပ်သော လုပ်ငန်း ၇ ခုမှ လက်ကိုင်နှင့် ထီးရိုး ၁၄၆၅၁၂ ဒါဇင်ထုတ်လုပ်သည်။ ၁၉၆၁-၆၂ ခုနှစ်က ဖဲထီးစက်ရုံ ၄၆ ရုံမှ ထီးပေါင်း ၁၅၄၆၈၈၀ ထုတ်လုပ်ရောင်းချရာ တန်ဖိုးငွေကျပ် ၁၁၈.၃၉ သိန်းရရှိသည်။[1]

ဖဲထီးသည် အိမ်တိုင်းတွင်သုံးသော သုံးကုန်ဖြစ်သော်လည်း မိုးရာသီ လများတွင်သာ အသုံးများသည်။ ကျန်လများတွင် အမျိုးသားများက ဖဲထီးအစား ဦးထုပ်ကို သုံးစွဲကြသည်။ ထီးမရှိလျှင်လည်းဖြစ်သည်။ ထို့ကြောင့် ပုဂ္ဂလိကလုပ်ငန်း အသီးသီးမှ ထုတ်လုပ်ရောင်းချသော ဖဲထီးများသည် ပြည်တွင်း၌ အမှန်လိုအပ်သည်ထက် များစွာပိုလျှံနေပေသည်။ တစ်နှစ်လျှင် ဖဲထီး ၁၅ သိန်းမျှသာလိုသည်။ စက်ရုံအလုပ်ရုံများက ဒါဇင်ပေါင်း ၁၅ သိန်းကျော်ထုတ်လုပ်သဖြင့် ကုန်ကြမ်းအတွက် နိုင်ငံခြားငွေ သုံးစွဲမှုလိုသည်ထက်ပို၍ ကုန်ကျနေသည်။ ထို့ကြောင့် စက်မှုလက်မှုညွှန်ကြားရေးဝန်ကြီးဌာနသည် ၁၉၆၁ ခုနှစ်တွင် ထီးလုပ်ငန်းသစ် တည်ထောင်ခြင်းကို ခွင့်မပြုတော့ဘဲ ပိတ်ထားလိုက်သည်။

ပြည်တော်သာစီမံကိန်းကာလတွင် အိမ်တွင်းနှင့် အသေးစားစက်မှုလုပ်ငန်းများ တည်ထောင်ရေးကို အစိုးရက အားပေးကူညီ မြေတောင်မြှောက်ပေးသဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် စားကုန် ဝတ်ကုန်ထုတ်လုပ်ရေး စက်ရုံများ၊ လုပ်ငန်းများတည်ထောင်သကဲ့သို့ သုံးကုန်ထုတ်လုပ်ရေးစက်ရုံများလည်း တည်ထောင်ကြသည်။ သုံးကုန်ထုတ်လုပ်ရေး ပုဂ္ဂလိကလုပ်ငန်းများကား အမျိုးအမည်များလှသည်။ အချို့စက်ရုံလုပ်ငန်းများသည် နိုင်ငံအတိုင်းအတာနှင့် လိုအပ်ချက်ကို ဖြည့်ဆည်းပေးသော စက်ရုံကြီးများဖြစ်သည်။ အချို့လုပ်ငန်းများမှာ ထုတ်လုပ်သောကုန်ပစ္စည်း၏ အသုံးဝင်မှု အသုံးတွင်မှုပေါ်တွင် မူတည်၍ ကြီးထွားကာ အချို့မှာ စက်ရုံအလုပ်ရုံဆိုသော်လည်း အိမ်တွင်း မိသားစုလုပ်ငန်း အဆင့်မျှသာ ရှိကြသည်။

သုံးကုန်ထုတ်လုပ်ရေးလုပ်ငန်းများသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်နေသည်။ အချို့လုပ်ငန်းများမှာ စားကုန်ဝတ်ကုန် ထုတ်လုပ်ရေးနှင့်လည်းဆက်နွယ်သည်။ ဒန်အိုး ဒန်ခွက်လုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ သွပ်ရေပုံးလုပ်ငန်း၊ သံဖြူပုံးလုပ်ငန်း၊ ဖိနပ်အမျိုးမျိုးလုပ်ငန်း၊ ဦးထုပ်လုပ်ငန်း၊ မီးခြစ်၊ ကြိုး၊ အလှကုန်၊ ဆပ်ပြာ၊ ထီး၊ ခေါက်ဆွဲ၊ ဖန်ထည်၊ သဘော်ဆေး၊ ရော်ဘာ၊ သွားရေစသည်ဖြင့် လုပ်ငန်းအမျိုးမျိုးပေါ်ထွန်းသည်။ ပုဂ္ဂလိကအရင်းရှင်များက တစ်ဦးချင်းသော်လည်းကောင်း၊ အစုစပ်ဖြင့်သော်လည်းကောင်း အပြိုင်အဆိုင်တည်ထောင်

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၄၀၊ ၁၉၆၃၊ စာ ၃၆
၂။ စက်မှုလက်မှု သတင်းလွှာ၊ စာ၃၁၂၇/၆၁ နေ့စွဲ ၂၉-၉-၆၁၊ စက်မှုလက်မှုစာစောင်၊ အတွဲ၁၊ အမှတ် ၁၊

ကြကာ ကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးကြသည်။ နိုင်ငံတွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ကာ ပြည်ပမှတင်သွင်းရခြင်းကို အတန်အသင့် တားဆီးနိုင်ခဲ့သည်။ သို့သော် အသုံးပြုသော ကုန်ကြမ်းများ၊ စက်များ၊ စက်ပစ္စည်းများအတွက်မူ နိုင်ငံခြားကိုပင် အားထားလုပ်ဆောင်ကြရသည်။

သုံးကုန်ပစ္စည်းထုတ်လုပ်ရေးတွင် ဒန်အိုးဒန်ခွက်ထုတ်လုပ်ရေးသည်အရေးပါသည်။ ဒန်အိုးဒန်ခွက်နှင့် ကြွေရည်သုတ်ပစ္စည်းသည် တောရွာမြို့ပြ ဆင်းရဲ ချမ်းသာမရွေး အိမ်တိုင်းတွင် လိုအပ်သောနေ့စဉ်သုံးပစ္စည်းဖြစ်သည်။ အစားအသောက်များ ချက်ပြုတ်ရန် ဒန်အိုးလိုသကဲ့သို့ စားစရာသောက်စရာများထည့်ရန် ဒန်ခွက်၊ ဒန်ပန်းကန်နှင့် ကြွေရည်သုတ်ပစ္စည်းများလိုသည်။ အကွဲအရှ အပျက်အစီးလွယ်သော မြေအိုးမြေခွက် မြေထည်ပစ္စည်းများကို တစ်စတစ်စ တွန်းဖယ်ကာ တောရွာမြို့ပြ အိမ်တိုင်းတွင်ရှေရှ ပြောင်းရလွယ်၍ တာရှည်ခံသော ဒန်အိုး ဒန်ခွက်များ ကြွေရည်သုတ်ပစ္စည်းများက နေရာယူလာသည်။

ထို့ကြောင့် ပြည်တော်သာကာလအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ဒန်အိုးစက်များ တည်ထောင်ကြသည်။ ဆင်တံဆိပ်၊ ကမ္ဘာလုံးတံဆိပ်၊ လေယာဉ်ပျံတံဆိပ်စသည့် တံဆိပ် အမျိုးမျိုးဖြင့် အပြိုင်အဆိုင်စက်တည်ထောင်ကြရာ ၁၉၅၉-၆၀ ခုနှစ်အတွင်းက ဒန်အိုးဒန်ခွက် ဒန်သတ္တုစက် ၉၄ ရုံရှိသည်။ ဒန်သတ္တုပစ္စည်း ၂၇၂၇၃၆၄ ပေါင် ထုတ်လုပ်ရောင်းချကြရာ ငွေကျပ် ၇၃.၃၀ သိန်းရရှိသည်။[၁]

ဒန်သတ္တုလုပ်ငန်းများကို များသောအားဖြင့် တရုတ်ကုလား၊ နိုင်ငံခြားသားများက တည်ထောင်သည်။ မဟာဗန္ဓုလလမ်းရှိ လေယာဉ်ပျံဦးကျော်ရှိန်ကဲ့သို့ နိုင်ငံခြားသားများနှင့် ယှဉ်ပြိုင်ကာ အောင်မြင်စွာထုတ်လုပ်နိုင်သောတိုင်းရင်းသားများလည်းရှိသည်။ ဦးကျော်ရှိန်၏ လေယာဉ်ပျံတံဆိပ် ဒန်အိုးဒန်ခွက် ဒန်သတ္တုပစ္စည်းများသည် ခိုင်ခံ့သေသပ်သည့်အပြင် အဖိုးနှုန်းချိုသာသဖြင့် တောရွာမြို့ပြ လူကြိုက်များသည်။ ဒန်သတ္တုလုပ်ငန်းရှင်များသည် လုပ်ငန်းကို ချုပ်ကိုင်ထားနိုင်ရန် အကာအကွယ်ရစေရန် ဒန်သတ္တု စက်မှုလက်မှုအဖွဲ့ချုပ်ကို ဖွဲ့စည်းထားကြသည်။ ဦးကျော်ရှိန်သည် ထိုအဖွဲ့ချုပ်၏ အတွင်းရေးမှူးဖြစ်သည်။[၂]

ဒန်သတ္တုလုပ်ငန်းရှင်များသည် အင်းစိန်၊ အုတ်ကျင်း၊ ကြည့်မြင်တိုင်၊ ကန်တော်ကလေး တို့တွင်စက်ရုံများကို တည်ထောင်၍ အချို့က အရောင်းဌာန သို့မဟုတ် အလုပ်ရုံကို ရန်ကုန်မြို့

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၄၁

၂။ မြန်မာပြည် ကုန်သွယ်ရေးနှင့် စက်မှုလက်မှုလမ်းညွှန်၊ ၁၉၆၀-၆၁

တွင်း၌ ဖွင့်လှစ်ထားကြသည်။ အေအိတ် (ချ်) အချားကုမ္ပဏီ၊ ခေတ္တရာဒန်သတ္တုနှင့် သံပစ္စည်း လုပ်ငန်း၊ ထင်ပေါ်ကုမ္ပဏီ၊ ဗမာ့စက်မှုလက်မှုလုပ်ငန်း၊ ပြည်ထောင်စု ဒန်သတ္တုလုပ်ငန်း၊ ဦးကျော်ရှိန်ကုမ္ပဏီ၊ ဗမာ့လက်ရာ ဒန်သတ္တုလုပ်ငန်းစသည်တို့မှာ ထင်ရှားသော ဒန်သတ္တု လုပ်ငန်းရှင်ကြီးများဖြစ်ကြသည်။

ထိုကုမ္ပဏီကြီးများမှ ထုတ်လုပ်သော ဒန်အိုးဒန်ခွက်များသည် နိုင်ငံခြားပစ္စည်းနှင့် ယှဉ်ပြိုင်နိုင်သော အဆင့်ရှိသည်။ ပြည်တွင်း လိုအပ်ချက်ကို ပြည့်ဝအောင် ဖြည့်ဆည်းနိုင်သည်သာမက ပိုလျှံအောင်ပင် ထုတ်လုပ်နိုင်ကြသဖြင့် ပြည်ပမှ တင်သွင်းရမှု မရှိသလောက် ဖြစ်သည်။ သို့သော် ဒန်အိုးဒန်ခွက် ဒန်သတ္တု ပစ္စည်းများကို ထုတ်လုပ်ရန် ကုန်ကြမ်းကို ပြည်ပမှ ဝယ်ယူတင်သွင်းရသည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များ အပြိုင်အဆိုင် ထုတ်လုပ် ရောင်းချခြင်း စည်ပင်အောင်မြင်သည်နှင့်အမျှ ကုန်ကြမ်းအတွက် နိုင်ငံခြားသုံးငွေ ကုန်ကျနေပေသည်။ ထို့ကြောင့် အစိုးရသည် ဒန်အိုးဒန်ခွက် ဒန်သတ္တု ပစ္စည်းများ ထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ၁၉၆၁ ခု ဧပြီလတွင် ထိန်းချုပ်မှု တစ်ရပ် လုပ်ဆောင်ရသည်။ ဒန်သတ္တု ပစ္စည်းများသည် ပြည်တွင်းသုံးအတွက် ပြည့်စုံလုံလောက်နေပြီဖြစ်၍ လုပ်ငန်းသစ် ထူထောင်ခြင်း လုပ်ငန်း တိုးချဲ့ခြင်းများ မလုပ်ရန် ပိတ်ပင်တားမြစ်သော အမိန့် ထုတ်ပြန်ခဲ့သည်။[1]

ကြွေထည်သည် လူပ၍ ပွဲလယ်တင့်ပေသည်။ သို့သော် အကြမ်းသုံးမခံသည့်အပြင် တန်ဖိုးကြီးသည်။ မြေအိုးမြေခွက် မြေထည်များကိုလည်း အဆင့်အတန်းနိမ့်သည်ဟု သတ်မှတ်၍ မသုံးလိုကြတော့ချေ။ ဤတွင် ဒန်သတ္တုပစ္စည်းများနှင့် ကြွေရည်သုတ် ပန်းကန်ခွက်ယောက်များ ခေတ်သစ်လူ့အသိုက်အဝန်းတွင် နေရာရလာသည်။ အလွန်တွင်ကျယ်လာသည်။ မြန်မာနိုင်ငံတွင် ကြွေရည်သုတ် ပစ္စည်းများကို နိုင်ငံခြားမှ မှာယူတင်သွင်းခဲ့သည်။ စစ်ပြီးခေတ် ပြန်လည် ထူထောင်ရေး ကာလတွင် စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရာ၌ ပုဂ္ဂလိက လုပ်ငန်းရှင်များသည် ဒန်အိုးစက်များ တည်သကဲ့သို့ ကြွေရည်သုတ် လုပ်ငန်းများလည်း ထူထောင်ကြသည်။ ကြွေရည်သုတ် လုပ်ငန်း၏ အရေးပါပုံကို ခေတ်ပညာတတ် လူကြီးလူငယ်များက သိမြင်ကြသဖြင့် ခေတ်မီစက်များ တည်ထောင် ထုတ်လုပ်ကြသည်။ သို့သော် ကြွေရည်သုတ် လုပ်ငန်းမှာ ဒန်သတ္တုပစ္စည်း လုပ်ငန်းလောက် မများချေ။ ၁၉၅၉-၆၀ ခုနှစ်က ကြွေရည်သုတ် လုပ်ငန်းစက်ရုံ ၆ ရုံသာရှိသည်။ ထိုစက်ရုံများသည် ၁၉၅၉-၆၀ ခုနှစ်က ငွေကျပ် ၅၀.၁၉ သိန်းဖိုး၊ ၁၉၆၀-၆၁ ခုနှစ်တွင် ၅၂.၈၁ သိန်းဖိုး၊ ၁၉၆၁-၆၂ ခုနှစ်တွင် ၆၇.၈၀ သိန်းဖိုး ထုတ်လုပ် ရောင်းချနိုင်ခဲ့သည်။ စက်ရုံများ၏ ကုန်ထုတ် စွမ်းအားမှာ ပျမ်းမျှ တစ်နေ့ တစ်ဆိုင်းလျှင် ပစ္စည်း ၅၉၂ ဒါဇင် ထုတ်နိုင်သည်။[2]

၁။ စက်မှုလက်မှုသတင်းလွှာ၊ ၉/၆၁ နေ့စွဲ ၁၀-၄-၆၁၊ စက်မှုလက်မှုစာစောင်၊ အတွဲ ၁ အမှတ် ၁၊ စာ ၂၆

၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၄၁၊ ၁၉၆၃၊ စာ ၄၃

ကြွေရည်သုတ်ပစ္စည်း စက်များတွင် ဘားမား အီနာမဲလ်အင်ဒလိုက် အင်ဒတ်စတြီ လီမိတက်၊ ရွှေသိန်းကြွေရည်သုတ် ပန်းကန်စက် လီမိတက်၊ မြန်မာ့သံ ကြွေရည်သုတ်ပစ္စည်း ထုတ်လုပ်ရေး လီမိတက်တို့မှာ နာမည်ကြီး ကုမ္ပဏီများ ဖြစ်ကြသည်။ ဦးအေးဖေခေါ် ဦးဖေသိန်း တည်ထောင်သော ရွှေသိန်း ကြွေရည်သုတ် ပန်းကန်စက်တွင် ခေတ်မီစက်ကြီးများ တပ်ဆင်ထားသည်။ ထုတ်လုပ်သော ရွှေသိန်း (Golden Hawk) တံဆိပ် ကြွေရည်သုတ် ပန်းကန်များ၊ ပစ္စည်းများသည် နိုင်ငံခြား ပစ္စည်းများနှင့် ယှဉ်ပြိုင် ရောင်းချနိုင်အောင် ကောင်းမွန် သေသပ်ကျနသည်။ စက်ရုံကို ဦးဖေသိန်း အပါအဝင် ဒါရိုက်တာ အဖွဲ့ဝင် ၁၁ ဦးဖြင့် အုပ်ချုပ်လုပ်ကိုင်သည်။ သမိုင်း လင့်(ခ်) လမ်းတွင် စက်ရုံ တည်ထားကာ အလုပ်ရုံကို ရန်ကုန်မြို့ အမှတ် ၁၆၂ ပန်းဆိုးတန်းတွင် ဖွင့်လှစ်ထားသည်။[1] မြန်မာ့သံကြွေရည်သုတ်ပစ္စည်း ထုတ်လုပ်ရေး လီမိတက်မှလည်း သရဖူတံဆိပ်နှင့် သောနှစ်ချောင်းတံဆိပ် ကြွေရည်သုတ်ပစ္စည်း အမျိုးမျိုး ထုတ်လုပ်ရောင်းချသည်။

ဒန်အိုးဒန်ခွက် ကြွေရည်သုတ်၊ ကြွေထည်ပန်းထည် စသောခေတ်သုံးပစ္စည်းများကို ပို၍ လုပ်ပေါ်ပါး ခိုင်ခံ့သော ပလတ်စတစ် အသုံးအဆောင် ပစ္စည်းများက တစ်စတစ်စ လွှမ်းမိုးလာသည်။ ပလတ်စတစ်လုပ်ငန်းတွင် ပလတ်စတစ်ကြိုး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ် ပန်းကန်၊ ဘူး၊ ခွက်၊ ဖလား၊ ဇလုံ၊ ပလတ်စတစ်ဘီးဆံပြားခွက်၊ ပလတ်စတစ်အခင်းအကာများ စသည်ဖြင့် အသုံးအဆောင်ပစ္စည်း အမျိုးမျိုး ထုတ်လုပ်ရေး ပါဝင်သည်။ ကမ္ဘာပေါ်တွင် ၂၀ ရာစု၏ ဒုတိယပိုင်းကို ပလတ်စတစ်ခေတ်ဟုပင် ခေါ်စမှတ် ပြုကြသည်။

မြန်မာနိုင်ငံတွင်လည်း ပြည်တော်သာ စီမံကိန်း ကာလအတွင်း ပုဂ္ဂလိက ပလတ်စတစ် လုပ်ငန်းများ အပြိုင်အဆိုင် ထွန်းကားလာသည်။ ၁၉၅၉ - ၆၀ ခုနှစ်အတွင်းက ပလတ်စတစ် စက်ရုံကြီးငယ်ပေါင်း ၈၃ ရုံရှိသည်။ ထိုစက်ရုံများမှ ပလတ်စတစ်ဝါယာကြိုး၊ ပလတ်စတစ်ပြားစပ်ခြင်း၊ ချုပ်ခြင်း၊ ဘီးလုပ်ခြင်း၊ ပုံသွင်းခြင်း၊ လက်ပတ်နာရီမှန် ပြုလုပ်ခြင်း စသော လုပ်ငန်းများကို ကျပ်ငွေ ၇၉·၇၂ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။ ၁၉၆၀ - ၆၁ ခုနှစ်တွင်မူ စက်ရုံကြီးငယ်ပေါင်း ၇၆ ရုံမှ ကျပ်ငွေ ၆၅·၄၃ သိန်းဖိုး ထုတ်လုပ်သည်။ ပလတ်စတစ် စက်ရုံကြီးများမှ Plastic Vinyl Coated (PVC) ပိုက်လုံးများ သားရေထည်များလည်း ထုတ်လုပ်သည်။[2]

၁။ မြန်မာပြည်ကုန်သွယ်ရေးနှင့် စက်မှုလမ်းညွှန်၊ ၁၉၆၀ - ၆၁

၂။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၄၊ ၁၉၆၃၊ စာ ၄၀

ရန်ကုန်မြို့တွင် သမိုင်း၊ ကမာရွတ်၊ အင်းစိန်၊ အောင်ဆန်းမြို့တို့တွင် တည်ထားသော ပလတ်စတစ်စက်ရုံကြီး ၇ ရုံရှိသည်။ ၎င်းတို့မှာ ဦးဝိစာရလမ်းရှိ ဦးစိန်မောင်ပိုင် မောင်စိန် ဘရားသား၊ အောင်ဆန်းမြို့ရှိ ဦးမြတ်လင်းပိုင် ထွန်းဝ ပလတ်စတစ်နှင့် နယူးရွှေခြည်သို့ ပလတ်စတစ်လုပ်ငန်း၊ သမိုင်းရှိ ဦးမြသောင်းပိုင် မြန်မာ့စက်မှုလက်မှုလုပ်ငန်း လီမိတက်၊ ရန်ကုန်အင်းစိန်လမ်းမရှိ ဦးချစ်တင်ပိုင် ပီအိုင်စီ ပလတ်စတစ်လုပ်ငန်း ကော်ပိုရေးရှင်း၊ သမိုင်းရှိ ဦးအောင်မြင့်ပိုင် အောင်ပလတ်စတစ်လုပ်ငန်း၊ ကမာရွတ်ရှိဦးဘသန်းပိုင် ပလတ်စတစ်လုပ်ငန်း၊ ရန်ကုန်အင်းစိန်လမ်းရှိ ဦးညွန့်လှပိုင် ညွန့်မြင့်စက်မှုလက်မှုလုပ်ငန်းလီမိတက်တို့ ဖြစ်ကြသည်။[1]

ပလတ်စတစ် စက်ရုံကြီးငယ်များ၏ ထုတ်လုပ်စွမ်းအားမှာ မှတ်သားလောက်ပေသည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များသည် ပြည်သူ့အကြိုက် ပလတ်စတစ်ပစ္စည်းကြီးငယ် အမျိုးမျိုးကို အပြိုင်အဆိုင် ထုတ်လုပ် ရောင်းချကြရာ ၁၉၆၀ - ၆၁ ခုနှစ်တွင် ပြည်တွင်းသုံး လိုအပ်သည်ထက် များစွာ ပိုလျှံနေသည်။ ပလတ်စတစ် ပစ္စည်းများ ထုတ်လုပ်ရန် ကုန်ကြမ်းကို ပြည်ပမှ မှာယူတင်သွင်းရသည်။ ထုတ်လုပ်နိုင်မှုနှင့် ပြည်တွင်းလိုအပ်ချက်မှာ စီမံကိန်းချ၍ လုပ်ဆောင်ခြင်း မဟုတ်ဘဲ အမြတ်အစွန်းကိုသာ ဦးတည် ဆောင်ရွက်ကြသဖြင့် ကုန်ကြမ်းအတွက် နိုင်ငံခြားသုံးငွေ ကုန်ကျမှု များနေသည်။ ထို့ကြောင့် စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနသည် ၁၉၆၁ ခုနှစ် ဧပြီလတွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ကာ ပလတ်စတစ် အခင်းအကာများ (Sheet and Sheeting) ပလတ်စတစ် ပစ္စည်းများ ထုတ်လုပ်သော လုပ်ငန်းများတိုးချဲ့ခြင်း၊ အသစ်တည်ထောင်ခြင်း မပြုရန် ပိတ်ပင်တားမြစ်ခဲ့ရသည်။[2]

မြန်မာနိုင်ငံတွင် အဖျော်ယမကာလုပ်ငန်း၊ ဘိလပ်ရည်လုပ်ငန်း၊ ငံပြာရည်လုပ်ငန်း၊ အလုကန့်လုပ်ငန်း၊ ဆေးဝါးဖော်စပ်မှု လုပ်ငန်း စသည်တို့ တည်ထောင် ပေါ်ထွန်းလာသော်လည်း ထိုပစ္စည်းများကို ထည့်သွင်းရန် ဖန်ဘူး ဖန်ခွက် ဖန်ပုလင်းကြီးငယ် စသည်တို့ ထုတ်လုပ်နိုင်ခြင်း မရှိချေ။ ပြည်ပနိုင်ငံများကိုပင် အားထားကြရသည်။ ပြန်လည် ထူထောင်ရေးကာလတွင် စီးပွားရေး စီမံကိန်းများ ချမှတ်၍ စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရာ၌ ဖန်ချက်စက်ရုံ တည်ထောင်ရန် အစိုးရက လျာထားသော်လည်း အကောင်အထည် ဖော်နိုင်ခြင်း မရှိချေ။ ထိုလိုအပ်ချက်ကို ပုဂ္ဂလိက လုပ်ငန်းရှင်များက ဖြည့်ဆည်းရန် ကြိုးပမ်းခဲ့ကြသည်။

လူသုံးဖန်ထည်များ ထုတ်လုပ်မှုကို ဒုတိယ ကမ္ဘာစစ်ပြီးစ တရုတ်ပြည်မှ ပြောင်းလာသော တရုတ်ဖန်ထည် ပညာရှင် ခြောက်ယောက်က စခဲ့သည်ဟုဆိုသည်။ ၁၉၄၅ ခုနှစ်တွင် ထိုတရုတ်

၁။ ပလတ်စတစ်စက်ရုံအမှတ် (၂) စက်မှုလုပ်ငန်းသမိုင်း၊ စာ ဂ၊ ၁၂ က
၂။ စက်မှုလက်မှုသတင်းလွှာ၊ ၁၁/၆၁၊ စက်မှုလက်မှုစာစောင်၊ အတွဲ ၁၊ အမှတ် ၁၊ စာ ၃၀

အမျိုးသား ဖန်သည်ပညာရှင် ခြောက်ဦးကို ရန်ကုန်မြို့ စဉ့်အိုးတန်းမှ ရွှေဆိုင်သူဌေး ဦးစိန် ဆိုသူက ခေါ်ယူကာ သမိုင်း ဘူတာအနီးတွင် ဝင်းဝင်းဖန်စက်ဟူ၍ စတင်တည်ထောင်ခဲ့သည်။ သို့သော်လည်း သုံးသိန်းခန့် အရှုံးပေါ်၍ ပိတ်လိုက်ရသည်။ တစ်ဖန် အိန္ဒိယမှ ရောက်လာသော အိန္ဒိယ အမျိုးသား ဖန်ထည်ပညာရှင်များနှင့် ကုက္ကိုင်းတွင် ဦးဘသောင်း ဖန်စက်ကို တည်ထောင်ခဲ့ပြန်သည်။ ယင်းစက်မှာလည်း တစ်နှစ်ကျော်ခန့်သာခံပြီး အရင်းပြုတ်ခါ ပိတ်လိုက်ရသည်။ အသားတူ နှစ်ဦးသုံးဦးခန့် တည်ထောင်ခဲ့ကြသော်လည်း မအောင်မြင်ကြချေ။

ထို့နောက် ဦးကျင်ဝမ်နှင့် အစုစပ်များသည် ၁၉၅၂ ခုနှစ်တွင် ၁၅၂။ ယောဂီကျောင်းလမ်း၊ ကမာရွတ်မြို့နယ်၌ တရုတ်ပညာရှင် အကြွင်းအကျန်များဖြင့် ငွေရင်း ကျပ်ခြောက်သောင်း မဘည်းကာ ဆောင်တန်း ဖန်စက်ဟူ၍တည်ထောင်ခဲ့ကြ၏။ ထိုစက်မှာလည်း ယခင်စက်များ နည်းတူ မကြာခင်အတွင်းမှာပင် အရင်းပျောက်ပြန်သည်။ ဤသို့ ထည့်မလောက်အောင် အရင်းပျောက်လျက်ရှိသော ဖန်ချက်လုပ်ငန်းကို အက္ခရာလုပ်ငန်းပမာ သဘောသားကာ တည်ဆောင်ရန် ကြောက်ရွံ့ခဲ့ကြသည်။[၁]

ဤသို့အရှုံးနှင့် ရင်ဆိုင်နေရသည်မှာ ကျွမ်းကျင်သော မြန်မာအလုပ်သမားများ လုံ၀ မရှိသေးသဖြင့် နိုင်ငံခြားသား ကျွမ်းကျင်သူများကိုခေါ်ယူလုပ်ကိုင်ရသဖြင့် စရိတ်ကြီးလေ ခြင်း၊ ကုန်ကြမ်းပစ္စည်းစရိတ် မြင့်မားခြင်း၊ တီထွင်စမ်းသပ်မှု ကုန်ကျစရိတ် ကြီးမားခြင်း၊ ဖန်ထည်ဈေးကွက်၌ နိုင်ငံခြားမှ ဖန်ထည်ပစ္စည်းများနှင့် ယှဉ်ပြိုင်နိုင်သည့် အဆင့်မရှိခြင်း၊ ပြည်သူလူထု ဈေးနှုန်းသက်သာစေရန် ဈေးနှုန်းလျှော့ချရောင်းခြင်းတို့ကြောင့်ဖြစ်သည်။

နောက်ပိုင်းတွင် ဖန်ချက်လုပ်ငန်း နယ်သို့ နိုင်ငံရေးနယ်မှ သခင်ဝတင် ရောက်လာသည်။ တိုင်းပြည်တွင်ရှိသင့်ရှိထိုက်သော ဖန်ချက်လုပ်ငန်း တည်ထောင်အောင်မြင်အောင် စိတ်အားသန်ကြသည့် ယခုနဂါးဖန်စက်မိသားစုများဖြစ်ကြသော ဦးကျင်ဝမ်၊ ဒေါ်စောလှိုင်၊ ဦးအောင်ကျော်၊ ဦးကျော်ညွန့်တို့ မိသားစုနှင့် သခင်ဝတင်တို့စုပေါင်းကာ အရင်းတည်ပြီး နဂါးဖန်ချက်စက်ရုံဟူ၍ အမည်ပေးကာတည်ထောင်ခဲ့ကြသည်။ သို့သော်လည်း မကြာပါ၊ ရှစ်လခန့်အတွင်းမှာ အရင်းပြုတ်ပြန်ပါသည်။ သို့ရာတွင် အကျိုးအမြတ်ရလိုက်သည်ကား ဖန်ပညာ ရှင်ငယ် မောင်ဈေးကောင်း (ယခု ဆိုရှယ်လစ်လုပ်သားကောင်း ဦးဈေးကောင်း) အပါအဝင် တိုင်းရင်းသား ဖန်ပညာရှင်များကို မွေးထုတ်ပေးလိုက်နိုင်ခြင်းပင်ဖြစ်သည်။

၁။ ရွှေသိုစာစောင်၊ ၁၉၇၁ ခုနှစ် စက်တင်ဘာလ၊ စာ ၂၆

ဖန်ချက်လုပ်ငန်းအောင်မြင်အောင် တည်ထောင်ရန်ဇွဲသန်လှသော နဂါးဖန်ချက်မိသားစုသည် ၁၉၅၅ ခုနှစ်တွင် လုပ်ငန်းအောင်မြင်ရေးအတွက် အကြံကောင်းတစ်ခုကို ရခဲ့ကြသည်။ ထိုအချက်ကား နိုင်ငံခြားသား ဖန်ပညာရှင်များကိုသာ အားကိုး လုပ်ဆောင်နေသမျှဖြင့် အောင်မြင်နိုင်မည်မဟုတ်ဟူသော အသိပင်ဖြစ်သည်။ ထိုအသိကိုရရှိကြသော နဂါးမိသားစုများသည် ငွေရင်းများထပ်မံစိုက်ထုတ်ပြီး မောင်စေးကောင်း အပါအဝင် တိုင်းရင်းသားများဖြင့်ပင် စမ်းသပ် တီထွင်လုပ်ကိုင်ကြရာ စံချိန်မီသော အောင်မြင်မှုများကို အားတက်ဖွယ်ရာ ရရှိကြသည်။

အောင်မြင်မှုများကို အရင်းတည်၍ ဖန်ချက်မိသားစု တစ်ဦးဖြစ်သူ ဦးအောင်ကျော်သည် ၁၉၅၇ ခုနှစ်တွင် ဂျပန်ပြည်သို့ သွားရောက်၍ ငါးလခန့်ကာလအတွင်း ဖန်စက်ရုံပေါင်း လေးဆယ်ခန့်ကို လေ့လာသည်။ မြန်မာပြည်သို့ပြန်ရောက်သောအခါ ရင်းနှီးငွေများ ထပ်မံထည့်သွင်း၍ တစ်စတစ်စ တိုးချဲ့ထုတ်ခဲ့ရာမှ အောင်မြင်မှုများ ကြီးထွားလာခဲ့သည်။

ဂျပန်ပြည်သို့ စရိတ်ကြီးလေးစွာ အကုန်အကျခံပြီး သွားရောက်လေ့လာသင်ယူလာခဲ့၍ ပညာအင်အားရရှိလာသော်လည်း စက်ရုံတွင် လက်တွေ့ကုန်ထုတ်လုပ်ရာ၌ ကုန်ကြမ်းရရှိမှု အခက်အခဲ၊ ကျွမ်းကျင်သောအလုပ်သမားရရှိမှု အခက်အခဲတည်းဟူသော ပြဿနာကြီးနှစ်ရပ်နှင့် ရင်ဆိုင်ရပြန်သည်။

ဖန်လုပ်ငန်း၌ အဓိကလိုအပ်သော ကုန်ကြမ်းများမှာ ဖန်ရည်အတွက် သဲဖြူ၊ ကျောက်၊ ဖန်ရိုင်းများ၊ဖန်ရည်ကျိုရန်လိုအတွက် ရွှံ့မြေများ၊ ဓာတုဗေဒဓာတ်ဆေးများဖြစ်သည်။ ၎င်းကုန်ကြမ်းများလိုအပ်သလောက် ရနိုင်ရန်မှာ လွယ်ကူလှသည် မဟုတ်ချေ။ စရိတ်ကြီးလေးစွာ အကုန်အကျခံ၍ ရှာဖွေယူရသည်။

အခက်အခဲအမျိုးမျိုးကို ကျော်လွှားကာ အဆုံးအရှုံးခံ၍ ကြိုးစားအားထုတ် လုပ်ကိုင်သဖြင့် နဂါးဖန်ချက်စက်သည် ၁၉၆၀ ပြည့်နှစ်ခန့်တွင် အများပြည်သူလူထုဈေးနှုန်းချိုသာစွာ သုံးစွဲနိုင်ရန် ရေနံဆီမီးအိမ် ဖန်ပြောင်းအမျိုးမျိုး၊ ရေနံဆီမီးခွက် ဖန်ဆီအိုးအမျိုးမျိုး၊ ဖန်ခွက် အမျိုးမျိုး၊ ဖန်ထည်ပန်းအိုးအမျိုးမျိုးထုတ်လုပ်နိုင်လာသည်။

ထို့ပြင် ဗမာ့လက်ရာနှင့် အနုပညာကို ကမ္ဘာမှာထင်ပေါ်စေရန်အတွက် ဖန်ပန်းအိုး၊ ပန်းစိုက်ပန်းဆွဲအမျိုးမျိုး၊ ဖန်ဆေးလိပ်ပြာခွက်အမျိုးမျိုး၊ ဖန်လင်ပန်း၊ ဖန်ကလပ်အမျိုးမျိုး၊ စားပွဲတင်ဖန်အလှပစ္စည်းအမျိုးမျိုးကိုလည်း တီထွင်ထုတ်လုပ်သည်။ နိုင်ငံခြားမှ တင်သွင်းရပါလျှင် အချိန်မီ အလွယ်တကူမရနိုင်သော ဖန်ထည် ကိရိယာပစ္စည်းအမျိုးမျိုးတို့ကိုလည်း အလိုရှိသည့်အတိုင်း အံကိုက်ဖြစ်အောင်ထုတ်လုပ်၍ အစိုးရအဖွဲ့နှင့် ကုမ္ပဏီကြီး များသို့ ပေးသွင်းနိုင်ခဲ့သည်။*

၁။ ကျင်ဝမ်စက်မှုလက်မှု၊ ဖန်မြေမှုန်မြေကုမ္ပဏီလုပ်ငန်းအစီရင်ခံစာ၊ ၁၉၆၀၊ စာ ၄-၁၁

ဖန်စက်ရုံတွင် အသုံးပြုသော ဖန်ရည်ကျိုလုံကြီးများကို မူလကနိုင်ငံခြားမှ မှာယူသုံးစွဲခဲ့ရသည်။ နောက်ပိုင်းတွင် မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်ဘက်မှ မြေစေးများဖြင့် ဖန်ရည်ကျိုလုံကြီးများ တီထွင်ထုတ်လုပ်နိုင်ခဲ့သဖြင့် ကုန်ကြမ်းအတွက် နိုင်ငံခြားငွေ သုံးစွဲမှုကို ခြိုးခြံနိုင်သည်။ နဂါးဖန်ချက်စက်ရုံသည် ပြည်တော်သာကာလအတွင်း တစ်ခုတည်းသော မြန်မာ့ဖန်ချက်လုပ်ငန်းဖြစ်သည်။ ပြည်သူလူထု၏ နှစ်ခြိုက်စွာ သုံးစွဲမှု အားပေးမှုကိုရသဖြင့် ပြည်ပမှ ဖန်ထည်ပစ္စည်းအမျိုးမျိုးတင်သွင်းတိုးဝင်လာခြင်းကို တစ်စိတ်တစ်ဒေသ တားဆီးနိုင်ခဲ့ပေသည်။ အောင်မြင်သော ပုဂ္ဂလိကလုပ်ငန်းတစ်ခုဟု ဆိုရပေမည်။

နဂါးဖန်စက်ရုံ၏ အတိုက်သမိုင်းအောင်မြင်မှုသည် ကိုယ့်အားကိုယ်ကိုးသော သမိုင်းအောင်မြင်မှုပင်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်း အောင်မြင်မှုအတွက် စက်ရုံအလုပ်သမားများ၏ စားဝတ်နေရေးကိုလည်း စက်ရုံပိုင်ရှင်က ကြည့်ရှုစောင့်ရှောက်သည်။ စက်ရုံအလုပ်သမားအများစုကို စက်ရုံဝင်းအတွင်း၌ပင် ရေ မီး အစုံဖြင့် နေအိမ်များ အခမဲ့ပေးထားသည်။ အ ချို့ လုပ်သားများသည် စက်ရုံဝင်းအတွင်း၌ပင် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်၍ အပိုဝင်ငွေများ ရှာကြသည်။

ဖန်ခွက်၊ ဖန်ပန်းအိုး၊ ပန်းစိုက်၊ ဆေးလိပ်ပြာခွက်၊ ဖန်တကောင်း စသော ဖန်ထည်များကိုထုတ်လုပ်ရာ၌ နဂါးဖန်ချက်လုပ်ငန်းသည် ဖန်ရည်ကို လုံကြီးများတွင် မီးအားဖြင့် ကျို၍ ပြောင်းဖြင့် မှုတ်လုပ်သည်။ အညိုရောင်၊ အစိမ်းရောင်၊ အပြာရောင်၊ အဖြူရောင် ဖန်ထည်များထုတ်သည်။ ပန်းဖော်ခြင်း၊ အစင်းအကွက်ဖော်ခြင်း စသည်တို့ကို မလုပ်နိုင်ချေ။ စင်စစ်မိသားစုလုပ်ငန်း အိမ်တွင်းလက်မှုလုပ်ငန်းအဆင့်ဖြင့် ပြည်တွင်းလိုအပ်ချက်ကို တစ်စိတ်တစ်ဒေသဖြည့်ဆည်းပေးသောလုပ်ငန်းဖြစ်သည်။

လွတ်လပ်ရေး ရပြီးသည့်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ လူဦးရေမှာ တိုးတက်လာသည်နှင့် အမျှ လူနေမှုစနစ်လည်း အဆင့်အတန်း တိုးမြင့်လာသည်။ ထိုသို့လူနေမှုစနစ် မြင့်မားလာသဖြင့် ခေတ်မီလူသုံးကုန်ပစ္စည်းများဖြစ်သော ဓာရှမ္မေး၊ ပေါင်ဒါ၊ သွားတိုက်ဆေး၊ ခေါင်းလိမ်းဆီ၊ အလှဆီစသော အလှကုန်ပစ္စည်းများသုံးစွဲမှုလည်း ဈေးကထက် များစွာပိုလာသည်။ နိုင်ငံတော်အစိုးရသည် အလှကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ရေးကို ပြည်တော်သာ စီမံကိန်းကာလတွင် အိမ်တွင်းနှင့် အသေးစားစက်မှုလုပ်ငန်းအဖြစ် သတ်မှတ်၍ ပုဂ္ဂလိက လုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပြုသည်။ ဤတွင် အလှကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း ကြီးငယ်များ အပြိုင်အဆိုင်ပေါ် ထွန်းလာသည်။

အလှကုန် ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်လာသည်ဆိုသော်လည်း ၁၉၄၉-၅၀ ခုနှစ် အတွင်းက နိုင်ငံခြားမှ အလှကုန်များ ၃၂ သိန်းဖိုးခန့် မှာယူတင်သွင်းခဲ့ရသေးသည်။ စင်စစ် အားဖြင့် ထိုအချိန်က ပြည်တွင်း၌ သုံးစွဲနေသော အလှကုန်များ၏ ၇၀ ရာခိုင်နှုန်းသည် နိုင်ငံခြားမှဖြစ်သည်။[၁] ပြည်တွင်းမှထုတ်လုပ်သော အလှကုန်များမှာ ကော့စမက်တစ်ခေါ် ဆံသအမွှေးတောင့်၊ ဘယ်ဆလင်၊ ပေါင်ဒါ၊ မျက်နှာချေများဖြစ်သည်။ ၁၉၅၂ ခုနှစ်အထိ ထိုပစ္စည်းများကို ခေတ်မီစက်များဖြင့် ထုတ်လုပ်နိုင်ခြင်းမရှိသေးချေ။ တိုင်းရင်းဖြစ် အလှကုန် ကိရိယာအချို့ကို အသုံးပြု၍ လက်ဖြင့်ပင် ပြုလုပ်ကြသည်။[၂]

ပြည်တော်သာ စီမံကိန်းကာလအတွင်း ၁၉၅၀-၅၁ ခုနှစ်က ပြည်တွင်း ပုဂ္ဂလိကပိုင် အလှကုန်လုပ်ငန်း ကြီးငယ်ပေါင်း ၈၀ ခန့်ရှိသည်။ အလှကုန်လုပ်ငန်း ပိုင်ရှင်များသည် လုပ်ငန်းနှင့် စပ်လျဉ်း၍ တိုးတက်အောင်ဆောင်ရွက်ရေး၊ ကုန်ကြမ်းရရှိရေး၊ နိုင်ငံခြားဖြစ်အလှ ကုန်များကို ယှဉ်ပြိုင်နိုင်ရေး စသည်တို့အတွက် စုစည်းသောအင်အားတစ်ခုဖြစ်စေရန် ၁၉၄၈ ခု ဒီဇင်ဘာလတွင် ဗမာပြည် အလှကုန် ထုတ်လုပ်ရေး အဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင် ကြသည်။ ၁၉၅၁ ခုနှစ်တွင် လုပ်ငန်းရှင်ပေါင်း ၈၀ ခန့်ရှိသည့်အနက် နာမည်ကြီး လုပ်ငန်းရှင် ပေါင်း ၅၀ ကျော်မှာ အဖွဲ့ဝင်များ ဖြစ်ကြသည်။ အဖွဲ့ဝင်မဟုတ်သော လုပ်ငန်းရှင် ၂၅ ဦးခန့် ရှိသည်။[၃] အလှကုန်ထုတ်လုပ်ရေး အဖွဲ့ချုပ်သည် လုပ်ငန်းနှင့်ထုတ်လုပ်သော ကုန်ပစ္စည်း များကိုကြော်ငြာနိုင်ရန် စည်းရုံးလှုံ့ဆော်နိုင်ရန်၊ ရင်ဆိုင်ရသော အခက်အခဲများ ပြဿနာ များကို အစိုးရသို့လည်းကောင်း၊ ပြည်သူတို့လည်းကောင်း တင်ပြနိုင်ရန် နှစ်ပတ်လည်စာစောင် များလည်း ထုတ်ဝေသည်။[၄]

အလှကုန်လုပ်ငန်းရှင်တိုင်းသည် ကော့စမက်တစ်ခေါ် ဆံသအမွှေးတောင့် ထုတ်လုပ် ကြသည်။ မောင့်ဂုဏ်ရည်၊ ရွှေမြင်း၊ စန်းဝိုက်၊ ရီဂဲလ်၊ သိန်း၊ ကိုတီမြတ်၊ သင်းကြူကြူ၊ ချစ်စန်း စသည်တို့မှာ အလှန်နာမည်ကြီးသည်။ ၁၉၅၁ ခုနှစ်တွင် ဘရီလင်တိုင်ခေါ် ခေါင်း လိမ်းဆီနှင့် ကော့စမက်တစ်အတောင့်များသည် နိုင်ငံခြား အဆင့်အတန်းကို မီနေပြီဖြစ်၍ ထိုပစ္စည်းနှစ်မျိုးကို ပြည်ပမှ တင်သွင်းခြင်းမပြုရန် အစိုးရထံ အဖွဲ့ချုပ်က တင်ပြတောင်းဆို ခဲ့သည်။[၄]

၁။ ဗမာပြည် အလှကုန် လုပ်ငန်း အခြေအနေ၊ ဗမာပြည် အလှကုန် ထုတ်လုပ်ရေးအဖွဲ့ချုပ် နှစ်ပတ်လည် စာစောင်၊ အတွဲ ၁ အမှတ် ၁၊ ၁၉၅၁၊ စာ ၁၀

၂။ ဗမာပြည် အလှကုန်လုပ်ငန်းအခြေအနေ၊ ဗမာပြည် အလှကုန် ထုတ်လုပ်ရေးအဖွဲ့ချုပ် နှစ်ပတ်လည် စာစောင်၊ အတွဲ ၁၊ အမှတ် ၁၊ ၁၉၅၁၊ စာ ၉

၃။ အလှကုန် ထုတ်လုပ်ရေး လုပ်ငန်းရှင်များစာရင်း၊ နောက်ဆက်တွဲ ၈ ရှု

၄။ အလှကုန်ထုတ်လုပ်ရေးအဖွဲ့ချုပ် နှစ်ပတ်လည်စာစောင်အတွဲ ၁၊ အမှတ် ၁၊ စာ ၈၃

ပြည်တွင်း စက်မှုလက်မှု လုပ်ငန်းများ တိုးတက် ဖွံ့ဖြိုးပါစေဟူသော ကြွေးကြော်သံဖြင့် ပြည်တွင်းသုံး အလှကုန် လိုအပ်ချက်ကို တစ်တပ်တစ်အား ဖြည့်ဆည်းကြသော အလှကုန် လုပ်ငန်းရှင်ကြီးငယ်များသည် ကုန်ကြမ်း ရရှိရေး အခက်အခဲနှင့် ရင်ဆိုင်ကြရသည်။ အလှကုန်ထုတ်လုပ်ရေးအတွက် အဓိက ကုန်ကြမ်းဖြစ်သော ပက်ထရိုလတွန်ခေါ် ဘယ်ဆလင် အရှိန်းများ၊ ဘူးအမျိုးမျိုးလုပ်ရန် သံဖြူပြား၊ စက္ကူကတ်ထူများ၊ သတ္တုပြားများ၊ ကြွေရောင်၊ ငွေရောင် စက္ကူများ စသည်တို့လိုသည်။ ထိုလိုအပ်ချက် အားလုံးကို ပြည်ပနိုင်ငံများ အပေါ် အားထားရသည်။ နိုင်ငံခြားမှ ဝယ်ယူရသော ကုန်ကြမ်းများသည် တစ်နှစ်ထက် တစ်နှစ် ဈေးနှုန်းကြီးမြင့်လာသည်။ ထို့အပြင် ပစ္စည်းများကို မှာယူ တင်သွင်းခွင့် လိုင်စင်ရသော ကုမ္ပဏီများ၏ မရိုးဖြောင့်မှု ကြောင့်လည်း ပြည်တွင်းသို့ ရောက်ပြီး ကုန်ကြမ်းများသည် လုပ်ငန်းရှင်များလက်သို့ မရောက်ဘဲ မှောင်ခိုသို့ ရောက်သွားကာ ဈေးနှုန်း ပိုမိုကြီးမြင့်သွားသည်။ ပက်ထရိုလတွန်ခေါ် ဘယ်ဆလင် အရှိန်းကို စတင်းဒတ် ဗက်ကမ်း အွိုင်းကုမ္ပဏီ (Standard Vacuum Oil Co.) က တင်သွင်းရောင်းချသည်။ ပေါင် ၃၅၀ ပါ တစ်စည်၏ ဈေးနှုန်းသည် ရှေးက ကျပ် ၄၅၀ မျှသာ ဖြစ်သော်လည်း ၁၉၅၁-၅၂ ခုတွင် ကျပ် ၁၃၀၀ အထိ တက်သွားသည်။ စက္ကူကတ်ထူများလည်း တစ်ဟန္ဒြိတ်လျှင် ၂၅ ကျပ် ဈေးမှ ကျပ် ၂၀၀ အထိ တိုးမြင့်သွားသည်။ ထို့ကြောင့် လုပ်ငန်းရှင်များအနက် ၂၀ ရာခိုင်နှုန်းမျှသာ အခြေအနေ တောင့်တင်း၍ ကြံ့ကြံ့ခံနိုင်သည်။ ၅၀ ရာခိုင်နှုန်းမျှသောလုပ်ငန်းရှင်တို့၏ အခြေအနေမှာ နိမ့်ချည်မြင့်ချည် ဖြစ်နေခဲ့လေသည်။

အလှကုန်များ၊ ဆေးတံသောက်ဆေး၊ ဆပ်ပြာ စသည်တို့တွင် အသုံးပြုရသော အမွှေးဆီ၊ နံ့သာဆီ၊ ရေမွှေးနှင့် ဓာတုဗေဒ ပစ္စည်းများကို နိုင်ငံခြားမှ တင်သွင်း ရောင်းချသော ကုမ္ပဏီကြီးများလည်းရှိသည်။ ပန်းပွင့် ရေမွှေးဖြန့်ချိရေးဌာန၊ ရန်ကုန်ရေမွှေးတိုက်၊ နှင်းဆီ ရေမွှေးတိုက် စသည်တို့မှာ ထင်ရှားသည်။ များသောအားဖြင့် နိုင်ငံခြားသားပိုင် ကုမ္ပဏီကြီးများ၊ ဆိုင်ကြီးများဖြစ်ကြသည်။ အလှကုန်လုပ်ငန်းရှင်ကလေးများသည် ထိုကုန်တိုက်ကြီးများ၏ အညွန့်ခူးမှု၊ ခေါင်းပုံဖြတ်မှုကိုလည်း ခံကြရသည်။

အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင်လျက် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရသော အလှကုန် လုပ်ငန်းသည် ၁၉၅၉-၆၀ ခန့်တွင် စက်များဖြင့် ထုတ်လုပ်နိုင်သော အဆင့်သို့ ရောက်ရှိလာသည်။ အီအမ်ဒီဇူဆာ၊ သင်းကြူကြူ စသော ကုမ္ပဏီများ အပါအဝင် အလှကုန် ထုတ်လုပ်သော စက်ရုံပေါင်း ၅၆ ရုံရှိသည်။ ၁၉၅၉-၆၀ ခုနှစ်က ထိုစက်ရုံ ၅၆ ရုံမှ ကျပ် ၉၃·၇၂ သိန်းဖိုး အလှကုန်များ ထုတ်လုပ်ရောင်းချသည်။ ၁၉၆၀-၆၁ ခုနှစ်တွင် စက်ရုံပေါင်း ၇၇ ရုံဖြစ်လာ၍ ကျပ်ငွေ ၉၅·၂၃ သိန်းဖိုး ထုတ်လုပ်နိုင်သည်။ ကော့စမက်တစ်၊ ဘယ်စလင်၊

ပေါင်ဒါ၊ မျက်နှာချေ များသာမက ဟေဇလင်စနိုး၊ နှုတ်ခမ်းဆိုးဆေး၊ လက်သည်းဆိုးဆေးနှင့် ခေါင်းလိမ်းဆီများပါ ထုတ်လုပ်နိုင်လာသည်။[၁]

ထိုသို့ အပြိုင်အဆိုင် ထုတ်လုပ်ကြရာ ကုန်ပစ္စည်း အရည်အသွေး မနိမ့်ကျစေရန် ထုတ်လုပ်သော အလှကုန်များတွင် အသုံးပြုသော ကုန်ကြမ်း အမျိုးအမည်၊ အချိုးအစား အသေးစိတ် ဖော်ပြလာကို စက်မှုလက်မှု ညွှန်ကြားရေး ဌာနသို့ တင်ပြကြရန် ၁၉၅၉ ခုနှစ်တွင် အစိုးရက အမိန့်ချမှတ်သည်။[၂] ၁၉၆၀-၆၁ ခုနှစ်သို့ ရောက်သောအခါ အလှကုန်ပစ္စည်းများထုတ်လုပ်ရေးသည် ပြည်တွင်း၌ လိုအပ်သည်ထက် များစွာ ပိုလျှံနေလေသည်။ ထို့ကြောင့် လက်ရှိ အလှကုန်လုပ်ငန်းများကို တိုးချဲ့ခြင်း၊ အသစ် တည်ထောင် ခြင်းများမပြုလုပ်ရန် အစိုးရက ပိတ်ပင် တားမြစ်ခဲ့သည်။[၃]

ဆပ်ပြာသည် တိုးတက်လာသော ခေတ်မီ လူနေမှု စနစ်တွင် မရှိမဖြစ် လိုအပ်သော နေ့စဉ်သုံးကုန်တစ်ခုဖြစ်သည်။ သန့်ရှင်းရေး၊ ရောဂါဘယ ကင်းစင်ရေးတို့အတွက် အဝတ်လျှော်ဆပ်ပြာ၊ ရိုးရိုးဆပ်ပြာ၊ ဆပ်ပြာမွှေးစသည်ဖြင့် ဆပ်ပြာအကြမ်း၊ အနုအမျိုးမျိုး လိုသည်။ ခေတ်မီတိုးတက်ပြီးသော နိုင်ငံကြီးများတွင် လူတစ်ဦးချင်း၏ ဆပ်ပြာသုံးစွဲမှုသည် တစ်နှစ်လျှင် ၆ ပေါင်ထက် မနည်းချေ။ မြန်မာနိုင်ငံတွင်မူ တောရောမြို့ပါ ပျမ်းမျှ ၂.၅ ပေါင်ခန့်မျှသာ သုံးစွဲနိုင်သည်။ ထိုလိုအပ်ချက်ကိုလည်း ပြည်တွင်းမှ ဖြည့်ဆည်းနိုင်ခြင်း မရှိ၍ နိုင်ငံခြားမှ တင်သွင်း ဝယ်ယူရသည်။ ထို့ကြောင့် နိုင်ငံတော် အစိုးရသည် ပြန်လည်ထူထောင်ရေး ကာလတွင် စက်မှုလက်မှု စီမံကိန်းများ ရေးဆွဲ၍ စက်ရုံများ တည်ထောင်ရာ၌ ဆပ်ပြာစက်တည်ရန်လျာထားခဲ့သည်။ သို့သော် ထိုလုပ်ငန်းကို အသေးစားစက်မှု လုပ်ငန်းအဖြစ် သတ်မှတ်၍ ပုဂ္ဂလိက လုပ်ငန်းရှင်များကိုပင် လုပ်ကိုင်ခွင့် ပြုခဲ့သည်။

စစ်မဖြစ်မီက မြန်မာနိုင်ငံတွင် အီးစီမဒါး ဆပ်ပြာစက်၊ ရွှေတီး ဆပ်ပြာစက် စသည်တို့သာရှိသည်။ လွတ်လပ်ရေး ရပြီးနောက် ပြည်တော်သာ စီမံကိန်း ကာလတွင် အီးစီမဒါးနှင့် ရွှေတီး ဆပ်ပြာစက်တို့ အပါအဝင် ပုဂ္ဂလိက ဆပ်ပြာစက်ကြီးငယ်များ အပြိုင်အဆိုင် ပေါ်ထွန်းလာသည်။ ၁၉၅၃ ခုနှစ်တွင် ကောက်ယူသော စီးပွားရေး စစ်တမ်းအရ ထိုစဉ်က မြန်မာနိုင်ငံတွင် ဆပ်ပြာလုပ်ငန်းကြီးငယ်ပေါင်း ၁၃၈ ရှိသည်။ စက်ရုံ ၁၂ ရုံနှင့် အိမ်တွင်းလုပ်ငန်း ၁၂၆ ဖြစ်၏။ ထိုလုပ်ငန်းကြီးငယ်များမှ ဆပ်ပြာ အမျိုးမျိုး ကျပ် ၁၀၀ သိန်း

၁။ **စီးပွားရေးစစ်တမ်း ၁၉၆၂၊ စာ ၄၁၊ ၁၉၆၃၊ စာ ၃၇**

၂။ စက်မှုလက်မှုသတင်းလွှာ ၃/၅၉ နေ့စွဲ ၂၁-၁၂-၅၉

၃။ စက်မှုလက်မှုသတင်းလွှာ ၉/၆၁ နေ့စွဲ ၂၆-၄-၆၁၊ စက်မှုလက်မှုစာစောင် အတွဲ ၁၊ အမှတ် ၁၊ စာ ၃၀

ကျော်ဖိုး ထုတ်လုပ်ရောင်းချသည်။ စက်ရုံ ၁၂ ရုံမှ ကျပ် ဂ၁ သိန်းဖိုးနှင့် အိမ်တွင်းလုပ်ငန်း များမှ ကျပ် ၂၆ သိန်းကျော်ဖိုး ဖြစ်သည်။[၁]

ကိုလိုနီခေတ် ၁၉၁၁ ခုနှစ်ကပင် တည်ရှိခဲ့သော အီးစီမဒါး ဆပ်ပြာစက်သည် နိုင်ငံသား လက်မှတ်ရ မူဆာမဒါးနှင့် အာဇမ်မဒါး နှစ်ဦး အစုစပ်ပိုင်ဖြစ်သည်။ စက်ရုံမှာ ရန်ကုန် အင်းစိန်လမ်း၊ အမှတ် ၁၁၃ တွင် တည်ရှိ၍ လုပ်ငန်းဌာနရုံးမှာ ၄၉၊ ၂၆ လမ်း၊ ရန်ကုန်မြို့တွင် တည်ရှိသ ်။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၂ ခုနှစ်တွင် ဆပ်ပြာစက်ရုံကို ပြုပြင်၍ အိဘာလိနိုင်ငံမှ ဝယ်ယူသော စက်ပစ္စည်း ကိရိယာများဖြင့် စက်သစ် တည်ဆောက်သည်။ ထိုစက်သစ်၏ ကုန်ထုတ်စွမ်းအားမှာ ရှစ်နာရီ တစ်ဆိုင်းလျှင် ဆပ်ပြာ ရှစ်တန် ထုတ်နိုင်သည်။ တစ်နှစ်လုပ်ရက် ၃၀၀ တွင် တန်ချိန် ၆၃၀၀ ကျ ထုတ်နိုင်သည်။ စက်ရုံမှ ရွှေဒင်္ဂါးတံဆိပ် အဝတ်လျှော် ဆပ်ပြာတောင့်၊ ဘဲဘဲဆိပ် ဆင်ချေးတုံး ဆပ်ပြာခဲများ ထုတ်သည်။ ၁၉၅၇ခု မှစ၍ Deluxe နှင့် မယ်ဇမာ ဆပ်ပြာမွှေးများလည်း ထုတ်လုပ်သည်။[၂] စက်ရုံဝင်းတွင် အီးစီမဒါး ထီးလုပ်ငန်းလည်း ရှိသည်။

အလားတူပင် ရွှေဘီး ဆပ်ပြာစက်သည်လည်း စစ်မဖြစ်မီ ၁၉၃၀ ပြည့်နှစ်ခန့်ကပင် မြင်းခြံမြို့၌ တည်ရှိခဲ့သော စက်ဖြစ်သည်။ လွတ်လပ်ရေး ရပြီးနောက် ပြည်တော်သာ စီမံကိန်း ကာလ ၁၉၅၀ ပြည့်နှစ် ဇွန်လတွင် ရင်ရင်နှင့် သားများ ကုမ္ပဏီ ပိုင်အဖြစ် ရန်ကုန်မြို့တွင် ရွှေဘီး ဆပ်ပြာစက်ကို တည်ထောင်ကာ ရန်ကုန်မြို့ အမှတ် ၄၆၊ ၂၂ လမ်း၊ ပင်ရင်းဌာနမှ ဖြန့်ဖြူးရောင်းချသည်။ ဆပ်ပြာစက်သစ်တွင် (Full Boil Process) ကို သုံး၍ ရွှေဘီး ဆပ်ပြာ ရိုးရိုးနှင့် ရွှေဘီး ကာဘော်လစ် ဆပ်ပြာများ ထုတ်သည်။ ခေတ်မီ ဆပ်ပြာချက် စက်သစ်များကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရှန်ဟဲမြို့မှဝယ်ယူသည်။[၃] တိုင်းရင်းသားပိုင် ရွှေဘီးဆပ်ပြာစက်ရုံ အမည်ဖြင့် ထင်ရှား ကျော်ကြားသည်။ ပြည်သူ တို့နှစ်ခြိုက်အားပေးမှုဖြင့် လုပ်ငန်း တိုးတက်ကြီးထွားလာကာ ပစ္စည်း အရည်အသွေးကောင်း မွန်သဖြင့်လည်း ပြပွဲပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ရရှိသည်။ ဓာတုဗေဒ မင်းကြီးရုံးမှ ထောက်ခံချက်များလည်း ရရှိသည်။[၄]

ဆပ်ပြာချက်လုပ်ရေး လုပ်ငန်းသည် ၁၉၅၃ ခုနှစ်မှ စ၍ တစ်စတစ်စ တိုးတက်များပြား လာသည်။ ရန်ကုန်မြို့တွင်သာမက မန္တလေး၊ မိတ္ထီလာစသော မြို့ကြီးများတွင်လည်း စက်ရုံ

၁။ *First Stage Census* 1953, vol 2. p. 57

၂။ အီးစီမဒါးဘရားသား လီမိတက်၏ ဆပ်ပြာစက်၊ ထီးလုပ်ငန်းနှင့် ပတ်သက်သော အစီရင်ခံစာ၊ စာ ၁-၅

၃။ ဆပ်ပြာစက်ရုံအမှတ် (၂) စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၀

၄။ မြန်မာပြည်ကုန်သွယ်ရေးနှင့်စက်မှုလက်မှုလမ်းညွှန်၊ ၁၉၆၀- ၆၁

များ တည်ဆောက်လာကြသည်။ အိမ်တွင်း မိသားစု လုပ်ငန်းအဖြစ် ထုတ်လုပ်မှုလည်း တိုးပွားလာသည်။ အချို့ စက်ရုံများသည် တံဆိပ် အမျိုးမျိုးဖြင့် ဆပ်ပြာ နှစ်မျိုးသုံးမျိုး ထုတ်ကြသည်။ အချို့ လုပ်ငန်းရှင်များကလည်း ဆပ်ပြာလုပ်ငန်းနှင့် တွဲ၍ ဓါက်ဆံ လုပ်ငန်းကိုပါ ပူးတွဲ လုပ်ဆောင်သည်လည်း ရှိသည်။ ပဲခူးမြို့ တောင်ငူ လမ်းမကြီးပေါ်ရှိ မြန်မာ့ကုမ္ပဏီသည် သံပုံးစက်နှင့် ဓါက်ဆံ-မြူစွမ်-ဆပ်ပြာ စက်မှုလက်မှု လုပ်ငန်းများကို ပူးတွဲလုပ်ဆောင်ကာ တိုင်းရင်းသားပိုင် ကုမ္ပဏီဟု ကြော်ငြာ၍ ဖြန့်ဖြူးရောင်းချသည်။ မြန်မာ့ကုမ္ပဏီမှ ရွှေအုန်းသီးတံဆိပ် ဆင်ချေးတုံးဆပ်ပြာ၊ မြန်မာ့ဆပ်ပြာ၊ ရုံတွဲဆပ်ပြာတို့ကို ထုတ်လုပ်သည်။[၁] အလားတူပင် ရန်ကုန်မြို့ လသာလမ်းရှိ ပြည်သူ့ စက်မှုလက်မှု ကော်ပိုရေးရှင်းမှလည်း အိမ်သုံးပစ္စည်း အမျိုးမျိုးနှင့်အတူ ဆပ်ပြာ အမျိုးမျိုး ပူးတွဲထုတ်လုပ် ရောင်းချသည်။

ပြည်ထောင်သာ စီမံကိန်း ကာလအတွင်းက မန္တလေးမြို့တွင် ထင်ရှားသော ဆပ်ပြာ စက်ရုံ ၃ ရုံရှိသည်။ ကျောက်လမ်း၊ ဓနဝန်းရပ်ရှိ ဘီဝိုင်စီ ဆပ်ပြာစက်၊ တရုတ်တန်းလမ်းရှိ ရတနာပုံ ဆပ်ပြာစက်နှင့် မြို့ဟောင်းဘူတာ အနောက်ရှိ ဘီအိုင်စီ ဆပ်ပြာစက်တို့ ဖြစ်ကြသည်။

ဘီဝိုင်စီဆပ်ပြာစက်ကို ၁၉၅၁ ခုနှစ်တွင် တရုတ်အမျိုးသား ၅ ဦးတို့က အစုစပ်ရင်းနှီးငွေ ကျပ်သုံးသိန်းဖြင့် တည်ထောင်သည်။ အဝတ်လျှော်ဆပ်ပြာများထုတ်လုပ်သည်။ ရတနာပုံ ဆပ်ပြာစက်မှာမူ စစ်မဖြစ်မီကိုလိုနီခေတ်ကပင် တည်ထားသော စက်ဖြစ်သည်။ လွတ်လပ်ရေး ရပြီးနောက် စက်ရုံကို တရုတ်တန်းသို့ပြောင်းရွှေ့၍ ဦးလှမောင်က ဆက်လက်လုပ်ကိုင်သည်။ ဘီအိုင်စီဆပ်ပြာစက်မှာ ဒေါ်ကျင်လှိုင်တစ်ဦးတည်းပိုင်စက်ဖြစ်သည်။ ၁၉၄၆ ခုနှစ်တွင် မတည် ရင်းနှီးငွေ တစ်သိန်းဖြင့် တည်ထောင်ခဲ့သည်။[၂]

ရန်ကုန်မြို့တွင် အီးစီမဒါးနှင့် ဒေါ်ရင်ရင် ရွှေတီးဆပ်ပြာစက်တို့အပြင် ဘန်လီဆပ်ပြာစက် ကမာရွတ်၊ တိုင်လီဆပ်ပြာစက်ကမာရွတ်၊ တင်အုန်းဆပ်ပြာစက် ကမာရွတ်၊ ခင်မြိုင်ဆပ်ပြာစက် သင်္ဃန်းကျွန်း၊ ကျန်ဟင်းဆပ်ပြာစက်သင်္ဃန်းကျွန်း၊ ဘာမင်းနီးယားဆပ်ပြာစက် သင်္ဃန်းကျွန်း၊ တိုင်ချွန်းဆပ်ပြာစက် ကုက္ကိုင်း၊ စိန်ဟွာဆပ်ပြာစက် ကုက္ကိုင်းတို့လည်းရှိသည်။[၃] ခင်မြိုင် ဆပ်ပြာစက်မှရွှေပုစွန်တံဆိပ်ဆပ်ပြာ၊လွတ်လပ်ရေးတံဆိပ်အဝတ်လျှော်ဆပ်ပြာများ ထုတ်လုပ်၍

၁။ မြန်မာပြည်ကုန်သွယ်ရေးနှင့် စက်မှုလက်မှုလမ်းညွှန်၊ ၁၉၆၀ - ၆၁
၂။ ဆပ်ပြာစက်ရုံအမှတ်(၄)စက်မှုလုပ်ငန်းသမိုင်း၊ စာ ၅-၆
၃။ ဆပ်ပြာစက်ရုံအမှတ်(၂) စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၁-၁၂

ဘန်လီဆပ်ပြာစက်မှ ရွှေယပ်တောင်တံဆိပ်နှင့် နေမိတံဆိပ်ဆပ်ပြာများထုတ်လုပ်သည်။ ဆပ်ပြာလုပ်ငန်းကို များသောအားဖြင့်တရုတ်အမျိုးသားများက လုပ်ကိုင်ကြသည်။

လပ် (စ်)ဂိတ်ဆပ်ပြာမှုန့်၊ စတိုင်လီဆပ်ပြာတောင့်နှင့် သုခဆင်ချေးတုံးဆပ်ပြာခဲများ ထုတ်လုပ်သော လပ်(စ်) ဂိတ်ဆပ်ပြာစက်ရုံသည် ရန်ကုန်မြို့၊ အမှတ် ၄၈၊ ကမ်းနားလမ်းတွင် တည်ရှိသည်။ မှလက ၄၈၆၊ ဗန္ဓုလလမ်းရှိ United Chemical Works ကုမ္ပဏီ၏ လက်အောက်ခံလုပ်ငန်းဖြစ်သည်။ နိုင်ငံသားလက်မှတ်ရ မောင်နုမနှစ်ဦးပိုင် ဖြစ်သည်။ ကမ်းနားလမ်းတွင် ဆပ်ပြာစက်အသင်တည်သောအခါ ၁၉၅၁ ခုနှစ်က သန်လျက်စွန်းတွင် တည်ထားသောဆပ်ပြာစက်မှ စက်ဟောင်းများကိုပါ စက်သစ်တွင် ပူးပေါင်းတည်သွင်းသည်။ စက်သစ်ကို ၁၉၅၆ ခုနှစ်တွင် မတည်ရင်းနှီးငွေကျပ် ၅ သိန်းဖြင့် စတင်လည်ပတ်သည်။ စက်ရုံတွင် ဆပ်ပြာချက်အိုး ၆ လုံး၊ ဆပ်ပြာခြင်စက် ၃ လုံး၊ ဆပ်ပြာကြိတ်စက် ၃ လုံး၊ ဆပ်ပြာတုံးစက် ၃ လုံး၊ ဆပ်ပြာအတုံးလုပ်စက် ၃ လုံး၊ ဆပ်ပြာထုပ်စက် ၁ လုံး၊ လျှပ်စစ်အားသုံးဆပ်ပြာအခြောက်ခံစက် ၁ လုံး၊ ဓာတ်ခွဲကိရိယာ ၁ စုံတို့ရှိသည်။ ဓာတ်ခွဲကိရိယာများနှင့် ဆပ်ပြာထုပ်စက်တို့သည် အင်္ဂလန်လုပ်များဖြစ်၏။ ကျန်စက်များမှာ ဂျပန်ပြည်လုပ်များဖြစ်ကြသည်။ စက်ရုံ၏ ကုန်ထုတ်စွမ်းအားမှာ တစ်နေ့ ၃ ဆိုင်းဖြင့် ရက် ၃၀၀ လည်လျှင်ဆပ်ပြာမှုန့်တန်ချိန် ၈၀၀၊ အဝတ်လျှော်ဆပ်ပြာတန် ၆၀၀ မျှထုတ်နိုင်သည်။[၁]

မြည်တော်သာစီမံကိန်းကာလအတွင်းက မိတ္ထီလာရိုင် လက်ကားသမဝါယမအသင်းက တည်ထောင်သော ဆပ်ပြာစက်တစ်ခုလည်းရှိခဲ့သည်။ မလှိုင်မြို့ ဘုဌေးကုန်းရပ်၊ မလှိုင်ဘူတာရုံ အနီးတွင်တည်ထားသော မလှိုင်ဆပ်ပြာစက်ရုံ၏ မြေအကျယ်အဝန်းမှာ ၄၇, ၂၇၀ ဧကရှိသည်။ စက်ရုံကိုရင်းနှီးမတည်ငွေ ၃ သိန်း ၅ သောင်းကျော်ဖြင့် ၁၉၅၃-၅၄ ခုနှစ် တွင်စတင်တည်ဆောက်သည်။ ၁၉၅၄ ခု နိုဝင်ဘာလ ၃ ရက်နေ့တွင်စတင်လည်ပတ်ထုတ်လုပ်နိုင်သည်။ အဝတ်လျှော်ဆပ်ပြာခဲနှင့် ဆပ်ပြာတောင့်များ ထုတ်လုပ်သည်။ စက်စွမ်းအားမှာ ၈ နာရီ ၃ ဆိုင်းဖြင့် တစ်နေ့ ၃ အိုးချက်ပါက ဆပ်ပြာ ၈ တန်ထွက်နိုင်သည်။ ဆပ်ပြာစက်တည်ထားသောနေရာသည် ဝါဂွမ်းအများထွက်ရာ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ မန္တလေး၊ ကျောက်ဆည်၊ မကွေးဒေသတို့နှင့် ဆက်စပ်နေသဖြင့် ဆပ်ပြာချက်ရန် ဝါစေ့ဆီချေး လုံလောက်စွာရနိုင်သည်။ စက်ရုံရှိစက်များသည် အသစ်ဝယ်ယူတပ်ဆင်သော စက်များမဟုတ်ကြချေ။ စစ်မဖြစ်မီ စတီးဘရားသားကုမ္ပဏီက အသုံးပြုခဲ့သော စက်များဖြစ်ကြသည်။

မလှိုင်ဆပ်ပြာစက်သည် စတင်လည်ပတ်သည်မှ ၃ နှစ်မျှသာ ဆက်လက်လည်ပတ်နိုင်ခဲ့သည်။ သမဝါယမမှ အခြားလုပ်ငန်းသစ်များကို ပူးတွဲလုပ်ဆောင်သဖြင့် ငွေကြေးအခက်

၁။ လပ်(စ်)ဂိတ်ဆပ်ပြာလုပ်ငန်းနှင့် ပတ်သက်သော အစီရင်ခံစာ၊ စာ ၁-၂

အခဲဖြစ်ကာ စက်ရုံကိုရပ်ဆိုင်းလိုက်ရသည်။ စက်လည်စဉ် ၃ နှစ်အတွင်း ၁၉၅၄-၅၅ ခုနှစ်က ဆပ်ပြာ ၁၆၀ တန်၊ ၁၉၅၅-၅၆ ခုနှစ်တွင် ၂၂၀ တန်နှင့် ၁၉၅၆-၅၇ ခုနှစ်တွင် ၁၂၇ တန် ထုတ်လုပ်ခဲ့သည်။ စက်ရုံတွင် ဆပ်ပြာချက်အိုး ၄ လုံး၊ ဆီကြည်အိုး ၃ လုံး၊ မွှေအိုး ၁ လုံး၊ အေးစက် ၁ ခု၊ တံဆိပ်ခုံ ၄ ခု၊ လေမှုတ်စက် ၁ လုံးနှင့် မြင်းကောင်ရေ ၁၇ ကောင်အား၊ ရပ်စတန် အမျိုးအစားစက် ၁ လုံးတို့ရှိသည်။[1]

ဖွံ့နမ့ စားသုံးဆီထုတ်လုပ်ရန် စက်ရုံတည်ထောင်နိုင်ခြင်းသည်လည်း ဆပ်ပြာထုတ်လုပ်ရေးကို တစ်ဘက်မှထောက်ကူပံ့ပိုးပေးသည်။ ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးဖြစ်သော ဦးချန်စုသည် အထွေထွေဆီစက် လီမိတက်ကို တည်ထောင်အောင်မြင်ရာ တစ်နေ့လျှင် နဂါးပျံအမှတ်တံဆိပ်ဖြင့် ဆပ်ပြာဆီ ၇ တန်၊ စားသုံးဆီ ၃ တန်၊ ဆပ်ပြာမှုန့် ၄ တန်နှင့် အဝတ်လျှော်ဆပ်ပြာတစ်တန်ခွဲ ထုတ်လုပ်ရောင်းချနိုင်သည်။[2]

မြန်မာနိုင်ငံတွင် အိမ်သုံးဆပ်ပြာ သုံးစွဲမှုသည် ၁၉၄၁ ခုနှစ်က တန်ချိန် ၁၄၀၀၀ ပတ်ဝန်းကျင်တွင်ရှိသည်။ တန်ချိန် ၉၀၀၀ ခန့်ကို ပြည်တွင်းမှထုတ်လုပ်၍ တန်ချိန် ၅၀၀၀ ခန့်ကို ပြည်ပမှတင်သွင်းသည်။၁၉၅၃ ခုတွင် လူဦးရေ ၁၈ သန်းရှိရာ ဆပ်ပြာသုံးစွဲမှုပိုလာသည်။ ထိုလိုအပ်ချက်ကို ၁၉၅၃ ခုမှစ၍ ပြည်တွင်းထုတ်လုပ်မှုဖြင့် ဖြည့်ဆည်းပေးခဲ့သည်။ ၁၉၅၉-၆၀ ခုနှစ်တွင် အီးစီမဒါ၊ ရွှေတီး၊ ယူနီလီဘား[3] စသောဆပ်ပြာစက်ကြီးများ အပါအဝင် ဆပ်ပြာစက်ရုံပေါင်း ၁၅၁ ရှိသည်။ ထိုစက်ရုံများမှ ကျပ်ငွေ ၄၃၁.၇၈ သိန်းဖိုး ထုတ်လုပ်ရောင်းချသည်။ ၁၉၆၀-၆၁ ခုနှစ်တွင် စက်ရုံပေါင်း ၁၅၁ ရုံမှ ကျပ်ငွေ ၅၃၉.၇၉ သိန်းဖိုး ထုတ်လုပ်သည်။[4]

ဆပ်ပြာလုပ်ငန်း ဖွံ့ဖြိုး တိုးတက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များက အပြိုင်အဆိုင် စက်တည်ထောင်ထုတ်လုပ်ကြရာ ၁၉၆၀-၆၁ ခုနှစ်ခန့်တွင် ဆပ်ပြာထုတ်လုပ်မှုသည် ပြည်တွင်းလိုအပ်ချက်ထက် များစွာပိုလျှံနေသည်။ ထိုစဉ်က ပြည်တွင်းလိုအပ်ချက်သည် တစ်နှစ်လျှင် ဆပ်ပြာတန်ချိန် ၃၅၀၀၀ ခန့်သာရှိသည်။ စက်ရုံများက တစ်နှစ်လျှင် တန်ချိန် ၉၄၀၀၀ ခန့် ထုတ်လုပ်ကြသဖြင့် လိုအပ်သည်၏ သုံးဆခန့်ရှိနေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည်

၁။ **မထိုင်ဆပ်ပြာစက်နှင့် ပတ်သက်သော အစီရင်ခံစာ၊** စာ ၁
၂။ **မြန်မာ့ပြည်ကုန်သွယ်ရေးနှင့် စက်မှုလက်မှုလမ်းညွှန်၊** ၁၉၆၀-၆၁
၃။ ယူနီလီဘား ဆပ်ပြာစက်အကြောင်း အခန်း ၄ တွင်ရှုပါ။
၄။ **စီးပွားရေးစစ်တမ်း၊** ၁၉၆၂၊ စာ ၄၁၊ ၁၉၆၃၊ စာ ၃၈

ပြည်နယ်များမှအပ ဆပ်ပြာလုပ်ငန်းသစ် တည်ထောင်ခြင်း၊လက်ရှိလုပ်ငန်းကို တိုးချဲ့ခြင်းများ မပြုရဟု ပိတ်ပင်တားမြစ်ခဲ့သည်။[၁]

မီးခြစ်သည် တောရောမြို့ပါ အိမ်တိုင်းတွင် မရှိမဖြစ် လိုအပ်သောသုံးကုန်ဖြစ်သည်။ ဆေးလိပ်သောက်သူများအတွက် မီးခြစ်သည် ဆေးလိပ်နှင့်အတူ သွားလေရာပါသော အိတ်ဆောင်ပစ္စည်းဖြစ်သည်။ ပြန်လည်ထူထောင်ရေး ကာလအတွင်းက ဓာတ်မီးခြစ် အသုံးပြုမှု အလွန်နည်းသေးသဖြင့် သစ်သားမီးခြစ် ထုတ်လုပ်ရေးမှာ အလွန်အရေးပါနေသေးသည်။ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီက မြန်မာနိုင်ငံတွင် မီးခြစ်စက်ကြီး နှစ်ခုရှိသည်။ လွတ်လပ်ရေး ရပြီးစ ၁၉၄၈-၄၉ ခုနှစ်တွင် မြန်မာပြည်၌ အဒမ်ဂျီ မီးခြစ်စက်နှင့် The Overseas Chinese Match Factory တို့ရှိသည်။ တရုတ်မီးခြစ်စက်သည် အမှတ် ၁၂၇၊ ဟံသာဝတီလမ်း၊ ရန်ကုန်မြို့တွင် တည်ရှိသည်။[၂] စက်ရုံမြေဧရိယာမှာ ၅·၀၀၄ ဧကကျယ်သည်။ လွတ်လပ်ရေးရပြီးသည့်နောက် ပြည်တော်သာ စီမံကိန်းကာလတွင် ထိုမီးခြစ်စက် ၂ လုံးကပင် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။

သစ်သားမီးခြစ်စက် ၂ လုံးအနက် တစ်လုံးသည် မန္တလေးမြို့၊ မင်းတဲ အိမ်ကင်းရပ်၊ ၁၉ ဗီ လမ်းနှင့် ၂၂ စီလမ်းထောင့်တွင် တည်ရှိသည်။ ကိုလိုနီခေတ်ကပင် ဆိုဒင်ကုမ္ပဏီပိုင်အဖြစ် ရင်းနှီးမတည်ငွေ ကျပ်သိန်း ၃၁ ဖြင့်စတင်လည်ပတ်ခဲ့သော စက်ရုံဖြစ်သည်။ ဒုတိယ ကမ္ဘာစစ်အပြီး ၁၉၄၆ ခုနှစ်တွင် မြန်မာပြည် မီးခြစ်ကုမ္ပဏီ လီမိတက်အမည်ဖြင့်ပင် ပြန်လည်ဖွင့်လှစ်၍ ၁၉၄၇ ခုနှစ်တွင် မီးခြစ်များ စတင်ထုတ်လုပ်သည်။ ၁၉၅၂ ခုနှစ်တွင် စက်ဟောင်းများအစား အော်တိုမက်တစ် စက်သစ်များ တပ်ဆင်ထုတ်လုပ်ရာ တစ်နေ့လျှင် အဆန် ၄၀ ပါသော မီးခြစ်ကာဘွန်း ၅၀၀ မှ ၅၅၀ အထိ ထုတ်လုပ်နိုင်သည်။[၃]

မြန်မာပြည် မီးခြစ်စက်ရုံတွင် မီးခြစ်ဘူး၊ မီးခြစ်ဆန်၊ မီးခြစ်ယမ်း၊ မီးခြစ်ထုပ် စသည်တို့ကို အလိုအလျောက်လုပ်နိုင်သော စက်များတပ်ဆင်ထားသည်။ စက်များသည် အပတ် ၁၆၀ (160 Revolution) လည်နိုင်သည်။ တစ်နေ့ရှစ်နာရီ တစ်ဆိုင်းဖြင့် တစ်နှစ်လျှင် မီးခြစ်ကာဘွန်းပေါင်း ၁·၈ သိန်းထုတ်လုပ်သည်။ ကျွဲးတံဆိပ်၊ လှေတံဆိပ်၊

၁။ စက်မှုလက်မှုသတင်းလွှာ ၃၂/၆၁၊ နေ့စွဲ ၁၁-၁၀-၆၁၊ စက်မှုလက်မှု စာစောင် အတွဲ ၁၊ အမှတ် ၁၊ စာ ၃၂

၂။ *Business Guide of Burma* 1948-49 . p 101.
တရုတ်မီးခြစ်စက် မြေနေရာသည် ယခုကမာရွတ် အမှတ် (၆) ရပ်ကွက်၊ နဝနတ်တော မီးလောင်မြေ၊ အရှိုးကုဆေးရုံဝန်ထမ်းအိမ်များဝင်းအတွင်းတွင်ရှိသည်။

၃။ မီးခြစ်စက်ရုံ အမှတ် (၁)၊ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း စက်မှုသမိုင်း၊ စာ ၃-၄၊ နောက်ဆက်တွဲ ၈၊ စာ ၁-၃

နတ်သမီးဘုံဆိပ် စသည်ဖြင့် တံဆိပ် ၅ မျိုးခန့်ဖြင့် ထုတ်လုပ်ရောင်းချသည်။ ဥတုသုံးပါးခံသည်ဟုဆိုသောခေါင်းစဉ်ဖြင့် ထုတ်လုပ်ရောင်းချသော နတ်သမီး မီးခြစ်ကို အလွန်လူကြိုက်များခဲ့သည်။[၁]

မန္တလေးရှိ မြန်မာပြည် မီးခြစ်စက်နှင့် ခေတ်ပြိုင်မှာ ရန်ကုန်မြို့၊ အထက်ပုဇွန်တောင်လမ်းရှိ အဒမ်ဂျီဟာဂျီဒါဝတ်အင်ကုမ္ပဏီ လီမိတက်ပိုင် မီးခြစ်စက်ဖြစ်သည်။ ကိုလိုနီခေတ်ကပင် နိုင်ငံခြားသား အစုစပ် ၁၂ ဦးပိုင်အဖြစ်ဖြင့် ကျပ် ၄၆.၄၄ သိန်းမတည်၍ ရင်းနှီးကာ တည်ထောင်ခဲ့သည်။ အစုရှယ်ယာဝင်များမှာ အဒမ်ဂျီ အဆက်အနွယ်များဖြစ်သည်။ စစ်အပြီးတွင် စက်ရုံကို ပြန်လည်တည်ထောင် လည်ပတ်သော်လည်း အစုရှယ်ယာဝင်များသည် ပါကစ္စတန်တွင်ပင် နေထိုင်ကြသည်။ စက်ရုံကို အုပ်ချုပ်ရန် ဒါရိုက်တာလူကြီးတစ်ဦး ခန့်ထား၍ လုပ်ဆောင်သည်။ မူလစက်ဟောင်းများကိုပင် ဆက်လက်အသုံးပြုသော်လည်း ၁၉၅၉ ခုနှစ်တွင် မီးခြစ်ဘူးခွံပြုလုပ်ရန် စက် ၂ လုံးနှင့် မီးခြစ်ခွံအတွင်းအံ ပြုလုပ်ရန် စက် ၄ လုံး တိုးချဲ့တပ်ဆင်သည်။ မီးခြစ်ဆံများကို ဘူးခွံအတွင်း သွင်းခြင်း၊ မီးခြစ်ထုပ်များ ထုပ်ခြင်းတို့ကို အလုပ်သမားတို့က လက်ဖြင့်ပင်ပြုလုပ်သည်။ မီးခြစ်ဘူးတွင် ယစ်မျိုးခွန်တံဆိပ် ကပ်ခြင်း၊ မီးခြစ်ဘူးတံဆိပ် ကပ်ခြင်းများကို စက်ဖြင့်လုပ်သည်။

အဒမ်ဂျီ မီးခြစ်စက်ရုံရှိ စက်များသည် တစ်နေ့ရှစ်နာရီ တစ်ဆိုင်းဖြင့် မီးခြစ်ဘူး ၁၂၀၀ ပါသည့် အထုပ်ကြီး ၄၅၀၊ တစ်နှစ်လျှင် ၁.၃ သိန်းထုတ်လုပ်နိုင်သည်။ ဘူးခွံပြုလုပ်သည့်စက် ၇၂ လုံး၊ မီးခြစ်ဆံယမ်းတို့သည့် စက် ၃ လုံးရှိသည်။[၂] ဥတုသုံးပါးစလုံးနှင့် သင့်လျော်သည်ဟု ကြော်ငြာ၍ တရောတံဆိပ်၊ နွားခေါင်းတံဆိပ်၊ သင်္ဘောသား (Sailor) တံဆိပ်၊ အဒမ်ဂျီ ကျားတံဆိပ်မီးခြစ်များ ထုတ်လုပ်ဖြန့်ဖြူးရာ၌ မီးခြစ်များကို ကျွမ်းကျင်သော မြန်မာအမျိုးသားများက ပြုလုပ်သည်ဟုလည်း ဖော်ပြထားသည်။

ရန်ကုန်နှင့် မန္တလေးရှိ မီးခြစ်စက်တို့အပြင် ၁၉၅၀ ပြည့်နှစ်တွင် စစ်တွေမြို့၌ သန်းရွှေမီးခြစ်စက်အမည်ဖြင့် သန်းရွှေအင်ကုမ္ပဏီက မီးခြစ်စက်တစ်ခုတည်ထောင်သည်။ မတည်ရင်းနှီးငွေကျပ် ၁.၅ သိန်းဖြင့် အိန္ဒိယနိုင်ငံလုပ် စက်များကို ရန်ကုန်မြို့နေ ဦးထွန်းလင်းထံမှ ဝယ်ယူကာ စတင်လည်ပတ်သည်။ လိုအပ်သော အခြားစက်များကို ဂျပန်နိုင်ငံမှ ဝယ်ယူသည်။[၃] အမှတ်

၁။ မြန်မာပြည် မီးခြစ်စက်နှင့် ပတ်သက်သော အစီရင်ခံစာ၊ စာ ၁-၃

၂။ မီးခြစ်စက်ရုံအမှတ် (၂)၊ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းကော်ပိုရေးရှင်းစက်မှုသမိုင်း၊ စာ ၂-၃၊ နောက်ဆက်တွဲ ဆ၊ စာ ၁-၂၊ အဒမ်ဂျီမီးခြစ်စက်နှင့် ပတ်သက်သောအစီရင်ခံစာ၊ စာ ၁-၈

၃။ စက္ကူနှင့် ဓါတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း စက်မှုသမိုင်း၊ စာ ၅

၁၂၇ ဟံသာဝတီလမ်း၊ ရန်ကုန်တွင်တည်ထားသော Overseas Chinese Match Factory အမည်ဖြင့် လုပ်ငန်းငယ်တစ်ခုလည်းရှိသည်။[၁]

မီးခြစ်ထုတ်လုပ်ရာ၌ ဘူးခွံနှင့် မီးခြစ်ဆံ ပြုလုပ်ရန် ဗီဇူးနှင့် လက်ပံသစ်များကို ပြည်တွင်းမှ အလွယ်တကူရရှိသည်။ ပြည်ပမှ ကုန်ကြမ်း အနည်းငယ်သာဝယ်ယူရသည်။ ထို့ကြောင့် သစ်သားမီးခြစ် ထုတ်လုပ်ရေးလုပ်ငန်းမှာ အခက်အခဲမရှိဘဲ ဖွံ့ဖြိုးတိုးတက်သည်။ ၁၉၅၉-၆၀ ခုနှစ်တွင် မီးခြစ်စက်ရုံကြီး ၂ ရုံနှင့် စက်ရုံငယ် ၂ ရုံ ပေါင်း ၄ ရုံရှိသည်။ ထိုစက်များမှ မီးခြစ် ကျပ်ငွေ ၁၄၄·၈၆ သိန်းဖိုး ရောင်းချသည်။ ၁၉၆၀-၆၁ ခုနှစ်တွင် ကျပ် ၁၄၉·၇၀ သိန်းဖိုး ထုတ်လုပ်သည်။[၂] ပြည်တွင်းသုံးမီးခြစ် လိုအပ်ချက်သည် တစ်နှစ်လျှင် ၃၀၆၁၂၀ ကာတွန်းခန့် ရှိသည်။ ထိုလိုအပ်ချက်ကို မန္တလေးရှိ မြန်မာပြည် မီးခြစ်စက်နှင့် ရန်ကုန်ရှိ အဒမ်ဂျီ မီးခြစ် စက်တို့က ကောင်းစွာ ဖြည့်ဆည်းနိုင်သည်။ ၁၉၆၁ ခုနှစ်တွင် မီးခြစ်လုပ်ငန်းကြီး ၂ ခုနှင့် လုပ်ငန်းငယ် ၂ ခုတို့မှ မီးခြစ်ထုတ်လုပ်မှုသည် ပြည်တွင်းသုံး လိုအပ်သည်ထက် ပိုလျှံနေသည်။ ထို့ကြောင့် နောက်ထပ်မီးခြစ်စက် တည်ထောင်ခြင်းကို စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနမှ ခွင့်ပြုတော့မည် မဟုတ်ကြောင်း ကြေညာခဲ့သည်။[၃]

ဆီ၊ ရေနံဆီ၊ ငံပြာရည်၊ ဘီစကွတ် စသည်တို့ကို လေလုံရေလုံ သံဖြူပုံးအရွယ်အစား အမျိုးမျိုးဖြင့် ထည့်သွင်းရောင်းချကြသည်။ ဆီလုပ်ငန်း၊ ရေနံဆီလုပ်ငန်း၊ ငံပြာရည်လုပ်ငန်း ဘီစကွတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်နှင့်အမျှ သံဖြူပုံးထုတ်လုပ်ရေး စက်ရုံများ တစ်စ တစ်စ တိုးပွားများပြားလာသည်။ ဆီ၊ ရေနံ တို့အတွက် ၄ ဂါလန်ဝင် လေးထောင့်သံဖြူပုံးများ ထုတ်လုပ်သကဲ့သို့ ဘီစကွတ်စသည်တို့အတွက် သံဖြူဘူးဝိုင်း၊ ဘူးပြားအရွယ်အစား အမျိုးမျိုး လိုသည်။ အချို့ဆီလုပ်ငန်းရှင်များ၊ ဘီစကွတ်စက်ရုံ ပိုင်ရှင်များသည် သံဖြူပုံး ထုတ်လုပ်ရေး လုပ်ငန်းကိုပါ ပူးတွဲလုပ်ဆောင်ကြသည်။ တီစီစီ ဆီထုတ်လုပ်ရေးလုပ်ငန်း၊ ငွေဇင်ယော် ဆီစက်၊ ဦးပု ဘီစကွတ်စက်ရုံတို့တွင် သံဖြူပုံးများလည်း ထုတ်လုပ်သည်။

သံဖြူပုံး စက်ရုံများသည် ကုန်ကြမ်းဖြစ်သော သံဖြူပြားအချပ်များ၊ ဂဟေပစ္စည်း များရရှိရေး၊ လုပ်ငန်းကို စုပေါင်းအင်အားဖြင့် အကာအကွယ်ပေးရေးတို့အတွက် ၁၉၅၄

၁။ *Burma Year Book and Directory*, 1957-58, Section 16, p.23

၂။ **စီးပွားရေးစစ်တမ်း** ၁၉၆၂၊ စာ ၄၀၊ ၁၉၆၃၊ စာ ၃၀

၃။ **စက်မှုလက်မှုသတင်းလွှာ** ၂၆/၆၁၊ နေ့စွဲ ၂၉-၉-၆၁၊ **စက်မှုလက်မှုစာစောင်** အတွဲ ၁၊ အမှတ် ၁၊ စာ ၃၀

ခုနှစ်တွင် မြန်မာပြည် သံဖြူပုံး စက်ရုံများ အသင်းကြီးကို စတင်တည်ထောင်ကြသည်။ ၁၉၆၀-၆၁ ခုနှစ်တွင် အသင်းဝင်ဦးရေ ၄၀ ကျော်အနက် ရန်ကုန်နှင့် ဆင်ခြေဖုံး ရပ်ကွက်များတွင် ၂၃ ရုံရှိသည်။[၁] ပွင့်ကောင်းနှင့်ညီများ၊ ညွန့်မောင်နှင့်ညီများ သီဟ သံဖြူပုံးစက်ရုံ၊ အောင်မိတ်ဆက်သံဖြူပုံးစက်ရုံ၊ အမျိုးသား သံပုံးစက်၊ ဒဂုန် သံပုံးစက်၊ ရန်ကုန်သံပုံးစက်၊ ပြည်တော်သာသံပုံးစက်၊ မြန်မာပြည်သံပုံးစက် စသည်တို့မှာ ထင်ရှားသောစက်များ ဖြစ်ကြသည်။

ပြည်တော်သာ ကာလအတွင်း ၁၉၅၉-၆၀ ခုနှစ်တွင် သံဖြူပုံး စက်ရုံပေါင်း ၄၃ ရုံ ရှိသည်။ ထိုစက်ရုံများမှ ငွေကျပ် ၂၁၁.၇၆ သိန်းဖိုး သံဖြူပုံးများ ထုတ်လုပ် ရောင်းချသည်။ ၁၉၆၀-၆၁ ခုနှစ်တွင် စည်သွတ်ဘူး လုပ်ငန်းများ အပါအဝင် သံဖြူပုံး စက်ရုံ ၅၃ ရုံမှ သံဖြူပုံးကြီးငယ်ပေါင်း ၂၂၀၇၄၀၃၆ ထုတ်လုပ်သည်။[၂]

ပြည်တွင်းဖြစ် သွပ်ရေပုံး ထုတ်လုပ်ရေးသည် ပုဂ္ဂလိက လုပ်ငန်းရှင်များ အပြိုင်အဆိုင် တည်ထောင် လုပ်ကိုင်ကြသဖြင့် ပြည်တွင်းသုံးလိုအပ်သည်ထက် ပိုလျှံအောင် ထုတ်လုပ်နိုင်ခဲ့သည်။ ၁၉၅၉-၆၀ ခုနှစ်က မြန်မာပြည်တွင် သွပ်ရေပုံး လုပ်ငန်း ၂၂ ခုရှိသည်။[၃] ပဲခူးမြို့ ဖြန်ဟွာ ကုမ္ပဏီကဲ့သို့ ခေါက်ဆွဲလုပ်ငန်း၊ ဆပ်ပြာလုပ်ငန်းတို့နှင့် ပူးတွဲ၍ သံဖြူပုံးစက် တည်ထောင်သူများလည်း ရှိသည်။ အများစုမှာ ရန်ကုန်တွင် ရှိကြသည်။ မင်းသားတံဆိပ်၊ စိန်ဘံဆိပ်၊ နဂါးဘံဆိပ်၊ ရွှေဒင်္ဂါးတံဆိပ် စသည့် တံဆိပ် အမျိုးမျိုးဖြင့် ထုတ်လုပ်သော သွပ်ရေပုံးများမှာ ၁၉၅၉-၆၀ ခုနှစ်က ငွေကျပ် ၁၇း၇၄ သိန်းဖိုးရှိ၍ ၁၉၆၀-၆၁ ခုနှစ်တွင် ငွေကျပ် ၂၅.၅၆ သိန်းဖိုး ရှိသည်။[၄]

မှတ်ပုံတင်ထားသော သွပ်ရေပုံးလုပ်ငန်းများသည် ၁၉၆၀-၆၁ ခုနှစ်တွင် ၂၆ ရုံရှိလာသည်။ လုပ်ငန်းဦးရေ တိုးတက်သည်နှင့်အမျှ ကုန်ပစ္စည်းထုတ်လုပ်မှုလည်း တိုးတက်သည်။ ပြည်တွင်းဖြစ် သွပ်ရေပုံးများသည် နှစ်စဉ် ရေပုံး ဒါဇင်ပေါင်း တစ်သိန်းခန့် ထုတ်လုပ်ကြသဖြင့် ဝယ်လိုအားထက် ရောင်းလိုအားကများ၍ ကုန်ပစ္စည်းများ ပိုလျှံနေသည်။ ပြည်ပမှ မှာယူတင်သွင်းရသော ကုန်ကြမ်းအတွက် နိုင်ငံခြားငွေ လိုသည်ထက် ပိုမိုကုန်ကျနေသည်။ ထို့ကြောင့် စက်မှုလက်မှုညွှန်ကြားရေးဝန်ဌာနသည် ၁၉၆၁ ခုနှစ်တွင် သွပ်ရေပုံးလုပ်ငန်းသစ်များ တည်ထောင်ခြင်းကို ခွင့်မပြုတော့ဘဲ ပိတ်ထားခဲ့လေသည်။[၅]

၁။ သံဖြူပုံး ထုတ်လုပ်သူများစာရင်း၊ နောက်ဆက်တွဲ ၉ ရှု
၂။ **စီးပွားရေးစစ်တမ်း၊** ၁၉၆၂၊ စာ ၄၁၊ ၁၉၆၃၊ စာ ၃၉
၃။ သွပ်ရေပုံး ထုတ်လုပ်သူများစာရင်း၊ နောက်ဆက်တွဲ ၁၀ ရှု
၄။ **စီးပွားရေးစစ်တမ်း၊** ၁၉၆၂ စာ ၉၄၁ ၊၁၉၆၃ စာ ၃၉
၅။ စက်မှုလက်မှုသတင်းလွှာ ၂၉/၆၁ နေ့စွဲ ၂၉ - ၉ - ၆၁ **စက်မှုလက်မှု စာစောင်၊** အတွဲ ၁၊ အမှတ် ၁၊ စာ ၃၁

မြန်မာနိုင်ငံတွင် ပြည်တော်သာစီမံကိန်းကာလအတွင်းက အပ်ချည်အောက်ရင်းကြိုးစက်၊ အာသီယာအောင်ဆန်း၊ အဘော်အောင်ဆန်း၊ အင်ဒိုဘားမားကြိုးစက်၊ ပျော်ဘွယ်လေးကြိုးစက်၊ အာကင်ဆပ်ကြိုးစက်၊ ဖျံဆိပ်ကြိုးစက်စသော ကြိုးစက်များရှိသည်။ အာသီယာကြိုးစက်၊ အင်ဒိုဘားမား ကြိုးစက်၊ အဖေ်ကြိုးစက်နှင့် ဖျံဆိပ် ကြိုးစက်တို့သည် ကိုလိုနီ ခေတ်ကပင် တည်ထားသော စက်များဖြစ်သည်။ အဖေ်ကြိုးစက်နှင့် ဖျံဆိပ် ကြိုးစက်တို့သည် အမှတ် ၂၅၉ ခုနှစ်ကုန်အောင်းဒိန်လမ်းမကြီးတွင် တည်ရှိသည်။ အဖေ်နှင့် သားများပိုင်သော စက်များဖြစ်သည်။[1] အုန်းဆံကြိုးစက်များသည် အိမ်တွင်း စက်မှု လုပ်ငန်းအဆင့်မျှသာရှိကြသဖြင့် နှံပင်လိမ် အုန်းဆံကြိုး Coir Yarn များ ပြုလုပ်ရာ၌ လက်လှည့်လွန်းစက်ကို အသုံးပြု၍ လွန်းတင်ကြသည်။ ထိုကြိုးကလေးများကို ပေါင်းပြီး လုံးပတ်ကြီးသော ကြိုးများဖြစ်အောင် ကျစ်ရာ၌ လက်လှည့်ကျစ်စက်ကိုပင် အသုံးပြုသည်။ အချို့ကအင်ဂျင်စက်များကို အသုံးပြုကြသည်။ ကျစ်ပြီးကြိုးများကို ခွေစက်များဖြင့် ခွေ၍ ရေနံစိမ်း စိမ်ပြီးမှ ဆီဒိမ် အုန်းဆံကြိုးအဖြစ် ရောင်းချကြသည်။ ကြိုးစက်လုပ်ငန်းရှင်များသည် များသောအားဖြင့် အိန္ဒိယသားများ ဖြစ်ကြသည်။ ဗမာ့စန်းရောင် စက်မှုလက်မှု ကုမ္ပဏီပိုင် ရွှေညီအြ ကြိုးစက်ကဲ့သို့ မြန်မာအမျိုးသားပိုင် စက်များလည်းရှိသည်။

ရွှေညီအြ ကြိုးစက်ကို ဥက္ကလာပမြို့ မြောက်ပိုင်း ကျောက်ရေတွင်းရွာတွင် တည်ထားသည်။ ဗမာ့စန်းရောင် စက်မှုလက်မှု ကုမ္ပဏီကိုမှ အမှတ် ၄၇၈ မဟာဗန္ဓုလလမ်းတွင် ဖွင့်လှစ်ထားသည်။ ပိုင်ရှင်မှာ မြန်မာ အမျိုးသား ဦးညိမ်းမောင်ဖြစ်၏။ စက်ရုံမှ ရွှေညီအြ တံဆိပ်ဆီစိမ်ကြိုးများ ထုတ်လုပ်သည်။ ၁၉၅၉-၆၀ ခုနှစ်တွင် ကြိုးစက် ဦးရေသည် ၁၇ ရုံအထိ တိုးတက်လာသည်။ ထိုစက်ရုံများမှ ကြိုးတန်ချိန် ၂၂၀၀၀ထုတ်လုပ်နိုင်သဖြင့် ပြည်တွင်းသုံးဖူလုံရုံမျှသာမက များစွာ ပိုလျှံနေပေသည်။ ထို့ကြောင့် စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနသည် ၁၉၆၁ ခုနှစ်တွင် ကြိုးစက်သစ်များ တည်ထောင်ခြင်းကို ခွင့်မပြုတော့ဘဲ ပိတ်ထားခဲ့သည်။[2]

ဓာတ်ခဲသည် ခေတ်မီ တိုးတက်လာသော လူနေမှု အဆင့်အတန်းတွင် အသုံးတွင်သော နေ့စဉ်သုံး ကုန်တစ်ခု ဖြစ်သည်။ ညအချိန် သွားလာရေးတွင် လက်နှိပ်ဓာတ်မီး အသုံးပြုကြသဖြင့် လက်နှိပ်ဓာတ်မီးသုံး ဓာတ်ခဲများ လိုသည်။ ရေဒီယို စသည်တို့တွင် အသုံးပြုမှုလည်း များလာသဖြင့် ဓာတ်ခဲ ထုတ်လုပ်ရေးသည် စီးပွားရေး လုပ်ငန်းကောင်းတစ်ခုဖြစ်သည်။ ရှေးအခါက ဓာတ်ခဲများကို ပြည်ပမှ တင်သွင်းရသည်။ ပြည်တော်သာ စီမံကိန်းကာလတွင် ပုဂ္ဂလိက လုပ်ငန်းရှင် အချို့သည် ဓာတ်ခဲအစိုနှင့် အခြောက်ထုတ်လုပ်ရေး စက်ရုံ၊ အလုပ်ရုံ

၁။ ဂုန်လျှော်ပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၊ မြန်မာ့ဂုန်လျှော်သမိုင်း၊စာ ၁၄၇ - ၄၈.

၂။ စက်မှုလက်မှုသတင်းလွှာ ၂၈/၆၁၊ နေ့စွဲ ၂၉ - ၉ - ၆၁ စက်မှုလက်မှုစာစောင်၊ အတွဲ ၁၊ အမှတ် ၁၊ စာ ၃၁

များဘည်ထောင်ကြသဖြင့် ပြည်တွင်း လိုအပ်ချက်ကို တစ်ဘက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်သည်။ ဓာတ်ခဲစက်ရုံများကို ၁၉၅၆ ခုနှစ်ခန့်က စတင် တည်ထောင်ကြရာ ၁၉၆၀-၆၁ ခုနှစ်တွင် စက်ရုံ ၇ ရုံအထိ တိုးတက်လာသည်။

ဓာတ်ခဲစက်ရုံများအနက် အဲဗားလိုက်ဓာတ်ခဲစက်ရုံကို ၁၉၅၆ ခုနှစ်တွင် သုံးဦးအစုစပ်ပိုင်အဖြစ်ဖြင့် အမှတ် ၁၃၀၊ ဦးချိုလမ်း၊ မယ်ဇီကုန်း၊ ကမာရွတ်တွင် တည်ထောင်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် စက်စတင်လည်ပတ် ထုတ်လုပ်သည်။ အစုဝင်များမှာ ဦးဘအောင်၊ မောင်မြင့်နှင့် တရုတ် အမျိုးသား တန်သြခြေတို့ဖြစ်ဖြစ်သည်။ မ တည်ရင်းနှီးငွေမှာ ကျပ် ၉၂၉၀၀ ဖြစ်၏။

အဲဗားလိုက် ဓာတ်ခဲ စက်ရုံတွင် ဓာတ်ခဲပုံသွင်းသော နှိပ်စက် (Pressing machine) Seaming machines, Rotary machines- သွပ်ပြားဖြတ်စက်၊ တံဆိပ်ဖြတ်စက်၊ ဓာတ်သဘ္ဘုမှုန့် ရောစပ်သောစက်များ၊ ကာဗွန်ချောင်း ဖိစက်များ စသည်တို့ရှိသည်။ အချို့စက်များမှာ လက်လှည့်စက်များဖြစ်၏။စက်ရုံမှ သမင်ငါးကောင် တံဆိပ် လက်နှိပ်ဓာတ်မီးသုံး ဓာတ်ခဲများ ထုတ်လုပ်သည်။ တစ်နေ့ရှစ်နာရီ တစ်ဆိုင်းဖြင့် ရက်ပေါင်း ၃၀၀ ထုတ်လုပ်က ဓာတ်ခဲဒါဇင်ပေါင်း ၇၅၀၀၀ ထွက်သည်။ အမှန်တကယ် ထုတ်လုပ်မှုမှာ တစ်နေ့ဒါဇင်၁၀၀ သာရှိသည်။ ဓာတ်ခဲဘူးခွံများကို စက်ရုံတွင် မလုပ်နိုင်၍ ပြင်ပ ပုဂ္ဂလိက ကန်ထရိုက်တာများထံတွင် သွပ်ပြားပေး၍ အပ်နှံရသည်။ ဓာတ်ခဲလုပ်ရန် ကုန်ကြမ်း ၂၂ မျိုးလိုအပ်သည့်အနက် ဖယောင်းတစ်မျိုးတည်းကိုသာ ပြည်တွင်းမှ ရသည်။ ကျန်ကုန်ကြမ်းများကို နိုင်ငံခြားမှ တင်သွင်းဝယ်ယူရသည်။[၁]

ရန်ကုန်ဓာတ်ခဲစက်ရုံကိုမူ ၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံသား ၃ ဦးနှင့် တရုတ်အမျိုးသား ၅ ဦးတို့က အစုစပ်ပိုင်အဖြစ်ဖြင့် ခတ်ချီးယားခြံအမှတ် ၂၆၊ လေးထောင့်ကန်လမ်း၊ သင်္ကန်းကျွန်းတွင် တည်ဆောက်သည်။ ထိုနှစ်တွင်ပင် စက်စတင်လည်ပတ်၍ ဆိတ်ခြောက်ကောင် တံဆိပ်လက်နှိပ်ဓာတ်မီးသုံး ဓာတ်ခဲများ ထုတ်လုပ်သည်။ မတည်ရင်းနှီးငွေ ကျပ်တစ်သိန်းဖြင့် တည်ထောင်ခဲ့သော ရန်ကုန် ဓာတ်ခဲစက်ရုံတွင်ဆေးထောင်းစက်၊ကြေးခေါင်းဖောက်စက်၊ ဖင်ပိတ်ဖောက်စက်၊သွပ်ပြား ခွေစက်၊ စက္ကူခေါင်းချိုးစက်၊ သွပ်ပြားဖြတ်စက်၊ဓာတ်ခဲနှတ်ခမ်းလုံးစက် စသည်ဖြင့် စက် ၁၇ မျိုးရှိသည်။ ပြည်တွင်းဖြစ်စက်များ ဖြစ်ကြသည်။ စက်စွမ်းအားမှာ တစ်နေ့ ရှစ်နာရီ တစ်ဆိုင်းဖြင့် ရက်ပေါင်း ၃၀၀ လည်ပတ်ပါက တစ်နှစ်လျှင် ဓာတ်ခဲ ဒါဇင်ပေါင်း ၉၀၀၀၀ ထုတ်လုပ်နိုင်သည်။ သို့သော် လက်တွေ့တွင် တစ်နေ့ ဓာတ်ခဲ ၂၅၀ ဒါဇင်သာ ထုတ်လုပ်သဖြင့် တစ်နှစ်လျှင် ဒါဇင်ပေါင်း ၇၅၀၀၀ သာ ထွက်သည်။[၂]

၁။ အဲဗားလိုက်ဓာတ်ခဲစက်ရုံနှင့် ပတ်သက်သော အစီရင်ခံစာ၊ စာ ၁-၆

၂။ ရန်ကုန်ဓာတ်ခဲလုပ်ငန်းနှင့် ပတ်သက်သော အစီရင်ခံစာ၊ စာ ၁-၇

တိုင်းရင်းသား ၂၀ အစုစပ်ပိုင် တည်သော ဓာတ်ခဲလုပ်ငန်းလည်း ရှိသည်။ ယူနီထရိတ် လီမိတက် ဓာတ်ခဲစက်ရုံဖြစ်၏။ ယူနီထရိတ် ဓာတ်ခဲစက်ရုံကို ၁၉၅၉ ခုနှစ်က ကျပ်ငွေ ၃ သိန်း မ တည်ရင်းနှီး၍ အမှတ် ၁၊ သုမင်္ဂလာလမ်း၊ ၁၆ ရပ်ကွက် တောင်ဥက္ကလာပတွင် တည်ထား သည်။ အစုရှယ်ယာဝင်များတွင် ၅၁ အိ၊ ယူနီဗာစတီ ရိပ်သာလမ်းနေ ဦးဘမောင်ချိန်၊ ဦးဘမောင်ချိန်၏ဇနီးနှင့် တောင်ဥက္ကလာပ ၁၆ ရပ်ကွက်မှ ဒေါ်မြင့်မြင့်လင်း၊ မောင်ကျော် ဇေယျ၊ မောင်စောလွင်၊ မခင်ခင်ကြီး၊ မောင်အောင်ကျော်၊ မိတ္ထီလာမှ ဦးခင်ကျိန်၊ ဦးသိန်းဝင်း စသည်တို့ ပါဝင်သည်။

စက်ရုံကို ၁၉၅၉ ခုနှစ် မတ်လတွင် စတင် တည်ထောင်၍ ထိုနှစ် ဇွန်လတွင်ပင် စတင် လည်ပတ်ထုတ်လုပ်ခဲ့သည်။ စက်များမှာ ဟောင်ကောင်မှ တင်သွင်းဝယ်ယူသော စက်များ ဖြစ်သည်။ ဓာတ်ခဲလုပ်ငန်းနှင့်ဆိုင်သော Mixing machine, Filling machine, Rollers, Pressers, Friction Cone, Cutters, Brass Cap Puncher, Seaming Presser စသည့်စက် ၂၅ မျိုးရှိသည်။ စက်စွမ်းအားမှာ တစ်နေ့ ရှစ်နာရီတစ်ဆိုင်းဖြင့် တစ်နှစ်လျှင် ဓာတ်ခဲဒါဇင် ၃ သိန်းထုတ်နိုင်သည်။ သို့သော် ၁၉၆၁ ခုနှစ်က ဓာတ်ခဲဒါဇင်ပေါင်း ၉၂၃,၂၀ သာထုတ်နိုင် ခဲ့သည်။[1]

အမှတ် ၃၁၉၊ လေးထောင့်ကန်လမ်း သင်္ဃန်းကျွန်းတွင် ဘားမားလိုက် ဓာတ်ခဲစက်ရုံ ရှိသည်။ ၁၉၅၈ ခုနှစ်ကတိုင်းရင်းသား ၆ ဦးတို့ အစုစပ်အဖြစ် ရင်းနှီးမတည်ငွေ ကျပ် ၁.၈ သိန်းဖြင့်တည်သော စက်ရုံဖြစ်သည်။ တစ်နေ့ရှစ်နာရီ တစ်ဆိုင်းဖြင့် တစ်နှစ်လျှင် ဓာတ်ခဲ ဒါဇင်ပေါင်း ၉၀၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိသည်။ သို့သော် ၁၉၆၁ ခုနှစ်က ဓာတ်ခဲ ၃၈၅၅၀ ဒါဇင်သာထွက်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် တည်ဆောက်၍ ၁၉၆၂ ခု မတ်လတွင် စက်စတင် လည်ပတ်သော မြင့်စက်မှုလက်မှု ဓာတ်ခဲစက်ရုံသည်လည်း တိုင်းရင်းသား ရှစ်ဦး အစုစပ်ပိုင် ဖြစ်သည်။ မတည်ရင်းနှီးငွေကျပ် ၁.၂၅ သိန်းမြှုပ်နှံထားသော လုပ်ငန်းဖြစ်၏။ စက်များ သည် ဟောင်ကောင်မှ မှာယူ တပ်ဆင်သော စက်များဖြစ်သည်။ ၁၉၆၁-၆၂ ခုနှစ်အတွင်း က လက်နှိပ်ဓာတ်မီးသုံး ဓာတ်ခဲ ၄၁၇၇၉ ဒါဇင် ထုတ်လုပ် နိုင်ခဲ့သည်။[2]

ဖော်ပြပါဓာတ်ခဲစက်ရုံများအပြင် Burma Battery Manufacturing Co. Ltd, T. S. Nanjee and Sons စသည့် ကုမ္ပဏီများလည်းရှိသည်။ မြန်မာနိုင်ငံတွင် ၁၉၅၉ - ၆၀ ခုနှစ်က ဓာတ်ခဲ (အခြောက်) နှင့် ဘက်ထရီ (အစို) လုပ်ငန်းများမှငွေကျပ် ၄၁.၂၈ သိန်းဖိုး

၁။ ယူနီထရိတ်လီမိတက်ဓာတ်ခဲလုပ်ငန်းနှင့် ပတ်သက်သောအစီရင်ခံစာ၊ စာ ၁-၅

၂။ မြင့်စက်မှုလက်မှုဓာတ်ခဲစက်ရုံနှင့်ပတ်သက်သောအစီရင်ခံစာ၊ စာ ၁-၄။

ထုတ်လုပ် ရောင်းချသည်။[၁] လက်နှိပ်ဓာတ်မီးသုံး ဓာတ်ခဲ (Dry Cell) ထုတ်လုပ်သော စက်ရုံ ၇ ရုံမှ ၁၉၆၀-၆၁ ခုနှစ်တွင် ကျပ် ၂၁.၄၂ သိန်းဖိုး ထုတ်လုပ်၍ ၁၉၆၁-၆၂ ခုနှစ်တွင် ကျပ် ၁၇.၅၀ သိန်းဖိုး ဓာတ်ခဲ ၄၇၀၇၃၅ သိန်းဒါဇင် ထုတ်လုပ် ရောင်းချသည်။[၂] ဓာတ်ခဲ ထုတ်လုပ်မှုသည် ပြည်တွင်း လိုအပ်ချက်ကို တစ်စိတ်တစ်ဒေသသာ ဖြည့်ဆည်းနိုင်သည်။ ပြည်တွင်းသုံးအတွက် တစ်နှစ်လျှင် ဓာတ်ခဲဒါဇင်ပေါင်း ၁၆ သိန်းခန့် လိုအပ်သည်။ ပြည်တွင်းမှ ဒါဇင် ၄ သိန်းကျော်မျှသာ ထုတ်လုပ်ပေးနိုင်သည်။ ထိုသို့ဖြစ်ရသည်မှာ တည်ဆောက် တပ်ဆင်ထားသော စက်များ ထုတ်လုပ်စွမ်းရည် ကောင်းမွန်သော်လည်း စက်များကို ကိုင်တွယ်လုပ်ဆောင်ရန် ကျွမ်းကျင်သော လုပ်သားများ မလုံလောက်သောကြောင့် စက်စွမ်းရည်ပြည့် မထုတ်လုပ်နိုင်ဘဲ ဖြစ်နေသည်။ ထို့ပြင် ဓာတ်ခဲထုတ်လုပ်ရန် လိုအပ်သော ကုန်ကြမ်းများသည် နိုင်ငံခြားကို အားထား မှီခို ဝယ်ယူရသော ပစ္စည်းများ ဖြစ်သဖြင့်လည်း ကုန်ကြမ်း အခက်အခဲ ရှိနေပေသည်။ ထို့ကြောင့် ဓါတ်ခဲစက်ရုံများသည် ပြည်တွင်း လိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်မပေးနိုင်ခဲ့ကြချေ။

ပြည်တော်သာ စီမံကိန်း ကာလတွင် ပုဂ္ဂလိကပိုင် မီးခံဘိလပ်မြေပြား စက်ရုံတစ်ရုံလည်း ရှိခဲ့သည်။ စက်ရုံမှာ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၇/၂(ခ)ရေယာ ၈.၇၆ ဧက ကျယ်ဝန်းသော မြေကွက်တွင် တည်ရှိသည်။ စက်ရုံကို တည်ထောင်သောကုမ္ပဏီမှာ ဘုံဘေ ဘားမား ထရေးဒင်း ကော်ပိုရေးရှင်း လီမိတက်ဖြစ်၏။ ဘီဘီတီစီ လီမိတက်သည် မြန်မာ့ သစ်တောများကို အများဆုံး ကြိုးကိုင် ထုတ်လုပ်နေသော ကုမ္ပဏီကြီး တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးနောက် ၁၉၄၉ ခုနှစ်တွင် နိုင်ငံတော် အစိုးရသည် ဘီဘီတီစီ၏ သစ်တောများ သစ်စက်များကို ပြည်သူပိုင် သိမ်းယူခဲ့သည်။ ထို့ကြောင့် ကုမ္ပဏီသည် စီးပွားရေး လုပ်ငန်းသစ် တစ်ခုဖြစ်သော မီးခံ ဘိလပ်မြေပြား စက်ရုံကို တည်ထောင်ခြင်း ဖြစ်သည်။

ဘီဘီတီစီ လီမိတက်သည် စက်ရုံ တည်ထောင်ရန် စင်္ကာပူနိုင်ငံ Hume Co. မှ စက် အဟောင်းကိုဝယ်ယူ၍ ၁၉၅၆ ခုနှစ်တွင် အလုံ၌ စက်စတင် တည်ဆောက်သည်။ ၁၉၅၈ ခု မတ်လ ၁ ရက်နေ့တွင် စက်စမ်းသပ် လည်ပတ်ပြီး ကုန်ထုတ်လုပ်မှုကို မတ်လ ၁၈ ရက်နေ့တွင် စတင်ခဲ့သည်။ စက်ရုံမှ မီးခံဘိလပ်မြေ အမိုးပြားများ၊ မျက်နှာကျက်ပြားများ ထုတ်လုပ် သည်။ မတည် ရင်းနှီးငွေမှာ ကျပ်ငွေ ထောင်ပေါင်း ၃၇၂၄·၉ ဖြစ်သည်။[၃]

၁။ စီးပွါးရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၄၁

၂။ Economic Survey of Burma, 1963, p. 40

၃။ မီးခံဘိလပ်မြေပြားစက်ရုံ (အလုံ) စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁-၂၊ ၁၂

မြန်မာနိုင်ငံတွင် အသေးစား စက်မှုလုပ်ငန်းနှင့် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများကို ပုဂ္ဂလိက အရင်းရှင်များက တည်ထောင်ကြရာ၌ ပြည်တွင်း လိုအပ်ချက်ကိုလိုက်၍ ဇစ်လုပ်ငန်း၊ နှိပ်ကြယ်သီးလုပ်ငန်း၊ ရေနံဆီမီးဖိုလုပ်ငန်း၊ သွားပွတ်တံလုပ်ငန်း၊ သဘော်ဆေးလုပ်ငန်း စသည်တို့လည်း ပါသည်။ အချို့ လုပ်ငန်းများမှာ အိမ်တွင်း စက်မှုလက်မှု အဆင့်မျှသာ ရှိသည်။ စမ်းသပ်တီထွင် လုပ်ဆောင်ခြင်းဖြစ်၍ အောင်မြင်သည်ရှိသကဲ့သို့ အရှုံးနှင့် ရင်ဆိုင်ရသည်လည်းရှိသည်။

သဘော်ဆေးစက်ရုံသည် ၁၉၅၀ ပြည့်နှစ် ဧပြီလတွင် ဟိုးမိသားစု လေးဦးစပ် အဖြစ်ဖြင့် ငွေကျပ် ၂ သိန်း မတည် ရင်းနှီးကာ တည်ထောင်သော စက်ရုံဖြစ်သည်။ အမှတ် ၁၃၀ (က) ငါးထပ်ကြီး ဘုရားလမ်းရှိ စက်ရုံ ဧရိယာသည် ၁.၅ ဧကခန့်ရှိသည်။ စက်ရုံ စတင် တည်ထောင်စဉ်က အက်စ်ဟိုးအင် ကုမ္ပဏီ အမည်ဖြင့် ကြာဆံလုပ်ငန်းကို စတင် လုပ်ဆောင်သည်။ ၁၉၅၃ ခုနှစ်တွင် ဩစတြေးလျဝါယာ ပရိုဒက် ကုမ္ပဏီအမည်ဖြင့် ဆံညှပ် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်သည်။ ကြာဆံလုပ်ငန်းမှာ အဆင်မပြေ အရှုံးပေါ်သဖြင့် ၁၉၅၄ ခုနှစ်တွင် သွားပွတ်တံ လုပ်ငန်းကိုလည်းကောင်း၊ ၁၉၅၆ ခုနှစ်တွင် ဇစ်လုပ်ငန်းနှင့် ပူးတွဲ၍ ကျောက်ပြား လုပ်ငန်းကို လည်းကောင်း လုပ်ကိုင်ပြန်သည်။ ကုန်ကြမ်း အခက်အခဲကြောင့် ၁၉၅၇ ခုနှစ်တွင် ကျောက်ပြားလုပ်ငန်းကို ရပ်စဲလိုက်ကာ ပလတ်စတစ်လုပ်ငန်းကို စတင်တည်ထောင်၍ ပလတ်စတစ်ဘီး၊ ဆပ်ပြာခွက်၊ ရေဘူးရေခွက် အမျိုးမျိုးနှင့် ကလေး ကစားစရာ ပစ္စည်းများ ထုတ်လုပ်သည်။ ထို့နောက် ၁၉၅၈ ခုနှစ်တွင် သဘော်ဆေး လုပ်ငန်းကို ပြည်တွင်းဖြစ်စက်များဖြင့် စတင်တည်ထောင်၍ ၁၉၅၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ **Tripple roller, single roller** ကြိတ်စက်များ မှာယူတပ်ဆင်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ပလတ်စတစ်အိတ်လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်သည်။ သဘော်ဆေးလုပ်ငန်းအတွက် လိုသော ထင်းရှူးဆီကို စက်ရုံအတွင်းမှာပင် ချက်လုပ်နိုင်ရန် ဆီချက်စက် **Synthetic resin plant** ကို ၁၉၆၀ ပြည့်နှစ်တွင် အနောက်ဂျာမနီနိုင်ငံမှ ပညာရှင်များနှင့် ပူးပေါင်းတည်ဆောက်သည်။ စက်ရုံမှ **Enamel paint** နှင့် **Aluminum paint** များထုတ်လုပ်သည်။ ဟိုးကုမ္ပဏီသည် စီးကရက်လုပ်ငန်း၊ သဘော်ဆေးလုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း၊ သွားပွတ်တံလုပ်ငန်း၊ ကြာဆံ လုပ်ငန်း၊ ကျောက်ပြားလုပ်ငန်း၊ ဇစ်လုပ်ငန်း စသောလုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်သော ကုမ္ပဏီဖြစ်သည်။[၁]

စက်မှုလက်မှု လုပ်ငန်းများ တည်ထောင်ရာတွင် စားရေးဆိုင်ရာ၊ ဝတ်ရေးဆိုင်ရာ၊ ဆောက် လုပ်ရေးနှင့် သုံးကုန်ဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ရေးကို ဦးစားပေးကြသည်။ လွယ်ကူမှု

၁။ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းစက်မှုသမိုင်း စာ၊ ၅—၆

အမြတ်အစွန်းရရှိမှု ရောင်းရတွင်ကျယ်မှုကို ပဓာနထားကြသဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များသည် ထိုလုပ်ငန်းများ စက်ရုံများကို အပြိုင်အဆိုင် တည်ဆောက်ကြသည်။ စက်မှုထူထောင်ရေးတွင် အရေးပါသော ဓာတ်ငွေ့ထုတ်လုပ်ရေးစက်ရုံ၊ ဓာတုဗေဒပစ္စည်းစက်ရုံ စသည်တို့ကိုမူ နားလည် ကျွမ်းကျင်မှု ငွေကြေးအရင်းအနှီး တတ်နိုင်မှုတို့ အထူးအရေးကြီးသဖြင့် တည်ထောင်သူ နည်းသည်။ ပြန်လည်ထူထောင်ရေးကာလ တည်ထောင်သော စက်ရုံများတွင် ဓာတ်ငွေ့ ထုတ်လုပ်ရေးစက်ရုံတစ်ရုံနှင့် ဓာတုဗေဒပစ္စည်း စက်ရုံတစ်ရုံသာပါသည်။

ဓာတ်ငွေ့ ထုတ်လုပ်ရေး စက်ရုံသည် ကိုလိုနီခေတ်ကပင် တည်ရှိသော စက်ရုံဖြစ်သည်။ စစ်အပြီး ၁၉၄၇ ခုနှစ်တွင် စက်များကို ပြန်လည်တပ်ဆင်ကာ အောက်စီဂျင်နှင့် အစက်တလင်း ဓာတ်ငွေ့များ ထုတ်လုပ်သည်။ စက်ရုံ တည်ဆောက်ထုတ်လုပ်သူများမှာ နိုင်ငံခြားသားများသာဖြစ်သည်။ လန်ဒန်မြို့ရှိ ဗြိတိသျှအောက်စီဂျင် ကုမ္ပဏီသည် အိန္ဒိယ အောက်စီဂျင်ကုမ္ပဏီမှ ဓာတ်ငွေ့ထုတ်လုပ်ရေး စက်ရုံကို ၁၉၄၉ ခုနှစ်တွင် ဝယ်ယူကာ ဘားမား အောက်စီဂျင် လီမိတက် အမည်ဖြင့် မြန်မာပြည်တွင် စက်ရုံသီးခြား တည်ထောင်သည်။ ဘားမား အောက်စီဂျင် လီမိတက်မှ အောက်စီဂျင်နှင့် အစက်တလင်း ဓာတ်ငွေ့များ ဆက်လက် ထုတ်လုပ်သည်။[၁] မြန်မာနိုင်ငံမှ နိုင်ငံခြားသား အရင်းရှင်များပိုင် တစ်ခုတည်းသော ဓာတ်ငွေ့ ထုတ်လုပ်ရေး စက်ရုံဖြစ်သည်။

ဓာတ်ငွေ့ ထုတ်လုပ်ရေး စက်ရုံတွင်ရှိသော အောက်စီဂျင်ထုတ်စက်သည် ၁၉၄၆ ခုနှစ်တွင် အိန္ဒိယမှ ယူဆောင်လာကာ တပ်ဆင်သောစက်ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် ဒုတိယစက် တစ်လုံးတပ်ဆင်သည်။ ထိုအောက်စီဂျင်စက်နှစ်လုံးသည် **British oxygen Co. Ltd. London** မှ ထုတ်လုပ်သော စက်များဖြစ်ကြသည်။ တစ်နာရီလျှင် အောက်စီဂျင်ကုဗပေ ၁၀၀၀ စီ ထုတ်လုပ်နိုင်စွမ်းရှိသည်။ အစက်တလင်းဓာတ်ငွေ့ ထုတ်လုပ်စက်သည်လည်း ၁၉၄၆ ခုနှစ်က တပ်ဆင်သောစက်ဖြစ်သည်။ တစ်နာရီလျှင် ဓာတ်ငွေ့ ကုဗပေ ၆၀၀ ထုတ်လုပ် နိုင်စွမ်းရှိ သောစက်ဖြစ်သည်။[၂]

ဓာတုဗေဒပစ္စည်းစက်ရုံလည်း တစ်ရုံသာရှိသည်။ ခေတ်ပညာတတ် တိုင်းရင်းသား လူငယ် မိသားစု တစ်ခုက စမ်းသပ် တည်ထောင်သော စက်ရုံဖြစ်သည်။ စက်ရုံကို ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သူသည် ထားဝယ်မြို့မှ သတ္တုတွင်းပိုင်ရှင် တယ်လူပေါ်သား ဒေါက်တာ အုံးတင်ဖြစ်သည်။ ဒေါက်တာ အုံးတင်သည် တစ်နေ့လျှင် တစ်တန်ထွက်နိုင်သော ကန့်ငရဲမီးစက်တစ်လုံးကို ဂျာမနီနိုင်ငံမှ ဝယ်ယူကာ လုပ်ငန်းစတင်သည်။ ဝယ်ယူသော

[၁]။ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း စက်မှုသမိုင်း။ စာ ၄—၅

၂။ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်းစက်မှုသမိုင်း၊ နောက်ဆက်တွဲ(ျ၊ ဓာတ်ငွေ့ထုတ်လုပ်ရေး စက်ရုံအမှတ် ၁၊ စာ ၄—၅

စက်မှာ စက်ယောင်းတစ်ခုဖြစ်၍ လည်းကောင်း၊ လုပ်ငန်း ကျွမ်းကျင်သူ လုပ်သားများ မရနိုင်၍ လည်းကောင်း လုပ်ငန်းမတွင်ကျယ် မအောင်မြင်ဘဲ အရှုံးနှင့် ရင်ဆိုင်ရသည်။ ငွေပင်ငွေရင်း ထပ်မံစိုက်ထူရန် လိုအပ်သဖြင့် ဒေါက်တာ အုံးတင် ဆွေမျိုးသားချင်းများ ၃၂ ဦး စုပေါင်းကာ ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဓာတုဗေဒလုပ်ငန်း လီမိတက် Heavy Chemical Industry Ltd. (H.C.L) အမည်ဖြင့် ဓာတုဗေဒပစ္စည်း စက်ရုံကို အနောက်ကမာရွတ် ၌ တည်ဆောက်သည်။

ထိုသို့ စက်ရုံတည်ဆောက်ပြီး တစ်နေ့လျှင် ၁၀ တန်မှ ၁၂ တန်အထိ ထုတ်လုပ်နိုင်သော ဆာလ်ဖြူရစ်အက်ဆစ်စက်ကို အနောက်ဂျာမနီနိုင်ငံ Cheminou Gmbh ကုမ္ပဏီမှ ကျပ် ၁.၀၆၄ သန်းဖြင့် ၁၉၅၅ ခုနှစ်တွင် ဝယ်ယူတပ်ဆင်ကာ ၁၉၅၇ ခုနှစ်တွင် စက်စတင်လည်ပတ်သည်။ ထိုနှစ်မှာပင် ဟိုက်ဒရိုကလိုရစ်အက်ဆစ်နှင့် နိုက်ထရစ်အက်ဆစ်စက်ကို အင်္ဂလန်နိုင်ငံ Thermal Syndicate မှငွေကျပ် ၀.၀၇၂ သန်းဖြင့်လည်းကောင်း၊ မဂ္ဂနီစီယမ်ဆာလ်ဖိတ်ထုတ်လုပ်ရေး စက်ကို အနောက်ဂျာမနီနိုင်ငံ John and Company မှ ငွေကျပ် ၀.၅၄၇ သန်းဖြင့် လည်းကောင်း ဝယ်ယူတပ်ဆင်သည်။ ဘက်ထရီစက်ရုံကိုမူ ၁၉၅၆ ခုနှစ်တွင် အနောက်ဂျာမနီနိုင်ငံ W. Hol Zapfel & Hilgers ကုမ္ပဏီမှ ငွေကျပ် ၁.၂၁၃ သန်းဖြင့် ဝယ်ယူတည်ဆောက်သည်။ ဘက်ထရီအိုးခွံထုတ်လုပ်ရေးအတွက် ၁၉၅၉ ခုနှစ်တွင် ချက်ကိုစလိုဗေးကီးယားနိုင်ငံမှ လည်းကောင်း၊ အနောက်ဂျာမနီနိုင်ငံ Beaker and Vanhullan မှ လည်းကောင်း ငွေကျပ် ၁.၄၅၂ သန်းဖြင့် ဝယ်ယူတည်ဆောက်သည်။ ၁၉၆၀ ပြည့်နှစ်မှစ၍ ဘက်ထရီအိုးခွံများနှင့် အခြားရော်ဘာပစ္စည်းများ စတင်ထုတ်လုပ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းတွင်မူ ဟိုက်ဒရိုကလိုရစ်အက်ဆစ်၊ နိုက်ထရစ်အက်ဆစ်နှင့် မဂ္ဂနီစီယမ်ဆာလ်ဖိတ်ထုတ်လုပ်ရေး လုပ်ငန်းများရပ်ဆိုင်းသွားကာ ခဲနီမှုန့်နှင့် ရှာလကာရည်လုပ်ငန်းကိုစတင်လုပ်ဆောင်ပြန်သည်။ ထို့နောက် အင်္ဂလန်နိုင်ငံ Proctor & Garable Co. မှ စက်များကို ငွေကျပ် ၁.၄၆၅ သန်းဖြင့် ဝယ်ယူ၍ ခေါက်ဆပ်ပြာမှုန့်ထုတ်လုပ်သည်။

ဓာတုဗေဒပစ္စည်းစက်ရုံကို အစုရှယ်ယာဝင် ဦးစိန်ဟန်၊ ဦးကြည်ငွမ်နှင့် ဒေါက်တာ အုံးတင် တို့ပါဝင်သော ဒါရိုက်တာဘုတ်အဖွဲ့ဖြင့် အုပ်ချုပ်သည်။ ၁၉၅၇ ခုမှ ၁၉၆၃ ခုနှစ်အထိ ဒေါက်တာ အုံးတင်က စီမံအုပ်ချုပ်မှုဒါရိုက်တာအဖြစ် ဆောင်ရွက်သည်။ စက်ရုံအသီးသီးမှ ထွက်သော ပစ္စည်းများကိုဖြန့်ဖြူးရောင်းချရန် ဖြန့်ဖြူးရေးလုပ်ငန်းလီမိတက်ကို အမှတ် ၃၃ ယောက်လမ်းတွင် ဖွင့်လှစ်ထားသည်။[1]

၁။ စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းကော်ပိုရေးရှင်း စက်မှုသမိုင်း။ ၇–၉။ ၁၄။ နောက်ဆက်တွဲ ဓာတုဗေဒ ပစ္စည်းစက်ရုံအမှတ်(၁) ၈၁ ၁–၃

သစ်ထုတ်လုပ်ရေး၊ သစ်စက်တည်ထောင်၍ သစ်ခွဲရေးတို့သည် မြန်မာနိုင်ငံတွင် ရှေးကပင် တွင်ကျယ် ဖွံ့ဖြိုးသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တော်သာစီမံကိန်းကာလအတွင်း သစ်စက်လုပ်ငန်းတွင် တီထွင်မှုတစ်ရပ် အောင်မြင်ခဲ့သည်။ ဘအိုကျွန်းနှင့် သစ်မာကုမ္ပဏီလီမိတက်သည် ကျွန်း၊ သစ်မာ၊ သစ်ကြမ်းများနှင့် သစ်ပါးလွှာအထပ်သားများကို ပထမဆုံး စတင်တီထွင်ပြုလုပ်သည်။ သစ်ပါးလွှာနှင့် အထပ်သားစက်ရုံကို နိဗ္ဗာန်ရပ်၊ ဆင်မလိုက်ကြည့်မြင်တိုင်တွင် တည်ထောင်ထားသည်။ စက်ရုံမှ ၃ ထပ်၊ ၅ ထပ်၊ ၉ ထပ်၊ ၁၁ ထပ်၊ ၁၃ ထပ်၊ ၁၅ ထပ်သားများ ထုတ်လုပ်သည်။ လက်လီလက်ကားအရောင်းဆိုင်ကို အမှတ် ၂၄၄၊ ၁၅ လမ်း ရန်ကုန်တွင် ဖွင့်လှစ်ထားသည်။ သစ်ပါးလွှာနှင့် အထပ်သားများတီထွင်ပြုလုပ်နိုင်ခြင်းသည် မြန်မာ့စက်မှုလက်မှုလုပ်ငန်းတည်ထောင်ခြင်းတွင် တစ်ထစ်တက်လှမ်းအောင်မြင်ခြင်းဖြစ်သည်။ သမားရိုးကျသစ်များ ပျဉ်များအစား လုပ်သက်သာ ခိုင်ခံ့ ပေါ့ပါးသော အထပ်သားများ၊ ပျဉ်အခင်းအကာ၊ မျက်နှာကြက်၊ တံခါးနှင့် အိမ်ထောင်ပရိဘောဂများကိုပြုလုပ်နိုင်သဖြင့် ဆောက်လုပ်ရေးလုပ်ငန်းတွင် အဆင့်အတန်းတိုးတက်ခေတ်မီလာပေသည်။

ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများသည် တစ်ဦးတည်းပိုင် တည်ထောင်ခြင်းရှိသကဲ့သို့ အစုစပ်ရှယ်ယာဝင်နှစ်ဦးမှ သုံးဆယ်ကျော်အထိပါဝင်စုပေါင်းတည်ထောင်ခြင်းလည်း ရှိသည်။ အချို့စက်ရုံအလုပ်ရုံပိုင်ရှင်များသည် တိုင်းရင်းသားများဖြစ်သည်။ နိုင်ငံခြားသားပိုင် စက်ရုံအလုပ်ရုံများလည်းရှိသည်။ တိုင်းရင်းသားနှင့် နိုင်ငံခြားသားတို့ ပူးတွဲ လုပ်ဆောင်သောလုပ်ငန်းများလည်းရှိသည်။

မြန်မာနိုင်ငံပြည်တော်သာ စီမံကိန်းကာလ ၁၉၅၃-၅၄ ခုနှစ်အတွင်းက စက်ရုံ အလုပ်ရုံအမျိုးမျိုးပေါင်း ၂၄၆၈ ရှိသည်။[1] ၁၉၅၈-၅၉ ခုနှစ်တွင် စက်ရုံဦးရေသည် ၂၅၄၁ ဖြစ်လာ၍ ၁၉၅၉-၆၀ တွင်မူ ၂၄၆၈ ရှိသည်။[2] ထိုစက်ရုံများအနက် စားသောက်ကုန်လုပ်ငန်းဆိုင်ရာ စက်ရုံအလုပ်ရုံမှာ အများဆုံးဖြစ်သည်။ ဝတ်ရေးဆိုင်ရာစက်ရုံများမှာ ဒုတိယအများဆုံးဖြစ်ရာ ၁၉၅၈-၅၉ ခုနှစ်ကစက်ရုံပေါင်း ၂၅၄၁ ရှိသည်တွင် စားသောက်ရေးဆိုင်ရာ ၁၃၃၃ ရှိ၍ ဝတ်ရေးဆိုင်ရာ ၄၇၅ ရှိသည်။ ၁၉၅၉-၆၀ ခုတွင်မူ စက်ရုံပေါင်း ၂၄၆၈ ရုံအနက် ၁၂၉၄ သည်စားသောက်ကုန်ဆိုင်ရာ စက်ရုံအလုပ်ရုံများဖြစ်ပြီး ၅၂၉ ရုံသည် ဝတ်ကုန်ထုတ်လုပ်သော စက်ရုံအလုပ်ရုံများဖြစ်ကြသည်။[3] ကျန်စက်ရုံအလုပ်ရုံများသည် သုံးကုန်ထုတ်လုပ်ရေးစက်ရုံများဖြစ်သည်။ မြန်မာနိုင်ငံစက်ရုံများအက်ဥပဒေအရ စက်ကိုအသုံးပြု၍

၁။ *First Stage Census* 1953, p. 20

၂။ ပုဂ္ဂလိကနှင့် အစိုးရစက်ရုံများပါသည်။

၃။ *Statistical Year Book* 1961, pp.163-4

အလုပ်သမား ၁၀ ယောက်နှင့် အထက်ရှိသော လုပ်ငန်းကို စက်ရုံအလုပ်ရုံဟု သတ်မှတ်ထားသည်။ အလုပ်သမား အနည်းအများကိုလိုက်၍ စက်ရုံပမာဏကိုခန့်မှန်းရာ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ခုနှစ်အတွင်းက အလုပ်သမားအင်အားအလိုက် စက်ရုံကြီးငယ်ဦးရေမှာ အောက်ပါအတိုင်းရှိသည်။[၁]

အလုပ်သမားဦးရေ	၁၉၅၈-၅၉	၁၉၅၉-၆၀
၁၀ ယောက်မှ ၁၄	၅၆၁	၅၃၇
၁၅ ယောက်မှ ၁၉	၄၄၄	၄၆၇
၂၀ ယောက်မှ ၄၉	၉၅၇	၈၈၈
၅၀ နှင့် အထက်	၅၇၉	၅၇၆

စက်ရုံအလုပ်ရုံအများစုကို တိုင်းရင်းသားများက ပိုင်ဆိုင်သည်။ ၁၉၅၈-၅၉ ခုနှစ်က စက်ရုံအလုပ်ရုံပေါင်း ၂၅၄၁ ရှိသည့်အနက် တိုင်းရင်းသားပိုင် ၂၁၉၄၊ နိုင်ငံခြားသားပိုင် ၁၂၈၊ တိုင်းရင်းသားနှင့် နိုင်ငံခြားသားပူးတွဲပိုင် ၂၁၉ ရှိသည်။ တိုင်းရင်းသားပိုင် စက်ရုံများသည် စုစုပေါင်း၏ ၈၆.၃၄ ရာခိုင်နှုန်း၊ နိုင်ငံခြားသားပိုင်သည် ၅.၀၄ ရာခိုင်နှုန်း၊ ပူးတွဲပိုင်သည် ၈.၆၂ ရာခိုင်နှုန်းဖြစ်သည်။ ၁၉၅၉-၆၀ ခုနှစ်တွင် စက်ရုံပေါင်း ၂၄၆၈ ရှိသည့်အနက် တိုင်းရင်းသားပိုင်စက်ရုံများသည် ၂၁၅၈ ရှိ၍ စုစုပေါင်း၏ ၈၇.၄၄ ရာခိုင်နှုန်းရှိသည်။ နိုင်ငံခြားသားပိုင် ၁၁၂ (၄.၅၄ ရာခိုင်နှုန်း) နှင့် ပူးတွဲပိုင် ၁၉၈၊ ရာခိုင်နှုန်းအားဖြင့် ၈.၀၂ ရှိသည်။[၂]

စက်ရုံအလုပ်ရုံများသည် ရန်ကုန်မန္တလေး စသော မြို့ကြီးများတွင် အများဆုံးရှိသည်။ တိုင်းနှင့်ပြည်နယ်အလိုက်သော် ပဲခူးတိုင်းတွင် အများဆုံးရှိ၍ ကချင်ပြည်နယ်တွင် အနည်းဆုံးရှိသည်။ ၁၉၅၃ ခုနှစ်မှ ၁၉၆၀ ခုနှစ်အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စက်ရုံအလုပ်ရုံများ တိုင်းနှင့် ပြည်နယ်အလိုက် တည်ရှိနေပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။[၃]

တိုင်းနှင့် ပြည်နယ်		၁၉၅၃	၁၉၅၈-၅၉	၁၉၅၉-၆၀
ရခိုင်	....	၅၉	၄၅	၆၀
ပဲခူး	....	၈၈၁	၁၁၅၃	၁၁၄၆
ဧရာဝတီ	....	၂၆၄	၃၇၆	၃၃၆

၁။ Statistical Year Book 1961, p. 161

၂။ Statistical Year Book ၀၁ ၁၆၁

၃။ *First Stage Census* 1953, p. 23 *Statistical Year Book* 1961. p. 162

တိုင်းနှင့် ပြည်နယ်		၁၉၅၃	၁၉၅၇-၅၉	၁၉၅၉-၆၀
တနင်္သာရီ	....	၂၀၀	၂၇၁	၂၆၃
မကွေး	....	၈၆	၁၉၅	၁၄၆
မန္တလေး	....	၃၅၀	၂၉၉	၂၇၀
စစ်ကိုင်း	....	၁၃၁	၁၉၄	၁၉၆
ကချင်	....	၁၁	၁၈	၂၃
ရှမ်း	....	....	၂၀	၂၀

စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်ရာ၌ မြို့ကြီးများတွင်သာ စုပြုံမနေစေဘဲ နယ်မြေအ နှံ့ ဖြန့်၍ လုပ်ဆောင်ရန်နှင့် ရန်ကုန်၊ စစ်တွေ၊ မြင်းခြံ တည်းဟူသော စက်မှုဗဟိုဌာနကြီး သုံးခုဖွင့်၍ လုပ်ဆောင်ရန် ပြည်တော်သာ စီမံကိန်းက ချမှတ်ထားသည်။ စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနကလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအား အသေးစားနှင့် အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းများ ထူထောင်ရန် ခွင့်ပြုအားပေးရာ၌ ပြည်နယ်များတွင် သင့်လျော်သော လုပ်ငန်းများ ထူထောင်ကြရန် လျာထားပေးသည်။

နယ်မြေဒေသအလိုက် ဖွံ့ဖြိုးနိုင်ခြေရှိသော စက်မှုလက်မှုလုပ်ငန်းများအနက် ကချင်ပြည်နယ်အတွက် သစ်သီးစည်သွတ်လုပ်ငန်း၊ ဂုန်လျှော်စိုက်ပျိုးရေးနှင့် ဂုန်လျှော်လုပ်ငန်း၊ ပိုးမွေးမြူရေး၊ သစ်စေးသစ်ဆီထုတ်လုပ်ရေး၊ ချင်းပြည်နယ်အတွက် မြေဖြူ (Talc) လုပ်ငန်း၊ ကျောက်သင်ပုန်းလုပ်ငန်း၊ ပိုးမွေးမြူရေးလုပ်ငန်း၊ သစ်သီး စည်သွတ်လုပ်ငန်းများကို လုပ်ဆောင်ကြရန် သတ်မှတ်ညွှန်ကြားသည်။ ရှမ်းပြည်နယ်အတွက်မူ သားရေလုပ်ငန်း၊ လက်လုပ်စက္ကူလုပ်ငန်း၊ ကြက်ဆူဆီထုတ်လုပ်ငန်း၊ ချိပ်လုပ်ငန်း၊ ကော်ဖီလုပ်ငန်းများကို လုပ်ကြရန် နှိုးဆော်သည်။ ကယားပြည်နယ်တွင် ဂျစ်ပဆန်မှ မြေဖြူနှင့် ပီအိုပီထုတ်လုပ်ရေး၊ ပိုးမွေးမြူရေး၊ ဆီထွက်သီးနှံစိုက်ပျိုးကြိတ်ခွဲရေးတို့ လုပ်ဆောင်ရန်သင့်ကြောင်းအကြံပေး၍ ကရင်ပြည်နယ်အတွက် ကြံသကာချက်လုပ်ငန်း၊ သစ်သီး စည်သွတ်လုပ်ငန်း၊ ဆီထွက်သီးနှံစိုက်ပျိုးကြိတ်ခွဲရေးလုပ်ငန်းများ သတ်မှတ်ပေးသည်။

စက်မှုလက်မှုလုပ်ငန်းထူထောင်မှု အားနည်းနေသေးသော ရခိုင်တိုင်းတွင် စက္ကူကတ်ထူလုပ်ငန်း၊ ငါးလုပ်ငန်းများ တိုးချဲ့ လုပ်ဆောင်ရန် အကြံပေးသည်။ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် အုတ်ဖုတ်လုပ်ငန်း၊ မယ်ဇီပင်မှ စားသုံးဆီနှင့် ဆပ်ပြာသုံးဆီ၊ ဂရေဆလင်၊ မာဂျရင်း ထုတ်လုပ်ငန်း၊ အိုးလုပ်ငန်း၊ သားရေလုပ်ငန်း၊ ချိပ်လုပ်ငန်း များကို တိုးချဲ့လုပ်ကြရန် ညွှန်ကြားသည်။ စက်ရုံအလုပ်ရုံ အများဆုံးရှိသော ပဲခူးတိုင်းတွင်ပင် စက္ကူ

လုပ်ငန်း၊ အုတ်ဖုတ်လုပ်ငန်း၊ ပိုးလုပ်ငန်း၊ ရွှေရည်စိမ်လုပ်ငန်း၊ စပါးခွံနှင့် လွှစာတို့မှ လောင်စာအခဲ ပြုလုပ်ခြင်း လုပ်ငန်းများကို တီထွင် လုပ်ကိုင်ရန် ချမှတ်ပေးသည်။ တနင်္သာရီတိုင်းရှိ ပုဂ္ဂလိက လုပ်ငန်းရှင်များအတွက်မူ စပါးလင်ဆီထုတ်လုပ်ငန်း၊ သစ်ထပ်သားလုပ်ငန်း၊ ကားတာယာနှင့် ကျွတ်လုပ်ငန်း၊ အုန်းဆံကြိုးလုပ်ငန်း၊ မုန့်လုပ်ငန်း၊ မီးခဲအုတ်လုပ်ငန်း၊ ကျောက်သင်ပုန်းနှင့် ကျောက်တံလုပ်ငန်းများကို တိုးချဲ့ လုပ်ကိုင်ကြရန် အကြံပေးသည်။ စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနက မကွေးတိုင်းတွင် ဂျစ်ပဆန်လုပ်ငန်း၊ သိုးမွေးလုပ်ငန်း၊ ကော်ဇောလုပ်ငန်း၊ ဆီကြိတ်လုပ်ငန်းများ လုပ်ဆောင်ကြရန်နှင့် ဧရာဝတီတိုင်းတွင် အိုးလုပ်ငန်း၊ စပါးခွံနှင့် လွှစာမှ လောင်စာအခဲပြုလုပ်ခြင်း လုပ်ငန်း၊ ငါးလုပ်ငန်းနှင့်တွဲ၍ စည်သွတ်လုပ်ငန်း၊ သင်ဖြူးဖျာလုပ်ငန်း စသည်တို့ကို တိုးတက် ကောင်းမွန်အောင် တီထွင်လုပ်ဆောင်သင့်ကြောင်း အကြံပေးသည်။[၁]

စက်မှုလက်မှု လုပ်ငန်းများ တည်ထောင် အောင်မြင်ရန်မှာ အခြေအနေ အရပ်ရပ်ပေါ်မူတည်နေပေသည်။ ကုန်ကြမ်း လွယ်ကူစွာ ရနိုင်မှု အရေးကြီးသကဲ့သို့ လျှပ်စစ်ဓာတ်အား လွယ်ကူပေါများစွာ ရနိုင်ရေးကလည်း အရေးကြီးသည်။ ငွေပင်ငွေရင်း စိုက်ထုတ်ကုန်ကျခံနိုင်ရန်နှင့် လုပ်ငန်း ကျွမ်းကျင်မှုလည်းလိုသည်။ အသွားအလာ ခရီးလမ်းပန်း မလွယ်ကူမှု၊ သယ်ယူပို့ဆောင်ရေး ခက်ခဲမှု၊ ဈေးကွက်နှင့် ဝေးကွာမှုတို့သည်လည်း အဟန့်အတားများ ဖြစ်နေပေသည်။ ထို့ကြောင့် ကချင်၊ ကယား၊ ကရင်၊ ချင်းပြည်နယ်များတွင် စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရေးမှာ မျှော်မှန်းသလို ဖြစ်မြောက်လာခြင်း မရှိခဲ့ချေ။

ပြည်တော်သာ စီမံကိန်း ကာလအတွင်း မြန်မာနိုင်ငံတွင် စက်မှုလက်မှု လုပ်ငန်းများ တိုးတက်လာသဖြင့် ပြည်တွင်း စက်မှုကုန်ထုတ်တန်ဖိုးလည်း တိုးတက်လာသည်။ ၁၉၅၀-၅၁ ခုနှစ်တွင် နိုင်ငံအတွင်း ကုန်ထုတ်မှု တန်ဖိုးသည် ကျပ် ၃၆၉၀ သန်းရှိသည်။ ၎င်းတန်ဖိုးတွင် စက်ရုံများမှ ကျပ် ၆၄ သန်းဖိုးနှင့် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများမှ ကျပ် ၁၂၈ သန်းဖိုး ပါဝင်သည်။ ၁၉၅၂-၅၃ ခုနှစ်တွင် ပြည်တွင်း ကုန်ထုတ်တန်ဖိုး ကျပ် ၄၆၂၀ သန်းရှိသည့်အနက် ကျပ် ၉၆ သန်းဖိုးသည် စက်မှုလုပ်ငန်းကြီးများမှဖြစ်၍ ကျပ် ၁၆၅ သန်းဖိုးသည် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများမှဖြစ်သည်။ အလားတူပင် ၁၉၅၃-၅၄ ခုနှစ်တွင် စက်မှုလုပ်ငန်းကြီးများမှ ကျပ် ၁၁၃ သန်းဖိုး၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများမှ ကျပ် ၁၇၆ သန်းဖိုး ထုတ်လုပ်၍ ၁၉၅၄-၅၅ ခုနှစ်တွင် စက်မှုလုပ်ငန်းကြီးများမှ ကျပ် ၁၃၀ သန်းဖိုး၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများမှ ကျပ် ၁၈၃ သန်းဖိုး ထုတ်လုပ်နိုင်ကြသည်။

အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများ အပါအဝင် စက်မှုလက်မှုလုပ်ငန်း ကြီးငယ်ပေါင်းစုံ၏ ကုန်ထုတ် တန်ဖိုးသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်။ စက်မှုလက်မှု

၁။ စက်မှုလက်မှုစာစောင် အတွဲ ၁၊ အမှတ် ၁၊ စာ ၁၅-၁၆၊ ၂၁-၂၂

လုပ်ငန်းများ၏ ကုန်ထုတ်တန်ဖိုးသည် ထိုစဉ်က ပေါက်ဈေးအရ ၁၉၅၅-၅၆ ခုနှစ်တွင် ကျပ် ၃၄၇ သန်းဖိုး၊ ၁၉၅၆-၅၇ ခုနှစ်တွင် ကျပ် ၄၄၇ သန်းဖိုး၊ ၁၉၅၇-၅၈ ခုနှစ်တွင် ကျပ် ၅၀၇ သန်းဖိုး၊ ၁၉၅၈-၅၉ ခုနှစ်တွင် ကျပ် ၅၅၂ သန်းဖိုး၊ ၁၉၅၉-၆၀ ခုနှစ်တွင် ၆၁၉ သန်းဖိုး၊ ၁၉၆၀-၆၁ ခုနှစ်တွင် ကျပ် ၆၃၆ သန်းဖိုး ရှိခဲ့သည်။[၁]

စက်မှုလက်မှု လုပ်ငန်းများတွင် အထူးသဖြင့် ပုဂ္ဂလိက လုပ်ငန်းကြီးငယ်များ ဖွံ့ဖြိုး တိုးတက်လာခြင်းမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ စက်မှုလက်မှု မူဝါဒနှင့် အားပေး ကူညီမှုတို့ကြောင့် ဖြစ်သည်။ နိုင်ငံတော် အစိုးရသည် ပုဂ္ဂလိက စက်မှုလုပ်ငန်းကြီး များကို အရင်းအနှီးငွေ ထုတ်ချေးသည်။ စီးပွားရေးနှင့် လူမှုရေး ဘုတ်အဖွဲ့[၂] သည်အရင်းအနှီး မပြည့်စုံသော ပုဂ္ဂလိက လုပ်ငန်းရှင်များအား အတိုးနှုန်း နည်းပါးစွာဖြင့် ချေးငွေများ ထုတ်ပေးမည်ဟု ၁၉၅၃ ခု ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကြေညာချက် တစ်ခုပ်ထုတ်ပြန်၍ ပုဂ္ဂလိက လုပ်ငန်းရှင်များကို အားပေးကူညီခဲ့သည်။ ထိုကြေညာချက်အတိုင်း ၁၉၅၅ ခုနှစ်တွင် စက်မှုချေးငွေ ၅ သန်း ထုတ်ချေးရန် သတ်မှတ်သည်။ ၁၉၅၄ ခုနှစ်တွင် ပင်လယ်ငါးဖမ်း လုပ်ငန်းအတွက် မုတ္တမ ကုမ္ပဏီကိုလည်းကောင်း၊ ဆပ်ပြာလုပ်ငန်း ၂ ခုကိုလည်းကောင်း၊ အထည်လုပ်ငန်းကြီး ၂ ခုကိုလည်းကောင်း ကျပ် ၆.၈ သိန်း ထုတ်ချေးသည်။ ထို့ပြင် မိတ္ထီလာ လက်ကား သမဝါယမကိုလည်း စက်မှုလုပ်ငန်းများ ထူထောင်ရန် ကျပ်ငွေ တစ်သန်း ချေးငှားခဲ့သည်။[၃]

ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းရှင်များသည် အစိုးရထံမှ ချေးငွေ အထောက်အပံ့သာ မက ပြည်ပမှ ကုန်ကြမ်း ဝယ်ယူရေးတွင်လည်း အကူအညီရကြသည်။ ထို့ပြင် နိုင်ငံခြားသား ကျွမ်းကျင် ပညာရှင်များကို အစိုးရက ခေါ်ယူကာ သင်တန်းများ ပို့ချစေခြင်း၊ ကူညီ လုပ်ကိုင်စေခြင်းဖြင့်လည်း လုပ်ငန်းများ တိုးတက်အောင်မြင်မှု ရကြသည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များသည် နိုင်ငံခြား အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများကို အစိုးရ၏ ခွင့်ပြုချက်ဖြင့် ကိုယ်တိုင် ခေါ်ယူနိုင်ခွင့်လည်း ရကြသည်။ ဤသို့ဖြင့် ပုဂ္ဂလိက အသေး စားနှင့် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းကြီးငယ်များသည် ပြန်လည်ထူထောင်ရေး ကာလ အတွင်း အရေအတွက်အရည်အချင်းနှင့် ကုန်ထုတ်တန်ဖိုးပါ များစွာ ဖွံ့ဖြိုးတိုးတက်ခဲ့လေသည်။

၁။ စီးပွားရေးစစ်တမ်း ၁၉၆၁၊ စာ ၂။ ၁၉၆၂။ စာ ၂

၂။ Economic and Social Board

၃။ *Economic Survey*, 1954, p. 64; *Burma*, Vol. 5, No. 1. Oct. 1954, pp. 30-1

စက်မှုလုပ်ငန်းနှင့် သွင်းကုန် ထုတ်ကုန် လိုင်စင်

ပြန်လည် ထူထောင်ရေး ကာလအတွင်း ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရသည် သွင်းကုန် ထုတ်ကုန်လုပ်ငန်းများကို အထိန်းအချုပ်ဖြင့် ခွင့်ပြုခဲ့သည်။ နိုင်ငံခြားတိုင်းပြည်များမှ ကုန်ပစ္စည်း တင်သွင်းရောင်းချလိုသူ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပြည်တွင်းထွက်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချလိုသူ ကုန်သည်ကြီးငယ်များသည် အစိုးရ၏ ခွင့်ပြုချက် လိုင်စင်ရယူပြီးမှ လုပ်ဆောင် နိုင်ကြသည်။ ထိုသို့ မှတ်ပုံတင် လိုင်စင်ကိုင်ဆောင်စေခြင်းသည် နိုင်ငံခြား သုံးငွေ အဝင်အထွက်ကို ချုပ်ကိုင်နိုင်ရန်နှင့် ပြည်တွင်း၌ မရှိမဖြစ်လိုအပ်သော ပစ္စည်းများကိုသာ တင်သွင်းကြစေရန် ရည်သန်သောကြောင့် ဖြစ်သည်။ တစ်နည်းအားဖြင့်လည်း ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းကြီးငယ်များကို အကာအကွယ်ပေးနိုင်ရန်အတွက် အချို့ ကုန်ပစ္စည်းများ ပြည်ပမှ တင်သွင်းရောင်းဝယ်ခြင်းကိုပိတ်ပင်ထားခြင်းဖြစ်သည်။ ဒေါ်လာသုံးငွေ ရှားပါးမှုကြောင့်လည်း ဒေါ်လာနိုင်ငံမှကုန်ပစ္စည်းများတင်သွင်းခြင်းကို ကန့်သတ်ထားပေသည်။[၁]

မြန်မာနိုင်ငံ၏ အဓိက ထုတ်ကုန်သည်ဆန်စပါးဖြစ်၏။ ပြည်ပသို့ ဆန်တင်ပို့ ရောင်းချမှုကို အစိုးရတစ်ဦးတည်းက လုပ်ဆောင်သည်။ အခြား ထုတ်ကုန်ပစ္စည်းများကိုလည်းလိုင်စင်ရထားသူများကသာ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်။ ထိုသို့ရောင်းဝယ်ခွင့် ရသူများသည် နိုင်ငံခြားငွေလဲလှယ်ရရှိမှုကို အစိုးရထံတင်ပြကြရသဖြင့် လိုင်စင်ဖြင့် ထိန်းချုပ်မှုအပေါ်တွင် နိုင်ငံခြား ငွေလဲလှယ်မှုဖြင့် ထပ်ဆင့် ကန့်သတ်ထားချက်လည်း ရှိသည်။

မြန်မာနိုင်ငံသည် နိုင်ငံခြား ကုန်သန်းရောင်းဝယ်ရေးအတွက် တရုတ်ပြည်၊ ချက်ကိုဆလိုဗေးကီးယား၊ ဂျာမနီ (ပြည်ထောင်စုသမ္မတ)၊ ဂျာမနီ(ဒီမိုကရက်တစ်)၊ အိန္ဒိယ၊ အစ္စရေး ဂျပန်၊ ပါကစ္စတန်၊ ပိုလန်၊ ရူမေးနီးယား၊ ဆွီဒင်၊ ယူဂိုဆလားဗီးယား၊ ဆိုဗီယက် ရုရှား၊ အမေရိကန် ပြည်ထောင်စု တို့နှင့် ကုန်သွယ်ရေး သဘောတူညီချက်များ ချုပ်ဆိုထားသည်။ ထိုစာချုပ်များတွင် ပါသော ပြည်တွင်း ထွက်ပစ္စည်းများနှင့် နိုင်ငံခြား ပစ္စည်းများကိုသာ လဲလှယ်တင်ပို့ ရောင်းချကြသည်။[၂]

ဖော်ပြပါ စာချုပ်ဝင် နိုင်ငံများမှ ကုန်ပစ္စည်းများကို ဝယ်ယူ တင်သွင်းရာ၌လည်း အထိန်းအချုပ် ရှိပေသည်။ နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သော စားကုန်၊ ဝတ်ကုန်၊ သုံးကုန်များကို အစိုးရက အမျိုးအမည် ခေါင်းစဉ်သတ်မှတ်၍ စာရင်းဇယားပြုလုပ် ကြေညာထား

၁။ ပြည်ရေးဌာနမှ စာ ၂၃၉

၂။ Trade and Reparations Agreement, *Burma Year Book and Directory*, 1960-61, Sec. 14, pp. 1-17

သည်။ ထိုစာရင်းဇယားပါ ကုန်ပစ္စည်းများကို အိုဂျီအဲလ် ^(၁)^ ခေါ် လိုင်စင်မဲ့ စနစ်ဖြင့် တင်သွင်းနိုင်ကြသည်။

လိုင်စင်မဲ့ သွင်းနိုင်သော ကုန်များကို အုပ်စုအလိုက် ကြေညာထားရာ၌ အိုဂျီအဲလ် အမှတ် ၁ တွင် ဆေးဝါးနှင့် ဆေးဝါးဆိုင်ရာ ပစ္စည်းများပါသည်။ သို့သော် ဆေးဝါးကုန်ကြမ်းနှင့် ဆက်ကရင် ဆေးသကြား မပါဝင်စေရဟုလည်းကောင်း၊ ကနေဒါနိုင်ငံ၊ နယူးဖောင်လန်ကျွန်း၊ ပြည်ထောင်စု အမေရိကန်နှင့် အမေရိကန် ငွေစာရင်းဝင် နိုင်ငံများမှ မဝယ်ယူရဟုလည်းကောင်း ကန့်သတ်ထားသည်။[၂] အိုဂျီအဲလ် အမှတ် ၁၁ မှ ၁၇ တွင် အထည်အလိပ် အမျိုးမျိုး၊ ချည်၊ အပ်ချည်၊ နို့မှုန့်၊ နို့ဆီနှင့် စည်သွတ်စားကုန်သောက်ကုန် အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်၊ နှမ်းဆီ၊ အုန်းဆီ၊ ပဲဆီ စသော စားသုံးဆီများ၊ ဆေးရုံသုံး ဆေးပစ္စည်း အမျိုးမျိုး၊ ဓာတုဗေဒ ပစ္စည်းများ၊ ဆိုးဆေးများ၊ ကုန်မာပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ပန်းရန်သုံး ပစ္စည်းကိရိယာများ၊ လယ်ယာသုံး စက်ပစ္စည်း ကိရိယာများ၊ စက်နှင့် စက်ပစ္စည်း အမျိုးမျိုး၊ ယာဉ်နှင့် ယာဉ်ဆိုင်ရာ စက်ပစ္စည်း ကိရိယာများ၊ စက္ကူနှင့် စာရေးကိရိယာ၊ အလှကုန် ပစ္စည်း အမျိုးမျိုး၊ အားကစားပစ္စည်း၊ ဆေးရုံနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ခွဲစိတ် ကိရိယာများ၊ မျက်မှန်နှင့် ဆိုင်ရာ ပစ္စည်း ကိရိယာများ စသည်ဖြင့် ကုန်ပစ္စည်း အမျိုးအမည်များစွာကို လိုင်စင်မဲ့တင်သွင်းခွင့် ပြုထားသည်။[၃]

လိုင်စင်မဲ့တင်သွင်းခွင့်ပြုသော ကုန်ပစ္စည်းများတွင် အရေးကြီးသော စားသောက်ကုန် အထည်အလိပ်နှင့် အိမ်သောက်ပစ္စည်းများ မှာယူတင်သွင်းခြင်းကို ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့နှင့် ဖောက်စပ်ကော်ပိုရေးရှင်းများကိုသာ တင်သွင်းခွင့်ပြုထားသည်။

နိုင်ငံခြားသားနှင့် တိုင်းရင်းသား ပုဂ္ဂလိက အချင်းရှင်များသည် စက်မှုလက်မှု လုပ်ငန်းကြီးငယ်များတည်ထောင်ကြသည်ထက် စက်နှင့် စက်ပစ္စည်းကိရိယာ အမျိုးမျိုးကို အမေရိကန်၊ အင်္ဂလန်၊ ဂျပန်စသောနိုင်ငံများမှ ကုမ္ပဏီကြီးများနှင့် ဆက်သွယ်ကာ မြန်မာပြည်ကိုယ်စားလှယ်အဖြစ် တင်သွင်းရောင်းချခြင်းကို ပိုမိုစိတ်အားထက်သန်စွာ လုပ်ဆောင်ကြသည်။ စံတင်ကုမ္ပဏီ၊ မြစိန်ကုမ္ပဏီ၊ ကယားအင်တာနေရှင်နယ် ရောင်းဝယ်ရေး လီမိတက်၊ ပင်လုံကော်မာရှယ်ဆင်ဒီကိတ်လီမိတက်၊ နိုင်ငံထားရေးအင်ကုမ္ပဏီလီမိတက်၊ ရှမ်းဗမာကူးသန်းရောင်းဝယ်ရေးကုမ္ပဏီ၊ မြစကြာရောင်းဝယ်ရေးလီမိတက်၊ နီချိမင်ကုမ္ပဏီလီမိတက် စသည်တို့မှာ နာမည်ကြီးသော သွင်းကုန်ထုတ်ကုန် လိုင်စင်ရကုမ္ပဏီကြီးများ ဖြစ်ကြသည်။ များသောအားဖြင့်

၁။ Open General Licence (O G L)

၂။ *Burma Trade Directory*, No. 1, 1952, p. 363

၃။ *Burma Trade Directory*, No. 1,1952, p. 363 p-1-13

စက်အမျိုးမျိုး၊ စက်ပစ္စည်းအမျိုးမျိုး၊ အထည်အလိပ်၊ ကုန်မာပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုးတင်သွင်းရောင်းချကြသည်။

စက်မှုလက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ သွင်းကုန်လိုင်စင်များကို လယ်ယာသုံး စက်ပစ္စည်းကိရိယာ၊ သံမဏိဒိုင်ခံသတ္တုလုပ်ငန်း၊ အထွေထွေစက်မှုလုပ်ငန်း၊ ရေယွန်းချည်ဘုရက်လုပ်ရေးလုပ်ငန်း၊ မြေဖြူ မြေဝါ၊ မြေနီ (Earth Powder) လုပ်ငန်း၊ ဓာတ်ငွေ့ နိုင်လွန်ထိုးစက်၊ ဖန်နှင့်ဖန်ထည်၊ ဇာထိုးပန်းထိုး၊ အထည်သက်န်း ဆေးဆိုးလုပ်ငန်း၊ စက်နှင့် စက်ပစ္စည်းအမျိုးမျိုး၊ ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ ကြာသံခေါက်ဆွဲလုပ်ငန်း၊ အလှကုန်၊ ပဒိုဆောဂလုပ်ငန်းများအတွက် ထုတ်ပေးသည်။[၁]

အိုင်ရီအဲလ်ဖြင့် တင်သွင်းသော စားကုန်ဝတ်ကုန်သုံးကုန်အမျိုးမျိုးသည် နိုင်ငံ၏ သွင်းကုန် တန်ဖိုးပမာဏ၏ ထက်ဝက်မျှရှိခဲ့လေသည်။ သွင်းကုန်ထုတ်ကုန်လိုင်စင်များကို ၁၉၅၄ ခု၊ ဩဂုတ် လ ၄ ရက်နေ့ ထုတ်ပြန်သော သွင်းကုန်ထုတ်ကုန် မှတ်ပုံတင်အမိန့်အရ ထုတ်ပေးရာ ကုမ္ပဏီ တစ်ခုလျှင်ပစ္စည်း ၄ မျိုးမှ ၆ မျိုးအထိ မှတ်ပုံတင်ခွင့်ရသည်။ ပစ္စည်းတစ်မျိုးလျှင် အရေအတွက်မည်မျှဟု သတ်မှတ်ထားချက်မရှိချေ။ ပြည်ထောင်စု အစိုးရ၏ မူဝါဒမှာ တိုင်းရင်းသား အရင်းရှင်များ၊ လုပ်ငန်းရှင်များကို မြှင့်တင်မြှောက်ပေးရန် ဖြစ်သဖြင့် သွင်းကုန်ထုတ်ကုန် လိုင်စင်ထုတ်ပေးရာ၌ တိုင်းရင်းသားများ အနည်းဆုံး ၆၀ ရာခိုင်နှုန်း ပါဝင်စေရမည်ဟု သတ်မှတ်ထားသည်။[၂]

သွင်းကုန်လိုင်စင်များကို ကုန်သည်များအတွက် ၁၉၅၇-၅၈ ခုနှစ်က ကျပ် ၁၁၆၇.၉၀ သိန်းဖိုး၊ ၁၉၅၈-၅၉ ခုနှစ်က ကျပ် ၁၁၄၇.၀၁ သိန်းဖိုးထုတ်ပေးသည်။ စက်မှုလက်မှုလုပ်ငန်းများအတွက် ၁၉၅၇-၅၈ တွင် ကျပ် ၁၁၆၇.၁၉ သိန်းဖိုးနှင့် ၁၉၅၈-၅၉ ခုနှစ်တွင် ကျပ် ၇၅၈.၁၂ သိန်းဖိုးထုတ်ပေးသည်။ သတ္တုတွင်းလုပ်ငန်းအတွက်မှု ၁၉၅၇-၅၈ ခုနှစ်တွင် ကျပ် ၁၉၆.၀၀ သိန်းဖိုးနှင့် ၁၉၅၈-၅၉ ခုနှစ်တွင် ၁၉၉.၈ သိန်းဖိုး ထုတ်ပေးသည်။ ပစ္စည်းအမျိုးအမည်အားဖြင့်သော် ၁၉၅၈-၅၉ ခုနှစ်က အထည်အလိပ် ကျပ် ၁၁၂၅.၉ သိန်းဖိုး၊ စားသောက်ကုန် ကျပ် ၂၃၀ သိန်းဖိုးနှင့် ကုန်မာနှင့် ဆောက်လုပ်ရေးပစ္စည်း ကျပ် ၂၀၇.၄ သိန်းဖိုး ထုတ်ပေးခဲ့သည်။[၃]

သွင်းကုန်လိုင်စင်ရထားသော ကုန်သည်ကြီးငယ်ပေါင်း ၃၁၀၀ ခန့်ရှိသည်။ လိုင်စင် ထုတ်ပေးရာ၌အစိုးရ၏ မူဝါဒအရ တိုင်းရင်းသားများကို ဦးစားပေးကာလူတစ်ရာလျှင် ၆၀နှုန်း

၁။ စက်မှုသွင်းကုန် လိုင်စင်ရသူများ စာရင်း၊ နောက်ဆက်တွဲ ၁၁ ရှု

၂။ *Burma Trade Directory* 1952, p. 697

၃။ ပြည်ရေးရှုမှု၊ စ၁ ၂၄၁-၄၂

လိုင်စင် ထုတ်ပေးထားသော်လည်း လိုင်စင်ရ တိုင်းရင်းသား လုပ်ငန်းရှင်များတွင် ငွေပင်ငွေရင်းစိုက်ထုတ်ကာ ကိုယ်တိုင်တင်သွင်းရောင်းချခြင်းမပြုဘဲ လိုင်စင်ရောင်းစားသူ ဦးရောကပ်ဖို့များပြားနေခဲ့သည်။ အစိုးရက မူဝါဒမည်ကဲ့သို့ပင် ချမှတ်ထားသော်လည်း သွင်းကုန်လုပ်ငန်းသည် ရည်ရွယ်သည့်အတိုင်းဖြစ်မလာဘဲ နိုင်ငံခြားသားများလက်တွင်းသို့ပင် ရောက်သွားသည်။ တိုင်းရင်းသား သွင်းကုန်လုပ်ငန်းရှင်များသည် နိုင်ငံခြားသား စီးပွားရေးသမားများ၏ ဗန်းပြများသာဖြစ်နေခဲ့သည်။

ထို့ပြင် အရေးကြီးသော စားကုန်သောက်ကုန်၊ အထည်အလိပ်နှင့် ဆောက်လုပ်ရေးပစ္စည်းများကို ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့နှင့် ဖက်စပ်ကော်ပိုရေးရှင်းများကိုသာလျှင် တင်သွင်းခွင့်ပြုထားသဖြင့် တစ်ဦးတည်း တင်သွင်းရောင်းဝယ်ခွင့်ပြုသည့် စနစ်၏သဘောတရားအတိုင်း ပျော့ကွက်ဟာကွက်ရှိနေသည်။ စားသုံးသူများလက်သို့ တိုက်ရိုက်မရောက်သဖြင့် အခက်အခဲနှင့် အဆင်မပြေမှုများ၊ ဈေးနှုန်းကြီးမြင့်မှုများ ကြုံတွေ့ရသည်။ ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အကာအကွယ်ပေးရန် ဆောင်ရွက်ရာ၌လည်း ပြည်တွင်းထွက်ပစ္စည်းများသည် နိုင်ငံခြားပစ္စည်းများနှင့်ယှဉ်ပြိုင်နိုင်ခြင်း ရှိ မရှိ၊ ဈေးနှုန်းသက်သာမှု ရှိ မရှိ စသည်တို့ကို ထည့်သွင်းစဉ်းစားခြင်း မရှိသဖြင့် ကောင်းကျိုးထက်ဆိုးပြစ်ကများနေပေသည်။

ထို့ကြောင့် ၁၉၅၈-၅၉ ခုနှစ်၊ ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရလက်ထက်တွင် ထိုအဆင်မပြေမှုများကိုပြုပြင်ရန် မူဝါဒသစ်ချမှတ်သည်။ အရေးကြီးသော စားသောက်ကုန်၊ အထည်အလိပ်နှင့် ဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းခွင့်ကို တစ်ဦးတည်း လုပ်ကိုင်ခွင့်ပေးထားခြင်းကို ရုပ်သိမ်းသည်။ ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းများကို အကာအကွယ်ပေးရန် ထိန်းသိမ်းပေးပြီးလျှင် လိုအပ်သော စက်မှုကုန်ကြမ်းများကို တင်သွင်းနိုင်ရန် စီစဉ်ပေးသည်။ ပြည်တွင်းထွက် ကုန်ပစ္စည်းများ အဆင့်အတန်းမီ၍ ဈေးနှုန်းသက်သာစေရန်လည်း စီမံဆောင်ရွက်သည်။ ထိုကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စက်မှုလက်မှု ဝန်ကြီးဌာနနှင့် ကုန်သွယ်မှုတိုးတက်ရေး ဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်သော အမြဲတမ်း ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။[၁]

သွင်းကုန်လိုင်စင် ကိုင်ဆောင်ထားသော လုပ်ငန်းရှင်ပေါင်း သုံးထောင်ကျော်တွင် လိုင်စင်ရောင်းစားထားသူများနှင့် မှုမမှန်သော လုပ်ငန်းရှင်များရှိနေသဖြင့် မှတ်ပုံတင်ထားသော ကုမ္ပဏီ ကြီးငယ်များကို အိမ်စောင့်အစိုးရက စစ်ဆေးကာ သင်္ကာမကင်းဖွယ်ဖြစ်သော ကုမ္ပဏီများကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခဲ့သည်။ ထိုသို့ ပယ်ဖျက်ခံရသူများအနက် အများစုမှာ အောက်ပါအတိုင်း တိုင်းရင်းသားများဖြစ်ကြသည်။[၂]

၁။ ပြည်ရေးရာမှု၊ စာ ၂၄၉
၂။ ပြည်ရေးရာမှု၊ စာ ၂၄၀

	မှတ်ပုံတင်စာရင်း	ပယ်ဖျက်စာရင်း
မြန်မာ	၂၂၉၄	၁၂၅၀
တရုတ်	၆၇	၁၆
ဗြိတိသျှ	၇၂	၁၂
အိန္ဒိယ	၄၁၀	၁၄၄
ပုဂ္ဂလိကပိုင် ကုမ္ပဏီလီမိတက်	၂၃၀	၃၃
အများပိုင် ကုမ္ပဏီ လီမိတက်	၅၀	၈
စုစုပေါင်း	၃၁၃၁	၁၄၇၀

မှုမမှန်သောကုမ္ပဏီများကို ဖျက်သိမ်းလိုက်ပြီးနောက် ဗိုလ်ချုပ်ကြီး၏ အိမ်စောင့်အစိုးရသည် သွင်းကုန် ထုတ်ကုန်လုပ်ငန်း မူဝါဒနှင့် စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သည်။ သွင်းကုန် ထုတ်ကုန်လုပ်ငန်းကို တိုင်းရင်းသားလုပ်ငန်းအဖြစ် ဖန်တီးနိုင်ရန် ၁၉၅၄ ခု၊ သွင်းကုန်ထုတ်ကုန်လုပ်ငန်း လုပ်ကိုင်သူများ မှတ်ပုံတင် အမိန့်အပိုဒ် ၂၀ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့်အတိုင်း တိတိကျကျ လိုက်နာကျင့်သုံးစေသည်။ ယင်းမူဝါဒအရ နိုင်ငံအတွင်းရှိ ကုမ္ပဏီတိုင်းတွင် လစာငွေ တစ်လ ကျပ် ၅၀၀ အထက် ရာထူးများတွင် တိုင်းရင်းသား ၅၀ ရာနှုန်းထက်မနည်း ခန့်ထားကြရသည်။ လစာငွေကျပ် ၅၀၀ အောက် ရာထူးများတွင် တိုင်းရင်းသား ၇၅ ရာခိုင်နှုန်းထက် မနည်းခန့်ထားရသည်။

ကုန်ပစ္စည်းဈေးနှုန်း ကြီးမြင့်ခြင်းကို တားဆီးနိုင်ရန်လည်း ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းအလျှင်မိစေရန် လုပ်ဆောင်ပေးသည်။ ပြည်ပမှ ဝယ်ယူရသောကုန်ပစ္စည်းများ အဆက်မပြတ် ရောက်ရှိအောင်လည်း ဆောင်ရွက်သည်။ လိုင်စင်မဲ့ စနစ်ဖြင့် တင်သွင်းရသော ပစ္စည်းများအပေါ် တွင် နိုင်ငံခြားသုံးငွေ လဲလှယ်မှု ထိန်းချုပ်ထားခြင်းကို ပယ်ဖျက်လိုက်သည်။ လိုင်စင်မဲ့ တင်သွင်းနိုင်သော ကုန်ပစ္စည်းများ စာရင်းကိုလည်း ပြုပြင်ရေးဆွဲ၍ ပစ္စည်းအမျိုးအမည် အနည်းငယ်သာ လိုင်စင်မဲ့ တင်သွင်းခွင့်ပြုကာ အရေးကြီးသော ပစ္စည်းအမျိုးအမည်များစွာကို လိုင်စင်စာရင်းသို့ ပြောင်းလဲထည့်သွင်းခဲ့သည်။ ထို့ပြင် နိုင်ငံခြားကုန်ပစ္စည်း ကိုယ်စားလှယ် လုပ်ငန်းကိုလည်း ၁၉၆၀ ပြည့်နှစ်၊ ဇွန်လမှစ၍ အိုဂျီအယ်လ်ဖြင့်သော်လည်းကောင်း၊ သွင်းကုန်လိုင်စင်ဖြင့် သော်လည်းကောင်း တိုင်းရင်းသားများ ကိုယ်စားလှယ်ရမှသာလျှင် တင်သွင်းခွင့်ပြုသည်။[1]

၁။ မြည်ရေးရှာမှု၊ စာ ၂၄၀-၄၂

ပြည်ထောင်စု အစိုးရသည် ပြန်လည်ထူထောင်ရေး ကာလအတွင်း အသေးစားနှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ တိုးပွားဖြစ်ထွန်း အောင်မြင်စေရန် မြေတောင်မြှောက်ပေးခဲ့သည်။ စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်ရေးတွင်လည်းကောင်း၊ ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင်လည်းကောင်း တိုင်းရင်းသားများ အဓိက ပါဝင်လုပ်ဆောင်စေရန် အားပေး ကူညီခဲ့သည်။ ထိုကိစ္စရပ်များ အောင်မြင်ရေးကိုရည်သန်၍ သွင်းကုန်ထုတ်ကုန်လုပ်ငန်းတွင် အိုဂျီအဲလ်ခေါ် လိုင်စင်မဲ့စနစ်နှင့် မှတ်ပုံတင် လိုင်စင်စနစ်ကို ကျင့်သုံးသည်။ နိုင်ငံခြားသုံးငွေ ယိုဖိတ်မှုကို တားဆီးပိတ်ပင်နိုင်ရန် ထိန်းချုပ်ကန့်သတ်မှုများ ထားရှိသည် ။ ပြည်တွင်း စက်မှုလက်မှု လုပ်ငန်းများကို အကာအကွယ်ပေးခဲ့သည် ။ သို့သော် တိုင်းရင်းသားကုန်သည် ကြီးငယ်များ၏ လုပ်ငန်းမကျွမ်းကျင်မှု၊ ငွေပင်ငွေရင်း နည်းပါးမှု၊ ကိုယ်ကျိုးရှာမှု၊ မသမာမှု စသည်တို့ကြောင့် အသေးစားနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများသည်လည်းကောင်း၊ သွင်းကုန်ထုတ်ကုန် လုပ်ငန်းများသည်လည်းကောင်း ရည်မှန်းချက်အတိုင်း မဖြစ်လာဘဲ နိုင်ငံခြားသား အရင်းရှင်များလက်သို့သာ များသောအားဖြင့် ရောက်သွားကြသည်။ တိုင်းရင်းသားများမှာ အမည်ခံမျှ ဗန်းပြ သဘောမျှသာ ဖြစ်နေခဲ့လေသည်။ ထို့ကြောင့် ၁၉၅၈-၅၉ ခုနှစ်အတွင်း ဗိုလ်ချုပ်ကြီး၏ အိမ်စောင့်အစိုးရလက်ထက်တွင် ပြဿနာအရပ်ရပ်ကို ရှင်းလင်း၍ မူဝါဒသစ် ချမှတ်ကာ စက်မှုလက်မှုလုပ်ငန်းများ၊ သွင်းကုန်ထုတ်ကုန် လုပ်ငန်းများကို တည့်မတ်ပေးခဲ့သည်။

အခန်း ၅

နိုင်ငံတော်ပိုင် စက်မှုလက်မှုလုပ်ငန်းများ

စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း

ပြည်ထောင်စု မြန်မာနိုင်ငံတွင် ၁၉၇၂ ခုနှစ်အထိ မန္တလေးဘိယာစက်ရုံ၊ သရက်ဘိလပ်မြေစက်ရုံနှင့် ဧယျဝတီ သကြားစက်တို့မှအပ အခြားကြီးကြီးမားမား စက်မှုလုပ်ငန်းဟူ၍ မရှိသေးချေ။ အသေးစားနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းအဆင့်မျှသာရှိသည်။ ထိုလုပ်ငန်းများသည်လည်း ပုဂ္ဂလိကလုပ်ငန်းများသာ ဖြစ်ကြသည်။ ထို့ကြောင့် စက်မှုလက်မှုလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် စက်မှုလက်မှု ဝန်ကြီးဌာနဟု သီးခြား ဖွဲ့စည်းထားခြင်း မရှိဘဲ—

၁။ စက်မှုလက်မှုနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာန

၂။ စက်မှုလက်မှုနှင့် အလုပ်သမား ဝန်ကြီးဌာန

၃။ စက်မှုလက်မှုနှင့် သတ္တုဝန်ကြီးဌာန

ဟူ၍ ပူးတွဲဖွဲ့စည်းထားသော ဌာနသာရှိသည်။

ထို့နောက် ၁၉၇၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ စက်မှုလက်မှု လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန်အတွက် စက်မှုလက်မှုဝန်ကြီးဌာနကို သီးခြားဝန်ကြီးဌာန တစ်ခုအဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ စက်မှုလက်မှုဝန်ကြီးဌာန၏ အဓိက ရည်မှန်းချက်မှာ စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သည့် ကိစ္စအဝဝကို ကြီးကြပ် စီမံ ဆောင်ရွက်ရေးပင်ဖြစ်သည်။ မြန်မာပြည်လွတ်လပ်ရေး ရပြီးနောက် စီးပွားရေး တိုးတက်ရေး ၂ နှစ်စီမံကိန်း၊ ၈ နှစ်စီမံကိန်း၊ ၄ နှစ်စီမံကိန်းများတွင် ချမှတ်ထားသော စီမံကိန်း လမ်းညွှန်ချက်များနှင့် အညီ စက်မှုလုပ်ငန်းထူထောင်ရန်နှင့် ကြီးကြပ်စီမံခန့်ခွဲရန် ဦးတည်ခဲ့သည်။

၁။ စက်မှုစီမံကိန်း ဦးစီးဌာန သမိုင်း၊ စာ ၃-၄

ထိုသို့ သီးခြားဖွဲ့စည်းလိုက်သော စက်မှုလက်မှုဝန်ကြီးဌာနအောက်တွင်—

၁။ စက်ရေနွေးအိုး စစ်ဆေးရေးဌာနခွဲ
၂။ စက်မှုလက်မှု ညွှန်ကြားရေးဝန်ကြီးဌာန
၃။ ပြည်ထောင်စု မြန်မာနိုင်ငံတော် လက်တွေ့သုတေသနအဖွဲ့
၄။ စက္ကူစက်နှင့် ဓာတုဗေဒလုပ်ငန်းအဖွဲ့
၅။ လျှပ်စစ်နှင့် ဓာတ်အားပေးရေးအဖွဲ့
၆။ လျှပ်စစ်ဓာတ်အား စစ်ဆေးရေးဌာနခွဲ
၇။ ခရီးလှည့်လည် သွားလာမှု ပြန့်ပွားရေးဌာနခွဲ
၈။ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း

ဟူ၍ ဌာနခွဲ၊ ဘုတ်အဖွဲ့နှင့် ကော်ပိုရေးရှင်းတို့ရှိကြသည်။ ဖော်ပြပါ အဖွဲ့အစည်းများအနက် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း (စတလက) သည် မြန်မာနိုင်ငံ၏ စက်မှုလက်မှု တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းများကို တာဝန်ယူကာ အကောင်အထည်ဖော် ဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်သည်။[1]

မြန်လည် ထူထောင်ရေး ကာလတွင် ခေတ်သစ်မြန်မာ ပြည်တော်သာရမည်ဟူသော ကြွေးကြော်သံဖြင့် စီးပွားရေး ရှစ်နှစ်စီမံကိန်းကို ရေးဆွဲချမှတ်နိုင်ရန် နိုင်ငံတော် အစိုးရသည် အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့ဖြစ်သော အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကေ၊ တီ၊ အေ အဖွဲ့ (Knappen Tippetts Abbett Co.) အား လေ့လာစေခဲ့သည်။ အဖွဲ့သည် လိုအပ်သော အချက်များကို လေ့လာ၍ အစီရင်ခံစာတစ်စောင် တင်သွင်းသည်။ အစီရင်ခံစာတွင် စက်မှုလက်မှုလုပ်ငန်းနှင့် အခြားစီးပွားရေး တိုးတက်မှု လုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ ကုန်သွယ်မှု စည်းမျဉ်းများအတိုင်း လုပ်ဆောင်နိုင်သော အာဏာနှင့် တာဝန်ဝတ္တရားများရှိ၍ ကုမ္ပဏီကြီးများကဲ့သို့ အသွင်ရှိသည့် တိုးတက်ကြီးပွားရေး ကော်ပိုရေးရှင်းများကို ဖွဲ့စည်းကာ ဆောင်ရွက်သင့်ကြောင်း ထောက်ခံထားသည်။

ထိုထောက်ခံချက်ကို မြန်မာနိုင်ငံ စီးပွားရေး ကောင်စီက လက်ခံပြီးလျှင် အခြားသော နိုင်ငံများရှိ တိုးတက်ကြီးပွားရေး ကော်ပိုရေးရှင်းများ မည်ကဲ့သို့ ဖွဲ့စည်းကြ၍ မည်ကဲ့သို့သော အာဏာနှင့် တာဝန်ဝတ္တရားများ အပ်နှင်းထားသည်ကို လေ့လာပြီးလျှင် မြန်မာနိုင်ငံအတွက် သင့်လျော်သည့်အတိုင်း ထောက်ခံချက်များတင်သွင်းနိုင်ရန် အလို့ငှာ ထိုစဉ်ကအတွင်းဝန်ချုပ်ဖြစ်သည့် ဦးရွှေမြ၊ စက်မှုလက်မှုနှင့် သတ္တုတွင်း ဝန်ကြီးဌာန အတွင်းဝန် ဦးကျော်သိန်း

၁။ စက်မှုစီမံကိန်းဦးစီးဌာန သမိုင်း၊ စာ ၄

အမျိုးသားစီမံကိန်းဝန်ကြီးဌာနအတွင်းဝန် ဦးတင်ဖေတို့ပါဝင်သော လေ့လာရေးမစ်ရှင်အဖွဲ့ တစ်ဖွဲ့ကို ၁၉၅၂ ခုနှစ်အတွင်း ကမ္ဘာ့အရပ်ရပ်သို့ စေလွှတ်၍ လေ့လာစေခဲ့သည်။

အဆိုပါ လေ့လာရေး မစ်ရှင်အဖွဲ့သည် မြောက်အမေရိက၊ တောင်အမေရိက၊ အင်္ဂလန်နှင့် ဥရောပ တိုင်းပြည်များသို့ သွားရောက်၍လေ့လာပြီး နိုင်ငံခြားမှ ပြန်လည်ရောက်ရှိလာသည့် အခါတွင် ၁၉၅၂ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့စွဲပါ အကျဉ်းချုပ် အစီရင်ခံစာကို တင်သွင်း ကြသည်။ ထိုအစီရင်ခံစာကို အခြေပြု၍ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းကို ၁၉၅၂ ခုနှစ် အက်ဥပဒေအမှတ် ၄၃ ဖြင့် ၁၉၅၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် တည်ထောင် ခဲ့သည်။[1]

ထိုသို့ ဥပဒေ ပြဋ္ဌာန်းချက်ဖြင့် ဖွဲ့စည်း တည်ထောင်လိုက်သော စတလက၏ တာဝန်နှင့် လုပ်ငန်းရပ်များမှာ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ စီးပွားရေး တိုးတက်စေရန် အတွက် စီမံကိန်းနှင့်အညီ စက်မှုလက်မှု လုပ်ငန်းများ တည်ထောင်ခြင်း၊ တိုးချဲ့လုပ်ကိုင်ခြင်း၊ စီမံကိန်းများ ရေးဆွဲခြင်း၊ စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းတွင် အကျုံးဝင်သော ကုန်ပစ္စည်း များ ထုတ်လုပ် သိုလှောင်ဖြန့်ဖြူး ရောင်းချခြင်း၊ ဗဟုသုတ ရရှိစေရန် ပညာပေးခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်း၊ စမ်းသပ်လုပ်ကိုင်ခြင်း၊ သုတေသန လုပ်ငန်းများကို စီစစ်လုပ်ကိုင် ခြင်း၊ ပြည်တွင်း စက်မှုလုပ်ငန်း တိုးတက် ဖွံ့ဖြိုးစေရန် ငွေထုတ်ချေးခြင်း၊ ပုဂ္ဂလိက အရင်းရှင် များနှင့် ဖက်စပ်လုပ်ကိုင်ခြင်းတို့ဖြစ်သည်။[2]

ထိုစဉ်က စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းကို အစိုးရ အဖွဲ့ဝင် ဝန်ကြီး ၄ ဦး၊ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများမှ ဗဟုသုတ ပြည့်ဝသော အထက်တန်း အရာရှိကြီး ၅ ဦးနှင့် အစိုးရခန့်စတလကအုပ်ချုပ်ရေးမှူး ၁ ဦး၊ စုစုပေါင်း ၁၀ ဦးပါဝင်သော ဒါရိုက်တာအဖွဲ့က တာဝန်ယူ စီမံခန့်ခွဲသည်။ ဒါရိုက်တာအဖွဲ့တွင် စက်မှုလက်မှုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်တော် ဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်သည်။ စတလက၏ လုပ်ငန်း တာဝန်များနှင့်ပတ်သက်၍ ဒါရိုက်တာအဖွဲ့သည် လုံးဝ အာဏာပိုင် အဖွဲ့ဖြစ်သည်။[3]

ဒါရိုက်တာအဖွဲ့မှ ချမှတ်သည့် ဆုံးဖြတ်ချက်များအရ စတလက အုပ်ချုပ်ရေးမှူးက ကော်ပိုရေးရှင်း အဖွဲ့အစည်း တစ်ခုလုံး၏ အမှုဆောင် အရာရှိချုပ်အနေဖြင့် လိုအပ်သော

၁။ စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ စာ ၁၂

၂။ စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ စာ ၁၂

၃။ *Burma*, January 1959, p. 278

တာဝန်ဝတ္တရားများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သည်။ ဒါရိုက်တာအဖွဲ့၏ ရုံးလုပ်ငန်းများကို အုပ်ချုပ်ရေးမှူးက ခန့်ထားသော အတွင်းရေးမှူးက တာဝန်ယူကြီးကြပ်ဆောင်ရွက်သည်။

[illegible] စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးအဖွဲ့သည် ပြည်တော်သာ စီမံကိန်းတွင် ချမှတ်ထားသော အစိုးရ စက်မှုလက်မှု လုပ်ငန်းကြီးများကို တာဝန်ယူ တည် ထောင် လုပ်ဆောင်ရသဖြင့် ပြန်လည်ထူထောင်ရေး ကာလအတွင်း ၁၉၅၃ ခုနှစ်မှစ၍ ပြည်တော်သာ စီမံကိန်းက လျာထား ချမှတ်သော အစိုးရ စက်မှုလုပ်ငန်း အမျိုးမျိုးကို အကောင်အထည်ဖော် ဆောင်ရွက်သည်။ ထို့ကြောင့် စတလက၏ လက်အောက်တွင် ကော်ပိုရေးရှင်းမှ တာဝန်ယူ တည်ဆောက်သော စီမံကိန်းဝင် စက်ရုံများ၊ အသေးစားနှင့် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများ တိုးတက် ဖွံ့ဖြိုးရေးကို ရှေးရှု၍ တည်ဆောက်သော စံပြစက်ရုံများ၊ ပြည်သူပိုင် သိမ်းယူသော စက်ရုံများ၊ တိုးချဲ့တည်ဆောက်မှုများ၊ အခြား အစိုးရဌာနများမှ လွှဲပြောင်းရယူသော စက်ရုံများ ရှိလေသည်။ ထိုစက်ရုံကြီးငယ်များကို ကြီးကြပ်ကွပ်ကဲလုပ်ဆောင်ရန် စတလက လက်အောက်တွင် အောက်ပါဘုတ်အဖွဲ့နှင့် ကော်မတီများရှိသည်။

ဘုတ်အဖွဲ့များ

၁။ ဘိလပ်မြေလုပ်ငန်းအဖွဲ့
၂။ ဗျစ်ရည်နှင့် အရက်ချက်စက်ရုံလုပ်ငန်းအဖွဲ့
၃။ ဧယျဝတီသကြားစက် အုပ်ချုပ်ရေးအဖွဲ့
၄။ စက်ပစ္စည်း ကိရိယာများ ပြုပြင်ထုတ်လုပ်သော စက်ရုံအုပ်ချုပ်ရေးအဖွဲ့
၅။ လက်ဖက်ခြောက်လုပ်ငန်းအဖွဲ့
၆။ သကြားလုပ်ငန်းအဖွဲ့
၇။ ဂုန်နီစက်ရုံအဖွဲ့
၈။ သံမဏိစက်ရုံအဖွဲ့
၉။ စက်မှုလက်မှု ငွေချေးအဖွဲ့
၁၀။ အိမ်တွင်းနှင့် အသေးစား စက်မှုလက်မှု လုပ်ငန်းအဖွဲ့
၁၁။ ပိုးချည်ထုတ်လုပ်မှု အကောင်အထည်ဖော်ရေးအဖွဲ့
၁၂။ မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေး စက်ရုံအဖွဲ့
၁၃။ ပျဉ်းမနားသကြားစက် အုပ်ချုပ်ရေးအဖွဲ့
၁၄။ နမ္မတီး သကြားစက် အုပ်ချုပ်ရေးအဖွဲ့

ကော်မတီများ

၁။ သရက်ဘိလပ်မြေစက် တိုးချဲ့ရေးကော်မတီ
၂။ မြစ်ကြီးနားခရိုင် ကြံတိုးချဲ့စိုက်ပျိုးရေး ကော်မတီ
၃။ မြင်းခြံ ချည်မျှင်နှင့် အထည်စက်လုပ်ငန်း အကောင်အထည် ဖော်ရေး ကော်မတီ
၄။ မန္တလေး ချည်မျှင်နှင့် အထည်စက်လုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီ
၅။ ချည်မျှင်နှင့်အထည်စက်ရုံ (သမိုင်း) တိုးချဲ့လုပ်ငန်း အကောင်အထည်ဖော်ရေး ကော်မတီ

ဖော်ပြပါ ဘုတ်အဖွဲ့များ၊ ကော်မတီများဖြင့် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် နိုင်ငံ၏ စီးပွားရေး တိုးတက်မှု၊ နိုင်ငံခြားငွေ အကုန်အကျသက်သာမှု၊ ပြည်တွင်းဖူလုံမှုတို့ကို ရှေးရှု၍ စက်မှုလက်မှု လုပ်ငန်းသစ်များ တည်ဆောက်ခြင်း၊ နိုင်ငံခြားသားများပိုင် စက်မှုလက်မှု လုပ်ငန်းကြီးများကို ပြည်သူပိုင်ပြုလုပ်ခြင်း၊ ပုဂ္ဂလိကပိုင် အရင်းရှင်လုပ်ငန်းများနှင့် ဖက်စပ်လုပ်ကိုင်ခြင်း၊ အခြားအစိုးရဌာနများမှ အချို့သောစက်မှုလက်မှု လုပ်ငန်းများကို လွှဲပြောင်းလက်ခံယူခြင်း၊ နိုင်ငံပိုင်စက်ရုံများ တည်ဆောက်ရေးအတွက် စီမံကိန်းများ ရေးဆွဲ၍ လည်ပတ်လျက်ရှိသော မိမိပိုင်စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းကြီးများကို ကြီးကြပ်စီမံခန့်ခွဲခြင်း စသည်များကို တစ်စတစ်စ တိုးချဲ့လုပ်ကိုင်သည်။

ပြည်တော်သာ စီမံကိန်းက ချမှတ်ထားသော စက်မှုလက်မှု စီမံကိန်းများသည် စီမံကိန်းကာလ ရှစ်နှစ်နှင့်မမျှအောင်များသည်။ ထို့ကြောင့် စတလကမှ အချို့စီမံကိန်းများကို အကောင်အထည် ဖော်နိုင်သော်လည်း လျာထားသတ်မှတ်သည့်အတိုင်း မဖြစ်မြောက်သည်လည်းရှိသည်။ အထူးသဖြင့် ချည်မျှင်နှင့် အထည်စက်ရုံများ၊ ဓာတ်မြေဩဇာ စက်ရုံများနှင့် ဖွဲ့နှဲဆီခဲ ထုတ်လုပ်သည့်စက်ရုံများ တည်ဆောက်ရေးအတွက် ရည်မှန်းချက်များ ထားခဲ့သော်လည်း ထိုစဉ်က အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ချေ။[၁]

ပထမ ၅ နှစ်ကာလအတွင်း စမ်းသပ်လုပ်ကိုင် ဆောင်ရွက်ခဲ့ရာမှ ရရှိခဲ့သော အတွေ့အကြုံများအရ ၁၉၅၂ ခုနှစ် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း အက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် မလုံလောက် မပြည့်စုံခြင်း၊ ချို့တဲ့မှုများရှိခြင်းကို တွေ့မြင်လာသည်။ ထို့ကြောင့် ၁၉၅၇ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ထိုအက်ဥပဒေကိုပြင်ဆင်၍ ၁၉၅၇ ခုနှစ်၊ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း အက်ဥပဒေ အမှတ် ၁၄ ကို ပြဋ္ဌာန်းသည်။ ယင်းအက်ဥပဒေအရ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ လုပ်ကိုင်ခွင့်များ တိုးမြင့်လာခဲ့သည်။ အထူးသဖြင့် ပုဂ္ဂလိကစက်မှုလက်မှု လုပ်ငန်းများအား ထုတ်ချေး

၁။ စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ စာ ၂၅

ခဲ့သော ဈေးငွေများနှင့်ပတ်သက်၍ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်သည့် အမှုကိစ္စများတွင် ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်သော အခွင့်အာဏာများ ပိုမိုရရှိလာသည်။

ဗိုလ်ချုပ်ကြီး နေဝင်း၏ အိမ်စောင့်အစိုးရ မတိုင်မီအခါက စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ရုံးချုပ်သည် မိမိလက်အောက်ခံ လုပ်ငန်းအသီးသီးတို့၏ ဝါဒနှင့် ကြီးကြပ်ကွပ်ကဲခြင်းကို နာမည်အားဖြင့်သာ ဆောင်ရွက်ခဲ့သည်။ လက်တွေ့အားဖြင့်ကား အဆိုပါကိစ္စများကို သက်ဆိုင်ရာ လက်အောက်ခံအဖွဲ့ များက ကိုယ်တိုင် ကိုယ်ကျ ဆောင်ရွက်၍ စက်မှုလက်မှု တိုးချဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ရုံးချုပ်သို့ ဆောင်ရွက်ပြီးမှ အတည်ပြုရန်အတွက်သာ တင်ပြလေ့ရှိသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ လက်အောက်ခံ အဖွဲ့များအား အာဏာနှင့် ဝတ္တရားများကို များစွာ ပေးခဲ့သောကြောင့်ဖြစ်သည်။ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ရုံးချုပ်မှာပင် စီမံခန့်ခွဲမှု လျော့ရဲလျက်ရှိသည်။ အုပ်ချုပ်မှုဇယားဟူ၍လည်း အတိအကျမရှိချေ။ အလုပ်ခန့်အပ်သည့် ကိစ္စများတွင်တကယ်လိုအပ်သည် မလိုအပ်သည်ကိုကြည့်ရှုခြင်း၊ခန့်အပ်ခြင်းအားဖြင့်ငွေမည်မျှမည်မျှကုန်ကျမည်ကိုစဉ်းစားခြင်း စသည်တို့မရှိဘဲ အလွယ်တကူပင် ခန့်အပ်ခြင်းများ ရှိလေသည်။[1]

ဗိုလ်ချုပ်ကြီးအစိုးရတာဝန်ယူခဲ့ပြီးနောက်ပိုင်း၌ ထိုပျော့ကွက် ဟာကွက်များကို ပြုပြင်နိုင်ရန် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ရုံးချုပ်ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ အုပ်ချုပ်မှုဇယားကိုလည်း ရေးဆွဲ၍ အရာရှိများနှင့် အမှုထမ်းများ၏ သက်ဆိုင်ရာတာဝန်နှင့် ဝတ္တရားများကို တိကျစွာရေးဆွဲ၍ သတ်မှတ်ခဲ့သည်။ ထို့ပြင် လက်အောက်ခံအဖွဲ့များသို့ ပေးထားသောအာဏာနှင့် ဝတ္တရားများကိုပြန်လည်ရုပ်သိမ်းပြီး ရုံးချုပ်ကပင်ဆောင်ရွက်သည်။ အချို့လက်အောက်ခံ အဖွဲ့ငယ်များကိုလည်း ဖျက်သိမ်းလိုက်သည်။

ဗိုလ်ချုပ်ကြီး နေဝင်း အိမ်စောင့်အစိုးရ လက်ထက်တွင် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းအပေါ် အစိုးရကထားရှိသောမူဝါဒများမှာနိုင်ငံပိုင်စက်ရုံများ၏ ကုန်ထုတ်လုပ်မှုအင်အား ဆတက်ထမ်းပိုး တိုးတက်ကောင်းမွန်လာစေရန်နှင့် ၎င်းစက်ရုံထွက် ပစ္စည်းများသည် နိုင်ငံခြားမှ တင်သွင်းသည့် ကုန်ပစ္စည်းများ၏ အရည်အသွေး၊ အဆင့်အတန်းမီပြီး ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချ နိုင်ရေးတို့ပင်ဖြစ်သည်။ အဆိုပါ မူဝါဒအရ ကုန်ထုတ်လုပ်မှု စရိတ်ကြီး၍ အကျိုးမဖြစ်ထွန်းနိုင်သော စီးပွားရေး တွက်ခြေမကိုက်သော အချို့စက်ရုံ လုပ်ငန်းများကို ရပ်ဆိုင်းခြင်း၊ လုံးဝဖျက်သိမ်းခြင်း၊ ပူးပေါင်း

---

[1] ။ ပြည်ရေးရွာမှု၊ စာ-၂၇၆

ဖွဲ့စည်းခြင်း၊ စီးပွားရေးအလားအလာကောင်းသည့် စက်ရုံများ ကုန်ထုတ်လုပ်မှု တိုးချဲ့ခြင်းနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။[1]

စီးပွားရေး တွက်ခြေမကိုက်၍ ရပ်ဆိုင်းလိုက်သော စက်ရုံများမှာ စံပြအုတ်ကြွပ်စက်ရုံ (ကျောက်မြောင်း ရွှေဘိုဆိုင်)၊ စံပြသကြားစက် (ဇန်းမော်)၊ စံပြနို့ဆီနှင့် ထောပတ်ချက်စက်ရုံ (မေမြို့) တို့ဖြစ်သည်။ လုံးဝဖျက်သိမ်းခဲ့သော စက်ရုံမှာမူကား အချိုသောက် လက်ဖက်ခြောက်စက်ရုံ (မန္တလေး) ဖြစ်သည်။ ထို့ပြင် ဖျက်သိမ်းလိုက်သော လုပ်ငန်းကော်မတီမှာ စက်မှုလက်မှု ငွေချေးကော်မတီဖြစ်သည်။ စက်မှုလက်မှု ငွေချေးကော်မတီကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့၏ ၁၉၅၅ ခု မတ်လ ၂၁ ရက်နေ့တွင် ကျင်းပသော ၂၃ ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ကော်မတီ၏သက်တမ်းမှာ မကြာလှချေ။ ၁၉၅၅ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင်ကျင်းပသော ဒါရိုက်တာအဖွဲ့၏ ၂၈ ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ စက်မှုလက်မှု ငွေချေးအဖွဲ့ကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး အက်ဥပဒေ ပုဒ်မ ၂၁(၁) အရ ဖွဲ့စည်းခဲ့သည်။

ထိုအဖွဲ့သည် ပုဂ္ဂလိကများ စက်မှုလက်မှုလုပ်ငန်း တည်ထောင်ရန်အတွက် ငွေထုတ်ချေးသောလုပ်ငန်းကို ဆောင်ရွက်သည်။ စက်မှုလုပ်ငန်းသစ်များ ထူထောင်လိုသော ပုဂ္ဂလိကလုပ်ငန်းများအတွက် အငှားစနစ်ဖြင့် စက်ပစ္စည်းများ ဝယ်ယူ ရောင်းချသောစနစ် (Hire Purchase System) ကိုလည်းကောင်း၊ ငွေသားချေးငွေစနစ် (Cash Loan) ကိုလည်းကောင်း၊ ငွေသားဖြင့် ဝယ်ယူခြင်းစနစ် (Cash Procurement) ကိုလည်းကောင်း ဆောင်ရွက်သည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များသည် နောက်ပိုင်းတွင် အကြွေးပြန်မဆပ်နိုင်သဖြင့် (Deposit) တင်ထားသော အိမ်၊ အဆောက်အအုံ စသည်တို့ကို သိမ်းယူသည်အထိ ဆောင်ရွက်ခဲ့သည်။ သို့သော် လုပ်ငန်းအဖွဲ့အနေဖြင့် အကျိုးဖြစ်ထွန်းမှု မရှိသဖြင့် အိမ်စောင့်အစိုးရလက်ထက်တွင် ဖျက်သိမ်းလိုက်သည်။[2]

ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရ လက်ထက်တွင် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ လုပ်ဆောင်ချက်များ ထိရောက်အောင်မြင်စေရန် အဘက်ဘက်မှ ပြုပြင်ခဲ့ရာ၌ စတာလက လက်အောက်ရှိ သီးခြားအဖွဲ့အစည်းအချို့ကို ရုပ်သိမ်း၍ ပူးပေါင်းဖွဲ့စည်းသင့်သည်တို့ကို ပူးပေါင်းဖွဲ့စည်းသည်။ နိုင်ငံအတွက် ပိုမို အကျိုးဖြစ်ထွန်း

၁။ စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ စာ ၂၆

၂။ စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ စာ ၂၇

စေရန်ရည်သန်၍ စတလက လက်အောက်ရှိ သံတိုသံစ စုဆောင်းရေးဌာနကို ဖျက်သိမ်းကာ သံမဏိစက်ရုံနှင့် ပူးပေါင်းဖွဲ့စည်းလိုက်သည်။ ထို့အတူ လုပ်ငန်းတွင်ကျယ် လွယ်ကူစေရန် အိမ်တွင်းနှင့် အသေးစား စက်မှု လုပ်ငန်းအဖွဲ့နှင့် ပိုးချည်ထုတ်လုပ်ရေးအဖွဲ့တို့ကို ဖျက်သိမ်းကာ ရုံးချုပ်မှ တိုက်ရိုက်ကြီးကြပ် လုပ်ဆောင်ခဲ့သည်။ သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ရှိ ဓာတ်သတ္တုပင်ရင်းအခြေအမြစ် တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ လုပ်ငန်းများကိုလည်း စတလက အုပ်ချုပ်ရေးမှူးအား ပူးတွဲတာဝန်ယူ ဆောင်ရွက်စေသည်။[၁]

ထို့ပြင် စတလက ရုံးချုပ်တွင် ပထမဆုံးအကြိမ်အဖြစ်ဖြင့် ပစ္စည်းဝယ်ယူရေးနှင့် ထုတ်ရောင်းချရေးကော်မတီကို ဖွင့်လှစ်ကာ လက်အောက်ရှိစက်ရုံအဖွဲ့နှင့် ဌာနအသီးသီးအတွက် လိုအပ်သော ကုန်ကြမ်းများ၊ စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများကို ဝယ်ယူပေးခြင်းဖြင့် စက်မှုလက်မှုလုပ်ငန်းများ ကုန်ထုတ်လုပ်မှု တိုးတက်ရေးကို ဆောင်ရွက်သည်။ လုပ်ငန်းကော်မတီကိုလည်း စတလက ရုံးချုပ်တွင် ဖွဲ့စည်းကာ လက်အောက်ရှိစက်ရုံများ၊ အဖွဲ့အစည်းများအတွက် လိုအပ်သော အကြီးစားဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း လုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊လုပ်ငန်းအကောင်အထည် ဖော်ခြင်းများကို လုပ်ဆောင်သည်။ ကော်မတီတွင် အုပ်ချုပ်ရေးမှူးကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အခြားသက်ဆိုင်ရာ ဌာနအရာရှိများက အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြသည်။[၂]

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းရုံးချုပ် လက်အောက်ရှိ အင်ဂျင်နီယာချုပ် ဌာနကိုလည်း ပြန်လည်စည်းရုံးပြီးနောက် အစိုးရ လမ်းပန်းနှင့် အဆောက်အအုံဌာနတို့တွင် ဖွဲ့စည်းထားသကဲ့သို့ နီးကပ်နိုင်သမျှ နီးကပ်အောင် တိုင်းအလိုက်၊ ခရိုင်အလိုက် ပြန်လည် စည်းရုံးဖွဲ့စည်းခဲ့သည်။ ထိုကဲ့သို့ အစစအရာရာ ပြန်လည်ဖွဲ့စည်းလိုက်ခြင်းအားဖြင့် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ရုံးချုပ်လက်အောက်ရှိ စက်ရုံအသီးသီး၊ လုပ်ငန်းအသီးသီးတွင် ထုတ်ကုန်အင်အား ပိုမိုတိုးတက်ကာ ပိုမိုအကျိုးသက်ရောက်လျက် ငွေရေးကြေးရေး သက်သာစေခဲ့သည်။ ထိုကဲ့သို့ အစစအရာရာ ပြန်လည်စည်းရုံးပြီး အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အိမ်စောင့်အစိုးရလက်ထက်တွင် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း လက်အောက်ရှိ စက်ရုံများနှင့် လုပ်ငန်းအသီးသီးတို့တွင် အောင်မြင်တိုးတက်လာခဲ့သည်။[၃]

၁။ စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ စာ ၂၇-၂၈

၂။ မြည်ရေးရှာမှု၊ စာ ၂၇၆-၇၇

၃။ မြည်ရေးရှာမှု၊ စာ ၂၇၇

ပြည်ထောင်စု (ပ-ထ-စ) အစိုးရသည် နိုင်ငံရေး ညီညွတ်မှုအင်အားနည်းသည့် အစိုးရဖြစ်သည့်အလျောက် အစိုးရအဖွဲ့ တည်မြဲရေးကိုပင် အနိုင်နိုင် ကြိုးပမ်းအားထုတ်နေရသောကြောင့် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ စက်ရုံများနှင့် လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်စွမ်းမရှိဘဲ ရှိရင်းစွဲ စက်ရုံလုပ်ငန်းများကိုသာ အချိန်အဟုန်မပျက် ဆက်လက်ထိန်းသိမ်းလုပ်ကိုင် ဆောင်ရွက်သည်။ ထိုစဉ်က စက်မှုလက်မှု ဝန်ကြီးဌာနသည် စတာလကလက်အောက်ရှိ ဗန်းမော် သကြားစက်ကို ကချင်ပြည်နယ် အစိုးရသို့လည်းကောင်း၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ၊ ဖျစ်ရည်နှင့် အရက်ချက်စက်ရုံ (မန္တလေး)တို့ကို ဘီအိုင်စီသို့လည်းကောင်း ၁၉၆၀ ပြည့်နှစ်တွင် လွှဲပြောင်းပေးခဲ့သည်။[၁]

ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရလက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများကြောင့် စတာလက စက်ရုံများ လုပ်ငန်းများ၏ ကုန်ထုတ်စွမ်းအား တိုးတက်လာသည်ကို ပြည်ထောင်စု အစိုးရက ၁၉၆၀-၆၂ ခုနှစ်အတွင်း ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ကြိုးပမ်းသည်။ စက်မှုလက်မှု ဝန်ကြီးဌာနသည် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆက်လက်၍ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ရန် အဖွဲ့ဝင်သုံးဦးပါသော စုံစမ်းရေးကော်မရှင်တစ်ခုကို ၁၉၆၁ ခု မတ်လ ၂၀ ရက်နေ့တွင် ဖွဲ့စည်းကာ ပြဿနာအရပ်ရပ်ကို စစ်ဆေး၍ တွေ့ရှိချက်များနှင့် အကြံဉာဏ်များကို ခြောက်လအတွင်း အစီရင်ခံစာ တင်သွင်းစေခဲ့သည်။ သို့သော် ထိရောက်စွာ အရေးယူ အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ချေ။[၂]

ပြည်ထောင်စု အစိုးရလက်ထက်တွင် စတာလက၏ ပစ္စည်းဝယ်ယူရေးနှင့် ပိုလျှံပစ္စည်းများ ထုခွဲရောင်းချရေး ကော်မတီကို ဖျက်သိမ်းလိုက်သည်။ စက်ရုံများသည် လိုအပ်သောပစ္စည်းများကို ပြည်ပမှ တိုက်ရိုက်ဆက်သွယ် ဝယ်ယူနိုင်ခွင့်ရကြသည်။ ထို့ပြင် စတာလက စက်ရုံများမှ ထုတ်လုပ်သော ကုန်ပစ္စည်းများကို ဗဟိုမှချုပ်ကိုင်သော စနစ်ဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရန် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ဗဟို ရောင်းဝယ်ရေးဌာန (I.D.C. Trading Centre) တစ်ခု ဖွင့်လှစ်ခဲ့သည်။[၃] စက်မှုလက် မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့ကိုလည်း အဖွဲ့ဝင်ရှစ်ဦးအထိတိုးချဲ့ခန့်ထားလျက် နိုင်ငံတော်၏ စက်မှုလက်မှု စီမံကိန်းများကို အကောင်အထည်ဖော်နိုင်ရန် စတာလကလက်အောက်ရှိ စက်ရုံကြီးငယ်များ၏ ကုန်ထုတ်စွမ်းအား တိုးမြင့်လာစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သည်။

၁။ စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ စာ ၂၉-၃၀

၂။ စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ စာ ၃၀

၃။ စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ စာ ၃၀

စီမံကိန်းဝင်စက်ရုံများ

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် ပြည်တော်သာ စီမံကိန်းက ဦးစားပေး တည်ဆောက်ရန် လျာထား ချမှတ်သော သံမဏိစက်၊ သကြားစက်၊ ဂုန်နီစက်၊ ပိုးချည်စက်၊ ပျော့ဖတ်နှင့်စက္ကူစက်၊ ဆေးဝါးထုတ်လုပ် စက်ရုံများ တည်ဆောက်ရန် ၁၉၅၃ ခုနှစ်တွင်စတင် စိုင်းပြင်းသည်။ ထိုလုပ်ငန်းများအတွက် နိုင်ငံတော် အစိုးရက ငွေကျပ် ၂၀၅ သန်း ရင်းနှီး မြှုပ်နှံရန် လျာထား၍ ၁၉၅၆ ခုနှစ်တွင် ပြီးစီးလည်ပတ်နိုင်ရန် ရည်သန်သည်။[၁]

စတင် တည်ဆောက်ရန် လျာထားသော စက်ရုံများတွင် ဂုန်နီစက်ရုံသည်အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ မြန်မာနိုင်ငံ၏ အဓိက ထုတ်ကုန်ဖြစ်သော ဆန်စပါးကို တင်ပို့ရောင်းချရန် ဂုန်နီအိတ်များကို နှစ်စဉ် ပြည်ပမှ ၂၇၅ သန်းခန့် ဝယ်ယူရသည်။ ဂုန်လျှော်သည် ပြည်တွင်း၌ တိုးချဲ့စိုက်ပျိုးလျှင် လုံလောက်အောင် ရရှိနိုင်သော ကုန်ကြမ်း ဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြားသုံးငွေ ခြိုးခြံနိုင်ရန် ဂုန်နီစက်ရုံ တည်ဆောက်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။

ဂုန်လျှော်ကို အရှေ့ပါကစ္စတန်နိုင်ငံမှ အများဆုံး ဝယ်ယူရသဖြင့် စက်ရုံတည်ရန်နေရာကို ကုန်ကြမ်းထွက်ရာ ဒေသနှင့် နီးသော ရခိုင်တိုင်းတွင် သင့်လျော်မည်လောဟု စဉ်းစားခဲ့သည်။ စက်ရုံ တည်ဆောက်သောအခါမူ ရန်ကုန်-အင်းစိန်လမ်းမကြီး၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ လှိုင်မြစ်ကမ်းပေါ်ရှိ အုတ်ကျင်း ရပ်ကွက်မှ ၁၀၄ ဧက ကျယ်ဝန်းသော မြေကွက်ကို ရွေးချယ်လိုက်သည်။ စက်ရုံ၏ ကုန်ကြမ်း၊ ကုန်ချောများကို သယ်ယူ ပို့ဆောင်ရာ၌ ရေလမ်း ကုန်းလမ်းတို့နှင့် နီးကပ်သဖြင့် အဆင်ပြေမည်ဟု သဘောရသောကြောင့် မူလ အစီအစဉ်ကို ဖျက်လိုက်ခြင်း ဖြစ်သည်။

ဂုန်နီစက်ရုံ (အုတ်ကျင်း)ကို အကောင်အထည် ဖော်ရန်အတွက် စတလက သည် ၁၉၅၄ ခုနှစ်တွင် ဂုန်နီစက်ရုံ အကောင်အထည်ဖော်ရေးဘုတ်အဖွဲ့ Jute Mill Implementation Board ကို ဖွဲ့စည်း၍ စတင်ဆောင်ရွက်သည်။ အကောင်အထည်ဖော်ရေးအဖွဲ့တွင် ဒုတိယ ဝန်ကြီးချုပ်၏ ပါလီမန် အတွင်းဝန်၊ စက်မှုလက်မှုဝန်ကြီး၏ ပါလီမန် အတွင်းဝန်၊ စတလက အင်ဂျင်နီယာချုပ် (ဆောက်လုပ်ရေး)၊ စတလက အင်ဂျင်နီယာချုပ် (စက်မှု)၊ စတလက ကျွမ်းကျင်မှု ဆိုင်ရာ ဒါရိုက်တာနှင့် ဂုန်နီစက်ရုံ ဥက္ကဋ္ဌတို့ ပါဝင်သည်။ ဂုန်နီစက်ရုံ ဥက္ကဋ္ဌသည် စက်ရုံ အကောင်အထည် ဖော်ရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

၁။ *Burma*, Vol. 5, No. 1, Oct. 1954, p.30

စက်ရုံအတွက် လိုအပ်သော စက်များ၊ စက်ပစ္စည်းများကို ဝယ်ယူရန် ၁၉၅၄ ခုနှစ်အတွင်း အပြည်ပြည်ဆိုင်ရာ တင်ဒါများ ခေါ်ယူကာ စာချုပ် ချုပ်ဆိုသည်။ စက်ပစ္စည်းကိရိယာများနှင့် လျှပ်စစ်ပစ္စည်းများကို မြောက်အိုင်ယာလန် ဘဲလ်ဖတ်မြို့ James Mackie and Sons Ltd. မှ ဝယ်ယူသည်။ စက်ဝိုင်းရက်ကန်းစင်များကို ယူနိုက်တက် ကင်းဒမ်း Fairbairm Lrwson Combe Barbour Ltd. မှ ဝယ်ယူ၍ ဆောက်လုပ်ရေး ပစ္စည်းများကိုမူ အနောက်ဂျာမနီနိုင်ငံ Stahlbau Egger GmbH Co. မှ ဝယ်ယူသည်။ စက်ရုံတွင် ဂုန်နီရက်ရန် စက်ဝိုင်းရက်ကန်းစင် ၁၂ စင်၊ တိုင်ချည်ရစ်တိုင် ၅၈၀၀၊ ဖောက်ချည်ရစ်တိုင် ၃၆၀၀ နှင့် ရိုးရိုးရက်ကန်းစင် ၅၀၈ စင်ရှိသည်။[၁]

စက်ရုံ အဆောက်အအုံများနှင့် တည်ဆောက်ရေး လုပ်ငန်းကို ၁၉၅၅ ခုနှစ် ဧပြီလတွင် စတင်၍ ၁၉၅၆ ခုနှစ် မတ်လမှ ၁၉၅၇ ခုနှစ် နိုဝင်ဘာလ အတွင်းစက်များကို တပ်ဆင်သည်။ ပြီးစီးသမျှ ဌာနစိတ်များ၏ ကုန်ထုတ်လုပ်မှု စမ်းသပ်ခြင်းကို ၁၉၅၇ ခုနှစ် ဇန်နဝါရီလကမှ စတင်ခဲ့ရာ ၁၉၅၈ ခုနှစ် ဇန်နဝါရီလတွင် ပြီးစီးသည်။ စက်ရုံ တည်ဆောက်ရာတွင် ဗြိတိသျှ စက်မှုလက်မှု တတ်ကျွမ်းသူ ၆ ဦး၊ လျှပ်စစ်တတ်ကျွမ်းသူ ၁ ဦး၊ ဂျာမန်အဆောက်အအုံ တတ်ကျွမ်းသူ ၁ ဦးနှင့် စတာလက အင်ဂျင်နီယာချုပ်က တိုင်းရင်းသား အင်ဂျင်နီယာများနှင့်အတူ ကြီးကြပ်ပေးသည်။[၂]

စက်ရုံစတင်မလည်မီ အင်ဂျင်နီယာ ၄ ဦး၊ ကုန်ထုတ်လုပ်မှု အရာရှိ ၃ ဦးတို့ကို ဗြိတိန်နိုင်ငံသို့လည်းကောင်း၊ ဖိုမင်အဆင့်ရှိသူ ဝန်ထမ်း ၈ ဦးကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ အခြား ဖိုမင် ၈ ဦးကို ပါကစ္စတန် နိုင်ငံသို့လည်းကောင်း စေလွှတ်၍ လုပ်ငန်းကို လေ့လာစေသည်။ နိုင်ငံခြား အတတ်ပညာရှင်များ ပြန်သွားကြသောအခါ စက်ရုံကို တိုင်းရင်းသားကျွမ်းကျင်သူများက ဦးဆောင်၍ ဆက်လက်လုပ်ဆောင်ကြသည်။[၃]

ဂုန်နီစက်ရုံ (အုတ်ကျင်း) စတင်တည်ဆောက်စဉ်ကာလဖွဲ့စည်းပုံအရ အရာထမ်း ၁၀၅ ဦး၊ အမှုထမ်း ၄၉၃၇ ဦး၊ စုစုပေါင်း ၅၀၄၂ ဦးတို့သည် စက်ရုံလုပ်ငန်းခွင်တွင် ပါဝင်၍ အလုပ်လုပ်ကိုင်ခွင့် ရရှိကြသည်။ စက်ရုံကို ၁၉၅၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၁၉၅၈ ခု စက်တင်ဘာလ ၃၀ ရက်အထိ တစ်ဆိုင်းစနစ်ဖြင့်လည်ပတ်သည်။ ၁၉၅၈ ခု အောက်တိုဘာလ ၁ ရက်မှ ၁၉၆၂ ခု မေလ ၉ ရက်နေ့အထိ နှစ်ဆိုင်းစနစ်ဖြင့် လည်ပတ်ထုတ်လုပ်သည်။[၄]

၁။ ဂုန်လျှော်ပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၊ မြန်မာ့ဂုန်လျှော်သမိုင်း၊ စာ ၈၂ - ၉၉

၂။ ဂုန်လျှော်ပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ စာ ၈၂--၈၃

၃။ ဂုန်လျှော်ပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ စာ ၉၉

၄။ ဂုန်လျှော်ပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ စာ ၉၅ - ၁၁၁

ဂုန်နီစက်ရုံ တည်ဆောက်ရာ၌ မြေနေရာနှင့် အဆောက်အအုံအတွက် စုစုပေါင်းကျပ်သိန်း ၉၉.၈၁ ကုန်ကျသည်။ စက်နှင့် စက်ပစ္စည်း အရပ်ရပ်အတွက် စုစုပေါင်း ကျပ်သိန်း ၂၂၃.၆၅နှင့် အခြား ကုန်ကျစရိတ်ကျပ် ၈.၂၄ သိန်း ကုန်ကျသည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမှာ စုစုပေါင်း ကျပ်သိန်း ၃၃၁.၇၀ ကျော်သည်။ ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံပိုင်ငွေဖြင့်ပင် ကျခံ ခဲ့သည်။[၁]

ဂုန်နီစက်ရုံ(အုတ်ကျင်း)သည် စတင် တည်ဆောက်စဉ်က တစ်ရက်လျှင် နှစ်ဆိုင်းဖြင့် စက်ရွှမ်းအားပြည့် လည်ပတ်မည် ဆိုပါက တစ်နှစ်အတွင်း ဂုန်နီအိတ်ပေါင်း ၂၂.၈၉၂ သန်း၊ ဂုန်နီဖျင်ပါးကိုက်ပေါင်း ၁.၅၀ သန်းနှင့် ဂုန်နီကြိုး ပေါင် ၁.၅၅ သန်း ထုတ်လုပ်နိုင်စွမ်းရှိသည်။ ပုံမှန်ကုန်ထုတ်လုပ်မှုလုပ်ငန်း စတင်ခဲ့သော ၁၉၅၆-၅၇ ခုနှစ်မှစ၍၁၉၆၂-၆၃ ခုနှစ်အထိ အောက်ပါအတိုင်းထုတ်လုပ်ပေးနိုင်ခဲ့သည်။[၂]

(သန်းပေါင်း)

ခုနှစ်		ဂုန်နီအိတ် (အိတ်)	ဂုန်နီကြိုး (ပေါင်)	ဂုန်နီဖျင်ပါး (ကိုက်)
၁၉၅၆-၅၇	....	၂.၅၄	၀.၁၂	၀.၀၆၃
၁၉၅၇-၅၈	....	၁၁.၃၄	.	၀.၀၀၇
၁၉၅၈-၅၉	....	၁၄.၃၇	၀.၈၆	၀.၀၆၆
၁၉၅၉-၆၀	....	၁၃.၆၅	၁.၀၇	၀.၀၆၇
၁၉၆၀-၆၁	....	၈.၃၄	၀.၉၃	၀.၀၃၆
၁၉၆၁-၆၂	....	၁၂.၆၀	၀.၆၄	၀.၀၃၉
၁၉၆၂-၆၃	....	၂၃.၁၁	၁.၂၅	၀.၀၃၀

ဂုန်နီစက်ရုံအတွက် အဓိက ကုန်ကြမ်းဖြစ်သည့် ဂုန်လျှော်ကို ၁၉၅၆-၅၇ ခုနှစ်မှ ၁၉၇၁-၇၂ ခုနှစ်အထိ နိုင်ငံခြားမှ မှာယူတင်သွင်းသည့် ဂုန်လျှော်နှင့် ပြည်တွင်းဂုန်လျှော်များကို ရောစပ်အသုံးပြုခဲ့သည်။ ၁၉၅၆-၅၇ ခုနှစ်မှ ၁၉၆၂-၆၃ ခုနှစ်အထိ နိုင်ငံခြားမှ မှာယူ

၁။ ဂုန်လျှော်ပစ္စည်းလုပ်ငန်း ကောင်ပိုရေးရှင်း၊ မြန်မာ့ဂုန်လျှော်သမိုင်း၊ စာ ၉၅
၂။ မြန်မာ့ဂုန်လျှော်သမိုင်း၊ စာ ၉၃

တင်သွင်းသည့် ဂုန်လျှော်နှင့် ပြည်တွင်း ဂုန်လျှော် သုံးစွဲမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

ခုနှစ်		ပြည်ပမှတင်သွင်းသည့်ဂုန်လျှော် (တန်)	ပြည်တွင်းဂုန်လျှော် (တန်)
၁၉၅၆-၅၇	....	၂၀၂၈	၆၄၂
၁၉၅၇-၅၈	....	၈၇၃၇	၁၃၂၁
၁၉၅၈-၅၉	....	၁၁၇၈၀	၂၄၅၄
၁၉၅၉-၆၀	....	၁၁၁၀၇	၂၇၄၁
၁၉၆၀-၆၁	....	၇၀၃၃	၁၆၄၈
၁၉၆၁-၆၂	....	၁၀၆၇၃	၂၀၁၀
၁၉၆၂-၆၃	....	၁၄၀၄၄	၈၃၂၁

နိုင်ငံခြားမှ ဝယ်ယူတင်သွင်းသည့် ဂုန်လျှော်များကို ပထမနှစ်များတွင် တင်ဒါစနစ်ဖြင့်ဝယ်ယူသည်။ တင်ဒါစနစ်ဖြင့် ဝယ်ယူခြင်းသည် ကုန်သွယ်မှု သဘော အကျိုး မရှိကြောင်း သိလာကြသည်။ ဂုန်နီစက်ရုံအတွက် ဂုန်လျှော်ဝယ်ယူမည့် တင်ဒါကို ကြော်ငြာသည့် အချိန်တွင် အိန္ဒိယ၊ ပါကစ္စတန် နိုင်ငံများမှ ဂုန်လျှော်ရောင်းသည့် ကုမ္ပဏီတို့သည် ဈေးကစားကြသည်။ တင်ဒါတင်ပြရာ၌လည်း ဈေးများ မြင့်တက်ကြသောကြောင့် ဂုန်နီစက်ရုံမှ ဂုန်လျှော်များကို အများအားဖြင့် ဈေးကြီးပေး၍ ဝယ်ယူခဲ့ရသည်။ သို့ဖြစ်၍ ဂုန်လျှော်ဝယ်ယူသည့် စနစ်ကို ပြောင်းလဲခဲ့သည်။ စနစ်သစ်မှာ ဂုန်လျှော် ဈေးကွက်အကြီးဆုံးဖြစ်သော ပါကစ္စတန် နိုင်ငံတွင် ကိုယ်စားလှယ်ထား၍ ဝယ်ယူသည့် စနစ်ဖြစ်သည်။ နောက်ပိုင်းတွင် ဈေးကမ်းလှမ်းသည့် စနစ်ကို အသုံးပြုသည်။ ဈေးကမ်းလှမ်းသည့် (Offer) စနစ်မှာ မှတ်ပုံတင်ထား၍ အဆက်အသွယ်ရှိပြီး ဖြစ်သော ကုမ္ပဏီများမှ ဂုန်လျှော်ရောင်းချရန် ဈေးကမ်းလှမ်းချက်များကို အနည်းဆုံး တစ်ပတ်လျှင် တစ်ကြိမ်ကျ ကြေးနန်းဖြင့်ဈေးနှုန်းများပေးပို့ကြရသည်။ ဈေးနှုန်းများကို ကြည့်၍ ဂုန်လျှော် ဝယ်ယူရေးကော်မတီမှဝယ်ယူရန် သင့်မသင့်ကို ၂၄ နာရီအတွင်း ဆုံးဖြတ်ပြီး ဝယ်ယူရန် ဆုံးဖြတ်ပါက စက်မှုလက်မှုတိုးချဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ပစ္စည်းဝယ်ယူရေးဌာနမှ ဆက်လက် ဆောင်ရွက်ပေးရသည်။[၂]

၁။ မြန်မာ့ဂုန်လျှော်သမိုင်း၊ စာ ၈၅

၂။ မြန်မာ့ဂုန်လျှော်သမိုင်း၊ စာ ၈၇-၈၈

ဂုန်နီစက်ရုံ(အုတ်ကျင်း)၏ ၁၉၅၆-၅၇ ခုနှစ်မှစ၍ ၁၉၆၁-၆၂ ခုနှစ်အထိ နှစ်စဉ် ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် ဝင်ငွေ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။

(ကျပ်သိန်းပေါင်း)

		ဝင်ငွေ	ကုန်ကျစရိတ်	အရှုံး အမြတ်	အချိုး
၁၉၅၆-၅၇	....	၂၆.၇၂	၄၆.၁၅	(—)၁၉.၄၃	၁၇၃.၄၆%
၁၉၅၇-၅၈	....	၁၅၄.၉၂	၁၉၃.၄၀	(—)၃၈.၄၈	၁၂၄.၈၄%
၁၉၅၈-၅၉	....	၂၀၄.၂၅	၂၃၄.၅၉	(—)၃၀.၃၄	၁၁၄.၈၅%
၁၉၅၉-၆၀	....	၂၂၈.၄၃	၂၃၂.၅၀	(—)၄.၀၇	၁၀၁.၇၈%
၁၉၆၀-၆၁	....	၁၉၂.၉၂	၂၄၉.၆၇	(—)၅၆.၇၅	၁၂၉.၄၂%
၁၉၆၁-၆၂	....	၂၄၇.၁၂	၂၉၁.၀၉	(—)၄၃.၉၇	၁၁၇.၇၉%

ဂုန်နီစက်ရုံကို ပြည်တွင်း လိုအပ်ချက်အရ မတည်ရင်းနှီးငွေ အကုန်အကျခံ၍ တည်ဆောက်ခဲ့သည်။ ဆန်အိတ်၊ သကြားအိတ်၊ ဂုန်နီကြိုး၊ ဂုန်နီဖျင် စသည်တို့ကိုထုတ်လုပ်ပေးနိုင်ခြင်းဖြင့် နိုင်ငံခြားသုံးငွေကို ချွေတာနိုင်ရန် ရည်ရွယ်သည်။ သို့သော် ဂုန်နီစက်ရုံ၏ ကုန်ထုတ်လုပ်မှုသည် စက်စတင်လည်ပတ်သည်မှ ၁၉၆၁-၆၂ ခုနှစ်အထိ အရှုံးနှင့်သာရင်ဆိုင်နေရသည်။ အဓိက ကုန်ကြမ်းဖြစ်သော ဂုန်လျှော်ကို ပြည်တွင်းမှ လုံလောက်အောင် ထုတ်လုပ် မပေးနိုင်သေးသဖြင့် ပြည်ပမှ တင်သွင်းရသေးသည်။ ပြည်ပမှ ဂုန်လျှော်ဈေးနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် တိုးမြင့်လာသည်။ ၁၉၅၉ ခုနှစ်တွင် ဂုန်လျှော်ကြမ်း တစ်တန်လျှင် ကျပ် ၇၅၀ ပေးရ၍ ၁၉၆၀ ပြည့်နှစ် မေလတွင် ကျပ် ၁၀၀၀ အထိတက်သွားသည်။[၁] ထို့ကြောင့် ၁၉၅၉ ခုနှစ် ကုန်ကြမ်းတန်ဖိုးသည် ဂုန်နီအိတ် တန်ဖိုး၏ ၅၄ ရာခိုင်နှုန်း ရှိပြီး ၁၉၆၀ ပြည့်နှစ် မေလတွင် ကုန်ကြမ်းတန်ဖိုးမှာ ဂုန်နီအိတ်တန်ဖိုး၏ ၇၀ ရာခိုင်နှုန်းရှိလေသည်။ ထို့ပြင် မရှိမဖြစ် လိုအပ်သော လျှော်စပ်ဆီ၊ လျှော်စပ်ဆေးရည်၊ ကော်မှုန့် စသောကုန်ကြမ်းများကိုလည်း ပြည်ပမှပင် ဝယ်ယူရသည်။

ပြည်တွင်းမှ ထွက်သော ဂုန်လျှော်သည် အရည်အသွေး အကောင်းစား များဖြစ်သည်။ စင်စစ် ဂုန်နီအိတ် ရက်လုပ်ရန် အညံ့စား လျှော်များသာလိုသည်။ လျှော်အကောင်းစားများကို အသုံးပြုနေရသဖြင့် စတလကမှ ဆောက်လုပ် တည်ထောင်သော ဂုန်နီစက်ရုံ စရိတ် (Factory Cost)သည် အိန္ဒိယနိုင်ငံရှိ စက်ရုံများ၏ စရိတ်ထက် ၂၀ ရာခိုင်နှုန်း မိုး

၁။ မြန်မာ့ဂုန်လျှော်သမိုင်း၊ စာ ၁၀၇

မြင့်မားသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှု စရိတ်လည်း ကြီးမြင့်လေသည်။[1] ပြည်တွင်း လိုအပ်ချက်ကို အရှုံးနှင့်ပင် လည်ပတ်ဖြည့်ဆည်းရသော စက်ရုံ ဖြစ်ပေသည်။

ဂုန်နီစက်ရုံကို ထိုသို့ အရှုံးဖြင့် လည်ပတ်နေရသဖြင့် ၁၉၅၈-၅၉ ခုနှစ် ဗိုလ်ချုပ်ကြီး ဒိမ်စောင့် အစိုးရ လက်ထက်တွင် ပြုပြင်မှုများတတ်နိုင်သမျှ ပြုလုပ်သည်။ စက်ရုံကို နှစ်ဆိုင်းအစား သုံးဆိုင်းစနစ်ဖြင့် လည်ပတ်ရန် စီစဉ်သည်။ ပြည်တွင်းထွက် ဂုန်လျှော်သည် အဆင့်အတန်းမြင့်သော အကောင်းစားများ ဖြစ်သဖြင့် ဝင်ငွေ ပိုမို ရရှိစေရန် ပြည်ပသို့ ထုတ်ရောင်းပြီးလျှင် ဂုန်နီအိတ် ရက်လုပ်ရန် လိုအပ်သော အညံ့စား ဂုန်လျှော်ကို လိုအပ်သမျှ ဝယ်ယူရန် စီစဉ်လျက် ဝယ်ယူရေး ကော်မတီကို ဖွဲ့စည်းခဲ့သည်။ ဂုန်လျှော် ရောင်းဈေး ဝယ်ဈေးကို သတိပြုစောင့်ကြည့်လျက် နစ်နာမှုမရှိစေရန် စိုင်းပြင်း လုပ်ဆောင်ခဲ့သည်။[2]

မြန်မာနိုင်ငံသည် သံနှင့်သံမဏိပစ္စည်း အမျိုးမျိုးကို နိုင်ငံခြားမှ နှစ်စဉ်ဝယ်ယူသုံးစွဲ ရသည်။ ထိုသို့နှစ်စဉ် ဝယ်ယူရသော သံနှင့်သံမဏိပမာဏမှာ ကျပ် ၃၀၀ သိန်းဖိုး၊ ၃၅၀၀၀ တန်ခန့်ရှိသည်။ ထို့ကြောင့် **သံမဏိစက်ရုံ** တည်ဆောက်ရေးကို ၁၉၄၆ ခုနှစ် စီးပွားရေး ၂ နှစ်စီမံကိန်း ရေးဆွဲစဉ်ကပင် ဦးစားပေးအဆင့်ဖြင့်ချမှတ်လုပ်ဆောင်ခဲ့သည်။ ၁၉၄၉ ခုနှစ် ဇွန်လတွင် အစိုးရက ဤလုပ်ငန်းကို အကောင်အထည်ဖော်ရန် သဘောတူခဲ့သဖြင့် သံမဏိစက်ရုံ စီမံကိန်းလုပ်ငန်းကို စက်မှုလက်မှုဌာန၊ စက်မှုလက်မှု ညွှန်ကြားရေး ဝန်ကြီး ဌာနက စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် စတင်ဆောင်ရွက်သည်။ စက်မှုလက်မှု ဖွံ့ဖြိုးလုပ်ကိုင်ရေး ကော်ပိုရေးရှင်း ဖွဲ့စည်းပြီးနောက် ၁၉၅၂ ခုနှစ်တွင် စက်မှုလက်မှု ဖွံ့ဖြိုး လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသို့ လွှဲပြောင်းပေးခဲ့သည်။

စက်ရုံတည်ဆောက်ရေးအတွက် ဆင်မလိုက်ချောင်း မြေနေရာနှင့် အင်းစိန်ရွာမ မြေ နေရာများကို ကော ထိ အေ အဖွဲ့အား လေ့လာစေခဲ့ပြီး အင်းစိန်ရွာမမြေနေရာကို ရွေးချယ် ခဲ့သည်ဟုဆိုသည်။

ထို့နောက် ကုလသမဂ္ဂ၏ အရှေ့တောင်အာရှ စီးပွားရေးအဖွဲ့မှ အတိုင်ပင်ခံ တစ်ဦးနှင့် တင်ဒါရေးဆွဲကာ ၁၉၅၂ ခု ဇူလိုင်လတွင် နိုင်ငံတကာမှ တင်ဒါခေါ်ခဲ့သည်။ အာမာ သုတေသနအဖွဲ့၏ တပ်ဆင့်ထောက်ခံချက်အရ လည်းကောင်း၊ ဒီမတ်ကုမ္ပဏီသည် ကမ္ဘာနှင့် အဝန်း ထင်ရှားသည့်အတွက် လည်းကောင်း ၁၉၅၄ ခုမတ်လတွင် အနောက်ဂျာမနီပြည် (Messrs Demag Aktiengesellchaft Duisburg) ကုမ္ပဏီ၏ စက်ပစ္စည်းကိရိယာ ပေးသွင်း ရန်နှင့် တပ်ဆင်ရန် တင်ဒါကို ရွေးချယ်၍ ၁၉၅၄ ခု ဧပြီလတွင်စာချုပ်ချုပ်ဆိုခဲ့သည်။

၁။ မြန်မာ့ဂုန်လျှော်သမိုင်း၊ စာ ၁၀၉

၂။ ပြည်ရေးရွာမူ၊ စာ ၂၇၉

စက်ရုံအခြေခံ အုတ်မြစ်ချခြင်းနှင့် စက်ရုံတည်ဆောက်ခြင်း လုပ်ငန်းအတွက် အနောက်ဂျာမနီပြည် Messrs Ed Zublin ၏ တင်ဒါကို ရွေးချယ်ပြီး ၁၉၇၄ ခု မေလတွင် စာချုပ်ခဲ့သည်။

စက်ရုံကို ၁၉၇၅ ခု ဇန်နဝါရီလတွင် စတင်တည်ဆောက်ခဲ့၍ စက်ရုံ၏ ဌာနကြီးများ အလိုက်ဆင့်ကဲဆင့်ကဲစက်များ တပ်ဆင်ရာ သံဒလိမ့်တုံးလုပ်ငန်းဌာနသည် ၁၉၇၇ ခု ဧက်တင်ဘာလတွင် လည်းကောင်း၊ သံပြားလုပ်ငန်းဌာနသည် နိုဝင်ဘာလတွင် လည်းကောင်း၊ သံမဏိလုပ်ငန်းဌာနသည် ဒီဇင်ဘာလနှင့် ဝါယာနန်းဆွဲဌာနသည် ၁၉၇၉ ခုနှစ် ဩဂုတ်လတွင် လည်းကောင်း ပြီးစီး၍ စက်တင်ဘာလမှ စတင်ကာ သံချောင်းလုံး၊ သံချောင်းပြား၊ ရိုးရိုးသံပြားနှင့် အိမ်ရိုက်သံများကို စတင်ထုတ်လုပ်သည်။

စက်ရုံကို စက်မှုလက်မှုဌာန၊ စက်မှုလက်မှု ညွှန်ကြားရေးဝန်ထံမှ လွှဲပြောင်းယူခဲ့ပြီးနောက် စက်မှုလက်မှု တိုးချဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် သံမဏိစက်ရုံအကောင်အထည်ဖော်ရေး ကော်မတီကို ဖွဲ့စည်းလျက် တည်ဆောက်သော လုပ်ငန်းများကို ကြီးကြပ်စီမံစေခဲ့သည်။ စက်ရုံပြီးစီး၍ ကုန်ထုတ်လုပ်မှု စတင်ချိန်တွင် ကြီးကြပ်အုပ်ချုပ်နိုင်ရန် ၁၉၇၇ ခုမေလတွင် စက်ရုံအုပ်ချုပ်ရေးအဖွဲ့ကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းမှ ပြန်လည်ဖွဲ့စည်းခဲ့သည်။[၁]

သံမဏိစက်ရုံ အုပ်ချုပ်ရေးအဖွဲ့ကို ၁၉၇၉ ခုနှစ်တွင် ဖျက်သိမ်း၍ ၁၉၈၂ ခု ဩဂုတ်လအထိ စက်မှုလက်မှု တိုးချဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်းမှ တိုက်ရိုက်ကြီးကြပ် စီမံခန့်ခွဲသည်။ သံမဏိစက်ရုံ၌ အမှုဆောင် အရာရှိချုပ်တစ်ဦး ထားရှိ၍ အကြီးအကဲဖြစ်ပြီး ဌာနကြီးမှူးများ ပါဝင်သည့် အကြံပေး ကော်မတီဖြင့် စီမံအုပ်ချုပ်စေသည်။

သံမဏိစက်ရုံအတွက် အနောက်ဂျာမနီပြည် Demag ကုမ္ပဏီမှ ပေးသွင်းသော စက်ပစ္စည်း ကိရိယာများ၏ မူလစာချုပ်အရ သင်္ဘောပေါ် ရောက် တန်ဖိုးသည် စုစုပေါင်း စတာလင်ပေါင် ၁၄၇၈၆၂၀ ဖြစ်သည်။ စက်ရုံအခြေ အုတ်မြစ်ချရန် အနောက်ဂျာမနီပြည် Messrs Ed Zublin AG Duisburg နှင့် ၁၉၇၄ ခု မေလတွင် ချုပ်ဆိုခဲ့သော မူလစာချုပ်တန်ဖိုးမှာ စတာလင်ပေါင် ၅၀၄၀၀ ဖြစ်သည်။[၂]

၁။ စတာလကာ၊ သံမဏိစက်ရုံ (အင်းစိန်၊ ရွာမ) အကြောင်းအရာ၊ စာ ၁-၂

၂။ သံမဏိစက်ရုံ (အင်းစိန်-ရွာမ) အကြောင်းအရာ၊ စာ ၃

စက်ရုံ တည်ဆောက်ရေးကို အနောက်ဂျာမနီပြည် Messrs Ed Zublin AG Duisburg ကုမ္ပဏီကပင် ဆောင်ရွက်သည်။တည်ဆောက်ခြင်းအတွက် မူလစာချုပ်အရ စတာလင်ပေါင် ၁၇၄၇၂-၁၀-၀ ကုန်ကျသည်။ သံမဏိစက်ရုံလုပ်ငန်းအတွက် ၁၉၆၂-၆၃ ခုနှစ်အထိ ငွေလုံးငွေရင်း ကုန်ကျရင်းနှီးမြှုပ်နှံခဲ့သည်မှာ—

မြေနှင့် အဆောက်အအုံ	ငွေကျပ်သိန်း	၁၂၃·၀၀
စက်ပစ္စည်းကိရိယာများ	။	၂၇၁·၆၁
အခြားမတည်ပစ္စည်းများ	။	၃၂·၇၆

ဖြစ်၍ စုစုပေါင်း ငွေကျပ် ၄၂၇·၃၇ သိန်း ကုန်ကျခဲ့သည်။[၁]

သံမဏိစက်ရုံကို ထိုမျှရင်းနှီးမြှုပ်နှံ၍ တည်ဆောက်သည်မှာ နိုင်ငံတော် ပြန်လည်ထူထောင်ရေး အစီအစဉ်တွင် လိုအပ်သော သံပြား၊ သံလုံး၊ သံချောင်း၊ သွပ်ပြားစသည်တို့ကို ပြည်တွင်းမှပင် ဖြည့်ဆည်းပေးနိုင်ရန် ရည်သန်သောကြောင့် ဖြစ်သည်။ သံမဏိစက်ရုံမှ နှစ်စဉ် သွပ်ပြား ၈၀၀၀ တန်၊ သံလုံးသံချောင်း ၃၀၀၀ တန်နှင့် သွပ်ကြိုးအိမ်ရိုက်သံ၊ ဝက်အူစသည်တို့ ၄၅၀၀ တန်ထုတ်လုပ်ရန် ရည်ရွယ်မှန်းခဲ့သည်။[၂]

သံမဏိစက်ရုံတွင် လုပ်ငန်းအလိုက် ဌာနများခွဲထားသည်။ သံမဏိလုပ်ငန်းဌာနသည် သံတိုသံစများကို အရည်ကျို၍ သံတုံးသံပြားများ ထုတ်လုပ်သည်။ သံအလိပ်တုံးဌာနတွင် သံချောင်းအလုံးအပြား အရွယ်အစား အမျိုးမျိုးနှင့် သံပြားကြမ်းများ ထုတ်လုပ်သည်။ သံပြားကြိတ်ဌာနမှ သွပ်ပြားနှင့် သံပြားများ ထုတ်လုပ်၍ ဝါယာနန်းဆွဲဌာနတွင် ဝါယာကြိုးအမျိုးမျိုး၊ သွပ်ဆူးကြိုးနှင့် အိမ်ရိုက်သံများ လုပ်သည်။

စက်ရုံမှ ကုန်ချောအနေဖြင့် ၃/၈″ မှ ၁″ ရှိသံချောင်းလုံး၊ ဘိတ်ဒိုစီကုမ္ပဏီ သံစည်အတွက် သံပြား၊ ၁၆ ဂိတ်မှ ၂၈ ဂိတ်ထိ သံပြားများ၊ သွပ်ရည်စိမ် သံပြားများ၊အိမ်မိုးသွပ်ပြားများ၊ ၁၂ ဂိတ်မှ ၁၄ ဂိတ်ထိ သွပ်ဆူးကြိုးခွေများနှင့် ၁ ခွဲ″ မှ ၄″ အိမ်ရိုက်သံများထုတ်လုပ်သည်။

၁။ သံမဏိစက်ရုံ (အင်းစိန်၊ ရွာမ) အကြောင်းအရာ၊ စာ ၄

၂။ *Burma*, Vol. 8. No. 1 Oct 1957, p. 45

၁၉၆၂-၆၃ ခုနှစ်အထိ နှစ်စဉ် ကုန်ချော ထုတ်လုပ်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

(တန်ချိန်)

ခုနှစ်	သံချောင်းလုံး	သံပြား	အိမ်ရိုက်သံ	သွပ်ဆူးကြိုး	သံချောင်း
၁၉၅၇-၅၈	.... ၃၁၂၃	၂၉၆	၅၈	....	....
၁၉၅၈-၅၉	.... ၃၀၄၀	၂၃၀၀	၁၀၂၃	၃၉	၄၉
၁၉၅၉-၆၀	.... ၅၇၁၀	....	၁၆၀၁	၃၁၀	....
၁၉၆၀-၆၁	.... ၃၁၁၀	၂၁၂၄	....	၃၆၀	....
၁၉၆၁-၆၂	.... ၈၄၄၅	၂၇၉၈	....	၄၁၂	....
၁၉၆၂-၆၃	.... ၉၁၄၂	၄၈၆၈	၁၆	၆၄၂	....

ဤစက်ရုံ၏ ကုန်ချောထုတ်လုပ်မှု လုပ်ငန်းအတွက် အဓိကကုန်ကြမ်းပစ္စည်းမှာ သံတိုသံစ ဖြစ်သည်။ စက်ရုံတည်ဆောက်ရန် စတင်စီစဉ်စိုင်းပြင်းစဉ်က စစ်မကြွင်းကျန်ရစ်သော သံတိုသံစ အများအပြားအပြင် တစ်ပြည်လုံးမှ နောက်ထပ်သံတိုသံစ တန် ၁၀၀၀၀၀ ခန့် စုဆောင်းရရှိမည်ဟု မျှော်မှန်းကြသည်။ ထို့ပြင် မြန်မာနိုင်ငံ နယ်မြေအနှံ့အပြား၌ သံရိုင်းများ တူးဖော် ရရှိနိုင်မည်ဟု သတ္တုတူးဖော်ရေး အင်ဂျင်နီယာများ၏ အစီရင်ခံချက်အရ စက်ရုံ လည်ပတ်ရန် ကုန်ကြမ်းကို ပြည်တွင်းမှ လုံလောက်စွာ ရရှိနိုင်မည်ဟု ခန့်မှန်းကြသည်။ အစိုးရ သတ္တုတူးဖော်ရေး အင်ဂျင်နီယာများ၏ စမ်းသပ်တူးဖော်ချက်များအရ အရည်အသွေး မြင့်သော သံရိုင်းများ တန်သန်း ၃၀ ထက်မနည်း ရနိုင်သည်ဟုဆိုသည်။[၂]

ကုန်ကြမ်းဖြစ်သော သံတိုသံစများ စုဆောင်းရာတွင် ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ဟူ၍ နှစ်မျိုးခွဲခြားထားသည်။ ပြည်သူပိုင် သံတိုသံစမှာ ပြည်တွင်းအနှံ့အပြားရှိ ပိုင်ရှင်မဲ့ပစ္စည်း ဖြစ်၍ သံတိုသံစများကို စက်မှုလက်မှု ဘိုးချွဲလုပ်ကိုင်ရေး ကော်ပိုရေးရှင်း သံတိုသံစ စုဆောင်း ရေးဌာနကသာ စုဆောင်းနိုင်သည့် အာဏာရှိသဖြင့် မည်သူ တစ်ဦးတစ်ယောက်မျှ ရှာဖွေ စုဆောင်း သယ်ယူ ပို့ဆောင်နိုင်ခွင့် မရှိချေ။ သံတိုသံစများကိုလိုက်လံ စုဆောင်းပြီး သံမဏိစက်ရုံဝင်းအရောက် သယ်ယူပေးရန် ကံထရိုက်ပေးသည့်စနစ်ကို သုံးသည်။

၁။ သံမဏိစက်ရုံ (အင်းစိန်၊ ရွာမ) အကြောင်းအရာ၊ စာ ၆

၂။ *Burma Year-Book and Directory* 1957-58, Sec. 10, p.23

ပိုင်ရှင်ရှိသော သံတိုသံစများကို မဝယ်ယူမီ ပိုင်ရှင် ဟုတ် မဟုတ်စစ်ဆေးပြီး မှန်ကန်မှ အောက်ပါစနစ်အတိုင်း ဝယ်ယူသည်။

၁။ ရှိရင်းပွဲနေရာမှ ဝယ်ယူခြင်း (ရန်ကုန်အတွင်း တစ်တန် ၂၀ိ/နယ်တစ်တန် ၁၅ိ/)။
၂။ စက်ရုံအရောက် ဝယ်ယူခြင်း (ခရီးလမ်းအခြေအနေကြည့်၍ ဈေးနှုန်းသတ်မှတ်သည်)။
၃။ အခြားအစိုးရဌာနများမှ ဝယ်ယူပါက ပုဂ္ဂလိကပိုင်ရှင်များထံမှ ဝယ်ယူသည့်စနစ်အတိုင်း ဝယ်ယူသည်။

သံတိုသံစစုဆောင်းရေးကို ၁၉၅၃-၅၄ ခုနှစ်မှစ၍ စက်မှုလက်မှု ဖိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက ဆောင်ရွက်ခဲ့ရာ ၁၉၅၇-၅၈ ခုနှစ်အထိ ငွေကျပ် ၂.၂ သန်းတန်ဖိုးရှိသော သံတိုသံစ တန်ချိန် ၄၈၂၇၅ စုဆောင်းရရှိခဲ့သည်။[1] စတလကလက်အောက်ရှိ သံတိုသံစ စုဆောင်းရေးအဖွဲ့ကို ဗိုလ်ချုပ်ကြီး၏ အိမ်စောင့်အစိုးရလက်ထက်တွင် ဖျက်သိမ်းလိုက်သည်။ သံတိုသံစ စုဆောင်းဝယ်ယူရန် ကန်ထရိုက်ပေးခြင်း၊ စာချုပ်ချုပ်ဆိုခြင်းတို့တွင် တရားမျှတမှုမရှိတဲ့ လာဘ်ထိုးချက်၊ နှစ်နာချက်များ တွေ့ရသောကြောင့်ဖြစ်သည်။စင်စစ်အားဖြင့် သံတိုသံစ စုဆောင်းခြင်းသည် သံရည်ကျိုစက်လုပ်ငန်း၏ တစ်စိတ်တစ်ဒေသဖြစ်ပေသည်။ ထို့ကြောင့် သံတိုသံစ စုဆောင်းရေးလုပ်ငန်းကို သံမဏိစက်ရုံသို့ ပူးပေါင်း၍ သံရည်ကျိုလုပ်ငန်းအောက်တွင် ထားလိုက်သည်။[2] ကုန်ကြမ်းရှာဖွေခြင်းနှင့် ကုန်ကြမ်းကိုအသုံးပြုသော ဌာနတို့ကို ထိုသို့ ပြုပြင်ပူးပေါင်းလိုက်ပြီးနောက် စက်ရုံအတွက် နှစ်အလိုက် စုဆောင်းခဲ့သော သံတိုသံစနှင့် သုံးစွဲမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။[3]

ခုနှစ်		သံတိုသံစစုဆောင်းမှု	သံတိုသံစသုံးစွဲမှု
၁၉၅၈-၅၉	....	၆၇၂၁	၁၁၉၉၅
၁၉၅၉-၆၀	....	၁၃၃၈	၁၃၄၃၄
၁၉၆၀-၆၁	....	၄၄၇၄	၁၀၇၂၆
၁၉၆၁-၆၂	....	၈၁၁၈	၁၂၀၅၆
၁၉၆၂-၆၃	....	၇၈၆၁	၁၄၅၇၆

၁။ *Burma*, Vol. 8. No. 1. October 1957, p. 45
၂။ မြည်ရေးဌာနမှူး၊ စာ ၂၈၃
၃။ သံမဏိစက်ရုံ (အင်းစိန် - ဌာနမှ) အကြောင်းအရာ၊ စာ ၇

ပြည်တွင်းမှ သံတိုသံစအပြင် အခြားကုန်ကြမ်းပစ္စည်းများဖြစ်သော သံပြားကြမ်း လေးမြောင့်သံတုံး (Billet)၊ ပေါင်းပြီးသား ကြိုးခွေ (Annealed Wire)၊ နန်းဆွဲကြိုးခွေ (Drawn Wire) များကိုလည်း နိုင်ငံခြားမှ တင်ဒါခေါ်၍ ဝယ်ယူသည်။ သံမဏိလုပ်ငန်း ဌာနအတွက် လိုအပ်သော ကျောက်မီးသွေး၊ သံရိုင်း၊ ထုံးကျောက်နှင့် Fluorspar များကို ပြည်တွင်းမှပင် ဝယ်ယူသည်။ အခြားဓာတ်သတ္တုများ ဖြစ်သော Graphite, Electrode, Fe Si, Ferman and Aluminium Shots များကို ဂျပန်စစ်လျော်ကြေးမှ ရရှိသည်။ Magnisite နှင့် Zinc ကို နိုင်ငံခြားတင်ဒါခေါ်၍ ဝယ်ယူသည်။[1]

စက်ရုံထွက်ပစ္စည်းများကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း အရောင်း ဌာနနှင့် ဗဟိုရောင်းဝယ်ရေး ဌာနမှလည်းကောင်း၊ ဖက်စပ်ကော်ပိုရေးရှင်း များမှလည်းကောင်း၊ စက်ရုံမှ တိုက်ရိုက်ရောင်းချခြင်းဖြင့် လည်းကောင်း ဖြန့်ဖြူးသည်။ ၁၉၆၁-၆၂ ခုနှစ် နောက်ပိုင်းတွင်မူ အရောင်းကိုယ်စားလှယ်များခန့်၍ ဖြန့်ဖြူးခဲ့သည်။ ၁၉၆၃ ခုနှစ် လယ်လောက်မှစ၍ ပြည်သူ့ပစ္စည်း ကော်ပိုရေးရှင်း (ပပက) မှတစ်ဆင့် ဖြန့်ဖြူးခဲ့သည်။

သံမဏိစက်ရုံထွက် ပစ္စည်းများ ရောင်းချခဲ့သော အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်။[2]

ခုနှစ်	စုစုပေါင်းတန်ဖိုး (ကျပ်သိန်း)
၁၉၅၈-၅၉	.... ၃၉.၅၆
၁၉၅၉-၆၀	.... ၇၅.၄၀
၁၉၆၀-၆၁	.... ၆၁.၉၅
၁၉၆၁-၆၂	.... ၇၆.၀၇
၁၉၆၂-၆၃	.... ၁၅၈.၆၀

သံမဏိစက်ရုံလုပ်ငန်း စတင်လည်ပတ် ထုတ်လုပ်သည်မှ ၁၉၆၀-၆၁ ခုနှစ်အထိ အရှုံးနှင့်သာ ရင်ဆိုင်လာခဲ့သည်။ ၁၉၅၇-၅၈ ခုနှစ်မှ ၁၉၆၂-၆၃ ခုနှစ်အထိ လုပ်ငန်းဆိုင်ရာ အရှုံးအမြတ်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။[3]

၁။ သံမဏိစက်ရုံ (အင်းစိန်-ရွာမ) အကြောင်းအရာ၊ စာ ၁၀
၂။ သံမဏိစက်ရုံ (အင်းစိန်-ရွာမ) အကြောင်းအရာ၊ စာ ၁၂
၃။ သံမဏိစက်ရုံ (အင်းစိန်-ရွာမ) အကြောင်းအရာ၊ စာ ၁၃

ခုနှစ်			အသားတင်အမြတ် (ကျပ်သိန်း)	အသားတင်အရှုံး (ကျပ်သိန်း)
၁၉၅၇-၅၈	....	....	....	၃၄.၃၃
၁၉၅၈-၅၉	....	....	....	၆၈.၁၂
၁၉၅၉-၆၀	....	....	....	၂၈.၁၁
၁၉၆၀-၆၁	....	....	....	၂၇.၂၃
၁၉၆၁-၆၂	....	....	၉.၆၀	....
၁၉၆၂-၆၃	....	....	၁၇.၉၀	....

ထိုသို့ အရှုံးနှင့် စက်သည်ပတ် ထုတ်လုပ်နေရသည်မှာ မူလစာချုပ်ပါ စက်စွမ်းအား အတိုင်း စက်များက ကုန်ထုတ်လုပ်နိုင်ခြင်း မရှိသောကြောင့် ဖြစ်လေသည်။ ထိုချတ်ယွင်း ချက်များကို သက်ဆိုင်ရာ စက်နှင့်စက်ပစ္စည်း ကိရိယာ ပေးသွင်းသော ကန်ထရိုက်တာများ၊ ကုမ္ပဏီများနှင့် ပြေလည်အောင် ဖြေရှင်းနိုင်ခြင်း မရှိသဖြင့် မနစ်နာသင့်ဘဲ နစ်နာနေခဲ့သည်။ ဗိုလ်ချုပ်ကြီး၏ အိမ်စောင့်အစိုးရ လက်ထက်တွင် ထိုပြဿနာ အရပ်ရပ်ကို စိစစ်၍ သက်ဆိုင်ရာ ကန်ထရိုက်တာများအား တင်းတင်းမာမာ အရေးဆိုခဲ့သည်။ အထူးသဖြင့် စတာလကနှင့် ဂျာမနီဒီမက်ကုမ္ပဏီသို့ အငြင်းပွားနေသည့် ကိစ္စကို အေးချမ်းစွာ ဖြေရှင်းနိုင်ရန် ဗိုလ်မှူးချုပ် အောင်ကြီး ခေါင်းဆောင်သော စီးပွားရေး မစ်ရှင်သည် ဥရောပနိုင်ငံများသို့ လည့်လည် သွားရောက်စဉ်က ဆွေးနွေးဖြေရှင်းခဲ့သည်။ ထိုဆွေးနွေးချက် အောင်မြင်သဖြင့် ဒီမက် ကုမ္ပဏီက သံအကိစက်ရုံသို့ နောက်ထပ် ဂျာမန်ဒီမက် ဒင်္ဂါး ၇၀၀၀၀၀ ကျော်ဖိုး စက်ပစ္စည်းများ အခမဲ့ပေးပို့ တပ်ဆင်ပေးသည်။

ထို့ပြင် အိမ်စောင့်အစိုးရ လက်ထက်တွင် နိုင်ငံအတွက် အထူးလိုအပ်၍ စက်ရုံအတွက် အကျိုးအမြတ်ရှိမည့် အိမ်ရိုက်သံ ထုတ်လုပ်ရေးကို စွမ်းအားတိုးစေရန် စက်များထပ်မံတပ်ဆင် ခဲ့သည်။ စက်ရုံအတွက် လိုအပ်သော ကုန်ကြမ်း သံစိုင်းများ ရှာဖွေရန်လည်း Messrs Krupp ကုမ္ပဏီနှင့် စာချုပ်ဆိုသည်။ သံစိုင်းများကို အရည်ကျိုရာ၌ စက်မှုနည်းဖြင့် မဟုတ်ဘဲ သာမန်လေး မားရိုးကျနည်းဖြင့် တရုတ်ပြည်တွင် လုပ်ကိုင်နေသည်ကို လေ့လာ ရန်လည်း မစ်ရှင်တစ်ဖွဲ့ စေလွှတ်သည်။ ဤနည်းဖြင့် သံရည်ကျိုလုပ်ငန်းကို စရိတ်အနည်း ဆုံးနှင့် အကျိုးအရှိဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ခဲ့သည်။

၁။ မြည်ရေးရွာမှု၊ စာ ၂၇၉

ဗိုလ်ချုပ်ကြီး၏ အိမ်စောင့်အစိုးရ လက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သဖြင့် စတလက၏ သံမဏိစက်ရုံတွင် ၁၉၆၁-၆၂ ခုနှစ်မှစ၍ အမြတ်ပေါ်လာသည်။ ထုတ်လုပ်စွမ်းအား တိုးတက်ကောင်းမွန်လာသဖြင့် ၁၉၆၁-၆၂ ခုနှစ်တွင် ကျပ် ၉.၆၈ သိန်း အမြတ်ရရှိ၍ ၁၉၆၂-၆၃ ခုနှစ်တွင် ကျပ် ၁၇.၉၀ သိန်းအထိ အမြတ်ငွေ တိုးတက်လာခဲ့သည်။

မြန်မာနိုင်ငံ သကြားစားသုံးမှုသည် အိန္ဒိယနှင့် နှိုင်းစာလျှင် နည်းသည်ဟုဆိုရပေမည်။ ကြံခုချက်လုပ်သော ကြံသကာနှင့် ထန်းမှချက်သော ထန်းလျက်တို့ ရှိနေသောကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့်လည်း လူဦးရေ၏ ရာခိုင်နှုန်း ၈၅ အများစုဖြစ်သော ကျေးလက်တောရွာနေ တောင်သူလယ်သမားများသည် ပြည်တွင်းဖြစ် ကြံသကာနှင့် ထန်းလျက်တို့ကို ပို၍စားသုံးကြသောကြောင့် ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ပြီးစ ၁၉၅၄-၅၅ ခုနှစ်ခန့်က လူတစ်ဦးကျ သကြားစားသုံးမှုနှုန်းသည် ၄.၁၄ ပေါင်ခန့်ရှိသည်။ ၁၉၅၈-၅၉ ခုနှစ်တွင်မူ တစ်ဦးကျ သကြားစားသုံးနှုန်းသည် ၅.၄၀ ပေါင်ဖြစ်လာ၍ ၁၉၆၁-၆၂ ခုနှစ်တွင် ၆.၅၉ ပေါင်ထိ တိုးတက်လာသည်။ ပြည်တွင်း စုစုပေါင်း သကြားစားသုံးမှုသည် ၁၉၅၅-၅၆ ခုနှစ်မှ ၁၉၆၄-၆၅ ခုနှစ်အတွင်း ပျမ်းမျှ တစ်နှစ်လျှင်တန်ချိန် ၄၅၇၄၀ တန် ဖြစ်၏။ ပြည်တွင်းထွက်သကြားသည် ပျမ်းမျှ တစ်နှစ်လျှင် တန်ချိန် ၂၀၀၁၂ ခန့်ရှိ၍ စားသုံးမှု၏ ၆၃ ရာခိုင်နှုန်းမျှရှိသည်။ ပြည်ပမှ ပျမ်းမျှ တစ်နှစ်လျှင် တန်ချိန် ၁၆၉၂၀ တန် တင်သွင်းရရာ စုစုပေါင်း စားသုံးမှု၏ ၃၇ ရာခိုင်နှုန်းရှိသည်။[၁] စုစုပေါင်း သကြားစားသုံးမှုသည် အသေးစိတ်အားဖြင့် အောက်ပါအတိုင်းဖြစ်သည်။[၂]

ခုနှစ်	ပြည်တွင်းထွက်	နိုင်ငံခြားမှ	တန်ချိန်စုစုပေါင်း
၁၉၅၅-၅၆	၁၆၃၂၆	၁၂၀၆၅	၂၈၃၉၁
၁၉၅၆-၅၇	၂၇၀၂၈	၁၅၀၇	၂၈၅၃၅
၁၉၅၇-၅၈	၃၉၉၇၄	၃၉၅၅၉	၇၉၅၃၃
၁၉၅၈-၅၉	၃၈၃၄၆	၃၂၁၅၆	၇၀၅၀၂
၁၉၅၉-၆၀	၃၈၄၃၈	၂၃၃၂၄	၆၁၇၆၂
၁၉၆၀-၆၁	၄၂၄၃၁	၂၂၈၀၅	၆၅၂၃၆
၁၉၆၁-၆၂	၅၅၁၃၁	၁၈၇၄၅	၇၃၈၇၆
၁၉၆၂-၆၃	၆၀၃၄၉	၅၁၂၉	၆၅၄၇၈
၁၉၆၃-၆၄	၄၈၆၀၃	၁၅၃၇၉	၆၃၉၈၂
၁၉၆၄-၆၅	၆၄၂၇၅	၄၉၈၇၁	၁၁၄၁၄၆

၁။ ဦးကျော်မြင့်၊ မြန်မာနိုင်ငံ သကြားလုပ်ငန်း၊ စာ ၇၈
၂။ မောင်သက်ဝင်း၊ မြန်မာနိုင်ငံ ကြံစိုက်ပျိုးခြင်းနှင့် သကြားလုပ်ငန်း၊ စာ ၅၉။

ထိုစဉ်က ပြည်တွင်းပြည်ပမှ ရရှိသော သကြားများကို အစိုးရကဦးစီး၍ ဖြန့်ဖြူး ရောင်းချသည်။ ပြည်သူ့ဆောက်ပံ့ရေးအဖွဲ့သည် နယ်များတွင် သကြားဖြန့်ဖြူးရောင်းချ ရေးဌာနခွဲများ ဖွင့်လှစ်၍ ဖြန့်ဖြူးရာ၌ ၁၉၅၄-၅၅ ခုနှစ်တွင် နယ်ဖြန့်ဖြူးရေးဌာန ၃ ခုသာ ရှိသည်။ ၁၉၅၆-၅၇ ခုနှစ်တွင် ဌာနခွဲ ၄၂ ခုအထိ တိုးတက်ဖွင့်လှစ်၍ ၁၉၅၉-၆၀ ခုနှစ် တွင် ခရိုင်ဌာနခွဲ ၄၂ ခု၊ မြို့နယ်ဌာနခွဲ ၆၃ ခုအထိ တိုးတက်လာသည်။

ပြည်တွင်းသကြား စားသုံးမှု တိုးမြင့်လာသည်ကို ထောက်အားသမျှ ပြည်တွင်းမှပင် ဖြည့်ဆည်းပေးနိုင်စေရန် ပြည်တော်သာ စီမံကိန်းကချမှတ်သော သကြားစက်များ တည်ထောင်ရေးကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် ၁၉၅၃ ခုနှစ်တွင် စတင်စိုင်းပြင်း ဆောင်ရွက်သည်။ စတာလကမှ ပထမဆုံးတည်ဆောက်သော သကြားစက်မှာ မြစ်ကြီးနားခရိုင်ရှိ နမ္မတီး သကြားစက်ဖြစ်သည်။

စတာလကသည် နမ္မတီး သကြားစက် တည်ဆောက်ရေးစီမံကိန်းကို ၁၉၅၃ ခုနှစ် ဒီဇင် ဘာလအတွင်းက စတင်ဆောင်ရွက်သည်။ သကြားစက်ပစ္စည်းများကို ပေးသွင်းရန် ဟော်လန် ပြည် Storks Werkspoor ကုမ္ပဏီတင်ဒါကို ၁၉၅၄ ခုနှစ် ဇွန်လတွင် ရွေးချယ် ခဲ့သည်။ စက်ရုံတည်ဆောက်ရန်နှင့် စက်များတပ်ဆင်ပေးရန်အတွက် ဂျပန်ပြည်၊ ဟီတာချီ သင်္ဘောတည်ဆောက်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီ၏ တင်ဒါကို ၁၉၅၄ ခုနှစ် နိုဝင်ဘာလတွင် ရွေးချယ်ခဲ့သည်။

စက်ရုံကို ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်၍ ၁၉၅၆ ခု မေလတွင် ပြီးစီးခဲ့သဖြင့် ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် သကြားစတင်ထုတ်လုပ်သည်။

နိုင်ငံတကာ တင်ဒါစနစ်ဖြင့် ဟော်လန်ပြည်မှ ဝယ်ယူခဲ့သော သကြားစက်ပစ္စည်း ကိရိယာများ၏ ရန်ကုန်ဆိပ်ကမ်းရောက် တန်ဖိုးမှာ ကျပ် ၈၈၂၂၁၉၄ (စတာလင်ပေါင် ၆၆၁၈၁၀) ဖြစ်သည်။ စက်ရုံအဆောက်အအုံများ တည်ဆောက်ခြင်းနှင့် စက်ပစ္စည်း ကိရိယာ များကိုတပ်ဆင်ခြင်း လုပ်ငန်းအတွက် ဟီတာချီကုမ္ပဏီအား ကျပ် ၂၅၀၇၂၀၀ ခန့် ပေးခဲ့ရပါ သည်။ နမ္မတီးသကြားစက်လုပ်ငန်း တစ်ခုလုံးအတွက် ၁၉၆၄-၆၅ ခုနှစ်ကုန်အထိ ကုန်ကျ ရင်းနှီးငွေများမှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

၁။ မြန်မာနိုင်ငံ သကြားလုပ်ငန်း၊ စာ ၇၇-၇၈

(ကျပ်ထောင်ပေါင်း)

၁။ မြေနေရာနှင့် အဆောက်အအုံများ	....	၂၁၉၅·၃
၂။ စက်ပစ္စည်းကိရိယာ	....	၁၄၉၁၂·၉
၃။ အခြားမတည်ပစ္စည်းများ	....	၉၉၇·၂
စုစုပေါင်း	....	၁၈၁၀၅·၄

နမ္မတီး သကြားစက်တွင် ကန့်ကိုအသုံးပြုသော Double Sulphitation Process နည်းကို အသုံးပြုသည်။ စက်၏တစ်နေ့ ၂၄ နာရီအတွင်း ကြိတ်ဝါးနိုင်စွမ်းမှာ ကြံတန်ချိန် ၁၀၀၀ ဖြစ်၏။ တစ်နှစ်လျှင် ကြံကြိတ်ရာသီ ပျမ်းမျှရက် ၁၅၀ မျှသာရှိရာ တစ်နှစ်လျှင် ကြံတန်ချိန် ၁၅၀၀၀၀ မျှကြိတ်နိုင်သည်။ သကြားချက်ရာတွင် ထုံး၊ ကန့်၊ ကော့စတစ်ဆိုဒါ၊ ထင်း စသော ကုန်ကြမ်းများကိုလည်း အသုံးပြုရသည်။ နမ္မတီးစက်တွင် ထုံးကို ကြံအလေးချိန်၏ ၀·၃၃ ရာခိုင်နှုန်းခန့် ပျမ်းမျှသုံးသည်။ ကန့်ကို ၀·၀၆ ရာခိုင်နှုန်းသုံး၍ ကော့စတစ်ဆိုဒါ ၂·၄ ရာခိုင်နှုန်းခန့်သုံးပြီးလျှင် ထင်းကို ၃·၈ ရာခိုင်နှုန်းမျှ သုံးရသည်။ မြစ်ကြီးနားခရိုင်တွင် တစ်နှစ်လျှင် ပျမ်းမျှကြံတန် ၂ သိန်းခန့်ထွက်ရာ နမ္မတီးသကြားစက်သည် တစ်နှစ်လျှင်ပျမ်းမျှကြံ ၁၁၁၃၂ တန်မျှ ဝယ်ယူကြိတ်ဝါးနိုင်ခဲ့သည်။

စက်ရုံ တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးခဲ့သော ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလမှ ၁၉၆၂-၆၃ ခုနှစ်အထိ သကြားထုတ်လုပ်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

ခုနှစ်	ကြံရာသီရက်	ကြိတ်ဝါးရက်	ကြိတ်ဝါးကြံတန်ချိန်	သကြား တန်ချိန်	သကြား ထွက်နှုန်း
၁၉၅၆-၅၇	၁၂၁	၉၃	၄၇၉၇၄	၃၈၅၂	၈·၁၃
၁၉၅၇-၅၈	၁၈၉	၁၇၃	၁၁၆၄၂၁	၈၄၁၂	၇·၂၂
၁၉၅၈-၅၉	၂၂၆	၁၉၈	၁၃၂၄၂၀	၉၄၇၆	၇·၁၆
၁၉၅၉-၆၀	၁၆၂	၁၂၈	၁၀၀၁၆၁	၉၃၀၅	၉·၃၀
၁၉၆၀-၆၁	၁၄၁	၁၁၆	၉၈၅၇၉	၉၂၅၀	၉·၃၈
၁၉၆၁-၆၂	၁၆၁	၁၄၃	၁၂၄၈၅၆	၁၀၃၆၅	၈·၃၀
၁၉၆၂-၆၃	၁၉၁	၁၆၉	၁၄၇၅၇၅	၁၃၈၆၉	၉·၄၀

၁။ မြန်မာနိုင်ငံသကြားလုပ်ငန်း၊ စာ ၈၀

သကြားချက်လုပ်ရာမှ ရရှိသော တွဲဖက် ထွက်ကုန်များမှာ ကြံဖတ်၊ ကြံချေးနှင့် တင်လဲရည်တို့ ဖြစ်သည်။ ကြံဖတ်များကို ဘွိုင်လာ မီးထိုးရာတွင် ပြန်လည် အသုံးပြုသည်။ ကြံချေးများမှာ နှစ်ကြာထားရှိပြီးမှ အသုံးပြုပါက ဓာတ်မြေသြဇာအဖြစ် အသုံးဝင်သည်။ တင်လဲရည်မှာမူ အရက်ချက်ရာတွင် ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်သဖြင့် ပြည်သူပိုင် ဗျစ်နှင့် အရက်ချက်စက်ရုံသို့ တင်ပို့ရောင်းချသည်။ တင်လဲရည် တစ်တန်လျှင် ကျပ် ၇၀ မှ ၈၀ အထိ ဈေးရသည်။ တင်လဲရည်အတွက် တန်ချိန်နှင့်အရောင်းစာရင်းမှာအောက်ပါအတိုင်းဖြစ်သည်။[၁]

ခုနှစ်			အထွက်တန်ချိန်	အရောင်းတန်ချိန်
၁၉၅၆-၅၇	....	....	၃၀၁၀	....
၁၉၅၇-၅၈	....	....	၆၈၃၇	....
၁၉၅၈-၅၉	....	....	၆၆၁၀	၂၈၃၄
၁၉၅၉-၆၀	....	....	၅၁၆၀	၃၀၆၄
၁၉၆၀-၆၁	....	....	၄၃၉၅	၃၀၈၆
၁၉၆၁-၆၂	....	....	၅၈၂၄	၃၄၄၇
၁၉၆၂-၆၃	....	....	၆၅၆၃	၃၉၁၀

နမ္မတီး သကြားစက်သည် တည်ဆောက်စ ပထမ သုံးနှစ်တွင် အရှုံးနှင့် လည်ခဲ့ရသည်။ ၁၉၆၂ ခုနှစ်အထိ ကုန်သွယ်မှု အသားတင် အရှုံးအမြတ် အခြေအနေများမှာ အောက်ပါ အတိုင်းဖြစ်သည်။[၂]

(ကျပ်ထောင်ပေါင်း)

ခုနှစ်			အသားတင်အမြတ်	အသားတင်အရှုံး
၁၉၅၆-၅၇	....	....	....	၁၅၅၁
၁၉၅၇-၅၈	....	....	....	၁၇၅၈
၁၉၅၈-၅၉	....	....	....	၂၂၇၅
၁၉၅၉-၆၀	....	....	၈၀	....
၁၉၆၀-၆၁	....	....	၄၅	....
၁၉၆၁-၆၂	....	....	....	၈၂၄
၁၉၆၂-၆၃	....	....	၁၆၅၄	....

၁။ မြန်မာနိုင်ငံ သကြားလုပ်ငန်း၊ စာ ၉၂
၂။ မြန်မာနိုင်ငံ သကြားလုပ်ငန်း၊ စာ ၉၂

နမ္မတီး သကြားစက်သည် ဗိုလ်ချုပ်ကြီး နေဝင်း၏ ဦးဆောင်သော အစိုးရ လက်ထက်တွင် ပြုလုပ်သော စတာလက ပြုပြင်ပြောင်းလဲမှုများကြောင့် ၁၉၇၉-၈၀ ခုနှစ် တွင် အကြိတ် တန်ချိန် ၅၁၆၁၊ အချောင်းတန်ချိန် ၃၁၆၄ အထိ တိုးတက်လာသည်။ ထိုနှစ်တွင် အသားတင် အမြတ်ငွေ ကျပ်ရှစ်သောင်း ရရှိသည်။ ၁၉၆၂-၆၃ ခုနှစ်ကတည်းမှ ကျပ်ထောင်ပေါင်း ၁၆၅၄ အထိ အသားတင် မြတ်သည်။ နမ္မတီးသကြားစက်အတွက် ယခင်က ကုန်ကြမ်း ဖြစ်သော ကြံများ အချိန်မီစွာ ရရှိစေရန် စက်မှုလယ်ယာမှု တိုးချဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် မြစ်ကြီးနားမြို့တွင် ကြံတိုးချဲ့ စိုက်ပျိုးရေး လုပ်ငန်းကိုပါ လုပ်ဆောင် ခဲ့လေသည်။

စက်မှုလယ်ယာမှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းမှ တာဝန်ယူ တည်ဆောက်ခဲ့သော ပျဉ်းမနားသကြားစက် သည် မန္တလေးတိုင်း၊ ပျဉ်းမနားမြို့၏ အရှေ့ဘက် ၅ မိုင်ခန့် အကွာတွင် တည်ရှိသည်။ စက်ရုံ၏ ဧရိယာ အကျယ်အဝန်းသည် ၂၂၀ ဧကရှိသည်။

စတာလက သည် ပျဉ်းမနား သကြားစက် တည်ဆောက်ရေး စီမံကိန်းကို ၁၉၇၃ ခုနှစ် ဒီဇင်ဘာလမှ စတင် ဆောင်ရွက်ခဲ့သည်။ သကြားစက် ပစ္စည်းကိရိယာများ ပေးသွင်းရေး၊ တပ်ဆင်ရေးနှင့် လိုအပ်သော အဆောက်အအုံများ ဆောက်လုပ်ရေးအတွက် ဂျပန်ပြည် ဟီတာချိ ဇိုဆင် ဆောက်လုပ်ရေးနှင့် အင်ဂျင်နီယာ ကုမ္ပဏီက တင်သွင်းသော တင်ဒါကို ရွေးချယ်၍ ၁၉၇၄ ခု မတ်လ ၁၇ ရက်နေ့တွင် စာချုပ် ချုပ်ဆိုသည်။ ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်၍ ၁၉၇၆ ခုနှစ် ဇူလိုင်လတွင် ပြီးစီးသဖြင့် ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်း စတင်နိုင်ခဲ့သည်။

သကြားစက် ပစ္စည်းကိရိယာများ၏ သင်္ဘောပေါ်ရောက် တန်ဖိုးမှာ ပေါင်စတာလင် ၅၇၉၁၅၂ (မြန်မာငွေ ၇၇၅၅၆၉၃ ခန့်) ဖြစ်သည်။ စက်ရုံ အဆောက်အအုံ တည်ဆောက်ခြင်းနှင့် စက်ပစ္စည်း ကိရိယာ တပ်ဆင်ခြင်း လုပ်ငန်းများအတွက် မြန်မာငွေ ကျပ် ၂၂၇၂၀၁၃ ကုန်ကျသည်။[1] စက်ရုံ၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ ကျပ်သိန်းပေါင်း ၆၇၀.၈၀ ဖြစ်သည်။[2] ချေးငွေ အကူအညီအားဖြင့် ဂျပန် စစ်လျော်ကြေး ကျပ်သိန်းပေါင်း ၂၅၄.၃၂ နှင့် ရော့ ရောင်းနိုင်ငံများ အဖွဲ့မှ ကျပ်သိန်းပေါင်း ၄၁၆.၄၈ ပါဝင်သည်။[3]

ပျဉ်းမနား သကြားစက်သည် ၂၄ နာရီလျှင် ကြံတန်ချိန် ၁၅၀၀ ကြိတ်ဝါးနိုင်သော အင်အားရှိသည်။ သကြားအထွက် ရာခိုင်နှုန်းမှာ အများဆုံး ၁၀ ရာခိုင်နှုန်းနှင့် အနည်းဆုံး

၁။ မြန်မာနိုင်ငံ သကြားလုပ်ငန်း၊ စာ ၆၃

၂။ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ ပျဉ်းမနားသကြားစက်သမိုင်း၊ စာ ၁

၃။ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း၊ ပျဉ်းမနားသကြားစက်သမိုင်း၊ စာ ၂

၈.၅ ရာခိုင်နှုန်း ဖြစ်ရာ တစ်နေ့ ကြံတန်ချိန် ၁၅၀၀ ကြိတ်ဝါး နိုင်မှုကိုမူတည်ပါက အနည်းဆုံး တစ်နေ့သကြား ၁၂၇ တန်မှ အများဆုံး သကြားတန် ၁၅၀ မျှ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ဤစက်ရုံကို ၁၉၅၆-၅၇ ခုနှစ်မှ စတင်၍ လည်ပတ်ခဲ့သော်လည်း စက်အစမ်းသဘော မျိုးဖြင့် ပထမတွင် တစ်နေ့ ကြံတန်ချိန် ၂၀၀ ခန့်သာ ကြိတ်ဝါးခဲ့သည်။ ၁၉၅၇-၅၈ ခုနှစ်မှ စ၍ ၁၉၆၂-၆၃ ခုနှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှ ကြံတန်ချိန် ၁၉၅၈-၅၉ ခုနှစ်က အနည်းဆုံး ၁၂၀၃၈၂ တန်ကြိတ်ဝါး၍ ၁၉၆၂-၆၃ ခုနှစ်တွင် အများဆုံး ကြံတန်ချိန် ၂၂၈၁၀၆ ကြိတ်ဝါးခဲ့သည်။[၁]

ပျဉ်းမနား သကြားစက်၏ ကုန်ထုတ်လုပ်မှု စတင်ခဲ့သော ၁၉၅၆-၅၇ ခုနှစ်မှ ၁၉၆၂-၆၃ ခုနှစ်အထိ ကြိတ်ဝါး ကြံတန်ချိန်၊ သကြားတန်ချိန်နှင့် သကြားအထွက်နှုန်းတို့မှာ အောက်ပါ အတိုင်းဖြစ်သည်။[၂]

ခုနှစ်		ကြံရာသီ ရက်	ကြိတ်ဝါး ရက်	ကြိတ်ဝါးကြံ တန်ချိန်	သကြား တန်ချိန်	သကြား ထွက်နှုန်း
၁၉၅၆-၅၇	....	၁၅၉	၁၁၂	၁၆၃၈၆	၁၀၆၀	၅.၈၈
၁၉၅၇-၅၈	....	၂၁၃	၁၇၆	၁၂၉၀၁၄	၁၀၄၁၆	၈.၁၂
၁၉၅၈-၅၉	....	၁၂၄	၁၀၈	၁၂၀၃၈၁	၁၁၈၇၂	၉.၉၀
၁၉၅၉-၆၀	....	၁၁၃	၁၀၆	၁၂၂၈၅၂	၁၂၄၄၅	၁၀.၁၈
၁၉၆၀-၆၁	....	၁၄၈	၁၂၉	၁၅၀၁၇၆	၁၄၀၂၃	၉.၃၆
၁၉၆၁-၆၂	....	၁၉၂	၁၆၉	၂၂၂၆၄၄	၁၉၇၁၂	၈.၉၄
၁၉၆၂-၆၃	....	၁၉၇	၁၇၃	၂၂၈၁၀၆	၂၁၇၂၅	၉.၄၆

ပျဉ်းမနား သကြားစက်သည် ဗိုလ်ချုပ်ကြီး၏ အိမ်စောင့် အစိုးရ လက်ထက် ၁၉၅၈-၅၉ ခုနှစ်မှစ၍ ထုတ်လုပ်မှု တိုးတက်လာသည်။ ၁၉၅၈-၅၉ ခုနှစ်တွင် သကြားတန် ပေါင်း ၁၁၈၇၂ ထွက်၍ ၁၉၆၁-၆၂ ခုနှစ်တွင် တန် ၁၉၇၁၂ ထွက်ကာ ၁၉၆၂-၆၃ ခုနှစ်တွင် တန် ၂၁၇၂၅ အထိ ထုတ်လုပ်နိုင်သည်။ ထိုနှစ်များအတွင်း တစ်နှစ် ကြံကြိတ်ဝါးရက်သည်း ၁၂၄ ရက်မှ ၁၉၇ အထိ တိုးတက်သည်။ သို့သော် ကုန်ထုတ်လုပ်ငန်း၏ အရှုံးအမြတ် အခြေ အနေနှင့်စာသော် အရှုံးနှင့် စတင်ခဲ့သော စက်ရုံတစ်ခု ဖြစ်သည်။ စက်ရုံ စတင်လည်ပတ်

၁။ မြန်မာနိုင်ငံ သကြားလုပ်ငန်း၊ ၈၁ ၆၅
၂။ မြန်မာနိုင်ငံ သကြား လုပ်ငန်း၊ ၈၁ ၆၅

သည်မှစ၍ အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ ၁၉၅၇-၅၈ ခုနှစ်တွင် ကျပ် ၃၂·၆၇ သိန်းအထိ အရှုံးရှိသည်။ ၁၉၅၉-၆၀ ခုနှစ်တွင် ကျပ် တစ်သိန်းကျော်ခန့် အမြတ်ပြ၍ ၁၉၆၁-၆၂ ခုမှစ၍ အမြတ်ငွေ တိုးတက်လာသည်။ ၁၉၅၆-၅၇ ခုနှစ်မှ ၁၉၆၂-၆၃ ခုအထိ အရှုံးအမြတ် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

(ကျပ်သိန်းပေါင်း)

ခုနှစ်		ဝင်ငွေ	ကုန်ကျစရိတ်	အမြတ် (+) အရှုံး (−)		ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး
၁၉၅၆-၅၇	....	၉·၉၃	၂၅·၉၀	(−)	၁၅·၉၇	၂၆၀·၈ %
၁၉၅၇-၅၈	....	၁၀၅·၂၅	၁၃၈·၉၂	(−)	၃၂·၆၇	၁၃၁·၀ %
၁၉၅၈-၅၉	....	၁၁၆·၄၉	၁၃၁·၅၂	(−)	၁၅·၀၃	၁၁၂·၉ %
၁၉၅၉-၆၀	....	၁၂၇·၉၈	၁၂၆·၈၂	(+)	၁·၁၆	၉၉·၁ %
၁၉၆၀-၆၁	....	၁၄၃·၇၂	၁၅၃·၂၆	(−)	၉·၅၄	၁၀၆·၆ %
၁၉၆၁-၆၂	....	၁၉၆·၀၇	၁၉၁·၆၄	(+)	၄·၄၃	၉၇·၇ %
၁၉၆၂-၆၃	....	၂၂၄·၆၉	၂၁၁·၆၂	(+)	၁၃·၀၇	၉၄·၂ %

ပျဉ်းမနား သကြားစက်သည်ထုံးကိုသုံးသောနည်းဖြင့်သကြားချက်လုပ်သဖြင့် စက်ရုံထွက် သကြားသည် အခြားစက်များမှ သကြားထက်ပိုမိုဖြူစင်သည်။ ကုန်ကြမ်းအဖြစ် ထုံး အမြောက်အမြားသုံးရသည်။ ထို့အပြင် ကောစတစ်ဆိုဒါပါသော ဓာတုဗေဒပစ္စည်း၊ ထင်း၊ ကြံရည်စစ်ပိတ်စသော ကုန်ကြမ်းများလည်း အသုံးပြုသည်။

စက်ရုံတွင်ကြံကြိတ်ရာသီကာလ၌ကာယ၊ဉာဏဝန်ထမ်းစုစုပေါင်း ၁၁၄၈ ယောက်ရှိသည်။ ကြံကြိတ်ရာသီမဟုတ်သောအချိန်တွင် ၈၆၆ ယောက်သာရှိသည်။ အုပ်ချုပ်ရေးဘက်ဆိုင်ရာ ဝန်ထမ်း ၃၁၈ ယောက်ရှိပြီး အလုပ်သမားဝန်ထမ်းများမှာ ၁၀၃၀ ယောက်ဖြစ်သည်။[၂]

စစ်ပြီးခေတ် မြန်မာနိုင်ငံကို အဘက်ဘက်မှ ပြန်လည်ထူထောင်ရန် စီးပွားရေး ၂ နှစ် စီမံကိန်းရေးဆွဲစဉ်က စက်မှုလက်မှုလုပ်ငန်းကြီး ၁၂ ခုကို တည်ထောင်ရန် လျာထားသတ်မှတ်ခဲ့သည်။ နိုင်ငံအတွင်း ဝတ်ရေးလိုအပ်ချက်ကို တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းနိုင်ရန် ချည်မျှင်နှင့်

၁။ ပျဉ်းမနားသကြားစက်သမိုင်း၊ စာ နောက်ဆက်တွဲ ဇယား "ခ"
၂။ မြန်မာနိုင်ငံသကြားလုပ်ငန်း၊ စာ ၇၄

အထည်စက်ရုံ တည်ထောင်ရေးကို ဦးစားပေးအဆင့် သတ်မှတ်၍ ၁၉၄၈ ခုနှစ်အတွင်း ရန်ကုန် အင်းစိန်လမ်းမကြီး၏ အရှေ့ဘက်သမိုင်းတွင် စက်ရုံတစ်ခုတည်ဆောက်သည်။ ထိုစက်ရုံသည် စက်မှုလက်မှုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ချည်မျှင်နှင့်အထည်စက် ဘုတ်အဖွဲ့က တည်ဆောက်သော စက်ရုံဖြစ်သည်။ စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း မပေါ်ပေါက်သေးမီ ၁၉၅၁ ခု မေလကပင် စက်လည်ပတ်ထုတ်လုပ်နေသော စက်ရုံဖြစ်၏။ ချည်မျှင်ထုတ်လုပ်သောစက်များကို အမေရိကန်ပြည်ထောင်စုမှ ဝယ်ယူတပ်ဆင်ကာ အမေရိကန် မန်နေဂျာများ အင်ဂျင်နီယာများဖြင့် စတင်လုပ်ဆောင်ခဲ့သဖြင့် အမေရိကန် စက်ဟု အလွယ်တကူခေါ် စမှတ် ပြုကြသည်။

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် နိုင်ငံတွင်း ဝတ်ရေးလိုအပ်ချက်ကို တတ်အားသမျှ ဖြည့်မီစေရန် ပြည်တော်သာ စီမံကိန်းက ချမှတ်သော ချည်မျှင်နှင့်အထည်စက်ရုံ တိုးချဲ့ ဆောက်လုပ်ရေးကို ၁၉၅၅ ခုနှစ်တွင် စတင်စိုင်းပြင်းသည်။ ၁၉၅၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြည်သူ့ထောက်ပံ့ရေးဝန်ကြီး ခေါင်းဆောင်သော အဝယ်တော်အဖွဲ့ သွားရောက်စဉ် ချည်မျှင်နှင့်အထည်စက်သစ်တစ်ခု တိုးချဲ့တည်ဆောက်နိုင်ရန် စက်နှင့်စက်ပစ္စည်း များဝယ်ယူရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အစီအစဉ်များ ပြုလုပ်ခဲ့သည်။

စက်ရုံတည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ရန်နှင့်ကြီးကြပ်စီမံရန် ၁၉၅၅ ခု ဩဂုတ်လ ၁၀ ရက်နေ့တွင် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ဒါရိုက်တာ အဖွဲ့က အစိုးရချည်မျှင်နှင့်အထည်စက်ရုံ တိုးချဲ့စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။ ချည်မျှင်နှင့် အထည်စက်ရုံသစ်အတွက် စက်ပစ္စည်းများကို တရုတ် ပြည်သူ့သမ္မတနိုင်ငံ China National Technical Import Corporation, Peking မှ ဝယ်ယူရန် ၁၉၅၆ ခု ဇူလိုင်လ ၁၇ ရက်နေ့တွင် စာချုပ် ချုပ်ဆိုသည်။ စက်ရုံအဆောက်အအုံ များကိုလည်း ၁၉၅၆ ခု ဩဂုတ်လ ၁၀ ရက်နေ့တွင် စတင်ဆောက်လုပ်၍ စက်များ၊ စက်ပစ္စည်း များကို ၁၉၅၇ ခု ဩဂုတ်လ ၁၀ ရက်နေ့တွင် စတင်တပ်ဆင်သည်။ ၁၉၅၇ ခု နိုဝင်ဘာလမှ ၁၉၅၈ ခု ဖေဖော်ဝါရီလအထိ စက်များစမ်းသပ်လည်ပတ်၍ ပုံမှန်လည်ပတ်ထုတ်လုပ်မှုကို ၁၉၅၈ ခု မတ်လ ၁ ရက်နေ့မှစတင်ခဲ့သည်။[၁]

စတသကမှတည်ဆောက်သော ချည်မျှင်နှင့် အထည်စက်ရုံသည် သမိုင်းရှိ ပထမစက်ရုံ တည်ရှိရာတွင်ပင် တိုးချဲ့စက်ရုံအဖြစ် တည်ဆောက်သဖြင့် ပထမစက်ရုံနှင့် ကွဲပြားစေရန် တိုးချဲ့ စက်ရုံဟုလည်းကောင်း၊ တရုတ်ပြည်မှ စက်များ စက်ပစ္စည်းများဖြင့် တည်ဆောက်သဖြင့် တရုတ်စက်ဟုလည်းကောင်း ခေါ်ဝေါ်ကြသည်။

၁။ အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်း၊ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၃၃-၃၄၊ ၉၆

တိုးချဲ့စက်ရုံ၏ အကျယ်အဝန်းမှာ ပေ ၆၀၀×၂၀၀ ရှိသည်။ စက်ရုံတွင် ရစ်တိုင် ၂၀၀၀၀ နှင့် ရက်ကန်းစင် ၁၉၆ စင်ရှိ၍ ငွေကျပ် ၁၄.၄ သန်း ရင်းနှီးမြှုပ်နှံရသော စက်ဖြစ်သည်။[1]

ချည်မျှင်နှင့် အထည်စက်ရုံများမှ ပိတ်ညိုများသာ ထုတ်လုပ်နိုင်သဖြင့် အဖြူချက် အချောကိုင်ရန်လိုသည်။ ထို့ကြောင့် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် တိုးချဲ့စက်ရုံကို တည်ဆောက်ပြီးနောက် အဖြူချက်၊ ဆေးဆိုး၊ အချောကိုင်စက်ရုံကို သမိုင်း စက်ရုံဝင်းအတွင်းမှာပင် ဆက်လက်တည်ဆောက်ပြန်သည်။ စက်ရုံအတွက် စက်နှင့်စက်ပစ္စည်း ကိရိယာများကို ဂျပန်စစ်လျော်ကြေးဖြင့် Mataichi Kabushiki Kaisha Co. မှဝယ်ယူသည်။ စက်ရုံအဆောက်အအုံကိုမူ မြန်မာပြည်မှ Clark & Graig Co. က ဆောက်လုပ်သည်။

အဖြူချက်၊ ဆေးဆိုး၊ အချောကိုင်စက်ရုံကို ၁၉၅၇ ခု ဧပြီလတွင်တည်ဆောက်၍ ၁၉၅၇ ခု နိုဝင်ဘာလတွင် စက်များစတင်တပ်ဆင်သည်။ ၁၉၅၈ ခု ဧပြီလတွင် စက်များတပ်ဆင်ပြီးစီး၍ ထိုနှစ်မေလတွင် ဂျပန်ကျွမ်းကျင်သူတစ်ဦးနှင့် အဖြူချက်၊ ဆေးဆိုးလုပ်ငန်းကို စတင်ဆောင်ရွက်သည်။ စက်ရုံအကျယ်အဝန်းမှာ ပေ ၃၁၄.၅×၁၉၉.၅ ရှိသည်။ စက်ရုံတွင် Dyeing Range နှင့် ဆေးဆိုးစက်များ တပ်ဆင်ထားသည်။ ရင်းနှီးမြှုပ်နှံငွေမှာ ကျပ် ၃.၉ သန်းဖြစ်သည်။[2] ချည်မျှင်နှင့် အထည်စက်ရုံ ၂ ခုနှင့် အဖြူချက်၊ ဆေးဆိုး၊ အချောကိုင်စက်ရုံတို့သည် တစ်နေ့လျှင် ၈ နာရီ အဆိုင်းနှစ်ဆိုင်းဖြင့် တစ်နှစ်လျှင် ပျမ်းမျှလုပ်ရက် ၂၄၀ တွင် ချည်အမျိုးမျိုးပေါင်ပေါင်း ၆.၅၅ သန်း၊ အထည်အမျိုးမျိုး ကိုက်ပေါင်း ၈.၅ သန်း၊ တိုင်ချည် ကော်တင်လုပ်ငန်း ကိုက်ပေါင်း ၃.၁၀ သန်းနှင့် အဖြူချက်၊ ဆေးဆိုး အချောကိုင် အထည်ကိုက်ပေါင်း ၈.၈၆ သန်း ထုတ်လုပ်နိုင်စွမ်းရှိသည်။[3]

ချည်မျှင်နှင့်အထည်စက်ရုံ ၂ ခုတွင် ၁၉၄၇ ခုနှစ်က တည်ဆောက်သော ပထမစက်ကို ချည်မျှင်နှင့်အထည်စက်ရုံ အုပ်ချုပ်မှုအဖွဲ့က ကြီးကြပ်အုပ်ချုပ်သည်။ အဖွဲ့တွင် စက်မှုလက်မှု ဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တော ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်း ဝန်ကြီးဌာနများမှ အတွင်းဝန်များပါဝင်သည်။ ထိုအဖွဲ့သည် စက်မှုလက်မှု ဝန်ကြီးဌာန၏ တိုက်ရိုက်ကြီးကြပ်မှု အောက်တွင်ရှိသည်။ ချည်မျှင်နှင့်အထည်စက် တိုးချဲ့စက်ရုံနှင့် အဖြူချက်စက်မှာမူ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ တိုက်ရိုက်ကြီးကြပ်မှုအောက်တွင်ရှိသည်။

၁။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၉၈-၉၉

၂။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၃၃၊ ၉၈-၉၉

၃။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၉၉

ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရလက်ထက် ၁၉၅၉ ခုနှစ်တွင် ချည်မျှင်နှင့် အထည်စက်ရုံ ဘုတ်အဖွဲ့ကိုလည်းကောင်း၊ ချည်မျှင်နှင့်အထည်စက်ရုံ အုပ်ချုပ်မှုအဖွဲ့ကိုလည်းကောင်း၊ ချည်မျှင်နှင့် အထည်စက်ရုံ ကော်မတီကိုလည်းကောင်း ဖျက်သိမ်းလိုက်ကာ စက်ရုံများကို တစ်ပူးတစ်ပေါင်းတည်း စတလကမှ ကြီးကြပ်စီမံ ခန့်ခွဲအုပ်ချုပ်သည်။[၁]

ဤသို့ဖြင့် ဗိုလ်ချုပ်ကြီး၏ အိမ်စောင့်အစိုးရလက်ထက်တွင် စတလကလက်အောက်၌ ချည်စက် ၂ စက်ရှိလာသည်။ စက်ရုံများ ပူးပေါင်းလိုက်သောအခါ အမေရိကန်စက်ဟုခေါ် သော ပထမချည်စက်တွင် ထုတ်လုပ်ပြီးသော ပိတ်ဖြူကိုက်ပေါင်း ၁၈ သိန်းခန့် စုပုံလျက်ရှိသည်ကို တွေ့ရသည်။ စက်ရုံမှ ထုတ်လုပ်နိုင်စွမ်းရှိပါလျက် စီမံခန့်ခွဲမှု၊ ဖြန့်ဖြူးမှု လစ်ဟင်းပျော့ညံ့သဖြင့် စားသုံးသူ ပြည်သူလူထုလက်သို့ မရောက်ဘဲ အလဟဿ ဖြစ်နေခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က ချည်စက်များသည် ပီအဲလ် ၄၈၀ သဘောတူညီချက်အရ အမေရိကန်နိုင်ငံမှ ဝါဂွမ်းများကို ကုန်ကြမ်းအဖြစ် ဝယ်ယူခဲ့ကြရသည်။ ထိုပီအဲလ် ၄၈၀ အမေရိကန် ဝါဂွမ်းအတွက် ငွေပေးချေရန် ၃၀.၅ သိန်း ကြွေးကျန်ရှိနေကြောင်းလည်း တွေ့ရသည်။[၂] အိမ်စောင့်အစိုးရသည် ထိုပြဿနာအရပ်ရပ်ကို ပြေလည်အောင် ဖြေရှင်းခဲ့ရသည်။ ၁၉၅၉ ခုနှစ်နောက်ပိုင်းတွင် စတလကသည် ချည်မျှင်နှင့် အထည်စက်များကို တိုက်ရိုက်ကြီးကြပ်၍ ကုန်ထုတ်လုပ်မှု မြင့်မားရေးကို ကြိုးပမ်းလုပ်ဆောင်သည်။

မြန်မာ့ရက်ကန်း လုပ်ငန်းတွင် ချည်ထည်အမျိုးမျိုး ရက်လုပ်သကဲ့သို့ ပိုးထည်ရက်လုပ်ခြင်းလည်းရှိသည်။ ပိုးရက်ကန်းအတွက် ကုန်ကြမ်းဖြစ်သောပိုးကို တရုတ်ပြည်၊ ဘင်္ဂလားစသော နိုင်ငံများမှ အများအားဖြင့် ဝယ်ယူရသည်။ ပြန်လည်ထူထောင်ရေးကာလတွင် ပြည်တွင်းဝတ်ဆင်ရေး လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ပြည်တော်သာ စီမံကိန်းက ချည်စက်များ တည်ဆောက်ရေးကို ချမှတ်သကဲ့သို့ ပိုးရက်ကန်းလုပ်ငန်းနှင့် ပိုးမွေးမြူရေး၊ ပိုးစာပင် စိုက်ပျိုးရေးတို့ကိုလည်း လုပ်ဆောင်ရန် လျာထားသတ်မှတ်သည်။ ပိုးချည်စက်ရုံ တည်ဆောက်ရေးနှင့် ပိုးမွေးမြူရေး၊ ပိုးစာပင် စိုက်ပျိုးရေး စီမံကိန်းများကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက တာဝန်ယူသည်။

ပိုးချည်များ ပြည်တွင်းမှ လုံလောက်စွာ ရရှိရေးအတွက် ပိုးမွေးမြူရေးလုပ်ငန်း စီမံကိန်းကို အစိုးရအိမ်တွင်းစက်မှုလက်မှုဌာနက ၁၉၅၀ ပြည့်နှစ်ခန့်တွင် စတင်ဆောင်ရွက်သည်။ အိမ်တွင်းစက်မှုလက်မှုဌာနသည် ကုလသမဂ္ဂ ကျွမ်းကျင်သူများ၏ အကြံပေးချက်နှင့် အစီရင်ခံစာများ

၁။ အထည်အလိပ်လုပ်ငန်းသမိုင်း၊ စာ ၃၆-၃၇

၂။ ပြည်ရေးရွာမှု၊ စာ ၂၈၀

အပေါ်မူတည်၍လည်းကောင်း၊ ကုလသမဂ္ဂနှင့် ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့များမှ ပိုးလုပ်ငန်းပါရဂူများ လာရောက်ကူညီ ပြသပေးမှုများဖြင့် လည်းကောင်း ၁၉၅၂ ခုနှစ်အတွင်းမှစ၍ မေမြို့တွင် ပိုးစာပင်များ စမ်းသပ်စိုက်ပျိုးခြင်း၊ ပိုးများ စမ်းသပ်မွေးမြူခြင်းများ ပြုလုပ်သည်။ စမ်းသပ်မှု အောင်မြင်သဖြင့် ပိုးစာပင်များ တိုးချဲ့စိုက်ပျိုးကာ ဂျပန်ပြည်မှ ပိုးချည်စက် ၄ စုံမှာယူလျက် ရွှေပြေး စံပြစက်ရုံတစ်ခုတည်ဆောက်ကာ ပိုးချည်များ စမ်းသပ်ထုတ်လုပ်ခဲ့သည်။ ဝယ်ယူသော စက် ၄ စုံအနက် နှစ်စုံသည် (Maruzawa) စက်အမျိုးအစားဖြစ်၍ ကျန်နှစ်စုံသည် (Katakura) စက်အမျိုးအစားဖြစ်သည်။ ထိုစက်များကို ဂျပန်အင်ဂျင်နီယာတစ်ဦးအား ငှားရမ်းကာ တပ်ဆင်စေခဲ့သည်။

ပိုးချည်လုပ်ငန်း အကောင်အထည်ဖော်ရန်အတွက် အစပိုင်းတွင် စက်မှုလက်မှုဌာန၏ အိမ်တွင်း စက်မှုလက်မှုဝန်က ဦးစီးဆောင်ရွက်လျက် မေမြို့ကို ဗဟိုပြု၍ ဂျပန်ကျွမ်းကျင်သူများ၊ ရုံးအမှုထမ်းများနှင့် ပိုးချည်လုပ်ငန်း ရုံးခွဲကို ဖွင့်လှစ်လုပ်ကိုင်သည်။ ၁၉၅၄ ခုနှစ် မေလ ၄ ရက်နေ့တွင် အဆိုပါ စီမံကိန်းကို ကျယ်ပြန့်စွာ အကောင်အထည်ဖော် ထုတ်လုပ်နိုင်ရန် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသို့ လွှဲပြောင်းပေးလိုက်သည်။ ကော်ပိုရေးရှင်း အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင်သုံးဦး ပါဝင်သော ပိုးချည်ထုတ်လုပ်ရေး အကောင်အထည်ဖော်မှု ဘုတ်အဖွဲ့ကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသို့ လွှဲပြောင်းပေးခဲ့သော်လည်း ပိုးချည်ဘုတ်အဖွဲ့ရုံးကို အိမ်တွင်း စက်မှုလက်မှု ညွှန်ကြားရေးဝန်ရုံး၌ပင် ဖွင့်လှစ်၍ မူလက ခန့်အပ်ထားသော အရာရှိနှင့် အမှုထမ်းကြီးငယ်တို့ဖြင့် ဌာနတိုးချဲ့ဖွဲ့စည်းကာ ၁၉၅၈-၅၉ ခုနှစ်အထိ ဆက်လက်လုပ်ကိုင်သည်။

ပိုးချည်လုပ်ငန်းတွင် ပိုးစာပင် စိုက်ပျိုးရေး၊ ပိုးမွေးမြူရေးနှင့် ပိုးချည်ထုတ်လုပ်ရေးဟူ၍ သုံးပိုင်းရှိရာ ၎င်းလုပ်ငန်းအားလုံးကို ပိုးချည်ထုတ်လုပ်ရေး အကောင်အထည်ဖော်မှု ဘုတ်အဖွဲ့မှ တာဝန်ခံ အရာရှိတစ်ဦးက ကြီးကြပ်ကွပ်ကဲ၍ အုပ်ချုပ်လုပ်ကိုင်သည်။

ပထမအဆင့်အနေဖြင့် ပိုးစာပင် စိုက်ပျိုးရေးနှင့် ပိုးမွေးမြူရေးဌာနကို မေမြို့၌ စတင်ဖွင့်လှစ်ခဲ့ပြီး လုပ်ငန်း တိုးတက်တွင်ကျယ်စေရန် ကချင်ပြည်နယ်၊ ချင်းဝိသေသတိုင်း၊ နာဂတောင်တန်းခရိုင်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပြည်မတို့မှ သင်တန်းသားများကို ခေါ်ယူ၍ ထောက်ပံ့ကြေးဖြင့် ၆ လသင်တန်းဖွင့်လှစ် သင်ကြားပေးခဲ့သည်။ ပထမအပတ်သင်တန်း ပြီးဆုံးသည့်အခါ သင်တန်းသား အားလုံးကို ကွင်းဆင်းနည်းပြ ဆရာများအဖြစ် ခန့်ထားခဲ့သည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းဝိသေသတိုင်းနှင့် နာဂတောင်တန်းခရိုင်တို့မှ သင်တန်းသားများကို ၎င်းတို့ ပြည်နယ် အသီးသီးသို့ စေလွှတ်၍ လုပ်ငန်းလုပ်ဆောင်စေသည်။ ပြည်မမှ ကွင်းဆင်း နည်းပြဆရာများကို မေမြို့တွင် ခေတ္တ ထားပြီးနောက်

ရှမ်းပြည်နယ်၊ တောင်တွင်းကြီး၊ ကုလားမ၊ ပေါက်ခေါင်းနှင့် သံတွဲတို့သို့ စေလွှတ်၍ ပိုးစာပင် စိုက်ပျိုးရေးနှင့် ပိုးမွေးမြူရေးကို လုပ်ကိုင်စေသည်။

ကွင်းဆင်း နည်းပြဆရာများသည် မိမိတို့ တာဝန်ကျရာ ဒေသများသို့ သွားရောက်သည့် အခါပထမတွင် ဌာနဆိုင်ရာမြေများတွင် ပိုးစာပင်များ စိုက်ပျိုးရေးကို စီမံလုပ်ကိုင်ကြပြီး လူထုစိတ်ပါဝင်စားစေရန် လက်တွေ့ပြသ၍ ဝါဒဖြန့်ချိကာ လုပ်ဆောင်ခဲ့ကြသည်။ ၁၉၅၄-၅၅ ခုနှစ်လောက်တွင် ဂျပန်ပြည်မှ ကျွမ်းကျင်သူများကို ငှားရမ်းပြီး ကျွမ်းကျင်မှုလက်တွေ့ အကူအညီကို ရယူသည်။

အထက်ပါအတိုင်း ပိုးစာပင်များ စိုက်ပျိုး၍ ပိုးမွေးမြူရန် လိုအပ်သော ပိုးစာရွက်များ ဆွတ်ခူးနိုင်ချိန်တွင် ကွင်းဆင်း နည်းပြဆရာများ ကိုယ်တိုင် ဦးစီး၍ အလုပ်သမားများဖြင့် ဌာနဆိုင်ရာတွင် စမ်းသပ်၍ ပိုးများ မွေးမြူသည်။ ကွင်းဆင်း နည်းပြဆရာများသည် သမဝါယမ အသင်းများနှင့် ပုဂ္ဂလိက တောင်သူ လုပ်သားများထံ လှည့်လည်၍ ပိုးမွေးမြူ လိုသူများအား ကူညီ၍ ပညာပေးသည်။ ဂျပန် ကျွမ်းကျင်သူများ ရောက်ရှိသည့်အခါတွင် ၎င်းတို့ကိုယ်တိုင် ကြီးကြပ် ကွပ်ကဲ၍ ပိုးမွေးမြူခြင်း သင်ပြခြင်းတို့ကို ဆောင်ရွက်စေခဲ့သည်။

အထက်ပါလုပ်ငန်း နှစ်ရပ်လုံးအတွက် နီးကပ်စွာ ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်လုပ်ကိုင် နိုင်ရန် ကချင်ပြည်နယ်တွင် ပြည်နယ်စိုက်ပျိုးရေး အရာရှိချုပ်အား အာဏာများပေးအပ်ကာ ၎င်း၏အကူအညီဖြင့် ဆောင်ရွက်ခဲ့သည်။ ကယားပြည်နယ်တွင်မူ ၁၉၅၄-၅၅ ခုနှစ်လောက်တွင် စတာလကမှ တာဝန်ခံအရာရှိတစ်ဦး ခန့်ထား၍ ဦးစီးဆောင်ရွက်စေခဲ့သည်။ ပြည်နယ်နှင့် ခရိုင်အသီးသီးရှိ ဌာနစိတ်များသို့ ပိုးစာပင် စိုက်ပျိုးရေးနှင့် ပိုးမွေးမြူရေးဘက်ဆိုင်ရာ ကျွမ်းကျင်မှုများ အပြည့်အဝ ပေးနိုင်ရန်အတွက် မေမြို့၌ ဗဟိုရုံးခွဲအဖြစ်ထား၍ တာဝန်ခံအရာရှိ တစ်ဦးကို ၁၉၅၄ ခု နိုဝင်ဘာလ ၂၂ ရက်နေ့မှ စတင်ခန့်အပ် လုပ်ကိုင်စေသည်။

မြန်မာပိုးမွေးမြူရေး ကျွမ်းကျင်သူများ အလုံအလောက်ရရှိရေးအတွက် ဂျပန်ပါရဂူ များအား ခေါ်ယူခန့်ထား၍လည်းကောင်း၊ လိုအပ်သော ပစ္စည်းကိရိယာများကို ဂျပန်မှ မှာယူလျက်လည်းကောင်း၊ မန္တလေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံ၌ ပိုးမွေးမြူရေးသိပ္ပံ (B.Sc.Sericulture) ဘွဲ့သင်တန်းများလည်း ဖွင့်လှစ်ခဲ့သည်။ သင်တန်းတက်ရောက်သူ များအား စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းမှ ထောက်ပံ့ကြေးများပေးသည်။ ပိုးမွေးမြူရေး သိပ္ပံဘွဲ့ရ ပထမအပတ် သင်တန်းပြီးဆုံးချိန်တွင် ဘွဲ့ရပုဂ္ဂိုလ်တို့အား ပိုးမွေးမြူရေး အရာရှိများအဖြစ်ခန့်အပ်ခါ ပြည်နယ်နှင့်ခရိုင် အသီးသီးသို့စေလွှတ်၍ အုပ်ချုပ်လုပ်ကိုင်စေ ခဲ့သည်။

ပိုးမွေးမြူရာတွင် စိုက်ပျိုးပြီး ပိုးစာပင် ဧကများအပေါ်တွင်မှီ၍ တစ်နှစ်လျှင် အများဆုံး ၆ ကြိမ်သာမွေးမြူကြသည်။ ထိုသို့မွေးမြူရာတွင် ပိုးဥများကို ဂျပန်ပြည်မှမှာယူ၍ အချို့ကို စတာလက ဌာနဆိုင်ရာမှ မွေးမြူပြီး အချို့ကို သမဝါယမအသင်းများ၊ ပုဂ္ဂလိက တောင်သူများသို့ ပိုးမွေးမြူရန်အတွက် ခွဲဝေဖြန့်ဖြူးပေးခဲ့သည်။ ထိုကဲ့သို့ မွေးမြူပြီး ရရှိသော ပိုးအိမ်လုံးများကို တစ်ဝက်ခြောက်အောင် ပြုလုပ်စေ၍ ဒေသအသီးသီးရှိ ဌာနဆိုင်ရာ တာဝန်ခံများက လက်ခံသိမ်းယူပြီး မေမြို့ပိုးချည်စက်ရုံသို့ ပေးပို့ရသည်။ ပိုးချည်စက်ရုံတွင် စက်ဖြင့်ခြောက်အောင်ပြုလုပ်၍ ချိန်တွယ်ပြီး အမျိုးအစားခွဲကာ ဈေးနှုန်းများ သတ်မှတ်ပေးပြီး ငွေများပေးချေခြင်း ပြုလုပ်ကြရသည်။

ထိုသို့ ပိုးများမွေးမြူရာ၌လည်း သမဝါယမနှင့် ပုဂ္ဂလိကလုပ်ငန်းတို့သို့ ဌာနဆိုင်ရာအသီးသီးမှ ကျွမ်းကျင်မှုအကူအညီများ ပေးကြရသည်။

ပြည်တွင်း၌ ပိုးမွေးမြူရေးအတွက် ဖြန့်ဖြူးရန် ဂျပန်ပြည်မှ နှစ်စဉ်မှာယူ တင်သွင်းခဲ့သောပိုးဥ (Silkworm Eggs) စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

ခုနှစ်		ပိုးဥဂရမ်	တစ်ဂရမ်ဈေးနှုန်း (ကျပ်)	တန်ဖိုး (ကျပ်)
၁၉၅၈-၅၉	....	၈၀၀၀	၁·၀၈	၈၆၄၀
၁၉၅၉-၆၀	....	၁၁၁၆၀	၁·၂၀	၁၃၃၉၂
၁၉၆၀-၆၁	....	၇၄၇၅	၁·၁၅	၈၅၉၆
၁၉၆၁-၆၂	....	၈၃၅၀	၁·၂၂	၁၀၁၈၇

ပိုးချည်ထုတ်လုပ်ရေးအတွက် ပိုးချည်ရစ်စက် ၁၀၄ စုံပါဝင်သောစက်ကို ၁၉၅၅ ခု မေလလောက်တွင် မေမြို့အနီးစခန်းတွင် စတင်တည်ဆောက်၍ ၁၉၅၆ ခု မေလလောက်တွင်ပြီးစီးသဖြင့် ၁၉၅၆ ခု အောက်တိုဘာလလောက်မှစ၍ပိုးချည်ထုတ်လုပ်မှုလုပ်ငန်းကိုစတင်လုပ်ဆောင်သည်။ စက်ရုံလုပ်ငန်းကို ပိုးချည်ထုတ်လုပ်ရေး အကောင်အထည်ဖော်မှု ဘုတ်အဖွဲ့မှ တာဝန်ခံအရာရှိကပင် ကြီးကြပ်သည်။ စက်ရုံအုပ်ချုပ်ရေးကို စက်မှုလက်မှု ညွှန်ကြားရေးဝန်ရုံးမှ လက်ထောက်စက်မှုလက်မှုညွှန်ကြားရေးဝန် (အထက်ဗမာပြည်) အား ယာယီပူးတွဲဆောင်ရွက်စေခဲ့သည်။ ၁၉၅၇ ခုနှစ်လောက်မှစ၍ စက်ရုံ၌ စီမံကိန်း အရာရှိတစ်ဦးခန့်အပ်လျက် အချိန်ပြည့်လုပ်ကိုင်စေခဲ့သည်။

၁။ စတာလက ပိုးချည်စက်ရုံ (မေမြို့)နှင့် ပိုးမွေးမြူရေး လုပ်ငန်းများ အကြောင်းအရာ၊ စာ ၁၁

ပိုးချည်စက်ရုံကို မေမြို့တွင် တည်ဆောက်ခဲ့စဉ်က စက်ပစ္စည်းများအတွက် တင်ဒါစနစ်ဖြင့်ခေါ်ယူခဲ့သည်။ ဂျပန်ပြည်မှ Mataichi Kabushiki Kaisha (M.K.K) နှင့် Japan Cotton and General Trading Co. နှစ်ဦးတို့ကသာ တင်ဒါများပေးသွင်းခဲ့ရာ M.K.K မှသွင်းသောတင်ဒါကို ပေါင်စတာလင် ၄၇၇၅၇-၁-၃ (C.I.F)တန်ဖိုးဖြင့် ရွေးချယ်ခဲ့သည်။

ပိုးချည်ထုတ်လုပ်ရေး လုပ်ငန်းတွင် ပိုးစာပင် စိုက်ပျိုးရေးနှင့် ပိုးမွေးမြူရေးတို့ ဆက်စပ်နေသည့်အလျောက် ၎င်းလုပ်ငန်းများအတွက် အသုံးပြုရန်ပစ္စည်းများဝယ်ယူခဲ့ရသည့်ပြင် မြစ်ကြီးနားမြို့နှင့် လိုင်ကော်မြို့တို့၌ ပိုးအိမ်အခြောက်လှန်းစက်များ၊ အဆောက်အအုံများ တည်ဆောက်ရာ စုစုပေါင်း ငွေကျပ် ၃၄.၆၂ သိန်းကုန်ကျသည်။ အဆောက်အအုံစက်ပစ္စည်းများကို တင်ဒါစနစ်ဖြင့်ခေါ်ယူခဲ့ရာ၌ ဂျပန်ပြည်M.S.Kကုမ္ပဏီမှတင်သွင်းသောတင်ဒါကိုပေါင်စတာလင် ၃၇၉၅-၈-၀(C.I.F) တန်ဖိုးဖြင့် ရွေးချယ်ခဲ့သည်။ ပိုးအိမ်အခြောက်လှန်းစက်များကိုလည်း တင်ဒါစနစ်ဖြင့်ပင်ခေါ်ယူ၍ MSK နှင့် MKK ကုမ္ပဏီတို့မှ ပေါင်စတာလင် ၄၄၀၉-၁၈-၆ (C.I.F) တန်ဖိုးစီဖြင့်တစ်စုံစီဝယ်ယူတည်ဆောက်ခဲ့သည်။[၁]

ပိုးချည်စက်ရုံအဆောက်အအုံကို ဗိသုကာ ဦးမောင်မောင်က ရေးဆွဲပြီး စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း အင်ဂျင်နီယာချုပ်က ပြင်ဆင်ပေးပြီး ဌာနဆိုင်ရာ မြို့ပြအင်ဂျင်နီယာအမှုထမ်းများ၏ ကြီးကြပ်မှုဖြင့် တိုင်းရင်းသား ကန်ထရိုက်တာ သိန်းသန်းအရှုးသားအား ကန်ထရိုက်ပေး၍ဆောက်လုပ်စေခဲ့သည်ဟုဆိုသည်။ စက်ပစ္စည်းများ တပ်ဆင်ရေးအတွက် ဂျပန်ပြည်မှ အင်ဂျင်နီယာနှစ်ဦးအား ငှားရမ်း၍တပ်ဆင်စေခဲ့သည်။ ပိုးချည်လုပ်ငန်းတစ်ခုလုံးအတွက် ၁၉၆၁-၆၂ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံခဲ့သော ငွေလုံး ငွေရင်းကုန်ကျမှုမှာ အောက်ပါအတိုင်းဖြစ်သည်။[၂]

(ကျပ်သိန်းဂဏန်းဖြင့်)

၁။ မြေနှင့်အဆောက်အအုံ	....	၂၂.၂၉
၂။ စက်ပစ္စည်းကိရိယာများ	....	၉.၄၀
၃။ အခြားပစ္စည်းများ	....	၁၅.၆၂
၄။ လုပ်ငန်းတည်ဆောက်မှုအတွက် အထွေထွေ မြှုပ်နှံမှုများ	....	၂၂.၀၃
		၆၉.၃၄

၁။ ပိုးချည်စက်ရုံ (မေမြို့)နှင့် ပိုးမွေးမြူရေးလုပ်ငန်းများ အကြောင်းအရာ၊ စာ ၇
၂။ ပိုးချည်စက်ရုံ (မေမြို့)နှင့် ပိုးမွေးမြူရေးလုပ်ငန်းများ အကြောင်းအရာ၊ စာ ၈

ပိုးစာပင်များကို ၁၉၅၃-၅၄ ခုနှစ်မှစ၍ ပြည်နယ်များနှင့် ခရိုင်ဒေသအသီးသီးတွင် စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ ဌာနဆိုင်ရာ မြေများတွင်လည်းကောင်း၊ ပုဂ္ဂလိကတောင်သူလုပ်သားများ၊ သမဝါယမအသင်းများကလည်းကောင်း စိုက်ပျိုးလုပ်ကိုင်ခဲ့ရာ ၁၉၆၁-၆၂ ခုနှစ်အထိ အောက်ပါအတိုင်း ရှိခဲ့သည်။[၁]

ခုနှစ်		ဧက
၁၉၅၃ - ၅၄	....	၁၁၉.၂၀
၁၉၅၄ - ၅၅	....	၅၁၀.၂၀
၁၉၅၅ - ၅၆	....	၁၀၉၃.၀၀
၁၉၅၆ - ၅၇	....	၁၄၃၀.၀၀
၁၉၅၇ - ၅၈	....	၁၃၅၆.၀၀
၁၉၅၈ - ၅၉	....	၁၁၇၆.၀၀
၁၉၅၉ - ၆၀	....	၇၁၂.၉၀
၁၉၆၀ - ၆၁	....	၄၉၇.၄၁
၁၉၆၁ - ၆၂	....	၄၉၇.၄၁

အထက်ပါ စာရင်းများအရ ၁၉၅၆-၅၇ ခုနှစ်အထိသာလျှင် တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့သည်။ ထိုကဲ့သို့ စိုက်ပျိုးလာခဲ့ရာ၌ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း အနေဖြင့်သာ အများအပြား တိုးချဲ့လုပ်ကိုင်ခဲ့ခြင်းကြောင့် အစိုးရအနေဖြင့် ငွေကြေး အကုန်အကျများသည့် အပြင် နောက်ထပ် ငွေလုံးငွေရင်း သုံးစွဲရန် ခဲယဉ်းသဖြင့် ခရီးလမ်းပန်း အဆက်အသွယ် မလွယ်ကူ၍ မဖြစ်ထွန်းသော သံတွဲခရိုင်နှင့် အထက်ချင်းတွင်း၊ ကန်ပက်လက်၊ ခန္တီးတို့မှ ဌာနစိုက်များကို ၁၉၅၇-၅၈ ခုနှစ်မှစ၍ လုံးဝဖျက်သိမ်းလိုက်သည်။ အခြားမဖြစ်ထွန်းသော ဌာနစိုက်များကိုလည်း တစ်စတစ်စ လျှော့ပေါ့ လုပ်ကိုင်ခဲ့ကြရာ ၁၉၆၁-၆၂ ခုနှစ်တွင် ၄၉၇.၄၁ ဧကသာ ကျန်ရှိတော့သည်။[၂]

ပိုးချည်ရစ်စက်အစုံပေါင်း ၁၀၄ စုံရှိသော မေမြို့ပိုးချည်စက်ရုံတွင် တစ်နေ့ ၈ နာရီ စက်တုံတင်လှည့်ဖြင့် ပိုးချည်ထုတ်လုပ်လျှင် တစ်နေ့လျှင် ပိုးချည်ပေါင်ချိန် ၁၅၀ ခန့် ထွက်နိုင်သော စက်အင်အားရှိသည်။ တစ်နှစ်လျှင် ပိုးချည်ပေါင်ချိန်ပေါင်း ၄၆၀၀၀ ခန့် ထွက်နိုင်သည်။ ပိုးချည် အထုပ်တစ်ထုပ်လျှင် ၁၃၃.၂၈ ပေါင်ဖြင့် အထုပ်ပေါင်း ၃၅၀ ရှိသည်။

၁။ ပိုးချည်စက်ရုံ (မေမြို့)နှင့် ပိုးမွေးမြူရေးလုပ်ငန်းများ အကြောင်းအရာ၊ စာ ၉
၂။ ပိုးချည်စက်ရုံ (မေမြို့)နှင့် ပိုးမွေးမြူရေးလုပ်ငန်းများ အကြောင်းအရာ၊ စာ ၉

ပိုးချည်ရစ်စက် အစုံပေါင်း ၁၀၄ စုံကို အသုံးပြု၍ စက်ရုံ ၈ နာရီလျှင် တစ်လှည့်ဖြင့် ပိုးချည် ထုတ်လုပ်ရန်အတွက် တစ်နှစ်လျှင် ပိုးအိမ်အခြောက် ပေါင်ချိန် ၁၄၀၀၀၀ လိုသည်။ ပြည်တွင်း၌ ပိုးမွေးမြူရေးလုပ်ငန်း မဖွံ့ဖြိုးသေးသဖြင့် ပြည်တွင်းမှ ပိုးအိမ်အခြောက်များ မေမြို့ပိုးချည်စက်ရုံအတွက် ဖူလုံစွာ မရရှိနိုင်၍ နိုင်ငံခြားမှ ပိုးအိမ်အခြောက်များ ဝယ်ယူတင်သွင်းရသည်။ နိုင်ငံခြား ပိုးအိမ်အခြောက်များ ဈေးနှုန်းကြီးသဖြင့် မေမြို့ပိုးချည်စက်ရုံ၏ ကုန်ထုတ်လုပ်ငန်း၌ အကျိုးအမြတ်မရှိခဲ့၊ နှစ်စဉ်အရှုံးပေါ်ခဲ့သည်။

အမှန်အားဖြင့် ပြည်တွင်းမှ ပိုးအိမ်အခြောက်များ လုံလောက်စွာ ရရှိနိုင်မှ မေမြို့ ပိုးချည်စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းတွင် အကျိုးအမြတ်ရှိနိုင်မည်ဖြစ်သည်။ ပြည်တွင်း ပိုးမွေးမြူရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးခြင်း မရှိသေးမီကာလနှင့် ပိုးအိမ်အခြောက်များ မေမြို့စက်ရုံအတွက် လုံလောက်စွာ မရနိုင်သေးမီ ကာလအတွင်း စက်ရုံတွင် အရှုံးသက်သာစေရန်အတွက် မေမြို့ ပိုးချည်စက်ရုံ၏ စက်အင်အားကိုလျှော့၍ ကုန်ထုတ်ခဲ့ရသည်။ နှစ်စဉ် ကုန်ထုတ်လုပ်ရေး အတွက် အသုံးပြုနေခဲ့ရသော စက်အင်အားမှာ အောက်ပါအတိုင်းဖြစ်သည်။[1]

ခုနှစ်		အသုံးပြုခဲ့သောပိုးချည် ရစ်စက်အစုံပေါင်း	စက်အင်အား ရာခိုင်နှုန်း
၁၉၅၆ - ၅၇	....	၆၅ စုံ	၆၂ %
၁၉၅၇ - ၅၈ မှ ၁၉၆၁ - ၆၂	....	၅၂ စုံ	၅၀ %
၁၉၆၂ - ၆၃	....	၃၉ စုံ	၃၈ %
၁၉၆၃ - ၆၄	....	၁၃ စုံ	၁၂ %

ပိုးချည်စက်ရုံ (မေမြို့)၏ နှစ်စဉ် ကုန်ထုတ်လုပ်မှု အခြေအနေမှာ အောက်ပါစာရင်း အတိုင်းဖြစ်သည်။[2]

ခုနှစ်		အသုံးပြုသော ပိုးအိမ် အခြောက်ပေါင်ချိန်	ထွက်သောပိုးချည် များ ပေါင်ချိန်
၁၉၅၆-၅၇	....	၅၁၈၉၂	၁၉၆၆၆
၁၉၅၇-၅၈	....	၃၆၈၉၈	၁၄၁၁၀

၁။ ပိုးချည်စက်ရုံ (မေမြို့)နှင့် ပိုးမွေးမြူရေးလုပ်ငန်းများ အကြောင်းအရာ၊ စာ ၂၃-၂၄
၂။ ပိုးချည်စက်ရုံ (မေမြို့)နှင့် ပိုးမွေးမြူရေးလုပ်ငန်းများ အကြောင်းအရာ၊ စာ ၂၅

ခုနှစ်		အသုံးပြုသောပိုးအိမ် အခြောက်ပေါင်ချိန်	ထွက်သောပိုးချည် များ ပေါင်ချိန်
၁၉၅၈-၅၉	....	၃၄၉၁၉	၁၃၁၃၂
၁၉၅၉-၆၀	....	၄၁၈၆၂	၁၆၁၃၅
၁၉၆၀-၆၁	....	၅၁၄၉၇	၁၇၃၅၇
၁၉၆၁-၆၂	....	၅၅၆၆၃	၂၀၈၁၂
၁၉၆၂-၆၃	....	၃၃၆၂၈	၁၂၆၆၁

ပိုးချည်စက်ရုံ (မေမြို့)မှ ထွက်သော ပိုးချည်များ ရောင်းချရာတွင် မန္တလေးမြို့ရှိ ပြည်သူ့ ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့နှင့် ညှိနှိုင်းကာ နိုင်ငံခြား ပိုးချည်များ ဈေးနှုန်းနှင့် တန်းတူထားပြီး စက်ရုံမှ ရက်ကန်းစက် ပိုင်ရှင်များ လက်သို့ တိုက်ရိုက် ရောင်းချဖြန့်ဖြူးသည်။ မန္တလေးနှင့် အမရပူရတို့မှ အများအပြား ဝယ်ယူကြသည်။ နှစ်စဉ် ပိုးချည်များ ရောင်းချရခြင်းစာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ခုနှစ်		ရောင်းရသောပိုးချည် (ပေါင်ချိန်)	တန်ဖိုးငွေကျပ် (သိန်း)
၁၉၅၆-၅၇	....	....	....
၁၉၅၇-၅၈	....	၃၀၄၇၂	၉.၁၃
၁၉၅၈-၅၉	....	၁၆၄၃၀	၅.၃၁
၁၉၅၉-၆၀	....	၃၀၀၃	၁.၂၃
၁၉၆၀-၆၁	....	၁၉၀၃၈	၆.၂၀
၁၉၆၁-၆၂	....	၂၇၇၂၆	၁၀.၁၅
၁၉၆၂-၆၃	....	၁၆၅၉၇	၈.၂၅

၁။ ပိုးချည်စက်ရုံ (မေမြို့)နှင့် ပိုးမွေးမြူရေးလုပ်ငန်းများ အကြောင်းအရာ၊ စာ ၂၈

ပိုးချည်ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

ခုနှစ်		ပိုးချည်တစ်ပေါင်ဈေးနှုန်း (ငွေကျပ်)		
၁၉၅၈-၅၉	....	၃၀.၆၀	မှ	၃၃.၀၀
၁၉၅၉-၆၀	....	၃၅.၀၀	မှ	၄၅.၀၀
၁၉၆၀-၆၁	....	၃၂.၉၀		
၁၉၆၁-၆၂	....	၃၆.၆၀		
၁၉၆၂-၆၃	....	၅၆.၉၀		

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် ပိုးစာပင်စိုက်ပျိုးရေးပိုးမွေးမြူရေး လုပ်ငန်းများကို တိုင်းပြည်၏ ပိုးမွေးမြူရေး လုပ်ငန်း ဖွံ့ဖြိုးလာစေရန် အကုန်အကျ ခံရခြင်းသာ ဖြစ်သောကြောင့် ဝင်ငွေဟူ၍ မရှိခဲ့ချေ။ မေမြို့ ပိုးချည်စက်ရုံအတွက်သာ လျှင် ကုန်ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးသော လုပ်ငန်းရပ်ဖြစ်၍ အရောင်းဝင်ငွေရှိပြီး ကုန် သွယ်မှု အရှုံးအမြတ် ရေးထွဲ၍ ရသည်။ ပိုးချည်စက်ရုံ၏ပင်မဖြစ်သည့် ပိုးလုပ်ငန်းတစ်ခုလုံး ကုန်သွယ်မှု အရှုံးအမြတ် အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ချေသည်။[၂]

ခုနှစ်		အသားတင် အရှုံး(−)	အသားတင်အမြတ်(+)
၁၉၅၆-၅၇	....	၉.၄၅	....
၁၉၅၇-၅၈	....	၅.၆၈	....
၁၉၅၈-၅၉	....	၁၁.၅၃	....
၁၉၅၉-၆၀	....	၆.၂၉	....
၁၉၆၀-၆၁	....	၆.၂၆	....
၁၉၆၁-၆၂	....	၅.၉၃	....

၁။ ပိုးချည်စက်ရုံ (မေမြို့) နှင့် ပိုးမွေးမြူရေးလုပ်ငန်း အကြောင်းအရာ၊ စာ ၂၈
၂။ ပိုးချည်စက်ရုံ (မေမြို့) နှင့် ပိုးမွေးမြူရေးလုပ်ငန်း အကြောင်းအရာ၊ စာ ၃၀

ပိုးစာပင် စိုက်ပျိုးရေးနှင့် ပိုးမွေးမြူရေး လုပ်ငန်းဌာနများတွင် ၁၉၅၇-၅၉ ခုနှစ် အချိန်က အလုပ်ခန့်ထားမှုနှင့် လူအင်အား အခြေအနေမှာ အရာထမ်းများ ၁၄ ယောက်၊ ရုံးအမှုထမ်းများ ၄၉ ယောက်၊ ကြီးကြပ်သူများ ၄၉ ယောက်၊ အထွေထွေ အမှုထမ်းများ ၅၇ ယောက်နှင့် လုပ်သားများ ၅၁၅ ယောက်ရှိရာ စုစုပေါင်း ၆၇၅ ယောက် ဖြစ်သည်။

ပိုးချည်လုပ်ငန်း ဘုတ်အဖွဲ့အား ၁၉၅၉ ခု မေလ ၁ ရက်နေ့တွင် ဖျက်သိမ်းပြီး စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက တိုက်ရိုက် ကြီးကြပ် အုပ်ချုပ်ခဲ့ရာ လုပ်ငန်းများ တဖြည်းဖြည်း လျော့ပေါ့ ဖျက်သိမ်းလာရသည်နှင့်အမျှ လူအင်အားကိုလည်း တစ်စတစ်စ လျှော့ချခဲ့ရသည်။ စက်မှုလက်မှု ညွှန်ကြားရေးဝန် ဌာနမှ အရာထမ်း၊ အမှုထမ်းများကိုလည်း ဌာနဆိုင်ရာသို့ ပြန်ပို့ခဲ့သည်။ ၁၉၆၁-၆၂ ခုနှစ်တွင် ကျန်ရှိနေခဲ့သော အရာထမ်း ၄ ယောက်၊ ကြီးကြပ်သူများ ၂၅ ယောက်၊ အမှုထမ်းများ ၂၆ ယောက်နှင့် လုပ်သားများ ၂၇ ယောက်၊ စုစုပေါင်း ၈၂ ယောက်ဖြင့်သာ လုပ်ငန်းများ ဆက်လက် လုပ်ဆောင်သည်။[၁]

စက်မှု လက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ဒါရိုက်တာ အဖွဲ့သည် ပိုးချည်လုပ်ငန်း တစ်ခုလုံးကို ကြီးကြပ် စီမံဆောင်ရွက်နိုင်ရန် ၁၉၆၂ ခု ဩဂုတ်လ ၂၂ ရက်နေ့တွင် **ဗမာ့ ပိုးလုပ်ငန်း အုပ်ချုပ်ရေးအဖွဲ့** ကို မေမြို့တွင် ဗဟိုပြုကာ ဖွဲ့စည်းလိုက်သည်။ အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေး အာဏာများ သတ်မှတ် တိုးမြှင့်အပ်နှင်းပေးထားသော ထိုအဖွဲ့က ပိုးချည်လုပ်ငန်းကို ဆက်လက်လုပ်ဆောင်သည်။[၂]

စက်မှုလက်မှု လုပ်ငန်းများ တိုးတက် တည်ထောင်ရေးအတွက် စတလကမှ တာဝန်ယူသော စီမံကိန်းများတွင် လက်ဖက်ခြောက် လုပ်ငန်းစက်ရုံ တည်ထောင်ရေးလည်း ပါဝင်သည်။ စစ်ပြီးခေတ် မြန်မာနိုင်ငံတွင် လူနေမှုစနစ် တိုးမြင့်လာသည်နှင့်ဆက်နွယ်၍ မြည်ပ အထူးသဖြင့် အနောက်တိုင်း ယဉ်ကျေးမှု အလေ့အကျင့်များလည်း တိုးပွားလာသည်။ မြို့ကြီး မြို့ငယ်များ နေသူများသည် လက်ဖက်ရည် အချိုသောက်သုံးမှု ရေးကထက် ပိုလာသည်။ နိုင်ငံခြားမှ လစ်ပတန်၊ ဘရွတ်ဘွန် စသော တံဆိပ် အမျိုးမျိုး တပ်ကာ စည်၊ ဘူး၊ စက္ကူထုပ်ဖြင့် လာသော လက်ဖက်ခြောက်များကို ဝယ်ယူ သောက်သုံးကြသည်။ ထိုကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံခြားသုံးငွေ ချွေတာ ခြိုးခြံနိုင်စေရန် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် ပြည်တွင်း၌ လက်ဖက်ခြောက်ကောင်းများ ထုတ်လုပ်နိုင်ရန် စီမံစိုင်းပြင်းသည်။

၁။ ပိုးချည်စက်ရုံ (ပေမြို့) နှင့် ပိုးမွေးမြူရေးလုပ်ငန်း အကြောင်းအရာ၊ စာ ၂၂
၂။ ပိုးချည်စက်ရုံ (ပေမြို့) နှင့် ပိုးမွေးမြူရေးလုပ်ငန်း အကြောင်းအရာ၊ စာ ၅

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် **လက်ဖက်ခြောက်စက်ရုံကို** မန္တလေး မြို့၌ တည်ထောင်ရန် စီမံကိန်း ရေးဆွဲ၍ ၁၉၅၅ ခု ဇန်နဝါရီ - ဖေဖော်ဝါရီလ အတွင်း စတင် ဆောင်ရွက်သည်။ ထိုနှစ်ဇူလိုင်လတွင် တည်ဆောက်မှု လုပ်ငန်းများ ပြီးစီးသည်။ စမ်းသပ် စတင် ထုတ်လုပ်မှုကို ဇွန်လကပင် စတင်လျက် **မယ်ဇမာ** အမည်ဖြင့် လက်ဖက်ခြောက် အမျိုးမျိုး ထုတ်လုပ် ဖြန့်ဖြူးသည်။[1]

ပြည်သူလူထု စားသုံးမှုအတွက် လက်ဖက်ခြောက်ကောင်းများ ထုတ်လုပ်ပေးရန် ရည် သန် တည်ဆောက်သော စက်ရုံသည် တစ်နှစ်လျှင် ရောစပ် ထုတ်လုပ်ပြီး လက်ဖက်ခြောက် ပေါင် ၃ သန်း ထုတ်လုပ်နိုင်စွမ်းရှိသည်။ စက်ရုံကို မန္တလေးမြို့၊ ချမ်းမြသာစည် လေယာဉ်ကွင်း အနောက်ဘက်ရှိ မြေနေရာတွင် တည်ဆောက်၍ လက်ဖက်ခြောက် လုပ်ငန်းကို ကြီးကြပ် အုပ်ချုပ်ရန် လစ်ပတန် ကုမ္ပဏီကို ငှားရမ်း လုပ်ဆောင်သည်။ မယ်ဇမာတံဆိပ် လက်ဖက် ခြောက်များ ထုတ်လုပ်သဖြင့် မယ်ဇမာ လက်ဖက်ခြောက် စက်ရုံဟု လူသိများသည်။[2]

"လက်ဖက်ခြောက် စက်ရုံ၏ လုပ်ငန်းသဘောမှာ အမျိုးကောင်းသော လက်ဖက်ခြောက် များကို နိုင်ငံခြားမှ ဝယ်ယူ၍ ပြည်တွင်းထွက် လက်ဖက်ခြောက်နှင့် ရောစပ်ကာ နိုင်ငံခြားပုံစံ သံဘူးများ၊ စက္ကူထုပ်များဖြင့် ထည့်သွင်း ဖြန့်ဖြူးခြင်း ဖြစ်သည်။

စတလကာ၏ လက်ဖက်ခြောက် လုပ်ငန်းကို အကာအကွယ်ပေးသည့် သဘောဖြင့် ၁၉၅၅ ခုနှစ် စက်စတင်လည်ပတ်သည်မှစ၍ နိုင်ငံခြားမှလက်ဖက်ခြောက်ဝယ်ယူတင်သွင်းခွင့်ကိုစက်ရုံသို့ တစ်ဦးတည်းခွင့်ပြုခဲ့သည်။ စက်ရုံထွက်လက်ဖက်ခြောက်များကို ရောင်းချရန် မန္တလေးနှင့်ရန်ကုန် တို့၌ အရောင်းဌာနများဖွင့်လှစ်ထားသည်။ ထို့ပြင်စစ်တပ်သုံးရန်အတွက်အထူးပြုပြင်ထားသော လက်ဖက်ခြောက် တစ်မျိုးကိုလည်း စက်ရုံမှ ထုတ်လုပ်ပေးသည်။ လက်ဖက်ခြောက် စက်ရုံမှ ရောစပ်ထုတ်လုပ်ပြီး လက်ဖက်ခြောက် ၁၉၅၅-၅၆ ခုနှစ်တွင် ၁၃၇၂၀၃ ပေါင်၊ ၁၉၅၆-၅၇ ခုနှစ် တွင် ၆၁၄၃၅၂ ပေါင်နှင့် ၁၉၅၇-၅၈ခု ဩဂုတ်လအထိတွင် ၆၅၅၄၄၇ ပေါင် ထုတ်လုပ်ရောင်းချ ခဲ့သည်။[3]

လက်ဖက်ရည် အချိုသောက်သုံးမှုသည် စင်စစ်အားဖြင့်ပြည်သူလူထုတစ်ရပ်လုံးသို့ပျံ့နှံ့ ခြင်းမရှိချေ။ မြို့ကြီး မြို့ငယ်များနေ လူကုံထံများ၊ လူလတ်တန်းစားများ၏ အလေ့အထ တစ်ခုသာ ဖြစ်သည်။ ထို့ကြောင့် စတလကာ၏ မယ်ဇမာ လက်ဖက်ခြောက် လုပ်ငန်းသည်

၁။ *Burma*, January 1959, pp. 279-80

၂။ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း၊ လက်ဖက်ခြောက်စက်ရုံ၊ မန္တလေးမြို့၊

၃။ *Burma*, January 1959, p. 280

မျှော်မှန်းသကဲ့သို့ အောင်မြင်မှု မရဘဲ အရှုံးနှင့် ရင်ဆိုင်ရလေသည်။ လုပ်ငန်းသဘော ကျွမ်းကျင်မှု မရှိသဖြင့်လည်း ပြည်တွင်းပြည်ပ ကုမ္ပဏီများနှင့် စာချုပ် ချုပ်ဆိုကာ လက်ဖက်ခြောက်ဝယ်ယူ တင်သွင်းရာ၌ မမျှတမှုများ ရှိသည်။ ဗိုလ်ချုပ်ကြီး၏ အိမ်စောင့် အစိုးရလက်ထက်တွင် ထိုကိစ္စများကို စိစစ်ရှင်းလင်းသောအခါ လက်ဖက်ခြောက် လုပ်ငန်းတွင် စုစုပေါင်း ၂၁ သိန်းခန့်ဆုံးရှုံးလျက် ရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် ၁၉၅၈ ခု မေလ ၁ ရက်နေ့တွင် လက်ဖက်ခြောက်စက်ရုံကို ပိတ်လိုက်သည်။ ကုန်ထုတ်စရိတ် သက်သာစေရန် လက်ကျန်လက်ဖက်ခြောက်များကို လက်ဖြင့် ရိုးရိုး ရောစပ်လျက် ကုန်သည်အထိ ဆက်လက်ထုတ်ပြီးနောက် လက်ဖက်ခြောက် လုပ်ငန်းကို လုံးဝ ပိတ်လိုက်လေသည်။[၁]

ပြန်လည်ထူထောင်ရေး ကာလတွင် စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်ရန် ပြည်ထောင်သာစီမံကိန်းက ချမှတ်ရာ၌ အသေးစား စက်မှုလုပ်ငန်းများကို အစိုးရကလည်း တာဝန်ယူ ထူထောင်ရန် ချမှတ်ထားသည်။ ထို့ကြောင့် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် အသေးစား စက်မှုလုပ်ငန်းအဖြစ် ရွှေပြေးစံပြစက်ရုံ ၅ ရုံတည်ထောင်ရန် စီမံကိန်း ရေးဆွဲသည်။ စတလကမှ တည်ဆောက်ရန် ရည်ရွယ်သော ရွှေပြေး စံပြစက်ရုံများမှာ ဗန်းမော် သကြားစက်၊ မော်လမြိုင်ပန်းကန်စက်၊ မြေဖြူ နို့ဆီနှင့် ထောပတ်စက်ရုံ၊ မော်လမြိုင် အုတ်ကြွပ်အမိုးစက်ရုံ၊ ရွှေဘိုကျောက်မြောင်း အုတ်ကြွပ်စက်ရုံတို့ ဖြစ်ကြသည်။[၂]

ဗန်းမော် သကြားစက်ကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက ရွှေပြေးစံပြသဘောဖြင့် တည်ဆောက်သည်။ ပြည်တော်သာ စီမံကိန်းက ချမှတ်သော နိုင်ငံတော်ပိုင်သကြားစက်ကြီးများ တည်ဆောက်သောအခါ လိုအပ်သော ကျွမ်းကျင်ဝန်ထမ်းများအသင့်ရှိစေရန် အလုပ်သမားများကို ပညာပေးရေး ရည်မှန်းချက်ဖြင့် တည်ဆောက်ခြင်းဖြစ်သည်။ စတလကသည် စက်ရုံတည်ဆောက်မှုကို ၁၉၅၃ ခု နိုဝင်ဘာလတွင် စတင်သည်။ ၁၉၅၄ ခုနှစ် ဧပြီလတွင် ပြီးစီး၍ ၁၉၅၅ ခုနှစ်တွင် စက်စတင်လည်ပတ်ခဲ့သည်။ ပညာပေး သင်တန်းများကိုလည်း ၁၉၅၅ ခုနှစ်မှစ၍ ဖွင့်လှစ်သည်။

ဗန်းမော် ရွှေပြေး စံပြသကြားစက်ရုံကို တည်ဆောက်ရာ၌ မြေနှင့်အဆောက်အအုံများအတွက် ငွေကျပ် ၁.၉၃ သိန်း၊ စက်နှင့်စက်ပစ္စည်းများအတွက် ငွေကျပ် ၁.၇၆ သိန်း၊ စုစုပေါင်းငွေကျပ် ၃.၆၉ သိန်း ကုန်ကျသည်။ စက်၏မူလစွမ်းအားမှာ တစ်နေ့ကြိတ်နှုန်းချိန် ၅၀ ဖြစ်သော်လည်း လက်တွေ့တွင် တစ်နေ့ ကြိတ်နှုန်းချိန် ၃၀ မျှသာ ကြိတ်ဝါးနိုင်သည်။[၃]

၁။ ပြည်ရေးရွာမှု၊ စာ ၂၇၃

၂။ *Burma* ,January 1959, p. 278

၃။ ဦးကျော်မြင့်၊ မြန်မာနိုင်ငံသကြားလုပ်ငန်း၊ စာ ၉၉-၁၀၀

စက်ရုံသည် စရိတ်စကကြီးခြင်း၊ လုပ်ငန်း အုပ်ချုပ်ကွပ်ကဲမှု လျော့ရဲခြင်းတို့ကြောင့် အရှုံးနှင့် သာလည်ပတ်နေရသည်။ ထို့ကြောင့် စက်ရုံကို ၁၉၆၀ ပြည့်နှစ်တွင် ကချင်ပြည်နယ် အစိုးရသို့ လွှဲပြောင်းပေးလိုက်သည်။ ကချင်ပြည်နယ် အစိုးရ၏ ကွပ်ကဲမှုအောက် ၁၉၆၀-၆၁ ခုနှစ်တွင် စက်ရုံသည် ကြံတန်ချိန် ၅၄၄ ကြိတ်ဝါး၍ သကြား ၂၇ တန် ထုတ်လုပ်သည်။ ၁၉၆၁-၆၂ ခုနှစ်တွင်မူ ကြံတန်ချိန် ၁၅၆၆ ကြိတ်ဝါး၍ သကြား ၂၉ တန်ရရှိသည်။ သို့သော် သကြားဖြူ မဟုတ်ဘဲ အဝါရောင်သကြားနှသာ ထွက်သဖြင့် အရောင်းမတွင်ကျယ်ချေ။ နောက်ပိုင်းတွင် ကြံသကာများသာ ချက်လုပ်လေသည်။[1]

ပြည်တွင်း နို့ထွက်ပစ္စည်း ထုတ်လုပ်ရေးနှင့် နွားမွေးမြူရေးလုပ်ငန်းများ တိုးတက် ပေါ်များလာစေရန် ရည်ရွယ်ချက်ဖြင့် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် ၁၉၅၄ ခုနှစ်တွင် ရွှေ့ပြောင်းစံပြစက်ရုံအဖြစ် **နို့ဆီနှင့် ထောပတ်ချက်စက်ရုံ**တစ်ခုကို မေမြို့တွင် တည်ထောင်သည်။ အသေးစား စက်မှုလက်မှု လုပ်ငန်းအဖြစ် ရွှေ့ပြောင်းစံပြစက်ရုံဖြစ်သော် လည်း ကုန်ထုတ်စွမ်းအားမှာ တစ်နေ့လျှင် နို့ပေါင်ချိန် ၃၆၀ ချက်နိုင်သည်။ ချက်လုပ်ရရှိသည့် နို့ဆီများကို ထည့်သွင်းရန် သံဘူးပြုလုပ်သည့်စက်များ၊ သံဘူးသွင်းသည့်စက်များ ပြည့်စုံစွာ ရှိသည်။ ရင်းနှီးမြှုပ်နှံငွေကျပ် ဂ.၁၅ သိန်းကုန်ကျ၍ တည်ဆောက်သောစက်ရုံဖြစ်သည်။ ၁၉၅၆-၅၇ ခုနှစ်တွင် စက်စတင်လည်ပတ်၍ ကုန်ထုတ်လုပ်ခဲ့သည်။[2]

အသေးစား စက်မှုလုပ်ငန်းအဖြစ် စတင်ကာမှ တည်ဆောက်သော **စံပြနို့ဆီနှင့် ထောပတ်ချက်စက်ရုံ** စီမံကိန်းသည်လည်း မျှော်မှန်းသလို မအောင်မြင်ဘဲ အရှုံးနှင့်ရပ်ဆိုင်း သွားခဲ့သည်။ စက်ရုံကိုမေမြို့၌ တည်ဆောက်ရာ၌လည်း ရွှေ့ပြောင်းစံပြသဘောဖြင့်နို့ချက် လုပ်ငန်း သင်တန်းပေးရန်လည်း ရည်ရွယ်ခဲ့သည်။ သို့သော် အကျိုးမဖြစ်ထွန်းသဖြင့် ဗိုလ်ချုပ်ကြီး၏ အိမ်စောင့်အစိုးရလက်ထက် ၁၉၅၈-၅၉ ခုနှစ်တွင် လုပ်ငန်းကိုရပ်ဆိုင်း၍ စက်ရုံကို စစ်ဘက်သို့ ငှားရမ်းလိုက်သည်။[3]

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏**မော်လမြိုင်ပန်းကန်စက်ရုံ**မှာအိမ်တွင်း စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနက အိမ်တွင်းနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ခဲ့သော လုပ်ငန်းစီစဉ်မှုများမှ ပေါက်ပွားလာသည့် စက်ရုံ ငယ်တစ်ခုသာဖြစ်သည်။

၁။ ဦးကျော်မြင့်၊ မြန်မာနိုင်ငံသကြားလုပ်ငန်း၊ စာ ၁၀၀
၂။ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ နို့ဆီချက်စက်ရုံ မေမြို့ သမိုင်းအကျဉ်းချုပ်၊ စာ-၂
၃။ စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ စာ ၂၀၊ ပြည်ရေးရှာမှု၊ စာ ၂၈၂

ပြည်တွင်းရှိ အိမ်တွင်းနှင့် အသေးစား စက်မှုလက်မှု လုပ်ငန်းများကို ခေတ်မီနည်းစနစ်ဖြင့် လုပ်ကိုင် တိုးတက်ဖွံ့ဖြိုးလာစေရန် ကုလသမဂ္ဂ စက်မှုလက်မှု ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့၊ အီး-စီ-အေ Economic Cooperation Administration ၊ တီ-စီ-အေ Technical Cooperation Administration ၊ ဘီ-အီး-အေ-စီ Burma Economic Aid Committee နှင့်အစိုးရတို့ ပူးပေါင်းဆောင်ရွက် လုပ်ကိုင်ရန် စီမံကိန်းများ ရှိခဲ့သည်။ ကုလသမဂ္ဂ စက်မှုလက်မှုထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့ကလုပ်ငန်းတစ်ခုစီအတွက် လိုအပ်သည့် နိုင်ငံခြားပါရဂူနှင့် ကျွမ်းကျင်သူများ ပို့ပေးရန်လည်းကောင်း၊ အီး-စီ-အေက စက်ပစ္စည်းကိရိယာများ ထောက်ပံ့ရန်လည်းကောင်း၊ ဘီ-အီး-အေ-စီက စီမံကိန်းများ အကောင်အထည်ဖော်ရန် လိုအပ်သည့် ပြည်တွင်းအသုံးစရိတ်များကို အထူး ရန်ပုံငွေစာရင်းမှ ကျခံထုတ်ပေးရန်လည်းကောင်း၊ အစိုးရက နိုင်ငံခြားပါရဂူနှင့် ကျွမ်းကျင်သူများအတွက် ပြည်တွင်းနေထိုင်စရိတ်၊ ခရီးစရိတ်နှင့် ရာထမ်းမှုထမ်းများ ခန့်ထားရန် စရိတ်များကို ကျခံရန်လည်းကောင်း အသီးသီးတာဝန်ယူ၍ လုပ်ငန်းတစ်ခုစီအတွက် စီမံကိန်း အဆိုပြုချက်နှင့် အလုပ်ဇယားများ ရေးဆွဲ၍ ဆောင်ရွက်ခဲ့ကြသည်။

၎င်းသို့လုပ်ကိုင် အကောင်အထည်ဖော်မည့် စီမံကိန်းများတွင် စံပြ ပန်းကန်လုပ်ငန်းစက်ရုံ တည်ထောင်ရေးအတွက်လည်း စီမံကိန်းတစ်ခု ပါဝင်သည်။

စံပြ ပန်းကန်စက်ရုံ လုပ်ငန်းစီမံကိန်းရေးဆွဲရေး၊ နေရာရွေးချယ်ရေး၊ အကောင်အထည်ဖော်ရေးနှင့် တည်ဆောက်ရေးတို့အတွက် အိမ်တွင်းစက်မှုလက်မှု အိုးလုပ်ငန်း ကြီးကြပ်ရေးဆပ်ကော်မီတီဖွဲ့စည်းပြီး စီမံဆောင်ရွက်ကြသည်။ ၎င်းစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် ၁၉၅၂ခု ဇန်နဝါရီလတွင် ဘီ-အီး-အေ-စီ Burma Economic Aid Committee နှင့်စာချုပ်သည်။

ပန်းကန်စက်ရုံ တည်ဆောက်ရန် မူလက ရည်ရွယ်ချက်မှာ ပန်းကန်ခွက်ယောက်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများနှင့် ၎င်းလုပ်ငန်းပိုင်ရှင်များအား တိုးတက်လျက်ရှိနေသော ကမ္ဘာ့လောကဓာတ် နည်းများနှင့် စက်မှုလက်မှု သုတေသန ပါရဂူများ၏ ထိုးထွင်းပြင်ဆင်ထားသည့် ခေတ်မီ နည်းစနစ်သစ်များကို အသုံးပြုတတ်ကြစေရန်နှင့် ပန်းကန်ခွက်ယောက်များ အဆင့်အတန်း ကောင်းသည်ထက် ကောင်းမွန်လာအောင် ထုတ်လုပ်သည့်နည်းများ သင်ကြားပေးနိုင်ရန် ရည်ရွယ်သည်။ ထို့ကြောင့် စံပြပန်းကန်စက်ရုံသည် စက်မှုလက်မှုပညာပေး ဌာနတစ်ခုအနေဖြင့် ပန်းကန်ခွက်ယောက်များ ထုတ်လုပ်နည်းကို အခမဲ့ လက်တွေ့ သင်ကြားပေးသည်။ ပညာသင်ကြားသူများအား ထောက်ပံ့ကြေးများပေး၍ ကြွေထည်မြေထည်ပညာကို ဖြန့်ဖြူးသည်။[၁]

၁။ စတာလကာပန်းကန်စက်ရုံ (မော်လမြိုင်) အကြောင်းအရာ၊ စာ ၃

စံပြပန်းကန်စက် တည်ဆောက်ရေးအတွက် အိမ်တွင်းစက်မှုလက်မှုဌာန အိုးလုပ်ငန်း ကြီးပွားရေး ဆပ်ကော်မီတီသည် ကုလသမဂ္ဂ ပါရဂူများနှင့် ပုသိမ်၊ တွံတေးနှင့် မော်လမြိုင် မြို့များသို့ သွားရောက်လေ့လာကြပြီး ကုလသမဂ္ဂ ကျွမ်းကျင်သူပါရဂူ Mr. Izo Kato ၏နေရာ ရွေးချယ်ရေး အစီရင်ခံစာအရ မူလရည်ရွယ်ထားသည့် တွံတေး၌ တည်ဆောက်ရေး အစီအစဉ်ကိုဖျက်၍ မော်လမြိုင်မြို့ မုပွန်ရပ် အိုးရုံကြီး အိုးရုံကလေးရွာ အနီးတစ်ဝိုက်တွင် တည်ဆောက်ရန် ရွေးချယ်ခဲ့သည်။[၁]

ရေအလွယ်တကူရရှိရေးကို မျှော်ကိုးလျက် မော်လမြိုင်နှင့် ၃ မိုင်ကွာ မုပွန်ရပ်တွင် စက်ရုံကို တည်ဆောက်ရန် သတ်မှတ်လျက် ၁၉၅၄ ခု ဇန်နဝါရီလတွင် စက်ရုံအဆောက်အအုံ အတွက် စာချုပ်ချုပ်ဆိုကာ စတင်တည်ဆောက်၍ ၁၉၅၅ ခု ဖေဖော်ဝါရီလတွင် စက်ရုံ ဖွင့်လှစ်ခဲ့သည်။ ၁၉၅၅ ခု ဖေဖော်ဝါရီလ သင်တန်းစပေးချိန်တွင် ကုန်ထုတ်လုပ်မှုကို ပညာပေး နမူနာသဘော စတင်ထုတ်လုပ်သည်။

ကြွေသီးများ၊ဘိယာခွက်၊ တယ်လီဖုန်းကြွေသီး စသည်တို့ကို ၁၉၅၆ ခု ဩဂုတ်လမတိုင်မီ ကပင် ဌာနအသီးသီးမှ မှာကြားသဖြင့် နမူနာ အစမ်းသဘောထုတ်လုပ်သည်။ ထို့နောက် ပိုင်းတွင် ပန်းကန်ခွက်ယောက်များ စတင်ထုတ်လုပ်သည်။

မော်လမြိုင် ပန်းကန်စက်ရုံကို ပညာပေးရန် စံပြစက်ရုံငယ် တစ်ခုအဖြစ်သာ မူလက ရည်ရွယ်၍ စီမံတည်ဆောက်ခဲ့ကြသည်။ သို့သော် စက်ရုံ၏ အချို့သောစက်ကိရိယာများမှာ ကုန်ထုတ်လုပ်ရေး (Production Line) သဘောဖြင့်ပစ္စည်းအများအပြားထုတ်လုပ်နိုင်သည့် စက်ကိရိယာများဖြစ်နေပြီး လုပ်ငန်းအကောင်အထည် ဖော်ပြီးနောက် ဆောင်ရွက်ချက် တို့မှာ အောင်မြင်သည့် အခြေအနေများရှိသဖြင့် ကူးသန်းရောင်းဝယ်ရေး စီးပွားရေး စနစ်ဖြင့် ကုန်ထုတ်လုပ်ရေး အသွင်ပြောင်း၍ စီမံဆောင်ရွက်သည်။[၂]

သို့သော် စီးပွားရေး ကုန်သွယ်မှု သဘောအားဖြင့် လုပ်ဆောင်သောအခါ ပန်းကန် စက်ရုံ၌ နှစ်စဉ်ပင် အရှုံးပေါ်ခဲ့သည်။ စက်ရုံ၌ရှိသည့်အဆောက်အအုံများ၊ စက်ပစ္စည်းများမှာ ပညာပေး စံပြဌာန အခြေအနေလည်းမက၊ စီးပွားရေးလုပ်ငန်း အခြေအနေလောက်လည်း ပြည့်စုံခြင်းမရှိ ဖြစ်နေသည်။ သို့ဖြစ်၍ စီးပွားရေး ကုန်သွယ်မှုသဘောဖြင့် အကျိုးအမြတ် ရှိနိုင်ရေးအတွက် ပန်းကန်စက်ရုံကို ပြုပြင်ပြောင်းလဲရန် အမျိုးမျိုး ကြံဆခဲ့ကြသည်။

၁။ စတလက၊ပန်းကန်စက်ရုံ(မော်လမြိုင်)အကြောင်းအရာ၊ စာ ၃

၂။ ပန်းကန်စက်ရုံ (မော်လမြိုင်) အကြောင်းအရာ၊ စာ ၄

ပန်းကန်စက်မှာ မူလက စံပြုသဘော ဆောင်ရွက်ခဲ့သည်ကတစ်ကြောင်း၊ မီးဖိုများနှင့် အချို့စက်ကိရိယာများ မပြည့်စုံ၍တစ်ကြောင်းတို့ကြောင့် ကုန်ထုတ်လုပ်အားမှာ စံချိန်ပြည့်မီခြင်းမရှိချေ။ သို့ဖြစ်၍ ကုန်ထုတ်လုပ်စရိတ်ကြီးမြင့်၍ အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။ ပန်းကန်စက်မှ စနစ်တကျ ထုတ်လုပ်ရောင်းချလျက် စီးပွားကုန်သွယ်မှုသဘောဖြင့် အမြတ်ပေါ်မည့် လုပ်ငန်းအဖြစ်သို့ ကူးပြောင်းရန်အတွက် စက်များကို တိုးချဲ့ဝယ်ယူပြီး စက်များကို သရက်မြို့တွင် ပြောင်းရွှေ့ဆောက်လုပ်ရန် ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလတွင် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့က ဆွေးနွေးဆုံးဖြတ်ခဲ့သည်။ ပန်းကန်စက်တစ်ခုလုံးအတွက် စက်ပစ္စည်းများ ဝယ်ယူရန် တင်ဒါခေါ် ယူပြီးနောက်မှ ဘတ်ဂျက်ကော်မီတီ၏စိစစ်ဆုံးဖြတ်ချက်အရ အစီအစဉ်ပျက်ခဲ့သည်။ ၎င်းနောက် လေးနှစ်စီမံကိန်းတွင် ပန်းကန်စက်ရုံကို သရက်မြို့သို့ ရွှေ့ပြောင်းခြင်းမပြုဘဲ မော်လမြိုင်၌ လက်ရှိနေရာမှာပင် ငွေကျပ် ၆ သိန်း ထပ်မံအကုန်အကျခံ၍ မပြည့်စုံသည်များကို ပြုပြင်လျက် စီးပွားရေး လုပ်ငန်းတစ်ခုအဖြစ် လုံးဝမဟုတ်သော်လည်း စရိတ်စက အကုန်အကျသက်သာပြီး ကုန်ထုတ်လုပ်အား ပိုမိုရရှိနိုင်စေရန် အစီအစဉ်များ ပြုလုပ်သည်။

ထို့နောက် ပန်းကန်စက်ရုံ၏ ကုန်ထုတ်အင်အားကို လက်ရှိထုတ်ကုန်အင်အားထက် လေးဆတိုးပြီး တိုးချဲ့လုပ်ကိုင်ရန်နှင့် ခေတ်မီ မီးဖိုတစ်လုံး တည်ဆောက်ရေးအတွက် စီးပွားရေးသဘောအရ ပြန်လည်စိစစ်သုံးသပ်ရန် ဗဟိုစာရင်းအင်းနှင့် စီးပွားရေးဌာနနှင့် နှီးနှောရန်နှင့် လောလောဆယ် စက်ရုံတိုးချဲ့ခြင်းကိုမပြုဘဲ မူလအခြေအနေအတိုင်း ဆောင်ရွက်သွားရန် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း ဒါရိုက်တာအဖွဲ့က ၁၉၆၂ ခု ဇန်နဝါရီလတွင် စီစဉ်ဆွေးနွေးပြန်သည်။ ၎င်းအစီအစဉ်များအရ ပန်းကန်စက်ရုံ၏ ထုတ်လုပ်မှုအင်အားကို . တိုးမြှင့်၍ စီးပွားရေး သဘောအရ ဆောင်ရွက်ရန် ကြံဆနေစဉ်ပင် ၁၉၆၁-၆၂ ခု နှစ် ကုန်ထုတ်လုပ်မှု အစီအစဉ် စာရင်းအရ စက်ရုံစရိတ်များ၊ များပြားသည့်အခြေအနေများ တွေ့နေရ၍ စက်ရုံပိတ်ရန် အကြောင်းပေါ်ပေါက်လာပြန်သည်။ ၁၉၆၂ ခုနှစ် စက်တင်ဘာလအကုန်တွင် စက်ရုံပိတ်ရန် ၁၉၆၂ ခု ဇွန်လတွင် စက်မှုလက်မှုဌာန တာဝန်ခံက ညွှန်ကြားခဲ့သဖြင့် စက်ရုံပိတ်ရေးအတွက် စက်မှုလက်မှု “တိုးချဲ့လုပ်ကိုင်ရေး” ကော်ပိုရေးရှင်းက စီစဉ်ခဲ့သည်။

ထို့နောက် စက်မှုလက်မှုဌာနအတွင်းဝန် စက်မှုလက်မှု ညွှန်ကြားရေးဝန်တို့ မော်လမြိုင်သို့ သွားရောက်စဉ် ပန်းကန်စက်ရုံ၏ လုပ်ငန်းအခြေအနေကို လေ့လာစိစစ်ခဲ့ကြ၍ ပန်းကန်စက်ရုံကို မပိတ်သေးဘဲ အုပ်ချုပ်ရေးအဖွဲ့ အစီအစဉ်သစ်ဖြင့် စက်ရုံကို အောက်ပါအတိုင်း ဆက်လက်ထားရှိရန် ၁၉၆၂ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့၌စက်မှုလက်မှုဌာနကထပ်မံညွှန်ကြားသည်။

၁။ ပြန်လည်ဖွဲ့စည်းသည့် စနစ်နှင့် အစမ်းသဘော ဆက်လက်ထားရှိရန်

၂။ ကုန်သွယ်မှုစနစ်အရ ဆောင်ရွက်ရန်

၃။ အပို ငွေလုံးငွေရင်း အသုံးစရိတ် မကုန်စေဘဲ မီးဖိုအား ပြင်ဆင်ချဲ့ထွင်ရန်

ဤသို့ဖြင့် အုပ်ချုပ်ရေးအဖွဲ့သစ် အစီအစဉ်အရ မော်လမြိုင် ပန်းကန်စက်ရုံကို ဆက်လက်ဖွင့်လှစ်ပြီး ပန်းကန်ကြွေထည်ပစ္စည်းများ ထုတ်လုပ်ပြန်သည်။

စံပြုစက်ရုံ တည်ဆောက်စဉ် စက်ပစ္စည်းကိရိယာအချို့ကို U.N.T.C.A. အထောက်အပံ့များဖြင့် ဝယ်ယူသည်။ စက်ပစ္စည်းအချို့ကို အစိုးရ၏ ရန်ပုံငွေ၊ ငွေလုံးငွေရင်း ကုန်ကျစရိတ် ခွင့်ပြုချက်များမှ ဝယ်ယူခဲ့သည်။ စက်ပစ္စည်းကိရိယာများကို ဂျပန်ပြည်ရှိ ကြွေထည်ပစ္စည်းထုတ်လုပ်သော စက်ပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီ ၅ ခုထံမှ သက်ဆိုင်ရာ စက်ပစ္စည်းများကို သီးခြားဝယ်ယူခဲ့သည်။ ၎င်းကုမ္ပဏီများမှာ

Tozan Trading Co. Ltd.

Mataichi Kabushiki Kaisha

Marubeni Iida Co. Ltd.

Taichi Co. Ltd.

Nichiman Co. Ltd.

တို့ဖြစ်သည်။ စက်ရုံလုပ်ငန်းအတွက် ၁၉၆၅-၆၆ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံမှုမှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

	ကုန်ကျစရိတ် (ကျပ်သိန်း)
မြေ	၀.၁၆၂၀
အဆောက်အအုံ	၅.၇၆၀၅
စက်ပစ္စည်းကိရိယာများ	၄.၅၀၅၈
လျှပ်စစ်ဆက်သွယ်ရေး	၀.၀၄၇၁
ယာဉ်များ	၀.၁၀၂၈
ရုံးသုံးကိရိယာများနှင့် ပရိဘောဂများ	၀.၀၇၁၃
စုစုပေါင်း	၁၁.၄၆၀၃

၁။ ပန်းကန်စက်ရုံအမှတ် (၁)မော်လမြိုင်စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၄

စံပြပန်းကန်စက်ရုံ၏ စက်ပစ္စည်းကိရိယာများ၊ မီးဖိုများဖြင့် ကုန်ထုတ်အင်အားမှာ ကြွေထည်မြေထည်ပစ္စည်း တစ်လလျှင် အရေအတွက် ၂၅၀၀၀ မှ ၃၀၀၀၀ နှင့် တစ်နှစ်လျှင် အရေအတွက် ၃၀၀၀၀၀ မှ ၃၆၀၀၀၀ ထုတ်လုပ်နိုင်သည်။ ပန်းကန်စက်တွင် မီးဖိုနှစ်ခုရှိ၍ မီးဖိုကြီးမှာ တစ်ကြိမ်လျှင် ပစ္စည်းအရေအတွက် ၆၀၀၀ မီးဖုတ်နိုင်အားရှိ၍ အခြားမီးဖို တစ်ခုမှာ တစ်ကြိမ်လျှင် မီးဖုတ်နိုင်အား ၃၀၀၀ ရှိသည်။ မီးဖိုများမှာ Periodic Type-Kiln အမျိုးအစားဖြစ်သည်။

စက်ရုံမှ ထုတ်လုပ်သော ကုန်ချောပစ္စည်းများမှာ အဓိကအားဖြင့် နှစ်မျိုးနှစ်စား ဖြစ်၍ ကြွေထည်မြေထည်ပစ္စည်းနှင့် လျှပ်စစ်ကြွေသီးများဖြစ်သည်။ ကြွေထည်မြေထည် ပစ္စည်းများမှာ ပန်းကန်ခွက်ယောက်များဖြစ်ပြီး၊ လျှပ်စစ်ကြွေသီးများမှာ အဓိကအားဖြင့် လျှပ်စစ်ဓာတ်အားပေးရေးအတွက် ထုတ်လုပ်ပေးသောပစ္စည်းများဖြစ်သည်။ ၁၉၆၂-၆၃ ခုနှစ် အထိ နှစ်စဉ်ကုန်ထုတ်လုပ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

(အရေအတွက် သိန်းဂဏန်း)

ခုနှစ်	ကြွေထည်မြေထည်များ	ကြွေသီးနှင့် အခြားပစ္စည်းများ
၁၉၅၅-၅၆	.... ၀.၀၅	၁.၂၀
၁၉၅၆-၅၇	.... ၀.၂၄	၁.၄၂
၁၉၅၇-၅၈	.... ၂.၂၄	၀.၀၆
၁၉၅၈-၅၉	.... ၂.၁၉	....
၁၉၅၉-၆၀	.... ၂.၂၄	၀.၃၇
၁၉၆၀-၆၁	.... ၂.၂၅	၁.၀၅
၁၉၆၁-၆၂	.... ၂.၀၁	၁.၈၇
၁၉၆၂-၆၃	.... ၁.၄၁	၁.၈၇

စက်ရုံအတွက် လိုအပ်သည့် အဓိက ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းမှပင် ဝယ်ယူ သုံးစွဲသည့်အတွက် နိုင်ငံခြားငွေ သုံးစွဲမှုအနည်းဆုံး လုပ်ငန်းဖြစ်သည်။ ပြည်တွင်းမှ ဝယ်ယူ အသုံးပြုရသော ကုန်ကြမ်းများနှင့် ရရှိနိုင်သော ဒေသများမှာ အောက်ပါတို့ဖြစ်သည်။

၁။ ပန်းကန်စက်ရုံ (မော်လမြိုင်) အကြောင်းအရာ၊ စာ ၁၂-၁၃

ကုန်ကြမ်းပစ္စည်း		ရရှိသောဒေသ
ချိုင်းနားမြေဖြူ	....	ဘီလူးကျွန်း
မြေစေး	....	မင်းလှ
အမာကျောက်	....	ဘီးလင်း၊ ကျိုက်ထို၊ ဘီလူးကျွန်း
အပျော့ကျောက်	....	သာစည်
မီးခံမြေ	....	ဘီးလင်း၊ ကျိုက္ခမီ
ဂေါဒန်ကျောက်	....	သရက်မြို့
ထုံးကျောက်	....	မော်လမြိုင်

ခဲတက်ဆေးနှင့် ပန်းစက္ကူတို့ကို နိုင်ငံခြားမှ ဝယ်ယူသုံးစွဲရသည်။ လက်ချားနှင့် ခံနိမ့်မှုန့်ကို မူလက နိုင်ငံခြားမှ ဝယ်ယူခဲ့သော်လည်း နောက်ပိုင်းတွင် ပြည်တွင်းမှပင် ဝယ်ယူ အသုံးပြုသည်။

ပန်းကန်ခွက်ယောက်များ ဖြန့်ဖြူးရောင်းချမှု အစီအစဉ်မှာ ၁၉၅၇ ခုနှစ်မှ ၁၉၅၉ ခုနှစ် နှစ်ဦးပိုင်းအထိ စက်ရုံထွက်ပစ္စည်းများကို ကုန်သည်များက ဝယ်ယူကာ မော်လမြိုင်၊ တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်အပါအဝင် မြန်မာပြည်အရပ်ရပ်သို့ သွားရောက်ရောင်းချ ဖြန့်ဖြူးကြသည်။ စက်ရုံမှလည်း တိုက်ရိုက်လက်လီရောင်းချသည်။ ၁၉၅၉ ခုနှစ်မှစ၍ ပြပွဲများတွင်လည်းကောင်း၊ အစိုးရဌာနများသို့လည်းကောင်းကြော်ငြာ၍ရောင်းချသည်။ ၁၉၆၁ ခု မတ်လမှစ၍ စက်မှုလက်မှု ကုန်သွယ်ရေး ကော်ပိုရေးရှင်း အရောင်းဌာနနှင့် ဗဟို ရောင်းဝယ်ရေး ဌာနမှလည်းကောင်း၊ စက်ရုံအနေဖြင့် ပြပွဲပြိုင်ပွဲများတွင်လည်းကောင်း တိုက် ရိုက်ရောင်းချခဲ့သည်။ ၁၉၆၁-၆၂ ခုနှစ် နောက်ပိုင်းတွင်မူ ဖက်စပ်ကော်ပိုရေးရှင်းမှ တစ်ဆင့် ဖြန့်ဖြူးရောင်းချရေးကို စီစဉ်ခဲ့သည်။

မော်လမြိုင် ပန်းကန်စက်ရုံမှ နှစ်စဉ်ထုတ်လုပ်နိုင်ခဲ့သော ပန်းကန်ခွက်ယောက် ကြွေထည် ပစ္စည်းများသည် နိုင်ငံခြားပစ္စည်းများနှင့် မယှဉ်မပြိုင်ဆိုင်နိုင်သဖြင့် များစွာရောင်းချ ဖြန့်ဖြူး

နိုင်ခြင်းမရှိခဲ့ချေ။ နှစ်စဉ် ကုန်လက်ကျန်များနေသည်။ ၁၉၅၅-၅၆ ခုနှစ်မှစ၍ ပန်းကန်စက်လုပ်ငန်း၏ ကုန်သွယ်မှု အရှုံးအမြတ်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။[၁]

ခုနှစ်			(ကျပ်သိန်း) အသားတင်(+)အမြတ် (−) အရှုံး
၁၉၅၅-၅၆	....	....	(−) ၁·၄၃
၁၉၅၆-၅၇	....	....	(−) ၁·၈၅
၁၉၅၇-၅၈	....	....	(−) ၁·၄၉
၁၉၅၈-၅၉	....	....	(−) ၁·၈၁
၁၉၅၉-၆၀	....	....	(−) ၀·၃၀
၁၉၆၀-၆၁	....	....	(−) ၀·၆၁
၁၉၆၁-၆၂	....	....	(−) ၀·၄၅

စက်ရုံ၏ ဝန်ထမ်းမှုထမ်းနှင့် လုပ်သားဦးရေမှာ ၁၉၆၂-၆၃ ခုနှစ်အချိန်က စုစုပေါင်း ၈၈ ယောက်ရှိခဲ့သည်။ ၁၉၆၃-၆၄ ခုနှစ် ပထမသုံးလပတ် စာရင်းများအရ အလုပ်ခန့်ထားမှု အခြေအနေမှာ ကြီးကြပ်အုပ်ချုပ်သော အမှုထမ်းနှင့် ဝန်ထမ်းများ ၂၄ ယောက်နှင့် လုပ်သားများ ၅၈ ယောက် စုစုပေါင်း ၈၂ ယောက်ဖြင့် စက်ရုံလည်ပတ် ကုန်ထုတ်လုပ်သည်။[၂]

စံပြပန်းကန်စက်ရုံကို စတာလကလက်အောက်ရှိ အိမ်တွင်းနှင့် အသေးစား စက်မှုလက်မှု လုပ်ငန်းဘုတ်အဖွဲ့က ကြီးကြပ်အုပ်ချုပ်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ၎င်းဘုတ်အဖွဲ့ကို ဖျက်သိမ်းလိုက်သဖြင့် စတာလက၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်သို့ ရောက်သွားသောအခါ စက်ရုံကို စံပြစက်ရုံဟု မခေါ်တော့ဘဲ ပန်းကန်စက် (မော်လမြိုင်)ဟု ပြောင်းလဲခေါ်တွင်သည်။[၃]

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ အသေးစား စက်မှုလုပ်ငန်းများဖြစ်သော စံပြစက်ရုံ ၃ ရုံသည် အကျိုးဖြစ်ထွန်းခြင်းမရှိဘဲ အရှုံးနှင့်သာ ရင်ဆိုင်ရသော စက်ရုံများဖြစ်သည်။ ပြည်တော်သာရမည်ဟူသော ပြန်လည်ထူထောင်ရေး ကြွေးကြော်သံဖြင့် ချမှတ်သော ပြည်တော်သာ စက်မှုစီမံကိန်းများကား ရည်ရွယ်ချက် ရည်မှန်းချက် အလွန်

၁။ ပန်းကန်စက်ရုံ (မော်လမြိုင်) အကြောင်းအရာ စာ ၁၈

၂။ ပန်းကန်စက်ရုံ(မော်လမြိုင်) အကြောင်းအရာ၊ စာ ၁၁

၃။ စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ စာ ၂၁

ကောင်းကြသည်။ လက်တွေ့အကောင်အထည်ဖော်ရာတွင်မူ မျှော်မှန်းသကဲ့သို့ မအောင်မြင်ဘဲ အရှုံးနှင့် ရင်ဆိုင်ကြရသည်။ ထို့ကြောင့် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် အသေးစား စက်မှုစီမံကိန်းဖြစ်သော ရွှေပြေး စံပြစက်ရုံ ၅ ရုံအနက် ၃ ရုံကိုသာ အကောင်အထည်ဖော်ခဲ့သည်။ မော်လမြိုင် အမိုးအုတ်ကြွပ်စက်ရုံနှင့် ကျောက်မြောင်း အုတ်ကြွပ်စက် စီမံကိန်းတို့ကိုမူ စံပြသဘောပင် စတင်အကောင်အထည် မဖော်ခဲ့တော့ချေ။

ပြည်သူပိုင်သိမ်းယူခြင်း

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် နိုင်ငံတော် ပြန်လည်ထူထောင်ရေး အတွက် ပြည်တော်သာ စီမံကိန်းက ချမှတ်သော စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ ထူထောင်ရေးကို တာဝန်ယူ အကောင်အထည်ဖော်သည့်အပြင် အဓိကကျသော ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းကြီးများကိုလည်း ပြည်သူပိုင်အဖြစ် သိမ်းယူကာ ကြီးကြပ် အုပ်ချုပ်သည်။ ၁၉၅၄ ခုနှစ်တွင် ပြည်သူပိုင်ပြုလုပ်လိုက်သော စက်ရုံများမှာ သရက်တီလပ်မြေစက်၊ ဇေယျဝတီ သကြားစက်နှင့် မန္တလေး ဗျစ်ချက်စက်ရုံတို့ ဖြစ်သည်။

စစ်ပြီးခေတ် မြန်မာနိုင်ငံတွင် သကြားစားသုံးမှု ပမာဏ တိုးတက်လာသဖြင့် ပြည်ပမှ ဝယ်ယူတင်သွင်းရခြင်း တစ်စတစ်စ လျော့နည်းစေရန် စက်မှုလက်မှု တိုးချဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် ၁၉၅၃ ခုနှစ်ကစ၍ သကြားစက်များ တည်ထောင်သည်။ သို့သော် စတင်ကာမှ တည်ထောင်သော စက်ငယ်များ၏ ကုန်ထုတ်စွမ်းအားမှာ ပြည်တွင်း လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်း မရှိချေ။ နိုင်ငံအတွင်း သကြားထုတ်လုပ်နေသော ပုဂ္ဂလိကပိုင် တစ်ခုတည်းသော ဇေယျဝတီ သကြားစက်သည်လည်း အခြေအနေ အရပ်ရပ် ကြောင့် ပုံမှန် လည်ပတ်နိုင်ခြင်း မရှိဘဲ ကုန်ထုတ်စွမ်းအား ကျဆင်းနေပေသည်။ ထို့ကြောင့် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် **ဇေယျဝတီ သကြားစက်**ကို ၁၉၅၄ ခု နိုဝင်ဘာလ ၁ ရက်နေ့တွင် ၁၉၅၄ ခု မြန်မာနိုင်ငံ အက်ဥပဒေအမှတ် ၅၈ အရ လျော်ကြေးငွေ ကျပ် ၆၇.၅၉ သိန်းပေး၍ ပြည်သူပိုင်သိမ်းယူလိုက်သည်။[၁]

ပြည်သူပိုင် သိမ်းယူလိုက်သော ဇေယျဝတီသကြားစက်သည် ကိုလိုနီခေတ် ၁၉၃၅ ခုနှစ်က တည်ဆောက်ခဲ့သော စက်ဖြစ်သည်။ စတင် တည်ဆောက်စဉ်က အင်္ဂလန်ပြည်လုပ် Duncan Stewart Co. မှ ဝယ်ယူသော တစ်နေ့လျှင် ကြံတန်ချိန် ၁၀၀၀ ကြိတ်ဝါးနိုင်သော စက်တစ်လုံးဖြင့်ကုန်ထုတ်လုပ်ခဲ့သည်။စစ်ပြီးခေတ်၁၉၄၈ခုနှစ်တွင်ချက်ကိုစလိုဗေးကီးယားပြည်

၁။ စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ စာ ၁၆

စက်ဒါ ကုမ္ပဏီမှ တစ်နေ့ကြံတန်ချိန် ၁၅၀၀ ကြိတ်ဝါးနိုင်သော စက်တစ်လုံး တပ်မံတပ်ဆင်သည်။ ၁၉၄၅ ခုမှ ၁၉၅၃-၅၄ ခုနှစ်အထိ ပြည်တွင်း မငြိမ်သက်မှုများကြောင့် စက်ပုံမှန် လည်ပတ်ထုတ်လုပ်နိုင်ခြင်း မရှိချေ။ စက်ဟောင်းကိုလည်း မလည်နိုင်၍ ရပ်ထားခဲ့ရသည်။[1]

ဇေယျဝတီ သကြားစက်ကို ပြည်သူပိုင် ပြုလုပ်ပြီးနောက် စတာလကသည် အမှုဆောင်အရာရှိချုပ် ခေါင်းဆောင်သော အဖွဲ့ဝင် ၅ ဦးပါသည့် ဇေယျဝတီ သကြားစက် အုပ်ချုပ်မှုဘုတ်အဖွဲ့ကို ၁၉၅၅ ခု ဖေဖော်ဝါရီလတွင် ဖွဲ့စည်း၍ အုပ်ချုပ် ကွပ်ကဲသည်။ သကြားစက်တွင် တပ်ဆင်ထားသော စက်များမှာ စစ်မဖြစ်မီက ပစ္စည်းများဖြစ်ရာ ရေနွေးငွေ့ဖြင့် မောင်းသော စက်များသာ ဖြစ်သည်။ ၁၉၅၄ ခု ပြည်သူပိုင်ဖြစ်ပြီးနောက် ခေတ်မီ စက်ကိရိယာများ တပ်ဆင်မွမ်းမံသဖြင့် ၁၉၆၂-၆၃ ခုနှစ်အထိ အရပ်ရပ် ကုန်ကျ ရင်းနှီး မြှုပ်နှံငွေမှာ ကျပ် ၉၉၇၅၆၂၁.၆၁ ဖြစ်သည်။[2]

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ အုပ်ချုပ်မှုအောက်တွင် ဇေယျဝတီ သကြားစက်သည် ၁၉၅၄ ခုနှစ်မှ ၁၉၅၆ ခုနှစ် ကုန်ထိ စက်ဒါစက်ကြီး တစ်လုံးတည်းဖြင့်သာ ကြံကြိတ်ဝါးခဲ့သည်။ ၁၉၅၇ ခုနှစ် ရောက်သောအခါမှ ကျန်ရှိသော ဗန်ကန်စတီးဝပ်စက်ကိုပါ ပူးတွဲပြီး လည်စေခဲ့ခြင်းကြောင့် ကုန်ထုတ်စွမ်းအား ပိုမိုတိုးတက်လာခဲ့သည်။ စက်နှစ်လုံးပေါင်း၏ ကုန်ထုတ်စွမ်းအားမှာ ၂၄ နာရီလျှင် ကြံတန်ချိန် ၂၅၀၀ ကြိတ်ဝါးနိုင်သည်။[3]

ဇေယျဝတီ သကြားစက် ကုန်ထုတ်လုပ်ငန်းတွင် အသုံးပြုသော ပြည်တွင်း ကုန်ကြမ်းတို့မှာ ကြံ၊ မဖောက်ထုံး၊ ကြံရည်စစ်ပိတ်၊ ဂုန်နီအိတ်နှင့် ဂုန်နီကြိုးတို့ဖြစ်ပြီး ကန့်သည် ပြည်ပကုန်ကြမ်းဖြစ်ပေသည်။[4]

စတာလက အုပ်ချုပ်မှုအောက်တွင် ဇေယျဝတီ သကြားစက်၏ ကုန်ထုတ်လုပ်မှု သိသိသာသာ တိုးတက်လာသည်။ ၁၉၅၆-၅၇ ခုနှစ်တွင် သကြား ၂၂၁၁၅ တန် ထုတ်လုပ်နိုင်သဖြင့် စစ်မဖြစ်မီ ၁၉၄၀-၄၁ ခုနှစ်ကထက်ထုတ်လုပ်မှုပိုသည်။ ၁၉၄၀-၄၁ ခုနှစ်က သကြား ၂၁၄၈၇ တန်သာထုတ်နိုင်ခဲ့သည်။[5] ပြည်သူပိုင်ဇေယျဝတီသကြားစက်၏ ၁၉၅၄-၅၅ ခုနှစ်မှ ၁၉၆၂-၆၃ခုနှစ်

၁။ မြန်မာနိုင်ငံ သကြားလုပ်ငန်း၊ စာ ၄၆-၄၇

၂။ မြန်မာနိုင်ငံ သကြားလုပ်ငန်း၊ စာ ၄၇

၃။ မြန်မာနိုင်ငံ ကြံစိုက်ပျိုးခြင်းနှင့် သကြားလုပ်ငန်း၊ စာ ၂၃

၄။ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ ဇေယျဝတီသကြားစက်ရုံ သမိုင်း၊ စာ ၂

၅။ *Burma*, January 1959, p.279

အထိ နှစ်စဉ်ကြိတ်ခါး ကြံတန်ချိန်နှင့် ကုန်ထုတ်လုပ်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်။

ခုနှစ်		ကြံကြိတ်ခါးရက်	ကြိတ်ခါးသောကြံ တန်ချိန်	သကြားထွက် ရာခိုင်နှုန်း	သကြားတန်ချိန်
၁၉၅၄-၅၅	....	၁၄၀	၁၆၇၁၅၉	၉·၈၄	၁၆၄၄၈·၄
၁၉၅၅-၅၆	....	၁၂၉	၁၆၇၂၁၃	၉·၇၃	၁၆၂၆၄·၂
၁၉၅၆-၅၇	....	၁၇၈	၂၂၇၆၈၁	၉·၆၈	၂၂၀၃၉·၅
၁၉၅၇-၅၈	....	၁၀၇	၂၄၀၃၁၅	၈·၇၄	၂၁၀၀၃·၅
၁၉၅၈-၅၉	....	၁၁၈	၁၇၈၆၅၃	၉·၄၇	၁၆၉၁၆·၀
၁၉၅၉-၆၀	....	၁၀၃	၁၆၉၀၀၇	၉·၇၉	၁၆၅၄၀·၉
၁၉၆၀-၆၁	....	၁၀၄	၂၀၂၂၀၇	၉·၄၂	၁၉၀၅၉·၀
၁၉၆၁-၆၂	....	၁၅၀	၂၆၄၈၉၅	၉·၄၀	၂၄၉၀၀·၆
၁၉၆၂-၆၃	....	၁၃၇	၂၄၅၈၉၃	၁၀·၀၃	၂၄၆၆၉·၅

စက်ရုံမှ တွဲဖက်ကုန်အဖြစ် ကြံဖတ်၊ ကြံချေးနှင့် တင်လဲရည်လည်း ရရှိသည်။ နှစ်စဉ် ကြံဖတ် ၂၇ ရာခိုင်နှုန်း၊ ကြံချေး ၇ ရာခိုင်နှုန်းနှင့် တင်လဲရည် ၄ ရာခိုင်နှုန်းခန့် ထွက်သည်။ တင်လဲရည်ကို ဘီပီအိုင် ဆေးဝါးစက်ရုံ အရက်ချက်ဌာနသို့ ရောင်းချသည်။ ၁၉၅၇-၅၉ ခုမှ ၁၉၆၂-၆၃ ခုနှစ်များအတွင်း တင်လဲရည်ကို နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြား

၁။ မြန်မာနိုင်ငံ သကြားလုပ်ငန်း၊ စာ ၅၀

သုံးငွေ အဝင်ရှိလေသည်။ စက်ရုံသည် စတာလက လက်အောက်သို့ ရောက်သည်မှ နှစ်စဉ်အမြတ် ပေါ်ခဲ့သည်။ နှစ်အလိုက် ငွေရေးကြေးရေး အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်။

ခုနှစ်	ကျပ် သိန်း ပေါင်း			ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး
	ဝင်ငွေ	ကုန်ကျစရိတ်	အမြတ် (+) အရှုံး (−)	
၁၉၅၄-၅၅	၁၃၇·၆	၁၃၅·၃	(+) ၂·၃	၉၈·၃ %
၁၉၅၅-၅၆	၁၆၁·၄	၁၅၇·၉	(+) ၃·၅	၉၇·၈ %
၁၉၅၆-၅၇	၂၂၇·၂	၂၁၅·၈	(+) ၁၁·၄	၉၄·၉ %
၁၉၅၇-၅၈	၂၀၄·၅	၂၀၂·၁	(+) ၂·၄	၉၈·၈ %
၁၉၅၈-၅၉	၁၆၈·၅	၁၆၁·၁	(+) ၇·၄	၉၅·၆ %
၁၉၅၉-၆၀	၁၆၆·၈	၁၃၇·၇	(+) ၂၉·၁	၈၂·၅ %
၁၉၆၀-၆၁	၁၉၂·၃	၁၇၀·၃	(+) ၂၂·၀	၈၈·၅ %
၁၉၆၁-၆၂	၂၅၃·၈	၂၂၃·၆	(+) ၃၀·၂	၈၈·၁ %
၁၉၆၂-၆၃	၂၅၇·၂	၂၁၉·၅	(+) ၃၇·၇	၈၅·၃ %

မြန်မာနိုင်ငံတွင် ကိုလိုနီခေတ် ၁၉၃၅ ခုနှစ်ကပင် နိုင်ငံခြားသား အရင်းရှင်ကြီးများ ပိုင်သော ဘိလပ်မြေစက်ရုံတစ်ခုရှိသည်။ စက်ရုံကို သရက်မြို့၏တောင်ဘက် ဧရာဝတီမြစ် အနောက်ဘက် ကမ်းပေါ်တွင်တည်ထား၍ အဓိကလိုအပ်သော စက်သုံးဆီ၊ သဘာဝ ဓာတ်ငွေ့နှင့် ကုန်ကြမ်းဖြစ်သော ထုံးကျောက်တို့ အလွယ်တကူရရှိသည်။ ထုံးကျောက် တောင်များသည် စက်ရုံမှ ၂ မိုင်ခန့်သာကွာဝေး၍ သဘာဝဓာတ်ငွေ့မှာမူ ၁၂ မိုင်ခန့် အကွာမှ တူးဖော်ရရှိသည်။ သဘာဝဓာတ်ငွေ့ကို ၁၉၂၆ ခုနှစ်တွင် အိုင်ဘီပီကုမ္ပဏီ (Indo Burma Petroleum Co.)ကစတင် တူးဖော်ခဲ့ပြီးနောက် အိုင်ဘီပီကုမ္ပဏီ ကိုယ်စား စတီးဘရားသား ကုမ္ပဏီက **ဘိလပ်မြေစက်ရုံကို** ၁၉၃၅ ခုနှစ်တွင် Burma Cement Company အမည်ဖြင့် မတည်ရင်းနှီးငွေ ၃၅ သိန်း ကုန်ကျခံ၍ တည်ဆောက်ခဲ့သည်။

၁။ *Burma*, January 1959, p.279၊ ဧယျဝတီသကြားစက် အကြောင်းအရာ၊ နောက်ဆက်တွဲ ၄

စက်ရုံတွင်တပ်ဆင်သော စက်များသည် F.L. Smidth ကုမ္ပဏီမှ ဝယ်ယူသောစက်များ ဖြစ်သည်။ တစ်နှစ်လုပ်ရက်ပေါင်း ၃၀၀ တွင် ဘိလပ်မြေတန် ၆၀၀၀၀ ကျ ထုတ်လုပ်စွမ်းအား ရှိသဖြင့် တစ်နေ့တန် ၂၀၀ ကျ ထုတ်လုပ်နိုင်သည်။ သရက်ဘိလပ်မြေ စက်ရုံမှ ပို့တလန်စီမင့် ခေါ် ရိုးရိုးအမျိုးအစားနှင့် Rapid Hardening Portland Cement အမျိုးအစားတို့ကို မြင်းခေါင်းတံဆိပ် အမှတ်အသားဖြင့် ထုတ်လုပ်သည်။ ဘိလပ်မြေ စံချိန်စံညွှန်းမှာ ဗြိတိသျှ စံချိန်စံညွှန်း B.S.S-12 (1904-1940) အတိုင်းဖြစ်သည်။[၂] ထိုစဉ်က ပြည်တွင်း ဘိလပ်မြေ အသုံးနည်းပါးသေးသဖြင့် စက်ရုံထွက် ဘိလပ်မြေများကို မလေးရှားနိုင်ငံသို့ တင်ပို့ရောင်းချ ခဲ့ရသည်ဟုဆိုသည်။

စစ်ပြီးခေတ်တွင် ဘိလပ်မြေစက်ကို ပြန်လည်ပြုပြင်ရာ၌ ၁၉၄၅ ခုနှစ်တွင် အစိုးရ၏ တန်ဖိုးသတ်မှတ်သောအဖွဲ့မှ လာရောက်စိစစ်၍ ဒုတိယကမ္ဘာစစ်ကြောင့် ပျက်စီးမှုများမှာ ငွေကျပ် ၁၃၀၃၄၄၃၉ တန်ဖိုးရှိမည်ဟု ခန့်မှန်းသတ်မှတ်ခဲ့သည်။ ထိုနှစ်မှစ၍ ဘိလပ်မြေ စက်ကို ဘီဓိစီကုမ္ပဏီမှ မွမ်းမံပြင်ဆင်ခဲ့ရာ ငွေကျပ် ၅၁၇၇၁၁၃၀ ကုန်ကျ၍ ၁၉၄၇ ခု နိုဝင်ဘာလ တွင် ပြီးစီးခဲ့သည်ဟုဆိုသည်။

ဘိလပ်မြေစက် မီးသင်းဖိုကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလတွင် စတင်မီးထိုး၍ ဘိလပ်မြေ ထုတ်သုပ်မှုကို ပြန်လည်စတင်နိုင်ခဲ့သော်လည်း ပြည်တွင်းသောင်းကျန်းသူများကြောင့် ကုန် ထုတ်လုပ်မှု၌ အနှောင့်အယှက်များ ဖြစ်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ကေအင်ဒီအိုသောင်းကျန်းသူ များကြောင့်လည်းကောင်း၊ ထိုနှစ် ဇူလိုင်လတွင် ရဲဘော်ဖြူများက စက်ရုံကို သိမ်းပိုက် လိုက်ခြင်းကြောင့်လည်းကောင်း ဘိလပ်မြေ စက်ရုံကုမ္ပဏီမှ အုပ်ချုပ်သူများ စွန့်ခွာခဲ့ရ သည်။ ၁၉၅၀ ပြည့်နှစ် အောက်တိုဘာလတွင် ထိုနယ်မြေဒေသကို အစိုးရ ပြန်လည်သိမ်းပိုက် နိုင်သဖြင့် ၁၉၅၁ ခုနှစ် စက်တင်ဘာလတွင် စက်ပြန်လည် စတင်လည်ပတ်နိုင်ခဲ့သော်လည်း ၁၉၅၄ ခုနှစ်အထိ တိုင်းပြည်၏ အခြေအနေအရုပ်ရုပ်ကြောင့် စက်ရုံမှာ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ခြင်း မရှိခဲ့ချေ။

တွေ့ရှိသမျှ အရောင်းပြေစာများအရသော် ဘားမားစီမင့် ကုမ္ပဏီမှ ၁၉၅၀ ပြည့်နှစ်တွင် ဘိလပ်မြေ ၉၃၂ တန်၊ ၁၉၅၁ ခုနှစ်တွင် ၃၂၂၀ တန်နှင့် ၁၉၅၂ ခုနှစ်တွင် ၃၅၇၉၁ တန် ထုတ်လုပ်ရောင်းချခဲ့သည်။[၁]

၁။ ဘိလပ်မြေစက်ရုံအမှတ် (၁) သရက် စက်မှုလုပ်ငန်းသမိုင်း၊ စာ ၆၄-၆၅

၂။ K. T. A : *Project Report on the Portland Cement Project*, 29-6-1953, p. 11

စစ်ပြီးခေတ်တွင် နိုင်ငံတွင်း ဘိလပ်မြေလိုအပ်ချက် ပမာဏ နှစ်စဉ်တိုးတက် များပြားလာသည်။ စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးသွားသော တိုက်တာအိမ်ခြေများ၊ တိုးပွားလာသော လူဦးရေအတွက် နေအိမ်များ၊ ကျောင်း၊ ရုံး၊ ဆေးရုံ၊ လမ်းပန်း၊ တံတား၊ တာတမံများ၊ စေတီပုထိုး၊ သိမ်၊ ကျောင်းဇရပ် စသည့်ဆောက်လုပ်ရေး လုပ်ငန်းများအတွက် ဘိလပ်မြေ လိုသည်။ ထို့ပြင် ပြည်တော်သာစီမံကိန်းက ချမှတ်သော အစိုးရစက်ရုံ အလုပ်ရုံများ၊ ပုဂ္ဂလိက စက်ရုံအလုပ်ရုံများ ဆောက်လုပ်ရေးအတွက်လည်း ဘိလပ်မြေသည် မရှိမဖြစ် လိုအပ်သော အဓိက ပစ္စည်းဖြစ်နေပေသည်။ ပြည်တော်သာစီမံကိန်း ရှစ်နှစ်အတွင်း အိမ်ပေါင်း ၂၄၀၀၀၀ လိုအပ်မည်ဟု ခန့်မှန်းရာ လုပ်ငန်းတစ်ခုအတွက် ဘိလပ်မြေတန်ဝက်များသုံးလျှင်ပင် လုပ်ငန်း အသီးသီးအတွက် ဘိလပ်မြေတန်ပေါင်း ၁၂၀၀၀၀ လိုမည်ဖြစ်သည်။[၁]

ပြည်တွင်းဘိလပ်မြေ လိုအပ်ချက်ကို ဖြည့်ဆည်းရန် ပြည်ပမှ မှာယူတင်သွင်းရသည်။ ၁၉၄၆ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ ပြည်ပမှ ဘိလပ်မြေဝယ်ယူမှု၊ ပြည်တွင်းအသုံးပြုမှုနှင့် ဝယ်ယူရသောဈေးနှုန်းမှာ အောက်ပါအတိုင်းဖြစ်သည်။[၂]

ခုနှစ်	အသွင်း	အသုံး	ဝယ်ယူရသောဈေးနှုန်း ကျပ်/ တန်ရှည်
၁၉၄၆	၇၆၀၁	၇၆၀၁	၁၀၀·၅၀
၁၉၄၇	၂၅၂၈၆	၂၅၂၈၆	၁၀၃·၀၀
၁၉၄၈	၄၀၈၁၂	၄၀၈၁၂	၁၁၀·၀၀
၁၉၄၉	၁၂၉၂၉	၁၂၉၂၉	၁၃၆·၅၀
၁၉၅၀	၂၀၁၁၈	၂၀၁၁၈	၁၁၈·၀၀
၁၉၅၁	၅၀၉၁၂	၅၀၉၁၂	၁၂၁·၂၀
၁၉၅၂	၃၅၁၀၀	၆၆၉၈၉	၁၄၂·၉၀

ဘိလပ်မြေသုံးစွဲမှုနှင့် ပြည်ပမှဝယ်ယူရမှု နှစ်စဉ်တိုးတက်များပြားလာသကဲ့သို့ ဝယ်ယူရသောဘိလပ်မြေတစ်တန်ဈေးနှုန်းသည်လည်း ကြီးမြင့်လာသည်။ ၁၉၄၆ ခုနှစ်တွင် ဘိလပ်မြေ တစ်တန်ကို ကျပ် ၁၀၀ သာ ပေးရသော်လည်း ၁၉၅၂ ခုနှစ်တွင် ၁၄၃ ကျပ်ခန့်ပေးရသည်။ ဘားမားစီမင့်ကုမ္ပဏီမှ ထုတ်လုပ်မှုသည် ပြည်တွင်းလိုအပ်ချက်ကို မဖြည့်ဆည်းနိုင်ချေ။ ထို့ထက် ကိုလိုနီခေတ်ကပင် တည်ဆောက်ခဲ့သော စက်မှာ ဟောင်း၍ စွမ်းအားကျဆင်းနေသည်။

၁။ *Portland Cement Project*, p. 12

၂။ *Portland Cement Project*, p. 11.

နိုင်ငံခြားသားအချင်းရှင်များဖြစ်၍ စက်သစ်တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းတို့ကို အရင်းအနှီးကုန်ကျမည်ဖြစ်သဖြင့် ထိထိရောက်ရောက်လုပ်ဆောင်ခြင်းမရှိချေ။ စက်သုံးဆီဖြစ်သော သဘာဝဓာတ်ငွေ့တူးဖော်ချိန်မှုကလည်း ရှေးကထက်နည်းပါးလာသဖြင့် စက်သုံးဆီ အခက်အခဲလည်း ရှိလေသည်။

ပြည်တော်သာဒီမံကိန်း စက်မှုလက်မှုကဏ္ဍမှ ချမှတ်သော စက်ရုံအလုပ်ရုံများ အပါအဝင် အရပ်ရပ်ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုအထိ ဆယ်နှစ်တာကာလအတွင်း အကြမ်းဖျင်းခန့်မှန်းခြေအားဖြင့် ဘိလပ်မြေ အောက်ပါအတိုင်းလိုအပ်သည်။[၁]

ခုနှစ်	လိုအပ်ချက် (ခန့်မှန်းခြေ တန်ရှည်)
၁၉၅၃	.... ၆၀၀၀၀
၁၉၅၄	.... ၇၅၀၀၀
၁၉၅၅	.... ၈၅၀၀၀
၁၉၅၆	.... ၉၅၀၀၀
၁၉၅၇	.... ၁၀၅၀၀၀
၁၉၅၈	.... ၁၁၀၀၀၀
၁၉၅၉	.... ၁၁၅၀၀၀
၁၉၆၀	.... ၁၂၀၀၀၀
၁၉၆၁	.... ၁၂၅၀၀၀
၁၉၆၂	.... ၁၃၀၀၀၀

ထိုလိုအပ်သမျှသော ဘိလပ်မြေများကို ပြည်ပမှဝယ်ယူရန် ၁၀ နှစ်အတွင်း ကျပ် ၆၁၂၀၄၀၀၀ နှင့်ညီမျှသော နိုင်ငံခြားသုံးငွေလိုလေသည်။ လက်ရှိသရက်ဘိလပ်မြေစက်ရုံကို ပြုပြင်တိုးချဲ့လျှင် နိုင်ငံခြားငွေ ၄၄၈၅၀၀ သို့မဟုတ် ငွေကျပ် ၁၇၄၄၀၀၀၀ အနည်းဆုံးလိုသည်။ ပြည်တော်သာစီးပွားရေးတိုးတက်မှု စီမံကိန်းမူဝါဒတွင် ပြည်တွင်း၌ ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းများကို ပြည်ပမှ တတ်နိုင်သမျှဝယ်ယူ တင်သွင်းခြင်း မပြုရန် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဘိလပ်မြေလိုအပ်ချက်ကို ပြည်တွင်းမှပင် တတ်နိုင်သမျှဖြည့်ဆည်းနိုင်ရန် ဘားမားစီမင့်ကုမ္ပဏီပိုင် ဘိလပ်မြေစက်ရုံကို ပြည်သူပိုင်ပြုလုပ်လိုက်သည်။

[၁] *Portland Cement Project*, p. 12

ဘိလပ်မြေစက်ရုံကို ၁၉၅၄ ခုနှစ် မြန်မာနိုင်ငံတော် အက်ဥပဒေအမှတ် ၁၈ အရ ၁၉၅၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံပိုင်သိမ်းယူခဲ့၍ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၃ ဦးပါဝင်သော ဘိလပ်မြေလုပ်ငန်းအဖွဲ့ Cement Industry Board ကို ဖွဲ့စည်းပေးလျက် ဘိလပ်မြေစက်ရုံလုပ်ငန်းကို အုပ်ချုပ်စီမံဆောင်ရွက်စေခဲ့သည်။ ထိုအဖွဲ့ကပင် ရန်ကုန်မြို့ရုံးဖွင့်၍ ဘိလပ်မြေစက်ရုံလုပ်ငန်းများကို ၁၉၅၈-၅၉ ခုနှစ်အထိ စီမံအုပ်ချုပ်သည်။ အဆိုပါအဖွဲ့ကို စက်မှုလက်မှုဝန်ကြီးဌာန၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ထားရှိခဲ့ပြီးနောက် စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း၏ စီမံအုပ်ချုပ်မှုအောက်သို့ ၁၉၅၉ ခုနှစ်တွင် လွှဲပြောင်းပေးခဲ့သည်။ စက်ရုံကို နိုင်ငံပိုင်ပြုလုပ်ခဲ့သည့်အတွက် ဘီစီစီကုမ္ပဏီသို့ လျော်ကြေးငွေပေါင်းကျပ် ၅၇၃၄၂၇၇.၃၂ ကို နိုင်ငံတော်အစိုးရက ပေးချေခဲ့ရသည်။

ဘားမားစီမင့်ကုမ္ပဏီပိုင် သရက်ဘိလပ်မြေစက်ရုံကို ပြည်သူပိုင် ပြုလုပ်လိုက်ပြီးနောက် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို တတ်နိုင်သမျှဖြည့်ဆည်းနိုင်ရန် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းသည် သရက်ဘိလပ်မြေစက်ရုံတိုးချဲ့ရေး စီမံကိန်းကို ရေးဆွဲ၍ အကောင်အထည်ဖော်ရန်ပိုင်းပြင်းသည်။ အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ အတိုင်ပင်ခံ အင်ဂျင်နီယာများ ဖြစ်သော ကောဘီအေအဖွဲ့၏ အစီရင်ခံစာတွင်လည်း သရက်ဘိလပ်မြေ စက်ရုံကို တိုးချဲ့ရန် သို့မဟုတ် ဘိလပ်မြေစက်ရုံသစ်တည်ရန် ထောက်ခံထားသည်။

ထို့ကြောင့် စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် ဘိလပ်မြေစက်ရုံတိုးချဲ့ရေးအတွက် ပထမစက်ပုံမှန်လည်ပတ်ထုတ်လုပ်နိုင်သော ၁၉၅၄ ခုနှစ်မှစ၍ကြိုတင်ပြင်ဆင်သည်။ ၁၉၅၄ ခု နိုဝင်ဘာလတွင် စီမံကိန်းအကောင်အထည်ဖော်ရေး ကော်မတီကို ဖွဲ့စည်းကာ တာဝန်ပေးအပ်သည်။ အမြည်ပြည်ဆိုင်ရာ တင်ဒါများခေါ် ယူပြီးနောက် ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ D.I.A Invest Export ကုမ္ပဏီ၏ တင်ဒါကိုရွေးချယ်ကာ အဆိုပါကုမ္ပဏီနှင့် ကုန်စည်ဖလှယ်ရေးစနစ် (Barter Credit) အရ ၁၉၅၆ ခုနှစ် စက်တင်ဘာလတွင် စာချုပ်ချုပ်ဆိုခဲ့သည်။

ဘိလပ်မြေစက်ပစ္စည်းကိရိယာများ တပ်ဆင်တည်ဆောက်ခြင်း၊ လျှပ်စစ် စက်ပစ္စည်းကိရိယာများတပ်ဆင်တည်ဆောက်ခြင်း စသော ကျွမ်းကျင်မှုအကူအညီပေးရေး လုပ်ငန်းများကိုပါ အဆိုပါ D.I.A ကုမ္ပဏီမှ ငွေးရမ်းဆောင်ရွက်ရန် စာချုပ်တွင် ထည့်သွင်းချုပ်ဆိုခဲ့ပြီးလျှင် မြို့ပြအင်ဂျင်နီယာအဆောက်အအုံများ ပုံစံထုတ်လုပ်ရေးနှင့် ပုံစံရေးဆွဲခြင်းအတွက်

၁။ ဘိလပ်မြေစက်ရုံအမှတ် (၁) စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁-၃

လည်း ရင်းကုမ္ပဏီမှပင် တာဝန်ယူငှားရမ်းဆောင်ရွက်ရန် ၁၉၅၇ ခုနှစ် နိုဝင်ဘာလတွင် စာချုပ်ချုပ်ဆိုခဲ့သည်။ D.I.A ကုမ္ပဏီနှင့် ချုပ်ဆိုခဲ့သော စာချုပ်များအရ စက်ပစ္စည်း ကိရိယာများပေးသွင်းခြင်း၊ စက်မှုနှင့်လျှပ်စစ်ပိုင်းဆိုင်ရာ စက်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်းများအတွက် ကျွမ်းကျင်သူများငှားရမ်းခြင်း၊ စက်ရုံနှင့် အဆောက်အအုံပုံစံများ ရေးဆွဲခြင်း အရပ်ရပ်တို့ကို ဆောင်ရွက်ခဲ့သည်။ စက်ပစ္စည်းကိရိယာများအတွက် ဆိပ်ကမ်းရောက် တန်ဖိုးများမှာ ပေါင်စတာလင် ၆၅၃၉၈၃·၀၀၊ ကျွမ်းကျင်သူများငှားရမ်းလုပ်ကိုင်ခြင်းအတွက် ပေါင်စတာလင် ၈၁၆၀·၀၀၊ စက်ရုံအဆောက်အအုံပုံစံများရေးဆွဲခြင်းအတွက် ပေါင်စတာလင် ၁၈၀၀၀·၀၀ အသီးသီးဖြစ်၍ စုစုပေါင်း ပေါင်စတာလင် ၆၈၀၁၄၃·၀၀ ရင်းနှီးမြှုပ်နှံခဲ့ရသည်။[၁]

ဘီလပ်မြေစက် တိုးချဲ့လုပ်ကိုင်လာသည်နှင့်အမျှ ထုံးကျောက် တူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းကိုပါ တိုးချဲ့ ဆောင်ရွက်ရန် လိုအပ်လာသည်။ စက်ရုံတိုးချဲ့မှု လုပ်ငန်းများတွင် ထုံးကျောက်တောင်မှ ထုံးကျောက်များကို မီးရထားတွဲများဖြင့် တောင်ခြေမှ စက်ရုံသို့ သယ်ပို့နေခဲ့ရာမှ တစ်နေ့လျှင် ထုံးကျောက်တန်ချိန် ၁၀၀၀ အထိ သယ်ပို့နိုင်သည့် ကောင်းကင်ကြိုးလမ်း Aerial Rope Way စနစ်ဖြင့် သယ်ပို့နိုင်ရန် လိုအပ်သော စက်ပစ္စည်း ကိရိယာများ ဝယ်ယူရေးအတွက် ၁၉၅၇ ခုနှစ် နိုဝင်ဘာလတွင် ချက်ကိုစလိုဗေးကီးယားနိုင်ငံ Technoexport ကုမ္ပဏီ၏ တင်ဒါကို ရွေးချယ်သည်။ ဆိပ်ကမ်းရောက် တန်ဖိုး ပေါင်စတာလင် ၁၆၃၄၃၅·၀၀ ရှိသော စက်ပစ္စည်းများကို ဝယ်ယူ ရင်းနှီး မြှုပ်နှံသည်။

ထုံးကျောက်တောင်မှ ထုံးကျောက် တူးဖော်ခြင်း လုပ်ငန်းတွင် တူးဖော် ထုတ်လုပ်ပြီးသော ထုံးကျောက်များကို စက်ရုံသို့ ရောက်ရှိမှ ကြိတ်ခွဲခဲ့သည်။ စက်ရုံ တိုးချဲ့မှုအတွက် နေ့စဉ် ထုံးကျောက် တန်ချိန် ပိုမိုလိုအပ်လာသဖြင့် စက်ရုံအတွင်းရှိ မူလကျောက်ခွဲစက်ဃယ်ဖြင့် ကြိတ်ခွဲရန် မလုံလောက်တော့ချေ။ ကျောက်ခွဲစက် တစ်လုံးကို ထုံးကျောက်တောင်ဦးပင် တည်ဆောက် ကြိတ်ခွဲရန် စက်ရုံ တိုးချဲ့စက်ပစ္စည်းများ မှာယူစဉ်ကပင် ထည့်သွင်းစီမံ ဆောင်ရွက်ခဲ့သည်။ လိုအပ်သော စက်ပစ္စည်း ကိရိယာများဖြစ်သည့် Dumper ကား ၅ စီး၊ Excavator ၃ စီး၊ Wagon Drill ၂ ခု၊ Compressor ၂ ခုနှင့် ကျောက်ခွဲစက် တည်ဆောက်ခြင်းအတွက် လိုအပ်သော Quarry Machanization အပါ အဝင် စုစုပေါင်း ပေါင်စတာလင် ၁၆၅၀၀၀·၀၀ ကုန်ကျခံ၍ ဝယ်ယူ တပ်ဆင်သည်။[၂]

စက်ရုံ တိုးချဲ့လုပ်ငန်းအတွက် စက်ပစ္စည်း ကိရိယာများ ဝယ်ယူတပ်ဆင်မှုနှင့်အတူ လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများလည်း ဝယ်ယူသည်။ လျှပ်စစ်ဓာတ်အား ရရှိရန် လျှပ်စစ်ဓာတ်အား

၁။ ဘီလပ်မြေစက်ရုံ အမှတ် (၁) သရက် စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၇

၂။ ဘီလပ်မြေစက်ရုံ အမှတ် (၁) သရက် စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၈

ပေးစက် ၃ လုံးနှင့် စက်ပစ္စည်း ကိရိယာများကို ၁၉၅၈ ခုနှစ် ဩဂုတ်လတွင် အင်္ဂလန်နိုင်ငံ National Oil Engine Export ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို ဝယ်ယူသည်။ လျှပ်စစ်ဓာတ်အားစက်များ၊ လျှပ်စစ်ကိရိယာများနှင့် လျှပ်စစ်ဓာတ်အားပေးစက်များအတွက် အသုံးပြုသောဆီများ သိုလှောင်ရန် ဆီသိုလှောင်ကန် ပစ္စည်းများ အပါအဝင် ဆိပ်ကမ်းအရောက် စုစုပေါင်း တန်ဖိုးမှာ ပေါင်စတာလင် ၁၉၀၁၂၅·၀၀ ကုန်ကျသည်။ သို့ဖြစ်ရာ ဘိလပ်မြေစက်ရုံ တိုးချဲ့မှုလုပ်ငန်း တစ်ခုလုံးအတွက် ကျွမ်းကျင်မှု အကူအညီ ငှားရမ်းခြင်း၊ ကျောက်ခွဲစက် တည်ဆောက်ခြင်း၊ ကောင်းကင်ကြိုးလမ်း တပ်ဆင်ခြင်း၊ စက်ပစ္စည်း ကိရိယာများ ဝယ်ယူခြင်း စသည်တို့အတွက် စုစုပေါင်း နိုင်ငံခြားငွေ ကုန်ကျမှုမှာ စတာလင်ပေါင် ၁၁၉၈၆၃·၀၀ ဖြစ်သည်။

ဘိလပ်မြေစက် တိုးချဲ့မှု ပဏာမ လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် အသုံးစရိတ်ငွေ ကျပ် ၂၇ သိန်း၊ မြေယာများ သိမ်းယူ၍ အဆောက်အအုံ ဆောက်လုပ်ခြင်း လုပ်ငန်းများအတွက် အသုံးစရိတ်ငွေ ကျပ် ၇၁·၂၅ သိန်းနှင့် စက်ပစ္စည်း ကိရိယာများ ဝယ်ယူခြင်း လုပ်ငန်းများအတွက် အသုံးစရိတ်ငွေ ကျပ် ၂၂၃·၇၅ သိန်း ကုန်ကျရာ စုစုပေါင်း ရင်းနှီးမြှုပ်နှံငွေ ကျပ် ၃၂၂ သိန်းဖြစ်သည်။[၁]

စတလကာ၏ ၁၉၅၄ ခုနှစ်တွင် စတင်ခဲ့သော သရက်ဘိလပ်မြေစက်ရုံ တိုးချဲ့ရေး စီမံကိန်းသည် ၁၉၆၂ ခု ဖေဖော်ဝါရီလတွင် ပြီးစီးသည်။ ထိုနှစ် ဩဂုတ်လမှစ၍ တစ်နေ့လျှင် ဘိလပ်မြေတန် ၄၀၀ ကျ ထုတ်လုပ်သည်။ မူလစက်ဟောင်း၏ တစ်နေ့တန် ၂၀၀ ကျ စွမ်းအားနှင့်သော် သရက် ဘိလပ်မြေစက်ရုံသည် ၁၉၆၂ ခုနှစ်မှစ၍ တစ်နေ့လျှင် တန် ၆၀၀ ကျ ထုတ်လုပ်နိုင်လေသည်။

သရက် ဘိလပ်မြေ စက်ရုံသည် ပို့တလန်စီမင့်ခေါ် ရိုးရိုး ဘိလပ်မြေ အမျိုးအစားကိုသာ ထုတ်လုပ်သည်။ ဒုတိယ ကမ္ဘာစစ် အပြီးတွင် ဘိလပ်မြေ ထုတ်လုပ်နည်းစနစ်များ တိုးတက်ပြောင်းလဲ၍ ထုံးမှုန့်နည်းစဉ်(Semi Dry Process) ကို အသုံးပြုသော မီးသင်းဖိုများ ပေါ်လာသည်။ ၁၉၅၃ ခုနှစ်တွင် ထုံးမှုန့်နည်းစဉ် (Air Suspension Pre Heating Dry Process) ထပ်မံ ပေါ်ပေါက်လာသည်။ ထုံးမှုန့် နည်းစဉ်သည် Fuel လိုအပ်ချက် သက်သာသည့်အပြင် စက်စွမ်းအား ကြီးမားသဖြင့် ကမ္ဘာအနှံ့အပြားတွင် ထိုစနစ်ကို သုံးသော စက်များ တည်ဆောက်လာကြသည်။ မြန်မာနိုင်ငံတွင်မူ သရက်ရှိ ပထမ ဘိလပ်မြေစက်ဟောင်းသည် ရှေးကျသော ထုံးနှစ်နည်းစဉ် (Wet Process) ကို အသုံးပြုသည်။

၁။ ဘိလပ်မြေစက်ရုံ အမှတ် (၁) သရက် စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၉-၃၀

၁၉၅၄ ခုနှစ်တွင် စက်ရုံတိုးချဲ့ တည်ဆောက်သော အခါလည်း ရေမြေသဘာဝ၊ ရာသီဥတု၊ ကုန်ကြမ်းအခြေအနေတို့နှင့် ပိုမိုသင့်လျော်သော ထုံးနှစ်နည်းစဉ်ကိုပင် ဆက်လက် အသုံးပြု တည်ဆောက်ခဲ့သည်။ ထုတ်လုပ်သော ဘိလပ်မြေ စံချိန်စံညွှန်းမှာ ပထမစက်ဟောင်းအတွက် B.S.S.12 (1904-1940) ဖြစ်၏။ နောက်ပိုင်း စံချိန်စံညွှန်း သတ်မှတ်ချက်မှာ B.S.S. 12 (1958) ဖြစ်သည်။[၁]

သရက် ဘိလပ်မြေစက်ရုံတွင် ထုံးနှစ်နည်းစဉ်ကို အသုံးပြုသဖြင့် ထုံးကျောက်ကုန်ကြမ်းကို အမှုန့်ကြိတ်၍ ထုံးနှစ်ရည် Slurry အဖြစ် ရေနှင့် ရောရသည်။ ထိုထုံးနှစ်ရည်ကို မီးသင်းဖိုတွင် အပူပေးခြင်းဖြင့် မီးသင်းကျောက် Clinker ရရှိသည်။ မီးသင်းကျောက်သည် ဘိလပ်မြေ ကုန်ချောပစ္စည်း ထုတ်လုပ်မှု၏ Semi Product ဖြစ်သည်။ ထို့ကြောင့် ဘိလပ်မြေစက်ရုံ တိုးချဲ့တည်ဆောက်ရာတွင် ထုံးကျောက် တူးဖော် ထုတ်လုပ်ခြင်း လုပ်ငန်းကိုပါ တိုးချဲ့ လုပ်ကိုင်ခဲ့သည်။ စတလက လက်အောက်တွင် ဘိလပ်မြေလုပ်ငန်း အခြေကျ၍ စတင် ထုတ်လုပ်နိုင်သည့် ၁၉၅၄ ခုနှစ်မှ ပထမ တိုးချဲ့စက်ရုံ ပြီးစီးသည့် ၁၉၆၂ ခုနှစ်အထိ နှစ်ခဉ် ကုန်ထုတ်လုပ်မှုမှာ အောက်ပါအတိုင်း ဖြစ်သည်။[၂]

ခုနှစ်		ထုတ်လုပ်သည့် မီးသင်းကျောက် (တန်)	ထုတ်လုပ်ခဲ့သည့် ဘိလပ်မြေ (တန်)
၁၉၅၃ - ၅၄	....	....	၆၆၀၀
၁၉၅၄ - ၅၅	....	၅၇၀၇၃	၅၅၇၀၀
၁၉၅၅ - ၅၆	....	၄၆၇၃၇	၄၉၉၀၀
၁၉၅၆ - ၅၇	....	၃၂၁၃၅	၃၅၄၀၁
၁၉၅၇ - ၅၈	....	၂၉၁၈၅	၂၇၄၀၀
၁၉၅၈ - ၅၉	....	၃၄၀၇၅	၃၆၄၀၀
၁၉၅၉ - ၆၀	....	၄၄၇၃၄	၄၁၆၀၀
၁၉၆၀ - ၆၁	....	၄၄၄၃၃	၄၀၅၀၀
၁၉၆၁ - ၆၂	....	၄၁၀၇၃	၃၂၈၀၀
၁၉၆၂ - ၆၃	....	၃၉၀၉၁	၄၆၇၂၆

ဘိလပ်မြေ ထုတ်လုပ်ရာ၌ ရွှံ့စေး၊ သဲ၊ သံကျောက်နှင့်ထုံးကျောက်တို့သည် မီးသင်းကျောက် (Clinker) ထုတ်လုပ်မှုအတွက် မူလကုန်ကြမ်းများ ဖြစ်သည်။ မီးသင်းကျောက်ကို

၁။ ဘိလပ်မြေစက်ရုံ အမှတ် (၁) သရက်စက်မှုလုပ်ငန်းသမိုင်း။ စာ ၆၃-၆၅

၂။ ဘိလပ်မြေစက်ရုံ အမှတ် (၁) သရက်စက်မှုလုပ်ငန်းသမိုင်း။ စာ ၁၁

စက်မှုတွင်းထွက် ကုန်ကြမ်းဖြစ်သော ဂေါ်ဒန်ကျောက်နှင့် ရောစပ်၍ အမှုန့်ကြိတ်စက်များတွင် ကြိတ်ခွဲမှသာ ဘိလပ်မြေကို ရရှိသည်။ ဂေါ်ဒန်ကျောက်သည် ဘိလပ်မြေ ထုတ်လုပ်ရာတွင် မရှိမဖြစ်သော တွဲဖက်ကုန်ကြမ်းဖြစ်သည်။ ဂေါ်ဒန်ကျောက်သည် ထုံးကျောက်ကဲ့သို့ နယ်မြေအနှံ့တွင် တွေ့ရသော သတ္တုသိုက်မျိုး မဟုတ်ချေ။ ပခုက္ကူမြို့နယ်၊ မကွေးမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ မင်းဘူး - စကုမြို့နယ်များနှင့် ရှမ်းပြည် သီပေါမြို့နယ်များတွင် ဂေါ်ဒန်ကျောက်သိုက်များရှိသည်။

သရက် ဘိလပ်မြေ စက်ရုံသည် မကွေး၊ မင်းဘူး၊ ရေနံချောင်းမြို့နယ်များမှ ထွက်သော ဂေါ်ဒန်ကျောက်များဖြင့် ဘိလပ်မြေ ထုတ်လုပ်ခဲ့သည်။ ဂေါ်ဒန်ကျောက်သိုက် ပမာဏ နည်းပါးသည့်အပြင် ထုတ်လုပ်ရ ခက်ခဲသည်။ ပြည်တွင်း ဘိလပ်မြေ လိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းနိုင်ရန် စက်ရုံ တိုးချဲ့လျက် တိုးမြှင့် ထုတ်လုပ်ရမည် ဖြစ်သဖြင့် ၁၉၅၅ ခုနှစ်တွင် သီပေါနယ်တွင် ဂေါ်ဒန်ကျောက်စိန်လွန်တွင်း ၂၇ တွင်း၊ ၁၉၆၂ ခုနှစ်တွင် စိန်လွန်တွင်း ၁၇ တွင်း တူးခဲ့သည်။[၁]

[၂] ပြည်သူပိုင် ဖြစ်လာသော သရက် ဘိလပ်မြေ စက်ရုံသည် စတာလကာ၏ ကြီးကြပ်မှုအောက်တွင် ၁၉၅၄ ခုနှစ်မှစ၍ နှစ်စဉ် ကုန်ထုတ်လုပ်မှု တိုးတက်လာသည်။ တိုးချဲ့ တည်ဆောက်သော စက်ရုံသည် တစ်နေ့တန် ၄၀၀ ကျ ထုတ်လုပ်စွမ်းအား ရှိသော်လည်း ၁၉၆၂ ခုနှစ်တွင်မှ စတင် ကုန်ထုတ်လုပ်နိုင်သဖြင့် ပြည်တော်သာ စီမံကိန်း ကာလအတွင်း နိုင်ငံတော်၏ ဘိလပ်မြေ လိုအပ်ချက်ကို မူလစက် တစ်လုံးတည်းကပင် ဖြည့်ဆည်းပေးရရာ ပြည့်စုံ လုံလောက်မှု မရှိချေ။ အစိုးရ ဌာန အသီးသီးမှ လိုအပ်ချက်များ၊ ပြည်တော်သာ စက်ရုံအလုပ်ရုံများ ဆောက်လုပ်ရေးအတွက် လိုအပ်ချက်များ၊ တိုက်တာအိမ်ခြေ၊ လမ်းပန်း၊ တံတား၊ ကျောင်း၊ ရုံးစသော ဆောက်လုပ်ရေး လုပ်ငန်း အရပ်ရပ်အတွက် လိုအပ်ချက်များကို ပြည်ပမှ မှာယူတင်သွင်းသော ဘိလပ်မြေများဖြင့် ဖြည့်ဆည်းရပေသည်။ ၁၉၅၂ ခုနှစ်မှစ၍ ပြည်ပမှ ဘိလပ်မြေ ဝယ်ယူတင်သွင်းခဲ့ရသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ခုနှစ်		တန်ချိန်	တန်ဖိုး(ကျပ်)
၁၉၅၂	....	၂၆၀၀၀	၄၁၉၀၀၀၀
၁၉၅၃	....	၄၆၀၀၀	၆၂၂၇၀၀၀

၁။ ဘိလပ်မြေစက်ရုံ အမှတ် (၁) သရက်စက်မှုလုပ်ငန်းသမိုင်း၊ စာ ၅၈-၅၉

၂ ။ ဘိလပ်မြေစက်ရုံ အမှတ် (၁) သရက်စက်မှုလုပ်ငန်းသမိုင်း၊ စာ ၉

ခုနှစ်		တန်ချိန်	တန်ဖိုး(ကျပ်)
၁၉၅၄	....	၅၀၀၀၀	၆၁၂၇၀၀၀
၁၉၅၅	....	၇၂၀၀၀	၈၅၆၈၀၀၀
၁၉၅၆	....	၈၉၀၀၀	၁၁၇၁၇၀၀၀
၁၉၅၇	....	၇၃၀၀၀	၉၀၇၆၀၀၀
၁၉၅၈	....	၁၁၄၀၀၀	၁၂၇၈၇၀၀၀
၁၉၅၉	....	၉၈၀၀၀	၉၄၆၈၀၀၀
၁၉၆၀	....	၉၈၀၀၀	၇၈၆၀၀၀၀
၁၉၆၁	....	၉၉၀၀၀	၈၆၄၀၀၀၀
၁၉၆၂	....	၁၂၈၀၀၀	၁၀၉၁၂၀၀၀
၁၉၆၃	....	၃၈၀၀၀	၄၃၆၁၀၀၀

၁၉၅၄ ခုနှစ်တွင် ဘိလပ်မြေစက်များ ပုံမှန်ထုတ်လုပ်မှု စတင်နိုင်ခဲ့သည့် ကာလမှစ၍ ဘိလပ်မြေ ဖြန့်ဖြူးရောင်းချမှု လုပ်ငန်းမှာလည်း ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ စတင်ဖြန့်ဖြူးသည့်အခါတွင် ၁၉၅၄ ခုနှစ် မတိုင်မီ ဘီစီစီကုမ္ပဏီ အနေဖြင့် မြန်မာပြည် အရပ်ရပ်ရှိ ဘိလပ်မြေ အရောင်းကိုယ်စားလှယ်များ ခန့်အပ်၍ အကြေးစနစ်ဖြင့် ပုဂ္ဂလိက များသို့ ရောင်းချစေပြီး ကုမ္ပဏီမှ ကိုယ်စားလှယ်များသို့ ဘိလပ်မြေ ရောင်းချရသည့်တန်ချိန် အပေါ်မူတည်၍ ကော်မရှင်ကြေး ပေးရသည်။ ပြည်သူသုံးအတွက် အရောင်းကိုယ်စားလှယ် များထံမှ ဝယ်ယူရသော်လည်း တန်ချိန်များစွာ လိုအပ်သော အစိုးရဌာနများအတွက်မူ စက်ရုံမှ တိုက်ရိုက် ဖြန့်ဖြူး ရောင်းချခဲ့သည်။ ၁၉၆၂ ခုနှစ် တိုးချဲ့စက်သစ် လည်ပတ်ချိန်တွင် ထွက်ရှိလာသော ဘိလပ်မြေများကို ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့မှစ၍ ပြည်သူ့ ပစ္စည်း ကော်ပိုရေးရှင်းမှတစ်ဆင့် ပြည်သူများထံသို့ ဖြန့်ဖြူး ပေးခဲ့ရပြီး အစိုးရ ဌာနများသို့ စက်ရုံမှပင် ဆက်လက် ဖြန့်ဖြူးခဲ့သည်။

သရက် ဘိလပ်မြေစက်ရုံမှ ထုတ်သော ဘိလပ်မြေများကို ဘားမားစီမင့် ကုမ္ပဏီ လက်ထက်က မြင်းခေါင်းတံဆိပ် အမှတ်အသားဖြင့် ထုတ်လုပ်ရောင်းချသည်။ မြင်းခေါင်း တံဆိပ် Horse Head Brand တံဆိပ် ရိုက်နှိပ်ထားသော အိတ်ခွံများကို ပြည်ပ မှဝယ်ယူသည်။ စက်ရုံကို ပြည်သူပိုင် ပြုလုပ်ပြီးသည့်နောက်ပိုင်းတွင်လည်း မြင်းခေါင်းတံဆိပ် အမှတ်အသားဖြင့်ပင် ဆက်လက်ထုတ်လုပ်သည်။ မြင်းခေါင်းတံဆိပ် ရိုက်နှိပ်ထားသော အိတ် ခွံများကို ရွေးကောက်သို့ပင် ပြည်ပမှ ဝယ်ယူရသည်။ အိတ်ခွံတွင် မြန်မာပြည်မှာ ပြုလုပ်သည်ဟု လည်း စာတန်းထိုးထားသည်။ ဘိလပ်မြေ အိတ်ခွံများကို ဖင်လန်နိုင်ငံ Benese Co- မှ

ဝယ်ယူသည်။ ဂျပန်နိုင်ငံသို့ တင်ပို့ရောင်းချသဖြင့် အိတ်ခွံတွင် ဂျပန်စာလုံးများလည်း ရိုက်ထားသည်။ Benese Co. မှဝယ်ယူ သုံးစွဲသော အိတ်ခွံများမှာ ဘိလပ်မြေတန်ရှည် တင်တန်လျှင် ၂၄ အိတ်နှုန်း သတ်မှတ်ထားသည်။ ၁၉၆၂ ခုနှစ်အထိ Benese Co. မှ ချုပ်ပြီး အိတ်ခွံများ ဝယ်ယူ၍ နောက်ပိုင်းတွင် ချက်ကိုစလိုဗေးကီးယား နိုင်ငံမှ အထပ် ၅ ထပ်ရှိသော အိတ်ခွံများကို ဝယ်ယူ အသုံးပြုသည်။[1]

မြန်လည်ထူထောင်ရေးကာလတွင် ပြည်သူပိုင် ဘိလပ်မြေစက်ရုံကို ပြုပြင် တိုးချဲ့ တည်ဆောက်၍ ကုန်ထုတ်လုပ်မှု အရှိန်အဟုန် တိုးမြှင့်စေခဲ့သော်လည်း စက်မှုလက်မှုလုပ်ငန်း ကြီးငယ်များ အပါအဝင် ဆောက်လုပ်ရေး လုပ်ငန်း အရပ်ရပ်တို့အတွက် ဘိလပ်မြေ လုံလောက်မှု မရှိချေ။ ပြည်ပမှ နှစ်စဉ် ဝယ်ယူတင်သွင်းရပေသည်။ ထို့ကြောင့် စက်မှုလက်မှု ဝန်ကြီးဌာနသည် သရက် ဘိလပ်မြေ စက်ရုံ ပထမ တိုးချဲ့စီမံကိန်း ပြီးစီး၍ ကုန်ထုတ်လုပ်မှု စတင်သော ၁၉၆၂ ခုနှစ်တွင်ပင် ဒုတိယ တိုးချဲ့ စီမံကိန်းကို စတင်ဆောင်ရွက်ရန် စက်မှု လက်မှု တိုးချဲ့ လုပ်ကိုင်ရေး ကော်ပိုရေးရှင်းကို တာဝန်ပေးခဲ့သည်။

မူလ စတင် တည်ဆောက် ပြီးစီးခဲ့သည့် ဘားမားစီမင့် ကုမ္ပဏီပိုင် ဘိလပ်မြေစက်ရုံတွင် စုစုပေါင်း ဝန်ထမ်း ၅၈၃ ဦးရှိသည်။ အုပ်ချုပ်သူ အရာထမ်း ၃၇ ဦး၊ ကျွမ်းကျင်ဝန်ထမ်း ၁၂၆ ဦးနှင့် အလုပ်သမား စုစုပေါင်းမှာ ၄၂၀ ဖြစ်၏။ ပြည်သူပိုင် ဘိလပ်မြေ စက်ရုံတွင် စက်ရုံတိုးချဲ့လုပ်ငန်း များပြားလာရာ ဝန်ထမ်း အင်အားလည်း တိုးမြှင့်ခဲ့သည်။ ၁၉၆၂ ခုနှစ် ပထမ တိုးချဲ့စက်လည်ပတ်ချိန်တွင် စက်ရုံရှိ ဝန်ထမ်းအင်အားမှာ ဖွဲ့စည်းပုံအရ စုစုပေါင်း ၉၁၆ ဦး ဖြစ်သော်လည်း၊ ၁၉၆၄ ခုနှစ် အောက်တိုဘာလအထိ စက်ရုံရှိ အလုပ်ခန့်ထားပြီး အင်အားမှာ ၈၀၅ ဦးသာရှိသည်။ ဖွဲ့စည်းပုံအရ စုစုပေါင်း ၉၁၆ ဦးမှာ အရာထမ်း ၃၅ ဦး၊ ကျွမ်းကျင်ဝန်ထမ်း ၆၁၈ ဦးနှင့် အလုပ်သမား ၂၆၃ ဦးဖြစ်သည်။ အလုပ်ခန့်ပြီး ၈၀၅ ဦး မှာ အရာထမ်း ၂၇ ဦး၊ ကျွမ်းကျင်ဝန်ထမ်း ၁၀၆ ဦးနှင့် အလုပ်သမား ၆၇၂ ဦး ဖြစ်ကြသည်။[2]

ဂိုင်ယာဘီကင် (ဘားမား) လီမိတက်ပိုင် မန္တလေးအရက်ချက်စက်ရုံကို နိုင်ငံတော် အစိုးရသည် ၁၉၅၄ ခု အောက်တိုဘာလ ၁ ရက်နေ့တွင် ပြည်သူပိုင်ပြုလုပ်လိုက်သည်။ ထိုသို့ ပြည်သူပိုင်ပြုလုပ်လိုက်သဖြင့် ကုမ္ပဏီအား ကျပ် ၉၈၇၅၃၅·၉၉ လျော်ကြေးပေးရသည်။ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် စက်ရုံကို ကြီးကြပ်အုပ်ချုပ်ရန် ဗျစ်ရည် နှင့်အရက်ချက်စက်ရုံ လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းသည်။ ထိုအဖွဲ့တွင် ဥက္ကဋ္ဌတစ်ဦးနှင့် စက်မှုလက်မှု

၁။ ဘိလပ်မြေစက်ရုံအမှတ် (၁) သရက်စက်မှုလုပ်ငန်းသမိုင်း၊ စာ ၆၅-၆၆
၂။ ဘိလပ်မြေစက်ရုံအမှတ် (၁) သရက်စက်မှုလုပ်ငန်းသမိုင်း၊ စာ ၈၈

ဝန်ကြီးဌာနမှ ခန့်အပ်သော အဖွဲ့ဝင် ၂ ဦးတို့ ပါဝင်သည်။ စက်ရုံကြီးကြပ်အုပ်ချုပ်ရေးကို အဖွဲ့မှခန့်ထားသော မန်နေဂျာက ဆောင်ရွက်ရသည်။ ဗျစ်ရည်နှင့် အရက်ချက်စက်ရုံလုပ်ငန်း အဖွဲ့၏ ရည်ရွယ်ချက်မှာ ပြည်တွင်းသောက်သုံးရန်လိုအပ်သော ဘီယာ၊ အရက်နှင့် အရက်ပြန် တို့ကိုချက်လုပ်၍ ပုသင်းသွင်းရောင်းချ နိုင်ရန်နှင့် တဖြည်းဖြည်း ပြည်ပသို့လည်း တင်ပို့ ရောင်းချနိုင်ရန်ဖြစ်သည်။ ပြည်သူပိုင် ပြုလုပ်လိုက်ပြီးနောက် စက်ရုံ၏အမည်ကို နိုင်ငံပိုင် ဗျစ်နှင့် အရက်ချက်လုပ်ရေးဌာနဟု ပြောင်းလဲခေါ်တွင်သည်။[၁]

နိုင်ငံပိုင် ဗျစ်နှင့် အရက်ချက်လုပ်ရေးဌာနကို ၁၉၆၁ ခုဒီဇင်ဘာလမှစတင်၍ မြန်မာ နိုင်ငံ စီးပွားရေး တိုးတက်မှု ကော်ပိုရေးရှင်း (ဘီ၊အီး၊ဒီ၊စီ) လက်အောက်ရှိ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းအဖွဲ့သို့ ပြောင်းလဲပေးလိုက်ကာ မန္တလေးဗျစ်နှင့် အရက်ချက်စက်ရုံ အမည်ဖြင့် ကုန်ထုတ်လုပ်မှုကို ဆက်လက်ဆောင်ရွက်သည်။ ထို့နောက် ၁၉၆၃ ခု ဇန်နဝါရီလ ၁ ရက်နေ့တွင် ဘီ၊အီး၊ဒီ၊စီ၏ ဘားမားဗီဗားရိတ် လီမိတက် (Burma Beverage Ltd) လက် အောက်သို့ တစ်ဖန် ပြောင်းပေးခဲ့ပြန်သည်။ ၁၉၆၃ ခုနှစ်တွင် ဘီ၊ အီး၊ ဒီ၊ စီ၏ လုပ်ငန်းအရပ်ရပ်ကို ပြည်သူပိုင်ပြုလုပ်လိုက်သောအခါ မန္တလေး ဗျစ်နှင့် အရက်ချက်စက်ရုံသည် စက်မှုလက်မှု ထိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်သို့ ပြန်ရောက်လာခဲ့သည်။

စက်ရုံတွင်အုပ်ချုပ်သူ မန်နေဂျာကိုလည်းကောင်း၊ ဘီယာနှင့် အရက်ချက်လုပ်ရေးတို့တွင် လည်းကောင်း နိုင်ငံခြား ကျွမ်းကျင်သူများကို ဆက်လက်ခန့်ထားသည်။ ပြည်သူပိုင် စက်ရုံ ဖြစ်သည့် ၁၉၅၄ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ T. Rustom ၊ ဦးဘဦးနှင့် R.K. Logan တို့က မန်နေဂျာများအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဘီယာချက်လုပ်ရေးကို ၁၉၅၄ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ T. Rustom, G. M. Hirjee, J. Meneill တို့က ကြီးကြပ်လုပ်ဆောင်၍ အရက်ချက်လုပ်ရေးတွင် N. Govoroff, S.K. Saksena, T. Rustom နှင့် ဦးစိန်လှိုင်၊ ဦးဝင်းမြင့်တို့က အဆက်ဆက် တာဝန်ယူကြီးကြပ်သည်။ ပြည်သူပိုင်သိမ်းပြီးနောက် P. Clep:u Leen သည် အင်ဂျင်နီယာချုပ်အဖြစ် ခေတ္တဆက်လက် တာဝန်ယူခဲ့သည်။ ၁၉၅၅ ခုနှစ်မှစ၍ ဦးသန်းတင်က အင်ဂျင်နီယာချုပ်အဖြစ် ဆောင်ရွက်သည်။[၂]

ပြည်သူပိုင် မသိမ်းမီက မန္တလေးဘီယာစက်ရုံမှ ၂၄ အောင်စဝင်နှင့် ၁၂ အောင်စဝင် ကြက်ဘံဆိပ် ဘီယာနှင့်အရက်များ ထုတ်လုပ်ခဲ့သည်။ ပြည်သူပိုင် သိမ်းပြီးနောက်

၁။ စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း၊ဘီယာနှင့် အရက်စက်ရုံ(မန္တလေး)သမိုင်း၊ စာ ၂

၂။ ဘီယာနှင့် အရက်ချက်စက်ရုံ(မန္တလေး)သမိုင်း၊ စာ ၅–၆

ဆင်တံဆိပ်ဘီယာ (Elephant Brand Stout)၊ ဘီယာပြင်း (Strong Ale Special Extra)နှင့် ဘီယာဖျော့ (Pale Ale)တို့ ထုတ်လုပ်၍ ၂၄ အောင်စနှင့် ၁၂ အောင်စဝင် ပုလင်းများဖြင့် ဖြန့်ဖြူးရောင်းချသည်။ ပုလင်းသွင်းအရက်အမျိုးမျိုးကိုလည်း ၁၉၅၄ ခုမှစ၍ အောက်ပါအတိုင်း ထုတ်လုပ်ခဲ့သည်။[၁]

ရမ် (၂၄ အောင်စ+၁၂ အောင်စ) ၁၉၅၄-၅၅ စတင်ထုတ်သည်။

အိုးဘရမ်ဒီ (၂၄ အောင်စ+၁၂ အောင်စ) ၁၉၅၄-၅၅ စတင်ထုတ်သည်။

ဒရိုင်းဂျင် (၂၄ အောင်စ) ၁၉၅၄-၅၅ စတင်ထုတ်သည်။

မော့ဝီစကီ (၂၄ အောင်စ) ၁၉၅၄-၅၅ စတင်ထုတ်သည်။

ဘီယာထုတ်လုပ်မှုတွင် ကုန်ကြမ်းဖြစ်သော ဆန်၊ သကြား၊ ပုလင်းခွံ၊ မော့ (မုယောစပါး) နှင့်ဗျစ်ပွင့်တို့ကိုပြည်တွင်းမှရသည်။ ပြည်ပမှ Filter Sheet, Crown cork, GoldColour Label နှင့်မော့(မုယောစပါး)၊ ဗျစ်ပွင့်တို့ကို ဝယ်ယူရသည်။ အရက်ချက်ရန် တင်လဲရည်၊ ယူရီးယား၊ ပုလင်းခွံတို့ကို ပြည်တွင်းမှပင်ရရှိ၍ ပြည်ပမှ R. O.Seal နှင့်အနံ့မျိုးစုံ (Essence and Flavour) တို့ကို ဝယ်ယူရသည်။[၂]

ဗိုလ်ချုပ်ကြီး နေဝင်း၏ အိမ်စောင့် အစိုးရလက်ထက် ၁၉၅၀-၅၉ ခုနှစ်အတွင်းဗျစ်ရည် စုစုပေါင်း ဂါလန် ၄ သိန်းကျော် ထုတ်လုပ် နိုင်ခဲ့သည်။ ပြည်သူပိုင် သိမ်းသည်မှစ၍ ဗျစ်နှင့် အရက်အရောင်း ၃၀၀ ရာခိုင်နှုန်း တိုးတက်၍ အေးဝါးသုံးအရက်ပြန်ရောင်းရမှုမှာ ၁၅၀ ရာခိုင် နှုန်း တိုးတက်လာသည်။[၃] စက်ရုံတွင် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရာ ဗျစ်ရည် ပုလင်းများကို ဆေးခြင်း၊ ပုလင်းသွင်းခြင်း၊ အဖုံးပိတ်ခြင်း၊ ခေတ်အားဖြင့် အပူပေးခြင်း တံဆိပ်ကပ်ခြင်းများကို အလိုအလျောက်လုပ် နိုင်သော စက်များလည်း တပ်ဆင်သည်။ ထိုစက်များသည် ၁၉၆၀ ပြည့်နှစ်ခန့်မှ စတင်လည်ပတ်ရာ တစ်နာရီလျှင် ပုလင်း ပေါင်းပေါင်း ၃၀၀ မှ ၄၀၀ ခန့်အထိ ထုတ်လုပ်နိုင်စွမ်း ရှိလေသည်။[၄]

၁။ ဘီယာနှင့် အရက်ချက်စက်ရုံ (မန္တလေး)စာ ၇-၈

၂။ ဘီယာနှင့် အရက်စက်ရုံ(မန္တလေး)သမိုင်း၊ စာ ၁၁

၃။ *Burma Year Book and Directory* 1957-58, Sec 10, p. 2-7

၄။ မြည်ရေးရွာမူ၊ စာ ၂၈၁

ဇာစ်နှင့် အရက်ချက်စက်ရုံ မန္တလေး မှဘီယာ၊ ပုလင်းသွင်းအရက်၊ အရက်ဖြူနှင့် အရက်ပြန် များထုတ်လုပ်သည်။ ပြည်သူပိုင် ပြုလုပ်သည့် ၁၉၅၄ ခုမှ ၁၉၆၂ ခုနှစ် ကုန်ထုတ်လုပ်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

ခုနှစ်		ဘီယာ ၂၄အောင်စ ဒါဇင်	ပုလင်းသွင်းအရက် ၂၄အောင်စ ဒါဇင်	အရက်ဖြူ L.P ဂါလန်	အရက်ပြန် L.P ဂါလန်
၁၉၅၄-၅၅	....	၃၇၃၉၉	၃၄၁၅၅	၆၅၇၀၆	၁၄၁၁၃
၁၉၅၅-၅၆	....	၈၁၈၁၈	၃၇၂၆၁	၁၀၈၂၇၀	၁၉၄၈၂
၁၉၅၆-၅၇	....	၁၄၆၄၈၄	၃၂၂၇၃	၁၈၁၃၀၅	၂၆၆၀၀
၁၉၅၇-၅၈	....	၁၉၃၀၂၃	၂၀၆၁၈	၁၀၆၂၂၆	၂၄၈၀၅
၁၉၅၈-၅၉	....	၁၉၅၆၀၀	၂၉၆၀၂	၂၁၆၄၅၂	၂၉၉၇၁
၁၉၅၉-၆၀	....	၂၂၁၃၆၇	၅၂၉၇၀	၁၉၉၁၄၀	၃၂၇၂၀
၁၉၆၀-၆၁	....	၂၀၈၁၆၂	၇၇၈၅၀	၁၃၈၅၅၈	၃၀၉၆၀
၁၉၆၁-၆၂	....	၂၂၂၁၅၇	၆၃၁၈၄	၁၆၉၅၂၆	၃၁၄၇၃

ကုန်ထုတ်စွမ်းအား တိုးတက်သည်နှင့်အမျှ ဖြန့်ဖြူးရောင်းချမှု ရာခိုင်နှုန်းလည်းကြီးမြင့်သဖြင့် ဘီယာနှင့် အရက်ချက် စက်ရုံသည် အမြတ်အစွန်းကောင်းသော ပြည်သူပိုင်စက်ရုံ တစ်ခု ဖြစ်လေသည်။ ၁၉၅၄ ခုမှ ၁၉၆၂ ခုနှစ်အထိ စက်ရုံ၏ ဝင်ငွေ၊ ကုန်ကျစရိတ်နှင့် အမြတ်ငွေမှာ အောက်ပါအတိုင်း ဖြစ်သည်။[၂]

(ကျပ်သိန်းပေါင်း)

ခုနှစ်		ဝင်ငွေ (နိုင်ငံခြားငွေ အပါအဝင်)	ကုန်ကျစရိတ်	အမြတ်
၁၉၅၄-၅၅	....	၆၂.၉၇	၄၄.၆၃	၁၈.၃၇
၁၉၅၅-၅၆	....	၉၄.၉၅	၆၇.၃၄	၂၇.၆၁
၁၉၅၆-၅၇	....	၁၃၈.၃၇	၁၁၁.၁၉	၃၇.၁၉

၁။ ဘီယာနှင့် အရက် စက်ရုံ (မန္တလေး) သမိုင်း၊ စာ ၁၁
၂။ ဘီယာနှင့် အရက် စက်ရုံ (မန္တလေး) သမိုင်း၊ စာ ၁၃

(ကျပ်သိန်းပေါင်း)

ခုနှစ်		ဝင်ငွေ (နိုင်ငံခြားငွေ အပါအဝင်)	ကုန်ကျစရိတ်	အမြတ်
၁၉၇၇-၇၈	....	၁၆၀.၄၃	၁၁၇.၇၄	၄၂.၆၉
၁၉၇၈-၇၉	....	၁၆၃.၇၈	၁၂၀.၈၂	၄၂.၉၆
၁၉၇၉-၆၀	....	၁၉၂.၄၄	၁၄၁.၉၈	၅၀.၄၆
၁၉၆၀-၆၁	....	၁၈၇.၁၂	၁၃၉.၆၅	၄၇.၄၇
၁၉၆၁-၆၂	....	၁၇၅.၂၃	၁၃၂.၆၈	၄၂.၅၅

မြန်မာနိုင်ငံတွင် လူဦးရေ တိုးတက်လာသည်နှင့်အမျှ ဘီယာနှင့် အရက် သောက်သုံးမှုလည်း တိုးပွားလာသည်။ မန္တလေး ဘီယာနှင့် အရက်ချက်စက်ရုံမှ တိုးမြှင့်ထုတ်လုပ်မှုသည် သောက်သုံးမှုကို အမီ မလိုက်နိုင်ဘဲ ရှိနေသည်။ ထို့ကြောင့် စက်ရုံကို ဘီ အီး ဒီ စီ လက်အောက်မှ စတာလကာ လက်သို့ ပြန်လည် လွှဲပြောင်းလိုက်သည့်နောက်ပိုင်းတွင် ပြည်တွင်း လိုအပ်ချက်ကို ပြည့်ဝအောင် ဖြည့်ဆည်းပေးနိုင်ရန် စက်ရုံတိုးချဲ့ရန် စီမံကိန်းများ ပြုလုပ်ခဲ့လေသည်။

ဖက်စပ်လုပ်ငန်း

မြန်မာနိုင်ငံ စစ်ပြီးကာလတွင် လူဦးရေ တိုးတက်လာသကဲ့သို့ လူနေမှု အဆင့်အတန်းလည်း ရေးကထက် မြင့်မားလာသည်။ တိုးတက်သော လူနေမှုစနစ်တွင် ဆပ်ပြာသည် မရှိမဖြစ် လိုအပ်သော နေ့စဉ်သုံးပစ္စည်းတစ်ခုဖြစ်၏။ ဆပ်ပြာမှာ အကြမ်းသုံး အချောသုံးအတွက် အမျိုးမျိုးလိုသည်။ ၁၉၅၃ ခုနှစ်တွင် နိုင်ငံတော်၏ လူဦးရေ ၁၈ သန်းအတွက် အိမ်သုံးဆပ်ပြာ တန်ချိန် ၁၈၀၀၀ ခန့်လိုလေသည်။ စစ်မဖြစ်မီ ၁၉၄၁ ခုနှစ်ကပင် အိမ်သုံးဆပ်ပြာ သုံးစွဲမှုသည် တစ်ဦးကျ ၂.၂၅ ပေါင်ခန့်ရှိသဖြင့် နှစ်စဉ် တန် ၁၄၀၀၀ ခန့်လိုသည်။ ပြည်တွင်းစက်ရုံများမှ တစ်နှစ်လျှင် တန် ၉၀၀၀ ခန့်သာ ထုတ်လုပ်နိုင်သဖြင့် ပြည်ပမှ တန် ၅၀၀၀ ခန့်ဝယ်ယူ တင်သွင်းရသည်။ ထို့ကြောင့် နိုင်ငံတော်အတွင်း စက်မှုလက်မှု လုပ်ငန်းများ တည်ထောင်ရန် ပြည်တော်သာစီမံကိန်းက လျာထားချမှတ်စဉ်က ပြည်တွင်းဆပ်ပြာဖူလုံရေးအတွက်အစိုးရ အနေဖြင့် ဆပ်ပြာစက်ကြီး တစ်ခုတည်ရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့်လည်း ဆပ်ပြာစက်များတည်ရန် စီမံကိန်းရေးဆွဲသည်။

ပုဂ္ဂလိက လုပ်ငန်းရှင်များသည် ပြည်တွင်း လိုအပ်ချက်ကို တတ်အားသမျှ ဖြည့်ဆည်းရန် ဆပ်ပြာစက်ကြီးငယ်များ အပြိုင်အဆိုင် တည်ထောင်ကြသည်။ သို့သော် ပြည်တွင်းဆပ်ပြာ ဖူလုံရေးရန် နှစ်စဉ် ဆပ်ပြာတန် ၉၀၀၀ ခန့် ပြည်ပမှ ဝယ်ယူတင်သွင်း ရသေးသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရန် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် တစ်နှစ်လျှင် အိမ်သုံးဆပ်ပြာတန် ၅၀၀၀ ထုတ်လုပ်နိုင်မည့် ဆပ်ပြာစက်တစ်ခု တည်ထောင်ရန် စိုင်းပြင်းသည်။

ဆပ်ပြာစက် တည်ထောင်ရေးနှင့် စပ်လျဉ်း၍ ယူနီလီဘား (ဘားမား) လီမိတက်သည် ၁၉၅၃ ခုနှစ် ဇွန်လဘွင် စက်မှုလက်မှုဝန်ကြီးထံ စကားကမ်းလှမ်းသည်။ စက်ရုံကို ဖက်စပ် လုပ်ငန်းအဖြစ် တည်ဆောက်ရန် လျာထားသဖြင့် ၁၉၅၃ ခု အောက်တိုဘာလတွင် စက်မှု လက်မှုဝန်ကြီးနှင့် ယူနီလီဘား လီမိတက် (လန်ဒန်) ဘုတ်အဖွဲ့ဝင် လူကြီးတို့ စက်ရုံတည် ဆောက်ရန် မြေနေရာ၊ ရင်းနှီးမြှုပ်နှံငွေ စသည်တို့ကို ညှိနှိုင်းဆွေးနွေးကြသည်။ ထို့နောက် ၁၉၅၆ ခု ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ကျင်းပသော ၂၉ ကြိမ်မြောက် စီးပွားရေးနှင့် လူမှုရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ရင်းနှီးမြှုပ်နှံငွေကို မြန်မာအစိုးရက ၂၅ ရာခိုင်နှုန်း၊ ယူနီ လီဘားမှ ၇၅ ရာခိုင်နှုန်း ထည့်ဝင်ကာ ဖက်စပ်စက်ရုံ တည်ထောင်ရန်၊ တည်ထောင်သည့်မှစ၍ ၁၅ နှစ်အတွင်း ပြည်သူပိုင် မပြုလုပ်ရန် သဘောတူညီခဲ့ကြသည်။ ထိုသဘောတူညီချက်ကို စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းနှင့် ယူနီလီဘား လီမိတက် (လန်ဒန်)တို့သည် ၁၉၅၇ ခု မတ်လ ၂၆ ရက်နေ့တွင် စာချုပ်ဆိုသည်။ စာချုပ်ပါ သဘောတူညီချက်အရ ၁၉၅၈ ခု ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဘားမား ယူနီလီဘား လီမိတက်ကို ဖွဲ့စည်းလျက် ဆပ်ပြာစက် တည်ထောင်ရေးကို စတင် ဆောင်ရွက်ကြသည်။[1]

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းနှင့် ယူနီလီဘား လီမိတက်တို့သည် ဆပ်ပြာစက်ရုံ တည်ဆောက်ရန်နေရာကို သမိုင်း၊ အုတ်ကျင်းဘူတာရုံလမ်းတွင် ရွေးချယ်၍ ၁၉၅၈ ခုနှစ်ဦးပိုင်းတွင် မြေပြုပြင်ခြင်းလုပ်ငန်းကို လုပ်ဆောင်သည်။ ဆပ်ပြာစက်ရုံကို ၁၉၅၉ ခု ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်သည်။ စက်တပ်ဆင်ခြင်း လုပ်ငန်းများ ၁၉၆၀ ပြည့် ဇွန်လတွင် ပြီးစီးသည်။ ထိုနှစ်တွင်ပင် စက်စတင် လည်ပတ်၍ ဆပ်ပြာများ ထုတ်လုပ်သည်။

ဘားမားယူနီလီဘားလီမိတက်မှ လပ် (စ်) ဆပ်ပြာမွှေး၊ ဗနိုးလီးယား ဆပ်ပြာမွှေး၊ ကာဘော်လစ်ဆပ်ပြာ၊ ဆန်းလိုက်ဆပ်ပြာ၊ စက်ဝိုင်းတံဆိပ်၊ ခရေပွင့်တံဆိပ် ဆပ်ပြာများ

၁။ ဆပ်ပြာစက်ရုံအမှတ် (၁) စက်မှုလုပ်ငန်းသမိုင်း၊ စာ ၅

အောင်လံတံဆိပ်အဝတ်လျှော်ဆပ်ပြာ၊ ကြယ်ပြာဆပ်ပြာမှုန့်၊ ပက်ဆိုးဒင့်သွားတိုက်ဆေးနှင့် ဂလေစရင်းတို့ ထုတ်လုပ်သည်။ စက်ရုံ၏ ကုန်ထုတ်နိုင်မှု စွမ်းအားသည် တစ်နေ့ ရှစ်နာရီ နှစ်ဆိုင်းဖြင့် တစ်နှစ်လျှင် ဆပ်ပြာတန်ချိန် ငါးထောင် ထုတ်နိုင်သည်။ ပုံမှန်လည်ပတ် ထုတ်လုပ်မှုမှာ တနင်္ဂနွေ တစ်ပတ်လျှင် လပ်(စ်) ဆပ်ပြာ ၁၀ တန်နှင့် အောင်လံတံဆိပ် အဝတ်လျှော်ဆပ်ပြာ တန် ၄၀ ဖြစ်သည်။

စက်ရုံ၏ အဓိက ကုန်ကြမ်းမှာ tallow ခေါ် အမဲဆီဖြစ်သည်။ tallow ကို ပြည်ပမှ မှာယူတင်သွင်းရသဖြင့် အခက်အခဲရှိသည်။ tallow ရရှိမှုပေါ် မူတည်၍ ဆပ်ပြာ မွှေးများကို ထုတ်လုပ်သည်။ အောင်လံတံဆိပ် အဝတ်လျှော်ဆပ်ပြာကို ပြည်တွင်းမှရသော ဖွဲနုဆီဖြင့် ချက်လုပ်သည်။ tallow ခေါ်အမဲဆီဖြင့် ဆပ်ပြာမွှေးများ ချက်လုပ်သောအခါ ဘေးထွက်ပစ္စည်းအဖြစ် ဂလေစရင်းများ ရရှိသည်။ ဂလေစရင်းကို မြန်မာပြည် ထုတ်ကုန် သွင်းကုန် ကော်ပိုရေးရှင်းမှ တစ်ဆင့် ပြည်ပသို့ ရောင်းချခြင်းဖြင့် နိုင်ငံခြားသုံးငွေ ရရှိသည်။ ဘားမားယူနီလီဘားလီမိတက် ဆပ်ပြာစက်မှ ကုန်ပစ္စည်း ထုတ်လုပ်မှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

ခုနှစ်		ဆပ်ပြာအမျိုးမျိုး (မက်ထရစ်တန်)	ဂလေစရင်း (မက်ထရစ်တန်)
၁၉၆၀	....	၁၉၉၀·၄	၁၆၂·၇
၁၉၆၁	....	၂၅၂၇·၇	၁၆၄·၆
၁၉၆၂	....	၄၄၀၁·၇	၃၁၂·၆
၁၉၆၃	....	၃၄၅၅·၃	၂၄၀·၃

ဆပ်ပြာစက်လုပ်ငန်းသည် ပြည်တွင်း၌ မရှိမဖြစ် လိုအပ်သော စက်မှုလက်မှုလုပ်ငန်း တစ်ခုဖြစ်သည်။ ပြည်တွင်းဆပ်ပြာ သုံးစွဲမှု ပမာဏ တိုးတက်လာသဖြင့် ပုဂ္ဂလိက အရင်းရှင် များကလည်း ဆပ်ပြာစက်ကြီးငယ်များ တည်ထောင်ကာ ဆပ်ပြာ အမျိုးမျိုး ထုတ်လုပ် ကြသည်။ နိုင်ငံတော် အစိုးရ အနေနှင့်သော် ဘားမား ယူနီလီဘား ဖက်စပ်စက်ရုံ တစ်ခုသာ ရှိသည်။ ဆပ်ပြာလုပ်ငန်းသည် အမြတ်အစွန်းကောင်းသော လုပ်ငန်းဖြစ်၏။ ထို့ကြောင့် ပုဂ္ဂလိက စက်ရုံများမှ အင်တိုက်အားတိုက် ထုတ်လုပ်ကြရာ ဆပ်ပြာများသည် ၁၉၆၁-၆၂ ခုနှစ်တွင် ပြည်တွင်းသုံး လိုအပ်သည်ထက် ပိုလျှံနေပေသည်။ စတာလက၏ ဖက်စပ်ဆပ်ပြာ

၁။ မြန်မာပြည်ယူနီလီဘားလီမိတက် (ဆပ်ပြာစက်)နှင့် ပတ်သက်သောအစီရင်ခံစာ၊ စာ ၃

စက်ရုံ စတင် တည်ထောင်သော နှစ်များတွင် အရှုံးနှင့် ရင်ဆိုင်ရသော်လည်း ၁၉၆၀ ပြည့်နှစ်တွင် အသားတင်အမြတ် ၆.၇၁ သိန်း ရရှိသည်။ ၁၉၆၁ ခုနှစ်တွင်မူ အကြောင်းအမျိုးမျိုးကြောင့် ၈.၁၁ သိန်း အရှုံးပေါ်သော်လည်း ၁၉၆၂ ခုနှစ်တွင်မူ ၆.၄၉ သိန်း အမြတ်ရရှိသည်။[၁]

ဘားမား ယူနီလီဘား လီမိတက် ဆပ်ပြာစက်ကို ဖက်စပ် တည်ထောင်ရာ၌ ရှယ်ယာငွေ တစ်စုလျှင် ကျပ် ၁၀၀ နှုန်းဖြင့် ကျပ်သိန်း ၁၀၀ ရင်းနှီးမြှုပ်နှံရန် သတ်မှတ်သည်။ စတာလက်၏ ထည့်ဝင်ငွေမှာ စာချုပ်ပါ သဘောတူညီချက်အရ ၂၅ ရာခိုင်နှုန်းဖြစ်၍ ကျပ် ၂၃ သိန်း ပါဝင်သည်။ ယူနီလီဘား ကုမ္ပဏီမှ ၇၅ ရာခိုင်နှုန်း ထည့်ဝင်သဖြင့် ကျပ် ၆၉ သိန်းပါဝင်ရာ စုစုပေါင်း အစုရှယ်ယာ ရင်းနှီးငွေ ကျပ် ၉၂ သိန်းဖြစ်သည်။ အစုရှယ်ယာ ရင်းနှီးငွေအပြင် ချေးယူသည့်သွင်းသော ရင်းနှီးငွေလည်း ရှိသေးသည်။ ချေးငွေ အရင်းအနှီးတွင်လည်း သတ်မှတ် ရာခိုင်နှုန်းအရ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းမှ ကျပ် ၁၂.၇၅ သိန်း၊ ယူနီလီဘားမှ ကျပ် ၃၈.၂၅ သိန်း၊ စုစုပေါင်း ကျပ် ၅၁ သိန်း ပါဝင်သည်။ စက်ရုံမှ အကျိုးအမြတ်ရရှိမှုတွင် ရင်းနှီး ထည့်ဝင်ငွေ အချိုးအတိုင်း ဖြစ်သဖြင့် စတာလက အနေဖြင့် အမြတ်ရရှိမှု နည်းလေသည်။[၂]

အခြားဝန်ကြီးဌာန စက်ရုံများ

ပြည်တော်သာ စီမံကိန်း စက်မှုကဏ္ဍတွင် စက်မှုလက်မှုလုပ်ငန်းပေါင်း ၆၅ ခုခန့် တည်ထောင်ရန် လျာထားသတ်မှတ်ထားသည်။ ထိုစက်မှုလက်မှု လုပ်ငန်းများအနက် အချို့ကို စက်မှုလက်မှုဝန်ကြီး လက်အောက်ရှိ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက အကောင်အထည်ဖော် ဆောင်ရွက်သည်။ အချို့ စက်မှုလက်မှုလုပ်ငန်းများကိုမူ သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီးက တာဝန်ယူ တည်ထောင်ကြသည်။ ထိုသို့ တာဝန်ယူဆောင်ရွက်သော ဝန်ကြီးဌာနများအနက် မြန်မာနိုင်ငံအစိုးရ လယ်ယာတိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာနသည် ဆန်စက်များ တည်ဆောက်ရေးကို စီမံဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ၏ အဓိက ထွက်ကုန်မှာ ဆန်စပါးဖြစ်သဖြင့် အဓိက ထုတ်ကုန်သည်လည်း ဆန်စပါးပင်ဖြစ်သည်။ ဆန်လုပ်ငန်းသည် အဓိကကျသော စီးပွားရေး လုပ်ငန်းဖြစ်သော်လည်း ကိုလိုနီ သက်တမ်းတစ်လျှောက်တွင် နိုင်ငံခြားသား အရင်းရှင်ကြီးများ၏ လက်တွင်သာ

၁။ မြန်မာပြည်ယူနီလီဗားလီမိတက် (ဆပ်ပြာစက်)နှင့် ပတ်သက်သောအစီရင်ခံစာ
၂။ မြန်မာပြည်ယူနီလီဗားလီမိတက် (ဆပ်ပြာစက်)နှင့် ပတ်သက်သောအစီရင်ခံစာ၊ နောက်ဆက်တွဲ က

ရှိခဲ့သည်။ စစ်ပြီးခေတ်တွင် မြန်မာနိုင်ငံတော် အစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက် စီးပွားရေးဝန်ကြီးဌာနသည် မြန်မာ့လယ်ယာထွက်ကုန်များကို စီမံကွပ်ကဲရန်နှင့် ရောင်းဝယ် ဖောက်ကားမှု၊ ကြိတ်ခွဲမှုတို့ကို အဆင့်အတန်းမြင့်တင် ဆောင်ရွက်နိုင်ရန် ၁၉၄၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့[၁] ကို ဖွဲ့စည်းသည်။

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့သည် ပြည်ပသို့ ဆန်စပါးတင်ပို့ရာတွင် အရည်အသွေးမီစေရန် ဆန်ကြိတ်ခွဲရေး လုပ်ငန်းကို တိုးတက်ကောင်းမွန်အောင် ကြံဆောင် သည်။ ပြည်တော်သာ စီးပွားရေး ရှစ်နှစ် စီမံကိန်းကို ရေးဆွဲရာ၌ ကေတီအေ အဖွဲ့က ခေတ်မီ အစိုးရ ဆန်စက်ကြီးများ တည်ထောင်ရန်နှင့် ရေးကကဲ့သို့ ပုဂ္ဂလိက ဆန်စက်ငယ် အများအပြား တည်သားခြင်းကို ခွင့်မပြုရန် ထောက်ခံတင်ပြထားသည်။ ထို့ကြောင့် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ (နကရဖ) သည် နိုင်ငံခြား ပါရဂူ များ၏ အကြံဉာဏ်ပေးချက်များကို ရယူ၍ တန်းမြင့် ဆန်ကြိတ်ခွဲရန် ခေတ်မီတန် ၂၀၀ ကျ ဆန် စက်ကြီး လေးလုံး၊ တန် ၁၀၀ ကျ ဆန်စက် ရှစ်လုံး တည်ဆောက်ရန် စီမံကိန်းများရေးဆွဲ သည်။ ထိုစီမံကိန်းများကို ၁၉၅၁ ခုမှ ၁၉၅၄ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင် ရွက်သည်။

နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် စီမံကိန်းဝင် ဆန်စက်များ တည် ဆောက်ရေးကို ၁၉၅၁-၅၂ ခုနှစ်တွင် စတင်သည်။ ပထမဆုံး တည်ဆောက်သော နကရဖ ဆန်စက်သည် ပုဇွန်တောင် စက်ဆန်း ရပ်ကွက်ရှိ ဂျာမန် ဆန်စက်ဖြစ်သည်။ ဂျာမန်နိုင်ငံ ရှလေကူမှုကာမှ စက်နှင့်စက်ပစ္စည်းများဖြင့် တည်ဆောက်သောကြောင့် ဂျာမန်ဆန်စက်ဟု ခေါ်ကြခြင်းဖြစ်သည်။ စက်ရုံကို ၁၉၅၁-၅၂ ခုနှစ်အတွင်း တည်ဆောက်၍ ၁၉၅၃-၅၄ ခုနှစ်တွင် စက်စတင်လည်ပတ်သည်။ စက်စွမ်းအားမှာ ၂၄ နာရီတစ်ရက်တွင် ၂၅ တန်ကျကြိတ်နိုင်သည်။

နကရဖသည် ဆန်စက်များ တည်ဆောက်ရာ၌ နယ်မြေဒေသ ဖွံ့ဖြိုးရေးနှင့် စပါးထွက်ရာ၊ သယ်ယူ ပို့ဆောင်ရေး ပြဿနာ နည်းရာဒေသများကို ရွေးချယ်သည်။ ထို့ကြောင့် ရခိုင်တိုင်း ထွက် စပါးများကို အလွယ်တကူ သယ်ယူစုပုံနိုင်ရာ ကျောက်ဖြူမြို့တွင် ၂၅ တန်ကျ ဆန်စက် တစ်လုံး တည်ဆောက်ခဲ့သည်။ စက်ရုံကို ဂျာမန်ရှလေကူမှုကာမှ စက်များ၊ စက်ပစ္စည်းများကို ပင် ဝယ်ယူတည်ဆောက်သဖြင့် ဂျာမန်ဆန်စက် (ကျောက်ဖြူ)ဟု ခေါ်တွင်သည်။ ၁၉၅၇ ခုနှစ်ခန့်တွင် တည်ဆောက်ပြီးစီး၍ စက်လည်ပတ်ကြိတ်ခွဲ နိုင်ခဲ့သည်။

၁။ State Agricultural Marketing Board (SAMB)

၂။ မြန်မာနိုင်ငံစပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု၊ စာ ၂၅၄-၅၅

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့မှ တည်ဆောက်သော နောက်ထပ် ဆန်စက်တစ်ခုမှာ အမေရိကန်ဆန်စက်ဖြစ်၏။ ရန်ကုန် ပုဇွန်တောင် စက်ဆန်း ရပ်တွင် တည်ရှိသည်။ ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံအစိုးရနှင့် အမေရိကန်အစိုးရ တို့သည် Agricultural Commodities Agreement သဘောတူ စာချုပ်ကို လက်မှတ် ရေးထိုးကြသည်။ ပီအဲလ် ၄၈၀ ဟု လူသိများသော ထိုသဘောတူညီချက်အရ အမေရိကန် ချေးငွေ အကူအညီကိုယူကာ နကရဖ မှ ၁၉၅၇ ခုနှစ်တွင် စတင်တည်ဆောက်သော တန် ၆၀ ကျ ဆန်စက်သည် ၁၉၅၉ ခုနှစ်တွင် ပြီးစီး၍ စတင်လည်ပတ်ကြိတ်ခွဲသည်။[၁] အမေရိကန် ချေးငွေ၊ အမေရိကန်စက်နှင့် စက်ပစ္စည်းများ၊ အင်ဂျင်နီယာများဖြင့် တည်ဆောက်သော ဆန်စက်ဖြစ်၍ အမေရိကန် ဆန်စက်ဟု လူသိများသည်။ စက်ရုံကိုတည်ဆောက်ရာ၌ နကရဖမှ ငွေကျပ် ၉၀၇၁၆၄ နှင့်အမေရိကန် ချေးငွေ ကျပ် ၁၉၄၄၀၀၀၊ စုစုပေါင်းကျပ် ၂၈၅၁၆၄ ရင်းနှီး ကုန်ကျသည်။ အမေရိကန် အင်ဂျင်နီယာများနှင့် နကရဖ မှ မြန်မာ အင်ဂျင်နီယာများ ပူးတွဲ တည်ဆောက်သော စက်ရုံ ဖြစ်သည်။

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့မှ တာဝန်ယူ တည်ဆောက်သော အထက်ဖော်ပြပါ ဆန်စက်သုံးလုံးအပြင် ပုဂ္ဂလိက အရင်းရှင်များအား ဝယ်ငှားစနစ် (Hire Purchase) ဖြင့် တည်ဆောက်စေသော ဆန်စက် သုံးလုံးလည်း ရှိသည်။ ထိုဆန် စက်သုံးလုံးအနက် ကြည့်မြင်တိုင် ဆင်မလိုက် သဘော်ကျင်း နောက်ဘက် ဆင်မလိုက် ရပ်ကွက်တွင် တည်ဆောက်သော တန် ၁၀၀ ဆန်စက်လည်းပါသည်။ ဆန်စက်ပိုင်ရှင်မှာ ဦးသက်ဇင်ဖြစ်၏။ ပိုင်ရှင်က ဆန်စက် အဆောက်အအုံကို ဆောက်လုပ်၍ စက်ကို အစိုးရက ဂျာမန်ရှုလေကုမ္ပဏီမှ ဝယ်ယူပေးသည်။ ၁၉၅၇ ခုနှစ်တွင် စတင် တည်ဆောက်သော ထိုတန် ၁၀၀ ဆန်စက်ကို နိဗ္ဗာန်ဆန်စက်ဟု ခေါ်ကြသည်။ ၁၉၅၈-၅၉ ခုနှစ်တွင် စက်တပ် ဆင်ပြီးစီး၍ ၁၉၆၀ ပြည့်နှစ်ခန့်က စတင်ပုံမှန်လည်ပတ် ထုတ်လုပ်သည်။ ပိုင်ရှင်သည် အစိုးရက ဝယ်ယူတပ်ဆင်ပေးသောစက်ဖိုးငွေကို အရစ်ကျပြန်လည်ပေးဆပ်ရသည်။ နကရဖ၏ စပါးများကို ကြိတ်ခွဲပေးသည်။ စက်သူဌေးဦးသင်ပိုင် ဟံသာဝတီဆန်စက်နှင့် ဟသာတ ဦးမြ၏ ဦးမြဆန်စက်တို့မှာလည်း အလားတူပင် ဝယ်ငှားစနစ်ဖြင့် တည်ဆောက်သော ဆန်စက်များဖြစ်သည်။ ဟံသာဝတီ ဆန်စက်သည် တန် ၁၆၀ ကျဖြစ်သည်။ ဦးမြဆန်စက်မှာ တန် ၇၀ ကျစက်ဖြစ်သည်။[၂]

မြန်မာ့ဆန်များကို ပြည်ပသို့ တင်ပို့ရောင်းချရာ၌ အဆင့်အတန်း အရည်အသွေးမနိမ့် ကျရန် အထူးလိုအပ်သည်။ ထိုသို့ အဆင့်အတန်း မြင့်သော ဆန်များ ရရှိရန် ခေတ်မီ

၁။ Burma Year-Book & Directory, 1957-58, Sec. 7, p.3

၂။ မြန်မာနိုင်ငံစပါးစိုက်ပျိုးထုတ်လုပ်ရောင်းချမှု၊ စာ ၂၅၆-၅၇

ဆန်စက်များ ရှိရပေမည်။ ထို့ကြောင့် ပြည်တော်သာ စီမံကိန်းက ချမှတ်သော အစိုးရ ခေတ်မီ ဆန်စက်များ တည်ဆောက်ရေးကို နကရဖ မှ တာဝန်ယူလျက် ဆန်စက်သစ် ၁၂ လုံး တည်ဆောက်ရန် လျာထား သတ်မှတ်သည်။ သို့သော် အမေရိကန် ဆန်စက်နှင့် ဂျာမန် ဆန်စက်တို့သာလျှင် ပြည့်ပြည့်ဝဝ အကောင်အထည် ဖော်နိုင်သည်။ ၁၉၆၀ ပြည့်နှစ်တွင် စီမံကိန်းက လျာထားသော ခေတ်မီ ဆန်စက် ၁၂ လုံးအနက် ၆ လုံး အကောင်အထည်ပေါ် သည်ဟု ဆိုရပေမည်။ ဆန်စက် ၃ လုံး မှာ နကရဖမှ တည်ဆောက်၍ ကျန်သုံးလုံးမှာ ဝယ်ငွေး၊ စနစ်ဖြင့်ပုဂ္ဂလိက အရင်းရှင်များက တည်ဆောက်သော စက်များ ဖြစ်ကြသည်။

ဒုတိယကမ္ဘာစစ်မတိုင်မီ စစ်ကြိုခေတ် ဗြိတိသျှတို့ လက်အောက် မြန်မာနိုင်ငံ၌ ဗြိတိသျှ အရင်းရှင်ကုမ္ပဏီကြီးများ ဖြစ်သော ဘုံဘေဘားမား၊ စတီးဘရားသား၊ မက္ကင်ဇီဂါး၊ ဖူးကားနှင့် တီဒီဖင်လေး သစ်ကုမ္ပဏီ ငါးခုက မြန်မာ့ကျွန်းသစ်များကို လက်ဝါးကြီးအုပ်၍ ထုတ်လုပ်ခဲ့ပေသည်။ တိုင်းရင်းသား အရင်းရှင် အချို့ကိုလည်း လိုင်စင်ပါမစ်များဖြင့်ထုတ် ခွင့်ပြုခဲ့ပေသည်။ ဂျပန်ခေတ်ဘွင်မှု နီပွန်ဘားမားခေါ် ဂျပန်အရင်းရှင် ကုမ္ပဏီက ဆက် လက်ဆောင်ရွက်ခဲ့ပြန်သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသောအခါ သစ်လုပ်ငန်းများကို နိုင်ငံပိုင် ပြုလုပ်ပြီး မြန်မာနိုင်ငံ သစ်လုပ်ငန်း အဖွဲ့ကို ဖွဲ့စည်း လုပ်ကိုင်ခဲ့သည်။

မြန်မာ့ စီးပွားရေးတွင် သစ်လုပ်ငန်းသည် ဆန်စပါးလုပ်ငန်းကဲ့သို့ပင် အရေးကြီးသော စီးပွားရေးလုပ်ငန်း၊ နိုင်ငံခြား ငွေဝင်ကောင်းသော ထုတ်ကုန်လုပ်ငန်း တစ်ခုဖြစ်သည်။ နိုင်ငံခြားသား အရင်းရှင်များ လက်ဝါးကြီးအုပ် လုပ်ကိုင်နေမှုကို တွန်းလှန်နိုင်ရန် နိုင်ငံတော် အစိုးရသည် ၁၉၅၀ ပြည့်နှစ်တွင် State Timber Act (Act No. 50 of 1950) ကိုပြဋ္ဌာန်းကာ မြန်မာနိုင်ငံ သစ်ရောင်းဝယ်ရေးအဖွဲ့ (State Timber Board) ကို ဖွဲ့စည်းကာ သစ်ထုတ်လုပ်ရေး၊ ရောင်းဝယ်ရေး၊ ခွဲစိတ်ရေးတို့ကို ဆောင်ရွက်သည်။

သစ်လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းစတွင် အဖွဲ့၏ အုပ်ချုပ်မှုအောက်၌ အစိုးရပိုင် သစ်စက် ၂ လုံးရှိသည်။ အစိုးရပိုင် ဆိုသော်လည်း ထိုစက်များကို အစိုးရက တည်ဆောက်ခြင်း မဟုတ်ချေ။ အမှတ်(၁) သစ်စက်သည် မက္ကရေးဂါးကုမ္ပဏီပိုင် စက်ကို ပြည်သူပိုင် ပြုလုပ်ခြင်း ဖြစ်၍ အမှတ်(၂)စက်မှာမူ ဖူးကားကုမ္ပဏီပိုင် စက်ကို ပြည်သူပိုင် သိမ်းယူခြင်း ဖြစ်သည်။ မက္ကရေးဂါးသစ်စက်နှင့် ဖူးကားသစ်စက်တို့သည် ၁၉၄၈ ခု ဇွန်လ ၁ ရက်နေ့တွင် အစိုးရ စက်များ ဖြစ်လာကြသည်။

၁။ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ ၁၁-၁၁-၈၇၊ စာ-၅

ရန်ကုန်ဘိုင်း၊ အလုံမြို့နယ် ဆရာမှတ်ကြီး အနောက်ရပ်ကွက်၊ ကမ်းနားလမ်းတွင်ရှိသော အမှတ် (၂) သစ်စက်သည် ၁၈၈၂ ခုနှစ်မတိုင်မီက အိန္ဒိယလူမျိုးပိုင် ဆန်စက်ဖြစ်ခဲ့သည်။ ၁၈၈၂ ခုနှစ်တွင် ဖူးကားကုမ္ပဏီမှ ယင်းဆန်စက်ကို ဝယ်ယူပြီး သစ်စက်အဖြစ် ပြောင်းလဲ လုပ်ကိုင်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် နိုင်ငံတော်မှ လျော်ကြေးပေး၍ နိုင်ငံပိုင် သစ်စက်အဖြစ် လည်ပတ်ခဲ့သည်။

စက်ရုံ၏ အင်ဂျင်၊ ဘွိုင်လာများ၊ ဝိုင်းခုံများ၊ အလုပ်ရုံ၊ စက်ရုံ အဆောက်အအုံများမှာ ဖူးကားကုမ္ပဏီလက်ထက်က သုံးခဲ့သောပစ္စည်းများဖြစ်၍ ၁၈၈၃ ခုနှစ်ဟု ကမ္ပည်းထိုးထားသည်။

အဆိုပါသစ်စက်သည် ရေနွေးငွေ့ အင်ဂျင်စက်နှစ်လုံးဖြင့် ဘွိုင်လာသုံးလုံးကို လည်ပတ်နေခြင်းဖြစ်သော သစ်စက်မှထွက်သော သစ်ဘိုသစ်စ ထင်းနှင့်လွှစာများကို အသုံးပြုနိုင်သဖြင့် စက်သုံးဆီ ပြတ်တောက်မှု၊ လျှပ်စစ်ဓာတ် ပြတ်တောက်မှုများကို ဖိုးလိုမ်ခုသဖြင့် များစွာ အဆင်ပြေပေသည်။ ယင်းသစ်စက်အို၏ ထုတ်လုပ်မှု စွမ်းအားမှာ တစ်နေ့လျှင် သစ်လုံးတန် ၈၅ တန်ကို ဝိုင်းကြီးသုံးဝိုင်း၊ လွှဝိုင်းခုံ ခုနစ်ခုတို့ဖြင့် ခွဲစိတ်နိုင်သည်။ ပြည်သူ့ပိုင် စက်ရုံအဖြစ်တွင် ကုန်ထုတ်စွမ်းအားနှင့် အရည်အသွေး တိုးတက်ရန် ပြုပြင်စီမံခြင်းများ ရှိနေသည်။

လွတ်လပ်ရေး ရပြီးသည့် နောက်ပိုင်းတွင် သစ်ထုတ်လုပ်ရေးလုပ်ငန်း တိုးတက်လာသည်။ ပိုမိုများ၍ ခွဲစိတ်နိုင်ရန်နှင့် ပြည်တော်သာ စီမံကိန်းက လျာထားချမှတ်သော စက်မှုလုပ်ငန်းများ တည်ဆောက်ရေးကို အကောင်အထည်ဖော်ရန်လည်း လိုအပ်သဖြင့် အစိုးရ သစ်စက်များ တည်ထောင်ရပေမည်။ နိုင်ငံခြားသား အရင်းရှင်ကြီးများ၏ လက်ဝါးကြီးအုပ် လုပ်ကိုင်နေမှုကို ထိန်းချုပ်ရန်လည်း လိုအပ်သဖြင့် နိုင်ငံတော် အစိုးရသည် ၁၉၅၄ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ဘုံဘေဘားမား ကုမ္ပဏီလီမိတက်ပိုင် သစ်စက်ကို ဝယ်ယူလိုက်ကာ အမှတ် (၃) သစ်စက်အဖြစ် ဆက်လက် လည်ပတ်ခဲ့သည်။[၁]

အမှတ် (၃) သစ်စက်သည် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ် ဓနိတောတွင် တည်ရှိသည်။ ၁၈၇၉ ခုနှစ်တွင် ဘုံဘေဘားမားကုမ္ပဏီမှ တည်ထောင်ပြီး အာရှတိုက်တွင် ထိုစဉ်က အကြီးဆုံးဖြစ်ခဲ့သည့် သစ်စက်အိုကြီးဖြစ်သည်။ အဆိုပါစက်ကို ဂျပန်ခေတ်တွင် နိပ္ပန် ဘားမား တင်းဘား ယူနီယံကုမ္ပဏီက အသုံးပြုခဲ့ပြီး စစ်အပြီးတွင် ဘုံဘေဘားမား ကုမ္ပဏီက ဆက်လက်လုပ်ကိုင်ခဲ့သည်။ လွတ်လပ်ရေး ရပြီးနောက်ပိုင်းတွင် အစိုးရမှ ၆၀ ရာခိုင်နှုန်း

၁။ လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာ၊ ၂၇-၉-၇၇၊ စာ ၅

၂။ *Burma Year-Book and Directory*, 1957-58, sec. 10, p. 9

ပါဝင်ပြီး စက်လည်ပတ်ခဲ့စိတ်သည်။ ၁၉၅၄ ခုနှစ်တွင် နိုင်ငံပိုင် သစ်စက်အမှတ် (၃) ဖြစ်လာသည်။[1]

ရန်ကုန်မြို့၊ ဗိုလ်ဘထောင်မြို့နယ် ဓနိတောလမ်းရှိ စတီးဘရားသားပိုင် သစ်စက်ကိုလည်း ၁၉၅၆ ခုနှစ်တွင် လျော်ကြေးပေး၍ နိုင်ငံပိုင်ပြုလုပ်ခြင်းဖြင့် အမှတ် (၆) သစ်စက် ပေါ်ပေါက်လာသည်။ အမှတ် (၆) သစ်စက်တွင် တပ်ဆင်ထားသော စက်အမျိုးအစားများမှာ ဘိုင်လာကို အဓိက အခြေခံသောစက်ဖြစ်သည်။

နိုင်ငံတော် အစိုးရသည် နိုင်ငံခြား အရင်းရှင်များပိုင်သော သစ်စက်များကို ပြည်သူပိုင် အဖြစ် ဝယ်ယူအသုံးပြုသည့်အပြင် အစိုးရပိုင် စက်သစ်များလည်း တည်ထောင်သည်။ အမှတ် (၄) သစ်စက်ကို ၁၉၅၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ရာ ၁၉၅၅ ခု စက်တင်ဘာလတွင် ပြီးစီးသည်။ ထို့နောက် ရန်ကုန်နှင့် မော်လမြိုင်တို့တွင် သစ်စက်ငယ်များလည်း တည်ထောင်သည်။ မော်လမြိုင်သစ်စက်သည် ၁၉၅၇ ခုမတ်လခန့်တွင် စတင်ပုံမှန် လည်ပတ်၍ သစ်ခွဲစိတ်သည်။ အစိုးရသစ်စက်များ လည်ပတ်ခွဲစိတ်နိုင်သည်နှင့် ကိုက်ညီအောင် သစ်ခုတ်လုပ် သယ်ပို့ရန်လိုသဖြင့် သစ်ထုတ်လုပ်ငန်းတွင်စက်များ၊ စက်ကိရိယာများကို ဆင်အစား တတ်နိုင်သမျှ ထည့်သွင်းအသုံးပြုသည်။[2] အမှတ် (၃)၊ (၄) နှင့် (၆) သစ်စက်တို့တွင် မူလပိုင်ရှင် ကုမ္ပဏီများ လက်ထက်က စက်များကိုပင် ဆက်လက်ပြုပြင် အသုံးပြုသဖြင့် လက်ဆွဲလွှများလည်းရှိသည်။ ကျန်အစိုးရ သစ်စက်များတွင်မူ လွှဝိုင်းများလည်း တပ်ဆင်ထားသည်။ ၁၉၅၇-၅၈ ခုနှစ် ဝန်းကျင်က အစိုးရ သစ်စက်များတွင် လုပ်သားအင်အား ၃၇၀၀၀ ရှိသည်။ စက်များ၏ စုပေါင်းထုတ်လုပ် စွမ်းအားမှာ တစ်နှစ်လျှင် ၁၅၄၀၀၀ တန်ခွဲအားရှိသည်။

နိုင်ငံတော် အစိုးရသည် ၁၉၅၃ ခု အောက်တိုဘာလ ၁ ရက်နေ့မှ အစပြု၍ သစ်ရောင်းဝယ်ရေးကို အက် (စ)တီဘီ တစ်ခုတည်းကသာလျှင် လုပ်ပိုင်ခွင့်ရှိသည် ဟုပြဋ္ဌာန်းသည်။ ပြည်ပသို့ သစ်တင်ပို့ ရောင်းချရာ၌ ရှေးအဆက်ဆက်ကပင် အင်္ဂလန်နှင့် အိန္ဒိယတို့သည် မြန်မာ့သစ်ကို အများဆုံး ဝယ်ယူသောနိုင်ငံများဖြစ်သည်။ ၁၉၅၅-၅၆ ခုနှစ်တွင် အင်္ဂလန်သို့ မြန်မာ့သစ် ၉၉၆၈ တန်နှင့် အိန္ဒိယသို့ ၃၅၃၀၇ တန် ရောင်းချနိုင်ခဲ့သည်။[3]

ပြည်တော်သာ စီမံကိန်းကာလ စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်ရေးကို ဝိုင်းဝန်းကြိုးပမ်းကြရာ၌ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာန၊ သစ်ထုတ်လုပ်

၁။ *Burma*, Vol. 8. No. 1. Oct 1957, p. 35

၂။ *Burma Year-Book and Directory*, 1957-58, sec. 10, p. 9

၃။ *Burma* year -*Book* and *Directory* 1957-58, sec. 10, p. 10

ရောင်းဝယ်ရေး အဖွဲ့ကလည်း သစ်စက်များ တည်ထောင်ခြင်းဖြင့် တစ်တပ်တစ်အား ပါဝင်ခဲ့သည်။ ၁၉၄၈ ခုမှ ၁၉၆၂ ခုနှစ်အတွင်း အစိုးရမှ အသစ်တည်ထောင်သော သစ်စက် ၃ လုံးရှိသည်။ ထိုသစ်စက် ၃ လုံး၏ ခွဲအားတန်မှာ စုစုပေါင်း ၅၄၀၀၀ ရှိသည်။ လျော်ကြေးပေး၍လည်းကောင်း၊ ဝယ်ယူခြင်းဖြင့်လည်းကောင်း ပြည်သူပိုင် ပြုလုပ်လိုက်သော သစ်စက်မှာ ၄ စက်ဖြစ်သည်။ ထိုစက် ၄ စက်၏ ခွဲအားမှာ စုစုပေါင်း ၁၀၆၀၀၀ တန်ဖြစ်၏။ စုစုပေါင်းအားဖြင့် အစိုးရသစ် စက် ၇ လုံး၏ ခွဲအားသည် ၁၆၀၀၀၀ တန် ရှိလေသည်။[1]

မြန်မာနိုင်ငံသည် ဒုတိယ ကမ္ဘာစစ်အတွင်းက စစ်ဘေးစစ်ဒဏ်ကို ပြင်းထန်စွာ ခံရသဖြင့် လူနေအိမ်ခြေ တိုက်တာ အဆောက်အအုံများ၊ ရုံး၊ ကျောင်း၊ ဆေးရုံ၊ စက်ရုံအလုပ်ရုံ၊ လမ်း၊ တံတား၊ စေတီပုထိုးများ စသည်တို့ များစွာပျက်စီးခဲ့သည်။ ထိုသို့ ပျက်စီးသွားသမျှ အဆောက် အအုံများနှင့် နိုင်ငံတော် ပြန်လည် ထူထောင်ရေး အတွက် အသစ်တည်ဆောက်ရမည့် လုပ်ငန်းကြီးငယ် အရပ်ရပ်တို့ အတွက် ဆောက်လုပ်ရေး ပစ္စည်းများ လိုသေသည်။ အဓိကအားဖြင့် အုတ်နှင့် အုတ်ကြွပ်မှာ မရှိမဖြစ် လိုအပ်သည်။

မြန်မာတို့သည် ရှေး ပျူခေတ်ကပင် အုတ်ကို ဖုတ်တတ်လုပ်တတ် ကြသဖြင့် သမိုင်းစဉ်တစ်လျှောက်လုံး လက်ရာ ပြောင်မြောက်လှသော ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် စေတီပုထိုး ကျောင်းဘုရား မြို့ရိုးတံတိုင်းစသော အုတ်တိုက် အုတ်အဆောက်အအုံများကိုဆောက်လုပ်ခဲ့ကြသည်။ လွတ်လပ်ရေး ရပြီးသည့် နောက်ပိုင်းအထိ အုတ်ကို သမားရိုးကျ နည်းဖြင့်ပင် နေရာအများ၌ ထုတ်လုပ်ကြသည်။ အုတ်ကြွပ်ကိုမူ နိုင်ငံခြားမှ ဝယ်ယူ တင်သွင်းရသဖြင့် နှစ်စဉ်နိုင်ငံခြား ငွေသိန်းပေါင်းများစွာ ကုန်ကျသည်။ စစ်ကြီးပြီးသည့်နောက်ပိုင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရန်မှာ ရှေးသမားရိုးကျ နည်းဖြင့် ဖုတ်လုပ်သည့် အုတ်များဖြင့် မလုံလောက်တော့ချေ။ ထို့ကြောင့် ၁၉၄၇ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သော စီးပွားရေး ၂ နှစ် စီမံကိန်းတွင် အစိုးရက တာဝန်ယူ၍ အုတ်နှင့် အုတ်ကြွပ်စက် တစ်ခု တည်ထောင်ရန် ထည့်သွင်းထားသည်။[2]

အုတ်နှင့် အုတ်ကြွပ်စက်ရုံ တည်ဆောက်ရေး စီမံကိန်းကို အကောင်အထည် ဖော်ရန် စက်မှုလက်မှုနှင့် အလုပ်သမား ဝန်ကြီးဌာနမှ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် ၁၉၄၇ ခုနှစ် အုတ်ကြွပ်စက် အမိန့်ကို ထုတ်ပြန်၍ နိုင်ငံတော် အစိုးရ အုတ်ကြွပ်စက် အဖွဲ့ (Tile Factory Board) ကို ဖွဲ့စည်းသည်။ ထိုနောက် အုတ်နှင့်အုတ်ကြွပ်စက်

၁။ သစ်လုပ်ငန်းကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်ရွက်ချက် အခြေအနေ

၂။ *The Burma Gazette* (Extraordinary) dated 30-9. 47

လုပ်ငန်းကို လေ့လာသင်ယူရန် ပညာတော်သင်တစ်ဦးကို အိန္ဒိယသို့ စေလွှတ်၍ နောက်ပိုင်းတွင် ဥရောပ နိုင်ငံများသို့ပါ သွားရောက်လေ့လာစေသည်။

နိုင်ငံတော်အစိုးရ အုတ်ကြွပ်စက်အဖွဲ့တွင် သတ္တုတွင်းနှင့် အလုပ်သမားဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ စက်ရုံ တည်ဆောက်ရေးကို အကောင်အထည်ဖော်သည်။ အုတ်ကြွပ်စက်အဖွဲ့ကို စက်မှုလက်မှုနှင့် အလုပ်သမား ဝန်ကြီးဌာန လက်အောက်တွင် ထားရာမှ ၁၉၄၈ ခု၊ စက်တင်ဘာလ ၆ ရက်နေ့တွင် စက်မှုလက်မှုနှင့် သတ္တုတွင်းဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့သဖြင့် စက်မှုလက်မှု နှင့် သတ္တုတွင်း ဝန်ကြီးက အဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ထိုမှတစ်ဖန် အိမ်ရာ ဆောက်လုပ်ရေးနှင့် အလုပ်သမား ဝန်ကြီးဌာန လက်အောက်သို့ ၁၉၅၂ ခုနှစ်တွင် ပြောင်းလဲ ရောက်ရှိသွားပြီးနောက် ၁၉၅၆ ခု ဩဂုတ်လ ၁၀ ရက်နေ့တွင် ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေး ဝန်ကြီးလက်သို့ ပြောင်းလဲ ရောက်ရှိသွားပြန်သည်။ ၁၉၅၇ ခု နှစ်တွင် အုတ်ကြွပ်စက် အဖွဲ့ကို အုတ်ကြွပ်နှင့် အုတ်စက် အဖွဲ့ဟု အမည်ပြောင်းလဲ သတ်မှတ်သည်။ အုတ်ကြွပ်နှင့် အုတ်စက် အဖွဲ့သည် ၁၉၆၂ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာ ဆောက်လုပ်ရေး ဌာနမှ စက်မှုလက်မှု ဝန်ကြီးဌာနအောက်သို့ လွှဲပြောင်းရောက်ရှိသဖြင့် စက်မှုလက်မှု ထိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက ဆက်လက် တာဝန်ယူခဲ့သည်။

ထိုသို့ အုပ်ချုပ်မှုဌာန အမျိုးမျိုးအောက်သို့ ရောက်ခဲ့သော်လည်း စက်ရုံတည် ဆောက်မှုလုပ်ငန်းမှာ နိုင်ငံတော် အုတ်ကြွပ်စက်အဖွဲ့ (Tile Factory Board) ၏ လက်ဘင်းဦးပင်ရှိသဖြင့် ထိခိုက်မှု နှောင့်နှေးမှု လုံးဝမရှိခဲ့ချေ။ စက်ရုံတည်ဆောက်ရန် နေရာကို အင်းစိန်မြို့နယ် ဒညင်းကုန်း ဘူတာအရှေ့ဘက်ရှိ တောင်ကုန်းကို ရွေးချယ်ခဲ့သည်။ ရန်ကုန်မြို့မှ ၁၃ မိုင်ခန့်ဝေးသော ဒေသဖြစ်သည်။ စက်ရုံတည်ရာမြေမှ မြေ နမူနာများကို နိုင်ငံခြား ကျွမ်းကျင်သူ ပညာရှင်များထံ ပေးပို့စမ်းသပ်ရာ လန်ဒန်မြို့ Common Wealth Trust ကုမ္ပဏီနှင့် စက်ပစ္စည်းတင်သွင်းသည့် ကုမ္ပဏီများ၏ ထောက်ခံချက်ကို ရရှိခဲ့သည်။

စက်ရုံတည်ဆောက်ရန်နှင့် အုတ်ကြွပ်များ ထုတ်လုပ်ရန်အတွက် အိန္ဒိယရှိ The Common Wealth Trust Ltd. သို့ စကားကမ်းလှမ်းနေစဉ်တွင် ပြည်တွင်း မငြိမ်သက်မှုများကြောင့် လုပ်ငန်းတော့ ရပ်ဆိုင်းသွားသည်။ ထို့နောက် စက်နှင့် စက်ပစ္စည်းကိရိယာများဝယ်ယူရန်တင်ဒါများခေါ် ယူကာ အင်္ဂလန်ပြည် Messrs M. Steenbrugge & Co. Ltd. ၏

၁။ *Burma*, Vol. 5. No. 2, January 1955, p. 170

၂။ အုတ်စက်ရုံအမှတ် (၁) ဒညင်းကုန်း စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၃-၁၇

ထင်ငါကို ရွေးချယ်သက်ခံကာ ၁၉၅၂ ခုနှစ် ဩဂုတ်လတွင် အဓိကစက်များ ပေးသွင်းရန် စာချုပ်များ ချုပ်ဆိုသည်။ သဘောတူစာချုပ်ပါ သတ်မှတ်ချက်အရ စက်ကြီး၏ ကုန်ထုတ်စွမ်းအားမှာ တစ်နှစ်လျှင် အုတ်ကြွပ်သိန်း ၆၀ နှင့် အုတ်သိန်း ၄၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စက်နှင့် စက်ပစ္စည်းများသည် ၁၉၅၂ ခု အောက်တိုဘာလမှ ၁၉၅၄ ခု နိုဝင်ဘာလအတွင်း ရောက်ရှိသည်။[1]

စက်ရုံအဆောက်အအုံ၊ အုတ်ကြွပ်နှင့် အုတ်ခြောက်လှန်းရုံများ၊ မီးဖိုများ ဆောက်လုပ်ရန် လိုအပ်သော သံသည် သံတောင်များကိုလည်း Steenbrugge ကုမ္ပဏီမှပင် ဝယ်ယူသည်။ ဆောက်လုပ်ခြင်း လုပ်ငန်းများကို ပြည်သူ့ အိုးအိမ်ပြန်လည်ထူထောင်ရေးအဖွဲ့မှ တာဝန်ယူ၍ အုတ်ကြွပ်စက်အဖွဲ့မှ ကြပ်မတ်ကြီးကြပ်လုပ်ဆောင်ရာ ၁၉၅၆ ခုနှစ်တွင် ပြီးမြောက်သည်။ မီးဖိုဆောက်လုပ်ရန်အတွက် စင်ကာပူနိုင်ငံမှ Malayan Construction Co. အား ကန်ထရိုက်ပေးခဲ့ရာ ကျွမ်းကျင်မှုမရှိ၍ လုပ်ငန်းဖင့်နွှေးကာ အခက်အခဲနှင့် ရင်ဆိုင်ရလေသည်။ နောက်ပိုင်းတွင် Steenbrugge ကုမ္ပဏီမှ ငှားရမ်းပေးသော Kiln Foreman တစ်ယောက်ဖြင့် ဆက်လက်လုပ်ဆောင်သည်။ မီးဖိုဆောက်လုပ်ရေးကို တာဝန်ယူသော Kiln Foreman Mr. T. O. Callaghan က မီးခံအုတ်များဖြင့်သာဆောက်လုပ်သင့်ကြောင်း အကြံပေးသဖြင့် ပြည်ပမှ မီးခံအုတ်များ ဝယ်ယူရေးကို တာဝန်ယူရန် စက်မှုလက်မှု ညွှန်ကြားရေးဝန် ဦးထွန်းသိန်း၊ အုတ်ကြွပ်စက်အဖွဲ့ အတွင်းရေးမှူး ဦးခင်မေ၊ ဒုတိယအတွင်းဝန် ဦးခင်မောင်လတ်နှင့် မီးဖိုအင်ဂျင်နီယာ T. O. Callaghan. တို့ ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းကာ ၁၉၅၆ ခု ဩဂုတ်လ ၁၄ ရက်နေ့တွင် အိန္ဒိယသို့ မီးခံအုတ် ဝယ်ယူရန် စေလွှတ်ခဲ့သည်။ ဝယ်ယူရေးအဖွဲ့သည် ကာလကတ္တားရှိ မီးခံအုတ် ထုတ်လုပ်သော Reliance Fire Brick & Pottery Co.Ltd နှင့်စာချုပ် ချုပ်ဆို၍ မီးခံအုတ်အရွယ်အစား အမျိုးမျိုး ၃ သိန်းနှင့် မီးခံရွှံ့စေးတန်ချိန် ၂၀၀ ကိုဝယ်ယူသည်။[2]

မီးခံအုတ်များ ရောက်ရှိသည်ပြီးနောက် မီးဖိုကြီးများကိုတည်ဆောက် ရာ အမှတ် ၁ မီးဖိုကို ၁၉၅၇ ခုနှစ်တွင်လည်းကောင်း၊ အမှတ် ၂ မီးဖိုကို ၁၉၅၇ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း ဆောက်လုပ်ပြီးစီးသည်။[3] စက်တပ်ဆင်ခြင်း လုပ်ငန်းများကို Steenbrugge ကုမ္ပဏီက ၁၉၅၃ ခုနှစ် ကုန်လုံးတွင် စတင်လုပ်ဆောင်သည်။ ၁၉၅၆ ခုနှစ် စက်များ တပ်ဆင်ပြီးစီးသည်။ လျှပ်စစ်ဓာတ်သွယ်ရေး လုပ်ငန်းများကိုလည်း ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့မှ ဆောင်ရွက်ပေးသည်။ လုပ်ငန်းအလုံးစုံ ပြီးစီးသဖြင့် အုတ်ကြွပ်ရိုက်နှိပ်စက်၊

၁။ အုတ်စက်ရုံအမှတ် (၁) ဒညင်းကုန်း စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၅-၂၇
၂။ အုတ်စက်ရုံအမှတ် (၁) ဒညင်းကုန်း၊ စာ ၂၉-၃၁
၃။ အုတ်စက်ရုံအမှတ် (၁) ဒညင်းကုန်း၊ စာ ၃၁

အုတ်စိမ်း ထုတ်လုပ်စက်များကို ၁၉၅၆ ခု ဒီဇင်ဘာလတွင် စမ်းသပ်လည်ပတ်သည်။ အုတ်စိမ်း ထုတ်လုပ်မှု အောင်မြင်သော်လည်း အုတ်ကြွပ်ဖုတ်နှိပ်ရာတွင် မြေစပ်မှုအမျိုးအစား မမှန်သဖြင့် အခက်အခဲရှိနေလေသည်။ ထို့ကြောင့် Steenbrugge ကုမ္ပဏီ၏ ထောက်ခံချက်ဖြင့် နိုင်ငံခြား ကျွမ်းကျင်ပညာရှင်များခေါ်ယူရပြန်သည်။ Mr. W. Kruger ကို ၁၉၅၇ ခု ဒီဇင်ဘာလ ၂၈ ရက်မှ ၁၉၅၈ ခု မတ်လ ၂၇ ရက်နေ့အထိ အုတ်ကြွပ်စက်အဖွဲ့၏ အတိုင်ပင်ခံ အင်ဂျင်နီယာအဖြစ် ခေါ်ယူ၍ M. A. Thomas ကို ၁၉၅၇ ခု နိုဝင်ဘာလမှ ၁၉၅၈ ခု စက်တင်ဘာလအထိ မြေစပ် ကြီးကြပ်မှုးအဖြစ် ခန့်ထားခဲ့သည်။ အလားတူပင် G. B. Panicker ကို အုတ်ကြွပ်ပုံရိုက် ကြီးကြပ်မှုးအဖြစ် လည်းကောင်း၊ S. A. Chariကို မီးထိုး ကြီးကြပ်မှုးအဖြစ်လည်းကောင်း ငှားရမ်းခေါ်ယူခဲ့ရသည်။ ထိုအတောအတွင်း အုတ်ကြွပ်များနှင့် အုတ်များမီးဖုတ်ရန်း ဖိုများ တည်ဆောက်ဆဲဖြစ်သဖြင့် မြန်မာဖို Clamp ကို လံသင်းများအသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ အုတ်ကြွပ်နှင့် အုတ်များကို ၁၉၅၇ ခု ဇန်နဝါရီလတွင် စမ်းသပ်မီးထိုး ထုတ်လုပ်နိုင်ခဲ့သည်။[1]

စက်စမ်းသပ်မှုများအောင်မြင်သဖြင့် အမှတ် ၁ မီးဖိုငယ်ကို ၁၉၅၇ ခု ဩဂုတ်လ ၆ ရက်နေ့တွင် စတင်မီးထိုးကာ အမှတ် ၂ မီးဖိုကြီးကို ၁၉၅၈ ခု ဇန်နဝါရီလတွင်စတင်မီးထိုးသည်။ ပထမပိုင်းတွင် စက်ကိုတစ်နေ့ ရှစ်နာရီ တစ်ဆိုင်းဖြင့်လည်ပတ်၍ ၁၉၅၈ ခု မတ်လမှစ၍ ရှစ်နာရီနှစ်ဆိုင်းဖြင့် လည်ပတ်လုပ်သည်။

၁၉၄၇ ခု အုတ်ကြွပ်စက် အမိန့်အရ စတင်တည်ဆောက်ခဲ့သော အုတ်ကြွပ် စက်ရုံမှ အုတ်ကြွပ်သာမက အုတ်များလည်း ထုတ်လုပ်သဖြင့် ၁၉၅၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရ အုတ်ကြွပ်စက်ဟု ခေါ်တွင်ခဲ့သော်လည်း ၁၉၅၇ ခုနှစ်မှစ၍ နိုင်ငံတော်အစိုးရ အုတ်ကြွပ်နှင့် အုတ်စက်ဟု အမည်ပြောင်းလဲခေါ်တွင်သည်။ ၁၉၆၂ ခုနှစ်တွင် စက်မှုလက်မှု ထိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း လက်အောက်သို့ ပြောင်းလဲ ရောက်ရှိသွားသော အခါမှ အုတ်နှင့် အုတ်ကြွပ်စက် (စတလက)ဟု အမည်သတ်မှတ်သည်။[2]

အစိုးရ အုတ်ကြွပ်နှင့် အုတ်စက်ကို နိုင်ငံတော် အစိုးရက တည်ဆောက်ခဲ့ရာ၌ အရပ်ရပ် ငွေကျပ်ထောင်ပေါင်း ၁၅၁၃၆·၉ ရင်းနှီးကုန်ကျခဲ့သည်။ ထိုရင်းနှီးကုန်ကျငွေတွင် ၁၉၄၇-၄၈ ခုမှ ၁၉၆၂-၆၃ ခုနှစ်အထိ အစိုးရထံမှ ထောက်ပံ့ငွေကျပ် ၅၈·၂၀ သိန်း၊ အတိုးဖြင့် ချေးငွေကျပ် ၃၄·၇၁ သိန်း၊ စုစုပေါင်းကျပ် ၉၂·၉၁ သိန်းပါဝင်သည်။[3]

၁။ အုတ်စက်ရုံအမှတ် (၁) ဒညင်းကုန်း၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၃၂-၃၃

၂။ အုတ်စက်ရုံအမှတ် (၁) ဒညင်းကုန်း၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၂

၃။ အုတ်စက်ရုံအမှတ် (၁) ဒညင်းကုန်း၊ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၂၀-၂၂

စက်ရုံကို စတင်တည်ဆောက်စဉ်က အုတ်ကြွပ်ထုတ်လုပ်နိုင်ရန် ပိုမိုအားသန်လျက် အုတ်ကြွပ်စက်အမည်ဖြင့် တည်ဆောက်ကာ အုတ်ကြွပ်ထုတ်လုပ်ရေးကို အလေးပေးဆောင်ရွက်သည်။ သို့သော် လက်တွေ့တွင် အုတ်ကြွပ်ထက် အုတ်ကပိုမိုတွင်ကျယ်စွာဖြန့်ဖြူးရောင်းချရသည်။ စက်ရုံမှ အုတ်နှင့် အုတ်ကြွပ်များကို ၁၉၅၇-၅၈ ခုမှ ၁၉၆၁-၆၂ ခုနှစ် အတွင်း အောက်ပါအတိုင်း ထုတ်လုပ်ခဲ့သည်။

			အုတ်ချပ်ရေ	အုတ်ကြွပ်ချပ်ရေ
၁၉၅၇-၅၈	....	....	၆၁,၂၃၁၀၅	၁,၂၉၆၅၄၈
၁၉၅၈-၅၉	....	....	၁၀၈,၂၉၇၁၅	၆၉၀၃၈၀
၁၉၅၉-၆၀	....	....	၁၁၆၁၅၉၀၀	၇၉၇၈၀၃
၁၉၆၀-၆၁	....	....	၁၀၁၄၇၀၀၀	၁၀၄,၂၈၅၄
၁၉၆၁-၆၂	....	....	၁,၂၂၃၈,၂၀၀	၁၄၇၃၅,၂၂

အုတ်ကြွပ်နှင့် အုတ်တို့အပြင် မြေပြွန်၊ ခေါင်းပွအုတ် (မြေနီ)နှင့် ကြမ်းခင်းကျောက်ပြား (အနီ) များလည်း အောက်ပါအတိုင်း စမ်းသပ်ထုတ်လုပ်သည်။

		မြေပြွန်	ခေါင်းပွအုတ်	ကြမ်းခင်းပြား
၁၉၅၈-၅၉	....	၆၃	၆၁၇၉၈	၅၁၇၀
၁၉၅၉-၆၀	....	....	၄၅၇၅၀	၁၁၅
၁၉၆၀-၆၁	....	၂၀၄၀	၆၆၀၃၉၀	၉၀၀
၁၉၆၁-၆၂	....	၄၉၀	၈၈၅၄၅	....

[1]အုတ်စက်ရုံတွင် ခေတ်မီစက်များ တပ်ဆင်ထားသော်လည်း ရရှိသော ကုန်ကြမ်းမြေအမျိုးအစား၊ ရေမြေ ရာသီဥတု စသည်တို့နှင့် များစွာကိုက်ညီမှုမရှိချေ။ အသုံးပြုသောနည်းစနစ်မှာလည်း အခြောက်ထုတ်လုပ်မှုစနစ် Dry Process ဖြစ်၍ လိုအပ်သောမြေ အမျိုး

၁။ အုတ်စက်ရုံအမှတ် (၁) ဒညင်းကုန်း စက်မှုလုပ်ငန်းသမိုင်း။ စာ ၁၂၁-၂၃

အသားကို သိုလှောင်ထားရန် ဂိုဒေါင်များလိုလေသည်။ ထို့ပြင် စက်ရုံတွင် တပ်ဆင်ထားသော မြေကြီးဖြန့်ညီစက် (Even Clay Feeder)၊ အခြောက်လှန်းဖို (Rotary Dryer)၊ မြေကြိတ်စက် (Dry Grinding Pan) တို့သည် ပုံမှန်အတိုင်း ပုံမှန်လည်ပတ်နိုင်ခြင်း မရှိချေ။ အုတ်စက်ရုံမှ ထုတ်လုပ်နိုင်မှုသည် ပုဂ္ဂလိက လုပ်ငန်းများနှင့် အစိုးရဌာနများမှ တောင်းခံချက်ကို ပြည့်လုံလောက်အောင် ထုတ်ပေးနိုင်ရန် မရှိချေ။ ထို့ကြောင့် ၁၉၆၁ ခုနှစ်တွင် အုတ်ကြွပ်နှင့် အုတ်စက်အဖွဲ့သည် ဒေသမီးဖုတ်စက်တစ်လုံး ထပ်မံတည်ဆောက်ရန် စီမံကိန်း ရေးဆွဲ၍ အကောင်အထည်ဖော်ရန် စတင်ဆောင်ရွက်သည်။[1] ထုတ်လုပ်နည်းစနစ်ကိုလည်း အစိုထုတ်လုပ်နည်း (Wet Process) သို့ပြောင်းလဲ လုပ်ကိုင်ရန် စီစဉ်ခဲ့သည်။

ဆိုရှယ်လစ်ပါတီ ညီလာခံ (၁၉၇၇) မှ ချမှတ်သော စီးပွားရေး ၂ နှစ် စီမံကိန်း စက်မှုလက်မှုကဏ္ဍ သတ်မှတ်ချက်အရ စတင်အကောင်အထည်ဖော် တည်ဆောက်သော အစိုးရ အုတ်နှင့်အုတ်ကြွပ်စက်သည် ပြန်လည် ထူထောင်ရေး လုပ်ငန်းများတွင် လိုအပ်သောဆောက်လုပ်ရေးဆိုင်ရာ အုတ်နှင့် အုတ်ကြွပ်များကို ထုတ်လုပ်ပေးနိုင်ခဲ့သည်။ အုတ်ကြွပ်များကို ရှေးအခါက နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရသည်။ အုတ်ကြွပ်စက်သည် ထိုနိုင်ငံခြားငွေယိုပေါက်ကို ပိတ်ဆို့နိုင်ခဲ့သည်။ စက်ရုံ တည်ဆောက်ခြင်း၏ ရည်ရွယ်ချက် အောင်မြင်သည်ဟု ဆိုရပေမည်။ စက်ရုံမှ ထုတ်လုပ်သော အုတ်ကြွပ်များသည် ကမ္ဘာ့ အဆင့်အတန်းကို မီသည်သာမက အိန္ဒိယနိုင်ငံမှ တင်သွင်းသော အုတ်ကြွပ်များထက် အဆင့်အတန်းမြင့်သည်။ ဈေးနှုန်းမှာလည်း အိန္ဒိယ အုတ်ကြွပ် ဈေး၏ သုံးပုံ တစ်ပုံနှုန်းသာ ရှိသည်။[2] သို့သော် စက်ရုံထွက် အုတ်ကြွပ်များမှာ အရောင်းရ မတွင်ကျယ်ချေ။ နိုင်ငံတော် စီးပွားရေးလုပ်ငန်းနှင့်စက်ရုံ အလုပ်ရုံ တည်ဆောက်ရာတွင် အုတ်ကြွပ်စက်မှ ထုတ်လုပ်သော အုတ်များကို အသုံးပြုသော်လည်း အုတ်ကြွပ်ကို အလေးထား သုံးစွဲခြင်း မပြုခဲ့ချေ။ ထိုစဉ်ကဆောက်လုပ်ရေးတွင် အုတ်ကြွပ်အစား မိုးခံ အမိုးပြားနှင့် သွပ်တို့က ပိုမိုနေရာ ယူလာသည်။ ပိုမိုတွင်ကျယ်ခေတ်စားလာသည်။ အုတ်ကြွပ်ကို အသုံးပြုရာတွင် သစ်ကို ပိုမို သုံးစွဲရသဖြင့် သစ်ရရှိမှု ခက်ခဲခြင်းကြောင့် အုတ်ကြွပ်ကို အသုံးမရှိသလောက် ဖြစ်လာသည်။ ထို့ကြောင့် အစိုးရ အုတ်နှင့် အုတ်ကြွပ်စက်သည် နိုင်ငံတော်က လိုအပ်သော အုတ်များကို ပိုမိုထုတ်လုပ်နိုင်ရန် ကြိုးပမ်းသျက် အုတ်ကြွပ် လုပ်ငန်းကို ၁၉၈၂ ခုနှစ် နောက်ပိုင်းတွင် ခေတ္တ ရပ်ဆိုင်းထားခဲ့လေသည်။

၁။ အုတ်စက်ရုံအမှတ် (၁) ဒညင်းကုန်း စက်မှုလုပ်ငန်းသမိုင်း၊ စာ ၅၅

၂။ အုတ်စက်ရုံအမှတ် (၁) ဒညင်းကုန်း စက်မှုလုပ်ငန်းသမိုင်း၊ စာ ၃၆

၃။ ပြည်ရေးရွာမှု၊ စာ ၃၁၃

ဒုတိယကမ္ဘာစစ်ကြီး၌ ပါဝင်ဆင်နွှဲခဲ့သော နိုင်ငံများအားဖြင့် စစ်ဘက် ကြောင့် ဆေးဝါးကြီးများ ... ဆေးဝါးများ ရှားပါးမှုကြောင့် သေဆုံးရသူ အများ အပြားသည့် ... ကြောင့် ... ကျိုးကြောင်းများနှင့် ဂဝ်ရောဂါ များကို ... ဆေးဝါးများ အချိန်မီ မရရှိ၍ ... ရရှိပါကလည်း လုံလောက်မှု မရှိသဖြင့် ... အများအပြား သေဆုံးခဲ့ကြရသည်။ ဤခါးသီးသော အတွေ့အကြုံများကြောင့် ... မြန်မာနိုင်ငံတွင် ဆေးဝါးထုတ်လုပ်ရေး စက်ရုံတည်ဆောက် ရန် ... ပေါ်ပေါက်ခဲ့သည်။

ဆေးအခါက ဆေးဝါးများကို ပြည်ပမှ သင်းသွင်းရသော ဆေးဝါး ထုတ်လုပ်ရေး စက်ရုံကို ... ထုတ်လုပ်နိုင်ပါက နိုင်ငံခြားငွေ သုံးစွဲမှုကို ကာကွယ်နိုင်ပြီး ပြည်တွင်း မှရသော ... ကုန်ကြမ်းပစ္စည်းများကိုပါ အသုံးချနိုင်မည်၊ ... အကျိုးကျေးဇူးများ ဖြစ်ထွန်းနိုင်မည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော် ပြန်လည်ထူထောင်ရေးအတွက် ၁၉၅၂ ခုနှစ် ဩဂုတ်လအတွင်း ကျင်းပသော ပထမ ပြည်တော်သာညီလာခံမှ ချမှတ်သည့် ပြည်တော်သာ စီမံကိန်းကြီး ၁၀ ခုတွင် ဆေးနှင့် ကျန်းမာရေး စီမံကိန်းများဆိုင်ရာ ဇီဝဗေဒ အာဟာရဓာတ်ဆေးပြား များနှင့် အခြားသို့အပ်သော ဆေးဝါးများကို ဖော်စပ်ထုတ်လုပ်ရန် ဆေးဝါးထုတ်လုပ်ရေး စက်ရုံ တည်ဆောက်ရေးကို ဦးစားပေးအဖြစ်ဖြင့် သတ်မှတ်ခဲ့သည်။

ဆေးဝါးထုတ်လုပ်ရေးစက်ရုံကို အမေရိကန် ကျွမ်းကျင်မှု ပူးပေါင်း ထောက်ပံ့ရေး (Technical Cooperation Assistance) အကူအညီဖြင့် တည်ဆောက်ရန် ပထမ လျာထားခဲ့သည်။ ၁၉၅၂ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ ကျွမ်းကျင်မှု ထောက်ပံ့ရေး ကော်မတီ ဥက္ကဋ္ဌ ဦးလှမောင်နှင့် အမေရိကန် ပြည်ထောင်စု ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး ဒါရိုက်တာတို့ ချုပ်ဆိုကြသော စီမံကိန်း သဘောတူညီချက် အမှတ် ၈၀ အရ၊ သင်္ဃန်းကျွန်း၌ ဆေးဝါးထုတ်လုပ်ရေး စက်ရုံတည် ဆောက်ရန် သဘောတူညီကြသည်။ သို့သော် ထိုသဘောတူညီချက် အမှတ် ၈၀ သည် တီစီအေ (Technical Cooperation Assistance) ကျွမ်းကျင်မှု ထောက်ပံ့ရေး အစီအစဉ်တစ်ရပ် ဖြစ်လေရာ တရုတ်ဖြူ အရေးအခင်းကြောင့် တီစီအေ အထောက်အပံ့ကို မြန်မာနိုင်ငံတော် အစိုးရက လက်ခံခြင်း မပြုတော့ဘဲ ၁၉၅၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် သဘောတူညီချက်ကို ရပ်ဆိုင်းလိုက်သည်။

ပြည်တော်သာ ညီလာခံမှ ဦးစားပေး စီမံကိန်း ၁၀ ခုကို အကောင်အထည်ဖော်ရန် ထောက်ခံ တင်ပြသည့်အတိုင်း နိုင်ငံတော် အစိုးရသည် ၁၉၅၃ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင်

အနောက်တိုင်းဆေးဝါးများအတွက် ကုန်ကြမ်းများမှာ ကျပ်သိန်းပေါင်း ၄၀၀ ကျော်နှင့် စက်ပစ္စည်း ကိရိယာ အစိတ်အပိုင်းများအတွက် ကျပ်သိန်းပေါင်း ၁၇၅ ကျော်ကုန်ကျခဲ့ပြီး ယင်းကုန်ကျစရိတ်အားလုံးကို အသုံးခံပစ္စည်းများ ရောင်းချရေးအဖွဲ့မှ ကုန်ကျခံသည်။

ယင်းဆေးဝါး ထုတ်လုပ်ရေးဌာနမှ ဆေးဝါးအမျိုးပေါင်း ၄၀ မျိုးကို ထုတ်လုပ်နိုင်ခဲ့ပြီး ထိုဆေးဝါးများတွင် ဆေးသီး၊ ဆေးရည်၊ ဆေးမှုန့်၊ လူးဆေး၊ ထိုးဆေး၊ အရောင်တင်ဆေးနှင့် တင်ချော သောက်ဆေးဝါးများ ပါဝင်သည်။[၁]

ပါဏဗေဒဌာနမှလည်း ကျောက်ရောဂါ၊ ဝမ်းရောဂါ၊ ခွေးရူးရောဂါအစရှိသည့်ကာကွယ်ဆေးများကို ၁၉၅၇ ခုနှစ်တွင် စတင်ထုတ်လုပ်ပြီး ထိုနှစ်မှာပင် အရက်ပြန်ချက်စက်ရုံမှ နှစ်စဉ် အရက်ပြန်ဂါလံ ၂၀၀၀ မှ ၂၂၀၀၊ တဆေးထုတ်လုပ်သည့် စက်ရုံမှ နှစ်စဉ်တဆေး အလေးချိန် တန်ဝက်ခန့်နှင့် ယီ(စ်) ဆေးပြား တစ်သန်းထုတ်လုပ်နိုင်ခဲ့သည်။[၂]

အိုင်နီးဆေးဝါး ထောက်ပံ့ရေးလီမိတက်နှင့် မြန်မာအစိုးရတို့၏ သဘောတူညီချက်အရ ပဿမပိုင်းတွင် ကျွမ်းကျင်သူများနှင့် အလုပ်တန်းအုပ်ချုပ်ရေး အရာရှိများကို နိုင်ငံခြားသား များအား ခန့်ထားခဲ့သည်။ တစ်ချိန်တည်းမှာပင် အဆိုပါနိုင်ငံခြားသားများနေရာ၌ မြန်မာ တိုင်းရင်းသား ကျွမ်းကျင်သူများ အစားထိုးခန့်ထားနိုင်ရန်အတွက် တိုင်းရင်းသား ဝန်ထမ်း အချို့အား နိုင်ငံခြားသို့ ပညာသင်စေလွှတ်သည်။ ဆေးဝါး၊ အရက်ပြန်၊ တဆေး၊ ပါဏဗေဒ အမျိုးအစား ကြီးကြပ်စစ်ဆေးရေးဆိုင်ရာ ပညာရပ်များ သင်ကြားရန်အတွက် အင်္ဂလန်နှင့် ဩစတြေးလျ နိုင်ငံများသို့လည်း ပညာသင်စေလွှတ်ခဲ့သည်။

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံမှ ဆေးဝါးများ ဆက်လက်ထုတ်လုပ်ခဲ့ရာမှ ၁၉၅၉ ခုနှစ်တွင် အိုင်နီး ဆေးဝါးထောက်ပံ့ရေး လီမိတက်နှင့် မြန်မာအစိုးရတို့ ချုပ်ဆိုခဲ့သည့် စာချုပ်ကို မလွှဲမရှောင်သာ ရပ်စဲရန်အကြောင်းများ ပေါ်ပေါက်လာသည်။ အဓိကအကြောင်း ရင်းများမှာ စက်ရုံ၏ အုပ်ချုပ်မှု စရိတ်စကများ ကြီးမြင့်လွန်းခြင်း၊ စီမံအုပ်ချုပ်မှုတွင် ကောင်းမွန်မှုမရှိခြင်း၊ စက်ရုံကိစ္စကို အကြောင်းပြကာ နိုင်ငံခြားသား ဝန်ထမ်းများ၏ ပြည်ပ ခရီးသွားစရိတ် များပြားခြင်း၊ နှစ်စဉ် အရှုံးပေါ်ခြင်း၊ မြန်မာတိုင်းရင်းသား ဝန်ထမ်းများအား ပညာသင်ပေးရာတွင် အုပ်ချုပ်မှုပညာ၊ ပစ္စည်းဝယ်ယူမှုပညာ၊ အင်ဂျင်နီယာပညာ၊ ဆေးဝါး ထုတ်လုပ်ရေးပညာ အစရှိသည့် အဓိက ပညာရပ်များကို စနစ်တကျ သင်ကြားပြသမှုမပြုဘဲ ဆဲဆိုစားချန်ခြင်း၊ ပညာထိန်ဝှက်ခြင်း ၊ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးနည်းပြီး အရောင်းရ

၁။ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၁

၂။ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၁

မတွင်ကျယ်သည့် ဆေးဝါးများကို ရင်းလိုအကျိုးစီးပွားအတွက်ကိုသာကြည့်၍ ထုတ်လုပ်ခဲ့ခြင်း၊ နိုင်ငံခြားမှ ကုန်ကြမ်းများ ဝယ်ယူရသည့်အခါ အပြည်ပြည်ဆိုင်ရာ ပေါက်ဈေးနှုန်းများထက် ပိုမိုများပြားစွာပေး၍ ဝယ်ယူခဲ့ခြင်း၊ ရင်းတို့၏ တစ်ဖက်စီးနင်းအကျိုးကိုကြည့်ပြီး ဆေးဝါးများကို ပြည်ပသို့ တင်ပို့ရောင်းချရန် ရှင်းမပြုခြင်းတို့ဖြစ်သည်။ အစစအရာရာ ကျေနပ်ဖွယ် မရှိခြင်းနှင့် အခြားမသိသာသေးသော အကြောင်းရင်းများလည်း ရှိခဲ့သည်။

ယင်းသို့သော အခြေအနေများ ပေါ်ပေါက်နေစဉ် ဗိုလ်ချုပ်ကြီးနေဝင်း ဦးစီးသော အိမ်စောင့်အစိုးရ တက်လာသည်။ အစိုးရမှ သစ်တစ်ခု ဖွဲ့စည်းပြီး ဗိုလ်မှူးကြီး စည်သူ ... အား အမှုဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်စေခဲ့သည်။ ထိုအဖွဲ့၏ ၁၉၅၉ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် အစည်းအဝေးတွင် အီဗန်း ဆေးဝါးထောက်ပံ့ရေး လီမိတက်နှင့် စာချုပ်ပျက်သိမ်းရန် ဆွေးနွေးခဲ့ကြသည်။ အဖွဲ့မှ အီဗန်း ဆေးဝါးထောက်ပံ့ရေး လီမိတက်၏ ဥက္ကဋ္ဌ ဖြစ်သူ မစ္စတာ ဖာဂူဆင် (Fergussor) အား လာရောက် ဆွေးနွေးရန် ဖိတ်ကြားခဲ့သော်လည်း လာရောက်ခြင်းမရှိခဲ့ပေ။ သို့ဖြစ်ပါ၍ ဗိုလ်ချုပ်ကြီးနေဝင်း ဦးစီးသော အိမ်စောင့်အစိုးရလက်ထက် တိုင်းပြည်လူထုအကျိုးနှင့် ဆေးဝါးထုတ်လုပ်ရေး စက်ရုံ၏ အကျိုးကို ရှေးရှုပြီး မလွှဲမရှောင်သာ၍ စာချုပ်သက်တမ်း ၇ နှစ်မပြည့်မီ တစ်နှစ်ရှစ်လနှင့် ရက်နှစ်ဆယ်အလို ၁၉၅၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် မြန်မာအစိုးရနှင့် အီဗန်း ဆေးဝါးထောက်ပံ့ရေး လီမိတက်တို့ ချုပ်ဆိုခဲ့သည့်စာချုပ်ကို တရားဝင် ရပ်စဲခဲ့သည်။[1] အီဗန်း ဆေးဝါးထောက်ပံ့ရေး လီမိတက်နှင့် စာချုပ်ရပ်စဲပြီး မြန်မာတိုင်းရင်းသားများက စီမံအုပ်ချုပ် လုပ်ကိုင်လာခဲ့ကြရာ စီမံအုပ်ချုပ်မှု ထုတ်လုပ်မှုနှင့် ရောင်းချမှုများတွင် သိသိသာသာ ပြောင်းလဲတိုးတက်လာခဲ့သည်။

နိုင်ငံခြားသားများ အုပ်ချုပ်စဉ်က စက်ရုံအတွက်လိုအပ်သော ကုန်ကြမ်းများကို အီဗန်း ဆေးဝါးထောက်ပံ့ရေး လီမိတက်မှတစ်ဆင့် ကမ္ဘာ့ပေါက်ဈေးနှုန်းထက် ပိုမိုပေး၍ ဝယ်ယူခဲ့သည်ကို တိုင်းရင်းသားများ စီမံအုပ်ချုပ်ချိန်မှစ၍ ကမ္ဘာ့ဈေးကွက်မှ တိုက်ရိုက်ဝယ်ယူခဲ့ခြင်းဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ခဲ့၍ ငွေပေါင်းမြောက်မြားစွာ သက်သာခဲ့သည်။

အီဗန်း ဆေးဝါးထောက်ပံ့ရေး လီမိတက်၏အုပ်ချုပ်မှုအောက်တွင် ဆေးဝါးအမျိုးပေါင်း ၃၀၀ ကျော်သာ ထုတ်လုပ်နိုင်ခဲ့ရာမှ မြန်မာတိုင်းရင်းသားများ တာဝန်ယူလုပ်ကိုင်ခဲ့သည့်ကာလတွင် ဆေးဝါးအမျိုးပေါင်း ၅၄၀ ခန့်အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပြီး ရောင်းချမှု အခြေအနေမှာလည်း တစ်စတစ်စ တိုးတက်များပြားလာခဲ့သည်။[2]

၁။ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၆

၂။ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ စက်မှုလုပ်ငန်းသမိုင်း၊ စာ ၁၇

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်ဟူသော အတိုအမိန့်ကို ခံယူသဖြင့် မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းသည် ရောဂါကာကွယ်ရေးဆေး ထုတ်လုပ်ဖြန့်ဖြူးခြင်းကို ၁၉၅၁ ခု နောက်ပိုင်းတွင် သုံးဆနီးပါးခန့် ပိုမိုလုပ်ဆောင်လာသည်။ ၁၉၅၇-၅၈ ခုနှစ်တွင် ကျောက်၊ ပလိပ်၊ ဝမ်းရောဂါ၊ ဘူဆောင်ရောဂါ၊ မေးခိုင်ရောဂါ၊ ကြက်ညှာရောဂါ ကာကွယ်ရေးဆေးများ ကျပ် ၃၁၃၁၁၁ ဖိုး ဖြန့်ဖြူးရောင်းချသည်။ ၁၉၅၈-၅၉ ခုနှစ်တွင်မူ ရောင်းရငွေတန်ဖိုးမှာ ငွေကျပ် ၁၁၃၇၆၃၈ အထိ တိုးတက်ခဲ့သည်။[၁] ထိုးဆေးဌာန၏ ထိုးဆေး (Antibiotic) နှင့် ထိုးဆေးရည် နှစ်ခုထုတ်လုပ်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။[၂]

ထိုးဆေး (Antibiotic)			ထိုးဆေးဖန်ပြွန်အရေအတွက်
၁၉၆၀-၆၁	....	....	၁၅·၂၅ သိန်း
၁၉၆၁-၆၂	....	....	၂၇·၀၀ သိန်း

ထိုးဆေးရည်			ထိုးဆေးဖန်ပြွန်အရေအတွက်
၁၉၅၆-၅၇	....	....	၁၂·၇၄ သိန်း
၁၉၅၇-၅၈	....	....	၄၄·၁၉ သိန်း
၁၉၅၈-၅၉	....	....	၇၀·၀၇ သိန်း
၁၉၅၉-၆၀	....	....	၁၂၀·၅၄ သိန်း
၁၉၆၀-၆၁	....	....	၁၃၂·၁၇ သိန်း
၁၉၆၁-၆၂	....	....	၁၇၇·၅ သိန်း

မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း ပါဏဗေဒဌာနမှလည်း ၁၉၆၀-၆၁ ခုနှစ်တွင် ကာကွယ်ရေးဆေးနှင့် ကုသရေးဆေး ၄၆၉၁၀၂၅ ဖော်စပ်၍ ၁၉၆၁-၆၂ ခုနှစ်တွင် ၅၀၁၉၂၂၈ ဖော်စပ်သည်။ အရက်ပြန်ဌာနမှ ဆေးဝါးသုံးအရက်ပြန်နှင့် ၁၉၅၉ ခုနှစ်မှစ၍ အရက်ဖြူလည်း ထုတ်လုပ်သည်။ အရက်ပြန်နှင့် အရက်ဖြူထုတ်လုပ်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။[၃]

၁။ ပြည်ရေးရှုမှု၊ စာ ၂၉၅
၂။ ပြည်သူ့ဘီပီအိုင်၊ စာ ၄၂-၄၃
၃။ ပြည်သူ့ဘီပီအိုင်၊ စာ ၄၄-၄၇

		အရက်ပြန် ဂါလန်	အရက်ဖြူ ဂါလန်
၁၉၅၇ - ၅၈	....	၃၁၈၅၉၀	....
၁၉၅၈ - ၅၉	....	၄၈၉၈၅၂	....
၁၉၅၉ - ၆၀	....	၅၇၇၅၉၉	၂၁၅၉၂၁
၁၉၆၀ - ၆၁	....	၅၈၉၆၉၈	၃၂၉၇၂၀
၁၉၆၁ - ၆၂	....	၅၃၁၆၁၆	၃၁၅၃၈၇

ပြည်တွင်းဖူလုံရေးကို ရှေးရှု၍ ဆေးဝါးအမျိုးမျိုး ထုတ်လုပ်ရာ၌ ပြည်တွင်းမှ ရရှိသော ကုန်ကြမ်းများနှင့်အတူ ပြည်ပမှ ဝယ်ယူရသော ကုန်ကြမ်းများကိုလည်း အသုံးပြုရသည်။ ထို့ပြင် ဆေးများ၊ ဆေးရည်များ ထည့်သွင်းရန် ဘူးများ၊ ပုလင်းများကိုလည်း ပြည်ပမှပင် ဝယ်ယူအသုံးပြုရသည်။ ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်သော ဆေးအမျိုးပေါင်း ၄၅၀ ခန့်အနက် အမျိုး ၂၀ ကျော်သည် ပြည်တွင်းထွက် ကုန်ကြမ်းကို စက်ရုံတွင် ကုန်ချောအဖြစ် ပြောင်းလဲ ထုတ်လုပ်သည့် ဆေးများဖြစ်သည်။ ဆေး ၂ မျိုးမှာ ပြည်တွင်းထွက် ပစ္စည်းများကို ဘူးသွင်း၊ ပုလင်းသွင်း၍ ဖြန့်ဖြူးခြင်းဖြစ်သည်။ ဆေးအမျိုးပေါင်း သုံးရာခန့်မှာ နိုင်ငံခြားမှ မှာယူသော ကုန်ကြမ်း ဓာတုဗေဒပစ္စည်းများကို စက်ရုံတွင် ကုန်ချောဖြစ်အောင် လုပ်သော ဆေးများဖြစ်သည်။ ပြည်ပမှ မှာယူသော ပစ္စည်းများကို စက်ရုံတွင် ဘူးသွင်း၊ ပုလင်းသွင်းရုံမျှသာ ပြုလုပ်သောဆေးလည်း အမျိုးပေါင်း ၁၁၀ ခန့် ရှိသည်။[၁]

ဆေးဝါးလုပ်ငန်းစက်ရုံ၌ ဓာတ်ခွဲခန်းသည် ကုန်ကြမ်းများကို မဝယ်မီနှင့် ကုန်ချောများကို ထုတ်မရောင်းမီ ဓာတ်ခွဲစမ်းသပ်သည့် လုပ်ရိုးလုပ်စဉ် လုပ်ငန်းကိုလုပ်သည်။ အီဗန်းကုမ္ပဏီ၏ ကြီးကြပ်မှုအောက်တွင်ရှိစဉ်က ထိုမျှသာ လုပ်ပိုင်ခွင့်ရှိလေသည်။ အီဗန်းကုမ္ပဏီနှင့် စာချုပ်ရုပ်သိမ်းလိုက်ပြီးနောက် ဗိုလ်ချုပ်ကြီး၏ အိမ်စောင့် အစိုးရ လက်ထက်မှစ၍ စမ်းသပ် ဓာတ်ခွဲရှာဖွေမှုများလည်း လုပ်လာသည်။ ထိုသို့ ဓာတ်ခွဲစမ်းသပ်မှုဖြင့် ဘုမ္မရာဇာ အမြစ်မှ Rauwalfia ထုတ်ခြင်း၊ ဆေးရွက်၊ ဆေးမှုန့် အဖြုန်းများမှ နစ်ကိုတင်ထုတ်ခြင်း၊ ဘိန်းမှ မော်ဖိန်းထုတ်ခြင်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။ ဤသို့ဖြင့် ၆ ကုဋေကျော်တန် ဆေးဝါးလုပ်ငန်းစက်ရုံသည် ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ စုစုပေါင်း ကျပ် ၃၃၇၈၂၁၈ အရှုံးနှင့် လည်ပတ် ထုတ်လုပ်ခဲ့ရရာမှ နိုင်ငံခြား ကုမ္ပဏီနှင့် အဆက်ဖြတ်လိုက်သော ၁၉၅၉ ခုနှစ်တွင် ပထမဆုံးအကြိမ် အမြတ်ငွေရရှိခဲ့လေသည်။[၂]

၁။ မြည်ရေးရွှေမှူး၊ စာ ၂၉၃-၄
၂။ မြည်ရေးရွှေမှူး၊ စာ ၂၉၄-၂၉၇

စက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံ

ပြန်လည်ထူထောင်ရေးကာလ ပြည်တော်သာစက်မှုစီမံကိန်းဝင် စက်ရုံအမျိုးမျိုးတွင် စားကုန်၊ ဝတ်ကုန်၊ သုံးကုန်နှင့် ဆောက်လုပ်ရေးပစ္စည်း ထုတ်လုပ်သော စက်ရုံကြီးငယ်များ ပါဝင်သည်။ စက်ပစ္စည်း ကိရိယာများ ထုတ်လုပ်သော၊ ပြုပြင်သော စက်ရုံဟူ၍ မပါချေ။ စီမံကိန်းဝင် စက်ရုံကြီးငယ်များ၊ လုပ်ငန်းများတွင် လိုအပ်သမျှသောစက်များ၊ စက်ပစ္စည်း အစိတ်အပိုင်းများ၊ အရန်စက်ပစ္စည်းများကို ပြည်ပမှ ဝယ်ယူတင်သွင်းရသည်။

အစိုးရပိုင် စက်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံဟူ၍ သီးသန့် တည်ဆောက်ထားခြင်း မရှိသော်လည်း စက်အမျိုးမျိုး တပ်ဆင်ပြုပြင်သော စက်ပစ္စည်း ကိရိယာများ၊ အစိတ်အပိုင်းများ ထုတ်လုပ်သော ပုဂ္ဂလိက လုပ်ငန်းများရှိသည်။ အထူးသဖြင့် သံဂဟေဆက်လုပ်ငန်း၊ တွင်ခုံလုပ်ငန်းများ ထွန်းကားသည်။ နိုင်ငံခြား ကုမ္ပဏီများ၊ တိုင်းရင်းသား ကုမ္ပဏီများသည် စက်မှုလုပ်ငန်း အမည်ကို ခံယူကြသော်လည်း စက်တည်ထောင်ခြင်း၊ စက်ပစ္စည်းများ ထုတ်လုပ်ခြင်းကို ဆောင်ရွက်ကြခြင်း မဟုတ်ဘဲ စက်ကြီးစက်ငယ် အမျိုးမျိုးကို တင်သွင်းရောင်းချကြခြင်းသာဖြစ်သည်။ စက်မှုလုပ်ငန်းအမည်ကို မခံယူဘဲ စက်ဘီးမှသည် မော်တော်ကား အမျိုးမျိုးအထိပြင်သော စက်ပြင်ဆိုင်ငယ် (Work Shop) များကသာ အလိုရှိသော စက်ပစ္စည်း အစိတ်အပိုင်းများကိုလည်း ထုတ်လုပ်ကြသည်။ သစ်စက်၊ ဆန်စက်များအထိ ပြင်နိုင်ကြသည်။ မှုလီအမျိုးမျိုး ထုတ်လုပ်သော နယူးဘားမား မှုလီစက်အလုပ်ရုံ၊ Union Iron Fountdary၊ မော်တော်ကားတွင်သုံးသော ကာပရိုက်တာ ဂျက်ပင်များ ထုတ်လုပ်သော ကာပရိုက်ဘာ ဝိဇ္ဇာဒေါ် ဦးသောင်းမြိုင်၊ ဒေါ်ကျင်မေတို့၏ မော်တော်ကားနှင့် စက်ပစ္စည်း အမျိုးမျိုး လုပ်ငန်းဌာန စသည့်ပုဂ္ဂလိက လုပ်ငန်းများသည် စက်ပစ္စည်း ကိရိယာများ၊ အစိတ်အပိုင်းများ ထုတ်လုပ်သော လုပ်ငန်းများဖြစ်သည်။

မြန်မာနိုင်ငံ မီးရထားဌာနတွင် စက်ပစ္စည်း အလုပ်ရုံတစ်ခုရှိသည်။ အင်းစိန်ရှိ မီးရထား အလုပ်ရုံသည် မီးရထား စက်ခေါင်းများကို ပြုပြင်သည်။ လိုအပ်သော အချို့စက်ပစ္စည်း ကိရိယာများ၊ စက်အစိတ်အပိုင်းများကို ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရမှုကို တစ်စိတ်တစ်ဒေသ ကာကွယ်ပိတ်ဆို့နိုင်ပေသည်။

ပြည်တော်သာ စက်မှုစီမံကိန်းများ ချမှတ် အကောင်အထည်ဖော်စက စက်ပစ္စည်း ထုတ်လုပ်ပြုပြင်သည့် စက်ရုံတစ်ရုံကို ကချင်ပြည်နယ်အစိုးရက ၁၉၄၉ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ စက်ရုံမှာ ရည်မှန်းသကဲ့သို့ လုပ်ငန်း တွင်ကျယ်အောင်မြင်ခြင်း မရှိဘဲ ဖြစ်နေသဖြင့် ၁၉၅၄ ခု ဇူလိုင်လတွင် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက လွှဲပြောင်း လက်ခံယူလိုက်သည်။[၁] စက်ရုံတွင် ကချင်ပြည်နယ် အစိုးရလက်ထက်မှ စက်များ၊ စက်ပစ္စည်း

၁။ စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ စာ ၂၁

များ၊ ဂျပန်စစ်လျော်ကြေးဖြင့် စတာလကမှ ရယူသော စက်များ၊ စက်ပစ္စည်းများနှင့် တိုက်ရိုက်ဝယ်ယူသော စက်ပစ္စည်း ကိရိယာများရှိသည်။

စက်ပစ္စည်း ပြုပြင်ထုတ်လုပ်ရေး စက်ရုံသည် စတာလက အုပ်ချုပ်မှုအောက်သို့ ရောက်လာသောအခါ စတာလက စက်ရုံများအတွက် ပြုပြင် ပြင်ဆင်သည့် လုပ်ငန်းများကို ဆောင်ရွက်သည်။ အခြား အစိုးရဌာနများမှ သော်လည်းကောင်း၊ ပြင်ပမှ သော်လည်းကောင်း အလိုရှိသော လုပ်ငန်းအသေးစားများကိုလည်း လုပ်ဆောင်သည်။

စက်ပစ္စည်းပြုပြင်ထုတ်လုပ်ရေးစက်ရုံသည် စတာလက လက်အောက်တွင် ၁၉၅၈ ခုနှစ်ကာ၌ ပုံမှန်သည်ယက်ခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရ လက်ထက်တွင် စက်ရုံကြီးကို စိစစ်ကြည့်ရှုရာ စီးပွားရေးအားဖြင့် အကျိုးဖြစ်ထွန်းနိုင်သော လုပ်ငန်းမဟုတ်ဘဲ လုပ်ငန်းငယ်များကို တီထွင်လုပ်ကိုင်နေသည့် စက်ရုံသာ ဖြစ်နေကြောင်း တွေ့ရသည်။ ထို့ကြောင့် စီးပွားရေးအရ ရေနံဆီ မီးဖိုများကို ၁၉၅၈ ခုနှစ်မှစတင် ထုတ်လုပ်စေခဲ့သည်။ အစိုးရ ဌာနများမှ အလိုရှိသော ပစ္စည်းများ၊ သံထည်များ ထုတ်လုပ်ခြင်းကိုလည်း တိုးတက်ဆောင်ရွက်စေသည်။[၁]

ကချင်ပြည်နယ် အစိုးရထံမှ လွှဲပြောင်းလက်ခံယူစက စက်ရုံကို မရမ်းကုန်းတွင် တည်ထားခဲ့သည်။ စက်ရုံ တည်နေရာမှာ ကျဉ်းမြောင်းသောကြောင့် ၁၉၆၀ ပြည့်နှစ် ဇန်နဝါရီလတွင် သမိုင်းချည်မျှင်နှင့် အထည်စက်ရုံနောက်ရှိ မြေနေရာသို့ ရွှေ့ပြောင်း ဆောက်လုပ်ရာ ထိုနှစ် ဇူလိုင်လတွင် ဆောက်လုပ် ပြီးစီး၍ ၁၉၆၁ ခု ဧပြီလတွင် စက်ရုံနေရာအသစ်မှ စက်စတင် လည်ပတ် ထုတ်လုပ်သည်။

စက်ပစ္စည်း ပြုပြင်ထုတ်လုပ်ရေး စက်ရုံကို တည်ဆောက်ရာ၌ မြေ၊ အဆောက်အအုံ၊ စက်ပစ္စည်း ကိရိယာ စသည်တို့အတွက် မတည်ရင်းနှီးငွေ ကျပ် ၁၈·၈၈ သိန်း ကုန်ကျသည်။ ၁၉၅၈ ခုနှစ်မှစ၍ ရေနံဆီမီးဖိုများကို အောက်ပါအတိုင်း ထုတ်လုပ်ရောင်းချခဲ့သည်။[၂]

၁၉၅၈-၅၉	.... မီးဖို	.... ၃၃၃၁ လုံး
၁၉၅၉-၆၀	.... မီးဖို	.... ၇၄၀၂ လုံး
၁၉၆၀-၆၁	.... မီးဖို	.... ၃၉၄၀ လုံး
၁၉၆၁-၆၂	.... မီးဖို	.... ၁၇၈၃၃ လုံး
၁၉၆၂-၆၃	.... မီးဖို	.... ၂၇၉၆ လုံး

၁။ ပြည်ရေးရွာမှု၊ စာ ၂၈၁-၈၂
၂။ စက်ပစ္စည်းစက်ရုံအမှတ် (၁)

စတာလက ထုတ် ရေနံဆီ မီးဖိုများသည် ပြည်တွင်းဈေးကွက်တွင် ပုဂ္ဂလိက လုပ်ငန်းများမှ ထုတ်လုပ်သော ရေနံဆီ မီးဖိုများနှင့် အပြိုင်ဖြစ်နေခဲ့သည်။ ပုဂ္ဂလိက ရေနံဆီမီးဖိုများမှာ မီးစာတိုင်များဖြင့် တည်ဆောက်ထား၍ ချည်ကို မီးစာအဖြစ် သုံးရသည်။ စတာလက မီးဖိုများက Asbestos Wick မီးစာကို သုံးသည်။ ပုဂ္ဂလိက မီးဖိုတွင် မီးစာတိုင်များသည် ရေနံဆီအိုးနှင့် တိုက်ရိုက် ဆက်သွယ်နေ၍ မီးဘေးအန္တရာယ် စိုးရိမ်ရသည်။ စတာလက ရေနံဆီ မီးဖိုများကို ပြည်သူလူထုက ပိုမို ကြိုက်နှစ်သက်ကြသည်။

စက်ရုံအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများကို တင်ဒါခေါ်ယူ၍ လည်းကောင်း၊ ဂျပန်ဒစ်လျော်ကြေးဖြင့် လည်းကောင်း ရယူသည်။ ပြည်တွင်းမှ ရနိုင်သော ကုန်ကြမ်းများကို ပြည်တွင်းမှ တတ်နိုင်သမျှ ဝယ်ယူသည်။ အများဆုံး အသုံးပြုသော ကုန်ကြမ်းများမှာ M. S. Sheet အရွယ်အစား အမျိုးမျိုး၊ သုတ်ဆေး (Enamel Paint) အမျိုးမျိုး၊ Glassomax အမျိုးမျိုး၊ Asbestos Wick, Cast Iron Scrap, Petroleum Coke and Hard Coke စသည်တို့ဖြစ်သည်။ ၁၉၆၁-၆၂ ခုနှစ်က ဖော်ပြပါ ကုန်ကြမ်းပစ္စည်းအမျိုးမျိုး ငွေကျပ် ၂၆၃၇၇ ဖိုး ဝယ်ယူခဲ့သည်။

စက်ရုံမှ ကုန်ထုတ်လုပ်မှုသည် ၁၉၅၈-၅၉ ခုနှစ်တွင် ၁၄·၇၃၃ သိန်းဖိုး၊ ၁၉၅၉-၆၀ ခုနှစ်တွင် ၁၄·၂၇၂ သိန်းဖိုး၊ ၁၉၆၀-၆၁ ခုနှစ်တွင် ၁၄·၁၃၉ သိန်းဖိုး၊ ၁၉၆၁-၆၂ ခုနှစ်တွင် ကျပ် ၁၇·၂၀၀ သိန်းဖိုး၊ ၁၉၆၂-၆၃ ခုနှစ်တွင် ကျပ် ၂၁·၃၆၁ သိန်းဖိုး ရှိသည်။ ထိုသို့ ကုန်ထုတ်လုပ်ခဲ့ရာ၌ ၁၉၅၈-၅၉ ခုနှစ်တွင် ငွေကျပ် ၀·၁၂၉ သိန်း ရှုံးသည်။ ၁၉၅၉-၆၀ ခုနှစ်တွင်မူ ကျပ် ၀·၀၆၃ သိန်း အမြတ်ပေါ်၍ ၁၉၆၀-၆၁ ခုနှစ်တွင် ကျပ် ၁·၀၇၂ သိန်း ရှုံးပြန်သည်။ ၁၉၆၁-၆၂ ခုနှစ်တွင်မူ ကျပ် ၁·၂၂၀ သိန်း အမြတ်ရရှိသည်။

စက်ပစ္စည်းထုတ်လုပ်ရေး စက်ရုံသည် စတာလက လက်အောက်သို့ ရောက်ရှိပြီးနောက် ၁၉၅၈-၅၉ ခုနှစ်မှစ၍ အကျိုးအမြတ် ရှိမည့်လုပ်ငန်းများကို ပိုမို ထုတ်လုပ်လာနိုင်သည်။ ရေနံဆီမီးဖို လုပ်ငန်းမှာ ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် ခေတ္တ ရပ်ဆိုင်းသွားသည်။ အစိုးရဌာနများမှ လိုအပ်သော ပစ္စည်းများ၊ သံဗီရိုများ ထုတ်လုပ်ရေး ပိုမိုတွင်ကျယ်စွာ လုပ်နိုင်သည့်အပြင် စတာလက စက်ရုံများအတွက်လည်း စက်ပစ္စည်းကိရိယာများပြုပြင်ခြင်း၊ထုတ်လုပ်ခြင်းကို အောင်မြင်စွာ လုပ်ကိုင်ပေးခဲ့သည်။

အခန်း ၆

ပြည်ပငွေကြေးနှင့် ပညာရှင်အကူအညီ

အနောက်နိုင်ငံများ

စစ်ပြီးကာလ မြန်မာနိုင်ငံကို ပြန်လည်ထူထောင်ရန်နှင့် ခေတ်သစ် မြန်မာပြည်တော်သာသို့ ချီတက်ရန်အတွက် ငွေအား၊ အတတ်ပညာရှင်အား များစွာလိုသည်။ မြန်မာနိုင်ငံသည် ထိုသို့အပ်ချက်များကို အမေရိကန် အပါအဝင် ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများ၏အကူအညီဖြင့် ဖြည့်ဆည်းဆောင်ရွက်သည်။

ပထမဆုံးရယူသော ပြည်ပ အကူအညီမှာ အမေရိကန် စီးပွားပူးပေါင်းရေး သဘောတူညီချက် (အီးစီအေ)[1] ဖြင့် ရယူသော ငွေကြေး အကူအညီဖြစ်သည်။ အီးစီအေသည် ၁၉၄၈ ခု ဧပြီလ ၃ ရက်နေ့တွင် ချုပ်ဆိုသော မူဝါဒတစ်ရပ်ဖြစ်သည်။ ၎င်းကို ၁၉၅၁ ခု Mutual Security အက်ဥပဒေဖြင့် အစားထိုးခဲ့သည်။ ထို့ကြောင့် ၁၉၅၂ ခုနှစ်တွင် အီးစီအေကို MSA[2] ဟု ပြောင်းလဲခေါ်တွင်၍ ၁၉၅၃ ခုနှစ်တွင်မူ TCA[3] ဟု ခေါ်တွင်သည်။[4] ထိုသို့အသက် အသွင်အပြင် အဖွဲ့အစည်းတွင် အစားထိုး ပြောင်းလဲချက် ရှိသော်လည်း အမေရိကန် အစိုးရသည် အီးစီအေ သဘောတူညီချက်တွင် မူလလျာထားသတ်မှတ်ခဲ့သည့် အစီအစဉ်အတိုင်း မြန်မာနိုင်ငံကို ၁၉၅၀ မှ ၁၉၅၃ ခုနှစ်အတွင်း ထောက်ပံ့ငွေ ဒေါ်လာ သန်း ၂၀ ကျော် ဆက်လက်ကူညီသည်။

၁။ Economic Cooperation Agreement (ECA)

၂။ Mutual Security Agency (MSA)

၃။ Technical Cooperation Agency (TCA)

၄။ American Aid to Burma 1950-53, *Burma*, vol. 4. No. 3, April 1954, p. 36

မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် စီးပွားရေးစီမံကိန်းများ ရေးဆွဲခြင်း၊ လေ့လာရေးများ ပြုလုပ်ခြင်း၊ စာရင်းဇယား ပြုစုခြင်းတို့ကို အိုင်စီအေ အကူအညီဖြင့် အကောင်အထည်ဖော်သည်။ စီးပွားရေး ရှစ်နှစ် စီမံကိန်း ရေးဆွဲရန် လိုအပ်သော လုပ်ငန်းအရပ်ရပ်အတွက် အမေရိကန် အင်ဂျင်နီယာများနှင့် စီးပွားရေး ပါရဂူများ ဖြစ်သော ကေတီအေအဖွဲ့ကို ၂ နှစ်ကန်ထရိုက်ဖြင့် ငှားယူရာတွင်လည်း အိုင်စီအေ အကူအညီကိုပင် အသုံးပြုခဲ့သည်။ အိုင်စီအေ အကူအညီ ဒေါ်လာ သန်း ၂၀ ကျော် အစီအစဉ်တွင် ကျန်းမာရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေး၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်၊ လက်မှုလုပ်ငန်းများ၊ သတ္တုတူးဖော်ရေး စက်မှုလုပ်ငန်းများ၊ ပညာရေး၊ ပြည်သူ့အုပ်ချုပ်ရေး၊ အထွေထွေ အင်ဂျင်နီယာအကြံပေးရေး၊ လမ်းပန်း အဆောက်အအုံ စသည့်ကဏ္ဍများ ပါဝင်သည်။ ထောက်ပံ့ငွေ၏ သုံးပုံတစ်ပုံခန့်သည် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်နှင့် အခြားပြည်သူ့လုပ်ငန်းများအတွက် အသုံးပြုသည်။ လေးပုံတစ်ပုံကျော်ကို အဓိက လိုအပ်ချက်ဖြစ်သော ရက်ကန်းလုပ်ငန်းအတွက် ချည်မျှင်၊ အစိုးရ ချည်စက်အတွက် ဝါဂွမ်းနှင့် ဆေးဝါးများအတွက် အသုံးပြုသည်။

အမေရိကန် - မြန်မာ ပူးပေါင်းဆောင်ရွက်ရေး အိုင်စီအေ သဘောတူညီချက်သည် ၁၉၅၃ ခု စက်တင်ဘာလတွင် သက်တမ်းကုန်ဆုံးသွားသည်။ ထို့ကြောင့် ၁၉၅၃ ခုနှစ်တွင် Special Technical and Economic Mission ကို ရုပ်သိမ်းသွားသည်မှစ၍ ၁၉၅၆ ခု ဖေဖော်ဝါရီလအထိ အမေရိကန်နှင့် မြန်မာတို့ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ် မရှိဘဲ လုံးဝ ပြတ်နေသည်။ သို့သော် ထိုနှစ်များအတွင်း၌ ၁၉၅၁-၅၃ ခု၊ အိုင်စီအေ အစီအစဉ်မှ ချမှတ်ထားသော လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော်၍ ပြီးဆုံးအောင် ဆောင်ရွက်သည်။ အမေရိကန် အကူအညီဖြင့် ရန်ကုန်တွင် တည်ဆောက်သော ခေတ်မီ အစိုးရ ဆန်စက်ကြီးကိုလည်း ထိုနှစ်များအတွင်း ပြီးစီးအောင် ဆောက်လုပ်ခဲ့သည်။

အမေရိကန် - မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်သစ် တစ်ရပ်ကို ၁၉၅၆ ခု ဖေဖော်ဝါရီလတွင် သဘောတူ ချုပ်ဆိုကြပြန်သည်။ ၎င်းသဘောတူညီချက်ဖြင့် မြန်မာနိုင်ငံသည် အမေရိကန်နိုင်ငံမှ ဒေါ်လာ ၂၁.၇ သန်းဖိုး၊ စိုက်ပျိုးရေးဆိုင်ရာ ကုန်ပစ္စည်းများ အကူအညီကို ရရှိသည်။ Agricultural Commodities Agreement, February 1956 ကို ပီအဲလ် ၄၈၀ (PL 480) ဟု လူသိများသည်။ အမေရိကန် ၈၃ ကြိမ်မြောက် ကွန်ဂရက်တွင် သဘောတူညီချက်ကို ပြဋ္ဌာန်းစဉ်က ဥပဒေအမှတ် Public Law 480 ဖြစ်ခြင်းကြောင့် ထိုသို့ ခေါ်တွင်နေကြခြင်းဖြစ်သည်။ ပီအဲလ် ၄၈၀ သဘောတူညီချက်အရ မြန်မာနိုင်ငံသည် ဒေါ်လာ ၂၁.၇ သန်းဖိုး ကုန်ပစ္စည်းများကို မြန်မာငွေဖြင့် အောက်ပါအချိုးအစားအတိုင်း ဝယ်ယူခွင့်ရသည်။

၁။ *Burma Year Book and Directory*, 1957-58, Section 7, p. 3

ကုန်ပစ္စည်း	ဒေါ်လာ (သန်း)
ဝါဂွမ်း	၁၇·၅
နို့နှင့် နို့ထွက်ပစ္စည်း	၂·၀
ဆေးလိပ်သောက်ဆေး	၁·၁
သစ်သီး	၀·၂
သဘော်တင်ဆောင်ခ ၅၀%	၀·၉
စုစုပေါင်း ...	၂၁·၇

မြန်မာငွေဖြင့် ဝယ်ယူခွင့်ရသော ကုန်ပစ္စည်းများတွင် ဝါဂွမ်းသည် အများဆုံးဖြစ်၏။ ပီအဲလ် ၄၈၀ ဖြင့်ဝယ်ယူသော အမေရိကန် ဝါဂွမ်းကို ချည်ဆွဲရန်၊ ရက်လုပ်ရန် မြန်မာနိုင်ငံတွင် စက်လုံလုံလောက်လောက် မရှိချေ။ ဝါဂွမ်းရသော်လည်း အထည်ဖြစ်ရန် အခက်အခဲရှိနေပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံအစိုးရသည် အိန္ဒိယ၊ အနောက်ဂျာမနီ၊ အင်္ဂလန်၊ ဂျပန်တို့နှင့် သဘောတူညီချက် ရယူကာ အမေရိကန် ဝါဂွမ်းများကို ထိုနိုင်ငံများသို့ တင်ပို့စေ၍ တန်ဖိုးညီမျှသော ချည်ထည်ကုန်ချောများကို ထိုနိုင်ငံများမှ မြန်မာနိုင်ငံသို့ တင်ပို့စေသည်။ ဤနည်းဖြင့် မြန်မာနိုင်ငံသည် တစ်နှစ်လျှင် ဒေါ်လာ ၈၈ သိန်းဖိုး ချည်အဝတ်အထည်များကို နိုင်ငံခြားသုံးငွေ မကုန်ကျဘဲ ဝယ်ယူတင်သွင်းနိုင်ခဲ့သည်။ ထိုတန်ဖိုးသည် နှစ်စဉ် ချည်အဝတ်အထည် မှာယူတင်သွင်းရသော တန်ဖိုးထက်ဝက်ထက် ပိုသည်။

ဝါဂွမ်းအပြင် ဝယ်ယူခွင့်ရသော နို့နှင့် နို့ထွက်ပစ္စည်း၊ ဆေးလိပ်ဆေး၊ သစ်သီးတို့အတွက်လည်း နိုင်ငံခြားသုံးငွေ ကုန်ကျမှုမရှိဘဲ ဝယ်ယူနိုင်ခဲ့သည်။ နိုင်ငံခြားသုံးငွေမကုန်ကျဘဲ ပစ္စည်းများကို ဝယ်ယူနိုင်သဖြင့် အမေရိကန် အစိုးရ၏ ပီအဲလ် ၄၈၀ အကူအညီသည် မြန်မာနိုင်ငံအတွက် အကျိုးရှိသည်ဟုဆိုနိုင်သည်။ သို့သော် နိုင်ငံတော် ပြန်လည်ထူထောင်ရေးအတွက် စက်ရုံကြီးငယ်များ တည်ဆောက်ရန် ရည်မှန်းလုပ်ဆောင်နေချိန်တွင် ချည်စက်၊ ရက်ကန်းစက်များ ဆောက်ရန် အကူအညီ မရဘဲ အမေရိကန်နိုင်ငံတွင် ပိုလျှံနေသော ဝါဂွမ်းကို ထုတ်ယူကာ အခြားနိုင်ငံများမှ ချည်ထည်များနှင့် လဲလှယ်ယူနေရသဖြင့် သဘော်တင်ခ စရိတ် မကုန်သင့်ဘဲ ကုန်နေရသည်။ ထို့ပြင် နိုင်ငံအတွင်း စက်မှုလုပ်ငန်းကြီးငယ်များ တည်ထောင်ရန် ချမှတ်ထားသော ရည်မှန်းချက်ကို တစ်ဖက်မှ ပျက်ပြယ်စေသည်။ တစ်နည်းအားဖြင့် ရည်မှန်းချက်ကို ဖျက်သီးချိုးနှိမ်သကဲ့သို့ ရှိနေပေသည်။

၁။ *Burma Year Book and Directory*, 1957-58, Section 7, p. 3

စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရာတွင် အတတ်ပညာရှင်များရယူရန် အထူးလိုပေသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ တစ်ခုဖြစ်သဖြင့် စက်မှု လုပ်ငန်းများ ထူထောင်ရေးတွင် ကျွမ်းကျင်ပညာရှင်များ မရှိသည့်အခက်အခဲနှင့် ရင်ဆိုင်ရသည်။ အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများ ရရှိရန် အမေရိကန်၊ အင်္ဂလန် စသောနိုင်ငံခြားများ၏ အကူအညီကို မျှော်သင့်အားထား လုပ်ဆောင်ရသည်။ မြန်မာနိုင်ငံသည် အတတ်ပညာရှင်များ ခေါ်ယူနိုင်ရေး၊ ပြည်ပသို့ မြန်မာပညာတော်သင်များ စေလွှတ်နိုင်ရေးတို့အတွက် ၁၉၅၆ ခု ဇွန်လ ၃၀ ရက် နေ့တွင် အမေရိကန်အစိုးရနှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးသည်။

ထိုသဘောတူညီချက်တွင် အမေရိကန်အစိုးရက မြန်မာနိုင်ငံသို့ ဒေါ်လာ ၁.၁ သန်း ထုတ်ပေးရန် ပါသည်။ အမေရိကန်ဒေါ်လာ ၁.၁ သန်းဖြင့် မြန်မာနိုင်ငံသည် ပြည်ပမှ ခေါ်ယူသော အတတ်ပညာရှင်များအတွက် ကုန်ကျစရိတ်ကို လည်းကောင်း၊ အမေရိကန်သို့ စေလွှတ်သော မြန်မာပညာတော်သင်များ၊ အလုပ်သင်များအတွက် ကုန်ကျစရိတ်ကို လည်းကောင်း ပေးချေရန်ဖြစ်သည်။ မြန်မာနိုင်ငံက ဒေါ်လာ ၁.၁ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေကို အမေရိကန်သို့ပေးဆပ်၍ အမေရိကန်က ထိုကျပ်ငွေဖြင့် မြန်မာ့ဆန်ကို ဝယ်ယူမည်ဟု သဘောတူညီကြသည်။ တစ်နည်းအားဖြင့် မြန်မာ့ဆန်နှင့် အတတ်ပညာရှင် လဲလှယ်သော သဘောတူညီချက်ဖြစ်သည်။

အမေရိကန်အစိုးရသည် ၁၉၅၆-၅၇ ခုနှစ် အတွင်း ပါကစ္စတန်နိုင်ငံသို့ တင်ပို့ရန် မြန်မာ့ဆန် ၁၀၀၀၀ တန် ဝယ်ယူလိုသည်။ ပညာရှင်များ ရယူရေးနှင့် မြန်မာပညာတော်သင်များ စေလွှတ်ရေးကို လျင်မြန်စွာ အကောင်အထည်ဖော်လိုသော မြန်မာအစိုးရသည် နိုင်ငံခြား အတတ်ပညာရှင်များ မရောက်လာမီ မြန်မာပညာတော်သင်များ မစေလွှတ်နိုင်မီပင် အမေရိကန်ဒေါ်လာ ၁.၁ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေကို အမေရိကန်အစိုးရသို့ ပေးချေလိုက်သည်။ ပါကစ္စတန်သို့ပို့ရန် ဆန်တန် ၁၀၀၀၀ ကိုလည်း လျင်လျင်ထက်ထက် တင်ပို့လိုက်သဖြင့် ၁၉၅၇ ခု မေလ ၁ ရက်နေ့အထိ အမေရိကန် ထောက်ပံ့ငွေဖြင့် ထိပ်တန်း အတတ်ပညာရှင် ၉ ဦးကို ခေါ်ယူနိုင်ခဲ့သည်။ မြန်မာနိုင်ငံမှ အမေရိကသို့ ပညာတော်သင်များ စေလွှတ်ရေးမှာမူ ထိုအချိန်အထိ အကောင်အထည် မဖော်နိုင်သေးဘဲ ရှိခဲ့သည်။

မြန်မာနိုင်ငံသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စက်မှုလက်မှု လုပ်ငန်းများ တည်ထောင်ရေးအတွက် အမေရိကန်နိုင်ငံမှ ချေးငွေအကူအညီကိုလည်း ယူခဲ့သည်။ မူလ ၁၉၅၀ ပြည့်နှစ်က အီးစီအေ သဘောတူညီချက်သည် အမေရိကန်အစိုးရက ငွေကြေးကူညီ ထောက်ပံ့ခြင်းဖြစ်သည်။ ထိုသဘောတူညီချက် ရုပ်သိမ်းပြီးနောက် စီးပွား ပူးပေါင်းဆောင်

ရှက်ရေး သဘောတူညီချက်အသစ်ကို အမေရိကန်နှင့် မြန်မာအစိုးရတို့သည် ၁၉၅၇ ခု မတ်လ ၂၁ ရက်နေ့တွင် လက်မှတ်ရေးထိုးကာ အမေရိကန်ဒေါ်လာ ၄၂.၃ သန်း ထုတ်ချေးသည်။

ထိုချေးငွေအတွက် မြန်မာနိုင်ငံ သံအမတ်ကြီး ဦးဝင်းသည် အမေရိကန် သွင်းကုန် ထုတ်ကုန်ဘဏ်နှင့် ဝါရှင်တန်မြို့တွင် ငွေချေးစာချုပ် ၂ ခု လက်မှတ်ရေးထိုးရသည်။ ငွေချေးစာချုပ်တစ်ခုသည် အမေရိကန်ဒေါ်လာ ၂၅ သန်း ချေးယူခြင်းအတွက်ဖြစ်သည်။ ဒုတိယ ငွေချေးစာချုပ်သည် အမေရိကန်ဒေါ်လာ ၁၇.၃ သန်းနှင့်ညီမျှသော မြန်မာကျပ်ငွေကို အမေရိကန်အစိုးရထံမှ ချေးယူရန်အတွက်ဖြစ်သည်။ အမေရိကန်အစိုးရထံမှ ချေးယူရသော မြန်မာကျပ်ငွေသည် ပီအဲလ် ၄၈၀ သဘောတူညီချက်ဖြင့် မြန်မာပြည်သို့ ထောက်ပံ့သော ဝါဂွမ်းအပါအဝင် ကုန်ပစ္စည်းများအတွက် မြန်မာတို့က ပေးဆပ်ရသော ကျပ်ငွေဖြစ်သည်။ ထိုငွေအပေါ်တွင် အတိုးယူကာ မြန်မာပြည်သို့ ပြန်လည်ထုတ်ချေးခြင်းဖြစ်သည်။

ချေးငွေများကို မြန်မာတို့က အနှစ် ၄၀ အတွင်း ပြန်ဆပ်ရမည်ဖြစ်သည်။ အတိုးနှုန်းမှာ အမေရိကန်ဒေါ်လာဖြင့် ပေးဆပ်လျှင် ၃ ရာခိုင်နှုန်း၊ မြန်မာကျပ်နှင့် ပေးဆပ်လျှင် ၄ ရာခိုင်နှုန်း ပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံ အစိုးရသည် ထိုအမေရိကန်ချေးငွေဖြင့် စီးပွားရေး တိုးတက်မှု စီမံကိန်းများကို အကောင်အထည်ဖော်ကာ ကုန်ထုတ်လုပ်မှု တိုးတက်ရန်၊ ပြည်သူတို့ စားဝတ်နေရေး ပြေလည်၍ လူ့နေမှုအဆင့်အတန်း မြင့်မားစေရန် ရည်သန်ကြိုးပမ်းသည်။

အမေရိကန် ထောက်ပံ့ချေးငွေ အကူအညီများကိုယူရာ၌ လွတ်လပ်ပြီးစ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဘဝကို ထိခိုက်နိုင်သည်ဟု စိုးရိမ်မကင်း ဖြစ်သူများရှိသည်။ ထောက်ပံ့ငွေ၊ ချေးငွေများတွင် အချည်အနှောင် တစ်စုံတစ်ရာ ပါလေသလောဟု သံသယဖြစ်သူများလည်းရှိသည်။ သဘောတူညီချက်များကို လေ့လာ၍ မြန်မာတို့ဘက်မှနစ်နာသည်ဟု မြင်သူများကလည်း ဝေဖန်ပြောဆိုကြသည်။ သို့သော် ၁၉၅၇ ခုနှစ် မတ်လ ၂၁ ရက်နေ့ စီးပွား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးစဉ်က သဘောတူညီချက်နှင့်ငွေချေးစာချုပ်များတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏လွတ်လပ်သောနိုင်ငံခြားရေး မူဝါဒကို ထိပါးချက်လုံးဝမပါရှိကြောင်း၊ နှောင်ကြိုးတစ်စုံတစ်ရာ မပါရှိကြောင်း နိုင်ငံခြားရေးဌာနမှ ထုတ်ပြန်ကြေညာသည်။[၅၁]

စစ်ပြီးစ မြန်မာနိုင်ငံကို အဘက်ဘက်မှ ပြန်လည်ထူထောင်ရသော လုပ်ငန်းပမာဏမှာ ကြီးမားလှသည်။ ထို့ကြောင့် ပြည်ပမှငွေကြေးနှင့် အတတ်ပညာရှင်များ အကူအညီကို များစွာ အားကိုးအားထား ပြုခဲ့ရသည်။ အမေရိကန်အစိုးရ၏ ထောက်ပံ့ငွေ၊ ချေးငွေများကို

---

၅၁ *Burma Year Book and Directory*, 1957-58, Section 7, pp. 4-5

လက်ခံရယူသည့်နည်းတူ အမေရိကန်နိုင်ငံမှ ပုဂ္ဂလိက လူမှုရေး အဖွဲ့အစည်း တစ်ခုဖြစ်သော ဖို့ဒ်ဖောင်ဒေးရှင်း၏ အကူအညီကိုလည်း ယူခဲ့သည်။

ဖို့ဒ်ဖောင်ဒေးရှင်းသည် ၁၉၅၃ ခု နှစ်ဦးပိုင်းမှစ၍ ရန်ကုန်မြို့တွင် အဖွဲ့ရုံးကို ဖွင့်ထားကာ မြန်မာနိုင်ငံ ထူထောင်ရေးအတွက် လိုအပ်သည်ဟုယူဆသော ငွေကြေးနှင့် အတတ်ပညာရှင်များ အကူအညီကိုပေးသည်။ စိုက်ပျိုးရေးနှင့် ကျေးလက်တောရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ၁၉၅၄ ခု ဩဂုတ်လတွင်တစ်ကြိမ်၊ ၁၉၅၆ ခုနှစ်တွင်တစ်ကြိမ် ထောက်ပံ့ငွေများ ထုတ်ပေးသည်။ ထို့ပြင် ပျဉ်းမနားရှိ အစိုးရစိုက်ပျိုးရေးကျောင်းသို့ စိုက်ပျိုးရေးဘာသာရပ် သင်ကြားပို့ချရန် ကျွမ်းကျင်သူ အမေရိကန်ဆရာများ စေလွှတ်ခြင်းဖြင့်လည်း ကူညီသည်။ ကျေးလက်တောရွာများ ဖွံ့ဖြိုးရေးအတွက် ပြည်တော်သာ စီမံကိန်းက ချမှတ်သော လူထုပညာရေးကဏ္ဍတွင်လည်း ငွေကြေး ထောက်ပံ့ကူညီသည်။ ခေတ်မီစိုက်ပျိုးမွေးမြူရေး ပညာဗဟုသုတများရစေရန် ပြည်ပနိုင်ငံများသို့ ရောက်ဖူး၍ အမြင်ကျယ်စေရန် ရည်ရွယ်ချက်ဖြင့် အမေရိကန်နှင့် မြန်မာလူငယ်များ လဲလှယ်ရေးအစီအစဉ်ကိုလည်း ဆောင်ရွက်သည်။ ထိုအစီအစဉ်အရ မြန်မာလူငယ်များသည် အမေရိကန်နိုင်ငံတွင်တစ်နှစ်၊ အမေရိကန်လူငယ်များသည် မြန်မာနိုင်ငံတွင် တစ်နှစ်စီနေထိုင်၍ လယ်ယာကဏ္ဍဆိုင်ရာ လုပ်ငန်းများကို လေ့လာကြရသည်။[၁]

ဖို့ဒ်ဖောင်ဒေးရှင်းသည် ပညာရေးနှင့် အထူးသဖြင့် စက်မှုလက်မှု ပညာရပ်များ သင်ကြားရေးတွင် အကူအညီပေးသည်။ ထိုအစီအစဉ်အရ ၁၉၅၅ ခု ဇန်နဝါရီလမှစ၍ အင်းစိန် အစိုးရ စက်မှုလက်မှုကျောင်းသို့ ၂ နှစ်ခွဲအတွက် ထောက်ပံ့ငွေပေးသည်။ ထို့အတူ ရန်ကုန် စက်မှုလက်မှု အထက်တန်းကျောင်းသို့ ၁၉၅၆ ခု ဧပြီလတွင် သင်ကြားရေးအတွက် ဆရာ တစ်ယောက်နှင့် ပစ္စည်းကိရိယာများ ထောက်ပံ့သည်။

ဤသို့ဖြင့် ၁၉၅၇ ခုနှစ်ခန့်တွင် မြန်မာနိုင်ငံ၌ ဖို့ဒ်ဖောင်ဒေးရှင်းမှ ပေးပို့စေလွှတ်ထားသော အမေရိကန်အမျိုးသား အတတ်ပညာရှင်အမျိုးမျိုး ၃၀ ကျော်ခန့်ရှိသည်။ ထိုပုဂ္ဂိုလ်များသည် သက်ဆိုင်ရာဘာသာရပ်များ၊ ဌာနများ၊ ကျောင်းများတွင် အကြံပေးအဖြစ် ဆောင်ရွက်ကြသည်။ ၁၉၅၇ ခုနှစ်က ပျဉ်းမနား အစိုးရ စိုက်ပျိုးရေးကျောင်းတွင် အကြံပေး ပုဂ္ဂိုလ် ၅ ဦးရှိသည်။ William R. Gamble (အကြီးတန်းအကြံပေး)၊ Jadie O. Armor (စိုက်ပျိုးရေးအကြံပေး)၊ Lynn J. Hewitt (မွေးမြူရေးအကြံပေး)၊ George W. Miller (စိုက်ပျိုးရေး အင်ဂျင်နီယာအကြံပေး)၊ Wilham N. Rice (စိုက်ပင်ပျိုးပင်စောင့်ရှောက်ရေး အကြံပေး) တို့ဖြစ်ကြသည်။ အင်းစိန်စက်မှုလက်မှုကျောင်းတွင်မူ အကြီးတန်းအကြံပေး

၁။ *Burma Year Book and Directory*, 1957-58, Section 7, p-6

philip S. Van Wyck, သင်ကြားရေးအကြံပေး Well A. Johnson, ဗိသုကာ (?) တွန်နှစ် အကြံပေး Rubert R. Minaik၊ စက်မှုအကြံပေး Edward H. Young တို့ရှိသည်။ အလားတူပင် ရန်ကုန်စက်မှုလက်မှု အထက်တန်းကျောင်းတွင် အကြီးတန်းအကြံပေး Eloyd J-Lueban, သင်ကြားရေးအကြံပေး Irvin E. Carpenter and Otto Kingsep လျှပ်စစ်သင်ကြားရေး အကြံပေး Myron E. Olson တို့ ရှိသည်။[၁]

ဖို့ဒ်ဖောင်ဒေးရှင်းနှင့် အလားတူ အေရှဖောင်ဒေးရှင်းကလည်း မြန်မာနိုင်ငံ လူမှုရေး ဆိုင်ရာလုပ်ငန်းများတွင် အကူအညီပေးသည်။ အထူးသဖြင့် ပညာရေးနှင့်ဆက်နွယ်၍ ရန်ကုန် တက္ကသိုလ်နှင့် ကောလိပ်များနှင့် မြန်မာနိုင်ငံ ကျောင်းဆရာများအသင်းတို့ကို ကူညီသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ပညာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုညီလာခံများ၊ အမျိုးသမီး၊ လူငယ်၊ သတင်းစာဆရာညီလာခံများသို့ မြန်မာပြည်မှ တက်ရောက်နိုင်ရန် စရိတ်ကြေးငွေများ ထောက်ပံ့သည်။

မြန်မာနိုင်ငံသည် ၁၉၅၂ ခုနှစ်တွင် ကိုလံဘို စီမံကိန်းအဖွဲ့ဝင် နိုင်ငံတစ်ခုဖြစ်လာသဖြင့် စီမံကိန်းအဖွဲ့ဝင် နိုင်ငံများထံမှ အကူအညီများကိုလည်း ရပေသည်။ အဖွဲ့ဝင်နိုင်ငံမဖြစ်မီ ၁၉၅၀ နှင့် ၁၉၅၁ ခုနှစ်များအတွင်းကပင် ကိုလံဘိုစီမံကိန်း ညီလာခံများသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ ကိုလံဘိုစီမံကိန်း အကူအညီများကို ရရှိပြီးနောက် ၁၉၅၇ ခုနှစ်တွင် မြန်မာနိုင်ငံ သတ္တုတွင်းဌာနဝန်ကြီး ဦးရာရှစ်က မြန်မာနိုင်ငံမှလည်း အဖွဲ့ဝင်နိုင်ငံများမှ လူငယ် များအတွက် စက်မှုလက်မှုပညာများသင်ယူရန် ထောက်ပံ့နိုင်မည်ဖြစ်ကြောင်း၊ ထိုကိစ္စအတွက် ၁၉၅၆-၅၇ ဘဏ္ဍာရေးတွင် ကျပ်ငွေ ၂ သိန်း သတ်မှတ်ထားကြောင်း ဝါရှင်တန်မြို့တွင် ပြောကြားခဲ့သည်။

ကိုလံဘိုစီမံကိန်း၊ စက်မှုလက်မှု ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်[၂]အရမြန်မာနိုင်ငံသည် အကူအညီ သုံးမျိုးရသည်။ မြန်မာပြည်အစိုးရကတောင်းဆိုသော ကျွမ်းကျင်ပညာရှင်များ၊ မြန်မာလူငယ်များ ပြည်ပနိုင်ငံသို့ ပညာတော်သင် သွားရောက်ရေးနှင့် စက်မှုလက်မှုဆိုင်ရာ စက်ပစ္စည်း ကိရိယာများဖြစ်သည်။ အတတ်ပညာရှင်ပိုင်းတွင် အင်ဂျင်နီယာလုပ်ငန်း၊ လျှပ်စစ် လုပ်ငန်း၊ လက်မှုလုပ်ငန်း၊ ဆေးဝါးလုပ်ငန်း၊ အဝတ်အထည်လုပ်ငန်းဆိုင်ရာ ပါရဂူများ၊ ကျွမ်း ကျင်သူ ပညာရှင်များသည် မြန်မာနိုင်ငံ၌ ရက်သတ္တပတ် အနည်းငယ်မှ ၂ နှစ်အထိ လာရောက် နေထိုင်၍ သက်ဆိုင်ရာပညာရပ်များ၊ လုပ်ငန်းများတွင် ကူညီကြသည်။ လာရောက်သော ပညာရှင်များမှာ များသောအားဖြင့် ကနေဒါနိုင်ငံနှင့် ယူနိုက်တက်ကင်းဒမ်းမှ ဖြစ်ကြသည်။ လုပ်ငန်းအရလိုအပ်လျှင် ထိုထက်ပို၍လည်း ဆက်လက်နေထိုင်ကြသည်။

၁။ *Burm Year Book and Directory*, 1957-58, Section 7. pp. 8-9

၂။ Technical Cooperation Scheme

ကိုလံဘိုစီမံကိန်း အဖွဲ့ဝင်နိုင်ငံအချို့က ငွေကြေးနှင့်စက်ပစ္စည်း ကိရိယာများ ထောက်ပံ့ကြသည်။ ကနေဒါနိုင်ငံမှ ဒေါ်လာ ၇၅၀၀၀ တန်ဖိုးရှိသော စက်ပစ္စည်း ကိရိယာများကို ရန်ကုန် စက်မှုလက်မှု အထက်တန်းကျောင်းအတွက် ပေးပို့သည်။ ဩစတြေးလျ အစိုးရထံမှ ပေါင်စတာလင် ၁၃၀၀၀၀ ဖိုး ထရပ်ကားများနှင့် လမ်းလုပ်ပစ္စည်း ကိရိယာများ၊ ရန်ကုန် စက်မှုလက်မှု အထက်တန်းကျောင်း အလုပ်ရုံအတွက် စက်ပစ္စည်း ကိရိယာများ၊ အစိုးရ အုတ်ကြွပ်စက်အတွက် စက်ကိရိယာများ ရရှိသည်။ နယူးဇီလန် အစိုးရကလည်း ဓာတ်မြေဩဇာစက်ရုံတစ်ခု တည်ဆောက်နိုင်ရန် ပေါင်စတာလင် ၁၀၀၀၀၀ ကူညီသည်။ ယူနိုက်တက်ကင်းဒမ်းက ရန်ကုန် တက္ကသိုလ်နှင့် ဆောက်လုပ်ပြီးစ အင်ဂျင်နီယာ ကောလိပ်အတွက် ပေါင် ၉၀၀၀၀ ကူညီသည်။ အရပ်ရပ် ထောက်ပံ့ ကူညီကြသော ငွေကြေးနှင့် စက်ပစ္စည်း ကိရိယာများသည် ရန်ကုန်မြို့ တစ်ခုတည်းအတွက်သာ ရည်ရွယ်သည် မဟုတ်ပေ။ ထောက်ပံ့ ကူညီမှုများတွင် [illegible] ကိုရစ္စဘက် ဆေးကုဌာန၊ စိုက်ပျိုးရေးဌာနနှင့် ပညာရေး ဌာနတို့အတွက် ပေါင် ၂၀၀၀၀ တန် စက်ပစ္စည်း ကိရိယာများ၊ ကချင်ပြည်နယ်အတွင်း ပေါင် ၄၀၀၀ တန်ဖိုးရှိသော စက်ပစ္စည်းကိရိယာများ ပါဝင်သည်။[၁]

ပြည်ပအကူအညီများ ရယူရာ၌ ကုလသမဂ္ဂနှင့် လက်အောက်ခံ အဖွဲ့အစည်းများ၏ အကူအညီမှာ အများဆုံးဖြစ်သည်။ ကုလသမဂ္ဂ စက်မှုလက်မှု အထောက်အပံ့ အစီအစဉ်[၂]မှ မြန်မာနိုင်ငံသို့ ၁၉၅၀-၅၁ ခုနှစ်မှစ၍ အောက်ပါအတိုင်း ထောက်ပံ့ငွေများ ပေးခဲ့သည်။

၁၉၅၀-၅၁	....	အမေရိကန်ဒေါ်လာ	၁၆၄၆၇၉
၁၉၅၂	....	၎င်း	၄၃၀၈၀၃
၁၉၅၃	....	၎င်း	၄၉၄၇၄၅
၁၉၅၄	....	၎င်း	၅၃၃၂၆၂
၁၉၅၅	....	၎င်း	၇၀၆၉၅၀
၁၉၅၆	....	၎င်း	၇၅၅၆၃၄
၁၉၅၇	....	၎င်း	၉၂၇၈၀၀

မြန်မာနိုင်ငံ အစိုးရသည် ထိုသို့ရရှိသော ထောက်ပံ့ငွေများကို အတတ်ပညာရှင်များ ရယူရေး၊ ပညာတော်သင် စေလွှတ်ရေး၊ စက်မှုလက်မှုပစ္စည်း ကိရိယာများ ဝယ်ယူရေးတွင်

၁။ *Burma Year Book and Directory*, 1957-58, Sec. 7. Pp. 11-12

၂။ United Nations Technical Assistance Administration (UNTAA)

အသုံးပြုသည်။ အစီအစဉ်အရ ကုလသမဂ္ဂဝင် နိုင်ငံများ အဖွဲ့အစည်းများမှ အတတ်ပညာရှင် အမျိုးမျိုးကို မြန်မာပြည်မှ ခေါ်ယူနိုင်ခဲ့သည်။ ၁၉၅၇ ခုနှစ်က မြန်မာနိုင်ငံတွင် စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရေး၊ စီးပွားတိုးတက်ဖွံ့ဖြိုးရေး၊ ကျန်းမာရေး၊ ပြည်သူ့အုပ်ချုပ်ရေး စသည့်ကဏ္ဍတို့အတွက် ကုလသမဂ္ဂဆိုင်ရာ အတတ်ပညာရှင်ပေါင်း ၆၀ ကျော်ရှိခဲ့သည်။ ၎င်းတို့တွင် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက အသေးစားနှင့် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ခေါ်ယူသော ကျွမ်းကျင်ပညာရှင်များလည်းပါသည်။ ၎င်းတော် အစိုးရက ပြည်တော်သာ စီမံကိန်းတွင် ချမှတ်ထားသည့်အတိုင်း အသေးစားနှင့် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများကိုဖွံ့ဖြိုးအောင်မြေတောင် မြှောက်ပေးလိုသည်။ ထိုကိစ္စကို ကုလသမဂ္ဂ စက်မှုလက်မှု အကူအညီ အစီအစဉ်ဖြင့် အကောင်အထည်ဖော်ရန်ကြိုးပမ်းရာ၌ အောင်မြင်ခြင်းရှိသကဲ့သို့ အကျိုး ဖြစ်ထွန်းခြင်းမရှိသည်နှင့်လည်း ရင်ဆိုင်ရသည်။

ဆောက်လုပ်ရေးပစ္စည်းနှင့် ဆောက်လုပ်ရေးပစ္စည်း ထုတ်လုပ်ရေးတို့တွင် ၁၉၅၇ ခုနှစ်က တီအေအေ[1] အဖွဲ့မှ အင်ဂျင်နီယာ ၂ ဦးရှိသည်။ S. Rosenak နှင့် P. Maremuha တို့ဖြစ်ကြသည်။ ဓာတ်သတ္တု တူးဖော်ရေးကဏ္ဍတွင်ရှိသော အင်ဂျင်နီယာများမှာ R. Arce, E. R Hoster, P.R. Lake တို့ဖြစ်၏။ ထိုပုဂ္ဂိုလ်များမှာ တီအေအေ အဖွဲ့ဝင်များပင် ဖြစ်ကြသည်။ စက်မှု စီးပွားရေးပညာရှင် R. Kovary, စက်မှုအင်ဂျင်နီယာ W. Ramlow နှင့် အဝတ်အထည် စက်မှုလုပ်ငန်း၌ F. Williamson, သံမဏိစက် အကြံပေး ပုဂ္ဂိုလ် J.M. Smith တို့သည်လည်း တီအေအေမှပင် ဖြစ်ကြသည်။ ထို့ပြင်က တီအေအေ အဖွဲ့ဝင် စက်မှုလက်မှု အင်ဂျင်နီယာ R. Newson, ကြွေထည်မြေထည် အင်ဂျင်နီယာ J. Vondracek, ဆေးဝါးဆိုင်ရာ အင်ဂျင်နီယာ A. Nordal တို့လည်း ရှိသည်။ လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သော မြန်မာပြည် ပြန်လည်ထူထောင်ရေးအတွက် စက်မှုလယ်ယာကဏ္ဍကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အရေးကြီးပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံတော် အစိုးရသည် ကုလသမဂ္ဂ လက်အောက်ခံ F.A O[2] အဖွဲ့မှ R.L. Buck ကို လယ်ယာသုံး စက်ပစ္စည်း ကိရိယာများအတွက် ခေါ်ယူခဲ့သည်။[3]

ထိုအတတ် ပညာရှင်များသည် သက်ဆိုင်ရာ လုပ်ငန်း အသီးသီးတွင် ဝင်ရောက်အကြံပေးရန် အကူအညီပေးရန် လာရောက်ကြသည် မှန်သော်လည်းလုပ်ငန်းပြီးမြောက်အောင်မြင်

၁။ TAA - Technical Assistance Administration

၂။ Food and Agriculture Organization

၃။ *Burma Year Book & Directory*, 1957-58; Sec. 7, pp. 16-17

သည်အထိ နေထိုင်ကြသည် မဟုတ်ချေ။ အချို့လည်း လအနည်းငယ်အတွင်း ပြန်သွားကြသည်။ လူသစ်များကို အစားထိုး စေလွှတ်သည်။ ထိုသို့ အတတ်ပညာရှင် သို့မဟုတ် ကျွမ်းကျင်သူ ပညာရှင်များ အကြံပေး ပုဂ္ဂိုလ်များ မကြာခဏ ပြောင်းလဲနေသဖြင့် လုပ်ငန်း အဆင်မပြေမှုများ လစ်ဟင်း နစ်နာမှုများ ရှိခဲ့လေသည်။

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းသည် အသေးစား စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရန် နိုင်ငံခြား ပညာရှင်များကို ခေါ်ယူ၍ သက်ဆိုင်ရာ ဌာနများ လုပ်ငန်းများတွင် သင်တန်းဖွင့်ကာ ပို့ချမှုများ ပြုလုပ်စေသည်။ ၁၉၅၃ - ၅၄ ခုနှစ်တွင် အထည်အလိပ် လုပ်ငန်းဆိုင်ရာတွင် ပန်းပုံရိုက်ပညာ သင်တန်းများကို ရန်ကုန်တွင် လည်းကောင်း၊ အမရပူရတွင် လည်းကောင်း ဖွင့်လှစ်သည်။ ထိုသင်တန်းများကို မစ္စတာ ရှားမားနှင့် မစ္စတာ နီဝေါကာတို့က ပို့ချသည်။ ဆောင်းဒါး ရက်ကန်းကျောင်းမှ ကျောင်းသားများကိုလည်း ပန်းရိုက်အတတ်ပညာ သင်ကြားပေးသည်။

တီအေအေ အစီအစဉ်အရ မစ္စတာ တနာကာနှင့် မစ္စတာ အဆာကူရတို့သည် ဆောင်းဒါး ရက်ကန်းကျောင်း၌ စက်ရက်ကန်းနှင့် ပတ်သက်သော သင်တန်းများ ပို့ချသည်။ ထို့ပြင် မစ္စတာ တနာကာနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းဖြစ်သော အိုင်အဲလ်အိုမှ စက်မှု ပူးပေါင်း ဆောင်ရွက်ရေး ပါရဂူ **W.Van Warmelo** တို့သည် မိတ္ထီလာ သမဝါယမအတွက် စက်ရက်ကန်း စီမံကိန်းကို အကောင်အထည်ဖော်ကြသည်။ စီမံကိန်းအတွက် ရက်ကန်းစင်နှင့် စက်ကိရိယာများကို ဂျပန်ပြည်မှ မှာယူတင်သွင်းသည်။ ဆောင်းဒါး ရက်ကန်းကျောင်း စက်ရက်ကန်း စီမံကိန်းအတွက် ဒီဇယ် စက်များ ဝယ်ယူ တပ်ဆင်သည်။ မြန်မာနိုင်ငံမှ ဦးမြင့်သိန်းကိုလည်း အဝတ်အထည် ပန်းရိုက်ပညာ လေ့လာသင်ယူရန် ယူနိုက်တက် ကင်းဒမ်းသို့ ပညာတော်သင် စေလွှတ်သည်။

စတာလကသည် အသေးစားနှင့် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်း တစ်ခုဖြစ်သော အိုးလုပ်ငန်း စဉ့်အိုးလုပ်ငန်းကို တီအေအေပညာရှင်များဖြင့် ခေတ်မီ တိုးတက်အောင် မြှတောင်မြှောက်ပေးသည်။ အိုးလုပ်ငန်းအတွက် တီအေအေမှ ပညာရှင်မစ္စတာ ကာတိုသည် တွံတေးတွင် ခေတ္တနေထိုင်၍ အိုးလုပ်ငန်း၊ စဉ့်လုပ်ငန်းများတွင် လိုအပ်သည်တို့ကို ကူညီညွှန်ပြ လုပ်ဆောင်သည်။ ခွင့်ယူ၍ ပြန်သွားပြီးနောက် တွံတေး အိုးလုပ်ငန်းသို့ ပြန်မရောက်တော့သဖြင့် တွံတေးကို စံပြအိုးလုပ်ငန်းဌာနအဖြစ် ရည်မှန်းထားချက်မှာ အကောင်အထည် မပေါ်ခဲ့တော့ချေ။

၈။ *Burma*, vol. 5, No. 1, Oct 1954, pp. 81- 3

ခွင့်မှ ပြန်လာသော မစ္စတာ ကာတိုကို မော်လမြိုင်တွင် တည်ထောင်သော ရွှေပြေး ပန်းကန် စက်ရုံသို့ ပို့လိုက်သည်။ ပန်းကန်စက်ရုံတွင် မီးဖိုများ၊ ဆောက်လုပ်ရေး၊ စက်ပစ္စည်း ကိရိယာများ တပ်ဆင်ရေး၊ စက်စမ်းသပ် လည်ပတ် ထုတ်လုပ်ရေးတို့ကို မစ္စတာ ကာတို အကြံပေး ကူညီဆောင်ရွက်သည်။ ထိုစဉ်က လျှပ်စစ်မီးခံကြွေသီးများကို ပြည်ပမှ ဝယ်ယူ နေရသဖြင့် နိုင်ငံခြားသုံးငွေ ကုန်ကျနေသည်။ ၎င်းကို ခြိုးခြံကာကွယ်နိုင်ရန် ကျေးရွာ အိုးလုပ်ငန်း၊ စဥ့်လုပ်ငန်းများတွင် လျှပ်စစ်မီးခံ ကြွေသီးများ ထုတ်လုပ်နိုင်ရေးကို စီစဉ် ဆောင်ရွက်သည်။ မစ္စတာ ကာတိုသည် ထိုလုပ်ငန်းနှင့် စပ်လျဉ်း၍လည်း အကြံဉာဏ်များ၊ ညွှန်ကြားချက်များ ပေးသည်။[၁]

နိုင်ငံတော် အစိုးရသည် အုတ်ကြွပ်လုပ်ငန်းကို အသေးစား စက်မှုလက်မှု လုပ်ငန်း အဖြစ်ဖြင့် ရွှေဘိုခရိုင် ကျောက်မြောင်း အပါအဝင် ကျေးရွာသုံးခုတွင် စက်တည်ထောင်ရန် စီစဉ်ခဲ့သည်။ တစ်လလျှင် အုတ်ကြွပ် ၉၀၀၀ ထုတ်လုပ်နိုင်သော စက်ပစ္စည်း ကိရိယာသုံးစုံကို ဝယ်ယူကာ စတင် အကောင်အထည်ဖော်ရန် ကြိုးပမ်းသည်။ ကုလသမဂ္ဂမှ အိုးလုပ်ငန်း ပညာရှင် မစ္စတာ ကာတို၏ အကြံပေးချက် ညွှန်ကြားချက်ကို တောင်းခံသဖြင့် မစ္စတာ ကာတိုသည် ၁၉၅၂ ခု သြဂုတ်လ ၂၉ ရက်နေ့တွင် Tile on a Cottage Industry Basis အစီရင်ခံစာကို အိုးအိမ်နှင့် အလုပ်သမား ဝန်ကြီးထံ တင်သွင်းသည်။ ကျေးရွာအဆင့် အသေးစား စက်မှုလုပ်ငန်းအဖြစ် အုတ်ကြွပ် ထုတ်လုပ်ရေးမှာ မစ္စတာ ကာတို၏ တင်ပြချက် စာတွေ့သာရှိ၍ လက်တွေ့ အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့ချေ။

ကြွေထည်မြေထည်လုပ်ငန်း ထူထောင်နိုင်ရန် ဓာတ်ခွဲခန်း စမ်းသပ်မှုကို နိုင်ငံတော် စက်မှုလက်မှု သုတေသန ဌာနတွင် စတင်ဆောင်ရွက်ရာ၌လည်း တီအေအေ၏ အကူအညီကို ရယူခဲ့သည်။ ဓာတ်ခွဲခန်း တည်ဆောက်ရန် လိုအပ်သော စက်ပစ္စည်း ကိရိယာများ တပ်ဆင်ရန် တီအေအေမှ ကျွမ်းကျင်ပညာရှင် တစ်ဦးသည် ၁၉၅၂ ခု အောက်တိုဘာလတွင် ရောက်ရှိသည်။ ပြင်ဆင်မှုများ ဧပြီလတွင် ပြီးစီး၍ ကုလသမဂ္ဂမှ ပညာရှင် ပရော်ဖက်ဆာ Peder Hald သည် မေလတွင် ရောက်လာကာ စမ်းသပ်မှု လုပ်ငန်းများကို စတင် ဆောင် ရွက်သည်။[၂]

တီအေအေ အကူအညီဖြင့် ရွှေချည်စိမ် လုပ်ငန်းအတွက်လည်း အတတ်ပညာရှင်များ ရရှိသည်။ လုပ်ငန်းဆိုင်ရာ စက်ပစ္စည်း ကိရိယာများ ဓာတုဗေဒပစ္စည်းများကို အင်္ဂလန်

၁။ *Burma*, vol. 5, No. 1, Oct 1954, p. 82

၂။ *Burma*, vol. 4, No. 3, April 1954, p. 12 and *Burma*, vol. 5, No. 1, Oct 1954, p. 82.

နိုင်ငံမှ မှာယူသည်။ သင်တန်းဖွင့်လှစ်၍ လက်တွေ့ပြသ သင်ကြားပို့ချရန် ပစ္စည်းကိရိယာများကိုမူ ကိုလံဘိုစီမံကိန်း အဖွဲ့မှ တာဝန်ယူပေးပို့သည်။ ထိုအောအောမှ စေလွှတ်သော ပညာရှင် I. Sven Nilsson ကသင်တန်းများ ဖွင့်လှစ်၍ လက်တွေ့ လုပ်ဆောင်ပြသ ပို့ချသည်။ ဤသို့ဖြင့် အသေးစားနှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း တစ်ခုအဖြစ်ဖြင့် တည်ထောင်ရန် လျှာထား သတ်မှတ်သော ရွှေရည်ငွေရည်စိမ် လုပ်ငန်းနှင့် ကျွမ်းကျင်သူ အလုပ်သမားများကို မွေးထုတ်ခဲ့ပေသည်။[၁]

ပြည်ပငွေကြေးနှင့် အတတ်ပညာရှင်များ အကူအညီကို ရယူရာ၌ စက်ရက်ကန်း၊ အိုးလုပ်ငန်း၊ လက်လုပ်စက္ကူလုပ်ငန်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်းတို့အတွက် အများဆုံး အကူအညီ ယူခဲ့သည်။ စင်စစ်အားဖြင့်သော် စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက လျာထား သတ်မှတ်သော အသေးစားနှင့် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများ အားလုံးအတွက် အနည်းနှင့် အများအကူအညီရယူကာလုပ်ငန်းများ ဖွံ့ဖြိုးအောင် မြေတောင်မြှောက်ပေးသည်။ လုပ်ငန်း အသီးသီးတွင် လာရောက် အကြံပေး ကူညီလုပ်ဆောင်ကြသော နိုင်ငံခြား ပညာရှင်များသည် မြန်မာနိုင်ငံ အခြေအနေ ရေမြေသဘာဝနှင့် ဆီလျော်အပ်စပ်သော လုပ်ဆောင်ချက်များ စက်နှင့် စက်ကိရိယာများ ဝယ်ယူလုပ်ဆောင်ရန် အကြံပေးကြသည်လည်း ရှိသည်။ အချို့လည်း အလွန်တိုတောင်းသော အချိန်ကာလအတွင်း သင်တန်းများ ပို့ချလျက်၊ လက်တွေ့ သဘောမပါဘဲ စာတွေ့မျှသာ ပြောဆိုဆောင်ရွက်သွားကြသည်။ အချို့ကလည်း မိမိတို့နှင့် အကျိုးစီးပွား စပ်နွယ်သော ကုမ္ပဏီကြီးများမှ စက်နှင့်စက်ပစ္စည်း ကိရိယာများ ဝယ်ယူ တပ်ဆင်ရန် တိုက်တွန်း အကြံပေးကြသည်။ နှစ်လသုံးလမျှသာ နေထိုင် လုပ်ကိုင်သွားသူများလည်း ရှိသဖြင့် လူစားရောက်ရှိရန် စောင့်ဆိုင်းရင်း သင်တန်းများ၊ အချို့လုပ်ငန်းများမှာ အချိန်သေကာ ပျက်ပြယ်သွားခဲ့သည်။ ငွေကုန်ကြေးကျခံရသလောက် အကျိုးမဖြစ်ထွန်းဘဲလည်း ရှိခဲ့သည်။ မည်သို့ပင်ဖြစ်စေ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပြန်လည်ထူထောင်ရေးအတွက် စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ တည်ထောင်ရာတွင် ပြည်ပနိုင်ငံများ အဖွဲ့အစည်းများ၏ ငွေကြေး အထောက်အပံ့၊ စက်ပစ္စည်း ကိရိယာများ အထောက်အပံ့နှင့် ပညာရှင်များ အကူအညီကို များစွာ အားထားခဲ့ရကြောင်း မှတ်တမ်းတင်ရမည် ဖြစ်ပေသည်။

ဂျပန်စစ်လျော်ကြေးနှင့် စက်မှုလုပ်ငန်း

ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားနေသော အချိန်ကာလတွင် မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်ခံ နိုင်ငံဖြစ်သည့်အလျောက် ဂျပန်တို့၏ ဝင်ရောက် တိုက်ခိုက်ခြင်းကို ခံရသည်။ ဂျပန်တို့ စစ်ရှုံးနိမ့်သွားသောအခါ မြန်မာနိုင်ငံအား စစ်လျော်ကြေး ပေးရန်ဖြစ်လာသည်။

၁။ *Burma*, vol. 5, No. 1, Oct 1954, p. 82

၁၉၅၁ ခုနှစ်၊ စက်တင်ဘာလတွင် အမေရိကန်နှင့် ဂျပန်တို့ ဆန်ဖရန်စစ္စကို၌ စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ဆိုရာတွင် စစ်နိုင်သော မြန်မာနိုင်ငံအား စစ်လျော်ကြေး ပေးရန် ဆုံးဖြတ်ချက် တစ်ရပ်ပါရှိသည်။ သို့သော် မြန်မာနိုင်ငံက ထိုအစည်းအဝေးသို့ မတက်ရောက်၊ စာချုပ်ကို လည်း လက်မခံခဲ့ချေ။

ဂျပန်တို့သည် ၁၉၄၅ ခု၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် လက်နက်ချ၍ ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားသော်လည်း ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ၁၉၅၂ ခုနှစ် ဧပြီလ ၃၀ ရက် နေ့တွင်မှ စစ်ရပ်စဲကြောင်း တရားဝင် ကြေညာ၍ ဂျပန်နှင့် နှစ်ဦးချင်း စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ဆိုရန် စီစဉ်ကြသည်။ ထိုကဲ့သို့ ဆန္ဒရှိခဲ့သည့်အတိုင်းလည်း ၁၉၅၃ ခု အောက်တိုဘာလတွင် ဂျပန်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကတ်ဆူယိုအိုကာဇာကီး ခေါင်းဆောင်သော ဂျပန်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်လာပြီး စစ်ပြေငြိမ်းရေး စာချုပ်နှင့် စစ်လျော်ကြေး စာချုပ် ချုပ်ဆိုရန် ဆွေးနွေးသည်။ ၁၉၅၄ ခု၊ ဩဂုတ်လတွင် မြန်မာနိုင်ငံမှ ဓေတ္တ နိုင်ငံခြားရေး ဝန်ကြီးနှင့် စက်မှုလက်မှုဌာန ဝန်ကြီး ဦးကျော်ငြိမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ဆွေးနွေးရန် သွားရောက်သည်။ ဝန်ကြီး ဦးကျော်ငြိမ်းအား စစ်လျော်ကြေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ တော်အတွက် အများဆုံးနှင့် အကျိုးအရှိဆုံး ရရှိစေနိုင်မည့် နှစ်ပြည်ထောင် စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ဆိုရန် အာဏာကုန် လွှဲအပ်လိုက်သည်။ ဂျပန်ပြည်တွင် တစ်လခွဲမျှ နေထိုင်ပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အိုကာဇာကီးနှင့် ၁၅ ကြိမ်မျှ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး သည်။[၁]

ဂျပန်နိုင်ငံ၏ စီးပွားရေးနှင့် အုပ်ချုပ်ရေး အခြေအနေများ အခြေတကျရှိပြီး စစ်လျော် ကြေးပေးစွမ်းနိုင်ကြောင်း ယုံကြည်သည့်အလျောက် ဂျပန်နိုင်ငံမှ တာဝန်ရှိသူများနှင့် ဆွေး နွေး ညှိနှိုင်း၍ နှစ်နိုင်ငံ သဘောတူညီမှုကို ၁၉၅၄ ခု၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ရရှိသည်။ နှစ်နိုင်ငံ စစ်ပြေငြိမ်းရေး စာချုပ်နှင့် စစ်လျော်ကြေး စာချုပ်ကို ၁၉၅၄ ခု၊ နိုဝင်ဘာလ ၅ ရက် နေ့တွင် ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးသည်။ စာချုပ်တွင် မြန်မာနိုင်ငံကိုယ်စား ဓေတ္တ နိုင်ငံခြားရေး ဝန်ကြီး ဦးကျော်ငြိမ်း ကလည်းကောင်း၊ ဂျပန် နိုင်ငံကိုယ်စား နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ အိုကာဇာကီးကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။ ၁၉၅၅ ခု၊ ဧပြီလ ၁၆ ရက်နေ့တွင် တိုကျိုမြို့၌ အတည်ပြုချက်ကို[၂] လဲလှယ်၍ စစ်လျော်ကြေး စာချုပ်သည် ၁၉၅၅ ခု၊ ဧပြီလ ၁၆ ရက်နေ့မှ စတင် အတည်ဖြစ်လာသည်။[၃]

၁။ ဂျပန်စစ်လျော်ကြေး။ စာ ၄

၂။ Instruments of Ratification

၃။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၅

စာချုပ်အရ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အချိန်ကာလ ၁၀ နှစ်အတွင်း နှစ်စဉ် အမေရိကန် ဒေါ်လာ နှစ်ဆယ်သန်း (၂၀၀၀၀၀၀၀)နှင့် ညီမျှသော ဂျပန် ယန်းငွေ သန်းခုနစ်ရာ့နှစ်ဆယ် (၇၂၀၀၀၀၀၀၀)နှင့် မြန်မာငွေ ကျပ်ကုဋေ ၁၀၀ တန်ဖိုးရှိသည့် ဂျပန်နိုင်ငံထွက် ပစ္စည်းနှင့် ဂျပန် နိုင်ငံသူ နိုင်ငံသားများ၏ လုပ်အားကို ပေးရန်ဖြစ်သည်။ ထို့အပြင် ပူးပေါင်းတည်ထောင်မည့် စီးပွားရေး လုပ်ငန်းများ[၁] အတွက် အချိန်ကာလ ၁၀ နှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၅ သန်းနှင့် ညီမျှသော ယန်းသန်းပေါင်း ၁၈၀၀ ကိုလည်း ပေးမည်ဖြစ်သည်။ စစ်လျော်ကြေးငွေ ဒေါ်လာ သန်း ၂၀၀ နှင့်ညီမျှသော ဂျပန်ယန်းငွေ သန်းပေါင်း ၇၂၀၀ (မြန်မာငွေအားဖြင့် ကျပ်ကုဋေ ၁၀၀) ပေးရာတွင် တစ်ပြိုင်တည်းပေးရန် မဟုတ်ဘဲ နှစ်စဉ် အမေရိကန် ဒေါ်လာ သန်း ၂၀ နှင့်ညီမျှသော ဂျပန်ယန်း သန်းပေါင်း ၇၂၀ တန်ဖိုးနှင့် ညီမျှသောဂျပန်နိုင်ငံထွက်ပစ္စည်းများနှင့် ဂျပန်နိုင်ငံသူနိုင်ငံသားတို့၏လုပ်အားကို ပေးရန် ဖြစ်သည်။[၂]

မြန်မာနိုင်ငံသည် ၁၉၄၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့ ရန်ကုန်မြို့ကို ဂျပန်များ သိမ်းပိုက်ပြီးသည်မှစ၍ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ ဂျပန်တို့ လက်နက်ချသည့် နေ့ထိ နိုင်ငံတစ်ဝန်းလုံး ပြာမဖုံးရုံမျှ ရှိခဲ့သည်။ မြန်မာနိုင်ငံ၏ မနုအင်အား ပျက်စီး ဆုံးရှုံးမှုနှင့် လူမှုရေး ပျက်စီး ဆုံးရှုံးမှုသည် အာရှတိုက် တစ်ခုလုံးတွင် ဂျပန်ပြည်မှအပ အများဆုံး ဖြစ်သည်ဟု ဆိုသည်။

ထို့ကြောင့် စစ်လျော်ကြေး စာချုပ်မှ ရရှိသော အမေရိကန် ဒေါ်လာ သန်းနှစ်ရာလောက် တန်ဖိုးရှိသော လျော်ကြေးသည် တကယ်ပျက်စီးသော ထုထည်နှင့် စာလျှင် အလွန်နည်းပါးလှသည်။ သို့သော် စစ်အတွင်း ပျက်စီးသွားသော မြန်မာ နိုင်ငံတော်ကို အဘက်ဘက်မှ ပြန်လည်ထူထောင်ရန် လိုအပ်နေချိန်ဖြစ်သဖြင့် ဂျပန် စစ်လျော်ကြေးသည် နိုင်ငံတော်၏ စီးပွားရေးနှင့် စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရာတွင် တစ်စိတ်တစ်ဒေသ အထောက်အကူ ဖြစ်ခဲ့သည်ဟု ဆိုရပေမည်။

နိုင်ငံတော်၏ စီးပွားရေး ပြန်လည်ထူထောင်မှု၊ ပြည်တော်သာ စီမံကိန်းမှ ချမှတ်သော စက်မှုလက်မှု လုပ်ငန်းများ ထူထောင်မှု၊ လူမှုကြီးပွားရေး တိုးတက်မှုတို့ကို ရှေးရှုသဖြင့်

၁။ Economic Co- operation

၂။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၅

စက်လှေ့ကြေးစာချုပ်ဖြင့် ရရှိမည့် လုပ်အားနှင့် ပစ္စည်းများကို တောင်းဆိုရာတွင် အောက်ပါ စာရင်းအတိုင်း ၁၉ မျိုး ရယူမည်ဟု မူလရည်မှန်းချက်ရှိသည်။

စာချုပ်ပါအမှတ်စဉ်		လုပ်ငန်း
၁။	....	ရေအားဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေး
၂။	....	သံမဏိစက်များ တည်ဆောက်ရေး
၃။	....	သင်္ဘောဆိပ်ကမ်းလှေယာဉ်ကူးမှုများ ပြန်လည်ထူထောင်ရေး
၄။	....	ဆေးရုံများတည်ဆောက်ရေးနှင့် ဆေးကုမှု စီမံထားရှိရေး
၅။	....	မြန်မာကျွမ်းကျင်သူများနှင့် ပညာတော်သင်များကို ဂျပန်နိုင်ငံတွင် ပညာသင်ပေးရေး
၆။	....	မြန်မာကျွမ်းကျင်သူများကို မြန်မာနိုင်ငံတွင် စက်မှုလက်မှုနှင့် ဆိုင်သည့် သင်တန်း ပို့ချပေးရေး
၇။	....	မြေသြဇာထုတ်လုပ်ရန် စက်ရုံများတည်ဆောက်ရေး
၈။	....	မီးရထားလမ်းများ ပြန်လည်ထူထောင်ရေး
၉။	....	သင်္ဘောတည်ရန် သင်္ဘောကျင်းတည်ဆောက်ရေး
၁၀။	....	ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် ဆေးမြောက်ဆန်များ ထုတ်လုပ်ရေး
၁၁။	....	ဘိလပ်မြေစက်ရုံများ၌ တည်ဆောက်ရေး
၁၂။	....	ဆားလုပ်ငန်းများ တိုးတက်အောင်ပြုလုပ်ရေး
၁၃။	....	သကြားစက်ရုံများ တည်ဆောက်ရေး
၁၄။	....	ဓာတုဗေဒလုပ်ငန်းများ တည်ဆောက်ရေး
၁၅။	....	မြစ်ကြောင်းသွားသင်္ဘောများ ပြန်လည်ထူထောင်ရေး
၁၆။	....	သံမှတစ်ပါး အခြားသတ္တုလုပ်ငန်းများတည်ဆောက်ရေး
၁၇။	....	အင်ဂျင်နီယာလုပ်ငန်း တည်ဆောက်ရေး
၁၈။	....	ကြေးနန်း အဆက်အသွယ်များ ပြန်လည်ထူထောင်ရေး
၁၉။	....	နှစ်ပြည်ထောင်အစိုးရတို့ သဘောတူသည့်အခြားပစ္စည်းများနှင့် လုပ်သားများစီမံထားရှိရေး

မူလရည်ရွယ်ထားသော လုပ်အားနှင့် ပစ္စည်းများသည် နိုင်ငံတော်၏ စီးပွားရေးကို မြေတောင် မြှောက်ပေးနိုင်မည့် ပစ္စည်းကြီးများ[1] ဖြစ်ကြသည်။ သို့သော် စစ်လျော်ကြေး စာချုပ်ကို တကယ် အကောင်အထည်ဖော်သောအခါတွင် ဓာတ်ကိန်း ၁၈ ခု အနက် (အမှတ်စဉ် ၁၉ မပါ) ၉ ခုအတွက်သာ ရခဲ့သည်။ ယင်း ၉ ခုအနက်မှလည်း ၃ ခု အတွက်သာ ပြေပြေလောက်အောင် ရခဲ့ပြီး ကျန် ၆ ခုအတွက် အနည်းအကျဉ်းလောက်သာ ရသည်။

ပြေပြေလောက်အောင် ပစ္စည်းနှင့် လုပ်အား ရရှိခဲ့သောလုပ်ငန်းသုံးခုမှာ ရေအားနှင့် လျှပ်စစ်ဓာတ်အားပေး စက်ရုံများ တည်ဆောက်ရေး၊ မီးရထားလမ်းများ ပြန်လည်ထူထောင်ရေးနှင့် မြစ်ကြောင်းသွားသင်္ဘောများ ပြန်လည်ထူထောင်ရေးတို့ ဖြစ်သည်။[2]

မူလရည်မှန်းထားချက်တွင် ပါသော်လည်း လုပ်အားနှင့် ပစ္စည်းအနည်းငယ်သာ ရယူခဲ့သောလုပ်ငန်းများမှာ—

စာချုပ်ပါအမှတ်စဉ်		လုပ်ငန်း
၃။	....	သင်္ဘောဆိပ်ကမ်း လွယ်ကူမှုများ ပြန်လည်ထူထောင်ရေး
၅။	....	မြန်မာ ကျွမ်းကျင်သူများနှင့် ပညာတော်သင်များကို ဂျပန်နိုင်ငံတွင် ပညာသင်ကြားရေး
၆။	....	မြန်မာကျွမ်းကျင်သူများကို မြန်မာနိုင်ငံတွင် စက်မှုလက်မှုနှင့် သက်ဆိုင်သည့် သင်တန်းများပေးရေး
၁၁။	....	ဘိလပ်မြေစက်ရုံများ တည်ဆောက်ရေး
၁၃။	....	သကြားစက်ရုံများ တည်ဆောက်ရေး
၁၈။	....	ကြေးနန်းအဆက်အသွယ်များ ပြန်လည်ထူထောင်ရေးတို့ဖြစ်သည်။

နှစ်ပြည်ထောင်အစိုးရတို့ သဘောတူညီသည့် အခြားပစ္စည်းများနှင့် လုပ်အားများစီမံထားရှိရေး (စာချုပ်ပါ အမှတ်စဉ် ၁၉) လုပ်ငန်းအတွက် ရယူသောပစ္စည်းနှင့် လုပ်အားမှာ

၁။ Capital Equipment
၂။ စစ်လျော်ကြေး အစီရင်ခံစာ၊ စာ ၉...

အထောက်တွင်ဖော်ပြထားသော လုပ်ငန်း ၆ ခုထက် ပိုမိုကြောင်း တွေ့ရသည်။ ရရှိသည့် ပစ္စည်းများမှာ အောက်ပါအတိုင်း ဖြစ်သည်[၁]။

၁။ စက်မှုလက်မှုဘိုးခွဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်းမှ ဝယ်ယူသော အစိုးရပိုင်စက်ရုံများအတွက် စက်ပစ္စည်းကိရိယာများနှင့် ပုဂ္ဂလိကပိုင်စက်ရုံများအတွက် စက်ပစ္စည်းကိရိယာများ

၂။ ယာဉ်မျိုးစုံ

၃။ သင်္ဘောရုံးအခဲဆောက်အအုံ

၄။ လျှပ်စစ်ပစ္စည်း

၅။ စက်ပစ္စည်းအကြီးစားနှင့် ကိရိယာများ[၂]

၆။ စက်ပစ္စည်း အသေးစားနှင့် ကိရိယာ[၃]

၇။ အဆောက်အအုံပစ္စည်းများ

၈။ မြေဩဇာနှင့် ဓာတ်သတ္တုများ

၉။ ကျောက်မီးသွေး

၁၀။ အထည်အလိပ်

၁၁။ စက်ရုံသုံး ကုန်ကြမ်းပစ္စည်းများ

၁၂။ အိမ်သုံးပစ္စည်းများ

၁၃။ လူသုံးကုန်ပစ္စည်းများ

၁၄။ စားသုံးကုန်ပစ္စည်းများ

၁၅။ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးစီမံကိန်းအတွက် ပစ္စည်းများ

၁၆။ လူစီးကားငယ်ထုတ်လုပ်ရေး

၁၇။ ပင်းနိုးဘတ်စ်ကား ထုတ်လုပ်ရေး

၁၈။ ရေစုပ်ပိုက်နှင့် လယ်ထွန်စက်ငယ်ထုတ်လုပ်ရေး

၁၉။ အထွေထွေပစ္စည်းမျိုးစုံ

၁။ စင်လျှော်ကြေးအစီရင်ခံစာ၊ စာ ၉-၁၀

၂။ Heavy Equipment, Tools and Spares

၃။ Light Machineries, Tools and Spares

၂၀။ ရှမ်း၊ ကချင်၊ ကရင်၊ ကယားပြည်နယ်များနှင့် ချင်းဝိသေသတိုင်းအတွက် ဝယ်ယူသောပစ္စည်းမျိုးစုံ

၂၁။ လုပ်အားများ
စစ်လျော်ကြေးအဖွဲ့သုံး
ဂျပန်ပါရဂူငှားရမ်းရေး
ဘဏ်တိုး
ရေကြောင်းအာမခံစရိတ်
ပစ္စည်းစစ်ဆေးခ
သင်္ဘောတင်ခ
မြန်မာကျောင်းသားနှင့် အလုပ်သင်စရိတ်
ခေတ္တလာရောက်သော အဝယ်တော်အဖွဲ့များစရိတ်

ပြည်တော်သာ စီမံကိန်းကို ရေးဆွဲချမှတ် လုပ်ဆောင်ရာ၌ နိုင်ငံ တိုးတက်ရေး၊ ပြည်သူတို့ စားဝတ်နေမှု အဆင့်အတန်း မြင့်မားရေးကို ရှေးရှုသဖြင့် စက်မှုလက်မှု ထူထောင်ရေးကဏ္ဍကို ဦးစားပေးထားသည်။ ထို့ကြောင့် ဂျပန် စစ်လျော်ကြေးအတွက် ပစ္စည်းများ ရယူရာ၌ စက်မှုလက်မှု လုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံများ တည်ထောင်နိုင်ရန်၊ စက်မှု ပံ့ပိုးကဏ္ဍကြီးများဖြစ်သော ရေနံ ထုတ်လုပ်ရေး၊ တွင်းထွက်ဓာတ်သတ္တုထုတ်လုပ်ရေး၊ လျှပ်စစ်ဓာတ်အား သယ်ယူပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းကြီးငယ်များ လုပ်ကိုင်နိုင်ရန် ရည်မှန်းတောင်းဆိုခဲ့သည်။ သို့သော် ရည်မှန်းချက်အတိုင်း မရရှိချေ။ နှစ်နိုင်ငံ သဘောတူ စာချုပ်တွင် မူလရယူရန် ရည်မှန်းထားသော လုပ်အားနှင့် ပစ္စည်း ၁၉ မျိုးအနက် စက်မှုလက်မှု ထူထောင်ရေးအတွက် အရေးပါသော

၁။ ဘုံမဏိစက်ရုံ တည်ဆောက်ရေး
၂။ မြေသြဇာထုတ်လုပ်ရန် စက်ရုံများတည်ဆောက်ရေး
၃။ သင်္ဘောတည်ရန် သင်္ဘောကျင်းတည်ဆောက်ရေး
၄။ ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့် အမြောက်ဆန်များထုတ်လုပ်ရေး
၅။ သံမှတစ်ပါး အခြားသတ္တုလုပ်ငန်းတည်ဆောက်ရေး
၆။ အင်ဂျင်နီယာလုပ်ငန်းများ တည်ဆောက်ရေး

၇။ မောတုဗေဒလုပ်ငန်းများ တည်ဆောက်ရေး

၈။ ဆားလုပ်ငန်းများ တိုးတက်အောင်ပြုလုပ်ရေး

စသောလုပ်ငန်းရှစ်မျိုးနှင့် ဆေးရုံများတည်ဆောက်ရေးနှင့် ဆေးကုမှုစီမံထားရှိရေးတို့အတွက် လုံးဝ ရယူခဲ့ခြင်း မရှိချေ[၁]။

မြန်မာနိုင်ငံတော်အတွင်း စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ ထူထောင်ရေးအတွက် အထောက်အကူဖြစ်သော ဘီလူးချောင်း ရေအားလျှပ်စစ်ပေးရေးစီမံကိန်းကို ဂျပန်စစ်လျော်ကြေးငွေဖြင့် တည်ထောင်ခဲ့သည်။ ဂျပန်ပြည် တိုကျိုမြို့မှ အင်ဂျင်နီယာမှစ္စတာကူဘိုကာ ခေါင်းဆောင်သော နိပ္ပန်ကိုအေး ကုမ္ပဏီမှ အင်ဂျင်နီယာများ၏ လုပ်အားကိုရယူသည်။ ဒီဇိုင်းရေးဆွဲခြင်းနှင့် စီမံမှုကို ကာကျီးမား ကုမ္ပဏီမှ အင်ဂျင်နီယာ ၂၉ ယောက်၊ ပညာရှင် ၁၈၁ ယောက်၊ အထူးပညာရှင် ၅ ယောက်၊ အထောက်အအုံမန်နေဂျာ ၂ ယောက်နှင့် ပစ္စည်းစာရင်းကိုင် ၁၁ ယောက်တို့၏ လုပ်အားကိုရယူသည်။ စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ဒေသခံမြန်မာတိုင်းရင်းသား အလုပ်သမားများကို ရသလောက် အသုံးပြုသည်။ ၁၉၅၅ ခုနှစ်တွင် ပစ္စည်းများစတင်ရောက်ရှိလာပြီး ၁၉၆၂ ခု၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် အစမ်းလည်ပတ်ခြင်းအောင်မြင်၍ ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ဘီလူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးရေးစီမံကိန်းတစ်ခုလုံးအတွက် ပစ္စည်းနှင့်လုပ်အားခ ပေါင်စတာလင် ၅၅၂၆၉၀ နှင့် မြန်မာငွေ ကျပ် ၁၉၉၇၈၉၆၅ ကုန်ကျသည်။ ထို့ပြင် အရပ်ရပ်ပစ္စည်းများအတွက် ဂျပန်ယန်း ၈၄၄၃၅၉၀၃၄၀ ကုန်ကျသည်[၂]။

မီးရထားဌာနသည် စစ်ဒဏ်ကိုပြင်းထန်စွာခံလိုက်ရသဖြင့် ပျက်စီးဆုံးရှုံးမှု အလွန်များသည်။ စစ်မဖြစ်မီက ရန်ကုန်-မန္တလေးလမ်းမှာ အသွားအပြန်လမ်းနှစ်သွယ်ရှိခဲ့သည်။ စစ်အတွင်း ဂျပန်များသည် မီးရထားလမ်းတစ်သွယ်မှ သံလမ်းများနှင့် ပဲခူးမှခရမ်းသို့သွားသည့် မီးရထားသံလမ်းများကို ဖြုတ်ယူ၍ ယိုးဒယား-မြန်မာမီးရထား လမ်းဖောက်လုပ်ရန် ရည်ရွယ်လျက် သံဖြူဇရပ်သို့ပို့သည်။ မီးရထားဘူတာရုံကြီးများလည်း စစ်အတွင်း ဗုံးကြဲတိုက်ခိုက်ခံကြရသဖြင့် ပျက်စီးခဲ့သည်။ ပျက်စီးဆုံးရှုံးမှု စုစုပေါင်း ကုဋေ ၅၀ ဖိုးခန့်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံ မီးရထား ပြန်လည်ထူထောင်ရေးအတွက် ဂျပန်စစ်လျော်ကြေးကို ၁၉၅၅ ခုမှ၁၉၆၅ ခုနှစ်အတွင်း စာချုပ်စောင်ရေပေါင်း ၁၅၅ စောင်ချုပ်ဆို၍ ယန်း ၈၀၄၃၉၅၈၉၈၇ (ကျပ် ၁၀၆၄၀၁၅၇၃၃.၉၀) ဖိုး ရထားပစ္စည်းအမျိုးမျိုးရယူခဲ့သည်[၃]။

၁။ **စစ်လျော်ကြေးအစီရင်ခံစာ၊** စာ ၁၀-၁၁

၂။ **စစ်လျော်ကြေးအစီရင်ခံစာ၊** စာ ၁၄-၁၅-၁၉

၃။ **စစ်လျော်ကြေးအစီရင်ခံစာ၊** စာ ၂၁-၂၅

အလားတူပင် မြန်မာဆိပ်ကမ်းကြီးများလည်း ဗုံးကြဲတိုက်ခိုက်ခံရမှုကြောင့် အကြီးအကျယ် ပျက်စီးခဲ့သည်။ ပြည်တွင်းပြည်ပ သယ်ယူပို့ဆောင်ရေးတွင် အဓိကကျသည့် ဆိပ်ကမ်းများ ပြန်လည်ထူထောင်ရေးသည် တိုင်းပြည်အတွက် အလွန်အရေးကြီးသည်။ ထို့ကြောင့် ရန်ကုန်ဆိပ်ကမ်း ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် စာချုပ် ၉ စောင်ချုပ်ဆို၍ တန်ဖိုးအားဖြင့် ယန်း ၇၁၆၄၃၀၀၃၀ (ကျပ် ၉၄၇၆၅၈၇·၇၀) တန်ပစ္စည်းများကို စာချုပ်ကာလ ၁၀ နှစ်အတွင်း ရယူခဲ့သည်။ ထို့အတူ မြစ်ကြောင်းသွားလာရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စာချုပ် ၂၆ စောင်ချုပ်ဆို၍ သင်္ဘော၊ လှေ၊ သမ္ဗာန်များနှင့် ပစ္စည်းအမျိုးမျိုးကို ယန်း ၄၀၉၉၃၇၂၀၇၉ (ကျပ် ၅၄၂၂၄၄၉၈·၄၀) ဖိုး ရယူခဲ့သည်။[1]

ပြည်တော်သာခေတ်အတွင်း မြန်မာနိုင်ငံ၏ စက်မှုလက်မှု လုပ်ငန်းများကို စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း (စတလက)က ဦးဆောင်လုပ်ကိုင်သည်။ ထို့ကြောင့် နိုင်ငံအတွင်း တည်ဆောက်လည်ပတ်လျက်ရှိသော အစိုးရပိုင်စက်များ၊ စီမံကိန်းများ၊ လုပ်ငန်းများနှင့် ပုဂ္ဂလိကပိုင်စက်ရုံကြီးငယ်များအတွက် လိုအပ်သောစက်များ၊ ပစ္စည်းကိရိယာများကို စတလကသည် ဂျပန်စစ်လျော်ကြေးဖြင့် ဝယ်ယူခဲ့သည်။ ဤဝယ်ယူပိုင်ခွင့်သည် နှစ်နိုင်ငံသဘောတူ စာချုပ်တွင် မူလရယူရန် ရည်မှန်းထားသောလုပ်အားနှင့် ပစ္စည်းစာရင်းပါ အမှတ်စဉ် ၁၉ အချက်ဖြစ်၏။ ထိုဝယ်ယူပိုင်ခွင့်အရ စတလကသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် စာချုပ်ပေါင်း ၁၃၂ စောင်ချုပ်ဆို၍ အစိုးရပိုင်စက်များ၊ လုပ်ငန်းများအတွက် ယန်း ၁၂၉၇၁၂၁၈၈၆ (ကျပ် ၁၇၁၅၇၇၀၂) တန်ဖိုးရှိသော ပစ္စည်းကိရိယာများကို အောက်ပါအတိုင်း ဝယ်ယူခဲ့သည်။[2]

		ယန်း	ကျပ်
၁။ စက်ဘက်ဆိုင်ရာစီမံကိန်း[3]	....	၈၂၉၇၇၃၆၄	၁၁၉၇၅၈၄
၂။ သံရည်ကျိုစက်	....	၁၅၈၀၉၇၀၂၁	၂၀၉၁၂၃၀
၃။ ချည်မျှင်နှင့်အထည်စက်ရုံ	....	၂၅၀၃၄၈၂၂၃	၃၃၁၁၄၈၄
၄။ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း	....	၁၀၉၅၈၆၃၈၈	၁၄၄၉၅၅၅
၅။ ပိုးချည် ထုတ်လုပ်ရေးစီမံကိန်း	....	၂၀၆၈၀၂၈၅	၂၇၃၅၄၉
၆။ ဘိလပ်မြေစက်	....	၃၃၀၀၁၆၀၅၂	၄၃၆၆၆၁၄

၁။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၂၆-၃၁

၂။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၃၂

၃။ Engineering Industry Project

	ယန်း	ကျပ်
၇။ သကြားစက်	၂၆၂၁၂၅၂၂၆	၃၄၆၇၂၆၅
၈။ လက်ဖက်ခြောက်စက်	၂၉၄၉၆၅၆	၃၉၀၁၇
၉။ ငါးဖမ်းလုပ်ငန်း	၇၁၂၈၂၆၇၉	၉၄၂၈၉၈
၁၀။ ယွန်းထည်လုပ်ငန်း	၆၂၃၈၄၀၀	၈၂၅၁၉
၁၁။ မီးသွေးလုပ်ငန်း	၂၇၂၀၅၉၂	၃၅၉၈၇
စုစုပေါင်း	၁၂၉၇၁၂၁၈၈၆	၁၇၁၅၇၇၀၂

ပစ္စည်းများကို စစ်လျော်ကြေး အကောင်အထည်ဖော်သည့် ၁၀ နှစ်တာကာလအတွင်း ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ၁၉၆၁-၆၂ ဘဏ္ဍာရေးနှစ်တွင် အများဆုံးဝယ်ယူခဲ့သည်။

နိုင်ငံပိုင် စက်ရုံများအတွက် ဝယ်ယူသည့် ပစ္စည်းများတွင် စက်ဘက်ဆိုင်ရာ စီမံကိန်းအတွက် သံမဏိပြားကြီးများ တန်ချိန် ၅၃၃၊ သံပုံသွင်းစက်ကြီး၊ သံလိုက်ဓာတ်အား သတ္တိရှိသော သံထည်များနှင့် ကြေးဆေးများကို ၁၉၅၇-၅၈ ခုမှ ၁၉၆၃-၆၄ ခုနှစ်အတွင်း ဂျပန်ယန်း ၈၂၉၇၇၃၆၄ (ကျပ် ၁၀၉၇၅၈၄) ဖိုးဝယ်ယူသည်။ ထို့အတူ သံရည်ကျိုစက်အတွက် သံလိုက်အားရှိသော သံထည်[၁] တန်ချိန် ၂၈၀၊ အလားတူ သံထည်[၂] တန်ချိန် ၁၀၀၊ ခဲပုပ်ဖြင့် ပြုလုပ်ထားသော ဓာတ်အားပို့ဆောင်သော ကိရိယာ[၃] တန်ချိန် ၂၇၀ နှင့် ပုံသွင်းရန် ကိရိယာ[၄] တို့ကို ၁၉၅၇-၅၈ ခုမှ ၁၉၆၂-၆၃ ခုနှစ်အတွင်း ယန်း ၁၅၈၀၉၇၀၂၁ (ကျပ် ၂၀၉၁၂၃၀) ဖိုးဝယ်ယူသည်။

အစိုးရချည်မျှင်နှင့် အထည်စက်ရုံအတွက် လိုအပ်သောပစ္စည်းများကို ၁၉၅၆-၅၇ ခုနှစ်မှ စတင်ဝယ်ယူခဲ့သည်။ ၁၉၆၀-၆၁ ခုနှစ်တွင် ပစ္စည်းဝယ်ယူခြင်း လုံးဝမရှိခဲ့ချေ။ စာချုပ်ပါ သတ်မှတ်ထားသော ဆယ်နှစ်အတွင်း ၁၉၆၄-၆၅ ခုနှစ်အထိ ဝယ်ယူသောပစ္စည်းများမှာ ဆာကာမိုတိုအမျိုးအစား ရက်ကန်းစင်နှင့် အပိုပစ္စည်းကိရိယာများ၊ အပ်ချုပ်စက်၊ ဆေးဆိုးကန်၊ ဆိုးဆေးနှင့် ရက်ဖောက်များဖြစ်သည်။

၁။ Ferro manganese

၂။ Ferro Silicon.

၃။ Graphite Electrodes.

၄။ Moulds.

အသိုးရပိုင် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများအတွက် ဝယ်ယူသော ပစ္စည်းများတွင် မြေမြိုရှိ နီးဆီနှင့် လောပတ်စက်အတွက် ပစ္စည်းများ၊ စည်သွတ်ဘူးလွတ်များ၊ အမရပူရ ဆောင်းငါး ရက်ကန်းရုံအတွက် ရက်ကန်းစက်နှင့် ကိရိယာများ၊ပန်းကန်စက်အတွက် ကြွေရည် ခေတ်အားပေးစက်ငယ်များ၊ကြွေဆေးနှင့် အခြားခေတ်သစ္တုများ၊ စက္ကူတစ်မျိုး[၁] နှင့်ပလတ် စတစ်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ရန် စက်ပစ္စည်းမျိုးစုံတို့ ပါဝင်သည်။ ထိုအတူ ပိုးချည် ထုတ်လုပ်ရေးစီမံကိန်းအရ မေမြို၊ မြစ်ကြီးနား၊ လှိုင်ကော်နှင့် ပေါက်ခေါင်း ပိုးလုပ်ငန်းများ အတွက် ပိုးဥ[၂] အလေးချိန် ဂရမ်ပေါင်း ၈၁၀၀ ကို ၁၉၅၆ ခုနှစ်နှင့် ၁၉၅၇ ခုနှစ်အတွင်း ဝယ်ယူ၍ လေယာဉ်ဖြင့် ပို့ဆောင်ရသည်။ လုပ်ငန်းအတွက်လိုအပ်သော ရေစုပ်ပိုက်များ ရေသန့် စက်များနှင့် ပိုးချည်ငင်စက်များကိုလည်း ဝယ်ယူသည်။

ဘိလပ်မြေစက်များအတွက် ပစ္စည်းရယူရာ၌ စက်ပစ္စည်းများမပူးတ်ဘဲ စက်ရုံအတွက် လိုအပ်သော မီးခံအုတ်များ၊ မီးခိုးခေါင်းတိုင်အတွက် သံထည်များနှင့် ကျောက်ဆေးများသာ ဝယ်ယူသည်။ အများဆုံးဝယ်ယူသည့်ပစ္စည်းမှာ ဘိလပ်မြေထည့်ရန် အိတ်များဖြစ်၏။ အရေအတွက်အားဖြင့် ၅၂၀၀၀၀၀ ရှိသည်။ ၁၉၅၆-၅၇ ခုနှစ်မှ ၁၉၆၂-၆၃ ခုနှစ်များအတွင်း ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ပျဉ်းမနား သကြားစက်နှင့် ဇေယျဝတီ သကြားစက်များအတွက် ကြံကြိတ်စက်၊ ကြံ ဖြတ်စက်၊ စက်ကိရိယာ၊ စက်အပိုပစ္စည်းမျိုးစုံနှင့်အရန်ပစ္စည်းများကို ၁၉၅၇-၅၈ ခုနှစ်မှစ၍ စာချုပ်ပါ ဆယ်နှစ်သက်တမ်းကုန်ဆုံးသည့် ၁၉၆၄-၆၅ ခုနှစ်အထိ နှစ်စဉ်ဝယ်ယူခဲ့သည်။ ထိုသို့ဝယ်ယူသော ပစ္စည်းများသည် ဇေယျဝတီ သကြားစက်ထက် ပျဉ်းမနား သကြားစက် အတွက် ပို၍များသည်။

လက်ဖက်ခြောက်စက်အတွက် လက်ဖက်ခြောက်ထည့်ရန် သုံးထပ်သား သေတ္တာအလွတ် ၅၀၀၀ နှင့် စက်ပစ္စည်းအနည်းငယ် ဝယ်ယူသည်။ ထိုအတူ ငါးဖမ်းလုပ်ငန်းအတွက် တစ်နေ့လျှင် ၂၅ တန်ထွက် ရေခဲစက်၊ အအေးခန်းများအတွက် ပစ္စည်းအစုံနှင့် ပိုက်ကွန်ရက်စက်များ ဝယ်ယူ၍ ယွန်းထည်လုပ်ငန်းအတွက်မူ ၁၉၅၇ ခုနှစ်အတွင်း သစ်စေးသန့်ရှင်းအောင်လုပ်သော စက်နှင့် ခေတ်သစ္တုများကို တစ်ကြိမ်သာဝယ်ယူခဲ့သည်။ အလားတူပင် မီးသွေးလုပ်ငန်း အတွက်လည်း မီးသွေးအမှုန့်ကို အခဲပြုလုပ်ရန်စက်ကို ၁၉၆၀ ပြည့်နှစ်အတွင်းဝယ်ယူခဲ့သည်။[၃]

၁။ Underglazed Transfer Paper, Overglazed Transfer Paper

၂။ Silk worm eggs

၃။ စစ်လျှော်ကြေးအစီရင်ခံစာ၊ စာ ၃၂-၃၃

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း (စတလက)သည် နိုင်ငံတော် စက်မှုလက်မှု ထူထောင်ရေးအတွက် ဂျပန်စစ်လျော်ကြေးဖြင့် စက်များ၊ စက်ပစ္စည်းကိရိယာများ ဝယ်ယူရာ၌ အစိုးရပိုင် လုပ်ငန်းများ အတွက်သာမက ပုဂ္ဂလိကပိုင် လုပ်ငန်းကြီးငယ်များ အတွက်လည်း တာဝန်ယူရသည်။ ပုဂ္ဂလိက လုပ်ငန်းများတွင် စက်ရုံကြီးများနှင့် စက်ရုံအသေးစားများလည်းရှိသည်။ ပုဂ္ဂလိကပိုင် စက်ရုံကြီးများတွင် မုတ္တမကုမ္ပဏီ၊ အတွေ့တွေ့ဆီစက်ကုမ္ပဏီ၊ ဘဒိုကျွန်းသစ်နှင့် သစ်မာကုမ္ပဏီလီမိတက်၊ မြန်မာဆင်ဒီကိတ်လီမိတက်၊ ဇံဘင်စိန့်ကုမ္ပဏီ၊ မြန်မာကျွန်းသစ်နှင့် ပလိုင်းဝုဒ်ထုတ်ရေးဒင်း ကုမ္ပဏီလီမိတက် တို့ပါဝင်သည်။

ဖော်ပြပါ ပုဂ္ဂလိကပိုင် စက်မှုလုပ်ငန်းကြီးများအတွက် စတလကမှ ပစ္စည်းဝယ်ယူရာ၌ မုတ္တမကုမ္ပဏီအတွက် ၁၉၅၆ ခုနှစ်တွင် တစ်နေ့လျှင် ရေခဲတန် ၂၅၀ ကျသည့် ရေခဲစက်ကို ယန်း ၂၀၅၇၈၀၀၀ (ကျပ် ၂၇၂၁၉၆) ဖြင့်လည်းကောင်း၊ အအေးခန်းနှင့် ဂက်ါဘောဂ အမည်ရှိ ငါးဖမ်းသင်္ဘောတစ်စင်းကို ယန်း ၉၀၀၀၀၀၀ (ကျပ် ၁၁၉၀၄၇၆) ဖြင့်လည်းကောင်း ဝယ်ယူသည်။ ထိုအတူ အတွေ့တွေ့ဆီစက် ကုမ္ပဏီအတွက် ၁၉၅၇ ခုနှစ်တွင် ဖွဲနုဆီစက်တစ်လုံးကို ယန်း ၆၄၃၃၀၉၇၁ (ကျပ် ၈၅၀၉၃၉) ဖြင့်ဝယ်သည်။

ဘဒိုကျွန်းသစ်နှင့် သစ်မာကုမ္ပဏီ လီမိတက်အတွက် ပစ္စည်းများကို ၁၉၅၇ ခုမှ ၁၉၆၁ ခုနှစ်အတွင်း ၅ ကြိမ်ဝယ်ယူသည်။ ဝယ်ယူသည့် ပစ္စည်းများမှာ ပျဉ်ချပ်ထပ်စက်နှင့် အပို ပစ္စည်းများဖြစ်သည်။ စုစုပေါင်း ယန်း ၉၇၉၂၁၄၆၉ (ကျပ် ၁၂၉၅၂၅၈) ဖိုးရှိသည်။

မြန်မာ ဆင်ဒီကိတ် လီမိတက်အတွက် ၁၉၅၈ ခုနှစ်တွင် တစ်ကြိမ်သာ ဝယ်ယူသော အပ်ချုပ်စက်နှင့် ချည်မျှင်လုပ်စက်သည် ယန်း ၅၄၅၅၉၈၀၀ (ကျပ် ၇၂၁၆၈၀) တန်သည်။ အလားတူပင် ဇံဘင်စိန့် ကုမ္ပဏီအတွက် ၁၉၆၀ ပြည့်နှစ်တွင် ဝယ်သော နိုင်လွန်ဆေးရိုက်စက်သည် ယန်း ၆၁၄၅၁၇၆၄ (ကျပ် ၈၁၂၈၅၄) တန်သည်။ ၁၉၆၁ ခုနှစ်တွင် မြန်မာကျွန်းသစ်နှင့် ပလိုင်းဝုဒ်ထုတ်ရေးဒင်း ကုမ္ပဏီ လီမိတက်အတွက် ပျဉ်ထပ်စက်တစ်ရုံ ဝယ်ယူရာ၌ ယန်း ၁၁၁၄၉၇၅၇၀ (ကျပ် ၁၄၇၄၈၃၆) ကုန်ကျခဲ့လေသည်။[1]

ပုဂ္ဂလိကပိုင် စက်ရုံငယ်များအတွက် စတလကသည် ဂျပန်စစ်လျော်ကြေးဖြင့် ၁၉၅၇ ခုမှစ၍ စက်ကိရိယာ ပစ္စည်း ၇ မျိုးဝယ်ယူသည်။ ပုဂ္ဂလိကပိုင် စက်မှု လုပ်ငန်းများသည် နိုင်ငံအတွင်း နယ်မြေဒေသ အများ၌ အနှံ့အပြား တည်ရှိသည်။ ပြည်သူတို့၏ စားဝတ်နေရေးနှင့် စပ်ဆိုင်သော ကုန်ပစ္စည်း အမျိုးမျိုး ထုတ်လုပ်ပေးနေသော စက်မှုလုပ်ငန်းငယ်များ ဖြစ်သည်။ အများစုမှာ အထည်အဝတ် ထုတ်လုပ်သော ရက်ကန်းစက်များ ဖြစ်ကြသဖြင့် ရက်ကန်းစက်လုပ်ငန်း တိုးတက်ရေးအတွက် ရက်ကန်းစက်ဆိုင်ရာ ပစ္စည်းနှင့် စက်အများဆုံး

၁။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၃၄-၃၉

ဝယ်ယူခဲ့သည်။ ဝယ်ယူသည့် ရက်ကန်းစက်များမှာ ချည်ထည်၊ ပိုးထည်၊ ရေယုန်နှင့် နိုင်လွန်စက်များဖြစ်၏။ ချည်ထည်စက်များတွင် ခြင်ထောင်ဇာ၊ မျက်နှာသုတ်ပဝါ၊ လုံချည်နှင့် စောင်ရက်စက် အများဆုံးပါဝင်သည်။ ၁၉၅၆ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ကာလအတွင်း ဝယ်ယူခဲ့သော ရက်ကန်းစက်များ စက်ပစ္စည်းများသည် စုစုပေါင်း ယန်း ၁၅၃၆၀၀၅၃၁၀ (ကျပ် ၂၁၃၁၇၅၃၁) ဖိုးရှိသည်။

ထိုသို့ ဝယ်ယူသော ရက်ကန်းစက် အများစုသည် ရန်ကုန်မြို့အတွက်ဖြစ်၏။ မန္တလေး၊ မော်လမြိုင်၊ အမရပူရ၊ မုံရွာ၊ ညောင်ရွှေ၊ အင်းလေး၊ တောင်တွင်းကြီး၊အင်းစိန်၊ ပေါင်းတည်၊ မိတ္ထီလာ၊ ပုသိမ်၊ ရွှေကျောင်၊ ကျောက်တံခါး၊ မြင်းမူ၊ ပခုက္ကူနှင့် ကျောက်ဆည်မြို့များ အတွက်လည်းပါသည်။ ချည်ထည်စက်၊ ရေယုန်နှင့် နိုင်လွန်စက်များကို ဤကဲ့သို့ မြန်မာပြည် မြို့နယ်အနှံ့ အပြားၐ္ဍ တည်ထောင်နိုင်သဖြင့် ပြည်တွင်းသုံးအဝတ်အထည်များ အလုံအလောက် ထုတ်လုပ်နိုင်ခဲ့သည်။ အိန္ဒိယ အစရှိသော အိမ်နီးချင်း နိုင်ငံများမှာ ဝယ်ယူရမှု လျော့နည်းသွား၍ နိုင်ငံခြားငွေ သုံးစွဲမှု နည်းပါးသွားသည်။[၁]

ထို့ပြင် ပုဂ္ဂလိက လုပ်ငန်းငယ်များဖြစ်သော ဇာဘော်လီနှင့် အင်္ကျီချုပ်သည့် စိန်သဇင်၊ ပျိုကြေးမုံ၊ တိုင်းရင်းမေ စသည့်ကုမ္ပဏီများအတွက် အိမ်သုံးအမျိုးအစား အပ်ချုပ်စက်၊ အလုံးပေါင်း ၄၀၀ ကို ယန်း ၂၃၄၄၂၈၁၅ (ကျပ် ၃၁၀၀၉၁) ဖြင့် စက်မှုလက်မှု ထိုးချုပ် လုပ်ကိုင်ရေး ကော်ပိုရေးရှင်း (ငွေချေးဌာန) မှ ဝယ်ယူပေးသည်။ စွပ်ကျယ်စက်နှင့် ထိုးစက်များအတွက်မူ စက်ရုံသုံးအပ်ချုပ်စက်[၂] များကိုလူကြိုက်အများဆုံးဖြစ်သော ယာမာတို ကုမ္ပဏီမှ ယန်း ၇၂၈၁၇၇၂၂ (ကျပ် ၁၀၉၆၇၀၉) ဖိုး ဝယ်ယူသည်။ စွပ်ကျယ်စက်နှင့် ခြေစွပ်စက်များအတွက် စက်ရုံသုံး ချည်ထိုးစက်[၃] များကိုလည်း ယန်း ၂၂၅၁၇၅၁၃၅ (ကျပ် ၂၉၇၇၆၁၃၉) ဖိုး ဝယ်ယူခဲ့သည်။ ယင်းစက်များသည် ရန်ကုန်မြို့ရှိ စက်ရုံများအတွက် အများဆုံးဖြစ်သည်။ တောင်ကြီးမြို့နှင့် မန္တလေးမြို့များအတွက်လည်း အနည်းငယ်ပါသည်။

ပုဂ္ဂလိက စာပုံနှိပ် လုပ်ငန်းအတွက် ရန်ကုန်မြို့ သတင်းစာ ထုတ်လုပ်ရေး အသင်းက လည်းကောင်း၊ ပုဂ္ဂလိက စာပုံနှိပ်တိုက် ကလေးများက လည်းကောင်း စာပုံနှိပ်စက်၊ ပုံနှိပ်မင်နှင့် ပုံနှိပ် ကိရိယာများကို ယန်း ၇၇၀၃၉၆၄၇ (ကျပ် ၁၀၁၉၀၄၃) ဖိုး ဝယ်ယူကြသည်။ စက်များကို ရန်ကုန်မြို့မှ အများဆုံး ဝယ်ယူပြီး ဝါးခယ်မ၊ မန္တလေး၊ ပြည်၊ မော်ဘီ၊ တောင်ငူမြို့များမှလည်း အနည်းငယ်စီ ဝယ်ယူကြသည်။

၁။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၃၄-၃၅

၂။ Industrial Sewing Machines

၃။ Industrial Knitting Machines

စက်ပြုပြင်ရေး ပစ္စည်းများနှင့် စပ်လျဉ်း၍ မော်တော်ကား ပြုပြင်ရုံများတွင် အသုံးပြု နေသည့် ပစ္စည်း ကိရိယာများမှာ ဟောင်းနွမ်းနေပြီ ဖြစ်သဖြင့် ဂျပန်ပြည်မှ ပစ္စည်း ကိရိယာ များကို ယန်း ၂၉၉၂၂၁၀၄ (ကျပ် ၃၉၅၇၉၆) ဖိုး ဝယ်ယူသည်။ ဝယ်ယူသည့် ပစ္စည်းများ အနက် အများဆုံးမှာ ရှပ်သွေးစက်၁ ဆလင်ဒါညှိစက်၂ နှင့် လေအားဖြင့် ဖိနှိပ်သည့်ကိရိယာ၃ တို့ ဖြစ်သည်။

အထွေထွေ စက်မှုလုပ်ငန်းဆိုင်ရာ ပစ္စည်းများကို ဝယ်ယူရန် စာချုပ်ပေါင်း ၂၁၂ စောင် ချုပ်ဆို၍ ယန်း ၅၃၁၉၅၉၅၀၆ (ကျပ် ၇၀၃၆၅၁၁) ဖိုးဝယ်ယူသည်။ ထိုသို့ဝယ်ယူသော အထွေထွေ စက်များမှာ သားရေလုပ်စက်၊ ဒန်အိုးစက်၊ ဝါယာကြိုးလုပ်စက်၊ ဇစ်လုပ်စက်၊ ကြယ်သီးလုပ်စက်၊ သွားကြားထိုးတံလုပ်စက်၊ ပလတ်စတစ်ကိရိယာလုပ်စက်၊ ဖိနပ်ချုပ်စက်၊ သွားတိုက်ဆေးလုပ်စက်၊ မီးခြစ်လုပ်စက်၊ ထီးလုပ်စက်၊ အုန်းဆံကြိုးလုပ်စက်၊ ဘီးလုပ်စက်၊ မှင်လုပ်စက်၊ ဖောင်တိန်လုပ်စက်၊ကြေးချည်သုတ် ပန်းကန်လုပ်စက်၊ စည်သွတ်ဘူး သွင်းစက်၊ ကိတ်မုန့်နှင့် သကြားလုံးစက်၊ ဆန်စက်ကိရိယာ၊ ဆီစက်ကိရိယာ၊ ခေါက်ဆွဲလုပ်စက်၊သံဆူးကြိုး လုပ်စက်၊ ရေခဲစက်၊ ဖန်ကိရိယာ လုပ်စက်၊ ခဲဖိနပ်လုပ်စက်၊ ဆံထိုးလုပ်စက်၊ စက္ကူအိတ် လုပ်စက်၊ ဝက်အူနှင့်နပ်လုပ်စက်၊ ရော်ဘာ စက်ကိရိယာ၊ ဆီဆေးလုပ်စက်၊ ကြက်ဥဖောက်စက် နှင့် ခရမ်းချဉ်သီးရည်ညှစ် စက်များဖြစ်သည်။

ဖော်ပြပါစက်များကို ရန်ကုန်၊ မုတ္တမ၊ ဗန်းမော်၊ သန်လျင်၊ ညောင်လေးပင်၊ မန္တလေး၊ မြိတ်၊ ကျောက်မဲ၊ မြစ်ကြီးနား၊ ငါးသိုင်းချောင်း၊ ပဲခူး၊ ပခုက္ကူ၊ ကြို့ပင်ကောက်၊ ပဲနွယ်ကုန်း၊ မုံရွာ၊ ပန်းတနော်၊ ပျဉ်းမနားနှင့် မုံ့ခြုံမြို့များတွင် တည်ထောင်ခဲ့သည်။ ၄

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းမှ မြန်မာနိုင်ငံနယ်မြေဒေသ အနှံ့ အပြားတွင် ရှိသော ပုဂ္ဂလိကပိုင် အသေးစား စက်မှုလုပ်ငန်း အမျိုးမျိုးအတွက် စက်များ စက်ပစ္စည်းကိရိယာများ ဝယ်ယူရန် သက်ဆိုင်ရာများနှင့် စာချုပ်ပေါင်း ၇၉၇ စောင်ချုပ်ဆို ခဲ့သည်။ စုစုပေါင်း ယန်းပေါင်း ၂၅၀၆၄၇၃၅၁၉ (ကျပ် ၃၃၁၅၄၄၁၁) ကုန်ကျခဲ့သည်။ ဤသို့ဂျပန် စစ်လျော်ကြေးဖြင့် နိုင်ငံတော်အတွင်း အသေးစား စက်မှုလက်မှု လုပ်ငန်းများကို နယ်မြေအနှံ့ တည်ထောင်နိုင်သဖြင့် ပြည်သူလူထု၏ စားဝတ်နေရေး ချောင်လည်မှု၊ တိုးတက် မြင့်မားမှုကို တစ်ဘက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေခဲ့လေသည်။

၁။ Crankshaft grinder

၂။ Cylinder Boring Machine.

၃။ Hydraulic press.

၄။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၃၄-၃၆

နှစ်နိုင်ငံသဘောတူညီထားသော စစ်လျော်ကြေးစာချုပ်တွင် မူလရယူရန် ရည်မှန်းထားသော ပစ္စည်းနှင့် လုပ်အားစာရင်းပါ အမှတ်စဉ် ၁၉ ၌ စက်ရုံသုံး ကုန်ကြမ်း ပစ္စည်းများ ရယူရေးလည်းပါဝင်သည်။ စက်ရုံသုံး ကုန်ကြမ်းပစ္စည်းများသည် စက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးပါသော ပစ္စည်းများဖြစ်သည်။ သို့သော် ဂျပန်နိုင်ငံ၌ စက်ရုံသုံး ကုန်ကြမ်း၊ သဘာဝပစ္စည်းများ လုံလောက်စွာ မတွေ့ခြင်းကြောင့် စက်ရုံသုံး ကုန်ကြမ်း စင်စစ်ကို စစ်လျော်ကြေးဖြင့် ရယူနိုင်ခြင်း မရှိခဲ့ချေ။ ထို့ကြောင့် စက်ရုံသုံး ကုန်ကြမ်းအဖြစ်ဖြင့် စည်သွတ်ဘူးလွှတ်များကိုသာ ဝယ်ယူခဲ့ရသည်။ ထိုဘူးလွှတ်များကို ၁၉၅၇ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ယန်း ၁၀၄၅၅၇၁၀၀ (ကျပ် ၁၃၇၃၀၃၀) ဖိုးဝယ်ယူသည်။ တစ်ပေါင်ဝင်ဘူးပေါင်း ၃၇၃၀၀၀၀ နှင့် ပေါင်ဝက်ဝင် ဘူးပေါင်း ၁၇၇၅၀၀၀ ဖြစ်၏။ ထိုဘူးလွှတ်များကို ကာကွယ်ရေးဌာနမှ ဖွင့်ထားသော စည်သွတ်လုပ်ငန်းအတွက် ဝယ်ယူရာ၌ ၁၉၅၉ ခုနှစ်အတွင်းက တန်ဖိုးနည်းနည်းနှင့် ဈေးချိုသော ဆူဂျီကုမ္ပဏီမှ ဝယ်ယူမိသဖြင့် ကလောမြို့ စည်သွတ်စက်ရုံသို့ ရောက်၍ စစ်ဆေးကြည့်ရာတွင် ဘူးပြုလုပ်ရာတွင် အသုံးပြုသည့် ခဲဂဟေများ ကပ်နေသည်ကို တွေ့ရသဖြင့် အသုံးမပြုနိုင်ဘဲဖြစ်ခဲ့ရသည်။[၁]

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုးရေးကို ပြည်တော်သာရမည်ဟူသော ကြွေးကြော်သံဖြင့် စီမံကိန်းများ ချမှတ်လုပ်ဆောင်ရာ၌ ဖွံ့ဖြိုးမှု အားနည်းနေသေးသော တောင်တန်းဒေသ နယ်မြေများ၏ အခန်းကဏ္ဍကိုလည်း လျစ်လျူမရှုခဲ့ပေ။ ထို့ကြောင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်း အစရှိသော ပြည်နယ်များတွင် စက်မှုလုပ်ငန်းများ ထူထောင်နိုင်ရန်၊ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်စေရန်၊ လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရန် စသည်တို့အတွက်လည်း လိုအပ်သော စက်၊ စက်ပစ္စည်း ကိရိယာများကို စစ်လျော်ကြေးဖြင့် ရယူခဲ့ပေသည်။ ၁၉၅၆ ခုမှ ၁၉၆၄ ခုနှစ်အထိ ကာလအတွင်း ပြည်နယ်အသီးသီးအတွက် ဝယ်ယူသော ပစ္စည်းများကို စက်ပစ္စည်းမျိုးစုံ၊ လယ်ယာလုပ်ကိုင်ရေး ပစ္စည်းမျိုးစုံ၊ လမ်းဖောက်လုပ်ရေး ဆိုင်ရာ ပစ္စည်းများ၊ ရေယာဉ်၊ အဆောက်အအုံ ပစ္စည်း၊ အထွေထွေ ပစ္စည်းဟူ၍ ကဏ္ဍခြောက်မျိုးခွဲ၍ ဝယ်ယူသည်။ စုစုပေါင်း တန်ဖိုး ယန်း ၂၇၂၆၇၅၂၂၂၅ ကျပ် (၃၆၀၆၈၁၅၁) ကုန်ကျသည်။ ပြည်နယ်အလိုက် ဝယ်ယူသည့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်သည်။[၂]

ပြည်နယ်		ပစ္စည်းတန်ဖိုး
ရှမ်းပြည်နယ်	ယန်း	၁၂၂၈၁၄၀၁၇၅
	ကျပ်	၁၆၂၄၅၂၄၃·၀၆

၁။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၆၆

၂။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၈၆-၈၇

မြည်နယ်			ပစ္စည်းတန်ဖိုး
ကချင်မြည်နယ်	....	.... ယန်း	၆၁၅၉၆၁၅၄၃
		ကျပ်	၈၁၄၇၆၃၉·၄၆
ကော့သူးလေမြည်နယ်	....	.... ယန်း	၄၅၄၂၁၆၉၂၄
		ကျပ်	၆၀၀၈၁၆၀·၃၇
ကယားမြည်နယ်	....	.... ယန်း	၃၄၅၅၇၆၈၄၇
		ကျပ်	၄၅၇၁၁၂၂·၃၁
ချင်းဝိသေသတိုင်း	....	.... ယန်း	၈၂၈၅၆၅၃၆
		ကျပ်	၁၀၉၅၉၈၅·၉၃

ရှမ်းမြည်နယ်အတွက် ဝယ်ယူခဲ့သည့် ပစ္စည်းများတွင် စက်ပစ္စည်းများဖြစ်သော ဓာတ်အားပေးစက်၊ ပန့်ပ်စက်၊ ချည်ငင်စက်၊ မြေပုံကူးစက်နှင့် ကျောက်တူးစက်များ ပါဝင်သည်။ လယ်ယာလုပ်ကိုင်ရေး ပစ္စည်းမျိုးစုံတွင် လယ်ထွန်စက်ကလေးများ၊ စပါးကြိတ်စက် ၁၂၀၊ စပါးလှေ့စက် ၅၀၊ ကောက်ရိုးဖြင့် ကြိုးကျစ်သောစက် ၃၀၀၊ ပိုးသတ်ဆေးမှုန့်ဖြူးကိရိယာ ၁၀၀၊ ပိုးသတ်ဆေးရည်ဖျန်း ကိရိယာ ၂၀၀၊ ပေါင်းနုတ်စက် ၃၀၀ နှင့် ရေစုပ်စက်များပါဝင်သည်။

လမ်းဖောက်လုပ်ရေးအတွက် ပစ္စည်းများတွင် အဓိကအသုံးဝင်သော မြေဖို့စက်ကြီး[၁] ၅၆ စီး၊ လမ်းကြိတ်စက် ၁၀ လုံး၊ ဘိလပ်မြေနယ်စက် ၅ လုံးနှင့် ကျောက်ကြိတ်စက် ၂ လုံး ပါသည်။ ထို့ပြင် မီးသတ်ကား ၇ စီးနှင့် ကုန်တင်၊ လူစီး စသည့်ယာဉ်စုစုပေါင်း ၈၄၀ ကိုလည်း ဝယ်ယူသည်။ ရေယာဉ်မှာမူ ၂ စီးသာဝယ်ယူသည်။ အဆောက်အအုံ ပစ္စည်းများအဖြစ် သွပ်ပြား ၁၅၄၄၀ တန်၊ ကတ္တရာစေးအပြား ၉၈၀၀၀ ချပ်နှင့် ရေပိုက်များဝယ်သည်။အထွေထွေ ပစ္စည်းများတွင် အိမ်သုံးအွယ်တာထိုးစက် ၅၂၅ လုံး၊ အိမ်သုံးအပ်ချုပ်စက် ၄၃၈ လုံး၊ မိုးကာတဲများ၊ ကြွက်ဥဖောက်စက်များ၊ အားကစားပစ္စည်းများ၊ မြေတိုင်းကိရိယာများနှင့် အသံလွှင့် အသံဖမ်းစက် ၂၄ စုံ ပါဝင်သည်။ ထိုပစ္စည်းအရပ်ရပ်ကို ဝယ်ယူရာ၌ သက်ဆိုင်ရာများသည် ရှစ်နှစ်အတွင်း စာချုပ်ပေါင်း ၁၁၇ စောင် ချုပ်ဆိုခဲ့ကြသည်။[၂]

ကချင်မြည်နယ်အတွက် ဂျပန်စစ်လျော်ကြေးဖြင့် ရယူသောပစ္စည်းကဏ္ဍ ခြောက်မျိုးတွင်လည်း နယ်မြေဖွံ့ဖြိုးရေး စက်မှုလုပ်ငန်းများ တူထောင်ရေးအတွက် ပစ္စည်းအများဆုံး

၁။ Tractors and Bulldozers-

၂။ စစ်လျော်ကြေးအစီရင်ခံစာ၊ ၈၁ ၈၂

ပါဝင်သည်။ စက်ပစ္စည်းမျိုးစုံတွင် ပုံနှိပ်စက်နှင့် ခေတ်အားပေးစက်တို့ပါဝင်၍ လယ်ယာကဏ္ဍအတွက် ရေစုပ်စက် ၂၀၊ လယ်ထွန်စက် ၉၊ စပါးကြိတ်စက် ၄၅ လုံး၊ စပါးရိတ်စက် ၂ လုံး၊ ပိုးသတ်ဆေးဖြူးစက်နှင့် ဆေးဖျန်းစက် ၆၁၇ လုံးနှင့် သီးနှံလှောင် သံတောင်းငယ် ၁၀၀ တို့ကို ရယူခဲ့သည်။ လမ်းဖောက်လုပ်ရေးအတွက်မူ မြေဖို့စက်ကြီး ၁၆ စီး၊ ကျောက်အင်တေတူးစက် ၄ လုံး၊ ကျောက်ကြိတ်စက် ၁ လုံးနှင့် ကတ္တရာစေးနယ်စက် ၁ လုံးဝယ်ယူသည်။ မော်တော်ယာဉ် အမျိုးမျိုး ၁၁၉ စီး၊ လူစီးသင်္ဘောငယ်တစ်စီးနှင့် ရုံးသုံးပစ္စည်းများ၊ဆေးရုံသုံးပစ္စည်းများလည်း ရယူသည်။ဝါယာကြိုးများ၊ မှန်ချပ်များ၊ လျှပ်စစ်ပစ္စည်း၊ ရေဒီယို စသည့်အထွေထွေပစ္စည်းများ အပါအဝင် ဖော်ပြပါ ပစ္စည်းများအားလုံးကို ၁၉၅၇ ခုမှ ၁၉၆၃ ခုနှစ်အတွင်း စာချုပ်ပေါင်း ၇၄ စောင် ချုပ်ဆို၍ ရယူခဲ့သည်။[၁]

အလားတူပင် ကော်သူးလေပြည်နယ်အတွက်ဝယ်ယူသောစက်ပစ္စည်းများမှာဝါးဖြတ်စက်နှင့် ဝါးကြိတ်စက်မျိုးစုံ ၁၀ စုံ၊ တစ်နေ့လျှင် ၅ တန်ထွက်သည့် ရေခဲစက်တစ်လုံးနှင့် ပုံနှိပ်စက်များဖြစ်သည်။ လယ်ယာ ထုတ်လုပ်ရေးဆိုင်ရာ ပစ္စည်းများမှာ ထွန်စက်ငယ် ၂၂ လုံး၊ လယ်ထွန်စက်ကြီး ၇၆ လုံး၊ မျိုးကြဲစက်အလုံး ၅၀၊ ပေါင်းနုတ်စက် ၁၀ လုံး၊ စပါးရိတ်စက် ၈ လုံး၊ ပိုးသတ်ဆေးဖျန်းစက် ၂၇ လုံးနှင့် ကောက်ရိုး ကြိုးကျစ်စက် ၃ လုံးဖြစ်သည်။ လမ်းဖောက်လုပ်ရေးအတွက် ကတ္တရာစေးချက်စက် ၃ ခု၊ ကတ္တရာစေးဖြူးစက် ၆ ခု၊ လမ်းကြိတ်စက် ၃ လုံး၊ ဘိလပ်မြေနယ်စက် ၃ လုံးနှင့် မော်တော်ယာဉ်များ ဝယ်ယူသည်။ ကော်သူးလေပြည်နယ်သည် ရေယာဉ်အများဆုံးဝယ်ယူသည်။ အဆောက်အအုံ ပစ္စည်းများနှင့် အထွေထွေပစ္စည်းများအပါအဝင် ပစ္စည်းများအားလုံးကို ၁၉၅၇ ခုနှစ်မှ ၁၉၆၄ ခုနှစ်အတွင်း စာချုပ်ပေါင်း ၆၈ စောင် ချုပ်ဆို၍ ဝယ်ယူသည်။[၂]

ကယားပြည်နယ်က ဝယ်ယူသော စက်ပစ္စည်းမျိုးစုံမှာ သံဂဟေစက်၊ ခေတ်အားပေးစက်၊ မော်တော်ကား ဆလင်ဒါသွီစက် ၂ လုံးနှင့် သံကိရိယာလုပ် စက်တို့ဖြစ်သည်။ လယ်ယာလုပ်ကိုင်ရေးအတွက် ပိုးသတ်ဆေး စက်ကိရိယာများ ဝယ်ယူသည်။ လမ်းဖောက်လုပ်ရေးနှင့် ပတ်သက်၍ ကျောက်ကြိတ်စက် ၁ ခု၊ ကတ္တရာစေးကျိုစက် ၁ ခု၊ မြေဖို့မြေတူးစက် ၆ ခုနှင့် လမ်းကြိတ်စက် ၁ စီးတို့ ဝယ်ယူသည့်အပြင် မော်တော်ယာဉ်များနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် ဟယ်လီကော်ပတာတစ်စီး ဝယ်ယူသည်။ အဆောက်အအုံ ဆောက်လုပ်ရေးအတွက် ရေပိုက်များ၊ မှန်များနှင့် အထွေထွေပစ္စည်းများအပြင် အသံလွှင့် အသံဖမ်းစက်၊ ဆေးရုံသုံး ပစ္စည်းများလည်းဝယ်ယူသည်။[၃]

၁။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၈၃-၈၇၊

၂။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၈၃-၈၄၊ ၈၈

၃။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၈၅

ချင်းဝိသေသတိုင်းသည် အခြားတိုင်းများထက် ဝယ်ယူမှု လျော့နည်းသည်။ ဝယ်ယူသော ပစ္စည်းများမှာ သွပ်ပြား၊ ရေပိုက် စသည့်အိမ်ဆောက်ပစ္စည်းများ၊ ပဲချိတ်မော်တော် ၃ စီး၊ ကုန်တင်ကား ၆ စီး၊ ဂျစ်ကားအစီး ၂၀ နှင့် လမ်းဖောက်လုပ်ရေး ကိရိယာတစ်စုံသာ ဝယ်ယူသည်။ ပြည်နယ်များသည် ပစ္စည်းများဝယ်ယူရာ၌ ဆေးရုံသုံး ပစ္စည်းများနှင့် လမ်းဖောက်လုပ်ရေးပစ္စည်းများကို အများဆုံးဝယ်ယူကြကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံအတွက် ဂျပန်နိုင်ငံမှ စစ်လျော်ကြေးငွေကို အသုံးပြု၍ ဝယ်ယူခဲ့သည့် ပစ္စည်းများတွင် မြန်မာနိုင်ငံ စက်မှုလက်မှု ဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သည့်စက်များ၊ စက်ပစ္စည်းများ ပါဝင်သည်။ ထို့ပြင် စက်မှုလက်မှု ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် လျှပ်စစ်ပစ္စည်းများ၊ ကျောက်မီးသွေး၊ ဓာတုသတ္တုများ၊ စက်ပစ္စည်း အကြီးစားနှင့် ကိရိယာများ၊ စက်ပစ္စည်း အသေးစားနှင့် ကိရိယာများလည်း ဝယ်ယူသည်။

စက်ပစ္စည်း အကြီးစားနှင့် ကိရိယာများသည် လေးလံသောပစ္စည်း တန်ဆာပလာများ[၁] ဖြစ်သည်။ စက်ရုံများ ဆောက်လုပ်ရာတွင်လည်းကောင်း၊ စက်ရုံတွင် တပ်ဆင်အသုံးပြုရန်လည်းကောင်း လိုအပ်သော ပစ္စည်းများဖြစ်သည်။ ၎င်းတို့မှာ မြေတူးစက် ၃၅ စီး၊ မြေညှိစက် ၁၇ စီး၊ လမ်းကြိတ်စက် ၃၈ စီး၊ လမ်းတူးစက် ၂၂ စီး၊ ကတ္တရာစေး အရည်ကျိုစက် ၂၄ လုံး၊ ဟိုတာချိကုမ္ပဏီလုပ် ကုန်တင်ကုန်ချမောင်း၊ သံလမ်းသွား ကုန်တင်ကုန်ချမောင်းနှင့် ၎င်းမောင်းများကိုမောင်းရန် ဒီဇယ်အင်ဂျင်များ၊ သတ္တုတွင်းတူး ကိရိယာတန်ဆာပလာများ၊ လျှပ်စစ်ဓာတ်အားပေး ဒီဇယ်အင်ဂျင်စက် ၃၈၆ လုံးနှင့် အပိုပစ္စည်းများဖြစ်သည်။ ထို့ပြင် ကာကွယ်ရေးဌာနမှ အမရပူရမြို့တွင် တည်ထားသော အမှတ်(၂)အလုပ်ရုံအတွက်ပစ္စည်းမျိုးစုံ၊ ကလောမြို့တွင် တည်ထောင်သော စည်သွတ်စက်ရုံအတွက် ပစ္စည်းမျိုးစုံ၊ မှန်သေတ္တာလုပ်စက်များ၊ ကြိမ်ဖြတ်စက်များ၊ တွင်ခုံထုတ်လုပ်သည့် စက်ကိရိယာများ၊ ဝါးဖြတ်စက်များနှင့် ရန်ကုန်၊ ပေါင်းတည်၊ ဟသ်ာတ၊ စစ်တွေ၊ လက်ပံတန်း၊ ပြည်မြို့တို့တွင် တည်ထားရန် ဖွဲ့နှံစက် ၆ လုံးလည်းပါဝင်သည်။ ပစ္စည်းများကို ၁၉၅၇ ခုမှ ၁၉၆၄ ခုနှစ်အတွင်း စာချုပ်ပေါင်း ၁၂၈ စောင် ချုပ်ဆို၍ ဝယ်ယူသည်။ တန်ဖိုးအားဖြင့် ယန်း ၁၉၅၄၀၈၀၄၆၀ (ကျပ် ၂၅၈၄၇၆၂၅) တန်သော ပစ္စည်းများဖြစ်သည်။

စက်ပစ္စည်း အသေးစားနှင့်၊ ကိရိယာများ[၃] မှာ မလေးလံသော ပစ္စည်းတန်ဆာပလာများဖြစ်ကြသည်။ ၁၉၅၆ ခုမှ ၁၉၆၄ ခုနှစ်အတွင်း စာချုပ်ပေါင်း ၇၉ စောင် ချုပ်ဆို၍

၁။ Heavy Equipment, Tools and Spares
၂။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၅၂-၅၃
၃။ Light Machineries, Tools and Spares

ယန်း ၇၃၇,၅၅၂,၇၇၄ (ကျပ် ၉၇၅,၂၀၁၈) ဖိုး ဝယ်ယူသည်။ ပစ္စည်းများမှာ ရေစုပ်စက်ပေါင်း ၅၂,၇၃ နှင့် ရေဘ်ဘာပိုက်များ၊ ရေစုပ်စက်မောင်းသည့် အင်ဂျင်စက်များ ၊ လေသွင်းစက်များ၊ လေးသောပစ္စည်းများ မရန် လက်ဖြင့်လှည့်ရသော ကရိယာ ၁၉၄ စုံ၊ သံဖြတ်လွှများ၊ စပါး အစိုအခြောက်တိုင်းသည့် ပြဒါးတိုင်များ၊ သံကြိုးခွေများ၊ သံဆန်ခါများ၊ စက်များတွင် အသုံး ပြုသည့် ရေဘ်ဘာကြိုးများ၊ ပိုးသတ်ဆေးဖျန်း ကရိယာများ၊ ပိုးသတ်ဆေးမှုန့်ပက် ကရိယာများ၊ သစ်သားကိရိယာလုပ်သောစက်များ ဖြစ်ကြသည်။[၁]

ဂျပန် စစ်လျော်ကြေး ရယူရာ၌ စာချုပ်ပါ သဘောတူညီချက်အရ ဂျပန်နိုင်ငံသူ နိုင်ငံ သားတို့၏ လုပ်အားကို ရယူရန်လည်းပါသည်။ ထိုသို့ လုပ်အားကို ယူရာတွင် နိုင်ငံတော် အတွင်း စက်မှုလုပ်ငန်းများထူထောင်မှုကို အထောက်အကူပြုနိုင်ရန် စက်မှုလက်မှုလုပ်ငန်း ကျွမ်းကျင်သူ ဂျပန်ပညာရှင်များ ခေါ်ယူခဲ့သည်။ ရေအား လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ဖြစ်သော ဘီလူးချောင်း စီမံကိန်းအတွက် ဂျပန် ကျွမ်းကျင် ပညာရှင် အများဆုံးရယူခဲ့သည်။ မြန်မာပြည် မီးရထားဌာနက အင်းစိန်မြို့နှင့် မြစ်ငယ်မြို့များရှိ မီးရထား အလုပ်ရုံ လုပ်ငန်း အတွက် ဂျပန် ကျွမ်းကျင်လုပ်သား ၈ ဦးကို ရယူသည်။ အချို့ ပညာရှင် လုပ်အားမှာ ပုဂ္ဂလိကပိုင် လုပ်ငန်းများအတွက်ဖြစ်သည်။ ၎င်းတို့မှာ ပုဂ္ဂလိကပိုင် မုတ္တမကုမ္ပဏီ၏ ရေခဲစက် အတွက် ငှားရသော အင်ဂျင်နီယာ တစ်ယောက်နှင့် ဂဂ်ါဘောဂ ငါးဖမ်းသင်္ဘောအတွက် ငှားရသော ဂျပန်သင်္ဘောသားများ ဖြစ်သည်။[၂]

နိုင်ငံတော် အစိုးရသည် ပိုးချည်ထုတ်လုပ်ရေး စီမံကိန်းကို ဂျပန် စစ်လျော်ကြေးဖြင့် ရသော ပညာရှင်များ၏ လုပ်အားဖြင့် အကောင်အထည် ဖော်ရန် ကြိုးပမ်းသည်။ ထို့ကြောင့် ဂျပန် ပိုးချည် ပညာရှင်များအပြင် မန္တလေး တက္ကသိုလ်တွင် ၁၉၅၆ ခုနှစ်က ဖွင့်လှစ်သော ပိုးမွေးမြူရေး ဘာသာရပ်ကို သင်ကြားပေးရန် ဂျပန် ပါမောက္ခများလည်း ငှားခဲ့သည်။ ထို့ပြင် မေမြို့ ပိုးချည်မျင်စက်အတွက် ဂျပန် အမျိုးသမီး ၃ ယောက် အပါအဝင် ပညာရှင် ၈ ယောက်၊ ပိုးစာပင် စိုက်ပျိုးရေးအတွက် ပညာရှင် ၆ ယောက်၊ ပိုးမွေးမြူရေးအတွက် ပညာရှင် ၂ ယောက် အစရှိသော စုစုပေါင်း ပညာရှင် ၂၁ ယောက်ကို ငှားရမ်းသည်။[၃]

စက်မှု ထူထောင်ရေးတွင် အရေးပါသော ပံ့ပိုးကဏ္ဍကြီး တစ်ခုဖြစ်သော ဓာတ်သတ္တု ပင်ရင်း အခြေအမြစ်များ တိုးတက်အောင် ဆောင်ရွက်ရေး ကော်ပိုရေးရှင်းကလည်း

၁။ **စစ်လျော်ကြေးအစီရင်ခံစာ၊** စာ ၅၄-၅၅
၂။ **စစ်လျော်ကြေးအစီရင်ခံစာ၊** စာ ၉၂
၃။ **စစ်လျော်ကြေးအစီရင်ခံစာ၊** စာ ၉၂

နိုင်ငံတော် စက်မှုလုပ်ငန်းကြီးများအတွက် လိုအပ်သော ကျောက်မီးသွေးကို ပြည်တွင်းမှရရှိစေရန် ကြိုးပမ်းသည်။ ထိုလုပ်ငန်းအတွက် ဂျပန် ပညာရှင်များ၏ လုပ်အားကို ရယူရန် စစ်လျော်ကြေးဖြင့် ငှားရမ်းသည်။ ဂျပန်အဖွဲ့ တစ်ဖွဲ့သည် နိုင်ငံအတွင်း ကျောက်မီးသွေး ရရှိနိုင်မည့် ဒေသများတွင် စူးစမ်းရှာဖွေမှုများ ပြုလုပ်သည်။

ဖွံ့ဖြိုး တိုးတက်မှု အားနည်းနေသေးသော ကယားပြည်နယ် လယ်ယာ စိုက်ပျိုးရေးတွင် အထောက်အကူပြုရန် ဂျပန် ပညာရှင် တစ်ယောက်၊ ကော့သူးလေ ပြည်နယ် ဖားအံမြို့၌ ရေခဲစက်တည်ရန် ပညာရှင် တစ်ယောက်တို့ကိုလည်း စစ်လျော်ကြေးဖြင့် ရယူသည်။

သမိုင်းရှိ အဝိုးရချည်မျှင်နှင့် အထည်စက်အတွက် ဆေးဆိုးစက် တည်ရာတွင် ဂျပန် ပညာရှင် တစ်ယောက်၊ ဘွိုင်လာ တပ်ဆင်ရန် တစ်ယောက်နှင့် ဆေးဆိုး ပညာအတွက် တစ်ယောက်ငှားခဲ့သည်။ ထို့အတူ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း လက်အောက်ရှိ လုပ်ငန်းရပ်များအတွက် ဂျပန်ပညာရှင် ၄၁ ယောက် ရယူကာ အုတ်ကြွပ်ပြားစက် ထုတ်လုပ်ရာတွင် တစ်ယောက်၊ စက်ရက်ကန်း ဌာနတွင် တစ်ယောက်၊ မော်လမြိုင် ပန်းကန် စက်တွင် ၂ ယောက်၊ မြေမြို့ နို့ချက် စက်ရုံတွင် တစ်ယောက်၊ ပျဉ်းမနား သကြား စက်တွင် ၁၆ ယောက် အသုံးပြုသည်။ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက ဤသို့ ဂျပန် ကျွမ်းကျင် ပညာရှင်များကို ၁၉၅၆ ခုနှစ်မှစ၍ ၁၉၆၅ ခုနှစ်အထိ စာချုပ်ပေါင်း ၁၉ ခုဖြင့် ရယူခဲ့ရာတွင် ယန်း ၃၅၈၈၉၉၈၂ (ကျပ် ၄၇၄၇၃၅) ကုန်ကျခဲ့သည်။[၁]

ကာကွယ်ရေးဌာန[၂] သည် ၁၉၅၆ ခုနှစ် ဧပြီလ အတွင်း ယာဉ်မျိုးစုံ ပြင်ဆင်သည့် အလုပ်ရုံ ဆောက်လုပ်ရန် မတ်စုကူမှကီမှ ပညာရှင်များကို ယန်း ၂၀၃၉၂၄၀၆၉ (ကျပ် ၂၆၉၇၄၀၈·၃၂) ကုန်ကျခံ၍ ခေါ်ယူသည်။ ထို့နောက် ဒုတိယ အသုတ်အဖြစ်ဖြင့် ကလောမြို့ စည်သွတ်စက်ရုံအတွက်ပညာရှင် ၅ ယောက်၊ ဘီအက္ကတ်နှင့် သကြားလုံးလုပ်ငန်းကျွမ်းကျင်သူ ပညာရှင် တစ်ယောက်၊ ဟင်းသီးဟင်းရွက်နှင့် အသား ငါးအခြောက် ပြုလုပ်ရန်အတွက် ပညာရှင် တစ်ယောက်၊ စက်ရုံတွင် ပုံသွင်းဖိုထိုး စသည့် ပညာရှင် ၃ ယောက်၊ ဓိသုကာ ပညာရှင်တစ်ယောက်၊ အိမ်ထောင်ပရိဘောဂထုတ်လုပ်သည့် ပညာရှင်တစ်ယောက်၊ စစ်ဝတ်စုံ များချုပ်လုပ်မှု ကျွမ်းကျင်သူပညာရှင်တစ်ယောက်၊ ဝါးလုပ်ငန်းအတွက်ပညာရှင် ၄ ယောက်၊ ရေကြောင်း ဗိုဇယ်အင်ဂျင်နီယာ ၃ ယောက်၊ ရေငုပ်အတတ် ပညာရှင် တစ်ယောက်၊ ရေတပ် စခန်းအတွက် ပညာရှင် ၄ ယောက်၊ စုစုပေါင်း ပညာရှင် ၂၄ ယောက် ခေါ်ယူသည်။

၁။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၉၃-၉၅

၂။ Military Ordnance Dept.

ထိုပညာရှင်များကို ၁၉၅၆ ခုမှ ၁၉၆၄ ခုနှစ်အတွင်း စာချုပ်ပေါင်း ၂၆ စောင် ချုပ်ဆိုကာ ခေါ်ယူခဲ့ရာ စုစုပေါင်း ယန်း ၂၃၀၁၇၆၁၃၆ (ကျပ် ၃၀၄၄၆၅၇) ကုန်ကျသည်။[၁]

ထို့ပြင် ကာကွယ်ရေး စက်မှုလက်မှု ထုတ်လုပ်ရေး စက်ရုံများတွင် မော်တော်ကားများ၊ ရေစုပ်စက်များ၊ လယ်ထွန်စက်များ စသည်တို့ ထုတ်လုပ်ရန် ဂျပန်ပညာရှင်များကို ငှားရမ်းခေါ်ယူခြင်းလည်း ရှိသေးသည်။ ထိုပညာရှင်များကိုမူ ၁၉၆၂ ခုနှစ်မှ ၁၉၆၄ ခုနှစ်အတွင်း ခေါ်ယူခဲ့သည်။[၂]

ဂျပန်နိုင်ငံမှ ပညာရှင်များ၊ ကျွမ်းကျင်သူများ၏ လုပ်အားကို ရယူသကဲ့သို့ စာချုပ်ပါ လုပ်ပိုင်ခွင့်အရ မြန်မာနိုင်ငံမှ ကျောင်းသားများ၊ အလုပ်သင်များကိုလည်း ဂျပန်သို့စေလွှတ်နိုင်ပေသည်။ ထိုသို့ လုပ်ပိုင်ခွင့် ရှိသော်လည်း မြန်မာနိုင်ငံသည် စစ်လျော်ကြေးကို အသုံးချ၍ ပညာတော်သင်များ၊ အလုပ်သင်များ စေလွှတ်ရာတွင် အင်္ဂလိပ်နိုင်ငံနှင့် နှိုင်းစာလျှင် အလွန်နည်းလှသည်။ အင်္ဂလိပ်နိုင်ငံ ပညာတော်သင်များသည် စက်မှုလက်မှု လုပ်ငန်းဆိုင်ရာ ပညာရပ်များအပြင် ဘဏ်လုပ်ငန်းနှင့် အားကစား ဖွံ့ဖြိုးရေး စသည်တို့ကို သင်ယူကြသည်။ မြန်မာနိုင်ငံကမူ ပြည်ဘော်သာ စီမံကိန်းတွင် စက်မှုလက်မှုလုပ်ငန်းကြီးငယ်များကို အထောက်အကူပြုမည့် စက်မှုလက်မှု ပညာရှင်များ စေလွှတ်ခြင်း မရှိသလောက် ဖြစ်သည်။

မြန်မာနိုင်ငံမှ ပညာသင်များမှာ ဘီလူးချောင်း စီမံကိန်းမှ ဘီလူးချောင်း ရေအားစက်ရုံများ ကောင်းမွန်စွာ လည်ပတ်ရေးအတွက် လျှပ်စစ်ဓာတ်အားပေးအဖွဲ့မှ ၁၉၅၇ ခုနှစ်အတွင်း စေလွှတ်သော အင်ဂျင်နီယာ ၁၀ ယောက်နှင့် မန္တလေး အရက်ချက် စက်ရုံအတွက် ဘီယာချက် လုပ်ငန်းကို သင်ယူရန် ၁၉၆၁ ခုနှစ်တွင် စေလွှတ်သော မစ္စတာသာဂျီ တို့သာ ရှိသည်။ ကျန်ပညာသင်များမှာ ဆေးရွက်လုပ်ငန်းအတွက် အလုပ်သင် ဦးဖေမြင့်၊ ငါးဖမ်းပညာသင် ဦးဘုန်းဆွေ၊ လေရဟတ် အမောင်းသင် ၆ ယောက်၊ ကချင်ပြည်နယ်မှ ဝါးကြိမ်လုပ်ငန်းနှင့် သီးနှံ စိုက်ပျိုးရေး အလုပ်သင် ၅ ယောက်၊ ကာကွယ်ရေးဌာနမှ ၁၉၆၁ ခုနှစ်တွင် စေလွှတ်သော သကြားလုံး လုပ်နည်း၊ ကိတ်မုန့်ဖုတ်နည်း သင်ယူရန် စစ်ဗိုလ် ၄ ယောက်၊ ဂျူဒိုနှင့် နပန်း ပညာသင် စစ်ဗိုလ် ၅ ယောက်တို့ ဖြစ်ကြသည်။ ၁၉၅၇-၅၉ ခုနှစ်အတွင်း ရက်ကန်းပညာ၊ နိုင်လွန်ဆေးဆိုးပညာများကို သင်ယူသော အလုပ်သင် ၄ ယောက်ကိုမူ ပစ္စည်းပေးသွင်းသော ကုမ္ပဏီက စရိတ်ခံ၍ ခေါ်ယူ သင်ပေးခြင်း ဖြစ်သည်။ ဂျပန်အစိုးရ၏ ပညာတော်သင်အဖြစ် မူလကခေါ်ယူထားသော မြန်မာ ကျောင်းသား ၈ ယောက်တို့မှာ

၁။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၉၃-၉၅

၂။ တော်လှန်ရေးကောင်စီကာလအတွင်းဖြစ်၍ သမိုင်းအပိုင်း ၄ တွင် ဖော်ပြပါမည်။

ဂျပန် အစိုးရက ပေးသော ထောက်ပံ့ကြေး မလုံလောက်သဖြင့် မြန်မာအစိုးရက စစ်လျော်ကြေးမှ ထောက်ပံ့ရသည်လည်း ရှိသည်။[1]

စစ်အတွင်း မြန်မာနိုင်ငံတွင် တိုက်တာအဆောက်အအုံမှစ၍ ပျက်စီး ဆုံးပါးခဲ့သော ပစ္စည်းအမျိုးမျိုးသည် ကုဋေ ၃၂၀ ဖိုးရှိသည်ဟု ခန့်မှန်းသည်။ ပြည်သူလူထု တစ်ရပ်လုံး၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးတို့နှင့် တကွ ဆုံးရှုံးခဲ့ရသော အသက်ပေါင်းများစွာတို့၏ တန်ဖိုးမှာ တွက်ဆ ပိုင်းဖြတ်၍ ရကောင်းသည်မဟုတ်ပေ။ ထိုဆုံးရှုံးနစ်နာမှု အရပ်ရပ်အတွက် ဂျပန်နိုင်ငံမှ စစ်လျော်ကြေး ကုဋေ ၁၀၀ ဖိုးမျှသော ပစ္စည်းနှင့် လုပ်အားကို ရရှိခြင်းသည် စင်စစ် ကျေနပ်ဖွယ် မရှိချေ။ သို့သော် စစ်ပြီး မြန်မာနိုင်ငံကို အဘက်ဘက်မှ ပြန်လည်ထူထောင်ရန်လည်းကောင်း၊ ပြည်တော်သာ စီမံကိန်းက ချမှတ်ထားသော စက်မှုလက်မှုလုပ်ငန်းများ တည်ဆောက်ရာ၌လည်းကောင်း စက်မှုလက်မှု ပစ္စည်းများနှင့် ကျွမ်းကျင်သော စက်မှု အတတ်ပညာရှင်များ ရရှိရန် အဓိက လိုအပ်သည်။ ထို့ကြောင့် စစ်လျော်ကြေးဖြင့် ရရှိသော စက်မှုပစ္စည်းများနှင့် စက်မှု အတတ်ပညာရှင်များသည် စက်မှုလက်မှုလုပ်ငန်းများထူထောင်ရေးကို တစ်စိတ်တစ်ဒေသ အထောက်အကူ ဖြစ်စေသည်ဟု ဆိုရပေမည်။[2]

ဂျပန် စစ်လျော်ကြေးဖြင့် ရယူရန် မူလရည်မှန်းချက်တွင် ပါဝင်သော သံမဏိစက်ရုံ တည်ဆောက်ရေး၊ မြေသြဇာ စက်ရုံ တည်ဆောက်ရေး၊ သင်္ဘောကျင်း တည်ဆောက်ရေး၊ ပေါက်ကွဲစေတတ်သောပစ္စည်းနှင့် အမြောက်ဆန် ထုတ်လုပ်ရေး၊ ဆားလုပ်ငန်း တိုးတက်ရေး၊ ဓာတုဗေဒ လုပ်ငန်း တည်ဆောက်ရေး၊ သတ္တုလုပ်ငန်း တည်ဆောက်ရေး၊ အင်ဂျင်နီယာလုပ်ငန်း တည်ဆောက်ရေး စသော စက်မှုလုပ်ငန်းကြီးများမှာ စာချုပ်ကို တကယ်အကောင်အထည်ဖော်သောအခါ လုံးဝ မရရှိခဲ့သည်မှာ ဝမ်းနည်းဖွယ် ကောင်းလှသည်။ စစ်လျော်ကြေးဖြင့် ငါးသေတ္တာကဲ့သို့သော စားသုံးကုန် ပစ္စည်းများ၊ ဝတ်ရေး လိုအပ်ချက်ဖြစ်သော အထည်အလိပ်များနှင့် ဆောက်လုပ်ရေး ပစ္စည်းများလည်း ရယူသည်။ အထူးသဖြင့်ရက်ကန်းလုပ်ငန်းဆိုင်ရာ ပစ္စည်းများ၊ အိမ်သုံး အပ်ချုပ်စက်များ၊ စက်ရုံသုံး အပ်ချုပ်စက်များ၊ ဒန်အိုးစက်၊ ကြယ်သီးလုပ်စက်၊ ပလတ်စတစ်လုပ်စက်၊ မီးခြစ်စက်၊ ထီးစက် စသော အထွေထွေစက်များ၊ စက်ပစ္စည်းများ ရယူခဲ့ခြင်းဖြင့် ပြည်တော်သာ စီမံကိန်းကာလအတွင်း မြန်မာနိုင်ငံတွင် အသေးစားနှင့် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများ နယ်မြေဒေသအနှံ့အပြား တည်ထောင် ထွန်းကားခဲ့ပေသည်။

၁။ စစ်လျော်ကြေးအစီရင်ခံစာ၊ စာ ၁၀၈-၁၀၉

၂။ ၈ နိုဝင်ဘာ ၁၉၅၄၊ မဏ္ဍိုင်သတင်းစာ၊ ခေါင်းကြီးပိုင်း

၂၃ စက်တင်ဘာ ၁၉၅၄၊ တိုင်းလုံးကျော်သတင်းစာ၊ ခေါင်းကြီးပိုင်း

အခန်း ၇

စက်မှုပံ့ပိုးကဏ္ဍများ

နိုင်ငံတော် ပြည်လည်ထူထောင်ရေး ခေတ်မီတိုးတက်ရေးတို့ကိုရှေးရှု၍ ခေတ်သစ်မြန်မာပြည်တော်သာစီမံကိန်း စက်မှုကဏ္ဍမှ စက်ရုံကြီးငယ်များ တည်ထောင်ရန် ချမှတ်သည်။ ထိုချမှတ်ချက်အရ စက်မှုလက်မှု လုပ်ငန်းအမျိုးမျိုးကို အစိုးရကလည်းကောင်း၊ ပုဂ္ဂလိကအရင်းရှင်များကလည်းကောင်း အားကြိုးမာန်တက်ထူထောင်ကြရာ၌ ငွေကြေးအရင်းအနှီး အတတ်ပညာရှင်၊ ကျွမ်းကျင်လုပ်သား၊ စက်မှုကုန်ကြမ်းအမျိုးမျိုး၊ လျှပ်စစ်ဓာတ်အား၊ မီးထိုးဆီ စက်သုံးဆီအမျိုးမျိုး၊ သုတေသနလုပ်ငန်း စသည်တို့သည် မရှိမဖြစ် လိုအပ်ပေသည်။ အထူးသဖြင့် စက်မှုကုန်ကြမ်းရရှိရန် ဓာတ်သတ္တုရှာဖွေ တူးဖော်ရေး၊ ရေနံထုတ်လုပ်ရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ သုတေသနပြုလုပ်ရေးတို့သည် စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ တည်ထောင်အောင်မြင်ရေးကို အဓိကပံ့ပိုးကြရန်လိုသည်။ ပြန်လည်ထူထောင်ရေးကာလတွင် ခေတ်သစ် မြန်မာပြည်တော်သာကို ရည်မျှော်လျက် စက်မှုလက်မှုစီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ စက်မှုပံ့ပိုးကဏ္ဍကြီးများ၏လုပ်ရည် လုပ်အားမှာလည်း မှတ်တမ်းတင်လောက်ပါသည်။

ဓာတ်သတ္တု ရှာဖွေတူးဖော်ရေး

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သယံဇာတ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ ထိုပစ္စည်းများကို နိုင်ငံအတွက် အကျိုးရှိစွာ ထုတ်ယူအသုံးချနိုင်ရန်သာလိုသည်။ လွတ်လပ်ရေးမရမီက ထိုလုပ်ငန်းများသည် နိုင်ငံခြား အရင်းရှင်ကြီးများလက်တွင် မူပိုင်ဖြစ်နေပေသည်။ ပြန်လည်ထူထောင်ရေးကာလ ခေတ်မီစက်မှုလက်မှု လုပ်ငန်းများတည်ထောင်ရန် ပြည်တော်သာစီမံကိန်း ရေးဆွဲချမှတ်သောအခါမူ ဓာတ်သတ္တုအမျိုးမျိုး ရှာဖွေတူးဖော်ရေးသည် အလွန်အရေးပါသော အခန်းကဏ္ဍတစ်ရပ် ဖြစ်လာသည်။

အင်းစိန်ရှာမရှိ အစိုးရ သံမဏိစက်ရုံကို တည်ထောင်ရာ၌ မြေပေါ်မှ စုဆောင်းရရှိသော သံအိုသံစများဖြင့် လုပ်ငန်းစတင်ခဲ့သည်။ ရေရှည်တွင်မူ နိုင်ငံအတွင်း နယ်မြေအသီးသီးမှ သံရိုင်းသတ္တုသိုက်များကို ရှာဖွေထုတ်လုပ်နိုင်မှသာ စက်ရုံအတွက် သံရိုင်းကုန်ကြမ်း ရရှိမည် ဖြစ်သည်။ အလားတူပင် ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ကြေး၊ ဘော်၊ ဝုလ်ဖရမ် စသည်တို့နှင့် ရေနံ၊ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့တို့သည် လျာထားသတ်မှတ်သော စက်ရုံအလုပ်ရုံများ တည်ထောင်ရာတွင် မရှိမဖြစ် လိုအပ်သည်။ ဘိလပ်မြေစက်ရုံ၊ ဓာတ်မြေသြဇာစက်ရုံ၊ ပန်းကန်စက်၊ အုတ်နှင့် အုတ်ကြွပ်စက် စသည်တို့အတွက်လည်း စက်မှုကုန်ကြမ်း မြေအမျိုးမျိုး ဂေါ်ဒန်၊ ထုံးကျောက် စသည်တို့ကို ရှာဖွေတူးဖော်ကြရမည်ဖြစ်သည်။ ထို့ပြင် တွင်းထွက် ဓာတ်သတ္တုများသည် နိုင်ငံခြားဝင်ငွေကောင်းသော မြန်မာ့ထုတ်ကုန်လည်းဖြစ်သဖြင့် ပြည်တွင်းသုံးနှင့် ပြည်ပသို့ အကျိုးရှိစွာ ထုတ်ရောင်းနိုင်ရန် သတ္တုရိုင်းသန့်စင်စက်၊ ချက်စက်၊ ချွတ်စက်များလည်း တည်ထောင်ရန်လိုပေသည်။

မြန်မာနိုင်ငံတွင် သတ္တု တူးဖော်ရေးလုပ်ငန်းကို ဘားမားကော်ပိုရေးရှင်း၊ မော်ချီးမိုင်း လီမိတက်နှင့် အင်္ဂလိပ်ဘားမားတင်းကုမ္ပဏီတို့က လက်ဝါးကြီးအုပ် လုပ်ကိုင်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးခါ နှစ်များအတွင်း ပြည်တွင်း မငြိမ်မသက်မှုများကြောင့် သတ္တုရှာဖွေ တူးဖော်ရေးကို ရှေးကကဲ့သို့ ထိထိရောက်ရောက် လုပ်ကိုင်နိုင်ခြင်းမရှိချေ။ ပြည်တော်သာ စီမံကိန်းများရေးဆွဲချမှတ်သောအခါ နိုင်ငံတော်အစိုးရသည် သတ္တုရှာဖွေတူးဖော်ရေး၊ ရောင်းချရေးတို့ကို တစ်စိတ်တစ်ဒေသ ချုပ်ကိုင်နိုင်ရန် ပြည်တွင်းစက်မှု လုပ်ငန်းကြီးငယ်များ တည်ထောင် အကောင်အထည်ဖော်ရာတွင် ပံ့ပိုးနိုင်ရန် နိုင်ငံခြား အရင်းရှင်ကုမ္ပဏီများနှင့် ဖက်စပ်ပူးတွဲလုပ်ကိုင်သည်။ သတ္တုတွင်း ပင်ရင်းအခြေအမြစ်များ တိုးတက်အောင်ဆောင်ရွက်ရေး ကော်ပိုရေးရှင်း[၁] ကို ၁၉၅၂ ခုနှစ်တွင် တည်ထောင်သည်။

နမ္မတူရှိ ဘော်တွင်းသတ္တုတွင်းကို လုပ်ကိုင်သော ဘားမားကော်ပိုရေးရှင်းသည် ၁၉၅၁ ခုနှစ်တွင် အစိုးရနှင့် ဖက်စပ်လုပ်ငန်းဖြစ်သွားသဖြင့် ဘားမားကော်ပိုရေးရှင်း (၁၉၅၁) လီမိတက်အမည်ဖြင့် လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်သည်။ ဘားမားကော်ပိုရေးရှင်း စက်ရုံတွင် နမ္မတူ၌ သတ္တုရိုင်း သန့်စင်စက်ရုံတစ်ရုံ၊ သတ္တုချက် စက်ရုံတစ်ရုံနှင့် သတ္တုချွတ် စက်ရုံတစ်ရုံရှိသည်။ သတ္တုရိုင်း သန့်စင်စက်ရုံသည် တစ်နေ့သတ္တုရိုင်း တန်ချိန် ၅၀၀ သန့်စင်၍ ခဲသတ္တုသန့်စင်နှင့် သွပ်သတ္တုသန့်စင်များထုတ်သည်။ သတ္တုချွတ်စက်ရုံသည် တစ်နှစ်လျှင် ခဲပုပ် ၁၃၅၈၀ တန်ချက်နိုင်သည်။ သတ္တုချွတ်စက်ရုံသည်လည်း တစ်နှစ်လျှင် ခဲစင် ၁၀၈၅၀၊ ငွေစင်အောင်စ ရှစ်သိန်း၊ ရွှေစင်အောင်စ သိန်း ၁၀၀၊ ခနောက်စိမ်းခဲ ၃၅၀ တန်၊ ကြေးနီမက်

၁။ Mineral Resources Development Corporation (M R D C)

၂၅၀ တန်နှင့် ၁၁ နီကယ်စလိုက်တန် ၁၁၀ ချက်နိုင်စွမ်းရှိသည်။ နမ္မတူဘော်တွင်း သတ္တုတွင်းလုပ်ငန်းများအတွက်လိုအပ်သောစက်မှုနှင့် လျှပ်စစ်ဆိုင်ရာ အရန်ပစ္စည်းများကိုပြုပြင်ထုတ်လုပ်ပေးသော စက်မှုစက်ရုံမှာ နမ္မတူတွင် တစ်ရုံ၊ ဘော်တွင်းတွင် တစ်ရုံရှိသည်။ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှာ မန်ဆန်ရေကျတွင်ရှိသည်။ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၈၀၀၀ ထုတ်နိုင်သည်။[3]

ကသောပြည်နယ်၊ ဖားဆောင်းမြို့နယ်တွင်တည်ရှိသော မော်ချီးသတ္တုတွင်းသည် ၁၉၂၈ ခုနှစ်ကပင် မော်ချီးမိုင်း လီမိတက်က စတင်တည်ထောင်သော သတ္တုတွင်းဖြစ်သည်။ ၁၉၃၅ ခုနှစ်က စတင်၍ ခဲမဖြူ၊ အဖြိုက်နက်များ တူးဖော်ထုတ်လုပ်သည်။ စစ်ပြီးခေတ်တွင် နယ်မြေမငြိမ်သက် မအေးချမ်း၍ လုပ်ငန်းကောင်းစွာ လုပ်ကိုင်နိုင်ခြင်းမရှိချေ။ မော်ချီးမိုင်းလီမိတက်ပိုင် သတ္တုတွင်းကို ၁၉၅၇ ခုနှစ်တွင် အစိုးရက ဖက်စပ်ကုမ္ပဏီတည်ထောင်၍ သတ္တုထုတ်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်သည်။ သတ္တုတွင်းရှိ စက်၏ မူလစွမ်းအားမှာ တစ်နှစ်လျှင် သတ္တုသန့်စင်တန်ချိန် ၅၀၀၀ ကျော်ရအောင် ကြိတ်ခွဲနိုင်သည်။ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ သတ္တုများ ထုတ်လုပ်နိုင်သော သတ္တုတွင်းဖြစ်သည်။[1]

ထားဝယ်ခရိုင်ရှိ ဟိန္ဒားသတ္တုတွင်းကိုလည်း ၁၉၅၆ ခုနှစ် ဇူလိုင်လတွင် မူလပိုင်ရှင်နှင့် အစိုးရတို့ သဘောတူညီချက်ဖြင့် အင်္ဂလို ဘားမားတင်းကုမ္ပဏီ (၁၉၅၆) လီမိတက်အမည်သို့ ပြောင်းကာ ဖက်စပ်လုပ်ကိုင်သည်။ ဟိန္ဒားသတ္တုတွင်းမှ အဖြိုက်နက်ထုတ်လုပ်သည်။[2]

ပြန်လည်ထူထောင်ရေးကာလတွင် သတ္တုတူးဖော် လုပ်ကိုင်ရေးကို ဖော်ပြပါ ဖက်စပ်ကုမ္ပဏီများမှလည်းကောင်း၊ အစိုးရက တိုက်ရိုက်လည်းကောင်း လုပ်ကိုင်သည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များသည်လည်း လွတ်လပ်စွာ တူးဖော်ရောင်းချနိုင်ခွင့်ရှိသည်။ အစိုးရ တိုက်ရိုက်လုပ်ကိုင်သော လုပ်ငန်းများကို ဓာတ်သတ္တု ပင်ရင်းအခြေအမြစ်များ တိုးတက်အောင် ဆောင်ရွက်ရေး ကော်ပိုရေးရှင်းက တာဝန်ယူ ကြီးကြပ်လုပ်ဆောင်သည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များကို အစိုးရက ငွေကြေးအထောက်အပံ့၊ နည်းပညာ အကြံဉာဏ်များပေးခြင်းဖြင့် ကူညီသည်။

ဓာတ်သတ္တုပင်ရင်း အခြေအမြစ်များ တိုးတက်အောင်ဆောင်ရွက်ရေး ကော်ပိုရေးရှင်း၏ တာဝန်ဝတ္တရားများမှာ ဓာတ်သတ္တုသိုက်များ ရှာဖွေခြင်း၊ စမ်းသပ်တူးဖော်ခြင်း၊ တွေ့ရှိသော

၁။ အမှတ် (၁) သတ္တုတူးဖော်ထုတ်လုပ်ရေး ကော်ပိုရေးရှင်း
၂။ အမှတ် (၂) သတ္တုတူးဖော်ထုတ်လုပ်ရေး ကော်ပိုရေးရှင်း
၃။ *Burma*, Vol. 8. No.1. Oct 1957, p. 37

ခေါင်းထဲမှာ ခါတ်သတ္တုများ၏ အရည်အသွေးကို စိစစ်ခြင်း၊ သတ္တုတွင်း သတ္တုကြောများ၏ ပမာဏကို ခန့်မှန်းတိုင်းတာခြင်း၊ သယ်ယူပို့ဆောင်ရေး လွယ်ကူစေရန် လိုအပ်သောလမ်းများ ဖောက်လုပ်ခြင်း၊ တူးဖော်ခြင်း၊ သန့်စင်ခြင်း၊ ကျိုခြင်း၊ ချွတ်ခြင်း၊ ပြည်တွင်းပြည်ပ ရောင်းချခြင်း စသည်တို့ဖြစ်သည်။ ဓာတ်ပင်တိုးရှင်း (M R D C)ကို ဒါရိုက်တာ ၁၂ ဦးပါဝင်သော ဘုတ်အဖွဲ့က ကွပ်ကဲသည်။ ဘုတ်အဖွဲ့တွင် ဝန်ကြီး ၄ ဦးနှင့် အထက်တန်းအရာရှိကြီး ၆ ဦး ပါဝင်၍ သတ္တုတွင်းဝန်ကြီးဌာန အတွင်းဝန်က ဒါရိုက်တာ ဂျင်နရယ်အဖြစ် လုပ်ငန်းအရပ်ရပ်ကို စီမံဆောင်ရွက်သည်။

ဓာတ်ပင်တိုးရှင်းကို စတင်တည်ထောင်သည့် ၁၉၅၂-၅၃ ခုနှစ်ကပင် ကော်ပိုရေးရှင်းသည် စီမံကိန်း ၅ ခုကို တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်သည်။ ထိုစီမံကိန်း ၅ ခုမှာ နိုင်ငံတော် စက်မှုလက်မှု ထူထောင်ရေးကို ထိထိရောက်ရောက် ပံ့ပိုးနိုင်ရန် ရည်မှန်းသော စီမံကိန်းများဖြစ်သည်။ စီမံကိန်းများမှာ

၁။ ကလေးဝ ကျောက်မီးသွေး တူးဖော်ရေးစီမံကိန်း

၂။ Loughkeng သွပ် တူးဖော်ရေးစီမံကိန်း

၃။ ဓာတုဗေဒ ဓာတ်ခွဲစက်ရုံ၊ တောင်ကြီး

၄။ မြစ်ကြီးနား ဓာတ်သတ္တုရှာဖွေရေး စီမံကိန်း

၅။ ဓာတ်သတ္တုရောင်းချရေးဌာနရန်ကုန်နှင့် ထားဝယ်တို့ ဖြစ်ကြသည်။

ထိုစီမံကိန်း ၅ ခုအပြင် ကော်ပိုရေးရှင်းသည် လေးနှစ်စီမံကိန်းဖြစ်သော ၁၉၅၆-၅၇ မှ ၁၉၅၉-၆၀ အတွင်း စီမံကိန်းပေါင်း ၂၃ ခုထက်မနည်း ရေးဆွဲလျာထားခဲ့သည်။[၁]

ကလေးဝ ကျောက်မီးသွေးတွင်းသည် အထက်ချင်းတွင်းစီရင်စု၊ ကလေးဝမြို့အနောက်ဘက် သုံးမိုင်ခန့်အကွာ သစ်ချောက်တောင်တန်း တောင်ခြေတွင်တည်ရှိသည်။ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်တို့ဆုံရာ ဒေသတစ်ဝိုက်တွင်ဖြစ်၏။လမ်းပန်းဆက်သွယ် သွားလာရေး မလွယ်ကူလှချေ။ ထိုဒေသတစ်ဝိုက်တွင် ကျောက်မီးသွေးများရှိခြင်းကို မြန်မာမင်းများလက်ထက် အဆူးသဖြင့် ရတနာပုံခေတ် စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်စဉ်ကပင် သိရှိ၍ တူးဖော်ရန် ကြိုးစားသော်လည်း စမ်းသပ်တွင်းနှစ်တွင်းမှတစ်ပါး စနစ်တကျ စူးစမ်းရှာဖွေ စမ်းသပ်မှု မရှိခဲ့ချေ။

၁။ *Burma Year Book & Directory*, Sec. 10, pp. 12-13

ပြန်လည်ထူထောင်ရေး ကာလတွင် ကလေးဝ ကျောက်မီးသွေး တူးဖော်ရေးလုပ်ငန်းကို ၁၉၅၂ ခုနှစ်က စတင်စိုင်းပြင်းသည်။ လုပ်ငန်းမှာ ကျောက်မီးသွေးတွင်း ပမာဏကို သိသာရန် စမ်းသပ်ရှာဖွေ တူးဖော်ခြင်းနှင့် ကြောပြိုင်လိုက် သတ္တုတူးဖော် ထုတ်လုပ်ခြင်း[၁] ဟူ၍ နှစ်ပိုင်းခွဲခြားထားသည်။

စမ်းသပ်ရှာဖွေခြင်းလုပ်ငန်းကို ကေတီအေ အဖွဲ့ဝင် Pierce Management Inc of Scranton, Pennsylvania ကုမ္ပဏီအား အမေရိကန် တီစီအေ[၂] အကူအညီဖြင့် ကန်ထရိုက်ပေးကာ လုပ်ဆောင်စေသည်။ တီစီအေ အကူအညီ အမေရိကန်ဒေါ်လာ ၂၁၆၅၀၀ အပြင် နိုင်ငံတော်အစိုးရကလည်း ငွေကျပ် ၆၃၅၀၀၀ အကုန်အကျခံသည်။ ကန်ထရိုက်တာဝန်ယူသော ကုမ္ပဏီသည် ၁၉၅၃ ခု ဧပြီလ ၁ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်သည်။ နိုင်ငံတော်အစိုးရက တီစီအေ အကူအညီကို ၁၉၅၄ ခု ဇွန်လ ၃၀ ရက်နေ့တွင် ရပ်စဲလိုက်သောအခါ ကလေးဝ ကျောက်မီးသွေးတွင်း စီမံကိန်းဆိုင်ရာ လုပ်ငန်း အရပ်ရပ်ကို ခေတ်ပင်တိုးရှင်းက ဆက်လက် ဆောင်ရွက်သည်။

ကလေးဝ ကျောက်မီးသွေးတွင်း စမ်းသပ်တူးဖော်ရေးကို ကန်ထရိုက်ယူသော Pierce Management ကုမ္ပဏီသည် ပြန်လည်ထူထောင်ရေး စီမံကိန်းများကို ရေးဆွဲသော ကေတီအေ အဖွဲ့ဝင်ဖြစ်သည်။ ထို့ကြောင့် ကလေးဝ ကျောက်မီးသွေးတွင်း စီမံကိန်းနှင့် စပ်လျဉ်းသော အစီရင်ခံစာကို ကေတီအေအဖွဲ့က ၁၉၅၃ ခုနှစ် မေလတွင် တင်သွင်းသည်။[၃]

ကေတီအေ အစီရင်ခံစာအရသော် ကလေးဝ ကျောက်မီးသွေးတွင်းသည် မြစ်သာမြစ်၏ မြောက်ဘက်သို့မိုင် ၆၀ ခန့်အထိ ကျယ်ပြန့်၍ မိုင် ၂၀ အတွင်းတွင် ကျောက်မီးသွေးကြော အပြတ်အလပ်မရှိ တည်တည်ရှိသည်။ Pierce Management ကုမ္ပဏီမှ စမ်းသပ်တွင်းများ တူးကြည့်ရာ တွင်းမကြီးတွင် အပေါ်လွှာကြော ၄ ပေဒနှင့် အောက်လွှာကြော ၆ ပေဒုတွေ့ရသည်။ စုစုပေါင်းပျမ်းမျှ ၁၅ ပေခန့် ဒုရှိနိုင်သည်။ ထိုတွင်းမကြီးကို တောင်ဘက်နှင့်မြောက်ဘက်သို့ ပေ ၁၀၀၀၀ ခန့်စီဆန့်၍ ပေ ၁၀၀၀ မှပေ ၁၄၀၀ အနက်တူးလျှင် ၁၅ ပေ ကျောက်မီးသွေးကြော ပမာဏမှာ ၁၅၀၀၀၀၀၀ တန်ခန့်ရှိနိုင်မည်ဟု ခန့်မှန်းသည်။ ထို့ကြောင့် တူးဖော်ရရှိမှုသည် ကျောက်မီးသွေး အနည်းဆုံး ၇၀ ရာခိုင်နှုန်းရှိလျှင်ပင် ကျောက်မီးသွေး ၁၀၅၀၀၀၀၀ တန် ရနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တစ်နေ့တန် ၂၀၀ ကျနှင့် အလုပ်

၁။ Exploratory Drilling and Drift Mining

၂။ Technical Cooperation Agency

၃။ K. T. A : *Kalewa Coal Project*-Kalewa Coal field Development; Project Report on the Transport of Kalewa Coal, May 1953.

ရက် ၃၀၀ တစ်နှစ်တွင် ကျောက်မီးသွေး ၆၀၀၀၀၀ တန် ထုတ်ယူလျှင် ၁၇ နှစ်စာ ကျောက်မီးသွေးလုံလောက်သော ပမာဏ ရှိသည်။[၁]

ကလေးဝ ကျောက်မီးသွေးကို ၁၉၅၂ ခုနှစ်တွင် အမေရိကန်နှင့် ဂျာမနီတို့သို့ ပို့၍ ခွဲခြမ်း စမ်းသပ်သောအခါ Sub-bituminous A အဆင့်ဖြစ်ကြောင်း တွေ့ရသည်။ အပူခတ်အားကောင်းသည်။ ပြာနှင့် ကန့် အသွက်နည်းသည်။ သို့သော် အပွတ်အတိုက် အသိအကြမ်း မခံဘဲ ကြေမွလွယ်သည်။ ရာသီဥတု ဒဏ် အစိုဓာတ်လည်း ခံနိုင်မှုနည်းသည် ဟုဆိုသည်။ ကလေးဝ ကျောက်မီးသွေး၏ ရာသီဥတုဒဏ် ခံနိုင်ရည်ကို မြန်မာနိုင်ငံတွင်လည်း စမ်းသပ်ရာ တိုက်ရိုက်လောင်စာအဖြစ် မီးထိုးရန် မဖြစ်နိုင်ကြောင်း တွေ့ရသည်။ စက်မှုလက်မှု လုပ်ငန်းများတွင် မီးပြင်းထိုးရသော ဖိုတွင်လည်းကောင်း၊ မီးအေး မီးညှို့ ထိုးရသော ဖိုတွင်လည်းကောင်း မသုံးနိုင်ချေ။ မီးလောင်ကျွမ်းအား[၂] ကို အမေရိကန် ပြည်ထောင်စု Battelle Memorial Institute, Ohio တွင် စမ်းသပ်ရာ အမှုန့်အဖြစ် Cyclone Burner တွင်လည်းကောင်း၊ spreader stoker ဖြင့်လည်းကောင်း အသုံးပြုရန် အကောင်းဆုံး ဖြစ်ကြောင်း သိရသည်။ စက်ပစ္စည်း ကိရိယာများကို သင့်လျော်အောင် ပြုပြင်လျှင် ဘွိုင်လာများ မီးထိုးရာ တွင် အသုံးပြုနိုင်ကြောင်းလည်း ထောက်ခံချက်ရရှိသည်။ တစ်နည်းအားဖြင့်လည်း ကလေးဝ ကျောက်မီးသွေးကို Industrial briquettes များ ပြုလုပ်လျှင် မီးရထားစက်ခေါင်းနှင့် မီးသင်္ဘောများတွင် အသုံးပြုနိုင်မည် ဖြစ်ကြောင်း၊ သို့သော် အားရ ကျေနပ်ဖွယ် ရှိမည် မဟုတ်ကြောင်း၊ ကြေမွ၍ မီးဆန်ခါကြားမှ ကျသွားမည်ဖြစ်ကြောင်း၊ Sub-bituminous ကျောက်မီးသွေး အမျိုးအစားကို briquette လုပ်လေ့မရှိကြောင်းလည်း အစီရင်ခံစာက ဖော်ပြသည်။[၃]

ကလေးဝ ကျောက်မီးသွေး briquette ပေါင် ၂၀၀ ခန့်ကို မြန်မာ နိုင်ငံ မီးရထား စက်ခေါင်းတွင် စမ်းသပ် မီးထိုးကြည့်ရာ မီးအားကောင်းသော်လည်း briquette များ ကွဲစိတ် ကြေမွကြောင်း တွေ့ရသည်။ briquette များ ပြုလုပ်ရန် hydrocarbon binder လိုသည်။ ရာသီဥတုဒဏ် ကိုခံနိုင်မည့် binder ရရန် ကျောက်မီးသွေး ကတ္တရာ သို့မဟုတ် petroleum asphalt ကတ္တရာများ ပြည်ပမှ ဝယ်ယူ တင်သွင်းရမည် ဖြစ်သည်။ ထိုသို့ ပြုပြင် ပြုလုပ်သော briquette ပေါင် ၂၀၀ ကို မြန်မာနိုင်ငံ မီးရထား ရန်ကုန် ဆူပါဘင် လူစီးရထား စက်ခေါင်းတွင် စမ်းသပ်ရာ ကျေနပ်ဖွယ် တွေ့ရသည်။ ထို့ပြင် ပြုပြင်

၁။ *Kalewa Coal Project*, p 15-16

၂။ Combustion test

၃။ *Kalewa Coal Project*, p. 18-19

ထားသော ကျောက်မီးသွေးများသည် သွပ်သန့်စင်လုပ်ငန်းတွင် သုံးနိုင်မည့်အပြင် ခဲရည်ကျို မီးသင်းဖိုကြီးများတွင်လည်း သုံးနိုင်မည်ဖြစ်သည်။ ဘားမား ကော်ပိုရေးရှင်းပိုင် နမ္မတူ သတ္တုကျိုစက်ဘွင် နိုင်ငံခြားမှ မီးဖုတ်ပြီး ကျောက်မီးသွေး (Coke) ကို အသုံးပြုနေရသည် ကိုလည်း အစားထိုး နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကေတီအေ အစီရင်ခံစာတွင် briquette လုပ်ရန် စက်တည်ထောင်ရေး၊ asphalt binder, coking coal တို့ကို ပြည်ပမှ ဝယ်ယူရေးတို့ကို အကြံပေးထားသည်။

ပြည်တော်သာ စီမံကိန်းဝင် စက်မှုလက်မှု လုပ်ငန်းကြီးငယ်များကို တည်ထောင်ရန် ကျောက်မီးသွေးသည် အရေးကြီးသော ကဏ္ဍမှ ပါဝင်နေသည်။ မြန်မာနိုင်ငံ မီးရထားနှင့် သရက် ဘိလပ်မြေ စက်ရုံတို့အတွက် အိန္ဒိယမှ ကျောက်မီးသွေးကို မှာယူတင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ ကုန်ကျနေသည်။ ထို့ပြင် အိန္ဒိယ ကျောက်မီးသွေးဈေးမှာလည်း မတည်ငြိမ်ဘဲ တချိပ်ချိပ် ဈေးတက်လျက်ရှိသည်။ ထို့ကြောင့် ကလေးဝ ကျောက်မီးသွေးတွင်း စီမံကိန်းကို အောင်မြင်အောင် အကောင်အထည် ဖော်ရန် လိုလေသည်။ ကလေးဝ ကျောက်မီးသွေး တွင်းထက် သာလွန် ကောင်းမွန်သော အလားအလာ ကောင်းသော ကျောက်မီးသွေး တွင်းလည်း နိုင်ငံအတွင်း မတွေ့ရှိသေးသဖြင့် ဓာတ်သတ္တုပင်ရင်း အခြေအမြစ်များ တိုးတက် အောင် ဆောင်ရွက်ရေး ကော်ပိုရေးရှင်းသည် ကလေးဝ ကျောက်မီးသွေးတွင်း စီမံကိန်းကို ပင် တိုးတက်အောင်မြင်အောင် အကောင်အထည်ဖော်ရန် ကြိုးပမ်းသည်။

ဓာတ်သတ္တု တူးဖော်ရေးသည် စက်မှုလုပ်ငန်း အရပ်ရပ်၏ ရှေ့ဦးချီ တပ်ဖြစ်သည်။ ထို့ကြောင့် ပြည်တော်သာ စီမံကိန်းက လျာထားသော အညာက်မြန်မာနိုင်ငံ၊ မြင်းခြံ စက်မှု ဇုဟိဋ္ဌာနမှ စက်မှုလက်မှု လုပ်ငန်းများနှင့် သွပ်သန့်စင်ရေး၊ သတ္တုသန့်စင်ရေး၊ ကျိုရေး လုပ်ငန်းများမှ လိုအပ်သော ကျောက်မီးသွေးကို ၁၉၅၅ ခုနှစ်ခန့်တွင် ကလေးဝ ကျောက် မီးသွေးတွင်းမှ ထုတ်ပေးနိုင်ရန် မျှော်မှန်း လုပ်ဆောင်သည်။ တစ်နေ့လျှင် ကျောက်မီးသွေး တန် ၃၀၀ ခန့် ထုတ်လုပ်နိုင်မည့် စက်နှင့် စက်ကိရိယာများကို ဝယ်ယူ တပ်ဆင်သည်။ ကျောက်မီးသွေးအခဲတန် ၂၀ ကျ ပြုလုပ်နိုင်စွမ်းရှိသော briquetting plant တစ်ခု တည်ဆောက်ရန်လည်း စီမံစိုင်းပြင်းသည်။ ဓာတ်ပင်တိုးရှင်းသည် ၁၉၅၅-၅၆ ခုနှစ်တွင် ကလေးဝ ကျောက်မီးသွေးတွင်း စီမံကိန်းအတွက် ကျပ် ၁.၄ သန်းအကုန်အကျခံ၍ လိုအပ် သော စက်များ စက်ပစ္စည်းများ ဝယ်ယူခဲ့သည်။[1]

---

1. *Burma*, Vol 5. No. 2 Jan. 1955 p. 156 and
Burma, Vol 8. No. 1. Oct 1957 p. 36

ကလေးဝ ကျောက်မီးသွေးသည် အိန္ဒိယမှ ဝယ်ယူသော ကျောက်မီးသွေးထက် အရည်အသွေးညံ့သော်လည်း တူးဖော်ရရှိသမျှသည် ခုတ်ခွဲ စမ်းသပ်ရန်နှင့် ရန်ကုန် လျှပ်စစ်ဓာတ်အားပေး အဖွဲ့၏ စက်များတွင် အသုံးပြုရန် ရရှိသည်။ ထိုနယ်မြေ ဒေသ တစ်ဝိုက်ရှိ တိုင်းရင်းသားများသည်လည်း ကျောက်မီးသွေးတွင်းတွင် အလုပ်ရရှိကြ၍ ကျွမ်းကျင်သော ကျောက်မီးသွေး တွင်းတူးသမားများ ဖြစ်လာကြသည်။ ကလေးဝ ကျောက်မီးသွေး နှင့်ဆနှင့် အိန္ဒိယ ကျောက်မီးသွေးတစ်ဆကို ရောစပ်လျှင် မီးရထား စက်ခေါင်းအတွက် အလွန်စွမ်းအားကောင်းသော လောင်စာဖြစ်လာသည်။ထို့ကြောင့်ဓာတ်ပင်တိုးရှင်းသည် ၁၉၅၅ ခု ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် လန်ဒန်မြို့ Powell Duffryn Technical Services Ltd. နှင့် စာချုပ် ချုပ်ဆို၍ တစ်နေ့လျှင် တန် ၁၀၀၀ ကျ ထုတ်လုပ်နိုင်သော တွင်းတစ်တွင်းကိုဖွင့်ရန် စတင် ဆောင်ရွက်သည်။

ထိုတွင်းသစ်သည် ပထမနှစ်တွင် တစ်နေ့ တန် ၁၀၀၊ ဒုတိယနှစ်တွင် တစ်နေ့ တန် ၂၀၀ နှင့် တတိယနှစ်တွင် တစ်နေ့ တန် ၂၈၀ ကျ တူးဖော်ထုတ်လုပ်နိုင်မည်ဖြစ်ပြီးလျှင် ရေရှည်တွင် အလားတူ တွင်းသစ်များနှင့် ပူးပေါင်း၍ နောက်ပိုင်းတွင် တစ်နေ့ တန် ၁၀၀၀ ထုတ်နိုင်ရန် ရည်မှန်းလုပ်ဆောင်သည်။ ထိုစီမံကိန်းအတွက် ဓာတ်ပင်တိုးရှင်းက ငွေကျပ် ၂၆၂ သိန်း ကုန်ကျမည်ဟု ခန့်မှန်းခဲ့သည်။[၁]

ကလေးဝ ကျောက်မီးသွေးတွင်းမှ တစ်နှစ်လျှင် တန် ၃၀၀၀၀၀ ထုတ်နိုင်လျှင်ပင် ပြည်တွင်းသုံးစွဲမှုကို လုံလောက်အောင် မဖြည့်ဆည်းနိုင်သေးပေ။ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ မြန်မာနိုင်ငံမီးရထား၊သရက်ဘိလပ်မြေစက်ရုံ၊ သတ္တုသန့်စင်စက်၊ သွပ်သန့်စင်စက်နှင့် သတ္တုအရည်ကျိုစက်များသည် ကျောက်မီးသွေးအထူးလိုအပ်သောလုပ်ငန်းများဖြစ်ကြသည်။ တာ်ခုတည်းသော အခက်အခဲမှာ ကလေးဝ ကျောက်မီးသွေးကို အလိုရှိသောနေရာဌာနများသို့အရောက် ပို့နိုင်ရေးဖြစ်သည်။ သယ်ယူပို့ဆောင်ရေးအတွက် ချင်းတွင်းမြစ်ကို အားမကိုးနိုင်သဖြင့် ကိုလိုနီခေတ်က ရှိခဲ့သော မုံရွာ-ရေဦး ရထားလမ်းကို ပြန်လည် ဖောက်လုပ်၍ ရွှေကျင်ကျအထိ ဆက်သွယ်ရန် ရည်မှန်းသည်။ ရွှေကျင်ကျသည် ကလေးဝမြို့နှင့် မျက်နှာချင်းဆိုင် ချင်းတွင်း တစ်ဘက်ကမ်းတွင် ရှိသည်။ ထို့ကြောင့် ကလေးဝနှင့် ရွှေကျင်ကျကို ချင်းတွင်းမြစ်အပေါ်မှ ဖြတ်၍ ကောင်းကင်ကြိုးလမ်း ဆက်သွယ်ရန်လည်း စဉ်းစားကြသည်။

ကလေးဝ ကျောက်မီးသွေးတွင်း တူးဖော် ထုတ်လုပ်ရေးသည် လက်တွေ့တွင် ထင်မြင်သလောက် ခရီး မပေါက်နိုင် ရှိခဲ့သည်။ ခရီးလမ်းပန်း ခက်ခဲမှုကြောင့် စရိတ်စကသွန်းစွာ[၂]

၁။ *Burma year Book and Directory*, 1957-58, Sec. 10, p-13

၂။ *Burma year Book and Directory*, 1957-58, Sec. 10, p-14

ကြီးရကား အိန္ဒိယ ကျောက်မီးသွေးကို တစ်တန်လျှင် ကျပ် ၉၀ နှုန်းဖြင့် မှာယူတင်သွင်းခြင်းသည် ကလေးဝ ကျောက်မီးသွေးကို အသုံးပြုခြင်းထက် အကုန်အကျ သက်သာသည်။ ကလေးဝ ကျောက်မီးသွေး၏ အရည်အသွေးနှင့် တူးဖော် ရရှိသော အရေအတွက် ပမာဏသည် သယ်ယူပို့ဆောင်ရသော ကုန်ကျစရိတ်ကို မကာမိသဖြင့် လုပ်ငန်းမှာ အတန်ကြာ ရပ်ဆိုင်းနေခဲ့လေသည်။[၁]

ဗိုလ်ချုပ်ကြီး နေဝင်း၏အိမ်စောင့် အစိုးရ လက်ထက် ၁၉၅၉ ခုနှစ် တွင် ခေတ်ပင်တိုးရှင်းသည် ကလေးဝ ကျောက်မီးသွေးတွင်း စီမံကိန်းကို ပြန်လည် လက်စကောက်လျက် ကြိုးပမ်းလုပ်ဆောင်ရာ တစ်နေ့ ပျမ်းမျှ တန် ၃၀ ခန့် ထုတ်လုပ်နိုင်သဖြင့် တစ်နှစ်ငွေကျပ်၄ သိန်းခန့် အဝင်ရှိလာသည်။ထွက်သမျှကျောက်မီးသွေးကိုလည်း လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဝယ်ယူ အသုံးပြုသည်။ သယ်ယူပို့ဆောင် ရေးလွယ်ကူစေရန် ၁၉၅၆ ခုနှစ်က စီစဉ်ခဲ့ကြသော ကလေးဝမှ ရွှေကျင်ကျသို့ ကောင်းကင်ကြိုးလမ်း သွယ်တန်းရေးကိုလည်း ပြန်လည် စီစဉ်၍ လျှပ်စစ် ဓာတ်အားဖြင့် လုပ်ဆောင်ရန် ကြိုးပမ်းသည်။[၂]

ထို့ပြင် ကလေးဝ ကျောက်မီးသွေးတွင်းကို အကျိုးရှိစွာ တိုးချဲ့တူးဖော်နိုင်ရန် ဂျာမန်အစိုးရ၏ ကျွမ်းကျင်မှု ထောက်ပံ့ရေး အစီအစဉ်အရ ဂျာမန်ကျွမ်းကျင်သူ ၂ ဦးကိုခေါ်၍ တစ်နေ့လျှင် ကျောက်မီးသွေး တန်ချိန် ၃၀၀ ခန့် ထုတ်နိုင်ရန်လည်း ခေတ်ပင်တိုးရှင်းက စီစဉ်ခဲ့သည်။[၃]

ပြန်လည်ထူထောင်ရေးကာလ နိုင်ငံတော် အစိုးရ၏ ဝါဒလမ်းစဉ်မှာ ပြည်တော်သာ စီမံကိန်းက ချမှတ်သော စက်မှုလုပ်ငန်းများတွင် အသုံးဝင်မည့် တွင်းထွက် ဓာတ်သတ္တုများ ရှာဖွေ စူးစမ်းခြင်းနှင့် သတ္တုသိုက်များရှိရာ ဒေသများကို မှတ်သား ကန့်သတ်ခြင်း၊ ဘူမိဗေဒ တိုင်းထွာ စူးစမ်းမှုများ ပြုလုပ်ခြင်းတို့ဖြင့် စက်မှုလုပ်ငန်းကြီးငယ်များ တိုးတက်အောင်မြင်ရေးကို ထောက်ကူပံ့ပိုးရန် ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်၏။ ဆန်စပါးသည် နိုင်ငံ၏ အဓိကထွက်ကုန်ဖြစ်သဖြင့် စီးပွားရေး၏ ပင်မကျောရိုးဖြစ်သည်။ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် တစ်ခုတည်းသော

၁။ *The Burman*, 24 April 1959, p. 1

၂။ *The Burman*. *The Nation*, 24 April 1959, p. 1

၃။ မြည်ရေးရွာမူ၊ စာ ၁၉၇

စီးပွားရေး မဖွံ့ဖြိုးသေးသော အားထားရသော နိုင်ငံများသည် စီးပွားရေး အတက်အကျကို ပြင်းထန်စွာ ခံကြရသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် ပြည်လည်ထူထောင်ရေးကာလတွင် စိုက်ပျိုးရေးနှင့်တွဲလျက် စက်မှုလုပ်ငန်းများကိုပါ ထူထောင်ရန် စီမံကိန်းများ ရေးဆွဲသည်။ စီးပွားရေး လွတ်လပ်မှုသည် စက်မှုလက်မှု တိုးတက်ရေးပေါ်တွင် မူတည်သည်။ စက်ပစ္စည်း ကိရိယာ တန်ဆာပလာများ၊ အပ်မှသည် မီးရထားစက်ခေါင်းအထိ စက်အမျိုးမျိုးများ၊ မိုတိုကား၊ စက်ဘီး၊ သင်္ဘောစသည့် ယာဉ်အမျိုးမျိုး၊ အပ်ချုပ်စက်၊ အိမ်ရိုက်သံမှစ၍ ဆောက်လုပ်ရေးပစ္စည်း အမျိုးမျိုးစသော မရေမတွက်နိုင်အောင် များပြားသော ပစ္စည်းများကို ထုတ်လုပ်နိုင်ရန် စက်များလိုသည်။ စက်အမျိုးမျိုးကို သံနှင့် သံမဏိရှိမှသာ လုပ်နိုင်ပေမည်။ သံနှင့် သံမဏိလုပ်ငန်း မရှိဘဲ စက်မှုတိုးတက်ရေးကို မမျှော်မှန်နိုင်ချေ။[၁] ထို့ကြောင့် ပြည်တော်သာ စက်မှုစီမံကိန်းများတွင် သံမဏိစက်ရုံ တည်ဆောက်ရေးကို ဦးစားပေးထားသည်။ သံမဏိစက်ရုံလုပ်ငန်း အောင်မြင်ရေးသည် သံနှင့် ကျောက်မီးသွေး ရရှိမှုပေါ်တွင် မူတည်နေပေသည်။

ခေတ်ပင်တိုးရှင်းသည် ကလေးဝ ကျောက်မီးသွေး စီမံကိန်းကို အကောင်အထည်ဖော်ရင်း တစ်ဘက်မှလည်း နိုင်ငံနယ်မြေဒေသ အနှံ့တွင် ကျောက်မီးသွေးတွင်းများကို ရှာဖွေသည်။ ကလေးဝ ကျောက်မီးသွေးတွင်းကဲ့သို့ အလားအလာကောင်းသော တွင်းသစ်များကို မတွေ့ရသော်လည်း ရှမ်းပြည်တောင်ပိုင်း ပေါင်းလောင်းမြစ်ဝှမ်းတောင်ဘက်စွန်း မင်းဖလောင်းဒေသ တစ်ဝိုက်တွင် အရည်အသွေးမြင့်သော ကျောက်မီးသွေး (Jurassic) ရှိကြောင်း ရှာဖွေတွေ့ရှိရသည်။ ထိုဒေသကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့မှ ကျောက်မီးသွေး သုတေသနအဖွဲ့ (Coal Research Institute) နှင့် ပူးပေါင်း၍ စမ်းသပ် တူးဖော်ရန် ခေတ်ပင်တိုးရှင်းက စီစဉ်သည်။[၂]

သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဘူမိဗေဒဌာနကလည်း ပြည်တော်သာ စီမံကိန်းဝင် စက်မှုလုပ်ငန်းများ တည်ထောင်ရန် လိုအပ်သော ဓာတ်သတ္တုများကို စူးစမ်းရှာဖွေသည်။ ကယားပြည်နယ် အစိုးရ၏ မေတ္တာရပ်ခံချက်အရ ရွာသစ်ဒေသရှိ သံရိုင်းသိုက်ကို ၁၉၅၄ ခုနှစ်တွင် စစ်ဆေးစမ်းသပ်မှုများ ပြုသည်။ ထိုလုပ်ငန်း အောင်မြင်ခဲ့လျှင် လောပိတဆိပ်ရေအား လျှပ်စစ်ဓာတ်အားစက်ရုံမှ ရေအားလျှပ်စစ်ဓာတ်ကို အသုံးပြု၍ သံရည်ကျိုစက်တစ်ခု တည်

၁။ မြန်မာနိုင်ငံတော် အင်ဂျင်နီယာများအသင်း ၁၉၅၅-၅၇ အတွင်း ပြုစုရေးသားသော အချို့ စာချွတ် စာတမ်းများ၊ စ ၁ ဂ၀

၂။ *Burma year Book and Directory*, 1957-58, Sec. 10, p-15

ထောင်ရန် မျှော်မှန်းချက်ရှိသည်။ လက်တွေ့စမ်းသပ် ရှာဖွေသောအခါ သံရိုင်းသိုက်မှာ ထင်သလောက် မတွေ့ရသဖြင့် စွန့်လွှတ်လိုက်ကြသည်။[၁]

သံရိုင်းများ ရှာဖွေရေးကို ထားဝယ်စီရင်စု၊ လောင်းလုံမြို့နယ်ရှိ ခမောင်းတောင်၊ စခန်းကြီးနှင့် မြို့ဟောင်းဒေသများတွင်လည်းကောင်း၊ တောင်ကြီးမြို့အနီး ပင်းပက်တစ်ဝိုက်တွင်လည်းကောင်း ပြုလုပ်သည်။ ဤစူးစမ်း ရှာဖွေရေးလုပ်ငန်းကို ဓာတ်ပင်တိုးရှင်းသည် အနောက်ဂျာမနီနိုင်ငံ De Mag, Duitzburg ကုမ္ပဏီနှင့် ပူးပေါင်း လုပ်ဆောင်သည်။ ဓာတ်ပင်တိုးရှင်းက ဘူမိဗေဒ လေ့လာရေးနှင့် စိန်လွန်တွင်းတူး စမ်းသပ်ရေးတို့ကို လုပ်သည်တွင် ပင်းပက်ဒေသရှိ သံရိုင်းတွင်းသည် အလွန်အလားအလာကောင်းကြောင်း၊ သံရိုင်းတန်ချိန်ပေါင်း သန်း ၃၀ ခန့် ပမာဏရှိကြောင်း၊ တွေ့ရသော သံရိုင်းသည် အရည်အသွေးအဆင့်မြင့်၍ လီမိုနိုက် (Limonite) နှင့် ဟီမတိုက် (Haematite) ဂ ရာခိုင်နှုန်းပါကြောင်း တွေ့ရသည်။ အနောက်ဂျာမနီ Salsgitter Iron Works မှ Dr. Ludrig Nocth ၏ ၁၉၅၆ ခု ဇွန်လ ၆ ရက်နေ့စွဲပါ အစီရင်ခံစာတွင်လည်း ပင်းပက်သံရိုင်းသိုက် ပမာဏသည် တန် ၃၀ သန်းခန့်ရှိ၍ Fe ၄၅ ရာခိုင်နှုန်းခန့်ပါသည်ဟု ခန့်မှန်းရကြောင်း ဖော်ပြထားသည်။[၂]

ဓာတ်သတ္တုပြင်ရင်း အခြေအမြစ်များ တိုးတက်အောင် ဆောင်ရွက်ရေး ကော်ပိုရေးရှင်းသည် မြိတ်ခရိုင် မြိတ်ကျွန်းစုရှိ မပုတောကျွန်းတစ်ဝိုက်တွင်လည်း သံရိုင်းများ ရှာဖွေတွေ့ရှိသည်။[၃] သံရိုင်းမှာ ဟီမတိုက်အဆင့်မြင့် အမျိုးအစားဖြစ်၍ နိုင်ငံခြားသား အထူးသဖြင့် ဂျပန်ကုမ္ပဏီများက တူးဖော်ထုတ်လုပ်ခရေးကို များစွာစိတ်ဝင်စားကြသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကြီး၏ အိမ်စောင့်အစိုးရလက်ထက်တွင် မပုတောကျွန်းမှ သံရိုင်းတူးဖော်ရေးကို ဂျပန်ကုမ္ပဏီများဖြစ်သော နီချိမင်းကုမ္ပဏီနှင့် နစ်ရှိုကုမ္ပဏီများနှင့် ဖက်စပ်လုပ်ဆောင်ရန် စကားကမ်းလှမ်း၍ မပုတောကျွန်းမှ သံရိုင်းတစ်နှစ်လျှင် တန်ချိန် ၁၂၀၀၀၀ ခန့် ထုတ်လုပ်နိုင်ရန် စီစဉ်ခဲ့ကြသည်။[၄]

ရှမ်းပြည်တောင်ပိုင်း မိုင်းပွန်နယ် Loughkeng ဒေသတွင် သွပ်အများထွက်မည့် နေရာများကို ၁၉၅၂ ခုနှစ်ကပင် လေ့လာတွေ့ရှိကြသည်။ အမျိုးသား စီမံကိန်းဌာနမှ သတ္တုတူးဖော်ရေး အတိုင်ပင်ခံ Pitt W. Hyde သည် ၁၉၅၂ ခု ဇွန်လတွင် Loughken သွပ်တွင်းများကို သွားရောက် စူးစမ်းလေ့လာသည်။ သွပ်နှင့်ရောရာ သတ္တုများ အမြင်အားဖြင့်

၁။ *Burma*, Vol. 5, No. 3. April 1955, p. 81

၂။ *Burma Year Book & Directory*, 1957-58, Sec. 10, p. 15

၃။ *Burma*, Vol. 8, No. 1. Oct 1957, p. 36

၄။ မြည်ရေးရှာမှု၊ ၈၁ ၁၉၅၇

ပင် ၅၅၅၀၀၀ မက်ထရစ်တန်ခန့်ရှိ၍ အသားတင် ၄၀ ရာခိုင်နှုန်း သို့မဟုတ် သတ္တု ၂၀၀၀၀၀ မက်ထရစ်တန်ခန့် ရနိုင်မည်ဟု ခန့်မှန်းသည်။ ဓာတ်ပင်တိုးရှင်းမှ သတ္တုတွင်း အင်ဂျင်နီယာများနှင့် ဘူမိဗေဒ ပညာရှင်များလည်း ထိုဒေသသို့ သွားရောက်၍ လေ့လာကြရာ သွပ်သတ္တုတွင်း အတိမ်အနက်နှင့် ပမာဏကို မခန့်မှန်းနိုင်သော်လည်း သွပ်သတ္တုတွင်း အခြေအနေမှာ အလားအလာ အလွန်ကောင်းကြောင်း သိမြင်ကြသည်။

တစ်ခုတည်းသော အခက်အခဲမှာ သွားလာရေး၊ သယ်ယူပို့ဆောင်ရေး မလွယ်ကူခြင်းပင် ဖြစ်သည်။ သတ္တုတွင်းထိပ်မှ Loughkeng လမ်းထိပ်အထိ ၂၅ မိုင်မျှသာရှိသော်လည်း ထိုခရီးကို ၂ ရက် ပြင်းပြင်းသွားရသည်။ မစ္စတာ ပစ်ယိုက်သွားရောက်လေ့လာစဉ် ၁၉၅၂ ခုနှစ်က လိုင်စင်ခံကာ သွပ်တူးဖော်နေသော ပုဂ္ဂလိကလုပ်ငန်းရှင်တို့သည် သွပ်သတ္တုတစ်တန်ကို မိုင်းပွန်အရောက် သယ်ယူရန်ငွေ ၁၆၅ ကျပ်ကုန်ကျကြောင်း သိရှိခဲ့သည်။ ထိုစဉ်က သွပ်သတ္တုတစ်တန်ကို စတာလင်ပေါင် ၁၁၀ ဈေးပေါက်သော်လည်း ကုန်ကျသောစရိတ်စကနှင့် မကာမိသဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များသည် ဆက်လက်တူးဖော်နိုင်ခြင်းမရှိဘဲ လုပ်ငန်းရပ်ခဲ့ရသည်။

ထို့ကြောင့် ဓာတ်ပင်တိုးရှင်းသည် Loughkeng သွပ်တွင်းများ တူးဖော်ရေးကို မစတင်မီ ၁၉၅၃ ခု ဇူလိုင်လတွင် မိုင်းပွန်မှ သတ္တုတွင်းရှိရာအရပ်သို့ လမ်းဖောက်ခြင်းကို ပထမလုပ်ဆောင်သည်။ သို့သော် လမ်းဖောက်လုပ်ငန်းမှာ သက်ဆိုင်ရာအင်ဂျင်နီယာများမပြည့်စုံခြင်းကြောင့် ၁၉၅၅ ခုနှစ် အောက်တိုဘာလတွင်မှ စတင်နိုင်ခဲ့သည်။ ပွင့်လင်းရာသီသုံး လမ်းတစ်ခုကို ၁၉၅၆ ခု မတ်လတွင် ဖောက်လုပ်ပြီးစီး၍ ၁၉၅၆-၅၇ ခုနှစ်တွင် ရာသီမရွေး သွားလာနိုင်ရန် ကျောက်ခင်းလမ်းအဖြစ် ပြုပြင်ခဲ့ရာ ၂၈ မိုင်မျှရှိသော လမ်းအတွက် တစ်မိုင်လျှင် ကျပ် ၅၄၀၀ နှုန်းဖြင့် ငွေကျပ်တစ်သိန်းခွဲခန့် ကုန်ကျသည်။ ကားများ၊ ကုန်တင်ကားများဖြင့် သွားနိုင်၍ သတ္တုတွင်းထိပ်အရောက် နှစ်နာရီခွဲခန့်မျှသာ အချိန်ကုန်သည်။ ကားလမ်းဖောက်လုပ်ပြီးနောက် ၁၉၅၆-၅၇ ခုနှစ်တွင် သွပ်သတ္တုများကို စမ်းသပ်တူးဖော်၍ သတ္တုကျိစက်၊ သန့်စင်စက်များ တည်ဆောက်ရေးကို ဓာတ်ပင်တိုးရှင်းက စီမံဆောင်ရွက်သည်။[၁]

ရှမ်းပြည်တောင်ပိုင်း ဟဲဟိုးဒေသရှိ မိဖုရားတောင် သံသိုက်နှင့် သာချူတောင် ဟဲ့ကယ် နှင့် ပါကင်း ကြေးနီသိုက်များတွင်လည်း ဘူမိဗေဒ စစ်ဆေးမှုများ ပြုလုပ်၍ စိန့်လွန်တွင်းများ တူးဖော်စမ်းသပ်သည်။ [၂]မုံရွာစီရင်စု ဒေသတစ်ဝိုက်တွင်လည်းကောင်း၊ ဆင်ဘိုဒေသဝန်းကျင်

၁။ *Burma Year Book & Directory*, 1957-58, Sec. 10, pp. 16-17 .

၂။ ပြည်ရေးရွာမူ၊ ၈၁ ၁၉၂

တွင်လည်းကောင်း၊ ကြေးနီသိုက်များကို ရှာဖွေ လေ့လာ၍ စမ်းသပ်မှုများပြုသည်။ ဆင်ဘို ဒေသတွင် စိန်လွန်တွင်းများ တူး၍ စမ်းသပ်ရာ၌ ကြေးနီသိုက် ပမာဏမှာ အလားအလာ မကောင်းသဖြင့် လုပ်ငန်းကို ရပ်စဲလိုက်သည်။[၁]

ခဲမဖြူ၊ အဖြိုက်နက်၊ ဝုလ်ဖရန် သတ္တုများ ရှာဖွေ တူးဖော်ရေးကိုလည်း ဓာတ်ပင်တိုးရှင်းက အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ကိုလိုနီခေတ် ၁၉၃၉ ခုနှစ်က ခဲနှင့် ခဲသန့်စင်တန်ချိန် ထောင်ပေါင်း ၇၇.၂၊ သွပ်သန့်စင် တန်ချိန်ထောင်ပေါင်း ၅၉.၃၊ ခဲမဖြူ သန့်စင် တန်ချိန်ထောင်ပေါင်း ၅.၄ နှင့် အဖြိုက်နက် တန်ချိန် ထောင်ပေါင်း ၄.၃ ထုတ်လုပ်ခဲ့သည်။[၂] ပြန်လည် ထူထောင်ရေး ကာလ ၁၉၅၄-၅၅ ခုနှစ်တွင် အခြေအနေအရပ်ရပ် ကြောင့် ခဲတန်ချိန် ထောင်ပေါင်း ၂၈.၀၊ သွပ်တန်ချိန် ထောင်ပေါင်း ၁၃.၇၊ ခဲမဖြူနှင့် အဖြိုက်နက် ရောရာတန်ချိန် ထောင်ပေါင်း ၁.၅၊ အဖြိုက်နက် တန်ချိန် ထောင်ပေါင်း ၀.၅ နှင့် ခဲမဖြူ တန်ချိန် ထောင်ပေါင်း ၀.၈ သာ ထုတ်လုပ်နိုင်သည်။ သို့သော် ခဲမဖြူနှင့် အဖြိုက်နက် အထွက်မှာ ၁၉၅၃-၅၄ ခုနှစ်ကထက် တန် ၂၀၀ ပိုလာသည်။ ထိုသို့ပိုလာသည်မှာ မြိတ် ရတနာပုံ သတ္တုတွင်းနှင့် မော်ချီးသတ္တုတွင်းတို့မှ လုပ်ငန်းတွင်ကျယ်သွက်လက်လာသော ကြောင့်ဖြစ်သည်။ အဖြိုက်နက်၏ ဈေးမှာလည်း ၁၉၅၃-၅၄ ခုနှစ်က တစ်တန်လျှင် ကျပ် ၇၄၂၉ သာ ရသည်။ ၁၉၅၄-၅၅ ခုနှစ်တွင် တစ်တန် ဈေးနှုန်းမှာ ကျပ် ၉၆၃၉ အထိ တိုးတက်သွားသည်။[၃]

ရတနာပုံ သတ္တုတွင်း စီမံကိန်းသည် ကလေးဝ ကျောက်မီးသွေးတွင်း စီမံကိန်းကဲ့သို့ပင် ဓာတ်ပင်တိုးရှင်း၏ ဦးစားပေး စီမံကိန်း တစ်ခုဖြစ်သည်။ မြိတ်စီရင်စု ဘုတ်ပြင်းမြို့နယ်တွင် တည်ရှိသောထိုသတ္တုတွင်းသည် မူလကပုဂ္ဂလိက အရင်းရှင် အဖတ်ပိုင်သော နမ်းရင်သတ္တုတွင်း ဖြစ်၏။ ခဲမဖြူနှင့် အဖြိုက်နက် အများထွက်သော အလားအလာ အလွန်ကောင်းသော သတ္တုတွင်းဖြစ်သည်။ ထိုင်းနယ်စပ်နှင့် လေးမိုင်မျှသာ ဝေးကွာ၍ အသွားအလာ အလွန် ခက်ခဲသော တောနက်ဒေသဖြစ်သည်။ အဖတ်သည် သာမန်အလုပ်သမားများဖြင့် ဖြစ်ကတတ်ဆန်း တူးဖော် လုပ်ကိုင်လျက် ရရှိသော သတ္တုများကို ထိုင်းနယ်ဘက်သို့ ထုတ် ရောင်းခြင်းဖြင့် စီးပွားဖြစ်ခဲ့သည်။

၁။ *Burma*, Vol. 5, No. 3 April 1953, p. 82 and *Burma*, Vol. 8, No. 1, Oct 1957, p. 36

၂။ *Economic Survey of Burma*, 1954, p. 19

၃။ *Economic Survey*, 1956, p. 21

သတ္တုတွင်းကို အစိုးရက သိမ်းယူ၍ ခေတ်ပင်တိုးရှင်းက ရတနာပုံ သတ္တုတွင်း အမည်ဖြင့် ဆက်လက် တူးဖော် လုပ်ကိုင်သောအခါ လမ်းပန်း ဆက်သွယ်ရေး အခက်အခဲ၊ အဖတ်၏ နောက်လိုက်ငယ်သားများ၏ နှောင့်ယှက်မှုတို့နှင့် ရင်ဆိုင်ရပေသည်။ သတ္တုတွင်းသို့ရောက်ရန် ခဲခက်သော ခြေသွားလမ်းသာရှိသည်။ လေညာချောင်းကမ်းရှိ လေညာရွာမှ သတ္တုတွင်း အရောက် မိုင် ၄၀ ကျော် ခရီးကို ခြေကျင်သွားရသည်။ ထို့ကြောင့် ခေတ်ပင်တိုးရှင်းသည် ရတနာပုံ သတ္တုတွင်း စီမံကိန်းကို လမ်းဖောက်လုပ်ငန်းဖြင့် စတင်ရသည်။ ၁၉၅၄ ခုနှစ်ခန့်တွင် အစိုးရ တပ်များက နယ်မြေအေးချမ်းအောင် ရှင်းလင်း သိမ်းပိုက်လိုက်ပြီးနောက် လုပ်ငန်း စတင်သောအခါ လေညာရွာ အခြေစိုက်စခန်းမှ စားကုန်သောက်ကုန် ပစ္စည်းများကို တစ်ပိဿာလျှင် ၂ ကျပ်နှုန်းဖြင့် အထမ်းငှား၍ ပို့ဆောင်ရသည်။ ပစ္စည်းတစ်တန်လျှင် ကျပ် ၁၂၂၄ ကုန်ကျသည်။ တူးဖော်ရရှိသော သတ္တုများကိုလည်း ထိုလမ်းမှပင် လေညာစခန်းသို့ လူထမ်း၍ လည်းကောင်း၊ ဆင်များဖြင့်လည်းကောင်း ပို့ဆောင်ရသည်။ သတ္တုတစ်ပိဿာလျှင် ကျပ် ၁.၅ နှုန်းဖြင့် တစ်တန်လျှင် ငွေကျပ် ၉၃၃ ကုန်ကျသည်။[၁]

လမ်းဖောက်လုပ်ရေးကို ၁၉၅၄ ခု အောက်တိုဘာလမှ စတင်၍ အင်ဂျင်နီယာ ၂ ဦးက ခက်ခဲပင်ပန်းစွာ လုပ်ဆောင်ကြသည်။ ပြည်ကြီးမတ္တိုင် အခြေခံစခန်းမှ သတ္တုတွင်းအရောက် ၃၂ မိုင် ရှည်သော ထိုလမ်းကို ၁၉၅၅ ခုတွင် အောင်မြင်စွာ ဖောက်လုပ်ပြီးစီး၍ ထိုနှစ် ဧပြီလ ၈ ရက်နေ့တွင် သတ္တုတွင်း ဝန်ကြီးက အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။ ယခင်က ဆင်ဖြင့် နှစ်ရက် သုံးရက်သွားရသော ခရီးသည် မိုတိုကား ကြီးငယ်များဖြင့် နှစ်နာရီ သုံးနာရီအတွင်း ပေါက်ရောက်နိုင်လေသည်။[၂]

တွင်းထွက် ခေတ်သတ္တုများကို ပြည်ပသို့ ထုတ်ရောင်းနိုင်ရန်လည်းကောင်း၊ ပြည်တွင်း စက်မှုလက်မှု လုပ်ငန်းများ တည်ထောင်လည်ပတ်ရေးကို ပံ့ပိုးနိုင်ရန် လည်းကောင်း ခေတ်ပင် တိုးရှင်းက စူးစမ်းရှာဖွေ ထုတ်လုပ်ခဲ့ရာ ၁၉၅၇-၅၈ ခုနှစ်မှ ၁၉၆၁-၆၂ ခုနှစ်အထိ အောက်ပါ အတိုင်း တူးဖော် ထုတ်လုပ်နိုင်ခဲ့သည်။

(တန်ပေါင်း)

	၁၉၅၇-၅၈	၁၉၅၈-၅၉	၁၉၅၉-၆၀	၁၉၆၀-၆၁	၁၉၆၁-၆၂
ခဲမဖြူရိုင်းနှင့် သန့်စင်	၉၃၉	၁၀၁၈	၁၀၉၁	၉၃၇	၈၉၆
အဖြိုက်နက်ရိုင်းနှင့် သန့်စင်....	၉၄၇	၄၁၆	၃၇၁	၃၆၉	၂၄၉
ခဲမဖြူအဖြိုက်နက်ရောရော	၁၈၅၁	၁၄၂၈	၁၀၆၈	၁၁၅၁	၁၁၅၇

၁။ *Burma Year Book & Directory*, 1957, Sec. 10. p.p. 14-15

၂။ *Economic Survey*, 1958, p. 27; 1960, p. 25; 1963, p. 24

(တန်ပေါင်း)

		၁၉၅၇-၅၈	၁၉၅၈-၅၉	၁၉၅၉-၆၀	၁၉၆၀-၆၁	၁၉၆၁-၆၂
ခဲရိုင်းနှင့် သန့်စင်	....	၃၃၆၃၆	၃၆၁၉၆	၃၂၁၈၄	၂၇၀၁၅	၃၁၁၄၆
သွပ်သန့်စင်	....	၁၇၉၀၆	၂၀၇၅၇	၁၂၄၂၈	၁၂၇၁၃	၁၄၆၇၈
သံ၊ ရှင်ဖြူစိန်၊ ကြေးနှင့် အခြားသတ္တုများ	....	၇၅၄၃	၇၂၀၈	၁၇၁၆၀	*၉၀၂	၈၃၀၉

(* သံ ပါဝင်ခြင်းမရှိ)

ရတနာပုံ သတ္တုတွင်းနှင့် မော်ချီးသတ္တုတွင်းများကို ကောင်းစွာ တူးဖော်လုပ်ကိုင်နိုင်လာသဖြင့် ၁၉၅၄-၅၅ ခုနှစ်ခန့်ကစ၍ ခဲမဖြူနှင့် အဖြိုက်နက် အထွက်တိုးတက်လာသည်။ ဘားမား ကော်ပိုရေးရှင်း (၁၉၅၁) လီမိတက်၏ ဘော်တွင်းသတ္တုတွင်းများမှ ခဲနှင့် သွပ် အထွက်ပိုလာသည်။ ထို့အတူ Loughkeng သွပ်တွင်းများမှလည်း သွပ်များ ဈေးကွက်တွင် ပါဝင်လာသည်။[၁] သို့သော် ၁၉၅၆-၅၇ ခုနှစ်ခန့်ကစ၍ ကမ္ဘာ့ ဈေးကွက်တွင် ခဲမဖြူ အဖြိုက်နက်နှင့် ခဲဈေးများ တရိပ်ရိပ်ကျဆင်းလာသည်။ ပြည်တွင်းတွင်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များ လိုင်စင်ခံ၍ တူးဖော်သော သတ္တုတွင်းငယ်အချို့ ပိတ်သွားသည်။ အဖြိုက်နက် ဈေးကျဆင်းသဖြင့် အဖြိုက်နက် အများဆုံးထွက်သော ရတနာပုံ သတ္တုတွင်း လုပ်ငန်းလည်း ၁၉၅၇ ခန့်တွင် တူးဖော်ထုတ်လုပ်ရေး ရပ်ထားသည်။ သတ္တုလုပ်ငန်းရှင်များသည် ဈေးကျသော အဖြိုက်နက်အစား ဈေးတည်ငြိမ်သော ခဲမဖြူကို ပိုမို တူးဖော်ကြပြန်သည်။ တနင်္သာရီဘက်မှ တူးဖော် ရရှိသော ခဲမဖြူနှင့် အဖြိုက်နက်ရောရာသည် မော်ချီးမိုင်းမှ ထွက်သော ပစ္စည်းနှင့် အမျိုးအစား မတူချေ။ တနင်္သာရီဘက်မှ ထွက်သော ခဲမဖြူနှင့် အဖြိုက်နက်ရောရာ သတ္တုရိုင်းကို ၁၉၅၅ ခုနှစ်ခန့်ကစ၍ ခဲမဖြူနှင့် အဖြိုက်နက် ရောရာကို ခဲမဖြူအဖြစ်လည်းကောင်း၊ အဖြိုက်နက်အဖြစ်လည်းကောင်း တစ်မျိုးတည်း ဖြစ်အောင် ခွဲစက်များတွင် ထည့်သွင်း ခွဲထုတ်သည်။ မော်ချီးမိုင်းမှ ထွက်သော ရောရာ သတ္တုတွင် ရှီးလိုက်ပါရောနေသဖြင့် ခွဲထုတ်သန့်စင်ခြင်း မပြုနိုင်ချေ။[၂]

ထားဝယ်နှင့် မြိတ်ခရိုင်အတွင်းရှိ အဖြိုက်နက် သတ္တုတွင်း အရေအတွက်သည် ၇၉ တွင်းမှ ၄၃ တွင်းသို့ ကျဆင်းသွားသဖြင့် ၁၉၆၀-၆၁ ခုနှစ်တွင် ယခင်နှစ် အထွက်စံချိန်ကို မမီချေ။ ၁၉၆၀-၆၁ ခုနှစ်တွင် ဓာတ်သင်တိုးရှင်းမှ နိုင်ငံခြားသို့ တင်ပို့ရောင်းချမှု အနည်းငယ် ပိုလာသော်လည်း ဈေးနှုန်း ကျဆင်းခြင်းကြောင့် တန်ဖိုးမှာ ၆ ရာခိုင်နှုန်း ကျဆင်းသွားသည်။

၁။ *Economic Survey*, 1956, p.p. 21-22

၂။ *Economic Survey*, 1958, p. 24

ကမ္ဘာ့ဈေးကွက်တွင် ချက်ကိုစလိုဗေးကီးယား၊ ရုရှား၊ အမေရိကန်နှင့် ဗြိတိသျှ နိုင်ငံများမှ အဖြိုက်နက်နှင့် ဖာချီအဖြိုက်နက် သတ္တုများ ပိုမိုဝင်လာသောကြောင့် ဖြစ်သည်။ ၁၉၆၀-၆၁ ခုနှစ်တွင် ခဲမဖြူတွင်း အရေအတွက်လည်း ၁၉၂ တွင်းမှ ၁၈၆ တွင်းသို့ ကျဆင်းသွားသဖြင့် ခဲမဖြူ အရေအတွက်မှာ ယခင်နှစ် စံချိန်အောက် ၁၀ ရာခိုင်နှုန်း လျော့ကျသွားသည်။[၁]

ဓာတ်သတ္တု တူးဖော်ထုတ်လုပ်ရေးသည်ပြည်ပသို တင်ပို့ရောင်းချရန်သာမကပြည်တွင်း၌ တည်ထောင်သော ပြည်တော်သာ စက်မှုလက်မှု လုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ပံ့ပိုးပေးရန်လည်း ရည်ရွယ်သည်။ ထို့ကြောင့် ပြည်ပဈေးကွက်တွင် အပြိုင်အဆိုင်များကြောင့် ဈေးအရ နည်းလာသောအခါ ဓာတ်ပင်တိုးရှင်းသည် ပြည်တွင်း စက်ရုံကြီးငယ်များအတွက် လိုအပ်သော စက်မှုကုန်ကြမ်းများ ထုတ်လုပ်ပေးရေးကို ဦးစားပေး လုပ်ကိုင်လာသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကြီး နေဝင်း၏ အိမ်စောင့် အစိုးရ လက်ထက်တွင် ဓာတ်ပင်တိုးရှင်း၏ ဗဟိုရုံးမှ ဌာနခွဲများနှင့် နယ်စီမံကိန်းများကို ၁၉၅၉ ခု ဧပြီလ ၁ ရက်နေ့မှစ၍ စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းနှင့် ပူးပေါင်းလိုက်သည်။ စတလကနှင့် ပူးပေါင်းပြီးနောက် ဓာတ်ပင်တိုးရှင်းသည် ရတနာပုံ သတ္တုတွင်း စီမံကိန်း၊ ကလေးဝ ကျောက်မီးသွေး စီမံကိန်းနှင့် ဓာတ်သတ္တု ရောင်းဝယ်ရေး စီမံကိန်းတို့ကို ဆက်လက်လုပ်ဆောင်သည်။[၂]

လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

လျှပ်စစ်ဓာတ်အားသည် ပြည်သူလူထု၏ လုံခြုံရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ လွယ်ကူရေးတို့နှင့် စက်မှုလုပ်ငန်းများ လည်ပတ်ရေးအတွက် အထူးလိုအပ်ပေသည်။ ကျောင်း၊ ဆေးရုံ၊ လူနေတိုက်တာ အိမ်ခြေ၊ လမ်းမ၊ လမ်းငယ် အသွယ်သွယ်နှင့် စက်ရုံကြီးငယ်များကို သန့်ရှင်းလွယ်ကူစွာ မီးထွန်းလင်းစေနိုင်သည့်အပြင် စက်ကြီးစက်ငယ်တို့ကို မောင်းနှင်နိုင်သည့် စွမ်းအင်လည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား လွယ်ကူချောမွေ့စွာ ပေါပေါများများ ရရှိရန် လိုအပ်သည်။ ထို့ကြောင့် စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးခဲ့သော မြန်မာနိုင်ငံကို အဘက်ဘက်မှပြန်လည်ထူထောင်ရန် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက်ဖြင့် 'စီးပွားရေး ၂ နှစ်စီမံကိန်း' ရေးဆွဲစဉ်ကပင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းအတွက် လျာထားချက်များ ထည့်သွင်းချမှတ်ခဲ့သည်။

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၃၀

၂။ ပြည်ရေးရွာမှု၊ စာ ၁၉၆

လွတ်လပ်ရေး မရမီက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးသည် နိုင်ငံခြားသား အရင်းရှင် ကုမ္ပဏီကြီးများနှင့် တိုင်းရင်းသား ပုဂ္ဂလိက လုပ်ငန်းရှင်များလက်တွင် ရှိခဲ့သည်။ စက်များမှာ ရေနွေးငွေ့သုံးစက်များ၊ ဒီဇယ်သုံးစက်များ¹ဖြစ်သည်။

ပြန်လည်ထူထောင်ရေး စက်မှုကဏ္ဍတွင် စက်ရုံအလုပ်ရုံများ လည်ပတ်ရန် စွမ်းအင် အဖြစ်လည်းကောင်း၊ မီးထွန်းလင်းရန် လည်းကောင်း လျှပ်စစ်ဓာတ်အားအထူး လိုအပ်သည်။ ထို့ကြောင့် လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်တွင်ပင် လျှပ်စစ်ဓာတ်အားပေးရေး အက်ဥပဒေကို ပြဋ္ဌာန်းသည်။ ထိုအက်ဥပဒေအရ ၁၉၅၁ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားပေးရေး ဘုတ်အဖွဲ့ကို ဖွဲ့စည်းကာ ၁၉၄၇ ခုနှစ်နှင့် ၁၉၄၈ ခုနှစ်တွင် ဖွဲ့ခဲ့သော ရေအားလျှပ်စစ်ဓာတ်အား ရရှိရေး စုံစမ်းရေးအဖွဲ့နှင့် အစိုးရ လျှပ်စစ်ဓာတ်အားပေးရေးဌာနတို့ကို လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့အောက်သို့ သွတ်သွင်းဖွဲ့စည်းသည်။ ထိုအက်ဥပဒေအရပင် ပုဂ္ဂလိကပိုင် လျှပ်စစ် ဓာတ်အားပေးရေး လုပ်ငန်းများကို တဖြည်းဖြည်း ပြည်သူပိုင်သိမ်းခဲ့ရာ ၁၉၄၈ ခုမှ ၁၉၅၁ ခုနှစ်အထိ ပုဂ္ဂလိကပိုင် လျှပ်စစ်လုပ်ငန်း စုစုပေါင်း ၅၁ ခုကို ပြည်သူပိုင် ပြုလုပ်ပြီးစီးသည်။ ထို့နောက် ၁၉၅၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ရန်ကုန်မြို့ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေသော အာရ်အီးတီကုမ္ပဏီကို ပြည်သူပိုင်သိမ်းကာ ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အား ပေးရေးအဖွဲ့ကို ဖွဲ့စည်းသည်။

ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် စက်မှုလုပ်ငန်းကြီးငယ်များ ထူထောင်ရာ တွင် လွန်စွာ အရေးပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ၂ နှစ်စီးပွားရေး စီမံကိန်း ရေးဆွဲစဉ် ကပင် စိုင်တင် ရေအားလျှပ်စစ်စီမံကိန်း၊ ဘောဂတချောင်း ရေအားလျှပ်စစ်ဓာတ်အားစက်ရုံတို့ တည်ဆောက်ရေးကို ချမှတ်ခဲ့သည်။ ပြည်တော်သာ စီးပွားရေး ရှစ်နှစ်စီမံကိန်းကာလတွင် ဘီလူးချောင်း ရေအား လျှပ်စစ် ဓာတ် အား ပေး စီမံ ကိန်း ကို ဂျပန် စစ်လျော်ကြေးငွေ ကျပ် ၂၆ ကုဋေကျော်ဖြင့် တည်ထောင်သည်။ ပထမအဆင့်တွင် ကီလိုဝပ် ၈၄၀၀၀ စက် အင်အားကို တပ်ဆင်ခဲ့သည်။ ထို့နောက် ၁၉၅၅ ခုနှစ်တွင် တိုင်းပြည်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက် အခြေအနေအရ ဒုတိယနေရာဖြစ်သော လွိုင်ကော်အောက် ၁၂ မိုင်မှ ၁၃ မိုင် အတွင်း နေရာရွေးချယ်လျက် Run off River Type ဖြင့် ကီလိုဝပ် ၂၈၀၀၀ အင်အား ရှိသော စက်သုံးလုံး တည်ဆောက်ရန် ဂျပန်ကုမ္ပဏီနှင့် စာချုပ်၍ ၁၉၅၆ ခုနှစ်တွင် စတင် တည်ဆောက်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ရေအားလျှပ်စစ် စတင်ထုတ်လုပ်နိုင်ခဲ့သည်။ ထိုစဉ်ကပင် ၁၉၆၇ ခုနှစ်ခန့်တွင် တိုးတက်တည်ဆောက်လာသော ပြည်တော်သာ စက်မှု

၁။ စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်၊ အတွဲ ၇၊ ၈၁ ၁၀

လက်မှု လုပ်ငန်းကြီးငယ်များ၏ လျှပ်စစ်ဓာတ်အား အသုံးပြုမှု ကြီးမားလာမည်ကို မျှော်မှန်း၍ Reservoir River Type အဖြစ် မိုးဗြဲရေကာတာကို တည်ဆောက်၍ လက်ရှိစက်ရုံတွင် နောက်ထပ် စက်သုံးလုံး တပ်ဆင်ရန် စီစဉ်ခဲ့သည်။[၁]

ထိုရေအားလျှပ်စစ်ဓာတ် ရရှိရေး စီမံကိန်းများသည် ပြည်တော်သာ ညီလာခံက ချမှတ်သော စစ်တွေစက်မှုဇုန်ဟိုဌာန၊ မြင်းခြံစက်မှုဇုန်ဟိုဌာန၊ ရန်ကုန်စက်မှုဇုန်ဟိုဌာနတို့ရှိ စက်ရုံကြီးငယ်များသို့ လျှပ်စစ်ဓာတ်အား လွယ်ကူချောချောသာစွာ ဖြန့်ဖြူးနိုင်မည်ဟု ရည်မှန်းခဲ့သည်။

ဗိုလ်ချုပ်ကြီး နေဝင်း၏ အိမ်စောင့်အစိုးရလက်ထက်တွင် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ရေးနှင့် ပြည်တွင်းထွက်ကုန်များ ဈေးနှုန်းသက်သာရေးတို့ကို ရှေးရှု၍ ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ရခိုင်ရှိဆန်စက်များ လည်ပတ်ရေးကို လွယ်ကူသက်သာအောင် စီစဉ်ပေးခဲ့သည်။ ထိုဒေသရှိ ဆန်စက်များသည် ရှေးအစဉ်အလာအတိုင်း ရေနွေးငွေ့အားဖြင့် စက်လည်နေရသဖြင့် ခရိတ်စကကြီးသည်။ ထို့ကြောင့် စစ်တွေမြို့တွင် ဝပ်နှစ်သိန်းအားရှိသော စက်တစ်လုံးတည်ဆောက်၍ လျှပ်စစ်ဓာတ်အားဖြင့် စက်လည်နိုင်စေခဲ့သည်။ ထို့ပြင် ရေနံချောင်းမြို့တွင် ဝပ်ငါးသိန်း ငါးသောင်းရှိ စက်တစ်လုံး တည်ဆောက်၍ လျှပ်စစ်ဓာတ်အားဖြင့် ရေနံတူးရန် ဆောင်ရွက်သည်။[၂]

မြို့ကြီးမြို့ငယ်အများတွင် လျှပ်စစ်ဓာတ်အား ရရှိစေခြင်းဖြင့် လူနေမှု အဆင့်အတန်းကို မြင့်မားစေသည်သာမက အမှုန့်ကြိတ်လုပ်ငန်း၊ တွင်ခုံလုပ်ငန်း၊ ဂဟေဆော်လုပ်ငန်း၊ ပလတ်စတစ်လုပ်ငန်း စသောစက်မှုလုပ်ငန်းငယ်များ တိုးတက်များပြားလာရေးကိုလည်း အထောက်အကူပြုသည်။ စက်မှုလက်မှု လုပ်ငန်းများ တိုးတက်ကြီးထွား အောင်မြင်ရေးနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ် ပေးရေးတို့သည် ဆက်စပ်လျက် အပြန်အလှန် အကျိုးပြုနေကြသည်။ လျှပ်စစ်ဓာတ်အား ပေါများချောသာစွာ ရရှိနိုင်ခြင်းသည် စက်မှုလက်မှု လုပ်ငန်းများ အောင်မြင်ရေးကို ထောက်ကူ ပံ့ပိုးသကဲ့သို့ စက်မှုလက်မှု လုပ်ငန်းများ၏ တိုးတက်များပြားလာသောစွမ်းအင် လိုအပ်ချက်သည် လျှပ်စစ်ဓာတ်အားပေးစက်ကြီးများ တည်ထောင်ရေးကို အားပေးသည်။ အကောင်အထည်ပေါ်စေသည်။

စစ်ပြီးကာလ နိုင်ငံတော် ပြန်လည်ထူထောင်ရေး တစ်စတစ်စ တိုးတက်ပြီးမြောက်လာသည်နှင့်အမျှ လမ်း၊ အိမ်၊ ကျောင်း၊ ရုံး၊ ဆေးရုံ၊ စက်ရုံ၊ အလုပ်ရုံစသည်တို့ကိုမီးထွန်းလင်းရန် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပိုမိုတိုးတက်လာသည်။ အလားတူပင် တိုးမြင့်လာသော လူနေမှု

၁။ မိုးဗြဲရေကာတာစီမံကိန်း၊ စာ ၁
၂။ ပြည်ရေးရွာမှူး၊ စာ ၂၀၅

အဆင့်အတန်းအလိုက် ရေဒီယို၊ ပန်ကာ၊ ရေခဲသေတ္တာ၊ လေအေးစက် စသည့် ခေတ်မီအသုံးအဆောင်များအတွက်လည်း လျှပ်စစ်ဓာတ်အား ပို၍ထုတ်လုပ်ပေးရသည်။ အထူးသဖြင့် ပြည်တော်သာ စီမံကိန်းက ချမှတ်သော ပြည်သူပိုင်နှင့် ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ၊ အသေးစား အိမ်တွင်းစက်မှုလုပ်ငန်းများတွင် သုံးစွဲသော စက်အား (Power) အတွက် လျှပ်စစ်ဓာတ်အား သုံးစွဲမှုသည် ရန်ကုန်မြို့မ နယ်နိမိတ်အတွင်း၌ပင် ၁၉၅၅ ခုနှစ်တွင် ရှေးကထက် နှစ်ဆခွဲ တိုးတက်လာခဲ့သည်။ ၁၉၅၁ ခုမှ ၁၉၅၅ ခုနှစ်အတွင်းက ရန်ကုန်မြို့မ နယ်နိမိတ်အတွင်း လျှပ်စစ်ဓာတ်အား သုံးစွဲမှုသည် ပျမ်းမျှကီလိုဝပ် သန်းပေါင်းအားဖြင့် အောက်ပါအတိုင်း တိုးတက်လာကြောင်း တွေ့ရသည်။[1]

၁၉၅၁ ကီလိုဝပ်	....	၂.၃ သန်း
၁၉၅၂ ကီလိုဝပ်	....	၂.၈ သန်း
၁၉၅၃ ကီလိုဝပ်	....	၃.၅ သန်း
၁၉၅၄ ကီလိုဝပ်	....	၄.၀ သန်း
၁၉၅၅ ကီလိုဝပ်	....	၄.၆ သန်း

ရန်ကုန်လျှပ်စစ်လုပ်ငန်းအဖွဲ့က ထုတ်လုပ်ပေးသော ရန်ကုန်မြို့မ နယ်နိမိတ်အတွက် လျှပ်စစ်ဓာတ်အားတွင် မော်တာ၊ ရေခဲသေတ္တာ၊ လေအေးစက်၊ ပန်ကာ စသည်တို့အတွက် သုံးစွဲမှုသည် တစ်လပျမ်းမျှ ကီလိုဝပ် နာရီပေါင်း ၂၅၀၀ အောက်ရှိသည်။ စက်ရုံအလုပ်ရုံကြီးများကမူ တစ်လပျမ်းမျှ အနည်းဆုံး ကီလိုဝပ် နာရီပေါင်း ၂၅၀၀ အထက် သုံးစွဲသည်။[2]

အတိအကျအားဖြင့်သော် ရန်ကုန်မြို့မ နယ်နိမိတ်အတွက် မော်တာ၊ ရေခဲသေတ္တာ၊ ပန်ကာ၊ လေအေးစက် စသည်တို့အတွက် စက်အား (Power) သုံးစွဲမှုသည် ၁၉၅၁ ခုနှစ်တွင် ပျမ်းမျှကီလိုဝပ်နာရီထောင်ပေါင်း ၃၃၀၊ ၁၉၅၂ ခုနှစ်တွင် ၃၇၈၊ ၁၉၅၃ ခုနှစ်တွင် ၅၆၆၊ ၁၉၅၄ ခုနှစ်တွင် ပျမ်းမျှ ကီလိုဝပ်နာရီ ထောင်ပေါင်း ၇၁၉ ရှိသည်။ စက်ရုံကြီးငယ်များတွင် သုံးသော စက်အား (Power) မှာ ၁၉၅၁ ခုနှစ်က ပျမ်းမျှ ကီလိုဝပ်နာရီ ထောင်ပေါင်း ၇၁၃၊ ၁၉၅၂ ခုနှစ်က ၈၇၅၊ ၁၉၅၃ ခုနှစ်က ၁၀၀၉ နှင့် ၁၉၅၄ ခုနှစ်က ၁၁၉၀ ရှိခဲ့သည်။[3]

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တွင် တပ်ဆင်ထားသော လျှပ်စစ်စက်များ၏ လျှပ်စစ်ဓာတ်အား ပေးလွှတ်နိုင်မှု ပမာဏသည် ၁၉၅၆ ခုနှစ်က ကီလိုဝပ် ၂၉၀၀၀ မျှရှိ၏။

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၅၆၊ စာ ၃၁
၂။ *Economic Survey of Burma*, 1954, p. 23
၃။ စီးပွားရေးစစ်တမ်း၊ ၁၉၅၆၊ စာ ၃၁

ငှင်းအနက် အနုတ်အသိမ်း ကီလိုဝပ် ၁ဂ၀၀၀ ပုံမှန်ရှိသည်။ သို့သော် ထိုစဉ်က တည်ဆောက်ပြီးစီး လည်ပတ်လာသော ဂုန်လျှော်စက်အတွက် ကီလိုဝပ် ၂၀၀၀၊ ဆေးဝါးလုပ်ငန်းစက်ရုံအတွက် ကီလိုဝပ် ၁၀၀၀၊ အသံလွှင့်စက်ရုံအတွက် ၁၀၀၀၊ အသံလွှင့်ဌာနအတွက် ကီလိုဝပ် ၅၀၀၊ မင်္ဂလာဒုံ လေဆိပ်အတွက် ၇၀၀ နှင့် သံရည်ကျိုစက်အတွက် ကီလိုဝပ် ဂ၅၀၀ လိုအပ်လာသဖြင့် အစိုးရသည် အင်းစိန်မြို့မရပ်တွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်သည်။ စက်မှုလုပ်ငန်းကြီးငယ်များ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ပြည့်မီအောင် ဤသို့ဖြည့်ဆည်းခြင်းဖြင့် ရန်ကုန်မြို့နယ်တစ်ဝိုက်ရှိ စက်မှုလုပ်ငန်းကြီးငယ်များသည်လျှပ်စစ်ဓာတ်အားကို အဆင်ပြေနှုန်း ချိုသာလှယ်ကူစွာ ရနိုင်ခဲ့ကြသည်။[၁]

ထိုဥက ရန်ကုန်မြို့မှ နယ်နိမိတ်ပြင်ပရှိ မြို့များ၊ ကျေးရွာများတွင် ဒီဇယ်စက်အားဖြင့် လျှပ်စစ် ဓာတ်အား ထုတ်ပေးသည်။ လျှပ်စစ်ဓာတ်အား ရရှိသော မြို့ရွာဒေသများတွင်လည်း အိမ် ကျောင်း ရုံး ဆေးရုံ လမ်း အစရှိသည်တို့နှင့် စက်မှုလက်မှု လုပ်ငန်းငယ်များ၊ အိမ်တွင်း စက်မှု လုပ်ငန်းငယ်များအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁၉၅၁ ခုနှစ်မှစ၍ နှစ်စဉ်တိုးတက်လာသည်။ အိမ်သုံးနှင့် စက်အား (Power) သုံးစွဲမှုသည် ၁၉၄ဂ-၄၉ ခုနှစ်က ကီလိုဝပ် နာရီ သန်းပေါင်း ၂.၄၂ ရှိ၏။ ၁၉၅၁-၅၂ ခုနှစ်တွင် ကီလိုဝပ် နာရီသန်းပေါင်း ၃.၁၁၊ ၁၉၅၂-၅၃ ခုနှစ်တွင် ၄.၃၅၊ ၁၉၅၃-၅၄ ခုနှစ်တွင် ၅.၁၄ ဖြစ်၍ ၁၉၅၄-၅၅ ခုနှစ်တွင် ကီလိုဝပ် နာရီသန်းပေါင်း ဂ.ဂ၃ အထိ တိုးတက်လာသည်။

နိုင်ငံတော် ခေတ်မီ တိုးတက်ရေး၊ လူနေမှု အဆင့်အတန်း မြင့်မားရေးသည် စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ တည်ထောင်၍ အောင်မြင်စွာ လည်ပတ် ထုတ်လုပ်နိုင်မှုအပေါ်တွင် တည်နေသေးသည်။ စက်မှုကဏ္ဍ အကောင်အထည် ဖော်နိုင်ရေးကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးခြင်းဖြင့် ထောက်ကူပံ့ပိုးရန် လိုသည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရေအား လျှပ်စစ်ဓာတ် ရရှိရေးကို စိုင်းပြင်းဆောင်ရွက်ခဲ့ရာ ထိုရေအားလျှပ်စစ် စီမံကိန်းများ အကောင်အထည် ပေါ်လာသည်နှင့်အမျှ စက်မှုလက်မှုလုပ်ငန်းကြီးငယ်များလည်း တိုးပွားလာခဲ့သည်။ တိုးတက်တည်ထောင်လာသော စက်မှုလက်မှု လုပ်ငန်းကြီးငယ်များသို့ လျှပ်စစ်ဓာတ်အား ထုတ်ပေးနိုင်မှု သို့မဟုတ် စက်ရုံအလုပ်ရုံများ၏ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲလာမှုသည် ၁၉၅၆ ခုမှ ၁၉၆၂ ခုနှစ်အတွင်း ရန်ကုန်မြို့မှ အပဖြစ်သော မြန်မာနိုင်ငံ မြို့ရွာနယ်မြေများ၌ အောက်ပါအတိုင်း ရှိသည်။[၃]

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၅၆၊ စာ ၃၂

၂။ စီးပွားရေးစစ်တမ်း၊ ၁၉၅၆၊ စာ ၂၉

၃။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၄၅။ ၁၉၆၄၊ စာ ၆၅

စက်မှုဓာတ်အား			ယူနစ်သန်းပေါင်း
၁၉၅၆-၅၇	....	....	၃.၀၆
၁၉၅၇-၅၈	....	....	၆.၅၀
၁၉၅၈-၅၉	....	....	၅.၅၉
၁၉၅၉-၆၀	....	....	၇.၂၅
၁၉၆၀-၆၁	....	....	၈.၃၆
၁၉၆၁-၆၂	....	....	၁၀.၆၄

အလားတူပင် ၁၉၅၆ ခုမှ ၁၉၆၂ ခုနှစ်အတွင်း ရန်ကုန်တိုင်းရှိ စက်ရုံ အလုပ်ရုံကြီးငယ်များ၏ စက်မှုလျှပ်စစ် ဓာတ်အား သုံးစွဲမှုသည် အောက်ပါအတိုင်း ဖြစ်သည်။[၁]

စက်မှုဓာတ်အား			ယူနစ်သန်းပေါင်း
၁၉၅၆-၅၇	....	....	၂၀.၈၅
၁၉၅၇-၅၈	....	....	၃၄.၅၄
၁၉၅၈-၅၉	....	....	၄၉.၈၂
၁၉၅၉-၆၀	....	....	၅၉.၉၁
၁၉၆၀-၆၁	....	....	၆၅.၄၂
၁၉၆၁-၆၂	....	....	၇၄.၁၄

စက်မှုဝန်ကြီးဌာန လက်အောက်ရှိ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် နိုင်ငံတော်အတွင်း စက်မှုလက်မှုလုပ်ငန်းများ အပါအဝင် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးကို ရှေးရှု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဆက်သွယ်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို လုပ်ဆောင်သည်။ ဈေးနှုန်းသက်သာစွာဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးကိုအဓိကထားကာ လုပ်ဆောင်ပေးခြင်းဖြင့် နိုင်ငံတော်၏စက်မှုစီမံကိန်းများ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးကို ထောက်ကူပံ့ပိုးပေးသည်။ ပြန်လည်ထူထောင်ရေးကာလ ၁၉၄၅ ခုမှ ၁၉၆၂ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားကို ရေနွေးငွေ့အား၊ ဒီဇယ်အား၊ ရေအားတို့ဖြင့် ထုတ်လုပ်ပေးသည်။ ဂျပန် စစ်လျော်ကြေးငွေကျပ် ၂၆ ကုဋေကျော်ဖြင့် ဆောက်လုပ်သော လောပိတ ရေအား လျှပ်စစ် ဓာတ်အားပေး စက်ရုံမှ

၁။ စီးပွားရေးစစ်တမ်း၊ ၁၉၆၂၊ စာ ၄၆။ ၁၉၆၄၊ စာ ၆၄

ခေတ်အား စတင်ထုတ်လုပ်နိုင်ပြီးသည့်နောက် ၁၉၆၁-၆၂ ခုနှစ်တွင် စက်အသီးသီးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှု စွမ်းအားသည် စုစုပေါင်း ၁၈၉၄၀၀ ကီလိုဝပ်မှ ယူနစ်သန်းပေါင်း ၃၅၇·၄၂အထိ တိုးတက်သွားသည်။ [၁] ထိုသို့ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ် ဖြန့်ဖြူးပေးနိုင်သည်နှင့်အမျှ စက်မှုလက်မှု လုပ်ငန်း ကြီးငယ်များ တိုးတက်လာကြောင်းကို စက်မှုသုံး လျှပ်စစ်ဓာတ်အား ပိုမိုလာခြင်းဖြင့် သိသာသည်။ လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့သည် နိုင်ငံတော် စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရေးတွင် အထူး အရေးပါသော မရှိမဖြစ် လိုအပ်သော စက်မှု ပံ့ပိုးမှု ကဏ္ဍကြီး တစ်ရပ် ဖြစ်ကြောင်း ထင်ရှားပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသနအဖွဲ့

သုတေသနနှင့် လက်တွေ့သည် အရာရာတွင် ဒွန်တွဲလျက်ရှိရန် လိုအပ်ပေသည်။ ထို့ကြောင့် စစ်ပြီးစ မြန်မာနိုင်ငံကို အဘက်ဘက်မှပြန်လည်ထူထောင်ရန် စီးပွားရေး ၂ နှစ်စီမံကိန်းရေးဆွဲစဉ်ကပင် စက်မှုလက်မှုဆိုင်ရာ သုတေသနအဖွဲ့တစ်ခု တည်ထောင်ရန် ချမှတ်ခဲ့သည်။ နိုင်ငံအတွင်း ရည်မှန်းထားသော စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး အောင်မြင်ရေးကို စက်မှုလက်မှုဆိုင်ရာ သုတေသနအဖွဲ့က ထောက်ကူပံ့ပိုးနိုင်သောကြောင့်ဖြစ်သည်။

စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးသည် နိုင်ငံအတွင်းရှိ မြေပေါ် မြေအောက် သယံဇာတ ပစ္စည်းများကို အကျိုးဖြစ်ထွန်းအောင် အသုံးချနိုင်ရန်လိုသည်။ ထိုသို့ အသုံးချနိုင်ရန် သုတေသန လုပ်ရပေမည်။ ထို့ကြောင့် နိုင်ငံတော် အစိုးရသည် နိုင်ငံတော် စက်မှုလက်မှု သုတေသနဌာန [၂] ကို ၁၉၄၇ ခု ဒီဇင်ဘာလတွင် ဖွဲ့စည်း၍ အမျိုးသား စီမံကိန်းအဖွဲ့၏ ကြီးကြပ်မှုအောက်တွင် ထားခဲ့သည်။ ဝန်ထမ်းကြီးငယ် ၁၃ ဦးခန့်ထားလျက် ယုဒသန်ကောလိပ် ဓာတုဗေဒဆောင် အပေါ်ထပ်ရှိ အခန်းများတွင် လုပ်ငန်းစတင်ခဲ့သည်။ လုပ်ငန်းများကို ညွှန်ကြားရေးဝန် ဒေါက်တာဂို့(ရှ်) [၃] က ဦးစီးဆောင်ရွက်သည်။ မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းများ ကြီးပွားတိုးတက်ရေးကို ရှေးရှု၍ ဓာတ်သတ္တု သုတေသနဌာန၊ ဆယ်လူလိုစ် သုတေသနဌာန [၄]၊ သတ္တုနှင့် ဓာတ်ခွဲဓာတုဗေဒ သုတေသနဌာန [၅] ဟူ၍ ဌာနခွဲ သုံးခုဖြင့် သုတေသနလုပ်ငန်းများကို လုပ်ဆောင်သည်။

၁။ စက်မှုဝန်ကြီးဌာနသမိုင်းအကျဉ်းချုပ်၊ အတွဲ (၇)၊ စာ ၇၅

၂။ State Industrial Research Institute (SIRI)

၃။ Dr. Gosh

၄။ Cellulose

၅။ Inorganic and Analytical Chemistry

ဌာနခွဲသုံးခုအနက် ဓာတ်သတ္တုသုတေသနဌာနခွဲသည် ပြည်တွင်းထွက် သတ္တုရိုင်း အကောင်းဆုံး နှစ်စားလုံးမှ ခနောက်စိမ်း (Antimony) ထုတ်ယူရေး၊ သန့်စင်ရေး၊ ပြုပြင်ရေး (ore dressing) စသည်တို့ကို ဆောင်ရွက်သည်။ ထို့ပြင် သွပ်လုပ်ငန်း၊ ခဲလုပ်ငန်း၊ ခဲမဖြူလုပ်ငန်း၊ အဖြိုက်နက်လုပ်ငန်း၊ ငရဲမီး ဖော်စပ်ရေးလုပ်ငန်း၊ သတ္တုရိုင်း ပြုပြင်ရေးလုပ်ငန်းတို့ကိုလည်း လုပ်ဆောင်သည်။ ခဲလုပ်ငန်းတွင် ခဲရည်ကျို၊ ခဲဝိုက်လုံး၊ ဘက်ထရီခဲပြား၊ ဘဲရင်းသတ္တု၊ ဂဟေသတ္တု၊ ခဲစာလုံး လုပ်ငန်းများနှင့် သဘော်ဆေး လုပ်ငန်းအတွက် ခဲနှင့်စပ်၍ ရရှိသော ခဲနီ၊ ခဲဖြူနှင့် ဆေးဝါးများကို စမ်းသပ်သည်။ ခဲမဖြူ လုပ်ငန်းနှင့် စပ်လျဉ်း၍ ခဲမဖြူသတ္တုကျိုချက်ရေး၊ ခဲမဖြူနှင့် သတ္တုညှိုရောစပ်ရေး၊ ခဲမဖြူမျက်ပါး (tin foil) ဖော်စပ်ရေး၊ ခဲမဖြူအရောင်တင် (tin plating) ဖော်စပ်ရေးတို့ ပါဝင်သည်။ အဖြိုက်နက် (Tungsten) လုပ်ငန်းတွင်လည်း အဖြိုက်နက်ကို စရိတ် ကျဉ်းကျဉ်းနှင့် ထုတ်လုပ်နိုင်ရေး၊ သတ္တုအောက်ဆိုက် သန့်စင်ထုတ်လုပ်ရေး၊ တန်စတင်ကာဘိုက် ထုတ်လုပ်ရေးနှင့် ဓာတ်ဆေးများ၊ အရောင်တင်ဆေးများ ထုတ်လုပ်ရေးတို့ကို စမ်းသပ်ရန် ချမှတ်သည်။ အလားတူပင် သတ္တုရိုင်းများ ပြုပြင်ရေးတွင် ခနောက်စိမ်း၊ ခဲ၊ သွပ်၊ ကြေးနီ၊ ခဲပုပ်၊ ကရိုမိုက်၊ မြေနီ၊ ဘာရိုက်တီ စသည်တို့ကို စမ်းသပ်ရန် လုပ်ငန်းများပါသည်။[1]

ဆယ်လူလိုစ် သုတေသနဌာနခွဲကလည်း ကာဘွန်ဓာတ် ထုတ်လုပ်ရေး၊ စက္ကူပျော့ဖတ်နှင့် စက္ကူထုတ်လုပ်ရေးတို့အတွက် သုတေသနများ ပြုလုပ်သည်။ ဓာတ်ခွဲစမ်းသပ်နိုင်ရန် ဓာတ်ခွဲ ခန်း ဆောက်လုပ်ရေးပစ္စည်း ကိရိယာများ ရရှိရေးတို့ကို ဆောင်ရွက်သည်။ ထို့ပြင် ရှမ်း ပြည်နယ် မိုင်းကိုင်မှထွက်သည့် သလေးလျှော်မှ လက်လုပ်စက္ကူ ထုတ်လုပ်ရေး တိုးတက် ကောင်းမွန်အောင် နည်းလမ်းများ ရှာဖွေစမ်းသပ် သုတေသနပြုသည်။[2]

ထိုသို့ စတင်ဆောင်ရွက်လာရာ စီးပွားရေး ရှစ်နှစ်စီမံကိန်းဝင် ပြည်တော်သာ စက်မှု လက်မှု လုပ်ငန်းများကို အကောင်အထည်ဖော်ရမည့် အချိန်သို့ ရောက်လာသောအခါ နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံတော် စက်မှုလက်မှု သုတေသနဌာနကို လိုက်လျောညီထွေ ရှိစေရန် တိုးချဲ့ပြုပြင် ဆောင်ရွက်ရန် လိုလာခဲ့သည်။ ထို့ကြောင့် သုတေသန လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန် အစိုးရသည် ၁၉၅၃ ခုနှစ်တွင် အာမား သုတေသန ဖောင်ဒေးရှင်း[3] နှင့် သဘောတူစာချုပ်တစ်ခု ချုပ်ဆိုကာ လောကဓာတ်နှင့် အင်ဂျင်နီယာ

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော် တတိယနှစ်ပတ်လည်၊ ဇန်နဝါရီ ၁၉၅၁၊ စာ ၆၇-၆၈

၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော် တတိယနှစ်ပတ်လည်၊ စာ ၇၀

၃။ Armour Research Foundation of Illinois Institute of Technology

သုတေသန လုပ်ငန်းများ တိုးတက် ဖွံ့ဖြိုးရေးကို စီစဉ်သည်။ အားမား သုတေသနအဖွဲ့မှ မစ္စတာဂိုလောင်း[1] သည် ၁၉၅၁ ခုနှစ် အောက်တိုဘာလတွင် အမေရိကန်အီးစီအေ[2] အကူအညီဖြင့် မြန်မာနိုင်ငံသို့ လာရောက်၍ ပထမ လေ့လာမှုများ ပြုလုပ်ကာ အစီရင်ခံစာတစ်စောင် တင်သွင်းသည်။ စာချုပ်ပါ အချက်တစ်ချက်အရ အားမားသုတေသနအဖွဲ့မှ ဒေါက်တာ ဝီဇီးဘာသယ်လ်သည် နိုင်ငံတော် စက်မှုလက်မှု သုတေသနဌာန၏ ညွှန်ကြားရေးဝန်အဖြစ် လာရောက်ဆောင်ရွက်သည်။

အားမားအဖွဲ့မှ တင်ပြသော အစီရင်ခံစာကို လက်ခံပြီးနောက် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရသည် ၁၉၅၄ ခု ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသနအဖွဲ့ အက်ဥပဒေကို ပြဋ္ဌာန်းကာ အဖွဲ့ရုံးကို ကမ္ဘာအေး ဘုရားလမ်းနှင့် ကံဘဲ့လမ်းဆုံရှိ အဖွဲ့ပိုင်မြေ ၃၆ ဧကရှိသော နေရာသစ်သို့ ရွှေ့ပြောင်း တည်ထောင်သည်။ ၁၉၅၅ ခု မတ်လတွင် နိုင်ငံတော်သမ္မတ၏ အမိန့်အရ နိုင်ငံတော် စက်မှုလက်မှု သုတေသနအဖွဲ့အား ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့ သုတေသန လုပ်ငန်း အဖွဲ့ အမည်သို့ ပြောင်းပြီးလျှင် ဒေါက်တာ ဝီဇီးဘာသယ်လ်ကို ပထမ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်သည်။[3]

စက်မှုလက်မှု ဝန်ကြီးဌာန လက်အောက်တွင် အမည်သစ်ဖြင့် ဖွဲ့စည်းလိုက်သောလက်တွေ့ သုတေသန လုပ်ငန်းအဖွဲ့၌ ဓာတ်ခွဲ စမ်းသပ်ခန်း သတ္တုဗေဒ သုတေသန၊ ရူပဗေဒနှင့် အင်ဂျင်နီယာ သုတေသန၊ လက်တွေ့ ဓာတုဗေဒ သုတေသန၊ စက်မှုကိရိယာဌာန၊ မြေထည်ကြွေထည် သုတေသန၊ စက္ကူနှင့် ပျော့မျှင် သုတေသန၊ စံချိန်စံညွှန်း ဓာတ်ခွဲခန်း၊ အဏုမြူ ဓာတ်အား ဆိုင်ရာ သုတေသန စသည့် လုပ်ငန်းဆိုင်ရာ ဌာနခွဲများ ရှိသည်။

လက်တွေ့ သုတေသနလုပ်ငန်းအဖွဲ့တွင် ၁၉၅၅ ခု ဇွန်လ ၂၈ ရက်နေ့က စက်မှုလက်မှု ပညာပြန့်ပွားရေးဌာနခွဲတစ်ခုကို နိုင်ငံတော် စက်မှုလက်မှုဝန်ကြီးကိုယ်တိုင် လာရောက်ဖွင့်လှစ်ပေးခဲ့သည်။ ကမ္ဘာအရပ်ရပ်တွင် အဏုမြူဓာတ်အားနှင့်စပ်လျဉ်း၍ စိတ်ဝင်စားမှု တိုးပွား ကျယ်ပြန့်လာသည့်အလျောက် မြန်မာနိုင်ငံတွင်လည်း ၁၉၅၃ ခုနှစ်က လက်တွေ့ သုတေသန အဖွဲ့တွင် အဏုမြူဓာတ်အား ဗဟိုသုတေသနဌာနခွဲကို ဒေါက်တာ ဘလှိုင်ကြီးကြပ်၍ စတင် တည်ထောင်သည်။ အလားတူပင် ၁၉၅၅ ခုနှစ် အတွင်း၌ နိုင်ငံခြား ပါရဂူများ ဖြစ်ကြသော ဒေါက်တာ စတန်လီအမ်ဘက် စတာသည် ဓာတ်သတ္တုဗေဒနှင့် ဘူမိဗေဒ သုတေသန ဌာနခွဲတွင် လည်းကောင်း၊ ဒေါက်တာ အာရ်အေကယ်ရီဂန်သည် ဓာတ်ခွဲဌာနခွဲတွင် လည်းကောင်း၊

၁။ Paul B.W. Gollong

၂။ E. C. A. Economic Cooperation Agreement

၃။ *Burma*, vol. 5, No. 1. October 1954, p.54;
ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့၊ စာ ၂

ဒေါက်တာ မိလ်တန်အီနယ်(လ)ဆင်သည် လက်တွေ့ ဓာတုဗေဒ သုတေသန ဌာနခွဲတွင်လည်းကောင်း၊ ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့မှ ပါရဂူများ ဖြစ်ကြသော ဒေါက်တာပီတာဟောသ်(ဒ)နှင့် မစ္စတာ ဂရေးဗားဘာဂျရေးတို့သည် မြေထည် ကြွေထည်လုပ်ငန်း သုတေသနဌာနခွဲတွင်လည်းကောင်း လာရောက် ဆောင်ရွက် အမှုထမ်းကြသည်။[၁]

နိုင်ငံတော်ဘီးပွားရေးစီမံကိန်းက ချမှတ်သော ပြည်တော်သာ စက်မှုလက်မှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးကို ထောက်ကူပံ့ပိုးရန် ဖွဲ့စည်းတည်ထောင်ထားသော လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့သည် လောကဓာတ်ဘာသာနှင့် အင်ဂျင်နီယာဘာသာရပ်များကို သုတေသနပြုလုပ်လျက် နိုင်ငံတော်၏ စက်မှုလက်မှု လုပ်ငန်းဌာနများ၊ တက္ကသိုလ်ကျောင်း၊ အစိုးရဌာနများ၊ ဘုတ်အဖွဲ့နှင့် ကော်ပိုရေးရှင်းများ၊ တပ်မတော် စသည်တို့အတွက် သုတေသနပြုလုပ်ပေးခြင်း၊ ဓာတ်ခွဲပေးခြင်း၊ စစ်ဆေးပေးခြင်း၊ စက်ကိရိယာများ ပြင်ဆင်ပေးခြင်း၊ သိပ္ပံကိရိယာများ ပြုလုပ်ပေးခြင်း၊ အကြံဥာဏ်ပေးခြင်း၊ စက်မှုလက်မှုလုပ်ငန်းများမှ အလုပ်သင် အချို့အား ဌာနတွင် လာရောက်၍ သင်ကြားပေးခြင်း စသည်ဖြင့် ကူညီသည်။ ထို့ပြင် နိုင်ငံတော်အား စီးပွားရေးအရ အကျိုးအမြတ် ပေးနိုင်မည့် သုတေသနလုပ်ငန်းများကို ဓာတ်ခွဲခန်း စမ်းသပ် သုတေသနမှ တစ်ဆင့် ရွေ့ပြေးအစမ်းစက်ရုံများ၊ တည်ဆောက်စမ်းသပ်မှုများ ပြုလုပ်ကာ သက်ဆိုင်ရာများသို့ ပညာနှင့် အကြံဥာဏ် ဖြန့်ဖြူးပေးသည်။[၂]

မြန်မာနိုင်ငံတွင် တွင်းထွက် သတ္တုရိုင်းများကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် သန့်စင်ခြင်း၊ ပြုပြင်ခြင်းများလုပ်ရန် လိုအပ်သည်။ ထို့ကြောင့် လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့ သတ္တုဗေဒ သုတေသနဌာနခွဲသည် သတ္တုရိုင်းများကို ဓာတ်ခွဲခန်း အဆင့်ပြင်ဆင်သန့်စင် စမ်းသပ်ခြင်းမှ တစ်ဆင့်တက်ကာ (Ore Dressing Pilot Plant) ရွေ့ပြေး စမ်းသပ်စက်ရုံ တည်ထောင်၍ ရွှေ၊ ခနောက်စိမ်း၊ အဖြိုက်နက်၊ ခဲမဖြူ၊ ခဲမပုပ်၊ မင်ဂနိစ်ဒိုင်အောက်ဆိုက်၊ ကြေးနီ၊ ဘောရိုက် စသည်တို့ကို စမ်းသပ်သည်။[၃] ၁၉၅၉ ခု ဖေဖော်ဝါရီလတွင် ရာခိုင်နှုန်း မြင့်တင်ရေးနှင့် သတ္တု စင်ကြယ်စေရေးအတွက် Closed Circuit Continuous Floatation and Gravity Concentration Plant စက်ချံကို လုပ်ငန်းစတင်နိုင်ခဲ့သည်။ ထိုစက်သည် ခနောက်စိမ်းများကို သန့်စင်မှမ်းမံ၍ရာနှုန်းနည်းသည့် သတ္တုမျိုးမှ ခနောက်စိမ်း ထုတ်နိုင်သော စက်ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေး

၁။ ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့ စာ ၃။
An Applied Research Program for Burma, p. 23

၂။ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့၊ စာ ၁

၃။ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့၊ စာ ၄-၅

နှင့် စက်မှုလုပ်ငန်းများ တိုးတက်ရေးကို များစွာ အားပေးကူညီနိုင်သော သုတေသန လုပ်ငန်းဖြစ်လေသည်။[၁]

ဗိုလ်ချုပ်ကြီးနေဝင်း၏ ဒိမ်ခေါင့် အစိုးရလက်ထက်တွင် လက်တွေ့ သုတေသနလုပ်ငန်း အဖွဲ့၏ လုပ်ငန်းများ တိုးတက်၍ စက်မှုအကျိုးပြု စမ်းသပ်တီထွင်မှုများ ပိုမိုလုပ်ဆောင် နိုင်ခဲ့သည်။ ပြည်တွင်းမှ အများအပြား ရနိုင်သော ဝါးများမှ နံရံကပ် စက္ကူကတ်ပြားများ ထုတ်လုပ်နိုင်သော နည်းစနစ်ကို အောင်မြင်စွာ တီထွင်နိုင်ခဲ့သည်။ ထိုလုပ်ငန်းကို အပြည် ပြည်ဆိုင်ရာ တာပီစံချိန် (International Tappi Standards) အရ စမ်းသပ်ရာ အမေရိကန် ပြည်ထောင်စုစံချိန် (American Federal Standard) ကို မီကြောင်းတွေ့ရသည်။ ထိုစက္ကူ ကတ်ပြားများသည် ကုန်ကျစရိတ် အလွန်ချိုသာစွာဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အင်္ဂတေ ပစ္စည်းများကို အစားထိုးနိုင်သည်။ စက္ကူကတ်ပြား ထုတ်လုပ်ရာတွင်လည်း နိုင်ငံခြားပစ္စည်းအသုံးပြုရန် မလိုဘဲ ဝါးမှ ထွက်သည့် သဘာဝကော် Lignin နှင့် ပင် ကပ်စေနိုင်သည်။ သုတေသနလုပ်ငန်း အဖွဲ့က ပေတင့် မှတ်ပုံတင်ထားသော ဝါးမျှင်ရေးစနစ် (Patented Bamboo Shredding Process) သည် နိုင်ငံအတွင်း ပေါများစွာရနိုင်သော ကုန်ကြမ်း ဝါးမှ နိုင်ငံအတွင်း အထူးလိုအပ်သော စက္ကူအကောင်းစားများ ပြုလုပ်ရေး၊ ဝါး ပျော့ဖတ်စက်နှင့် စက္ကူစက်များ တည်ထောင်ရေးသို့ ရှေးရှုခဲ့ပေသည်။[၂]

လက်တွေ့ သုတေသနအဖွဲ့သည် နိုင်ငံအတွင်း လိုအပ်သော စက်ရုံ အလုပ်ရုံများ ထူထောင်နိုင်ရေးကို ရှေးရှု၍ သုတေသနများ၊ စမ်းသပ်ဓာတ်ခွဲမှုများ ပြုလုပ်လျက် စက်မှု ကဏ္ဍ ကြီးထွားအောင်မြင်ရေးကို အထောက်အကူပြုကြောင်း ထင်ရှားလှသည်။ ထို့သို့ ပံ့ပိုး ထောက်ကူနိုင်ရန် လက်တွေ့ဓာတုဗေဒ သုတေသန ဌာနခွဲသည် ပြည်တွင်းထွက် ကုန်ကြမ်းများ ကိုစားကုန်သုံးကုန် ဝတ်ကုန် ထုတ်လုပ်ရေးစက်ရုံများတွင် အသုံးပြုနိုင်ရန်၊ ပြည်ပမှတင်သွင်း ဝယ်ယူရသော စက်မှုကုန်ကြမ်း ကုန်ချောများကို အစားထိုးနိုင်ရန်၊ ပြည်တွင်း ပိုလျှံနေသော ပစ္စည်းများကို အသုံးပြုနိုင်ရန်နှင့် စက်မှုလုပ်ငန်းသစ်များ တည်ထောင်နိုင်ရန် နည်းလမ်း ရှာဖွေသည်။

ဤသို့ နည်းလမ်းရှာဖွေခဲ့ရာ ဖွဲနုမှ စားသုံးဆီ ထုတ်လုပ်နိုင်သော စက်ကို တီထွင် နိုင်ခဲ့သည်။ ထိုသို့ တီထွင်လိုက်သော စက်သည် တစ်နေ့လျှင် အလုပ်ချိန် ၁၆ နာရီအတွင်း ဖွဲနုလေးတန်မှ ဆီထုတ်နိုင်သဖြင့် မည်သည့် နိုင်ငံတွင်မှ မရှိသည့် စက်မျိုးဖြစ်သည်။ ဂျပန်၊ ဂျာမနီနိုင်ငံတို့မှ ဝယ်ယူရလျှင် တစ်နေ့လျှင် ဖွဲနု ၂၅ တန် သုံးသော စက်ကြီးများကိုသာ

၁။ ပြည်ရေးရွာမူ၊ စာ ၃၁၆

၂။ ပြည်ရေးရွာမူ၊ စာ ၃၀၂

ရမည်ဖြစ်၍ နိုင်ငံနှင့် ဘုံမကိုက်ပေ။ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးရှိ ဆန်စက်များမှ တစ်နေ့လျှင် စုစုပေါင်း ဖွဲနုလေးထောင်သာ ထွက်သောကြောင့် ဖြစ်သည်။ ထို့ပြင် ပြည်တွင်း၌ တီထွင် ထုတ်လုပ်သော စက်သည် နိုင်ငံခြားမှ ဝယ်ယူရမည့် စက်၏တန်ဖိုးအောက် များစွာလျော့ နည်းသည်။ မြန်မာနိုင်ငံတွင် ဆီစားသုံးမှု မနည်းချေ။ ပြည်တွင်းထွက်ဖြင့် မလုံလောက်၍ နှစ်စဉ် ငါးကုဋေခွဲဖိုးခန့် ပြည်ပမှ ဝယ်ယူရသည်။ ဆီထုတ်ပြီးသော ဖွဲနုဖတ်သည်လည်း စက်မှုကုန်ကြမ်းအဖြစ် ဆက်လက်သုံးနိုင်သည်။ နိုင်ငံခြားသို့လည်း တင်ပို့ရောင်းချနိုင်သည်။ ဖွဲနုစက်ငယ်ကို ပြည်တွင်း၌ လွယ်ကူစွာ တည်ဆောက်လည်ပတ်နိုင်သဖြင့် စက်မှုလုပ်ငန်းများ တိုးတက်ရေးကို အားပေး ထောက်ကူသော တီထွင်အောင်မြင်မှု တစ်ရပ်ဖြစ်ပေသည်။[၁] နောက်ပိုင်းတွင် တည်ဆောက်သော ပဂ္ဂလိကပိုင်နှင့် ပြည်သူပိုင် ဖွဲနုဆီစက်များ၏ ရှေ့ပြေး သို့မဟုတ် အခြေခံဟုလည်း ဆိုနိုင်သည်။

ချုပ်မေဒနှင့် အင်ဂျင်နီယာသုတေသန ဌာနခွဲ၏ စမ်းသပ် သုတေသန ပြုလုပ်ချက် များမှာလည်း အလွန်တန်ဖိုး ရှိလှသည်။ ထိုဌာနသည် နေရောင်ခြည် အင်အား သုတေသန၊ လေအဟုန် အင်အား သုတေသန၊ လေအေးစက်နှင့် ရေခဲစက် သုတေသန၊ ဒီလက်ထရွန်နစ် သုတေသန၊ အသံနှင့် ပတ်သက်သည့် သုတေသန၊ သံလည်များ သံချေးမတက်အောင် ကာကွယ်ရေး သုတေသန၊ ကျောက်မီးသွေး အသုံးချရေး သုတေသနများကို ဆောင်ရွက် သည်။[၂] နေရောင်ခြည် အင်အားကို အသုံးချရေး သုတေသနဖြင့် ငါးခြောက် ပြုလုပ်ရေးတွင် လွယ်ကူသက်သာစေခြင်းကို တွေ့ရသည်။[၃] ထို့ပြင် နေရောင်ခြည်အားသုံး ရေဒီယို၊ ခရခဲစက်၊ လေအေးစက်များလည်း စမ်းသပ် လုပ်ဆောင်နိုင်သည်။[၄]

စက်မှုလက်မှုလုပ်ငန်းများ ထူထောင်ရေးတွင် သားရေလုပ်ငန်းလည်း အရေးပါသော လုပ်ငန်းတစ်ခုဖြစ်သည်။ သားရေ ဆိုးဆေးထုတ်လုပ်နိုင်မှုသည် အရေးကြီးလှ၏။ ပြည်တွင်း၌ ထုတ်လုပ်နိုင်လျှင် နိုင်ငံခြားအပေါ် မှီခိုအားထားနေရခြင်းမှ ကင်းပေမည်။ နိုင်ငံခြားသုံးငွေ ချွေတာနိုင်ပေမည်။ ထို့ကြောင့် လက်တွေ့သုတေသန လုပ်ငန်းအဖွဲ့က ပြည်တွင်းမှ အများ အပြားရနိုင်သော သစ်ခေါက်မှ သားရေဆိုးဆေးမှုန့် ထုတ်လုပ်နိုင်သောစက်ဖြင့် ထုတ်လုပ်ရန် စမ်းသပ်ရာ မဒမခေါက်မှ သားရေဆိုးဆေးကောင်း ထုတ်လုပ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိ သည်။ သားရေပျော့အောင်ပြုလုပ်သော ဆီကိုလည်း စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည်။ အစာ

၁။ မြည်ခရေးရှာမှု၊ စာ ၃၁၃

၂။ လက်တွေ့သုတေသနလုပ်ငန်းအဖွဲ့၊ စာ ၈

၃။ မြည်ခရေးရှာမှု၊ စာ ၃၁၄

၄။ *Burma*, The Thirteenth Anniversary, 1961, p. 183

အာဟာရဆိုင်ရာခေတ်ခွဲစမ်းသပ်မှုတွင်လည်း မြန်မာလူမျိုးတို့အရေးကြီးအာဟာရတစ်ခုအဖြစ် အသုံးပြုသည့် ငါးပိကို စံချိန်စံညွှန်း ပြုလုပ်သတ်မှတ်၍ အာဟာရဓာတ် နည်းပါးနေသော သားသည်မိခင်များအတွက် အဖိုးနှုန်းချိုသာစွာဖြင့် အာဟာရဓာတ် ပြည့်ဝစေမည့်ငါးမှုန့်များ ပြုလုပ်ရန်လည်း လက်တွေ့ဆောင်ရွက်သည်။[၁]

အလားတူပင် မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးအဖွဲ့အတွက် ပြည်တွင်းရှိ ဆေးဖက်ဝင် အပင်ပေါင်းများစွာကို သတ်မှတ်ပေးကာ လက်ထုပ်ခေါက်၊ မုရားကြီးရွက်၊ လင်းနေ၊ မရိုးပင် အစရှိသော ဆေးဖက်ဝင်အပင်များတွင် ဆေးဖက်ဝင် ဆေးစွမ်းရည်အမျိုးအစား ဂုဏ်သတ္တိသို့ကို ဓာတ်ခွဲစမ်းသပ်သည်။ ထို့ပြင် မြန်မာ့ကြက်ဆူပင်များမှ ဆေးဝါးသုံး စံချိန်မီ ကြက်ဆူဆီ ထုတ်လုပ်ရေးကိုလည်း အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည်။[၂]

နိုင်ငံတော် ပြန်လည်ထူထောင်ရေးအတွက် စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ တည်ဆောက်ရာတွင် သုတေသနလုပ်ငန်းများက အကျိုးရှိစွာ ထောက်ကူပံ့ပိုး ပေးနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်စစ်ပြီးစကာလစီးပွားရေး ၂ နှစ်စီမံကိန်း ရေးဆွဲစဉ်ကပင်နိုင်ငံတော် စက်မှုလက်မှု သုတေသနဌာန ဖွဲ့စည်းရန်ချမှတ်၍ စတင်အကောင်အထည်ဖော် လုပ်ဆောင်သည်။ သုတေသနလုပ်ငန်း၏ အရေးပါပုံ၊ ဓာတ်ခွဲခန်းအဆင့်တွင် လက်တွေ့စမ်းသပ်လုပ်ဆောင်ရန် လိုအပ်ပုံတို့ကို သိမြင်သဘောပေါက်သဖြင့် အစိုးရသည် ပြည်တော်သာ စက်မှုစီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ရယူရန် လက်တွေ့သုတေသနအဖွဲ့ကို အက်ဥပဒေပြဋ္ဌာန်းလျက် တိုးချဲ့ဖွဲ့စည်းခဲ့ပေသည်။ ထိုသို့ ဖွဲ့စည်းခဲ့သည့်အတိုင်း လက်တွေ့သုတေသနအဖွဲ့မှ စမ်းသပ်ဆောင်ရွက်မှုများသည် နိုင်ငံတော် စက်မှုလက်မှုကဏ္ဍအတွက် အလွန်အရေးပါလှသည်။ ပြည်တွင်းကုန်ကြမ်းများကို အကျိုးရှိစွာ အသုံးချနိုင်ရန် နည်းလမ်းများရခဲ့သည်။ ပြည်ပမှ ဝယ်ယူရသော စက်မှုကုန်ကြမ်း၊ ကုန်ချောများကို အစားထိုးနိုင်ရန် နည်းလမ်းများ တွေ့ရှိ၍ လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့သည်။ နိုင်ငံတော်၏ ရေမြေသဘာဝနှင့် ကိုက်ညီသော စက်များ၊ စက်ကိရိယာများ တီထွင်နိုင်ခဲ့သည်။ ကမ္ဘာ့ စက်မှုလက်မှုလုပ်ငန်းများ၊ သိပ္ပံ နည်းပညာသစ်များကိုရယူ၍ ခေတ်မီတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်သဖြင့် လိုအပ်သည့် စက်မှုလက်မှု သုတေသနလုပ်ငန်းများကို စာတွေ့များသာမဟုတ်ဘဲ ဓာတ်ခွဲခန်းစမ်းသပ်အဆင့်မှ ရွှေပြေးစမ်းသပ်စက်ရုံအဆင့်အထိ အောင်မြင်စွာ ပို့ဆောင်ကာ စီးပွားဖြစ် စက်ရုံကြီးများအဆင့်သို့ တိုးမြှင့်နိုင်ရန် ထောက်ကူပံ့ပိုး ပေးနိုင်ခဲ့ပေသည်။

၁။ *Burma*, 13th Anniversary, 1961, p. 181
မြည်ရေးရှာမှု၊ စာ ၃၀၄-၀၅
၂။ မြည်ရေးရှာမှု၊ စာ ၃၀၆

ရေနံတူးဖော်ချက်လုပ်ခြင်း

ရေနံသည် သဘာဝအလျောက်ဖြစ်စေ၊ လူအား စက်အားဖြင့်တူး၍ဖြစ်စေ ရရှိသော သယံဇာတ တွင်းထွက်ကုန်ကြမ်းဖြစ်သည်။ ၎င်းရေနံမှ လေယာဉ်ဆီ၊ ရေနံဆီ၊ ဓာတ်ဆီ၊ ဓာတ်မြေဩဇာနှင့် အဝတ်အထည် စသည့် လူ့အကျိုးပြုပစ္စည်းများကို ထုတ်လုပ်ရရှိသည်။

ရေနံကို ခေတ်မီ ရေနံချက်စက်ကြီးများဖြင့် ချက်နိုင်အောင် ရေနံကြောရှိရာ မြေလွှာကို မိုင်ဝက်မှ တစ်မိုင်ကျော်ထိ စက်ဖြင့်တူးဖော်ရသည်။ ဤသို့တူးဖော်ခြင်းဖြင့် ရေနံရှိရာ မြေကြောသို့ရောက်သောအခါ ရေနံသည် တွန်းကန်ခြင်းအား ကြီးမားခဲ့သော် မြေမျက်နှာပြင် ပေါ်သို့ အလိုအလျောက်တက်လာတတ်သည်။ တွန်းကန်ခြင်းအားနည်းသောရေနံကိုစက်ဖြင့် ထုတ်ယူရသည်။[၁]

ရေနံသည်ဟိုက်ဒရိုဂျင်နှင့်ကာဗွန်ဓာတ်တို့ပူးပေါင်း၍ဖြစ်ပေါ်လာသောဟိုက်ဒရိုကာဗွန် ဓာတ်ဖြစ်သည်။ ဟိုက်ဒရိုကာဗွန်သည်ပေါ်ပါး၍ အငွေ့အဖြစ်လည်းကောင်း၊ အရည်အဖြစ် လည်းကောင်း၊ အစိုင်အခဲ သဏ္ဌာန်အဖြစ်ဖြင့်လည်းကောင်း ရှိတတ်သည်။ ရေနံတွင်း သုံးမျိုး သုံးစားရှိရာ ၎င်းတို့မှာ ဒေသအလိုက် အငွေ့၊ အရည်နှင့် အခဲဟူ၍ ကွဲပြားကြသည်။ ရေနံမှာ များသောအားဖြင့်ကျဲ၍ ဝါသောအရောင်မှပျစ်၍ မည်းနက်သော အရည်အဖြစ်လည်းကောင်း၊ အရည်နှင့်အခဲ ရော၍လည်းကောင်း တွေ့ရှိရသည်။ သို့သော် တွင်းထဲမှထုတ်ယူသော ရေနံတွင် အငွေ့ဓာတ်တို့သည် လေထဲသို့ထွက်သွား၍ အစိုင်အခဲများမှာ မြေအောက်တွင် ကျန်ခဲ့သဖြင့် ရေသဏ္ဌာန်ဖြင့်သာ ထုတ်ယူရရှိသည်။

ဟိုက်ဒရိုကာဗွန်ဓာတ်အပြင် ရေနံကြောရှိရာ ဒေသတစ်လျှောက်တွင် တွေ့ရှိရတတ် သော သံ၊ တိုး၊ ဆား၊ ကန့် စသောဓာတ်များလည်း ရေနံတွင်ပါလာသည်။ ကန့်သည် ရေနံချက်ပစ္စည်းများကိုတိုက်စားသဖြင့်ကန့်ပါရှိသောရေနံကို(Sour Crude)ဟုလည်းကောင်း၊ ကန့်လုံးဝမပါသော သို့မဟုတ် အနည်းငယ်ပါသော်လည်း စက်ပစ္စည်းများကို အန္တရာယ် မပေးနိုင်သော ရေနံကို (Sweet Crude) ဟူ၍ လည်းကောင်း အကြမ်းအားဖြင့် ခွဲခြားခေါ်ဆိုသည်။ ရေနံတွင်ပါသော ဟိုက်ဒရိုကာဗွန်အမျိုးအစားကိုလိုက်၍

Paraffinic Base	.... ဖယောင်းဓာတ်များပါသောရေနံ
Napthenic Base	.... ဖယောင်းဓာတ်နည်းသောရေနံ
Asphattic Base	.... ကတ္တရာဓာတ်များပါသောရေနံ

ဟု ခွဲခြားထားသည်။

၁။ သန်လျင်ရေနံချက်စက်ရုံ ပြည်သူ့ရေနံလုပ်ငန်း၊ ၈၁ ဂ

မြန်မာ့ရေနံသည် ကန့်မပါသည့်ပြင် ရေနံစက်ပစ္စည်းများကို ဥပါဒ်ပေးနိုင်သော ဆားဓာတ်အနည်းငယ်သာပါရှိ၍ ကောင်းသောရေနံဖြစ်သည်။ ဖယောင်းဓာတ်များပါ၍ ဖယောင်းလုပ်ငန်းအတွက် သင့်လျော်သည်။ ရေနံထွက်ပစ္စည်းများမှာ ဓာတ်ဆီ၊ ရေနံဆီ၊ ရေခဲသေတ္တာသုံး ရေနံဆီ၊ ရေနံဆီနီနှင့် ရေနံချေး အကျဲတို့ဖြစ်သည်။ ရေနံချေးအကျဲတွင် ဖယောင်းဓာတ်ပစ္စည်းများပါဝင်ရာ ရေနံချေးကျဲကို ပေါင်းတင်ချက်လုပ်လျှင် စက်မောင်းဆီ၊ ဖယောင်းပါသောဆီနှင့် ရေနံချေးတို့ကို ရရှိသည်။ ချောက်ရေနံချက်စက်ရုံမှ ရေနံချက်ပြီး ရရှိသည့် ဖယောင်းပါသောဆီတို့ကို ဖယောင်းချက်စက်တွင် ချက်လုပ်သည်။ ဖယောင်းပါသောဆီသည် ဝါသောအရောင်ရှိပြီး အဆီများစွာပါသည်။ ဖယောင်းချက်စက်ရုံမှ မလိုသည့်ဆီနှင့် အရောင်ကို ဖယ်ထုတ်သော် ဖယောင်းကုန်ချောကိုရသည်။ ဖယောင်းချက်ရာမှရရှိသော ကုန်ပစ္စည်းများမှာ ဖယောင်းဖြူအမာ၊ ဖယောင်းဖြူအပျော့စား၊ မီးခြစ်ဖယောင်းနှင့် ဖယောင်းချေးတို့ဖြစ်သည်။

ရေနံသည် အလွန်အရေးပါသော စက်ရုံသုံး၊ လူသုံး တွင်းထွက်ပစ္စည်းဖြစ်သည်။ နိုင်ငံအတွင်း ရေနံတူးဖော် ချက်လုပ်နိုင်ခြင်းသည် လူနေမှုအဆင့်အတန်းကို မြင့်မားစေသည့်ပြင် စက်မှုလုပ်ငန်း တိုးတက်တည်ထောင်ရေးကို အထောက်အကူပြုနိုင်သည့် အဓိကမဏ္ဍိုင်တစ်ခုလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုလိုနီ သက်တမ်းတစ်လျှောက်လုံးနှင့် လွတ်လပ်ရေး ရပြီးသည့်ကာလတိုင်အောင် ရေနံတွင်းများ၊ ရေနံလုပ်ငန်းများသည် နိုင်ငံခြားသားများလက်တွင် ရှိနေခဲ့သည်။ မြန်မာ့ရေနံလုပ်ငန်းကို လက်ဝါးကြီးအုပ်ကာ ခြယ်လှယ်နေခဲ့သော နိုင်ငံခြားသားကုမ္ပဏီကြီးငယ်များမှာ အကြမ်းအားဖြင့် အောက်ပါအတိုင်းဖြစ်သည်။

Burma Oil Company Ltd.
Indo-Burma Petroleum Co. Ltd.
Indo-Burma Oil Field Company.
British-Burma Petroleum Company.
Pyinma Development Company.
Aung Ban Oil Company.
Nathsingh Oil Company.
Rangoon Oil Company.
Rangoon Refineries Company.
Yenan Mines Company.
Standard Oil Company.

Moolla Oil Company.
Irrawaddy Petroleum Oil Syndicate.
Burma Oil Syndicate.
Anglo-Burman Oil Company.
Yomah Oil Company.
Attock Oil Company.
The Eastern Drilling Syndicate.
The Four South Oil Company.
Minlindaung Investment Co. Ltd.
The British Burma Deep Drilling Co. Ltd.
The Yenangyaung Oil Field Southern Extension Ltd.
The Hasford Development Syndicate.

ဖော်ပြပါ ကုမ္ပဏီကြီးငယ်များအနက် ဘီအိုစီသည် မြန်မာ့ရေနံ လောကကို ရာခိုင်နှုန်း အများဆုံး ပိုင်ဆိုင်ကာ လက်ဝါးကြီးအုပ်ထားသော နိုင်ငံခြား အရင်းရှင်ကုမ္ပဏီ ဖြစ်သည်။ ကမ္ဘာ့အရပ်ရပ်ရှိ ရေနံလုပ်ငန်းများနှင့် ဆက်စပ်သော အဖွဲ့အစည်းကြီးများတွင် အစုရှယ်ယာ ပါသည်သာမက အိန္ဒိယ ရေနံတူးဖော်ခွင့်များဆိုင်ရာ (ဘီအိုစီ)[1]၊ အိန္ဒိယ ရောင်းဝယ်ရေး[2]၊ ပါကစ္စတန် ရေနံတူးဖော်ခွင့်များဆိုင်ရာ[3]၊ ပါကစ္စတန် ရောင်းဝယ်ရေး၊ ပိုက်လိုင်းကုမ္ပဏီ[4]၊ ဓာတ်ဆီ ချက်လုပ်ရေး[5]၊ ရေနံတင် သင်္ဘော[6] များလည်း တည်ထောင်ထားသည်။ အာသံ ရေနံကုမ္ပဏီ၊ အာဘော့ရေနံကုမ္ပဏီတို့တွင် ရှယ်ယာ အမြောက်အမြားပါသည်။ တာတာသံနှင့် သံမဏိလုပ်ငန်းကုမ္ပဏီနှင့် စပ်တူပြုလုပ်၍ အိန္ဒိယပြည် သံဖြူပြားကုမ္ပဏီကိုလည်း ထူထောင်ကာ ရေနံသိုပုံးခွံများ ထုတ်လုပ်သည်။[7]

ဒုတိယကမ္ဘာစစ်အတွင်းက ဗြိတိသျှအစိုးရသည် မြန်မာ့မြေမှ ဆုတ်ခွာသွားရသောအခါ ရေနံချက်စက်ရုံများ၊ ရေနံစုပ်ကိရိယာများ၊ ရေနံတူးစက်များ၊ ရေနံပိုက်လိုင်းစခန်းများ၊ ဓာတ်အားပေး စက်ရုံများကို ဖျက်ဆီးပစ်ခဲ့ကြသည်။ စစ်ကြီးပြီး၍ မြန်မာနိုင်ငံသို့ ပြန်လည် ဝင်ရောက်လာသောအခါ ၊ ဗြိတိသျှ စစ်အုပ်ချုပ်ရေးသည် မြန်မာ့ရေနံမြေများ ပြန်လည်

၁။ India Concessions.
၂။ India Trading
၃။ Pakistan Concession
၄။ Pipe Lines
၅။ Refineries
၆။ Tankers
၇။ ဗမာ့မြေဆီ - ဗမာ့ရွှေရည်၊ စာ ၂၄-၂၅

ထူထောင်ရေးအဖွဲ့[1]ကို ဖွဲ့စည်း၍ ချောက်၊ ရေနံချောင်း ရေနံမြေ ပြန်လည်ထူထောင်ရေး အတွက် လိုအပ်မည့် ကုန်ကျငွေနှင့် အချိန်ကာလကို ခန့်မှန်း တွက်ချက်စေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် အဖြစ်သို့ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ရောက်ရှိခဲ့သော်လည်း မြန်မာ့ရေနံလုပ်ငန်းမှာ နိုင်ငံခြားသား အရင်းရှင်ကြီးများ၏ လက်ထဲတွင်ပင် ဆက်လက် တည်ရှိခဲ့သည်။ စစ်ပြီးခေတ် ဘီအိုစီသည် အခြားကုမ္ပဏီ ငယ်များနှင့် ပူးပေါင်း ဦးဆောင်ကာ မြန်မာ့ ရေနံလုပ်ငန်းကို ဆက်လက် ကြိုးကိုင်ခြယ်လှယ်သည်။ ထို့ကြောင့် ပြည်တော်သာ စီမံကိန်းက ချမှတ်သော စက်မှုလုပ်ငန်း များထူထောင်ရာတွင် အထောက်အကူပြုရမည့် ရေနံလုပ်ငန်း၏ အခန်းကဏ္ဍမှာ အားပျော့ ခဲ့ပေသည်။

လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင်ဘီအိုစီသည် ကျန်ကုမ္ပဏီငယ်များကို ဦးဆောင်၍ ရေနံအလုပ်သမားအင်အားကို လျော့ချမည်ဖြစ်ကြောင်း အစိုးရထံ အကြောင်းကြားသည်။ ထိုခဉ်က သောင်းကျန်းသူ အဖျက်သမားတို့၏ ရန်ကို တွန်းလှန်နေရသော အစိုးရသည် ဘီအိုစီနှင့် အလုပ်သမားတို့၏ ပြဿနာကို တစ်ဘက်မှ ဖြေရှင်းရပေသည်။ ၁၉၄၉ ခု ဇူလိုင်လ တွင် ဘီအိုစီသည် အစိုးရအား အကြောင်းမကြားဘဲ ရေနံချောင်းဒေသမှ ရုတ်တရက်လုပ်ငန်း ရုပ်သိမ်းကာ ထွက်ခွာသွားသည်။ ထို့အတူ ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလတွင် ချောက်နှင့် လမ်းရွာ ရေနံမြေတို့မှ အလုပ်သမားပေါင်း ၂၉၃၄ ဦးတို့ကို အလုပ်မှ ရပ်နားပစ်လိုက်သည်။ ထိုကိစ္စကို ဝါဏိဇ္ဇပဋိပက္ခဖျန်ဖြေရေးရုံးမှ ဖြေရှင်းပေးသဖြင့် အလုပ်သမားများ လျော်ကြေး ရကြသော်လည်း အလုပ် ပြန်လည်လုပ်ကိုင်ခွင့် မရကြတော့ချေ။[2]

မြန်မာ့ရေနံ ထုတ်လုပ်ရေးတွင် ပြန်လည်ထူထောင်ရေးမှာ များစွာနှေးကွေးခဲ့သည့် အပြင် နိုင်ငံအတွင်း ရောင်စုံသူပုန်တို့၏ သောင်းကျန်းမှုဒဏ်ကြောင့်လည်း ရေနံထုတ်လုပ် ရေးမှာပို၍ကြန့်ကြာခဲ့ရသည်။ ကုမ္ပဏီများသည် ရဲဘော်ဖြူများ ခေတ္တ စိုးမိုးစဉ် အချိန်တွင် ၎င်းရဲဘော်ဖြူများအား အခွန်အကောက်များ ပေးဆောင်၍ ဖြစ်သလိုပင် ရေနံထုတ်လုပ်ရေး ကို မဖြစ်စလောက် ဆောင်ရွက်ခဲ့ကြသည်။ ပြည်ထောင်စု တပ်မတော်က ရောင်စုံသူပုန်တို့အား ရေနံမြေမှ တိုက်ထုတ်လိုက်ကြပြီးသော်လည်း ၁၉၄၉ ခုနှစ် နောက်ပိုင်းတွင် ကုမ္ပဏီများသည် ရေနံချောင်း ရေနံမြေ၌ ရေနံ ထုတ်လုပ်ခြင်းများကို လုံးဝ စွန့်လွှတ်လိုက်ကြသည်။ ချောက်နှင့် လမ်းရွာရှိ ရေနံတွင်းများနှင့် မင်းဘူးရှိ ရေနံတွင်း အနည်းငယ်ကိုသာ ပြန်လည် ပြုပြင်၍ ရေနံထုတ်လုပ်ရေးကို ပြန်လည်ဆောင်ရွက်ခဲ့ကြသည်။

၁။ BORU = Burma Oilfields Rehabilitation Unit

၂။ အခြေပြမြန်မာ့ရေနံသမိုင်း၊ စာ ၁၀၇၊ ၁၀၈

ဘီအိုစီကုမ္ပဏီ၏ အစီရင်ခံစာအရ ၁၉၄၉ ခုနှစ်အထိ ရေနံထုတ်လုပ်ရေးအတွက် အထောက်အပံ့ ဖြစ်စေသည့် အင်ဂျင်နီယာနှင့် လျှပ်စစ်ဌာနများကို ချောက်မြို့တွင် ၉၀ ရာခိုင်နှုန်းနှင့် ရေနံချောင်းတွင် ၇၅ ရာခိုင်နှုန်း ပြန်လည်ပြုပြင်ပြီးစီးခဲ့လေသည်။ ချောက်မြို့တွင် ရေနံတွင်းပေါင်း ၅၄၇ တွင်းကို ပြန်လည် ပြုပြင်ခဲ့ပြီး ရေနံတွင်းများနှင့် တွင်းတူး ပစ္စည်းများအတွက် ပြန်လည် ထူထောင်ရေးမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးလေသည်။ သို့ရာတွင် ရေနံထုတ်လုပ်ရေးအတွက် အထောက်အပံ့ ဖြစ်သော ပစ္စည်းများမှာ ၁၅ ရာခိုင်နှုန်းသာ ပျိုးထောင်ပြီးစီးသည်။ ရေနံချောင်းမြို့တွင် ရေနံတွင်း ၁၃ တွင်းသာ ပြန်လည် ပြင်ဆင်ခဲ့ပြီး ပြန်လည်ထူထောင်ရေးမှာ ၃ ရာခိုင်နှုန်းမျှသာ ပြီးစီးလေသည်။ ချောက်ရေနံမြေ ပြန်လည် ထူထောင်ရေးအတွက် ဦးစားပေးရသဖြင့် ရေနံချောင်းမှ လုပ်ငန်းများကို ဤမျှလောက်သာ ပြန်လည် တည်ဆောက်နိုင်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

ရေနံချက် စက်ရုံ အငယ်စားတစ်ခုကိုလည်း ချောက်မြို့၌ တည်ဆောက်သည်။ ရှေးဦးစွာ တစ်နေ့လျှင် ရေနံစိမ်း စည်ပေါင်း ၅၀၀ ခန့်သာ ချက်ထုတ်နိုင်ခဲ့၍ ၁၉၄၈ ခု ဩဂုတ်လတွင် စည်ပေါင်း ၁၀၀၀ အထိ ချက်ထုတ်နိုင်ခဲ့ပြီး နောင်တွင် စည်ပေါင်း ၁၈၀၀ အထိ ချက်ထုတ် နိုင်အောင် တိုးချဲ့ ခဲ့လေသည်။ သန်လျင်တွင် ပျက်စီးနေသော အဆောက်အအုံများအား တစ်ဝက်ကျော်ခန့် ပြင်ဆင်ခဲ့ပြီး၊ ဆိပ်ကြီးနှင့် သီလဝါရှိ ရေနံ အဆောက်အအုံများနှင့် ရေနံချက်ရုံများမှပစ္စည်းများကို သန်လျင်သို့ ပို့ဆောင်ခဲ့လေသည်။ ၁၉၄၈ ခု စက်တင်ဘာလ အထိ စတာလင် ပေါင်ပေါင်း ၇၈ သန်းကို ပြန်လည် တည်ဆောက်ရေးအတွက် အသုံးပြုသည် ဟုဆိုသည်။[၂]

ရေနံလုပ်ငန်းသည် ဘီအိုစီနှင့် အပေါင်းပါ အိုင်ဘီပီ၊ ဘီဘီပီစီ ကုမ္ပဏီများ၏ခြယ်လှယ်မှု လက်ဝါးကြီးအုပ်မှု အောက်တွင် ရှိသဖြင့် နိုင်ငံတော်က ချမှတ်လုပ်ဆောင်သော စီးပွားရေး စီမံကိန်း စက်မှုကဏ္ဍ၏ လိုအပ်ချက်ကို ထိထိရောက်ရောက် အထောက်အကူ မပြုနိုင်ဘဲ ရှိလေသည်။ ဘီအိုစီသည် ၁၉၅၁ ခုနှစ်တွင် ရေနံစိမ်းတန် ထောင်ပေါင်း ၃၀၀၅ ထုတ်လုပ်၍ ၁၉၅၂ ခုနှစ်တွင် တန်ထောင်ပေါင်း ၂၉၂၇၀ ထုတ်လုပ်သည်။ စစ်မဖြစ်မီ ၁၉၃၉ ခုနှစ် စံချိန် တန်ထောင်ပေါင်း ၂၇၅၆၇၅ ကို မမီရန် များစွာအလှမ်းဝေးနေသေးလေသည်။

နိုင်ငံအတွင်း စတင်ပျိုးထောင်နေသော စက်ရုံ အလုပ်ရုံများ၊ ယာဉ်များအတွက် ၁၉၅၃ ခုနှစ်က ဓာတ်ဆီဂါလန် ထောင်ပေါင်း ၂၄၀၈၄ လိုသည်။ ဘီအိုစီမှ ဂါလန်ထောင်ပေါင်း ၉၀၀၂ သာ ထုတ်နိုင်သဖြင့် ပြည်ပမှ ဂါလန်ထောင်ပေါင်း ၁၅၀၈၂ တင်သွင်းရသည်။ နိုင်ငံတွင်း

၁။ ဗမာ့မြေဆီ ဗမာ့ရွှေရည်၊ စာ ၅၀-၅၁

၂။ *Economic Survey of Burma*, 1953, p. 17-18

ထုတ်လုပ်နိုင်မှုသည် စုစုပေါင်း လိုအပ်ချက်၏ ၃၇ ရာခိုင်နှုန်းသာ ရှိသည်။ ထိုနှစ်က မီးထိုးဆီ လိုအပ်ချက်သည် ဂါလန်ထောင်ပေါင်း ၂၁၉၂၂ ဖြစ်၏။ ဂါလန် ထောင်ပေါင်း ၈၁၆၃ သာ ထုတ်လုပ်နိုင်သဖြင့် ပြည်ပမှ ဂါလန်ထောင်ပေါင်း ၁၂၇၅၉ တင်သွင်းရသည်။ ထုတ်လုပ်နိုင်မှုသည် ပြည်တွင်းလိုအပ်ချက်၏ ၃၉ ရာခိုင်နှုန်းသာ ရှိသည်။ အလားတူပင် ရေနံဆီဂါလန်ထောင် ပေါင်း ၇၁၇၇ သာ ထုတ်နိုင်သည်။ လိုအပ်ချက်မှာ ဂါလန် ထောင်ပေါင်း ၁၀၆၀၇ ဖြစ်၍ ပြည်ပမှ ဂါလန် ထောင်ပေါင်း ၃၄၃၀ တင်သွင်းရသဖြင့် လိုအပ်ချက်၏ ၆၈ ရာခိုင်နှုန်းကိုသာ ထုတ်လုပ်နိုင်သည်။[၁]

နိုင်ငံတော် အစိုးရသည် ရေနံမြေ အလုပ်သမားများ၏ အလုပ်လက်မဲ့ ပြဿနာကို ဖြေရှင်းရန်အတွက် ၁၉၅၅ ခုနှစ်တွင် ရေနံမြေ ပြန်လည်ထူထောင်ရေး ဘုတ်အဖွဲ့ကို ဖွဲ့စည်းလေသည်။ ရရာ စက်ပစ္စည်းကိရိယာများကို အသုံးပြုကာ ရေနံမြေ အလုပ်သမားပေါင်း ၁၅၀၀ ခန့်တို့သည် ရေနံတွင်းအို တွင်းဟောင်း ၂၁၅ တွင်းမှ ရေနံများကို ထုတ်လုပ် ခဲ့ကြသည်။

ဘီအိုစီကုမ္ပဏီ၏ လုပ်ငန်းများနှင့် ဖြစ်ပေါ်နေသော အလုပ်သမား ပြဿနာမှာ ကျေနပ်စရာ အခြေအနေမရှိသောအခါ ထိုပြဿနာကို ဖြေရှင်းရန် အတွက်အစိုးရကနည်းအမျိုးမျိုးဖြင့် ကြိုးပမ်းသည်။ ဘီအိုစီကုမ္ပဏီသည် အစိုးရနှင့် ပူးပေါင်း၍ ဖက်စပ် လုပ်ကိုင်ရေးတွင် အလွန်နှောင့်နှေးအောင် လုပ်ခဲ့သည်။ အချိန်ဆွဲသည့် နည်းဗျူဟာကို အသုံးပြုပြီး ကျိုးကြောင်း မဆီလျော်သော တောင်းဆိုချက်များကို တောင်းဆိုသည်။ နည်းလမ်းတစ်ရပ်ကို တင်ပြခဲ့မည့် အစား နည်းလမ်းအများအပြားကို တင်ပြလာသည်။ အစိုးရက အစုရှယ်ယာဝင် မလာရဲအောင် လုပ်ကိုင် ဆောင်ရွက်သည်။ စေ့စပ် ဆွေးနွေးနေသည့် ကာလအတွင်းက ဘီအိုစီ ကုမ္ပဏီပိုင် ပစ္စည်းများ၏ တန်ဖိုးသည် စတာလင်ပေါင် သန်းပေါင်း ၂၀ ဖိုးခန့်ရှိသည်။ အချိန်ကြာမြင့်စွာ စေ့စပ် ဆွေးနွေးပြီးနောက် ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ကုမ္ပဏီ၏ ရှယ်ယာ ၃၃ ရာခိုင်နှုန်းကို အစိုးရက ဝယ်ယူလိုက်သည်။[၂]

ထို့နောက် ရေနံရှာဖွေရေး၊ ရေနံထုတ်လုပ်ရေး၊ ရေနံတူးဖော်ရေးနှင့် ရေနံချက်လုပ်ရေး လုပ်ငန်းများ လုပ်ကိုင်ရန် ဘီအိုစီ ကုမ္ပဏီ(၁၉၅၄)လီမိတက် ဟူသော အမည်သစ်ဖြင့် ပြန်လည်ဖွဲ့စည်းလေသည်။ အစိုးရက စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ ပြောဆိုပိုင်ခွင့် မရှိချေ။ ဗိုလ်ချုပ်ကြီး နေဝင်း ဦးဆောင်သော အိမ်စောင့် အစိုးရ လက်ထက်တွင် ပိုင်ဆိုင်မှု အချိုးအစားကို ၃၃ ရာခိုင်နှုန်းမှ ၅၁ ရာခိုင်နှုန်းသို့ တိုးမြှင့်လိုက်သည်။ ထိုသို့ အစိုးရပိုင်ဆိုင်မှုအချိုး ပြောင်းလာသောအခါ မြန်မာ ဒါရိုက်တာ တစ်ဦးကို အစိုးရက ခန့်ပိုင်ခွင့် ရှိလာသည်။

၁။ *Economic Survey of Burma*, 1954, p. 17-18

သို့သော် ရေနံထွက် ပစ္စည်းများကို ဘီအိုစီ (မြန်မာပြည် ရောင်းဝယ်ရေး) လီမိတက်အား ဖြန့်ဖြူးရောင်းချခွင့် ရှိကြောင်း အစိုးရက သဘောတူ လိုက်ရသည်။[၁]

ထိုသို့ အစိုးရနှင့် ဘီအိုစီတို့ ပူးတွဲ၍ လုပ်ဆောင်သော်လည်း အိမ်စောင့် အစိုးရမတက်မီ အချိန်ကာလအထိ အစိုးရသည် ဖောက်စပ်လုပ်ငန်းအတွက် မတည်ရင်းနှီးငွေ ထုတ်ပေးခြင်းနှင့် ရေနံစိမ်းများကို ရေနံချက်သည့်နေရာသို့ တင်ပို့ရန်အတွက် ရေကြောင်း သယ်ယူပို့ဆောင်ရေး ရေယာဉ်များကို စီစဉ်ပေးခြင်းသာ လုပ်ဆောင် ခဲ့လေသည်။ ရေနံတွင်းသစ်များကို ကြိုးစား ပမ်းစား ရှာဖွေ တူးဖော်ရန်ကိုမူ ဘီအိုစီကုမ္ပဏီအား အစိုးရက တိုက်တွန်းခဲ့ခြင်း မရှိပေ။ သို့သော် နိုင်ငံ စီးပွားရေးဘက်လည်းကောင်း၊ စက်မှုကဏ္ဍဘက်လည်းကောင်း ရေနံသည် အရေးပါသည့်ကြောင်း သဘောပေါက်သဖြင့် အိမ်စောင့် အစိုးရသည် မြန်မာ့ရေနံ လုပ်ငန်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှု စနစ် လျော့ရဲ နေခြင်းကို နည်းလမ်းစုံ သုံး၍တင်းကျပ် ခဲ့သည်။ ထိုသို့ လုပ်ဆောင်ခဲ့သဖြင့် ၁၉၅၁ ခုနှစ်တွင် ရေနံစိမ်း ဂါလန် သန်း ၃၀ သာ ထွက်ရှိခဲ့ရာမှ ၁၉၅၉-၆၀ ပြည့်နှစ်တွင် ရေနံစိမ်းဂါလန် ၁၀၇ သန်းအထိ တိုးတက်လာလေသည်။ သို့သော် စစ်မဖြစ်မီက စံချိန်စံနှုန်းနှင့် အလှမ်းကွာဝေးနေသေးသည်။ စစ်မဖြစ်မီက ရေနံထွက်ရှိမှု၏ သုံးပုံ နှစ်ပုံကျော်အထိသာ ရောက်ရှိလာခြင်းဖြစ်သည်။ ဓာတ်ဆီ၊ ရေနံဆီနှင့် မီးထိုးဆီ ထုတ်လုပ်မှုသည် ၁၉၅၂-၅၃ ခုနှစ်၌ ဂါလန် ၂၅ သန်းအောက် လျော့၍ ထွက်ရှိခဲ့ရာမှ ၁၉၅၉-၆၀ ပြည့်နှစ်တွင် လေးဆ တိုး၍ ဂါလန် ၁၀၀ သန်းအထိ ထွက်ရှိလာသည်။ ၁၉၆၀ ပြည့်နှစ်တွင် အမြင့်ဆုံး စံချိန်ဖြစ်သည့် တစ်နေ့လျှင် ရေနံစိမ်း စည်ပေါင်း ၉၇၀၀ အထိ ထွက်ရှိခဲ့လေသည်။[၂]

ဘီအိုစီ၏ လက်ဝါးကြီးအုပ်မှုကို တစ်စိတ်တစ်ဒေသ ချုပ်ကိုင်နိုင်ရန် ဘီအိုစီ (၁၉၅၄) လီမိတက်ကို ဖွဲ့စည်း တည်ထောင်လိုက်သော်လည်း မြန်မာ့ရေနံ လုပ်ငန်းတွင် ဘီအိုစီကုမ္ပဏီ သည် မြိုင်ဘက်ကင်းဖြစ်နေသေးလေသည်။ ရေနံတွင်းဟောင်းများမှ ထုတ်လုပ်ရေး၊ ချက်လုပ် ရေးနှင့် တွင်းသစ်များ ရှာဖွေ တူးဖော်ရေး လုပ်ငန်းများမှာ ကုမ္ပဏီ၏ သဘောအတိုင်း ရှိနေသည်။ ရေနံတွင်းသစ် ရှာဖွေ စမ်းသပ်ရန် လိုင်စင်များကို လက်ဝယ် ရရှိထားသော်လည်း ရှာဖွေ စမ်းသပ်ရေး လုပ်ငန်းကို ထိထိရောက်ရောက် မလုပ်ကြချေ။ ထို့ကြောင့် နိုင်ငံတော် အစိုးရသည် ၁၉၅၉ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်မှ အထွေထွေ ရေနံ ရှာဖွေတူးဖော်ရေး ကုမ္ပဏီ (ဂျီအီးစီ) နှင့် ဆက်သွယ်သည်။ ရေနံရှာဖွေတူးဖော်ရေး နယ်ပယ်သို့ ဂျီအီးစီဝင်ရောက်လာသောအခါ ဂျီအီးစီ ကုမ္ပဏီကို ဘီအိုစီ (၁၉၅၄) လီမိတက် ပိုင်သော ရေနံမြေပတ်လည်ရှိ ရေနံထွက်သည့်နေရာများတွင် ရေနံရှာဖွေခွင့်ကို ပေးလိုက်သည်။

၁။ အရေးပြမြန်မာ့ရေနံသမိုင်း၊ စာ ၁၀၇၊ ၁၀၈

၂။ အရေးပြမြန်မာ့ရေနံသမိုင်း၊ စာ ၁၀၈၊ ၁၀၉

ဂျီအီးစီ ကုမ္ပဏီက အစိုးရနှင့် ဖက်စပ် လုပ်ရန် အလွန် စိတ်ဝင်စားကြောင်း ပြသော အခါမှသာ ဘီအိုစီကုမ္ပဏီသည် ရေနံရှာဖွေရေး လုပ်ငန်းများကို စတင် လုပ်ကိုင်လာလေသည်။

ဘီအိုစီကုမ္ပဏီများသည် ယခင် ရေနံချက်ဖို အငယ်စား (Topping Plant) အစား ရေနံချက် ဖိုအကြီးစား (Refinery) တစ်ခုကို တည်ဆောက်ကာ ၁၉၅၄ ခု ဇန်နဝါရီလ ၆ ရက်နေ့တွင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုအားဖိတ်ခေါ်ဖွင့်လှစ်စေခဲ့သည်။ ၎င်းရေနံချက် ဖိုမှာ စစ်မဖြစ်မီ သန်လျင်နှင့် ဆိပ်ကြီးမြို့များတွင် တည်ဆောက်ခဲ့သော ရေနံချက်ဖိုရှိမှ အပိုင်းအစ အဟောင်းများနှင့် နောက်ထပ် မှာယူသော အစိတ်အပိုင်းများကို ရောစပ်၍ တောက်ပြောင်သော ဘော်ငွေရောင် အဆင်းများဖြင့် သုတ်လိမ်းကာ ဖွင့်လှစ်ခဲ့ခြင်းသာ ဖြစ်သည်။

ထိုရေနံချက်ဖိုသည် တစ်နေ့လျှင် ရေနံစိမ်း ဂါလန် ၁၂၅၀၀၀ ကို ချက်နိုင်သော အားရှိပြီး တစ်လလျှင် ဖယောင်းတန်ချိန် ၈၀၀ ခန့် ထုတ်လုပ်နိုင်သော ဖယောင်းစက်ငယ်လည်း ပူးတွဲပါရှိသည်။ ရေနံချက် ဖိုရုံမှ ချက်ထုတ်သော ရေနံပစ္စည်းများမှာ အထက် မြန်မာပြည်အတွက် ဖူလုံသည်ဟုလည်းကောင်း မြန်မာပြည်အတွက် ဓာတ်ဆီ ၅၀ ရာခိုင်နှုန်း ရေနံဆီ ၉၀ ရာခိုင်နှုန်းနှင့် အခြားသော ဆီများတွင် ၅၀ ရာခိုင်နှုန်း ဖြည့်စွမ်းနိုင်ခဲ့ သည်ဟု ဆိုသည်။[၁]

ဘီအိုစီကုမ္ပဏီသည် ၁၉၄၉ ခုနှစ်က ရေနံမြေကို ပြန်လည်ပြုပြင် တည်ထောင်ခြင်း မလုပ်ဘဲ စွန့်လွှတ်ထားခဲ့စဉ်က တွင်းဟောင်း ၈၂၆ တွင်းကို တွင်းစားများသို့ ပြန်လည် ပေးအပ်ခဲ့ရသည်။ ထိုအချိန်မှစ၍ တွင်းရိုးတွင်းစားများသည် တွင်းများကို တတ်နိုင်သမျှ ပြန်လည်ပြင်ဆင် တူးဖော်ခဲ့ကြသည်။ သို့သော် ကုမ္ပဏီများ စစ်ပြေးစဉ်က ဖျက်ဆီးထားခဲ့ သဖြင့် တွင်းပေါင်း ၈၂၆ တွင်းအနက် တွင်းပေါင်း ၃၀၅ ကျော်မျှသာ လုပ်ကိုင်နိုင်ကြသည်။ တစ်နေ့လျှင် ရေနံ ၂၇ ပေပါမှ ၄၅ ပေပါအထိ ထွက်သော ရေနံတွင်း အနည်းငယ်မျှသာပါ၍ အချို့သော တွင်းများမှာ ၅ ပေပါမှ ၁၅ ပေပါအထိ ထွက်ပြီး အချို့မှာ ၂ ပေပါကျော်ခန့်သာ ထွက်လေသည်။

ထိုကဲ့သို့ ရေနံချောင်း ရေနံမြေအားလုံးကို ပိတ်၍ ချောက်သို့ ပြောင်းရွှေ့ သွားသော အခါ ကျန်ရှိခဲ့သော ရေနံမြေ အလုပ်သမားများမှာ အလုပ်လက်မဲ့ဖြစ်ပြီး အခက်အခဲ များစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ ထို့ကြောင့် နိုင်ငံတော် အစိုးရသည် ရေနံမြေ ပြန်လည် ထူထောင်ရေးအတွက် ဘုတ်အဖွဲ့ကို ၁၉၅၅ ခုနှစ်မှစ၍ ဖွဲ့စည်းပေးခဲ့သည်။ ထိုစီမံကိန်း

၁။ ဗမာ့မြေဆီ-ဗမာ့ရွှေရည်၊ စာ ၅၆

အဖွဲ့သည် ဘီအိုစီကုမ္ပဏီ၏ တွင်းဟောင်းများမှ ၂၁၅ တွင်းကို ရေနံမြေ အလုပ်သမားများအား တူးဖော်လုပ်ကိုင်စေသည်။[၁]

ဤနည်းဖြင့် ရေနံမြေတွင် စစ်ပြီးခေတ်၌ တိုင်းရင်းသား မြန်မာ့ ရေနံလုပ်ငန်းများလည်း ရှိလာသည်။ တွင်းစားတွင်းရိုးများ၊ ပြန်လည်ထူထောင်ရေးဘုတ်အဖွဲ့ လက်အောက်ရှိ လုပ်ငန်းများအပြင် ရေနံသမဝါယမ လုပ်ငန်းများလည်း ပေါ်လာသည်။ မြန်မာ့ရေနံ လုပ်ငန်းတွင် တိုင်းရင်းသားများလည်း ပါဝင်လုပ်ဆောင် နိုင်ရန် ပြည်ထောင်စု အစိုးရက တစ်နည်းတစ်ဖုံ စီစဉ်ပေးချက်အရ ဖြစ်သည်။

နိုင်ငံတော် အစိုးရသည် အလုပ်လက်မဲ့ဖြစ်နေသော ရေနံအလုပ်သမားတို့အတွက် ရေနံချောင်း ရေနံကုန်ထုတ် သမဝါယမအသင်း လီမိတက်ကို တည်ထောင်စေသည်။ ထိုသမဝါယမ အသင်းအား ၁၉၅၀ ပြည့်နှစ်မှစ၍ ဘီအိုစီမှ တူးဖော်သော တွင်းဟောင်းများအနက် ၁၀ တွင်းကို တူးဖော်လုပ်ကိုင်စေသည်။ ရေနံကုန်ထုတ် သမဝါယမသည် တစ်လလျှင် ရေနံပေပါ ၁၆၅၀ ခန့်ထုတ်လုပ်နိုင်သည်။

ထို့အတူချောက်မြို့ ရေနံကုန်ထုတ်ရေး သမဝါယမအသင်း လီမိတက်ရှိ ရေနံမြေ အလုပ်သမားဟောင်းများအတွက် နိုင်ငံတော် အစိုးရသည် ချောက်ရေနံမြေရှိ ပီ ဒီ စီ Pyinma Development Co. တွင်းဟောင်းများမှ ၆ တွင်းကို တူးဖော်ခွင့်ပေးခဲ့သည်။ တစ်လလျှင် ရေနံပေပါ ၁၆၀၀ ကျော်ခန့် ထုတ်သည်။

အလားတူပင် မင်းဘူးရေနံထုတ်လုပ်ရေး သမဝါယမအသင်း လီမိတက် အလုပ်သမားဟောင်းများအတွက် အသင်းအား အမ်အိုစီ (Moolla Oil Co.) တွင်းဟောင်း ၂၁၉ တွင်းအနက် ၁၅၁ တွင်းကို နိုင်ငံတော် အစိုးရက တူးဖော်ခွင့်ပေးခဲ့သည်။ သို့ရာတွင် တွင်းတိမ်များဖြစ်၍ ရေနံမှာ ထင်သလောက်မရဘဲ တစ်လလျှင် ရေနံပေပါ ၆၀၀ ခန့်သာ ထွက်လေသည်။

အန်အိုစီခေါ် နတ်ဆင်ကုမ္ပဏီ (Nathsingh Oil Co.) သည် စစ်ပြီးချိန်တွင် ၎င်း၏ ရေနံလုပ်ငန်းအတွက် အစိုးရနှင့်သော်လည်းကောင်း၊ ကုမ္ပဏီများနှင့်သော်လည်းကောင်း၊ ရေနံမြေ စီးပွားရေးသမားများနှင့် သော်လည်းကောင်း အရှုပ်အရှင်းများ ရှိနိုင်သလောက်ပူးပေါင်း၍ကြိုးစား ပြန်လည်ထူထောင်ခဲ့သည်။ နတ်ဆင်ကုမ္ပဏီသည် စစ်မဖြစ်မီက ရေနံတွင်းပေါင်း ၇၁ တွင်းပိုင်၍ နတ်ဆင်ကိုယ်ပိုင်တွင်း ၁၈ တွင်း၊ စုစုပေါင်း ၈၉ တွင်းရှိသည်။ စစ်ပြီးကာလတွင် နတ်ဆင်ကုမ္ပဏီပိုင် တွင်း ၂၄ တွင်းနှင့် နတ်ဆင်ကိုယ်ပိုင်တွင်း ၉ တွင်း

၁။ ဗမာ့မြေဆီ-ဗမာ့ရွှေရည်၊ စာ ၅၇

စုစုပေါင်း ၃၃ တွင်းတို့ကို လုပ်ကိုင်ရာ တစ်လလျှင် ပျမ်းမျှအားဖြင့် ရေနံပေပါပေါင်း ၄၈၀၀ ခန့် ထွက်သည်။[1]

စစ်ပြီးခေတ် တိုင်းရင်းသား ရေနံလုပ်ငန်းများတွင် မင်းဘူးခရိုင် ဖလံရွာ ရေနံလုပ်သား ယောင်းများ၏ ကြိုးပမ်းချက်လည်းပါသည်။ ဖလံရွာ ရေနံလုပ်သားများသည် ယခင် ဘီအိုစီပိုင်တွင်း ၄ တွင်းကို တူးဖော်လုပ်ကိုင်ကြရာ တစ်နေ့လျှင် ပေပါ ၃၀ ခန့်ရသည်။ အလားတူပင် မင်းဘူးရသရွာနှင့် သရက်ခရိုင်အတွင်းရှိ ပဒေါက်ပင်၊ သံကိုင်းစသော နေရာများတွင်လည်း တတ်အားသမျှ တူးဖော်လုပ်ကိုင်ခြင်းရှိသည်။ ဤတွင်းများ လုပ်ငန်းငယ်များကား လက်တူးတွင်းများသာဖြစ်သည်။ ရေနံချောင်း ရေနံထွက် သမဝါယမ၊ ချောက် ရေနံထွက် သမဝါယမနှင့် အစိုးရ၏ ရေနံမြေ ပြန်လည်ထူထောင်ရေး ဘုတ်အဖွဲ့လုပ်ငန်းများ တွင်သာ စက်ကိရိယာ အသုံးပြု ထုတ်လုပ်နိုင်ကြသည်။

ဘီအိုစီ (၁၉၅၄) လီမိတက် တည်ထောင်ပြီးနောက်ပိုင်းတွင် အစိုးရနှင့် ဘီအိုစီဖက်စပ် လုပ်ငန်းမှ လည်းကောင်း၊ တိုင်းရင်းသား လုပ်ငန်းများမှ လည်းကောင်း ရေနံ ထုတ်လုပ်မှု တိုးတက်လာသည်။

ရေနံလုပ်ငန်းသည် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လျှပ်စစ်ဓာတ်အားနှင့် အခြား စက်မှုကုန်ကြမ်း ဓာတ်သတ္တုများကဲ့သို့ပင် အထူးလိုအပ်သော ပံ့ပိုးထောက်ကူလုပ်ငန်း တစ်ခုဖြစ်ပေသည်။ စက်ကြီးစက်ငယ်များအတွက် မီးတိုးဆီလိုသည်။ စက်ဆီအမျိုးမျိုး လိုသည်။ မော်တော်ယာဉ်၊ လေယာဉ်ဆီတို့လည်း လိုလေသည်။ ထိုဆီအမျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်နိုင်သည်နှင့်အမျှ အကုန်အကျ သက်သာစွာဖြင့် စက်မှုလုပ်ငန်းကြီးငယ်များကို အရှိန်အဟုန် တိုးမြှင့်စေမည်။ ကုန်ထုတ်စွမ်းအား တိုးတက်ကောင်းမွန်စေမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တော်သာ စီးပွားရေး စီမံကိန်းကို အကောင်အထည်ဖော်ရာ၌ စက်မှုကဏ္ဍ၏ အောင်မြင်မှုကို မြန်မာ့ရေနံလုပ်ငန်းကလည်း တစ်ဘက်တစ်လမ်းမှ ပံ့ပိုးပေသည်။ ထိုစဉ်က သတ္တုတွင်း ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရေနံ လုပ်ငန်းသည် နိုင်ငံခြားသား အရင်းရှင်ကြီးများ၏ ခြယ်လှယ်ကြိုးကိုင်မှုနှင့် မကင်းသေးချေ။ သို့သော် ၁၉၅၄ ခုနောက်ပိုင်းမှစ၍ အထူးသဖြင့် အိမ်စောင့် အစိုးရတက်လာသော ၁၉၅၈ ခုနှစ်မှစ၍ သိသိသာသာ တိုးတက်လာကာ စက်မှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ကြောင်း တွေ့ရသည်။

ဘီအိုစီ (၁၉၅၄) လီမိတက်၏ ချောက်နှင့် သန်လျင်မြို့များရှိ ရေနံချက်စက်ရုံများမှ ၁၉၅၉ - ၆၀ ခုမှ ၁၉၆၁ - ၆၂ ခုနှစ်အထိ ထုတ်လုပ်ခဲ့သော ရေနံထွက်ပစ္စည်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။[2]

၁။ ဗမာ့မြေဆီ-ဗမာ့ရွှေရည်၊ စာ ၅၇

၂။ *Economic Survey of Burma* 1962, p. 24, 1963, p. 22

(ဂါလန်ထောင်ပေါင်း)

ပစ္စည်းအမျိုးအမည်		၁၉၅၉-၆၀	၁၉၆၀-၆၁	၁၉၆၁-၆၂
ပီအက်(စ) ယူအဲလ်နှင့်ဘန်ဇင်း	....	၃၆၇	၃၃၇	၅၃
ဓာတ်ဆီ	....	၄၄၈၄၂	၄၃၄၁၉	၄၅၆၄၅
လေယာဉ်ဆီ	....	၃၁၈၂	၄၉၈၈	၅၈၆၀
ရေနံဆီအကောင်းစား	....	၁၉၃၀၅	၁၇၄၈၉	၁၉၀၂၂
ရေနံဆီအညံ့စား	....	၈၆	၂၇	၁၃
ဒီဇယ်စက်ဆီ(အမြန်)	....	၂၄၀၉၅	၂၆၄၆၁	၃၁၈၅၁
ဒီဇယ်စက်ဆီ(အနှေး)	....	၂၈၄၁	၂၂၀၅	၃၅၉၁
မီးသိုးဆီ	....	၁၅၇၇၀	၁၆၆၇၇	၁၄၆၇၅
ရေနံချေး	....	၂၁၄	၂၃၇	၂၆၀
တွင်းထွက်တာပင်တိုင်ဆီ	....	၄၈	၆၉	၈၆
ခြင်သတ်ဆီ	....	၄၁	၆၈	၁၀၉
လျှော်ချွတ်ဆီ	....	၁၆၈	၃၉	၁၂၂
ဓာတ်ငွေ့*	....	၂၃၀၀	၂၂၅၇	၂၄၃၂
ဖယောင်း(တန်ချိန်)	....	၁၂၆၃၇	၁၃၀၄၉	၁၅၄၁၄
ရေနံထွက်မီးသွေး(တန်ချိန်)	....	၇၅၄၂	၇၂၃၉	၉၇၆၂

နိုင်ငံအတွင်း အိမ်သုံး စက်သုံးယာဉ်သုံး ရေနံဆီ၊ စက်ဆီ၊ မီးထိုးဆီ၊ ဓာတ်ဆီ၊ လိုအပ်ချက်ကား မနည်းလှချေ။ ပြည်တွင်းမှ ထုတ်လုပ်နိုင်မှု မလုံလောက်သဖြင့် ပြည်ပမှ နှစ်စဉ်တင်သွင်းခဲ့ရသည်။ သို့သော် ၁၉၅၉ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံအတွင်းမှ ဖြည့်ဆည်းနိုင်မှုပိုလာသဖြင့် ပြည်ပမှဝယ်ယူရခြင်း တစ်နှစ်ထက်တစ်နှစ် လျော့လာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။

* ဂါလန် = ၁၁၈ ကုဗပေ

ပြည်တော်သာ စီမံကိန်း အကောင်အထည်ဖော်သည့် ကာလအတွင်း တည်ထောင်သော ပြည်သူပိုင်နှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းကြီးငယ်များအတွက် ဓာတ်ဆီ၊ ရေနံဆီနှင့် စက်ဆီ အမျိုးမျိုး သုံးစွဲမှုမှာ အောက်ပါအတိုင်း ဖြစ်သည်။[၁]

		၁၉၅၄	၁၉၅၆	၁၉၅၈	၁၉၅၉	၁၉၆၀
ဓာတ်ဆီ						
ပြည်တွင်းထွက်	....	၁၀၆၅၆	၁၁၃၆၉	၄၄၀၈၀	၄၄၀၈၄	၄၃၆၉၈
သွင်းကုန်	....	၂၂၈၁၀	၂၃၅၇၇	၃၆၇၃	၃၃၄၀	၄၀၆၃
စုစုပေါင်း၏ရာခိုင်နှုန်း	....	၃၂	၃၃	၉၁·၆၃	၉၂·၉၅	၉၁·၄၉
ရေနံဆီ						
ပြည်တွင်းထွက်	....	၁၄၄၁၆	၁၉၇၇၁	၂၅၃၃၈	၂၈၅၉၅	၂၄၄၃၀
သွင်းကုန်	....	၅၁၀၄	၁၂၂၁	၃	၂၄	၁၉၄၃
စုစုပေါင်း၏ရာခိုင်နှုန်း	....	၇၄	၉၄	၉၉·၉၉	၉၉·၉၂	၉၂·၅၂
စက်ဆီအမျိုးမျိုး						
ပြည်တွင်းထွက်	....	၈၉၇၇	၉၃၅၈	၂၄၃၆၃	၂၆၈၄၇	၃၀၈၄၅
သွင်းကုန်	....	၇၂၆၈	၁၂၇၃၉	၇၃၇၆	၁၅၅၇၅	၁၁၂၀၂
စုစုပေါင်း၏ရာခိုင်နှုန်း		၅၅	၄၃	၇၆·၇၇	၆၀·၄၄	၇၃·၃၆

စက်ဆီအမျိုးမျိုး ထုတ်လုပ်နိုင်မှုသည် စက်မှုလုပ်ငန်း ကြီးငယ်များအတွက် အထူး အရေးပါလှသည်။ စက်ဆီ အမျိုးမျိုးတွင် လျှပ်စစ်ဓာတ်အားပေးစက်များကို မောင်းရန် လိုအပ်သော ဒီဇယ်ဆီများလည်း ပါသည်။ ထို့ကြောင့် ရေနံလုပ်ငန်းသည် စက်ရုံကြီးငယ် များကိုသာမက လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကိုပါ ထောက်ကူနိုင်လေသည်။ ထို့အတူ ဂုန်လျှော်လုပ်ငန်းအတွက် လျှော်ချတ်ဆီ၊ ဂုန်လျှော်ရောဆီများလည်း ရေနံလုပ်ငန်းမှ ထုတ် လုပ်ပေးသည်။ မီးထိုးဆီနှင့် တကွ စက်ဆီ အမျိုးမျိုး ထုတ်လုပ်နိုင်မှုသည် ၁၉၆၀ ပြည့်နှစ်တွင် စက်မှုလိုအပ်ချက်၏ ၇၃ ရာခိုင်နှုန်းမျှသာရှိ၍ ပြည်ပမှဂါလန်ပေါင်း ၁၁၂၀၂ တင်သွင်း ရသေးသည်။[၂]

၁။ *Economic Survey of Burma*, 1958, p. 23, 1959, p. 24., 1960, p. 24, 1961, p. 23, 1962, p.28, 1963, p.23.

၂။ *Economic Survey of Burma*, 1963, p.23.

ရေနံထုတ်လုပ်မှု ချက်လုပ်မှုသည် ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းတွင် တိုးတက်လာသည်။ ချောက်ရေနံချက်စက်ရုံသည် တစ်နေ့လျှင် ရေနံစိမ်းဂါလန်ပေါင်း ၁၇၂၀၀၀ ချက်လုပ်နိုင်သည်။ ထိုအက်ပိုမိုရှိ တစ်နေ့လျှင် ဂါလန်ပေါင်း နှစ်သိန်းထိ ချက်လုပ်နိုင်ရန် လိုအပ်သော ပြုပြင်ခြင်း၊ တိုးချဲ့ခြင်းများကို ဆောင်ရွက်သည်။ သန်လျင်ရေနံချက်စက်ရုံသည် တစ်နေ့လျှင် ရေနံစိမ်း ဂါလန်ပေါင်း ၁၁၅၀၀၀ ချက်လုပ်နိုင်သည်။ ဘီအိုစီ (၁၉၅၄) လီမိတက်သည် အစိုးရ၏ သဘောတူညီချက် ကိုရယူ၍ တစ်နေ့လျှင် ဂါလန်ပေါင်းငါးသိန်း ချက်လုပ်နိုင်ရန် တိုးချဲ့မှုများ ပြုလုပ်သည်။[1]

ထိုသို့ စက်ခွမ်းအား ထုတ်လုပ်စွမ်းအား တိုးတက်လာသဖြင့် ဓာတ်ဆီ ရေနံဆီမှအပ ဖြစ်သော စက်ဆီ အမျိုးမျိုးနှင့် မီးတိုးဆီ ထုတ်လုပ်နိုင်မှုသည် ပြည်တွင်းလိုအပ်ချက်၏ ၇၃.၃၆ ရာခိုင်နှုန်းမှ ၈၈.၃၈ ရာခိုင်နှုန်းထိ တိုးတက်လာသည်။ ထို့ကြောင့် စက်မှုလိုအပ်ချက်ကို ဖြည့်ဝခေရန် ပြည်ပမှ ဂါလန်သောင်ပေါင်း ၅၁၇၅ သာ တင်သွင်းရလေသည်။[2]

ဓာတ်မြေသြဇာ ထုတ်လုပ်ရာတွင်လည်းကောင်း၊ စက်ရုံကြီးငယ်များတွင် လောင်စာ အဖြစ် လည်းကောင်း အထူးအရေးပါလှသော ဓာတ်ငွေ့ရှာဖွေ တူးဖော်ရေးလည်း ၁၉၅၉ ခုနှစ် နောက်ပိုင်းတွင် တိုးတက်လာသည်။ သဘာဝ ဓာတ်ငွေ့ပေါ်များ လွယ်ကူစွာ ထုတ်လုပ် နိုင်မှုသည် စက်မှုလုပ်ငန်းများ တိုးတက်အောင်မြင်ရေးကို အရှိန်အဟုန် မြင့်မားစေနိုင်မည် ဖြစ်သည်။ အချုပ်အားဖြင့် စက်မှုသုံးကုန်ဖြစ်သော ဓာတ်ဆီ၊ ရေနံဆီနှင့် မီးတိုးဆီ၊ စက်ဆီ အမျိုးမျိုးတို့ကို ရှာဖွေတူးဖော် ထုတ်လုပ်ပေးသော မြန်မာ့ရေနံလုပ်ငန်းသည် ပြည်တော်သာ စီမံကိန်းက ချမှတ်ထားသော စက်မှုကဏ္ဍကို အကောင်အထည်ဖော်ရာ၌ အထိုက်အလျောက် ထောက်ပံ့ပိုးပေးခဲ့ပေသည်။ အထိုက်အလျောက်မျှသာ ထောက်ကူပံ့ပိုးနိုင်ခြင်းမှာ ပြန်လည် ထူထောင်ရေး ကာလဖြစ်သော ၁၉၄၅ မှ ၁၉၆၂ ခုနှစ်အတွင်းက မြန်မာ့ရေနံလုပ်ငန်းသည် နိုင်ငံခြားသား အရင်းရှင် ကုမ္ပဏီများ၏ ချုပ်ချယ် ကြိုးကိုင်မှု စက်ရိပ်နှင့် မကင်းသေးသော ကြောင့် ဖြစ်လေသည်။

၁။ *Economic Survey of Burma*, ၁၉၆၁၊ စာ ၂၂

၂။ *Economic Survey of Burma*, ၁၉၆၃၊ စာ ၂၃

သုံးသပ်ချက်

ဒုတိယ ကမ္ဘာစစ်အတွင်း စစ်ဘေးစစ်ဒဏ် ပြင်းထန်စွာ ခံရမှုကြောင့် ပျက်စီးခဲ့သော မြန်မာနိုင်ငံကို အဘက်ဘက်မှ ပြန်လည်ထူထောင်ရန် စီးပွားရေးစီမံကိန်းများ ရေးဆွဲချမှတ် လုပ်ဆောင်သည်ကို ခြုံငုံသုံးသပ်ရလျှင် သမားရိုးကျ ထွန်ယက်စိုက်ပျိုးရေးနိုင်ငံတွင် ခေတ်မီ စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ ထူထောင်ရန် ကြိုးပမ်းရခြင်း မလွယ်ကူပုံကို ထင်ထင် လင်းလင်း တွေ့မြင်ရသည်။

သမားရိုးကျ ထွန်ယက်စိုက်ပျိုးရေး အဓိကဖြစ်သော မြန်မာနိုင်ငံ တွင် စက်ရုံအလုပ်ရုံ ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်း အတွေ့အကြုံ မရှိခဲ့ချေ။ စစ်ပြီးစ ၁၉၄၆ ခုနှစ်က ဆန်စက် ၂၇၂ လုံးအပါအဝင် စက်မှုလက်မှု လုပ်ငန်းပေါင်း ၃၄၅ ခုရှိသည်။ ပုဂ္ဂလိကပိုင်အသေးစားနှင့် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများသာ ဖြစ်ကြသည်။

မြန်မာနိုင်ငံ၏ အဓိကထုတ်ကုန်သည် ဆန်စပါးဖြစ်၏။ စီးပွားရေး၏ ပင်မကျောရိုး ဖြစ်သည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် တစ်ခုတည်းသောစီးပွားရေးမဏ္ဍိုင် ကိုသာ အားထားရသော နိုင်ငံများသည် စီးပွားရေး အတက်အကျနှင့် စီးပွားရေးပျက်ကပ်၏ ဒဏ်ကို ပြင်းထန်စွာခံကြရသည်။ ထိုစီးပွားရေး သဘောတရားကို သဘောပေါက် လက်ခံသဖြင့် စစ်ပြီးခေတ် မြန်မာနိုင်ငံကို ပြန်လည်ထူထောင်ရန် ကြိုးပမ်းသောအခါ ခေတ်မီစက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရေးကို ခေတ်မီစိုက်ပျိုးရေးနှင့်အတူ ပူးတွဲလုပ်ဆောင်ရန် စီစဉ်ကြောင်း တွေ့မြင်ရသည်။

စစ်ပြီးခေတ် မြန်မာနိုင်ငံ ၁၉၄၅ ခုမှ ၁၉၆၂ ခုအထိကာလကို ပြန်လည်ထူထောင်ရေး ကာလဟု သတ်မှတ်သကဲ့သို့ စီမံကိန်း ကာလဟုလည်း ခေါ်ဆိုနိုင်ပေသည်။ နိုင်ငံတော် ထူထောင်ရေးအတွက် စီးပွားရေး စီမံကိန်းများ ရေးဆွဲကာ အကောင်အထည်ဖော်ရန် ကြိုး ပမ်းသောကြောင့် ဖြစ်သည်။ ပထမဆုံးသော စီးပွားရေး စီမံကိန်းမှာ ဗြိတိသျှ အစိုးရ၏ ဆင်မလား စီမံကိန်းဖြစ်သည်။

ဗြိတိသျှ အစိုးရသည် စစ်အပြီးတွင် ဆင်မလသား စီမံကိန်းများကိုပိုက်၍ မြန်မာပြည်သို့ ပြန်လည်ဝင်ရောက်လာသည်။ စစ်ပြီးခေတ် မြန်မာနိုင်ငံတွင် မည်ကဲ့သို့သော စက်မှုလက်မှု လုပ်ငန်းသစ်များ ထူထောင်သင့်ကြောင်း တင်ပြထားသော New Industries for Burma အမည်ရှိ ပဏာမ စီးပွားရေး အစီရင်ခံစာ တစ်စောင်လည်း ပါလာသည်။ ထိုအစီရင်ခံစာသည် မြန်မာနိုင်ငံအတွက် ပထမဆုံးသော စက်မှုလက်မှု စီမံကိန်းဟုဆိုနိုင်သည်။ အချုပ်အခြာ အာဏာပိုင်သော လွတ်လပ်ရေးကိုသာ ရယူလိုသော ပြည်သူလူထုသည် ဗြိတိသျှ အစိုးရတို့ ဆင်မလသားမှ သယ်ဆောင်လာသော အုပ်ချုပ်ရေး စီမံကိန်းကို စက္ကူဖြူ စီမံကိန်း ဖြစ်သည်ဟု ပြင်းပြင်းထန်ထန် ကန့်ကွက်ကာ တိုက်ပွဲဝင်ကြသည်။ နိုင်ငံရေး တိုက်ပွဲများနှင့် ရင်ဆိုင်နေရသော ဗြိတိသျှ အစိုးရသည် စီးပွားရေး စီမံကိန်းကို လုံးဝလျစ်လျူရှုထားရသဖြင့် စက်မှုလက်မှု လုပ်ငန်းသစ်များ ထူထောင်ရေး ပဏာမ အစီရင်ခံစာသည် စီမံကိန်းအဆင့်သို့ပင် မရောက်ခဲ့ဘဲ တိမ်မြုပ်သွားခဲ့သည်။

ဒုတိယ စီးပွားရေး စီမံကိန်းသည် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက်နှင့်အညီ ရေးဆွဲသော စီးပွားရေး ၂ နှစ်စီမံကိန်းဖြစ်သည်။ နိုင်ငံရေးအရ လွတ်လပ်သော နိုင်ငံတစ်ခုဖြစ်ခြင်းသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ချေ။ ပြည်သူတို့ စားဝတ်နေရေး ချောင်လည်အောင်၊ လူနေမှု အဆင့်အတန်း မြင့်မားအောင် လုပ်ဆောင်နိုင်သော စီးပွားရေး၊ လွတ်လပ်မှု တည်ငြိမ်မှု၊ ခိုင်မြဲ တောင့်တင်းမှုလည်း အထူး လိုအပ်သည်။ သို့မှသာ ပြည်ပနိုင်ငံများအပေါ် မှီခိုအားထားရမှု နည်းပါး၍ ပြည်တွင်း ဖူလုံမည်ဖြစ်သည်။ စီးပွားရေး လွတ်လပ်မှုသည် စက်မှုလက်မှု တိုးတက်ရေးပေါ်တွင် မူတည်သည်။ ထို့ကြောင့် စက်ပစ္စည်း ကိရိယာ တန်ဆာပလာများ၊ အပ်မှသည် မီးရထား စက်ခေါင်းအထိ ထုတ်လုပ်နိုင်ရန် စက်အမျိုးမျိုး၊ စက်သီး မိုတိုကား၊ သင်္ဘောစသည့် ယာဉ်အမျိုးမျိုး၊ အပ်ချုပ်စက် အိမ်ရိုက်သံမှစ၍ သုံးကုန်ပစ္စည်း ဆောက်လုပ်ရေးပစ္စည်း အမျိုးမျိုးနှင့် မရှေမတက်နိုင်သော စားကုန်ဝတ်ကုန် သုံးကုန်ပစ္စည်း အမျိုးမျိုး ထုတ်လုပ်နိုင်သော စက်ကြီးစက်ငယ်များ တည်ထောင်ရန်လိုသည်။ ထိုကိစ္စများကို ဖြည့်ဆည်းနိုင်ရန် စီးပွားရေး ၂ နှစ်စီမံကိန်းတွင် စက်မှုစီမံကိန်းကဏ္ဍကို အသားပေး ရေးဆွဲထားသည်။

စီးပွားရေး ၂ နှစ်စီမံကိန်း၏ စက်မှုကဏ္ဍတွင် အစိုးရလုပ်ငန်းနှင့် ပုဂ္ဂလိက လုပ်ငန်းဟူ၍ နှစ်မျိုးခွဲထားသည်။ နိုင်ငံတော်အတွက် အရေးကြီးသော စက်မှုလုပ်ငန်းများကို အစိုးရက လုပ်ဆောင်ရန် သတ်မှတ်သည်။ ပုဂ္ဂလိကလုပ်ငန်း အသေးစားနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးအောင် အစိုးရက အားပေးရန် စက်မှုသိပ္ပံပညာရှင်များ အင်ဂျင်နီယာများ မွေးထုတ်ရန်လည်း ရည်သန်ချမှတ်ထားသည်။

စက်မှုလက်မှုလုပ်ငန်း မူဝါဒတသ်ရပ် ချမှတ်လုပ်ဆောင်သော်လည်း စီးပွားရေး ၂ နှစ်စီမံကိန်းတွင် အားနည်းချက်များရှိသည်။ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီးမှ နှစ်လတာအတွင်း အခဆာတလျှင် ရေးဆွဲသော စီမံကိန်းဖြစ်၍ ဆိုရှယ်လစ် စီးပွားရေးစနစ်ကို ရှေးရှုသော သဘောတရားပါသော်လည်း လက်တွေ့ အကောင်အထည်ဖော်ရန် ခက်ခဲသော စီမံကိန်းဖြစ်နေသည်။ စီမံကိန်း ရေးဆွဲသူက နိုင်ငံတော်၏ သယံဇာတနေအင်အား၊ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တစ်ဦးချင်း ကုန်ထုတ်စွမ်းအား တစ်ဦးကျ ဝင်ငွေနှင့် စားသုံးမှုစသော စာရင်းဇယားများ ရေးဆွဲထားချက်မရှိသေးချေ။ ထိုအချက်အလက်များအပေါ် အခြေခံ ရေးဆွဲထားခြင်း မဟုတ်သည့်အပြင် တည်ဆောက်ရန် လျာထားသော စက်ရုံများအတွက် အရင်းအနှီးမြှုပ်နှံရန် ဘဏ္ဍာရေး သတ်မှတ်ချက် အကျိုးအမြတ် မျှော်မှန်းချက်စသည်တို့ မပါသဖြင့် ရည်မှန်းချက်ပန်းတိုင် မပါသော စီမံကိန်း ဖြစ်နေပေသည်။

သတ်မှတ်ထားသော စီမံကိန်းကာလ ၂ နှစ်မှာ အလွန်တိုတောင်းလှသည်။ အရေးတကြီး တည်ဆောက်ရန် ချမှတ်ထားသော စက်ရုံ ၁၂ ရုံအနက် ချည်မျှင်နှင့်အထည်စက်ရုံ တစ်ရုံသာ စတင်အကောင်အထည်ဖော်နိုင်ခဲ့သည်။ ရေအားလျှပ်စစ်ဓာတ် ရရှိရေး စီမံကိန်း၊ ဓာတ်သတ္တု ရှာဖွေတူးဖော်ရေး၊ စက်မှုလက်မှုသိပ္ပံကျောင်းများ တည်ထောင်ရေး စသော စီမံကိန်းများကိုလည်း လုံးဝစတင် လုပ်ဆောင်နိုင်ခြင်း မရှိချေ။ သို့သော် စီးပွားရေး ၂ နှစ်စီမံကိန်းသည် နောက်ဆက်လက် ရေးဆွဲသော စီးပွားရေး စီမံကိန်းများအတွက် အခြေခံ အုတ်မြစ်ကောင်းတစ်ခု ဖြစ်သည်ဟု ဆိုနိုင်သည်။ စီးပွားရေး ၂ နှစ် စီမံကိန်း စက်မှုကဏ္ဍတွင် ဆင်မလား စီမံကိန်းဖြစ်သော စက်မှုလက်မှု လုပ်ငန်းသစ်များ ပဏာမ အစီရင်ခံစာတွင် တင်ပြထားသော အချက်အလက်များကို လက်ခံထည့်သွင်းထားကြောင်း တွေ့ရသည်။

ကောတီအေစီမံကိန်း သို့မဟုတ် ပြည်တော်သာ စီမံကိန်းဟု ခေါ်တွင်သော စီးပွားရေး ရှစ်နှစ် စီမံကိန်းသည် ယခင်စီမံကိန်းများထက် ပိုမိုပြည့်စုံ၍ အဆင့်အတန်းမြင့်သော စီမံကိန်းဟု ဆိုနိုင်သည်။ စီးပွားရေး ၂ နှစ်စီမံကိန်း၏ အားနည်းချက် ပျော့ညံ့ကွက်များကို သင်ခန်းစာယူ၍ စီးပွားရေးဆိုင်ရာ လိုအပ်သော စာရင်းဇယားများကို ပြုစုစေပြီးမှ နိုင်ငံခြားသား ပညာရှင်များဖြစ်သော ကောတီအေအဖွဲ့၏ အကူအညီဖြင့် ရေးဆွဲသော စီမံကိန်းဖြစ်သည်။

စီးပွားရေး ရှစ်နှစ်စီမံကိန်းကို ၁၉၅၂ ခု ဩဂုတ်လ ၄ ရက်မှ ၁၇ ရက်အထိ ကျင်းပသော သမိုင်းဝင် ပြည်တော်သာ ညီလာခံမှ အတည်ပြု ပြဋ္ဌာန်းသည်။ ၁၉၅၂ ခုမှ ၁၉၆၀ ပြည့်နှစ်အထိ ရှစ်နှစ်တာ ကာလအတွင်း **ပြည်တော်သာရမည်** ဟူသော ကြွေးကြော်သံဖြင့် ခေတ်သစ်မြန်မာ ပြည်တော်သာ နိုင်ငံသို့ ဦးတည်ချီတက်သည်။ စီမံကိန်းကာလအတွင်း နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ထင်းမီး

ဓာတ်အားရရှိရေး၊ ဓာတ်သတ္တုရှာဖွေတူးဖော်ရေး၊ စက်မှုလုပ်ငန်းထူထောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘဏ္ဍာရေး၊ အိမ်ရာ ဆောက်လုပ်ရေး၊ လူမှုရေး လုပ်ငန်းများကို တစ်ပြိုင်တည်း တိုးချဲ့လုပ်ဆောင်သွားရန် ချမှတ်သည်။

နိုင်ငံတော်၏ မြေပေါ်မြေအောက် သယံဇာတ ပစ္စည်းများ ဓနအင်အားများသည် ၁၉၅၂ ခုနှစ်တွင် များသောအားဖြင့် ပကတိအတိုင်းပင် ရှိနေသေးသည်။ အကျိုးရှိစွာ ထုတ်လုပ် အသုံးချနိုင်မှုနည်းပါးသည်။ ထုတ်လုပ်နိုင်သမျှသည်လည်း နိုင်ငံခြားသားအရင်းရှင် ကုမ္ပဏီကြီးများ၏ လက်တွင်ရှိနေသည်။ ၁၉၅၂ ခုနှစ် နိုင်ငံတော်၏ အမျိုးသားဝင်ငွေသည် စစ်မဖြစ်မီ ၁၉၃၈ - ၃၉ ခုနှစ်ဝင်ငွေ၏ သုံးပုံတစ်ပုံခန့်သာရှိသည်။ လူဦးရေမှာမူ ရှေးကထက် ၁၀ မှ ၁၂ ရာခိုင်နှုန်း တိုးတက်လာပြီဖြစ်သည်။ စီးပွားရေး ရှစ်နှစ်စီမံကိန်းကို ရေးဆွဲရာ၌ ၁၉၃၈ - ၃၉ ခုနှစ် အခြေအနေကို စံထားသည်။ ၁၉၃၈ - ၃၉ ခုနှစ် အခြေအနေသို့ ရောက်ရှိရုံသာမက ထို့ထက်တိုးတက် မြင့်မားစေရန်လည်း ရည်သန်မျှော်မှန်းသည်။

မြန်မာနိုင်ငံတွင် ၁၉၅၂ ခုနှစ်က စက်ရုံအလုပ်ရုံကြီးဟူ၍ သရက်ဘိလပ်မြေစက်၊ ဇေယျဝတီ သကြားစက်နှင့် မန္တလေး ဘီယာစက်တို့သာရှိသည်။ များသောအားဖြင့် အသေးစားနှင့် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများသာရှိသည်။ ပုဂ္ဂလိကပိုင်များ ဖြစ်ကြသည်။ ထိုစဉ်က စက်မှုလက်မှု ဝန်ကြီးဌာန သီးခြား မရှိသေးချေ။ သတ္တုတွင်းဌာန သစ်တောရေးဌာန၊ အလုပ်သမားဌာန ကုန်သွယ်ရေးဌာနစသည်တို့နှင့် ပူးတွဲလျက် လုပ်ဆောင်ရသည်။

ခေတ်သစ် မြန်မာ ပြည်တော်သာ ပန်းတိုင်ကို ရည်မှန်းလျက် ၁၉၅၂ ခုနှစ်တွင် အစိုးရပိုင်းနှင့် ပုဂ္ဂလိက အရင်းရှင်ပိုင်းက ငွေ ၇၅၀ ကုဋေ ရင်းနှီးမြှုပ်နှံရန် စီမံကိန်းက ချမှတ်သည်။ ထိုသို့ ရင်းနှီးမြှုပ်နှံခြင်းဖြင့် ၁၉၆၀ ပြည့်နှစ်တွင် နိုင်ငံတော်၏ အမျိုးသား ဝင်ငွေသည် ကုဋေ ၇၀၀ ဖြစ်လာမည်ဟုလည်းကောင်း၊ တစ်ဦးကျ ဝင်ငွေသည် ၃၄၀ ကျပ်၊ တစ်ဦးကျ စားသုံးမှုသည် ကျပ် ၂၂၅ ဖြစ်လာမည်ဟု လည်းကောင်း ခန့်မှန်းသည်။ ထိုပန်းတိုင်သည် ၁၉၅၂ ခုနှစ် စီးပွားရေး အခြေအနေထက် ၆၅ ရာခိုင်နှုန်း မြင့်မား၍ ၁၉၃၈-၃၉ ခုနှစ်ထက် ၃၈ ရာခိုင်နှုန်း မြင့်မားမည်ဖြစ်သည်။

နိုင်ငံတော် စီးပွားရေး လွတ်လပ်မှု တိုးတက်မှုနှင့် လူနေမှု အဆင့်အတန်း မြင့်မားမှုတို့သည် စက်မှုလက်မှု လုပ်ငန်းများ တည်ထောင်ရေးပေါ်တွင် မူတည်သည်ဟူသော စီးပွားရေးမူဝါဒကို လက်ခံစွဲကိုင်သဖြင့် ပြည်တော်သာ စီမံကိန်းတွင် စက်မှုကဏ္ဍကို အလေးပေး ရေးဆွဲထားသည်။ ပြည်သူလူထု စားဝတ်နေရေး ချောင်လည်ရေးအတွက် စားကုန်ထုတ်လုပ်ရေး၊ ဝတ်ကုန်ထုတ်လုပ်ရေးနှင့် သုံးကုန် ထုတ်လုပ်ရေး စက်မှုလက်မှု လုပ်ငန်းကြီးများကို စစ်တွေ၊ ရန်ကုန်၊ မြင်းခြံ စက်မှု ဗဟိုဌာနကြီး သုံးခုတွင် တည်ထောင် အကောင်အထည်

ဖော်ရန် သတ်မှတ်သည်။ အရေးကြီးသော စက်မှုလက်မှု စီမံကိန်းများကို အဆင့်သုံးဆင့် ခွဲလျက် အကောင်အထည်ဖော်စဉ် ကာလတွင် အသေးစားနှင့် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများကိုပင် အားထားနေရဦးမည် ဖြစ်၍ ထိုအသေးစား စက်မှုလုပ်ငန်းများကို အစိုးရက ထောက်ကူအားပေးမည် ဟူသော မူဝါဒကိုလည်း လက်ကိုင်ပြုသည်။

စက်မှုစီမံကိန်းများကို လက်တွေ့ အကောင်အထည် ဖော်သောအခါ အစိုးရ စက်ရုံ အလုပ်ရုံကြီးများကို အက်ဥပဒေဖြင့် ပြဋ္ဌာန်း ဖွဲ့စည်းသော စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက ကြီးကြပ် လုပ်ဆောင်သည်။ စတလကမှ စတင် တည်ထောင် အကောင် အထည်ဖော်သော စက်မှုလုပ်ငန်းများမှာ သံမဏိစက်ရုံ၊ ချည်မျှင်နှင့် အထည်စက်တိုးချဲ့ စက်ရုံ၊ ဂုန်နီစက်ရုံ၊ နမ္မတီး သကြားစက်ရုံ၊ ပျဉ်းမနား သကြားစက် တို့နှင့် အသေးစား စက်မှုလုပ်ငန်းဖြစ်သော ပိုးချည်စက်၊ နို့ဆီချက်စက်၊ လက်ဖက်ခြောက်စက်၊ ရွှေပြေးစမ်းသပ် ပန်းကန်စက်၊ ဗန်းမော် ရွှေပြေးသကြားစက်တို့ဖြစ်သည်။ ခေတ်မီ နိုင်ငံတော် တည်ဆောက် ရေးတွင် အခါက ကျသော ဘိလပ်မြေထုတ်လုပ်ရေးကို ချုပ်ကိုင်နိုင်ရန် နိုင်ငံခြားသားကုမ္ပဏီ ပိုင် သရက်ဘိလပ်မြေ စက်ရုံကို ပြည်သူပိုင် သိမ်းလျက် ထုတ်လုပ်မှု တိုးမြှင့်စေရန် စက်သစ် တစ်ခု တိုးချဲ့ တည်ထောင်သည်။ အလားတူပင် ဇေယျဝတီသကြားစက်ကို ပြည်သူပိုင်ပြုလုပ် ၍ အစိုးရ သကြားစက်အဖြစ် ဆက်လက် လည်ပတ်သည်။ အလားတူပင် ဒိုင်ယာမိကင်ပိုင် အရက်ချက် စက်ရုံကိုလည်း ပြည်သူပိုင် ပြုလုပ်၍ မန္တလေး အရက်ချက် စက်ရုံအမည်ဖြင့် ဆက်လက်ထုတ်လုပ်သည်။ ကချင်ပြည်နယ် အစိုးရ၏ စက်ပစ္စည်း ထုတ်လုပ်ရေး စက်ရုံ ကိုလည်း စတလက အောက်သို့ လွှဲပြောင်းလျက် စက်ပစ္စည်းထုတ်လုပ်ရေး စက်ရုံအဖြစ်ဖြင့် အစိုးရ ဌာနသုံး သံဗိုဓိများ၊ ရေနံဆီ မီးဖိုများကို စီးပွားဖြစ် ထုတ်လုပ်ရောင်းချသည်။

ပြည်တော်သာ စက်မှုစီမံကိန်းဝင် စက်ရုံအချို့ကို အခြားဝန်ကြီးဌာနများက တာဝန်ယူ တည်ထောင်ကြသည်လည်းရှိသည်။ နိုင်ငံတော်အတွက် အထူးလိုအပ်သော ဆေးဝါးထုတ်လုပ် ရေးစက်ရုံကို အမျိုးသား စီမံကိန်း ဝန်ကြီးလက်အောက်ရှိ အထူး စီမံကိန်းများ ရုပ်လုံး ဖော်ရေးအဖွဲ့က တည်ထောင်သည်။ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေး ဘုတ်အဖွဲ့က အစိုးရဆန်စက်များ တည်ဆောက်၍ သစ်ထုတ်လုပ်ရေး အဖွဲ့က နိုင်ငံခြားသားပိုင် သစ်စက် များကို ပြည်သူပိုင်သိမ်း၍ လည်းကောင်း၊သစ်စက်အသစ်တည်ဆောက်၍လည်းကောင်း သစ် လုပ်ငန်းကိုလုပ်ကိုင်သည်။ အလားတူပင် အစိုးရ အုတ်ကြွပ်နှင့် အုတ်စက်တည်ဆောက်ရေးကို ဆောက်လုပ်ရေး ဝန်ကြီးဌာနက တာဝန်ယူ အကောင်အထည်ဖော်သည်။

ပြည်တော်သာ စက်မှု စီမံကိန်းများကို အကောင်အထည် ဖော်ရာ၌ ပုဂ္ဂလိကလုပ်ငန်း ပိုင်းက ပိုမိုအားကောင်းခဲ့သည်။ စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာနက ပုဂ္ဂလိကလုပ်ငန်း

များကို စက်မှုချေးငွေများ လောက်ပုံကြေးများ ထုတ်ပေးခြင်း၊ ကုန်ကြမ်း ရရှိရေးကို ဆောင်ရွက်ပေးခြင်းဖြင့် မြေတောင်မြှောက်ပေးသည်။ စားကုန်ဆိုင်ရာ ဝတ်ကုန်ဆိုင်ရာ သုံးကုန်ဆိုင်ရာ အသေးစားနှင့် အိမ်တွင်း စက်မှုလုပ်ငန်းများကို ပုဂ္ဂလိက အရင်းရှင်များက အပြိုင်အဆိုင် တည်ထောင်ကြသဖြင့် ခေါက်ဆွဲစက်၊ ကြာဆံစက်၊ ဘီစကွတ်စက်ရုံ၊ ရေခဲစက်၊ စီးကရက်စက် စသည်တို့ ဒလကြမ်းပေါ်ထွန်းလာသကဲ့သို့ ဝတ်ဆင်ရေးဆိုင်ရာ ကဏ္ဍတွင်လည်း စက်ရက်ကန်း၊ လက်ရက်ကန်းများ ချည်စက်၊ ဇောင်စက်၊ မျက်နှာသုတ်ပဝါစက်၊ ၎ွှပ်ကျယ်စက်၊ နိုင်လွန်စက်၊ ရေယှန်ပိုးတု ချည်တုစက်၊ ဆေးဆိုးပန်းရိုက် လုပ်ငန်းစသည်တို့ ထွက်ပေါ်လာသည်။ ထိုအတူ သုံးကုန်ဆိုင်ရာတွင် ဒန်အိုးစက်၊ ပလတ်စတစ်စက်၊ ဆပ်ပြာစက်၊ ကြွေရည်သုတ် ပစ္စည်းစက်၊ ထီးစက်၊ ဖိနပ်စက်၊ ခေတ်ခဲ၊ ဘက်ထရီ၊ အလှကုန် အမျိုးမျိုးစသော အသေးစား အိမ်တွင်းလုပ်ငန်းအမျိုးမျိုးပေါ်လာသည်။

စီးပွားရေး စီမံကိန်းများတွင် အစိုးရ ဆပ်ပြာစက် တစ်ခု တည်ထောင်ရေးကို ချမှတ်ခဲ့သော်လည်း အစိုးရ အနေဖြင့် ဆပ်ပြာစက် တည်ထောင်နိုင်ခြင်း မရှိချေ။ ၁၉၆၀ ပြည့်နှစ်တွင်မှ ယူနီလီဗားလီမိတက်နှင့် ဖက်စပ် စက်ရုံ တည်ထောင်နိုင်သည်။ ဖွဲနုမှ စားသုံးဆီ ထုတ်လုပ်ရေးကိုလည်း ပုဂ္ဂလိက လုပ်ငန်းရှင်များကသာ စတင် အကောင်အထည်ဖော်ကာ ဖွဲနုဆီစက်များ တည်ထောင်သည်။ အစိုးရ စက်ရုံ အလုပ်ရုံများသည် များသောအားဖြင့် အရှုံးနှင့် လည်ပတ်ထုတ်လုပ်ကြရသည်။ ပုဂ္ဂလိက လုပ်ငန်းများမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ်နိုင်ကြသဖြင့် ၁၉၆၀ ပြည့်နှစ်ခန့်တွင် ပလတ်စတစ်ပစ္စည်း၊ ဂျပန်ပုံစံခြေညှပ်ဖိနပ်၊ ဆပ်ပြာ၊ ဒန်အိုး ဒန်ခွက်၊ ဦးထုပ်၊ ဘီစကွတ်၊ စီးကရက်၊ ၎ွှပ်ကျယ်၊ မီးခြစ်၊ ကြိုးစက်လုပ်ငန်း၊ သွပ်ရေပုံး၊ ထီး၊ အလှကုန်ပစ္စည်းများသည် ပြည်တွင်းသုံး လိုအပ်သည်ထက်ပိုလျှံနေအောင် ထုတ်လုပ်နိုင်ကြသဖြင့် လုပ်ငန်းသစ်များ တိုးချဲ့ တည်ထောင်ခွင့် မပြုဘဲ အစိုးရက ပိတ်ထားခဲ့ရသည်အထိ ဖြစ်သည်။

ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းကြီးငယ်များမှ ထုတ်လုပ်သော ကုန်ပစ္စည်း အချို့သည် နိုင်ငံခြား စံချိန်စံညွှန်းကို မီသည်။ နိုင်ငံခြား ပစ္စည်းများနှင့် ယှဉ်နိုင်သော အရည်အသွေး ရှိသည်။ မသမာသော ကုန်သည် အချို့က တိုင်းရင်းဖြစ် ပစ္စည်းများကို နိုင်ငံခြား ပစ္စည်းဟု ဆိုကာ မသိနားမလည်သော တောသူတောင်သား ဆင်းရဲသားများကို လှည့်ဖြားလိမ်လည် ရောင်းချကြသည်။ ထို့ကြောင့် တိုင်းရင်းဖြစ် ပစ္စည်းများတွင် မြန်မာပြည်မှာလုပ်သည် ဟု တံဆိပ် အမှတ်အသားကပ်ရန် အစိုးရက အမိန့်ထုတ်သည်။ ဤတွင် ပြည်တွင်း၌ စက်မှုလက်မှု လုပ်ငန်းကြီးငယ်များ တည်ထောင်၍ ကုန်ပစ္စည်းများ ပိုလျှံအောင် ထုတ်လုပ်နိုင်ရုံဖြင့် မပြီးသေးကြောင်း သိသာသည်။ ပြည်တွင်းဖြစ် ပစ္စည်းများသည် ပြည်သူတို့ အကြိုက် ခေတ်မီ နိုင်ငံခြား ပစ္စည်းများထက် အရည်အသွေး မနိမ့်ကျရန်လိုကြောင်း၊ ပစ္စည်း

ပေါ်များသည့်အပြင် ဈေးနှုန်းချိုသာရန်လည်း လိုကြောင်း၊ တိုင်းရင်းဖြစ် ပစ္စည်းကို နှစ်သက်မြတ်နိုးတန်ဖိုးထားသော စိတ်ဓာတ်ထက်သန်အောင် ပြည်သူတို့ကို အသိပညာပေးရန်လည်း လိုကြောင်း သိသာထင်ရှားသည်။

စီမံကိန်းဝင် စက်ရုံများကို တည်ထောင် အကောင်အထည် ဖော်ရာ၌ သမားရိုးကျ စိုက်ပျိုးရေး နိုင်ငံဖြစ်သည့်အတိုင်း စက်မှုလုပ်ငန်း အတွေ့အကြုံနည်းခြင်း၊ ရင်းနှီးမြှုပ်နှံငွေ မလုံလောက်ခြင်း၊ အတတ်ပညာရှင် အင်ဂျင်နီယာများ ကျွမ်းကျင် အလုပ်သမားများနှင့် နည်းပညာဆိုင်ရာ စာတွေ့ လက်တွေ့များစွာ လိုသေးခြင်း စသော အခက်အခဲများနှင့် ရင်ဆိုင်ရကြောင်း တွေ့ရသည်။ ဒီစီဓော၊ တီစီဓော၊ ပီအဲလ် ၄၈၀ စသော ပြည်ပထောက်ပံ့ကူညီမှုများ၊ ချေးငွေများကို ရယူရာ၌ မည်မျှပင် နှောင်ကြိုး ကင်းမဲ့သည်ဟု ဆိုစေကာမူ စင်းလုံးချော မဟုတ်သည်ကို တွေ့ရသည်။ နှစ်နာမှု မမျှတမှုများရှိသည်။ နိုင်ငံခြားသား အတတ်ပညာရှင်များကို ခေါ်ယူ အသုံးပြုရာ၌လည်းကောင်း၊ နိုင်ငံခြား ကုမ္ပဏီကြီးများနှင့် ဆက်သွယ်၍ စက်များ စက်ပစ္စည်းများ ယူရာ၌ လည်းကောင်း မပြေလည်မှုများရှိသည်။ ဂျပန် စစ်လျော်ကြေးသည် နိုင်ငံတော် စက်မှုလက်မှု လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အထောက်အကူပြုသည်ဟု ဆိုနိုင်ဖွယ် ရှိသော်လည်း ထိထိရောက်ရောက် ပြောပလောက်စရာမှာ ဘီလူးချောင်း ရေအား လျှပ်စစ်ဓာတ်စက်ရုံ စီမံကိန်းတစ်ခုသာ ရှိပေသည်။ အခြားအရေးကြီးသော စက်ရုံ အလုပ်ရုံများ တည်ဆောက်ရေး အတွက် ကောင်းဆိုချက်များကို မရခဲ့ချေ။

ဆင်မလားမှ ပြုစုလာသော မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းသစ်များ ပဏာမ အစီရင်ခံစာကို စီမံကိန်းတစ်ခုဟု သတ်မှတ်လျှင် ပြန်လည်ထူထောင်ရေး ကာလအတွင်း စီးပွားရေး စီမံကိန်းသုံးခု ချမှတ်ခဲ့သည်ဟု ဆိုနိုင်သည်။ စီမံကိန်း သုံးခုလုံးတွင် စက်မှုလက်မှု လုပ်ငန်းများ ထူထောင်ရေးကို အလေးပေးထားသည်။ စက်မှုလက်မှု လုပ်ငန်းများကို အစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင်းဟူ၍ ခွဲခြားသတ်မှတ် လုပ်ဆောင်ရန်၊ အသေးစား အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများကို ပုဂ္ဂလိက အရင်းရှင်များ ထူထောင်နိုင်အောင် အစိုးရက ကူညီအားပေး မြေတောင်မြှောက်ပေးရန်ဟူသော စက်မှုမူဝါဒကိုလည်း တညီတစ္စာ ခံယူထားကြသည်။ စက်မှုလက်မှု သုတေသနလုပ်ငန်းရှိရမည်ဟုလည်း ဆိုထားသည်။ စက်မှုလက်မှု လုပ်ငန်းကြီးငယ်များအတွက် လျှပ်စစ်ဓာတ်အား လွယ်ကူပေါများ ချိုသာစွာ ရနိုင်ရန် ရေအားလျှပ်စစ်ဓာတ်စက်ရုံများ တည်ဆောက်ရေးကိုလည်း တညီတညွတ်တည်း ချမှတ်သည်။ ရေအားလျှပ်စစ်ဓာတ်ရရှိရန် စိုင်တင်စီမံကိန်း၊ ဘောဂတချောင်း စီမံကိန်းနှင့် ဘီလူးချောင်း စီမံကိန်းတို့ကို ရေးဆွဲလျာထားခဲ့ကြသော်လည်း အကြောင်းအမျိုးမျိုး အခြေအနေ အရပ်ရပ်တို့ကြောင့် ပြည်တော်သာ ကာလတွင် ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံတစ်ခုသာ အကောင်အထည်

ပေါ်ခဲ့သည်။ ကမ္ဘာ့စက္ကူအသုံး၊ မြန်မာ့စက္ကူ လိုအပ်ချက်တို့ကို နှိုင်းဆ၍ ပျော့ဖတ်စက်၊ စက္ကူစက်များ တည်ထောင်ရေးကိုသည်း စီမံကိန်းသုံးခုလုံးတွင် ဦးစားပေးအဆင့်၌ ထည့်သွင်းခဲ့ကြသည်။ သို့သော် ပြည်တော်သာ စီမံကိန်းကာလ ကုန်ဆုံးသည်အထိ စက္ကူစက် တည်ဆောက်ရေး အကောင်အထည်မပေါ်ခဲ့ချေ။ အလားတူပင် ဆပ်ပြာစက် တည်ထောင်ထုတ်လုပ်ရေးကိုလည်း ပုဂ္ဂလိက လုပ်ငန်းရှင်များကသာ လုပ်ဆောင်၍ နိုင်ငံတွင်း လိုအပ်သည်ထက်ပိုလျှံအောင် ထုတ်လုပ်ခဲ့ကြသည်။

စီးပွားရေး ၂ နှစ်စီမံကိန်းကို ရေးဆွဲရန် လမ်းညွှန်စဉ်က အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက လက်တွေ့လုပ်ဆောင်နိုင်သော စီမံကိန်းမျိုးသာ ဖြစ်စေရမည်၊ လောဘကြီးသော စီမံကိန်း မဖြစ်စေရန် သတိပြုရမည်ဟု မိန့်မြွက်ခဲ့သည်။ သို့သော် ၂ နှစ်စီမံကိန်းသည် လိုအပ်သော စာရင်းဇယားများ မပြည့်စုံ၍ လက်တွေ့မဆန်သော စီမံကိန်းဖြစ်သွားသည်။ ပြည်တော်သာ စီမံကိန်းသည်ပို ၍ ပြည့်စုံသော လက်တွေ့ကျသော စီမံကိန်းဖြစ်သည်။ ထိုသော် ဆန္ဒ ပြင်းလွန်းသော ဖြစ်လိုဇောများသော စီမံကိန်းဟု ကောက်ချက်ချရပေမည်။ စက်မှုစီမံကိန်းတွင် စက်မှုဗဟိုဌာနကြီး သုံးခုတည်ထောင်ရန် လျာထားချက်သည် လက်တွေ့တွင် အကောင်အထည် မပေါ်နိုင်ဘဲ စိတ်ကူးယဉ်ကဲ့သို့ ဖြစ်နေသည်။ စက်ရုံအသုပ်ခုံများသည် ရန်ကုန်အနီးတစ်ဝိုက်တွင်သာ ထွန်းကားခဲ့ကြသည်။ ချမှတ်ထားသော စက်မှုလက်မှု စီမံကိန်း ၄၅ ခုကို စီမံကိန်း ကာလအတွင်း အပြည့်အစုံ အကောင်အထည်မဖော်နိုင်ခဲ့ချေ။

သီး၊ သီးမဏ်နှင့် ကျောက်မီးသွေးတို့သည် စက်မှုလက်မှု လုပ်ငန်းများ၏ ပင်မကျောရိုးဖြစ်သည်။ ထို့ကြောင့် ပြည်တော်သာ စက်မှုလက်မှု စီမံကိန်းများ အကောင်အထည်ပေါ်အောင်မြင်စေရန် ဓာတ်သတ္တု ရှာဖွေ တူးဖော်ရေး၊ ရေနံတူးဖော်ရေး၊ သုတေသနလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဏ္ဍကြီးများက အားကြိုးမာန်တက် ပံ့ပိုး လုပ်ဆောင်ခဲ့ကြသည်။ ဘီအိုစီ (၁၉၅၁) လီမိတက်ကို ထူထောင်ခြင်းဖြင့် ရေနံ၊ ဓာတ်ဆီ၊ စက်ဆီ အမျိုးမျိုး ထုတ်လုပ်ရေးကို တိုးတက်အောင် ဆောင်ရွက်သည်။ ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များ တိုးတက်အောင် ဆောင်ရွက်ရေး ကော်ပိုရေးရှင်း ဖွဲ့စည်းတည်ထောင်၍ ကလေးဝ ကျောက်မီးသွေး စီမံကိန်းနှင့် သံရိုင်းသိုက်များ အခြားဓာတ်သတ္တုသိုက်များ ရှာဖွေတူးဖော်ရေးကို ကြိုးပမ်းသည်။ နမ္မတူသတ္တုတွင်း၊ မော်ချီးသတ္တုတွင်းနှင့် ရတနာပုံ သတ္တုတွင်းများကိုလည်း မူလ နိုင်ငံခြားသား ပိုင်ရှင်များနှင့် ပူးတွဲဖက်စပ်ကာ အစိုးရက ချုပ်ကိုင်လုပ်ဆောင်သည်။ သုတေသန အဖွဲ့ကိုလည်း အကြံဉာဏ်ပေးဖြင့် ပြဋ္ဌာန်းတည်ထောင်သည်။ ဤစက်မှု ပံ့ပိုးကဏ္ဍကြီးများသည် ပြည်တော်သာ စက်မှုစီမံကိန်းများ အောင်မြင်ရေးကို တစ်တပ်တစ်အား ကူညီလုပ်ဆောင်ကြပေသည်။

ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည်မှာ နှစ်ထောင်းအားရဖွယ် ဖြစ်သည်။ အစိုးရ၏ စက်မှုမူဝါဒအရ ကူညီအားပေးမှုကြောင့် ကြီးပွားကြခြင်းဖြစ်သည်။ စားကုန် သုံးကုန်ပစ္စည်းများ ပြည်တွင်း လိုအပ်ချက်ထက် ပိုလျှံအောင် ထုတ်လုပ်နိုင်ကြသည်မှာလည်း ဝမ်းမြောက် ဂုဏ်ယူဖွယ်ဖြစ်၏။ သို့သော် ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများ ထိုသို့ ဖွံ့ဖြိုးတိုးတက်ခြင်းသည် ပြည်သူတို့ စားဝတ်နေရေး ချောင်လည်ရေး မဟုတ်ဘဲ အရင်းရှင်ကြီးများ ပိုမိုကြွယ်ဝ ချမ်းသာ စည်းစိမ် တိုးတက်ရေးသာ ဖြစ်နေခဲ့သည်။ အရင်းရှင်များ၏ ဝိသမလောဘကြောင့် မသမာမှုများရှိသည်။ သွင်းကုန် ထုတ်ကုန်လိုင်စင် ချပေးခြင်း၊ လိုင်စင်မဲ့ ခွင့်ပြုခြင်းတို့သည် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ တိုးတက်ရေး၊ တိုင်းရင်းသားပြည်သူတို့ လုပ်ငန်းတွင်ကျယ် တတ်မြောက်ရေးတို့အတွက် ရည်ရွယ်သည်။ လိုင်စင် ၆၀ ရာခိုင်နှုန်းကို တိုင်းရင်းသားများသို့ ချပေးသော်လည်း လိုင်စင်ရောင်းစားမှုများကြောင့် သွင်းကုန် ထုတ်ကုန် လုပ်ငန်းနှင့် စီးပွားရေး လုပ်ငန်းကြီးများသည် နိုင်ငံခြားသား ငွေရှင်ကြေးရှင်များလက်တွင်ပင် ရှိနေလေသည်။ ဆိုရှယ်လစ်စီးပွားရေးသဘောတရားမှသွေဖည်ကာ အရင်းရှင်စီးပွားရေး လမ်းကြောင်းသို့ ဦးလည်နေလေသည်ဟုဆိုရာသည်။ ထို့ပြင် လိုင်စင်ရ ကုမ္ပဏီ ၃၀၀၀ ကျော်တွင် မှုမမှန်သော ကုမ္ပဏီ များနေသဖြင့် ထိုကိစ္စရပ်များကို ဗိုလ်ချုပ်ကြီး နေဝင်း၏ အိမ်စောင့် အစိုးရ လက်ထက်တွင် စစ်ဆေး ဖျက်သိမ်းခြင်းများ လုပ်ခဲ့ရသည်။ ပုဂ္ဂလိက အရင်းရှင်များသည် လုပ်ငန်းများ ဖွံ့ဖြိုးအောင်မြင်သော်လည်း အစိုးရထံပေးရန်ရှိသော စက်မှုချေးငွေများ၊ အခွန်အကောက်များကို မပေးဆပ်ဘဲ ထိမ်ချန်မှုများလည်းရှိသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့် အစိုးရ နောက်ပိုင်းတွင် တက်လာသော ပြည်ထောင်စု အစိုးရသည် မပြီးမပြတ် မရေမရာ ဖြစ်နေသေးသော ပြည်တော်သာ စက်မှုစီမံကိန်းများကို လေးနှစ်စီမံကိန်း သတ်မှတ်၍ ဆက်လက် လုပ်ဆောင်သည်။ သို့သော် ပထမတစ်နှစ်ခန့်မျှသာ ကြာသည်။ အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းရန် တော်လှန်ရေးကောင်စီတက်လာသော အခါ ပြည်တော်သာ စီမံကိန်းခေါ် စီးပွားရေး ရှစ်နှစ် စီမံကိန်းတွင် ချမှတ်ထားသော စက်မှုလက်မှု စီမံကိန်းများကို ဆက်လက် အကောင်အထည်ဖော်ရန်နှင့် ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများတွင် ဖြစ်ပေါ်နေသော မလိုလားအပ်သော ဖြစ်ရပ်များကို သုတ်သင်ရန် တာဝန်သည် တော်လှန်ရေးကောင်စီ အစိုးရ၏ ပခုံးပေါ်သို့ လွှဲပြောင်း ကျရောက်သွားလေသည်။

နောက်ဆက်တွဲ ၁

၁၉၄၅-၄၇ ခုနှစ်၊ မြန်မာနိုင်ငံ စက်မှုလုပ်ငန်းများ

စဉ်	စက်မှုလုပ်ငန်းအမျိုးအစား	လုပ်ငန်းပေါင်း ၁၉၄၆ ခု	၁၉၄၇ ခု
	အစိုးရလုပ်ငန်း	၆	၆
၁	သင်္ဘောကျင်း	၂	၂
၂	အင်ဂျင်နီယာ အလုပ်ရုံ (အထွေထွေ)	၁	၁
၃	မီးရထားစက်ပြင်ရုံ	၃	၃
	စက္ကူနှင့် ပုံနှိပ်လုပ်ငန်း	၂	၂
၁	ပုံနှိပ်တိုက်	၂	၂
	အထွေထွေစက်မှုလုပ်ငန်း	၂	၂
၁	မီးလွှာစုပ်စက်	၁	၁
၂	ရေစုပ်စက်	၁	၁
	ပုဂ္ဂလိက စက်မှုလုပ်ငန်း	၃၄၅	၄၆၃
	အထည်အလိပ်	၁	၁
၁	ခြေအိတ်၊ဇာထိုးနှင့် အတွင်းခံ အထည်လုပ်ငန်း	၁	၁

စဉ်	စက်မှုလုပ်ငန်းအမျိုးအစား	လုပ်ငန်းပေါင်း	
		၁၉၄၆ ခု	၁၉၄၇ ခု
	စက်မှုအလုပ်ရုံ	၁၀	၁၅
၁	လျှည်းလုပ်ငန်းနှင့် မော်တော်ကားပြင်ရုံ	....	၁
၂	လျှပ်စစ်အလုပ်ရုံ	၂	၂
၃	သင်္ဘောတည်ဆောက်ရေးနှင့် စက်ပြင်ရုံ	၂	၂
၄	လျှပ်စစ်ဓာတ်အားပေးစက်လုပ်ငန်း	၁	၂
၅	အထွေထွေစက်ပစ္စည်းအလုပ်ရုံ	၅	၈
	ဓာတ်သတ္တုလုပ်ငန်း	၄	၆
၁	သတ္တုသန့်စင်လုပ်ငန်း	....	၁
၂	ရေနံချက်စက်ရုံ	၃	၄
၃	ရေနံထုတ်လုပ်ရေးလုပ်ငန်း	၁	၁
	စားသောက်ရေးလုပ်ငန်း	၂၇၉	၃၅၁
၁	ဂျုံစက်	၃	၃
၂	ရေခဲနှင့်ဘိလပ်ရည်စက်	၂	၂
၃	ဆန်စက်	၂၇၂	၃၄၁
၄	သကြားနှင့် ကြံရည်လုပ်ငန်း....	၁	၂
၅	ဖျော်စက်လုပ်ငန်း	....	၁
၆	လက်ဖက်ခြောက်လုပ်ငန်း	၁	၁

ဂ

စဉ်	စက်မှုလုပ်ငန်းအမျိုးအစား	လုပ်ငန်းပေါင်း ၁၉၄၆ ခု	လုပ်ငန်းပေါင်း ၁၉၄၇ ခု
	ဓာတုဗေဒနှင့် ဆိုးဆေး စသည့်လုပ်ငန်း	၆	၁၀
၁	မီးခြစ်လုပ်ငန်း	၃	၃
၂	ဆပ်ပြာလုပ်ငန်း	၁	၁
၃	ဟင်းသီးဟင်းရွက်ဆီစက်လုပ်ငန်း	၂	၆
	စက္ကူနှင့် ပုံနှိပ်လုပ်ငန်း	၃	၂
၁	ပုံနှိပ်နှင့် စာအုပ်ချုပ်လုပ်ငန်း	၂	၂
	သစ်သား၊ ကျောက်နှင့် မှန်လုပ်ငန်း	၃၇	၅၈
၁	ဘိလပ်မြေ၊ ထုံးနှင့် ပန်းကန်စက်ရုံ	၂	၂
၂	သစ်ခွဲစက်	၃၅	၅၆
	ဝါဖန်နှင့် ဘောထုပ်လုပ်ငန်း	၃	၁၄
၁	ဝါဖန်ခြင်းနှင့် ဘောထုပ်လုပ်ငန်း	၃	၁၄
	အထွေထွေ စက်မှုလုပ်ငန်း	၃	၅
၁	ကြိုးကျစ်လုပ်ငန်း	၂	၃
၂	ရထားဝိုက်ပျိုးရေးလုပ်ငန်း	....	၁
၃	ရထားပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း	၁	၁

နောက်ဆက်တွဲ ၂

ရန်ကုန်မြို့ရှိ ဘီစကွတ်စက်ရုံများ[၁]

၁။ မြန်မာ ဘီစကွတ်စက်ရုံ၊ အမှတ် ၇၊ ၂၃ လမ်း၊ ရန်ကုန်မြို့။
မြန်မာ ဘီစကွတ်စက်ရုံ၊ အမှတ် ၁၀၃၊ ရန်ကုန်-အင်းစိန်လမ်း၊ ကမာရွတ်။
မြန်မာ ဘီစကွတ်စက်ရုံ၊ အမှတ် ၁၁၅၊ လမ်းမတော်၊ ရန်ကုန်မြို့။

၂။ ပဒေသာ စက်မှုကုမ္ပဏီ၊ အမှတ် ၁၄၈၊ ရန်ကုန်-အင်းစိန်လမ်း၊ ကမာရွတ်။
ပဒေသာ စက်မှုကုမ္ပဏီ၊ အမှတ် ၈၀၃၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။

၃။ အီဝမ်း ဘီစကွတ်စက်ရုံ၊ ၅-၁၁၊ ဗျိုင်းရေအိုးစဉ်လမ်း၊ ရန်ကုန်မြို့။

၄။ နယူးဘားမား သကြားလုံးနှင့် ဘီစကွတ်စက်ရုံ၊ ၁၃၉၊ ၃၉ လမ်း၊ ရန်ကုန်မြို့။

၅။ ဘောဘီ ဘီစကွတ်စက်ရုံ၊ ၁၄၀၊ ၁၅ လမ်း။

၆။ ရွှေမြသာ ဘီစကွတ်စက်ရုံ၊ ၇၂ သက်န်းကျွန်းလမ်း၊ ရန်ကုန်မြို့။

၇။ ဦးစင်ကိုင်နှင့် သားများ ဘီစကွတ်စက်ရုံ၊ ၈၁၀၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။

၈။ ရင်ဝှက် ဘီစကွတ်စက်ရုံ၊ ၇၆၊ ၆ လမ်း၊ ရန်ကုန်မြို့။

၉။ ကြည်ကြည် ဘီစကွတ်စက်ရုံ၊ ၂၇၉၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။

၁၀။ ဦးပု ဘီစကွတ်စက်ရုံ၊ ၁၉၉၊ ၃၄ လမ်း၊ ရန်ကုန်မြို့။

၁၁။ ရှာမီ ကိတ်မုန့်တိုက်၊ ၄၅၈-၄၆၀၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။

၁၂။ ထိပ်တန်း ဘီစကွတ်စက်ရုံ၊ သက်န်းကျွန်းလမ်း၊ သက်န်းကျွန်း၊ ရန်ကုန်မြို့။

၁၃။ လီရှင်း ဘီစကွတ်ကုမ္ပဏီ၊ ၁၀၈၊ ရွှေတောင်တန်း၊ ရန်ကုန်မြို့။

၁၄။ အာရှ ဘီစကွတ်စက်ရုံ၊ ၁၁၁၊ ရွှေတောင်တန်း၊ ရန်ကုန်မြို့။

၁၅။ နေရှင်နယ် ဘီစကွတ်စက်ရုံ၊ ၈၁၆၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။

၁၆။ ဟုတ်အင်ကြည် ဘီစကွတ်စက်ရုံ၊ ၁၆၉၊ လမ်းမတော်၊ ရန်ကုန်မြို့။

၁။ မြန်မာပြည် ကုန်သွယ်ရေးနှင့် စက်မှုလက်မှု လမ်းညွှန် (၁၉၆၀-၆၁)

နောက်ဆက်တွဲ ၃

LIST OF VARIOUS MILLS IN RANGOON[၀]

1. The National Rayon Mills Ltd.,
   225, Strand Road, Rangoon.
2. M/s. Shwemyin Silk Mills,
   Brooking Street, Rangoon.
3. M/s. Adam Dyeing & Printing Works,
   151, Lewis Street, Rangoon.
4. M/s. Victory Printers,
   151, Lewis Street, Rangoon.
5. M/s. Myoma Cotton & Silk Mills,
   690, Merchant Street, Rangoon.
6. M/s. Dagon Mills,
   532, Dalhousie Street, Rangoon.
7. M/s. Shwe Nandaw Cotton & Rayon Mills,
   C/o. Myoma paper house,
   Mg. Taulay Street, Rangoon.
8. M/s. Sein Yadana Silk Weaving Mills Ltd.,
   18, 26th Street, Rangoon.
9. M/s. Thamaing Rayon Mills Ltd.,
   92, 30th Street, Rangoon.
10. M/s. Ganny Silk Mills,
    24, Edward Street, Rangoon.
11. M/s. Dawood Rayon Mills,
    57, Edward Street, Rangoon.
12. M/s. Ahmed Printing Dyeing & Silk Mills,
    134, Edward Street, Rangoon.
13. M/s. Mg Ba Than & Co.,
    134, Edward Street, Rangoon.
14. M/s. Dada Silk Mills,
    144, Edward Street, Rangoon.

၀။ မြန်မာပြည် ကုန်သွယ်ရေးနှင့် စက်မှုလက်မှုလမ်းညွှန် (၁၉၆၀-၆၁)

46

နောက်ဆက်တွဲ ၄

RANGOON BLANKET MILLS OWNERS[1]

မြန်မာပြည်လုံးဆိုင်ရာ စောင်စက်ပိုင်ရှင်များ

Name of Factory	*Address of Factory*	*Retail Sale Depot*
1. Khittayya Industrial Corporation.	Ywama, Insein,	at Factory
2. Messrs. U Aye Maung & Sons	Broker St. Monywa	
3. Messrs. Shwepya Textiles Mills.	Mandalay	Baboo Road, Mandalay
4. Sein Aung Industrial Works	Mandalay	31, 21st Street, Rangoon.
5. Messrs. Star Blanket Mills	Lutlaye Road Thingangyun	683, Merchant Street, Rangoon.
6. Messrs. Bandoola Blanket Mills.	Zavya Road Thingangyun	675, Merchant Street, Rangoon.
7. Messrs. Daw Thein & Co., Ltd.	Link Road Thamaing,	238, Mogul Street, Rangoon.
8. Messrs. Zawtika Blanket Mills	Pagoda Road Monywa	31, 21st Street, Rangoon.
9. Messrs. Shwe Pyi Daw Blanket Factory.	Kamayut	643-B, Mahabandoola Street, Rangoon.
10. Messrs. Burma Hosiery Spg. Wvg.	Prome Road	701, Merchant Street, Rangoon.

၁။ မြန်မာပြည် ကုန်သွယ်ရေးနှင့် စက်မှုလက်မှု လမ်းညွှန် (၁၉၆၀-၆၁)

နောက်ဆက်တွဲ ၅

ရန်ကုန်မြို့ရှိမျက်နှာသုတ်ပဝါထုတ်လုပ်သူများ[၁]

၁။ ရွှေပြည်တန်အထည်စက်ရုံ .... အမှတ်၃၃၊ ၈ မိုင်ခွဲ၊ ပြည်လမ်း။
၂။ သုံးပွင့်ဆိုင်စက်မှုလက်မှုကုမ္ပဏီ .... ၂၀၊ ယောဂီကျောင်းလမ်း၊ ကမာရွတ်။
၃။ ဦးကျင်အောင်စက်ရက်ကန်းအလုပ်ရုံ .... ၂၀၊ နတ်စင်လမ်း၊ သင်္ကန်းကျွန်း။
၄။ ဒဂုန်အထည်စက်လီမိတက် .... လင့်လမ်း၊ သမိုင်း။
၅။ အောဝမ်းအထည်စက်ရုံ .... ၂၁၊ ဦးဘဟန်လမ်း၊ သင်္ကန်းကျွန်း။
၆။ ရွှေသင်းယုန်ရက်ကန်းစက် .... အင်းစိန်၊ အုတ်ကျင်း။
၇။ ရွှေသိန်းအထည်စက်ရုံ ၁၀၁၊ မာလကာခြံလမ်း၊ ကမာရွတ်။
၈။ ခေတ်ဆန်းတင်စက်မှုလက်မှုကုမ္ပဏီ .... မွေသုခကျောင်းလမ်း၊ ကမာရွတ်။
၉။ ခေတ်ဦးစက်မှုလက်မှုဌာန .... ၂၊ ဦးဘဟန်လမ်း၊ ချော်တွင်းကုန်း။
၁၀။ ပွင့်သစ်စက်မှုလက်မှုကုမ္ပဏီ .... ၂၅၊ လေးဒေါင့်ကန်လမ်း၊ သင်္ကန်းကျွန်း။
၁၁။ ဘီအင်ရှပ်ကျယ်စက် .... ကဖူးလမ်း၊ သင်္ကန်းကျွန်း။
၁၂။ သောင်းညွန့်ညီအစ်ကိုများ .... ၁၅၀၊ ရန်ကုန်-အင်းစိန်လမ်း။
၁၃။ မင်းစိန်ရက်ကန်းစက်ရုံ .... ၁၂၊ မာလကာခြံ၊ ကမာရွတ်။
၁၄။ တိုင်ဝါစက်မှုလက်မှုအလုပ်ရုံ .... ၈၄၊ ခိုင်ရွှေဝါလမ်း၊ ကမာရွတ်။
၁၅။ ဘောဂဇလစက်ရုံ .... လမ်းသစ်၊ အင်းစိန်။
၁၆။ ဒေါ်စိန်စက်ရုံ .... ၁၂၄၊ ရန်ကုန်-အင်းစိန်လမ်း၊ ကမာရွတ်။
၁၇။ စိန်စက်မှုလက်မှု .... ပိန္နဲကုန်း၊ အင်းစိန်။
၁၈။ ရာဂျာ၊ မျက်နှာသုတ်ပဝါစက်ရုံ .... လင့်လမ်း၊ သမိုင်း။
၁၉။ ရွှေနှင်းဆီစက်ရုံ ....
၂၀။ ဦးစံရှင် စက်ရုံ .... ၁၈၉ (အေ)၊ သုခလမ်း၊ ကမာရွတ်။
၂၁။ စိုးဝင်းရက်ကန်းစက်ရုံ .... ၈၀၊ ကျောက်မြင်ကန်လမ်း၊ ကမာရွတ်။
၂၂။ ဦးကျင့် ဗမာအထည်စက်ရုံ .... ၆၀၇၊ အထက်ပုဇွန်တောင်။
၂၃။ ရွှေသင်းယုန်အထည်စက် .... ၇၅၊ ၃၁ လမ်း။
၂၄။ တင်နှင့် အောင် အထည်စက် .... ၈၁၊ ဆီစက်လမ်း၊ ကမာရွတ်။

၁။ မြန်မာပြည်ကုန်သွယ်ရေးနှင့် စက်မှုလက်မှုလမ်းညွှန် (၁၉၆၀-၆၁)

၂၅။ ရှိုလို၊ အထည်လုပ်ငန်းကုမ္ပဏီ .... ၁၊ စူနီရုမ်းလေး၊ အောက်ကမ္ဘာအေး စေတီလမ်း။

၂၆။ ဂုဏ်ထူးဆောင်အထည်စက်ရုံ .... သူရသာဓိလမ်း၊ ကမ္ဘာအေးစေတီအရှေ့။

၂၇။ ယူနီယံစက်မှုလက်မှုကုမ္ပဏီ .... ၁၂၆ (အေ) ကမာရွတ်။

မြန်မာနိုင်ငံ မျက်နှာသုတ်ပဝါ ထုတ်လုပ်သူများအသင်း။
၅၁၀၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့။

နောက်ဆက်တွဲ ၆

ရန်ကုန်မြို့ရှိ ဆေးဆိုးပန်းရိုက် အလုပ်ရုံများ

၁။ လှဝင်းတင် ဆေးဆိုးပန်းရိုက် အလုပ်ရုံ၊ အမှတ်၅၀၊ လသာလမ်း၊ ရန်ကုန်။ ဖုန်းနံပါတ် ၁၃၂၁၄၊ စီမံအုပ်ချုပ်သူ ဦးစံဝင်း၊ ခြသေ့် အမှတ်တံဆိပ်။

၂။ သာရွှေစင် ဆေးဆိုးပန်းရိုက် ကုမ္ပဏီ၊ ရွှေဂုံတိုင်လမ်း၊ ရန်ကုန်။

၃။ သိန်းဇံနှင့် ညီများ စက်မှုလက်မှု လုပ်ငန်းနှင့် အထွေထွေ ရောင်းဝယ်သူများ၊ အမှတ် ၁၃၉၊ ၄၆၊ လမ်း၊ ရန်ကုန်၊ စက်ရုံခြံနံပါတ် (၆) နတ်မောက်လမ်း၊ ရန်ကုန်၊ မန်နေဂျာ-ဦးရွှေသိန်း၊ ရွှေငန်းအမှတ်တံဆိပ်။

၄။ သော်တာဝင်းဆေးဆိုးနှင့် ပန်းပုံရိုက်ဌာန၊ အမှတ် ၃၄၊ ၅၈ လမ်းထိပ်၊ ရန်ကုန်။

၅။ နေတံဆိပ် ဆေးဆိုး ပန်းရိုက်ကုမ္ပဏီ၊ အလုပ်တိုက်အမှတ် ၅၀၊ ဆင်းဒဝစ်လမ်း၊ ရန်ကုန်၊ ဖုန်း ၁၄၆၆၅။ အလုပ်စက်ရုံ အမှတ် ၄၉၊ ကမ္ဘာအေးလမ်း၊ ရန်ကုန်၊ နေအမှတ် တံဆိပ်။

၆။ ငုံးကမ္ဘာအထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ၊ ခြံအမှတ် ၇၈၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။

၇။ ရွှေမန်းမေ ဆေးဆိုးပန်းရိုက် အလုပ်ရုံ၊ အမှတ် ၁၆၊ သက်နိုးကျွန်းလမ်း၊ တာမွေ ကလေး၊ ရန်ကုန်။

၈။ လကြေသီ ဆေးဆိုးပန်းရိုက်ဌာန၊ မြစိမ်းဂေဟာ အောင်ဇေယျလမ်း၊ ကျောက်ကုန်း ကန်ဘဲ့၊ ရန်ကုန်။

၉။ ဒေါ်မြသန်းတင် ပန်းရိုက် စက်မှုလက်မှု အလုပ်ရုံ၊ ဝပ်ရှော့လမ်းနှင့် အင်းစိန် လမ်းဒေါင့်၊ စွန်အမှတ်တံဆိပ်။

၁၀။ ခေတ်ပန်းနွယ် စက်မှုလက်မှု ဆေးဆိုးပန်းရိုက် အလုပ်ရုံ၊ ခြံအမှတ် ၉၊ အဘူဘေကာ လမ်း၊ သက်နိုးကျွန်း၊ ရန်ကုန်။

၁၁။ လှဆန်းယဉ် ဆေးဆိုးပန်းရိုက် ကုမ္ပဏီ၊ ဖြန့်ဖြူးရေးဌာန၊ အမှတ် ၃၄၁၊ လမ်းမတော် သံဈေး၊ အလုပ်ရုံအမှတ် ၂၆၆၊ အင်းစိန်လမ်း၊ သမိုင်း၊ ရန်ကုန်။

၁၂။ ကြည်ကြည်ဝင်း ဆေးဆိုး ပန်းရိုက် ကုမ္ပဏီ၊ အမှတ် ၇၆၊ ရွှေလှိုင်လမ်း၊ ကြည့်မြင် တိုင်၊ ရန်ကုန်၊ ရွှေယမင်း အမှတ် တံဆိပ်၊ ဖုန်း ၃၁၀၄၂။

၁။ မြန်မာပြည်ကုန်သွယ်ရေးနှင့်စက်မှုလက်မှုလမ်းညွှန် (၁၉၆၀-၆၁)

၁၃။ ခေတ်မှီ ဆေးဆိုးပန်းရိုက်လုပ်ငန်း၊ သမိုင်းကုန်းရွာ၊ မြေနံပါတ် ၆၁၊ ဦးသင်းဖေလမ်း၊ ရန်ကုန်၊ ကျေးကမ္ဘာလုံး ခြူးပုံအမှတ်တံဆိပ်၊ ဖြန့်ချိရေးဌာန၊ ၃၃၀-ဘီ၊ သိမ်ကြီးဈေး ၊ရန်ကုန်။

၁၄။ ဆန်းသစ်လှ ဆေးဆိုးပန်းရိုက်ဌာန၊ မြေနံပါတ် ၂၁၊ သက်န်းကျွန်းလမ်း၊ ရန်ကုန်၊ တခိုင်လုံးစိန် အမှတ်တံဆိပ်။

၁၅။ လှလှဝင်း ဆေးဆိုးပန်းရိုက်ဌာန၊ အမှတ် ၂၀၉၊ ရှမ်းလမ်း၊ စမ်းချောင်း၊ ရန်ကုန်၊ ကျားခေါင်း အမှတ်တံဆိပ်။

၁၆။ ကျားခေါင်း ဆေးဆိုးပန်းရိုက်အလုပ်ရုံ၊ လုပ်ခွင်ရှိပ်သာ ဇမ္ဗူအေးလမ်း၊ ရန်ကုန်၊ အုပ်ချုပ်သူ ဦးမင်းဆွေ။

၁၇။ စန်းညွန့်ဝေ-ဆေးဆိုးပန်းရိုက် ကုမ္ပဏီ၊ အမှတ်၁၆၈၊ ဝါယာလက် ၂ လမ်း၊ ရေကူးရွာ၊ ပင်ရင်းဌာန၊ နံပါတ် ၃၃၇၊ လမ်းမတော်သံဈေး ရန်ကုန်၊ ကျားပုံအမှတ်တံဆိပ်။

၁၈။ ရွှေငါး အမှတ်တံဆိပ်၊ ဦးချစ်ယုံ။

၁၉။ ရွှေနဂါး ဆေးဆိုးပန်းရိုက်၊ ဖြန့်ဖြူးရေးဌာန၊ အမှတ် ၂၆၈၊ သံဈေး၊ ရန်ကုန်၊ ရွှေနဂါး အမှတ်တံဆိပ်။

၂၀။ ဝမ်းဒါး အထည်ဆေးဆိုးပန်းရိုက် အလုပ်ဌာန၊ စမ္ပာသုခကျောင်းလမ်း၊ မယ်စီကုန်း ကမာရွတ်၊ ရွှေကြာ အမှတ်တံဆိပ်။

၂၁။ ပရင်းတက်(စ်) အထည်ဆေးဆိုးပန်းရိုက် အလုပ်ရုံ၊ အမှတ် ၈၇၊ ဗဟိုရုံကြီး ဗိုလ်ချုပ်ဈေး၊ ရန်ကုန်၊ အလုပ်ရုံ သုမေ္ဓာလမ်း၊ ကန်ဘဲ၊ ရွှေဆင်ခေါင်းအမှတ်တံဆိပ်။

၂၂။ ဦးပေါ်နှင့် ညီများကုမ္ပဏီ၊ အထည်ဆေးဆိုးပန်းရိုက်နှင့် သက်န်းပဝိုကျာ ရာဖြန့်ဖြူးရေး၊ အမှတ် ၁၁၃၊ ကြည့်မြင်တိုင်အောက်လမ်း၊ ရန်ကုန်၊ ဇာမဏီအမှတ်တံဆိပ်။

၂၃။ ခေတ်သစ် စက်ရက်ကန်းဆေးဆိုးပန်းရိုက်ဌာန၊ အမှတ် ၆၊ ပါတ်လမ်း၊ ကုက္ကိုင်း၊ ရန်ကုန်၊ အုပ်ချုပ်သူ ဦးအေး၊ စစ်ဗိုလ်နှစ်ယောက်အမှတ်တံဆိပ်။

နောက်ဆက်တွဲ ၇

ရန်ကုန်မြို့ရှိ စွပ်ကျယ်စက်များ [၁]

၁။ နဂါးနီ စွပ်ကျယ်စက်၊ မာလကာခြံ၊ ကမာရွတ်၊ (ဒေးနှင့်ကုမ္ပဏီ) အမှတ် ၁၂၄၊ ၁၂၆၊ ရွှေတိဂုံဘုရားလမ်း။

၂။ အုန်းနှင်းကြည် စွပ်ကျယ်စက်၊ အမှတ် ၁၆၁၊ ရန်ကုန်အင်းစိန်လမ်း၊ ကမာရွတ်။

၃။ မင်းရှင် စွပ်ကျယ်စက်၊ အမှတ် ၂၉၊ အင္ဂလိယာလမ်း၊ ကမာရွတ်။

၄။ မေဗယား စက်မှုလက်မှုလုပ်ငန်း၊ ဘူတာရုံလမ်း၊ အုတ်ကျင်း၊ သမိုင်း။

၅။ ရွှေသမင် စွပ်ကျယ်စက်၊ အမှတ် ၁၀၁၊ ၅၀ လမ်း၊ ကမာရွတ်။

၆။ ခူခါကြယ် စွပ်ကျယ်စက်၊ အမှတ် ၃၅၊ ၅၆ လမ်း၊ ကမာရွတ်။

၇။ ဟိုပင် စွပ်ကျယ်စက်၊ အမှတ် ၈၃၊ သက်န်းကျွန်းလမ်း၊ တာမွေလေး၊ ရန်ကုန်။

၈။ လူထု စွပ်ကျယ်စက်၊ လမ်းသစ်လမ်း၊ အင်းစိန်။

၉။ ဗျုန်ဟင်း စွပ်ကျယ်စက်။ အမှတ် ၁၄၁၊ အင်းစိန်လမ်း၊ ကမာရွတ်။

၁၀။ လက်ချိုး စွပ်ကျယ်စက်၊ အမှတ် ၁၆၉၊ အင်းစိန်လမ်း၊ ကမာရွတ်။

၁၁။ မဝင်းကြည် စွပ်ကျယ်စက်၊ အမှတ် ၁၆၉၊ အင်းစိန်လမ်း၊ ကမာရွတ်။

၁၂။ ရန်ကုန်စွပ်ကျယ်စက်၊ အမှတ် ၆၅၊ ကုန်စျေးတန်း၊ ရန်ကုန်မြို့။

၁၃။ ဝိန်ကင်း စွပ်ကျယ်စက်၊ အမှတ် ၁၄၇၊ ဒေး၊ အင်းစိန်လမ်း၊ ကမာရွတ်။

၁၄။ စံယူ စွပ်ကျယ်စက်၊ အမှတ် ၁၃၂၊ အင်းစိန်လမ်း၊ ကမာရွတ်။

၁၅။ ဗမာ့အေး စွပ်ကျယ်စက်၊ အမှတ် ၇၊ (က) ဘူတာရုံလမ်း၊ သမိုင်း။

၁၆။ စိန်ဟင်း စွပ်ကျယ်စက်၊ အမှတ် ၁၂၄၊ ကိုဟင်လမ်း၊ ကြို့ကုန်း၊ အင်းစိန်။

၁၇။ ဝီလင်း စွပ်ကျယ်စက်၊ အမှတ် ၁၀၇၊ ဆူလေမန်လမ်း၊ ကံဘဲ့။

၁၈။ ခင်မောင် စက်မှုလက်မှုလုပ်ငန်း၊ အမှတ် ၁၀၊ သုခရိပ်သာ၊ ကမာရွတ်၊ ရန်ကုန်။

၁၉။ ချုန်ချွန်းချုန် စွပ်ကျယ်စက်၊ အမှတ် ၁၀၊ လတ္တာလမ်း၊ ရန်ကုန်မြို့။

၂၀။ သိန်းညီနောင် စက်မှုလက်မှု၊ အမှတ် ၄၅၊ ၆ လမ်း၊ ရန်ကုန်မြို့။

၂၁။ ထွန်းဝေ စွပ်ကျယ်စက်၊ အမှတ် ၁၄၊ ဘလုပ်လမ်း၊ ထီးတန်း၊ ကြည့်မြင်တိုင်။

၂၂။ တင်ရွှေဝင်း စွပ်ကျယ်စက်၊ အမှတ် ၁၁၊ ၅၀ လမ်း၊ ဆပ်သွားကုန်း၊ ကမာရွတ်။

၂၃။ သိန်းမောင် စက်မှုလက်မှု၊ အမှတ် ၁၂၃၊ ဘူတာရုံလမ်း၊ ကမာရွတ်။

၂၄။ ကေကျင် စွပ်ကျယ်စက်၊ အမှတ် ၃၀၊ ဘူတာရုံလမ်း၊ သမိုင်း။

၁။ မြန်မာပြည်ကုန်သွယ်ရေးနှင့် စက်မှုလက်မှုလမ်းညွှန် (၁၉၆၀ - ၆၁)

၂၅။ လျှန်စွမ်း စွပ်ကျယ်စက်၊ အမှတ် ၁၆၉၊ ၁၁ လမ်း၊ ကမာရွတ်။
၂၆။ တံယာ စွပ်ကျယ်စက်၊ အမှတ် ၁၀၁၊ ဘုတာရုံလမ်း၊ သမိုင်း။
၂၇။ ကျွဲမှာညီနောင် စွပ်ကျယ်စက်၊ အမှတ် ၁၀၄၊ ကြို့ကုန်းလမ်း၊ ကမာရွတ်။
၂၈။ တိုင်တီ စွပ်ကျယ်စက်၊ အမှတ် ၂၂၊ အင်းစိန်လမ်း၊ သမိုင်း။
၂၉။ ငြိမ်းချမ်းရေး စွပ်ကျယ်စက်၊ အမှတ် ၁၄၁၊ အင်းစိန်လမ်း၊ ကမာရွတ်။
၃၀။ စိန်ကြိုင် စွပ်ကျယ်စက်၊ အမှတ် ၂၄၊ ဘူတာရုံလမ်း၊ သမိုင်း။
၃၁။ ဝိုင်ချမ်း စွပ်ကျယ်စက်၊ အမှတ် ၂၂၊ အင်းစိန်လမ်း၊ သမိုင်း။
၃၂။ ဦးထွန်းရှိန် စွပ်ကျယ်စက်၊ အမှတ် ၄၇၊ ဦးဘဟန်လမ်း၊ သမိုင်း။
၃၃။ ဒွိရဲဘော် စွပ်ကျယ်စက်၊ အမှတ် ၆၀၊ လုပ်ခွင်ရိပ်သာ၊ ၂ လမ်း၊ ကုက္ကိုင်းလမ်း။
၃၄။ တာစိန် စွပ်ကျယ်စက်၊ အမှတ် ၃၃၊ ၆၀ လမ်း၊ ကမာရွတ်။
၃၅။ မယ်ညို စွပ်ကျယ်စက်။
၃၆။ တိုးတက်ရေး စွပ်ကျယ်စက်၊ အမှတ် ၃၆၂၊ ဘိုးလိမ်းလမ်း၊ ကျောက်မြောင်း။
၃၇။ ရွှေပြည်စိုး စွပ်ကျယ်စက်၊ အမှတ် (၇၁၆၊ ၇၂၀) ကန်သည်လမ်း၊ ရန်ကုန်မြို့။
၃၈။ ဟောင်ကောင်း စွပ်ကျယ်စက်၊ အမှတ် ၁၄၁၊ အင်းစိန်လမ်း၊ ကမာရွတ်။
၃၉။ ရွှေသိန်း စွပ်ကျယ်စက်၊ အမှတ် ၁၀၀၊ မာလကာခြံလမ်း၊ ကမာရွတ်။
၄၀။ ကြီးစိန် စွပ်ကျယ်စက်၊ အမှတ် ၁၊ ဈေးသစ်လမ်း၊ ကွမ်းခြံမြောက်ပိုင်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
၄၁။ ရွှေဟသာ စွပ်ကျယ်စက်၊ အမှတ် ၆၄၅၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။
၄၂။ အောင်ချမ်းသာ စွပ်ကျယ်စက်၊ အမှတ် (၂၉-ဂျီ) လမ်း ၆၀၊ ဆပ်သွားကုန်း၊ ကမာရွတ်။
၄၃။ အောင်၊ နစ်တင်ဝပ်ခ်၊ အမှတ် ၅၅၊ ၁၂ လမ်း၊ ရန်ကုန်မြို့။
၄၄။ စိန်အိုးစည် စွပ်ကျယ်စက်၊ အမှတ် ၁၄၃၊ ၃ လမ်း၊ ကမာရွတ်။
၄၅။ ယုန်ကိုက်တက် စွပ်ကျယ်စက်၊ အမှတ် ၁၅၊ လင့်ခ်လမ်း၊ သမိုင်း။ ၃၇ လမ်း၊ ကုန်ဈေးတန်း၊ ရန်ကုန်မြို့။
၄၆။ အရှေ့တိုင်း စွပ်ကျယ်စက်၊ အမှတ် ၂၅၊၂၇၊ ပါတ်ကလိန်း၊ ကုက္ကိုင်း၊ ရန်ကုန်မြို့။
၄၇။ ဟုတ်ချောင်းစွပ်ကျယ်စက်၊ အမှတ် ၂၅၊ ၂၇၊ ပါတ်ကလိန်း၊ ကုက္ကိုင်း၊ ရန်ကုန်မြို့။
၄၈။ ဗမာသစ်စွပ်ကျယ်စက်၊ အမှတ် ၂၄၊ ရွာသစ်၊ အင်းစိန်။
၄၉။ ဟင်လီစွပ်ကျယ်စက်၊ အမှတ် ၈၈၊ လှိုင်မြစ်လမ်း၊ ကမာရွတ်။
၅၀။ မြန်မာညွန့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း၊ အမှတ် ၁၆၈၊၅၄ လမ်း၊ကမာရွတ်။
၅၁။ ကံထွန်းစွပ်ကျယ်စက်၊ အမှတ် ၁၂၊ အေ - ကုက္ကိုင်း အဲဗင်းနယား၊ ရန်ကုန်။
၅၂။ ဟွာမိုစွပ်ကျယ်စက်၊ အမှတ် ၁၀၁၊ လေးဒေါင့်ကန်လမ်း၊ သင်္ဃန်းကျွန်း။

၅၃။ ကင်းလုံစွပ်ကျယ်စက်၊ အမှတ် ၁၂၅၊ အင်းစိန်လမ်း၊ ကမာရွတ်။
၅၄။ ရွှေစကြာစက်မှုလက်မှုကုမ္ပဏီ၊ အမှတ် ၁၂၆၊ အင်းစိန်လမ်း၊ ကမာရွတ်။
၅၅။ ရွှေဂုန်စွပ်ကျယ်စက်၊ အမှတ် ၇၂၊ ဘူတာရုံလမ်း၊ သမိုင်း။
၅၆။ ဗမာ့စွပ်ကျယ် ချည်မျှင်နှင့်အထည်စက်၊ ၆ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
၇၀၁၊ ကုန်သည်လမ်း၊ ရန်ကုန်။
၅၇။ ပြည်တော်အေး စွပ်ကျယ်စက်၊ အမှတ် ၂၇၉၊ အောက်ပုဇွန်တောင်လမ်း၊ ရန်ကုန်။
၅၈။ စိန်ဟုန်းစွပ်ကျယ်စက်၊ အမှတ် ၆၀၊ စက်ရုံလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။
၅၉။ ဆန်းဆန်းစွပ်ကျယ်စက်၊ အမှတ် ၂၁၊ ဦးဘဟန်လမ်း၊ သင်္ဃန်းကျွန်း။
၆၀။ ပိုဒါစွပ်ကျယ်စက်၊ လင့်လမ်း၊ သမိုင်း။အမှတ် ၆၉၂၊ကုန်သည်လမ်း၊ရန်ကုန်မြို့။
၆၁။ မျိုးချစ်စွပ်ကျယ်စက်၊ အမှတ် ၇၉၊ မြောက်ဥက္ကလာပလမ်း၊ ရန်ကုန်။
၆၂။ ဂရင်း စွပ်ကျယ်စက်၊ အမှတ် ၂၀၆၊ အင်းစိန်လမ်း၊ ကမာရွတ်။
၆၃။ ပြည်ထောင်စု စွပ်ကျယ်စက်၊ အမှတ် ၂၊ ဦးထွန်းငြိမ်းလမ်း၊ ချောင်တွင်းကုန်း။
၆၄။ ဒေါ်သိန်း စက်မှုလက်မှု၊ အမှတ် ၂၃၀၊ မဂိုလမ်း၊ ရန်ကုန်။ အမှတ် ၂၅၆၊ ဦးအုန်းခိုင်လမ်း၊ ရန်ကုန်။
၆၅။ ကောင်းလွန်စွပ်ကျယ်စက်၊ အမှတ် ၄၄၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။
၆၆။ ဒေါ်စိန်စွပ်ကျယ်စက်နှင့် မျက်နှာသုတ်ပဝါစက်၊ အမှတ် ၁၂၄၊ အင်းစိန်လမ်း၊ ကမာရွတ်၊ ရန်ကုန်။
၆၇။ ယုဇန်းစွပ်ကျယ်စက်၊ အမှတ် ၁၄၇၊ ကိုဟင်းလမ်း၊ ကြို့ကုန်း၊ ရန်ကုန်မြို့။
၆၈။ စင်စင်စွပ်ကျယ်စက်၊ အမှတ် ၂၉၊ လက်ခုတ်ပင်လမ်း၊ ကမာရွတ်။
၆၉။ သိန်း-စက်မှုလက်မှုလုပ်ငန်း၊ အမှတ် ၁၅၊ ယင်းတိုက်လမ်း၊ ဝိုက်ဟော၊ ကြည့်မြင်တိုင်။
၇၀။ လေးကျင်စွပ်ကျယ်စက်၊အမှတ် ၁၀၁ စီ၊ ၅၈ လမ်း၊ ဆပ်သွားကုန်း၊ ကမာရွတ်။
၇၁။ အိန်အန်းအိမ်ဘွင်းစက်မှုလက်မှု၊အမှတ် ၇၂၊ ၅၇ လမ်း၊ဆပ်သွားကုန်း၊ ကမာရွတ်။
၇၂။ ချောတာရေး စွပ်ကျယ်စက်၊ အမှတ် ၁၂၃၊ အင်းစိန်လမ်း၊ ကမာရွတ်။
၇၃။ ရွှေနှင်းဆီ စွပ်ကျယ်စက်၊ အမှတ် ၁၂၄၊ အင်းစိန်လမ်း၊ ကမာရွတ်။
၇၄။ မီလန်စွပ်ကျယ်စက်၊ အမှတ် ၁၂၄။ စမ်းချောင်းလမ်း၊ ရန်ကုန်မြို့။
၇၅။ ပြည်တော်သာ စွပ်ကျယ်စက်၊ အမှတ် ၂၅၊ ချာချိရိပ်သာ ဗဟန်း၊ ရန်ကုန်မြို့။

နောက်ဆက်တွဲ ဂ

အလှကုန် ထုတ်လုပ်ရေး လုပ်ငန်းရှင်များစာရင်း
ဗမာပြည် အလှကုန် ထုတ်လုပ်ရေးအဖွဲ့ဝင်များပိုင်

အမည်	ထုတ်လုပ်နေသောပစ္စည်းများ			
၁။ ပုလဲ	ကော့စမတ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၂။ ဝန်းဂိုက်	ကော့စမတ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၃။ မောင့်ဂုဏ်ရည်	ကော့စမတ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၄။ မောင့်ကေသီ	ကော့စမတ်	ဘယ်ဆလင်		
၅။ ချဲလင်	ကော့စမတ်	ဘယ်ဆလင်		
၆။ ဘလက်အင်ဂိုက်	ကော့စမတ်	ဘယ်ဆလင်		
၇။ ရွှေမြင်း	ကော့စမတ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၈။ လှဝင်းကြည်	ကော့စမတ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၉။ ရွှေနန်းတော်		ဘယ်ဆလင်		
၁၀။ ပါဝါ	ကော့စမတ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၁၁။ မာလာနွယ်	ကော့စမတ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၁၂။ ဗြိတိန်နီးယား	ကော့စမတ်	ဘယ်ဆလင်		
၁၃။ အာရှ	ကော့စမတ်	ဘယ်ဆလင်		
၁၄။ လူထု	ကော့စမတ်	ဘယ်ဆလင်		
၁၅။ စတား	ကော့စမတ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၁၆။ ကျား	ကော့စမတ်	ဘယ်ဆလင်		
၁၇။ ပွင့်ပိုင်		ဘယ်ဆလင်		
၁၈။ ရွှေဒင်္ဂါး	ကော့စမတ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၁၉။ စိန်ယာ	ကော့စမတ်	ဘယ်ဆလင်		
၂၀။ ပပဝင်း	ကော့စမတ်	ဘယ်ဆလင်		
၂၁။ အိုကေ....	ကော့စမတ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၂၂။ စတိုင်လို	ကော့စမတ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၂၃။ ရှိုင်ရယ်	ကော့စမတ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၂၄။ မောင့်နှံ့သာတောင့်	ကော့စမတ်	ဘယ်ဆလင်		
၂၅။ မှုပန်	ကော့စမတ်	ဘယ်ဆလင်		

အမည်	ထုတ်လုပ်နေသောပစ္စည်းများ			
၂၆။ အိုဒိယ....	ကော့စမတစ်	ဘယ်ဆလင်		
၂၇။ သိန်း	ကော့စမတစ်	ဘယ်ဆလင်		
၂၈။ ငွေသိန်း	ကော့စမတစ်	ဘယ်ဆလင်		
၂၉။ ဆန်းနိုး	ကော့စမတစ်	ဘယ်ဆလင်		
၃၀။ ရဲဘော်	ကော့စမတစ်	ဘယ်ဆလင်		
၃၁။ စပါယ်ညွန့်	ကော့စမတစ်	ဘယ်ဆလင်		
၃၂။ ချစ်စရာ	ကော့စမတစ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၃၃။ ရွှေ	ကော့စမတစ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၃၄။ လင်းရောင်ကြည်	ကော့စမတစ်	ဘယ်ဆလင်		
၃၅။ ရိုဂဲလ်	ကော့စမတစ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၃၆။ သင်းကြူကြူ	ကော့စမတစ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၃၇။ အိုလံပစ်	ဆပ်ပြာ	ဘယ်ဆလင်		
၃၈။ နွဲ့	ကော့စမတစ်	ဘယ်ဆလင်		
၃၉။ ချစ်သက်ဝေ	ကော့စမတစ်	ဘယ်ဆလင်		
၄၀။ နှစ်ပါးကြည်		ဘယ်ဆလင်		
၄၁။ ချစ်စနိုး	ကော့စမတစ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၄၂။ ပျိုဂုဏ်ရည်	ကော့စမတစ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၄၃။ ပန်းဝတ်မှုံ	ကော့စမတစ်	ဘယ်ဆလင်		
၄၄။ ကိုဒီ	ကော့စမတစ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၄၅။ မြူတီ	ကော့စမတစ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၄၆။ တစ်သုံးလုံး	ကော့စမတစ်	ဘယ်ဆလင်	ပေါင်ဒါ	မျက်နှာချေ
၄၇။ သရဖူ	ကော့စမတစ်			
၄၈။ ငွေဒင်္ဂါးဘုရင်	ကော့စမတစ်			
၄၉။ ဝ်န်းတပွင့်		ဘယ်ဆလင်		
၅၀။ မွှေးမွှေး		ဘယ်ဆလင်		
၅၁။ လူပျိုဘုရင်		ဘယ်ဆလင်		

အလှကုန်ထုတ်လုပ်ရေးလုပ်ငန်းရှင်များစာရင်း

အဖွဲ့ဝင် မဟုတ်သေးသော သူများပိုင်

အမည်		ထုတ်လုပ်နေသောပစ္စည်းများ		
၁။ ဆိုရှယ်....	....	ဘယ်ဆလင်		
၂။ ချစ်ဂုဏ်ရည်	....	ဘယ်ဆလင်		
၃။ မြင့်ဂုဏ်ရည်	....	ဘယ်ဆလင်		
၄။ ရွှေဖူးစာ	....	ဘယ်ဆလင်		
၅။ ချစ်ပန်းဝေဝေ	....	ဘယ်ဆလင်		
၆။ မာစတာ	....	ဘယ်ဆလင်		
၇။ လှဆန်းကြည်	....	ဘယ်ဆလင်		
၈။ မျှားနတ်မောင်	....	ဘယ်ဆလင်		
၉။ ချစ်ပန်းနွယ်	....	ဘယ်ဆလင်		
၁၀။ မြစိမ်းရောင်	....	ဘယ်ဆလင်		
၁၁။ ရွှေမျက်နှာ	....	ဘယ်ဆလင်		
၁၂။ မြသီတာ	....	ဘယ်ဆလင်		
၁၃။ ဝင်း	.... ကော့စမတစ်		ပေါင်ဒါ	မျက်နှာချေ
၁၄။ ပန်းသစ္စာ	....	ဘယ်ဆလင်		
၁၅။ ချောတာရေး	....	ဘယ်ဆလင်		
၁၆။ သက်ဝေ	....	ဘယ်ဆလင်		
၁၇။ ချစ်လွန်းလို့	....	ဘယ်ဆလင်		
၁၈။ ခိုင်သဇင်	....	ဘယ်ဆလင်		
၁၉။ ဝိုကြက်စတား	....	ဘယ်ဆလင်		
၂၀။ ဟာလို	....	ဘယ်ဆလင်		
၂၁။ လပ်ဇူးမီးရှိုး	.... ကော့စမတစ်			
၂၂။ မောင်ဒီ	.... ကော့စမတစ်			
၂၃။ ရွှေနှင်းဆီ	.... ကော့စမတစ်			
၂၄။ ချစ်ပန်းဝေ	.... ကော့စမတစ်			
၂၅။ ရွှေဗမာ	.... ကော့စမတစ်			

နောက်ဆက်တွဲ (၉)

ပြည်တွင်းဖြစ်သံဖြူပုံးထုတ်လုပ်သူများ[၁]

၁။ ပွင့်ကောင်းနှင့်ညီများ၊ ၇၀-၈၀၊ ၉ လမ်း၊ ရန်ကုန်မြို့။
၂။ အမျိုးသား သံပုံးစက်၊ ၈၀၇၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။
၃။ ရန်ကုန်သံပုံးစက်၊ ၁၅၊ ၁၅ လမ်း၊ ရန်ကုန်မြို့။
၄။ ဒဂုန်သံပုံးစက်၊ ၃၇၆ ကမ်းနားလမ်း၊ ရန်ကုန်မြို့။
၅။ လူထုသံပုံးစက်၊ ၃၀-၃၄၊ လမ်းမတော် ရန်ကုန်မြို့။
၆။ ပြည့်တော်သာ သံပုံးစက်၊ ပဏ္ဍိတလမ်း၊ ကမာရွတ်။
၇။ ရွှေကျွန်းကုမ္ပဏီ၊ ၁၅-၁၇၊ ၁၄-လမ်း၊ ရန်ကုန်မြို့။
၈။ ရွှေကြယ်သံပုံးစက်၊ ၉၄၊ လှည်းတန်း၊ ရန်ကုန်မြို့။
၉။ တက်လူစက်မှုလက်မှု ကုမ္ပဏီ သံပုံးစက်၊ ၃၇၊ မောင်ခိုင်လမ်း၊ ရန်ကုန်မြို့။
၁၀။ ငွေဇင်ယော် သံပုံးစက်၊ ၇၃၄၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
၁၁။ ရွှေမန်း ရောင်းဝယ်ရေးကုမ္ပဏီ၊ ၄၉၊ ၃၂ လမ်း၊ ရန်ကုန်မြို့။
၁၂။ ရှိန်စက်မှုလက်မှုလုပ်ငန်း၊ ၁၀၀၊ ၃၄ လမ်း၊ ရန်ကုန်မြို့။
၁၃။ ဦးမွန်းအောင် ကုမ္ပဏီ လီမိတက်၊ ၄၅၊ ၉ လမ်း၊ ရန်ကုန်မြို့။
၁၄။ စီးပွားရေးသမားများ ကော်ပိုရေးရှင်း လီမိတက်၊ ၁၅၊ ၉ လမ်း၊ ရန်ကုန်မြို့။
၁၅။ မြန်မာ့စက်မှုလက်မှု တိုးတက်ရေး အလုပ်ရုံ၊ ၄၃-ရွှေလှိုင်လမ်း၊ ကြည့်မြင်တိုင်။
၁၆။ မြန်မာပြည် သံပုံးစက်၊ ၈၉ အင်းစိန်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့။
၁၇။ ဖြန့်ဝှာကုမ္ပဏီ၊ ပဲခူးမြို့၊ ၃၃ လမ်း၊ တောင်ငူလမ်းဆောင့်။
၁၈။ ရောဝတီကော်မာရှယ် ကော်ပိုရေးရှင်း၊ ၁၈၆၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
၁၉။ မောင်ဗမာ သံပုံးစက်၊ ၅၄၊ ကိုင်းတန်းလမ်း၊ ရန်ကုန်မြို့။
၂၀။ ရွှေဗျိုင်း သံပုံးစက်၊ ၁၆၊ မြေနီလမ်း၊ ဗျိုင်းရေအိုးစင်ရပ်၊ တာမွေ။
၂၁။ ဦးရွှေဝင်း သံပုံးစက်၊ ၂၅၄၊ ကျိုက္ကဆံလမ်း၊ တာမွေ။
၂၂။ တီ-စီ-စီ ဆီထုတ်လုပ်ရေးလုပ်ငန်း၊ ၅၀၁/၅၀၃၊ ပြည်လမ်း၊ ရန်ကုန်မြို့။
၂၃။ ဦးပု ဘီစကွတ်စက်ရုံ၊ ၁၁၉၊ ၃၄ လမ်း၊ ရန်ကုန်မြို့။

၁။ မြန်မာပြည်ကုန်သွယ်ရေးနှင့် စက်မှုလက်မှုလမ်းညွှန် (၁၉၆၀-၆၁)

နောက်ဆက်တွဲ (၁၀)

ပြည်တွင်းဖြစ်သွပ်ရေပုံး ထုတ်လုပ်သူများစာရင်း[၁]

၁။ ဦးဘချင်ကုမ္ပဏီ၊ ၃၆၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေ၊ ရန်ကုန်။
၂။ ယူနိုက်တက်ဘားမား ရေပုံးလုပ်ငန်း၊ ၆၄၀၊ ကုန်သည်လမ်း၊ ရန်ကုန်။
၃။ ဦးဘချင်နှင့်သားများ၊ ၃၃၊ မဂျစ်လမ်း၊ တာမွေ။
၄။ ထွန်းဇေဆွေအင်ကုမ္ပဏီ၊ ၁၃၊ လေးထောင့်ကန်လမ်း၊ သင်္ကန်းကျွန်း။
၅။ ပြည်ထောင်စု သွပ်ရေပုံးအလုပ်ရုံ၊ ၉၅၊ တာမွေလမ်း၊ ရန်ကုန်။
၆။ မောင်ဟန် ရေပုံးလုပ်ငန်း၊ ၂၉၁၊ ဘိုလိမ်းလမ်း၊ ရန်ကုန်။
၇။ ရွှေဒင်္ဂါးရေပုံးအလုပ်ရုံ၊ ၂၆၊ ဗိုလ်ဗထူးလမ်း၊ အရှေ့ရွှေဂုံတိုင်လမ်း။
၈။ စိန်တံဆိပ် ရေပုံးလုပ်ငန်း၊ အမှတ် ၇၊ ဗိုလ်ဗထူးလမ်း၊ အရှေ့ရွှေဂုံတိုင်လမ်း။
၉။ မောင်စိန်ဟန်၊ ရေပုံးလုပ်ငန်း ၅၀၈၊ ကုလားဈေး၊ မာန်အောင်ကွက်သစ်၊ တာမွေလေး။
၁၀။ ဦးထွန်းရီ ရေပုံးအလုပ်ရုံ၊ ၁၀၁၊ ဂုံဆာလာလမ်း၊ ဘောက်ထော်။
၁၁။ မိုဒန်မီတယ်ဝပ်၊ အမှတ် ၄၊ လွတ်လပ်ရေးလမ်း၊ သင်္ကန်းကျွန်း။
၁၂။ အင်ဒိုဘားမား ရေပုံးလုပ်ငန်း၊ ၄၀၄၊ ၂၆ လမ်း၊ ရန်ကုန်။
၁၃။ ဘားမား-ဘားကာဝပ်၊ ၂၉၃၊ အထက်ပုဇွန်တောင်။
၁၄။ နဂါးတံဆိပ် ရေပုံးလုပ်ငန်း၊ ၂၃၆၊ ဘိုလိမ်းလမ်း၊ ရန်ကုန်။
၁၅။ ဗမာပြည် သေတ္တာနှင့် ရေပုံးလုပ်ငန်း၊ ကျောက်ဖူးကုန်းရပ်၊ ပဲခူးမြို့။
၁၆။ ပြည်တော်ညွန့် ကုမ္ပဏီ၊ ၂ လမ်း၊ ပြည်တော်သာကွက်သစ်၊ ပဲခူးမြို့။

၁။ မြန်မာပြည်ကုန်သွယ်ရေးနှင့် စက်မှုလက်မှုလမ်းညွှန် (၁၉၆၀-၆၁)

နောက်ဆက်တွဲ (၁၁)

စက်မှုသွင်းကုန် လိုင်စင်ရသူများ [၁]

INDUSTRIAL IMPORT LICENCES

Agricultural Implement Industry

1. Daw Aye Khin,
   40, Municipal Bazaar Road,
   Kemmendine.

Furniture & Fixture Manufacturing
(Steel Safe Only)

1. Burma Steel Safe
   Manufacturing Co.,
   201/203, Mg Taulay Street.
2. Mg Kyaw Industries & Steel
   Safe Works.
   32, Station Road, Thamaing.
3. Ba Kyaw Steel Works,
   13, Jamal Avenue, Bahan.

Miscellaneous N.ES. Industries

1. Mya Than Bros,
   Sadlery Works,
   9, Me-Oh-Dan, Manadalay.
2. Mya:Tin Sadlery Works,
   2, Me-Oh-Dan, Aung Mye Tha Zan,
   Mandalay.
3. Khit Tun & Bros,
   91, White Hall Qr. Kokku Street,
   Kemmendine.
4. Aye Bros, Co.,
   72, Bogyoke Street.

Manufacture of Earth Powder (White Yellow & Red Colour) Industry

1. U Sa & Co.
   Main Road, Yamethin.

Gas Mantle Works

1. Union Gas Mantle Factory,
   108, 16th Street.
2. The Blow Lamp Mantle Works,
   13, U Pe Thin Road, Thingangyun.

Warp Knitting Industry

1. Burma Nylon Textile Mills,
   96, 48th Street.

Glass & Glass Products Industry

1. Okkyin Glass Works.
   112, Ahthawka Road, Okkyin.
2. Kyin Wan Cottage Industries,
   152, Yogi Kyaung Lan,
   Kamayut.

၁။ မြန်မာပြည် ကုန်သွယ်ရေးနှင့် စက်မှုလက်မှု လမ်းညွှန် (၁၉၆၀-၆၁)

Cotton Rayon Weaving Industry.

1. Meikta Bala Weaving Factory, 91, Tamwe Road.

Embroidering Industry

1. Nan Nyunt Kethi Co., 124, 46th Street.
2. Ma San Kyaw Khine 33, Edward Street.

Machinery

1. Htun Myint Trading Co., 42, Lather Street.
2. Yu Yin & Sons Co., 35/7, Shwedagon Pagoda Road.
3. U Shwin, Aung Mingala Cotton Mill, Zeyar Road, Sagaing.
4. The Burma Rubber & General Trading Co., Ltd. 135, Mg Khine Street.
5. U Hla Din & Sons, 299/301, Phayre Street.
6. Daw Saw, 214, Lower Kemmendine Road.
7. Burma Chrome Leather Co., 307/11, Mg Taulay Street.
8. Daw Tin Tin, The Burmese Paper Mart, 84th Street, Mandalay.
9. Shamie Confectionery, 458/60, Maha Bandoola Street.
10. U Tha Yin, Sole Proprietor, The Modernised Industrial Work Shop, 100, Morton Street.
11. Golden Hawk Enamelwire Work Ltd. 162, Phayre Street.
12. The Prachi Prakash 65/9, 31st Street.
13. Shwe Naga Button Factory, 185, Phayre Street.
14. Burma Tobacco Co. 30, Strand Road.
15. U Mu, Khit Thit Pwe Yon, Kandawgyi, Monywa.
16. Swan Hone & Co., 12, China Road, Bassein.
17. Shwe Thein Rice Mill Sitkwin, C/o .9, Oliphant Street.
18. Burma Oxygen Ltd. 5, Monkey Point Road.
19. Daw Pwa Thin & Sons, Black Dragon Trade Mark Weaving Factory Amarapura.
20. Mg Nu Bros Engineering Works, 3, Bazaar Street, Lower Pazundaung.
21. Diamond Mineral Works, 117, Keighly Street.
22. U Han Tin, 147 (a), Suburban Road.
23. U Hoke Bee (a) U Aye Mg, 49, Oliphant Street.
24. U Kyin Kee, 48th Street, No. 1, Qr, Thaketa.
25. U Wan Hlaing, 16, 18th Street.
26. U Mg Thaung, Ship Dockyard Work Shop, 51, Wellu Thinbawgyin, Bassein.
27. Thein Gyi Yaung Burmese Plastic Industry, 186, Bogyoke Street.
28. The Burmese Slipper Manufacturers (Saung Kauk Brand) 80th China Street Mandalay.

29. Win Win Garage, 128/30, Upper Phayre Street.
30. General Oil Mill Ltd. Room No. 19, 1/7, Latter Street.
31. United Industries Ltd., 83rd Merchant Street.
32. Pyidawtha Plastic Welding Works, 166, 33rd Street.
33. The Pilot Pen Co., Burma (1959) Ltd., 666, Merchant Street.
34. The Bombay Burmah Trading Corporation Ltd., 101, Strand Road.
35. Hwa Chu Workshop, 75, Hledan, Kamayut.
36. San Thaw Da Workshop, 69, Rangoon.-Insein Road.
37. Aung Bawga Workshop, 69, Rangoon-Insein Road.
38. Saw Edward Ku, 114, Seminary Lane ,Insein.
39. Taing Yin Waving Factory, Moulmein.
40. The Mirror Press, 398, Bow Lane.
41. Eastern Pak Trading Co., 131, 26th Street.
42. The Burma Rubber & General Industries Ltd., 284, Shwe Bontha Street.
43. U Tun Shein (Shwe Hin Tha) Motor boat Owner c/o. 574, Strand Road.
44. Kanbawza Chemical Industries Co. Ltd., 259, Shwe Bontha Street.

Textile Dyeing (Thingan)

1. U Aung Myint, Daw Yin Po, Nay Nattha Thingan Taik, 33/35, Corner of Tazaunggyi Street, Kemmendine.
2. Ko Ba Sein & Ma Sein Thingan Distribution Centre, 65, Mingala Street, Sanchaung.
3. U Htun Yin, (Globe Brand Thingan House), 5/7, Lower Kemmendine Road.
4. U Kyee Myint, 667, Lower Kemmendine Road.
5. U Mya & Daw Phaw, 100, Ma Kyi Kyi Road, Kemmendine.
6. U San Aung, 3, Hteedan, Kemmendine.
7. The Shwe Hintha Thingan House, 641, Padindan, Kemmendine.
8. U Thein - Daw Pu, Galon Brand Thingan Manufacturers, 49/51, Upper Kemmendine Road.
9. U Thwe Thingan Parikhya Shop, 61, Htanar Street, Kemmendine.
10. Saw Aung Bros, Daung Set-Kya Thingan, 599, Maha Bandoola Street.
11. Marga Thingan Industry, Eindawya Thingandan, Mandalay.

Textile Printing Frame Works Industry

1. Khin May Than & Co., 80, Ohnbin Street. Kemmendine.

Artificial Flower Making Industry

1. KoKo Gyi Bros, 288, Barr Street.
2. May Thet Bros, 189, Barr Street.
3. Ma Kyin Mya Flower Manufacturing Works, 128, Kyundaw Lan Thit, Kemmendine.

Noodle & Vermicelli Industry

1. Mayawthoung Home Industry, 8, 101st Street.
2. National Industry, 36, 83rd Street, Mandalay.
3. Shwe Nan Daw Noodles Manufacturers, 48, 29th, Street, Manadalay.
4. Myanma Paing Zabu Yadana Kyarzan Factory Muyarbin Qr, Prome.
5. Nyein Chan Yay Noodle Factory, 5, Zaygyi Taung Paw Tan Moulmein.

Beauty Products

1. Hnitparkyi Beauty Products 85, Boundry Road.
2. Mount Style Co., 257, 35th Street.
3. Burma Gon Beauty Products, 59, 6th Street.
4. Myo Tun Syrup & Perfumery Works 47, Latter Street.
5. Mya Yadanar Beauty Products, 59, Vinton Street, Kemmendine.
6. Eastern Industrial 109, Hledan Street.
7. Win Lux & Co., 112, Bolane Road.
8. Rose Mary Beauty Products, 99, 16th Street.
9. Maha Cosmetique Store, 112, 42nd Street.

Manufacturing of Shweechidoe Industry

1. U Ba Din, Daw Daw Khant, Shweechidoe Qr. (A) Road, Mandalay.

Furniture & Fixture

(Steel Furniture & Safe)

1. Lyan Chan Iron Foundry, 132, Room No. 11, Insein Road, Kamayut.

ကျမ်းကိုးစာရင်း

ကုန်သွယ်မှု တိုးတက်ရေး ဝန်ကြီးဌာန	၁၉၅၆ ခုနှစ်မှ ၁၉၅၇ များအတွင်း ထုတ်ပြန်ခဲ့သော သတင်း ကြေညာချက် ပြန်တမ်းနှင့် ညွှန်ကြားချက်၊ ရန်ကုန်
ကုန်သွယ်ရေးဝန်ကြီးဌာန	ဖွဲ့နည်းစက်ဌာနနှင့် ဆောင်ရွက်နေသော လုပ်ငန်းများ၊ ၁၉၈၄
ကျင်ဝမ်	ကျင်ဝမ် စက်မှုလက်မှု ဖန်မြေမှုန်မြေ ကုမ္ပဏီလုပ်ငန်း အစီရင်ခံစာ၊ ၁၉၆၀
ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်း	ပန်းကန်စက်ရုံ အမှတ်(၁)၊ မော်လမြိုင်၊ စက်မှုလုပ်ငန်း သမိုင်း
ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်း	ဘိလပ်မြေ စက်ရုံအမှတ်(၁)၊ သရက်၊ စက်မှုလုပ်ငန်း သမိုင်း
ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်း	မီးခံ ဘိလပ်မြေပြား စက်ရုံ(အလုံ)၊ စက်မှုလုပ်ငန်း သမိုင်း
ကြွေထည်မြေထည်လုပ်ငန်း ကော်ပိုရေးရှင်း	အုတ်စက်ရုံ အမှတ်(၁)၊ ဒညင်းကုန်း၊ စက်မှုလုပ်ငန်း သမိုင်း
ဂုန်လျှော် ပစ္စည်း လုပ်ငန်း ကော်ပိုရေးရှင်း။	မြန်မာ့ဂုန်လျှော်သမိုင်း၊ ၁၉၈၅
	ဂျပန် စစ်လျော်ကြေးနှင့် ဂျပန်-မြန်မာ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု သဘောတူညီချက် (ပြည်ထောင်စု မြန်မာ နိုင်ငံတော် အစိုးရ ပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာန၊ ၁၉၅၅ ခု)
စတာလက	ပိုးချည်စက်ရုံ (မေမြို့)နှင့် ပိုးမွေးမြူရေး လုပ်ငန်းများ အကြောင်းအရာ၊ ၁၉၆၄
စတာလက	ပန်းကန်စက်ရုံ (မော်လမြိုင်) အကြောင်းအရာ၊ ၁၉၆၄
စတာလက	သံမဏိ စက်ရုံ (အင်းစိန်ရွာမ) အကြောင်းအရာ၊ ၁၉၆၄

စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	ဂျုံလုပ်ငန်း၏ စက်ရုံသမိုင်း
စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း စက်မှုသမိုင်း
စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	စီးကရက်စက်ရုံ အမှတ် (၁) ၏ သမိုင်းအကျဉ်းချုပ်
စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း	ဇေယျဝတီသကြားစက်ရုံသမိုင်း
စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း	ထားဝယ်ရေခဲစက်၏ စက်ရုံသမိုင်း
စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	ဒဂုန်ဘီလပ်ရည်နှင့် ရေခဲစက်
စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	ဒါးတန်းရေခဲနှင့်ဘီလပ်ရည်စက် မန္တလေး စက်မှုသမိုင်း
စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	နို့ချက်စက်ရုံ (မေမြို့) သမိုင်း အကျဉ်းချုပ်၊ ၁၉၈၈
စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	ပုသိမ်ရေခဲစက်၏ စက်ရုံသမိုင်း
စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	ပျဉ်းမနားသကြားစက်သမိုင်း၊ ၁၉၈၈
စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	ဖွဲ့စည်းမှုနှင့် ကုန်ထုတ်လုပ်မှုသမိုင်းစဉ်
စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	ဘားအံ ဘီလပ်ရည်နှင့် ရေခဲစက် သမိုင်းအကျဉ်းချုပ်
စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	ဘီယာနှင့် အရက်စက်ရုံ (မန္တလေး) သမိုင်း
စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	မော်လမြိုင်ဘီလပ်ရည်နှင့် ရေခဲစက်၊ စက်ရုံသမိုင်း

စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	မြိတ်ရေခဲစက် သမိုင်းအကျဉ်းချုပ်
စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	ရိုးမ ရေခဲစက်၏ စက်ရုံသမိုင်း
စားသောက်ကုန် လုပ်ငန်း ကော်ပိုရေးရှင်း	လက်ဖက်ခြောက်စက်ရုံ၊ မန္တလေးမြို့၊ ၁၉၈၈
စားသောက်ကုန်လုပ်ငန်း ကော်ပိုရေးရှင်း	အရက်ချက်စက်ရုံအမှတ်(၂) မော်လမြိုင်၊ စက်ရုံ သမိုင်း အကျဉ်းချုပ်
စီးပွားရေးစီမံကိန်းအဖွဲ့	ပြည်ထောင်စု မြန်မာနိုင်ငံတော် စီးပွား တိုးတက်ရေး ၂ နှစ် စီမံကိန်း၊ ရန်ကုန်၊ ၁၉၄၈
စီးပွားရေးအဖွဲ့	စက်မှုလက်မှု လုပ်ငန်းဝါဒ၊ ၁၉၄၉
စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း	စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်း ကော်ပိုရေးရှင်း ,စက်မှု လုပ်ငန်းသမိုင်း၊ ၁၉၈၇
စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း	ဓာတုဗေဒပစ္စည်း စက်ရုံ အမှတ်(၁)
စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း	ဓာတ်ငွေ့ထုတ်လုပ်ရေးစက်ရုံ အမှတ်(၁)
စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း	မီးခြစ်စက်ရုံ အမှတ်(၁) စက်မှုသမိုင်း
စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ကော်ပိုရေးရှင်း	မီးခြစ်စက်ရုံ အမှတ်(၂) စက်မှုသမိုင်း
စက်ပစ္စည်း	စက်ပစ္စည်းစက်ရုံ အမှတ်(၁) သမိုင်း
စက်မှုစီမံကိန်းဦးစီးဌာန	စက်မှုစီမံကိန်းဦးစီးဌာနသမိုင်း၊ ၁၉၈၆
စက်မှုစီမံကိန်းဦးစီးဌာန	ပခုက္ကူ စီးကရက်စက်ရုံ တည်ဆောက်ရေး စီမံကိန်း ဆောင်ရွက်ချက်များ၊ ၁၉၇၀
စက်မှုလက်မှုညွှန်ကြားရေးဝန် ဌာန	စက်မှုလက်မှု ညွှန်ကြားရေးဌာန၏ ၁၉၅၉-၆၀ ခုနှစ်၊ အစီရင်ခံစာ

စက်မှုလက်မှုညွှန်ကြားရေးဝန် ဌာန	စက်မှုလက်မှု သတင်းလွှာ ၃/၅၉ နေ့စွဲ ၂၁-၁၂-၅၉
	စက်မှုလက်မှု သတင်းလွှာ ၂/၆ နေ့စွဲ ၂-၂-၆၀ စက်မှုလက်မှု စာစောင်အတွဲ ၁၊ အမှတ် ၁
	စက်မှုလက်မှု သတင်းလွှာ ၄/၆ နေ့စွဲ ၄-၃-၆၀ စက်မှုလက်မှုစာစောင်အတွဲ ၁၊ အမှတ် ၁
	စက်မှုလက်မှုသတင်းလွှာ ၆/၆၁၊ နေ့စွဲ ၁၄-၃-၆၁ စက်မှုလက်မှုစာစောင် အတွဲ ၁၊ အမှတ် ၁
	စက်မှုလက်မှုသတင်းလွှာ ၉/၆၁၊ နေ့စွဲ ၁၀-၄-၆၁ စက်မှုလက်မှုစာစောင် အတွဲ ၁၊ အမှတ် ၁
စက်မှုလက်မှုညွှန်ကြားရေးဝန် ဌာန	စက်မှုလက်မှုသတင်းလွှာ ၉/၆၁၊ နေ့စွဲ ၂၆-၄-၆၁ စက်မှုလက်မှုစာစောင် အတွဲ ၁၊ အမှတ် ၁
	စက်မှုလက်မှု သတင်းလွှာ ၁၁/၆၁၊ စက်မှုလက်မှုစာစောင် အတွဲ ၁၊ အမှတ် ၁
	စက်မှုလက်မှု သတင်းလွှာ ၂၆/၆၁၊ နေ့စွဲ ၂၇-၉-၆၁၊ စက်မှုလက်မှု စာစောင် အတွဲ ၁၊ အမှတ် ၁
	စက်မှုလက်မှု သတင်းလွှာ ၂၈/၆၁၊ နေ့စွဲ ၂၉-၉-၆၁၊ စက်မှုလက်မှု စာစောင် အတွဲ ၁၊ အမှတ် ၁
	စက်မှုလက်မှု သတင်းလွှာ ၂၉/၆၁၊ နေ့စွဲ ၂၉-၉-၆၁ စက်မှုလက်မှု စာစောင် အတွဲ ၁၊ အမှတ် ၁
	စက်မှုလက်မှုသတင်းလွှာ ၃၀/၆၁၊ နေ့စွဲ ၂၉-၉-၆၁၊ စက်မှုလက်မှု စာစောင် အတွဲ ၁၊ အမှတ် ၁
	စက်မှုလက်မှု သတင်းလွှာ ၃၂/၆၁၊ နေ့စွဲ ၁၁-၁၀-၆၁၊ စက်မှုလက်မှု စာစောင် အတွဲ ၁၊ အမှတ် ၁
	မိတ္ထီလာမြို့နယ် သမဝါယမအသင်း၊ မလှိုင်ဆပ်ပြာစက်နှင့် ပတ်သက်သော အစီရင်ခံစာ
စက်မှု လက်မှု	စက်မှု လက်မှု လုပ်ငန်းဝါဒနှင့် ပတ်သက်၍ နိုင်ငံတော် စီးပွားရေး အဖွဲ့၏ ဆုံးဖြတ်ချက်နှင့် စက်မှုလက်မှု လုပ်ငန်း တိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာ

	စက်မှုလက်မှု သမဝါယမအသင်း၏ စံပြုစည်းကမ်း ဥပဒေ၊ ၁၉၆၂
စက်မှုဝန်ကြီးဌာန	တော်လှန်ရေး ကောင်စီက နိုင်ငံတော်၏ အခြေအနေကို ထိန်းသိမ်းခဲ့ရသည့် အချိန်မှစ၍ နိုင်ငံတော် အာဏာကို ပြည်သူ့လွှတ်တော်သို့ လွှဲအပ်ပေးသည့် အချိန်အထိ လုပ်ဆောင်ခဲ့သည့် စက်မှု ဝန်ကြီးဌာန သမိုင်းအကျဉ်းချုပ်၊ အတွဲ ၇
ဆားလုပ်ငန်းကော်ပိုရေးရှင်း	ဆားနှင့် ဆားထုတ်လုပ်မှု မှတ်တမ်း
ဆေးဝါးနှင့်အိမ်သုံးပစ္စည်း လုပ်ငန်းကော်ပိုရေးရှင်း	ဆပ်ပြာစက်ရုံ အမှတ် (၁) စက်မှုလုပ်ငန်းသမိုင်း
ဆေးဝါးနှင့်အိမ်သုံးပစ္စည်း လုပ်ငန်းကော်ပိုရေးရှင်း	ဆပ်ပြာစက်ရုံ အမှတ် (၂) စက်မှုလုပ်ငန်းသမိုင်း
ဆေးဝါးနှင့်အိမ်သုံးပစ္စည်း လုပ်ငန်းကော်ပိုရေးရှင်း	ဆပ်ပြာစက်ရုံ အမှတ် (၄) စက်မှုလုပ်ငန်းသမိုင်း
ဆေးဝါးနှင့်အိမ်သုံးပစ္စည်း လုပ်ငန်းကော်ပိုရေးရှင်း	ပလတ်စတစ်စက်ရုံ အမှတ် (၂) စက်မှုလုပ်ငန်း သမိုင်း
ဆေးဝါးနှင့်အိမ်သုံးပစ္စည်း လုပ်ငန်းကော်ပိုရေးရှင်း	မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ စက်မှုလုပ်ငန်း သမိုင်း
	ဆိုရှယ်လစ်ဗဟိုလုပ်ငန်း	ဆိုရှယ်လစ်ဗဟိုလု ဝိုလ်ချုပ် အောင်ဆန်း မြွက်ကြားသည့် မိန့်ခွန်း
	ဒုတိယ လေးနှစ် စီမံကိန်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်တွင် အမျိုးသားစီမံကိန်းဝန်ကြီးသခင်တင် မြွက်ကြားသော မိန့်ခွန်း၊ ၁၉၆၁
	ပြည်ထောင်စု မြန်မာနိုင်ငံ လက်တွေ့ သုတေသန လုပ်ငန်းအဖွဲ့၊ ၁၉၆၅
	ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၅၆၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ အမျိုးသား စီမံကိန်းဌာန၊ ရန်ကုန်မြို့၊ ၁၉၅၆

	ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၀၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ အမျိုးသား စီမံကိန်းဌာန၊ ရန်ကုန်မြို့၊ ၁၉၆၀
	ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၁၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ အမျိုးသား စီမံကိန်းဌာန၊ ရန်ကုန်မြို့၊ ၁၉၆၁
	ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၂၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ၊ အမျိုးသား စီမံကိန်းဌာန၊ ရန်ကုန်မြို့၊ ၁၉၆၂
	ပြည်ထောင်စု မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၆၃
	ပြည်သူ့ချည်မျှင်နှင့် အထည်စက်(မိတ္ထီလာမြို့)စက်ရုံ အကြောင်းအရာ
	ပြည်သူ့စက်ပစ္စည်းစက်ရုံ အမှတ် (၁) အကြောင်းအရာ၊ ၁၉၆၄
ပြန်ကြားရေးဌာန	ခေတ်သစ်မြန်မာ ပြည်တော်သာ၊ ပြည်သူ့လူထုသို့ အစိုးရ အစီရင်ခံစာ၊ ၁၉၅၄
ပြန်ကြားရေးဌာန	ပြည်ထောင်စု မြန်မာနိုင်ငံတော် ပထမနှစ်ပတ်လည် စာစောင်
ပြန်ကြားရေးဌာန	ပြည်ရေးရွာမှု၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဌာန၊ ညွှန်ကြားရေးဝန်
ဘီပီအိုင်	ပြည်သူ့ဘီပီအိုင်
	မဟာသိရိသုဓမ္မ ဦးမြ(ဟံသာတ)၏ ဥက္ကဋ္ဌမိန့်ခွန်း၊ ၁၉၅၄ နှစ်ပတ်လည် အစည်းအဝေး၊ ရန်ကုန်မြို့။
	(၁၉၅၈ ခုနှစ်အတွက်) မြန်မာ နိုင်ငံတော်အတွင်း သတ္တု တူးဖော်ခြင်းနှင့် သတ္တုထွက်ခြင်း နှစ်ချုပ် အစီရင်ခံစာ၊ ရန်ကုန်မြို့၊ ၁၉၆၂

	မြန်မာနိုင်ငံတော် အင်ဂျင်နီယာများအသင်း၊၁၉၅၅-၅၇ အတွင်း ပြုစုရေးသားသော အချို့စာရွက် စာတမ်းများ
	မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၅၁
	မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၅၂
	မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၅၃
	မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၅၅
	မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၅၆
	မြန်မာနိုင်ငံ၏ စီးပွားရေး စစ်တမ်း၊ ၁၉၅၇
ရထားပို့ဆောင်ရေး	နှစ်တရာပြည့် မီးရထား၊ ၁၈၇၇-၁၉၇၇၊ ရန်ကုန်
သစ်လုပ်ငန်းကော်ပိုရေးရှင်း	သစ်လုပ်ငန်းကော်ပိုရေးရှင်း၏ လုပ်ငန်းဆောင်ရွက်ချက် အခြေအနေ
သတ္တုတူးဖော်ရေး ကော်ပိုရေးရှင်း	အမှတ်(၁)သတ္တုတူးဖော်ထုတ်လုပ်ရေး ကော်ပိုရေးရှင်း စာတမ်း
သတ္တုတူးဖော်ရေး ကော်ပိုရေးရှင်း	အမှတ်(၂)သတ္တုတူးဖော်ထုတ်လုပ်ရေး ကော်ပိုရေးရှင်း စာတမ်း
အထည်အလိပ် လုပ်ငန်း ကော်ပိုရေးရှင်း	စောင်စက်ရုံ အုပ်စုအမှတ်(၂)၏ သမိုင်းအကျဉ်းချုပ်
အထည်အလိပ် လုပ်ငန်း ကော်ပိုရေးရှင်း	အထည်အလိပ် လုပ်ငန်းသမိုင်း၊ ၁၉၈၇
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	စက်မှုလက်မှု လုပ်ငန်းသစ်များ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ညွှန့်အထည်စက်ရုံ (နိုင်လွန်) နှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ညွှန့်ကြည်အေး နိုင်လွန်စက်ရုံနှင့် ပတ်သက်သော အစီရင်ခံစာ

အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ဒဂုံမီးလ် နိုင်လွန်စက်ရုံနှင့် ပတ်သက်သောအစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ဧဂုန်ရော်ဘာစက်မှုလက်မှု ကော်ပိုရေးရှင်း လီမိတက်နှင့်ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ဒါဝတ်ပိုးထည် (နိုင်လွန်) စက်ရုံနှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	နယူးဘားမား ရောင်းဝယ်ရေး လီမိတက် (ကော်စက်) နှင့်ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ပုဂ္ဂလိက လုပ်ငန်းများသို့ ပေးမည့် အစိုးရအကူအညီနှင့် စပ်လျဉ်းသည့် ရှင်းလင်းဖော်ပြချက်
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းရှင်များ တိုးတက်ဖွံ့ဖြိုးရေးအတွက် အရန်ကော်မတီ၏ ပထမအကြိမ်မြောက် အစည်းအဝေးမှတ်တမ်း
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ပိုဒါခွပ်ကျယ်စက်နှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ဗမာပြည် ရော်ဘာနှင့် အထွေထွေ စက်မှု လက်မှု လီမိတက်နှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ဘရိုးဘရားသား ကုမ္ပဏီ လီမိတက်နှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ဘားမား အောက်ဆီဂျင် လီမိတက်နှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	မြင့် စက်မှုလက်မှု ဓာတ်ခဲစက်ရုံနှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	မြန်မာညွန့် အပ်ချုပ်ထုတ်လုပ်ရေး စက်ရုံနှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	မိတ္ထီလာမြို့နယ် သမဝါယမအသင်း မလှိုင်ဆပ်ပြာစက်နှင့် ပတ်သက်သော အစီရင်ခံစာ

အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	မြန်မာပြည်မီးခြစ်စက်နှင့် ပတ်သက်သောအစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	မြန်မာပြည် ယူနီလီးဘား လီမိတက် (ဆပ်ပြာစက်) နှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ယူနီထရိတ်လီမိတက် ခေါက်ခဲလုပ်ငန်းနှင့် ပတ်သက်သောအစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ရန်ကုန်ခေါက်ခဲလုပ်ငန်းနှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ရန်ကုန် အထည်စက်ရုံနှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	ရွှေနန်းတော် ချည်မျှင်နှင့် ပိုးတုစက်နှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	လပ်(စ်)ဂိတ် ဆပ်ပြာလုပ်ငန်းနှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	အဒမ်ဂျီ မီးခြစ်စက်နှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	အီး၊ စီ၊ မဒါးဘာရားသား လီမိတက်၏ ဆပ်ပြာစက်၊ ထီးလုပ်ငန်းနှင့် ပတ်သက်သော အစီရင်ခံစာ
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	အဲဗားလိုက်ခေါက်ခဲစက်ရုံနှင့် ပတ်သက်သောအစီရင်ခံစာ
ကျော်မြင့် (ဦး)	မြန်မာနိုင်ငံ သကြားလုပ်ငန်း၊ အမျိုးသားစီမံကိန်းဌာန၊ ရန်ကုန်၊ ၁၉၆၉
ခင်မောင်ဆွေ (မောင်)	စစ်ပြီးခေတ်မြန်မာနိုင်ငံ ပြန်လည်ထူထောင်ရေးသမိုင်း (မဟာဝိဇ္ဇာကျမ်း)၊ ၁၉၇၅၊ ရန်ကုန်
စာပေဗိမာန်	မြန်မာ့စွယ်စုံကျမ်း အတွဲ ၂၊ ၁၉၅၅
စာပေဗိမာန်	မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၀

စက်ခိုင် (ဦး)	မြန်မာနိုင်ငံ မီးရထား၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဒုတိယ နှစ်ပတ်လည်၊ ၁၉၅၁
စက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	စက်မှုလက်မှု ဂျာနယ် အတွဲ ၁၊ အမှတ် ၃
ဝေါင်းဘည်မင်းသိန်း	ဂုန်လျှော်၊ ၁၉၇၂၊ ရန်ကုန်
ပန်းလှိုင်မောင်မောင်မျိုး	မြန်မာ့ဝါ၊ ၁၉၇၀ ပြည့်နှစ်၊ ရန်ကုန်
မောင်စူးစမ်း	ဗမာ့စီးပွားရေးစစ်တမ်း
လမ်းစဉ်ပါတီဗဟိုကော်မတီ ဌာနချုပ်	မြန်မာနိုင်ငံ စပါးစိုက်ပျိုးထုတ်လုပ် ရောင်းချမှု၊ ရန်ကုန် ၁၉၇၇
(သရေစည်သူဦး) လှမောင်	စီးပွားရေး တိုးတက်ရေး စီမံကိန်းများ
လှမောင် (ဦး)	မြန်မာ့စီးပွားရေး (ဒုတိယတွဲ) ၁၉၆၃-၆၄၊ ရန်ကုန်
သုတေသနအသင်း	မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ်၊ အတွဲ၄၂၊ အပိုင်း ၂၊ ၁၉၅၉၊ ဒီဇင်ဘာလ
သက်ဝင်း (မောင်)	မြန်မာနိုင်ငံ ကြံစိုက်ပျိုးခြင်းနှင့် သကြားလုပ်ငန်း၊ ၁၉၆၆
သိန်းကျော် (ဗိုလ်ကြီး)	ဗမာ့ မြေဆီ ဗမာ့ ရွှေရည်၊ ရန်ကုန်၊ ၁၉၅၉
အောင်မင်းမြင့်	မီးရထားသမိုင်း၊ ရန်ကုန်၊ ၁၉၈၁
အဉ်ဘီကေ	အခြေပြ မြန်မာ့ ရေနံသမိုင်း၊ ရန်ကုန်၊ ၁၉၈၂
အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးဝန်ဌာန	စက်မှုလက်မှု စာစောင် အတွဲ ၁၊ အမှတ် ၁၊ ၁၉၆၂၊ ဇန်နဝါရီလ
	စားသောက်ကုန် လုပ်ငန်း စာစောင်၊ ရန်ကုန်၊ ၁၉၈၁
	တိုင်းလုံးကျော် သတင်းစာ ခေါင်းကြီးပိုင်း၊ ၂၃-၉-၅၄
	ဒီရက္ခန်းသမား အတွဲ (၁)၊ အမှတ်(၁)၊ ၁၉၄၈ ခု၊ ဖေဖော်ဝါရီလ
	ရက္ခန်းသမား ဂျာနယ်၊ အတွဲ (၅)၊ အမှတ်(၅၄)၊ အယ်ဒီတာ ဦးလှထွန်းဖြူ၊ ၁၉၅၂

ဒီရက္ကန်းသမားဂျာနယ်၊ အတွဲ(၅)၊အမှတ်(၅၅)၊ ၁၉၅၂

ဒီအထည်ရက္ကန်း အတွဲ(၁)၊ အမှတ်(၁၁)

ဗမာပြည်၊ အလုပ်ကုန်ထုတ်လုပ်ရေးအဖွဲ့ချုပ် နှစ်ပတ်လည်စာစောင်အတွဲ ၁၊ အမှတ် ၁၊ ၁၉၅၁

မဏ္ဍိုင်သတင်းစာ ခေါင်းကြီးပိုင်း၊ ၈-၁၁-၅၄

မြန်မာပြည် ကုန်သွယ်ရေးနှင့် စက်မှုလက်မှု လမ်းညွှန် ၁၉၆၀-၆၁၊ ရန်ကုန်

ရွှေသိုစာစောင်၊ ၁၉၇၁၊ စက်တင်ဘာလ

သောကဓာတ်ပညာနှင့် စက်မှုလက်မှုဂျာနယ် အတွဲ(၁) အမှတ်(၁)

လောကဓာတ်ပညာနှင့် စက်မှုလက်မှုဂျာနယ် အတွဲ(၁) အမှတ်(၂)

လမ်းစဉ်သတင်း၊ အတွဲ ၂၃၊ အမှတ် ၁၉

လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ၊ ၂၇-၉-၈၇

လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၊ ၁၁-၁၀-၈၇

သန်လျင်ရေနံချက် စက်ရုံ၊ ပြည်သူ့ရေနံလုပ်ငန်း

An Applied Research Programme for Burma, Armour Research Foundation of Illinois Institute of Technology.

Annual Report on the working of the factories Act (xxv of 1934) in Burma for the year 1938.

Burma, vol. 1, No. 1, October 1950, Supdt. Govt. Printing, Rangoon.

Burma, The Third Anniversary, vol. 1, No. 2, January 1951

Burma, vol. 1, No. 3, April 1951

Burma, vol. 1, No. 4, July 1951

Burma, Fourth Anniversary 1952

Burma, vol. 2, No. 3, April 1952

Burma, vol. 3, No. 2, January 1953

Burma, vol. 5, No. 3, April 1953

Burma, vol. 5, No. 1, October 1954

Burma, vol. 5, No. 2, January 1955

Burma, vol. 5, No. 3, April 1955

Burma, The Eighth Anniversary vol. 6, No. 2, 1956

Burma The Ninth Anniversary vol. 7, No. 2, 1957

Burma, vol. 8, No. 1, October 1957

Burma, January 1959

Burma, The Thirteenth Anniversary, vol. 10, No. 1, January 1961

C. S. E. D ... Burma Industries Directory vol, 1

C. S. E. D ... Statistical Year Book 1961

Directorate of Information ... Burma, Facts and Figures Factories in Burma

Disturbances in Burma, Burma's Freedom Second Anniversary, 1950

E C A Programme in Burma June 1952

Economic Planning Board ... Two Year Plan Economic Development for Burma, Rangoon, 1948

Economic & Commercial Condition in Burma April 1957

Economic Survey of Burma, 1955 Ministry of National Planning, Rangoon, 1953

Economic Survey of Burma, 1954 Ministry of National Planning, Rangoon, 1954

Economic Survey of Burma, 1956 Ministry of National Planning, Rangoon, 1956

Economic Survey of Burma, 1957 Ministry of National Planning, Rangoon, 1957

Economic Survey of Burma, 1958 Ministry of National Planning, Rangoon, 1958

Economic Survey of Burma, 1959 Ministry of National Planning, Rangoon, 1959

Economic Survey of Burma, 1960 Ministry of National Planning, Rangoon, 1960

Economic Survey of Burma, 1961 Ministry of National Planning, Rangoon, 1961

Economic Survey of Burma, 1962 Ministry of National Planning, Rangoon, 1962

Economic Survey of Burma, 1964 Ministry of National Planning, Rangoon, 1964

Foreign Capital in Burma, Burma's Freedom, Second Anniversary, 1950

K T A ... Comprechensive Report - Economic and Engineering Development of Burma, 1953

K T A ... Kalewa Coal Project - Kalewa Coal field Development, Project Report on the Transport of Kalewa Coal, May 1953

K T A ... Preliminary Report on Economic and Engineering Survey of Burma, Summary of Recommendations.

K T A ... Project Report on the Portland Cement.

Kyaw Min, U ... Preliminary Report on New Industries for Burma Rangoon, 1947

Ministry of Information ... The New Burma, Rangoon, 1954

Ministry of Information ... The Nine Months After Ten Years.

Report on the Implementation of the agreement for Reperations and Economic Co-operation between Union of Burma and Japan Compiled by the Burmese Reperation Mission, Tokyo, April 1965.

Resolution No. 4, The Pyidawtha Comference 1952.

Rule Frame under Section 42 of the State Aid to Industries Act, Burma, Act XXIII of 1939

The Factories Act of Burma 1934 (Act xxv of 1934)

The Industrial Policy of the Union of Burma, Burma's Freedom, The Second Anniversary, 1950.

Union of Burma First Stage Census 1953, vol. 2. Industry, Cottage Industry and Home Consumed Production Industry, Suptd. Govt. Printing, 1958

Burma Commerce and Industries Directory 1960 - 61, Rangoon 1961.

Burma Trade Directory, No. 1, 1952

Business Guide of Burma, 1948 - 49

The Burma Gazette (Extraordinary) dated 30 - 9 - 47

The Burma Year - Book and Directory, 1957 - 58 Rangoon,

The Burman, 24th April 1959

The Nation 24th April 1959

Chan Hoke, U	Foam Rubber Manufacture စက်မှုလက်မှုစာစောင် အတွဲ ၁၊ အမှတ် ၁
Furnivall, J. S	An Introduction to the Political Economy of Burma.
Shepherd, Jack	Industry in Southeast Asia, in New Industries for Burma.
Thet Tun, U	Burma Experience in Economic Planning
Visvesvaraya, Sir M.	Prosperity through Industry in New Industries for Burma.
Walinsky L.J	Economic Development in Burma.

ပါစေလော/၄၂/ဆက်မှုစီမံကိန်း/၉၀/၅၀၀+၁၀၀ အုပ်/၇။

စက်မှ
မျိုးတူစုအ
စာကြည့်